စိတ်ကူးချိုချိုအနုပညာ



လယ်တီပဏ္ဍိတ

ဦးမောင်ကြီး(အမ်အေ)၏

ဂန္ထဝင်မြောက်လက်ရာ

# တပင်ရွှေထီး

ဝတ္ထုတော်ကြီး

လေးတွဲပေါင်းရိုက်နှိပ်ခြင်း

ဒုတိယအကြိမ်

## "သျှင်ရဲထွင်၏အတွင်းပူ"

တပင်ရွှေထီးဘုရင်အဖြစ်သို့ ရောက်ပြီးသည့်နောက် သျှင်ရဲထွတ်၏ စိတ်၌ အကြံပေါ် ပေါက်သည်မှာ ဩော်- ညီတော်ကလေးဖြင့် ထီးမွေ့ နန်းမွေ့ကို ခံစံပြီး အထွဋ်အထိပ်သို့ ရောက်သွားပေါ့၊ သူ့ကိစ္စဖြင့် လုလုကြီးချောသွားပြီ၊ အင်း- သည်ကကိစ္စဖြင့် စိတ်ချဘို့မရှိ သေးဘူး။ ကိုယ့်စိတ်နှင့်မှန်သော်လဲ တန်းလန်းကြီး ဖြစ်နေမလားမဆိုနိုင်ဘူး။ ကိုတ်ပိုင် မဟုတ် သေးသမျှ ဘယ်တော့မှ စိတ်မချရဘူးပေါ့လေ။

"ဩော်- သခင်ကြီး, သခင်ကြီး,၊ သူ့မှာတော့ ဘုရင့်အစ်မတော်ကြီး ဖြစ်သွားသပေါ့ လေ။ တပင်တိုင်မြနန်းမှာ ရွှေရံတော်သိမ်းသန်းနှင့် စံမြန်းတော်မူရပေလိမ့်မယ်။ ပင်တိုင်စံ ဆို တာ မိဖုယားကြီးအရာကိုရည်မှန်းသဖြင့် နန်းလျာဖြစ်တဲ့ ရာဇာဥပရာဇ်တို့နှင့်မှထိုက်တာကလား၊ စိတ်နေ့,စိတ်ထား, ရှေးကထက် မြင့်မားပြီး သည်က ရဲထွတ်ကို လက်လွှတ်တဲ့စေတနာများ ပေါ်လာမလားမဆိုနိုင်တော့ဘူး၊ ရှိပါစေတော့လေ- ကိုယ့်အခြေနှင့် မတန်လျှင်ကြံဘို့လဲမတော် ပါဘူး၊ ကိုယ့်ကံပေးသမျှနှင့် အေးမြစွာ အသာကလေးနေတာဘဲ ကောင်းပါတယ်၊ ကံအကျိုး ပေးဆိုတာလဲ ဖြစ်ချင်ရာ ဖြစ်တာမျိုးဘဲ။ "ကြံပါလျက်နှင့်ရှောင်၊ မကြံဘဲနှင့်အောင်" ဆိုတဲ့ စကားမျိုးလို၊ ကိုယ်ကကြံပေတယ်လို့ ဟန်ချင်မှဟန်တာမျိုးကလား၊ ကြံစည်ချက် မထားပေ တယ်လို့ ဘွားခနဲအောင်ချင်အောင်သွားတာမျိုးဘဲ။ အရမ်းမဲ့ကြိုးစားလျှင် အလကားဖြစ်ချင် ဖြစ်တတ်တာမျိုးမို့ ကိုယ့်ကံကိုအားကိုးပြီး ရိုးရိုးနှင့်အပိုးသေသေနေခြင်းဟာ အကောင်းဆုံး ပါဘဲ။ အင်း- အားကိုးစရာတော့တချက်ရှိပါသေးရဲ့၊ ဘာကိုအားကိုးရမလဲဆိုတော့ သူ့မေတ္တာ နှင့်ကိုယ့်မေတ္တာ၊ သူ့သစ္စာနှင့်ကိုယ့်သစ္စာ၊ အဲသည် နှစ်ဖြာကိုသာ အားကိုးရာရယ်လို့ မှတ်ရ တော့မှာဘဲ။ သည်ကမေတ္တာကတော့ ဘယ်ခါမှမယိမ်းယိုင်သမို့ ကျောက်မဏ္ဍိုင် အစစ်ကြီး ပေါ့၊ သခင်ကြီးရဲ့မေတ္တာက သည်လိုမှခိုင်ပါ့မလားမဆိုနိုင်ဘူး၊ ဇာတိမှန်ရင်တော့ မဘောက် ပြန်ပေဘူးပေါ့။ ဟို-ငယ်ရွယ်စဉ်အခါတုန်းကစပြီး ယခုကာလသို့တိုင်အောင် မယိမ်းမယိုင်ချစ် ခင်လာကြပုံများကဖြင့် အားကျဘို့ချည်းပါဘဲ။ ခင်ခင်ကြီးရဲ့မေတ္တာက ကိုယ့်ထက်ပင် သာပါ သေးတယ်။ "မိန်းမကြိုက်မျှော်လိုက်ခါ- ယောကျ်ားကြိုက် စိုက်စိုက်လာ" ဆိုတဲ့ စကားဟာ ဟိုတုန်းကများဖြင့် ခပ်မှားမှားနေတယ်လို့ ထင်တာဘဲ။ ခင်ခင်ကြီးရဲ့ မေတ္တာက "ကိုက်မနိုင် ခဲမရ" ဆိုသလိုဖြစ်ပြီး ချစ်လိုက်တဲ့အချစ် ဇွတ်အတင်းနှစ်တော့တာဘဲ။ သည်ကရှောင်ပေတယ်လို့ မလွတ်နိုင်အောင် သူကအတင်းဆွဲတယ်။ အတော်ဇက်ရဲတဲ့ မေတ္တာမျိုးပါဘဲ။သူ့ဇာတိကတော့ အဓိပတိ နန်းဘွားမို့ သည်ကဖြင့် အပုံကြီးထောက်ထားခဲ့ပါတယ်။ ရွှေနန်းရှင်ဘုရားရဲ့ မျက် နှာနှင့် တချက်လွှတ် အာဏာကိုလဲ လွန်စွာကြောက်လန့်ရတာကလား။ ဟို- တောင်ဥယျာဉ် တော်ကို သူခေါ်တိုင်းသွားခဲ့ရတယ်။ မသွားပြန်ပြီဆိုမှဖြင့်လဲ သူကမျက်စောင်းထိုး၊သွားရောက် တွေ့ဆုံ၍ အာရုံပြေပါစေတော့လို့ သူ့အလိုလိုက်ပြန်တော့လဲ အာဏာတော် အရှိန်အောက်မို့ သေမလောက်ကြောက်ရပြန်တယ်။ ဘယ်နေရာကမှ အမျက်မလွှတ်ခဲ့ပါဘူး၊ ဘုရင်တို့ရင်သွေး၊ ထီးနန်းထက်မှာ မွေးတဲ့သူများဟာ လွန်စွာအန္တရာယ်ပြုတတ်တာကလား။ ခင်ခင်ကြီးကခေါ်လို့၊ တောင်ဥယျာဉ်တော်မှာ တွေ့ဆုံမိတဲ့အတွက် ရွှေနန်းရှင်ဘုရားမိလို့။ ရာဇာဝိရာဇာက။ အာဏာ

ကုန်လွတ်ပြီး၊ သတ်စေဆိုတဲ့ အမိန့်တော်ကြီးကိုလဲ ထုတ်ခဲ့တယ်။ ဆရာတော်ဘုရား ကယ်ပေလို့သာ၊ သည်ရဲထွတ်မှာ အသက်ဘေးလွတ်ခဲ့ရတာ ကလား။ သူ့ကိုယ်တိုင်လဲ အသိမို့၊ ချစ်မိသမျှ အကြောင်းစုံကို အကုန်ဖွင့်ပြောဘို့မလိုတော့ပါဘူး။ တပင်ရွှေထီးကလဲ ခင်ခင်ကြီးရဲ့ မောင်တော်ဖြစ်နေလို့ ချစ်ကြတဲ့မူရင်းကို အတွင်းသိမှန်ခဲ့တယ်။ တဘန်ဆက်ဘို့တော့ အခက်သားထင်ပါရဲ့။ တပင်ရွှေထီးကလဲ အစ်မတော်ကြီးအတွက် ရာဇဣန္ဒြေကိုဖျက်ပြီး လက်ဆက်ပေးဘို့ ဆိုတာလဲ အခက်သားဘဲ။ ဟယ်-မတတ်နိုင်ပါဘူး၊ ကြင်ရာဇနီးဆိုတာ၊ လောကမှာ ရှားသမို့လား၊ ကံအားလျော်စွာ ဖူးစာအလျောက် ဆိုင်ရာမှာ ရောက်ပေစေတော့။ သို့ကလောက်ပူပင်စရာလဲမရှိပါဘူး။ သည်ကဲ့သို့တွေးတောပြီးလျှင် သခင်ကြီးရဲ့အပေါ်မှာ မေတ္တာကြိုးကို ခပ်ရှော့ရှော့ထားလိုက်လေ၏။

"သခင်ကြီး၏ အတွင်းပူ"

"ချစ်ရိုးအမှန် မြန်မာ့ကဗျာ"

မျိုးမှန်မူရင်း- ချစ်ခြင်းမေတ္တာ။
မပျက်နိုင်ဘဲ-ခိုင်မြဲမှုကွာ။
တဦးတဦး- ဆင့်ကူးရှက်ဖြာ။
အချစ်ညွန့်-လွန့်လွန့်လူးလျက်သာ။

"ချစ်ရိုးအမှန်ဟုဆိုအပ်သော ဇာတိမေတ္တာမျိုးသည်ကား ပျက်ကျိုးဘောက်ပြန်၊မှောက်လှန်တိမ်းယိမ်းလေ့မရှိချေ။"တဦးမေတ္တာ-တဦးမှာ"ဆိုသောအတိုင်း အချင်းချင်းအတူအမျှ မူလမှန်သော အချစ်မျိုးစေ့ဆက်ဆံခဲ့ကြသော သူတို့မှာ မေတ္တာယိမ်းယိုင်လေ့ မရှိချေ။ တနေ့ထက်တနေ့၊ တရွေ့ရွေ့ရင့်သန်၍သာ နေစမြဲဖြစ်ပေသည်။

လူတို့သည် အိပ်၍နေကြသော်လည်း အချစ်စိတ်က အိပ်၍နေသည်မဟုတ်၊ ငွေတိုး ချေးငှားထားရာတွင် ကြွေးရှင်နှင့်ကြွေးယူသူတို့အိပ်၍နေကြသော်လည်း ချေးထားသောငွေက အိပ်၍မနေ အမြဲတိုးပွါးနေသလိုဟုမှတ်ယူသင့်ပေသည်။

တပင်ရွှေထီး၏အမတော် ခင်ခင်ကြီးသည်။ မိမိအဆောင်တော်မှ တောင်ဉယျာဉ်ဘက်ကို မျှော်ပြီး၊ အဟောင်းတွေပေါ်လာတဲ့အတိုင်း ဆင်ခြင်စဉ်းစားသည်မှာ၊ အင်း.... သည်ဉယျာဉ်တော်ကြီးကို မြင်ရတိုင်း-မြင်ရတိုင်း။လှိုင်းထလို့ ရင်ဝထဲမှာ ခုန်ခုန်လာပါကလား။ သည်ဉယျာဉ်တော်အတွက်နှင့် အခက်ကြီး ခက်ကုန်ကြတာဘဲ။ ။သည်ဉယျာဉ်တော်အတွင်းမှာဘဲ ချစ်ခင်ခြင်းကို စိုက်ပျိုးခဲ့ကြတယ်၊ မင်္ဂလာရေကန်တော်ကြီးရဲ့အနား။ ဟို-ပန်းချုံကြားမှာ အို- သည်အာရုံမျိုးတွေ ပေါ်လေလေ။ မချိမဆန့်နှင့် သွေးလန့်စရာတွေ ပေါ်ပေါ်လာတာဘဲ သည်-အရေးကို မတွေးချင်တော့ပါဘူး။ ။သည်မင်္ဂလာ ရေကန်တော်ကြီး၏ဝင့်ကြောင့် ထွတ်ထွတ်လဲ အသက်လွတ်အောင် ထွက်ပြေးရရှာတယ်။ သိသိကလေး အသက်ဘေးမှ ကင်းလွတ်တာကလား။ ။ဪ.... ခမည်းတော်ဘုရားကြီး နတ်နန်းသို့ စံမြန်းလို့ကြွသွားတော်မူပေါ့၊ ထွတ်

ထွတ်အပေါ်မှာ သားတော်ရတနာတပါးကဲ့သို့။ များများကြီး ချစ်ခင်တော် မူရှာပေတယ်။ "တွေ့ရာသင်းချိုင်း ဓါးမဆိုင်း"ဆိုတဲ့ တချက်လွှတ်အမိန့်တော်ကြီးကို ထုတ်လို့ပြီးသော်လဲ ထွတ်ထွတ်ကဲ့ မျက်နှာကိုမြင်တော့ ချစ်ခင်မြတ်နိုး အားကိုးတော်မူရင်းအတိုင်း၊ အမျက်တော်ပြေငြိမ်းပြီး။ တချက်လွှတ်အမိန့်တော်ကြီးကိုတောင် ယုတ်သိမ်းတော်မူတာကလား။ သို့ကလောက် ချစ်ခင်မြတ်နိုးတော်မူပါပေတယ် ။နေမင်းကြီးဝင်သွားတဲ့နောက်၊ လဝန်းကြီးအရောင်တောက်လာတာလို။ ခမည်းတော်ဘုရာ နတ်ရွာလားတဲ့နောက်၊ မောင်တော်ဘုရားဖြင့် နန်းတက်ပေါ့။ ခက်ညွှန့်ဝေဖြာ၍ ဘုန်းသမ္ဘာအလွန်ကြီးတဲ့ မောင်တော်ပါပေဘဲ။

ဝမ်းမြောက်ဘွယ်ကို တွေးနေရင်း ဝမ်းနည်းတို့ အရေးတွေဝင်ဝင်လာတာက ခက်တယ်၊ မောင်တော်ဘုရားမှာတော့ ယောကျ်ားအာဇာနည် မဟာမျိုး ပြီတဲ့ အတိုင်း အထွဋ်အမြတ်သို့ ရောက်သဖြင့် ဝမ်းမြောက်တော်မူပေလိမ့်မယ်။ သခင်ကြီးမှာဖြင့် အပူမီး တောက်လောင်ပြီး၊ မရှင်လန်းနိုင်အောင် ညှိုးနွမ်းရတော့မှာဘဲထင်တယ်။ ဘုရင့်အမတော်ဘုရားရယ်လို့ တပင်တိုင်နန်းနှင့်ထားပြီး ယောကျ်ားဆိုလျှင် ယှင်ဖို့မှ မသန်းရဘူးဆိုတဲ့ အမိန့်တော်ကို ထုတ်မှဖြင့် ဒုက္ခကြီးရောက်ရတော့မှာဘဲ။ "မောင်တော်ဝမ်းမြောက်- အစ်မတော် ဒုက္ခရောက်" ကမောက်ကမ ဖြစ်ပြီး ချစ်သူချင်းကွဲရတော့မလို ဖြစ်နေပေါ့၊ ဩော်-ထွတ်ထွတ်ကဲ့ စိတ်ထဲမှာ သခင်ကြီးပူပုံကို အလုံးစုံတွေးမှတွေးမိပါမလား မဆိုနိုင်တော့ဘူး၊ မောင်တော် ဘုရားရဲ့ အရှိန်တန်ခိုးကြောင့် တူနှစ်ကိုယ်စိုက်ပျိုးထားတဲ့ မေတ္တာပင်ကလေးညှိုးသွားတော့မှာထင်ပါရဲ့ ထွတ်ထွတ်ကဲ့ အပေါ်မှာ မောင်တော်ဘုရားရဲ့ မေတ္တာကဖြင့် လွန်စွာကြီးတာဘဲ။ ထီးနန်းရွှေဘုံကိုတောင် လွှဲပုံအပ်နှင်းချင်တဲ့ စေတနာပါဘဲ။ အရာရာမှာ သည်လိုမေတ္တာမျိုးကိုထားပြီး။ အစ်မတော်တပါးကို စီယ်ထားနှုးညွှတ်ပြီး။ ထွတ်ထွတ်သို့လွှဲအပ် စုလျားတော်ရစ်ပတ်....အင်း အပုံကြီးချမ်းသာမှာဘဲ၊ အို- တယ်ခက်သကိုးနော်။ သည်လိုဟာမျိုးတွေကို တွေးမိမှဖြင့် ဆေးမရှိတဲ့သူနာလို ကြံရာမရ ဖြစ်ကုန်တော့တာဘဲ။ ။ဤကဲ့သို့ တွေးတောပြီးလျှင်၊ မှိုင်တွေချပြီး ဥယျာဉ်တော်ကြီးကိုသာ စိုက်၍ ရှုစားတော်မူနေလေ၏။

ထိုအခိုက်တွင် အပျိုတော်များဝင်လာပြီး "ထိပ်တင်ဖြင့် ရှင်တော်မမူဘူးထင်ပါတယ် ဥယျာဉ်တော်ဘက်သို့ စိုက်လို့သာ စံတော်မူနေတော့တာဘဲ။ ခမည်းတော်ဘုရား နတ်ပြည်ကို ကြွသွားလို့ စိတ်ထားမကြည်လင်တော်မူတာလားဘုရာ့"ဟု လျှောက်တင်ကြလေ၏။

(သခင်ကြီးက အပျိုတော်များဘက်ကိုလှည့်ပြီး) ကျေးဇူးတော်သခင် ရွှေနန်းရှင် ထိပ်ပန်း။ နတ်ပြည်သို့ စံမြန်းတော်မူတာကို ဘယ်မှာဖြေဆိုနိုင်ပမလဲ။ ပျားတွေကတရုံးရုံး ပိတုန်းတွေက တညံညံ။ ရေကန်,က, ကြာတွေကလဲပွင့် ဟိုအပင်မြင့်မှာ သံဆင့်လို့ ကူနေကြတဲ့ ရွှေဂျိုးဖြူလယ်ပြောက်နှစ်ကောင်ကို စိတ်ပြေအောင် ရှုစားရတာပါဘဲ။ ခမည်းတော်ဘုရား ပြုစုတော်မူခဲ့တဲ့ ဥယျာဉ်ဘော်ကြီးဟာ ဘယ်ကလောက်သာယာသလဲ ကြည့်ကြစမ်းပါ။ ပန်းသစ်ပင်တွေမှာ ပရစ်ဖူးကလေးတွေ ထွတ်နေလိုက်ကြထာ နုနုထွတ်ထွတ်မို့ အလွန်ချစ်စရာမကောင်းကြဘူးလား။

(အပျိုတော်များက ပြုံးစိစိနှင့် အလိုတော်လိုက်၍ အကြိုက် လျှောက်တင်ကြသည်မှာ).... မှန်လှပါ ထွတ်ထွတ်ကလေးဆိုတာ လွန်စွာချစ်ဘို့ကောင်းလှပါတယ်ဘုရား။

(သခင်ကြီးက ခေတ္တစိုက်၍စဉ်းစားပြီး) ဪ....ပန်းသစ်ပင်ကလေးတွေမှာ ခိုင်ညှာလှ ဝတ်နှင့် နုနုထွတ်ထွတ်ချစ်စရာကောင်းတာကို ပြောပါတယ်။ ဘယ်လိုများတွေးဆမိလို့ ပြုံးစိစိ လျှောက်တင်ကြတာလဲ။

(အပျိုတော်များ) အထူးမတွေးပါဘုရား ထိပ်ဘင်ကမှိုင်တော်မူလွန်းလို့ အရှင်ဓါတ်နှင့် အကြည်တော်ဆက်ရပါကြောင်းပါဘုရား။ ရွှေနန်းရှင်ဘုရား နတ်ရွာလားတာကို ခဏခဏစဉ်း စားတော်မမူသင့်ပါ အပူကိုတွေးလျှင် စိုးရိမ်ရေးကြွယ်တတ်ပါတယ်။ မတတ်နိုင်တဲ့အခြေရောက် လျှင် ဖြေဖြေဖျောက်ဖျောက် စံတော်မူဘို့သင့်ပါတယ်ဘုရား။

(သခင်ကြီး) ဟုတ်ပါရဲ့ ခမည်းတော်ဘုရားကို တွေးမှဖြင့် အလွမ်းအဆွေးတွေ ကြွယ် ကြွယ်လာတာဘဲ သည်စိတ်မျိုးတွေ ပျောက်ပျက်အောင် ဘယ်ဘက်သို့ စိတ်ကိုလှည့်လို့ထားရမလဲ တင်ကြစမ်းပါအုံး။

(အပျိုတော်များကအလိုတော်သိသည်နှင့်) အခွင့်တော်ပေးလျှင် လျှောက်တင်ဘို့အသင့် ပါဘုရား။

(သခင်ကြီး) အို- ပျော်တော်ကျွန်များဘဲ ဘယ်လိုအရေးကိုမှ အခွင့်မပေးတယ်လို့ မရှိ ဘူး ယခုနှယ်အခါ ရွှေစိတ်တော်ကြည်သာအောင် ထင်ရာကိုသာ လျှောက်တင်ကြပေတော့။

(အပျိုတော်များ) သည်လိုပါဘုရား ထိပ်တင်မှာ ယခင်က လက်စတော်ရှိရင်းအတိုင်း။ ထွတ်ထွတ်ဆိုတဲ့ သခင်တပါးနဲ့ စုလျားတော်ဆင်ဘို့အရေးကိုသာ ကြံတော်မူဘို့ အချိန်ဖြစ်တယ်လို့ ထင်ပါတယ်ဘုရား။

(သခင်ကြီးက ခေတ္တငေးစိုက်ပြီး) အဲ- သည်အရေးကြောင့် သည်ကထိပ်ထားကလေးမှာ ဆွေးချင်တိုင်း ဆွေးနေတာပေါ့။ အရေကဖြင့် မလွယ်ဘူး။ ပျက်ပြယ်ပြယ် ဖြစ်ကုန်လိမ့်မယ်လို့ ထင်တယ်။

(အပျိုတော်များ) အို-မောင်တော် ရွှေနန်းရှင် ဘုရားကလဲ။ ထွတ်ထွတ်ကိုမြှောက်စားပြီး နောင်တော်ဘုရားလိုအားကိုးတော်မူနေတာဘဲ။ ပျက်ပြယ်ပြယ်နှင့်။ ခက်မယ်လို့မထင်ပါဘုရား

(သခင်ကြီး) ဪ—ထွတ်ထွတ်ကိုမြှောက်စားတာက တမျိုးပေါ့။ အစ်မတော်တပါးကို ပင်တိုင်နန်းမှာ ထားပြီး။ယောကျ်ားဆို ယင်ဖိုမှမသန်းရဆိုတဲ့ အမိန့်တော်နှင့် ပညတ်လျှင်။ ထိပ် ထားမှာ ကြပ်မနေပေဘူးလား။ သိကြတဲ့အတိုင်းမို့။ အထူးပြောဘို့မလိုပါဘူး။ ထွတ်ထွတ်မှာ တော့၊ နန်းတော်ထက်မှာမွေးတဲ့ ဘုရင့်သွေးမဟုတ်ဘူး ရံရွှေတော်တို့ရဲ့။

(အပျိုတော်များ) အမိန့်တော်အတိုင်း မှန်လှပါတယ်ဘုရား။ သို့ရာတွင် မောင်တော် ရွှေနန်းရှင်က။ သခင်ထွတ်ထွတ်အပေါ်မှာ နောင်တော်ကြီးအရင်းလို သဘောထားပြီး မြှောက်လဲ မြှောက်စား အားလဲ ကိုးစော်မူကြောင်းကို တိုင်းသူပြည်သား၊လူများအပေါင်း တို့ကောင်းစွာပင် သိကြပါတယ်ဘုရား။ မျိုးရိုးဇာတိမှာ လိုနင်းမဟုတ်လှပါ။ ရွှေနန်းရှင်ဘုရားရဲ့ မေတ္တာတော် သာ လိုရင်းဖြစ်ပါတယ်။ ။မင်းယောကျ်ားတို့မှာ ဘုန်းနှင့်လက်ရုံးသာလျှင် ပဓါန ဖြစ်ပါ

တယ်။ လက်ရုံးဂုဏ်နှင့်အစွမ်းသတ္တိပြည့်စုံလျှင် လုံလောက်ပြီရယ်လို့ ချီးမွမ်းထိုက်ပါတယ်။ ကိုယ်တော်ထွတ်ထွတ်မှာတော့ အတုလွတ်အောင် လက်ရုံးဂုဏ်ပြောင်လှသဖြင့် မောင်တော် ရွှေနန်းရှင်ဘုရားလဲ သိတော်မူပြီးသားမို့ ပယ်ရှားတော်မူမယ်လို့ မထင်ပါ၊ စုလျားနှစ်ပြင် ရင်ပတ်ဆင်ပြီး မင်္ဂလာသဘင်ကိုသာ စီရင်တော်မူလိမ့်မယ်လို့ ထင်ပါကြောင်းပါဘုရား။

(သခင်ကြီး, ကဲလေ ရှိပါစေတော့ သတ္တဝါတခု ကံတခု ဆိုတာလို ကံအတိုင်းသာထားလိုက်ရတော့မှာပါဘဲ။ သို့ရာတွင် ဖူးစာနတ်နှင့်မေတ္တာစေတ်ကိုဖြင့် အားကိုးရအုံးမှာဘဲ။

(အပျိုတော်များ) မှန်လှပါ၊ သည်အတိုင်း သဘောထားပြီး အေးအေးသာ စံတော်မူပါ၊ ဖူးစာနတ်နှင့် မေတ္တာစေတ်က အလိုက်သိစွာ စီရင်တော်မူကြပါလိမ့်မယ်ဘုရား။

(သခင်ကြီးက စကားကို ခေတ္တရပ်ဆိုင်းပြီး အတန်ကလေးကြာမှ မိန့်တော်မူပြန်သည်မှာ) ထွတ်ထွတ်ကလဲ ဘုရင့်နောင်တော်ကြီးဖြစ်လို့ ဘွဲ့ထူးစည်းစိမ်ဂုဏ်သိမ်မြင့်၍ ဖလားရွှေထီး ဝေါယဉ်ကိုစီးပြီး ဆင်ကြီးမြင်းကြီးနှင့် တည်းညီး ဂုဏ်ရောင်တောက်လို့ စိတ်ထားတွေ မြင့်မောက်နေပြီ ရုံရွှေတော်တို့ရဲ့၊ သူ့မျက်နှာကို မမြင်ရတာကြာသွားပေါ့။

(အပျိုတော်များ) စိတ်ထားမြင့်မောက်၍ ဖောက်ပြန်နေပြီလို့မထင်ထိုက်ပါဘုရား၊ သူ့ဝတ္တရားအတိုင်း ပိပြားလုံခြုံစွာ စောင့်စည်းတဲ့လက္ခဏာထင်ပါတယ်။ အခွင့်သာဘို့လဲ အခက်သားဘဲဘုရား။

(သခင်ကြီး) ကဲ တာဖြင့် သူ့လူစွမ်းသတ္တိကိုသိရအောင် စမ်းရအုံးမယ်။ မောင်တော်ရွှေနန်းရှင်ဘုရားရဲ့အချစ်တော်ကိုလဲ စမ်းလိုတယ် ရုံရွှေတော်တို့ရဲ့။ ခမည်းတော်ဘုရား ရှိစဉ်အခါတုံးကတော့ ထိပ်ထားကမှာလျှင် မရောက် ရောက်အောင် သူလာရှာတယ်။ချစ်မေတ္တာကိုထောက်ပြီး အာဏာတော်ကို မကြောက်ခဲ့ဘူး။ ရုံရွှေတော်တို့သိကြတဲ့အတိုင်း တောင်ဥယျာဉ်တော်မှာ နှစ်ကိုယ်တွေ့ကြတုန်းက ဘုန်းတော်ကြီးလှသော ခမည်းတော်ဘုရားမိလို့ တချက်လွတ်အမိန့်တော်ကြီး ငြိသွားရှာတယ်မဟုတ်လား။ သည်တခါလဲ စမ်းရအုံးတော့မှာဘဲ။ကဲ-ရဲထွတ်လို အမှုတော်ထမ်းကြစမ်းပါ၊ သည်အဆောင်တော်ပေါ်သို့ ရောက်အောင် ထွတ်ထွတ်ကို ဘယ်သူခေါ်ပေးကြမလဲ။

(ဤသို့အမိန့်တော်ရှိရာ အပျိုတော်များက ရာဇဝတ်ဘေးကိုကြောက်သောကြောင့်မည်သို့မျှ မလျှောက်ဝံ့ဘဲ မတုန်မလှုပ်ငြိမ်၍သာနေကြလေ၏။)

(သခင်ကြီး) အို-ဘယ့်နှယ်လဲ၊ မကြာခင်ကတော့ အားပေးလိုက်ကြတာ "ထမရည်ပူလာတော့လျှာလွှဲ"ဆိုသလို ယခုလိုအရေးမှာတော့ ကြောက်သွေးတုန်ကုန်ကြပလား။ တယ်သတ္တိကောင်းတဲ့ဘိလူးမကလေးတွေ။

(မျက်စောင်းထိုးကာကြိမ်းဝါး၍ သည်စကားကို မိန့်တော်မူရာ) ခင်ညိုညိုဆိုတဲ့ အပျိုတော်တယောက်က ရဲထွက်၍လျှောက်တင်သည်မှာ စိုးရိမ်တော် မမူပါနှင့်ဘုရား၊ ထိပ်ထားရဲ့အလိုတော်အတိုင်း အသက်ကိုစွန့်၍အမှုတော်ထမ်းပါမယ်။ ရွှေနန်းရှင်ဘုရားသိလို့မျက်မာန်တော်

ရှုပြီးဘုရားကျွန်မကိုဆင်တော်နှင့်နင်း၍ သတ်လိုလျှင် သတ်ပါစေတော့ ရာဇဝတ်ဘေးဒဏ်ကို ပန်းမာလ်လိုသဘောထားပါ့မယ်ဘုရား။

ထိုသို့လျှောက်တင်ရာ သခင်ကြီးက အားရဝမ်းမြောက်တော်မူလှသည်နှင့် လက်တော်၌ အမြဲဝတ်ဆင်၍ထားသော မြလက်ဝတ်တော်ကို ချွတ်ပြီး (ခင်ညိုညိုအပါးတော်ကိုတိုးလို့ ခစားပါဟု ပြုံးရွှင်ကာ မိန့်တော်မူသည်။ ခင်ညိုညိုလည်း အပါးတော်သို့ နီးနီးကပ်ကပ်တိုး၍ ခစားလေ၏။ (သခင်ကြီးက ခင်ညိုညို၏ဆံထုံးတော်ကို လက်တော်နှင့် သုံးသပ်တော်မူပြီး) အဲသည်လို သတ္တိမျိုးကိုမှ ထိပ်ထားက အားရစွာ ချီးမွမ်းတော်မူချင်တယ်။ ယောကျ်ားတို့ ဉာဏ်နှင့် အကြံမအောင်သော်လဲ မိန်းမတို့ဆောင်လျှင် အောင်မြင်သတဲ့ခင်ညိုညိုရဲ့။ "ကဲ-မကြာခင် ထွတ်ထွတ်ထံသို့သွားပြီး ယနေ့ညတချက်တီးကျော်မှာ အဆောင်တော်သို့ရောက်အောင် သာပါလို့မှာတော်မူတဲ့အတိုင်းပြောလေတော့။ ဤသို့မိန့်တော်မူပြီး ရံရွေတော်များနှင့် စကားဆက်လက်မပြောဘဲ အဆောင်တော်တွင်းသို့ဝင်တော်မူလေ၏။ အပျိုတော်များကလည်း ခင်ညိုညိုကို ပွေ့ဘက်ကြပြီးလျှင်၊ "အာဇာနည်ခင်ညို၊ အာဇာနည်ခင်ညို"ဟု အသီးသီးချီးမွမ်းကြလေ၏။

## "ခင်ညိုညိုနှင့် သျှင်ရဲထွတ်"

သျှင်ရဲထွတ်သည် တပင်ရွှေထီး နန်းတက်သည့်နေ့ကစ၍ ကျော်ထင်နော်ရထာ ဟူသောဘွဲ့နှင့် မင်းညီမင်းသားတို့ အဆောင်အရွက် အစီးအနင်းပြည့်စုံ၍ မင်္ဂလာစံအိမ်တော်နှင့် ကြီးကျယ်ခမ်းနားစွာစံနေသည် ခင်ညိုညိုသည် သျှင်ရဲထွတ်၏ မင်္ဂလာစံအိမ်တော်သို့ ထိုနေ့မှာပင် သွားရောက်လေ၏ ခင်ညိုညို ရောက်လာသည်ကိုမြင်လျှင် သျှင်ရဲထွတ်က လောကွတ်ပြုံးနှင့် ကေားစွာဆီးကြို၍ လက်ခံလေလည်။

(ရဲထွတ်) ညိုညိုနှင့်မတွေ့ရတာ ရက်အတော်ကလေး ကြာသွားပေါ့ ကျန်းမာကြရဲ့နော်

(ညိုညို) မှန်လှပါ အဆောင်တော်တခုလုံးပင် ကျန်းမာကြပါသည်ဘုရား မတွေ့ရတာကြာဆို အထူးပြောဘို့မလိုတော့ပါဘူး ဟိုဥယျာဉ်တော်ထဲမှာ နှစ်ကိုယ်တွဲကြတဲ့ အခါကစ၍ စို့ငန်ငန်ဖြစ်ပြီး မတွေ့ရတာပါဘဲဘုရား ဘုရားကျွန်မတို့မှာတော့ တုံးအောက်ကဖါး ဖါးအောက်ကတုံးမို့ ဘေးလွတ်အောင်ပုန်းရပါဘယ် အပြစ်တင်တော်မူလျှင်လဲ ခံရုံဘဲရှိတော့ပါတယ်ဘုရား

(ရဲတွတ်) ညိုညိုခံစားရပုံကို အသိသားဘဲ အပြစ်တင်တော်မမူပါဘူး သစ်ကြီးနှစ်ပင်စပ်ကြားမှာ ဝါးညပ်နေသလို မလှုပ်သာမလှုက်သာ လွန်စွာကြပ်တဲ့ကြောင်းကိုလဲ သိတော်အမူသားပေါ့ နို့နေစမ်းပါအုံး အခုရောက်လာပုံကဖြင့် အတော်ထူးတာဘဲ အရေးကိစ္စကို လျှောက်တင်စမ်းပါအုံး။

(ညိုညို) မရောက်စဘူး ရောက်ချက်ထူးပုံကတော့ သည်လိုပါဘုရား ဟိုယခင်ကပင်သိကြပြီးဖြစ်တဲ့အတိုင်း ပုန်းပုန်းကွယ်ကွယ်နှင့် ပရိယာယ်လုပ်နေဘို့လဲ မရှိပါဘူး သည်လိုပါဘုရား ထွတ်ထွတ်ကဲ့ထိပ်ထားက တွေ့တော်မူလိုပါသတဲ့ ယနေ့ည ဗဟိုရ်တချက်တီး ကျော်ကျော်မှာ အဆောင်တော်သို့ ကြွဖြစ်အောင်ကြွလာတော်မူပါလို့ အမှာတော်ပါးလိုက်ပါတယ်ဘုရား။

(လျှောက်ချက်ကိုကြားရာ သျှင်ရဲထွတ်၏စိတ်ထဲမှာ ထိတ်ခနဲလန့်သွားသည်နှင့်) ဟိုက် အပုံကြီးထိခိုက်တဲ့ အမိန့်တော်ပါကလား မလျော်ဘူးထင်ပါတယ်ညိုညိုရယ်။

(ညိုညို) မလျော်ကြောင်းကိုအမိန့်တော်ရှိမှ သိရမဲ့ညိုညိုပါဘုရား။

(ရဲထွတ်) အခက်သားဘဲ အရဲစွန့်လို့တော်တဲ့အခါ မဟုတ်ဘူးညိုညို ဟိုတုံးကတော့ငယ်ရွယ်သူတို့သဘောနှင့် ရောနှောဆက်ဆံခဲ့ပါတယ် ယခုမှာတော့ညီတော်ရွှေနန်းရှင် ဘုရင်မင်းမြတ်က ဘွဲ့ထူးကိုအပ်ပြီး မြင့်မြတ်တဲ့ရာထူးဖြင့် ချီးကြူးမြှောက်စား ထားတာမို့ ငယ်သွေးငယ်ရုပ်ပျောက်ပြီး ဂုဏ်ကြီးသိမ်ကြီးဘဝသို့ ရောက်နေပါပြီမထောက်မထားဘဲ မြှောက်စားတာမလျော်အောင် မတော်တဲ့အမူအကျင့်ကို ပြုသင့်တဲ့အခါလဲမဟုတ်တော့ပါဘူး ရွှေနန်းရှင်ဘုရားရဲ့အာဏာကိုလဲ လွန်စွာအလေးပြုနေပါတယ် "မြှောက်စားလျှင်ရောင့်တက် ထောက်ထားလျှင်နှောင့်ရှက်"ဆိုတဲ့ စကားအတိုင်း တကယ်လို့ သခင်ကြီးဘုရားရဲ့ အလိုတော်အတိုင်း လိုက်ပါခဲ့မယ်လို့ဆိုပါလျှင် ညီတော် ရွှေနန်းရှင်ဘုရား ကြားတော်မူပါလျှင် တနိုင်ငံလုံး ပျက်သည်ထက်ထွတ်ထွတ်မှာခက်ရမှာမို့ သည်အချက်ကိုဖြင့် တောင်းပန်လိုပါတယ် မေတ္တာကင်းမဲ့လို့ မဟုတ်ကြောင်းကို ကောင်းအောင်သာကြည့်ပြီး လျှောက်တင်လိုက်ပါညိုညို။

(ခင်ညိုညိုကပါးပါးနပ်နပ်နှင့် စကားတတ်တဲ့အတိုင်း လျှောက်တင်ပြန်သည်မှာ) ယခုမိန့်တော်မူတဲ့အကြောင်းကို ထိပ်ထားဘုရားသိတော်အမူသားပါ သို့ရာတွင် ရွှေစိတ်တော်ထင်ပုံကတော့ သခင်ထွတ်မှာ ညွတ်တွားသူတွေကပေါများ ဘုရင်ကလဲမြှောက်စား စိတ်နေစိတ်ထားရှေးကထက်မြင့်မားပြီး ဟိုတုံးကမေတ္တာကိုမှ သတိမရနိုင်တော့ဘူးလို့ အထင်ရောက်နေပါတယ် သူ့မေတ္တာကိုထောက်ပါလျှင် ရောက်လာလိမ့်မယ်လို့လဲ မိန့်တော်မူပါတယ် အာဏာကိုကြောက်မလား မေတ္တာကိုထောက်မလား သည်လိုလျှောက်ထားပါလို့လဲမိန့်တော်မူလိုက်ပါတယ်မှာတော်မူတဲ့အတိုင်းမကြွလာလျှင် ထိပ်ထားဘုရားမှာ များစွာခက်ဘို့ အရေးကြီးတွေပေါ်လာပါလိမ့်မယ်ဘုရား စဉ်းစားလို့သာ ကြွတော်မူပါတော့။

(သျှင်ရဲထွတ်က ငေးမှိုင်တွေဝေကာ စဉ်းစားပြီး) ဪ မှာတော်မူလိုက်ပုံအချက်ကပြင့် ခက်သည်ထက်ခက်ဘို့ ဖြစ်နေပါပေါ့ကလား စိတ်ထားပြောင်း၍ အချစ်ဟောင်းကို မမေ့ရိုးမှန်ပါတယ်ညိုညိုရယ်.... တယ်ခက်သကိုးနော် "သွားလျှင်လဲအခက် မသွားလျှင်လဲအသက်" မှယ်ဘက်ကိုလိုက်ရမှာလဲညိုညိုရဲ့ အာဏာကိုကြောက်လျှင်လဲ မေတ္တာကိုမထောက်ဘူးဆိုလိမ့်မယ် မေတ္တာကိုတောက်လျှင်လဲ အာဏာကိုမကြောက်ရာကျလိမ့်မယ် အို-အနေခက်ပါတယ်လေ သေဘက်ကိုကူးလိုက်ထာ အကောင်းဆုံးပါဘဲ ဤသို့ငြိုးငြူပြီး အနီးတွင်ရှိသော ကျောက်စီးဓါးကိုကိုင်၍ မိမိရင်ဝကိုရွယ်လိုက်သည်တွင် ခင်ညိုညိုကရုတ်တရက်ဓါးကိုဆွဲပြီး "အို-ဘယ်လိုကြံတော်မူတာလဲသခင် လက်ရုံးကောင်းတဲ့လူဆိုတာ အရေးကြပ်လျှင်မိမိကိုယ်ကိုပင်သတ်ဘို့ကြံသတဲ့လား ဘဝဆုံးအောင် အညွန့်တုံးဘို့ကြံတယ်ဆိုတာ လက်ရုံးကောင်းတို့လက္ခဏာ မဟုတ်ပါးကလား"ဟု လျှောက်တင်လေရာ သျှင်ရဲထွတ်က ဓါးကိုလွှတ်လိုက်လေ၏။

(ရဲထွတ်) အာဏာနှင့်မေတ္တာ နှစ်ခုတို့စပ်ကြားမှာ ဓါးနှင့်အသေသတ်ပြီး ဘဝဆုံးတာက မြတ်လိမ့်မယ်ထင်လို့ ရုတ်တရက်ကြံမိတာပါညိုညိုရယ် ကိုယ့်ကိုယ်ကို သတ်ခြင်းဆိုတာလွန်စွာ

ပင် ရာဇဝင်ရိုင်းတာမျိုးပါဘဲ … ကဲလေသူ့မျက်နှာကိုထောက်ပြီး မေတ္တာနောက်သို့လိုက်ရတော့ မှာဘဲညိုညိုရဲ့ ဖြစ်လိုရာဖြစ်ပါစေတော့။

(ဤသို့မိန့်တော်မူရာ ခင်ညိုညိုက သူ့အရေးအောင်တဲ့အတွက် နှစ်သက်ဝမ်းမြောက်လှသဖြင့်) အဲ-သည်လိုမှပေါ့သခင်ရယ် မိန်းမဆိုတာ ညာတာကောင်းပါတယ် တကယ်လို့ပင်ရွှေနန်းရှင်ဘုရားကသိသော်လဲ အမျက်တော်ရှိမယ်လို့မထင်ပါ လက်ရုံးတော်တဆူရယ်လို့ အလွန်းအားကိုတော်မူတာကလား စိုးရိမ်လို့သာ လျှောက်တင်ရပါတယ် ကိုယ်တော် တကယ်ဆိုတော့ ထွတ်ထွတ်နှင့်ထိပ်ထား တွေ့ဆုံတော်မူတဲ့ အကြောင်းများကိုလဲ ရွှေနန်းရှင်ဘုရား ကြားတော်မူမယ်လို့လဲမထင်ပါ အဆောင်တော်မှာ ခစားကြတဲ့ ရံရွေတော်အများကလဲ ထိပ်ထားတို့ ထွတ်ထွတ်တို့ ညီညွတ်ဘို့အကြောင်းကိုသာ ဆုတောင်းလျက် ရှိနေကြပါတယ်ဘုရား သတင်းပေါက်ကြား၍ နှံ့ပြားဘို့မရှိပါဘုရား။

(ရဲထွတ်) ကဲ-ကဲ—ပြန်ပေတော့ ပြန်ပေတော့ ညဥ့်တချက်တီးကျော်မှာအဆောင်တော်က မျှော်တော်မူဘို့ လျှောက်တင်လိုက်ပါ ဆရာတော်ဘုရား သနားတော်မူတဲ့သိဒ္ဓိတန်ခိုးကြောင့် ဘယ်လိုရန်မျိုးနှင့်မှ မတွေ့ဘူးဆိုတာကိုလဲ ယုံကြည်ပြီးပါ သို့ရာတွင် အာဏာတော်ကိုလေးစားသဖြင့် ပယ်ရှားငြင်းဆန်ရတာကလားသခင်ကြီးရဲမေတ္တာကဖြင့် လွန်စွာတန်ခိုးကြီးပါပေတယ်နော်

ဤသို့မိန့်တော်မူသောအခါ ခင်ညိုညိုလည်း ဝမ်းမြောက်ဝမ်းသာနှင့် အဆောင်တော်သို့ပြန်လာခဲ့လေ၏ အပါးတော်သို့ရောက်သောအခါ မှာတော်မူလိုက်တဲ့အတိုင်း ညဥ့်တချက်တီးကျော်မှာ မျှော်တော်မူဘို့လျှောက်တင်လေရာ သခင်ကြီး၏စိတ်ထဲမှာ လွန်စွာဝမ်းမြောက်တော်မူလှသည်နှင့် ခင်ညိုညိုအားများစွာသော ဆုလာဘ်ကိုထပ်၍ ပေးသနားတော်မူပြန်လေ၏ အစ်မတော်သခင်ကြီးလည်း အဆောင်တော်သို့ ရောက်လာမည်ဆိုသော မင်္ဂလာတတင်းကြီးကိုကြားရသည့်အချိန်မှစ၍ ညဥ့်တချက်တီးအချိန်ကိုသာ ငံ့လင့်လျက် ဗဟိုရ်သံကိုနာခံတော်မူကာ စံနေတော်မူလေသည်။

## "သျှင်ရဲထွတ်နှင့် သခင်ကြီး"

ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်သည် သခင်ကြီး စေလွှတ်၍ ခေါ်တော်မူသောအတိုင်း ညဥ့်တချက်တီးသာသာအချိန်တွင် ခေါးကိုပိုက်၍ တကိုယ်ဆည်းနန်းတော်သို့ ဝင်လာခဲ့လေ၏။ ဆရာတော်ဘုရားက စီမံပေးသနားသောအင်းအိုင်လက်ဖွဲ့များကို အမြဲဆောင်ထားလျက်ရှိသောကြောင့် နန်းတော်ပတ်ဝန်းကျင်တွင် အစဉ်သဖြင့်စောင့်၍ နေကြသော တပ်တော်များကလည်း "အချိန်မတော်တွင် နန်းတော်ကြီးသို့ဝင်ရသလား"ဟု ပြစ်တင်ကြိမ်းမောင်းခြင်း၊ဘမ်းဆီးခြင်းများကိုမပြုမလုပ်ကြကုန်။

နန်းတော်ပေါ်သို့ရောက်၍ သခင်ကြီး၏အဆောင်တော်ဝသို့ ရောက်သောအခါ အဆောင်သင့်စောင့်နေကြသော အပျိုတော်များက ရှိခိုးဝပ်တွားခါ ဆီးကြိုကြပြီးလျှင် "ဝင်တော်မူပါဘုရား"ဟု လျှောက်တင်ကြလေလည်။

သျှင်ရဲထွတ်သည် အဆောင်တံခါးဝတွင် စွဲကိုင်ခဲ့သော ကျောက်စိအေးကို ချထားခဲ့ပြီးလျှင် သခင်ကြီးစံနေသော သလွန်တော်အနီးသို့ ရိုသေကိုင်းညွတ်သောအမူအရာနှင့် ချဉ်းကပ်၍သွားလေ၏။ သခင်ကြီးလည်း သျှင်ရဲထွတ်ဝင်လာသည်ကို မြင်တော်မူလျှင် ကြည်ရွှင်နှစ်သက်သောအမူအရာတော်ဖြင့် သလွန်တော်ပေါ်မှာ အတူထိုင်စေတော့ဟု နေရာပေးသော အထိမ်းအမှတ်ဖြင့် နောက်သို့ခပ်ရို့ရို့ဆုတ်၍စံတော်မူလေ၏။

သျှင်ရဲထွတ်သည် သလွန်တော်နှင့် လေးတောင်ခန့်ဝေးသောနေရာသို့ရောက်လျှင် ရှေ့သို့မတိုးဘဲ ထိုနေရာမှာပင်ရိုသေစွာထိုင်၍ မျက်နှာကို ငုံ့လျက် လက်ရှက်ပြီးလျှင် ရိုသေသောဣန္ဒြေနှင့်ထိုင်၍ခစားလေ၏။

သခင်ကြီးက သျှင်ရဲထွတ်ကို ခပ်ပြုံးပြုံးရှုစားတော်မူပြီး "ဩော်- တယ် အရိုအသေတတ်ပါကလား၊ ဘယ်တုန်းကများ သည်လို အရိုအသေမျိုး သင်ထားသလဲ။ မျက်နှာကိုမှ မော့်လို့ကြည့်ဘော်မရတော့ဘူး။ ဣန္ဒြေရလိုက်ထာကလဲ ကျောက်ရုပ်ကြီးလိုဘဲ။ ဤသို့စတင်၍ မိန့်တော်မူသော်လည်း သျှင်ရဲထွတ်က မည်သို့မျှပြန်လှန် လျှောက်ထားခြင်းမပြုဘဲ ဝပ်မြဲဝပ်တွား၍သာခစားနေလေသည်။

(သခင်ကြီး) "ဩော် ဣန္ဒြေကြီးလိုက်ထာ၊ သိက္ခာတင်တဲ့ ရှင်ရဟန်းပုဂ္ဂိုလ်ကြီးလို့ဖြစ်နေပါပေါ့ကလား။ မှန်တဲ့အတိုင်းတင်စမ်းပါ၊ သခင်ကြီးကိုအဘက်မလုပ်ခြင်လို့ဟာလား။ တယ်ထူးခြားနေသကိုး။

(သျှင်ရဲထွတ်က ရိုသေသောကိုယ်ဟန်၊ ကြောက်ရွံ့သော အသံနှင့်) အဘက်မလုပ်ချင်လို့မဟုတ်ပါ၊ အဘက်မလုပ်ဝံ့တဲ့အခြေသို့ဆိုက်နေသဖြင့် အလိုက်သိစွာ အရိုအသေပေး၍ ခပ်ဝေးဝေးက ခစားရကြောင်းပါဘုရား။

(သခင်ကြီး) ဩော်ပြောင်းလဲပုံတွေမြန်လှပါကလား။အဘက်မလုပ်ဝံ့တဲ့အခြေဆိုတာကဘာကိုခေါ်တာလဲ။

(ရဲထွတ်) သခင်ကြီးဘုရားမှာ ယခုအခါပင်တိုင်စံ အခြေသို့ဆိုက်နေလို့ အထီးဆိုလျှင်ယင်ဖိုမှမသန်းရကြောင်း မှန်လှပါတယ်။ ဘုရား့ ကျွန်တော်မျိုးမှာ ညီတော်ဘုရင်က ချစ်ခင်မြှောက်စားတော်မူတဲ့အတွက် "ကျော်ထင်နေ်ရထာ"ဆိုတဲ့ ဘွဲ့ကြီး ထီး, ခား, ဖလား, ခြွေရံကျေးကျွန်များနှင့် အတင့်အတယ်ကြီး ဖြစ်နေပါပြီ၊ ရှေးအခါကတော့ ဘွဲ့ထူး ဂုဏ်သိမ် စည်းစိမ်ဥစ္စာနန္တဖြင့် ချီးမြှင့်ခြင်းခံခဲ့ရသည်မဟုတ်။ ကလေကဝ သူငယ်တိုဘာဝနှင့်သာ သာခညနေထိုင်ခဲ့ရပါတယ်။ ကိုယ့်အခြေအနေနှင့် ထိုက်အောင် သိုက်မြိုက် ခန့်ညားစွာ နေထိုင်ရပါမည်။ ကျေးဇူးသစ္စာမှာလဲ ဝမ်းထဲမှာရှိနေပြီဖြစ်၍ ဘုရင့်အစ်မတော်ကို မော်လို့မှ မဖူးဝံ့တဲ့အခြေသို့ဆိုက်ရောက်ကြောင်းကို ကောင်းစွာ သိတော်မူဘို့ လျှောက်တင်ရပါကြောင်းပါဘုရား။

(သခင်ကြီး) အင်း- မျော်လင့်ချက်တိမ်းယိမ်း၍ တွက်ကိန်းဖြင့် ချော်ကုန်ပါပေါ့ကလား၊ နို့ နေစမ်းပါအုံး၊ လူကိုယ်တိုင် အခြေအနေပြောင်းလဲသွားတာလို ဟိုတုန်းက မေတ္တာဟာလဲ

အခြေတမျိုးပြောင်းသွားကုန်ပလား၊ ရှေးဟောင်းနှောင်းဖြစ်ကို စဉ်းစားပြီး အမှန်အားဖြင့် လျှောက်တင်စမ်းပါအုံး ထွတ်ထွတ်ကဲ့။

(သျှင်ရဲထွတ်က ခေတ္တငေးစိုက်ခါ စဉ်းစားပြီး) ဖြစ်ပြီးတဲ့ မေတ္တာဆိုတာ ဘယ်အခါမှ ပြောင်းလဲစကောင်းတာမျိုးမဟုတ်ပါ၊ နဂိုရှိရင်းက မေတ္တာအတိုင်းပါဘုရား။

(သခင်ကြီး) တင်ပုံကဖြင့် အားတက်စရာကြီးဘဲ၊ ကဲ-တာဖြင့် ဟို- ရှေးတုန်းကလို ကြည်ကြည်ဖြူဖြူ အတူတကွ စံတော်မူရအောင် သလွန်ပေါ်သို့တက်ပေတော့။

(ရဲထွတ်) သည်လိုမိန့်တော်မမူသင့်ပါဘူး ထိပ်ထားရယ်၊ မေတ္တာနယ်ကတမျိုး၊ အာဏာနယ်ကတမျိုးပါ၊ မေတ္တာရှိပကောရယ်လို့ ဘုရင့်အာဏာတော်နယ်ကို ဘယ်လိုကြူးလွန်ဝံ့ပမလဲဘုရား။

(သခင်ကြီး) အမယ်လေးရဲ့ထွတ်ထွတ်၊ လွှတ်တော် ဝန်ကြီးလောက် မက စကားတွေတတ်လှပါကလား။ မေတ္တာနယ်နှင့် အာဏာနယ်များကို ခွဲခြားလို့ တင်စမ်းပါအုံး။

(ရဲထွတ်) မေတ္တာနယ်ဆိုတာကတော့ ယခုလိုအခါမှာ စိတ်နှလုံးအတွင်းမှာသာ ရှိပါတယ်။ အာဏာနယ်ဆိုတာက ညီတော်မင်းတရားစိုးပိုင်တော်မူသမျှ အလွန်ကျယ်ဝန်းလှပါတယ်ဘုရား။ သခင်ကြီးဘုရားစံတော်မူတဲ့ သလွန်ပေါ်ကိုမဆိုထားနှင့် ယခုအချိန်အခါသည်အဆောင်တော်သို့ ရောက်လာခြင်းမှာပင် အာဏာနယ်ကို လွန်ကြူးရာရောက်နေပါပြီ၊သို့ရာတွင် သခင်ကြီးဘုရားရဲ့ စေတနာတော်ကို ထောက်ထားပြီး မကြောက်နိုင်ဘဲ အရဲစွန့်လို့သာ လာရပါတော့တယ်ဘုရား။

(သခင်ကြီး) ဩော်- အဆောင်တော်သို့ရောက်အောင် အရဲစွန့်လိုလာပြီ အတူတူ သလွန်တော်ပေါ်သို့ရောက်အောင် အရဲမစွန့်နိုင်တော့ဘူးလား။ ထွတ်ထွက်ကဲ့မေတ္တာကသည်မျှလောက်သာ အရဲစွန့်ချင်တော့သပေါ့လေ။

(ရဲထွတ်) သည်အရေးကိုတော့ ခွင့်ပေးတော်မူစေချင်ပါဘယ်။ နယ်ကြူးလွန်လျှင် ဘေးဒဏ်သင့်တတ်ကြောင်းကိုလဲ သတိထားတော်မူပါ။ အခွင့်အခါဆိုတာ သင့်ရာကို အသုံးပြုထိုက်ပါတယ်။ ထူးလေ့တဲ့အမိန့်တော်များကိုသာ မိန့်ကြားတော်မူပါ ဘုရား။

သခင်ကြီးက တကိုယ်ထည်းစဉ်းစားသည်မှာ "သူ့လျှောက်တင်တာလဲ လွန်စွာသင့်မြတ်ပါပေတယ်။ အခိုက်ကိုကြည့်ပြီး အလိုက်သိတဲ့လူလိမ်မာကြီးပေပေါ့၊ ကျေးဇူးသစ္စာကိုလဲ လွန်စွာစောင့်ရှောက်ပါပေရဲ့၊ သည်လို စိတ်မျိုးထားမှ အထွဋ်အထိပ်ကြီးပွါးတာမျိုးဘဲ။ သူကသို့ကလောက် အရိုအသေပေးတာပါကို၊ အရိုသေတန်အောင် မဟန်တဲအမူအရာများကို အသုံးမပြုထိုက်ပေဘူး။ ရိုသေကြိုးနှောင်ခြင်းဆိုတာ အကျွမ်းတဝင်နှင့် ချစ်ခင်ပျော်မြူးတဲ့ သဘောကိုဖြင့် ဖျက်ဆီးတာအမှန်ဘဲ။ ရိုသေသင့်တဲ့နေရာမှ ဂါရဝကိုအသုံးပြုဘို့ တော်ပါတယ်။ နေရာတကာမှာ သည်လိုသာ အရိုအသေပေးနေမှဖြင့် ဤသို့ စဉ်းစားတော်မူပြီး ဂူ့ခြွေ တမျိုး ထား၍ ထွတ်ထွတ်ကိုတွေ့တော်မူလိုလို့ အခေါ်လွှတ်တာပါ၊ အထူးမိန့်ကြားဘို့ မရှိပါဘူး"

(ရဲထွတ်) တွေ့တော်မူလိုလို့ ခေါ်တော်မူတာဖြင့် တွေ့ရလို့ ကိစ္စချောလောက်ပါပြီ၊ အဆောင်တော်မှပြန်ဖို့ အခွင့်ပြုတော်မူချိန် တန်ပါပြီ ဘုရား။

(သခင်ကြီး) အို-ပြောပုံ့ဆိုပုံ့က ဂူနွေကြီးလိုက်ထာ ခက်ခက်ခဲခဲဝင်လာတဲ့အခါ ခပ်ကြာကြာနေစမ်းပါအုံး။ ပြန်ချင်လိုက်ထာက မြန်လွန်းလှချေရဲ့. ထွတ်ထွတ်ကဲ့အပေါ်မှာ မျှော်မဲ့သူများရှိနေပလား။

(ရဲထွတ်) သည်ကဲ့သို့ မေးတော်မမူသင့်ပါ ညီတော်ဘုရားရဲ့. အမူတော်မှတပါး ဘယ်-လိုကိစ္စများကိုမှ သတိမထားရှိ မှန်ပါတယ်ဘုရား။

(သခင်ကြီး) ကေန်ယုံတော်မူလိုက်မနေဘ်။

(ရဲထွတ်) ယုံတော်မူပါ ဘယ်အခါတုံးကမှ မုသားမသုံးခဲ့ကြောင်းကို သခင်ကြီးဘုရားလဲ သိတော်အမူသားကဘဲ။

(သခင်ကြီး) ခင်ခင်ကြီးရဲ့ မေတ္တာအစစ်က တကယ်ချစ်တဲ့ သဘောမှန်ကိုလဲ ကေန်သိတယ်မဟုတ်လား။

(ရဲထွတ်) အထူးမိန့်တော်မူဘို့ မလိုပါ ဘုရာ့ကျွန်တော်သိရင်းပါ မေတ္တာဓါတ်ဆိုတာလဲ အချင်းချင်း အရှိန်ဟပ်ကြစမြဲမို့ တဦးကမပြယ်လျှင် ဟိုတဘက်က ပြက်ပျယ်ဘို့အခဲယဉ်းသားပါဘုရား။

(သခင်ကြီး) အဲ-သည်စကားမျိုးကိုဘဲ ကြားလိုတဲ့ဆန္ဒရှိပါတယ်။ နို့နေစမ်းပါအုံး။ အချင်းချင်း အရှိန်ဟပ်နေတဲ့ မေတ္တာအစုံကို ဘယ်ပုံကြီးပွါးအောင် မွေးမြူရမလဲလို့။

(ရဲထွတ်) သည်အချက်မှာတော့ အလွန်ခက်နေပါတယ်ဘုရား။ ညီတော်ရွှေနန်းရှင်ဘုရားရဲ့အာဏာကို။ ဘယ်အခါမှလွန်ကြူးဘို့မကြံစည်ပါ။ ဟို-ငယ်ရွယ်စဉ်ကရင်ခွင်တခုထဲမှာ မှီခိုပြီး၊ နို့ချိုအတူသောက်လာတဲ့ အချစ်ဆုံးမို့။ မှန်းဘို့ဆိုတဲ့အရေးကိုတော့ တွေးတောင်မတွေးဝံ့ပါ၊ သို့ရာတွင် ညီတော်ရွှေနန်းရှင်ဘုရားက အလိုက်သိစွာ ကြည်သာတော်မူသဖြင့် သင့်တင့်ညီညွတ်စွာရှိအောင် ကြံဆောင်တော်မူခဲ့လို့ရှိပါလျှင် ခင်ခင်ကြီးနှင့် ငရဲထွတ် မေတ္တာပန်းနှစ်ခိုင်ညွတ်ပြီး ကျွတ်ကျွတ်လွတ်လွတ် ချမ်းသာခွင့်ဆိုက်ဘို့ပါဘုရား။

(သခင်ကြီး) အို- သည်အတိုင်း ဆိုလျှင် ပြောဘို့မလိုတော့ဘူးပေါ့။ သို့ရာတွင် အစ်မတော်ဘပါးကို စုလျားရစ်ဘို့ ဆိုတဲ့အရေးတွင် ရွှေနန်းရှင်က ပါဝင်တော်မူလိမ့်မယ်လို့မထင်မိပါဘူး။ အဲ-သည်အတွက် အပုံကြီးခက်နေတာပေါ့၊ တပင်တိုင် မြနန်းမှာ စံမြန်းစေ အမိန့်ထုတ်မှဖြင့် ဒုက္ခကြီးပင်လယ်ဝေတော့မှာဘဲ (ဝမ်းနည်းသောအသံဖြင့် တုန်တုန်ခိုက်ခိုက် ရှိုက်ရှိုက်ငိုင်ငိုင်မိန့်တော်မူသည်။)

(သျှင်ရဲထွတ်ကပြုံးပြီး) ပူပင်တော်မူဘို့မဟုတ်ပါ မေတ္တာရဲ့တန်းခိုးဂုဏ်ကို ယုံကြည်တော်မူတယ်မဟုတ်လား။ ငရဲထွတ်နှင့် ခင်ခင်ကြီးနီးစေဘို့ယူအရံသင့် မေတ္တာကလမ်းဖွင့်လျှင် ပန်းပွင့်ကလေး ကြည်ကြည်လန်းသလို ရည်မှန်းတိုင်း ထမြောက်တော်မူဘို့ပါဘုရား။

(သခင်ကြီး) ထွတ်ထွတ်ကဲ့ တွေးပုံများကဖြင့် အလွန်လွယ်ကူတာဘဲ။ တွေးတိုင်းသာ အထမြောက်မှာဖြင့် မိုးအောက်မှာဖြင့် ဒုက္ခရောက်တဲ့လူရှိမှာမဟုတ်တော့ဘူး။

(ရဲထွတ်) စိတ်ထားသန့်သန့်နှင့် ရည်ရွယ်ခြင်းဆိုတဲ့ အာသာဆန္ဒမျိုးဟာ မှန်းတိုင်းပေါက်အောင် အကျိုးပေးတတ်ပါတယ် စိတ်ဆိုတဲ့မြားဟာ လွှတ်ရာကိုသာစူးသတဲ့. ထိပ်ထားဘုရားရဲ့ ရွှေအားတော် မလျော့ပါနှင့် အာသာဆန္ဒဆိုတဲ့ လေးညို့မှာ မေတ္တာဆိုတဲ့မြားကို တအား ကုန်ပစ်လွှတ်ဘို့သာ အချိန်နှမ်မှန်မှန် ရည်သန်တော်မူပါဘုရား။

ဤသို့ပြောဆိုဆဲမှာပင် ဗဟိုရ်နှစ်ချက်တီးသောအသံကို ကြားလေရာ သျှင်ရဲထွတ်က.... "အို-ဗဟိုရ်နှစ်ချက်တီးပါပေါ့ကလား သန်းခေါက်သို့ရောက်ခဲ့ပါပြီ။ ထွတ်ထွတ်ကဲ့ဝတ်တရားများ သန်းခေါင်ချိန်ကစပြီး ဗဟိုရ်လေးချက်တီးသည်တိုင်အောင် ညီတော်ရွှေနန်းရှင်ဘုရား စက်တော်မူတဲ့ အဆောင်တော်နားမှာ သက်တော်စောင့်အဖြစ်နှင့် အမြဲစောက်ရှောက်လေ့ ရှိပါတယ်....။ ထွတ်ထွတ်ကဲ့လက်မှာ ညီတော့အသက် ရှိတယ်သခင်ကြီးဘုရားရဲ့ ခွင့်ပေးတော်မူပါအုံး။ စက်တော်ဆောင်သို့သွား။ အိပ်ဖန်တော်သားများကို အုပ်ချုပ်ဘို့အချိန်ရောက်လာပါပြီ။

ဤသို့အခွင့်တောင်းရာ သခင်ကြီးက "ကျေးဇူးသစ္စာကိုဖြင့် လွန်စွာစောင့်ရှောက်တဲ့ ထွက်ထွက်ပေဘဲနော် ကျေးဇူးနှင့် သစ္စာကို စောင့်လျှင် တဖြောင့်ထဲ ကြီးမြင့်ပါလိမ့်မယ်....။ ကဲ....ကဲ....သွားပေအုံးတော့လေ့။ အခြေဖြင့် တမျိုးပြောင်းကြပေါ့နော် အဆောင်တော့တံခါး ဝသို့ရောက်အောင် ရှေးကလိုနှစ်ကိုတဲ့ပြီး ပို့မြဲတိုင်းပို့ရမှာပေါ့"။ ဤသို့မိန့်တော်မကာ သလွန်တော်မှဆင်း၍ သျှင်ရဲထွတ်ဆီသို့ လက်တော်ကို လှမ်းလေရာ။ သျှင်ရဲထွတ်က သခင်ကြီး လက်ကိုမကိုင်ဘဲ။ "စည်းစောင့်ရမဲ့ ကျွန်တော်မျိုးပါ ရွှေလက်တော်ကို ကိုင်လျှင် သစ္စာဆိုတဲ့မူထုံး ယိမ်းယိုင်လို့ ညွတ်လိမ့်မယ် ထွတ်ထွတ်ကိုသနားတော်မူပါထိပ်ထားရဲ့"ဟု လျှောက်တင်ကာ ရို-သေသေသာအမူအရာဖြင့် ညွတ်ကိုင်းကာ ဆုတ်ဖယ်ဖယ်နေလေ၏။

သခင်ကြီးကလဲ မိမိတ္တမြွေပျက်ကြောင်းကို သတိရသည်နှင့် လက်တော်ကိုရုပ်သိမ်းပြီး။ "ငယ်ရွယ်စဉ်ကသဘောနှင့် အတူတွဲဘို့ပြောတာပါ ထွတ်ထွတ်ကယ်၊ တယ်သစ္စာကြီးပြီးနေပကိုး သာဓု....ပါ ဦးထွတ်ကယ်.... သာဓု.... သာဓု.... ဤသို့ ပြုံး၍မိန့်တော်မူပြီးလျှင် အဆောင်တော် တံခါးဝသို့ရောက်အောင် လိုက်၍ပို့လေ၏။

သျှင်ရဲထွတ်ကလည်း အဆောင်တော် တံခါးဝတွင် ချထားခဲ့သော ကျောက်စီဓါးကို ကောက်ယူပြီးလျှင် မိမိဝတ်တရား အချိန်နီးသဖြင့် ဘုရင်မင်းမြတ်၏ စက်တော်ဆောင်သို့ လျှင်မြန်စွာထွက်သွားလေသတည်း။

## "တပင်ရွှေထီး၏ စဉ်းစားတော်မူခဏ်း"

တပင်ရွှေထီးသည်။ နန်းတက်ပြီးသောညဉ့်မှာပင် ညညီလာချိန်ကွဲသဖြင့် ကိုယ်တော် တပါးထည်း လေသာနန်းတွင် စံမြန်းတော်မူရင်း ကြံစည်တော့မူသည်မှာ။

ခမည်းတော်ဘုရား နတ်ရွာလားတော်မူတဲ့။ ထီးမွေ နန်းမွေကို ဆက်ခံ၍ နန်းစံရပေါ့ ကေတုမတီ နိုင်ငံတော်ကြီးရဲ့ အရှင်ဘုရင် ကေရာဇ် ငါဖြစ်ခဲ့ပြီ၊ ခမည်းတော်ဘုရားမှာ၊ သားတော် တပါးထဲ ထွန်းကားတော်မူခဲ့တာကြောင့် ငါ့မှာလဲ ရင်းချာတဲ့ညီတော်, နောင်တော်,များမရှိဘူး အင်း-ဘုရင့်သားတော်အစစ် ငါအမှန်ဖြစ်သော်လဲ အထိန်းတော်ကြီးရဲ့ အိမ်မှာသာ ကြီးပြင်းလို့ လာခဲ့ရတယ်။ ။နောင်တော်တွတ်နှင့်၊ ရင်ခိုင်တခုထဲမှာ နို့စို့ဘက် ကြီးပြင်းလာပြန်တော့ ငယ်ရွယ်စဉ်ကပင်၊ နောင်တော်အရင်းရယ်လို့ မှတ်ထင်ခဲ့တယ်၊ ငါ့အပေါ်မှာတော့ ကျေးဇူး သစ္စာ လွန်စွာ စောင့်ရှောက်တဲ့ နောင်တော်ကြီး တယောက်ပါပေဘဲ၊ စွမ်းရည် သတ္တိများကို ဆိုတော့ မှိုခိုလောက်တဲ့ အာဇာနည်အစစ် မှန်ပါပေတယ်၊ လောကုတ္တရာ ဆရာတော်ဘုရားကလဲ အထွဋ်အထိပ် ကြီးပွါးလိမ့်မယ်လို့ ဇာတာကို စစ်ပြီး၊ တထစ်ချ ဟောကိန်းထုတ်တော်မူကြောင်း ကိုလဲ၊ ငါသိပြီးပင် ဖြစ်တယ်၊ အင်း-အသက်ကို အပ်နှင်းပြီး မကွေမကွင်း ပေါင်းသင်းယုံကြည် ထိုက်ပါပေရဲ့။ ။အထိန်းတော် ရှင်သီဟကိုလဲ၊ ခမည်းတော်အလား အမှတ်ထားပြီ၊ ချီးမြှင့် တော် မူခဲ့ပြီ။ ။အထိန်းတော်ကြီးရဲ့သမီး၊ ခင်ဘုန်းကိုလဲ၊ ငယ်ရွယ်စဉ်ကစ၍ ချစ်တော်မူခဲ့တဲ့ အတိုင်း မိဖုယားအမှတ်ဖြင့် အမြတ်တနိုး ချီးမြှင့်ခဲ့ပေါ့။ ။အရေးအကြီးဆုံးမှာတော့ ခင်ဘုန်း ရဲ့မောင်ကြီး ငါ့နောင်တော်ကြီးဖြစ်တဲ့ ထွတ်ထွတ်ကို အထူးချီးမြှောက်ဘို့ လိုပေတယ်။

"ကျော်ထင်နော်ရထာ" ဆိုတဲ့ ဘွဲ့ကလေးမျှနှင့် အားရတင်းတိမ်စေဘို့ မဟုတ်ပေဘူး၊ ဪ-ခမည်းတော်ဘုရား လက်ထက်တော်ကတပိုင်းတစကျန်ခဲ့တဲ့အချက် ငါကိုယ်တိုင်ဆက်လက်မှ သင့်တော့မှာဘဲ ထင်ပါရဲ့။ ။အစ်မတော် သခင်ကြီး မှာလဲ နောင်တော် ထွတ်ထွတ်အတွက် ခမည်းတော်ဘုရားလက်ထက်က အခက်ကြုံပြီး အပုံကြီး စိတ်မချမ်းမသာ ဖြစ်တော်မူရှာတယ်။ ငါမကယ်လျှင် သည်ပင်လယ်က တွက်နိုင်ခွင့် ရတော့မှာ မဟုတ်ဘူး။အစ်မတော်နှင့် နောင်တော် တွတ်ကို။ သည်မှ ထွက်အောင် ချီးမြှင့်တော်မူအုံးမှဘဲ။ ။သည်အကြောင်းကိုလဲ အထိန်းတော် ကြီးများနှင့် ရှေးဦးစွာ တိုင်ပင်မှ သင့်လျော်လိမ့်မယ်" ဤကဲ့သို့ တွေးတော ဆင်ခြင်တော် မူလေ၏။

ထိုနောက် ညဥ့်တွင် အထိန်းတော်ကြီးနှင့် မှူးကြီး,မတ်ကြီး, များကို နန်းတော်သို့ ခေါ်၍ တိုင်ပင် ဆွေးနွေးတော်မူသည်မှာ။

(တပင်ရွှေထီး) ယခု ခမည်းတော်ဘုရား၏ အရိပ်အရာကို ဆက်ခံ၍ စိုးစံတော်မူခဲ့ပြီ ကိုယ်တော်မှာ အရွယ်တော်ငယ်လှသေးသဖြင့် အရေးအရာအဖြာဖြာတွင် မှားယွင်းတိမ်းစောင်း ခြင်း မရှိရအောင် အထိန်းတော်ကြီးများနှင့် မှူးမတ်များကနည်းပြ၍ လျှောက်တင်ကြရမယ်။

(အထိန်းတော်ကြီးများ) သည်အရေးကိုစိုတော့ စိုးရိမ်ဘွယ်မရှိပါ၊ အထိန်းတော်ကြီးများ, မှူးမတ်ကြီးများ,က ကိစ္စအားလျော်စွာ မမှားမတိမ်းရဲအောင် အမြဲပင်ဆင်ခြင်လျက် ရှိကြပါသည် ဘုရား။ ရှေးရှေးရာဇဝင် အစဉ်အဆက်မှာလဲ ဘုရင်မင်းမြတ်ကိုယ်စား၊ မှူးမတ်များကပင် ရွက်ဆောင်လေ့ရှိကြပါသည် ရွှေနန်းကြီးသခင် သမုတိနတ်ရှင်မှာ အရွယ်တော် ကြီးရင့်သည်, အရွယ်တော် ပျိုနုသည်,မှာ ပမာဏမဟုတ်ပါ၊ ဘုန်းသမ္ဘာနှင့် အာဏာတန်ခိုး၊ စိုမိုးကြီးမြင့်ခြင်း သာလျှင် လိုရင်းဖြစ်ပါသည်ဘုရား။

(ရွှေထီး) မှားယွင်းသောအချက် ကြုံလျှင်လဲ ရေငုံနှုတ်ပိတ်၊ တိတ်တဆိတ်မြဲ၍မနေကြပါနှင့် မှန်တိုင်းကိုသာ ရဲရဲဝံ့ဝံ့ လျှောက်တင်ကြပါ ဘုရင်ဆိုတာ တခါတခါမှာ အာဏာကို လွတ်အသုံးပြုခြင်းကြောင့်၊ မှားယွင်းတတ်ကြတယ်မဟုတ်လား။

(ထိန်း-မတ်) မှန်လှပါဘုရား။

(ရွှေထီး) ခမည်းတော်ဘုရား ရွှေလက်ထက်တော်က၊ကျန်ကြွင်းတဲ့ တိုင်းရေးပြည်မှုမှစ၍။ အရပ်ရပ် ကိစ္စများကိုလဲ ဆက်လက်လို့ ဆောင်ရွက်တော်မူရလိမ့်မယ်၊ ဘယ်အရေးကိစ္စများ ကျန်ရစ်ခဲ့သလဲ။

(ထိန်း-မတ်) ခမည်းတော်ဘုရား၏ အကြံတော်မှာ၊ လွန်စွာ ကြီးကျယ်လှသဖြင့်၊ ပြီးစီးအောင်မြင်ခြင်း မရှိတဲ့ ကိစ္စတော်များလဲ အတော်ပင် ကျန်ရစ်ခဲ့ပါသည်ဘုရား၊ ဟံသာဝတီနှင့် ပြည်မြို့များကို ရှေးဦးစွာ သိမ်းပိုက်၍ အဝနိုင်ငံတော်ကြီးကို သိမ်းယူတော်မူရန် ကြံစည်တော်မူခဲ့သည်မှာလည်း ပြီးစီးအောင်မြင်ခြင်းမရှိခဲ့ပါ၊ သည်အကြံများကို အရှင့် ရွှေလက်ထက်မှာ ဆက်လက် ဆောင်ရွက်ရပါမည်ဘုရား။

(ရွှေထီး) အထက် ရေဝတီ မြစ်ညာမှစ၍၊ တောင်ဘက် သမုဒ္ဒရာသို့ ကျအောင်၊ မြန်မာနိုင်ငံတော် တခွင်ကို တပြင်တပြားထဲ မြစ်အောင်ညှစ်ပြီး၊ သိမ်းပိုက်စိုးစံ၍၊ နိုင်ငံနှင့် သာသနာကို ကောင်းစွာပြုစုမယ်ဆိုတဲ့ အကြံကိုအ အမြဲပင် ကြံစည်တော်မူလျက် ရှိပါတယ်။ ငါကိုယ်တော်မြတ်နှင့် နောင်တော် ကျော်ထင် နော်ရထာတို့မှာ အရွယ်နုပျို၍၊ ဘုန်းနှင့်တန်ခိုး ပွါးတိုးတဲ့အခိုက်မှာတည်လို့၊ ရည်ရွယ်တော်မူတိုင်း၊ထမြောက်အောင်မြင်တော်မူလိမ့်မယ်ဆိုတာကို ယုံကြည်ပြီးပါဘဲ၊ (သျှင်ရဲထွတ်အကြောင်းကို ထည့်သွင်း၍ မိန့်တော်မူခြင်းမှာ အကြံတော်ကို ထုတ်ဘော်ပြဆိုရန်၊ စကားပလ္လင်ခံခြင်းပင် ဖြစ်ပေသည်။)

(ထိန်း-မတ်) မှန်လှပါ၊ အရွယ်တော် ပျိုနုခြင်းဆိုတာ ဘုန်းသမ္ဘာလဲ ပျိုနုစမြဲဖြစ်ပါတယ်၊ အရှင့်နောင်တော် ကျော်ထင်နော်ရထာလဲ ရာဇရုပ်လက္ခဏာနှင့် ဘုန်းသမ္ဘာကြီးမား၍၊ ထွန်းကားမဲ့ ယောကျ်ား အာဇာနည်ဖြစ်ကြောင်း ထင်ရှားလှပါသည်၊ နောင်တော် ကျော်ထင် နော်ရထာကို၊ လက်ရုံးတဆူ ပြုတော်မူပြီး၊ ရေးကြီးခွင့်ကျယ် ဖြစ်တဲ့နိုင်ငံရေးကို ကြံစည် ချဲ့ထွင်တော်မူပါလျှင်၊ လွယ်ကူစွာနှင့် အောင်မြင်တော်မူမည်မှာ မချွတ်မှန်ပါကြောင်းပါဘုရား။

(မှူးမတ်များနှင့်အထိန်းတော်တို့၏ တင်လျှောက်ချက်ကို နှစ်သက်အားရတော်မူသည်နှင့် ပြုံးတော်မူပြီး) အင်း-နောင်တော် ကျော်ထင်နော်ရထားဆိုတာ ထီးနန်းထက်မှာဘားတဲ့ ဘုရင့်သား ဘုရင့်သွေး, မဟုတ်သော်လဲ ရုပ်လက္ခဏာနှင့်ဘုန်းသမ္ဘာတို့မှာ လွန်စွာပြည့်စုံမဲ့ယောကျ်ား ရယ်လို့ ကိုးစားယုံကြည်တော်မူမိတယ် ငါအရှင်ကိုယ်တော်မြတ်နှင့် နို့စို့ဘက်အတူကြီးပြင်း၍ လာခဲ့ရ နောင်တော်အရင်းကဲ့သို့ပင် မှတ်ထင်တော်မူတယ် သည်အကြောင်းအရာကိုလဲ အထိန်းတော်ကြီးများနှင့် မှူးတော်, မတ်တော်ကို့တို့ မျက်စိအောက်မှာ ကြီးပွါးလာရတဲ့အတွက် အထူးဘွင့်ဘော်၍ မိန့်တော်မူနေဘို့ မဟုတ်ပါဘူး။

(ထိန်း-မတ်) အမိန့်တော်မြတ်အတိုင်း အမှန်ပင်ဖြစ်ပါတော့သည်ဘုရား။

(ရွှေထီး) ကဲ-ခမည်းတော်ဘုရား ရွှေလက်ထက်တော်က ကြွင်းကျန်ခဲ့တဲ့ကိစ္စတခုကို မိန့်တော်မူရအုံးမှာဘဲ အထိန်းတော်ကြီးများနှင့် မူးတော်မတ်တော်တို့လဲ သိပြီးပေါ့ အစ်မတော်သခင်ကြီးနှင့် နောင်တော်ကျော်ထင် နော်ရထာဟာ ငယ်စဉ်ကပင်ချစ်ခင်၍ လာခဲ့ကြတယ် ခမည်းတော်ဘုရား လက်ထက်တော်က သည်အကြောင်းကိုသိတော်မူရ ရုတ်တရက်အမျက်တော်ထွက်ပြီး နောင်တော်သျှင်ရဲထွတ်ကို ရာဇဝတ်တော်ကြီးဖြင့် တချက်လွှတ်အမိန့်တော်မြတ်ကို မှတ်တော်မူခဲ့တယ် သို့ရာတွင်လောကုတ္တရာ ဆရာတော်ဘုရား၏ ချီးမြှင့် စောင့်မချက်ကြောင့် အသက်ဘေးမှ လွတ်ကင်းခဲ့တဲ့အပြင် ခမည်းတော်ဘုရားလဲ ရှေးကနှင့်မခြား နောင်တော့အပေါ်မှာ အရေးပေးကာ လေးလေးစားစား ချစ်ခင်မြှောက်စားတော်မူပြန်တယ် နောင်တော်ကျော်ထင်နော်ရထာဟာ အထိန်းတော်ကြီးရဲ့ရင်သွေးပင် ဖြစ်သော်လဲ ခမည်းတော်ဘုရားက သားတော်အရင်းမှတ်မူပြီး နန်းတော်ပေါ်တွင် ထွက်ဝင်သွားလိုသမျှ အခွင့်ရစ္စာနှင့်ကြီးပွါး၍ မင်းသားတို့အစီးအနင်း အဆောင်အရွက်များကိုလဲ အသုံးပြုရသူ ဖြစ်ခဲ့ပေတယ် သည်အကြောင်းများကို အထင်အရှားသိပြီးပင် မဟုတ်ကြပါလား။

(ထိန်း-မတ်) သိပြီး မြင်ပြီးပင် ဖြစ်ကြပါသည်ဘုရား။

(ရွှေထီး) အဲ-သို့ဖြစ်သည့်အတွက်ကြောင့် ရှေးမေတ္တာကိုစိမ်ပြီး အသင့်ရှိကြသောအတိုင်း ငါကိုယ်တော်မြတ်က တနောက်တရက် ကန့်ကွက်တော်မမူဘဲ သူတို့၏မေတ္တာကို ဆက်၍ချစ်ဘက်ပြုတော်မူရန် ကြံစည်တော်ခုမိတယ် သင့်လျော်ကြောင်း, မသင့်လျော်ကြောင်း,ကိုသာ လျှောက်တင်ကြပေတော့။

(ထိုသို့မိန့်တော်မူရာ အထိန်းတော်ကြီးများနှင့် မူးတော်မတ်တော် တို့ကလည်း ဘုရင့်အလိုတော်ကိုသိပြီး စုလျားရစ်ပတ်၍ လက်ထပ်ထိမ်းမြားရန် အတွက်ကိုလဲ နှစ်သက်သဘောတူကြပြီး ဖြစ်သောကြောင့် ဤသို့လျှောက်တင်ကြလေသည်။) ယခုမိန့်တော်မူသည်မှာ လွန်စွာသင့်လျော်လှပါသည်ဘုရား နောင်တော်ကျော်ထင်နော်ရထာသည် ဘုရင့်သွေးအစစ်မဟုတ်ညားသော်လည်း သာကီနွယ်ရိုး မဟာမျိုးဇာတ်မြတ် ကင်းပြတ်သူမဟုတ်ပါ နတ်ပြည်စံလွန်တော်မူသော ရွှေနန်းရှင်ဘုရားကလဲ သားအမှတ်ဖြင့်မွေးမြူး၍ အရေးယူတော်မူအပ်တဲ့သူလဲ မှန်ပါသည် မိန့်တော်မူသောအတိုင်း အမျက်ထွက်တော့မူခဲ့ခြင်းမှာလဲ သမီးတော်နှင့်သဘောမတူ၍ အမျက်ထွက်တော်မူခြင်း ဟုတ်မည်မထင်ပါ။

ဘုရင်မင်းမြတ်တို့လူ ပရိယာယ်လိုပင် ဘုရာ့ကျွန်တော်မျိုးများ မှက်ထင်ကြပါသည် အစ်မတော်သခင်ကြီးဘုရားနှင့် နောင်တော်ကျော်ထင်နော်ရထာတို့မှာလဲ မေတ္တာမကင်းဆက်ခြင်းရှိ၍နေကြပါသည် ရွှေနန်းရှင်ဘုရားက စုလျားရစ်ဆင်၍ လက်ထပ်ပွဲသဘင် ဆင်ယင်ကျင်းပတော်မူပါလျှင် ဆွေတော် မျိုးတော် များကို မြှောက်စားချီးမြှင့်ခြင်းတည်းဟူသော ရာဇဂုဏ်နှင့်ပြည့်စုံသည့်အပြင် မေတ္တာရှင်အစုံကို အာရုံအတိုင်း စပ်ဟပ်တော်မူခြင်းအားဖြင့် အဝိရောဓနကို လိုက်စားဖြည့်ကျင့်ခြင်း ကိစ္စပြီး၍ ရွှေဘုန်းတော်ကြီးခြင်း, တိုင်းသူပြည်သား လူအများတို့၏ တိုးတက်၍ ချစ်ခင်ကြည်ညိုခြင်း,များနှင့် ပြည့်စုံရန်အကြောင်းပင် ဖြစ်ပါတော့သည်ဘုရား။

ဤကဲ့သို့တညီတညွတ်တည်း လျှောက်တင်ကြရာ ကေတုမတီပြည်ကြီးအရှင် တပင်ရွှေထီးဘုရင်ကလည်း များစွာနှစ်သက်တော်မူလှသဖြစ် "မင်္ဂလာအချိန်တော်များကို ရွေးချယ်စီစစ်၍ အစ်မတော်သခင်ကြီးနှင့် နောင်တော် ကျော်ထင်နော်ရထာကို ထီးနန်းစဉ်လာ ရှိသောအတိုင်း အခမ်းအနားကြီးကျယ်စွာနှင့် လက်ထပ်မင်္ဂလာသဘင် ဆင်ယင်ကျင်းပစေ"ဟု အမိန့်တော်ကြီးကို ထုတ်ပြန်တော်မူလေသည်။

ထုတ်ပြန်တော်မူသော အမိန့်တော်ကြီး ထွက်လာသောအခါ တိုင်းသူပြည်သား လူအများတို့ကလည်း အစ်မတော်သခင်ကြီးနှင့် သျှင်ရဲထွတ်ကို ရှေးနဂိုရင်းကပင် ချစ်ခင်မြတ်နိုးရင်းရှိကြသောကြောင့် အထူးပင် ဝမ်းမြောက်နှစ်သက် ကြလေသည်။ ငါတို့ဘုရင်မင်းတရားသည် အရွယ်ပင်နုပျိုသော်လည်း မင်းတိုကျင့်ဝတ်တရားနှင့် ညီညွတ်လှပေသည် အစဉ်သဖြင့် ဘုန်းညွန့်တလူလူနှင့် ကြီးပွါးတော်မူလိမ့်မည်ဟု နှုတ်အဆင့်ဆင့် ဘွင့်ဆိုပြောကြားကာ ဘုရင်မင်းမြတ်ကလေးကို ချီးမွမ်းကြလေ၏ ဘုရင်မင်းမြတ်၏ ဘုန်းသမ္ဘာတက်လျှံ၍ နိုင်ငံတော်ကျယ်ဝန်းကြောင်းများကိုလည်း ဆုတောင်းကြလေသည်။

ထိုနောက် မှူးမတ်ပညာရှိ, ပုဏ္ဏားပညာရှိ,တို့နှင့် နေ့ရက်မင်္ဂလာ အချိန်အခါကောင်းများကို ရွေးချယ်ပြီးလျှင် မင်းညီမင်းသား မင်းသမီးများကို လက်ထပ်သော နည်းလမ်းအတိုင်း အခမ်းအနားကြီးကျယ်စွာနှင့် ဆင်ယင်ပြီးလျှင် ဘုရင်မင်းမြတ် ကိုယ်တော်တိုင် လက်ထပ်ပွဲသဘင်သို့ ထွက်တော်မူပြီးလျှင် အစ်မတော်သခင်ကြီးနှင့် နောင်တော် ကျော်ထင်နော်ရထာကို လက်ထပ်၍ပေးတော်မူသည် ထိုလက်ထပ်ပွဲကြီးသည် ကေတုမတီမြို့တော် တည်သည်ကစ၍ အကြီးအကျယ်ဆုံးသော ပွဲကြီးဖြစ်လေသည်။

လက်ထပ်ပွဲသဘင်ဆင်ယင်၍ အောင်မြင်ထမြောက်သောအခါ သျှင်ရဲထွတ်နှင့်သခင်ကြီးတို့၏ ရင်းနှီးခဲ့သောမေတ္တာသည် ရည်ရွယ်သောအတိုင်း အကျိုးပေးခြင်းသို့ရောက်သဖြင့် မေတ္တာရှင်နှစ်ဦးတို့၏ အထူးဝမ်းမြောက်ပုံများကို ကဗျာဆရာတို့ လင်္ကာသီကုံးသော်လည်း အဆုံးသို့ရောက်နိုင်ရန် အကြောင်းမရှိချေ။

သျှင်ရဲထွတ်သည် အစ်မတော်သခင်ကြီးနှင့် လက်ထပ်ပွဲပြီးသောအခါ ဘုရင့်ယောက်ဖတော်ကြီးဖြစ်လေ၏ ဘုရင့်အစ်မတော်ကိုရ၍ ယောက်ဖတော် ဖြစ်ရသည်မဟုတ်သေး သျှင်ရဲထွတ်၏နှမ ခင်ဘုန်းကိုလည်း ဘုရင်တပင်ရွှေထီးက မိဖုယားမြောက်ပြီး ဖြစ်သည်နှင့် နဂိုကပင်ယောက်ဖတော် ဖြစ်ခဲ့ပြီးပင်တည်း ဘုရင်-တပင်ရွှေထီးနှင့် သျှင်ရဲထွတ်တို့သည် အတုန့်အလှယ်ယောက်ဖတော်သော ပုဂ္ဂိုလ်ထူးနှစ်ဦး ဖြစ်ကြလေသည်။ ရှေးဘုန်း,ရှေးကံ, အထူးစီမံ၍လာခဲ့သောအတိုင်း မြန်မာနိုင်ငံတွင် ဝိသေသပုဂ္ဂိုလ်ထူးဖြစ်ကြသော ဘုန်းရှင်နှစ်ဦးတို့သည်လည်းကံလွန်ထူးမြတ်စွာ အကျိုးပေးခြင်းကို လက်ကိုင်ပြုရသော သူများဖြစ်ကြပေသတည်း။

လက်ထပ်ပွဲပြီးစီးသောညဥ့်အခါ သျှင်ရဲထွတ်နှင့်သခင်ကြီးသည် လက်ထပ်ရာဖြစ်သောမင်္ဂလာစံအိမ်တော်မှာပင် စံတော်မူကြလျက် သလွန်သေတာ်ထက်တွင် အတူနှဲ့ဆင်ကာ အချင်းချင်း ချစ်တင်းတုန့်လှယ်တော် မူကြသည်မှာ။

(သခင်ကြီး) ဘယ်နှယ်လဲထွတ်ထွတ် ဝင့်ကျွတ်ပြီမဟုတ်လား။

(ထွတ်) ဘယ်ဝင့်မျိုးက ကျွတ်လွတ်တာကို မိန့်တော်မူတာတုန်း ခင်ခင်ကြီးရဲ့။

(ကြီး) အချစ်ဝင့် ကျွတ်လွတ်တာကို မိန့်တော်မူတာပါ၊ ဟို-ခမည်းတော် ဘုရားလက်ထက်တော်က တချက်လွှတ် အမိန့်တော်ကြီးကြောင့် ဝင့်မလွတ်လို့ ထွတ်ထွတ်ထွက်ပြေးရတာကို သိတယ်မဟုတ်လား၊ ယခုတော့ သည်လို ကြပ်တဲ့ကျဉ်းမြောင်းဘို့ ရှိသေးသလား၊ကြည့်စမ်းပါ ယခုတော့ ရဲရဲဝံ့ဝံ့နှင့် ကြောက်ရွံ့စရာမရှိဘဲ သလွန်ပေါ်မှာ အတူစံနေရပြီ။ဟိုတုန်းကတော့ တွေ့ရုံကလေးတွေ့ရအောင် ကြံစည်လိုက်ရတာ အပုံကြီးခက်သနေ့ ဟုတ်လား"

(ထွတ်) "မှန်ပါတယ်၊ သည်ဝင့်မျိုးကတော့ ကျွတ်လွတ်သွားတာပါဘဲ" (ဣန္ဒြေနှင့်ပြောသည်။)

(ကြီး) "အမယ်- ပြောပုံက နှုတ်လေးလိုက်တာ။ သည်ဝင့်က ကျွတ်လျှင် တိမ်ပုပ်အတွင်းက လွတ်ကင်းတဲ့ လမင်းလို ဝင်းဝင်းကြီးသာဘို့သာ ရှိတော့တယ်မဟုတ်လား။ ဘယ်လို ဝင့်များ ကျန်တယ်ထင်သေးလို့ နှုတ်လေးနေရတာလဲ ထွတ်ထွတ်ကဲ့။ ဘုရင့်ယောက်ဖတော်မို့ ယနေ့ကစပြီး ကိုယ်တော်လို့ ခေါ်တော့မနေ့"

(ထွတ်) "နေစမ်းပါအုံး၊ ကိုယ်တော်လုံးတွေကို အသုံးပြုဘို့ အရင်မလိုပါနှင့်။ ပင်ကိုယ်က ခေါ်ရိုး,ပြောရိုး,အဟိုင်းကိုသာ အသုံးပြုတော်မူပါ။ အခေါ်အဝေါ်နှင့် မြှောက်ပေတယ်လို့ ဘုန်းတောက်မှ ထွန်းကားနိုင်ပါတယ်။ အခေါ်အပြောကလေးကို အရေးတယူ အလေးမူနေတယ်ဆိုတာ အရာရောက်တာမျိုး မဟုတ်ပါ၊ မကျွတ်သေးတဲ့ ဝင့်ကြီးက ရှေ့က ဆီးနေတယ် ထိပ်ထားကြီးရဲ့-စုဘုရားကြီးရဲ့"

(ကြီး) အို-ကြည့်စမ်း။ သူ့ကိုတော့ "ကိုယ်တော်"လို့ မခေါ်ရဘူးတဲ့။ သူကတော့ "ထိပ်ထားကြီး,စုဘုရားကြီး"လို့ တမင်မြှောက်ခေါ်ပြန်ပြီ။ လှောင်ပြောင်တဲ့ သဘောမျိုးလား"

(ထွတ်) "ဩော် - ယခုအခြေ ရောက်တောင်မှ လှောင်ပြောင်လျှင် စိတ်ဆိုးတော်မူအုံးမှာလား ထွတ်ထွတ်ကဲ့။ ထိပ်ပေါ်က ထားရမှာမို့ ထိပ်ထားကြီးလို့ ခေါ်တာပါ။ သည်ဟာကို လှောင်တယ်လို့ ဆိုချင်သလား။ ထီးနန်းပေါ်မှာ မွေးတဲ့ ဘုရင့်သွေး အစစ်မို့ ထိပ်ပေါ်မှာ မထားလျှင် ဘယ်နေရာက ထားရမှာလဲ၊ မြှောက်စားချင်တိုင်း မြှောက်စားမယ်၊ ဘယ်တော့မှ မနိမ့်ရဘူးဆိုတာကို ယုံကြည်စိတ်ချတော်မူပါတော့"

(ကြီး) "ကိုယ်တော့အပေါ်မှာ ဘယ်အခါမှ စိတ်မဆိုးဝံ့ကြောင်းကို ငယ်ရွယ်စဉ်ကစပြီး သိတယ်မဟုတ်လား။ ဘုရင့်သွေးအစစ် အမှန်ပင်ဖြစ်ခဲ့ပေတယ်လို့ ယခု အခြေမှာတော့ ထွတ်ထွတ်လက်အောက်သို့ ကျရောက်လျက်ရှိပါပြီ။ မိန်းမဆိုတာ ဘယ်လိုပင် အမျိုးမြတ်စေတော့ ယောကျ်ား၏ဘုန်းအောက်မှာ ညွှိုးချောက်ကြုံလိုစမြဲ ဖြစ်ကြောင်းကို သိပါတယ် ထွတ်ထွတ်ကယ်၊ ထွတ်ထွတ်က မြှောက်စားလျှင်ဖြင့် ယောကျ်ားဘုန်းကိုမှီပြီး သခင်ကြီးမြင့်မှာ အမှန်ပါဘဲ။ ထွတ်ထွတ်နှင့် ဆုံစည်းသဖြင့် ခင်ခင်ကြီးမှာ အလိုအလျောက် အထွဋ်သို့ရောက်နေကြောင်း

ကို သိပါရဲ့။ နို့-နေစမ်းပါအုံး၊ ဝင့်ကြီးတခု ရှေ့ကဆီးနေတယ်ဆိုတာကို ဘယ်လို အဓိပ္ပါယ်ရယ်လို့ မိန့်တော်မူပါအုံး'

(ထွတ်) ဩော်-ဆိုလိုတဲ့အဓိပ္ပါယ်က သည်လိုပါခင်ခင်ကြီးရယ်။ အချစ်ဝင့်ကျွတ်လွတ်၍ ထွတ်ထွတ်နှင့်ခင်ခင်ကြီး နှစ်ကိုယ်တူ နီးကြပေါ့၊ ကာဆီးတဲ့ ဝင့်တမျိုးမှာတော့ ခင်ခင်ကြီးမှာ ဘိရင့်သမီးတော် ဖြစ်တဲ့အတိုင်း မိဖုယားဖြစ်ထိုက်တဲ့ဂုဏ်နှင့် ပြည့်စုံသူဖြစ်ပါတယ်၊ ထွတ်ထွတ်ကို ချစ်ခင်လို့ ဘုရင်၏မိဖုယားကြီး မဖြစ်ဘူးဆိုလျှင် ခင်ခင်ကြီးရဲ့ ဂုဏ်ကို ထွတ်ထွတ်က ချိုးရာကြပေလိမ့်မယ်။ အခြေရှိသလောက် အရာရောက်အောင် မြှောက်တင်နိုင်ပါမှ ထွတ်ထွတ်မှာ ဝတ်တရားကျေဘို့ ရှိပါတယ်၊ အဲသည် ဝင့်ကြီးက ရှေ့ကဆီးနေတယ်ဆိုတာပါထိပ်ထားကြီးရဲ့"

(ကြီး) "ဩော်-တာဖြင့် သည်ဝင့်က ကျွတ်လွတ်လေအောင် ထွတ်ထွတ် ရှင်ဘုရင်ဖြစ်အောင် ကြံဘို့ ရှိသေးတယ်ဆိုလိုတာပေါ့လေ"

(ထွတ်) "မှန်ပါတယ်။ ထွတ်ထွတ်ကိုယ်တိုင် ရှင်ဘုရင်ဖြစ်မှ အချစ်ဆုံး ခင်ခင်ကြီးကို ပလ္လင်ထီးရဝေနန်းမှာ ရေဖျန်းတဲ့ ဘိသေသတင်ဖြင့် ဆောင်ညာတင်တဲ့ ကိစ္စကို ဆောင်ရွက်နိုင်မှာပေါ့"

(သခင်ကြီးက ချစ်ခင်လှသောအမူအရာနှင့် သျှင်ရဲ့ထွတ်လက်ကို ဆုပ်ကိုင်ပြီး) "အဲသည်လို ချစ်ခင်မှ လင်ရတနာအစစ်ကယ်လို့ ခေါ်ရတာပေါ့။ ရှေ့အဆက်ကို မြော်လင့်ချက်ထားပြီး အထွဋ်အဖျားသို့ ရောက်အောင် ကြံဆောင်တော် ရပါပေတယ်၊ အာဇာနည် လင်ရတနာမို့ မင်္ဂလာအမြုတေ ကျက်သရေအဆိုင်အခဲကြီးလို့ မှတ်လိုက်တော့မနော်၊ နို့-နေစမ်းပါအုံး၊ ထွတ်ထွတ်ကိုယ်တိုင် ရှင်ဘုရင် ဖြစ်နိုင်လိမ့်မယ်လို့ တကယ် ယုံကြည်ဘို့ အခြေအနေရှိရဲ့လား"

(ထွတ်) ရှေးဘုန်း,ရှေးကံဆိုတာ လွန်စွာ ထူးဆန်းတယ်ခင်ခင်ကြီးရဲ့။ ပုဂံရာဇဝင်မှာ ယာခင်းရှင်ဖြစ်တဲ့ တောင်သူကြီးသော်မှ စံန်းထလိုက်ဆောင်တော့ ခေါင်ခေါင်ဖျားဖျား ရှင်ဘုရင်ဖြစ်သွားတယ်၊ ထွတ်ထွတ်ဟာ တောင်သူကြီးလောက်တော့ မညံ့သေးပါဘူး၊ လောကုတ္တရာ ဆရာတော်ဘုရားကလဲ အခေါင်အဖျား ကြီးပွါးမြင့်မြတ်လိမ့်မယ်လို့ အတည်တကျ ဟောကိန်းထုတ်ပြီး ကေဝုစ်မိန့်တော်မူထားပါတယ်၊ ခင်ခင်ကြီးရဲ့ရှေးကံ၊ ထွတ်ထွတ်ရဲ့ ဘုန်းသမ္ဘာအခန့်သင့်၍ အခွင့်နှင့်စီမံပါလျှင် ရှင်ဘုရင်ဖြစ်ဘို့ ဆိုတဲ့အရေး အလွယ်ကလေးပေါ့။ အဝေးကြီးထင်သော်လဲ နီးချင်လျှင်လဲ အနီးကလေး ဖြစ်တတ်ပါတယ်၊ စိုးနှောင့်တော်မမူပါနှင့်။ အချိန်တန်တော့ အရံသင့်-ကံပွင့်လို့ ဘုန်းတောက်လိမ့်မပေါ့"

ဤသို့ပြောဆိုကာ ချစ်ခင်သော အမူအရာဖြင့် တူနှစ်ဖြာ စံစား၍နေကြလေ၏။ သျှင်ရဲ့ထွတ်စိတ်တွင် အမြဲပင် ဘုရင်ဖြစ်လိမ့်မည်ဟူ၍ အာသာဘမ်းမှန်းလျက် စွဲလမ်းချက်ရှိလေသည်။ သို့ရာတွင် ပုန်စား ပုန်ကန်ပြု၍ အတင်းလုံ၍ယူရသော ဘုရင်အဖြစ်မျိုး၊ မတရားသဖြင့် ကြံစည်၍ ရသော ဘုရင်အဖြစ်မျိုးကိုမူကား အနည်းငယ်မျှ တမ်းတလိုလားခြင်း မရှိချေ။ ကိုယ့်ဘုန်းကိုယ့်ကံ စီမံသဖြင့် အရံသင့် အခွင့်တော်စွာ သမ္ဘာအလျောက် လက်တွင်းရောက်သော ဘုရင့်အဖြစ်မျိုးကိုမှ ရလိုသော ဆန္ဒ ရှိလေသည်။ ထိုအာသာ ဆန္ဒအတိုင်း ရှင်ရဲ့ထွတ်သည် ဘုန်း

တန်ခိုးအာဏာ လွန်စွာကြီးမားသော ထွင့်ဖျားခေါင်မူး ဘုရင်ထူး, ဘုရင်မြတ်အဖြစ်သို့ ရောက် မည် မချွတ်ပင်တည်း။ မြဲမြဲမြံမြံ ဇွဲသန်သန် ထားလေ့ရှိသော အာသာဆန္ဒများသည် တနေ့နေ့ တွင် ထိုအာသာဆန္ဒအတိုင်း အကျိုးပေးတတ်လေသည်။ စိတ်ဓါတ်မကျိုင် ခံ့ခိုင် တည်မြဲသော သူတို့၏ အာသာဆန္ဒမျိုးသည် ညှိုးနွမ်းပျက်ပြယ်လေ့ မရှိချေ။ နှလုံးသားမှာ ကျောက်စာရေး ထားသကဲ့သို့ အခိုင်အမြဲ စွဲ၍ နေတတ်၏။ ထိုခိုင်မြဲသော အာသာဆန္ဒမျိုးသည် အကျိုးပေး သတ်၏။

ထိုဆန္ဒမျိုးကို (**Will Power**) စိတ်၏ တန်ခိုးသတ္တိဟူ၍ ခေါ်ဆိုကြသည်။ ယောကျ်ား ကောင်းမှန်လျှင် စိတ်စွမ်းသတ္တိများကို တန်ခိုးရှိအောင် မွေးမြူ သင့်ကြပေသည်။ စိတ်စွမ်းသတ္တိ တန်ခိုးရှိလျှင် မိမိတို့ ကြံစည်သော အရာမျိုးတို့သည် အကျိုးဖြစ်ပေါ်လာတတ်ကုန်၏။ စိတ်ဓါတ် မကျိုင် ခံ့ခိုင်သော သူတို့၏သန္တာန်မှာ (**Will Power**) စိတ်စွမ်းသတ္တိ တန်ခိုးရှိခြင်းကိုရောက် လေလေ၊ စိတ်ပြောင်သောသူ၊ စိတ်မခိုင်ဘဲ မကြာမကြာ ပြောင်းလဲလေ့ရှိသောသူတို့၌ စိတ်စွမ်း သတ္တိ တန်ခိုးရှိခြင်းသို့ မရောက်နိုင်ချေ။

ပိတောက်ပင်,မန်ကျည်းပင်,ကျွန်းပင်,တယ်ပင် စသော အခိုင်အမာ သစ်ပင်ကြီးမျိုးတို့၌ အနှစ်သာရ တည်လေ့ရှိသကဲ့သို့ စိတ်ဓါတ်မကျိုင် ခံ့ခိုင်သော သူတို့၌သာလျှင် (**Will Power**) စိတ်စွမ်းသတ္တိ တန်ခိုးရှိခြင်းနှင့် ပြည့်စုံနိုင်သည်။ ကြက်ဆူပင်,မရိုးပင်,ပတိုင်းပင်, စသော သစ်ပင် ငယ်မျိုးတို့၌ အနှစ်သာရ တည်လေ့မရှိသကဲ့သို့ စိတ်ထားသိမ်ငယ်၍ ပျက်ပျက်ပြယ်ပြယ် ပြောင်း လဲသော သူတို့၏သန္တာန်၌ စိတ်စွမ်းသတ္တိ တန်ခိုးရှိခြင်းသို့ မရောက်နိုင်။

ရှင်တော်ဘုရားကလည်း စိတ်စွမ်းသတ္တိ တန်ခိုးရှိခြင်း၏ အခြေ ဖြင်သော အာသာဆန္ဒ များကို အစွဲမြဲထားသင့်ကြောင်းကို ဤကဲ့သို့ မိန့်ကြားနည်းပေးတော်မူခဲ့ပေသတည်း။

အာသိသေထေဝ ပုရိသော၊ နနိဗ္ဗိန္ဒေယျ ပဏ္ဍိတော။

ပုရိသော၊ ယောကျ်ားကောင်းစင်စစ် အမှန်ဖြစ်သော သူသည်။ အာသိသေထေဝ၊ အာ သာတမ်းမှန်း၍ စွဲလမ်းရည်ရွယ်ချက် ထားရာသည်သာလျှင်တည်း။ ပဏ္ဍိတော၊ စိတ်စွမ်းတန်ခိုး လွှမ်းမိုးနိုင်ဘိ အမှန်သိ၍ ပဏ္ဍိတလက္ခဏာနှင့် ပြည့်စုံသောသူသည်။ နနိဗ္ဗိန္ဒေယျ၊ ပျင်းရိနောက် ဆုတ် အားမထုတ်ဘဲ ကုတ်တုတ်မှိုင်တိုင် ယိမ်းယိုင်ပျက်ပြယ်ခြင်း မဖြစ်စေရာ။

---

# အခန်း (၂၅)

## "ရွှေမော်ဓောဘုရား၌ နားထွင်းတော်မူခြင်း"

တပင်ရွှေထီးသည် ခမည်းတော်၏ထီးနန်းရိပ်ရာကိုဆက်ခံ၍ "မင်းတရားရွှေထီး" ဟူသော ဘွဲ့တံဆိပ်ဖြင့် ကေတုမတီနေပြည်တော်ကြီးကို အုပ်စိုးစံစားတော် မူလောအခါ တိုင်းသားပြည် သူတို့လည်း ကြည်ဖြူအားရမ်း ရွှင်လန်းနှစ်သိမ့်ခြင်း ဖြစ်ကြလေကုန်၏။ အရွယ်တော် အားဖြင့်

နှုပျိုသော ရွှေနန်းရှင်ဘုရားကလေး၏ ဘုန်းသမ္ဘာတက်တိုး၍ တိုင်းကျိုး, ပြည်ကျိုး, သာသနာတော်အကျိုး, ပွါးတိုးစည်ပင်ရန် အကြောင်းများကို ဆုတောင်း,ဆုယူ,ပူလုပ်ကြကုန်၏။

နန်းသိမ်းပွဲသဘင် ဆင်ယင်ကျင်းပသောနေ့က စ၍၊ တောင်ငူနိုင်ငံတော်ကြီး အတွင်းမှာ လွန်စွာ ဝမ်းမြောက်ကြသဖြင့် မြို့တိုင်း ရွာတိုင်း ဆိုင်းတခြိမ့်ခြိမ့်နှင့် နှစ်သိမ့် ဝမ်းမြောက်သော အမှုအရာမျှင်းကို ဘော်ပြရန် အထိမ်းအမှတ်ဖြင့် ပွဲလမ်းသဘင်များကို ခင်းကျင်း၍နေကြသည်မှာ မိမိတို့၏ လုပ်ငန်းဆောင်တာများကိုမှ အမှတ်မရနိုင်အောင် ရှိကြလေသည်။

ထို့ပြင်တဘန် ဗျောသံ, စည်သံ, ခေါင်းလောင်းသံတို့ဖြင့် ဆူညံစွာ တီးခတ်၍ အရပ်ဌာနတိုင်းမှာပင် အလှူပွဲသဘင် ဆင်ယင်ကျွေးမွေးကြသည်မှာလည်း များစွာထူထပ်လျက်ရှိလေသည်။ အမြို့မြို့မှ အဆက်အသ ရောက်ကြသော လက်ဆောင်ပဏ္ဏာတော်များလည်း ရွှေနန်းရှင်ဘုရားကလေး၏ ရှေ့တော်မှာ သိမ်း၍ မကုန်နိုင်အောင် စုပုံလျက်ရှိလေ၏။

မှူးကြီးမတ်ရာ သေနာပတိနှင့် အထိမ်းတော်ကြီးများမှ စ၍ စစ်သည်တော် အမှုထမ်းများသို့တိုင်အောင် ဆုတော်,လာတ်တော်များ ပေးသနားတော် မူသည်မှာလည်း ရွှေမိုး,ငွေမိုး, အသပြာမိုး, ကမ္ဗလာမိုး, ဖြိုးဖြိုးရွာသွန်းသကဲ့သို့ ဖြစ်လေသည်။

နတ်တိုင်း, နတ်ပြည်ပမာ၊ သာယာသော တောင်ငူမြို့ကြီး၏ မင်္ဂလာသဘင်များကို ကြားကြရာ၊ ရွှေဘုန်းတော်ရိပ်ကို ခိုလှုံလိုသောဆန္ဒဖြင့် ဟံသာဝတီ, ပြည်, တောင်တွင်းကြီး, ရတနာပူရ အဝနေပြည်တော်ကြီးမှ ဆိုက်ရောက်လာကြသော ကျွန်တော်မျိုး အသစ်အသစ်တို့လည်း နေ့စဉ်မပြတ် တိုးတက်လျက်ရှိကြလေသည်။ ထိုသို့ဖြစ်လေရာ၊ ဗိုလ်ပါအင်အားနှင့် စစ်သည်တော်များလည်း ခမည်းတော်ဘုရား လက်ထက်ကပင် သိသိသာသာကြီးပွါးတိုးတက်၍လာလေသည်။

အသက်ရှိသော သူတို့ကိုမဆိုထားဘိ၊ အသက် ဝိညာဉ်မရှိသော သစ်ပင်, တောတောင်တို့ကပင်သော်လည်း ရွှေနန်းရှင်ဘုရားကလေး၏ ထီးနန်း သိမ်းပိုက်ခြင်းကို နှစ်ချိုက် ရွှင်လန်းသော အမှုအရာကို ပြသောအားဖြင့် အချို့ အပင်များက အချိန်မဟုတ်ဘဲ သီးကြကုန်၏။ အချို့ သစ်ပင်များက အချိန်မဟုတ်ဘဲ ပွင့်ကြကုန်၏။ ခပေါင်းချောင်းနှင့် ပေါင်းလောင်းမြစ်ရေတို့သည်လည်း သိသိသာသာကြီး တိုး၍ လာကြကုန်၏။

ဘုန်းတော်အားဖြင့် တောဆင်ရိုင်း အပေါင်းတို့သည် အထူးသဖြင့် အောင်မသင်းတို့နှင့် အောင်း၍ ယူရသည်မဟုတ်ဘဲ အလွယ်တကူနှင့် ဆင်ကျုံးသို့ ဝင်ရောက် လာကြကုန်၏။ ထိုကြောင့် ကေတုမတီ နေပြည်တော်ကြီး၌ ဆင်တပ် အင်အားသည် အထင်အရှား ပြည့်တင်း၍ လာလေသည်။ (ထိုစဉ်အခါက စစ်ပွဲများကျင်းပရာတွင် ကုန်းကြောင်းစစ်အဘို့၌ ဆင်တပ်များကို အထူးသဖြင့် အားထားရသည်။ စစ်ဆင်ပေါင်းများစွာနှင့် စစ်အင်အားကြီးမားခဲ့ပါလျှင် ကုန်းကြောင်းစစ်ရေးမှာ လွယ်ကူစွာနှင့် အောင်မြင်လေ့ ရှိကြသည်။ ဘုရင်ချင်းချင်း စစ်သည်အင်အားကို ပြိုင်ကြရာတွင် ဆင်ကိုသာ အလေးမူ၍ ပြိုင်လေ့ရှိကြသည်။)

## "ဟံသာဝတီ၏ လက်ရုံးကြီးနှစ်ခု"

ဟံသာဝတီပြည်ကြီး၏ အရှင် တလိုင်းဘုရင်၏ အထိန်းတော်ကြီး "ဗညားလော" အချီတော်ကြီး "ဗညားကျန်း" ဤအမတ်ကြီးနှစ်ဦးတို့သည် ဟံသာဝတီမှာ ထိုစဉ်အခါ လွန်စွာ ကျော်စော ထင်ရှားကြကုန်သည်၊ ထိုအမတ်ကြီး နှစ်ဦးတို့သည် တိုင်းပြည် အုပ်ချုပ်မှုရေးရာတို့၌လည်း အလွန်လိမ္မာကြ၏၊ စစ်မှုရေးရာတို့၌လည်း များစွာကျွမ်းကျင်၏၊ ဉာဏ်ပညာ အမြော်အမြင်နှင့်လည်း ပြည့်စုံကြသည်။ ။ထိုအမတ်ကြီးနှစ်ပါးတို့သည် တောင်ငူဘုရင် တပင်ရွှေထီး၏ ဘုန်းတန်ခိုး ကြီးမားသော သတင်းတော်များကို ကြားရာ ဤကဲ့သို့ တင်ကြို၍ တွေးတော ကြလေသည်။

တပင်ရွှေထီးသည် အသက်အရွယ် နုနယ် ပျိုမြစ်စဉ်ကပင် ထီးနန်း ရိပ်ရာများကို စိုးအုပ်ရသော ဘုရင်တပါး ဖြစ်လေသည်၊ ဘုန်းတန်ခိုး အာဏာမှာသည်း လွန်စွာ ကြီးမားသည်ဟု ထင်ရှားကျော်စောသည်။ ။တလိုင်းဘုရင် ဓမ္မစေတီမင်း၏ သားတော် မင်းရဲကျော်စွာ ဝင်စားသောသူ ဖြစ်သည်ဟူ၍လည်း ကျော်စောသည်၊ ထိုမင်းရဲကျော်စွာသည် တလိုင်းဘုရင်ကို စိတ်နာ၍ သေဆုံးခါနီးတွင် "တလိုင်းပြည်အလုံးကို ထုံးကဲ့သို့ချေ၍ ရေကဲ့သို့နှောက်ရပါစေသား" ဟု ရွှေမော်ဓော ဘုရားမှာ ဆုတောင်းသွားသူ ဖြစ်သည်။ ။တပင်ရွှေထီး၏ ကျော်စောသော တန်ခိုး သတင်း အတိုင်းသာ မှန်ခဲ့ပါလျှင် ငါတို့၏ တလိုင်းပြည် ကြီးကို ဖျက်ဆီး သိမ်းယူမည်သူ အမှန်ဖြစ်လိမ့်မည်။ ။တပင်ရွှေထီး၏ ခမည်းတော် မင်းကျီးညို လက်ထက်ကပင် တလိုင်းပြည် အလုံးကို သိမ်းကြိုးစိုးစံဘို့ အကြံတော် ရှိခဲ့သည်။ ။မင်းကျီးညို လက်ထက် တော်မှာ အထမမြောက်ခဲ့သော်လည်း သူ့သားတော် တပင်ရွှေထီး လက်ထက်မှာ သူ့ဘုန်း, သူ့သမ္ဘာ, သူ့တေဇာကြောင့် ထမြောက် အောင်မြင်ချင်လျှင် အောင်မြင်လိမ့်မည်။ ။သို့ဖြစ်၍ အမှတ်တမဲ့ မနေသာ တပင်ရွှေထီးလက်ထက်တော်မှာ သတိကြီးစွာထား၍ နေမှ သင့်လျော်မည်။

ဤကဲ့သို့ အနာဂတ်အရေးကို တွေးတောဆင်ခြင်ကြပြီးလျှင် ဗညားလောနှင့် ဗညားကျန်းတို့သည် တလိုင်းသုံးရပ်ကို စည်းစည်း ကြပ်ကြပ် ဖြစ်အောင် အုပ်ချုပ် ပြီးလျှင် ဟံသာဝတီ နေပြည်တော်ကြီး ကိုလည်း လုံခြုံစွာ ပြုပြင်၍ စစ်အင် ဗိုလ်တု များကိုလည်း အားရှိလည်ထက်, အားရှိအောင် ထူထောင်၍ နေကြလေ၏။

## "နားတွင်းရန် စီမံ စိုင်းပြင်းတော်မူခြင်း"

တောင်ငူဘုရင် တပင်ရွှေထီးသည် နန်းတက်တော် မူပြီးသည် တိုင်အောင် နားတွင်း မင်္ဂလာ ပြုတော်မမူရသေးချေ။ ။ခမည်းတော် မင်းကျီးညို လက်ထက်တော်ကလည်း မြတ်နိုးတော်မူလှသော သားတော်တပါး အမျိုးမျိုး အပြစ်ကင်း၍ အသန့်ရှင်း အစင်ကြယ် ဆုံးသော မင်္ဂလာအချိန်တော်နှင့်ကြုံမှ နားတွင်းတော်မူမည်ဟု ကြံစည်ရင်းအတိုင်း ရဟန်းပညာရှိ, လူပညာရှိ တို့ကို နေ့ရက်မင်္ဂလာ အချိန်အခါ ရွေးချယ်တော် မူစေရာ နှစ်သက်သော နေ့ရက် မင်္ဂလာကို

သဘောကျအောင် ရတော်မမူသည်နှင့် ထိုနားထွင်းခြင်းကိစ္စကို ဆောင်ရွက်တော်မမူရဘဲ လစ်ဟင်းခဲ့လေသည်။

အကြောင်းတခုသော်ကား၊ တပင်ရွှေထီးသည် အရွယ်တော် သုံးနှစ်လောက်က စ၍ ရွှေမော်ဓောဘုရားကို သွားရောက်ဖူးမြင်လိုသည်ဟု မပြတ်မပြတ် မိန့်တော်မူလေ့ရှိသည်၊ နားထွင်းသော အခါ ရွှေမော်ဓောဘုရား ယင်ပြင်တော်မှာ ထွင်းလိုသည်ဟူသော စကားကို မိန့်ကြားတော်မူလေ့ရှိသည်။ ။ရွှေမော်ဓောဘုရားရှင်ကို ဖူးမြင်လိုသောဆန္ဒ၊ တလိုင်းလူမျိုးများကို နှိပ်နင်းလိုသော ဆန္ဒများလည်း မပြတ်မပြတ် ဖြစ်ပေါ်လေ့ရှိသည်။

ဤကဲ့သို့သော စရိုက်ဝါသနာတော်များကို အကဲခပ်ခြင်း အားဖြင့် တပင်ရွှေထီးသည် တထိုင်းဘုရင်ဓမ္မစေတီ၏ သားတော်၊ "မင်းရဲကျော်စွာ"ဝင်စားလာသည်ဆိုသော ကောလာများကို ဟုတ်မှန်ဘွယ်ရှိသည်ဟု ထိုခေတ်အခါက ပညာရှိအများ စပြောကြားလေ့ ရှိကြသည်။

ဓမ္မစေတီမင်း၏သား"မင်းရဲကျော်စွာ"သည် အာဇာနည်သွေးဝင်၍ ငယ်ရွယ်စဉ် ကပင်ထက်မြက်လှ၏၊ သူရသတ္တိနှင့်အထူးသဖြင့် ပြည့်စုံ၏။ ။အရွယ်သို့ ရောက်သောအခါ ခမည်းတော် ဓမ္မစေတီမင်းကပင် ငါ၏ ထီးနန်း စည်းစိမ်ကို လုယက် လိမ့်မည် ဟူ၍ ယုံမှားတော်မူလေသည်။

တနေ့သောအခါ သားတော်မင်းရဲကျော်စွာသည် မိမိငယ်ကျွန်များနှင့်၊ ဟံသာ၀တီမြို့တော်က ထွက်သွားလေရာ၊ ခမည်းတော်ဓမ္မစေတီမင်းက အပြစ်ရှာ၍ "ငါ့ကိုမမြင်လို၍ ထွက်သွားသော သားတော်မင်းရဲကျော်စွာကို ငါလဲ မမြင်လို"ဟု ရာဇပရိယာယ်ဖြင့် မိန့်တော်မူသည်။

ဤကဲ့သို့ မိန့်ဆိုသောစကားကိုကြားရာ မင်းရဲကျော်စွာကို ကွပ်ပျက်ရန်ဘမ်းဆီးကြလေ၏။ ကွပ်မျက်ခါနီးတွင် မင်းရဲကျော်စွာက ရွှေမော်ဓောဘုရားရှင်ကိုဦးတင်ရှိခိုးပြီးလျှင် "ငါ့ခမည်းတော် တလိုင်းဘုရင်သည် အပြစ်မရှိဘဲ အပြစ်ရှာ၍ ငါ့ကို ကွပ်မျက်တော့မည်။ နောင်ဘဝ၌၊ ငါအည် တလိုင်းဘုရင်ကို လွှမ်းမိုး၍ တလိုင်းမျိုးကို နှိမ်နင်း အုပ်စိုးရစေသား"ဟု ဓိဋ္ဌာန်တော်မူလေ၏။ ဤသို့ဓိဋ္ဌာန်ပြီးလျှင် မကြာခင်တွင် ကွပ်မျက်ခြင်း ခံရ၍ ဆုံးရှာလေသည်။

ဓိဋ္ဌာန်သောအတိုင်း တလိုင်းမင်းသား မင်းရဲကျော်စွာသည် မင်းကြီးညို၏သား တပင်ရွှေထီးဖြစ်လာသည်ဟူ၍ ရာဇဝင်တို့၌ သေချာစွာ ဘော်ပြရေးသားကြလေသည်။ တပင်ရွှေထီး ပဋိသန္ဓေတည်နေဆဲအခါတွင်"တလိုင်းမင်းသား မင်းရဲကျော်စွာ ဝင်စားလာသည်"ဟုမင်းကြီးညိုလည်း အိပ်မက်မြင်မက်တော်မူ၏။

ထိုကြောင့် တပင်ရွှေထီးကို မင်းရဲကျော်စွာ ဝင်စားလာသည်ဟု ရာဇဝင်ဆရာတို့နှင့် တကွ ပညာရှိအများတို့ ဥဒါန်းစကား ပြောကြားလေ့ရှိခဲ့ကြလေသတည်း။

**မှတ်ချက်**။ ။ဟံသာဝတီနေပြည်တော်မှာ တလိုင်းဘုရင်တို့ စိုးစံစဉ်အခါက ရွှေမော်ဓောဘုရားသည် လွန်စွာ တန်ခိုးကြီး၏။ နေပြည်တော်မှာတည်ရှိသောကြောင့် အဖူးအမြော်မှ စ၍၊

လွန်စွာများပြားသည်။ ဆုတောင်းလျှင်လည်း တောင်းသော အတိုင်း ပြည့်သည်ဟူ၍ ဘုရင်မှစ၍ တိုင်းသူ ပြည်သား လူအများတို့ ယုံကြည်ကြသည်။ ထိုကြောင့် "ထိုခေတ်အခါက မင်းသားများ ကြံစည်မည်ကို စိုးရိမ်သောကြောင့် ရွှေမော်ဓောဘုရားသို့ တက်၍ မဖူးရ"ဟု ဘုရင်မင်းမြတ်တို့က အမိန့်တော်ကို ထုတ်၍ တားမြစ်တော်မူကြသည်။ ။ထိုခေတ်အခါက၊ ဒဂုန်စေတီတော်သည် ရွှေမော်ဓောစေတီကဲ့သို့ တန်ခိုးကြီးမားသည် မဟုတ်ချေ။ ။နေပြည်တော်မှာ တည်ရှိသည် မဟုတ်၊ ဒဂုန်မြို့ငယ်ကလေးမှာ တည်ရှိ၍နေသောကြောင့်၊ အဖူးအမျှော်မှစ၍ စည်ကားသည်မဟုတ်၊ တောဘုရားဖြစ်၍၊ ချောက်တောက်တောက် တည်ရှိတော်မူရသည်။ ယခုခေတ်အခါ၌မူကား။ ရှေးရှေးတလိုင်းဘုရင်တို့ လက်ထက်ကကြီးပွါးစည်ကားခြင်း မရှိခဲ့သော ဒဂုန်မြို့ကလေးသည်။ ရန်ကုန်ဟူသောအမည်နှင့် သဘော်ဆိပ်မြို့တော်ကြီး ဖြစ်ပြီးလျှင် အထူးသဖြင့် ကြီးပွါးစည်ကားလျက်ရှိသည့်ပြင်၊ မြန်မာနိုင်ငံ၏ မြို့တော်ကြီးလည်း ဖြစ်၍ နေသည်။ ထိုကြောင့် ရွှေဒဂုန်စေတီတော်ကြီးလည်း၊ ဘုန်းတန်ခိုးတေဇာ၊ အတုမရှိကြီးမားလာပြီးလျှင်၊ မြန်မာနိုင်ငံတွင်သာမက၊ ကမ္ဘာတဝှမ်းလုံး၌ပင်၊ ထင်ရှားကျော်စောခြင်းသို့ ရောက်လေသည်။ ယခုခေတ်အခါ၊ရွှေမော်ဓောစေတီတော်ကြီးမှာမူကား၊ရှေးအခါကကဲ့သို့ ဘုန်းတန်ခိုးတေဇာကြီးမားတော်မူခြင်းမရှိဘဲ၊ အရှိန်တန်ခိုး မှိန်ညှိုးတော်မူသကဲ့သို့ တည်ရှိတော်မူသည်။ စေတီပုထိုးတို့မှာ တည်ရာဌာနဖြစ်သော မြို့၏အခြေအနေသို့ လိုက်၍ ဘုန်းတန်ခိုး တေဇာ ကြီးမားခြင်း၊ ဆုတ်ယုတ်လျော့ပါးခြင်းတည်းဟူသော သမ္ပတ္တိခေတ်, ဝိပ္ပတ္တိခေတ်,များနှင့် ကြုံကြိုက်တော်မူရလေသတည်း။

တပင်ရွှေထီးသည် ထီးနန်းတက်သိမ်းသောအခါမှစ၍ ရွှေမော်ဓောစေတီယင်ပြင်၌ နားထွင်းမင်္ဂလာသဘင်၊ ဥဿျှောင်ထုံးမင်္ဂလာသဘင် ဆင်ယင် ကျင်းပတော်မူရန် ကြံစည်တော်မူလျက်ရှိလေသည်။

တနေ့သောညအခါ တပင်ရွှေထီးသည် ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်ကို အပါးတော်သို့ခေါ်၍ တိုင်ပင်တော်မူသည်မှာ....

(ထီး) ထွတ်ထွတ်ကယ်၊ အာသာမပြေယ်နိုင်တဲ့ ကိစ္စတခုကို တိုင်ပင်လိုပါတယ်။

(ထွတ်) တိုင်ပင်တော်မူပါ၊ မပြေယ်နိုင်တဲ့အာသာဆိုတာ လွန်စွာဒုက္ခပေးတတ်ပါတယ်။ ထီးထီးရဲ့ အာသာကို လွယ်စွာနှင့် ပြည့်စုံအောင်ရွက်ဆောင်၍ဆက်ပါ့မတ်။

(တပင်ရွှေထီးကပြုံးတော်မူပြီး) ထွတ်ထွတ်ပြောလိုက်မှဖြင့် ဘယ်အရာမဆို လွယ်တာချည်းဘဲ။ ခက်တာရယ်လို့မရှိဘူး။

(ထွတ်) အို-ဘယ်လို မိန့်တော်မူရပါသလဲ ထီးထီးရယ်၊ ကမ္ဘာမြေပြင်ပေါ်မှာ လူသတ္တဝါတို့၏ စွမ်းအားနှင့် ပြီးမြောက်နိုင်ရိုးမှန်ပါလျှင် ဘယ်အရာကိုမှ ခက်တယ်လို့မဆိုထိုက်ပါဘူး၊ သောကျိုးကောင်း မှန်လျှင် ကောင်းကင်အထွဋ်၊ ကြယ်ကိုတောင် ဆွတ်နိုင်ရမယ်လို့ ဆိုတယ် မဟုတ်လား ထီးထီးရယ်။ လူတို့တန်ခိုးနှင့်ဆိုင်လျှင် မဖြစ်နိုင်ဘူးဆိုတဲ့စကားတလုံးကို အသုံးပြုတော်မမူသင့်ပါဘူး၊ အာသာဆန္ဒကိုသာ မြွက်ဟော်လို့မိန့်တော်မူပါ။

(ထီး) သည်လိုပါ၊ ဟံသာဝတီနေပြည်တော်မှာ ဘုန်းတန်ခိုးတေဇာနှင့် ရွှေသမ္မာကြီးမားတော်မူလှတဲ့ ရွှေမော်ဓောစေတီယင်ပြင်မှာ နားထွင်းမင်္ဂလာသဘင် ဆင်ယင်တော်မူလိုတယ် ထွတ်ထွတ်ကဲ့။

(သျှင်ရဲထွတ်ကပြုံးပြီး) ဘုန်းကြီးတဲ့ ကိုယ်တော်ပါကဘဲ သည်လို အာသာ ဘယ်မှာ မပြည့်စုံဘဲနေနိုင်ပါ့မလဲ၊ အခါကိုသာရွေးချယ်တော်မူပါ၊ ထွတ်ထွတ်က အုပ်စီးပြီး သည်ကိစ္စတော်ကြီးကို ပြီးစီးအောင် ဆောင်ရွက်၍အောင်ပွဲကိုဆက်မပေ့ါ။

(ထီး) အာဇာနည်ထွတ်ဖူးမို့ ရည်စူးတိုင်း အောင်မြင်တယ်ဆိုတာကိုလဲ၊ ထီးထီးက ယုံကြည်ပြီးအသင့်ပါဘဲ၊ သို့ရာတွင် သည်အရေးအရာမှာ ရန်သူတို့နယ်တွင်း သက်ဆင်းဝင်ရောက်ရမဲ့ကိစ္စမျိုးမို့ အစိုးရိမ်မကင်းလို့ နောင်တော်ထွတ်ထွတ်ကို ရှေးဦးစွာ တိုင်ပင်ရတာပါ။

(ထွတ်) စိုးရိမ်တော်မူမယ်လို့ ဆိုလျှင်လဲ စိုးရိမ်သင့်ပါတယ်။ ရွှေမော်ဓောစေတီက ဟံသာဝတီမြို့တော်၏အနီးကလေးမှာ တည်ရှိတော်မူတာဖြစ်တော့ ရန်သူတို့၏လက်သို့ အသက်စွန့်ပြီး အတင်းဝင်ရမဲ့အရေးဖြစ်ပေတယ်၊ သို့ရာတွင် နွားပေါင်းတသိန်း အတွင်းသို့ ခြင်္သေ့မင်းတဦးဝင်ရောက်ခဲ့ပါလျှင် ဘယ်မှာစိုးရိမ်ဘို့ရှိမလဲထီးထီးရယ်။ ကေသရီခြင်္သေ့၏ အရှိန်ကြောင့် နွားအစုအဝေးတဟုန်တည်း ပြေးကုန်သလို ဖြစ်မှာအမှန်ပါ။

(ထီး) အဲ့ဥပမာကဖြင့် လွန်စွာထိခိုက်ပါပေတယ်။ ထီးထီးကို ကေသရီ ခြင်္သေ့မင်းကြီးနှင့် နှိုင်းတာပေ့ါလေ။

(ထွတ်) မှန်လှပါ၊ အာဇာနည်လေးမျိုးတွင် ခြင်္သေ့မင်းအပါအဝင်ဖြစ်ပါတယ်၊ထီးထီးဟာလဲ အာဇာနည်ဇာတ် မြင့်မြတ်တဲ့သမ္မာရှင်မို့ မဟာဝင်ဂုဏ်သမိုင်းမှာဖြင့် ခြင်္သေ့ဂိုဏ်းကြီးအစစ်ပါဘဲ။ ဘုန်းရှင်,ကံရှင်,သမ္မာရှင်,ဆိုတာ အာသာဆန္ဒရှိသမျှရှိအောင်မြင်စမြဲပါ၊ လက်ရုံးတော်တခါတမ်းလျှင် ဗိုလ်ခြေတသိန်း ပျက်ကြေရစမြဲပါ။

(ထီး) ကဲ-တာဖြင့် ရွှေမော်ဓောစေတီ ယင်ပြင်မှာ မင်္ဂလာနားထွင်းသဘင် ဆင်ယင်ကျင်းပရန် ထွက်တော်မူဘို့ကိုသာ နောင်တော်ထွတ်က စစ်ရေးနှင့်ညီညွတ်အောင်စီရင်ပေတော့။

(ထွတ်) အထိန်းတော်ကြီးများ၊ မှူးကြီးမတ်ရာ သေနာပတိကြီးများကိုလဲ အမိန့်တော်မြတ်မှတ်တော်မူစေချင်ပါတယ်။ နက်ဖြန်နံနက်ညီလာခံတွင် သည်အကြောင်းကို ပွင့်ပွင့် လင်းလင်းကြီး အမိန့်ရှိတော်မူပါ၊ စိုးရိမ်တော်မူတဲ့စိတ်နှင့် အရိပ် အမြွက် စကားများကို အသုံးပြုတော်မမူရန် သတိပေးပါတယ်။ မင်းကေရာဇ်ဆိုတာ တွန့်ဆုတ်တဲ့ကိုယ်အမူအရာနှင့် လန့်စိုးတဲ့ ဝစီကံနိမိတ်ကိုအရိပ်အပြွက်မျှ အသုံးမပြုထိုက်ကြောင်း၊ ကောင်းကောင်းကြီး သတိပြုစေချင်ပါတယ် ထီးထီး။

ဤကဲ့သို့ ညီတော်,နောင်တော်နှစ်ပါး တိုင်ပင်တော်မူကြပြီးလျှင် နက်ဖြန်နံနက်ညီလာခံအချိန်တွင် အထိန်းတော်ကြီးများနှင့် မှူးကြီး,မတ်ကြီး,စစ်သူကြီးတို့လည်း အစုံအညီ မြေနန်းဆောင်သို့ အခစားရောက်လာကြသည်၊ ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်လည်း ထိုညီလာခံသဘင်တွင် မိမိခစားမြဲဖြစ်သော နေရာက ရှိသေစွာဝပ်တွား၍ ခစားလျက်ရှိသည်။

(မှတ်ချက်။ ။သျှင်ရဲထွတ်သည် တပင်ရွှေထီးနှင့် နှစ်ကိုယ်ချင်း တွေ့ဆုံတိုင်ပင်ကြသော အခါ ငယ်ရွယ်စဉ်က ပေါင်းသင်းဆက်ဆံ ပြောဆိုသော အမူအရာမျိုး အတိုင်းပင် ပြုလုပ်လေ့ရှိသည်။ ။မင်းပွဲသဘင်, ညီလာခံသဘင်သို့ ရောက်သောအခါ သူတကာထက် ထူး၍ အလွန်အကြူး အရိုအသေပေးလျက် ကျွန်တို့၏ ဝတ်တရားမပျက်အောင် ခစားလျှောက်တင်လေ့ရှိသည် ဤကဲ့သို့သော အမူအရာများသည် အလိမ္မာဂုဏ်နှင့် ပြည့်စုံ၍ သူမြတ်တို့၏ လက္ခဏာနှင့် ညီညွတ်ပေသည်ဟူ၍ ချီးမွမ်းထိုက်ပါပေသတည်း။)

ညီလာခံဘသင် ဗိုလ်ပုံပရိသတ် စုံလင်သောအခါ တောင်ငူဘုရင် တပင်ရွှေထီးက မိန့်တော်မူသည်မှာ။ ။ငါကိုယ်တော်အရှင်မြတ်သည် ခမည်းတော်ဘုရား၏ ထီးနန်းရိုက်ရာကို သိမ်းပိုက် စိုးစံခဲ့သည်မှာ နှစ်နှစ်အချိန်သို့ရောက်ခဲ့ပြီ၊ သည်နှစ်နှစ်အတွင်းမှာ မည်သည့်နိုင်ငံနှင့်မှ စစ်မက်အင်္ဂါ ဖြစ်တယ်လို့ မရှိခဲ့ဘူး၊ ငါစိုးပိုင်တော်မူသော နိုင်ငံတလွှားမှာ တိုင်းသူ ပြည်သားလူအများတို့သည် ရေးကထက် တိုးပွါး၍ ဗိုလ်ပါ အင်အားလဲ တနေ့တခြား တိုးပွါးလာတယ်ဆိုတာ အဟုတ်ပင်မှန်ကြသလား။

(မှူးမတ်များ) သည်အတိုင်းမှန်လှပါသည်ဘုရား၊ အရှင့် ဘုန်းတော်ကြောင့် နန်းသိမ်းတော်မူတဲ့အခါက စပြီး နေမီးရောင်ရှိန် ပြောင်ပြောင် ထိန်သလို ရာဇိန္ဒရာဇာ ရွှေသမ္ဘာနှင့် တေဇာတော်ခါတ် အနိုင်ငံသို့ ဟပ်ခဲ့သည်ဖြစ်ရာ တိုင်းတပါးမှ ဆိုက်ရောက် ခိုလှုံ လာကြသော ဗိုလ်ပုံအများလည်း တနေ့တခြား တိုးပွါးလျက်ပင် ရှိပါသည်၊ ဆင်,မြင်း,ရထား,သေနင်္ဂါ အများတို့လည်း အင်အားအမျိုးမျိုး ရေးကထက်တိုး၍ နေပါသည်၊ အင်း, အိုင်, ကန်, ချောင်း, မြစ်, အပေါင်းတို့လည်း ကောင်းစွာပြည့်လျှံ၍ နိုင်ငံတော်တခွင် စည်ပင်ဝပြောဘို့အကြောင်း မိုးလေဝသကောင်းသဖြင့် သီးနှံအပေါင်းတို့လည်း တောင်း, တင်း, လျှံဖြိုးအောင် တိုးတက်ကြောင်းမှန်လှပါသည်ဘုရား။

(ဘုရင်) တိုင်းသူ့ပြည်သား အများဝဖြိုး၍ အချမ်းသာ တိုးတက်သည် မှန်ကြောင်းကို ကြားတော်မူရသည်မှာ လွန်စွာ ဝမ်းမြောက်တော်မူမိသည် သို့ရာတွင် ငါကိုယ်တော်မြတ် စိုးစံသည့်အခါ နိုင်ငံတော်အခြေအနေမှာဖြင့် ခမည်းတော်ဘုရား လက်ထက်က အတိုင်းပင် ရှိသေးတယ်၊ မင်းတို့ဘုန်းဘမ္ဘာဆိုတာ နိုင်ငံသာရုံမျှမက အုပ်ချုပ်သည့် တန်ခိုးကြောင့် တိုးတက် ကျယ်ဝန်း စေရမယ်လို့ ဆိုတယ် မဟုတ်လား။

(မှူးမတ်များ) မှန်လှပါ၊ အုပ်စိုးတော်မူသည်မှာလဲ မကြာသေးပါ၊ အရွယ်တော်မှာလဲ လွန်စွာနုပျိုပေသေးသဖြင့် ဘုန်းညွန့်,ဘုန်းခက်တို့လဲ တိုးတက်လူးလွန့်၍ မြူးကွန့်ဖြန့်လွှားဘို့သာ ရှိပါသည်၊ ရွှေနန်းရှင်ဘုရား အလျှင်တဆော လိုသားတော်မူလျှင် လက်ရုံးတော် ဘုန်းဟုန်ကြောင့် အမင်းမင်းတို့ တုန်၍ နေကြပြီ ဖြစ်သောအတိုင်း နိုင်ငံတော် ကျယ်ဝန်းဘို့ အရေးမှာ အလွယ်ကလေးနှင့် ထမြောက်အောင်မြင်မည်၊ အမှန်ယုံကြည်တော်မူပါဘုရား။

(ဘုရင်) ခမည်းတော်ဘုရားရဲ့ အကြံတော်များကိုလဲ ငါကိုယ်တော်မြတ်သိပြီးပင် ဖြစ်ခဲ့တယ်၊ ဟံသာဝတီနှင့် ပြည်နိုင်ငံများကို ရှေးဦးစွာ သိမ်းပိုက်၍ အဝ နေပြည်တော်ကြီးမှာ

ထီးဖြူစိုက်တော်မူရန် ကြံတော်မူတဲ့ အကြံမျှားကို ငါကိုယ်တော်မြတ် လက်ထက်မှာ ထမြောက်အောင် ဆောင်ရွက်ရမှာပေါ့၊ သို့ရာတွင် အရေးတကြီးဆောင်ရွက်တော်မူလိုတဲ့ အရေးကိစ္စ တခု ရှိနေသေးတယ်။

(မှူးမတ်များ) အလိုဆန္ဒတော်ကို၊ အမိန့်တော်မြတ်မှတ်တော်မူပါ၊ အမိန့်တော်သံကို နာခံလျက် ရှိကြပါသည်ဘုရား။

(ဘုရင်) မှူးမတ်များ သိကြတဲ့အတိုင်း၊ ငါကိုယ်တော်မြတ်မှာ၊ သာကီနွယ်ဝင်၊ ကေရာဇ်ဘုရင် အစဉ်အဆက်ကို ဆောင်ရွက် ပြုလုပ်မြဲဖြစ်တဲ့ နားထွင်းသဘင်ကို၊ ဆင်ယင် ကျင်းပတော်မမူရသေးဘူးမဟုတ်လား။

(မှူးမတ်များ) မိန့်တော်မူတိုင်း မှန်လှပါတော့သည် ဘုရား။

(ဘုရင်) အင်း-ငါ့အလိုတော်ဆန္ဒက၊ ငါစိုးပိုင်တဲ့ နိုင်ငံတော်အတွင်းမှာ နားထွင်းသဘင်ကို ဆင်ယင်ကျင်းပတော် မမူလိုဘူး၊ ဟို-ငယ်ရွယ်စဉ်ကပင်၊ အာသာဆန္ဒရှိလာတဲ့အတိုင်း၊ တလိုင်းဘုရင်တို့ အုပ်စိုးရာ၊ ဟံသာဝတီ နေပြည်တော်အနီး၊ ရွှေမော်ဓေါ စေတီတော်ကြီး၏ ယင်ပြင်မှာ၊ နားထွင်းပွဲသဘင်နှင့်၊ ဥသျှောင်ထုံးသဘင်ကို၊ ဆင်ယင်တော်မူလိုတယ်၊ ဇေယမင်္ဂလာ၊ အခါအောင်ချိန်များကိုသာ ရွေးချယ်ကြလေတော့၊ ကိုယ်တော်တိုင် ထွက်တော်မူမယ်။

ဤသို့ တချက်လွှတ် အမိန့်ထုတ်တော်မူရာ၊ မှူးကြီး, မတ်ကြီး, မျှားက၊ အလွန်ခက်ခဲသော နေရာကို ချီတက်ရမည်ဖြစ်၍၊ မရဲမဝံ့စိတ်ခပ်တွန့်တွန့် ဖြစ်နေကြသောကြောင့်၊ ရုတ်တရက်မလျှောက်မတင်ကြသေးဘဲ၊ အချင်းချင်းလက်တို့၍၊ တိုးတိုး, တီးတိုး, ပြောဆိုကြသည်မှာ၊ "နားထွင်းမင်္ဂလာဆိုတာ ဘုရားယင်ပြင်တော်မှာပြုလုပ်ရှုံးထုံးစံမရှိနန်းတော်အတွင်းမှာသာ အကြီးအကျယ် ခင်းကျင်း၍ ပြုလုပ်စမြဲဖြစ်သည်။ဘုရားယင်ပြင်တော်ဆိုတာ ဗုဒ္ဓသန္တကဘုရာ့မြေဖြစ်၍ ရာဇမင်္ဂလာ အခမ်းအနား နှင့် သင့်လျော်မည်မထင် ဘုန်းတန်ခိုး မှိန်ညှိုးဘို့သာ ဖြစ်မည်ထင်သည်။ ။တကယ်လို့ ကေတုမတီ ရွှေနန်းတော်ကြီးအတွင်းမှာ၊ နားထွင်းမင်္ဂလာကို ပြုလုပ်တော်မမူလိုပါလျှင်၊ ခမည်းတော်မင်းတရား၊ မင်္ဂလာဟု အမှတ်အသား ထားခဲ့သော၊ လေးကျွန်းကန်တော်ကြီးအတွင်းမှာဖြစ်စေ ခပေါင်းချောင်းနှင့် ပေါင်းလောင်းမြစ်အဆုံ သဲသောင်ခုံအပြန့်ပေါ်မှာဖြစ်စေ မင်္ဂလာသဘင် ဆင်ယင်ကျင်းပဘို့ သင့်လိမ့်မည်။ ။ဤကဲ့သို့ တီးတိုးစကားပြောကြားကာ အတန်ကြာ စိုက်၍ နေကြကုန်၏။

ထိုအခါ၊ သျှင်ရဲထွတ်၏ဘခင်၊ အထိန်းတော်ကြီး၊ မင်းရဲသိခ်သူ-က၊ မှူးကြီး, မတ်ကြီး, မျှား တီးတိုးစကား၊ ပြောကြသည်ကို ကြားသည်နှင့် ရုတ်တရက် လက်အုပ်ချီပြီး၊ "အမိန့်ရှိတော်မူသောအတိုင်း၊ တလိုင်းနိုင်ငံ ရွှေမော်ဓေါ စေတီယင်ပြင်မှာ၊ နားထွင်းသဘင် ဆင်ယင်ကျင်းပတော်မူရန်၊ ထွက်တော်မူမည် ဆိုသော အမိန့်တော်မှာ၊ လွန်စွာ သင့်လျော်လှပါသည်။ ။ ရွှေမော်ဓေါ စေတီတော်ကြီးတည်ရာ၊ ဟံသာကုန်းသည်၊ ရှေးရှေး အစဉ်အလာကပင်၊ ဇေယျာပထဝီအစစ်၊ အောင်မြေဖြစ်ကြောင်းကို၊ ပြောဆိုခဲ့ကြပါသည်၊ ဟံသာကုန်းသည်၊ သမုဒ္ဒရာ ရေပြင်မှ ပေါ်လာသောအခါ၊ ရှေးဦးစွာ ပေါ်လာသော မြေထူး, မြေမြတ်, ဖြစ်ပါသည်။

ရှေးရှေးက အစဉ်အဆက်လာခဲ့သော သိုက်ဘမိုင်းနှင့်၊တလိုင်း ရာဇဝင်ဟောင်းအတိုင်း လျှောက်ထားမည်ဆိုသော်။ ။ရာဇဓိရာဇ်၏ ခမည်းတော်ဖြစ်သော "ဗညားဦး" သည်။ မကဒူ-မင်းမှစ၍၊ ရှေးတလိုင်းအစဉ်အဆက်တို့ ကနက်စိုက်ထူရာ ဖြစ်သော မုတ္တမမြို့မှ ပြောင်း၍၊ ဟင်္သာကုန်း ရွှေမော်ဓော စေတီတော်ကြီးအနီးတွင်၊ ဟံသာဝတီ နေပြည်တော်ကြီးကို တည်ထောင်၍၊စံနေတော်မူပါသည်။ ။ဘုရင်ဗညားဦး၏ အကြံတော်မှာ၊ "ရွှေမော်ဓော စေတီ တည်ရာဌာနဖြစ်သော ဟင်္သာကုန်းသည်၊ ရာမညတိုင်း၏ အောက်မြေအစစ်ကြီး ဖြစ်ပေသည်၊ ဟင်္သာကုန်းကို မြို့တော်၏ ရွှေဥပစာပြု၍ မြို့တည်ရပါလျှင် အောင်မြေကို အမှီရသဖြင့်၊ ဘုန်းတန်ခိုးကြီးမား၍ ရာမညတိုင်း တလိုင်းသုံးရပ်လည်း ဝပြောသာယာ၍၊ သာသနာ ထွန်းလင်းလိမ့်မည်၊" ဤကဲ့သို့ အကြံတော်ရှိသဖြင့်၊ နေပြည်တော်ဟောင်း မုတ္တမမြို့မှပြောင်း၍၊ဟံသာဝတီ နေပြည်တော်ကြီးကို၊ တည်ထောင်စံနေတော်မူပါသည်။ ။ထိုသို့ တည်ထောင် စံနေသောအခါကစ၍၊ တလိုင်းဘုရင်တို့၏ ဘုန်းတန်ခိုးလည်း တက်တိုး၍ လာပါသည်၊ ဘုရင်ဗညာဦး၏ သားတော်ဖြစ်သော ရာဇဓိရာဇ် စိုးစံသောအခါ၊ လွန်စွာ ဘုန်းတန်ခိုး ကြီးမားကြောင်းမှာလည်း၊ရာဇဝင် အထင်အရှားပင် ဖြစ်ပါတော့သည်။ ။ယခုရွှေနန်းရှင် ဘုရားက၊ ရွှေမော်ဓော စေတီယင်ပြင်မှာ၊ နားထွင်းသဘင် ဆင်ယင်တော်မူလိုသည်ဟု ကြံတော်မူသည်မှာ၊ လွန်စွာပင် သင့်လျော်လှပါသည်။ အောင်မြေနင်းခြင်းကိစ္စလည်း ပြီးစီးပါမည်၊ နောင်အခါ၊ ရာမညတိုင်း တလိုင်းသုံးရပ်ကို၊အုပ်စိုးနှိပ်နင်းဘို့ရန် အကြောင်း၊ ကောင်းသောတိတ်,နိမိတ်,လည်း ဖြစ်ပါသည်။ ။အချို့ အချို့က။ ဘုရားမြေပေါ်မှာ ရာဇမင်္ဂလာကို မပြုစကောင်းဟု ထင်မှတ်တတ်ကြပါသည်၊ ထိုသို့ ထင်မှတ်ခြင်းမှာ၊ လွန်စွာ မှားယွင်းသည်ဟု၊ ဘုရား့ ကျွန်တော်မျိုးက တင်လျှောက် လိုပါသည်။ ။ ဘုန်းတော်နေဝန်း၊ ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားသည်၊ အာဒိစ္စဝံသ၊ သာကီယနွယ်ရိုး၊ မဟာမျိုး ဖြစ်တော်မူပါသည်၊ အရှင် ရွှေနန်းရှင်ဘုရားလဲ၊ ခတ္တိယဝံသ၊ အသမ္ဘိန္နသာကီယနွယ်ရိုး၊ နေမျိုးအစစ် ဖြစ်တော်မူပါသည်၊ နေမျိုးနွယ်စစ် ဖြစ်တော်မူသောဘုရား၏မြေပေါ်မှာ၊ သာကီနွယ်ရိုး၊ မဟာမျိုး ဖြစ်တော်မူကြသော မင်းကေရာဇ်တို့၏ မင်္ဂလာကို၊ ကောင်းစွာ ပြုလုပ်ထိုက်ပါသည်။ ။ဘုရား မြေဆိုသည်မှာ၊ လွန်စွာ စင်ကြယ်သန့်ရှင်းလှသဖြင့်။ ထိုမြေထက်၌ ပြုလုပ်အပ်သော မင်္ဂလာလည်း၊ လှန်စွာ တန်ခိုးရှိမည်ဟု၊ ယုံကြည်ထိုက်ရိုးမှန်ပါကြောင်းပါဘုရား။

ဤသို့လျှောက်တင်သော စကားကိုကြားတော်မူရာ၊ တပင်ရွှေထီးသည်၊ ဝမ်းအမြောက်ကြီး, ဝမ်းမြောက်တော် မူလှသဖြင့်၊ အပါးတော်၌ အသင့်ရှိသော၊ လက်သုံးတော် ကျောက်စီဓါးကို ရုတ်တရက် ကောက်ယူစွဲကိုင်ကာ။ ဗိုလ်ပါ ပရိသတ်ဘောင်သို့ ဝင့်တော်မူပြီး၊ "ခမည်းတော်ရင်းပမာ၊ လွန်စွာမြတ်နိုး၍ အားကိုးတော်မူတဲ့၊ မင်းရဲသိခ်သူ၏ လျှောက်တင်ချက်ကို၊ ကန့်ကွက်နိုင်ဘို့ အကြောင်းများ မြင်ကြပါသေးသလား" ဟု မိန့်တော်မူလေ၏။

(မှူးကြီး, မတ်ကြီး,များက၊ အစုံအညီလက်အုပ်ချီပြီး၊) အထိန်းတော်ကြီး မင်းရဲသိခ်သူ၏ လျှောက်တင်ချက်မှာ၊ သမိုင်းရာဇဝင် စုံလင်ညီညွတ်လှသဖြင့်၊ဘုရား့ ကျွန်တော်မျိုး များလည်း သဘောကြိုက်ညီကြပါသည်ဘုရား၊မကြာမီအတွင်း၊ လိုအင်ဆန္ဒတော် ရှိရင်းအတိုင်း၊ ရွှေမော်ဓော

စေတီတော်သို့ ထွက်စံတော်မူရန်ကိုသာ ဇေယမင်္ဂလာ၊ အခါတော်ရွေးဘို့သာ ရှိပါတော့သည်ဘုရား၊ (ဤသို့လျှောက်ထားကြလေ၏၊)

(ထိုနောက် သျှင်ရဲထွတ်က၊ ရိုသေစွာလက်အုပ်ချီပြီး လျှောက်တင်သည်မှာ၊) တလိုင်းမြို့တော်၏အနီး၊ ရွှေမောဓော စေတီတော်ကြီးသို့ ထွက်စံတော်မူရန်အတွက်၊ အနှောက်အရှက်၊ အခဲအခက်ဟူ၍၊ တစုံတရာမှ ရှိမည်မဟုတ်ပါ၊ ယခု ရွှေနန်းရှင်ဘုရား၊ ဘုန်းအရှိန်ကြောင့်။ တလိုင်းတို့ညှိုးပိန် နွမ်းချိ၍ နေပါသည်၊နွားတသိန်းတို့အတွင်းသို့၊ ကေသရီခြင်္သေ့မင်းကြီးဝင်လာလျှင်၊ ထိတ်ပြာတုန်လှုပ်သော ဘေးဖြင့်၊ အလိုလို ထွက်ပြေးကြသည့်ပမာ၊ ရွှေနန်းရှင်ဘုရားထွက်စံတော်မူပါလျှင်၊ ရန်သူဖြစ်သော တလိုင်းများသည်၊ဘုန်းတော်အင်အားကြောင့်၊ အလိုလိုရှောင်ရှား၊ ပြေးပုန်းကြမအမှန် ဖြစ်ပါသည်။ ။ဘုန်းကြီးသော အရှင်တို့မှာ၊ အောင်မြင်လေ့ရှိသောအတိုင်း၊ အရေးတော်ပျက်ပြယ်အောင်၊ မာရ်နတ်ကြီးသော်မှ တားဆီးလို့ရမည်မဟုတ်ပါ၊ သည်အရေးမှာ၊ ရွှေတော်ပြေးလုပ်၍ ဘုရား့ကျွန်တော်မျိုးကို၊ ကြီးကြီး, ပမ်းပမ်း၊ အမှုထမ်းစေရန်၊ အခွင့်သနားတော်မူပါဘုရား၊

တပင်ရွှေဟီးက လွန်စွာအားရတော်မူသည်နှင့်၊ လက်တော်၌ ကိုင်စွဲတော်မူလျက်ရှိသော၊ လက်သုံးတော်ကျောက်စီဓါးကိုဗိုလ်ပုံပရိသတ်တို့အလယ်တွင်။ ။ကျော်ထင် ကျော်ထင်နော်ရထာ အား၊ရဲဆုသနားတော်မူသည်။ ။ထိုနောက်မိန့်တော်မူသည်မှာ။ ။ယခု ဟံသာဝတီ ရွှေမော်ဓော စေတီကို ထွက်စံတော်မူမည့်အရာတွင် ကြောက်ရပ်,ကြောက်သွေးနှင့် လေးလေး, ကန်ကန် ဖြစ်သော သူများကို ငါအလိုတော်မရှိ၊ ဖျပ်ဖျပ်,လတ်လတ်နှင့် သူရသတ္တိရှိသော သူတို့ကိုသာ ငါအလိုရှိတော်မူသည် သူရသတ္တိအထူးရှိသောသူများကို ရွေးချယ်ကြစေ။

(သျှင်ရဲထွတ်။ ။ကျောက်စီဓါးကို ပိုက်၍ လက်အုပ်ချီက သံတော်ဦးတင် သည်မှာ) ယခု အမိန့်ရှိတော်မူသည်မှာ လွန်စွာ သင့်လျော်လှပါသည်၊ "တယောက်ကောင်း, တသောင်းဗိုလ်ခြေ၊ ညက်ညက်ကြေ"ဆိုသောအတိုင်း သူတယောက် သတ္တိကောင်းပါလျှင် သတ္တိညံ့သော စစ်သည်ဗိုလ်ခြေတသောင်းကို ထောင်းထောင်းကြိတ်ခြေနိုင်ပါသည်၊ သူရသတ္တိနှင့် ပြည့်စုံသော အာဇာနည်တယောက်သည် သူရသတ္တိ နည်းပါးသော ဗိုလ်ခြေတသောင်းထက် အဘိုးများစွာ ထိုက်တန်ကြောင်း မှန်လှပါသည်။ ။ကျေးဇူးရှင် လောကုတ္တရာ ဆရာတော်ဘုရားကြီး သင်ကြားတော်မူထားသော သူရသတ္တိဂါထာ နှစ်ပုဒ်ကိုလဲ ရွတ်ဆို၍ လျှောက်တင်ပါရစေဘုရား။

(က) ဧကေနာပိ သုဓိရေန၊ သေဿာဟေန ရဏံ ပတိ။
သေဿာဟိ ဇာယတေ သေနာ၊ ဘယေ ဘယ မပါပုဏိ။

(က) ရဏံ၊ စစ်ပွဲကို။ ပတိ၊အစွဲပြု၍။ သေဿာဟေန၊ အားထုတ်ကြိုးပမ်း၊ လက်ရုံးတမ်းလျက်၊ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော။ သုဓိရေန၊မတုန့်မဆုတ်ကျောက်သားရုပ်ကဲ့သို့ မလှုပ်ဘဲခိုင်ခံ့လော။ ဧကေနာပိ၊ သူရဲကောင်း တယောက်ကြောင့်လည်း။ သေနာ၊ စစ်တပ်ကြီးတခုလုံးသည်။ သေဿာဟိ၊ အားထုတ်ကြိုးပမ်း လက်ရုံးတမ်းလျက် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသည်။ ဇာယတေ၊ဖြစ်လေပြီ။ ဘယေ၊ကြောက်စိတ်ပေါ်ပေါက်လာသည်ရှိသော်။ ဘယံ၊ လူစု, လူဝေး နောက်ဆုတ်ပြေးလျက် ကြောက်သွေးမွှန်ခြင်းသို့။ အပါပုဏိ၊ ဆိုက်ရောက်လေသတည်း။

(၁) တဒတာဝေ ဟိ ဣစ္ဆန္တိ၊ ဘူပါ ယောဓံ မဟာဗလံ။
သူရံ ဝီရံ ကတောသာဟံ၊ ဝဇ္ဇ ယန္တိစ ကာတရံ။

(၁) ဟိ၊ စင်စစ်ကေန် တကယ်မှန်၏။ တတောဝေ၊ ထိုကြောင့်ပင်လျှင်။ ဘူပါ၊ ရေမြေသနင်း ပြည့်ရှင်မင်းတို့သည်။ မဟာဗလံ၊ လက်ရုံးတမ်းလျက် အားအစွမ်း ကြီးမားစွာသော။ သူရံ၊ စစ်ပြိုင်ပွဲ၌ ရဲရင့်စွာထသော။ ဝီရံ၊ကျားနှင့်ခြင်္သေ့ ရင်ဆိုင်တွေ့လည်း မရွေ့မဆုတ် မတုန်မလှုပ်စမျိုး ရွှေကိုသာ တိုးလေ့ရှိထသော။ ကတောသာဟံ၊ အားထုတ်သဖြင့် ခါမလင့် အဆင်သင့်ပြင်ပြီးထသော။ ယောဓံ၊ စစ်မြေပြင်၌ ဘုရင်ဆိုလောက် မြင့်မောက်ခိုင်ဖြိုး စစ်ဗိုလ်ကြီးကို။ ဣစ္ဆန္တိ၊ အလိုရှိတော်မူကြလေဘုန်သတည်း။ ကာတရံ၊နောက်ဆုတ်,နောက်ဆုတ်နှင့် ကြောက်ရုပ်, ကြောက်သွေးရှိသောသူကို။ ဝဇ္ဇယန္တိ၊ရှောင်ကြဉ်ဖယ်ရှားတော် မူကြလေကုန်သတည်း။

ထိုသို့ သူရသတ္တိဂါထာကို ရွတ်ဆို လျှောက်ထားပြီးနောက်၊ ဆက်လက်၍ လျှောက်ထားပြန်သည်မှာ။ ။ရွှေမော်ဓေါစေတီသို့ ချီတော်မူမည့် အရေးကိစ္စမှာ စစ်သည်ဗိုလ်ပါ များစွာမလိုပါ၊ ငါးရာမျှလောက်သာလိုပါသည်၊ စိတ်ထား သေးသိမ်၍ ကြောက်သွေးပါသူ မှန်လျှင် တစုံတယောက်ကိုမျှ နောက်က မခေါ်သင့်ပါ၊ သေချာစွာရွေးချယ်၍ သူရသတ္တိ တကယ်ရှိ၍ သိဒ္ဓိလျှင်မြန် လက်ရွေးဆန်အလား၊ အနှစ်အသားပြည့်သော သူရဲကောင်းများကိုသာ နောက်ပါ အဖြစ်ဖြင့် ခေါ်တော်မူသင့်ပါသည်၊ ချီတော်မူသောအခါ ရွှေနန်းရှင်ဘုရားနှင့် ဘုရားနှင့်တကွ ဗိုလ်ပါငါးရာလုံး မြင်းကိုယ်စီ စီး၍သာ ချီထိုက်ပါသည်။

(သျှင်ရဲထွတ်၏ လျှောက်တင်ချက်ကို ကြားတော်မူပြန်ရာ သာလို့ပင် အားရတော်မူသည်နှင့် မှူးမတ်များဘက်သို့လှည့်ပြီး နောင်တော် ကျော်ထင်နော်ရထာ့ရဲ့ စကားကို ကြားကြရဲ့လား၊ သူရဲကောင်းစကား ပြီသပါပေတယ်၊ ငယ်ရွယ်တော်မူစဉ်က စပြီး နောင်တော် တပါးရယ်လို့ အားကိုးတော်မူခဲ့ရင်းအတိုင်း အားကိုးရာရောက်ပါပေတယ်၊ နောင်တော်ကို လက်ကိုင်ထားပြီး ခမည်းတော်ဘုရားကြီးရဲ့ အကြံနှင့် နိုင်ငံကို ချဲ့ထွင်တော် မူရလိမ့်မည်၊ "သျှင်ရဲထွတ်ဆိုတဲ့ မူလငယ်မူရင်းအတိုင်း ရဲဟန့်,ရဲဟိတ်မှာဖြင့် အထွဋ် အထိပ် မှန်ပါပေရဲ့၊ ကဲ-ကဲ-နောင်တော်၏ လျှောက်တင်ချက်အတိုင်း နက်ဖြန်နံနက်ကစ၍ သူရသတ္တိ တကယ်ရှိသောသူများကို နောင်တော်နှင့် တိုင်ပင်ကာ ငါကိုယ်တော်တိုင် ရွေးချယ်တော် မူမည်၊ နိုင်ငံတော်အတွင်း မြင်းကောင်း, မြင်းမွန် များကိုလဲ ငါးရာ ကျော်ကျော် ရအောင် ရှာဖွေကြရမည်၊ သူရဲငါးရာ, မြင်းငါးရာ, ရသောနေ့ကိုပင် ဇေယမင်္ဂလာ အောင်ချိန်အခါဟူ၍ အမှက်ပြုတော်မူမည်။ ။ဤသို့ မိန့်တော်မူပြီးလျှင် ညီလာခံသဘင်ကို ယုတ်သိမ်းတော်မူလေ၏။

ညီလာခံ ကွဲသောအခါ မှူးမတ် သေနာပတိ အပေါင်းတို့က သောင်းသောင်း, ဖြဖြ, သျှင်ရဲထွတ်ကို ချီးမွမ်းကြပြီးလျှင် နက်ဖြန်ခါကစ၍ သူရဲငါးရာ, မြင်းငါးရာကိုရရှိအောင် မနေ, မနားကြိုးစား အားထုတ်ကြလေသတည်း။

## "ရွှေမော်ဓောစေတီတော်သို့ နားထွင်းထွက်တော်မူရန်"
## "သူရဲကောင်းရွေးချယ်ခဏ်း"

သျှင်ရဲထွတ်သည် ညအခါဘုရဝ်တံပင်ရွှေထီး အထံတော်သို့ဝင်၍ ဟံသာဝတီသို့ ချီတက်ရန် အရေးနှင့် တိုင်ပင်သည်မှာ။

(ထွတ်) ညီလာခံသဘင်တွင် အမိန့်တော်ရှိသည့် အတိုင်း ရွှေမော်ဓော စေတီတော်သို့ ထွက်ချီတော်မူရန်အရေးမှာ လွယ်ကူသည်မဟုတ်ပါ၊ ရန်သူ၏လက်တွင်းသို့ သက်ဆင်းရမဲ့အရေး ဖြစ်ပါသည်၊ စိတ်ထားသေးသိမ်၍ သွေးလန့်တတ်တဲ့သူများကို နောက်တော်ပါးက ခေါ်တော်မူရန် မသင့်လျော်ပါ၊ မလန့်ထိတ် ခြသေ့်စိတ်ကဲ့သို့ သူရသတ္တိအရှိဆုံးသူများကိုသာ ရွေးချယ်ရန် သင့်ပါသည်။

(ထီး) နောင်တော် လျှောက်တင်တဲ့အတိုင်း မှန်ပါတယ်၊ အရေးမဆိုက်ခင် သူရသတ္တိ ရှိသလိုလို ထင်ရလော်လဲ တကဲ့အရေးနှင့်ကြုံတော့ သွေးတုန်တတ်တဲ့ သူများလဲ ရှိသေးတယ်၊ နောင်တော်က ဘယ်လိုနည်းနှင့် ရွေးချယ်ချင်တယ်ဆိုတာကို လျှောက်စမ်းပါအုံး။

(ထွတ်) သည်အချက်မှာတော့ ထက်မြတ်တဲ့နည်းမျိုးနှင့် ရွေးချယ်ချင်ပါတယ်၊ ထွတ်ထွတ် ကိုယ်တိုင်လဲ ရှေးဦးစွာ အရွေးခံပါမယ်၊ ရွေးချယ်ချင်တာက သည်လိုပါ၊ စစ်သည်တော် အဘွဲ့တွင် ပါဝင်တဲ့လူ ရှိသမျှကို ရွှေဘော်သို့ခေါ်ပြီး ပရိသတ် အလယ်မှာ အရွေးခံလိုတဲ့ သူရဲကောင်းများရဲ့ လက်မထိပ်မှာ အပ်ဖြင့် ရိုက်နှက်၍ စစ်ဆေးရပါမည်၊ တူနှင့်ရိုက်လို့ တပ်စိုက်ဝင်သွားတဲ့အခါ တွန့်သွားတဲ့သူများ,တုန်သွားတဲ့သူများ,ငြီးတွားတဲ့သူများ တို့ကို ပယ်ရှားသင့်ပါသည်၊ မတုန့်မတွန့် မရွံ့မထိတ် ခြသေ့်စိတ်ပြိုပြို အာဇာနည်ရဲ့သွေးနှင့် နဲနဲကလေးမျှ မလှုပ်ရှားဘဲ မြဲမြဲတန့်တန့် ခံ့ခံ့ခိုင်ခိုင် တည်နေနိုင်တဲ့ လူများကိုသာ ငါးရာတိတိ ရွေးချယ်သင့်တယ်လို့ ထင်မြင်ပါကြောင်း။

(ထီး) အို-တယ်ပြင်းထန်တဲ့ရွေးချယ်နည်းပါကလား၊ ဆိုင်ပြိုင်တဲ့ စစ်ပွဲမှာ အစွမ်းသတ္တိနှင့် ရဲသော်လဲ တူနှင့်ရိုက်၍ အပ်စိုက်တဲ့အရေးမှာ သွေးမတုန်တဲ့လူဖြင့် အတော် ရှားလိမ့်မယ်လို့ ထင်မိပါတယ်၊ နည်းလမ်းကိုတော့ ကြိုက်ပါရဲ့၊ ရည်ရွယ်တော် မူသမျှ သူရဲကောင်းငါးရာ ရနိုင်ပမလားလို့။

(ထွတ်) စိုးရိမ်တော်မမူပါနှင့်ထီးထီးရယ်၊ တကဲ့ဇွဲနှင့် တကယ်ရဲလျှင် သည်ပွဲမှာ သွေးတုန့် နိုင်ပါရိုးလား၊ ချီတော်မူရမည့်အရေးက ဘေးအတိ,ရန်အတိ,ဝန်းရံလျက်ရှိပါတယ်၊ သည်မျှလောက်ကလေးနှင့် သွေးတုန်လျှင် သည်လူပုံကို ဘယ်လို အသုံးချနိုင်ပါတော့မလဲ၊ ညီညီရဲ့ ဘုန်းသမ္ဘာဟာလဲ အလွန်တရာ ကြီးကျယ်လှပါတယ်၊ ဘုန်းသမ္ဘာနှင့် စီရင်လိုက်ပါလျှင် လူငါးရာ လွယ်လွယ် ကလေးနှင့် ရပြီးသားပါဘဲ။ အမှုတော် ထမ်းမယ်လို့ နိုင်ငံတော်တဝှမ်းက မျှော်မှန်း စောင့်စားနေကြတဲ့ လုလင်ပျို သူရဲကောင်း ကလေးတွေလဲ အများကြီး ရှိပါတယ်၊ လွယ်လွယ်နှင့် ရနိုင်လိမ့်မယ်လို့သာ စိတ်ချတော်မူပါတော့။

(ထီး) မှန်ပါပေတယ်၊ ရန်သူတို့နယ်တွင်းသို့ အစွမ်းသတ္တိနှင့် ကျော်နင်း၍ အတင်းဝင်ရောက်ရမဲ့အရေးဖြစ်လို့ မြက်ကလေးတပင်လောက်မှ၊ အသက်ရယ်လို့ အမှတ်မထင်တဲ့ သူရဲကောင်းများကိုသာ၊ နောက်ပါခေါ်သင့်ပါပေတယ်။ ။ကဲ-ရှိပါစေတော့။ သည်နည်းအတိုင်းလူရွေးဘို့ သဘောတူပါတယ်။

(ထွတ်) အဲ-သည်နည်းအတိုင်းပင် အတည်ပြုတော်မူပါ၊ ထွတ်ထွတ်ကိုယ်တိုင် ရှေးဦးစွာ အပ်နှင့်စိုက်ပြီး၊ တုန်တုန်ခိုက်ခိုက်မရှိအောင် အရွေးခံပါမယ်၊ ဟံသာဝတီသို့ ချီတက်တော်မူတဲ့အခါမှာလဲ၊ ထွတ်ထွတ်ကိုယ်တိုင် တပ်ဦး, တပ်ဖျား,က မလှုပ်မရှား ချီတက်ပါမယ်၊ ထွတ်ထွတ်ရင်ဘတ်ကို၊ မြေကတုပ်မှတ်ပြီး ခံတပ်ကြီးရယ်လို့ သဘောထားတော်မူပါတော့၊ (ဓါးကိုဝင့်ကာ, ဝင့်ကာ,နှင့် ရဲမာန်နှင့် ဝန်ခံ၍ လျှောက်ထားလေသည်)

ဤသို့လျှောက်ထားချက်ကို ကြားလေရာ၊ တပင်ရွှေထီးသည် လွန်စွာအားရတော်မူလှသည်နှင့်၊ ယယ်ရွယ်စဉ်က အမူအရာမျိုးကဲ့သို့။သျှင်ရဲထွတ်၏ လည်ပင်းကို ဖက်တော်မူပြီး "တကဲ့အရေးမှာ တကယ်သွေးရှိတဲ့ နောင်တော်ကြီး၊ကိစ္စအမျိုးမျိုးမှာ အားကိုးရတဲ့ နောင်တော်ကြီး" ဤသို့မိန့်တော်မူသည်။

ထိုနောက် တနေ့တွင်၊ ဘုရင့်အမိန့်တော်နှင့် "ဟံသာဝတီ ရွှေမော်ဓေါဘုရားသို့၊နားထွင်းမင်္ဂလာသဘင်၊ ဆင်ယင်ကျင်းပတော်မူရန် မကြာမီ ထွက်တော်မူမည်၊အမှုတော်ထမ်း၍၊နောက်တော်က လိုက်လိုသူများ၊ ရွှေနန်းတော်ကြီးသို့ လာရောက်ကြစေ၊ သူရဲကောင်းငါးရာ ရွေးချယ်တော်မူမည်" ဤကဲ့သို့ဆင့်ဆိုစေ၏။

ဤကဲ့သို့ အမိန့်တော်ကြီးနှင့် ဆင့်ဆိုသည်များကို ကြားသိကြရာ သက်စွန့် ကြိုးပမ်း၊ အမှုတော်ကို ထမ်းလိုသော၊ လူအပေါင်းတို့သည် အထူးသဖြင့် နှိုးဆော်တိုက်တွန်းရသည် မရှိဘဲ မိမိတို့ အလိုအလျောက် ရဲသွေး, ရဲမာန်, ပေါက်ကြပြီးလျှင်၊ သူထက်ငါ အထင်းတိုဗ္ဗ၍ ရွှေနန်းတော်ကြီးသို့ လာရောက်ကြသည်မှာ၊ ပိတ်ပင်တားဆီး၍ မရနိုင်အောင် ရှိလေသည်။

(မှာထားချက်။ ။ထိုစဉ်အခါက ၊မြန်မာအမျိုးသားတို့သည်၊ မိမိတို့ဘုရင်ကို အလွန်တရာချစ်ခင်ကြကုန်၏။ ဘုရင့်အမှုတော်ဆိုလျှင်၊အသက်ကို မြက်နှင့် ဖက်ရွက်ခြောက်လောက်မျှ ဂရုမထားကြဘဲ၊ လေးလေးစားစားနှင့်၊ ထမ်းရွက်လိုသောဆန္ဒ ရှိကြကုန်သည်။ ။"ချစ်ကြောက်ရှိသေ" ဆိုသော စကားမျိုးအတိုင်း၊ မိမိတို့ဘုရင်ကို ချစ်လဲချစ်၊ကြောက်လဲကြောက်၊ ရှိသေလဲရှိသေကြသည်။ ။ဘုရင့်အမှုတော်ဆိုလျှင်၊ ငြင်းသွေရှောင်ရှား၍၊ စောင်းတိမ်းလိုသော ဆန္ဒမရှိကြကုန်။ ။ ရှေးရိုး အစဉ်အလာအားဖြင့်၊ မြန်မာမျိုးတို့သည်၊ မိမိတို့ဘုရင်နှင့် မိမိတို့အမျိုးကို၊ အသက်ထက်ပင် ချစ်ခင်ကြသော လူမျိုးအစစ်များ ဖြစ်ခဲ့ကြပေသည်။ ။စစ်မှုမရေးရာ ကြုံသောအခါ၊ သာ၍ပင် အားတက်သရော ရှိကြကုန်၏။ ။မင်းကျီးညို, တပင်ရွှေထီး, ဟံသာဝတီ ဆင်ဖြူရှင် မင်းတရားကြီး,တို့ လက်ထက်တော်အခါ၊ မြန်မာလူမျိုးတို့သည်၊ အထွဋ်အထိပ် ကြီးပွါးဆဲ ဖြစ်ကြသည်။ ။လူမျိုးတို့ ဓမ္မတာ၊ကြီးပွါးဆဲအခါမှာ၊ ရဲရင့်သောဇာတိသွေးနှင့် ပြည့်စုံလေ့ရှိကြကုန်၏၊ ထိုအခါ ဇာတိမာန်လည်း စွင့်စွင့်ငွါးငွါး၊မြင့်မားချွန်လွန်စွာ

တက်ကြလေ့ရှိသည်။ ။အချင်းချင်းညီညွတ်ရေး ဆိုသည်မှာလည်း၊ ထိုခေတ်အခါတွင်၊ အထူး တလယ် ဟောပြော နေကြရသည်မဟုတ်၊ အမျိုးနှင့် ဆိုင်သောအရေး, ဘုရင့်အရေး, နိုင်ငံ အရေးနှင့် ကြုံလျှင်၊ အလုံးစုံ ညီညွတ်ပြီး အသင့်ရှိကြသည်။ ။ဤသို့ ဖြစ်လေ့ရှိသည်မှာ၊ ကမ္ဘာပေါ်၌ ရှိနေကြသော လူမျိုးတို့၏ ဓမ္မတာပင်တည်း။

အမျိုးဇာတိ နိမ့်လျော၍ လာသောအခါ၊ ဇာတိသွေးများလည်း တိမ်း၍လာကြ၏၊ ရဲသွေး, ရဲမာန်နှင့် တင်းမာလေ့ မရှိဘဲ၊ ကိုယ်ရော စိတ်ပါ ပြေ့၍၊ အလျော့ ခံလိုသော သဘောတွေကသာ လွှမ်းမိုး၍ လာလေသည်။ ။ထိုသို့ဖြစ်ခဲ့ရာ၊ မိမိတို့အမျိုးအချင်းချင်း အား ကိုးလေ့မရှိဘဲ၊ အခြားအမျိုးကို၊ အားကိုးချင်သော စိတ်တွေ ပေါ်လာကြလေသည်။ ။ အခြားအမျိုးကို အားကိုးလျှင် ကိုယ့်အမျိုးကို နှိပ်ရာ၏၊ ကိုယ့်အမျိုးကိုနှိပ်ရလေလေ၊ အခြား အမျိုးကို အားတိုးအောင် မြှင့်၍ပေးရာ ရောက်လေလေ ဖြစ်တော့သည်။ ။အမျိုးဇာတိနိမ့် လျော့ဆက်ဆင်းသောအခါ၊ အချင်းချင်း မညီညွတ်ကြကုန်၊ညီညွတ်ကြရန် အတန်တန်ဟောပြော တိုက်တွန်း ပါသော်လည်း၊ ညီညွတ်ခြင်း အင်အားသို့ ရောက်အောင် မညီညွတ်နိုင်ကြချေ။ ။ ဤကဲ့သို့ ဖြစ်လေ့ရှိသော ဓမ္မတာသဘောများကိုလည်း၊ စဉ်းစားနိုင်းချိန်သင့်ကြပေသတည်း၊)

သက်စွန့်ကြိုးပမ်း၊ အမှုတော် ထမ်းလိုသော သဘောဖြင့်၊ နန်းတော်မြို့ရိုး တံခါးကို၊ တိုးဝှေ့၍ လာကြကုန်သော လူအပေါင်းကို မြင်ရာ၊ တပင်ရွှေထီးသည်၊ အလွန်တရာ ဝမ်းသာ အားရတော်မူသည်နှင့် တပါးတော်မှာ ခစားလျက် ရှိနေသော၊ နောင်တော်ဘုရင့်ရဲထွတ်ကို မျက်စဖြင့် ညိမ့်တော်မူပြီး "ထွတ်ထွတ် လျှောက်ဝင်တဲ့ အချက်မှာ၊ အလွန်မှန်ပါကလား" ဟု တိုးတိုးသာသာ ပြုံး၍ မိန့်တော်မူသည်။

အမှုတော်ကို ထမ်းဘို့ သူရဲကောင်း အရွေးခံဘို့ လာရောက်ကြသောသူတို့ အထဲတွင်၊ စစ်သည်တော် အမှုထမ်းများလည်း၊ အစုံအလင် ပါကြသည်။ ။စစ်မှုကို မထမ်းဘူးသော မြို့သား, တောသား, လူအများလည်း ပါကြသည်၊ သူဌေးသား, ကုန်သည်သား, တောင်သူ သား, မှစ၍ အစုံအလင်ပင် ဂိတ်အားထက်သန်စွာနှင့် ပါလာကြသည်။ ။ငယ်ရွယ်စဉ်ကစ၍၊ ကက်သုံးတော်အဖြစ်ဖြင့် အမှုထမ်းလာခဲ့ကြသော မင်္ဂလာအိမ်တော် ကျွန်အရင်းအချာများလည်း ပါကြသည်။

နန်းယင်ပြင်တခုလုံး မဆန့်နိုင်အောင်၊ လူပေါင်းများစွာ တိုးဝင်၍ လာကြသောအခါ တံခါးနီများကို အတင်းပိတ်၍ ထားရလေသည်။ ။လူပေါင်းများစွာ စုရုံးမိကြသောအခါ၊ ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်သည်၊ ဘုရင်မင်းမြတ်ကိုဦးချ၍၊ ကျောက်စီဓါးကိုကိုင်ပြီး လျှင်၊ မြင့်သော နေရာ တခုပေါ်မှာ၊ မတ်မတ်ရပ်လျက်၊ဓါးကို ဝင့်ကာ အများကြားအောင် ပြောဆိုလေသည်မှာ။

ဘုန်းတော်အလွန်တရာ ကြီးလှသော၊ ကေတုမတီ တိုင်းကြီး၏ အရှင်၊ ဘုရင်မင်းမြတ် သည်၊ နားထွင်းမင်္ဂလာ ဆင်ယင်တော်မူခြင်းငှါ၊ဟံသာဝတီ တလိုင်းပြည်မှာရှိသော ရွှေမော်ဓော ဘုရားသို့၊ ငါးရာသောသူရဲတို့ဖြင့် ခြံရံတော်မူပြီးလျှင်၊ မင်္ဂလာမြင်းတော်ကိုစီး၍ ထွက်တော် မူလိမ့်မည်။

နောက်တော်က၊ လိုက်ပါရမည့် သူရဲကောင်းများကို၊ အထူး ရွေးချယ်တော်မူရန်၊ အမိန့်တော် ထုတ်ပြန်တော်မူလိုက်သော အတိုင်း၊ ယခုအခါ၊ လွန်စွာတက်ကြွသော စိတ်ဖြင့်၊ သက်စွန့်ကြိုးပမ်း အမှုတော်ကို ထမ်းကြရန်၊ စွမ်းအန်သတ္တိနှင့် ပြည့်စုံသော ကျွန်တော်မျိုး အပေါင်းတို့ ထောင်သောင်းမက ရွှေဘဝါးတော်အောက်သို့၊ ရောက်လာကြသည်များကို၊ ဘုန်းတော်ကြီးလှသော ဘုရားက၊ များစွာ ဝမ်းမြောက်တော်မူသည်။

ဟံသာဝတီသို့ ချီတော်မူမည့် အရေးမှာ၊ သာမန်မျှမဟုတ်ချေ၊ ရန်သူတို့၏ နယ်တွင်းသို့ ချင်းနင်းဝင်ရောက်ရမည့် အရေးဖြစ်၍၊ သာမန်မျှ စွမ်းအင်သတ္တိရှိသောသူများကို၊ နောက်တော်ပါးက ခေါ်မည် မဟုတ်ချေ။ ။ထူးထူး ချွန်ချွန် အလွန့်အလွန် သတ္တိကောင်း၍၊ အာဇာနည်ရဲမာန် ထက်သန်သော သူရဲကောင်းတို့သာ၊ နောက်တော်က ခေါ်တော်မူလိမ့်မည်။ ။စွမ်းရည်သတ္တိအထူး အချွန် ရှိ, မရှိ, များကိုလည်း၊ ယခုပင် စမ်းသပ်တော်မူလိမ့်မည်။ ။ထက်မြက်သော စမ်းသတ်ခြင်းဖြင့် စမ်းသတ်တော်မူရာတွင် မပါမဝင်လိုသော လူများကိုလည်း အနိုင်အထက် စမ်းသတ်တော်မူလိမ့်မည်မဟုတ်။ ။သို့ဖြစ်၍ အစမ်းအသတ်မခံလိုသော သူတို့သည်၊ ယခုပင် ရွှေနန်းတော်ကြီးအတွင်းက ထွက်ကြရမည်။

သျှင်ရဲထွတ်က၊ ဤကဲ့သို့ မြွက်ဆို ပြောကြားရာ၊ လာရောက်ကြသော လူအများတို့က၊ လက်ရုံးကို အထက်သို့ မြှောက်ကြပြီးလျှင်၊ "စမ်းသတ်တော်မူပါဘုရား၊ စမ်းသတ်တော်မူပါဘုရား" ဤကဲ့သို့ တပြိုင်နက် လျှောက်ထားကြလေသည်၊ ထိုသို့ဟစ်အော်သောအသံများသည် ကောင်းကင်ယံသို့ ပဲ့တင်ဟိန်း၍သွားလေ၏။

ထို့နောက် သျှင်ရဲထွတ်က အသင့်ပြင်ဆင်၍ထားသော စမ်းသပ်ဌာနသို့ ရှေးဦးစွာသွားပြီးလျှင် ခုံဘခုပေါ်တွင် ညာဘက်လက်မကို ထောင်၍ခံလေ၏၊ တူကိုကိုင်ထားကြသော သူတို့က သျှင်ရဲထွတ်၏ လက်မထိပ်တွင် အပ်ကိုစိုက်၍ တချက်ထဲထုကိုက်ရာ အပ်တဆုံးဝင်၍ သွားသော်လည်း တစုံတခုမျှ သွေးတွန့်တုန်လှုပ်ခြင်း မရှိချေ။

ဘုရင်တပင်ရွှေထီးသည် သျှင်ရဲထွတ်၏ သွေးမရွံ့ဘဲ မတွန့်မတုန်, မငြီးမတွား, မလှုပ်မရှား တည်တန့်သော အမူအရာများကို မြင်တော်မူရာ၊ လွန်စွာအားရတော်မူသည်နှင့် "ငါ့နောင်တော်ဟာ အာဇာနည် ပြီသပါပေရဲ့" ဟု ချီးမွမ်းတော်မူသည်။

သျှင်ရဲထွတ် စမ်းသတ်ခံစဉ်အခါ ကျောက်စာတိုင်ကဲ့သို့ ခိုင်ခံ့တည်တန့်, မလန့်မထိတ်, ရဲစိတ်ရဲမာန်နှင့် ပြည့်စုံသောအမူအရာများကို မြင်ကြရာ၊ ရဲသွေးရဲမူကို ကြိုက်ကြိုက် ဆူအောင် ပြုလုပ်ပေးသကဲ့သို့ ဖြစ်သောကြောင့် ရှေးကထက် ရဲသွေးတက်ခါ လာကြပြီးလျှင် သူ့ထက် ငါ ရှေ့သို့တိုး၍ အစမ်းအသတ်ခံကြရန် အသင့်ပြင်ဆင်လျက် ရှိကြလေသည်။

ဤနည်းအတိုင်း စမ်းသတ်ရာတွင် အောင်မြင်သောသူတို့လည်း များစွာပင်ရှိသည်၊ တူဖြင့်ရိုက်၍ အပ်စိုက်သောအခါ သွေးရွံ့သဖြင့် တွန့်တုန်သော သူတို့လည်း များစွာပင် ရှိကြသည်။ အချို့လည်း တူဖြင့်နှက်သော် ရုတ်တရက် လန့်အော် အော်သော သူတို့လည်း ရှိကြသည်။ တုန်လှုပ်သောသူ, လန့်၍အော်သောသူ, ငြီးတွားသူများကို ရုတ်တရက် ဖယ်ထုတ်၍ နန်းတော်

အပြင်ဘက်သို့ ထွက်စေသည်။ ဤကဲ့သို့ စမ်းသပ်သော အရေးမှာမှ တကဲ့သွေးနှင့် တကယ်သတ္တိရှိသောသူများကို တွေ့ရှိရလေသည်။ သျှင်ရဲထွတ်နည်းပေးသဖြင့် ရဲသွေးစမ်းသတ်ပုံမှာ လွန်စွာအရေးပါလှပေသည်။

## "ဗလရဲထင်၏ အကြောင်း"

လက်မထိပ်တွင် အပ်စိုက်၍ တူဖြင့်ရိုက်သော စမ်းသတ်ပွဲကြီးမှာ ဗလရဲထင် ဆိုသော ငယ်ကျွန်တော်တယောက်၏ အဖြစ်အပျက်မှာ လွန်စွာဆန်းကြယ်လှပေသည်။

ဗလရဲထင်သည် တပင်ရွှေထီး၏ ငယ်ကျွန်တော်အရင်းဖြစ်သည်။ ငယ်ရွယ်စဉ် အခါကပင် ဘွားဘက်တော်အဖြစ်ဖြင့် အပါးတော်က ဓါးထမ်း၍ အမြဲစားရသူ ဖြစ်သည်။ တပင်ရွှေထီးသည် ခမည်းတော်၏ အရိပ်အရာကို သိမ်းမြန်း၍ ရွှေနန်း စိုးစံတော်မူသောအခါ မင်္ဂလာအိမ်တော်ပါ ဘွားဘက်တော် ငယ်ကျွန်ရင်း ဖြစ်သောကြောင့် ဗလရဲထင်ဘွဲ့ကို ပေးသနားတော်မူပြီးလျှင် သက်တော်စောင့် အဖြစ်ဖြင့် အပါးတော်တွင် အမြဲခစားစေသည်။ တပင်ရွှေထီးကလည်း ဗလရဲထင်သည် သူရသတ္တိလွန်စွာရှိသည်ဟု၍ အမြဲပင် မှတ်ထင်တော်မူလေ့ရှိသည်။

စမ်းသပ်ခြင်းကို မခံဘဲ နောက်တော်က မလိုက်ရဟူသော အမိန့်တော်ကြီးကြောင့် ဗလရဲထင်သည် စမ်းသပ်ပွဲတွင်ပါဝင်၍ အစမ်းအသတ်ခံလေသည်။ အမှန်ပင် အောင်မြင်လိမ့်မည်ဟူသောအထင်ဖြင့် ပွဲဝင်၍ အစမ်းအသတ်ခံရာ၊ ဗလရဲထင်၏ လက်မထိပ်၌ အပ်ကိုစိုက်၍ တူနှင့်ရိုက်လိုက်အောအခါ တွန့်၍သွားသော အမူအရာမြားကို ထင်ရှားစွာ မြင်ကြရလေသည်။

ဗလရဲထင်၏ သွေးတွန့်သော အမူအရာကို တပင်ရွှေထီး မြင်တော်မူလျှင် "ဗလရဲထင်ကသွေးတွန့်ရသလား"ဟု မိန့်တော်မူကာ ပြုံးလေ၏။ ထိုအခါ သျှင်ရဲထွတ်က ဗလရဲထင်၏ လက်ကိုစွဲပြီး "နန်းတော်ပြင်ဘက်ကိုထွက်"ဟုဆိုရာ လွန်စွာ ရှက်လှသဖြင့် ဘုရင်မင်းမြတ်ကို ဦးခိုက်ပြီး၊ ဘုရားကျွန်တော်မျိုးကို ရဲစွမ်းသတ္တိနှင့် သွေးမရှိဟု ထင်မြင်ကြသည်မှာ လွန်စွာရှက်လှပါသည်။ အမှန်အားဖြင့် ဘုရားကျွန်တော်မျိုးလဲ သွေးနဲ့တဲ့လူမဟုတ်ပါ။ ဤစမ်းသပ်ပွဲတွင်အောင်မြင်ခြင်းမရသဖြင့် နောက်တော်ပါးက ကျောက်စီဓါးကို ထမ်း၍ ရဲစွမ်းသတ္တိနှင့် လိုက်ရမည် မဟုတ်သောကြောင့် အလွန်ဝမ်းနည်းလှပါသည်။သို့ရာတွင် ဘုရားကျွန်တော်မျိုး၏ သတ္တိကို ရွှေနန်းရှင်ဘုရားနှင့် အများသိရှိအောင် ပြလိုပါသည်ဘုရား"ဤသို့ လျှောက်ထား ပြီးလျှင် မိမိဓါး၌ ထိုးထားသော ဓါးမျှောင်ကို ရုတ်တရက် ဆွဲနှုတ်ပြီးလျှင် အဆောတလျင် မိမိဝမ်းပိုက်ကို ထိုးဖေါက်လိုက်လေသည်။ ဘုရင်မင်းမြတ်လည်း ငေးစိုက်၍ ရှုစားတော်မူနေသည်။ သျှင်ရဲထွတ်လည်း ဗလရဲထင်၏အနားမှာ ရပ်လျက်ရှိ၏။

ဝမ်းပိုက်ကို ဖေါက်ပြီးနောက် ဗလရဲထင်သည် မိမိဝမ်း၌ ရှိသော အူကို ရုတ်တရက် ဆွဲထုတ်ပြီး ကိုင်ပါ၊ကိုင်ပါဆို၍ ရှင်ရဲထွတ်လက်သို့လှမ်း၍ပေးလိုက်ရာ၊ သျှင်ရဲထွတ်လည်း လှမ်း၍ ပေးသော အူစကို ကိုင်ထားလေ၏။ ထိုအခါ ဗလရဲထင်သည် အူဆုံးသည် တိုင်အောင် ပြေးပြီးလျှင် အူဆုံးသည်နှင့်တပြိုင်နက် ဗုံးကနဲလဲ၍ ထိုနေရာတွင်သေဆုံးလေသည်။ မြင်မြင် သမျှသော

ပရိသတ်တို့ကလည်း ဗလရဲထင်၏ ထူးဆန်းသော အပြုအမူများကို အံ့ဩသောစိတ်နှင့် ကြည့်ရှုကြပြီးလျှင် "အရှင့်အမူကို မထမ်းရသဖြင့် အစွမ်းပြ၍သွားသည်မှာ လွန်စွာအံ့ဩဘို့ကောင်းပါပေသည်" ဟု ချီးမွမ်းကြလေသည်။

## "တပင်ရွှေထီး၏ မိန့်တော်မူချက်"

ဗလရဲထင် သေဆုံးသောအခါ တပင်ရွှေထီးက ပြုံးတော်မူပြီး "ငါ့ကျွန်တော်ရင်း ဗလရဲထင်သည် မိုက်တော့အမိုက်ရဲသားဘဲ၊ သို့ရာတွင် သတ္တိမရှိ" ဤကဲ့သို့ မိန့်တော်မူလေသည်။တပင်ရွှေထီးဘုရင်၏ မိန့်တော်မူချက်မှာ လွန်စွာ အဓိပ္ပါယ်နက်နဲလှပေသည်။ ဆိုလိုရင်းမှာ မိုက်ခြင်းနှင့် သတ္တိရှိခြင်းသည် တမျိုးစီဟု ဆိုလိုရင်းဖြစ်ပေသည်။ မိုက်သော်လဲ သတ္တိမရှိ၊ သတ္တိရှိသော်လဲ မမိုက်၊ မိုက်လဲမမိုက်,သတ္တိလဲမရှိ၊ သတ္တိလဲမရှိ,မိုက်လဲမမိုက်။ ဤသဘောမျိုးလည်း တပင်ရွှေထီး၏ အမိန့်တော်၌ ပါဝင်လေသည်။

ဗလရဲထင်၏ အမူအရာမှာ အပ်စိုက်၍ တူဖြင့်ရိုက်သောစမ်းသတ်ပွဲမှာ ရဲသွေးမရှိဘဲ တွန့်၍သွားခြင်းမှာ သျှင်ရဲထွတ်တို့ကဲ့သို့ ရဲသွေးသတ္တိ မရှိကြောင်း ထင်ရှားသည်။ အကျိုးမဲ့ မိုက်စွမ်းပြ၍ ဘုရင့်ရှေ့တော်မှာ အသေခံ၍ သွားသည်မှာ မိုက်သောအမူအရာ သက်သက်မျှသာဖြစ်သည်။ ထိုကြောင့် တပင်ရွှေထီးက "ငါ့ကျွန်ရင်းမှာ မိုက်တော့မိုက်ပါရဲ့၊ သတ္တိမရှိ" ဟူ၍ မိန့်တော်မူလေသည်။

စစ်မှုရေးရာနှင့်ကြုံသော် သူတော်ကောင်းတို့၏အမူအရာကို အသုံးပြုရသည် မဟုတ်သောကြောင့် "သတ္တိလဲရှိ၊ မိုက်လဲမိုက်" ဤကဲ့သို့သော သူများကို အသုံးပြုရမည်ဟူ၍ သက္ကဋနီတိကျမ်းများ၌ ပြဆိုလျက်ရှိသည်။ စစ်ပွဲမဟုတ်ရာ၌ အရမ်းမဲ့မိုက်မဲသည်ကို အလိုမရှိအပ်။သတ္တိရှိသူကိုသာ လိုအပ်သည်ဟူ၍လည်း ဆိုကြသည်။ ယောကျ်ားမှန်သမျှ သူရသတ္တိနှင့် အမြဲပြည့်စုံကြရန် ဝတ်တရားရှိ၏။ နီတိကျမ်းတို့၌ ပြဆိုလျက်ရှိသည်မှာ။

> ပုမာနံ သူရဘာဝေါ ဟိ၊ ဧကော ဒက္ခိဏဗာဟု ဝေ၊
> ဝါမဗာဟု မဟုဿာဟော၊သမ္မတော လောကဝိညူနာ။

ဟိ၊ သူရသတ္တိနှင့် ဝီရိယအကြောင်းကို ပြဆိုပါဦးအံ့။ သူရဘာဝေါ၊ ရဲရင့်ခြင်းကို (ဝါ) ရဲသွေး, ရဲမာန်, ဇွဲသန်ထက်မြက်ခြင်းကို။ ဝေ၊ စင်စစ်။ ပုမာနံ၊ ယောကျ်ားတို့၏။ ဧကော၊ တခုသော။ ဒက္ခိဏဗာဟု၊ ညာလက်ရုံးကြီးဟူ၍။ လောကဝိညူနာ၊ လောကရေးရာ လိမ္မာကျမ်းကျင်၊ ပညာရှင်သည်။သမ္မတော၊ သမုတ်အပ်ပေ၏။ မဟုဿာဟော၊ မပြတ်မစဲအမြဲမကြိုးကုတ်၊လွန်အားထုတ်ခြင်းကို၊ ပုမာနံ၊ ယောကျ်ားတို့၏။ ဧကော၊ တခုသော။ ဝါမဗာဟု၊ လက်ဝဲလက်ရုံးဟူ၍။ လောကဝိညူနာ၊ လောကရေးရာ၊ လိမ္မာကျမ်းကျင် ပညာရှင်သည်။ သမ္မတော၊ သမုတ်အပ်ပေသတည်း။

ရဲစွမ်းသတ္တိကို ယောကျ်ားတို့ ညာလက်ရုံး၊ လုံ့လဥဿာဟကို ယောကျ်ားတို့၏ ဘယ်လက်ရုံး၊ ယောကျ်ားမှန်လျှင် ထိုလက်ရုံးနှစ်မျိုးနှင့် ပြည့်စုံစေရမည်ဟု နီတိဆရာကြီးများက

ညွှန်ပြတော်မူသည်။ ထိုလက်ရုံးနှစ်မျိုးတို့တွင် လက်ရုံးတခုခုနှင့်မျှ မပြည့်စုံခဲ့ပါလျှင် ကမ္ဘာပေါ်တွင် လူဖြစ်၍လာရာ ပုမ္ဗာဝအထင်အရှားနှင့် ယောကျ်ားပင် မှန်သော်လည်း စင်စစ်အားဖြင့် ယောကျ်ားပြီသ,သည်ဟူ၍ မဆိုနိုင်ချေ။ ထို့ကြောင့် အမျိုးသား ယောကျ်ား မှန်သမျှတို့သည် နီတိဆရာကြီးတို့ ပြဆိုအပ်သော ယောကျ်ားတို့၏ လက်ရုံးများကို အမြဲ ဆောင်ထား ကြရန် ရည်သန် သင့်ကြပေသတည်း။

သူရဲကောင်း ရွေးကောက်ပွဲကြီးကို ကျင်းပ၍ ရွေးကောက်လေရာ မူလမှန်းထားရင်း အတိုင်း သူရဲကောင်း ငါးရာကို အောင်မြင်မှု ရရှိလေသည်။ ။သို့ရာတွင် အရွေးမခံရသော သူတို့က "ငါတို့အလှဲမကျသေး၊ ငါတို့အလှဲမကျသေး" ဟု အရွေးခံရန် စောင့်ဆိုင်း တုန်းပင် ရှိနေကြလေသည်။

ထိုအခါ သျှင်ရဲထွတ်သည် ခုံမြင့်ပေါ်သို့တက်ပြီး သူရဲကောင်း ငါးရာကို အောင်မြင်စွာ ရရှိတော်မူပြီ၊ နောက်ထပ်စမ်းသတ် ရွေးကောက်ရန် မလိုတော့ပြီ၊ သည်အရေးမှာ လူငါးရာသာ အလိုရှိသဖြင့် အရွေးမခံရသေးသောသူများကို ရွှေနန်းရှင်ဘုရားက မိမိတို့ ဌာနအသီးသီးပြန်ကြရန် အခွင့်ပြုတော်မူသည်၊ ဤကဲ့သို့ ဓါးကိုဝင့်၍ပြောကြားလေရာ အချို့လူတို့က "ကျွန်တော်မျိုးများလဲ အရွေးခံလိုပါသေးသည်၊ သည်တပွဲမှာ မနွဲရလျှင်ရှိပါစေတော့၊ နောက်နောက်ပွဲများအတွက် ရဲမာန့်,ရဲသွေးကို အရွေးခံထားပါရစေဘုရား" ဟု လျှောက်ကြပြန်သည်။

ထိုအခါ ဘုရင် တပင်ရွှေထီးက တိုင်းသူ့ပြည်သားတို့၏ စိတ်နေ့,စိတ်ထားကို သိတော်မူသည်နှင့် "ငါ့ကျွန်တော်မျိုးများသည် နိုင်ငံနှင့်ဘုရင်ကို ချစ်ရိုး မှန်ကြပါပေသည်" ဟု မိန့်ဆိုကာ အားရဝမ်းသာစွာနှင့် ပြုံးတော်မူသည်။

အရွေးခံလိုသောလူများသည် အပါးတော်က ရုတ်တရက် ထွက်ခွါ၍ မသွားကြသေးဘဲ အရွေးခံလိုသောငဲ့ဖြင့် အားခဲ၍နေကြပြန်ရာ သျှင်ရဲထွတ်က "သူရဲကောင်းများ၏ ရဲစွမ်းသတ္တိကို သိရပါပြီ၊ အထူးရွေးချယ်ရန် မလိုတော့ပါ၊ ယခု ဟံသာဝတီသို့ ချီတော်မူရမည့် အရေးမှာလည်း စစ်ရေးမဟုတ်သေးပါ၊ မင်္ဂလာအရေးမျှသာ ဖြစ်ပေသည်၊ နောင်အခါ ကြီးစွာသော စစ်ရေးဆင်၍ တိုင်းနိုင်ငံတခွင်ကို အစဉ်တလျှောက် သိမ်းယူတော်မူရန် ရှိပေသေးသည်၊ သည်အခါ ဘုရဲကောင်းများ၏ ဆန္ဒအတိုင်း သက်စွန့်ကြိုးပမ်း အမှုတော်ကို ထမ်းကြရ ပါလိမ့်မည်" ဤကဲ့သို့ ပြောကြားရာ စောင့်နေကြသောလူများက "မကြာခင်စစ်ရေးဆင်၍ ချီတော်မူပါဘုရား" ဟူ၍ တပြိုင်နက် လျှောက်ထားကြကုန်၏။

## "ရွှေမော်ဓေါဘုရားသို့ ချီတော်မူခြင်း"

ရဲသွေး, ရဲမာန် ထက်သန်ထူးချွန် အလွန်အလွန် သတ္တိရှိသော သူရဲကောင်းငါးရာကို ရွေးချယ်၍ ပြီးသောအခါ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ထိုသူရဲကောင်း ငါးရာတို့၏ လည်ပင်းမှာ အသီးသီး ကြိုးအနီနှင့်ရွှေခွက်ဆွဲ၍ ပေးတော်မူသည်၊ ထိုနောက် မြင်းငါးရာကို ရွေးချယ်တော်မူပြီးလျှင် နားထွင်း မင်္ဂလာ, ဥသျှောင်ထုံးမင်္ဂလာ, ပြုတော်မူရန် အဆောင်အယောင် အခမ်းအနားတို့နှင့် မင်္ဂလာပုဏ္ဏားရှစ်ဦးတို့ကို ခေါ်တော်မူပြီးလျှင် "သတ္တရူဇေယျ" မည်သော မြင်း

တော်ကို ပတ္တမြားကကြိုးတန်ဆာဆင်၍ စီးတော်မူသည်။ ။သတ္တရဇေယျ-မည်သော မြင်းတော်ကိုစီး၍ တောင်မျက်နှာတံခါးမှ ထွက်တော်မူရာ သျှင်ရဲထွတ်သည် ဓါးလွတ်ကိုကိုင်လျက်၊ ဘုရင့်ရွှေတော်ကထွက်သည်။ ။ရွှေခွက်ဆွဲ သူရဲကောင်းငါးရာတို့လည်း၊ အသီးသီးမြင်းစီး၍ လိုက်ပါကြသည်။ ။ချီတော်မူရာတွင် သျှင်ရဲထွတ်၏ဘခင် အထိန်းတော်ကြီးလည်း ပါသည်၊ ထို့ပြင် အမတ်ပေါင်းလေးကျိပ်တို့လည်း၊ မြင်းကိုယ်စီနှင့် လိုက်ပါကြသည်။

မြင်းတို့ကိုလည်း ကကြိုးတန်ဆာ သစ်လွင်စွာဆင်သည် သူရဲကောင်းငါးရာတို့ကိုလည်း သစ်လွင်သော အဝတ်တန်ဆာများကို ဆင်ယင်စေသည်။ ။ရွှေမော်ဓေါစေတီသို့ ချီထွက်တော်မူသော အခမ်း အနားသည် သိကြားမင်း တာဝတိံသာက ထွက်သည့်အလား ရှုချင်စဖွယ် အလွန်တင့်တယ်သည်။

(မှတ်ချက်။ ။စီးတော်မူသော မြင်းတော်၏ အမည်ကို "သတ္တရဇေယျ" ဟူ၍ ခေါ်ဆိုရာ အဓိပ္ပါယ်မှာ သတ္တရု၊ရန်သူ။ ဇေယျ၊အောင်မြင်သည်။ ။ရန်သူကို အောင်မြင်သော မြင်းဟူ၍ ဆိုလိုသည်။ ။ထွက်တော်မူခါနီးတွင် မင်္ဂလာမြင်းတော်ကို ရဟန်းပညာရှိ,လူပညာရှိတို့က ဇေယျာဘိသိက်ဖြင့် အဘိသိက်သွန်းကြပြီးလျှင် မြင်း၏ဦးထိပ်၌ သပြေနှင့် နေဇာပန်းကို စိုက်ကြသည်၊ စီးတော်မူသော ပတ္တမြားကကြိုး, ပတ္တမြားကုန်းနှီး, အောက်မှာ ရွှေပြားတွင် အင်းချ၍ ထားသည်။ ။ဟံသာဝတီမြို့က နံ့သင့်ဖြစ်သော စနေနံ သစ်ပင်များကို တပ်ဦး၌ ခုတ်လှဲကြရသည်။ ။စနေနံ သစ်ပင်ဆိုသည်မှာ ထိန်ပင်, ထန်းပင်များဖြစ်သည်)။

ဟံသာဝတီသို့ ချီတော်မူရာ ခရီးစဉ် တလျှောက်တွင် တွေ့မြင်ကြသော တိုင်းသူ, ပြည်သား လူများအပေါင်းတို့က တင့်တင့်တယ်တယ် ရှုချင်စဖွယ် ကောင်းသောကြောင့် ငေးစိုက်၍သာ ကြည့်နေကြကုန်၏။ ။တလိုင်းမင်း စိုးပိုင်သော နယ်အတွင်းသို့ ဝင်ရောက် ရာ၌လည်း မည်သူတဦးတယောက်မျှ အနှောင့်အရှက် မပြုဝံ့ဘဲ ရှိကြလေသည်။

ထိုခေတ်အခါတွင် ဘုရင်တပင်ရွှေထီး၏ ဘုန်းတန်ခိုးနှင့် ဂုဏ်လျှံသတင်း ကျော်စောခြင်းတို့က ပျံ့နှံ့၍ နေသောကြောင့် တပင်ရွှေထီး ချီလာပြီဟုကြားလျှင် ရှောင်ရှား ပြေးပုန်းသော သူတို့သာလျှင် များပြားကြလေသည်။

## "ရွှေမော်ဓေါ စေတီသို့ ဆိုက်ရောက်တော် မူခြင်း"

အစဉ်အတိုင်း ချီတက်၍သွားရာ အဆီးအတား အကန့်အကွက်မရှိဘဲ ရွှေမော်ဓေါစေတီသို့ ချောချောမွန်မွန် ဆိုက်ရောက်တော်မူလေသည်၊ ထိုအခါ သျှင်ရဲထွတ်က ရွှေမော်ဓေါစေတီယင်ပြင်သို့ မတက်မီ စီစဉ်လေသည်မှာ "သူရဲကောင်း မြင်းငါးရာတို့က ရွှေမော်ဓေါ စေတီကို အထပ်ထပ်ဝန်းရံ၍ ထားကြရမည်၊ ကိုယ့်တာဝန်နှင့် ကိုယ်လုံခြုံစေရမည်။ ။နားထွင်း မင်္ဂလာပြုတော်မူနေခိုက်တွင် တလိုင်းတယောက်မျှ စေတီတော်ပေါ်သို့ မတက်စေနှင့်။ ။တလိုင်းဘုရင်ကြားသိ၍ စစ်သည်အင်အားနှင့် ချီတက်လာလျှင်လဲ နိုင်အောင်ဆီးဆို့ခုခံကြရမည်၊ နားထွင်းတော်မူခိုက်မှာ မင်္ဂလာကိစ္စတော်ကြီး ပျက်စီးအောင် အနှောက်အရှက် မရှိစေရ၊ ရွှေခွက်ဆွဲ ရဲဗိုလ်များ ဖြစ်ကြသော အတိုင်း အရှင့်အကျိုးကို ထိထိ,ရောက်ရောက် ဆောင်ရွက်ကြရမည်" ဟု ဓါးကိုပြကာ အမိန့်ပေးလေသည်။ ။မြင်းစီး သူရဲကောင်း ငါးရာ တို့ကလည်း မင်္ဂလာကိစ္စ

တော်ကြီး ထမြောက်အောင် ကြိုးကြိုး,ပမ်းပမ်း အမှုတော်ကို ထမ်းပါမည်ဟု ဝန်ခံကြပြီးလျှင် ရွှေမော်ဓော စေတီကြီးကို မြင်းငါးရာတို့ဖြင့် ဝန်းရံကြလေသည်။

ဘုရင် တပင်ရွှေထီး, သျှင်ရဲထွတ်, အမတ်လေးကျိပ်တို့သည်ကား ကုန်းတော် ခြေရင်း၌ မြင်းကိုချုပ်ထားခဲ့ပြီးလျှင် စေတီတော်ယင်ပြင်သို့ တက်ရောက်ကြ လေသည်၊ မင်္ဂလာမှုကို ရွက်ဆောင်သော ပုဏ္ဏားတော်များလည်း နောက်တော်က လိုက်ပါကြရ၏။

စေတီအရံမ်စောင့်ဖြစ်သော တလိုင်းတို့က စေတီတော်ကြီးကို မြင်းတပ်နှင့်ဝိုင်း၍ တပင်ရွှေထီးကိုယ်တော်တိုင် ကုန်းတော်ပေါ်သို့ တက်ကြွတော်မူလာသည်ကိုမြင်လျှင် အလွန် ကြောက်လန့် တုန်လှုပ်ကြသောကြောင့် ဦးခိုက်ဝပ်တွားကာ ငြိမ်သက်စွာ ဝပ်၍ နေကြရကုန်၏၊ ကုန်းတော်ထက်မှ ဆင်းပြေးရန် လမ်းပေါက်လည်းမရှိတော့ချေ။

တောင်ငူဘုရင် တပင်ရွှေထီးသည် ရွှေမော်ဓော စေတီတော်ကြီးကို ရိုသေစွာ လက်အုပ်ချီလျက် လကျ်ာရစ် သုံးပတ်လှည့်ပြီးသော် မွေးနံတော်သိရိအရပ်ဖြစ်သော အင်္ဂါထောင့်သို့ ရောက်သောအခါ ပုဏ္ဏားတော်များက သည်အင်္ဂါထောင့်တွင် နားထွင်းသဘင် ဆင်ယင်တော် မူသင့်ပါသည်ဘုရားဟု လျှောက်ထားကြရာ တပင်ရွှေထီးလည်း ပုဏ္ဏားတော်တို့ လျှောက်တင်ချက်အတိုင်း ထိုအရပ်မှာပင် တန့်ရပ်တော်မူလေသည်။

## "တလိုင်းဘုရင် ကြားသိတော်မူခြင်း"

မြင်းတပ်ငါးရာနှင့် ရဲရင့်စွာချီလာ၍ တောင်ငူဘုရင် တပင်ရွှေထီး ရွှေမော်ဓောစေတီ ယင်ပြင်သို့တက်ကြောင်းကို စေတီတော်၏ အနီးအနားတွင်ရှိသော တလိုင်းတို့ရှေးဦးစွာ တွေ့မြင်ကြသဖြင့်နှုတ်လျှာအဆင့်ဆင့်သတင်းလွှင့်၍အုတ်အုတ်ကျွက်ကျွက်ပြောဆိုကြလေရာထိုသတင်းသည် ဟံသာဝတီနန်းတော်တွင်းသို့ မကြာခင်ဆိုက်ရောက်၍ တလိုင်းဘုရင် "သူ့ရှင်" ကြားသိတော်မူလေ၏။

ထိုအခါတမြို့လုံး ထိတ်ထိတ်ပြာပြာဖြစ်ပြီးလျှင် တုန်လှုပ်ချောက်ခြားလေရာ အချို့လူများကလည်း တပင်ရွှေထီးသည် အကြီးအကျယ်ချီတက်၍ ဟံသာဝတီ နေပြည်တော်ကြီးကို တိုက်ခိုက်သိမ်းယူတော့မည် ယခုရွှေမော်ဓော ဘုရားကုန်းတော်ကိုစီးမိပြီ ကုန်တော်ခြေရင်းမှာ မြင်းတပ်တွေဝိုင်းကုန်ပြီ ယခုအခါရွှေတပ်မျှသာ ဆိုက်ရောက်ရုံရှိသေးသည်နောက်မှချီလာသော တပ်တော်ကြီးများလည်း မကြာမှီဆိုက်ရောက်လာတော့မည် တပင်ရွှေထီးသည် ဘုန်းကြီးသော ဘုရင်ပျိုကလေးတပါး ဖြစ်သောကြောင့် မည်သူမျှခုခံနိုင်ကြမည်မဟုတ် တကယ်လို့စစ်ကြီးဖြစ်ပွါးခဲ့ပါလျှင် နေပြည်တော်အတွင်းမှာ အနစ်နာကြီး,နစ်နာ, ပျက်ကြီးစီးကုန်ကြတော့မည် ဘေးလွတ်ရာဌာနသို့ ပြောင်းရွှေ့ပြေးပုန်းမှသင့်လျော်မည် ဤကဲ့သို့အမျိုးမျိုး အထွေထွေထင်တိုင်းပြောဆိုကြပြီးလျှင် အချို့လူများကလည်း အထုပ်ကိုပြင်၍ပြေးရန် ကြံစည်၍နေကြကုန်၏ အချို့လူများလည်း သတင်းကြားစကပင် သူများတကာထက် အလျင်ဦးအောင်ထွက်ပြေးကြလေသည်။

(ထိုစဉ်အခါ တလိုင်းနှင့်မြန်မာတို့သည် လွန်စွာရန်ညိုးကြီး၍နေသောခေတ်ဖြစ်၍ မြန်မာစစ်တပ်များ ဆိုက်ရောက်လာပြီဆိုလျှင် တလိုင်းတို့မှာ လွန်စွာထိတ်လန့်လေ့ရှိကြသည် ထိုနည်းတူစွာ မြန်မာနိုင်ငံတွင်းသို့ တလိုင်းတပ်များချီတက် ဝင်ရောက်လာလျှင်လည်း မြန်မာတို့ထိတ်လန့် တုန်လှုပ်လေ့ရှိကြသည်။ တပင်ရွှေထီး၏ သတင်းမှာ လွန်စွာကြီး၍ နေသောကြောင့် တပင်ရွှေထီးချီလာပြီဆိုသော အသံကိုကြားလျှင် အသက်ဆံဖျား ထိတ်လန့်ကြသည်။

ဟံသာဝတီနေပြည်တော်ကြီး တဝှမ်းလုံး ထိတ်လန့်တုန်လှုပ်ကြသောအခါ ဘုရင်မင်းမြတ်သည် အဆောတလျင် အထိန်းတော်ဗညားလော, ဗညားကျန်းတို့နှင့် မှူးမတ်သေနာပတိများကို နန်းတော်သို့ခေါ်၍ တိုင်ပင်တော်မူသည်မှာ။

(ဘုရင်) ယခုတောင်ငူဘုရင် တပင်ရွှေထီးချီတက်လာပြီးလျှင် ရွှေမော်ဓော စေတီတော်ကြီးကို အုပ်စီး၍ ခံတပ်ပြုလုပ်နေပြီဟုတမြို့လုံး တုန်တုန်,လှုပ်လှုပ်, အုတ်အုတ်,ကြွက်ကြွက်,ဖြစ်နေသော သတင်းများ မှန်ပါသလား။

(အထိန်းတော်=ဗညားလောက လျှောက်တင်သည်မှာ)တပင်ရွှေထီးချီလာသည်ဆိုသောသတင်းမှာ အမှန်ဖြစ်ပါသည် သို့ရာတွင် တိုင်းနိုင်ငံကိုလုပ်ကြံရန် ချီတက်လာခြင်းမဟုတ်ပါဘုရားဖူးရန်လာရောက်ခြင်းဖြစ်ဟန် လက္ခဏာတူပါသည်။

(ဘုရင်) တပင်ရွှေထီး၏ စစ်သည်တော်တို့မှာ လွန်စွာများပြားသည်ဟု ကြားသိရသည် မှန်ပါသလား။

(ဗညားလော) ယခုရွှေမော်ဓော စေတီတော်သို့ ဆိုက်ရောက်တာသော စစ်တပ်မှာမများလှပါ မြင်းတပ်ငါးရာကျော်ခန့်မျှသာ ရှိမည်ထင်ပါသည်။

(ဘုရင်) နောက်ထပ်ချီလာမည့်တပ်များက အလွန်များပြားလိမ့်မည် မဟုတ်လား။

(ဗညားလော) နောက်ကတပ်တော်များ ပါသည်,မပါသည်,ကိုတော့ အမှန်အားဖြင့်မလျှောက်ထားနိုင်ပါ သို့ရာတွင် ဘုရားဖူးသာရောက်ခြင်း ဖြစ်ခဲ့ပါလျှင် နောက်ကတပ်တော်များပါလိမ့်မည်ဟု ထင်မှတ်ဘွယ်ရာမရှိပါကြောင်း။

(ဘုရင်) နိုင်ငံရေးနှင့်ချီလာသည်ဖြစ်စေ ဘုရားဖူးရန်ချီလာသည်ဖြစ်စေ တောင်ငူဘုရင် တပင်ရွှေထီးသည် ငါ့နိုင်ငံတော်အတွင်းသို့ ခွင့်ပန်တိုင်ကြားခြင်းမရှိဘဲ ဝင်ရောက်ကျော်နင်းလာသည်မှာ ငါတို့နိုင်ငံကို စော်ကားရာကျနေပြီ တပင်ရွှေထီးသည် အသက်အရွယ်နုနယ်သောအတိုင်း စိတ်နောက်ကိုပါ ထင်ရာပြုကျင့်လေပြီ တောင်ငူမှာပညာရှိအမတ်များ သို့ကလောက်ရှားလေသလော မြစ်တားခြင်းကိုမပြုကြဘူး ဘုရင်ကလေးအကြိုက်ကိုသာ အလိုလိုက်၍နေကြသည် ငါ့နိုင်ငံတော်တွင်းသို့ ချင်းနင်းဝင်ရောက်၍ စော်ကားသော တပင်ရွှေထီးကို ငါဆုံးမတော်မူမည် လက်မလွှတ်ကြစေနှင့် အရှင်ဘမ်း၍ဆက်ကြရမည်။ ဤသို့မိန့်တော်မူပြီးလျှင် ဒေါသအမျက် ချောင်းချောင်းထွက်သဖြင့် ဆက်လက်၍မိန့်တော်မမူဘဲ အတွင်းဆောင်သို့ဝင်တော်မူလေ၏။

ထိုအခါအထိန်တော် ဗညားလောနှင့် ဗညားကျန်တို့က ဦးစီးပြီးလျှင် ရွှေမော်ဓော စေတီသို့ အလျှင်အမြန်ဝန်းဝိုင်းရန် စစ်သည်တော်များကို ဆင့်ဆိုလေသည်။

(မှတ်ချက်။ ။ထိုစဉ်အခါက ဟံသာဝတီမြို့တော်သည် ယခုပဲခူးမြို့တည်ရာဌာနတွင်ရှိသည်မဟုတ် အနောက်တောင်တန်း၏အနီးတွင် တည်ရှိလေသည် ထိုမြို့ရာဟောင်း ယခုတိုင်ရှိသေး၏။ ထိုအခါဟံသာဝတီမြို့နှင့် ရွှေမော်ဓောစေတီသည် အတော်လှမ်းသည် ယခုပဲခူးမြို့၌မူကား ရွှေမော်ဓော စေတီတော်ကြီးသည် မြို့ရိုးအတွင်း သို့ရောက်နေသည် ထိုစဉ်အခါက ရွှေမော်ဓောစေတီသည် ယခုလိုမြို့ရိုးအတွင်းမှာ ရှိနေခဲ့ပါလျှင် တပင်ရွှေထီးသည် လွယ်ကူစွာနှင့် ရွှေမော်ဓောစေတီ ယင်ပြင်သို့တက်နိုင်မည်မဟုတ်ချေ ယခုရှိနေသော ဟံသာဝတီ ပဲခူးမြို့သည်ကား ဟံသာဝတီဆင်ဖြူရှင် မင်းတရားကြီးတည် ထောင်တော်မူခဲ့သော မြို့ဖြစ်ပေသည် ဟံသာဝတီဆင်ဖြူရှင် မင်းတရားကြီးဆိုသည်မှာ အခြားသူမဟုတ်ချေ သျှင်ရဲထွတ်ပင်ဖြစ်ပေသည် ထိုစဉ်အခါက ရွှေမော်ဓောစေတီမှာ မင်းညီ၊မင်းသား၊တို့တက်၍ ဆုတောင်းပတ္ထနာပြုလျှင် ဆုတောင်းသောအတိုင်းပင် အောင်မြင်သည်ဟု အယူရှိကြသည် မင်းညီ၊မင်းသား၊များကို ရွှေမော်ဓောဘုရား ယင်ပြင်တော်သို့တက်ရန် ခွင့်ပြုရိုးထုံးစံမရှိချေ ထို့ကြောင့် တလိုင်းဘုရင်သူ့ရှင်လည်း ရွှေမော်ဓောစေတီယင်ပြင်သို့ ကြူးကြူး၊ကျော်ကျော်၊ စော်စော်၊ကားကား၊တက်ရောက်သည့်အတွက် ပြင်းစွာအမျက် ထွက်လေသည်။)

ဗညားလော၊ဗညားကျန်တို့က တလိုင်း စစ်သည်တော်များကို အရေးတကြီးဆင့်ဆိုရာ အမိန့်တော်အတိုင်း တစုတဝေးထည်း လက်နက်ကိုယ်စီနှင့် ဆိုက်ရောက်လာကြကုန်၏ သို့ရာတွင် တပင်ရွှေထီး၏ တန်ခိုးအရှိန်ကြောင့် သိမ်ငယ်ကြောက်လန့်လျက် ရှိကြသောကြောင့် တလိုင်းစစ်သည်တို့သည် တပင်ရွှေထီးနှင့်ဆိုင်၍ စစ်ပြိုင်ခြင်းငှါ ခြသေ့်မင်း၏မျက်နှာကို သမင်၊ဒရယ်၊ ယုန်သငယ်၊ များမကြည့်ဝံ့သကဲ့သို့ အလိုလိုသွေးလန့်၍ နေကြလေသည်။

ဗညားလောနှင့်ဗညားကျန်တို့က အုပ်စီး၍ ရွှေမော်ဓောစေတီသို့ တလိုင်းတပ်ကြီးချီတက်လာကြရာ မြန်မာမြင်းစီးသူရဲကောင်း ငါးရာတို့ကမြင်လျှင် မလေးမခံ အရေးမှုလုဘ်လကဲ့သို့ ခန့်ခန့်ညားညားနေမြဲတိုင်းပင် စေတီကိုဝန်းရံ၍နေကြကုန်၏ တလိုင်းစစ်သည်များလည်း မြန်မာတို့အနားသို့ ရုတ်တရက်မချဉ်းကပ်ဝံ့ဘဲ ခပ်ဝေးက မြန်မာများကိုဝန်းဝိုင်း၍ထားကြပြီးလျှင် အရိပ်အဆင်ကိုသာ ကြည့်၍နေကြလေ၏။

(ထိုအခါ ရွှေမော်ဓော စေတီတော်ကြီးသည် မြန်မာစစ်တပ်၊ တလိုင်းစစ်တပ်၊တို့ဖြင့် တပ်နှစ်တပ်ဝိုင်းရံ၍လျက်ရှိလေ၏။ မြန်မာမြင်းတပ်က ကုန်းတော်ခြေရင်းက ဝန်းဝိုင်းလျက်ရှိသည် တလိုင်းတပ်များက အပြင်ခပ်လှမ်းလှမ်းက ဝန်းဝိုင်းလျက်ရှိ၏။)

တောင်ငူဘုရင် တပင်ရွှေထီးသည် ရွှေမော်ဓော စေတီတော်၏ အဂ်ါထောင့်၌ မြန်မာဘုရင်၏ ထီးနန်းစဉ်လာ မင်္ဂလာအခမ်းအနားများကို ပြင်ဆင်ပြီးလျှင် နားထွင်းမင်္ဂလာကို ပြုတော်မူလျက်ရှိသည်။ နှုတ်မစောင့်သော မြန်မာ အမတ်တဦးက တလိုင်းစစ်သည်များ ဝန်းဝိုင်းကြသည်ကိုမြင်ရာ လက်အုပ်ချီ၍ ''တလိုင်းစစ်သည်တွေ၊ ဘုရားကိုဝန်းဝိုင်းနေပါပြီဘုရား''ဟု

လျှောက်ဘင်လိုက်ရာ၊ တပင်ရွှေထီးက ရုတ်တရက် လက်သုံးတော်ဓားကိုကိုင်ပြီး၊ "သူတို့ နိုင်ငံတွင်းသို့ အတင်းကျော်နင်း၍ ချီတက်ခဲ့တာကဘဲ၊ ဘာ့ကြောင့် မပိုင်းဘဲ နေပါမလဲ၊ သည်လို ဝန်းဝိုင်းလိမ့်မည်ဆိုတာကို ငါမသိသလား၊သည်အကြောင်းကို အရေးလုပ်လို့ နင်ငါ့ကိုလျှောက်ထားရသလား"ဟု ကြိမ်းဝါးတော်မူပြီး ထိုအမတ်ကိုဘုရားယင်ပြင်မှာပင် လက်သုံးတော်ဓားနှင့် ကိုယ်တော်တိုင်ခုတ်ပိုင်းတော်မူမည်ပြုတော်မူရာ၊ သျှင်ရဲထွတ်က လက်အုပ်ချီ၍ "မင်္ဂလာပြုတော်မူမည့်ဆဲဆဲမှာ အမင်္ဂလာကို ရှောင်သင့်ပါသည်ဘုရား"ဟု လျှောက်ထားလေ၏။

ထိုအခါတပင်ရွှေထီးက လက်သုံးတော်ဓားကိုချပြီး "ဝန်းဝိုင်းတဲ့ တလိုင်းစစ်သည်တွေကို အရေးမစိုက်နှင့်၊ ငါ့နားကိုသာတဲ့တဲ့ထွင်း နားထွင်းပြီးလျှင် ငါကိုယ်တော်တိုင် တလိုင်းတပ်ကြီးကို နင်း၍ ထွက်မည်"ဟု မိန့်တော်မူလေ၏။မင်္ဂလာ ပုဏ္ဏားတော်များကလည်း ထုံးစံအတိုင်း နားကိုကောင်းမွန်စွာထွင်းရသည်။ နားထွင်းပြီးလျှင် ဆံတော်ကိုရှင်း၍ ဥသျှောင် အသစ် ထုံးတော်မူသည်။ ထိုမင်္ဂလာနှစ်ရပ်ကိုပြုတော်မူရာ တပင်ရွှေထီး၏စိတ်တော်မှာ တစုံတရာ လှုပ်ရှားသောအမူအရာမရှိချေ။ မိမိရွှေနန်းတော်အတွင်း၌ စံနေဘိသကဲ့သို့ မင်း၏ကျက်သရေဖြင့် တည်တည် တံ့တံ့ ခန့်ခန့်ညားညား စံနေတော်မူ၏။

မင်္ဂလာနှစ်ရပ်ပြီးစီးသောအခါ တပင်ရွှေထီးသည် ရွှေမော်ဓောစေတီတော်ကို ဦးသုံးကြိမ်ချ၍ "ဘုရာ့တပည့်တော့သည် အရှင့်ဘုန်းရိပ်ကို ခိုလှုံ၍ ငယ်ရွယ်စဉ်က ကြံစည်ရင်း ရှိသောအတိုင်း နားထွင်းမင်္ဂလာ, ဥသျှောင်ထုံးမင်္ဂလာများကို အောင်မြင်စွာဆောင်ရွက်ရပေပြီ။တပည့်တော်သည် ရာမညတိုင်း တလိုင်းသုံးရပ်ကိုအုပ်စိုး၍ ရွှေမော်ဓောဘုရားရှင်ကို အစဉ်မပြတ်ပူဇော်ဝပ်လျှိုးရှိခိုးဆည်းကပ်ရပါလို၏ဘုရား"ဟု ဆုတောင်းလေ၏။

ဤသို့ဆုတောင်းပြီးသည်နှင့် တပြိုင်နက်၊ ပထဝီမြေကြီးက တောင်းသော ဆုအတိုင်း ပြည့်စုံလိမ့်မည်ဟု သက်သေခံသောအလား တော်သံဟိန်း၍ ပြင်းစွာ တုန်လှုပ်လေသည်။ မြေလျင်ကြီးစွာလှုပ်ရှားသောအခါ ဝန်းဝိုင်း၍နေသော တလိုင်းတို့သည် ထိတ်ထိတ်ပြာပြာ လွန်စွာကြောက်လန့်သဖြင့် အချို့သောသလိုင်းစစ်သည်တို့လက်မှ စွဲကိုင်ထားသော ဓား, လှံ,လက်နက်များသည် မြေသို့လွှတ်ကျလေကုန်၏။

ဘုရင်တပင်ရွှေထီးသည် မိမိကိစ္စတော်များ ပြီးစီးသောအခါ ကုန်းတော်ပေါ်မှ သက်ဆင်း၍ သတ္တုရုဇေယျမြင်းတော်ကိုစီးပြီးလျှင် လက်သုံးတော်ဓားကိုထောင်၍ ကိုင်တော်မူပြီးလျှင် "တောင်ငူဘုရင်တပင်ရွှေထီး၊ ဘုန်းကြီးသူငါဖြစ်သည်၊ ငါ့မျက်နှာနှင့်ဆိုင်၍ ဘယ်သူစစ်ပြိုင်ဝံ့မံလဲ"ဤသို့ကြိမ်းတော်မူပြီးလျှင် မြင်းတော်ကို ဇက်ကုန် လွှတ်၍ တဟုန်တည်း စိုင်းနှင်တော်မူလေ၏။ သျှင်ရဲထွတ်လည်း ဘုရင်အပါးတော်က မခွဲမခွာ၊ မြင်းကိုအတင်းနှင်၍ လိုက်လေသည်။ မြင်းငါးရာတို့လည်း တဟုန်တည်း အပြင်းနှင်၍ နောက်တော်က လိုက်ပါကုန်၏။ တပင်ရွှေထီးသည် လူထူထပ်သောနေရာသို့ တဲ့တဲ့စိုင်းနှင်တော်မူပြီး တလိုင်းစစ်တပ်များကိုအတင်းနင်း၍ထွက်တော်မူရာ တလိုင်းစစ်သည်တော်များလည်း ကြောက်အား, လန့်အားနှင့် အလိုလိုရှောင်ရှား၍ပေးကြရသည်။ မည်သူတဦးတယောက်မျှ မြန်မာစစ်သည်တော်များကိုထိပါးဝံ့သူမရှိချေ။ လက်နက်ကိုပိုက်ပြီး ငေးစိုက်၍သာ နေရစ်ကြလေ၏။

ဗိုလ်ချုပ်လုပ်သော ဗညားလောနှင့် ဗညားကျန်းတို့လည်း တပင်ရွှေထီး၏ ရဲရင့်သော အမူအရာကိုမငေး၍ကြည့်ရှုကြပြီးလျှင် "ကျော်စောသောအတိုင်း မှန်ပါပေသည်။ "ခြင်္သေ့ကေသရီကဲ့သို့၊ အာဇာနည်မှန်ပါပေသည်၊ ရဲသွေး,ရဲမာန်,ထက်သန်လှပါပေသည်။ တပင်ရွှေထီးသာ ကြံခဲ့ပါလျှင်၊ ဘယ်နိုင်ငံမျှခံနိုင်ဘို့မရှိ" ဟု ချီးမွမ်း၍ နေကြလေ၏။

တပင်ရွှေထီးလည်း တစုံတရာမျှအနှောက်အရှက်မထိဘဲ မိမိအကြံတော်များ အောင်မြင်ပြီးလျှင် ကေတုမတီနေပြည်တော်ကြီးသို့ ရွှင်ရွှင်,လန်းလန်း,ချမ်းချမ်း,မြမြ,ပြန်လည်ဆိုက်ရောက်တော်မူလေသတည်း။

ဘုရင်အဖြစ်သို့ရောက်တော်မူပြီးနောက် ရွှေမော်ဓောစေတီသို့ထွက်တော်မူခြင်းမှာ၊ ရှေးဦးစွာသောပွဲဖြစ်၍ တလိုင်းရန်များကို နှိပ်နင်းတော်မူခဲ့သည်မှာလည်း ရှေးဦးစွာသောအောင်ပွဲတော်ကြီး ဖြစ်လေသည်။

### ဘုရင်တပင်ရွှေထီး၏ နားထွင်းမင်္ဂလာ အောင်မြင်ကြောင်းနှင့် စပ်လျဉ်း၍၊ ဗျူစက္ကိပျို့၌ ဘွဲ့ဆိုရေးသားအပ်သော အချက်ကို သက်ဆိုင်သည့် အားလျော်စွာ ထည့်သွင်း ဖော်ပြလိုက်ပါသည်။

မြို့ကြီးတောင်ငူ၊ ဆောင်းထီးဖြူဖြင့်၊ စိုက်ထူဖြန့်မိုး၊ တပါးစိုး၏၊ ပဲကိုးဟသ်ာ၊ ကိုးမြို့မှာလျှင်၊ စကြာဖြန့်လွှား၊ မင်းတပါးတည့်။ တိုင်းကားခရိုင်၊ သို့မဆိုင်လျက်၊ သူ့နိုင်ငံတွင်း၊ နားကိုထွင်းအံ့၊ စီးမြင်းရံကာ၊ ပေါင်းငါးရာနှင့် မဟာမြတ်မော၊ လွန်ကျော်စောသည့်၊ မော်ဓောဘုန်းလျှံ၊ ရှင်ပင့်ထံဝယ်၊ ပွဲခံမင်္ဂလာ၊ နားထွင်းလာသော်၊ အုတ်အာသောသော၊ လျှင်တဆောတီ၊ မြင်းရောဆင်ပါ၊ ရောရှက်ခါလျှင်၊ ဟသ်ာဝတီ၊ တိုင်းလုံးညီလည်း၊ ထိုဤမထင်၊ မင်းသဘင်ဝယ်၊ ရွှေစင်လျှပ်လျှပ်၊ နားတော်တပ်သည့်၊ ရွှေအပ်သိင်္ဂါ၊ ရတနာကို၊ တည့်သာတည့်စေ၊ မိန့်သံခြေဖြင့်၊ ကျက်သရေခေါ်၊ ပွဲကြီးသော်မူ၊ မြင်းတော်အသာ၊ ရွှေကြိုးကသား၊ ဇေယျဗာဟု၊ သတ္တရုထက်၊ ရုပ်ထုရွှေစင်၊ ထားလိုက်တင်သို့၊ ဘုရင်တပင်ရွှေထီး၊ ဘုန်းတော်ကြီးသည်၊ နေမိုးစက်သွား၊ ငါတကားဟု ကြုံးဝါးတူရှု၊ ထွက်တော်မူက၊ သူ့သူတလိုင်း၊ မြင်လေတိုင်းပင်၊ ညွတ်ကိုင်းတိမ်းရှိုင်၊ မလှုပ်နိုင်ဘဲ၊ တွေးမှိုင်ယောင်ယမ်း၊ မျှော်ကာ တမ်းလျက်၊ ချီးမွမ်းကြောက်ညင်၊ နတ်သားထင်သည်။ ထွဋ္ဌတင်မြန်မာ့ မင်းမျိုးတည်း။

(မှတ်ချက်။ ။အချို့သော သူတို့က ခေတ်ကာလဆန်းသော မိမိဉာဏ်ကလေးဖြင့် ခပ်တိမ်တိမ်တွေးကြပြီးလျှင် တပင်ရွှေထီးသည် ရန်သူဖြစ်သော တလိုင်းနိုင်ငံ အတွင်းသို့ ရဲရင့်စွာသွားရောက်၍ ရွှေမော်ဓောစေတီယင်ပြင်၌ နားထွင်းတော် မူသည်ဆိုသော ရာဇဝင်စကားမှာ ယုံဘွယ်မရှိ၊ ချဲ့ထွင်၍ရေးသားထားသည်ဟု ပြောဆိုတတ်ကြလေသည်။ ထိုသူတို့သည် လူတို့၏ ဘုန်းသမ္ဘာကိုယုံကြည်ခြင်းမရှိသောကြောင့် ထိုကဲ့သို့ အတွေးမျိုးကို တွေးတောကာပြောဆိုကြဟန်လက္ခဏာရှိချေသည်။ ဘုန်းသမ္ဘာကိုမယုံကြည်လျှင် ရှင်တော်ဘုရား ဟောကြားတော်မူသော ကံနှင့် ကံ၏အကျိုးများကို ယုံကြည်ကြသောသူများဟူ၍မဆိုနိုင်ချေ။ ကံ၏အကျိုး ဝိသေသများ

သည် လွန်စွာဆန်းကြယ်လှ၏။ ခေတ်ကာလခြင်းလည်း ခြားကွာလျက်ရှိသည်။ ယခုခေတ်၌မဖြစ်တန်သော်လည်း၊ ရှေးရှေးခေတ်တို့၌ မဖြစ်နိုင်ဘူး ဟူ၍ မထင်မြင်သာချေ။ ရာဇဝင် ဆရာတို့သည် သိမှိုလိုက်သော သူတို့မှတ်သားထားသော မှတ်တမ်းများကိုသာ အကိုးအကားပြု၍ ရေးသားကြရသည်။ ထိုကြောင့်၊ မယုံကြည်နိုင်ဘူးဟူသော စကားနှင့် လွဲချော်သော တွေးလုံးများကို ထပ်မံ၍ စဉ်းစားသင့်ကြပေသတည်း)။

(မှတ်ချက်။ ။ဤတပင်ရွှေထီး ဝတ္ထုတော်ကြီး၌ နောင်လာ လတ္တံ့သော အခန်းတို့မှာ စစ်ရေးစစ်ခန်းတို့သာ များတော့မည်။ သိင်္ဂါရ-ရသ ခေါ်သော ချစ်ခင်စုံမက်ခန်းများ နည်းပါးတော့မည်။ စစ်ထိုးခန်း များသည် အမျိုးသားတို့၏ ဇာတိသွေးကို သန်စွမ်း စေနိုင်သောကြောင့် ထိုအခန်းများကိုလည်း ယောကျ်ားပြီသစွာနှင့် ဇာတိမာန် ထက်သန်ကြစေရန် လေးလေးစားစား ဘတ်ရှုသင့်ကြပေသည်။ စစ်ထိုးခန်းများသည် အလင်္ကာကျမ်း၌ ပြဆိုအပ်သော ရသကိုးပင်းတွင် ဝီရရသ-ရဲရင့်သောဂုဏ်အရသာ၊ ဘယာနကရသ-ကြောက်လန့်ဘွယ်သော ဂုဏ်အရသာ၊ ဝိမှယရသ-အံ့သြဘွယ်သော ဂုဏ်အရသာမှစ၍ ထက်မြက်သော အရသာဂုဏ်များကို တိုးပွါးစေနိုင်သည်။ လောကီဓမ္မတာ ကမ္ဘာ့ရာဇဝင်၌ ယောကျ်ားဖြစ်လျှင် စစ်ရေး၌ ကျွမ်းကျင်ရမည် ဆိုသော အတိုင်း ယောကျ်ားကောင်း ပြီသလိုသောသူများသည် စစ်မှုရေးရာကို ပညာဗဟုသုတ တမျိုးထား၍ မှတ်သား သတိပြုသင့်ပေသည်။ တပင်ရွှေထီးသည် မင်းပျိမင်းလွင် နုနုနယ်နယ်နှင့် ဘုရင်အဖြစ်သို့ ရောက်ခဲ့ရာ၊ ထီးနန်းရိပ်ငြိမ်၊ ကာမဂုဏ် စည်းစိမ်တို့ဖြင့် နန်းတော်ပေါ်မှာ ပျော်ပျော်ပါးပါး စံစားမနေမော၍ နေတော်မမူဘဲ စစ်မှုရေးရာတွင် ကိုယ်တော်တိုင် ပါဝင်၍ အစဉ်သဖြင့် တိုက်ခိုက်တော် မူကြောင်းများကိုလည်း ထင်ရှားစွာ သိကြရပေလိမ့်မည်။ ဝတ္ထုဆိုသည်မှာ ဘတ်ရှုသော သူတို့၏ စိတ်နှလုံးကို ဆိုင်ရာဆိုင်ရာ ဗဟုသုတ အရသာတ်ဖြင့် တိုက်ကျွေးသော စာမျိုး ဖြစ်လေသည်။ ချစ်ခန်း, ကြိုက်ခန်း, ပျော်ပါးခန်း သက်သက်ချည်းသာ ဖြစ်၍နေပါလျှင် ဘတ်ရှုသူတို့၏စိတ်ကို ပျော့အောင်အရေကျိုပေးသကဲ့သို့ ဖြစ်တတ်လေသည်။ အလွမ်းသက်သက်ချည်းသာ ဖြစ်၍နေပါလျှင် ဘတ်ရှုသူတို့၏စိတ်ကို ခြောက်သည်ထက်ခြောက်အောင် နေပူလှမ်း မီးကင်ပေးသည်နှင့်တူသည်။ စစ်ထိုးခန်း သက်သက်ချည်း ဖြစ်၍နေပါလျှင် စိတ်ဆိုးအောင် ဆွ၍ပေးသည်နှင့်တူသည်။ ကြောက်လန့်ခန်း သက်သက်ချည်း ဖြစ်ပါလျှင် လှန့်၍ ပေးသည်နှင့်တူသည်။ သို့ဖြစ်၍ ဝတ္ထုရေးသားရာ၌ အရသာမျိုးစုံ ပါဝင်စေလျက် ရံခါရံဘန် ဘတ်ရှုသူတို့၏စိတ်ကို အရည်ဖျော်ပေးခြင်း၊ ရံခါရံဘန် နေပူလှမ်း၍ ပေးခြင်း၊ ရံခါရံဘန် စိတ်ကို ဆွ၍ပေးခြင်း၊ ရံခါရံဘန် လှန့်၍ပေးခြင်း၊ ဤကဲ့သို့သော အရသာများကို ပါဝင်စေသောအားဖြင့် ရေးသားသင့်ပေသတည်း။)

## ''ဟံသာဝတီသို့ အစမ်းချီတော်မူခြင်း''

တောင်ငူဘုရင် တပင်ရွှေထီးသည် ရွှေမော်ဓောစေတီယင်ပြင်၌ နားထွင်း မင်္ဂလာပြီးစီးအောင်မြင်၍ နေပြည်တော်သို့ ပြန်လည်ဆိုက်ရောက်သောအခါကစ၍ တလိုင်းတို့၏ လက်ရုံးနှင့် စွမ်းအင်သတ္တိများကို ရိပ်မိပြီးဖြစ်သောကြောင့် ကိုယ်တော်တိုင်ချီတက်၍ ဟံသာဝတီ နေပြည်တော်ကြီးကို လက်ရသိမ်းပိုက်တော်မူရန် သံမိဋ္ဌာန်ချလိုက်လေ၏။

တနေ့သောအခါ ညီလာသဘင် စုံလင်သည့် အစည်းအဝေးတွင် စစ်ရေးနှင့်စပ်၍ တိုင်ပင်တော်မူသည်မှာ။

(တပင်ရွှေထီး) ခမည်းတော်ဘုရားရဲ့ ဘုန်းလက်ရုံးပညာများကိုလဲ မင်းကြီးတို့ သိပြီးပင် ဖြစ်ကြတယ်၊ လိုရင်းမှာတော့ ခမည်းတော်ဘုရားရဲ့ ဂုဏ်သတင်းကျော်စောတော်မူခြင်းဟာ သေနင်္ဂဗျူဟာ စစ်ရေးစစ်ရာ လွန်စွာထက်မြက်၍ လက်နက်ကို အသုံးပြုတော်မူလို့ဘဲ မဟုတ်လား”

(မှူးမတ်များ) “မှန်လှပါကြောင်းပါဘုရား”

(ထီး) ငါကိုယ်တော်အရှင်မြတ်လဲ ခမည်းတော် ဘုရားရဲ့ အရိပ်အရာကို ဆက်ခံခဲ့တဲ့အတိုင်း ခမည်းတော်ဘုရားရဲ့ ခြေရာကို နင်းတော်မူရလိမ့်မယ်၊ (လက်ရုံးနှစ်ဘက်ကို ဆန့်တန်းတော်မူပြီး) ဇမ္ဗူဒီပါတွင် တပင်ရွှေထီးရယ်လို့ သီးသီးခြားခြား ဘုန်းကံနှင့်ဘွားလာတဲ့ ဘုရင်ဖြစ်တယ်၊ ဘွားမြင်တော်မူတဲ့ အချိန်မှာ ကောင်းကင် ဝရဇိန်, လက်နက်ရှိန်ဟာ တထိန်ထိန်တောက်လင်းရတယ်မဟုတ်လား၊ ငါ့လက်ရုံးအားနှင့်ကြံလျှင် ဘယ်နိုင်ငံခံနိုင်မလဲ”

(အထိန်းတော်မင်းရဲသိခ်သူ) “မှန်လှပါ၊ ဘုန်းသမ္ဘာနှင့် တေဇာတော် တန်ခိုးရှင်ကို ဘွားမြင်တော်မူတဲ့အခါ ဝေဟင်အာကာ အဇ္ဇာက၊ ဝဠာကြိုးဟစ်၊ မိုးကြိုးထစ်လျက်၊ လျှပ်စစ်မီးရောင်၊ တပြောင်ပြောင်ဖြင့်၊ အခေါင်အဖျား၊ ထူးထွေသော တိတ်, နိမိတ်များနှင့် ဘွားမြင်၍လာကြောင်း၊ နိုင်ငံအပေါင်းကပင် ကောင်းစွာ သိပြီးဖြစ်ကြပါတယ်၊ ဇာတာတော်များမှာလဲ ထူးခြားထက်မြက်၍ လျှာစက်,အာစက်မှစ၍ စက်လက္ခဏာအထူးထူးတို့လဲ ကွန့်မြူး ပါရှိတော်မူသောကြောင့် လက္ခဏာကြန်အင် ဗေဒင်တတ်သိ၊ ပညာရှိအများကပင် အရှင့်လက်ရုံး၊ အရှင့်ဘုန်းနှင့် နှိမ်ရလျှင် ဇိဝိန်ရှိတဲ့မင်းကိုထားဘိ၊ ကျောက်သားပကတိသော်မှ ယိမ်းယိုင်လို့ ခရမည်ဟု မှချကိန်းဖြင့် အဟောစာတမ်းဘတ်ပြီး ရှိပါသည်။ လက်ရုံးတော်တကြိမ်လျှင် နန်းပေါင်းတရာ ပြိုပျက်ရမည် မှန်ပါကြောင်းပါဘုရား”

(ထီး) ငါကိုယ်တော်မြတ်မှာ နုနုပျိုပျိုနှင့် ဘုရင့်အဖြစ်သို့ ရောက်တော်မူခဲ့ရာ သန်စွမ်းတဲ့ လက်ရုံးကို စစ်ရေး၌အသုံးပြုတော်မူရလိမ့်မယ်၊ မင်းကေရာဇ်ဖြစ်ပါလျက် စစ်ရေးကို မကြိုးပမ်းလျှင် ညှိုးနွမ်း ခြောက်သွေ့တတ်တယ်လို့ ပညာရှိများ မိန့်ကြားတော် မူခဲ့ကြတယ် မဟုတ်လား။

(အထိန်းတော်သတိုးဓမ္မရာဇာ) မှန်လှပါ၊ နီတိဆရာကြီးများ မိန့်ဆိုတော်မူသောအချက်ကို လျှောက်တင်ပါရစေဘုရား။ ။အမျိုးကောင်းသွီးဖြစ်လျက် အရှက်မရှိလျှင် ညှိုးနွမ်း ခြောက်သွေ့တတ်၏၊ ပြည့်တန်ဆာမဖြစ်လျက် အရှက်ရှိလျှင် ညှိုးနွမ်း ခြောက်သွေ့ တတ်၏၊ ပညာရှိဖြစ်လျက် မာနတက်လျှင် ညှိုးနွမ်း ခြောက်သွေ့တတ်၏၊ ရဟန်းဖြစ်လျက် သူတပါးကို မသနားတတ်ဘဲ ရက်စက်လျှင် ညှိုးနွမ်းခြောက်သွေ့တက်၏၊ ပြည့်ရှင်မင်း ဖြစ်လျက် အသနားဖက်၍ စစ်မက်မလိုလားလျှင် ညှိုးနွမ်းခြောက်သွေ့တတ်၏။ ။သည်ကဲ့သို့ နီတိကျမ်းများတွင် အဆိုရှိပါသည်၊ ယခုအခါ အရှင်၏ သဘောထားပုံများမှာ နီတိကျမ်းနှင့် ညီညွတ်လှပါသည်ဘုရား။

(ထီး) မင်းစည်းစိမ်ရသဖြင့် ကာမစည်းစိမ်ကိုခံစား၍ ထီးနန်းပေါ်မှာ ပျော်ပျော်နေသဖြင့် ဘာအကျိုးရှိမလဲ၊ ကာမဂုဏ်အစိမ့်ကိုင်လျှင် လောင်းရိပ်ခိုတဲ့ သစ်ပင်များပမာ ကြုံလို၍ သွားမှာ အမှန်ဘဲ၊ အဲ-သို့ကြောင့် အချိန်ကုန် ခံတော် မမူလိုဘူး၊ ခမည်းတော်ဘုရား တည်ထောင် ထားတော်မူခဲ့တဲ့ ကေတုမတီရွှေနန်းတော်ကြီးရဲ့ အရိပ်ကို ဇမ္ဗူဒိပ်တဝှမ်းလုံး လွှမ်းမိုးစေလိုတယ်၊ ကဲ-လျှောက်တင်စမ်းကြပါ၊ ဟံသာဝတီကို ရှေးဦးစွာ စစ်ချီ၍ တိုက်သင့်သလား၊ အဝနေပြည်တော်ကို ရှေးဦးစွာတိုက်သင့်သလား။

(ထိုအခါ အထိန်းတော် သဘိုးဓမ္မရာဇာနှင့် အထိန်းတော် စည်သူကျော်ထင်တို့က ထင်မြင်သောအတိုင်း လျှောက်တင်ကြသည်မှာ) ကျွန်တော်တို့အထင်မှာ အဝမြို့တော်ကြီးကို ရှေးဦးစွာ စီး၍ မီးတမီးငြိမ်းသောအခါမှ ဟံသာဝတီကိုချီတိုက်သိမ်းပိုက်တော်မူရန် သင့်လျော်တယ်လို့ ထင်ပါသည်ဘုရား။ ။အကြောင်းကို လျှောက်တင်ရမည်မှာ ယခုအခါ ဟံသာဝတီသည် ပြည်မြို့နှင့် ပေါင်းနေသဖြင့် အားအင်ရှိဆဲဖြစ်ပါသည်၊ တောင်ငူမြို့တော်ကိုပင် စတင်၍ တိုက်ခိုက်ရန် အကြံယူနေပါသည်။ ။အဝနေပြည်တော်တွင် ရှမ်းဘုရင် သိုဟန်ဘွားအုပ်စိုးနေသဖြင့် မြန်မာအမတ်,ရှမ်းအမတ်တို့ ညီညွတ်စည်းလုံးခြင်းမရှိကြပါ၊ နိုင်ငံသူ,နိုင်ငံသားတို့မှာ မြန်မာများဖြစ်ပါသဖြင့် မိစ္ဆာမျိုးဖြစ်သော သိုဟန်ဘွားကို ကြည်ညိုခြင်းမရှိကြပါ။ ။တောင်ငူက အရင်ချီတော်မူ၍ တိုက်သိမ်းတော်မူရပါလျှင် လွယ်စွာနှင့် ရနိုင်မည့်အကြောင်းရှိပါသည်၊ သို့ပါ၍ အဝနေပြည်တော်ကြီးကို လက်ဦးစွာ စီးဘို့သင့်ကြောင်း လျှောက်တင်ပါသည်ဘုရား။

(လျှောက်တင်ချက်ကိုကြားရာ တပင်ရွှေထီးလည်း သူတို့လျှောက်သည်မှာ အကြောင်းဟုတ်လှပေသည်ဟု နှစ်ချိုက်သောအမူအရာဖြင့် နားစိုက်တော်မူနေသည်၊ ထိုပြင် တခြားမှူးမတ်သေနာပတိများလည်း မည်သို့မျှ အထူးအထွေ မလျှောက်မတင်ကြဘဲ နှစ်ချိုက်သော အမူအရာနှင့်ပင် ဆိတ်ငြိမ်စွာငုံ့၍နေကြသည်။

(ထိုအခါ သျှင်ရဲထွတ်က ရှိခိုး၍ ရဲရင့်စွာ လျှောက်တင် သည်မှာ) ကျွန်တော်အထင်မှာ ဟံသာဝတီကို ရှေးဦးစွာ တိုက်သိမ်းဘို့သင့်သည် ထင်ပါကြောင်းပါဘုရား။ ။အကြောင်းကို လျှောက်ရမည်မှာ ဟံသာဝတီသည် ပြည်မြို့နှင့်ပေါင်း၍ အားရှိနေခိုက် ဖြစ်ကြောင်းမှန်ပါသည် အဝနေပြည်တော်မှာ အချင်းချင်းကွဲပြား၍ အင်အားနွဲ့ခိုက် ဖြစ်ကြောင်းလဲမှန်ပါသည်။ ။အားရှိသောနိုင်ငံကို ရှေးဦးစွာဖြိုမှ သင့်ပါမည်။ ။တကယ်လို့ အဝမြို့တော်ကို ရှေးဦးစွာ ချီတက် တိုက်ခိုက်မည် ဆိုပါလျှင် ထိုအခိုက်တွင် လံသာဝတီဘုရင်နှင့် ပြည်ဘုရင်တို့က တောင်ငူကို အမြန်ချီ၍ မတိုက်ခိုက်ဘဲ နေကြမည်မဟုတ်၊ အလစ်ကိုသုတ်ရန် ချောင်းနေသော သိန်းငှက်စွန်ငှက် နှစ်ကောင်ကဲ့သို့ တောင်ငူကို မှန်း၍ နေကြပါသည် အဝနေပြည်တော်မှာ မင်းကြီး ရန်နောင်က မြန်မာတို့ချမ်းသာအောင် ရှက်ဆောင်နေသော အချက်များလည်း ထင်ရှား လှပါသည်။ ။ဟံသာဝတီကိုချီခိုက်မှာ အဝနေပြည်ဘော်က တောင်ငူသို့ချီ၍ တိုက်ခိုက်ရန်အကြောင်း မမြင်ပါ၊ မင်းကြီးရန်နောင်သည် တောင်ငူကို မေတ္တာရှိရင်း ဖြစ်သောအတိုင်း သိုဟန်ဘွားက တိုက်ခိုက်လိုသော်လဲ တောင်ငူကို မထိပါးအောင် မင်းကြီးရန်နောင်က တနည်းနည်းဖြင့် ရှက်ဆောင်မည် အမှန်ဖြစ်ပါသည်။ ။မင်းကြီးရန်နောင် ထံမှ သူလျှိုနှင့် သဝဏ်လွှာ များလည်း

မကြာမကြာ ရောက်လာလျက် ရှိပါသည်။ ။ဟံသာဝတီကို နိုင်လျှင်လဲ ပြည်မြို့ကို နိုင်မည် အမှန်ပါ၊ ဟံသာဝတီနှင့် ပြည်ကို လက်ရ သိမ်းပိုက်မိခဲ့ပါလျှင် အဝနေပြည်တော် အရေးမှာ အလွယ်ကလေးရှိပါတော့သည်၊ မင်းကြီးရန်နောင်က အတွင်းစက် လွဲထားပြီးဖြစ်သော အတိုင်း ဗိုလ်ပါလက်နက်ကို အသုံးမပြုဘဲ လက်ဝါးပြရုံနှင့် အဝနေပြည်တော်ကြီးကို ရနိုင်ပါလိမ့်မည်၊ ဟံသာဝတီက အင်အားကြီးသည်ဆိုသော်လဲ ရှုညွန့်ထဲတွင် ကြီးပွါးရသော တလိုင်းတို့ အင်အား ကို ကျွန်တော်တို့ တောင်ငူက အမှုထားလောက်သည် မထင်ပါ။ ။နားထွင်းမင်္ဂလာ ပြုတော် မူရန် ထွက်တော်မူစဉ် ကပင်လျှင် တလိုင်းတို့ သူရဲဘောမျှားကို ရိပ်မိတန်သမျှ ရိပ်မိခဲ့ပါပြီ၊ သို့ဖြစ်၍ ဟံသာဝတီကို ရှေးဦးစွာ ချီတက်တိုက်ခိုက်ရန်သင့်ပါကြောင်း ပါဘုရား။

ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်၏ လျှောက်တင်ချက်ကိုကြားရ မျှားစွာအကြောင်း လုံလောက်သဖြင့် ဘုရင် တပင်ရွှေထီးလည်း အားရနှစ်သက်သော အမူအရာနှင့် ပြုံးတော်မူ သည်၊ ဗိုလ်ပုံပရိသတ်မျှားကလည်း သျှင်ရဲထွတ် လျှောက်တင်ချက်ကို အထူး နှစ်သက်ကြသဖြင့် "နောင်တော် ကျော်ထင်နော်ရထာ လျှောက်တင်ချက်အတိုင်း သင့်လျော်ပါသည် ဘုရား" ဟု သူ့ထက်ငါ ရှိခိုးလျှောက်တင်ကြလေ၏။

(ထိုအခိုက်တွင် သျှင်ရဲထွတ်၏ ခမည်းတော် အထိန်းတော်ကြီး မင်းရဲသိင်္ခသူက လျှောက် တင်ပြန်သည်မှာ) ယခု ကျော်ထင်နော်ရထာ လျှောက်တင်ချက်ကို အမျှား သဘောကျသော အတိုင်း ကျွန်တော်လဲနှစ်ချိုက်ပါသည်။ ။ထိုပြင် လျှောက်တင်ရန် တခုမှာ တိုင်းနိုင်ငံရေးနှင့် စပ်၍ အဝမြို့တော် မင်းကြီးရန်နောင်ထံမှ တမန်သူလျှိုနှင့် သဝဏ်လွှာမျှား ယနေ့နံနက် စော စောကပင် ဆိုက်ရောက် လာပါသည်၊ ရွှေတော်သို့ သွင်းရန် အကြောင်းပါ ဘုရား။ ။ဤသို့ လျှောက်တင်ရာ "သွင်းစေ"ဟု အမိန့်တော်ကျသည်နှင့် အဝမြို့တော်က တမန်ကို ရွှေတော်သို့ ဆက်သွင်းလေ၏၊ ဘုရင်မင်းမြတ်သည် တမန်သူလျှိုနှင့် အနည်းငယ် မေးမြန်းပြောဆိုတော်မူပြီး လျှင် မင်းကြီး ရန်နောင်၏ သဝဏ်လွှာကို ဘတ်လျှောက်ရန် အမိန့်တော်ရှိရာ အောက်ပါ အတိုင်း သျှင်ရဲထွတ်က ဘတ်လျှောက်လေ၏။

## "မင်းကြီးရန်နောင်၏ လျှောက်တင်စာ"

လျှောက်ထားပါသည် တောင်ငူရွှေနန်းရှင်။ ။အဝနေပြည်တော်၏ အဖြစ်အပျက်မျှား မှာ တနေ့တခြား ဆိုးဝါး,ဆိုးဝါး၍ လာပါသည်၊ ရှမ်းအမတ်မျှားလည်း တစ,တစ ကမ်းတက် ၍ လာကြပါသည်၊ မြန်မာနှင့် ဗုဒ္ဓဘာသာ၏ အညွန့်ကို ချိုးနှိမ်လိုသောစိတ် အငွေ့အသက်မျှား အစပေါ်၍ လာပါသည်။ ။ရှမ်းအမတ်နှင့် မြန်မာအမတ်မျှား ကိုယ်ချင်းပေါင်းသင်းကြသော် လည်း အတွင်းစိတ်ချင်းမှာ ခြားနားသည်ထက် ခြားနားလျက် ရှိနေပါသည်၊ အမျိုးမှန်းမသိ, သာသနာမှန်းမသိ စိတ်ထားသေးသိမ်သော အချို့ မြန်မာမျှားသည် ရှမ်းမျှားကို အားကိုးကြ ပါသည်၊ သို့ရာတွင် ထိုသူတို့အတွက် အရေးစိုက်ရန် မလိုပါ၊ ကျွန်တော့်လက်မှာ အရေးပါ သော မြန်မာမှန်သမျှ ရှိပါသည်။

ယခုဟံသာဝတီဘုရင်, ပြည်ဘုရင်တို့က သိုဟန်ဘွားနှင့် မဟာမိတ်ပေါင်းသင်းရန် တမန်အကူးအသန်းရှိနေပါသည် သိုဟန်ဘွားကိုလည်း ခန့်ငြားကြပါသည် ဟံသာဝတီ, ပြည်, အဝ,ဘုရင်သုံးပါး ပေါင်းသင်းစည်းလုံးမိလျှင် တောင်ငူကိုကြိတ်ခြေရန် ကြံကြပါသည် သို့ရာတွင် အဝနိုင်ငံတော်တွင်ရှိသော မြန်မာတို့က မြန်မာအချင်းချင်း ညှင်းဆဲနှိပ်စက်ရန်မလိုလားကြပါ လွှမ်းမိုးသောရှမ်းကိုသာ ခုခံဖြိုဖျက်ရန်အတွင်း ကြိတ်ကြံလျက် ရှိနေကြပါသည် သိုဟန်ဘွားသည် မိစ္ဆာအယူရှိသော သူဖြစ်သော်လည်း ရှေးဘုန်းရှေးကံ အတော်ထက်သန်သူဖြစ်ပါသည် သိုဟန်ဘွားဆိုလျှင် အလိုလိုကြောက်လန့်သူများပါသည် ရှမ်းတို့ရန်ကိုခုခံဖြိုဖျက်ဘို့အရေးမှာ ကျွန်တော်ပင် အချုပ်အခြာဖြစ်ပါသည် မိစ္ဆာရှမ်းရှိုင်း၏ အရမ်းမဲ့ဘုန်းတန်ခိုးကြီးမားခြင်းမှာ တခေတ္တသာဖြစ်မည် ထင်ပါသည် သာသနာတော်စောင့်နတ်များကလည်း အစဉ်သဖြင့်ကြည့်ရှုနေမည်မထင်ပါ တနေ့နေ့တွင် ကျွန်တော်အကြံအမှန် အောင်မြင်ပါလိမ့်မည်။

အထူးသဖြင့် လျှောက်တင်လိုသည်မှာ အရှင်တောင်ငူရွှေနန်းရှင်သည် ငယ်ရွယ်စဉ်ကပင် ဘုန်းသမ္ဘာကြီးမားသည်ဟု ကျော်စောသည့်အတိုင်း ယခုလည်းအရွယ်တော်နုနု, ပျိုပျို,နှင့်အထွတ်အမြတ်သို့ ရောက်တော်မူခဲ့ရာ စိတ်မာန်နှင့်လက်ရုံးမာန်ထက်သန် တုန်းအခါဖြစ်၍ စစ်ရေးကိုလေးလေး,စားစား အားစိုက်တော်မူစေချင်ပါသည် အရှင့်ခမည်းတော်ကြီးသည် လက်ရုံးအစွမ်းဖြင့် တုဘက်ကင်းအောင် အလံထောင်၍လာသော အာဇာနည်ပုဂ္ဂိုလ်အစစ်ကြီးဖြစ်ခဲ့ပါသည် ထိုနည်းအတိုင်းမသွေ သာလွန်၍ဖြစ်စေရန် လက်ရုံးများကို ဖြန့်လွှားတော်မူပါ ပျိုနုတုန်းမှာ ဘုန်းလည်းတိုးတက်စမြဲ ဖြစ်ပါသည် အရှင်ကြံတော်မူလျှင် အောင်မြင်မည်မလွဲဟု ကျွန်တော်ယုံကြည်ပါသည်။

အလျှင်တဆော အရေးကြီးသည်မှာ ဟံသာဝတီ,ပြည်,အဝ သုံးနိုင်ငံမပူပေါင်းမီ အရှင်က စောစောစီးစီးတင်ကြို၍ စစ်ရေးဖြင့်အစွမ်းပြတော်မူပါ အဝမြို့တော်အတွက်မှာ ကျွန်တော်ရှိပါပြီ ဟံသာဝတီကိုသာ ရှေးဦးစွာချီးနှိမ်တော်မူပါ ဟံသာဝတီကျိုးလျှင် ပြည်အဘုရင်လည်း အလိုလိုညွှတ်ရပါလိမ့်မည် ပြည်ဘုရင်နှင့်သိုဟန်ဘွားတို့က ဟံသာဝတီကို ဗိုလ်ပါအင်အားအလွန်များသည်ဟု မှန်းသောအတိုင်းထက် အထင်ကြီး၍နေကြပါသည် ဟံသာဝတီကိုနိုင်နင်းပါလျှင် အရှင့်ဘုန်းတန်ခိုးတော် တနိုင်ငံလုံးလွှမ်းမိုးရန်သာ ရှိပါတော့သည် ဟံသာဝတီသို့ချီတက် လုပ်ကြံတော်မူခိုက်တွင် အဝနေပြည်တော်က တောင်ငူကိုမထိပါးစေရပါ သိုဟန်ဘွားမရိပ်မိအောင် ကျွန်တော်အားပေးပါမည်။

အကယ်၍ အဝနေပြည်တော်ကို ရှေးဦးစွာချီ၍ တိုက်ခိုက်ခဲ့လျှင်လည်း အောင်မြင်နိုင်မည်အမှန်ပါ သို့ရာတွင်တောင်ငူနှင့် အဝဆိုသည်မှာ မြန်မာဌာနများသာဖြစ်၍ စစ်မက်ဖြစ်ပွါးလျှင် မြန်မာများရိန္နမ်းပျက်ကြေရန် အကြောင်းရှိပါသည် သိုဟန်ဘွားအတွက် မြန်မာတို့ညက်ညက်ကြေခဲ့သည့်မှာ မကြာသေးဖြစ်၍ တောင်ငူနှင့်စစ်ဖြစ်ပြန်လျှင် မြန်မာအမျိုး ပြုန်းလုခခန်း ဖြစ်ပါလိမ့်မည် ကျွန်တော့သဘောမှာ သာသနာမှန်ကို ကိုးကွယ်သောမြန်မာများကိုမထိပါးစေချင်ပါ သို့ပါ၍မင်းသုံးပါး မညီညွတ်မီ ဟံသာဝတီကို အမြန်ချီတက်တော်မူစေလိုကြောင်းကို လျှောက်ထားပါသည် တောင်ငူရွှေနန်းရှင်။

"မင်းကြီးရန်နောင်" အဝနေပြည်တော်။

မင်းကြီးရန်နောင်၏ သဝဏ်လွှာပါ စကားကိုကြားတော်မူရာ ဘုရင်-တပင်ရွှေထီးသည် အလွန်အားရ နှစ်သက်တော်မူလှသည်နှင့် "ဟော-ဦးရီးတော် မင်းကြီးရန်နောင်ရဲ့လျှောက်တင်ချက်ဟာ နောင်တော် ကျော်ထင်နော်ရထာရဲ့ တင်ချက်နှင့်တထပ်ထဲ ညီနေပါပေါ့ကလား" ဟု ဝမ်းမြောက်စွာမိန့်တော်မူသည်။

အထိန်းတော်ကြီးများမှစ၍ မှူးမတ်သေနာပတိတို့ကလည်း "ကျော်ထင်နော်ရထာသည်၊ အရွယ်ပင်ငယ်သော်လည်း၊ အရေးအရာ သိမြင်လှပါပေသည်"ဟု ချီးမွမ်းကြလေ၏။ ထိုညီလာသဘင်အစည်းအဝေးမှာ ရှေးဦးစွာဟံသာဝတီသို့ ချီတက် တိုက်ခိုက်ရန် ဆုံးဖြတ်ကြလေသည်။ သူလျှိုတမန်ကိုလည်း ဆုလာဘ်များစွာပေးကမ်းပြီးလျှင် မင်းကြီးရန်နောင်သို့ အတွင်းစာ ရေးသား၍ပြန်လွှတ်လေ၏။ ထိုနေ့ကစ၍ ဟံသာဝတီ နေပြည်တော်သို့ ချီတက် တိုက်ခိုက်ရန် စီမံစိုင်းပြင်း၍နေကြလေသည်။ ထိုအရေးမှာ ကျော်ထင်နော်ရထာသည် ဦးစီးခေါင်းဆောင် ပြုလုပ်ပြီးလျှင် ဆင်တပ် မြင်းတပ်,ခြေချင်တပ်များနှင့် ခဲယမ်းမီးကျောက်စသော လက်နက်ကိရိယာများကို စုဆောင်းစီရင်လေသည်။

## "ဟံသာဝတီ နေပြည်တော်"

ဘုရင်တပင်ရွှေထီးသည် ရွှေမော်ဓောစေတီယင်ပြင်တွင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားလာရောက်၍ နားထွင်းမင်္ဂလာသဘင် ဆင်ယင်ကျင်းပ၍ ပြန်သွားပြီးနောက် ဟံသာဝတီမှာလည်း တောင်ငူစစ်ရေးအတွက် အထူးပင် ဂရုတစိုက် စီရင်၍ နေကြလေ၏။ ထိုအခါ ဟံသာဝတီမှာ အထိန်းတော်ဗညားလောနှင့် ဗညားကျန်းတို့သည် အချုပ်အခြာဖြစ်၍ အာဏာတန်ခိုး လွှမ်းမိုးနေလေရာ ထိုအမတ်ကြီးနှစ်ပါးကိုပင် ဘုရင်က အရေးပြုကာ တိုင်ပင်တော်မူလေ့ရှိသည်။

တနေ့သောအခါ ဟံသာဝတီဘုရင်"သူ့ရှင်"သည် အထိန်းတော်ကြီးများနှင့် စစ်မှုရေးရာကျွမ်းကျင်သော သေနာပတိများကိုခေါ်၍ တိုင်ပင်တော်မူသည်မှာ၊

(ဟံသာဝတီဘုရင်သူ့ရှင်) တပင်ရွှေထီးသည် ငါ့နိုင်ငံတော် အတွင်းသို့ ကျူးကျူးကျော်ကျော်လာရောက်၍ စော်စော်ကားကား မခံ့မညားပြုသည်ကို မင်းကြီးတို့ ခံလို့နေကြတော့မလား။ တပင်ရွှေထီးသည် အသက်နှစ်ဆယ်မှမပြည့်သေး၊ မလောက်လေး, မလောက်စားသည့်ကဲ့သို့သော မင်းကလေးများကို ဘာကြောင့် မဆုံးမဘဲ နေရမလဲ။

(ဗညားကျန်း)ပြုမူပုံမှာ လွန်စွာစော်ကားရာရောက်ပါသည်၊ အရွယ်နုပျိုသဖြင့် စိတ်လိုကိုယ်ရောက်၊ စိတ်နောက်ကိုယ်ပါ ပြုကျင့်ခြင်းဖြစ်ပါသည်။ တောင်ငူရန်ကိုခပ်မြန်မြန်ရှင်းလင်းမှတော်ပါမည်ဘုရား။

(သူ့ရှင်) တောင်ငူအင်အား၊ သို့ကလောက်ကြီးမားလို့ ရမ်းရမ်းကားကား ကျင့်ရသတဲ့လား။

(ဗညားလော) တောင်ငူအင်အားမှာ အရှင်ဘုရား သိတော်မူတဲ့အတိုင်း သေးငယ်လှသည်မဟုတ်ပါ၊ တပင်ရွှေထီး၏ခမည်းတော် မင်းကြီးညိုလက်ထက်ကစ၍ ယခုထက်တိုင်အောင်

အားလျှော့သည်ဟုမရှိဘဲ အမျိုးမျိုးတိုးတက်၍လာပါသည်။ ယခုမှာသာလှိုပင် အားရှိပြန်ပါသည်။ အားရှိခြင်းအကြောင်းမှာတော့ အဝနိုင်ငံမှာ ရှမ်းဘုရင် သိုဟန်ဘွား အုပ်ချုပ်စိုးစံရာ မြန်မာများက မကျေနပ်ကြပါ၊ ရဟန်းပညာရှိ၊ လူပညာရှိနှင့် စွမ်းရည် သတ္တိရှိတဲ့ လူကောင်း၊ ရှင်ကောင်း၊ များ တောင်ငူသို့ပြောင်းကြသည်သာများပါသည်။သို့အတွက် တောင်ငူကိုအလွယ် တကူနှင့် နှိမ်ဘို့ခဲယဉ်းလှပါသည်ဘုရား။

(ဗညားကျန်း) ယခုဗညားကျန်းလျှောက်တင်ချက်များလည်း မှန်လှပါသည်။ တောင်ငူမှာ ဗိုလ်ပါအင်အားလည်း ရှေးကထက် ကြီးမားများပြောင်၍နေပါသည်။ မင်းကျီးညို အုပ်စိုးစဉ်အခါထက်ပင် အင်အားပြည့်တင်း၍နေပါသည်။ တပင်ရွှေထီးမှာ မင်းပျို၊ မင်းလွင်၊ ဖြစ်သောအတိုင်း တွေးတောကြောက်လန့်ခြင်းမရှိ၊ စိတ်နောက် ကိုယ်ပါ ထင်ရာပြုလုပ်လေ့ ရှိပါသည်။ ဘွားဘက်တော်ကျော်ထင်နော်ရထာဆိုသူကလည်း ရဲစွမ်းသတ္တိလွန်စွာရှိပါတည်။ စစ်တို့မည်သည်မှာ ကြောက်လန့်တွေးတောခြင်းမရှိဘဲ ရဲရဲဝံ့ဝံ့စွန့်စွန့်စားစား ဘိတ်ိစီးစီး၊ အတင်းတိုက်ခိုက်သောဘက်က အနိုင်ရလေ့ရှိတတ်ပါသည်။ သို့ဖြစ်၍ တောင်ငူကိုအလေးမမူထိုက်ဟု သဘောထားတော်မမူထိုက်ပါ၊ လေးလေးစားစားသတိထားတော်မူမှသင့်ပါမည် ဘုရား။

(သူ့ရှင်) အင်း-အထိန်းတော်ကြီးတို့ တင်ပုံကဖြင့် တပင်ရွှေထီးဆိုတဲ့ မင်းကလေးကို ချီးမွမ်းတဲ့အသံတွေအလွန်ပါလှပါကလား၊ ယခုအခါ ပြည်ဘုရင်နှင့်လဲ မဟာမိတ် ဖွဲ့စည်းပြီးပြီဖြစ်တဲ့အတွက် တောင်ငူလောက်ကို လေးလေးစားစားကြီး ဂရုထားလောက်တယ်လို့ထင်တော်မမူမိဘူး။

(ဗညားလော) ကျွန်တော်တို့က မှန်သောအတိုင်းသာ လျှောက်ထားခြင်းဖြစ်ပါသည်။ တပင်ရွှေထီးကို ချီးကြူးလို၍ လျှောက်ထားခြင်းမဟုတ်ပါ၊ ပြည်ဘုရင်က မဟာမိတ်ဖွဲ့စည်းခြင်းဆိုသည်မှာလည်း သူ့ဘေးကိုကြည့်၍ ဖွင့်ခြင်းဖြစ်ပါသည်။ ယခုအခါ ပြည်ဘုရင်သည် အဝကိုလည်းအားကိုးခွင့်မရပါ၊ တောင်ငူကလည်း ပြည်မြို့ကို တိုက်ခိုက်သိမ်းဘို့ကြံနေခိုက်ဖြစ်ပါသည်။ ပြည်ဘုရင်မှာ မြို့ပင်ခိုင်လုံသော်လည်း ဗိုလ်ပါအင်အား များစွာ မရှိလှပါ၊ သည်ကဲ့သို့ အားနည်းသဖြင့် အားကြီးသော ကျွန်တော်တို့ ဟံသာဝတီကို ခိုလှုံခြင်းသာ ဖြစ်ပါသည်ဘုရား။

(ထိုအခါ တလိုင်းဘုရင်က ခေတ္တငေး၍ စဉ်းစားတော်မူပြီး) အင်း-ဟုတ်ဟန်ရှိရဲ့၊ သည်လိုဖြင့် တောင်ငူရန်ကို ခုခံနိုင်အောင် မင်းကြီးတို့ ဘယ်လိုစီမံကြမလဲ"

(ဗညားလော) "သည်အရာမှာလည်း ခဲယဉ်းလှသည်မဟုတ်ပါ၊ ကိုယ့်မြို့ကိုလုံခြုံအောင် ရှေးဦးစွာ စီရင်ပြီးလျှင် ဗိုလ်ပါအင်အားကိုလည်း များသည်ထက်များအောင် ဖွဲ့စည်းဘို့ဖြစ်ပါသည်။ "သူ့မြို့ကိုလိုလျှင်၊ ကိုယ့်မြို့ကိုလုံခြုံမှ"ဆိုသော စကားအတိုင်း ရှေးဦးစွာ ရန်သူရှိရာသို့ သွား၍ မနှိမ်နင်းသေးဘဲ ကိုယ့်မြို့ လုံလုံနှင့်ဗိုလ်ပုံအင်အား ကြီးမားဖြိုးခိုင်ဘို့အရေးကြီးပါသည် ဘုရား။

ဤကဲ့သို့တိုင်ပင်တော်မူပြီးလျှင် ဟံသာဝတီဘုရင် သူ့ရှင်သည် ဗညားလောနှင့် ဗညားကျန်းတို့အား အရေးကုန် လွှဲအပ်တော်မူလေ၏။

အထိန်းတော်ကြီးနှစ်ဦးတို့လည်း မြို့ပြကျုံးမြောင်းများကို ရှေးကထက် လုံခြုံစွာ စီရင်ပြီးလျှင် ရာမညတိုင်း တလိုင်းသုံးရပ်၌ရှိသော မြို့အသီးသီးတို့မှ စစ်သည်တော်အမှုထမ်းများကို ရှေးကထက် လူများအောင် ခွဲခန့်ပြီးလျှင် ခဲ,ယမ်း,မီး,ကျောက်,စသော စစ်လက်နက်များကိုလည်း လိုသမျှရနိုင်အောင် စုဆောင်း၍ ထားကြလေ၏။

ထူးသောအချက်တခုမှာ ထိုခေတ်အခါ ဥရောပတိုက် ဟော်လန်ပြည် ပေါ်တူဂီပြည် ပြင်သစ်ပြည်တို့မှ ဟံသာဝတီသို့ ကုန်သည်များ သင်္ဘောနှင့်လာရောက်၍ ရောင်းဝယ် ဖောက်ကားပြုလျက်ရှိသည်။ ထိုအခါ သံလျင်မြို့၌ သင်္ဘောဆိပ်ရှိ၏။ တနိုင်ငံမှ လာရောက်ကြသော သင်္ဘောကုန်သည်တို့သည် သံလျင်သင်္ဘောဆိပ်၌ ဆိုက်ရောက်ကြပြီးလျှင် ဟံသာဝတီဘုရင်ထံသို့ လက်ဆောင်ပဏ္ဏာနှင့် ခိုဝင်လေ့ရှိကြသည်။ ဣန္ဒိယနိုင်ငံမှ ကုလားလူမျိုးတို့လည်း သင်္ဘောဖြင့် လာရောက် ရောင်းဝယ်လျက်ရှိကြသည်။

ဗညားလောနှင့် ဗညားကျန်းတို့သည် သင်္ဘောဖြင့် လာရောက်ကြသော နိုင်ငံခြားသားတို့ကို မိတ်ဖွဲ့ပြီးလျှင် အကယ်၍ စစ်ရေးစစ်ရာ, ပေါ်ပေါက်လာလျှင် လက်နက်အပြည့်အစုံနှင့် ကူညီပါဟု သွေးဆောင်သိမ်းသွင်း၍ထားသည်။ နိုင်ငံခြားသားတို့လည်း ဟံသာဝတီ တလိုင်းပြည်တွင် အရောင်းအဝယ်ကောင်းမွန်လှသည်နှင့် သူတို့ အကျိုးကို ကြည့်ရှုပြီးလျှင် အထိန်းတော်ကြီးနှစ်ဦးတို့၏ သွေးဆောင်ချက် အတိုင်း "အရေးရှိလျှင် ဘက်တော်က ကူညီပါမည်၊ နိုင်ငံခြားလက်နက်အထူးအဆန်းများကိုလည်း ပို့ဆက်ပါမည်"ဟု ဝန်ခံကြလေ၏။ ပို့ဆက်သော လက်နက်မျှမကဘဲ အထိန်းတော်ကြီးက ဘုရင်၏ငွေတော်ဖြင့် နိုင်ငံခြားလက်နက်များကိုဝယ်ယူကြလေရာ၊ ဟံသာဝတီမြို့တော်မှာ နိုင်ငံခြားလက်နက်တို့လည်း ပြည့်စုံလျက်ရှိလေသည်။ နိုင်ငံခြားသားတို့ကို အမှီသဟဲရသဖြင့် ဟံသာဝတီသည် ရှေးကထက်ပင် အားတက်၍ နေလေသည်။

## "ရှေးဦးစွာ တပင်ရွှေထီး ချီတော်မူခြင်း"

သက္ကရာဇ်(၈၉၆)ခုနှစ်၊ တပင်ရွှေထီး သက်တော် (၁၉)နှစ်တွင် ဟံသာဝတီသို့ ပထမ အကြိမ် ချီတော်မူရန် စီစဉ်သည်တွင် ကျော်ထင် နော်ရထာက လျှောက်ပြန်သည်မှာ "ယခု- ဟံသာဝတီမှာလည်း တောင်ငူရန်ကို စိုးရိမ်သောကြောင့် ရှေးကထက်ပင် စစ်သည် ဗိုလ်ပါတို့ကို စည်းလုံးစွာဘွဲ့၍ထားပါသည်၊ ထိုပြင် နိုင်ငံခြားမှ သင်္ဘောဖြင့် လာရောက်ကြသော ကုလားဖြူ ကုလားနက်တို့နှင့် မိတ်ဆွေဖွဲ့၍ ရန်သူလာလျှင် စီးစီး,နင်းနင်း ခုခံရန် အသင့်စီမံ၍ ထားသည်ဟု ကြားရပါသည်၊ သို့ဖြစ်၍ ဟံသာဝတီ၌ရှိသော စစ်သည်တပ်သားကို စုံစမ်းရန် အစမ်းချီသော အနေဖြင့် ချီတက်ရန်သင့်ပါသည်၊ ဟံသာဝတီအင်အားကို သေချာစွာ ချိန်မိမှ ဘိဘိ စီးစီး ချီတက်ရန် သင့်ပါသည်" ဤသို့ လျှောက်ထားရာ မှူးမတ်သေနာပတိတို့ သဘောတူ ကျသဖြင့် စစ်တံခွန်လွှင့်သော သဘောမျိုးနှင့် ရှေးဦးစွာ အစမ်း ရုတ်တရက် ချီတော်မူသည်။

ထိုပထမ အစမ်းချီသောစစ်ပွဲတွင် တိုက်ဆင်(၄၀)၊စစ်မြင်း(၄၀၀)၊ စစ်သည်သူရဲကောင်း (၄၀၀၀၀)နှင့် ချီတော်မူသည်။ ။တပင်ရွှေထီး ရုတ်တရက် ချီလာသဖြင့် ဟံသာဝတီလည်း

ဆီးကြို၍ တိုက်ခွင့်မရချေ၊ မြို့ကိုသာ လုံခြုံစွာစီး၍ ခံနေကြလေ၏။ ။တပင်ရွှေထီးသည် တပ်မချဘဲ ၇-ရက်တိုင်တိုင် မြို့ကိုလုပ်ကြံသော်လည်း ဗညားလော, ဗညားကျန်း တို့က စည်းစည်း, ကြပ်ကြပ် ဆော်ဖန်၍ ခုခံသောကြောင့် မြို့ကိုပေါက်အောင် မဖေါက်နိုင်သဖြင့် တပင်ရွှေထီးသည် တပ်ဆုတ်၍ တောင်ငူသို့ ပြန်၍ ချီတော်မူသည်၊ တလိုင်းတို့သည် နောက်ထပ် လိုက်၍ မတိုက်ဝံ့ကြလေ။

"ဒုတိယအကြိမ်ချီတော်မူခြင်း"

ထိုနောက် သက္ကရာဇ်(၈၉၇)ခုနှစ်တွင် ဒုတိယအကြိမ် ထပ်မံ၍ ဟံသာဝတီသို့ ချီတော်မူပြန်သည်။ ။ထိုအခါ တိုက်ဆင်(၆၀)၊ စစ်မြင်း(၈၀၀)၊ စစ်သည်သူရဲကောင်း (၆၀၀၀၀) ပါသည်။ ။ဟံသာဝတီမြို့တော်၏မြောက် "ကျပ်ကတိုး" မည်သော အရပ်မှာ တပ်တော်ချပြီးလျှင် ခံတပ်ခံ့ခွါလုပ်၍ ဟံသာဝတီမြို့တော်ကို ဆင်ရေ့မြင်းပါ အတင်းလုပ်ကြံတော်မူသည်။ သို့ရာတွင် ဟံသာဝတီမြို့တွင်းက ကုလားဖြူ,ကုလားနက် နိုင်ငံခြားစစ်သည်ပေါင်း များစွာတို့နှင့် ဆီးဆို့ခုခံသဖြင့် သုံးလတိုင်တိုင် လုပ်ကြံသော်သည်း မြို့ကိုမရချေ။ ။တပင်ရွှေထီး၏ အရှိန်ကို ရွံ့စိုးသောကြောင့် တလိုင်းတို့သည် မြို့ကထွက်၍လည်း မတိုက်ဝံ့ကြကုန်။ ။သုံးလ တိုင်တိုင် ခံတပ်လုပ်၍ တိုက်ခိုက်လေရာ မြို့တော်ကိုမရသည်နှင့် "သည်တကြိမ်ရှိစေဦးတော့၊ ဟံသာဝတီ ငါ့လက်က လွတ်နိုင်မည်လော"ဟု ကြိမ်းဝါးတော်မူပြီးလျှင် ခံတပ်ကိုဖျက်၍ တောင်ငူသို့ ပြန်ချီတော်မူသည်။

တပင်ရွှေထီး နှစ်ကြိမ်တိုင်တိုင်ချီ၍ ဟံသာဝတီမြို့တော်ကို တိုက်ခိုက်လုပ်ကြံရာ တောင်ငူ၏ အားစွမ်းသတ္တိများကို သိကြသည်နှင့် ရာမညတိုင်း တလိုင်းသုံးရပ်၌ ရှိကြသော တလိုင်းတို့သည် ကြောက်လန့်တုန်လှုပ်သော စိတ်ဖြင့် တထိတ်ထိတ် စိုးရိမ်လျက် ရှိကြလေသည်။ ။မြို့တော်၌ ရှိနေကြကုန်သော မှူးမတ်, သေနာပတိတို့ကလည်း "တပင်ရွှေထီး" ဆိုလျှင် အလိုလိုထိတ်လန့်၍ နေကြလေ၏။ ။နိုင်ငံခြားသား တို့ကလည်း တောင်ငူက မြန်မာဘုရင်ကလေးသည် စစ်မှုရေးရာတွင် လွန်စွာ ဇွဲသန်လှသည်၊ သည်အတိုင်းသာ မကြာမကြာချီတက်တိုက်ခိုက်၍နေပါလျှင် ဟံသာဝတီနိုင်ငံသည် မြန်မာဘုရင်ကလေး၏လက်က လွတ်နိုင်တော့မည် မဟုတ်ဟု ပြောဆိုကြလေ၏၊ နိုင်ငံသားတို့၏စိတ်မှာ "ငါတို့သည် တလိုင်းလည်းမဟုတ်၊ မြန်မာလည်း မဟုတ်၊ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွါးရှာဘို့သာ ခေတ္တရောက်လာကြသည်။ ။တလိုင်းတို့ ဘက်က အားတက်သရော ကူညီသော်လဲ တကယ်လို့ ရှုံးခဲ့ပါလျှင် နောက်မင်း စိုးစံသော အခါ ငါတို့အပေါ်မှာ မျက်မုံးကျိုး၍ ကိုယ်ကျိုး,ကိုယ်စီးပွါး ဆုတ်ယုတ်ရုံသာ ရှိမည်၊ အလိုက်သင့် နေမှ သင့်တော့မည်"ဟု ကိုယ်ကျိုးငဲ့သောစိတ်ဖြင့် တွေးတောကြံစည်ကြပြီးလျှင် အားကြိုးမာန်တက် တလိုင်းဘက်က ကူညီခြင်းကို မသိမသာ တဖြည်းဖြည်း လက်လျှော့ကြလေ၏။

ထိုအခါ ဟံအာဝတီ၏ ကံကြမ္မာသည် ပျက်ခါနီးကြုံသဖြင့် ပျက်စီးကြောင်း ဖြစ်သော နိမိတ်ကြီးများ ဟိုးလေးတကျော်, အုတ်အော် သလဲ အံ့ဘွယ်သရဲ ဖြစ်ပေါ် လာကြသည်၊ ထို နိမိတ်ကြီးများမှာ။

(၁) ဟံသာဝတီမြို့ပေါ်၌ ညဥ့်အခါ ကြယ်တို့သည် မိုးရွာသကဲ့သို့ တဖွါးဖွါးကြွေကျသည်၊ (ခုနစ်ညတိုင်တိုင် ကြယ်တွေကြွေသည်)။

(၂) ဇုတ်သုတ်ခေါ်သော အရပ်တွင် ပင်လယ်ဒီရေတက်ရာမှ ငါးကြီးတကောင် တင်၍ နေရစ်သည်၊ ထိုငါးကြီးသည် လုံးပတ်သံတောင်(၂၀)ကျော်၊ အလျားသံတောင်(၄၀) ကျော် ရှိသည်။

(၃) အိပြုံးတောင် အလိုလိုပြိုကျသည်။

(၄) ကုန်းနှင့်တောင်ပို့များ တနေရာမှ တနေရာသို့ ရွှေ့ကြသည်။

(၅) မြေကြီးများလည်း အကြောင်းမဲ့ လေးထောင်ခန့်, ငါးတောင်ခန့် ကွဲအက်ကြသည်။

(၆) ကျီးတကောင်သည် ရာဇပလ္လင်၌လာ၍နားရာ ကျီးပေါင်းများစွာ ဝန်းအုံ၍ အာကြသည်။ (ထိုကျီးကိုဘမ်းပြီး ရွှေမော်ဓေါဘုရားမှာလှူ၍ ကြိုးခြေရသည်။)

(၇) နယ်နိမိတ်ကျောက်တိုင်များလည်း အလိုလိုလဲသည်။

(၈) ရာမညတိုင်း၌ မြစ်ရေတို့သည် ဒီရေကဲ့သို့နောက်သည်။

ဤကဲ့သို့ နိမိတ်ကြီးများပေါ်လေရာ ဟံသာဝတီနိုင်ငံ၌ ရှိကြသော နိမိတ်ကိန်းခန်းဆရာတို့က မြို့ပျက်ကိန်းကြုံပြီဟု ပြောကြလေ၏။ ။ထိုနိမိတ်များပေါ်သည့်အတွက်ပင် တလိုင်းတို့သည် ရှေးကထက်ပင် တိုး၍ အမျိုးမျိုးထိတ်လန့်ကြသည်။

(မှတ်ချက်။ ။တိတ်ကြီး,နိမိတ်ကြီး ပေါ်လျှင် မယုံကြည်ဟု အရမ်းမထင်သင့်၊ ကမ္ဘာလောက၌ တိတ်,နိမိတ်ပြခြင်းများသည် အစဉ်အလာအားဖြင့် အထင်အရှား ဖြစ်လေ့ ရှိသည်၊ နိမိတ်ကျမ်းတို့၌လည်း တိတ်,နိမိတ်အမျိုးမျိုးကို ပြဆိုလျက်ရှိသည်၊ သာသနာဝင် ကျမ်းဂန်တို့လည်း တိတ်,နိမိတ် အကြောင်းအရာများကို ပြဆိုလျက်ရှိပေသည်၊ ရာဇဝင်ကျမ်း တို့၌ကား များစွာပင် အဆိုရှိချေသည်။ ။သက္ကရာဇ် ၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလအတွင်း မန္တလေးမြို့တော်နှင့်တကွ အထက် မြန်မာပြည်ကြီး ပျက်ခါနီးတွင် မိုးရွာသကဲ့သို့ ကြယ်ပေါင်း များစွာ ကြွေကျခြင်းများလည်း အထင်အရှားဖြစ်ခဲ့ဘူးသည်၊ ဤနိမိတ်များကို ထောက်ထားသင့်ကြ ပေသတည်း)။

## "ဟံသာဝတီသို့ တတိယအကြိမ် ချီတက်တိုက်ခိုက်ခြင်း"

တောင်ငူဘုရင်တပင်ရွှေထီးသည် ဒုတိယအကြိမ် ဟံသာဝတီမှပြန်လာတော်မူသည့်နောက် စစ်မှုရေးရာနှင့် တိုင်ပင်တော်မူသည်မှာ....

(ထီး) ဟံသာဝတီကို အစမ်းချီ၍ နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ရာ သူတို့ကထွက်၍ မတိုက်ဘဲ မြို့တွင်းကသာ ခုခံကြသည်၊ သို့အတွက် လွယ်ကူစွာနှင့် မရဘဲရှိသည်၊ အားကြီး, အင်ကြီး ဘိဘိ,စီးစီး လုပ်ကြံမှသင့်မည်မဟုတ်လား။

(သျှင်ရဲထွတ်) နှစ်ကြိမ် အစမ်းချီတော်မူရုံမျှနှင့် တလိုင်းတို့သည် ထိတ်လန့် တုန်လှုပ်ကြပါပြီ၊ တလိုင်းတို့သည် ချောင်းနား, မြောင်းနား, ရွှံ့နား, ရေနားတွင် ကြီးပွါး၍ လာကြသောအတိုင်း မြေခါတ်,ရေခါတ်ခိုက်၍ သတ္တိပြောင့်ညံ့ကြဟန်ရှိပါသည်၊ မြန်မာတို့လက်ရုံးကို မတုနိုင်ကြောင်း ထင်ရှားပါသည်။ ။ယခု ဟံသာဝတီမြို့တော်ကို ပေါက်အောင် မပေါက်နိုင်သည်မှာ အခြားကြောင့်မဟုတ်ပါ၊ ဗညားလော,ဗညားကျန်းတို့က ရာမညတိုင်း တလိုင်းသုံးရပ်တွင် ရှိသော အမြို့မြို့မှ လက်ရုံးကောင်းသော သူရဲကောင်းတို့ကို ရွေးချယ် ခေါ်ယူ၍ မြို့တော် အတွင်းမှာ လက်နက်အပြည့်အစုံနှင့်ထားပါလည်။ တလိုင်းတို့အားမှာ ယခုအခါ ဟံသာဝတီနေပြည်တော်မှာသာ စု၍ နေပါသည်။ ကျွန်တော်တို့ကလည်း မြို့တော်ကိုသာ မဲ၍ တိုက်ခိုက်ကြပါသည်။ စန္ဒဂုတ်စစ်တိုက်သလို ဗဟိုကိုသာ တိုက်၍နေခြင်းမှာ သင့်လျော်သည် မထင်ပါ၊ဟံသာဝတီမှတပါး အခြားတလိုင်းမြို့များမှာ အင်အားမရှိကြပါ၊ သို့ဖြစ်၍ ယခုတကြိမ်ချီလျှင် မြို့တော်အရေးမစိုက်ဘဲ နယ်ကိုသာ အားစိုက်၍တိုက်သင့်ပါသည်၊ ရာမညတိုင်းနယ်များ အားလျော့လျှင်ဟံသာဝတီနေပြည်တော်ကို အလွယ်နှင့်ရတော်မူပါလိမ့်မည် ဘုရား။

(အထိန်းတော်စည်သူကျော်ထင်) ယခုကျော်ထင်နော်ရထာ လျှောက်တင်ချက်မှာ သင့်လျော်လှပါသည်။ ရာမညနယ်တခွင်ကို နင်းနယ်ခြေဖျက်၍ ပစ်လျှင်၊ မြို့တော်ကခံ၍ နေနိုင်တော့မည်မဟုတ်ပါ။

(အထိန်းတော်ကြီးမင်းရဲသိခ်သူ) တလိုင်းနိုင်ငံသည် အမှန်ပင် ပျက်ရပါတော့မည်၊ နိုင်ငံပျက်စီးကြောင်းဖြစ်သော တိတ်,နိမိတ်,ကြီးများသည်း ပေါ်ပေါက်သည်ဟု ကြားရပါသည်။ ယခု- သျှင်ရဲထွတ် လျှောက်တင်ချက်အတိုင်း အရံဖြစ်သော မြို့ငယ်များကိုသာ ရှေးဦးစွာ နှိမ်မှသင့်ပါမည်။ မြို့ငယ်တို့တွင် ဒဂုန်မြို့သည် ရာမညတိုင်း၌ အောင်မြေဖြစ်ပါသည်။ ရာဇာဓိရာဇ်ဘုရင်သည် ဟံသာဝတီကိုလုပ်ကြံတော်မူမည်ရှိရာတွင် ဒဂုန်သို့ထွက်၍ အောင်မြေနင်းပြီးလျှင် ဟံသာဝတီကိုကြံစည်ရာ အလိုတော်ပြည့်စုံ၍ ဘုန်းဂုဏ်ဖြင့် ကြီးမားသော ဘုရင်မင်းတပါးဖြစ်လာပါသည်။ သို့ပါ၍ တတိယအကြိမ်မြောက် ချီတက်တော့မူသောအခါ အောင်မြေဖြစ်သော ဒဂုန်မြို့မှာ တပ်တည်တော်မူပြီးလျှင် ရာမညတိုင်းတခွင်ကို အားအင်ဖြင့် နှိမ်နင်းသင့်လှပါသည် ဘုရား။

(မှတ်ချက်။ ။ဒဂုန်-ဆိုသည်မှာ ယခု ရန်ကုန်မြို့ပင်ဖြစ်လေသည်၊ တလိုင်းမင်းတို့အုပ်စိုးစဉ်က ဒဂုန်-ဟူ၍ အမြဲပင်ခေါ်ဝေါ်လျက်ရှိသည်။ အထက်မြန်မာနိုင်ငံတွင် ရွှေဘိုမြို့ကိုအောင်မြေဟူ၍ သမုတ်လေ့ရှိသကဲ့သို့ ထို့အတူ ရာမညတိုင်း တလိုင်းနိုင်ငံတွင် ဒဂုန်မြို့ကိုလည်း ရှေးအခါက အောင်မြေဟူ၍ သမုတ်လေ့ ရှိကြသည်။ အလောင်းမင်းတရားကြီးသည် အောက်နိုင်ငံသို့စုန်တော်မူလာ၍ ဤဒဂုန်မြို့၌ တပ်တည်ပြီးလျှင် ရာမညတိုင်း တလိုင်းသုံးရပ်တို့ကို လုပ်ကြံတော်မူရာ အဆုံးတိုင်အောင်မြင်တော်မူသည်။ ထိုအခါကစ၍ ရန်အမျိုးမျိုးတို့၏ ကုန်ရာဌာနဖြစ်သော နိမိတ်ကို အစွဲပြု၍ ဒဂုန်မြို့ကို အလောင်းမင်းတရားကြီးဘုရားက "ရန်ကုန်" ဟူ၍ သမုတ်တော်မူသည်။ ထိုအခါကစ၍ ရန်ကုန်ဟူသော အမည်သစ်ဖြင့် ထင်ရှားစွာ ကျော်စောခဲ့လေသတည်း။)

သျှင်ရဲထွတ် လျှောက်တင်ချက်ကို မှူးမတ်အများနှင့် တကွ ဘုရင်တပင်ရွှေထီးကိုယ်တိုင် နှစ်သက်တော်မူသောကြောင့် ဒဂုန်မှာ တပ်ကြီးခိုင်လုံစွာတည်၍ တလိုင်းပြည်တဝှမ်းလုံးကို ခြေမှုန်းနှင်းနယ်ရန်ပြင်ဆင်တော်မူသည်။

သက္ကရာဇ်(၈၉၈)နှစ်တွင် တတိယအကြိမ် တလိုင်းနိုင်ငံသို့ ချီတော်မူသည်။ ထိုအခါ တိုက်ဆင်(၂၀၀)၊ စစ်မြင်း(၈၀၀)၊ စစ်သူရဲ(၇၀၀၀၀)ပါသည်၊ ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်ကိုဗိုလ်ချုပ်ခန့်၍ ရှေ့ဆုံးက ချီတက်စေသည်။ အထိန်းတော် သတိုးဓမ္မရာဇာကို နောက်ဆုံးက တပ်နှင့် လိုက်ရသည်။ ကေတုမတီနေပြည်တော်မှာ သျှင်ရဲထွတ်၏ ဖခင် အထိန်းတော်ကြီး မင်းရဲသိခ်သူကို ယုံကြည်တော်မူရင်းအတိုင်း မြို့စောင့်ထားတော်မူခဲ့သည်။

တတိယအကြိမ်ချီတော်မူရာတွင် တလိုင်းဘုရင်သုရှင်သည် ဟံသာဝတီမြို့မှထွက်၍ ကောလိယသို့တိုင်အောင် ချီလာပြီးလျှင် တပင်ရွှေထီးကိုဆီးကြို၍တိုက်လေ၏။ ရှေ့ဆုံးကချီသော သျှင်ရဲထွတ်သည် ရွတ်ရွတ်ချွန်ချွန်တလိုင်းဘုရင်၏တပ်ကို အတင်းဝင်၍ မဆုတ်မနစ်တိုက်ရာ၊ တလိုင်းတပ်ကြီး ဖရိုဖရဲပျက်စီးပြီးလျှင် ဟံသာဝတီသို့အလျှင်အမြန်ဆုတ်ခွါ၍ပြေးကြလေသည်။ ထိုတိုက်ပွဲတွင် တလိုင်းအမတ်ကြီး "သမိန်းပရူ"ကို အရှင်လက်ရဖမ်းမိလေ၏။ တလိုင်းတို့ကို ဆုတ်ခွာပြေးရာသို့ အတင်းလိုက်၍ တိုက်ခိုက်ရာ လူသူဆင်မြင်းများစွာ ရရှိလေသည်။

သျှင်ရဲထွတ်က တိုက်ခိုက်၍ တလိုင်းတပ်ကြီး ပျက်စီးဆုတ်ခွာပြေးကြောင်းကိုဘုရင်တပင်ရွှေထီးကြားသိတော်မူရာ လွန်စွာ အားရတော်မူလှသဖြင့် "ဘုရင့်နောင်တော်ပြီပြီ၊ အာဇာနည်မှန်လှပေသည်"ဟု ချီးမွမ်းတော်မူပြီးလျှင် နားထွင်းတော်မူစဉ်အခါက ကိုယ်တော်တိုင်စီးတော်မူသော "သတ္တရဇေယျ"မြင်းတော်ကို သျှင်ရဲထွတ်အား ပေးတော်မူသည်။ (ထိုမြင်းတော်သည် ကား တပင်ရွှေထီး လွန်စွာချစ်ခင်သော မြင်းတော်ဖြစ်သည်။ ဤအောင်ပွဲသည် သျှင်ရဲထွတ်၏ ရှေးဦးစွာအောင်မြင်သော အောင်ပွဲပေတည်း)

တလိုင်းဘုရင် သုရှင်သည် ဟံသာဝတီနေပြည်တော်သို့ လျင်မြန်စွာ ဆုတ်ခွာပြီး လျှင် မြို့တံခါးများကို လုံခြုံစွာ ပိတ်ဆို့၍ ခုခံနေလေတော့သည်။ မြို့မှခွါထွက်၍ မတိုက်ဝံ့တော့ချေ။

တပင်ရွှေထီးလည်း ဟံသာဝတီမြို့တော်သို့တိုင်အောင် ချီပြီးမှ မြို့တော်ကို တာရှည်စွာ တိုက်ခိုက်ခြင်းမပြုဘဲ ဒဂုန်သို့တိုင်အောင် အပြင်းချီတော်မူသည်။ စစ်လမ်းကျရာအရပ်၌ ရှိရှာကြသော မြို့ရွာတို့သည် တပင်ရွှေထီး လာပြီဟု ကြားလျှင် လွန်စွာကြောက်လန့်သဖြင့် ခုခံဝံ့မည်ဝေးစွ၊ ထွက်ပြေးကြလေသည်မှာ မြို့တိုင်း ရွာတိုင်း လူမရှိသကဲ့သို့ ဖြစ်လေသည်။

ဒဂုန်မြို့သို့ဆိုက်ရောက်တော်မူရာ ရှေးဦးစွာ ဒဂုန်ဆံတော်ရှင်ဘုရားကို ဖူးမျှော်ကန်တော့ပြီးလျှင် ဘုရားရှင်၏အနောက်မျက်နှာတွင် ခိုင်ခံ့စွာတပ်ကြီးတည်တော်မူလေ၏။ ဒဂုန်တွင် တပင်ရွှေထီးတပ်ကြီးတည်နေပြီဟုကြားလေသော် သံလျင်မြို့၊ ဒလမြို့တို့၌ ရှိကြသော တလိုင်းတို့သည် အလိုလိုကြောက်လန့် တုန်လှုပ်၍ နေကြလေ၏။ ဒဂုန်ဘက်သို့ တယောက်မျှ မကူးလာဝံ့ကုန်၊ ဟံသာဝတီနေပြည်ကလည်း ဒဂုန်သို့စစ်ချီ၍မတိုက်ဝံ့ချေ။

ဒဂုန်ဆံတော်ခြေရင်းတွင် တပ်ကြီးအခိုင်ခံ့အတည်ပြီးသောအခါ၊ ဘုရင်တပင်ရွှေထီးက မှူးမတ်သေနာပတိများကိုခေါ်တော်မူပြီးလျှင် "ယခု ငါတို့ ဒဂုန်ကိုစီးမိပြီ၊ ငါ့အရှိန်ကိုကြောက်သဖြင့် တလိုင်းတယောက်မျှ မပြုလုဝံ့ချေ။ သည်မှာ ငါ စံတော်မူဦးမည်။ ပုသိမ်၊ မြောင်းမြ၊ ခဲပေါင်၊ ဒေးပသွယ်မှစ၍ တလိုင်းနိုင်ငံတွင်ရှိသော မြို့များကို အစုစုခွဲ၍ ချီတက်တိုက်ခိုက်ကြမည်။ ထိုသို့ တိုက်ခိုက်ရာတွင် တိုင်းသူပြည်သားတို့ကို များစွာညှဉ်းပမ်းခြင်းမပြုကြနှင့်၊ တိုင်းသူပြည်သားတို့၏ ပစ္စည်းကိုလည်း ရိက္ခာမှတပါး၊ ထိပါးလုယက်ခြင်း မရှိကြစေနှင့်၊ သမီးပျို၊ သားပျိုများကိုလည်း ထိပါးကြူးလွန်ခြင်း မရှိကြစေနှင့်၊ ကျောင်း၊ ကန်၊ ဘုရား၊ စေတီ၊ တန်ဆောင်း၊ ဇရပ်၊ စသော သာသနအဆောက်အဦများကိုလည်း ထိပါးဖျက်ဆီးခြင်း မရှိကြစေနှင့်၊ တိုက်ခိုက်သော မြို့ရွာတို့၌ စစ်နှင့်ဆိုင်သော ဆင်၊ မြင်း၊ စစ်သည်၊ လက်နက်ကိရိယာများကို မူကား သိမ်းယူနိုင်သည်။

ဤသို့မိန့်တော်မူပြီးလျှင် တပ်ကို အစုစုခွဲ၍ အမြို့မြို့သို့ စေလွှတ်တော်မူသည်။ ဘုရင်တပင်ရွှေထီး၏ တပ်တော်များ ချီလာပြီဟုဆိုလျှင် လေပြင်းမုန်တိုင်းကြီးများ ကျလာသောအခါ ယစ်ပင်ချုံနွယ်တို့နှင့် အိမ်ရာကျောင်းကန်တို့ ပြောင်းဆန်အောင် ချောက်ခြား ပျက်ပြားကြဘိသကဲ့သို့ လူပေါင်းများစွာတို့သည် တပင်ရွှေထီးလာပြီ၊ တပင်ရွှေထီးလာပြီ" ဟူ၍ အဆင့်ဆင့်ပြောဆိုကာ တုန်လှုပ်ချောက်ခြား ပြေးလွှားကြသည်တို့သာ များကြလေသည်။ ခုခံဝံ့သော မြို့မှာ လွန်စွာ တွေ့ကြုံရခဲသည်။ အစုစုခွဲ၍ ချီတက်တိုက်ခိုက်ရာ မြို့ရွာဌာနတို့မှ စစ်နှင့်ဆိုင်သော လူသူ၊ ဆင်၊ မြင်း၊ လက်နက် ကိရိယာများကို သိမ်းယူခဲ့ကြသည်။

ဘုရင်တပင်ရွှေထီးသည် ဒဂုန်ခံတပ်မှာ စံနေတော်မူစဉ်အခါ နေ့တိုင်း နေ့တိုင်း ဒဂုန်ဆံတော်ရှင်ဘုရား ယင်ပြင်သို့ဘက်၍ ရှိခိုးဝတ်ပြုတော်မူပြီးလျှင် ဘုရားအာရုံနှင့်စံတော်မူသည်၊ ဒဂုန်ဆံတော်ရှင်ကိုလည်း လွန်စွာကြည်ညိုတော်မူလှသဖြင့် "တလိုင်းသုံးရပ်ကို အောင်မြင်တော်မူသောအခါ ဒဂုန်ဆံတော်ရှင်ကို ပြုပြင်မွမ်းမံတော်မူမည်" ဟူ၍ အဓိဋ္ဌာန်ထားတော်မူသည်။

အမြို့မြို့သို့ ချီတက်တိုက်ခိုက်ကြသော စစ်သည်ဗိုလ်ပါတို့သည် ဘဝါးတော် အောက်သို့ ပြန်လည်ဆိုက်ရောက်ကြသောအခါ သိမ်းယူရရှိခဲ့သော စစ်လက်နက်ကိရိယာများကို တပင်ရွှေထီးသို့ ဆက်ကြပြီးလျှင် "တလိုင်းနိုင်ငံကို တိုက်ခိုက်ရသည်မှာ အလွန်လွယ်ကူပါသည်၊ အရှင့်ဘုန်းတော်ရှိန်က မချီခင်ကပင်လျှင် ရှေးဦးစွာ ပြန့်နှံ့တော်မူပြီးဖြစ်သည်နှင့် ငါ၏ဘုန်းရှိန်ကြောင့်ပင် ဖြစ်သည်ဟု အထူး တိုက်ခိုက်ရတော့သည် မဟုတ်ဘဲ လူရိပ်ပြကာ အလွယ်တကူ နှင့်ပင် အောင်မြင်ပါသည်၊ အရှင့်အမည်တော်ကိုကြားလျှင် မည်သူအားမျှ တည်တန့်၍မနေနိုင်ကြပါ" ဟု လျှောက်တင်ကြလေသည်။

ဘုရင်တပင်ရွှေထီးလည်း အလွန်အားရတော်မူသည်နှင့် "အဝဘုရင် မင်းခေါင်နှင့် ရာဇာဓိရာဇ်တို့လက်ထက်က တလိုင်းနှင့်မြန်မာ တိုက်ခိုက်ကြရာတွင် သူတပြန်ငါတပြန်နှင့်သာ မရှုံးမနိုင် ဖြစ်၍ နေကြသည်၊ ယခု ငါလက်ထက်တော်မှာ ဤမျှလောက် လွယ်ကူသည့် အတွက် ငါ၏ဘုန်းရှိန်ကြောင့်ပင် ဖြစ်သည်ဟု ငါယုံကြည်တော်မူသည်။ ။ငါသည်ရွှေမော်ဓောစေတီ

မြတ်နှင့် ဒဂုန်ဆံတော်ရှင်ကို အမြဲပြေတ် ကိုးကွယ်လိုသောဆန္ဒ ရှိတော်မူရင်း အတိုင်း မကြာခင် ပင် အောင်မြင်ထမြောက်တော့မည်၊ ယခုအခါ တလိုင်းတို့၏ စွမ်းရည်သတ္တိကို သိရပြီ ဖြစ်၍ ငါ့လက်တွင်းက မလွတ်နိုင်ကြောင်းကို ဤဒဂုန်တပ်တော်၌ပင် ဆုံးဖြတ်တော်မူပြီး ယခု တကြိမ် မှာ ဟံသာဝတီနေပြည်တော်နှင့်တကွ ရာမညတိုင်းကြီးကို သိမ်းတော် မမူသေးဘူး၊ နောက် တကြိမ်မှာ သိမ်းတော်မူမည်၊ မိုးလဲကျပြီ၊ နေပြည်တော် ကေတုမတီသို့ သည်တမိုးပြန်၍ စံနေ တော်မူမည်၊ ဤသို့ မိန့်တော်မူပြီးလျှင် ဒဂုန်တပ်တော်မှ နေပြည်တော်သို့ပြန်၍ ချီတော်မူခဲ့သည် တပ်တော်များလည်း ထိပါးပျက်စီးခြင်းမရှိဘဲ မူလချီလာစဉ်ကအတိုင်း စည်းလုံးမပျက် ဗိုလ်ခြေ ရစ္စာ အောင်စည်, အောင်မောင်း များတီး၍ ပြန်တော်မူသည်။

ဒဂုန်မှပြန်လာရာ ဟံသာဝတီမြို့တော်အနီးသို့ ရောက်လေရာ "စစ်အညောင်း ဆန့်တော် မူဦးမည်"ဟု မိန့်တော်မူပြီးလျှင် စစ်ကျိစယ်သောသဘောဖြင့် ဟံသာဝတီမြို့တော်ကို တိုက်ခိုက် တော်မူပြန်သည်။ ။သို့ရာတွင် မြို့တွင်းက အခိုင်,အခန့် ပြင်ဆင်ပြီး အဆင်သင့်ခုခံသောကြောင့် မြို့တော်ကို ရတော်မမူချေ၊ အတန်ငယ်မျှ ဟံသာဝတီကို တိုက်တော်မူပြီးလျှင် တပ်စဉ်အတိုင်း ခွါ၍ ကေတုမတီသို့ ပြန်လည်တော်မူခဲ့သတည်း။

---

# အခန်း (၂၇)

## "ဟံသာဝတီဘုရင်ကား တပင်ရွှေထီးထံသို့"
## "သံတမန်စေလွှတ်ခြင်း"

တပင်ရွှေထီးသည် ရာမညတိုင်း တလိုင်းသုံးရပ်၌ မိမိ၏လက်ရုံးအစွမ်း, ဘုန်းအစွမ်းများ ကို သုံးကြိမ်တိုင်တိုင် ရဲရဲဝံ့ဝံ့ပြသလေရာ တလိုင်းနိုင်ငံအလုံးသည် ညှိုးခွံ့ တုန်လှုပ်ခြင်းသို့ ရောက် လေ၏။ ။တပင်ရွှေထီးနှင့်ဆိုင်၍ စစ်ပြိုင်ခြင်းငှါ မဝံ့သောအခြေသို့ ဆိုက်ရောက်လေသည်။ ။ ထိုသို့ ကြောက်လန့် တုန်လှုပ်ခြင်းဖြစ်လေရာ ညီလာခံသဘင်တွင် ဘုရင်မင်းမြတ်က အမိန့်တော် ရှိသည်မှာ။

(သူ့ရှင်) တောင်ငူဘုရင်ကလေးလည်း ကျော်စောတဲ့သတင်းအတိုင်း အရည်အခြင်းနှင့် ပြည့်စုံကြောင်း ထင်ရှားပါပေတယ်၊ ဘုန်းနှင့်တမျှ ထက်ကြပ်ပါလာတဲ့ လက္ခဏာပေဘဲ။ ။ရှေး ဘုန်း,ရှေးကံ ထက်သန်ကြီးမားလာပြီ ဆိုမှဖြင့် ဘယ်လိုပင်နှိမ်သော်လဲ သူ့အရှိန်နှင့် သူ့အစွမ်း ကို နှိမ်လို့မရဘူးဆိုတဲ့စကားဟာ လွန်စွာမှန်ပေတယ်။ ။တောင်ငူနှင့် ဟံသာဝတီ ညီညီ ညွတ် ညွတ် ရှိပြီး၊ ဒေါသမကျိုး, လုံ့မကျိုး ဖြစ်ကြအောင် ဘယ်လိုကြံဆောင်ကြမလဲ။

(အထိန်းတော်-ဗညားလော) ယခုမိန့်တော်မူသည်မှာ လွန်စွာသင့်မြတ်လှပါသည်ဘုရား သေနင်္ဂနီတိကျမ်းများမှာ စစ်ဆင်သင့်တဲ့အချက် မဟာမိတ်ဖွဲ့သင့်တဲ့ အချက်များကို အင်အားနှင့် နှိုင်းချိန်၍ အလိမ္မာတိုးစေကြောင်းဖြင့် ကောင်းစွာ‌တော်ပြ၍ ထားပါသည်၊ ကိုယ့်ဘုန်း, ကိုယ့်ကံနှင့် ကိုယ့်အင်အား၊ သူ့ဘုန်း,သူ့ကံနှင့်, သူ့အင်အား သည်သချက်များကို အရေးတကြီး ထောက်ထားရပါသည်။ ။အင်အားဘုန်းကံ ထက်သန် ကြီးမားနေတဲ့ နိုင်ငံကို စစ်ရေးဆိုင်၍ ပြိုင်ဘို့မသင့်ပါ။ ။ယခုအခါ တပင်ရွှေထီးသည် မင်းပျို, မင်းလွင်ဖြစ်သောအတိုင်း ဘုန်းညွန့်တန်ခိုး နေ့စဉ်ပင်တိုး၍ နေဆဲ ဖြစ်ပါသည်။ ။ကျွန်တော်တို့ ရာမညတိုင်းမှာ သူ့အရှိန်ဟာ ဘယ်ကလောက်ကြီးမားနေသလဲဆိုတော့ တပင်ရွှေထီး ချီတော်မူလာတယ်လို့ ဆိုလျှင် မြေပြိုပြီ ထင်သကဲ့သို့ အလန့်တကြား ပြေးမိပြေးရာပြေးသွား ကြပါသည်ဘုရား။ ။သို့ပါသောကြောင့် သူ့ဘုန်း,သူ့ကံ ထက်သန် ကြီးမြင့်နေဆဲအခါ အချီ အသာနှင့် မေတ္တာကို လက်နက်ပြုဘို့သာ သင့်လှပါသည်၊ စင်စစ်မှာတော့ မဟာမိတ်ဖွဲ့ကာ နှစ်ပြည့်တပြည် ရွှေလမ်း,ငွေလမ်း, ဘောက်ဘို့သာ သင့်တယ်လို့ ထင်ပါကြောင်းပါဘုရား။

(ဗညားကျန်းကထပ်မံ၍ လျှောက်တင် ပြန်သည် မှာ) အထိန်းတော်ကြီး ဗညားလော လျှောက်တင်တဲ့အတိုင်းပင် ကျွန်တော်မျိုးလဲ သဘောကြိုက်ညီပါသည်။ ။"ပုဂံမှာ-ပြူစောထီး တောင်ငူမှာ တပင်ရွှေထီး" ဤကဲ့သို့ ထီးနှစ်စင်းထွန်းကားမည့်အကြောင်းများကို ရှေးဟောင်း သိုက်ညွှန်းများ ရှိတယ်လို့ ကျွန်တော် ကြားဘူးပါသည်။ ။တပင်ရွှေထီး ဘုရင်မှာ သိုက်ဝင် အာဇာနည် ဖြစ်ကြောင်း မှန်သည်ဟု ထင်မြင်ပါသည်။ ။ကိန်းခန်း သိုက်ဓါတ်အလို သူ့နဂို သဘောအတိုင်း ထွန်းကားသည့် ပုဂ္ဂိုလ်များကို နှိမ်လို့ရစမြဲမဟုတ်ပါ။ ။သို့ပါ၍ ဗညားလော တင်ချက်အတိုင်း ဟံသာဝတီနှင့်တောင်ငူ ကြည်ဖြူစွာ မဟာမိတ်ဖွဲ့သင့်ပါကြောင်းပါဘုရား။

(သူ့ရှင်) ဘယ့်နှယ်လဲ မှူးမတ်သေနာပတိ အလုံးစုံက အကုန် သဘောတူညီ ကြပါရဲ့လား။

ဤသို့ မေးတော်မူရာ မှူးမတ်သေနာပတိအပေါင်းတို့ကလည်း တပင်ရွှေထီးနှင့် စစ်ပြိုင်၍ တိုက်ခိုက်ရန် ထိတ်လန့်၍ နေကြသောကြောင့် အထူးအထွေ မတင်လျှောက်ကြတော့ဘဲ "ယခု အထိန်းတော်ကြီးများ တင်ချက်အတိုင်းပင် သဘောတူညီကြပါသည် ဘုရား" ဟု လျှောက်တင် ကြလေသည်။

ဤသို့ မှူးမတ်ပေါင်းများစွာ အစုံညီ လျှောက်တင် ကြသော အခါ ဘုရင့် ကိုယ်တိုင်က လည်း မဟာမိတ်ဖွဲ့လိုသော စိတ်ဆန္ဒရင်းရှိနေသည်နှင့် တောင်ငူသို့ သံတမန် စေလွှတ်၍ မဟာမိတ်ဖွဲ့ရန် ပြဋ္ဌာန်းတော်မူလေသည်။

"သံတမန်စေလွှတ်သော အစီအရင်"

(၁) မဟာမိတ် သံဝဏ်လွှာကို ရွှေပြား၌ ချောမောစွာ ရေး၍ ရွှေကျည်တောက်၌ ထည့်ပြီးလျှင် ဘုရင့်တံဆိပ်ခပ်နှိပ်သည်။

(၂) တကျွန်း တနိုင်ငံမှဖြစ်သော ထည်မျိုး အုပ်မျိုးအစုံနှင့် မင်းထိုက် စိုးတန်ဖြစ်သော ဘဏ္ဍာတော်များကို သေတ္တာနှင့်ပိတ်၍ ချိပ်တံဆိပ်ခပ်နှိပ်သည်။

(၃) လိမ္မာရေးခြားသော မှူးမတ်ပညာရှိများကို ရွေးချယ်၍ သံတမန်ခန့်ထားသည်။

ဟံသာဝတီဘုရင်၏ မဟာမိတ် သဝဏ်လွှာမှာ အောက်ပါ အဓိပ္ပါယ်အတိုင်း ရေးသား လျက် ရှိသည်။

"တောင်ငူဘုရင်ထံသို့ ဆက်သရန်"
"မဟာမိတ်သဝဏ်လွှာ"

ရာမညတိုင်း ဟံသာဝတီပြည်ကြီးကို အစိုးရသော ပဏ္ဍိတသူရပဝရသုဓမ္မရာဇာ ကြားအပ် ပါသည်၊ ဇေယျဝဓနတိုင်း ကေတုမတီမြို့ကြီးကို အစိုးရတော်မူပေသော ဘုရင်မင်းတရား။

ရာမညတိုင်းနှင့် ဇေယျဝဓနတိုင်းသည် ရှေးရှေး-ဘိုးလောင်းတော်, ဘေးလောင်းတော်တို့ လက်ထက်ကစ၍ ရေကိုသားတော် ကွဲခြားခြင်းမရှိသကဲ့သို့ မီးမသေ, ရေမနောက် ဖြစ်ခဲ့သည်။ ယခု ညီတော်, နောင်တော်တို့ လက်ထက်မှာလည်း ရှေးနည်းအတိုင်း နှစ်ပြည်တပြည် ရွှေစင်ရွှေ သား တပြားတည်းကဲ့သို့ဖြစ်မှ တိုင်းသူပြည်သားတို့ ချမ်းသာ၍ သာသနာတော်လည်း ထွန်း ကားနိုင်မည်။ သို့ဖြစ်၍ ညီတော်မင်းတရားက သမဂ္ဂသမောဒါနတရားကို နှလုံးတော်၌ထားပြီး လျှင် မပြားမကွဲ ရွှေတပြားတည်းကဲ့သို့ဖြစ်အောင် ကျင့်တော်မူစေလိုကြောင်း ကြားရောက်အပ် ပါသည် ညီတော်မင်းတရား။

"ပဏ္ဍိတသူရပဝရသုဓမ္မရာဇာ"

သံတမန်လွှတ်ခန်း၌ ဆောင်ရွက်ဖွယ်ကိစ္စအမျိုးမျိုးကို ပြည့်စုံစေပြီးလျှင် တောင်ငူသို့စေ လွှတ်တော်မူသည်။ ထိုအခါ အထိန်းတော် ဗညားလောနှင့် ဗညားကျန်းတို့ကလည်း အထိန်း တော်ကြီးချင်းချင်း မိတ်ဆက်သော လက္ခဏာဖြင့် တောင်ငူမြို့၌ ရှိကြသော အထိန်းတော်ကြီး မင်းရဲသိခ်သူနှင့် အထိန်းတော်ကြီး သတိုးဓမ္မရာဇာတို့ထံသို့ သံတမန်ဘက်တွဲ၍စေလွှတ်ကြသည်။

"ဟံသာဝတီဘုရင်က တပင်ရွှေထီးထံသို့ စေလွှတ်သော သံတမန်"

ဟံသာဝတီအထိန်းတော်ကြီးများက တောင်ငူအထိန်းတော်ကြီးများထံသို့စေလွှတ်သော သံတမန်၊ ဤသို့ သံတမန်နှစ်မျိုးဖြစ်နေသည်။ ထိုခေတ်အခါတွင် အထိန်းတော်ကြီးများ တန်ခိုး ထွန်းတောက်၍နေသော ခေတ်ဖြစ်သည်နှင့် မှူးမတ်သေနာပတိတို့က အထိန်းတော်ကြီးများကို မလွန်ဆန်နိုင်ကြချေ။

ဟံသာဝတီကစေလွှတ်လိုက်သော သံတမန်များသည် တောင်ငူသို့ ရောက်ကြသောအခါ ရုတ်တရက် ရွှေနန်းတော်ကြီးသို့ မဝင်စေသေးဘဲ သံတဲမှာ တည်းခိုစေပြီးလျှင် ကောင်းမွန်စွာ မွေးကျွေးပြုစု၍ထားတော်မူသည်။

"တပင်ရွှေထီးနှင့် သျှင်ရဲထွတ်တို့ တိုင်ပင်ခြင်း''

ဟံသာဝတီက သံတမန်များဆိုက်ရောက်လာသောအခါ ညတညတွင် တပင်ရွှေထီးနှင့် သျှင်ရဲထွတ်တို့သည် နန်းတော်အနီး ပန်းခုံမှာ ထိန်ထိန်သာသော လရောင်မှာအဘူထိုင်၍ ဝမ်းမြောက်ဝမ်းသာ ပြောဆိုတော်မူနေကြသည်မှာ။

(သျှင်ရဲထွတ်က လကိုမျှော်ကြည့်လျက်) ကောင်းကင်က လမင်းကြီးဟာတန်ခိုးရောင်ဝါနှင့် တထိန်ထိန်သာနေတယ်၊ ရှုစရာအလွန်ကောင်းတာဘဲ ကိုယ်တော်။

(ထီး) ဩော်-တယ် သာတဲ့ လပါကလား၊ လရောင်ဆိုတာ ကမ္ဘာကို အေးချမ်းစေနိုင်ပေတယ်၊ နေရောင်ဟာ ထွန်းတော့ထွန်းပါရဲ့၊ နို့ပေတဲ့ အပူရှိန်ခတ်ပြင်း၍ အလွန် အမင်းမနှစ်သက်နိုင်ကြဘူး၊ အရောင်တကာမှာ လရောင်ဟာ အထွန်းလင်းဆုံး အတိုးအထိုက်ဆုံးလို့ဆိုချင်တာဘဲ။

(သျှင်ရဲထွတ်ကပြုံးပြီး) လရောင်ကို သို့ကလောက်လဲ မချီးမွမ်းပါနှင့် ထီးထီးရယ်၊ တောင်ငူဘုရင်တပင်ရွှေထီးရယ်လို့ ကျော်စောနေတဲ့ ဘုရင်ပျိုကလေးရဲ့ ဘုန်းရောင်လောက် မထွန်းလင်းသေးပါဘူး။

(ထီး) အလို ညီတော်ကို မြှောက်ပြန်ပါပေါ့ကလား၊ လရောင်ထက် သာပုံကို တင်စမ်းပါအုံး။

(ထွတ်) အထူးချဲ့ထွင်တင်နေဘို့ မလိုတော့ပါဘူးထီးထီးရယ်၊ ကောင်းကင်က လဝန်းဟာ ညတိုင်းသာနိုင်တာ မဟုတ်ပါဘူး။တလတလမှာ "လဆုတ် လဆန်း"ရယ်လို့ ရှိခဲ့ရာ၊လဆန်းခေတ်ကလေးအတွင်းမှာသာအရောင်အဝါဖြင့် တထိန်ထိန်သာနိုင်ပါတယ်၊ အတန်ကြာကလေးကြာသွားပြီဆိုမှဖြင့် လဆုတ်ပက္ခသို့ရောက်ပြီး ခြောက်တောက်တောက် မှိန်တိန်တိန်နှင့် အရောင်အရှိန်သေးသိမ်နွမ်းညှိုးကုန်တော့တာဘဲမဟုတ်လား၊ တလတလမှာ ရက်ပေါင်း သုံးဆယ် ရှိခဲ့ရာ၊ သေသေချာချာ တွက်စစ်လို့ကြည့်ပါလျှင် ဆဲ့ငါးရက်လောက်မှ ကောင်းကောင်း မသာနိုင်တာအမှန်ပေါ့။ "ဆီးနှင်း,မြူ,တိမ်,သူရိမ်,မီးခိုး"ဆိုတဲ့ ရန်သူမျိုးတွေလဲ ရှိသေးတယ် ထီးထီးရဲ့။ သည်ရန်သူမျိုးတွေ ကွယ်ကာမှုဖြင့် အရောင်အဝါ မထွက်နိုင်တော့ဘူးမဟုတ်လား၊ သနားစရာ လမင်းမှာ အန္တရာယ်တွေအလွန်များလှပါတယ်။ တပင်ရွှေထီးရဲ့ ဘုရင်ပျိုကလေးရဲ့ ဘုန်းရောင်မှာတော့ မှောင်တယ်လို့ဘယ်ခါမှမရှိဘဲ သိသိသာသာကြီး အရောင်အဝါဖြင့် ထွန်းလင်းနေပါတယ်။ ရန်သူပုန်ကလဲ မြူမှုံလောက်မျှမငွေ့ဘဲ ပြကတေ့အားဖြင့်ကင်းရှင်းတော်မူပါပေတယ်။ တပင်ရွှေထီးဆိုတဲ့ လမင်းကလေးကို ဘယ်လိုရန်သူများမှ အပါးတော်သို့ မကပ်ဝံ့ဘူးညီညီရဲ့။ အရှယ်တော်ကနုနုပျိုပျိုမို့ ဆန်းတဲ့လကလေးလိုတင့်တယ်တာပေါ့လေ။ အဲ-သို့ကြောင့် ကောင်းကင်က လမင်းရဲ့အရောင်ဟာ တပင်ရွှေထီးဆိုတဲ့ ဘုရင်ပျိုကလေးရဲ့ ဘုန်းရောင်ကို မမှီဘူးလို့ ထွတ်ထွတ်က လျှောက်တင်တာပေါ့။ကဲ-မဟုတ်ဘူးလား၊သေသေချာချာ စဉ်းစားတော်မူစမ်းပါ။

(တပင်ရွှေထီးက ပြုံးရွှင်သောမျက်နှာနှင့် အထန်ကြာကလေးငေးပြီး တွေးတောတော်မူပြီးလျှင်) နောင်တော့်နှုတ်က ထွက်တဲ့စကားများဟာ အလွန်တရာ မင်္ဂလာ ရှိပါပေတယ်၊ ယခု

တင်တဲ့အတိုင်းပင် ဟုတ်ပါစေတော့၊ ဩြော်-ဟံသာဝတီဘုရင့်ထံက သံတမန်တော်များ ဆိုက်ရောက်လာတာကို နောင်တော်ကြားပေါ့ မဟုတ်လား”

(ထွတ်) ကြားပါပြီ။ ဟံသာဝတီက တုန်လှုပ်ကြောင်းထင်ရှားတာပေါ့။ဘဝါးအောက်သို့ အလျှားမှောက် ဝင်လာကုန်ပြီ။ အဲတာ တပင်ရွှေထီးဆိုတဲ့ ဘုရင်ပျိုကလေးရဲ့ ဘုန်းတော် ဒဏ်ကို မခံနိုင်ရှာလို့ပေါ့။

(ထီး) မဟာမိတ်ဘွဲ့ရန် သံတမန်စေလွှတ်သတဲ့။ နောင်တော့် အထင်ကို တင်စမ်းပါ၊ မဟာမိတ်ဘွဲ့ထားလျှင် ကောင်းမလား။

(ထွတ်) တရားတော်အလိုအားဖြင့်ဆိုတော့ မဟာမိတ်ဘွဲ့တာကို မကောင်းဘူး ရယ်လို့ ထင်ဘို့မရှိပါ၊ သို့ရာတွင် ဘုရင်ဆိုတာမဟာမိတ် သဘောကိုသာ အားကိုးပြီး ရန်အမျိုးမျိုး ကင်းအောင် ကွင်းရှောင်နေဘို့ မဟုတ်ပါ၊ ဘုရင့်အဖြစ်သို့ ရောက်လာကတဲက ဘုန်းလက်ရုံး အစွမ်းကို စကြာဝဠာနခမ်းသို့တိုင်အောင် ချဲ့မယ်ဆိုတဲ့စိတ်များကို အမြဲ လက်ကိုင် ထားရပါ တယ်။ ဘုန်းနှင့်လက်ရုံးအစွမ်းတုံးတဲ့ဘုရင်များသာ မဟာမိတ်ဘွဲ့တဲ့အလေ့မျိုးကို အားကိုးကြ ပါတယ်။ ဘုရင်ဆိုတာ မေတ္တာသက်သက်နှင့်တဘက်သတ် အသုံးပြုရတာမျိုးမဟုတ်ပါ၊မေတ္တာကို အားကိုးလွန်းအားကြီးလျှင် ညှံ့ရာကျတတ်ပါသည်။ မေတ္တာမဘက် ရာဇမာန် သက်သက်ကိုလဲ အသုံးမပြုထိုက်ပါ၊ ရာဇမာန်ကိုအသုံးလွန်လျှင် နိုင်ငံကမုန်း၍ ဆုံးရှုံးပျက်စီးတတ်ပါတယ်။ ရာဇမာန်ကိုလက်ျာ၊ မေတ္တာကိုလက်ဝဲ၊ အရိပ်အကဲကိုကြည့်ခါ ရာဇမာယာဖြင့် သင့်လျော်စွာ အသုံးပြုရတယ်။နီတိကျမ်းများမှာ “ဘုရင်ဖြစ်လျက် တိုင်းနိုင်ငံ လောဘသေး၍ မေတ္တာသွေးအား ကြီးလျှင် ပျက်စီးတတ်တယ်။ ရဟန်းဖြစ်လျက် ပစ္စည်းလောဘကြီးလျှင် ပျက်စီးတတ်တယ်”လို့ အသေအချာမိန့်မှာလို့ထားပါတယ်။ အရာဌာနအားလျော်စွာအသုံးပြုမှပေါ့။

(ထီး) ကဲ-တာဖြင့် ယခု ဟံသာဝတီ ဘုရင့်ထံက သံတမန်တော်များ ရောက်လာရာ၊ ဘယ်လိုစီမံရမလဲ။

(ထွတ်) ကိုယ့်လက်တွင်းသို့ ရောက်လာပြီဘဲ ခဲယဉ်းဘို့ မရှိပါဘူး၊ မဟာမိတ်ဘွဲ့ဘို့ အကြောင်းကို ကောင်းစွာ နှစ်သက်တော်မူတယ်လို့သာ အမိန့်တော်ရှိပါ နောင်ခါလာတော့ နောင်ခါချေးပေါ့၊ အကွက်ကောင်းတခု ပေါ်လာတာကတော့ ဟံသာဝတီအဆိမ်းတော်ကြီး များကလဲ တောင်ငူအထိန်းတော်ကြီးများထံသို့ သံတမန်ဖက်၍ထည့်လိုက်ပါသေးတယ်။ ဟံသာ ဝတီမှာ အထိန်းတော် ဗညားလောနှင့် ဗညားကျန်းတို့နှစ်ယောက်ဟာ ဩဇာအာဏာနှင့်ဉာဏ် ပညာလဲရှိကြပါတယ်။ စစ်မှုရေးရာဟာလဲ သူတို့လက်တွင်းမှာရှိတာပါဘဲ။ အစီ အမံနှင့် အကြံ အစည်များလဲမည့်ကြဘူး၊ အဲ-သို့ကြောင့် ဘုရင်တို့မာယာဖြစ်တဲ့ ဘေဒပရိယာယ်ကို အသုံးပြု တော်မူရန် လျော်ကန်သင့်မြတ်တဲ့အခါကြီးဖြစ်နေပါတယ်။ ဟံသာဝတီဘုရင်နှင့် အထိန်းတော် ဗညားလော,ဗညားကျန်းတို့ စိတ်သဘောကွဲပြားကြပါလျှင် ဟံသာဝတီရဲ့အင်အား လျော့ပါး ဆုတ်ယုတ်မည်အမှန်ပါ အားလျော့တဲ့အခါ အသာကလေးစီးရုံရှိတော့တာဘဲ မဟုတ်လား။

(သျှင်ရဲထွတ်၏တင်ချက်ကိုကြားရာ လွန်စွာနှစ်သက်တော်မူလှသဖြင့်) အဲ အလွန်ကောင်း တဲ့ အချက်ပေဘဲ၊ ဘေဒပရိယာယ်ဖြင့် ဘယ်လိုကွဲအောင် ခွဲပစ်ရမလဲ။

(ထွတ်) သည်လိုပါ၊ ယခု သံတမန်များ ဆိုက်ရောက်လာရာ ဟံသာဝတီ၏ သံတမန် တော်များ တော်သင့်လျော်ရုံ အရေးပေး၍ ဗညားလော,ဗညားကျန်းတို့၏ သံတမန်များကိုသာ များစွာအရေးစိုက်တော်မူပါ၊ ဗညားလော, ဗညားကျန်းတို့၏ ဂုဏ်ကျေးဇူးများကိုလည်း ထွဲနွဲ ချီးကျူး၍ အထူးမြောက်ပင့်ကာ မိန့်တော်မူပါ။ ။သူတို့ သံတမန် အချင်းချင်း ရှေးဦးစွာ ကွဲ ပြားကြပါလိမ့်မယ်၊ သည်ကစနက်နှင့် ဟံသာဝတီမြို့တော်ကို မီးဆက်ပြီး အထိန်းတော်ကြီးများ နှင့် ဟံသာဝတီဘုရင် အထင်လွဲမှား၍ ကွဲပြားကြပါလိမ့်မယ်၊ အဲသည် အခါ ကျတော့ ခဏ လွယ်ကူ ဟံသာဝတီမြို့တော်ကြီးကို ယူတာပေါ့။

(ထီး) အဲ့-နောင်တော့်ဉာဏ်ဟာ အရာရှိတိုင်း ကျယ်ဝန်းပါပေတယ်၊ ဘေဒပရိယာယ် ကို သုံးပြီး ဗိုးတော်နှင့်ပစ်ရတော့မှာဘဲ။ ။ဤသို့ ပြောဆိုတိုင်ပင်ပြီးလျှင် အကြံတော် စုံလင် သည်နှင့် ထိုညအချိန်မှာ အချင်းချင်းခွဲခွါတော်မူကြလေ၏။

## "ဟံသာဝတီက သံတမန်များရွှေ့တော်သို့ဝင်ရောက်ခြင်း"

နောက်တနေ့တွင် အမိန့်တော်နှင့် ဟံသာဝတီက သံတမန်များကို ရွှေတော်သို့ ဝင်စေ သည်။ ။ထိုအခါ မှူးမတ်ဗိုလ်ပါ စုံလင်စွာ ခစားလျက်ရှိကြသည်၊ သျှင်ရဲထွတ်လည်း အပါး ကတော် ဝပ်လျက်ခစားနေသည်။

ဟံသာဝတီက သံတမန်တို့လည်း လက်ဆောင်များနှင့်တကွ သံတို့ဝင်သော နည်းလမ်း အတိုင်း ဝင်ရောက်ခစားကြသည်။ ။ရှေးဦးစွာ လက်ဆောင်တော်များကို ဆက်သ၍ သဝဏ် လွှာကို ဘတ်ကြား လျှောက်ထားပြီးလျှင် တောင်ငူဘုရင် တပင်ရွှေထီးက ဝမ်းမြောက်သော အမူအရာတော်နှင့် မိန့်ဆိုတော်မူသည်မှာ....။

(ဘုရင်) ပြည့်ရှင်သနင်း မင်းတို့ဓမ္မတာ မေတ္တာကိုရွှေထား၍ သံတမန်များ လွှတ်တော် မူသည်ကို အထူးပင် ဝမ်းမြောက်တော်မူတယ်၊ ဟံသာဝတီရွှေနန်းရှင် နောင်တော်ဘုရင် ကျန်း ကျန်းမာမာ ရှိတော်မူပါစ။

(သံတမန်များ) ပို့သတော်မူသောမေတ္တာကြောင့် ကျွန်တော်တို့သခင် ဟံသာဝတီရွှေနန်း ရှင် ကျန်းမာ ချမ်းသာတော်မူပါကြောင်းပါဘုရား။

(ထီး) ရာမညတိုင်းကြီးမှာ သာသနာတော်များ ပွင့်လင်းပါရဲ့လား။

(သံတမန်များ) သာသနာတော်မှာ များစွာပင် ပွင့်လင်းလျက်ရှိပါသည်၊ ဓမ္မစေတီမင်း က စပြီး တနေ့တခြား တိုးပွါးစည်ပင်လျက် ရှိပါကြောင်းပါဘုရား။

(ထီး) နောင်တော်ဘုရင်လဲ ကျန်းမာ၊ နိုင်ငံကလဲသာယာ၊ သာသနာကလဲ ပွင့်လင်း တယ်ဆိုတော့ အထူးပင် ဝမ်းမြောက်တော် မူမိပါတယ်၊ တိုင်းသူ, ပြည်သားတို့ ချမ်းသာ၍

သာသနာပွင့်လင်းခြင်းဆိုတာ နိုင်ငံမှာအရေးအကြီးဆုံးပါဘဲ။ ။ရာမညတိုင်းမှာတော့ သမုဒ္ဒရာကမ်းခြေတို့ဖြင့် ဝန်းရံလျက်ရှိလို့ နိုင်ငံရပ်ခြား တိုင်းတပါးတို့နှင့် သွားလာကူးသန်းခွင့်ကို ရပေလိမ့်မယ်၊ ကေတုမတီမြို့တော်ကြီးမှာတော့ ကုန်းမြို့ဖြစ်နေလို့ သင်္ဘောလမ်းဖြင့် ဝင်ခွင့်ထွက်ခွင့်ကို မရဘူး၊ ရာမညတိုင်းမှာ သင်္ဘောလမ်းဖြင့် လာရောက်ကြတဲ့ ကုလားဖြူ၊ကုလားနက် ကုန်သယ်ဘက်ကလူများဟာ ဘုရင့်သစ္စာကိုသိ၍ ရောင်းရေးဝယ်မှုမှာ တိုင်းသူ့ပြည်သား လူအများတို့နှင့် သင့်တင့်ညီညွတ်စွာရှိကြပါရဲ့လား။

(သံတမန်များ) ကျွန်တော်တို့ရာမညတိုင်းသည် တောင်မျက်နှာက ပင်လယ်ဝိုင်းနေသောကြောင့် သင်္ဘောဆိပ်ကမ်းများလည်း အထူးပင် စည်ကားပါသည်၊ သံလျင်မြို့မှာ နိုင်ငံခြားနှင့်ဆက်သွယ်သော သင်္ဘောဆိပ်ကြီးရှိပါသည်၊ ကူးသန်းရောင်းဝယ်ရန် နိုင်ငံတော်သို့ လာရောက်ကြသော ကုလားဖြူ၊ကုလားနက်များသည် ဘုရင့်သစ္စာကို လွန်စွာ ရှိသေကြရပါသည်၊ အမိန့်တော်အတိုင်း ရောင်းဝယ် ဘောက်ကားရသည် ဖြစ်ပါသောကြောင့် တိုင်းသူ ပြည်သား တို့နှင့်လည်း ဆန့်ကျင်ဘက်မပြုဝံ့ကြပါ။ ။ဆိပ်ကမ်း အကောက်တော်ခွန် များနှင့်တကွ လက်ဆောင်ပဏ္ဏာတော်များကိုလည်း ရောက်တိုင်း၊ရောက်တိုင်းပင် ဆက်သကြပါသည် ဘုရား။

(ထီး) အင်း-နောင်တော် ဟံသာဝတီဘုရင်က ရှေးရှေး ဘေးလောင်း၊ ဘိုးလောင်းတို့လက်ထက်ကလို နှစ်ပြည့်တပြည် ရွှေလမ်း၊ငွေလမ်းဖေါက်၍ မဟာမိတ်ဆက်လိုတဲ့ အကြောင်းများကို သဝဏ်လွှာ ရေးသားတော်မူလိုက် ပေတယ်၊ သည်အချက်ကို နှစ်သက်တော် မူကြောင်းကို လျှောက်တင်ကြပါ။ ။တိုင်းသူ့ပြည်သား လူအများ ချမ်းသာဘို့ဆိုလျှင် နဂိုက နှစ်သက်တော်မူခဲ့ ရင်းမို့ ငြင်းဆန်ဘို့မဟုတ်ပါဘူး။

(သံတမန်များ) မိန့်တော်မူသောအတိုင်း ကျွန်တော်တို့သခင် ဟံသာဝတီ ရွှေနန်းရှင်ကို လျှောက်တင်ကြပါမည်ဘုရား။

ဤကဲ့သို့ ဝမ်းမြောက် ဝမ်းသာ အမိန့်ရှိတော်မူပြီးလျှင် ဗညားလော၊ဗညားကျန်းတို့က ထည့်လိုက်သော စာများကို ရှုစားတော်မူပြီး "ဦးရီးတော် ဗညားလောနှင့် ဗညားကျန်းတို့ ကျန်းမာချမ်းသာကြရဲ့နော်" ဟု ပြုံးရွှင်စွာ မေးမြန်းတော်မူသည်။

(သံများ) မှန်လှပါ၊ အရှင့်ဘုန်းတော်ကြောင့် ကျန်းမာ ချမ်းသာကြပါသည် ဘုရား။

(ထီး) ရာမညတိုင်းကြီးမှာ ဦးရီးတော် နှစ်ပါးဟာ လိမ္မာ မြော်မြင်၍ အဆင်ခြင်ဉာဏ်ကြီးကြောင်းကို ကြားလို့ အားရတော်မူမိတယ်၊ သည်လို မှူးကောင်း၊မတ်ကောင်းရှိတယ်ဆိုတာ တိုင်းနိုင်ငံ၏ မင်္ဂလာကျက်သရေကြီးပေါ့။

(သံများ) အမိန့်တော်အတိုင်း မှန်လှပါသည်ဘုရား၊ ဦးရီးတော်နှစ်ပါးသည် ရာဇဓိရာဇ်လက်ထက်တော်အခါ လကွန်အိန်နှင့် အမတ်ဒိန်တို့ကဲ့သို့ အရာရာတွင် ကျွမ်းကျင်လိမ္မာပါသည်၊ ကျွန်တော်တို့သခင် ဟံသာဝတီ ရွှေနန်းရှင်ကလဲ ငယ်ရွယ်စဉ်ကစပြီး အားကိုးလာခဲ့တဲ့အတိုင်း တိုင်းပြည်ရေးရာတို့ကို အလုံးစုံပင် လွှဲပုံအပ်နှင်း၍ ထားပါသည်ဘုရား။

(ထီး) ဟံသာဝတီဘုရင် နောင်တော် ရွှေနန်းရှင်ကသာ အားကိုးတာ မဟုတ်ပါဘူး၊ သည်တောင်ငူဘုရင်ကလဲ ဦးရီးတော်နှစ်ပါးကို အားကိုးလျက်ပါဘဲ၊ နှစ်ပြည့်တပြည် မဟာမိတ် ဖြစ်ကြပြီဆိုလျှင် ဦးရီးတော်များကို မြှောက်စားဘို့ အသင့် ရှိတော်မူတာ ပါဘဲ၊ တူတော် တောင်ငူဘုရင်က အထူးသဖြင့် မေးမြန်းတော် မူကြောင်းကိုလဲ ဟံသာဝတီကို ရောက်တဲ့အခါ အကြောင်းကြားလိုက်ပါ။

(သံမျှား) အမိန့်တော်အတိုင်း လျှောက်ပါမည် ဘုရား၊ ဦးရီးတော် များကလဲ အမိန့် တော်ကိုကြားလျှင် များစွာ ဝမ်းမြောက်တော်မူကြပါလိမ့်မယ် ဘုရား။

(ထီး) ဇေယျဝဍ္ဍနတိုင်းသို့ ရောက်ပေါက်တဲ့အခါ သံတော်ကြီးများ ဆန္ဒအတိုင်း ချမ်း သာစွာ နေထိုင်ကြပါ၊ မြတ်စောညီနောင်ဘုရား၊ မြသိတင်းဘုရား၊ ရှင်ပင်ကျောက်ဆောင်ဘုရား၊ စည်းခုံတော်ကြီးမှစ၍ ကေတုမတီ နေပြည်တော်မှာ တန်ခိုးကြီးမား၍ ထင်ရှားတဲ့ စေတီပုထိုး တွေလဲ အများပင်ရှိပါတယ်၊ သံတော်ကြီးများ သွားရောက် ဖူးမြင်ကြတာပေါ့။

ဤကဲ့သို့ မိန့်တော်မူပြီးလျှင် အတွင်းတော်သို့ ဝင်တော်မူသည်နှင့် သံတမန် များလည်း မူးမတ်တို့နှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုကာ နေကြလေ၏။

ထို့နောက် တပင်ရွှေထီးသည် သျှင်ရဲထွတ် လျှောက်တင် ညွှန်ပြသော နည်းအတိုင်း ဗညားလော့ ဗညားကျန်းတို့၏ သံတမန်များကို အပါးတော်သို့ မကြာမကြာခေါ်ပြီးလျှင် စပ် မိ စပ်ရာ ထွေရာလေးပါး မိန့်ကြား မေးမြန်းတော်မူသည်၊ ဟံသာဝတီဘုရင်၏ သံတမန်တော် ကြီးများကိုမူကား မေ့လျော့သကဲ့သို့ နေတော်မူလေ၏။ ။အပါးတော်သို့ ဝင်တိုင်း ဝင်တိုင်း ဗညားလောနှင့်ဗညားကျန်းတို့၏ သံတမန်များကို ဘွယ်ဘွယ်ရာရာ ဆုလာဘ်သပွကာ ပေးသနား တော် မူသည်။

ဤကဲ့သို့ ကြိမ်ဖန်များစွာ ထူးထူးခြားခြား သီးသန့်ခြားနား၍၊ အပါးတော်သို့ ခေါ် ကာ အရေးယူတော်မူပြီးလျှင် ဆုတော်၊ လာဘ်တော်များကို ပေးသနားသည်ကို သိကြရ၊ ဟံသာဝတီဘုရင်၏ သံကြီး၊ တမန်ကြီးများက "တကယ်ဆိုလျှင် ငါတို့ကိုသာ အရေးယူတော် မူထိုက်သည်၊ အထိန်းတော်တို့၏ သံငယ်၊ တမန်ငယ်များကို အရေးယူဘို့မဟုတ်၊ အကြောင်းထူး ရှိတန်ရာသည်"ဟု အထင်ရောက်ကြပြီးလျှင် ဟံသာဝတီက သံတမန်အချင်းချင်း မနာလိုဝန်တို သော သဘောမျိုးနှင့် စို့ငန့်ငန့်ဖြစ်ကာ ကွဲပြားစ ပြုကြလေသည်။

(ပုထုဇန်သတ္တဝါတို့မှာ၊ ပစ္စည်းလာဘ်၊ မျက်နှာလာဘ်ကြောင့်ဖြစ်စေ၊ ဂုဏ်သိမ် ကျက်သရေကြောင့် ဖြစ်စေ မနာလိုဝန်တိုခြင်း ဖြစ်စမြဲပေတည်း။မနာလိုဝန်တိုခြင်းကို အရင်းခံ လိုက်ပါလျှင် ကွဲပြားခြင်းတည်းဟူသော ရောဂါတည် ပဋိသန္ဓေ တည်နေလေ၏။ ကွဲပြားခြင်း ရောဂါ ပဋိသန္ဓေ တည်နေခဲ့ပါလျှင် ပျက်စီးခြင်းသို့ တိုင်သော အကျိုးယုတ်များ ဖြစ်ပွါးမည် အမှန်သာတည်း။)

ဟံသာဝတီက သံတမန်များကို အတန်ကြာအောင် ကေတုမတီမြို့တော်မှာ နေထိုင်ကြ စေပြီးလျှင် တောင်ငူဘုရင်က ပြန်၍လွှတ်တော်မူသောအခါ ဟံသာဝတီဘုရင်သို့ ဆက်သရန်

လေးလေးစားစား အထူးဂရုပြုရပါမည်ကို အလေးမပြုဘဲ အထိန်းတော် ဗညားလော, ဗညားကျန်းတို့က သံဖက်၍စေလွှတ်လိုက်သော သံငယ်,တမန်ငယ်များကိုသာ လေးလေးစားစား ဂရုပြုတော်မူပါသည်။ ကျန်တော်များကို သတိမေ့လျော့သကဲ့သို့ပြုတော်မူပြီးလျှင်၊ သံငယ်,တမန်ငယ်များကိုသာ မကြာမကြာ အပါးတော်သို့ခေါ်၍ နှီးနှောပြောဆိုတော်မူပါသည်။ဆုတော်, လာတ်တော် များကိုလည်း သံငယ်, တမန်ငယ်တို့ကိုသာ ပိုမို၍ ပေးသနားတော် မူပါသည်။ အထိန်းတော်ကြီးနှစ်ပါးကို ဦးရီးတော်ဆိုတဲ့ဝေါဟာရဖြင့် ခေါ်ဝေါ်သုံးစွဲကာ မိန့်တော်မူပါသည်။ ရွှေသစ္စာပန်းနှစ်ပွင့်ကိုလဲ အထိန်းတော်ကြီးများသို့ ပေးသနားတော် မူလိုက်ပါသည်ဟု လျှောက်တင်ကြလေ၏။

သံတမန်တို့၏ လျှောက်တင်ချက်ကို ကြားတော်မူလျှင် ရုတ်တရက် ငေးစိုက်တော်မူပြီး အတန်ကြာကလေး တွေးတောတော်မူကာ “တောင်ငူဘုရင်ကလေးရဲ့ ပြုမူပုံဟာ ရိုးသားတဲ့ လက္ခဏာမရှိဘူး”ဟု မိန့်တော်မူသည်။

## “ရွှေသစ္စာပန်းနှစ်ပွင့်၏ စနက်မီး”

ဟံသာဝတီဘုရင်သည် သံတမန်တို့၏ လျှောက်တင်ချက်အတိုင်း အထိန်းတော်ကြီးများသို့ ရွှေသစ္စာပန်းနှစ်ပွင့် ပေးလိုက်သည်ဆိုသောအချက်ကို မနှစ်သက် နိုင်သည်နှင့် တွေးတောတော်မူသည်မှာ “တပင်ရွှေထီးရဲ့ ပြုမူပုံဟာ ယုံဘွယ်ရာအကြောင်းမရှိပါဘဲကလား၊ငါ့အထိန်းတော်ကြီးများနှင့် အတွင်းစက်လွှဲပြီး ငါ့နိုင်ငံကို၊ လုပ်ကြံသိမ်းယူဘို့ လက္ခဏာဘဲ၊ ဘဲ့နှယ်လဲ၊ ငါ့အထိန်းတော်ကြီးများဟာ ငယ်ရွယ်စဉ်ကစပြီး ငါ့အပေါ်မှာ ကျေးဇူးသစ္စာနှင့် လွန်စွာဖြောင့်စင်းကြပါတယ်၊ တပင်ရွှေထီးရဲ့ဘုန်းကြီးကြောင်းကိုသိလို့ ငါ့ကိုပစ်ပယ်ပြီး မြန်မာဘုရင်ကလေးကို မှီခိုလိုတဲ့စိတ်များ ပေါ်ပေါက်ကြလေသလား၊ ထူးထူးဆန်းဆန်း ရွှေသစ္စာပန်းများကို ပေးလိုက်တယ်ဆိုတော့ ယုံနိုင်ဘွယ်ရာ အကြောင်း မရှိတော့ဘူး၊ အထိန်းတော်ကြီးများကို သတိထားမှ သင့်လျော်မယ်” ဤသို့ ကြံစည်တွေးတောတော်မူပြီးလျှင် ထိုနေ့ကစ၍ အထိန်းတော်ကြီးများတို့အပေါ်မှာ မျက်နှာညိုတော်မူလေ၏။

အထိန်းတော်ကြီးနှစ်ပါးတို့ကလည်း ဘုရင့်မျက်နှာ ညိုကြောင်းကိုသိကြလေရာ၊ယုံကြည်တော်မူရန် အကြောင်းကို အဖန်ဖန်လျှောက်တင်ကြသော်လည်း ဟံသာဝတီဘုရင့်စိတ်ကို ပြုပြင်၍ မရနိုင်ဘဲ ရှိကြလေသည်။

ထိုအခါ “မီးလောင်ရာလေပင့်” ဆိုသော စကားပုံကဲ့သို့ အထိန်းတော်ကြီး နှစ်ပါးတို့အပေါ်မှာ ဘုရင်ချီးမြှောက်တော်မူလွန်းသဖြင့် မနာလိုဝန်တိုလျက် ရှိကြသော အချို့တလိုင်းအမတ်တို့ကလည်း ဘုရင်မင်းမြတ်၏စိတ်ကို ဆွပေးသည့်အလား၊ စကားစပ်မိတိုင်း အထိန်းတော်ကြီးတို့အပေါ်၌ ယုံကြည်ဘွယ်မရှိသည့် အကြောင်းများကို စောင်းပါးရိပ်ခြေ လျှောက်တင်ကြလေသည်။ထိုသို့ လျှောက်တင်ကြရာ၊ ဟံသာဝတီဘုရင်၏စိတ်သည် အထိန်းတော်ကြီးတို့ အပေါ်မှာ ရှေးကထက်ပင် မယုံကြည်ခြင်းတို့ကို တိုးပွါး၍နေလေသတည်း။

(မှတ်ချက်။ ။ဟံသာဝတီဘုရင်၏ သံတမန်စေလွှတ်ခြင်းသည် အကျိုးမရှိသည့်ပြင် မှားခြင်းကြီး မှားရလေသည်။ တပင်ရွှေထီးက ထိုးလိုက်သော ပရိယာယ်လှံချက်သည် ဟံသာဝတီဘုရင်၏ ရင်ဝ၌ စူးရှလျက်ရှိလေ၏။ ဤသို့ ဖြစ်ရသည်မှာ အဆင်ခြင်ပညာ လွန်စွာနည်းပါးသောကြောင့်ဆိုရပေလိမ့်မည်။ သူတပါးတို့၏ ဂုံးတိုက်ခြင်းကို ယုံကြည်လွယ်လျှင် ဘယ်အခါမဆို မှားတတ်သည်ချည်းသာ ဖြစ်လိမ့်မည်။ တပင်ရွှေထီးက ဤသို့မြှားကောက်ဖြင့် ပစ်လွှတ်ခြင်းမှာလည်း တရားတော်အလိုအားဖြင့် လွန်စွာအပြစ်ကြီးသည်ဟုဆိုရပေလိမ့်မည်။ သို့ရာတွင် ဘုရင်ဖြစ်သောသူတို့မှာ တိုင်းရေး,ပြည်ရေး,နိုင်ငံရေးနှင့်ကြုံလျှင် တရားသည် မတရားသည်ဟု စူးစမ်းဆင်ခြင်ရန် အခွင့်မရှိချေ။ တိုင်းနိုင်ငံတပါးကိုပိုမြားအောင်သာ ရာဇမာယာ အမျိုးမျိုးဖြင့် အစွမ်းရှိတိုင်း ကြံရစမြဲဖြစ်ပေသည်။ ဤကဲ့သို့ပရိယာယ်အမျိုးမျိုးနှင့် ကိုယ်ကျိုးရှိအောင် ကိန်းဆင်နိုင်သောဘုရင်ကို လိမ်မာသောဘုရင်ဟု ပြောဆို ချီးမွမ်း ကြရလေသည်။ မင်းအဖြစ်သည် အလွန်ကြောက်မက်ဘွယ် ကောင်းစွ တကား။)

အထိန်းတော်ကြီးများအပေါ်တွင် ဟံသာဝတီဘုရင် ညိုငြင်တော်မူသော အခါကစ၍ မှူးမတ်သေနာပတိတို့ကလည်းရှေးကလိုစိတ်ဝမ်းညီညွတ်ခြင်းမရှိကြဘဲ တနေ့ထက်တနေ့တရွေ့ရွေ့ ကွဲပြားခြင်းသို့ရောက်လေသည်။ ပညာအဆင်အခြင်နှင့် ပြည့်စုံသော အချို့ မှူးမတ်များက "ရွှေနန်းရှင်ဘုရားက အထိန်းတော်ကြီးများ အပေါ်တွင် ညိုငြင်တော်မူဘို့မသင့်၊ အထိန်းတော်ကြီးများ ဖောက်ပြားကြမဲ့သဘောမရှိ၊ အထင်လွဲလျှင် ကစင့်ကရဲဖြစ်တော့မည်။ အချင်းချင်းကွဲပြားလျှင် တိုင်းသူ,ပြည်သား,လူအများတို့ ဒုက္ခတွေ့ကြရတော့မည်။ ရာမညတိုင်းလည်း မြန်မာဘုရင့်လက်သို့ လွယ်လွယ်ကူကူနှင့်ရောက်ရရှာတော့မည်"ဟု တိုးတိုးစကား ပြောဆိုကြလေသည်။ သို့ရာတွင် ဘုရင်မင်းမြတ်၏ အထင်လွဲတော်မူခြင်းမှာ လွန်စွာ ထက်သန်လှသဖြင့် မှန်သော အကြောင်းကို ပွင့်ပွင့်လင်းလင်းဖွင့်၍ မလျှောက်တင်ဝံ့ဘဲ နေကြရလေသည်။

"မျိုးတူအချင်းချင်းကွဲပြားခြင်းသည် အမျိုးတပါးတိုအလွယ်တကူဝင်ခွင့်ရအောင်လမ်းပေါက်ကိုဖွင့်၍ပေးသည်နှင့် အတူတူပင်ဖြစ်သည်။ အမျိုးတပါဝင်ခွင့်ရပါးလျှင် စိတ်သာချပေတော့၊ ဒိဋ္ဌဆင်းရဲကြီးရောက်ဘို့ အမှန်ဖြစ်သတည်း"။

---

# အခန်း (၂၈)

## "နှစ်ကြိမ်မြောက် ထပ်မံပစ်လွှတ်သော တပင်ရွှေထီး၏ ပရိယာယ် လက်နက်ကြီး"

တပင်ရွှေထီးသည် ဟံသာဝတီက သံတမန်များ ပြန်သွားလေသည့်နောက် မိမိပစ်လွှတ်လိုက်သော ဘေဒပရိယာယ်၏ စူးရှကြောင်းကြားသိတော်မူခလေရာ၊ ရည်ရွယ်တော်မူရင်းအတိုင်း အကြံတော်အောင်မြင်သည်နှင့် ဝမ်းမြောက်,ဝမ်းသာ,ဖြစ်တော်မူလှသောကြောင့် နောင်တော်သျှင်ရဲထွတ်ကိုခေါ်ပြီး တိုင်ပင်တော်မူပြန်သည်မှာ။

(ထီး) ကေတုမတီနန်းတော်ကြီးကပစ်လွှတ်လိုက်တဲ့ လက်နက်စကြာကြီးဟာဟံသာဝတီ ဘုရင်၏ ရင်ဝကို စူးရှနေပါပေါ့ကလား။

(ထွတ်) အဲ-သို့မို့ကြောင့် တပင်ရွှေထီးဆိုတဲ့ ဘုရင်ပျိုကလေးရဲ့ ဘုန်းရောင်ဟာ လွန်စွာ ကြီးကျယ်တယ်လို့ တင်ခဲ့တာပေါ့၊ ဟံသာဝတီဘုရင်နှင့် အထိန်းတော် ဗညားလော, ဗညားကျန်းတို့ စိတ်နှလုံးကွဲကုန်ကြပုံကို သူလျှိုများထံက သေချာစွာ ကြားသိရပါပြီ၊ ညီညီကြံမှုဖြင့် သိကြားမင်းကြီးတောင် မခံနိုင်ကြောင်းကို ယုံကြည်ထားပါ။

(ထီး) ထီးထီးရဲ့ဉာဏ်မဟုတ်ပါ၊ ထွတ်ထွတ်ကဲ့ဉာဏ်ပေါ့၊ ရည်မှန်းတိုင်း ပေါက်ရောက်ပေတယ်။

(ထွတ်) ဉာဏ်ကတော့ နောင်တော့်ဉာဏ် မှန်ပါရဲ့၊ ပေါက်ရောက် စူးရှတာကတော့ ညီညီရဲ့ ဘုန်းသမ္ဘာ အရှိန်ကြောင့်ပါ၊ နောင်တော့်ဉာဏ်မှာ ညီတော့်ဘုန်းက အစွယ်တပ်ပေးတာ အမှန်ပါဘဲ။

(ထီး) ဟံသာဝတီဘုရင်ဟာ သနားစရာ ဉာဏ်ပညာ အလွန်တိမ်ပါကလား၊ အစဉ်းစားဉာဏ် မရှိတော့ဘူး ထင်ပါရဲ့။

(ထွတ်) ပျက်စီးလုဆဲဆဲသို့ ရောက်တဲ့လူများမှာ စဉ်းစားဉာဏ် ရှိရိုး ထုံးစံ မဟုတ်ပါ၊ ကံကုန်, ဉာဏ်ကုန်,အကြံကုန်,ဆိုတာ သည်လိုအခြေမျိုးကိုဆိုတာပေါ့၊ ဟံသာဝတီဖြင့် မကြာမီ ပျက်စီးရှာတော့မှာဘဲ၊ မွှးမတ်အချင်းချင်း ကွဲကုန်ကြပြီတဲ့ ညီညီ”

(ထီး) အကွဲကစပြီး အပျက်သို့တိုင် ရောက်ရှာတော့မှာဘဲ၊ နောက်တဘန် ထပ်မံပြီး ဘယ်လိုလက်နက်မျိုးကို လွှတ်ရအုံးမလဲ။

(ထွတ်) ကွဲလက်စရှိပြီဆိုမှဖြင့် အလိုရှိတိုင်းကြံစည်ခွင့် ရကုန်တော့မှာဘဲ။ အထိန်းတော်ကြီး နှစ်ယောက်မရှိလျှင်၊ လက်ဖျောက်ထီးရုံကလေးနှင့် ဟံသာဝတီကို ရတော့မှာ အမှန်ဘဲ၊ အထိန်းတော်ကြီးနှစ်ယောက်ကို ကိုယ်ပျောက်တဲ့ သိဒ္ဓိနည်းဖြင့်၊ စီရင်ဘို့ ရှိပါသေးတယ်။

(ထီး) အလိုလန့်စရာ အထိန်းတော်ကြီးတွေကို၊ သေအောင် ကြံရအုံးမှာလား။

(ထွတ်) အို-ခက်နေပြန်ပါပြီ၊ ရှင်ဘုရင်မှာ သနားစိတ် ဝင်နေပြန်ပလား၊ ပါဏာတိပါတာသိက္ခာပုဒ်ကို လက်စွဲတော်လုပ်ပြီး၊ အမြဲအသုံးပြုနေပါလျှင်၊ ရှင်ဘုရင်လုပ်စရာ အခွင့်မရှိတော့ဘူး။

(ထီး) ဩော်-ရှင်ဘုရင်မှာလဲ ကရုဏာရှိသေးသပေါ့ ထွတ်ထွတ်ကယ်၊ သည်အဘိုးကြီးနှစ်ယောက်ကိုတော့ သနားမိတာပါဘဲ၊ သို့ရာတွင် တကယ့်အရေးဆိုတော့၊ အညာပေးဘို့မရှိဘူးပေါ့။

(ထွတ်) သည်အဘိုးကြီး နှစ်ယောက် သေတာက သက်သာခွင့် ရလိမ့်အုံး၊ အကယ်လို့ ဟံသာဝတီ မြို့ကြီးကိုကြိုးကြိုးပမ်းပမ်း သူ့အစွမ်း, ကိုယ့်အစွမ်း,မခံတမ်းဆိုတဲ့စိတ်ဇွဲနှင့်၊မလျှော့ဘဲ တိုက်ခိုက်နေကြပါလျှင် မရေမတွက်နိုင်တဲ့ လူတွေ ထပ်ထပ်ကြမ်းအောင် သေကုန်မှာပေါ့၊ အထိန်းတော်ကြီးနှစ်ဦးကို ဖြုတ်လျှင် လူပေါင်းများစွာ သိုကလောက် သေကြေဘို့မရှိပါဘူး။

(ထီး) အဲ- သည်လိုတော့လဲ အကောင်းသားဘဲ အကြံကို လျှောက်တင်စမ်းပါအုံး။

(ထွတ်) သည်လိုပါ၊ ဦးရီးတော်ဗညားလော့, ဗညားကျန်းတို့ကို ပေးရန်ဆိုပြီး အမိန့်တော်စာရေးသား၍ အင်အားနှင့်ပြည့်စုံသောလူများကို ရွေးချယ်၍ ဟံသာဝတီသို့ စေလွှတ်တော်မူပါ၊ ထိုစာကိုဆောင်ယူသွားတဲ့လူများက တလိုင်းနယ်တွင်ရှိတဲ့ လူများကို ရန်စပြီးလျှင် ရန်ဖြစ်၍ ပစ်လွှတ်သွားတဲ့အဟန်ဖြင့် ထိုအမိန့်တော်စာကို ရွာတရွာတွင် ပစ်ထားခဲ့ပါစေ၊ ထိုစာကို တလိုင်းဘုရင်ရဲ့လက်သို့ ဆက်တဲ့အခါ အထိန်းတော်ကြီး နှစ်ဦးမှာဖြင့် မျက်လုံးပြူးသေမှာအမှန်ပါဘဲ။

(ထီး) အဲ-ဟုတ်ပြီ၊ သည်နည်းအတိုင်းပင် ပရိယာယ်ဆင်တော်မူမယ်။ ဤကဲ့သို့တိုင်ပင်တော်မူကြပြီးသည်နောက် လက်ရုံးကောင်း၍ အစွမ်းရှိသူလူပေါင်း(၃၂)ယောက်ကို ရွေးချယ်ပြီးလျှင် နှစ်ယောက်ကိုသံတမန်ကြီးအရာ၊ ကျန်လူသုံးကျိပ်ကို အခြွေအရံအဖြစ်ဖြင့် အကြောင်းမျိုးစုံသင်ကြား၍ ခန့်ထားတော်မူသည်။ ခန့်ထားခြင်းခံရသော သူရဲကောင်းများကလည်း အမိန့်တော်အတိုင်း အထမြောက်အောင် ရဲရင့်စွာခုခံပါမည်ဟု ဝန်ခံကြသည်။

ထိုနောက် ဗညားလော့, ဗညားကျန်း့တို့ ထံသို့ပေးရန်ဟု အမိန့်တော်စာကို ဤကဲ့သို့ရေးသားတော်မူစေသည်။

"ဦးရီးတော်များထံသို့ ကြားစာ"

တူတော်-တောင်ငူဘုရင် ကြားအပ်ပါသည် ဦးရီးတော်ကြီးများ ဦးရီးတော်တို့ထံက လျှောက်တင်လိုက်သောစာအတိုင်း ဟံသာဝတီကို အလိုပြည့်ခဲ့ပါလျှင် ဦးရီးတော်ပညာလောကို ဟံသာဝတီမြို့စားခန့်ပါမည် ဦးရီးတော်ဗညားကျန်းကို မုတ္တမမြို့စားခန့်ပါမယ် ဦးရီးတော်များကို လေးလေးစားစား သူကောင်းပြုပါမည်။ တူတော်၏အကြံတော်များ လွယ်လင့်တကူအောင်မြင်စေရန် လျှောက်ထားလိုက်သောစာအတိုင်း ဖြောင့်ဖြောင့်မှန်မှန် အမှုတော်ကိုထမ်းကြလိမ့်မည်ဟု ယုံကြည်တော်မူရင်းရှိပါသည်။

"တောင်ငူ-ဘုရင်"

ထိုအမိန့်တော်ကို ကတိပါတို့ဖြင့် သေချာစွာရစ်ပတ်ပြီးလျှင် သက္ကလပ်အိတ်မှာသွားသည် သက္ကလပ်အိတ်ကို ချိပ်တံဆိပ်ခပ်နှိပ်သည် ထိုနောက် ယွန်းကျည်တောက်၌သွင်းသည် ထိုအမိန့်တော်စာကို သူရဲကောင်း သုံးကျိပ်နှစ်ယောက်တို့ ရိုသေစွာယူဆောင်၍ သံတမန်အဖြစ်နှင့် ဟံသာဝတီသို့ ထွက်သွားကြသည်။

တလိုင်းမင်းစိုးပိုင်သော နယ်အထွင်းသို့ ချင်းနင်းဝင်ရောက် လေသောအခါ "ငါတို့သံတမာန်တော်များသည် နင်တို့သခင် ဟံသာဝတီဘုရင်စံနေသော မြို့တော်သို့သွားရမည် ငါတို့ကို ကောင်းစွာ ချက်ပြုတ်ကျွေးရမည် ချော့ပို့ရမည်" ဤကဲ့သို့ကျယ်ကျယ်ဝင့်ဝင့် ပြောဆိုကြလေ၏ ကျေးလက်၌နေကြသော တလိုင်းများကလည်း သံကြီးသမာန်ကြီးများဆိုသဖြင့် မြန်လှန်ငြင်းဆန်ခြင်းကိုမပြုဝံ့ကြဘဲ ခိုင်းစေသောအတိုင်း ကြောက်ရွံ့စွာနှင့် ပြုလုပ်ဆောင်ရွက်ကျွေးမွေးကြ

သည် တောင်ငူလူစုများက ရန်ပွဲဖြစ်အောင် စော်စော်ကားကား ပြောဆိုစေခိုင်းကြသော်လည်း ကြောက်တတ်သော တလိုင်းများက အညှံ့ခံကြသောကြောင့် ခိုက်ရန်မဖြစ်ချေ။

တလိုင်းနယ်အတွင်းသို့ နှစ်စခန်း, သုံးစခန်း,ပေါက်၍ ရွာဘရွာသို့ ရောက်လေသော် စိတ်တိုသောတလိုင်းများနှင့် တွေ့ကြလေ၏ ထိုအခါတလိုင်းတို့က တောင်ငူလူစုတို့၏ စော်စော်ကားကား ပြောဆိုခိုင်းစေသည့်များကို ငုံ့ခံမနေကြဘဲ "နင်တို့လဲတောင်ငူဘုရင်၏ကျွန် ငါတို့လဲ ထီးသာဝတီဘုရင်၏ကျွန် ကျွန်-ကျွန်ချင်းဘဲ နင်တို့ သို့ကလောက် စော်ကားရသလား"ဟု ကြိမ်းဝါးကြပြီးလျှင် တောင်ငူလူစုများကို ခုခံရိုက်နှက်ကြလေ၏။

ထိုအခါတောင်ငူလူစုတို့က "အကြံအထမြောက်ပြီ"ဟု ဝမ်းမြောက်ဝမ်းသာ,နှင့်တလိုင်းတို့ကို နိုင်အောင် ခုခံရိုက်နှက်ကြပြီးလျှင် အမိန့်တော်ကျည်တောက်ကိုပစ်၍ တောင်ငူသို့ပြန်ပြေးလာကြကုန်သည်။

## "အမိန့်တော်ကျည်တောက်ဗုံးအမြောက်"

တောင်ငူ-လူစုတို့ထွက်ပြေးကြသောအခါ ထိုရွာ၌ရှိကြသော တလိုင်းတို့သည် ပစ်စွန့်ထားခဲ့သော အမိန့်တော်ကျည်တောက်ကို တွေ့ကြရာ ဘုရင်မင်းမြတ်တို့နှင့် ဆိုင်သောဘဏ္ဍာဖြစ်သောကြောင့် မိမိတို့ရွာထွင် ကြာရှည်စွာမထားဝံ့ကြဘဲ ရိုသေစွာ ယူဆောင်ကြပြီးလျှင် ဟံသာဝတီသို့ပို့ဆက်ကြလေ၏။

ဟံသာဝတီသည် ထိုကျည်တောက်ကို ရွှေနန်းတော်အတွင်း မင်းမှူးမတ် အစုံအညီတွင် ဖွင့်တော်မူရာ တပင်ရွှေထီးက အထိန်းတော်များထံသို့ပို့သောလျှို့ဝှက်စာကို တွေ့တော်မူလေ၏။ စာကိုဘတ်စေပြီးသော် အဓိပ္ပါယ်သွားကို နာကြားတော်မူပြီးသည်နှင့် တပြိုက်နက် တဟုန်းဟုန်း ဒေါသထွက်သဖြင့် အပါးတော်တွင်ရှိသော သံလျက်ကိုကိုင်ပြီး "ကြားကြရဲ့လား မှူးမတ်များ ငါကတော့ အထိန်းတော်ကြီးများရယ်လို့ အထူးသဖြင့်မြှောက်စားပြီး တိုင်းပြည်ရေရာ အလုံးစုံကို အကုန်လွှဲပုံတော်မူခဲ့တယ် ယခုတော့ကြည့်စမ်းကြပါ ငါ့မျက်နှာကိုမထောက် ငါ့ကိုလဲမကြောက်ဘဲ တောင်ငူဘုရင် တပင်ရွှေထီးရဲ့ ကျွန်တော်မျိုးခံနေကြတယ်၊ ငါ့နိုင်ငံတော်မှာ ငါ့ရိက္ခာကိုစားပြီး တပင်ရွှေထီးရဲ့ သူလျှိုတွေလုပ်နေကြတာပေါ့ သို့ကလောက်မိုက်တွင်းနက်ပြီး ရက်စက်တဲ့ အထိန်းတော်ကြီးနှစ်ယောက်ကို ဘယ်လိုစီရင်သင့်တယ် ဆိုတာလျှောက်တင်ကြစမ်း။

ဤသို့ပြင်းထန်စွာ အမျက်ထွက်တော်မူလျက် မေးမြန်းတော်မူသောသခါ မည်သည့်မှူးမတ်တဦးမျှ မလျှောက်မထားဝံ့ကြချေ။ အသာကုတ်ပြီး တုတ်တုတ်မျှ မလှုပ်ဝံ့ဘဲငြိမ်နေကြလေ၏။ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော အချို့မှူးမတ်များက "ရှင်ဘုရင် မှားရှာတော့မည်" စဉ်းစားဉာဏ် မရှိတော့ပါဘဲ ကလား၊ တပင်ရွှေထီး ၏ ပရိယာယ်ကိုမျှ နားမလယ်နိုင်အောင် ဒေါသမှောင်ဖုံးနေပါပေါ့ကလား အထိန်းတော်ကြီး နှစ်ပါးဖြင့် သွားရှာတော့မယ်"ဟု သနားသောကရုဏာစိတ်ဖြင့် တွေးတောကာနေကြလေ၏။ သို့ရာတွင် အလွန်ဒေါသကြီးသောအခိုက်ဖြစ်၍ အကျိုးအကြောင်းပြကာ မလျှောက်ထားဝံ့ဘဲရှိကြလေသည်။ အထိန်းတော်ကြီးနှစ်ပါးကို မနာလိုသောအချို့ မှူးမတ်တို့ကလည်း ဘုရင်မင်းမြတ်က အမျက်ထွက်လေလေ နှစ်သက်လေလေ ဖြစ်နေကြလေသည်။

မှူးမတ်အပေါင်းတို့က ဦးခေါင်းငိုက်စိုက်နှင့် ငြိမ်၍နေကြသောအခါ အထိန်းတော်ကြီး နှစ်ပါးတို့က အရဲစွန့်ကာ လက်အုပ်ချီပြီး "အထင်လွဲတော်မမူပါနှင့်ဘုရား ကျွန်တော်များသည် ဘယ်အခါမှ မှောက်မှောက်မှားမှား မကြံစည်ရိုးမှန်ပါတယ် ယုံတော်မမူပါလျှင် ရွှေမော်ခေါ ဘုရားယင်ပြင်တော်မှာ သစ္စာရေးတိုက်တော်မူပါ စဉ်းစားဆင်ခြင်တော်မူရန် လျှောက်တင်ပါ ရစေဘုရား တောင်ငူဘုရင် တပင်ရွှေထီးသည် ရာဇပရိယာယ် အလွန်ကြွယ်ပါသည် မာယာလှည့် ဖြား အလွန်များပါသည် ရာဇမာယာဖြင့် ကိန်းဆင်၍ ရွှေနန်းရှင်ဘုရားနှင့် ကျွန်တော်များ ကို တိုက်ခိုက်သောပရိယာယ်ဖြစ်ပါသည်။သတိထားတော်မူပါ အထင်လွဲတော်မူပါလျှင် ရာမည တိုင်းကြီး ပျက်စီးဘို့ ကြုံပါလိမ့်မည်ဘုရား"ဟု လျှောက်တင်ကြလေသည်။

(ဟံသာဝတီသူ့ရှင်) ရာဇဝတ်ကောင်ဆိုတာ မှန်ရာကိုဘယ်အခါမှ ထုတ်ဖော်ပြော လေ့မရှိဘူး လျှို့ဝှက်တဲ့အရာကို ဘယ်မှာဖွင့်နိုင်ပမလဲ အဲ-သည်လို အလျှို့ဝှက်ကောင်းလို့ တောင်ငူဘုရင်က သူလျှိုကြီးအရာပေးပြီး အဝေးကမြှောက်စား တော်မူတာပေါ့ ဟို-သံတမန် များစေလွှတ်တုန်းကပင် သည်အချက်ကို ရိပ်မိတော်မူပြီးပါဘဲ တပင်ရွှေထီးနှင့် အထိန်းတော်တို့ တကယ်လို့အဆက်အသွယ် မရှိခဲ့ပါလျှင် သံကြီး,တမန်ကြီး, များကိုသာ လေးလေးစားစားအ မှုထားရမယ်မဟုတ်လား သည်လိုမဟုတ်ဘဲ သံကြီးတမန်ကြီးများကို မလေးမစားပြုကျင့်ပြီး အထိန်း တော်ကြီးတို့စေလွှတ်တဲ့ သံငယ်တမန်ငယ်များကိုမှ အပါးတော်သို့ခေါ်ပြီး တီးတိုးတိတ်တိုးနှင့် အမျိုးမျိုးအကြံထုတ်ကြတယ်။ တူတော်တပင်ရွှေထီးက ဦးရီးတော်များအား ရွှေသစ္စာပန်းနှစ် ပွင့်ကိုပေးသနားတော် မူလိုက်တယ် မဟုတ်လား ရွှေသစ္စာပန်းကိုပေးတဲ့ အလုပ်ဟာ သစ္စာရေ တိုက်တာနှင့်အတူတူဘဲ ဘယ်လိုများလျှောက်ထားကြအုံးမလဲ စောစောစီးစီးက တပင်ရွှေထီး နိုင်ငံသို့ ဘာကြောင့်ပြောင်းရွှေ့ မသွားသလဲ လားလား ဗညားလောက ဟံသာဝတီမြို့စားတဲ့ ဗညားကျန်းက မုတ္တမမြို့စားတဲ့ သည်မျက်ခွက်ကြီးတွေကို ငါကြည့်လို့နေနိုင်ပါအုံးမလား။

(အထိန်းတော်ကြီးများ) သတိထားတော်မူပါဘုရား ကျွန်တော်များကို သတ်လိုလျှင် သတ်တော်မူပါ ကျွန်တော်တို့သေတာကို အရေးမကြီးပါ ရာမညနိုင်ငံတော်ကြီး ပျက်စီးမည့် အရေးကိုသာ မျှော်တွေးစိုးရိမ်မိခြင်း ဖြစ်မိပါသည် အမျက်လွှမ်းမိုးတဲ့အခါ မှန်ရာကိုမသိနိုင်ပါ အလျှင်တဆောပြုလဲ မှားယွင်းတတ်ပါသည် တပင်ရွှေထီးက ရာမညတိုင်းကြီးများကို ပျက်စီး ဘို့ကြံတဲ့ ပရိယာယ်အမှန်ဖြစ်ပါသည် ခုနှစ်ရက်မျှလောက် စဉ်းစားတော်မူပါရန် ခုနှစ်ရက်က ကျော်လို့မှ အထင်တော်မပြောင်းလွဲလျှင်လဲ အရှင့်စိတ်တော်အတိုင်း သတ်တော်မူပါဘုရား။

(ဟံသာဝတီဘုရင်) ဆင်ကောင်းကြီးတွေပေါ့ဘဲ ဆင်ခြေရာကို ဘယ်မှာရှာဘို့လိုအုံးမလဲ အထိန်းတော်ကြီးနှစ်ယောက် မရှိတာနှင့်ငါ့နိုင်ငံတော်ကြီး ပျက်စီးရတော့မှာလား ယခုအသက် နှင့် ဟံသာဝတီမြို့စားကြီး, မုတ္တမမြို့စားကြီး, ဖြစ်ဘို့ခွင့်ကို ငါမပေးနိုင်ဘူး နောင်အခါနတ် မိစ္ဆာ ဘဝရောက်တော့မှ မြို့စားကြီးလုပ်ကြပေတော့ အထိန်းတော်ကြီးများ သွားမြဲလမ်း သွားစေ။

ဤသို့ မိန့်တော်မူပြီးလျှင် ဟံသာဝတီဘုရင်သည် ညီလာသဘင်မှ ရုတ်တရက်ကြွတော်မူ လေ၏။

လက်မရွံ့အာဏာသားတို့လည်း ဘုရင့်အမိန့်တော်အတိုင်း အချိန်မဆိုင်းဘဲ အထိန်းတော်ကြီး နှစ်ပါးကို ကျားကဲ့သို့ အတင်းဆွဲယူသွားပြီးလျှင် သုသာန်သင်းချိုင်းမှာ ကားတင်၍ ကွပ်မျက် စီရင်ကြလေသတည်း။

(မှတ်ချက်။ ။ဟံသာဝတီ ဘုရင်သည် မဆင်မခြင် အလျှင်တဆော ပြုတော်မူသောကြောင့် ဉာဏ်ပညာနှင့်ပြည့်စုံသော အထိန်းတော်ကြီးနှစ်ပါး ဆုံးပါးရလေသည်၊ အပြစ်မရှိသော အထိန်းတော်ကြီးများကို ရက်စက်စွာသတ်ဖြတ်ခြင်းကြောင့် ဟံသာဝတီ ဘုရင်မှာလည်း ဒိဋ္ဌဓမ္မ လှလှကြီး အကျိုးပေးရှာတော့မည်။ ။ဟံသာဝတီပျက်စီး၍ ကစင့်ကရဲနှင့် တိုင်းသူပြည်သား လူအများတို့လည်း ရိရွားပင်ပန်းသော ဆင်းရဲတွင်းသို့ သက်ဆင်းရ ရှာတော့မည်။ ။တပင် ရွှေထီး၏ ပရိယာယ်သည်ကား ရည်ရွယ်သောအတိုင်း ထမြောက်အောင်မြင်လေသတည်း)။

---

# အခန်း (၂၉)

## "တပင်ရွှေထီး–ခင်ဘုန်း–ခင်မြတ်တို့ ချစ်ခင်မြတ်နိုးစွာ" "ပြောဆိုတော်မူနေကြပုံ"

တနေ့သောအခါ တောင်ငူဘုရင် တပင်ရွှေထီးသည် လသာသာ ညဥ့်တွင် မြေနန်းတော်ကြီးနှင့် မှန်နန်းဆောင်ကြီးအကူး စနုဆောင်၏ လကျ်ာဘက် လသာကွက် နန်းကြမ်းပြင်တွင် သလွန်တော်နှင့် စံတော်မူနေရာ အပါးတော်မှာ ခင်ဘုန်းနှင့် ခင်မြတ်တို့လည်း ခစားလျက်ရှိကြသည်။ ။ခစားသောအခါတွင် ခင်ဘုန်းနှင့်ခင်မြတ်၊ နေရာလု၍ နေကြသည်မှာ။

(ခင်ဘုန်း) ခင်မြတ်က ဟိုလက်ဝဲဘက်ကခစားပါ၊ လကျ်ာတော်ဘက်က ခင်ဘုန်းခစားပါမယ်။

(ခင်မြတ်) လကျ်ာကိုမှ ကြိုက်တယ်၊ လက်ဝဲဘက်ကို ဘယ်တော့မှ မနှစ်သက်ဘူး။

(ခင်ဘုန်း၊) အို–ကိုယ်တော့ လကျ်ာဘက်ကိုတော့ ခင်မြတ်ကရလိမ့်မယ်လို့ မထင်စားပါနဲ့၊ ဟို–ငယ်ရွယ်စဉ်ကစပြီး ထီးထီးရဲ့ လကျ်ာကို အပိုင်စား အသနားတော်မြတ် ခံယူပြီးပါ၊ ကစားတဲ့အခါမှာတောင် ထီးထီးရဲ့လကျ်ာဘက်ကမှ ကစားခဲ့ပါတယ်၊ ဘယ်အခါမှာမှ လက်ဝဲ ဘက်က မခစားခဲ့ပါဘူး။

(ခင်မြတ်) ထီးထီးက လကျ်ာဘက်ကို အမိန့်တော်နှင့် အပိုင်စားပေးထားဘူးပါသလား အမိန့်တော်စာချွန်ကိုပြပါ၊ ဘတ်ကြည့်စမ်းပါရစေ။

(ဘုန်း) အမိန့်တော်စာချွန်ကို ယူနေရမဲ့အခြေမျိုးထဲက မဟုတ်ကြောင်းကို ခင်မြတ်လဲ သိတယ် မဟုတ်လား၊ အနားမှာ စံတော်မူရက် အရှိသားဘဲ၊ စိတ်မကျေနပ်လျှင် ထီးထီးကို လျှောက်ကြည့်ပါလား။

(မြတ်) အို-ခင်မြတ်တို့ ကတော့ မလျှောက်ဝံ့တဲ့ အခြေထဲကပါ၊ ရွှေမေတ္တာတော်ကြီး ကိုက ခင်ဘုန်းဘက်သို့ အချိန်စီးနေတာဘဲ၊ ထီးထီးဟာလေ အလေးမမှန့်တောင်းမမှန်တဲ့ ဘုရင် ပျိုကလေးအစစ်ပါဘဲ၊ ခင်ဘုန်းလောက် မချစ်မှန်းကို သိပြီးပါ၊ ကြည့်စမ်းပါအုံးလား၊ ပြော ရင်း ဆိုရင်း ရွှေမျက်နှာတော်ကြီးပြုံးပြီး ခင်ဘုန်းကိုသာ ရှုစားတော်မူနေတာဘဲ၊ တယ် သိသာ သကိုးနော်။

(ဘုန်း) သည်လိုဖြစ်ပုံအသိသာနဲ့၊ ဘာကြောင့် လကျါဘက်လုချင်သလဲ၊ ကိုယ့်ဖြစ်ပုံ နှင့် နှိုင်းစာပြီး မျက်နှာခပ်လွှဲလွှဲနှင့် လက်ဝဲဘက်က အသာခစားနေပါ။

(တပင်ရွှေထီးက ပြုံးရယ်တော်မူပြီး၊ မိဖုယားပေါင်း တသောင်း ခြောက်ထောင်လောက် များ ရှိမယ်လို့ဆိုလျှင် ဘယ်လိုအုပ်ချုပ်ရမယ်လို့ မစဉ်းစားတတ်တော့ဘူး၊ ခင်မြတ်နှင့်ခင်ဘုန်း အချစ်ဆုံးကလေးနှစ်ပါးကြောင့် သူတို့နှစ်ယောက်စပ်ကြားက ဗျာများတော် မူလိုက်ကြရတာ နှလုံးသွေးများကိုဆူလို့။ ဩြော်—သွီးကညာ ရတနာခေါ်တဲ့ရတနာ အမကလေးတွေဟာ အလွန် ဒုက္ခပေးပါကလားနော်၊ ကျေးဇူးရှင်မကလေးနှစ်ပါးကို ဘယ်လိုများ အုပ်ထိန်းတော်မူရမှာလဲ။

(ခင်ဘုန်း) အလို လေးလေး အလွန်ပူဆွေးလို့ စိတ်မအေး ဖြစ်တော်မူနေ ပါကလား ထီးထီးရယ်၊ မိန်းမဆိုတဲ့ရတနာဟာ ယောကျ်ားတို့နှလုံးကို မီးအုံးထားသလို ပူလောင်စေနိုင်တဲ့ အကြောင်းကို ထီးထီးမကြားဘူးဘူးလား၊ မိဖုယားပေါင်း တသောင်းခြောက်ထောင် ထားပြီး စံစားတော်မူမယ်လို့ကြံလျှင် အပူခံနိုင်အောင် ကိုယ်တော်မြတ်တခုလုံးကို မြကွန်ရွက်ကြီး ဖုံးထား ပေတော့။

(ထီး) အဲ-သည်လေမျိုးကိုဖြင့် လုံ့နှင့်ထိုးသလို လျှောက်တင်ပါလိမ့်မယ်၊ ခင်ဘုန်းဆိုတဲ့ ခင်ဘုန်းက ရှင်ပြုံးပြုံးကလေးနှင့်လှသော်လဲ အလျှောက်အထားနှင့် စကား တလုံးတလုံး မိန့် လိုက်မှဖြင့် သိမ့်ခနဲ့သိမ့်ခနဲတုန်အောင် အပုံကြီးလန့်စရာကောင်းတာဘဲ၊ ထီးထီးရယ် ရှင်ဘုရင် ကြီး ဖြစ်လာပါပြီ၊ ထီးထီး စိတ်အေးရအောင် လေပြေ့ကလေးနှင့် လျှောက်တင်စမ်းပါ။

(ဘုန်း) ဩြော်—တယ်အအေး ကြိုက်တော်မူသလား ကိုယ်တော်ရဲ့ ဟိမဝန္တာက မဟာ အနော်တတ်အိုင်သွားပြီး၊ မြစီတဲ့ ရွှေဖလားနှင့် ရေများ သုံးသပ်တော်မူပါအုံးလား၊ ဟိမဝန္တာ ကျတော့ စကားတလုံးမှမပြောတဲ့ သူယောင်တောကြီးကို သွားတွေ့ ပါလိမ့်မယ်။ ။စကား မပြော တုဏှိဘောနှင့် လှုပ်ရှားခြင်းမရှိ ပကတိငြိမ်သက်၍ ကလိမ်းကလက်မရှိတဲ့ သူယောင်မ ကလေးတွေနဲ့ အရှေ့လိုက်တန်းကစားရလျှင် စိတ်တော်များ အေးမြလိမ့်မယ်လို့ထင်ပါရဲ့၊ ကဲ- သဘောကျတော်မူပလား၊ (ထိုစကားကိုကြားရာ ခင်မြတ်ကပြုံးရယ်သည်)။

(ထီး) နေစမ်းပါအုံး ခင်ဘုန်း၊ တယ်စကားတတ်ထာကိုး၊ ခင်မြတ် သူ့ခမျာကလေး ငေးနေရပြီ၊ လျှောက်တင်ခွင့်တောင် မရရှာတော့ဘူး။

(ခင်ဘုန်း) ခင်ဘုန်းတို့အသံများကိုတော့ ကြားတော်မမူချင်ဘူး ပေါ့လေ၊ နားကြော ရှော့အောင် လေပြေ့ပြေ့ကလေးနှင့် လျှောက်တတ်တဲ့ ခင်မြတ်ကဲ့စကားကိုမှ နားဝင်ချိုတယ် လို့ ထင်တော်မူမှာပေါ့။

(တပင်ရွှေထီးက ခင်မြတ်ဘက်သို့လှည့်ပြီး) ခင်မြတ်ကဲ့ စကားမပြောတတ်လို့ပြုံးနေသလား ဗူးလုံးနားမထွင်းဆိုလျှင် မခံချင်တဲ့စိတ်များပေါ်လာမလား။

(ခင်မြတ်) ခင်မြတ်မှာတော့ ဒေါသစိတ် မရှိပေါင်ပါ ဘုရား၊ ခန္တီပါရမီကို လက်ကိုင်ထားပြီး အသနားခံရတဲ့ အခြေမျိုးမှာ ငုံ့လျှိုးလို့နေတဲ့ ခင်မြတ်ပါ။

(ထီး) နေစမ်းပါအုံး၊ ယခုတင်က ဘယ်အတွက်ကြောင့် အလု, အယက် ပြောနေကြတာလဲ။

(မြတ် သည်လိုပါဘုရား၊ ကိုယ်တော့လကျာဘက်ကို အလု, အယက် ခစားဘို့ ငြင်းနေကြတာပါ၊ ခင်ဘုန်းကလဲ ထီးထီးရဲ့ လကျာဘက်က ခစားမတဲ့ဘုရာ့၊ ခင်မြတ်ကလဲ လကျာဘက်က ခစားမယ်လို့ လုနေတယ်ဘုရာ့။

(ထီး) ဩြော်-ညာဘက်ကခစားဘို့ သူတို့နှစ်ပါး လုနေကြတာကိုး၊ နို့ နေစမ်းပါအုံး၊ ဘယ်သူက တရားနိုင်သွားသလဲ။

(မြတ်) ခင်ဘုန်းက ထီးထီးရဲ့ လကျာတော်ကို ငယ်ရွယ်စဉ် အခါကစပြီး အပြီးအပိုင် အသနားခံယူထားတယ်လို့ ပြောတာနှင့် မြတ်မြတ်ကကိုယ်ရှိန်သတ်ပြီး နောက်ဆုတ်နေလိုက်ရပါတယ်ဘုရား၊ တရား အရှုံး,အနိုင်မှာတော့ ပိုင်ပိုင်ကြီး မဟုတ်သေးပါ၊ ကိုယ်တော်မြတ် ဘုရားသာ တရားပိုင်ဖြစ်နေတဲ့အတွက် အရှုံး,အနိုင်နှင့် ပိုင်သင့်,မပိုင်သင့်ကို တရားသဖြင့် ဆုံးဖြတ်တော်မူဘို့အရေးကြုံနေပါပြီ၊ ဘယ်မျက်နှာကိုမှ မထောက်ထားဘဲ တရားလမ်းရှိတဲ့ အတိုင်း ဆုံးဖြတ်တော်မူပါဘုရား။

(ခင်ဘုန်း) အဲ-မှန်တယ်၊ တရားအတိုင်းသာ ဆုံးဖြတ်တော်မူပါ၊ သည်တခါဖြင့် ချိန်ခွင်လျှာ ဘယ်ကိုစောင်းတယ်လို့ ကောင်းကောင်းကြီးသိရတော့မှာဘဲ”

(တပင်ရွှေထီးက အတန်ကြာပြုံးရယ်ကာ ငေးတော်မူပြီး) “အင်း-တယ်ဆုံးဖြတ်ဘို့ခက်နေတာဘဲ၊ ယခုစီရင်ရမဲ့တရားကို ကြားဘဲမကြားဘူးပါကလား။ ဘယ်တရား,ညာတရား အလွန့်အလွန်ဆန်းပြားတယ်၊ ညာဘက်ကို လုကြတဲ့တရားပေါ့။ သူတို့လိုရင်းကတော့ ဟိုနောက်အရှေ့မှန်ပြီး ငွေသခ်ါဘွေသဖန်းမှာ အောင်ဘိသေရေးဖျန်း၍ တောင်နန်းကို ရည်ရွယ်ကြတာပေါ့၊ ဩြော်-ခက်ပါကလား၊ တောင်ညာစံဒေဝီ မဟေသီတင်မြှောက်ဘို့ သူတို့နှစ်ယောက် လုနေကြပါပေါ့ကလား” ဤသို့စဉ်းစားတော် မူနေတုန်း ခင်ဘုန်းက“လွှတ်ရုံးသခင် ရှင်ဘုရင်ကြီး လုပ်နေပြီး တရားစီရင်ဘို့အရေးမှာ သို့ကလောက် ငေးနေရသလား၊ ဟံသာဝတီကို စစ်ချီဘို့အရေးမှာတော့ သေးအလွန်သန်ပါကလား၊သည်အရေးမှာတော့ သွေးလေးတော်မူလိုက်ပါရော၊ နှစ်များကြာအောင် ရွှေ့ဆိုင်းတော်မူအုံးမှာလား ကိုယ်တော်”

(ထီး) “ဘယ်တရား,ညာတရား သည်လိုရှုပ်ထွေးတဲ့တရားကို ထီးထီးဖြင့် တခါမှမကြားဘူးဘူး၊ ဖြတ်ထုံးအရပ်ရပ်မှာလဲ သည်တရာ မျိုးမပါဘူး၊ ယခု ရုတ်တရက်စီရင်ဘို့ အလွန်ခက်နေတယ်၊ ကဲလေ-ဆိုင်းကြစမ်းပါအုံး၊ ဘုန်းဘုန်းနှင့်မြတ်မြတ်တို့ရယ်၊ ကြာပန်းနှစ်ခုရဲ့ စပ်ကြားမှာ ပျားကောင်ကလေး အနားရခက်သလို ထီးထီးရဲ့စိတ်တော်များဟာလဲ ပျားပမာ ဇဝေ,ဇဝက်

နှင့် အနားရခက်နေပါပြီ၊ ငွေစန္ဒာလကသိင်္ကဲ့သို့ လှချင်တိုင်း လှနေတဲ့ ကောမုဒချပ်လွှာ။ သည်မျက်နှာကလေးအစုံကို ဘယ်ပုံဆုံးဖြတ်ရမှာလဲ မြတ်မြတ်နှင့်ဘုန်းဘုန်းတို့"

(ခင်ဘုန်း) အလို– ငိုတော်မူအုံးမှာလား၊ ဘုရား- ဘုရား၊ ငြီးတွားတော် မူလိုက်တာ သနားစရာအမူတော် အပုံကြီးပေါ်လာပြီ၊ တရားဆုံးဖြတ်ဘို့ ဆိုင်းချင် ဆိုင်းတော်မူပါ၊ သနား ဘွယ်အမူအရာနှင့် ရွှေမျက်နှာမညှိုးစမ်းပါနှင့်၊ ကိုယ်နှမ်းတော်မူမယ်သခင်ရဲ့" ဤသို့ပြောဆိုပြီး လျှင် ခင်ဘုန်းသည် သလွန်တော်ပေါ်သို့ တပင်ရွှေထီး၏ လကျာဘက်က တက်၍ ထိုင်လေ၏။

ထိုအခါ တပင်ရွှေထီးက သလွန်တော်ပေါ်သို့မတက်ဘဲ ကျန်နေသောခင်မြတ်၏ လက်တော်ကို အသာဆွဲပြီး လက်ဝဲဘက်မှာစံနေစေသည်။ သလွန်တော်ပေါ်တွင် မင်းသုံးပါးတို့ စံမိကြသောအခါ တပင်ရွှေထီးက လကျာလက်တော်ဖြင့် ခင်ဘုန်း၏ လက်ကိုကိုင်၊ လက်ဝဲလက်တော်ဖြင့် ခင်မြတ်၏လက်ကို ကိုင်တော်မူပြီး "အဲသည်ပုံမျိုး စံတော်မူရတာ လွန်စွာစည်းစိမ်ကြီးပါကလား၊ လက်ဝဲ,လကျာ ကြယ်တာရာနှစ်ခုအတွင်းက လမင်းကြီးနှင့် ထီးထီးမတူဘူးလား၊ (မိန့်တော်မူရင်း ကောင်းကင်ကို မျှော်ရှုတော်မူပြီး)အို-ကြည့်စမ်းပါ၊ ဘုန်းဘုန်းနှင့် မြတ်မြတ်တို့ ရယ်၊ ဟို- အထက်ကောင်းကင်က ဖိုးလမင်းကြီးမှာလဲ လက်ဝဲ,လကျာ ကြယ်တာရာ ကလေး နှစ်လုံးခြံရံပြီး စည်းစိမ်ကိုခံစားတော်မူနေပါကလား၊ လမင်းကြီးက ထီးထီးကို ဂုဏ်ပြိုင်နေတယ် ထင်ပါရဲ့။ ဘယ်လိုပင်ပြိုင်သော်လဲ ထီးထီးကို မနိုင်ပါဘူး၊ ဟို–ကောင်းကင်က လ,နှင့်ကြယ်တို့ မှာ အသက်ဝိညာဉ်မပါဘူး၊ လမင်းနှင့်တူတဲ့ ထီးထီးရယ်၊ လက်ဝဲ,လကျာ ကြယ်တာရာနှစ်လုံးလို ပြုံးနေကြတဲ့ ဘုန်းဘုန်းနှင့်မြတ်မြတ်ရယ်၊ တို့မင်းသုံးပါး မှာတော့ ပကတိဝိညာဉ် အသက်ရှင်နေကြတာမို့ ဘယ်လိုပင်ဂုဏ်ပြိုင်သော်လဲ မနိုင်ရှိုးအမှန်ပေါ့"

(ခင်ဘုန်းက-ရွှင်ပြုံးပြီး) "အလို-ကိုယ်တော်မိန့်တော်မူပုံဟာ ပုံပမာတွေနှင့် အလွန်တရာ ဆန်းကြယ်ပါကလား၊ တောင်ငူမြို့တော်တွင် ကဗျာဘုရင်ရယ်လို့ ရာဇဝင်ထိုးရတဲ့ဘုရင်ကလေး တဆူ ဖြစ်တော်မူအုံးမှာထင်ပါရဲ့၊ သည်ပုံ စံတော်မူရတာ စည်းစိမ်ရှိတယ်လို့ ထင်တော်မူပါလျှင် ဘယ်သူကလာပြီး တားမြစ်အုံးမှာလဲကိုယ်တော်၊ သည်ပုံ,သည်ဟန်,အမြဲစံတော်မူတာပေါ့"

(ခင်မြတ်မှာ လက်ဝဲဘက်က စံရသည်ကို မနှစ်ချိုက် နိုင်သောကြောင့်) "ခင်မြတ်ကို လက်ဝဲတော်ကထားပြီး စံစားတော်မူပုံကို အရှည်သဖြင့် အတည် ပြုရတော့မှာလား ထိပ်တင်၊ တရားစီရင်တော်မူပြီးပလား"

(တပင်ရွှေထီးက ခင်မြတ်၏ နူးညံ့သောလက်ကလေးကို ခပ်ညှစ်ညှစ်ဆုပ်ကိုင်တော်မူပြီး)

"အို–အခဲမကြေနိုင်ဘဲကိုး၊ တရားစီရင်ဘို့ အချိန် ရွှေ့ဆိုင်းထားတယ်လို့ မိန့်တော်မူခဲ့တယ် မဟုတ်လား"

(မြတ်) "ဘယ့်ကလောက်ကြာအောင် ရွှေ့ဆိုင်းတော်မူမှာလဲဘုရား"

(ထီး) "ဩော်-လက်ဝဲ,လကျာ လုကြတဲ့အရေးက သေနင်္ဂါ စစ်ရေးထက်ပင် ခက်လို့ နေပါသေးကလား၊ ကဲ-ကဲ–ရွှေ့ဆိုင်းတဲ့အချိန်ပိုင်းကို ဖွင့်လို့မိန့်တော်မူရမှာပေါ့၊ ယခု ထီးထီး မှာ ရာမညတိုင်းကြီးကို အုပ်စိုးသိမ်းပိုက်၍ တိုက်ခိုက်သိမ်းယူရမဲ့ အရေးဟာက လွန်စွာ ကြီး

ကျယ်နေပါတယ်၊ ရာမညတိုင်းခရိုင်ကို ပိုင်နိုင် အုပ်စိုးပြီးတဲ့အခါ သီရိခေတ္တရာ ဆိုတဲ့ ပြည်မြို့ အလုံးကိုလဲ သိမ်းကျုံးတော် မူရလိမ့်မယ်၊ ထိုနောက်တဘန် ယိုးဒယားနိုင်ငံကိုလဲ ကြံတော်မူထားရင်း လက်မလွှတ်အောင် ရွတ်ရွတ်ချွန်ချွန် ကြံစည်တော်မူရလိမ့်အုံးမယ်၊ အဲသည်လို နိုင်ငံတော်အလုံးကို သိမ်းပိုင်အစိုးရ၍၊ ရာဇ,ရာဇာ,မဟာကေရာဇ် အထွတ်ဆုံး ဖြစ်တော်မူတဲ့အခါ ကေတုမတီ နေပြည်တော်ကြီးအတွင်း အမင်းမင်း ရံသန်းလျက်၊ မှန်နန်းတော် ဆောင်ဦးမှာ ဘိသိက်တော် အောင်သံကျူးပြီး အထူးကြီးကျယ်တဲ့ မင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပတော်မူရလိမ့်မယ်၊ မုဒ္ဓါဘိသေကမင်္ဂလာ၊ အခါတော်ဆင်နွှဲလို့ သဘင်ပွဲ ကျင်းပတဲ့အခါ များစွာသော ဗိုလ်ပံတို့အလယ်မှာ ငယ်ရွယ်စဉ် ခေတ်တုန်းက အချစ်ဆုံးဖြစ်ကြတဲ့ ဘုန်းဘုန်းနှင့်မြတ်မြတ်ကို ဂုဏ်ဒြပ်သင့်လျော်စွာ ဝဲ,လက်ျာရွေးချယ်ပြီး၊ တင့်တယ်အောင် ဆုံးဖြတ်တော်မူရန်ကို သန္နိဋ္ဌာန်ချပြီးပါ၊ စောစောစီးစီး အလျှင်မလိုကြပါနှင့်အုံး၊ ဘုန်းဘုန်းနှင့်မြတ်မြတ်တို့”

ဤသို့ချစ်ခင်သောအမူအရာတော်နှင့် ပျော်ပျော်ပါးပါး မိန့်ဆိုတော်မူနေတဲ့အတွင်း သျှင်ရဲထွတ်သည် ခင်ခင်ကြီးကိုလက်တွဲလျက် အထံတော်သို့ ဝင်ရောက်လာလေ၏။ ထိုအခါ ခြေရံပရိသတ်များလည်း အပါးကော်မှာ မရှိသည်နှင့် တပင်ရွှေထီးက မင်းမှုစိုးဟန်ကိုအသုံးပြုတော်မမူဘဲ သလွန်တော်ပေါ်က မတ်မတ်ရပ်လျက် ခရီးဦးကြိုပြုတော်မူသည်။ ခင်ဘုန်းနှင့် ခင်မြတ်တို့သည်ကား သလွန်တော်ပေါ်မှဆင်း၍ ခင်ခင်ကြီးကို လက်ဝဲ,လက်ျာ,တွဲယူကြိုဆိုကြလေသည်။

တပင်ရွှေထီးက သလွန်တော်ပေါ်မှာ ငယ်ရွယ်စဉ်ကလို အတူ ထိုင်တော်မူလိုသောကြောင့် “ထွတ်ထွတ်၊ သည်မှာပင် အတူထိုင်ပါ” ဟု အမိန့်တော်ရှိရာ၊ သျှင်ရဲထွတ်က အရိုအသေပေးကာ ငြင်းပယ်သော်လည်း “အို–ညီလာခံတဲ့ သဘင် မဟုတ်ပါဘူး၊ လသာတဲ့ညအခါမှာ ဟို-ငယ်ရွယ်စဉ်တုန်းကလို အရောတဝင်နေစမ်းပါအုံး၊ အရိုအသေ ပေးခြင်းဆိုတာ စိမ်းကားရာ ကျပါတယ်” ဤသို့ အမိန့်တော်ရှိသည်နှင့် သျှင်ရဲထွတ်လည်း အခွင့် ပေးသောအတိုင်း သလွန်တော်ပေါ်မှာပင် အတူတွဲယှဉ်ကာ ထိုင်လေ၏။ ခင်ဘုန်း,ခင်မြတ်,ခင်ခင်ကြီးတို့သည်ကား အပါးတော်တွင် ရှိသော သလွန်တခုပေါ်တွင် အတူထိုင်ကြသည်။ ခင်ဘုန်းနှင့် ခင်မြတ်တို့သည် ခင်ခင်ကြီးအပေါ်မှာ အသက်ကလဲကြီး၊ ဘုရင့်သမီးတော်အစစ်လဲ ဖြစ်သည်နှင့် နဂိုက အရိုအသေပေးခဲ့ရင်းအတိုင်း အစဉ်တစိုက် အရိုအသေပေးကာ နေကြရသည်။

ဤကဲ့သို့ မင်းငါးပါးတို့ သိုက်သိုက်ဝန်းဝန်း ဆုံမိကြသောအခါ တပင်ရွှေထီး၏စိတ်ထဲမှာ လွန်စွာ ဝမ်းမြောက်တော်မူလှသဖြင့် “ကုသိုလ်ချင်း ကံဆုံ၍ လူ့ဘုံမှာ ပါရမီထူးတဲ့လူများဟာ ကံပေါင်းစုလို့ပေးသဖြင့် တစုတဝေးထဲ ဖြစ်ကြရတာဘဲနော်၊ ထီးထီးက နန်းကြီးရဲ့သခင်၊ ထွတ်ထွတ်က စစ်ဘုရင်၊ ဘုန်းဘုန်းနှင့်မြတ်မြတ်တို့က မဟေသီ၊ အမတော်ဘုရားက ဒေဝီ၊ အကျိုးပေးပုံ တယ်ညီပါကလား”ဟု စတင်၍ မိန့်တော်မူသည်။

(ရဲထွတ်) မှန်လှပါ“ဘုန်းနှင့်သမ္ဘာ,ထက်ကြပ်ပါ”ဆိုတဲ့အတိုင်း အမြင့်စားဖြင့် ကြီးပွါးမဲ့လူများဟာ ရှေးကံနိုးဆော်သဖြင့် အကျိုးပေးအလွယ်တကူ ဝီရိယအထူးမကူရပါ။ ။တယောက်က အကျိုးပေးလျှင် ရှေးကဆက်သွယ်ဘူးတဲ့သူများလဲ “သစ်တပင်ကောင်း,ငှက်တသောင်းခိုရ” ဆိုတဲ့စကားအတိုင်း ဘုန်းရှိန်နှင့် သမ္ဘာဂုဏ်ကို ခိုလှုံစမြဲဖြစ်ပါတယ်။ ။ထီးထီးရဲ့ ဘုန်းဂုဏ်ကို

ခိုလှုံရတဲ့အတွက် ခင်ဘုန်း၊ ခင်မြတ်၊ ခင်ခင်ကြီးနှင့် နောင်တော်ထွတ်တို့မှာ အတုလွတ်ကင်း ဂုဏ်တန်ခိုး ထွန်းလင်းလို့ နေရပုံကို အာရုံပြုတိုင်း ဝမ်းမြောက်လှပါတယ်ဘုရား။

(ထီး) ထီးထီးသက်သက်ကို တဘက်သတ် ချီးမွမ်းနေဘို့ မဟုတ်ပါဘူး၊ အတူတကွ အကျိုးပေးခွင့်ကြုံလို့ ကံဆုံတဲ့ သူများဟာ ရှေးကံအရင်း အဆက်အလက် မကင်းပါဘူး။ ။ ထီးထီးမှာ ဘုရင့်အဖြစ်သို့ရောက်တယ်ဆိုသော်လဲ ထွတ်ထွတ်ကဲ့သို့ ဘုန်းလက်ရုံးပညာနှင့် သစ္စာရှိတဲ့သူကို အားကိုးတော်မမူရဘူးဆိုပါလျှင် ဘုရင့်အဖြစ်ကို လုံခြုံခိုင်ခံ့တယ်လို့ မဆိုနိုင်ပါဘူး၊ ယခုမှာတော့ လက်ရုံးတဆူ အားကိုးတော်မူရတဲ့ နောင်တော် ထွတ်ကြောင့် တုလွတ်မှန်ကင်း၊ မင်းထက်မင်းဖြစ်ရကြောင်းကို ကောင်းစွာသိရှိပါတယ်၊ ထီးထီးရရှိတဲ့ မင်းစည်းစိမ်ဟာ ထွတ်ထွတ်နှင့် အမွေမကွဲပါဘူးလို့ အထူးပင် သတိပြုတော်မူရက်ပါနောင်တော်။

(ရဲထွတ်) ယခုလိုမိန့်တော်မူတဲ့အသံကိုကြားတော့ အား အလွန်တက်ပါတယ်၊ အသက်ကိုစွန့်ပြီး ရန်ညွန့်ကိုချိုး၍ အားကိုးရတဲ့ နောင်တော် တပါးရယ်လို့ အားထားတော် မူပါ၊ ထွတ်ထွတ်ကဲ့စိတ်ထဲမှာတော့ အကွဲကွဲ အပြားပြား ဖြစ်နေကြတဲ့ နိုင်ငံအလုံးစုံကို အကုန်စုရုံးပြီး သိမ်းကျုံးအုပ်စိုး၍ နိုင်ငံတခွင်ကို တပြင်ထဲလုပ်ဘို့ကြံစည်ထားပါတယ်၊ အဲ-သည်အခါ ထီးထီးမှာ မင်းပေါင်းများစွာ ပဏ္ဏာသွင်းရတဲ့ ကေရာဇ်မင်းကြီး ဖြစ်ဘို့ဘဲ မဟုတ်လား။

(ထီး) ထွတ်ထွတ်ကဲ့တင်ချက်အတိုင်း အောင်မြင် ထမြောက် လိမ့်မယ်လို့ ထင်ပါတယ်၊ ကေရာဇ်ဘုရင်ကြီးဖြစ်တဲ့အခါ မြတ်ဗုဒ္ဓသာသနာကို ကောင်းမွန်စွာ ပြုစုနိုင်ဘို့အခြေသို့ ဆိုက်ရောက်မှာပေါ့။

(ထွတ်) အဲ-ထီးထီးရဲ့ စိတ်တော်ထဲမှာ သာသနာပြုချင်တဲ့ စိတ်မျိုး စွဲနေတာကို အပုံကြီး ကျေးဇူးတင်ပါသည်၊ မှန်တဲ့အတိုင်း လျှောက်တင်ရမှာဖြင့် သူတပါးစိုးပိုင်တဲ့ နိုင်ငံတော်တခွင်ကို ချဲ့ထွင် သိမ်းပိုက် တိုက်ခိုက် နှိပ်နင်းရခြင်းဆိုတာ တရားတော်အလိုအားဖြင့် အပြစ်မကင်းရှိး အမှန်ပါ၊ သို့ရာတွင် မိမိစိုးပိုင်တဲ့ နိုင်ငံတော်အတွင်းမှာ မိစ္ဆာအမှောင် ပယ်ခွါ ရှောင်၍ ထွန်းပြောင်ထိန်ဝါ သာသနာရောင်စက် ပြောင်ပြောင်လက်အောင် ပြုခြင်းသာလျှင် ဘုရင်မြတ်တို့၏ အကျိုးတော်အစစ်ဖြစ်ကြောင်းကို ကောင်းမွန်ခိုင်မြဲစွာ နှလုံး ပိုက်သွင်း တော်မူပါ။ ။ ရာဇဂုဏ်တက်တိုး၍ မေ့လျော့ခြင်း လွှမ်းမိုးမည်ကိုသာ စိုးရိမ်လျက်ရှိပါတယ်ထီးထီး။

(ထီး) နိုင်ငံပေါင်းများစွာကိုအုပ်ချုပ်၍ ဘယ်လိုပင်ရာဇဂုဏ်ကြီးကြီး ရှိန်းစိုင်းသူတို့အလေ့ဖြင့် မေ့လျော့တော်မူမယ်လို့ မထင်ပါဘူး၊ သို့ရာတွင် ရာဇဂုဏ်ဆိုတာလဲ မာန်တက်၍ မေ့လျော့စေတတ်ပါတယ်၊ တကယ်လို့များ ဣဿရိယ မာန်ငွေ့ကြောင့် မေ့လျော့တယ်လို့ ထင်ပါလျှင် ထွတ်ထွတ်ကလွှတ်လို့ မထားပါနှင့်၊ အမြဲပင်သတိပေးစေခြင်ပါတယ်။

(ထွတ်) သတိပေးဘို့တော့လွယ်ပါတယ်၊ သို့ရာတွင် ရောင်ခြည်တထောင်အလင်းဆောင်တဲ့ ရှင်နေမင်းကြီးပင် ဖြစ်သော်လဲ ညစ်ပုပ်မဲမှောင်တဲ့ တိမ်တောင် တိမ်လိပ်တွေ ပိတ်ဆီးနေပြီဆိုမှဖြင့် တိမ်တောင်ကိုလျှိုထွင်း၍ အလင်းဓါတ်ပျံ့နှံ့အောင် ရှက်ဆောင်ဘို့ မတတ်နိုင်ကြောင်းများကိုလဲ ထီးထီးသိတော်မူပါလိမ့်မယ်၊ မေ့လျော့ခြင်းဆိုတဲ့ တိမ်တောင် တိမ်လိပ်တွေ ထူထပ်

နေပြီဆိုမှဖြင့် ဘယ်လိုပင် သတိပေးသော်လည်း အသိဉာဏ်ဆိုတဲ့ အလင်းရောင်က ထွန်းပြောင်နိုင်တော့မည် မဟုတ်ပါ၊ သည်အရေးလဲ မျှော်တွေး ဆင်ခြင်တော်မူစေလိုပါတယ်၊ အို....စကားမစပ် ဟံသာဝတီပြည်ကြီး ပျက်စီးမှားယွင်းတဲ့ ဖြစ်ပုံတွေကို ကြားတော်မူပါပလား။

(ထီး) တင်စမ်းပါအုံး၊ ထွတ်ထွတ်လျှောက်ထားမှ အစုံအလင်ကြားသိတော်မူရမှာပါ။

(ထွတ်) ကေတုမတီနေပြည်တော်ကြီးက ပစ်လွှတ်လိုက်တဲ့ ရာဇပရိယာယ် လက်နက်တွေဟာ ဟံသာဝတီပြည်ကြီးကို တည့်တည့်မတ်မတ်ကြီး မှန်ကုန်ကြပြီ၊ အလွန်တာသွားတဲ့လက်နက်တော်များပါဘဲ၊ တလိုင်း နိုင်ငံကြီး မှာဖြင့် လက်နက်မီး လောင်ကုန်ပေါ့။ ။အထိန်းတော်ဗညားလောနှင့် ဗညားကျန်းတို့ကိုလဲ ဟံသာဝတီဘုရင်က အရှင် မထားဘဲ ကွပ်မျက်လိုက်လို့ အမတ်အိုကြီးနှစ်ပါး သေမင်းနိုင်ငံသို့ အမှုထမ်းသွားရှာကြပေါ့။

(ထီး) အို–သည်စကားကိုတော့ သနားတော်မူမိပါတယ်၊ ဟံသာဝတီဘုရင်ဟာ အဆင်ခြင်ဉာဏ် တယ်သေးသိမ်ပါကလား၊ ပျက်စီးချိန်တိုင်တော့ သည်လို မှားယွင်းတတ်ထာမျိုး ထင်ပါရဲ့လေ။

(ထွတ်) အမတ်ကြီးနှစ်ပါးကို သနားတော်မူမနေပါနှင့်တော့ ထီးထီးရယ်၊ လွယ်လွယ်နှင့် ကိစ္စပြီးတော့ မှာပါဘဲ၊ "သည်ယုံမြင်လို့–သည်ချုံထွင်" ဆိုတာလို သည်အရေးကို မြင်လို့ ပရိယာယ်ကိုန်းဆင်ခဲ့တယ်မဟုတ်လား။ ။ဟံသာဝတီဘုရင် ဉာဏ်ပုလို့ ရန်သူ့လက်နက် ထိတာပေါ့၊ ဉာဏ်ထွားပါလျှင် သည်လိုမှားနိုင်ပမလား၊ မှူးမတ်များလဲ အချင်းချင်းကွဲပြားကုန်ပြီတဲ့ တိုင်းသူပြည်သား လူအများကလဲ အမတ်အိုကြီး နှစ်ပါးကို သတ်ပစ်တဲ့အတွက် ပွက်လောဆူပြီး သူတို့ဘုရင်ကို အကြည်ညိုနဲပါးကုန်ပြီ။ ။သေဆုံးသွားတဲ့ အထိန်းတော်ကြီးများကို သနားတဲ့ မှူးမတ်တွေကတဘက်၊ ဘုရင့်အလိုလိုက်ပြီး အကြိုက်ကို တင်နေကြတဲ့ မှူးမတ်တွေက တဘက်၊ သည်လိုနှစ်ဦးနှစ်ဘက်ကွဲနေရာ အလိုတော်ရိအမတ်တွေမှာတော့ ဉာဏ်ပညာ နဲနဲမှ မရှိကြဘူး၊ ဟိုတဘက်ကအမတ်တွေကတော့ အမြော်အမြင်နှင့် အဆင်ခြင်အတော်ကြီးကြတယ်၊နိုင်ငံနှင့်အမျိုးကိုလဲ အကျိုးရှိအောင် ကြံဆောင်ကြိုးစားတဲ့ အမတ်တွေပေါ့။ ။ယခုတဘန်စစ်ချီမဲ့ အခါမှာ အလိုတော်ရိအမတ်တွေကိုတော့ အရေးထားပြီး လေးစားဘို့မလိုဘူး၊ ဟိုတဘက်က မှူးမတ်များကိုသာ အရေးထားဘို့ရှိနေပါတယ်။

(ထီး) အင်း လွယ်လွယ်ကလေးနှင့် ပျက်စီးတော့မှာဘဲ၊ ပြည်ဘုရင်က အားကိုးရာ မရဘူးတဲ့လား။

(ထွတ်) ပြည်ဘုရင်ကတော့ သူ့အကျိုး သူကြည့်နေတာပါ၊ ဟံသာဝတီကို ကူညီဘို့နေနေသာသာ သူ့နိုင်ငံကို လုံခြုံအောင် အပုံကြီးကြိုးစားနေရတဲ့ အခိုက်ပါ၊ ဟိုအဝက ရှမ်းဘုရင်ကိုအားကိုးပြီး၊ သူ့တန်ခိုးမမှိန်အောင် အချိန်ရှိသမျှကြံနေရရှာပါတယ်၊ တောင်ငူ လက်အောက်ကိုမဝင်ဘဲ ဉာဏ်ဆင်လေသမျှ သူဒုက္ခရောက်ဘို့ချည်း ပါဘဲ။ ။ဩော် - သတင်းတခုကြားရပြန်တာကတော့ ဟံသာဝတီဘုရင်ကို မကြည်ညိုတဲ့ မှူးမတ်တသိုက်က သူတို့ဘုရင်ကို သူတို့ကိုယ်တိုင် တိုက်ခိုက်ပြီး ရာမညတိုင်းကြီးကို အုပ်စီးဘို့ကြံနေကြသတဲ့၊ တောင်ငူက စစ်မချီ

သော်လဲ ဟံသာဝတီဘုရင်တော့ ပျက်စီးတော့မှာအမှန်ဘဲ၊ နိုင်ငံ့အကျိုးကို သည်လိုရှက်ဆောင်တဲ့ သည်လိုမှူးမတ်များကို ထွတ်ထွတ်ဖြင့် ချီးမွမ်းချင်တာပါဘဲ။

(ထီး) ဩော်-ဟံသာဝတီမှာ သိုကလောက်တောင် ပူလောင်ပြင်းထန်နေသကိုး၊ အဘက်မတန်တဲ့ မှူးမတ်တို့လက်က တိုက်ဖျက်လို့ မယူလိုဘူး၊ ဘုရင့်လက်က အရယူတော်မူမယ်၊ သူတို့အချင်းချင်း အတွင်းမီးမထခင် အလျင်အမြန် ချီတော်မူမှ သင့်တော်မယ်၊ နောင်တော် ထွတ်က စစ်မှုရေးရာကို လျင်မြန်စွာသာ စီရင်ပေတော့၊ ဟံသာဝတီကို ထွတ်ချီ သိမ်းပိုက်တော်မူမယ်။

ဤကဲ့သို့ မိန့်တော်မူနေစဉ် ကောင်းကင်က လမင်းလည်း အတော်ပင် စောင်းသွားရာ ညဥ့်နက်လှပြီဖြစ်သောကြောင့် စကားလက်စကို ယုတ်သိမ်းပြီးလျှင် အချင်းချင်းခွဲခွါတော် မူကြလေ၏။ ။သျှင်ရဲထွတ်လည်း ခင်ခင်ကြီးကို လက်တွဲပြီးလျှင် နန်းတော်ထဲမှ ထွက်ခွါသွားလေသည်။ ။ဘုရင်တပင်ရွှေထီးလည်း ခင်ဘုန်းနှင့် ခင်မြတ်တို့ကို လက်ဝဲ,လက်ျာတွဲတော်မူပြီးလျှင် စက်တော်ဆောင်သို့ ဝင်တော်မူလေသတည်း။

## "ဟံသာဝတီသို့ စစ်ချီတော်မူခြင်း"

နောက်တနေ့နံက် ညီလာသဘင် ကျင်းပရာတွင် အထိန်းတော်ကြီးများ, မှူးမတ်သေနာပတိကြီးများနှင့် ဆွေးနွေးတိုင်ပင်တော်မူပြီးလျှင် ဟံသာဝတီသို့ ချီတက်ရန် ရေတပ်, ကုန်းတပ် အစုံအညီစီရင်တော်မူစေသတည်း။

ထိုအခါ ကေတုမတီ နိုင်ငံတော် တဝှမ်းလုံးတွင် ရှိနေကြသော ယောကျ်ားကောင်းဟူသမျှတို့သည် ချီတော်မူရာသို့ လိုက်ပါရန် အထူးနှိုးဆော်ခြင်း မပြုရဘဲ စိတ်ဇောထက်သန်စွာနှင့် သူ့ထက်ငါလာရောက်၍ အမှုတော်ထမ်းရန် မြို့တော်သို့ လာရောက်ကြလေသည်။

ချီတော်မူရာတွင် ပါဝင်သော စစ်သည်အင်အားကား ကုန်းတပ်တွင် တိုက်ဆင်(၁၂၀) စစ်မြင်း(၈၀၀)၊ စစ်သည်သူရဲ(၇၀၀၀၀)ပါသည်၊ ပေါင်းလောင်းမြစ်က စုန်သော ရေတပ်တွင် တိုက်လှေနှစ်ရာကျော်နှင့် ရိက္ခာတင်သော လှေတို့သည် များစွာပါသည်၊ ရေတပ်စစ်သည်သူရဲပေါင်း (၁၀၀၀၀)တသောင်းရှိသည်၊ ရေတပ်တွင် ဘယကျော်သူကို ဗိုလ်မှူး ခန့်တော်မူသည်။

ကုန်းတပ်တွင် (၁) တုရင်ရာဇာ (၂) တုရင်ဗလ (၃) စစ်တုရင်္ဂသူ (၄) တုရင်ယော်ဓါသည်လေးယောက်ကို မြင်းတပ်ဗိုလ်မှူးခန့်၍ ရှေးဦးစွာ ချီတက်စေသည်၊ ကျော်ထင် နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်သည် မြင်းတပ်လေးတပ်ကို အုပ်ချုပ်၍ တပ်ဦးက လိုက်ပါလေသည်။ ။တပင်ရွှေထီးသည်ကား တပ်မတော်ကြီးက လိုက်ပါတော်မူသည်။

# အခန်း (၁၀)

## "ဟံသာဝတီဘုရင်၏ နောင်တရခြင်းနှင့်"

## "မြို့တော်မှ ထွက်ရှောင်ခြင်း"

အထိန်းတော်ကြီး ဗညားလောနှင့် ဗညားကျန်းတို့ကို အမြော်အမြင် အဆင်ခြင် မရှိဘဲ ကွပ်မျက်တော်မူခြင်းကိုအကြောင်းပြု၍ မှူးမတ်တို့လည်း အချင်းချင်းကွဲပြားပြီ၊ တိုင်းသူပြည်သားတို့လည်း ဘုရင့်အပေါ်တွင် အကြည်ညိုပျက်ယွင်းကြကြောင်းကို သိတော်မူလေရာ စိတ်နှလုံးညှိုးငယ်စွာနှင့် အလွန် နောင်တရတော်မူခြင်း ဖြစ်တော်မူလေ၏။ ။တကိုယ်ထည်း ငြိုးတွားတော်မူသည်မှာ။ ။ဩော်-အထိန်းတော်ကြီးနှစ်ဦးဟာ ခမည်းတော် ဘုရားလက်ထက် ငယ်ရွယ်စဉ်အခါကစပြီး ငါ့အပေါ်မှာလွန်စွာစောင့်ရှောက်ခဲ့ကြပေတယ်၊ မိဘအရင်းများ သားတယောက်ကို စောင့်ရှောက်ကြသလိုဘဲ။ ။အထိန်းတော်ကြီးများဟာ ဗဟုသုတပညာနှင့် လွန်စွာ ပြည့်စုံ၍ တိုင်းရေးပြည်မှု အစုစု အရပ်ရပ်ကိုလဲ တတ်ကျွမ်းနားလည်ကြပေတယ်၊ စစ်မှုရေးရာမှာတော့သာလို့ပင် ကျွမ်းကျင်ကြတာပေါ့၊ သို့အတွက် တိုင်းပြည်ကလဲ ကြည်ညိုကြတယ်။ ။တပင်ရွှေထီး၏ ရာဇပရိယာယ်ကို ရေရေလယ်လယ်ရှိအောင် မဆင်ခြင်မိဘဲ ရုတ်တရက်အမျက်ထွက်ပြီး တချက်လွှတ် အမိန့်နှင့် အဆုံးစီရင်လိုက်ခြင်းမှာ လွန်စွာအမှားကြီးပေဘဲ၊ အလွန်မှားတဲ့ဘုရင်၊ ဉာဏ်သေးသိမ်တဲ့ ဘုရင်ရယ်လို့ ရာဇဝင်မှာဖြင့် တွင်ရစ်တော့မှာဘဲ။ ။ဩော် - တပင်ရွှေထီးနှယ်ကြံမှ ကြံရက်ပလေတယ်၊ သည်က စတင်၍ အချင်းချင်း မဟာမိတ် ဖြစ်အောင် ကြံဆောင်ပါသော်လဲ မြားကောက်နှင့် ပစ်တဲ့အလား အကောက် ဉာဏ်ကို သုံး၍ ပျက်ပြုန်းအောင်ကြံစည်တာများဟာ အလွန်တရာမှ နစ်နာလှပါကလား၊ ဉာဏ်သာလေရဲ့ တပင်ရွှေထီးရယ်၊ ဟံသာဝတီပြည်ကြီးဖြင့် ပျက်စီးကိန်းကြုံတော့မှာဘဲထင်ပါရဲ့၊ အထိန်းတော်ကြီးများကို မှားမှားယွင်းယွင်း ကွပ်မျက်မိခြင်းကြောင့် မှူးမတ်များလဲစိတ်နှလုံးကွဲပြားနေကြပြီ၊ သည်လို မညီမညွတ်ဖြစ်နေတဲ့ အတောအတွင်းမှာ တဘက် ရန်သူကို တွန်းလှန်ဖို့ဖျတ်ဘို့ အပုံကြီး ခက်နေတာဘဲ၊ အတွင်းမီးထခြင်းဆိုတာ အပြင်မီးထက် အားကြီးကြောက်လန့်ဘို့ ကောင်းတာမျိုးဘဲ၊ အတွင်းမီးကိုမငြိမ်းနိုင်ဘဲ အပြင်မီးကိုငြိမ်းဘို့ဆိုတာ ဘယ်မှာတတ်နိုင်ပါတော့မလဲ။ အခက်အခဲဖြင့်ကြုံနေပေါ့၊ တပင်ရွှေထီးအားကြီးအင်ကြီးနှင့်ချီတက်လာပြီလို့ကြားရတယ်။ ဘယ်လိုများ အကြံထုတ်တော်မူရပမလဲ၊ ကွဲပြားနေတဲ့ မှူးမတ်များကိုလဲ အားကိုးလို့မဖြစ်နိုင်တော့ဘူး၊ အို-စစ်ရေးပြိုင်လို့မနိုင်ဘူးမှန်းသိတဲ့အတူတူဖြင့် ကိုယ်လွတ်ရုန်းဘို့သာ သင့်မြတ်ပါတော့တယ်။ ခုခံ တိုက်ခိုက် နေလို့ဘာအကျိုး ရှိတော့မှာလဲ၊ ပြည်ဘုရင်နှင့်ပေါင်းပြီး ချမ်းသာကြောင်းကိုကြံမှသင့်တော့မယ်။ ဤသို့တကိုယ်ထည်းငြိုးတွားတော်မူပြီးလျှင် မှူးမတ် အစုံ အညီနှင့် တိုင်ပင်တော်မူရန် ညီလာခံသဘင်ကျင်းပတော်မူလေ၏။

မှူးမတ်သေနာပတိတို့ စုံညီစွာ ဆိုက်ရောက်ခစားမိသောအခါ။

(ဟံသာဝတီဘုရင်) ယခုအခါဘုရင်တပင်ရွှေထီးသည် စစ်သည်ဗိုလ်ထုပေါင်း များစွာနှင့် ရေတပ်,ကုန်းတပ်,အစုံအညီ၊ ဟံသာဝတီသို့ချီလာပြီဟု ကြားသိတော်မူရတယ်၊ မင်းကြီး ဘယ်လို ခုခံတွန်းလှန်ကြမလဲ။

(အလိုတော်ရိအမတ်များ) တပင်ရွှေထီးချီလာသော်လဲ စိုးရိမ်ဘို့မရှိပါ၊ ကျွန်တော်တို့မှာ မြို့ခံဖြစ်၍ စားရေရိက္ခာမှစ၍ လုံလောက်စွာရှိပြီးပါ ကျွန်တော်တို့မှာလဲ ဆင်, မြင်း, ဗိုလ်ပါ, စုံလင်စွာ အသင့်ရှိပြီးမို့ ဘိဘိစီးစီးတိုက်ခိုက်ပါလျှင် တပင်ရွှေထီး၏ ရန်ကိုတွန်းလှန်နိုင်မည် ဖြစ်ပါကြောင်း၊ တပင်ရွှေထီးသည် အကြိမ်ကြိမ် ကျွန်တော်တို့မြို့ကို ချီတက်လုပ်ကြံခဲ့သော်လဲတကြိမ်မျှ အောင်မြင်သည်မရှိစဘူးပါ၊ သည်တကြိမ်မှာလဲ ကျွန်တော်တို့ကပင် အောင်မြင်မည်အမှန်ပါဘုရား။

(ဆန့်ကျင်ဘက်အမတ်များ) တပင်ရွှေထီး၏ ဘုန်းလက်ရုံးကိုလဲ မင်းကြီးတို့ အသိပင်ဖြစ်ကြသည်။ကိုယ့်နိုင်ငံနှင့် ကိုယ့်ဘုရင်ကိုသာ အမွှမ်းတင်ကာ လျှောက်တင်နေဘို့ အချိန်မဟုတ်ပါ၊ စစ်ရေးလဲနီးလှပါပြီ၊ ဟံသာဝတီမှာ အထိန်းတော်ကြီးနှစ်ပါး ကွယ်လွန် စုတေ့သွားသည်ကစ၍၊ တိုင်းသူပြည်သားတို့၏ စိတ်နှလုံးထားပုံကိုလဲ မင်းကြီးတို့အသိပင်ဖြစ်ကြသည်။စစ်အင်အားလျော့ပါးနေသည့်အခိုက်မှာ တိုက်မယ်,ခိုက်မယ်,ဆိုတဲ့မာန်စွယ်များကိုလဲ အရမ်းမဲ့သွေးနေလို့ မတော်ပါ၊ ယခု တပင်ရွှေထီးချီတက်လာသည်မှာ ရှေးအခါနှင့်မတူ၊ရေတပ်, ကုန်းတပ်, နှစ်ဘက်ညှပ်၍ စစ်သည်အင်အားလွန်စွာများလှသည်ဟုကြားရသည်။ မင်းကြီးတို့ သိကြသောအတိုင်း ရာမညတိုင်း တလိုင်းနိုင်ငံတော်ကြီးတခုလုံးမှာလည်းတပင်ရွှေထီးဆိုလျှင်အလိုလိုထိတ်လန့်နေကြသောအခါကြီး ဖြစ်၍နေသည်။ တနိုင်ငံလုံးညီညွတ်နေလျှင် ခုခံဘို့မခဲယဉ်းပါ၊ မင်းကြီးတို့ သိကြသော အတိုင်း တိုင်းနိုင်ငံမညီညွတ်ဖြစ်နေတဲ့ခေတ်ဆိုးထဲမှာ ဘယ်နည်းမျိုးနှင့်ခုခံ၍ တွန်းလှန်နိုင်မည်ဆိုတဲ့အချက်ကို မှန်တဲ့အတိုင်း ဘုရင်မင်းမြတ်သိတော်မူရအောင် လျှောက်တင်ကြပါအုံး၊ ကျွန်ုပ်တို့ စိတ်မှာတော့ ဘယ်အခါမဆို အမျိုးနှင့်နိုင်ငံဘက်က ရန်သူကိုဖြိုဖျက်ဘို့ အသင့်ရှိရိုးအမှန်ပါ။

(ဤသို့ပြောဆိုရာ၊အလိုတော်ရိအမတ်များက ဘုရင်အားရတော်မူအောင်)ယခုမင်းကြီးတို့ ပြောဆိုပုံမှာ ရန်သူအားပေးစကားများသာ ဖြစ်နေကုန်ပြီမဟုတ်လား၊ ရာဇဝတ်တော်နှင့် အပြစ်ပေးခံရတဲ့ အထိန်းတော်ကြီးနှစ်ပါးကဲ့သို့ ငါလူသူ့ဘက်သားလုပ်ချင်တဲ့ အရိပ်နိမိတ်တွေ ပေါ်လှပါကလား၊ ရန်သူကိုမခုခံလျှင် ရန်သူ့လက်အောက်မှာ ဝတ်ဆင်းပြီးထီးနန်းကိုအပ်၍လွယ်လွယ်ကူကူနှင့် ကျွန်အဖြစ်ခံလိုကြသလား၊ ကိုယ့်စကားကို ကိုယ်တိုင်စဉ်းစားကြစမ်းပါ။

(ဆန့်ကျင်ဘက်အမတ်များ) မင်းကြီးတို့ကကွယ်လွန်သူ အထိန်းတော်ကြီး နှစ်ပါးကိုပင် ယခုတိုင်အောင်အပြစ်တင်နေကြသလား၊ အထိန်းတော်ကြီးနှစ်ပါးသာယခုနှယ်အခါရှိနေပါလျှင် သို့ကလောက်တိုင်ပင်ဆွေးနွေးနေဘို့အရေးဖြစ်ပေါ်မည်မဟုတ်ပါ၊ စစ်မှုစစ်ရေးနိုင်ငံရေးမှာရှေးအစဉ်အဆက်ကစ၍ ကျွမ်းကျင်လာကြပြီးဖြစ်သောအတိုင်း တနိုင်ငံလုံးစုရုံးညီညွတ်စွာနှင့် ခုခံပါလျှင် လွယ်စွာနှင့် အောင်မြင်နိုင်ပါတယ်။ အထိန်းတော်ကြီးနှစ်ပါးရှိစဉ်က သို့ကလောက် ကဲ့ပြားသလား၊ယခုတကြိမ် တပင်ရွှေထီး ချီလာခြင်းမှာ အထိန်းတော်ကြီးများ မရှိကြောင်းကိုကြား၍၊ အင်အားတက်ကြွပြီး မုချကိုနိုင်းသေဆိုတဲ့သဘောမျိုးနှင့် အကြီးအကျယ် ချီတက်လာခြင်းဖြစ်

ကြောင်းကို ရိပ်မိကြတယ်မဟုတ်လား၊ သည်အကြောင်းအရာများကိုလဲ အစုံအလင်စဉ်းစားထိုက်ပါတယ်၊ တိုင်းသူပြည်သားတို့လဲ မနစ်နာ၊ နိုင်ငံမှာလဲ ပျက်စီးခြင်းမရှိအောင် ကြံဆောင်ဖို့သာ အရေးကြီးပါတယ်။

ဤသို့အချင်းချင်းမညီညွှတ်ကြသော မှူးမတ်များ၏အငြင်းအခုန် ပြောကြားသောစကားကို ဘုရင်မင်းမြတ်ကြားတော်မူရာ ညှိုးငယ်သောအမူအရာနှင့် "ကဲ-ကဲ-လွန်ခဲ့ပြီးတဲ့ အကြောင်းတွေကို ပြောကြားနေလို့လဲ အကျိုးရှိတော့မယ်မဟုတ်ဘူး၊ မှူးမတ်တို့၏သဘောများကိုလဲ သိတော်မူရပြီ၊ ယခုတပင်ရွှေထီးချီလာသည်မှာ လွန်စွာအင်အားများလှသဖြင့် ဟံသာဝတီမြို့တော်ကခုခံသော်လဲ အကျိုးရှိလိမ့်မည်မထင်။ တိုင်းသူပြည်သားတို့၏ သေကြေပျက်စီးခြင်းကိုလဲ လိုလားတော်မမူဘူး။ သင့်လျော်မည်ထင်တာကတော့ အလွယ်တကူနှင့်ဟံသာဝတီမြို့တော်ကို သိမ်းယူချင်လျှင်လဲ သိမ်းယူစေတော့၊ ပြည်ဘုရင်ရှိရာသို့ စစ်သည်ဗိုလ်ပါနှင့်တကွ ရေကြောင်းဖြင့် ဆန်တက်တော်မူမည်။ ပြည်မြို့သို့ရောက်လျှင် ပြည်ဘုရင်နှင့်ပူးပေါင်း၍တပင်ရွှေထီး၏ရန်ကို တွန်းလှန်ဖြိုဖျက်တော်မူမည်။ အမြန်ပင်ပြင်ဆင်ကြပေတော့။ ဤသို့အမိန့်တော်ရှိလေ၏။

အလိုတော်ရိအမတ်များက စကားဖြင့်ဟိုက်မည်ဟု ကြိမ်းဝါးကြသော်လည်း တောင်ငူဘုရင်တပင်ရွှေထီး၏ အင်အားကို လန့်ပြီးဖြစ်နေသောကြောင့် ဘုရင်မင်းမြတ်က တပင်ရွှေထီးနှင့်ဆိုင်၍ စစ်ပြိုင်တော်မမူသေးဘူး၊ ပြည်မြို့သို့ ဆန်တက်မည်ဟု မိန့်တော်မူသည်ကို အလွန်အားရသည်နှင့် "အမိန့်တော်အတိုင်းသင့်မြတ်လှပါသည်ဘုရား" ဟု လျှောက်ထားပြီးလျှင်ပြည်သို့ ဆန်တော်မူရန် အခမ်းအနားများကိုသာလျှင် မြန်စွာ ပြင်ဆင်ကြလေ၏။

ရေတပ်၊ ကုန်းတပ်များကို ပြင်ဆင်ပြီးသောအခါဟံသာဝတီဘုရင် သူ့ရှင်သည်ရွှေဖေါင်ကို စီး၍ပြည်မြို့သို့ဆန်တက်တော်မူသည်တလိုင်းတို့၏ရေတပ်တွင်စစ်လှေပေါင်း ၇၀၀စစ်သည်ရဲပေါင်း လေးသောင်းပါသည်။ ထိုရေတပ်များကို ခြောက်တပ်ခွဲ၍၊ (၁)အဲမွန်တရာ၊ (၂)သမိန်စည်သူ၊ (၃)သမိန်သံကျယ်၊ (၄)ပိုက်နရဲ၊ (၅)ညီဂံဂေါင်၊ (၆) အဲနရဲ ဤခြောက်ယောက်တို့ကို ဗိုလ်မှူးပြု၍ အုပ်ချုပ်လိုက်ပါစေသည်။ ကုန်းတပ်မှာလည်း တိုက်ဆင်(၂၀၀)၊ စစ်မြင်း(ဂ၀၀)၊ စစ်သည်သူရဲ(ဂ၀၀၀၀)ပါသည်။ထိုကုန်းတပ်များကို ငါးတပ်ခွဲပြီးလျှင်(၁)ဗညားဒလ၊ (၂)မင်းရဲအောင်နိုင်၊(၃)အဲဖြသီး၊ (၄)ရဲသင်ရဲ၊(၅)ပိုက်ကမြင်၊ ဤ၅ ယောက်တို့ကိုဗိုလ်မှူးပြု၍ အုပ်ချုပ်လိုက်ပါစေသည်။

ပြည်မြို့သို့ ဆန်တက်တော်မူရာတွင် စုမိသမျှသော ဗိုလ်ပါအလုံးစုံကို အကုန်သိမ်းကျုံး၍ ယူတော်မူခဲ့သည်။ တပင်ရွှေထီးသည် ဟံသာဝတီကိုရသော်လဲ ဗိုလ်ပါ၊ဆင်၊မြင်း၊ များမရအောင် အကုန်သိမ်းယူတော်မူခြင်းပေတည်း။

## "နောက်တော်သို့ မလိုက်ဘဲ ကျန်ရစ်သော မှူးမတ်များ"

အလိုတော်ရိအမတ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော တလိုင်းမှူးမတ်တို့သည် ဟံသာဝတီဘုရင် ချီတော်မူရာသို့ မလိုက်မပါကြဘဲ မိမိတို့စုရုံးမိသော အသင်းအပင်းနှင့် ဟံသာဝတီမြို့

တော်မှာပင် နေရစ်ကြလေ၏ ထိုမှူးမတ်တို့ တိုင်ပင်ကြသည်မှာ "ကျွန်ုပ်တို့၏ အရှင်သခင်ဖြစ်သော ဟံသာဝတီဘုရင်သည် ရန်သူမင်းနှင့် မျက်နှာချင်း မဆိုင်ရသေးခင်က မြို့တော်နှင့် နိုင်ငံတော်ကိုစွန့်ခွါ၍ ကိုယ်လွတ်ရုံးတော်မူသည်မှာ လွန်စွာရာဇဝင်ရိုင်းလှပါသည် မိမိအမျိုးကိုပင် မချစ်ခင်ရာကျသည့်ပြင် ဘုရင်ကောင်းဖြစ်ပါလျက် သူရသတ္တိနည်းပါးရာကျသွားပြီး ယခုဘုရင့် နောက်တော်သို့မလိုက်ဘဲ ကျန်ရစ်ကျတဲ့ ကျွန်ုပ်တို့တစုမှာ အမျိုးနှင့် နိုင်ငံ၏ကျက်သရေကို ဆယ်ယူတဲ့အနေအားဖြင့် တပရွှေထီးချီတက်လာလျှင် အကြည်အသာလက်လျှော့မခံဘဲ စွမ်းနိုင်သမျှ တိုက်ခိုက်ကြစို့ တွေ့သောရန်သူကို လွယ်ကူစွာနှင့် အရှုံးပေး၍ အောက်ကျို့ခံကာ စည်းစိမ်ချမ်းသာကိုရခြင်းထက် ရန်သူတို့နှင့်ပြိုင်ဆိုင်ကာ တိုက်ခိုက်ရင်း အသက်သေဆုံးသွားခြင်းက မြတ်တယ်လို့ နီတိကျမ်းများမှာ အဆိုရှိတယ် မစွမ်းနိုင်တဲ့ အခြေသို့ဆိုက်ရောက်မှ ကျွန်ုပ်တို့လက်လျှော့ကြစို့ ဤကဲ့သို့တိုင်ပင်ရာ ထိုစကားအတိုင်းပင် ညီညွတ်ကြလေ၏။

ထိုမှူးမတ်များသည် ဟံသာဝတီဘုရင် ပြည်သို့ဆန်တက်စဉ် နောက်တော်ကလိုက်ပါမည် အဟန်နှင့် အရိပ်အရောင်ပြကြပြီးလျှင် တကယ်မလိုက်ဘဲ အချို့တိုက်လှေများနှင့် အချို့သော ဗိုလ်ပါ၊ဆင်၊မြင်းတို့ကို ကဲ့ဝှက်၍ယူထားလိုက်ကြသည်။ မိမိတို့လက်တွင်းရှိသောဆင်၊မြင်း၊ဗိုလ်ပါ များကို ဟံသာဝတီမြို့တွင်းသို့ သွတ်သွင်းပြီးလျှင် စားရေရိက္ခာ အလုံအလောက်နှင့် တပင်ရွှေထီး ချီလာလျှင် ခုခံနိုင်သမျှ ခုခံတိုက်ခိုက်မည်ဟု ပြင်ဆင်နေကြလေသည်။ နယ်ပယ်၊ကျေးလက်၌ ရှိသော တလိုင်းများကိုလည်း ရနိုင်သမျှသိမ်းသွင်း စုဆောင်းကြရာ၊ ဟံသာဝတီမြို့တော်ကြီး အတွင်းမှာ စစ်သည်သူရဲပေါင်းများစွာ စုဆောင်းမိလေသည်။ ။ထိုမှူးမတ်အပေါင်းတို့တွင် သမိန်ပရူကို အချုပ်အအုပ် တင်မြှောက် ထားကြလေ၏။ (မြို့၌ကျန်ရစ်ခဲ့သော မှူးမတ်တို့ကို အမျိုးနှင့်နိုင်ငံအပေါ်တွင် ချစ်သွေးဝင်သောသူများဖြစ်ပေသည်ဟုချီးမွမ်းထိုက်ပါပေသတည်း။)

"တပင်ရွှေထီးချီတက်လာခြင်း"

တောင်ငူမြို့တော်ကထွက်ချီ၍ သုံးစခန်းလောက် ရောက်လေသော် ဟံသာဝတီဘုရင် ပြည်သို့ဆန်တက် ခွါရှောင်ကြောင်းကို တပင်ရွှေထီး ကြားသိတော်မူလေ၏။ ဟံသာဝတီက သတင်းချားကို အဆောတလျင် ကြားသိတော် မူနိုင်ခြင်းများမှာ အခြားကြောင့်မဟုတ် ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်သည် တိုင်းရေး၊ပြည်မှု၊တွင် ပဒေသာအလား အလွန် ဉာဏ်များသောသူ ဖြစ်သောကြောင့် အချို့တလိုင်းများကို အလိုသို့ပါအောင် လက်ဆောင် ပဏ္ဏာ၊ ရွှေငွေဘဏ္ဍာ များစွာပေးကမ်းပြီးလျှင် ဟံသာဝတီမြို့တော်ကြီး အတွင်းမှာ သူလျှိုအဖြစ်ဖြင့် စောစော၊စီးစီးက ခန့်ထားပြီး အသင့်ရှိလေသည်။ ထိုသူလျှိုများသည် အကြောင်းထူးတိုင်း၊ထူးတိုင်း၊ လာရောက်၍ လျှောက်ထားကြရသည် သို့အတွက် ဟံသာဝတီမြို့တော်က အကြောင်းထူးများကို လျှင်မြန်စွာကြားနိုင်ခွင့်ကို ရရှိတော်မူလေသတည်း။

တလိုင်းသူလျှိုတယောက်သည် သျှင်ရဲထွတ်အထံသို့ မြင်းနှင့်ဆိုက်ရောက် လာပြီးလျှင် ဟံသာဝတီဘုရင် ထွက်ရှောင်တော်မူကြောင်းမှစ၍ စုံလင်စွာလျှောက်တင်ရာ သူလျှို၏လျှောက်တင်ချက်ကို ကြားစေလိုသောကြောင့် သူလျှိုကို ဘုရင်တပင်ရွှေထီး အထံတော်သို့သွင်းလေ၏။

(သျှင်ရဲထွတ်က ရှိသေစွာရှိခိုးလျက်။) ယခု ဟံသာဝတီက သူလျှိုဆိုက်ရောက်လာပါသည် မေးမြန်းစိစစ်တော်မူပါ အကြောင်းစုံလင်စွာ ကြားသိတော် မူရပါလိမ့်မည်ဘုရား။

(တပင်ရွှေထီး) ဪ-ယခုစစ်စခန်း ချရပ်တော်မူရာတွင် အဆောတလျင် သူလျှိုတော်ဆိုက်ရောက်လာသည် ဝမ်းမြောက်တော်မူမိတယ် ဟံသာဝတီမှာ အကြောင်းအရာဘယ်လိုထူးသလဲ။

(သူလျှိုက ရှိသေစွာရှိခိုးလျက်) အလွန်ထူးဆန်းလှပါသည်ဘုရား အရှင့်ဘုန်းတော်အရှိန်ကို မခံဝံ့တဲ့အတွက် ချီတက်တော်မူလာပြီ ကြားကတဲကပင်လျှင် ဟံသာဝတီမြို့တော်တွင် မနေဝံ့ဘဲ ကုန်းတပ်ရေတပ် အစုံအလင်နှင့် ပြည်ဘုရင်ရှိရာသို့ အဆောတလျင် ဆန်တက်တော်မူပါသည် ရာမညတတိုင်းလုံးမှာလဲ အုံးအုံး၊ကြွက်ကြွက်၊နှင့် မကြာမှီအတွင်း တောင်ငူဘုရင်၏လက်တွင်းသို့ ရာမညတတိုင်းလုံး ဆိုက်ရောက်တော့မည့် အကြောင်းကိုသာ တထိတ်ထိတ်၊ တလန့်လန့်၊နှင့် ပြောကြားနေကြပါကြောင်းပါဘုရား။

(ထီး) ဪ-တလိုင်းဘုရင်ဟာ၊ သူရသတ္တိ အလွန်နည်းပါကလား ယခုချီတော်မူလာခြင်းမှာ ဟံသာဝတီဘုရင်နှင့် စစ်မျက်နှာချင်း ပြိုင်ဆိုင်၍၊ တိုက်တော်မူရလိမ့်မည် အထင်နှင့်ချီတော်မူခဲ့ရာ သည်လိုဖြင့် ကြံတော်မူရင်းအတိုင်း ပြိုင်ဆိုင်၍တိုက်ဘို့ အခွင့်ကိုရတော့မှာမဟုတ်ဘူးပေါ့ နို့နေပါအုံး မြို့တော်အတွင်းမှာ စစ်သည်ဗိုလ်ပါးများ ရှိပါသေးရဲ့လား။

(သူလျှို) အကြောင်းစုံလင်စွာ တင်ပါရစေဘုရား၊ အထိန်းတော်ကြီးနှစ်ပါးတို့ကို ကွပ်မျက်တော်မူတဲ့အခါကစပြီး မှူးမတ်အချင်းချင်း ကွဲပြားကြပါသည် မှူးမတ်တွေ ကွဲပြားခြင်းကြောင့် တိုင်းသူပြည်သားတွေ ကွဲပြားကြပါသည် ယခုပြည်သို့ ဆန်တက်တော်မူရာတွင် အလိုတော်ရှိမှူးမတ်တို့သာ နောက်ကပါသွားပါသည် ဆန့်ကျင်ဘက် အမတ်များမှာ ဟံသာဝတီမြို့တော်အတွင်းမှာ ကျန်ရစ်ခဲ့ကြပါသည်။ သည်အမတ်များကလဲ အားရှိသမျှခုခံကြမည်ဟု ပြင်ဆင်လျက် ရှိနေကြပါသည်ဘုရား။

(တပင်ရွှေထီးကပြုံးတော်မူပြီး) ဪ-တော်ကြပါပေးတယ် သည်လိုအမတ်မျိုးကိုမှ နိုင်ငံအကျိုးကိုဆောင်ရွက်တဲ့ မှူးမတ်အစစ်ကြီးတွေရယ်လို့ ချီးမွမ်းထိုက်ကြပါပေးတယ် နို့နေစမ်းပါအုံး သူ့ခများမှာ လက်နက်အင်အား တော်တော်ကလေးများ ပြည့်စုံကြပါသေးရဲ့လား။

(သူလျှို) ဟံသာဝတီဘုရင် ထွက်တော်မူစဉ်ကပင် ဆင်၊မြင်း၊ဗိုလ်ပါ ‹ ›က်နက်ကိရိယာမှန်သမျှ အလုံးစုံကို အကုန်သိမ်းကျုံး၍ ယူသွားပါသည်ဘုရား ကျန်ရစ်ခဲ့သော မှူးမတ်များမှာ လျှို့ဝှက်၍ထားသော အချို့လက်နက်ကရိယာနှင့်၊ ဗိုလ်ပါဆင်မြင်း အနည်းငယ်ကိုသာ ရရှိကြပါသည် တစုံတရာ စိုးရိမ်ဘွယ် မရှိပါဘုရား။

(ထီး) စိုးရိမ်တော်မူလို့ မေးတာမဟုတ်ပါဘူး ယခုကိုယ်တော်မြတ်ချီတက်ရာတွင် ခုခံသူမရှိဘဲ အလွယ်တကူနှင့် မြို့ကိုသိမ်းယူတယ်ဆိုတဲ့ စကားကိုကြားတော်မမူလိုဘူး လွယ်ကူတဲ့ပစ္စည်းကို သိမ်းယူနိုင်ခြင်းဆိုတာကို ဘယ်မှာအစွမ်းသတ္တိရှိတယ်လို့ ချီးမွမ်းနိုင်ပမလဲ ခဲခဲယဉ်းယဉ်း အထန်းအပြင်းတိုက်ခိုက်၍ သိမ်းပိုက်တော်မူရမှ အားရနှစ်သက်တော်မူတယ် ကျန်ရစ်တဲ့မှူးမတ်များ သူတို့အင်အားနှင့် ခုခံနိုင်ကြပါစေလို့ ရည်ရွယ်လျက်ပါဘဲ။

(သူလျှို) သူတို့စွမ်းနိုင်သမျှခုခံကြမယ်လို့ အကြိတ်အခဲပင်ကြံစည်လျက်ရှိကြပါသည်ဘုရား ကျေးလက်ကလူများကိုလဲ မြို့တော်အတွင်းသို့ ဆောင်ယူသိမ်းသွင်း၍ထားပါသည် ဘုရားကျွန်တော်မျိုးကြားသိခဲ့ရတာမှာတော့ စစ်ရှုံးလို့နိုင်ငံအလုံးကိုအပ်ချင်အပ်ပါရစေ တောင်ငူဘုရင်၏ နှောင်တော် သျှင်ရဲထွတ်၏ဦးခေါင်းတလုံးကို ဖြတ်ရလျှင် ကျေနပ်စွာနှင့် တင်းတိမ်အားရပြီးလို့ ကြိမ်းဝါးကြပါကြောင်းဘုရား။

(ဘုရင်တပင်ရွှေထီးက သျှင်ရဲထွတ်၏မျက်နှာကို ပြုံးရွှင်စွာရှုစားတော်မူပြီး) ထွတ်ထွတ်တို့များ တယ်နာမယ်ကြီး နေပါပေါ့ကလား ရာမညတိုင်း တလိုင်းသူရဲကောင်းတွေက ထွတ်ထွတ်ကဲ့ဦးခေါင်းကို လိုချင်ကြသတဲ့ တယ်အဘိုးတန်တဲ့ ဦးခေါင်းပါကလား။

(သျှင်ရဲထွတ်ကပြုံးပြီး) သည်သတင်းကို ကြားရတာ အလွန်အလွန် ဝမ်းမြောက်လှပါတယ်ဘုရား။ရာမညတိုင်းကြီးတခုလုံးနှင့် ထွတ်ထွတ်ဦးခေါင်းတလုံးကို လဲလှယ်မည် ဆိုပါလျှင် ထွတ်ထွတ်ကဝမ်းမြောက်စွာ လဲနိုင်ပါတယ်။ သို့ရာတွင် ထွတ်ထွတ်ကဲ့ဦးခေါင်းကို လူသားတို့လက်နက်မဆိုထားဘိ၊ သကြားမင်း၏ ဝရဇိန်လက်နက်နှင့် ခွဲဖျက်လို့တောင် မရနိုင်ကြောင်း ယုံကြည်ပြီးရှိပါတယ်။ ဟံသာဝတီကို အောင်မြင်သိမ်းယူပြီးတဲ့အခါ ဦးခေါင်းကိုလိုချင်တဲ့ တလိုင်းအမတ်များကို ဆုလာဘ် သနားရအုံးမှာပေါ့ဘုရား"

ဤသို့ သူလျှိုတို့၏စကားကို နားစိုက်တော်မူပြီးလျှင် ကြည်ရွှင်ဝမ်းမြောက်သော နှလုံးဖြင့် ပြုံးရွှင်တော်မူပြီးလျှင် တပင်ရွှေထီးသည် အောင်စည်အခြိမ့်ခြိမ့်တီးလျက် စစ်စခန်း ချရပ်တိုင်း ချရပ်တိုင်း ပွဲလမ်းသဘင်များကို စုံလင်စွာ ကျင်းပတော်မူကာ ဟံသာဝတီသို့ စခန်းစဉ်အတိုင်း ချီတော်မူလေသတည်း။

---

# အခန်း (၃၁)

## "ဟံသာဝတီရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူကြောင်း"

ကုန်းတပ်၊ ရေတပ်၊ အစုံအလင်နှင့် ချီတက်တော်မူလေသော် တောင်ငူဘုရင် တပင်ရွှေထီးသည် ဟံသာဝတီမြို့တော်သို့ အနှောက်အယှက် အဆီးအတားမရှိဘဲ ဆိုက်ရောက်တော်မူလေသည်။

ပေါင်းလောင်းမြစ်က ချီတက်လာကြသော ရေတပ်များကိုလည်း ဟံသာဝတီသို့ အမြန်ဆိုက်ရောက်ကြရန် အမိန့်တော်ရှိသဖြင့် ခရီးပြင်းချီတက်၍လာကြရာ၊ ရေတပ်လည်း ဟံသာဝတီမြို့တော်သို့ ဆိုက်ရောက်လာလေ၏။ ဘံသာဝတီ မြို့တော်အနီးသို့တိုင်အောင် လှေတပ် များကို ဆိုက်ကပ်နိုင်လေသည်။

(မှတ်ချက်။ ။ထိုစဉ်အခါက ပဲခူးမြစ်သည် ရေစီး,ရေလာ,လွန်စွာကောင်းသဖြင့် အလွန်ကြီးမားသော လှေများပင်လျှင် ဘယ်ရာသီမဆို မြို့တော်သို့အထိ ဝင်နိုင်သည်။ ယခုခေတ်အခါမှာ တဖြည်းဖြည်း တိမ်ကောလေပြီဖြစ်၍ ထိုကဲ့သို့ ဝင်နိုင်တော့သည် မဟုတ်ချေ။)

ဤကဲ့သို့ ကုန်းတပ်,ရေတပ် အစုံအညီ ဟံသာဝတီမြို့တော်ရင်းသို့ ချဉ်းကပ် မိကြသောအခါ မြို့တွင်းက ခုခံနေသော တလိုင်းမှူးမတ်တို့နှင့် စစ်သည်များကလည်း မြို့တံခါးကို လွယ်ကူစွာ ဘွင့်၍မပေးဘဲ လုံ့စွာပိတ်၍ ခုခံနိုင်သမျှ ခုခံကြမည်ဟု ကြိတ်ခဲ၍သာ နေကြလေသည်။ သို့ရာတွင် မြို့တွင်း၌ရှိနေကြသော တလိုင်းတို့၏အင်အားမှာ လွန်စွာပင် နည်းပါးလျက် ရှိသဖြင့် အမှုထားလောက်သည် မဟုတ်ချေ။ ဤကဲ့သို့ အင်အားနည်းပါးသော်လည်း အမျိုးဂုဏ်ကိုထောက်ထားခြင်းဖြင့် လွယ်ကူစွာ လက်လျော့၍မပေးဘဲ စွမ်းနိုင်သမျှ ခုခံကြမည်ဟု သဘောထားပုံ အချက်သည်ကား၊ အမျိုးကို ချစ်ခင်လေးမြတ်သော သဘောအားဖြင့် ဆင်ခြင်ပါလျှင် ချီးမွမ်းထိုက်သောအချက်ပင် ဖြစ်ပေသည်။

မြို့တွင်းက ခုခံနေကြသော တလိုင်းအမတ်တို့၏ ဦးစီးခေါင်းဆောင် ဖြစ်သော အမတ်ကြီး သမိန်းပရူ၏ စိတ်ဆန္ဒမှာ "ဟံသာဝတီမြို့တော်ကြီး ပျက်စီးဆုံးပါးချင်- ဆုံးပါစေတော့" တောင်ငူမြို့တော်မှာ အကျော်အမော်လုပ်နေတဲ့ "သျှင်ရဲထွတ်" နှင့်သာ မျက်နှာချင်းဆိုင်ပြိုင်၍ တိုက်ရလျှင် ကျေနပ်ပြီ။ ဤကဲ့သို့ သဘောထားရင်း ရှိလေသည်။သမိန်းပရူသည်ကား မြို့တံခါးအနီးတွင် ဆင်စီးလျက်လှံကိုကိုင်ကာ၊ သျှင်ရဲထွတ် ဝင်လာလျှင် ရှေးဦးစွာ လှံချက်မိအောင်ထိုးမည်ဟု အဆင်သင့် ချောင်း၍နေလေသည်။

မြို့တံခါးကို အသာအကြည် ဘွင့်၍ မပေးသည်နှင့် တပင်ရွှေထီးက "ဆင်ဆယ်စီးဖြင့် တဟုန်တည်းထိုး၍ မြို့တံခါးကို ဘွင့်ကြရမည်၊ မြို့တံခါးပွင့်လျှင် ရှေးဦးစွာနန်းတော်ကို ဝန်းဝိုင်း၍ သိမ်းရမည်" ဤကဲ့သို့ အမိန့်တော်ရှိရာ သျှင်ရဲထွတ်က မြင်းစီး၍ ဆင်တပ်ကို ဆော်အောကာ၊ မြို့တံခါးကို အတင်းဘွင့်သည်။ဆင်တို့၏အင်အားကြောင့် မြို့တံခါးကျိုးပျက်၍ ပွင့်သွားလေ၏။

## "လှံကိုလွှတ်သဖြင့် သျှင်ရဲထွတ်၌လှံခြင်း"

မြို့တံခါးကြီး ဖြုန်းခနဲပွင့်သည်နှင့် တပြိုင်နက် သျှင်ရဲထွတ်သည် မြင်းစီး၍ ရှေ့ဆုံးက ရဲရဲဝံ့ဝံ့ အသက်ကိုစွန့်၍ဝင်လေရာ၊ ဆင်တပ်,မြင်းတပ်တို့လည်း နောက်ကလိုက်၍ အတင်းဝင်ကြလေ၏။

ချောင်းမြောင်း၍နေသော သမိန်းပရူသည် ရှေးဦးစွာဝင်၍လာသော ရှင်ရဲထွတ်ကိုတဲ့တဲ့ ချိန်၍ အသင့်ကိုင်လျက်ရှိသော လှံကိုလွှတ်လေရာ သျှင်ရဲထွတ်၏ပေါင်၌ တန်းခနဲစိုက်သွားလေ၏။ သျှင်ရဲထွတ်သည် လွှတ်လိုက်သောလှံ စိုက်၍နေသည်ကိုမြင်ရာ၊ လှံကိုဂရုစိုက်နေလျှင် အမှုတော် လစ်ဟင်းမည်ကို စိုးသောကြောင့် လှံကိုလဲ အရေးမပြု၊ လှံလွှတ်သူ သမိန်ပရူးကိုလဲ အမှုမထားဘဲ နန်းတော်ကို အမြန်စီးလိုလှသဖြင့် လက်တွင်ပါသော ကျောက်စိခါးနှင့် လှံရိုးကို ဖြတ်ပြီးလျှင် နန်းတော်ကြီးသို့ အတင်းစိုင်းနှင်၍သွားလေသည်။ လှံနှင့်ထိုးသောသူ၏ မျက်နှာကိုမူကား သေချာစွာ မှတ်ထားလိုက်သည်။

သျှင်ရဲထွတ်၏ ဓါးမှာ လွန်စွာကောင်းလှသဖြင့် လှံကို ဖြတ်လိုက်ရာ တိခနဲ ပြတ်သွားလေ၏။ စူးဝင်၍နေသော လှံသွားကိုမူကား အမှုထား၍ မနှုတ်သေးချေ။ ဟံသာဝတီနန်းတော်ကြီးသို့ ပထမရှေးဦးစွာ သျှင်ရဲထွတ်ဆိုက်ရောက်လေရာ၊ ရာဇပလ္လင်အနီးတွင် မတ်တတ်ရပ်လျက် ကျောက်စီဓါးကို ရဲအားဖြင့် ဝင့်ဝင့်ပြီး "အောင်တော်မူပြီ- အောင်တော်မူပြီ"ဟု ဟစ်အော်လိုက်သောအခါ နောက်က ထက်ကြပ်ပါ၍လာသော ဆင်တပ်,မြင်းတပ်များလည်း နန်းတော်ကြီးကို စီးမိကြလေ၏။

သျှင်ရဲထွတ်သည် ရာဇပလ္လင်အနီးတွင် မတ်တတ်ရပ်လျက် ဓါးကိုဝင့်ကာ "အောင်တော်မူပြီ-အောင်တော်မူပြီ"ဟု ကြွေးကြော်၍နေစဉ်အခါ၊ စူးဝင်၍နေသောလှံကို မနှုတ်ရသေး။ ထိုလှံချက်မှ စီးယို၍နေသော သွေးတို့သည်လည်း မိမိ ခြေဘဝါးတိုင်ရုံမျှမက၊ ကြမ်းပြင်သို့တင်အောင် စိုစွတ်လျက်ရှိလေ၏။

ဗိုလ်မှူးများက မြင်ကြသောအခါ သျှင်ရဲထွတ်အထံသို့လာပြီး၊ "သခင့်မှာ လှံချက်မိ၍နေပါကလား၊ လှံတန်းလန်းနှင့် ရဲစွမ်းသတ္တိကို မလျှော့သည်မှာ လွန်စွာ အံ့သြဘွယ်ကောင်းလှပါသည်"ဟု လျှောက်တင်ကြရာ၊ သျှင်ရဲထွတ်က "သို့ကလောက် အရေးကြီးနေတဲ့ အချက်ထဲမှာ သည်လှံလောက်ကို ဂရုစိုက်နေလို့ တော်ပမလား၊ စစ်မှုရေးရာမှာ မျက်တောင်တခတ်၊ လျှပ်တပြက်ခါမျှ ရှိတဲ့အချိန်ကိုပင် တွင်တွင်ကြီး အသုံးပြုကြရတယ်၊ လှံချက်ကလေးကြောင့် အရေးတော် လစ်လပ်ခြင်းကို မခံနိုင်ဘူး"ဟု အမိန့်ရှိတော်မူပြီးလျှင် လူပရိသတ်တို့၏ ရှေ့တွင် စူးဝင်၍နေသော လှံကို နှုတ်ယူတော်မူလိုက်လေ၏။

နှုတ်ပြီးသောလှံကို လက်နှင့်ကိုင်၍ စေ့စေ့ရှုစားပြီးလျှင် "အင်း-စွမ်းရည်သတ္တိ အတော်ရှိတဲ့ လှံပေဘဲ၊ ငါ့ကိုယ်တွင်းမှာရှိတဲ့ သွေးများကို သောက်ဖေါ်ရပေတယ်၊ ငါ့သွေးကို သောက်သဖြင့် ငါ့သဘောကဲ့သို့ ရဲရင့်ပြီး ငါနှင့်အတူအမျှ အမှုထမ်းဘော်ရပေလိမ့်မယ်၊ စစ်မှု ရေးရာမှာလဲ သတိပေးဘော်ရထာကို ကျေးဇူးတင်စရာပေဘဲ"သည်လိုပြောဆိုပြီးလျှင် ထိုလှံကို အရိုးတပ်စေပြီးလျှင် စစ်ပွဲတို့၌ အမြဲစွဲကိုင်ရန် ထားတော်မူလေ၏။

သျှင်ရဲထွတ်သည် လှံချက်ဒဏ်ရာကို ဆေးထည့်ပြီးလျှင် ရွှေနန်းတော်ကြီးက အသင့်စောင့်၍နေရာ၊တပင်ရွှေထီးသည် အခမ်းအနားနှင့်ဝင်တော်မူလာပြီးလျှင် ဟံသာဝတီရွှေနန်းတော်ကြီးကို သိမ်းရာတွင် ယောက်ဖတော်သျှင်ရဲထွတ်၏ ရဲစွမ်းသတ္တိများကိုကြားသိတော်မူသည်နှင့်၊ဟံသာဝတီနန်းဦးတွင် ညီလာသတင် ကျင်းပတော်မူရာ "သည်နန်းဟာ နောင်တော် ထွတ်ထွတ်၏ နန်းဖြစ်ပေသည်"ဟူ၍ အထွတ်ဆုံးသော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းတော်မူလေ၏။

သျှင်ရဲထွတ်၏ ရဲစွမ်းသတ္တိများကို အထင်အရှား တလိုင်းတို့သိကြရာ၊ "မြန်မာသူရဲကောင်းများသည် ခြင်္သေ့များကဲ့သို့ ဘေးရန်ကို အမှုမထား၊ စွန့်စွန့်စားစား မလှုပ်ရှား ရဲသွေးချွန်ကြပါပေသည်" ချီးမွမ်းအံ့သြကာ နေကြလေ၏။ မြို့တွင်းက ခုခံ၍နေကြသော တလိုင်းတို့သည် လွန်စွာထိတ်လန့်ကြသဖြင့် မကြာမီအတွင်းမှာပင် ငါတို့တစုကို မီးလောင်တိုက်သွင်း၍ အတင်းသတ်ဖြတ်လိမ့်မည်ဟု ထင်မြင်ကာ အချို့လည်း မြို့တော်က ထွက်ပြေးရန် ကြံစည်ကြလေ၏။

သို့ရာတွင် မြန်မာ စစ်သည်တော်များက မြို့တော်လေးပြင် လေးရပ်ကို ဝန်းဝိုင်းထားသည်နှင့် ထွက်ပြေးရန် လမ်းပေါက်ကို မရနိုင်ရှာကြကုန်။

သျှင်ရဲထွတ်ကိုလုံ့နှင့်လွှတ်သော တလိုင်းတို့၏ခေါင်းဆောင်ဖြစ်သူသမိန်းပရူမှာ သာ၍ပင် ထိတ်လန့်ခြင်းဖြစ်လေသည်။ သို့ရာတွင် စိတ်ကိုတင်းထားပြီးလျှင် ငါ့ကိုတမင်ရွေးပြီး ရှေးဦးစွာ သတ်မှာအမှန်ဘဲ သတ်ချင်သတ်ပစေ စိတ်ကျေနပ်လောက်ပါရဲ့ သျှင်ရဲထွတ်ကဲ့သို့သော မြန်မာ သူရဲကောင်းကို လှံချက်မိအောင်ထိုးလိုက်ရသည်မှာအကျိုးအပုံကြီးနပ်သည်။ မြန်မာတို့သတ်လျှင် ရဲဝံ့စွာ သေလိုက်မည်”ဤကဲ့သို့ သန္နိဋ္ဌာန်ချ၍သာ နေလေသည်။

## “တပင်ရွှေထီး၏အမိန့်တော်”

ထီးနန်းကိုသိမ်းမြန်းပြီးသောအခါ တောင်ငူဘုရင်တပင်ရွှေထီးသည် တမြို့လုံးစည်မောင်း ထီးခပ်တော်မူစေပြီးလျှင် ဤကဲ့သို့ အမိန့်တော်ထုတ်ပြန်တော်မူစေသည်။

ဟံသာဝတီမြို့တော်ကြီးကို ထီးနန်းနှင့်တကွ အောင်မြင်တော်မူပြီ၊ တလိုင်းလူမျိုးများကို ဆီးတားနှောက်ရှက်၍ ညှဉ်းဆဲလိုသော ဆန္ဒရှိတော်မမူချေ။ မိမိတို့ အရှင် သခင် တလိုင်းဘုရင် ရှိရာသို့ လိုက်ပါလိုသူများသည် သားမယားနှင့်တကွ လိုက်သွားကြစေ၊ ငါ၏ဘုန်းတော်ရိပ်ကို ခိုလှုံလိုသူများရှိလျှင်လည်း ခိုလှုံ၍နေကြစေ၊ ခိုလှုံသူများကို အရည်အခြင်းအလျောက် ချီးမြှောက် တော်မူမည်။

ဤကဲ့သို့ ထုတ်ပြန်သောအမိန့်တော်ကို ကြားကြသောအခါ တလိုင်းတို့၏စိတ်မှာ လွန် စွာ ကျေနပ်ခြင်းဖြစ်ကြသည်နှင့်၊ “မြန်မာဘုရင်သည် ငါတို့ထင်နေသလောက် မဆိုးဝါးပါ တကား၊ တရားနှင့်ညီညွတ်ပါပေသည်”ဟု ဝမ်းသာအားရ ချီးမွမ်းကြပြီးလျှင် မိမိတို့ သခင် တလိုင်းဘုရင်နောက်သို့မလိုက်ဘဲ မြန်မာဘုရင်၏ ရွှေဘုန်းတော်ရိပ်ကိုသာ ခိုလှုံ၍နေလိုကြောင်း နှင့် လူပေါင်းများစွာနန်းတော်ကြီးသို့လာ၍ လျှောက်ထားကြလေသည်။

သမိန်းပရူမှစ၍ အကြီးအမှူးပြုလုပ်၍နေသော မှူးမတ်တို့လည်း အညီအညွတ် စည်းဝေး ကြပြီးလျှင်၊ “မြန်မာဘုရင်သည် တလိုင်းလူမျိုးတို့အပေါ်မှာ ရိုင်းစိုင်းစွာ နှိပ်စက်မည့် အခြေ အနေမဟုတ်၊ ငါတို့လည်း ရှေးကပင် အမျိုးဘုရင်၏ အပြုအမူများကို မနှစ်သက်ကြသဖြင့် နောက်တော်သို့မလိုက်ဘဲ ခွဲခွါ၍ချန်နေရစ်ကြသည်။ အမျိုးကို စောင့်ရှောက်ရန် ဝတ်တရား ရှိသောအတိုင်း ငါတို့လည်း ခုခံနိုင်သမျှခုခံခဲ့ကြပြီ။ မြို့တော်အတွင်း၌ ရှိနေကြသော တလိုင်း လူမျိုးတို့လည်း မြန်မာဘုရင်၏ ဘုန်းရိပ်ကိုသာ ခိုလှုံရန် စိတ်သန်ကုန်ကြပြီ၊ ငါတို့လဲ သည် အတိုင်း နေလို့ ဖြစ်နိုင်တော့မည်မဟုတ်၊ အပြစ်အလျောက် ငါတို့ကိုစီရင်လိုလျှင်စီရင်စေတော့၊ ခေါအောက်သို့ရောက်နေပြီအတူတူ နီးရာဓားအောက်သို့သာ ဝင်၍ ခိုလှုံမှ သင့်ကြတော့မယ်” အဲ-သည်လို သဘောတူညီစွာ တိုင်ပင်ပြီး ဘုရင်တပင်ရွှေထီး၏ ဘဝါးတော်အောက်သို့ တညီ တညွတ်တည်းလာရောက်ကြလေ၏။

"တပင်ရွှေထီးက တလိုင်းမှူးမတ်တို့အား မေးမြန်းတော်မူခြင်း"

မြန်မာမှူးမတ် ပရိသတ် အစုံအညီတွင် တလိုင်းမှူးမတ် အပေါင်းတို့ ရွှေဘဝါးတော်အောက်သို့ ဝင်ရောက်ခိုလှုံလာကြသောအခါ တပင်ရွှေထီးက အမိန့်တော်ရှိသည်မှာ၊

(ထီး) ယခု ထံတော်မှောက်သို့ ရောက်လာကြသည်မှာ လျှောက်တင်ရန် အကြောင်းထူးများရှိကြပါသလား။

(တလိုင်းမှူးမတ်များ) တိုင်းရေး, ပြည်ရေးနှင့်စပ်လျဉ်း၍ အထူး, အထွေ, လျှောက်တင်ရန်မရှိပါ၊ ဘုရား့ကျွန်တော်မျိုးများမှာ ခိုကိုးရာမဲ့နေပြီဖြစ်၍ အရှင့်ဘုန်းတော်ဂုဏ်ကို ခိုလှုံရန်လာရောက်ကြခြင်း ဖြစ်ပါသည်ဘုရား။

(ထီး) ဖြောင့်စင်းတဲ့စိတ်နှလုံးဖြင့်ရွှေဘုန်းတော်ရိပ်ကို ခိုလှုံလာကြလျှင် ထိုက်တန်တဲ့ဂုဏ်အလျောက် ချီးမြှောက်တော်မူရမှာပေါ့၊ယခုစစ်ပွဲမှာ အမတ်ကြီးတို့ပင် ခုခံကြတယ်မဟုတ်ပါလား။

(အမတ်များ) ရွှေဘုန်းတော်ကြောင့် မှန်တဲ့အတိုင်းပင် လျှောက်တင်ရ ပါတော့မည်ဘုရား့ကျွန်တော်မျိုးများပင် အရှင့်ကို ခုခံကြကြောင်း မှန်လှပါသည်ဘုရား။

(ထီး) နိုင်မယ်ထင်လို့ အမတ်ကြီးတို့ ခုခံကြတာလား။

(အမတ်များ) ယခင်ကပင် အရှင့် ဘုန်းတော်များကို ကြားဘူးကြပါသည်၊ ကြားတဲ့အခါက စပြီး ကျွန်တော်မျိုး.များတို့ မဆိုထားပါနှင့်၊ ကျွန်တော်မျိုးတို့ သခင် တလိုင်းဘုရင် ခုခံသော်လည်း အောင်မြင်နိုင်ဘွယ်မရှိကြောင်းကို သိကြပါသည်။ ။သည်အကြောင်းကို သိတဲ့ အတွက် ကျွန်တော်တို့သခင် တလိုင်းဘုရင် ကိုယ်တော်တိုင် မြို့တော်ကိုစွန့်၍ ထွက်ခွါရှောင်ရှားတော်မူပါသည်။ ။အရှင့်ဘုန်းတန်ခိုး တေဇာမှာ လွန်စွာကြီးမြောက် လျှမ်းလျှမ်းတောက်ဖြစ်နေတဲ့အတွက် ယခုနှယ်အခါမှာ ဘယ်ရာဇာ, ဘယ်မင်းမှ မာန်တင်းခုခံ၍ အောင်မြင်မည် မဟုတ်ကြောင်းကို ကောင်းစွာ သိကြရင်းပင် ဖြစ်ပါသည်ဘုရား။

(ထီး) သြော်-ဒါဖြင့် သိရက်သားနှင့် ခုခံကြတာကိုး၊ ဘယ်အကျိုးကို မျှော်ကိုးပြီးခုခံကြရတာလဲ။

(အမတ်များ) သည်လိုပါဘုရား၊ လူတို့မည်သည်မှာ မျိုးရိုး၏ ဂုဏ်ကို စောင့်နိုင်သမျှစောင့်ရှောက်ကြရန် ဝတ်တရားရှိပါသည်။ ။ကျွန်တော်တို့ဘုရင်သည် နေပြည်တော် ကြီးကို စွန့်ခွါ၍ ထွက်သွားပါသည်၊ ထိုသို့ထွက်သွားခြင်းမှာ အမျိုးလည်းစောင့်ရှောက်ရာမကျ၊ သူရသတ္တိ နည်းပါးရာလည်း ကျပါသည်၊ ဤကဲ့သို့ ဖြစ်ပုံကို ကျွန်တော်မျိုးများက မနှစ်ချိုက်ကြပါသို့အတွက် အရှင်သခင် ထွက်တော်မူရာသို့ မလိုက်မပါဘဲ သည်မြို့တော်ကြီးမှာပင် ဖြစ်လိုရာဖြစ်စေတော့ ဆိုသော သဘောမျိုးနှင့် ချန်ရှိနေရစ်ခဲ့ကြပါသည်၊ အမျိုးနှင့်နိုင်ငံကို စောင့်ရှောက်ရန် ဝတ္တရားရှိသောအတိုင်း ကျွန်တော်မျိုးများ ခုခံရခြင်းဖြစ်ပါသည်၊ သည်လိုခုခံမှုကို ပြုလုပ်ရတဲ့အတွက် ကျွန်တော်မျိုးတို့၏ စိတ်များလည်း ကျေနပ်ခြင်းသို့ရောက်ပါသည်၊ ယခုရွှေဘဝါး

တော်အောက်သို့ ဝင်ရောက်ခိုလှုံခြင်းမှာ အားကိုးရာမဲ့ပြီ အတူတူဖြင့် ဓါးနီးရာသို့သာ ခိုလှုံတော့မည်၊ စိရင်သမျှကိုသည်း မငြင်းမဆန်ခံကြတော့မည်၊ သည်လိုသဘောထား၍ ဘုန်းတော်ကြီးလှသော ဘုရား၏ ခြေတော်အစုံကို ခိုလှုံရခြင်းဖြစ်ပါသည်ဘုရား။

ဤကဲ့သို့ လျှောက်ထားသော စကားကိုကြားရာ တပင်ရွှေထီးက အားရ နှစ်သက်တော်မူလှသဖြင့် "သည်လို မှူးမတ်မျိုးကိုမှ တိုင်းကျိုး, ပြည်ကျိုးနှင့် အမျိုး၏ အကျိုးကို စိတ်ထားမှန်မှန်နှင့် သန်သန်ကြီး ဆောင်ရွက်ကြပေတယ်လို့ ချီးမွမ်းထိုက် ပါပေတယ်၊ ငါ့အထံတော်မှာလည်း စိတ်တမျိုးထဲထားပြီး ခစားခိုလှုံကြရမယ်၊ ရှေးကဂုဏ်ထူးအလျှောက် ချီးမြှောက်တော်မူမယ်။ ။ခုခံကြတဲ့ မှူးမတ်အပေါင်းတို့တွင် အကြီးအချုပ် ပြုလုပ်ဆောင်ရွက်တဲ့ အမတ်ဟာဘယ်သူလဲ။

(ထိုအခါ သမိန်းပရူက လက်အုပ်ချီပြီး ရဲရင့်စွာ လျှောက်ထားသည်မှာ) ဘုရား့ ကျွန်တော်မျိုးပင် ဖြစ်ပါသည်ဘုရား။

ထိုအခါ အပါးတော်တွင် ခစားလျက်ရှိသော ယောက်ဖတော် သျှင်ရဲထွတ်က သမိန်းပရူ၏ မျက်နှာကို စေ့စေ့ကြည့်ပြီး "မြို့တော်ကို ဝင်တဲ့အခါ ကျွန်ုပ်ကို လှံနှင့်လှတ်ထာ အမတ်ကြီးဘဲ မဟုတ်လား"ဟု မေးလိုက်လေ၏၊

(သမိန်းပရူက ရဲရင့်သောမျက်နှာဖြင့်) လှံနှင့်လှတ်သူမှာ ကျွန်ုပ်ပင် အမှန်ဖြစ်ပါသည်။

(သျှင်ရဲထွတ်က မိမိဆောင်ထားသော လှံကိုပြပြီး ပြုံးရွှင်သောမျက်နှာနှင့်)သည်လှံဟာ ကျွန်ုပ်၏သွေးကိုသောက်တဲ့လှံပါဘဲ၊တလိုင်းနိုင်ငံမှာရှိတဲ့ လက်နက်အားလုံးတို့တွင် သည်လှံဟာ သတ္တိအရှိဆုံးပေဘဲ။ ။စစ်ပွဲမှာ ရှေးဦးစွာ သတိပေးဘော်ရပေတဲ့အတွက် သည်လှံကိုဘဲ ကျွန်ုပ်အမြဲဆောင်ထားပါတယ်၊ သတိပေးတဲ့ အမတ်ကြီးကိုလဲ အထူးကျေးဇူးတင်လျက်ပါဘဲ၊ သည်လှံချက်ကြောင့် သည်ဘဝအသက်မှာဖြင့် မေ့နိုင်တော့မှာ မဟုတ်ပါဘူး။

သျှင်ရဲထွတ်၏စကားကို တလိုင်းမှူးမတ်တို့ ကြားလေရာ "သျှင်ရဲထွတ်သည် သူရသတ္တိနှင့်ပြည့်စုံရုံမျှမက မြင့်မြတ်သောစိတ်ထား, နှလုံးထားနှင့်လည်း ပြည့်စုံပါပေသည်၊ မြန်မာများကိုအထင်သေးမိသည်မှာ လွန်စွာ မှားယွင်းတာဘဲ"ဟု တွေးမိကြလေ၏။

(ထီး) ခြေဘ် ထွတ်ထွတ်ကို လှံနှင့်လှတ်ထာ သည်အမတ်ကြီးကိုး၊ တမင်ရည်စူးပြီး ထွတ်ထွတ်ကို လှံနှင့်လှတ်ထာလား။

(သမိန်းပရူ) မှန်လှပါ၊ တမင်ရွေးချယ်၍ လှတ်ခြင်းဖြစ်ပါကြောင်းပါဘုရား။ ။ဘုရား့ကျွန်တော်၏ သဘောမှာ "ငါလဲ တလိုင်းတို့ဘက်က သူရဲကောင်းတယောက်၊ သျှင်ရဲထွတ်လဲ မြန်မာတို့ဘက်က သူရဲကောင်းတယောက်၊ သူရဲကောင်း အချင်းချင်း မိမိတို့အစွမ်းကို စမ်းလို၍ လှံနှင့်လှတ်ခြင်း ဖြစ်ပါသည်၊ ဘုရား ကျွန်တော်မျိုးရည်ရွယ်ရင်း အထမြောက်သဖြင့် လှံကိုလှတ်စဉ်အခါက လွန်စွာအားရခြင်း ဖြစ်ပါသည်ဘုရား။

(တပင်ရွှေထီးကပြုံးတော်မူပြီး) သူ့ရဲ့ကောင်း ပြီသပါပေတယ်၊ သည်လို စစ်ရေးထဲမှာ ကိုယ့်ဝတ်တရားအတိုင်း ရှက်ဆောင်တာကိုအပြစ်မဆိုထိုက် ပါပေဘူး၊နောင်တော် ထွက်ထွက်ကလဲ လှံနှင့်လှတ်တဲ့ အတွက်ပင် ကျေးဇူးတင်နေသတဲ့။

(သျှင်ရဲထွတ်ကဝင်၍လျှောက်တင်သည်မှာ) ဘုန်းတော်ကြီးလှသောဘုရား၏ အမိန့်တော် အတိုင်းပင် ကျွန်တော်မျိုးလဲ ကျေးဇူးတင်ကြောင်း မှန်လှပါတယ်၊ သမိန်ပရူးကဲ့သို့ စိတ်နေ စိတ်ထားမျိုးဟာ နေရာတကာမှာ မယိမ်းမယိုင် ခံ့ခိုင်တည်ကြည်လေ့ရှိပါတယ်၊ အရှင့်ဘဝါး တော်အောက်သို့ ဝင်ရောက် ခိုလှုံလာပြီဖြစ်ရာ သမိန်းပရူကို ထိုက်ထိုက်လျောက်လျောက် ချီး မြှောက်တော် မူသင့်လှပါသည်ဘုရား။

ဤကဲ့သို့ သျှင်ရဲထွတ်လျှောက်ချက်ကို ဘုရင်တပင်ရွှေထီးက နှစ်သက်တော် မူသည်နှင့် သမိန်းပရူကို တလိုင်းလူမျိုးတို့၏ အကြီးအချုပ် ခန့်ထားတော်မူပြီးလျှင် တလိုင်းစစ်တပ်များကို အသစ်ဘွဲ့စည်းရန် အရေး လွှဲအပ်တော်မူလေ၏။

ထိုပြင် ခိုဝင်လာကြသော တလိုင်းအမတ်တို့ကိုလည်း ရှေးဘုရင်လက်ထက်က မြှောက် စားတော်မူသော အတိုင်းပင် အသီးသီးချီးမြှောက်၍ ဆိုင်ရာဆိုင်ရာတွင် မြို့စား၊ ရွာစား ခန့် ထားတော်မူသည်၊ ထိုအခါ အလိုင်းလူမျိုးတို့ကသည်း မိမိတို့အမျိုးကို ချိုးဖဲ့နှိမ့်ချသည်မဟုတ် ဟု သိရှိကြလေသောကြောင့် တပင်ရွှေထီးကို ကြည်ညို မြတ်နိုးခြင်း တိုးတက်၍ လာကြလေ သည်။

ထိုနောက်တနေ့ ညီလာခံသဘင် တလိုင်းမြန်မာတို့ အစုံအလင်တွင် ဘုရင် တပင်ရွှေထီး မိန့်ကြားတော်မူသည်မှာ။ ။ယခုအခါ ဟံသာဝတီထီးနန်းကို စိုးပိုင်တော်မူခဲ့ပြီ။ ။ဟံသာဝတီ ဘုရင်မှာ ယခုအခါ အထင်အရှားရှိနေ၍ လက်တွင်းသို့ မရောက်သေး သောကြောင့် ဘုရင်ကို မအောင်မြင်သေးဘူး၊ အမျိုး၏ဘုရင်ကို မအောင်မြင်လျှင်လဲ အမျိုးကိုအောင်မြင်ပြီလို့ မဆိုသာ သေးဘူး၊ အမျိုးနှင့် နိုင်ငံဆိုတာ မတူကြဘူး၊ အမျိုးတည်နေရာဌာနကို နိုင်ငံရယ်လို့ ခေါ်ဆို ရတယ်၊ ထိုနိုင်ငံပေါ်မှာ တစုတရုံးတည်းနေကြတဲ့ အနွယ်ဇာတ်ကို အမျိုးရယ်လို့ ခေါ်ဆိုရတယ်၊ ယခုအခါ နိုင်ငံကိုသာအောင်မြင်၍ အမျိုးကိုအောင်မြင်တော်မမူသေးဘူး။ ။သို့ရာတွင် ငါ ဘုရင်မင်းမြတ်၏ အလိုဆန္ဒရင်းမှာတော့ အမျိုး အောင်မြင်ခြင်းကို မငဲ့နထား၍ ဟံသာဝတီ နိုင်ငံတော်တဝိုက်ကို သိမ်းပိုက်တော်မူတာမဟုတ်ဘူး၊နိုင်ငံကိုသာ အောင်တော်မူလိုရင်းဖြစ်ခဲ့တယ် အကြောင်းရင်းမှာတော့ ဟံသာဝတီဘုရင် အုပ်စိုးတဲ့ နိုင်ငံတော်အတွင်းမှာ သဗ္ဗညုဘုရားရှင်၏ ဆံတော်အစစ်များကို ဌာပနာ၍ အစဉ်အလာအားဖြင့် တည်ရှိတော်မူတဲ့ ရွှေမော်ဓော စေတီ ဒဂုန်ဆံတော်စေတီများကို အစဉ်မပြတ် ကိုးကွယ်လိုတဲ့ ဆန္ဒကြောင့် ရာမညတိုင်းကြီးကို လုပ်ကြံ တော်မူခဲ့ရခြင်းဖြစ်ပေတယ်၊ ယခုအခါ အာသာဆန္ဒ ပြည့်ဝတော်မူခဲ့ပြီ၊ တလိုင်းလူမျိုးမှန်သမျှ မိမိတို့သခင်ရှိရာသို့ လိုက်ပါလိုကြပါလျှင် တစုံတရာ တားမြစ် ကန့်ကွက်တော် မမူဘူး၊ နိုင်ငံကိုပိုင်စိုးသော်လဲ အမျိုးကို ညှဉ်းပန်းလိုတဲ့ဆန္ဒ ရှိတော်မမူဘူး။

ဤကဲ့သို့ မိန့်တော်မူသည်ကို ကြားကြသောအခါ တလိုင်း မှူးမတ် တို့သည် တပင်ရွှေထီးအပေါ်မှာ လွန်စွာကျေနပ်ခြင်းဖြစ်ကြသဖြင့် လက်အုပ်ချီပြီး "ကျွန်တော်မျိုးများသည် တလိုင်းလူမျိုးအစစ်ဖြစ်ကြပါသည်၊ သို့ရာတွင် အမျိုးဘုရင်၏ ဓါတ်သဘောကို သိကြပြီ ဖြစ်၍ နောက်တော်သို့လိုက်ရန် စိတ်ခရှိကြတော့ပါ၊ အမျိုးကိုညှဉ်းပန်းလျှင် ကျွန်တော်မျိုးများ ကျေနပ်ပါသည်၊ အမျိုးဘုရင် အစစ်ပင်ဖြစ်စေကာမူ အမျိုးကိုနှိပ်စက်က နှစ်သက်နိုင်ကြမည်မဟုတ်ပါ၊ အမျိုးကိုမဆိုထားဘိ မိမိကိုယ်တွင်းသန္တာန်၌ ရှိနေသော သွေးများကိုပင်သော်လဲ အပြစ်ပြုလျှင် ထုတ်၍ပစ်ပါသေးသည်ဘုရား" ဤကဲ့သို့ လျှောက်ထားကြလေ၏။

**တပင်ရွှေထီးသည် တလိုင်းလူမျိုးတို့က မိမိအပေါ်တွင် ထိထိခိုက်ခိုက် အလေးမူကြောင်းကို သိတော်မူလေရာ** ရွှေသို့တိုးတက်ကြံလိုသော အလိုဆန္ဒများသည် တလိုင်းနိုင်ငံကို လက်ကိုင်ပြုရသဖြင့် လွယ်လွယ်ကူကူ အောင်မြင်တော်မူလိမ့်မည် ဟူ၍ ဝမ်းမြောက် အားရတော်မူခလသတည်း။

**တပင်ရွှေထီး တောင်ငူမြို့မှ ပဲခူး၊ ဟံသာဝတီ၊ ပြည်သို့ ချီတက်**
**တိုက်ခိုက် အောင်မြင်ကြောင်းနှင့် တလိုင်းဘုရင် ပြည်မြို့**
**ထွက်တော်မူရပုံများကို ဗျူဟာစက္ကဲ့ပျို့၌ အောက်ပါအတိုင်း**
**စပ်ဆိုထားလျက် ရှိလေသည်။**

တောင်ငူရွှေမြို့၊ နေကဲ့သို့တည့်၊ မင်းတို့သဘင်၊ အထွဋ်တင်သား၊ ဘုရင်ဘုန်းစည်၊ **အတည်**တည်ဖြင့်၊ မြင်းသည်တော်မှာ၊ ရှစ်ထောင်ပါ၏၊ တရားပြောင်လင်၊ နှစ်ဆယ်ဆင်နှင့်၊ ခြေကျင်အပေါင်း၊ ခုနစ်သောင်းတည့်၊ မြစ်ကြောင်းသီတာ၊ လှေနှစ်ရာတွင်၊ ဗိုလ်ပါတသောင်း၊ ရဲမက်လောင်းလျက်၊ စုဆောင်းညီညာ၊ ချီ၍လာသော်၊ ဟံသာဘုရင်၊ ပဲခူးရှင်မူ၊ ထိုတွင်ခံ့ခိုင်၊ **မဆီး**နိုင်၍၊ ခရိုင်ရှက်သန်း၊ ရပ်တိုင်းခန်းနှင့်၊ မြို့နန်းခွါခွါ၊ ထွက်ခဲ့လာမူ၊ ပုဆာသဲသဲ၊ နှလုံးထဲနိုက်၊ ဖန်လဲမပြေ၊ အိုးနှယ်ဝေလျက်၊ ရေမြေခြင်းနှင့်၊ ငါ့မြို့တွင်းသို့၊ အပြင်းအလျင်၊ ချွန်ချွန်ဝင်၍၊ ဘုရင်ရွှေထီး၊ အကြံကြီးလည်း၊ သမီးယောက်ဖ လုပ်ကြံရလျှင်၊ ခဏကုန်စင်၊ ပြီးအောင်မြင်လိမ့်၊ မြင်း့ဆင်ညောင်းညာ၊ ဗိုလ်ပါပန်းပင်၊ ရှိမည်ထင်၍၊ သူ့နှင့်သူ့တိုင်း၊ ယခုဆိုင်းအံ့၊ တလိုင်းဘုရင်၊ ပြည်မြို့ဝင်သည်။ ။စိတ်တွင်မရှင် မပြုံးတည်း။

---

# အခန်း (၃၂)

## "ပြည်သို့ ချီတက်တော်မူခြင်း"

ဟံသာဝတီမြို့တော်ကို သိမ်းပိုက်အော်မူမိ၍ တလမတိုင်မီပင်၊ ငြိမ်ဝပ်ပိပြားစွာ အုပ်ချုပ်တော် မူနိုင်လေ၏၊ သမိန်းပရှုစသော တလိုင်းမှူးမတ်တို့ကသည်း မိမိတို့ကို နှိမ့်ချခြင်းမပြုဘဲ ချီးမြှောက်တော်မူသည်နှင့် ဘုရင်တပင်ရွှေထီး၏အမူတော်များကို ရိုးရိုးသားသား ကြိုးစား၍ ထမ်း

ရှက်ပြီးလျှင်၊ တလိုင်းလူမျိုးတို့ကို ပိုပိုပြားပြား ငြိမ်ဝပ်အောင် အုပ်ချုပ်ရုံမျှမက ဘုရင်သစ်ကို အကြည်ညိုတိုး၍လာအောင် တလိုင်းလူမျိုးများ၏ စစ်တပ်အဘွဲ့ကြီးထမြောက်အောင် ကြံဆောင်ကြိုးစား၍ နေကြလေ၏။ ။တပင်ရွှေထီး၏ ဘုန်းတော်ကြောင့် တလိုင်းအမတ်တို့ ကြိုးစားကြသောအတိုင်း မကြာမီအတွင်း သမြောက်အောင်မြင်ခြင်းသို့ ရောက်လေသည်။

မုတ္တမခရိုင်ကို အုပ်စိုး၍နေသော မုတ္တမမင်း စောဗညားသည်ကား မိမိ၏ဗိုလ်ပါအင်အားကို လက်ရုံးပြုပြီးလျှင် တပင်ရွှေထီးကို ခံ့ညားခြင်းမပြုဘဲ၊ မိမိမြို့ကိုသာ လုံခြုံစွာအုပ်စိုး၍ နေလေသည်။ ။မုတ္တမမင်း စောဗညားသည် အခြားသူမဟုတ်၊ တလိုင်းဘုရင် သူ့ရှင်၏ ယောက်ဖတော်ရင်းပင် ဖြစ်သည်၊ စောဗညား၏မိဖုယားကား တလိုင်းဘုရင်၏ နှမတော် "တလကမူ" ဖြစ်သည်။

ထိုအခါ မော်လမြိုင်မင်းကား ဗညားဦးဖြစ်သည်၊ ဗညားဦး၏ မိဖုယားမှာ မုတ္တမမင်း စောဗညား၏ နှမဖြစ်သည်၊ မော်လမြိုင်နှင့် မုတ္တမမှာ သွီးယောက်ဖနှစ်ဦး စိုးစံ၍ နေကြသောကြောင့် တဦးနှင့်တဦး အားထားကာ များစွာ ခိုင်လုံလေသည်၊ ထိုစဉ်အခါ မုတ္တမမှာလည်း သဘော်ဆိပ်ကြီးဖြစ်၍နေသည်နှင့် သဘော်နှင့် လာရောက်ကြသော နိုင်ငံခြားသား လူမျိုးကွဲတို့လည်း မုတ္တမမြို့မှာ များစွာပင်ရှိသည်။ ။ထိုနိုင်ငံခြားသားတို့ကို အားထားခွင့် တမျိုးရသဖြင့် မုတ္တမမင်းသည် မာန်တင်းမောက်မာ၍ နေလေ၏။

သို့ရာတွင် မော်လမြိုင်မင်း ဗညားဦးသည်ကား တပင်ရွှေထီး၏ ဘုန်းတော် အစွမ်းသတ္တိများကို သိရှိသူ ဖြစ်သောကြောင့် "တနေ့နေ့တွင် တပင်ရွှေထီး၏ လက်အောက်သို့ ငါရောက်ရလိမ့်မည်၊ ငါတို့ဘုရင်လဲမရှိ၊ ငါတို့မှာလဲ တပင်ရွှေထီးကဲ့သို့ လက်နက်ကိရိယာ စစ်သည်ဗိုလ်ပါ လုံလောက်စွာမရှိ၊ ခုခံသော်လဲ အကျိုးဆိုက်ရောက်ဘို့ မမြင်၊ နိုင်ငံခြားသား များကိုလည်း အလွတ်ယုံကြည်၍ အားကိုးထိုက်သည်မဟုတ်၊ သူတို့နိုင်ငံရင်းမဟုတ်သောကြောင့် အရေးသာရာဘက်သို့ ဝင်ကြမည်အမှန်" ဟု ကြံစည်တွေးတောမိသဖြင့် တပင်ရွှေထီး ကိုလည်း ထောင်လွှားတုပခြင်းမပြု၊ ယောက်ဖတော် မုတ္တမမင်းကိုလည်း ဆန့်ကျင်ဘက် မပြုဘဲ အပြစ်လွတ်အောင် ရှောင်နိုင်သမျှ ရှောင်၍နေလေသည်။

ဟံသာဝတီမြို့တော်ကြီးကို ဘုရင်တပင်ရွှေထီး သိမ်းပိုက်သောအခါ တချို့တလိုင်းများလည်း ငါတို့ကို နှိပ်စက်တော့မည်ဟု ကြောက်လန့်စွာနှင့် ထွက်ပြေးကြပြီးလျှင် မုတ္တမနှင့် မော်လမြိုင်သို့ ခိုဝင်ကြလေ၏၊ ထို့ကြောင့် ထိုမြို့များမှာ စည်ကား၍နေလေသည်။ ။ထိုပြင် နိုင်ငံခြားမှ လာရောက်ကြသော သဘော်များလည်း ဟံသာဝတီမှာ စစ်ကြီးဖြစ်နေသည်ဟု ကြားသဖြင့် ဟံသာဝတီ(ပဲခူး)သို့ မလာကြဘဲ မုတ္တမသဘော်ဆိပ်သို့သာ ဝင်ရောက် ဆိုက်ကပ်ကြလေ၏၊ သို့အတွက် မုတ္တမနှင့် မော်လမြိုင်မှာ လွန်စွာစည်ကား၍နေလေသည်။

## "တပင်ရွှေထီး တိုင်ပင်တော်မူခဏ်း"

ရွှေနန်းတော်ဦးတွင် တလိုင်း မြန်မာမှူးမတ်အစုံနှင့် ညီလာသဘင် ဆင်ယင်ကျင်းပတော်မူပြီးလျှင် စစ်ရေးနှင့် ဆွေးနွေးတိုင်ပင်တော်မူသည်မှာ။

(ထီး) ယခု ဟံသာဝတီပြည်ကြီးကို ငြိမ်ဝပ်စွာ အုပ်စိုးမိပြီ၊ သို့ရာတွင် ရာမညတိုင်း၏ အရေးကြီး ပြီးစီးသည်မဟုတ်ချေ၊ ဟံသာဝတီဘုရင်လည်း ပြည်ဘုရင်နှင့် ပေါင်း၍ ဟံသာဝတီကို ချီတက်ရန် ကြံစည်လျက်ရှိလေသည်။ ။မုတ္တမမြို့စား ခေါဗညားကိုလည်း ဗိုလ်ပါအင်အားနှင့် ထောင်လွှား လျက်ရှိလေသည်။ ။မုတ္တမနှင့်ပြည်က စစ်နှစ်ဘက်ညှပ်၍ ဟံသာဝတီသို့ ချီတက်ရန် အကြောင်းမရှိဟု မဆိုသာ အမြဲပင်ကြံစည်လျက် ရှိကြပေလိမ့်မည်။ ။သည်အရေးထဲမှာ ဘယ်သို့စီမံဘော်မူမှ သင့်လျော်လိမ့်မည်ဟု မှူးမတ်တို့ထင်မြင်ချက်များကို ချင့်ချိန်၍မထားဘဲ လျှောက်ကြရမည်။ ။မုတ္တမကို ရှေးဦးစွာချီတက်၍ တိုက်ခိုက်ရန် သင့်သလော၊ ပြည်မြို့ကို ရှေးဦးစွာ ချီတက်၍ တိုက်ခိုက်ရန်သင့်သလော။

(ဤသို့ အမိန့်တော်ရှိရာ အထိန်းတော်ကြီး သတိုးဓမ္မရာဇာက) ဟံသာဝတီကိုအောင်မြင်တော်မူသည်မှာ များစွာမကြာသေးပါ၊ နိုင်ငံတော်ပိပြားသည် ဆိုသော်လည်း စိတ်ချရသည်တိုင်အောင် ငြိမ်ဝပ်သည်ဟု ကျွန်တော်မျိုးမထင်ပါ။ ။သို့ပါ၍ တနှစ်တဝါ ဟံသာဝတီ မြို့တော်မှာ ဗိုလ်ပါအင်အားကို ကြီးသည်ထက်ကြီးအောင် ဖြည့်တင်း၍နေတော်မူရန် သင့်လျော်သည်ထင်ပါသည်၊ လက်နက်ရိက္ခာများကို မြို့တွင်းသို့ လုံလောက်စွာသွင်း၍ မြို့ရိုး,မြို့တာများကိုလည်း ခိုင်လုံသည်ထက်ခိုင်လုံအောင် ပြင်ဆင်တော်မူသင့် ပါသေးသည်။ တကယ်လို့ မုတ္တမနှင့်ပြည်က ဟံသာဝတီသို့ စစ်ချီ၍လာလျှင်လည်း လွယ်ကူစွာနှင့် တွန်းလှန်ဖြိုဖျက်နိုင်ပါမည်၊ မိုးကျွတ်မှ မုတ္တမသို့ ချီတက်လုပ်ကြံရန် သင့်လျော်မည် ထင်ပါသည်ဘုရား၊ (ထိုစယားကို ကြားရာ ယောက်ဖတော် သျှင်ရဲထွတ်က လက်အုပ်ချီပြီး) ယခု အထိန်းတော်ကြီး၏ လျှောက်တင်ချက်ကိုလဲ စစ်ရေးပင် ဖြစ်၍ ကျွန်တော် မပယ်ပါ၊ သို့ရာတွင် ကျွန်တော်၏ ထင်မြင် ချက်ကို လျှောက်တင် ပါရစေ။ ။ဟံသာဝတီ ဘုရင်သည် သူ့ မြို့တော်မှာ မခံဝံ့ သဖြင့် ပြည်ဘုရင်နှင့် ပေါင်းရန်အတွက် ပြည်မြို့သို့ ထွက်သွားလေပြီ၊ ဟံသာဝတီ ပြည်ကြီးကိုလည်း ကျွန်တော်တို့ရပါပြီ၊ ဟံသာဝတီဘုရင်က ပြည်ဘုရင်နှင့်ပေါင်း၍ ကြံသော်လဲ ကျွန်တော်တို့ကို တနိုင်မည်မဟုတ်ပါ။ စစ်မှုရေးရာဆိုသည်မှာ နိုင်တဲ့အခါတဟုန်ထဲ ဖိ၍တိုက်သင့်ပါသည်၊ "စစ်ဦးဘိလူးပါ"ဆိုတဲ့ စကားအတိုင်း စစ်တပ်ဦးမှာ ဘီလူးပါသကဲ့သို့ နိုင်စရှိသောစစ်များလည်း နိုင်ဘန်များလေ့ရှိပါသည်။ ယခုအခါ တလိုင်းလူမျိုးတို့စိတ်၌လည်း လန့်ထိတ်တုန်လှုပ်၍ နေကြပါသည်၊ သို့ဖြစ်၍စစ်ရေးကို ဆိုင်းလင့်နေရန် အချိန်မဟုတ်ပါ။ ။ဟံသာဝတီဘုရင်ကို အောင်မြင်ဘို့အရေးက ကြီး၍နေပါသည်။ သို့ဖြစ်၍ပြည်မြို့သို့ အစမ်းချီသဘောအားဖြင့် အလျင်တဆော့ချီသင့်ပါသည်၊ ပြည်ဘုရင်ကလည်း အဝနေပြည်တော်က ရှမ်းများနှင့် ပူးပေါင်း၍နေရာ တကယ်လို့သူတို့က စစ်သည်အင်အား များပြားနေပါလျှင်လဲ ကျွန်တော်တို့က ဟံသာဝတီသို့ ပြန်၍ဆုတ်နိုင်ပါသည်။ ထိုအခါမုတ္တမသို့ချီတက် တိုက်ခိုက်ရပါလိမ့်မည်။ ရေကြောင်း, ကုန်းကြောင်း, နှစ်စုပေါင်း၍၊ အားကြီး,အင်ကြီး, ချီတက်သင့်ပါသည်။ ဘုန်းတော်ကြီးလှသောဘုရားက ရေကြောင်းချီတော်မူပါ၊ ကျွန်တော်တို့က ကုန်းကြောင်းချီပါမည်။ ။တလိုင်းတို့မှာ ပရိယာယ် လှည့်စွက်များလှသဖြင့်၊ ကုန်းကြောင်း,ရေကြောင်း, ချီရာတွင် မကမ်း,မလှမ်း,ခရီးမကွာ ချီသင့်ပါသည်။ ဟံသာဝတီ ဘုရင်၏ ကျွန်တော်ရင်း ဖြစ်သော၊ ဗညားဒလနှင့် မင်းရဲအောင်နိုင်တို့၏ ကုန်းတပ်ကို ကျွန်တော်မျိုးအမှိုက်၍၊ တိုက်ခိုက်ဖျက်ဆီးပါမည်ဘုရား။

သျှင်ရဲထွတ် လျှောက်တင်ချက်ကိုကြားရာ တလိုင်းအမတ် သမိန်းပရူက "ယခုလျှောက်တင်ချက်မှာ၊ လွန်စွာသင့်လျော်ပါသည်"ဟု ထောက်ခံ၍ လျှောက်တင်လေ၏။

ဘုရင်တပင်ရွှေထီးသည်း ယောက်ဖတော်သျှင်ရဲထွတ်၏ လျှောက်တင်ချက်ကို နှစ်သက်တော်မူသည်နှင့်၊ "ပြည်မြို့သို့မကြာမီအတွင်း ချီတော်မူရန် ဒးမြန်စီမံရမည်"ဟု သျှင်ရဲထွတ်သို့ အရေးကုန်လွှဲအပ်တော်မူလေသည်။ ။သျှင်ရဲထွတ်လည်း တလိုင်းတို့နှင့် ပူးပေါင်းပြီးလျှင် ဟံသာဝတီဘုရင်ထွက်သွားတော်မူစဉ်က၊ နောက်တော်သို့မလိုက်ဘဲ ကဲ့ဂုက်၍ထားခဲ့သော စစ်လှေများကိုလည်းရအောင် ကြံစည်တော်မူသည်။ တလိုင်းအမတ် သမိန်းပရူကလည်း၊ အလျှင်အမြန်ပြည်မြို့သို့ချီရန် တလိုင်းတပ်များကို ဘွဲ့စည်းလေရာ လူပေါင်းများပင်ရရှိလေ၏။ ကုန်းတပ်ရေတပ်အစုံအညီစီရင်ပြီးသောအခါ ရှေးဦးစွာရေးတပ်နှင့် တပင်ရွှေထီးချီတော်မူသည်။

ထိုရေတပ်တွင် စစ်လှေကြီးပေါင်း(၃၅၀) ရေတပ်စစ်သားပေါင်း (၃၅၀၀၀) ပါသည် တလိုင်းအမတ် သမိန်းပရူလည်းဘုရင်၏ ရေတပ်တွင် လိုက်ပါ၍အမှုထမ်းလေ၏။

ရေတပ်နှင့်မကွာ ကုန်းကြောင်းချီသော ကုန်းတပ်လေးတပ်ကို အထိန်းတော် သတိုးဓမ္မရာဇာအုပ်ချုပ်၍ ချီရသည်။ ထိုကုန်းတပ်တွင် တိုက်ဆင်(၇၀) စစ်မြင်း(၃၀၀) စစ်သူရဲကောင်း သုံးသောင်းငါးထောင် (၃၅၀၀၀)ပါသည်။

ယောက်ဖတော် သျှင်ရဲထွတ်သည်ကား ကောင်းမွန်စွာ ရွေးချယ်၍ထားသော တိုက်ဆင်(၅၀) စစ်မြင်း(၅၀၀) စစ်သည်သူရဲကောင်း (၁၀၀၀၀)နှင့် နောင်ရိုးသို့ချီတော်မူသည်။ (နောင်ရိုးသို့ချီခြင်းအကြောင်းမှာ ဟံသာဝတီဘုရင်၏ သူရဲကောင်းဖြစ်သော ဗညားဒလနှင့် မင်းရဲအောင်နိုင်တို့ နောင်ရိုးမှ စစ်စခန်းချရပ်၍ စစ်အားယူနေသည်ဟု ကြားသောကြောင့် တလိုင်းလူစွမ်းကောင်းများကို၊ ရှေးဦးစွာတိုက်လိုသဖြင့်၊ နောင်ရိုးသို့ ချီခြင်းဖြစ်သည်။)

ထိုသို့ပြည်မြို့သို့ ရေတပ်,ကုန်းတပ်,အစုံအညီ အားကြီး,အင်ကြီး, ချီတက်တော်မူသောအခါ ဟံသာဝတီမြို့တော်တွင်၊ (သျှင်ရဲထွတ်၏ဘခင်) အထိန်းတော်ကြီး မင်းရဲသိခ်သူကို စစ်သည်သူရဲကောင်း တသောင်းကျော်နှင့် မြို့စောင့်ထားတော်မူခဲ့သည်။

## "နောင်ရိုး စစ်ပွဲကြီး"

သျှင်ရဲထွတ်၏ ကုန်းတပ်သည် အပြင်းချီတက်လေရာ နောင်ရိုးသို့ရောက်လျှင် တပ်စခန်းချရပ်၍နေလေ၏။ ။နောင်ရိုးတွင်ချောင်းကြီးတချောင်း ရေအပြည့်နှင့်ရှိလေရာ။ကမ်းတဘက်ခပ်လှမ်းလှမ်းမှာ ဗညားဒလ, မင်းရဲအောင်နိုင်, ဤတလိုင်း ဗိုလ်မှူးကြီးနှစ်ယောက် အုပ်စီးသောတပ်ကြီးတခုရှိလေသည်။ ထိုတလိုင်းတို့၏တပ်မှာ တိုက်ဆင်(၂၀၀) စစ်မြင်း(၈၀၀) စစ်သူရဲကောင်း(၈၀၀၀၀) ခန့်မျှရှိသဖြင့် လွန်စွာကြီးကျယ်သည်။

ဗညားဒလနှင့် မင်းရဲအောင်နိုင် တို့ကလည်း တပင်ရွှေထီး၏ ကျွန်တော်မျိုးဖြစ်သော မြန်မာစစ်တပ်များ ဆိုက်ရောက်လာလျှင် ကြေမွပျက်စီးသည်တိုင်အောင် အားကြီး,အင်ကြီး, ဘိ၍တိုက်မည်ဟု ကြိမ်းဝါးကာနေကြလေသည်။

သျှင်ရဲထွတ်သည် မျက်စိအမြင်သန်စွမ်းလှသော မျက်စိအမူထမ်းသူရဲကောင်း တယောက်ကို အလွန်မြင့်သော သစ်ပင်ထက်သို့ တက်စေ၍ ချောင်းတဘက် ခပ်လှမ်းလှမ်းမှာရှိသော တလိုင်းတပ်များကိုကြည့်ရှုစေရာ။ ထိုသူက "တလိုင်းတပ်မှာ လွန်စွာအင်အား များလှပါသည်၊ တိုက်ဆင်(၂၀၀) စစ်မြင်း (၁၀၀) စစ်သည်သူရဲကောင်း (၁၀၀၀၀) ခန့်ရှိပါသည်။ သူတို့တပ်နှင့်စာလျှင် ကျွန်တော်တို့တပ်မှာ လွန်စွာအားနည်း၍ နေပါသည်"ဟု လျှောက်တင်လေ၏။

ထိုအခါသျှင်ရဲထွတ်က "စစ်သည်အင်အားများပေစေ စစ်တိုသဘောမှာ လူဦးရေးများခြင်းက ပဓါနမဟုတ် သူရသတ္တိနှင့် စစ်ပရိယာယ်သာပဓါနဖြစ်သည်၊ ကြာရှည်ဆိုင်း၍မလျော်လျှင်မြန်စွာတိုက်မည် နောင်ရိုးချောင်းကိုကူးရန် ဖေါင်ဘွဲ့ကြရမည်"ဟု အမိန့်ပေးသည်နှင့် စစ်သည်တပ်သားတို့က ဖေါင်များကိုဘွဲ့ကြလေ၏။

ဖေါင်ဘွဲ့ပြီးလျှင် သျှင်ရဲထွတ်က "ချောင်းတဘက်သို့ အကုန်ကူးကြရမည်"ဟု အမိန့်ပေးပြီးလျှင် မိမိကိုယ်တိုင်ရှေ့ဆုံးက ကူးလေ၏။ ထိုနောက်ဆင်,မြင်း,တို့နှင့်တကွ စစ်သည်သူရဲကောင်း တသောင်းကျော်တို့ ကူးပြီးသောအခါ သျှင်ရဲထွတ်က ကြံစည်သည်မှာ ယခုကူးလာခဲ့သောဖေါင်များကို ချောင်းထဲတွင် အသင့်ထားလျှင် ငါ၏စစ်သည် သူရဲကောင်းများသည် ဖေါင်ကိုအားကိုး၍ စစ်ရေးညှိုးလျှင် လွယ်ကူစွာဆုတ်၍ ဖေါင်ဖြင့် ကူးပြေးကြလိမ့်မည်။ သည်ဖေါင်တွေကို အလုံးစုံဖျက်ဆီးပစ်လိုက်ပါလျှင် အားထားရာမဲ့သဖြင့် အသက်ကိုစွန့်၍တိုက်ကြလိမ့်မည်။ ။ဤကဲ့သို့ကြံစည်တော်မူမိသဖြင့် ကူးခဲ့သောဖေါင်များကို အလုံးစုံဖျက်ဆီး၍ ရေမှာမျှောပစ်မည်ဟု အမိန့်ပေးလေ၏။

## "ဗိုလ်မှူးစစ်ကဲတို့ ထိတ်လန့်ခြင်း"

သျှင်ရဲထွတ်ကဖေါင်များကို ဖျက်ဆီး၍မျှောရမည်ဟု အမိန့်ပေးသောအခါ ဗိုလ်မှူးစစ်ကဲပြုလုပ်သူတို့က ထိတ်လန့်ကြသဖြင့် အစုံအညီစုရုံးပြီးလျှင် သျှင်ရဲထွတ်ကို ဤသို့လျှောက်တင်ကြလေ၏။

(ဗိုလ်မှူးစစ်ကဲများ) ယခုအမိန့်မှာ လွန်စွာပြင်းထန်လှသည်ဟု ကျွန်တော်များထင်မြင်ကြပါသည် ကမ်းတဘက်၌ရှိသော တလိုင်းတို့စစ်တပ်မှာ လွန်စွာအင်အား များလှပါသည် ကျွန်တော်စစ်တပ်မှာ လူတသောင်းကျော် မျှသာရှိပါသည်။ တလိုင်းတို့စစ်တပ်မှာ လူရှစ်သောင်းခန့်ရှိပါသည်။ ဆင်,မြင်း,တို့မှာလည်း သူတို့ကပင်ပို၍ များပြားနေပါသည်။ ချီတက်တိုက်ခိုက်ရန်မှာ ဝန်မလေးလှပါ အားအင်ချင်းမမျှသဖြင့် ကျွန်တော်တို့ဆုတ်ခွါရပါလျှင် ဖေါင်များမရှိသဖြင့် တလိုင်းတို့လက်မှာ အခက်ကြုံနေကြပါလိမ့်မည်။ ရှေ့ကလဲတလိုင်းစစ်တပ် နောက်ကလဲ ချောင်းဆိုလျှင် အားကိုးရာမဲ့ဖြစ်ကြရပါလိမ့်မည်။ သို့ပါ၍ အလိုရှိကရနိုင်အောင် ဖေါင်များကိုမဖျက်ဘဲ အဆင်သင့်ထားရန် သင့်လျော်လိမ့်မည်ဟု ကျွန်တော်တို့ထင်မြင်ကြပါကြောင်း။

(ထိုအခါ သျှင်ရဲထွတ်ကပြုံးပြီး) ဩော်-နောင်ရေး,နောင်ရာ,ကို လွန်စွာ စိုးရိမ်ကြသကိုး၊ ယခု လျှောက်တင်ကြခြင်းမှာ အသက် အန္တရာယ်ကို ကြောက်၍ လျှောက်တင်ကြဟန်လက္ခဏာရှိတယ်။ ဗိုလ်မှူး,စစ်ကဲမင်းတို့ စဉ်းစားကြစမ်းပါ၊ စစ်ချီ၍လာကတဲက မိမိတို့အသက်ကို

စွန့်ခဲ့ကြပြီမဟုတ်လား။ စစ်တပ်တွင် ပါဝင်အမှုထမ်းတဲ့လူများဟာ ဘယ်အခါမှ အသက်ကို မိမိပိုင်နေတယ်လို့ မမှတ်ရဘူး၊ ဖောင်များရှိနေပါလျှင် ဖောင်ကို အားထားပြီး စစ်ရေးညှိုးပြီလို့ ဆိုလျှင် ဆုတ်ပြေးချင်တဲ့စိတ်တွေ ပေါ်ပေါက်လာကြလိမ့်မယ်။ ဖောင်များမရှိဘူး ဆိုပါလျှင် သေရမဲ့အတူတူဘဲ စစ်ပွဲမှာပင် အသက်ကိုစွန့်တော်မူမယ်ဆိုတဲ့စိတ်နှင့် အတင်းကြိုတ်လို့တိုက်ခိုက်ကြလိမ့်မယ်။ ကျွန်ုပ်ကိုယ်တိုင် စစ်ဦးကထွက်ပြီး တိုက်မှာပါ၊ ကျွန်ုပ်သေလို့မှ ဗိုလ်မှူးစစ်ကဲများ မသေရဲကြဘူးလား၊ သူတို့က လူများတယ်လို့အားငယ်တဲ့စိတ်များလဲ မပေါ်ပါစေနှင့်၊တလိုင်းတို့ စွမ်းရေသတ္တိကိုလဲ သိပြီးဘဲမဟုတ်လား၊ မစိုးရိမ်ကြပါနှင့်၊ ဖောင်တွေကိုသာ မြန်မြန်ဖျက်လိုက်ကြပါ။

(စစ်ကဲနှင့်ဗိုလ်မှူးများ) ယခုမိန့်တော်မူသော အတိုင်းလဲ မှန်လှပါသည်။ တကယ်လို့ ကျွန်တော်များက အားချင်းမမျှသဖြင့် ရှုံးခဲ့ပါလျှင် ရွှေနန်းရှင်ဘုရားက အပြစ်တော် မတင်ပေဘူးလား၊ အပွဲပွဲမှာ နိုင်ခဲ့သမျှ မတော်ဘဆရှုံးခဲ့ပါလျှင် အပြစ်တော်တင်ရုံမျှမက မြန်မာတို့၏ ဂုဏ်များလဲ ညှိုးနွမ်းရန်ရှိပါတယ်။

(သျှင်ရဲထွတ်) ရွှေနန်းရှင်ဘုရားက အပြစ်တော် တင်တော်မူမှာကိုတော့ စိုးရိမ်ဘို့ မရှိပါဘူး၊ ဗိုလ်မှူး,စစ်ကဲတို့ လျှောက်တင်ကြတဲ့အတိုင်း တကယ်လို့ ရှုံးခဲ့ပါလျှင် ကျွန်ုပ်တို့တတွေ အသက်နှင့် နေရတော့မည်မဟုတ်၊ အမှန်ပင်သေကြရပါလိမ့်မည်၊ သေပြီးတဲ့သူတွေကို ရွှေနန်းရှင်ဘုရားက အဘယ်မှာ အပြစ်တော်တင်နိုင်ပါတော့မလဲ၊ သည်တပွဲမှာ အသက်နှင့်လဲ၍ ရွှေနန်းရှင်ဘုရား၏ ကျေးဇူးတော်မြတ်ကို ဆပ်လိုက်ကြပါ၊ ကျွန်ုပ်ကိုယ်တိုင်ကလဲ အသက်နှင့်လဲ၍ ကျေးဇူးတော်မြတ်ကိုဆပ်ပါမည်၊ ဗညားဒလကို အနိုင်ရအောင် တိုက်ပြပါမယ်၊ ဖောင်တွေကိုသာ မြန်မြန်ဖျက်ကြပါ။

ယောက်ဖတော် သျှင်ရဲထွတ်က ဇွတ်အတင်းအမိန့်ထုတ်နေသောကြောင့် ဗိုလ်မှူးစစ်ကဲတို့လည်း နောက်ထပ်မလျှောက်ဝံ့ကြဘဲ အမိန့်အတိုင်း ဖောင်ရှိသမျှအလုံးစုံကို အကုန်ဖျက်ဆီး၍ ရေမှာမျှောပစ်ကြရလေ၏။ သျှင်ရဲထွတ်လည်း တလိုင်းတပ်ကြီးကို တိုက်ခိုက်ရန် အဆောတလျင် စီမံလေ၏။

ထိုအခိုက်တွင် ဘုရင်တပင်ရွှေထီးထံမှ တုရင်ရာဇာကို မြင်းဆယ်စီးနှင့် ယောက်ဖတော် သျှင်ရဲထွတ်ထံသို့ အမြန်စေလွှတ်ဘော်မူပြီးလျှင်၊ "တလိုင်းတပ်များတွေ့လျှင်မတိုက်နှင့်အုံး၊ ငါရောက်မှတိုက်ရမည်"ဟု အမိန့်တော်စာကိုပေးလေ၏။ထိုအမိန့်တော်စာကို သျှင်ရဲထွတ် ဘတ်ပြီးလျှင် စစ်တိုက်တော့မည့် ဆဲဆဲ ဖြစ်သောကြောင့် ဘုရင့်အမိန့်ကို မနာခံဘဲ "စစ်ပွဲကြီး တပွဲအောင်မြင်တော်မူပြီ"လို့ လျှောက်ထားလိုက်ပါတော့ဟု ပြောဆိုကာ မြင်းစေကျော်များကို ဘုရင့်အထံသို့ ပြန်၍လွှတ်လိုက်လေ၏။

"တိုက်ပွဲကြီး"

သျှင်ရဲထွတ်က ဗိုလ်မှူးစစ်ကဲတို့ကို အစုံအညီခေါ်ပြီးလျှင် "ယခုတိုက်ပွဲမှာ ကျွန်ုပ်တို့က လက်ဝဲ,လကျာ,အလယ်ဗဟို,သုံးစုခွဲ၍ ရဲရဲ, တင်းတင်း, ရှတ်ရှတ်, ချွန်ချွန်, အတင်းဝင်လို့ တိုက်မှသင့်မည်။ ထော်မိုင်းရဲက ဆင်တဆဲ့ငါးစီး, မြင်းနှစ်ရာ, သူရဲသုံးထောင်နှင့် အုပ်စီး၍ လက်ကျာ

ကြောင်းကဝင်၍တိုက်၊ ဘယသကြန်က ဆင်တဆဲ့ငါးစီး, မြင်းနှစ်ရာ, သူရဲသုံးထောင့်နှင့် အုပ်စီး၍ လက်ဝဲကြောင်းကဝင်၍တိုက်၊ ကျွန်ုပ်က ဆင်အစီး နှစ်ဆယ်,မြင်းတရာ, သူရဲလေးထောင့်နှင့် အုပ်စီး၍တလိုင်းတပ်ကြီးအလယ်ဗဟိုသို့အတင်းဝင်၍တိုက်မည်။သည်ပွဲမှာ ရဲရဲရင့်ရင့်ကြီးအသက်ကို စွန့်၍ကြိုးစားကြပါ၊ သည်တပွဲနိုင်လျှင် တလိုင်းမှန်သမျှ ကျွန်ုပ်တို့ကို တုဝံ့တော့မည်မဟုတ်”ဟု အမိန့်ပေးလေ၏။

အမိန့်ပေးသောအတိုင်း အားတက်သရော စစ်သုံးစုခွဲ၍ ချီတက်ကြသည်။ သျှင်ရဲထွတ်သည် “စွယ်လမန်”မည်သော ဆင်တော်ကြီးကို စီး၍ ထွက်လေသည်။

တလိုင်းဘုရင်၏ကျွန်တော်ရင်းဖြစ်သော ဗညားဒလနှင့် မင်းရဲအောင်နိုင်တို့လည်း မြန်မာတို့ဘက်က စစ်သည်အင်အားနည်းပါးမှန်းသိသည်နှင့် မကြောက်မရွံ့အတင်းတိုက်မည်ဟုမြန်မာတို့တပ်ကိုဆီးကြိုလေ၏။

သျှင်ရဲထွတ်သည် “စွယ်လမန်”ဆင်ကိုချွန်းဖွင့်၍ လွှတ်ပြီးလျှင် တလိုင်းတပ်ကြီး အတွင်းသို့၊ အတင်းဝင်လေရာ၊ ဗညားဒလလည်း ဆင်စီး၍ ခုခံလေ၏။ သျှင်ရဲထွတ်က ဗညားဒလ၏ ဆင်ကိုအတင်းတိုက်သည်တွင် ဗညားဒလ၏ဆင်သည် မတိုက်ဝံ့ဘဲ နောက်သို့ ဆုတ်ပြေးလေရာ၊ သျှင်ရဲထွတ်ကအတင်းဖိ၍လိုက်လေလျှင်၊ ဗညားဒလလည်း ဆင်မှမြင်းသို့ကူး၍အသက်လွတ်အောင် ထွက်ပြေးလေသည်။ မင်းရဲအောင်နိုင်သည်ကား ဆင်ဦးကင်းမှာပင် သေဆုံးရှာလေ၏။

ဗညားဒလလည်းထွက်ပြေး၊ မင်းရဲအောင်နိုင်လည်း ဆင်ဦးကင်းမှသေဆုံး၊သည်အကြောင်းကို တလိုင်းတို့မြင်ကြရာ၊ မြန်မာတပ်ကို ခုခံ၍ မတိုက်ဝံ့ဘဲ၊ လက်နက်ကိုပစ်ချ၍ ပြေးမိပြေးရာ ပြေးကြလေကုန်၏။ တလိုင်းစစ်သည်ပေါင်းများစွာတို့လည်း သေကြေပျက်စီးရှာကြသည်။

ထိုသို့တလိုင်းတို့ကိုယ်လွတ်ရုန်း၍ ထွက်ပြေးကြရာတွင် သျှင်ရဲထွတ်အုပ်စီးသောမြန်မာတပ်က ဆင်,မြင်း,တို့နှင့်တကွ လူသူလက်နက်ပေါင်းများစွာတို့ကို ရရှိလေသည်။ တလိုင်းတို့ တပ်ကြီးကို လုလှပပအောင်မြင်လိုက်သည်တွင် သျှင်ရဲထွတ်သည် အလွန်အားရနှစ်သက်လှသဖြင့် ထိုအောင်မြေအရပ်ဌာနမှာပင် စစ်စခန်းချ၍နေလေ၏။ သုံ့ပန်းများကိုလည်း ဘုရင်တပင်ရွှေထီးသို့ဆက်သရန်အသင့်ပြင်ဆင်၍ထားလေသည်။ ဤကဲ့သို့ အားမတန်ဘဲအောင်မြင်ခြင်းမှာ သျှင်ရဲထွတ်၏ ရဲစွမ်းသတ္တိကြောင့်ပင်အမှန်ဖြစ်လေသည်။

“ဘုရင်တပင်ရွှေထီးက နောင်တော်သျှင်ရဲထွတ်အပေါ်တွင် အပြစ်တော်တင်ခြင်း”

နောင်ရိုးအရပ်၌ သျှင်ရဲထွတ်သည် ရှုတ်ရှုတ်ချွန်ချွန်တလိုင်းတို့ စစ်တပ်ကြီးကို တိုက်ခိုက်အောင်မြင်ပြီးသည့် နောက်တရက်တွင်။ ဘုရင်တပင်မရွှေထီးသည် ရေတပ်ကြီးနှင့်တကွ နောင်ရိုးအရပ်သို့ဆိုက်ရောက်တော်မူလာလေ၏။

တလိုင်းတို့၏ စပ်တပ်ကြီးကို အရေးလှအောင် အောင်မြင် လိုက်ပုံ အကြောင်းများကို ကြားသိတော်မူရာ၊ နောင်တော် သျှင်ရဲထွတ်ကို ရှေ့တော်သို့ ခေါ်၍ မှူးမတ်,ဗိုလ်ပုံတို့ အလယ်တွင် ကြိမ်းဝါးတော်မူသည်မှာ။

(ရွှေထီး) ကျော်ထင်နော်ရထာ၊ တလိုင်းတို့စစ်နှင့်တွေ့လျှင် ငါ့ထံသို့မလျှောက်ထားဘဲ မတိုက်ကြနှင့်ဟု ငါအမိန့်တော်ရှိထားပါလျက်နှင့်ငါ့ထံသို့ မလျှောက်ထားဘဲဘာကြောင့်တိုက်ရသလဲ၊ ငါ့အောင်ပွဲကို ဖျက်ဆီးရသလား။

ရာဇမာန်ဖြင့် မင်းသံပါပါကြိမ်းဝါး၍ အပြစ်တင်တော်မူရာ၊ သျှင်ရဲထွတ်က ရှိခိုးပြီး၊ "အမိန့်တော်မြတ်ကို မရိုသေလို့ မဟုတ်ပါဘုရား၊ ကျွန်တော်တိုက်ခိုက်၍ အောင်မြင်လိုက်သောပွဲသည် ဘုန်းတော်ကြီးလှသော ဘုရားနှင့်ထိုက်တန်တဲ့ပွဲမျိုးမဟုတ်ပါ၊ တလိုင်းဘုရင်၏ ကျွန်တော်မျိုးများဖြစ်ကြတဲ့ ဗညားဒလနှင့် မင်းရဲအောင်နိုင်တို့ အုပ်စီးသော တပ်ကြီး ဖြစ်ပါသည်။ တလိုင်းဘုရင်၏ တပ်မတော်ကြီးဖြစ်ခဲ့ပါမူ ကျွန်တော်မျိုးက အရှင့်ထံသို့ လျှောက်တင်မည်အမှန်ပါ၊ နောင်အခါ ကိုယ်တော်တိုင် တိုက်ခိုက်အောင်မြင်တော်မူမည့်အရေးလည်း များစွာပင်ရှိပါသေးသည်ဘုရား"ဤကဲ့သို့လျှောက်တင်ပြီးလျှင် သုန္ဒပန်းအဖြစ်ဖြင့် ဘမ်းယူထားသော ဗိုလ်ပါ, ဆင်,မြင်း,ဘို့နှင့်တကွ လက်နက်များကို ဆက်သလေ၏။

ထိုအခါ တပင်ရွှေထီးက အပြစ်တင်ခြင်းကို နှုတ်ပယ်တော်မူပြီးလျှင် ဝမ်းသာအားရ နှစ်သက်တော်မူလှသော အမူအရာဖြင့် "ယခုပွဲကို အောင်မြင်သည်မှာ နောင်တော်၏ ရှေးဦးပထမဖြစ်သော အောင်ပွဲမှန်ပေသည်။တလိုင်းတို့လည်း ခုခံ့တော့မည်မဟုတ်"ဤသို့ အမိန့်တော်ရှိပြီးလျှင် လက်တော်နှစ်ဘက်၌ ဝတ်ဆင်ထားအပ်သော အဘိုးထိုက်ပတ္တမြားလက်ကောက်တော်ကိုချွတ်ပြီးလျှင်သျှင်ရဲထွတ်အားပေးသနားတော်မူလေ၏။ ။ထိုနောက် အမိန့်တော်ရှိပြန်သည်မှာ-

(ရွှေထီး) တလိုင်းဘုရင်၏ ကျွန်တော်မျိုး သူရဲကောင်းနှစ်ဦး အုပ်စီးသော တပ်ကြီးကို ရှေးဦးစွာ အောင်မြင်ပေသည့်အတွက် ယနေ့ကစ၍ "ဘုရင့်နောင်"ဟူသောဘွဲ့ကို ခံယူစေ၊ လှိုင်မြို့ကိုလည်း အသနားတော်မြတ်ခံစေ။

ဤသို့ အမိန့်တော်မြတ် မှတ်တော်မူ၍ "ဘုရင့်နောင်"ဘွဲ့ထူးနှင့် လှိုင်မြို့ကို ပေးသနားတော်မူရာ၊ မှူးမတ်ပေါင်း များစွာတို့ကလည်း ဝမ်းသာအားရ နှစ်သက်ကြလေ၏။ ထိုအခါကစ၍ သျှင်ရဲထွတ်ကို "ဘုရင့်နောင်,ဘုရင့်နောင်"ဟု ခေါ်ဆိုကြလေသည်။ ယခင် ရွှေနန်းတက်တော်မူစဉ်က ပေးခဲ့သော "ကျော်ထင်နော်ရထာ"ဘွဲ့နှင့် ပူးတွဲပြီးလျှင် "ဘုရင့်နောင်-ကျော်ထင်နော်ရထာ"ဟု ထင်ရှားကျော်စောလေသည်။ လှိုင်မြို့ကို အသနားခံရသောကြောင့်"လှိုင်မင်း"ဟူ၍လည်း ခေါ်ဆိုကြလေ၏။ မူလအမည်မှာ သျှင်ရဲထွတ်၊ထို့နောက် ကျော်ထင်နော်ရထာ၊ ထို့နောက် ဘုရင့်နောင်၊ ထိုနောက်လှိုင်မင်း၊ ဤဘွဲ့မည်လေးပါးဖြင့် ထင်ရှား ကျော်စောသော အာဇာနည်ပုဂ္ဂိုလ်တဦးဖြစ်ပေသည်။ "ဟံသာဝတီ ဆင်ဖြူရှင် မင်းတရားကြီး" ဖြစ်သည်တိုင်အောင် နိမ့်ကျခြင်းမရှိ။ တဆင့်ထက်တဆင့် မြင့်မြတ်ကြီးကျယ်၍လာသော ပုဂ္ဂိုလ်ထူးပေတည်း။

(မှတ်ချက်။ "ဘုရင့်နောင်" ဟူသော အမည်သညာသည် တပင်ရွှေထီး၏ လက်ထက်တော်မတိုင်မီက၊ ထင်ရှားသောအမည်မျိုး မဟုတ်ချေ။ တပင်ရွှေထီး လက်ထက်တော်တွင်မှစ၍ ထင်ရှား ကျော်စောသော အမည်ဖြစ်ပေသည်။ ထိုအမည်မှာ မြန်မာဘာသာစကားအရ၊အလွန်သုတိသာယာ၍ မင်္ဂလာရှိသော အမည်ဖြစ်ပေသည်။

ဘုရင်တပင်ရွှေထီးသည် နောင်ရိုးစစ်ပွဲတွင် သက်စွန့်ကြိုးပမ်း အမှုတော် ထမ်းကြသော သူရဲကောင်းများကိုလည်း ထိုက်သည်အားလျော်စွာ ဆုလာဘ် ပေးသနားတော်မူလေ၏။ ထို နောက် ဘုရင့်နောင်စသော မှူးမတ်၊ သေနာပတိတို့နှင့် တိုင်ပင်တော်မူပြီးလျှင် ချီမြဲအတိုင်း ပြည်မြို့သို့ ရေတပ်၊ ကုန်းတပ် အစုံအညီ ချီတက်တော်မူလေသည်။

တပင်ရွှေထီးသည် နောင်ရိုးစစ်ပွဲကို အောင်မြင်တော်မူကြောင်းကို ဗျူဟာစက္ကပျို့၌ အောက်ပါအတိုင်း စပ်ဆိုထားလျက်ရှိလေသည်။

(၁) ဟံသာနေပေါင်း၊ ပြည်သို့ပြောင်းမှ၊ နောက်နောင်တော်လှန်၊ သူ့ဗိမာန်ကို၊ရပြန် နိုးနိုး၊ ထောင်အားကြိုးသား၊ ပဲခိုးသူ့ရှင်၊ မင်းတိုင်ပင်ဟု၊ အထင်အရှား၊ သံကျိုးဝါးလျက်၊ ဗညားဒလ၊ တပ်ပံ့ချမှု၊ လက်မကင်းထောင်၊ စစ်ရေးဆောင်နှင့်၊ ရပ်ပေါင်တန်းတက်၊ပြည်ကထွက် ၍၊ ကြိုက်ပွက်ကြော်ငြာ၊ ရပ်ခံလာ၏၊ မြန်မာအပေါင်း၊ နောင်ရိုးချောင်းတွင်၊ လက်စောင်းလက် နား၊ တောင်ညိုဖျားသို့၊ ဘဝါးခြေချ၊ ချည်းလာကြမူ၊ ယက္ခညောင်ပင်၊ စရပ်ဝင်သော်၊ ထိုတွင် စွန်းငြိ၊ လှောင်ထားမိသို့၊ တောကြီးအချောင်၊ ကိုင်းပစ်တောင်ကို၊ မရှောင်မရှား၊ ခိုဝင်နားသော်၊ နှမ်းပါးမချိ၊ ခဲငှက်ငြိသို့၊ ရှိစိမ့်ခုပင်၊ တလိုင်းမြင်မူ၊ စိတ်ထင်တိုင်းတိုက်၊ တို့အကြိုက်ဟု၊ သိမ်းပိုက် အုပ်ထွေ၊ ခံရပ်နေသည်။ ။ဗိုလ်ခြေအနှံ့-ပိတ်ဖုံးတည်း။

(၂) မြန်မာလူမျိုး၊ အခေါင့်မိုး၍၊ တန်ခိုးတောက်ပြာ၊ အာဏာတက်ချိန်၊ ဘုန်းတန်းရှိန် ကို၊တထိန်ညီးညီး၊မိုးခရီးက၊လောင်မီးအသွင်၊ကြားတိုင်းငြင်းသည်၊ကျော်ထင်နော်ရထာ၊ ဗိုလ်ချုပ် ချာလျက်၊သော်တာထွက်မှ၊ကြယ်လိုက်ကြသို့၊ဘယသကြို၊တပ်ရံအုပ်ကဲ၊ ထော်မှိုင်းရဲတို့၊ တပွဲတပြင်၊ နောင်ရိုးတွင်သည်၊သဲပြင်သောင်ခင်း၊ချောင်းညိုရင်းတွင်၊ထမင်းဘွယ်ရာ၊ နံနက်စာကို၊ ညီညာစား ပြီး၊ကျွဲချောင်းဆိ၍၊ခရီးတို့မှာ၊မပြန်သာတည့်၊ညစာထွက်နပ်၊တလိုင်းတပ်ဝယ်၊ ရပ်ရပ်နေနေ၊စား သောက်စေအံ့၊ဆန်ရေစပါး၊ဆားပျားမုံ့ပဲ၊စမဲအကြော်၊ အလှော်ကင်းပေါင်း၊ စားကောင်းသမျှ၊ မကျန်ရအောင်၊ချောင်းစရေကြီး၊ သွန်စေပြီးမှ၊ ဆင်စီးချန်းလှမ်း၊မြင်းထမ်းကတင်၊ခြေချင်လူမျိုး၊ အားအန်ကိုးလျက်၊ဖြိုးဖြိုးဖြဖြ၊ကြိုးကြိုးကြလျက်၊ ကိုယ်ကိုယ်စီ၊ လက်လက်ချီ၍၊ အောင်ပြီကြော် ကြေး၊အသံပေး၏၊ရည်သွေးဟန်ပန်၊ စွယ်လမာန်ဟု၊ဆဒ္ဒန်ပုံသွေး၊ မုံစွေးစွေးတိ၊ ဖွေးဖွေးစွယ်ရှင်၊ စီးတော်ဆင်နှင့်၊ကျော်ထင်နော်ရထာ၊ ချွန်းဖွင့်ကာလျှင်၊ ဝှန်ဝှါကြွားကြွား၊အကုန်လွှား၍၊ဗညား လူထင်၊စီးသည်ဆင်ကို၊မျက်မြင်ရွှတ်ရွှတ်၊ရွယ်လိုက်လွှတ်က၊ ထွတ်ထွတ်ဖြူဝင်း၊ ရောင်လင်းလင်းတိ၊ စွယ်ချင်းသို့သိ၊မရှက်မှီလျှင်၊ ရှက်တိတိတွတ်၊မည်ရေရွှတ်လျက်၊ အလွှတ်ဝေးလံ၊ ဘမ်းမခံဘဲ၊ ပျံ့ဝဲ ပါးယားထွက်ရှောင်ရှားသို့၊ဗညားလူကျော်၊ကောင်းပါသော်လည်း၊ဆင်းပေါ်ကဆင်း၊မြိုင်ကျင်း ကျင်းမှာ၊မြင်းနှင့်ခုန်လွှား၊ ပြေးထွက်သွား၏၊ အင်အားဖျားစည်၊ ပေါင်းစစ်သည်တို့၊ လှည့်လည် တင်းကြမ်း၊ ထိတ်ထိတ်မှမ်းမျှ၊ တောင်ကမ်းမြောက်လမ်း၊ လိုက်လံဖမ်း၍၊ ချောင်းကမ်း တောခွင်၊ အတင်တင်သည်၊မြင်းဆင်ဗိုလ်ပါ-အလုံးတည်း။

(၃) ချောင်းညာချောင်းအောက်၊ ခြေတလျှောက်ဝယ်၊ တောင်မြောက်ဘိသန်း၊ ပြည့် တန်နန်းလျှင်၊ သုန်ပန်းသိမ်းယူ၊ ရသည့်သူလည်း၊ ပလူပရွှက်၊ အရှက်ရှက်တိ၊လက်နက်တန်ဆာ၊ကိုရို

ယာသည်၊မျှားစွာပုံယင်၊သိမ်းယူငင်၍၊တပင်ရွှေထီး၊ရွှေဖေါင်ကြီးနှင့်၊ ဝှဲချီးအောင်ရပ်၊ ခံသည့်တပ်က၊ကြီးကြပ်စီရင်၊ဆက်ရာတွင်၌၊ကျော်ထင်နော်ရထာ၊ဖိုလ်ချုပ်ချာကို၊ အရာချီးမြှင့်၊ မြောက်ထိုက်တင့်ဟု၊ဘုရင့်နောင်တော် ရွှေနူတ်တော်၍၊ခေါ်ဝေါ်မြှိမ့်လေး၊ဘွဲ့တော်ပေးက၊နယ်ဝေးနှံ့အောင်ဘုရင့်နောင်ဟု၊ညာဘောင်ကျွန်းခွင်၊ ကျော်စောထင်သည်၊ မြေပြင်အနှံ့-ပတ်ကုံးတည်း။

## "ပြည်မြို့၌ မင်းသုံးပါးဆုံခြင်း"

တလိုင်းဘုရင်လည်း နောင်ရိုးအရပ်တွင် မိမိ၏တပ်ကြီးပျက်စီးဆုံးပါးသည်ကစ၍၊ တပင်ရွှေထီး၏ တပ်များကို ပြန်လှဲကာ တိုက်ဘို့ မကြံစည်တော့ဘဲ ပြည်မြို့သို့သာ အလျှင်အမြန် ချီတော်မူလေသည်။ ပြည်မြို့သို့ ဆိုက်ရောက်တော်မူလေသောအခါ ဟံသာဝတီဘုရင်ကို ပြည်ဘုရင်က ခင်မင်ယုယစွာ ဆီးကြို၍ ပြုစုတော်မူလေသည်။ ဟံသာဝတီဘုရင်နှင့် ပြည်ဘုရင်တို့ တွေ့ဆုံတော်မူကြပြီးသောအခါ၊ စစ်မှုရေးရာနှင့်စပ်၍ ဤသို့ တိုင်ပင်ကြလေသည်။

(ပြည်ဘုရင်) ယခု အဆွေတော်၏ ဖြစ်ပျက်ပုံများမှာ အလွန် စိတ်နှလုံးမသာယာဘွယ် ဖြစ်ရပါသည်၊ ပြည်မြို့မှာ အလိုရှိသမျှစံနေတော်မူပါ၊ လူ့ပြည်လောက၌ ဖြစ်ဖြစ်သမျှသူတွေဟာ၊ ကံစီမံရာအတိုင်း ခံကြရတာချည်းပါဘဲ၊ အကုသိုလ်ကံနှိမ့်လို့နိမ့်ကျတဲ့အခါမျိုးနှင့်လဲ့ကြုံရပါတယ်၊ ကုသိုလ်ကံထောက်ပံ့သဖြင့် မြောက်မြင့်တဲ့အခါနှင့်လဲ ကြုံရပါတယ် ကံအကျိုးပေးတဲ့အခိုက်မှာ အထိုက်အလိုက်ဖြစ်နေကြရတယ်လို့ ရှင်တော်မြတ်ဘုရားက ဟောကြားတော်မူတယ် မဟုတ်လား။

(ဟံသာဝတီဘုရင်) တရားတော်အလိုအတိုင်း အလွန်မှန်တာပါဘဲ၊ ယခုခေတ်အခါမှာတော့ ဘောင်ငူဘုရင်တပင်ရွှေထီး ဘုန်းကြီးတဲ့အခိုက်အခါပေပေါ့၊ "ကံတက်နေခိုက်၊ ဉာဏ်ထက်သူ မစွမ်းနိုင်ဘူး" ဆိုတဲ့စကားဟာလဲ အလွန်မှန်ပါပေတယ်၊ ရာမညတိုင်း တလိုင်းတို့ဖြစ်ရပုံများမှာ တပင်ရွှေထီးဆိုတဲ့အသံကို ကြားမှဖြင့် ကြောက်အား, လန့်အားနှင့် တုန်နေကြတယ်၊ သူ့ဘုန်းတန်ခိုးဂုဏ်ကလဲ့ အပုံကြီးပါပေတယ်၊ ဆိုင်ပြိုင်လို့တိုက်မှဖြင့်လဲ သူကသာ အောင်ပွဲရသွားတာချည်းဘဲ။

(ပြည်ဘုရင်) ဟုတ်ပါပေလိမ့်မယ်၊ ငယ်ရွယ်စဉ်ကလေးကစပြီး တပင်ရွှေထီးရဲ့ သတင်းဟာ လွန်စွာကျော်စောနေတာကလား၊ သူ့ယောက်ဖတော် သျှင်ရဲထွတ်ဆိုတဲ့လူဟာလဲ ဘုန်းပညာလက္ခဏာနှင့် လွန်စွာပြည့်စုံသတဲ့၊ သို့ရာတွင် သူတို့ဘုန်းကံကိုလဲ အစဉ်ထာဝရတက်နေရစေဆိုတဲ့ ဥပဒေလဲမရှိပါဘူး၊ တပင်ရွှေထီးဆိုတဲ့ မင်းကလေးကို အဆွေတော်မှာပါလာတဲ့ စစ်သည်အင်အားတို့နှင့် ပြည်နယ်မှာရှိတဲ့ဗိုလ်ပါအင်အားတို့ကို စုဆောင်းပြီး တိုက်ခိုက်တွန်းလှန်ရပါလျှင် သည်မင်းကလေးခံနိုင်မလား၊ စိတ်ချ၍အေးအေးစံနေတော်မူပါ၊ မကြာမီအတွင်းမှာပင် အဆွေတော်ကို ဟံသာဝတီ ရွှေနန်းပေါ်သို့ပြန်ရောက်အောင် ဆောင်ရွက်ပေးပါမယ်။

(ဟံသာဝတီဘုရင်) ကံတော်များ မွေးမိုန်၍ အရှိန်သေးနေတဲ့အခါ သည်လိုအားပေးတဲ့စကားမျိုးကိုကြားရတော့ များစွာ ဝမ်းမြောက်မိပါတယ်၊ ယခုလဲ တပင်ရွှေထီးကိုယ်တိုင်ရေတပ်,ကုန်းတပ်,အစုံအညီနှင့် ပြည်မြို့ကို ချီတက်လာကြောင်းကိုကြားတယ် မဟုတ်လား။

(ပြည်ဘုရင်) သည်အကြောင်းကိုလဲ ကြားပြီးပါ၊ တပင်ရွှေထီး ပြည်မြို့ကို တိုက်လျှင် နိုင်နိုင်ပါ့မလား၊ အဆွေတော်ကြီးလက်မှာ ပါလာတဲ့ ဗိုလ်ပါ၊ဆင်၊မြင်း၊ ပြည်မြို့မှာ အသင့်ရှိနေတဲ့ ဗိုလ်ပါ၊ဆင်၊မြင်း သည်အင်အားတွေဟာ လက်နက်ကိုရိယာ စားရေရိက္ခာနှင့်ဘက္ကစုံလင်စွာ ရှိပြီးပါ။ ။တပင်ရွှေထီး ပြည်မြို့ကိုချီလာသော်လဲ အာဂန္တုဖြစ်နေတဲ့ အတွက် စားရေး ရိက္ခာ ဆင်စာ၊မြင်းစာမှစ၍ အခက်သားကျမနေပေဘူးလား။ ။ဟံသာဝတီကိုအောင်မြင်တယ်လို့ ဆိုသော်လဲ တလိုင်းသုံးရပ်ကို ငြိမ်ဝပ် ပိပြားစွာ ရှိအောင် မအောင်မြင် သေးပါ။ ။ပြည်မြို့သို့ရောက်လျှင် ဘောင်ပွဲရအောင် တိုက်ခိုက်တွန်းလှန်လိုက်ပါမယ်၊ ပြည်မြို့ကစစ်ရှုံး၍ ဟံသာဝတီကိုပြန်လျှင် တလိုင်းနိုင်ငံကဆီး၍ တိုက်မယ်ဆိုပါလျှင် တပင်ရွှေထီးဆိုတဲ့ မင်းကလေးဟာ သစ်နှစ်ခုစပ်ကြား ဝါးညပ်နေသလို အကျပ်ကြုံ၍ ဒုက္ခတွေနေလိမ့်မယ်၊ သည်အခါ တပင်ရွှေထီးနှင့် သျှင်ရဲထွတ်တို့ကို လက်ရဖမ်းပြီး သူစိုးပိုင်တဲ့ သောင်ငူရွှေနန်းကို သိမ်းမြန်းစိုးစံရတာပေါ့၊ ထိုပြင်တချက် နဂိုရင်းကပင် မဟာမိတ် ဆက်ထားပြီးရှိတဲ့အတိုင်း အဝဘုရင် သိုဟန်ဘွားကလဲ ကျွန်ုပ်တို့ဘက်က ကူညီမှာအမှန်ပါဘဲ။

(ဟံဘာဝတီဘုရင်) အဆွေတော်ရဲ့ အမိန့်သံစကားကိုကြားရတော့ များစွာဝမ်းမြောက်ခြင်း ဖြစ်ရတာပါဘဲ၊ အဝဘုရင် သိုဟန်ဘွားက ကူညီမယ်လို့ဆိုပါလျှင် အဆွေတော်၏ အမိန့်အတိုင်း တပင်ရွှေထီး၏ရန်ကို တွန်းလှန်ဖြိုဖျက်နိုင်မှာအမှန်ပါဘဲ၊ အဝနေပြည်တော်က တပ်များကို ခပ်မြန်မြန်ရောက်အောင် မြင်းစေကျော်များကို စေလွှတ်တော်မူပါ။

ဤကဲ့သို့ ဘုရင်နှစ်ပါး ပြောဆိုတိုင်ပင်တော်မူကြပြီးလျှင် ပြည်ဘုရင်သည် စစ်ရေးစစ်ရာ နီးကပ်လာပြီဖြစ်သောကြောင့် အဝဘုရင်သိုဟန်ဘွားထံသို့ အကျိုးအကြောင်းစုံလင်စွာ သဝဏ်လွှာ ရေးသားတော်မူပြီးလျှင် မြင်းစေကျော် တမန်များကို စေလွှတ်တော်မူလေ၏။

အဝဘုရင်လည်း တပင်ရွှေထီးရန်ကို နှိပ်နှင်းလိုသောဆန္ဒရှိရင်းအတိုင်း ကိုယ်တိုင် ပြည်မြို့ကို ချီတက်ရန် စီရင်လေသည်။ ။မိမိကိုယ်တိုင် ပြည်မြို့သို့မရောက်ခင် စစ်သည်တော်များ စောစော ရောက်စေလိုသောဆန္ဒဖြင့် စကု၊စလင်း၊မကွေးစသော မြို့များသို့ အလျင်တဆော ဆင့်ဆိုပြီးလျှင် မြစ်စဉ်တလျှောက်မှာရှိသော ဆင်၊မြင်း၊ဗိုလ်ပါများကို ပြည်မြို့သို့ တင်ကြို၍ စေလွှတ်တော်မူသည်၊

ထိုနောက် အဝဘုရင် သိုဟန်ဘွားလည်း ဗိုလ်ပါ အင်အား အပြည့်အစုံနှင့် ပြည်မြို့သို့ အပြင်းစုန်တော်မူလာရာ ဟံသာဝတီဘုရင်၊ပြည်ဘုရင်တို့ကလည်း ခရီးဦးကြိုဆိုကာ ပူဇော်ကြလေသည်။

မင်းသုံးပါးဆုံမိသောအခါ ပြည်မြို့မှာ စစ်သည်ဗိုလ်ပါအင်အားလည်း လွန်စွာပင် များလေသည်။ ။မြို့ကို အခိုင်အလုံပြုပြင်စီရင်ပြီးလျှင် တပင်ရွှေထီး ဆိုက်ရောက် လာလျှင် တဟုန်ထည်း တိုက်ခိုက်မည်ဟု ရေတပ်၊ကုန်းတပ် အစုံအညီနှင့် အသင့် ပြင်ဆင်ကာ နေကြလေ၏။

## "တပင်ရွှေထီး စစ်စခန်းချရပ်တော်မူခြင်း"

ရေတပ်,ကုန်းတပ်,အစုံအလင်နှင့် ပြည်မြို့သို့ချီတက်တော်မူလေသော် ဘုရင် တပင်ရွှေထီးသည် ပြည်မြို့နှင့်မနီးလွန်း,မဝေးလွန်းဖြစ်သော "အင်းပြောကျွန်း"သို့ ဆိုက်ရောက်တော်မူသောအခါ စစ်စခန်းချရပ်တော်မူလေသည်။ ။ကုန်းတပ်များကလည်း ဘုရင့်ရေတပ်နှင့် မနီးမဝေးက ချရပ်၍ နေကြလေ၏။

အင်းပြောကျွန်းမှာ တပင်ရွှေထီး စစ်စခန်းချရပ်တော် မူကြောင်းကို ပြည်မြို့၌ရှိသော ဘုရင်သုံးပါးတို့ကြားသိကြသော်လည်း ထွက်၍မတိုက်ကြချေ၊ ပြည်မြို့သို့ရောက်မှ တအားကုန်လွှတ်၍ တိုက်မည်ဟု အသင့်ပြင်ဆင်ကာနေကြလေ၏။

တပ်စခန်းချရပ်၍ သုံးရက်လောက်ရှိသည် တိုင်အောင် ပြည်မြို့ကစစ်များ မဆိုက်ရောက်လာသည်နှင့် ဘုရင်တပင်ရွှေထီးသည် သျှင်ရဲထွတ်ကိုခေါ်တော်မူပြီး တိုင်ပင်တော်မူသည်မှာ။

(ရွှေထီး) ယခု အင်းပြောကျွန်းမှာ တပ်စခန်း ချရပ်တော်မူနေတာ သုံးရက်ရှိပြီ၊ သူတို့က စတင်ချီတက်တိုက်ခိုက်လိမ့်မယ်လို့ ထင်နေတာ၊စစ်ရိပ်,စစ်ယောင်ကိုမှ မမြင်ရပါဘဲကလား။

(ရဲထွတ်) အရှင့်ဘုန်းရှိန်ကို အလွန်ကြောက်လန့်၍ နေကြပါတယ်၊ ဘယ်မှာ သူတို့က ထွက်၍ တိုက်ဝံ့ပါမလဲဘုရား၊ သို့ရာတွင် သူတို့အင်အားလဲမနဲပါ၊ အဝဘုရင်သိုဟန်ဘွားလဲ ယခုအခါ ပြည်မြို့သို့ ဆိုက်ရောက်နေပါပြီ၊ ဘုရင်သုံးပါး ပေါင်းဆုံမိနေတော့ ဗိုလ်ပါ အင်အားဆင်,မြင်းများဆိုတာ ပြောဘွယ်ရာမရှိဘူးပေါ့၊ သူတို့မြို့ကို ချဉ်းကပ်လာလျှင်ဖြင့် မနိုင်လျှင်မနေဟု အသေအကြေ ကြိုးစားတိုက်ဘို့ ကြိတ်ခဲနေကြပါတယ်ဘုရား။

(ထီး) သူတို့ဘုရင်သုံးပါးဖြင့် တယ်ပြီးဘက်မိနေကြတာဘဲ ရှမ်းသိုဟန်ဘွားကလဲ တောင်ငူအင်အားကို ချိုးလိုတဲ့အတိုင်း ပြည်ဘုရင်နှင့် ဟံသာဝတီဘုရင်တို့ဘက်က မေတ္တာရှိ သက်သက်ကူညီတာပေါ့လေ၊ သို့ရာတွင် သည်ဘုရင်သုံးပါးလောက်ကို ဘုန်းတောက်တဲ့ဘုရင်မို့ အမှုထားလောက်တယ်လို့ မထင်ပါဘူး။

(ရဲထွတ်) မှန်လှပါ၊ သုံးယောက်ပေါင်း၍ ကြံစည်တဲ့အမှုကိစ္စမျိုးဆိုတာ ညီညီညွတ်ညွတ်နှင့် အောင်မြင်လေ့မရှိပါ၊ ဖရိုဖရဲပြို၍ ပျက်စီးတတ်ပါတယ်။ ။နီတိကျမ်းများမှာ "စတုက္ကဏ္ဏမန္တာ၊ ဆက္ကဏ္ဏမန္တာ"ရယ်လို့ တိုင်ပင်ကြံစည်ခြင်း နှစ်မျိုးရှိပါတယ် ဘုရား၊ နားလေးခု တို့ဖြင့် တိုင်ပင်ကြံစည်ခြင်းကို စတုက္ကဏ္ဏမန္တာရယ်လို့ ခေါ်ပါတယ်၊ လူနှစ်ယောက်ချင်း တိုင်ပင်တာကို ဆိုလိုတာပေါ့ကိုယ်တော်။ ။ထို့ပြင် နားခြောက်ခုတို့ဖြင့် တိုင်ပင်ခြင်းကို ဆက္ကဏ္ဏမန္တာရယ်လို့ ခေါ်ပါတယ်၊ လူသုံးယောက်တို့ ကြံစည်တိုင်ပင်တာကို ဆိုလိုတာပေါ့ကိုယ်တော်။

## "ဆက္ကဏ္ဏာဘိဇ္ဇတေမန္တာ"

ဆက္ကဏ္ဏာ၊ နားခြောက်ခုတို့ဖြင့် တိုင်ပင်သော။ မန္တာ၊ လျှို့ဝှက်ခြင်း အကြံအစည်သည်။ ဘိဇ္ဇတေ၊ မုချမသွေ၊ ပျက်စီးတတ်ချေ၏။ အဲ-သည်ကဲ့သို့ နီတိကျမ်းများမှာ ပြဆိုထားတဲ့အတိုင်း

ယခုပြည်မြို့မှာ မင်းသုံးပါးဆုံပြီး၊ ကျွန်တော်တို့ကို ဖျက်ဆီးရအောင် တိုင်ပင် ကြံစည်ခြင်းဟာ မှန်စွာမုချ ကေန္တပျက်စီးပါလိမ့်မယ်၊ တနေ့နေ့ကျတော့ အောင်ပွဲရဘို့အရေးကိုသာ မျှော်လင့် ယုံကြည်တော်မူပါတော့။

(ရွှေထီး) အင်း-သဘောကျစရာ ပေပေါ့၊ နိတိကျမ်းတို့ သဘောအချက်မို့ နှစ်သက် ဘွယ် ရှိပါပေတယ်။ ။နို့တခါဖြင့် ယခုအရေးမှာ ဘယ်လိုစီမံမလဲ၊ သူတို့မြို့ကို အရောက်ချီတက် ၍ တိုက်ခိုက်ရလျှင် ကောင်းမကား၊ သည်နည်းအတိုင်း စစ်စခန်းချရပ်နေတာ ကောင်းမလား။

(ရဲထွတ်) အမှန်ကိုလျှောက်တင်ရမှာဖြင့် သူတို့မြို့သို့အရောက် ယခုတခေါက်မှာဖြင့် ချီ တက် တိုက်ခိုက်ဘို့ သင့်လျော်မယ် မထင်သေးပါ၊ ဗိုလ်ပါအင်အား အလွန်များလှပါတယ်။ ။ ဟို-မုတ္တမမင်းကလဲ၊ မာန်တင်းခုခံလျက်ပင် ရှိပါသေးတယ် တကယ်လို့ ပြည်မြို့အတိုက်မှာ၊ စစ် ရေးညှိခဲ့ပါလျှင် မုတ္တမမင်းကဦးစီးပြီး၊ ဟံသာဝတီနေပြည်တော်ကြီးကို အတင်းချီတက်တိုက်ခိုက်မဲ့ အရေးကြုံလိမ့်မယ်လို့ထင်ပါတယ်။ ။ယခုဌာနသို့တိုင် ရောက်အောင် ချီတက်လာပါလျက် တပွဲမှ မတိုက်ရဘဲ ပြန်၍စုန်တော်မူရမည်ဆိုလျှင်လဲ မသင့်လျော်ပါ တပွဲတလမ်းစမ်းဘို့သင့်ပါသေးသည်။ ရေတပ်ချင်းပွဲစမ်းပြီးမှ ဟံသာဝတီနေပြည်တော်သို့ ပြန်၍စုန်ရန်သင့်ပါသည်။ ။သူတို့လှေတပ်ကို ကျွန်တော်တို့လှေတပ်က စစ်ရေးငင်ပြီးလျှင် သူတို့လှေတပ်များ ထွက်လာတဲ့အခါ ကျွန်တော် တို့လှေတပ်က၊ အားရှိအင်ရှိဖိ၍တိုက်လျှင် ကျွန်တော်တို့က အမှန်အောင်မြင်ပါမည်။ ယခုအခါ ဘုရင်သုံးပါးတို့ဘက်က ကုန်းတပ် အင်အားသာသော်လဲ ရေတပ်မှာကျွန်တော်တို့က အမှန်သာ ပါသည်။

ဤသို့ လျှောက်တင်သော စကားကို၊ မင်းတရားရွှေထီးက နှစ်သက်တော်မူလှသဖြင့် "လှေတပ်ကို အသင့်ပြင်ဆင်ထားပါ၊ ငါကိုယ်တိုင် စစ်ငင်မည်"ဟု မိန့်တော်မူသည်။

(မှတ်ချက်။ ။"စစ်ရေးငင်" ဆိုသောစကားမှာ မြန်မာရာဇဝင် စကားသုံးဖြစ်သည်။ သူ့စစ်ကိုထွက်၍လိုက်လာအောင် ကိုယ့်စစ်ကသွေးဆောင် သည်ဟုဆိုလိုသည်။)

## "ရေတပ် စစ်ပွဲ"

ဤသို့စိုင်ပင်ပြီးလျှင် သျှင်ရဲထွတ်သည်၊ လှေတပ်များကို စိန်၊ပြောင်း၊လက်နက်၊ အပြည် အစုံတင်ကာ ပြင်ဆင်ထားလေ၏။

ဘုရင်-တပင်ရွှေထီးလည်း ငါကိုတိုင်စစ်ရေးငင်မည်ဟု ရဲစိတ်၊ရဲမာန်၊တော်ဖြင့်ကြိမ်းဝါး တော်မူပြီးလျှင် စီးတော်မူသော ရွှေလှော်ကားနှစ်စင်းကို မင်းသုံးမင်းဆောင် မင်းခမ်းမင်းနား များနှင့်တကွ စည်၊မောင်းနဲ့ခရာ တို့ကိုတင်စေပြီးလျှင်၊ ညအချိန်လရောင် ဝိုးဝိုးဝင်းဝင်းတွင် ကိုယ်တော်တိုင်းစီး၍ ပြည်မြို့အနီးသို့တိုင်အောင် ဆန်တက်တော်မူလေ၏။

တပင်ရွှေထီးကိုယ်တော်တိုင် ပြည်မြို့ကမ်းဆိပ်သို့တိုင်အောင် တူရိယာငြိမ့်ငြိမ့်တီး၍ ဆန် တက်လာကြောင်းကို ပြည်မြို့လှေတပ်က တပ်အပ်မြင်ကြရာ အမတ်ခြောက်ဦးက ဗိုလ်မှူးပြုလုပ်

ပြီးလျှင် တိုက်လှေပေါင်းများစွာတို့နှင့် တပင်ရွှေထီး၏ လှေတော်ကိုလက်ရဖမ်းမည်ဟု ထွက်လာကြလေ၏။

ဘုရင့်‥တပင်ရွှေထီးလည်း ပြည်မြို့ကလှေတပ်ထွက်၍ လိုက်ကြောင်းကို သိတော်မူလျှင် ကြောက်ရွံ့ခြင်းမရှိဘဲ မလှမ်းမကမ်းခွါ၍ အင်းပြောကျွန်းသို့ ရောက်အောင်စုန်၍ လာတော်မူသည်။ ဘုရင်တပင်ရွှေထီး၏ လှေတော်သားများသည်၊ အထူးကျွမ်းကျင်သော တလိုင်းတို့ကို ရွေးချယ်၍ခန့်ထားသဖြင့် ပြည်မြို့ကရေတပ်များလည်း မှီအောင်မလိုက်နိုင်ကြချေ။

ဤကဲ့သို့စစ်ရေးငင်၍ လာတော်မူခဲ့ရာ သျှင်ရဲထွတ်အသင့်ပြင်ဆင်ထားသောလှေတပ်အနီးသို့ရောက်သည်တွင် တပြိုင်နက်အမိန့်ပေး၍ လှေဘပ်များ ထွက်၍တိုက်လေရာ၊ ပြည်မြို့ကလှေတပ်မှာ ဖရိုဖရဲပျက်စီးသွားလေ၏။ ။ထိုတိုက်ပွဲတွင်ပြည်မြို့ ရေတပ်က ဗိုလ်မှူးပြုလုပ်သော အမတ်ကြီးခြောက်ယောက်နှင့် တိုက်လှေအစင်းပေါင်း (၂၀၀) နှစ်ရာကျော် ပြည်မြို့ရေတပ်သား တလိုင်း,မြန်မာ,ရှမ်း,(၅၀၀၀) ငါးထောင်ကျော်ရတော်မူ၏။

ပြည်မြို့ရေတပ်အပျက်တွင် အချို့စစ်သည်တပ်သားများ ကုန်းသို့တက်ပြေးကြရာတွင် သျှင်ရဲထွတ်အုပ်စီးသော ကုန်းတပ်ကြီးက ဆီး၍ဖမ်းသဖြင့် လူပေါင်းများစွာ ရရှိလေသတည်း။ ပြည်မြို့၌ပေါင်းဆုံလျက်ရှိကြသော။ ဘုရင်သုံးပါးတို့သည်လည်း ရေတပ်စစ်ပွဲဆုံးရှုံးကြောင်းကို ကြားသိတော်မူရာ အလွန်စိတ်နှလုံးမချမ်းမသာ ဖြစ်တော်မူကြသည်။ သို့ရာတွင် လက်လျှော့ခြင်းမရှိဘဲ တပင်ရွှေထီးကို တနည်းနည်းဖြင့် နိုင်အောင်တိုက်ခိုက်မည်ဟု ကြိတ်ခဲလျက်သာ ရှိနေတော်မူကြလေသည်။

## "တပင်ရွှေထီး ဟံသာဝတီသို့ ပြန်၍ စုန်တော်မူခြင်း"

ရေတပ်ကို အောင်မြင်ပြီးသောအခါ ယောက်ဖတော်သျှင်ရဲထွတ်နှင့်တကွ၊ မှူးမတ်သေနာပတိအပေါင်းတို့က ဘုရင်တပင်ရွှေထီးသို့ လျှောက်တင်ကြသည်မှာ "ကျွန်တော်တို့က ရေတပ်စွမ်းအား ကြီးမားသာလွန်ကြောင်းကို သိရပါပြီ။ ရေတပ်ချင်းယှဉ်နိုင်တော့မည်မဟုတ်ပါ၊ သို့ရာတွင် ကုန်းတပ်အင်အားမှာ သူတို့က အားရှိတုန်းပင်ဖြစ်ပါသည်။ ပြည်မြို့ကို တိုက်ရန်မှာလည်း ရေတပ်သက်သက်နှင့် တိုက်ရမည့်အရေးမဟုတ်ပါ။ ထို့ပြင် ဟံသာဝတီနိုင်ငံကို အောင်မြင်ပြီဆိုသော်လည်း ငြိမ်ဝပ်ပိပြားခြင်း မရှိသေးပါ။ ယခုအခါ ဟံသာဝတီနိုင်ငံတော်တွင်ရှိနေကြသော တလိုင်းတို့က ကျွန်တော်မျိုးခံကြသော်လည်း စိတ်ချရသေးသည် မဟုတ်ပါ။ သူတို့သဘောသည် အမျိုးကို အလွန်ချစ်လေ့ရှိပါသည်။ အရေးကြီးလျှင် သွေးအနီးဆုံးဖြစ်သော ကိုယ့်အမျိုးဘက်သို့ ပါမည်အမှန်ပါ၊ သို့ပါ၍ ယခုတခေါက် ပြည်မြို့ကို တိုက်ခိုက် သိမ်းပိုက်တော် မမူသေးဘဲ ဟံသာဝတီနေပြည်တော်သို့ ပြန်လည်တော်မူပြီးလျှင် တိုင်းနိုင်ငံတော်များ ပိပြားဘို့ အရေး၊ သေနင်္ဂါအင်အား ကြီးမားတိုးတက်ရေးကိုသာ စီမံ၍ စံနေတော်မူပါဘုရား၊ ပြည်မြို့ဆိုသည်မှာ လက်တော်က လွတ်နိုင်မည်မဟုတ်ပါ" ဤသို့ လျှောက်တင်ကြသော အရေးကို နှစ်သက်တော်မူသည်နှင့် ဘုရင်တပင်ရွှေထီးသည် တပ်ဘောင်ကိုရုတ်သိမ်း၍ ဟံသာဝတီနေပြည်တော်သို့ပြန်လည်တော်မူခဲ့လေ၏။

ပြန်၍အစုန်တွင် ပြည်မြို့က တပ်များကိုလည်း သတိထားရန်ရှိသည်နှင့် ဘျင်ရဲထွတ်နှင့် အထိန်းတော်ကြီး သတိုးဓမ္မရာဇာတို့က ကုန်းတပ်ကို အုပ်စီး၍ ဖြည်းဖြည်းသာသာ ချီ၍လာကြသည်။ ပြည်မြို့ကတပ်များလည်း မလိုက်လာကြချေ။

"တလိုင်းဘုရင်၏ ကံကြမ္မာ"

ဘုရင် တပင်ရွှေထီး၏ တပ်တော်များ ဟံသာဝတီပြည်သို့ ဆုတ်ခွာ သွားလေတဲ့နောက်၊ တလိုင်းဘုရင် သူ့ရှင်သည် မိမိစိုးပိုင်ရင်းဖြစ်တဲ့ ရာမညတိုင်းအတွင်းသို့ ဝင်ရောက်ပြီး စစ်သည် အင်အားများကို စုဆောင်းလိုတဲ့အတွက် မင်းသုံးပါးဆိုင်၍ တိုင်ပင်တော်မူလေသည်မှာ၊

(တလိုင်းဘုရင်) တပင်ရွှေထီး၏ရန်ကို နိုင်နိုင်နင်းနင်းကြီးတွန်းလှန်ရအောင် ကျွန်ုပ်စိုးပိုင်တဲ့ နိုင်ငံအတွင်းသို့သွားပြီး စစ်သည်တော်များကို စုဆောင်းလိုတဲ့အကြံ ပေါက်နေတယ်။

(ပြည်ဘုရင်) သည်အကြံကို မသင့်လျော်ဘူးလို့ ထင်ပါတယ်၊ အဆွေတော်၏ နိုင်ငံက တလိုင်းလူမျိုးများဟာ တပင်ရွှေထီးလက်အောက်သို့ ရောက်ကုန်ကြပြီမဟုတ်လား၊ အဆွေတော် သွားလျှင်ဖြင့် အကျိုးထူးမယ်လို့ မထင်ဘူး။

(အဝ-ဘုရင်) သည်အတိုင်းပင် ကျွန်ုပ်လဲ သဘောရတာပါဘဲ။ စစ်သည်အင်အားများ ပြားဘို့ ဆိုတဲ့အရေးကိုတော့ တွေးလို့စိုးရိမ်တော်မူမနေပါနှင့်၊ ကျွန်ုပ်စိုးပိုင်တဲ့ အဝ နိုင်ငံတော် တခွင်မှာ မြန်မာစစ်သည်ပေါင်း များစွာကို လိုသလောက်ရနိုင်တဲ့ပြင် ရှမ်းကိုးဆဲ့ကိုး စော်ဘွားတို့မှ ရှမ်းစစ်သည်တော်များကိုလဲ ဘယ်အချိန်မဆို အလိုရှိတိုင်း ရနိုင်ပါတယ်။ ပြည်မြို့မှာသာ အေးအေး စံနေတော်မူပါ။

(ပြည်ဘုရင်) အဆွေတော်ကြီးလဲ စိတ်နှလုံးငြိုငြင်တော်မမူပါနှင့်၊ ဖြစ်ပုံများကို မှန်တဲ့အတိုင်း ပြောပါရစေ၊ အဆွေတော်ကြီးရဲ့ နိုင်ငံတော်မှာရှိတဲ့ တလိုင်းလူမျိုးတွေဟာ ယခုအခါမှာဖြင့် သစ္စာမရှိကြောင်း ထင်ရှားနေပါတယ်၊ ကိုယ့်အမျိုးဇာတိမှန်တဲ့ ဘုရင်ဟာ ထင်ရှားစွာ ရှိပါလျက်သားနှင့် အမျိုးမတူတဲ့ ဘုရင့် လက်အောက်သို့ ဝင်ရောက်ခိုလှုံနေကြပြီ မဟုတ်လား၊ အမျိုးသွေး, အမျိုးမာန်ဆိုတာ ဘယ်မှာရှိသေးသလဲ၊ အဲ-သို့အတွက်ကြောင့် တလိုင်းလူမျိုးများကို မထင်စားပါနှင့်၊ ပြည်မြို့မှာသာ ချမ်းသာစွာ စံနေတော်မူပါ။ ဘယ်အရာကိုမှ ငြိုငြင်တော်မမူစေရပါဘူး။

ဤကဲ့သို့ အဝဘုရင်နှင့် ပြည်ဘုရင်တို့က သဘောမတူတဲ့အတွက် ကန့်ကွက်ကြ သော်လည်း မိမိကံကြမ္မာ၏ နှိုးဆော်ချက်ကြောင့် တလိုင်းဘုရင်သည် အဆွေတော်ကြီးများ၏ စကားကို မနာယူဘဲ "ခေတ္တသွားပါရစေအုံး၊ မကြာခင် ပြည်မြို့သို့ ပြန်လည်လာပါမည်" ဤကဲ့သို့ ပြောဆိုပြီးလျှင် မိမိနှင့်အတူပါလာသော အချို့စစ်သည်တော်များကို ယူဆောင်ပြီးလျှင် အင်္ဂပူရမည်သော တလိုင်းနိုင်ငံအတွင်းသို့ စုန်ဆင်းတော်မူလာခဲ့လေ၏။ အင်္ဂပူရအရပ်သို့ ရောက်တော်မူလေသောအခါ တပ်စခန်းချရပ်တော်မူကာ ဗိုလ်ဝင်ခံ၍ နေတော်မူလေသည်။

(မှတ်ချက်။ ။ဗိုလ်ဝင်ခံ-ဟူသော စကားမှာ လူသူအများကို စုဆောင်း၍ နေသည်ဟု ဆိုလိုသည်။

စစ်သည်ဗိုလ်ပါများကို စုဆောင်း၍နေသော်လည်း တလိုင်းလူမျိုးတို့သည် ဘုရင်တပင်ရွှေထီး၏အရှိန်ကို ကြောက်လန့်နေကြသဲအခါဖြစ်၍ ထင်တော်မူသည့်အတိုင်း ရရှိတော်မမူချေ။

## "ဆင်ဘမ်းထွက်တော်မူခြင်း"

စိမ့်တောတွင် ဆင်ကောင်တစီးပေါ်သည်ဟု တလိုင်းဘုရင် ကြားတော်မူရာ၊ ထိုဆင်ကို ရအောင်ဖမ်းမည်ဟု တိုက်ဆင်(၇၀) ဗိုလ်ပါ(၁၀၀၀)ခန့်နှင့် ကိုယ်တော်တိုင် ထွက်တော်မူလေရာ၊ အလိုရှိသောဆင်ကို တွေ့မြင်တော်မူလေ၏။ တောဆင်ကြီးသည်လည်း အင်္ဂါလက္ခဏာမှ စ၍ အချိုးကျကျ ပြည့်စုံလှသဖြင့် မရလျှင်မနေဟု ကိုယ်တော်တိုင်ဆင်စီး၍ အပြင်းလိုက်တော်မူလေရာ၊ တောဆင်ကြီးလည်း အဖမ်းမခံဘဲ ကိုယ်ရှောင်ပြကာ ရှေ့မလှမ်းမကမ်းကပြေးလေ၏။

တောဆင်ကြီးကို ရလိုသောစိတ်ဇော ထက်သန်တော်မူလှသဖြင့် အပြင်းဖို၍ လိုက်တော်မူရာတွင် နောက်တော်က ပါလာသော ဆင်များလဲ မျက်ခြေပြတ်ကာ ကွဲ၍ ကျန်ရစ်ကြလေ၏။ ကိုယ်တော်တပါးတည်း ဆင်တစီးနှင့်သာ လိုက်တော်မူလေသည်။ အလွန် စိမ့်မြိုင်အားကြီးသော စိမ့်တောကြီးအတွင်းသို့ ရောက်လေရာ၊ ရေကြည်တော် ဆာမွတ်လှသဖြင့် ဆင်တော်ပေါ်ကဆင်း၍ ရေအိုင်တခုမှာ ရေသောက်တော် မူလေ၏။ ထိုအခိုက်တွင် တောဆင်လည်း ကွယ်ပျောက်သွားလေသည်။ ထိုဆင်ကို နတ်တို့က အယောင်ဆောင်သော ကြမ္မာကောင်ဟူ၍ ဆိုထိုက်ပေတော့သည်။

## "နတ်သမီး ကိုယ်တိုင်ပြခြင်း"

တလိုင်းဘုရင်သည် ရေအိုင်တခု၌ ရေသောက်တော်မူနေစဉ် အခိုက်တွင် အလွန်ထူထပ်သော ချုံကြီးတခုအတွင်းမှ ထိန်ထိန်ဝင်းဝင်း အရောင်အဆင်းနှင့်ပြည့်စုံ၍ လူ့ဘုံတွင် မမြင်စဘူးသော နတ်သမီးတယောက်သည် အဝတ်အစားမပါဘဲ ဗလာကျင်း၍ မင်းကြီးအား ကိုယ်တိုင်ပြလေ၏။ တွေ့ခဲ့၊ ကြုံခဲ့၊ ဖြစ်နိုင်ခဲသော အထူးအဆန်းမျိုးဖြစ်ပေသည်။

တလိုင်းဘုရင်သည် ကိုယ်တိုင်ပြသောနတ်သမီးကို ဘွားကနဲမြင်တော်မူရာ၊ ဘာကိုမျှ သတိရတော်မမူနိုင်ဘဲ ငေးစိုက်၍ ရှုစားတော်မူနေစဉ်အတွင်းမှာ နတ်သမီးလည်းတဖြည်းဖြည်း ဘုရင့်အထံသို့ ရောက်လာလေသည်။ ရေအိုင်၏အနီး သစ်ပင်ကြီးတပင်၏ အရင်းတွင် ဘုရင်မင်းမြတ်က ထိုင်၍ ငေးစိုက်နေရင်း တဖြည်းဖြည်း နီးလာပြီးလျှင် နတ်သမီးသည် အဆုံးသို့ ကျသောအခါ ဘုရင်၏ရင်ခွင်တော်ထဲသို့ နှဲ၍အိပ်လိုက်လေ၏။

ဘုရင်မှာ နတ်သမီး၏ ဖဿအငွေ့နှင့် တွေ့တော်မူရာ တကိုယ်လုံး တဖိမ့်ဖိမ့်၊ တစိမ့်စိမ့်ဖြစ်သွားပြီးလျှင် နတ်သမီး၏ ပယောဂကြောင့် သံဝါသကိစ္စ ပြီးမြောက်ခြင်းသို့ ရောက်လေ၏။ ထိုသို့ပင် ကိစ္စပြီးသော်လည်း တလိုင်းဘုရင်သည် နတ်သမီးကို လွှတ်တော်မမူနိုင်ဘဲ ရင်ခွင်ထဲမှာ ပိုက်ပွေ့၍ ထားတော်မူလေသည်။

နတ်သမီးကလည်း ရင်ခွင်ထဲက ဘုရင့်မျက်နှာတော်ကိုကြည့်ကာ ပြုံးရွှင်သော အမူအရာဖြင့်တဏှာပေမခေါ်သော အချစ်မျိုးကိုတိုးတက်လေအောင် သွေးဆောင်မြူချော့၍ နေပြန်လေ

ရာ၊ မင်းကြီး၏စိတ်ထဲမှာ သာ၍ပင် စွဲလမ်းမူးမေ့ခြင်း ဖြစ်ရလေ၏။ ဤကဲ့သို့ မြူးချော့၍နေသော နတ်သမီး၏အမူအရာများကို ရှုစား၍နေရင်း ရင်ခွင်အတွင်းမှ တခဏချင်း နတ်သမီးပျောက်ကွယ်၍ သွားလေ၏။

ဘုရင့်လက်တွင်းမှ ရုတ်တရက် နတ်သမီး ပျောက်ကွယ်၍ သွားလေသောအခါ တလိုင်းဘုရင်၏စိတ်ထဲမှာ ဟံသာဝတီနိုင်ငံတော်ကြီး ဆုံးရှုံးရသည်ထက် အဆပေါင်းများစွာ သာလွန်၍ နစ်နာလှသည်ဟု အထင်ရောက်တော်မူသဖြင့် သစ်ပင်ကြီးအောက်က ကောင်းကင်သို့ မျှော်ကာ၊နတ်သမီးကိုသာတမ်းတ၍နေတော်မူလေသည်။မိမိစိုးစံခဲ့လေသော ဟံသာဝတီနေပြည်တော်ကြီးနှင့် ရွှေထီး,ရွှေနန်း,ရွှေကြငှန်း,များကိုလည်း သတိရတော်မမူ။ချစ်လှစွာသော မိဖုယားနှင့်ရံ ရွှေတော်များကိုလည်း သတိရတော်မမူနိုင်အောင်ယောင်တောင်တောင်ကြီး-ဖြစ်၍နေတော်မူရှာလေသည်။

နတ်သမီးပျောက်သွားတဲ့နောက် သစ်ပင်ကြီးအောက်မှာ အတန်ကြာငေးစိုက်၍ နေပြီးလျှင် သတိတဘန်ပြန်၍ရတော်မူသည်နှင့် မနီးမဝေးက သခင်ကို မျှော်စောင့်၍နေသော ဆင်တော် အလိမ္မာကြီးကို စီးတော်မူကာ အင်္ဂပူရတပ်ခတော်သို့ ပြန်လည်တော်မူခဲ့လေသည်။ဆင်တော်မင်္ဂလာက အလွန်လိမ္မာသောကြောင့်သာလျှင် တပ်တော်သို့ ပြန်လည်တော်မူနိုင်သည်။ ထိုသို့မဟုတ်ပါလျှင် တလိုင်းဘုရင်သည် ရေအိုင်အနီး နတ်သမီးနှင့်တွေ့ရာဖြစ်သော သစ်ပင်ကြီးအောက်မှာပင် ဝိညာဉ်တော်ပျောက်မည်အမှန်ပင်တည်း။

## "တလိုင်းဘုရင် နတ်ပြည်စံလွန်တော်မူရခြင်း"

အင်္ဂပူရတပ်တော်သို့ ပြန်လည်ဆိုက်ရောက်တော်မူသောအခါ တလိုင်းဘုရင်၏ အမူအရာများသည် လွန်စွာထူးခြား၍နေလေ၏။ တစုံတရာမျှ ရေးကနှင့်မတူချေ။အမိန့်တော် စကားများလည်း အမှားမှား,အယွင်းယွင်း ရှိလေ၏။ မိဖုယား မောင်းမမိဿံအပေါင်းတို့က အမျိုးမျိုး ဖျော်ဖြေကြပါသော်လည်း တစုံတရာမျှအလေးမပြု၊ ဂရုစိုက်တော်မမူချေ။ အလွန် ချစ်ခင်လှသော မိဖုယားကြီးနှင့် သားတော်,သမီးတော်များကိုလည်း တရံတခါမျှမသိဘူးသကဲ့သို့ စိမ်းကားသောအမူအရာဖြင့် စံနေတော်မူတယ်။

သမားတော်များကလည်း အလွန်ထူးခြားသော အမူအရာကြောင့် အင်း,အိုင်,ဆေးဝါး, မန္တရား,ယတြာ,တို့ဖြင့် အမျိုးမျိုး ကုစားကြသော်လည်း တစုံတရာမျှ ထူးခြားတော် မမူချေ။ မျက်လုံးတော်ကြောင်တောင်တောင်နှင့် ဂယောင်ဂယမ်း ဖြစ်၍သာ နေတော်မူရှာတယ်။

မိဖုယား,သားတော်,သမီးတော်များနှင့်တကွ သမားတော်များ, မှူးမတ် သေနာပတိများလည်း အပါးတော်က ခစားကာ ကြည့်ရှု၍သာ နေကြရလေသည်။ ဘုရင့်ဝေဒနာတော်ကို တစုံတရာမျှကူညီခြင်းငှါ မစွမ်းနိုင်ကြတော့ဘူး။

တလိုင်းဘုရင်မှာ လူမှန်းသိအောင် သတိရတော်မမူဘဲ အလူးအလဲနှင့် ငန်းဖမ်းသည့် အလား အဖျားရောဂါကြီးတက်သလိုဖြစ်ပြီး ထိုညဉ့်အခါ နတ်ရွာစံတော်မူရရှာတယ်။ အလွန့်အလွန် နစ်နာတော်မူရရှာတာပေါ့၊ ထီးနန်းစည်းစိမ်တော်များလဲ ဆုံးရှုံးရှာသေးတယ်၊ပြည်မြို့

သို့ ထွက်စံတော်မူရသေးတယ်။ အဆုံးကျတော့ ပယောဂပမာ နှောက်ယှက်လာတဲ့ နတ်သမီးကြောင့် အင်္ဂပူရတပ်တော်မှာပင် နတ်ရွာစံတော်မူရရှာတယ်။

အကုသိုလ်ကံများဟာ နှိပ်စက်လာပြီဆိုမှဖြင့် အလုံးစုံဝိုင်းဝန်းပြီး လူစဉ်မမှီအောင် တရှိန်ထဲ နှိပ်စက်ကြတော့တာဘဲ၊ ကုသိုလ်ကံများ အကျိုးပေးတဲ့အခါလဲ ထိုနည်းတူစွာ ကုသိုလ်ကံအမျိုးမျိုးတွေဝိုင်းဝန်းပြီး တရှိန်ထဲအကျိုးပေးလေ့ရှိကြတယ်။ တလိုင်းဘုရင်၏ အဖြစ်အပျက်များကို ကြားရတဲ့အခါ လောကမှာ လွန်စွာသံဝေဂရတို့ ကောင်းလှပေသည်။

မြန်မာရာဇဝင်မှာ နတ်သမီးနှင့်တွေ့ဆုံ၍ နတ်ပြည်စံလွန်တော်မူသော မင်းနှစ်ပါး အထင်အရှားရှိပေသည်။ (၁) အဝမြို့တွင် ဆင်ဖြူရှင်ခေါ်သော မင်းတပါးသည် အောင်ပင်လယ်ကန်သို့ တောကစားထွက်တော်မူရာ၊ နတ်သမီးနှင့်တွေ့ကြုံ၍ နတ်ရွာ စံတော်မူဘူးသည်။ (၂) ယခုပြဆိုခဲ့သော တလိုင်းဘုရင်လည်း စိမ့်တောမှာ နတ်သမီးနှင့်တွေ့၍ နတ်ပြည်စံတော်မူရသည်။ ဤမင်းနှစ်ပါးကား ရာဇဝင်အထင်အရှားဖြစ်ပေသည်။

တလိုင်းဘုရင်၏နတ်ပြည်စံတော်မူရပုံကိုဆင်ခြင်လျှင် တောဆင်သည် ကြမ္မာကောင်းကြီးဖြစ်၏။ ရာမဇာတ်တော်ကြီးတွင် မိဂမ္ဗိက သမင်ယောင် ဆောင်ပြသကဲ့သို့ဖြစ်လေသည်။ နတ်သမီးသည်လည်း မင်းကြီးသေဆုံးရန် ကြမ္မာကောင်မအစစ်ဖြစ်၏။ ပျက်စီးဘို့ရန် အချိန်တိုင်လေသောအခါ ကံကြမ္မာတို့သည်လည်း အမျိုးမျိုးဖရိုဖရဲဖြစ်၍ သွားကြလေတော့သည်။ အစုံတခုသောနည်းဖြင့် ဆီးတား၍ ရနိုင်လိမ့်မည်မဟုတ်ချေ။ ပြည်ဘုရင်နှင့် အဝဘုရင်တို့က အတန်တန်တားမြစ်ပါသော်လည်းနားစိုက်တော်မမူဘဲအင်္ဂပူရသို့ အတင်းထွက်ကြွတော်မူလာခြင်းသည်လည်း ကံကြမ္မာသွေးဆောင်ခြင်းပင် ဖြစ်လေတော့သည်။

တလိုင်းဘုရင်နတ်ရွာစံတော်မူခြင်းသည် တပင်ရွှေထီး၏ ဘုန်းရှိန်ကို မခံနိုင်လို့၊ တပင်ရွှေထီး ကောင်းစားဘို့ဟုဆိုလျှင်လည်း လွဲနိုင်မည် မဟုတ်ချေ။

သူထည်းတယောက်၊ ကောင်းဘို့ရောက်က၊ သူတယောက်မှာ၊ ပျက်စီးကသာ ဓမ္မတာတည်း။ ဆိုသော လင်္ကာအတိုင်း တလိုင်းဘုရင်၏ ပျက်စီးခြင်းမှာ တပင်ရွှေထီးကောင်းစားဘို့ဖြစ်လေတော့သည်။

## "အလောင်းတော်ကို သင်္ဂြိုဟ်ခြင်း"

အင်္ဂပူရတပ်၌ရှိနေကြသော မိဖုယား, သားတော်, သမီးတော်များနှင့် မှူးမတ်သေနာပတိတို့က တလိုင်းဘုရင် နတ်ပြည်စံလွန်တော်မူကြောင်းများကို ပြည်ဘုရင်, အဝဘုရင်, တို့ နှံထံသို့ တမန်စေလွှတ် လျှောက်ထားစေရာ၊ မဟာမိတ် ဘုရင်နှစ်ပါးတို့လည်း ထိုစကားကို ကြားလျှင် ကြားခြင်း ပြင်းထန်စွာ ဝမ်းနည်းပူဆွေးတော်မူကြပြီးလျှင် အလောင်းတော်ကိုသင်္ဂြိုဟ်ရန်ဗိုလ်ပါအလုံးအရင်းနှင့်တကွ အင်္ဂပူရသို့ချီတော်မူလာကြကုန်၏။

ဆိုက်ရောက်သောအခါ တလိုင်းဘုရင်၏အလောင်းကို ကေရာဇ်တို့ကို သင်္ဂြိုဟ်သောနည်းဖြင့် အကြီးအကျယ်ခင်းကျင်း၍ သင်္ဂြိုဟ်တော်မူကြလေသည်။ သင်္ဂြိုဟ်ခြင်းကိစ္စ ပြီးစီးလေသောအခါ တလိုင်းဘုရင်၏မိဖုယား,သားဘော်, သမီးတော်, မှူးမတ်သေနာပတိများမှာ အားကိုးရာမဲ့

ဖြစ်ကြသည်နှင့် ပြည်ဘုရင်,အဝဘုရင်,တို့ကိုသာ အားကိုးရာ ပြုလုပ်ရှာကြရတော့သည်။သို့ဖြစ်၍ ပြည်ဘုရင်,အဝဘုရင်,တို့က တလိုင်းဘုရင်၏ ဘဏ္ဍာတော်အရပ်ရပ်နှင့်တကွ အခြွေအရံ,ဗိုလ်ပါ ဆင်,မြင်း,တို့ကို သိမ်းယူတော်မူကြပြီး အင်ဂူရမှ ပြည်မြို့သို့ ပြန်လည်တော်မူကြလေသည်။အချို့ စစ်သည်တော်များလည်း ပြည်မြို့သို့ မလိုက်ပါကြဘဲ ဟံသာဝတီ နေပြည်တော်သို့ တိတ်ဘဆိတ် ထွက်ပြေးကြပြီးလျှင် ဘုရင်တပင်ရွှေထီးအထံသို့ ဝင်ရောက်ခိုလှုံကြလေ၏။

## "အဝဘုရင် ပြန်သွားခြင်း"

ပြည်မြို့သို့ရောက်သောအခါ အဝဘုရင်သိုဟန်ဘွားက "ကျွန်ုပ်မှာ အမွေခံ သားတော်, သမီးတော်,များမရှိပါ၊ တလိုင်းဘုရင်၏ သားတော်,သမီးတော်,များကိုပင် ရင်သွေးတော် အဖြစ်ဖြင့် မွေးစားလိုပါသည်"ဟု ပြောဆိုပြီးလျှင် တလိုင်းဘုရင်၏ သားတော် နှစ်ပါး၊ သမီးတော် တပါးကိုယူလေသည်။ ထိုအပြင် အလိုရှိသော ဆင်ကောင်း, မြင်းကောင်း,များနှင့် ကောင်းနိုး ရာရာ၊ ရွှေ,ငွေ,ရတနာတို့ကိုယူ၍ မိမိဗိုလ်ပါ ဆင်မြင်းများနှင့်တကွ အဝနေပြည်တော်သို့ ပြန် လေ၏။ သို့ရာတွင် နောင် စစ်ရေး,စစ်ရာ,ကြုံလျှင် အလျှင်အမြန် စုန်ဆင်းခဲ့ပါမည်ဟုပြည်ဘုရင် အား ဂတိထားခဲ့လေသည်။

## "ပြည်ဘုရင်နတ်ရွာစံတော်မူပြန်ခြင်း"

သက္ကရာဇ်(၉၀၀)ပြည့် နှစ်အတွင်းမှာပင် တလိုင်းဘုရင် နတ်ရွာစံပြီးသည် နောက်များ မကြာခင် ပြည်ဘုရင်လည်း ဝမ်းရောဂါနှင့် ရုတ်တရက် နတ်ရွာစံတော်မူရပြန်လေသည်။ဤကဲ့သို့ တလိုင်းဘုရင်နှင့် ပြည်ဘုရင်တို့ မရှေးမနှောင်း နတ်ရွာစံလွန်ကြသောအခါ တိုင်းသူပြည်သား လူအများအပေါင်းတို့က "တပင်ရွှေထီး၏ဘုန်းရှိန်မိ၍ နွမ်းရိကာ နတ်ပြည်စံတော်မူကြသည်"ဟု ပြောဆိုကြလေသည်။ ထိုခေတ်အခါ တပင်ရွှေထီး၏ဘုန်းတေဇာသည် လွန်စွာအရှိန်ကြီး၍ နေ လေသတည်း။

## "ပြည်မြို့၌ ဘုရင်အသစ် နန်းစံခြင်း"

နောင်တော်ပြည်ဘုရင် နရပတိ နတ်ရွာစံတော်မူလေသောအခါ ညီတော် "ရှင်သရက်" သည် ပြည်မြို့ထီးနန်းကိုသိမ်း၍ နန်းစံလေ၏။ ဘွဲ့မည်ကို "မင်းခေါင်"ဟုခံယူတော်မူသည်။နောင် တော်ဘုရင်၏မိဖုယား၊ မရီးတော် "သီရိဘုန်းထွတ်"ကိုပင် မိဖုယားကြီး မြှောက်တင်တော်မူလေ သည်။ သီရိဘုန်းထွတ်ကား အခြားသူမဟုတ်ချေ။ အဝဘုရင် "ရွှေနန်းကြော့ရှင်"၏ သမီးတော် ဖြစ်ပေသည်။

သက္ကရာဇ် ၈၈၈-ခုနှစ်တွင် အဝမြို့တော်၌ ရှမ်းတို့ဝင်၍တိုက်ခိုက်ရာ၊ ခမည်းတော်ရွှေနန်း ကြော့ရှင် နန်းတော်မှ ထွက်ခွါရှောင်တိမ်းတော်မူရာတွင် နန်းတော် အတွင်း၌ ကျန်နေရစ်ရှာ သော သမီးတော်ကလေးပင် ဖြစ်ပေသည်။ ရှင်သရက်နှင့် ပြည်မြို့နန်းကို တက်၍ အုပ်စိုးသော အခါ သီရိဘုန်းထွတ်၏ အသက်တော်သည် နှစ်ဆယ်မျှသာ ရှိသေးသည်။ ထိုအသက် နှစ်ဆယ် ရွယ်မှာ မိဖုယားနှစ်ကြိမ်ဖြစ်တော်မူရ၏။ နောင်အခါ ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီး သိမ်း ပိုက်၍ မိဖုယားဖြစ်လိမ့်ဦးမည်။

# အခန်း (၃၃)

## "တပင်ရွှေထီး၏ ရှက်ဆောင်တော်မူပုံများ"

ဘုရင်တပင်ရွှေထီးသည် ဟံသာဝတီနေပြည်တော်သို့ ပြန်လည် ဆိုက်ရောက်တော်မူသော အခါ မြို့တော်ဟောင်းကိုလည်း ပြင်ဆင်တည်ထောင်တော်မူသည်။ တလိုင်းဘုရင်နတ်ရွာစံသဖြင့် မိမိအထံတော်သို့ ရောက်လာကြသော တလိုင်းမှူးမတ်များကိုလည်း မနှိမ့်မချဘဲချီးမြှောက်တော် မူလေသည်။

တောင်ငူမြို့တော်၌ မြို့စောင့်ထားခဲ့သော အထိန်းတော်ကြီးမင်းရဲသိခ်သူကိုလည်း ခမည်းတော်အရာ၌ ထားတော်မူပြီးလျှင် မင်းမြှောက်တန်ဆာငါးပါးအစုံနှင့် တောင်ငူမြို့ကိုအပ်နှင်း၍ တောင်ငူဘုရင်ခံခန့်ထားတော်မူသည်။ "မင်းရဲသိဟသူ" ဟူသော ဘွဲ့သစ်ကိုလည်း ပေးတော်မူသည်။

ထိုတောင်ငူဘုရင်ခံသည်ကား သျှင်ရဲထွတ်၏ဘခင် ယခင်က အထိန်းတော်ကြီးပင် ဖြစ်သည်။ တပင်ရွှေထီးကို ငယ်ရွယ်စဉ်ကစ၍ စောင့်ရှောက် ထိန်းသိမ်းလာသောအတိုင်း ဤကဲ့သို့ တောင်ငူဘုရင်ခံရာထူးဖြင့် ချီးမြှောက်တော်မူသည့်အတွက် တပင်ရွှေထီးကိုချီးမွမ်းထိုက်ပါပေသည် ကျေးဇူးကိုသိတတ်သော မင်းမြတ်တပါးပေတည်း။

ယောက်ဖတော် ဘုရင့်နောင်ကျော်ထင်နော်ရထာကိုလည်း တိုင်းပြည် အလုံးကို လွှဲအပ်၍ ငါကဲ့သို့ပင် အုပ်ချုပ်တော်မူရမည်ဟု အမိန့်ရှိတော်မူသည်။ ဤကဲ့သို့တိုင်းပြည်အလုံးကို လွှဲအပ်တော်မူရာ၊ သျှင်ရဲထွတ်၏ ဘုန်းတန်ခိုးတေဇာသည် နေဝါလရောင်အလား တိုးတက်၍ထွန်းကားလေ၏။

## "တပင်ရွှေထီး၏ အကြံတော်"

တနေ့သောအခါ ဘုရင်တပင်ရွှေထီး၏ စိတ်၌ အကြံဖြစ်တော်မူသည်မှာ၊ "ငါ၏ ဘုန်းတန်ခိုးများလည်း ထင်ရှားကျော်စော၍လာပြီ၊ အလွန် ကြမ်းတမ်းသော စစ်ထိုးမှုကိုမပြုဘဲ အခြားဘုရင်များကို မေတ္တာလက်နက်ဖြင့် သိမ်းသွင်း၍ လက်အောက်သို့ဝင်စေရလျှင်ကောင်း၏။ "အကြမ်းမှု, အနုနှင့်သာ အောင်စေရာ"ဆိုတဲ့ စကားအတိုင်း သိမ်မွေ့ နူးညံ့သော နည်းဖြင့်၊ ဆောင်ရွက်လျှင် သင့်လိမ့်မည်၊ ထိုကဲ့သို့အောင်မြင်ခဲ့ပါလျှင် လက်အောက်ဘုရင်ပေါင်း များစွာ ထား၍ စကြာဝတေးဘုရင်ကြီးလုပ်၍ အုပ်ချုပ်နေရလျှင် ကောင်းပေလိမ့်မည်" ဤကဲ့သို့ အကြံတော် ဖြစ်လေ၏။

ထိုအကြံနှင့်စပ်လျဉ်း၍ ယောက်ဖတော် သျှင်ရဲထွတ်ကို တိုင်ပင်တော်မူရာ သျှင်ရဲထွတ် က "အကြံတော်အတိုင်း အထမြောက်လျှင်ဖြင့် အတိုင်းထက်အလွန် ကောင်းမွန် လှပါသည်၊ သို့ရာတွင် ကိုယ့်မြို့ ကိုယ့်အာဏာနှင့် နေထိုင်ကြတဲ့ ဘုရင်တို့၏သဘောဟာ လွယ်ကူစွာနှင့် လက်အောက်ခံဘုရင် အဖြစ်မျိုးကို နှစ်သက်လိမ့်မယ်လို့ မထင်ပါ၊ စကြာဝတေးမင်းတို့သာလျှင် သည်

အကြံမျိုးအတိုင်း အောင်မြင်လေ့ရှိပါတယ်၊ စကြဝတေးမင်းမှတပါး စစ်ထိုးခြင်းအမှုကိုမပြုဘဲ အခြားမင်းများကို အလွယ်တကူနှင့် ကိုယ့်လက်အောက်သို့ ဝင်ရောက်စေနိုင်ခြင်းကို ကျွန်တော်မျိုးဖြင့် မကြားစဘူးပါ၊ ဘုရင်မင်းမြတ်တို့၏ အင်အားသတ္တိဆိုသည်မှာလဲ ဗိုလ်ပါ၊ဆင်မြင်းနှင့် စစ်ထိုးခြင်းအင်အားဖြစ်ပါသည်။ ။သို့ရာတွင် "အကြမ်းမှု၊ အနုနှင့်သာ အောင်စေရာ" ဆိုတဲ့ စကားအတိုင်း နူးညံ့သော လက်နက်အစွမ်းဖြင့် စမ်းတော်မူလိုက စမ်းနိုင်ပါသည် ဘုရား။

ဤကဲ့သို့ လျှောက်တင်သောစကားကိုကြားရာ ဘုရင်တပင်ရွှေထီးက "မုတ္တမမင်းနှင့် ပြည်ဘုရင်တို့အား လက်နက်ကို အသုံးမပြုဘဲ အနုနည်းဖြင့် စမ်းတော်မူအုံးမယ်" ဟု မိန့်တော်မူပြီးလျှင် ရှေးဦးစွာ မုတ္တမဘုရင့်ထံသို့ သဝဏ်လွှာကိုရေးသား၍ တမန်တော်များ စေလွှတ်တော်မူလေ၏။

## "မုတ္တမမင်းထံသို့ ပေးသော ဘုရင် တပင်ရွှေထီး၏စာတော်"

ဇေယျဝဓနတိုင်း ကေတုမတီပြည်ကြီး ရာမညတိုင်း ဟံသာဝတီပြည်ကြီးကို အစိုးရသော ဘုရင်မင်းမြတ် အမိန့်တော်ရှိအပ်သည်၊ မုတ္တမမင်း။ ။ယခုအခါ မုတ္တမမင်း သိပြီးဖြစ်သော အတိုင်း ဟံသာဝတီဘုရင်နှင့် စစ်ပြိုင်တော်မူရာ မခံဝံ့သဖြင့် ဟံသာဝတီဘုရင်သည် ပြည်မြို့သို့ ထွက်သွားရာ အောင်မြင်တော်မူသည်တကြိမ်။ ။ပြည်မြို့သို့ ချီတက်၍ ရေတပ်စစ်ပွဲကို အစမ်းအားဖြင့် တိုက်ခိုက်ရာ အောင်မြင်တော်မူခဲ့သည် တကြိမ်။ ။ထို့ပြင် ဟံသာဝတီ ဘုရင်လည်း တဖန် စစ်ပြိုင်အံ့ဟု ကြံစည်တုန်းဆဲဆဲမှာပင် အင်ပူရတပ်တွင် နတ်ရွာစံတော်မူသဖြင့် အောင်မြင်တော်မူသည်တကြိမ်။ ။ဟံသာဝတီဘုရင်၊ အဝဘုရင်တို့နှင့် ပူးပေါင်း၍ ငါ ဘုရင်မင်းမြတ်ကို ခုခံတိုက်ခိုက်ရန်ကြံနေသော ပြည်ဘုရင်လည်း သူ့ကံကြမ္မာအလျောက် ခန္ဓာပျောက်၍ နတ်ပြည်စံလွန်သဖြင့် အောင်မြင်တော်မူသည် တကြိမ်။ ။ဤကဲ့သို့ အကြိမ်ကြိမ်သော အောင်ပွဲတော်များကို ရခဲ့ပြီ။

မုတ္တမဘုရင်သည် မိမိအာဏာ ပျံ့နှံ့ရာဒေသမျှတွင်ရှိသော ဗိုလ်ပါ၊ဆင်၊မြင်းကို အားကိုး၍ မကြိုးမနွံနေသည်မှာ သင့်လျော်လိမ့်မည်မထင်။ ။မုတ္တမမြို့မှာ နိုင်ငံခြားသင်္ဘောသားတို့ ပေါများသဖြင့် ထိုနိုင်ငံခြားသားများကို အားကိုးမာန်မူနေလျှင်လည်း သင့်လိမ့်မည်မထင်။ ။နိုင်ငံခြားသားတို့သည် ဘာသာယူဝါဒမတူကြသဖြင့် စိတ်ရော၊ကိုယ်ပါ ကူညီလိမ့်မည်ဟု မမှတ်ယူသင့်၊ သင်္ဘောဆိပ်ကမ်းကောင်း၍ အရောင်းအဝယ်ကိုစုံမက်၍လာရောက်ကြခြင်းဖြစ်သည်။ ။ရှေးအခါ ဟံသာဝတီနေပြည်တော်မှာလည်း နိုင်ငံခြားသားတွေ အများပင်ရှိသည် မဟုတ်လား၊ အရေးကြီးသောအခါ သာရာဘက်သို့သာ ဝင်ရောက်ကြသည်၊ သင်တို့၏သခင် ဟံသာဝတီဘုရင် ကိုယ်တော်တိုင် ပျက်စီးဆုံးပါးတော်မူရခြင်းကို ထောက်ထားဆင်ခြင်သင့်သည်။

မုတ္တမမင်းစဉ်းစားရန်မှာ ယခုအခါ တလိုင်း လူမျိုးတို့၏ နေပြည်တော်ကြီး ဖြစ်သော ဟံသာဝတီပြည်ကြီးလည်း ဆုံးရှုံးခဲ့ပြီ၊ တလိုင်းဘုရင် အစစ်ကြီးဖြစ်တော်မူသော ဟံသာဝတီဘုရင်လည်း နတ်ပြည်စံလွန်တော်မူခဲ့ပြီ၊ တလိုင်းလူမျိုး၏ ကံဇာတာလည်း များစွာ ညှိုးနွမ်းခိုက်ကြုံသောအခါ ဖြစ်နေသည်၊ ဤအချက်များကို ထောက်ထား ဆင်ခြင်ပြီးလျှင် သင်၏မုတ္တမ မြို့

ငယ်ကလေးကို အားကိုးပြု၍ အန်တုပြိုင်ဆိုင်ကာနေလျှင် ကေန်မုချ ပျက်စီးရလိမ့်မည်ဟု စော စော,စီးစီးကပင် တင်ကြို၍ သိထိုက်ပေသည်၊ ငါဘုရင်မင်းမြတ်သည် ပြည်သူသတ္တဝါအပေါင်း များစွာ သေကြေ ကြေဉ်းဖြစ်သည့် စစ်တိုက်မှုကြီးအလုပ်ကို စက်ဆုပ်တော် မူသည်၊ သို့ဖြစ်၍ မုတ္တမမင်းသည် ရှိရင်းစည်းစိမ်အတိုင်း တည်တန့်စွာ နေလိုပါလျှင် ငါ့အထံတော်သို့ ခိုလှုံက ချမ်းသာစွာနေထိုင်ခွင့်ရလိမ့်မည်။ ။ယခုအမိန့်တော်အတိုင်း တည်ခဲ့ပါလျှင် ဟံသာဝတီဘုရင် လက်ထက်တော်ကကဲ့သို့ မနှိမ့်မချ မြှောက်စားတော်မူမည်။

"ဟံသာဝတီဘုရင်"

အထက်၌ပါရှိသော အဓိပ္ပါယ်အတိုင်း သဝဏ်လွှာရေးပြီးလျှင် မုတ္တမဘုရင့်ထံသို့ တမန် စေလွှတ်၍ ပို့တော်မူသည်။

## "မုတ္တမဘုရင်၏ မာန်မာန"

ဘုရင်တပင်ရွှေထီးအထံတော်မှ သဝဏ်လွှာနှင့် သံတမန်များ ဆိုက်ရောက်သွားသောအခါ မင်းတို့၏ ဝတ်တရားအတိုင်း သံတမန်တို့ကို ကောင်းစွာလက်ခံပြုစု၍ ထား၏။ ။သို့ရာတွင် သဝဏ်လွှာကို ဘတ်ကြားပြီးနောက် မုတ္တမဘုရင်က သံတမန်တို့အား အတိအလင်းမိန့်ကြားလေ သည်မှာ။

တောင်ငူဘုရင်-တပင်ရွှေထီး၏စာမှာ အလွန်မောက်မာ၍ ရာဇသံပါလွန်း အားကြီးလှ တယ်၊ ကျွန်ုပ်တို့ဟာ တပင်ရွှေထီး၏ ကျေးဇူးသစ္စာကိုခံတဲ့ ကျွန်တော်များ မဟုတ်ဘူး။ ။ အရေးအခွင့်မသင့်တဲ့အခါ ဟံသာဝတီမြို့တော်ကို အောင်မြင်ကာမျှနှင့် ရာမညတိုင်းကြီး၏ ဘုရင် ဟု ကျွန်ုပ်တို့က အသိအမှတ်မပြုနိုင်ဘူး၊ တလိုင်းလူမျိုးတို့၏ တန်ခိုးရှိန်ကိုလဲ တိမ်ကောပြီးလို့ မမှတ်နှင့်။ ။ကျွန်ုပ်သခင် ဟံသာဝတီဘုရင် နတ်ရွာ စံလွန်တော်မူသော်လဲ တလိုင်းမင်းမျိုးမှ ဆက်သွယ်တဲ့ အနွယ်တော်တွေ အများပင်ရှိသေးတယ်၊ သင်တို့ဘုရင် တပင်ရွှေထီးကို လျှောက် တင်လိုက်ကြပါ၊ ဟံသာဝတီကို အစဉ်ထာဝရအောင်မြင်ပြီလို့ မမှတ်သင့်ကြောင်းကို လျှောက် တင်လိုက်ကြပါ၊ သိဂ္ဂုတ္တရကုန်းတော်မြတ်၏ တည်ရာ ဟသ်ာကုန်း၏ တည်ရာဖြစ်တဲ့ တလိုင်း နိုင်ငံတော်ကြီးကို အခြားလူမျိုးတို့ အစဉ်ထာဝရ မကုပ်စိုးနိုင်ဘူး၊ တလိုင်းလူမျိုးတို့သာ အုပ်စိုး ရလိမ့်မယ်။

ခေတ္တကို - ထာဝရထင်တော်မမူပါစေနှင့်။ ။ရာဇဝင်မှာ တလိုင်းဘုရင် ရာဇာဓိရာဇ် ရှေ့လက်ထက်တော်က အဝဘုရင်မင်းမြတ်ကြီး စွာစော်ကဲနှင့် ဘုရင်မင်းခေါင် တို့ဟာ တလိုင်း နိုင်ငံကို အုပ်စိုးရန် အမျိုးမျိုးကြံဘန်၍ အတန်တန် နှစ်ပေါင်းများစွာ တိုက်ခိုက်ပါသော်လဲ မြန်မာဘုရင်ကသာ အရှုံးနစ်နာတဲ့ယ်လို့ အထင်အရှားဆိုထားတယ်မဟုတ်လား၊ ဘုရင်မင်းခေါင် ၏သားတော် မင်းရဲကျော်စွာဆိုတဲ့ မြန်မာ မင်းသား သူရဲကောင်းဟာလဲ တလိုင်းနိုင်ငံမှာပင် သေဆုံးရတယ်။ ။ယခုအခါ ကံအကြောင်းမသင့်လို့ တလိုင်းဘုရင် နေပြည်တော်မှ ခွါရှောင် တော်မူရသော်လဲ စစ်ရှုံးတယ်လို့ မဆိုသင့်ဘူး၊ နတ်ရွာစံတော်မူခြင်းမှာလဲ ဘယ်သူ့လက်တွင်း မှာမှ နတ်ရွာစံတော်မူတာမဟုတ်၊ သူစိုးပိုင်တဲ့ နိုင်ငံတော်အတွင်းမှာသာ နတ်ရွာစံတော်မူရခြင်း

ဖြစ်တယ်။ ။ကျွန်ုပ်ကို ဘုရင်တပင်ရွှေထီး၏လက်အောက်သို့ ဝင်ရမည်ဆိုသော်လဲ ဘယ်အတွက်ကြောင့် ကျွန်ုပ်ဝင်ရမည်လဲ ဘယ်စစ်ပွဲမှာ ကျွန်ုပ်ရှုံးသလဲ။ ။သည်အတိုင်းသာတင်ကြလေတော့။

ဤကဲ့သို့ မချေမင်းပြောဆို၍ လွှတ်လိုက်သည်နှင့် ဘုရင် တပင်ရွှေထီးက စေလွှတ်တော်မူလိုက်သော သံတမန်တော်များလည်း မုတ္တမမြို့မှ ဟံသာဝတီသို့ ပြန်လာကြရ ကုန်၏။ ။မုတ္တမဘုရင်ထံသို့ သံတမန်တော်များ စေလွှတ်တော်မူသည်နှင့် တပြိုင်နက်ပင် ဘုရင်တပင်ရွှေထီးသည် နန်းတက်စဖြစ်သော ပြည်ဘုရင့်ထံသို့ လည်းသဝဏ်လွှာနှင့် တကွစေလွှတ်တော်မူသည်။

## "ပြည်ဘုရင့်ထံသို့ ဘုရင်တပင်ရွှေထီးပို့သော သဝဏ်လွှာ"
## "အစီပွါယ်"

ဇေယျဝဓနတိုင်း တောင်ငူပြည်ကြီး ရာမညတိုင်း ဟံသာဝတီ ပြည်ကြီးကို အစိုးရသော၊ဘုရင်မင်းမြတ်ကြားရောက်အပ်သည်။ ပြည်ဘုရင်-မင်းခေါင်။ ။ယခုအခါ၊ ကျွန်ုပ်၏ ဘုန်းလက်ရုံးအစွမ်းဖြင့် ဟံသာဝတီနေပြည်တော်ကြီးကို အောင်မြင်စိုးစံတော်မူကြောင်းများကိုလည်း မင်းခေါင်အသိပင်ဖြစ်တော့သည်။ မင်းခေါင်၏ နောင်တော် "ဘုရင်နရပတိ" နတ်ရွာစံလွန်တော်မူခြင်း၊ ဟံသာဝတီဘုရင်ဟောင်း နတ်ရွာစံလွန်တော်မူခြင်းများကို သနားကြည်ကွဲစွာ ဝမ်းနည်းတော်မူသည်။

ဆင်ခြင်စဉ်းစားစေလိုသည်မှာ မင်းခေါင်လည်း ပုဂံမင်းမျိုးအဆက်ပင် ဖြစ်သည်။ ကျွန်ုပ်လည်း ပုဂံမင်းမျိုး အဆက်ပင်ဖြစ်သည်။ အချင်းချင်းကွဲပြား၍ သွေးခြားကြသည် မဟုတ်ချေ။ ကျွန်ုပ်၏ ဘုန်းလက်ရုံးအစွမ်းနှင့် ဗိုလ်ပါ၊ ဆင်၊ မြင်း၊ များကြောင်းကိုလည်း မင်းခေါင်အသိပင်ဖြစ်တော့သည်။ ကျွန်ုပ်သည် တိုင်းသား၊ပြည်သူ့တို့ ဆူပူဆင်းရဲကြောင်း ဖြစ်သော စစ်တိုက်မှုကို အလိုရှိတော်မမူချေ။

မင်းခေါင်သည် ပြည်ဘုရင်အဖြစ်နှင့် တည်တန့်စွာ နေလိုပါလျှင် နောင်တော် နရပတိကဲ့သို့သဘောမထားဘဲ ကျွန်ုပ်ဘုန်းလက်ရုံးကိုခိုလှုံစေလိုသည်။ ဤကဲ့သို့သဘောမထားဘဲ နောင်တော်နရပတိကဲ့သို့ အဝဘုရင်နှင့်ပူးပေါင်း၍ ခုခံလိုသောစိတ်မာန်ကို မလျှော့ဘဲ နေပါလျှင် သင်၏ပြည်မြို့ကို ကျွန်ုပ်၏ လက်နက်နိုင်ငံတော်အတွင်းသို့ သွင်းရလိမ့်မည်။ မင်းခေါင်၏ ပြည်မြို့ကို လုံခြုံခိုင်မာလှပြီဟု အယူမရှိလင့်။

ထိုပြင် သတိပေးလိုသောအချက်တခုမှာ အဝဘုရင်သိုဟန်ဘွားသည် မင်းခေါင်နှင့်အမျိုးအနွယ်လည်းမဟုတ်၊ အယူလည်းမတူ၊ မိစ္ဆာကို ကိုးသော အရိုင်းလူမျိုးဖြစ်သည်။ ထိုကဲ့သို့ ရိုင်းစိုင်းသော မိစ္ဆာမျိုးနှင့် ပူးပေါင်းခဲ့ပါလျှင် မင်းခေါင်၏ ဘုန်းတန်ခိုးများလည်း နွမ်းညိုး ယုတ်နိမ့်မည့်အကြောင်းကို ကောင်းစွာသတိပြုစေလိုသည်။

## "ဟံသာဝတီဘုရင်"

ပြည်ဘုရင့်ထံသို့ ဟံသာဝတီက သံတမန်တော်များ၊ သဝဏ်လွှာတော်နှင့် သွားရောက်ကြရာတွင်လည်း တစုံတရာနှောက်ယှက်ခြင်းမရှိဘဲ ဝတ်တရားအတိုင်း လက်ခံတော်မူလေသည်။ သဝဏ်လွှာကိုဘတ်ကြားပြီးနောက် ပြည်ဘုရင်က အမိန့်တော်ရှိပြန်သည်မှာ။

ဟံသာဝတီဘုရင် တပင်ရွှေထီး၏ အလိုဆန္ဒ အတိုင်း လိုက်နာလျှင် တပင်ရွှေထီးသည် တလိုင်းဘုရင်နှင့်သာ စစ်ဖြစ်တော်မူသည်။ ကျွန်ုပ်တို့နှင့် စစ်ဖြစ်ရသည်လည်း မဟုတ်၊ တလိုင်းဘုရင်ကို ပြည်မြို့က လက်ခံထားသည်ဟု ဆိုရန်ရှိသော်လည်း ကျွန်ုပ်လက်ထက်မှာ လက်ခံထားရသည်မဟုတ်၊ နောင်တော်ဘုရင်၏ လက်ထက်ကသာ လက်ခံထားခြင်းဖြစ်သည်။ ကျွန်ုပ်မှာ စစ်ရှုံးသောဘုရင်လည်းမဟုတ်၊ ကျွန်ုပ်ထီးနန်းနှင့် ကျွန်ုပ် စိုးစံနေခြင်းသာ ဖြစ်သည်။ အဝဘုရင် သိုဟန်ဘွားနှင့်ပူးပေါင်းသည်ဆိုရာမှာလည်း မိတ္တဓမ္မကို ကျွန်ုပ်နှစ်သက်သည်မဟုတ်၊ ဟိုင်းရေးပြည်မှုနှင့်စပ်၍ ပေါင်းသင်းသည်မှာ တစုံတရာအပြစ်မရှိ၊ ဘုရင်အချင်းချင်းဖြစ်ပါလျက် ဘုရင်တပါး၏ဂုဏ်ကို ခိုလှုံရသည်ဆိုလျှင် ရာဇဂုဏ်ကိုမထောက်ရာကျသည်ပြင်၊ သူရသတ္တိလဲ နည်းပါးရာကျသေသည်။ ဤသို့မိန့်တော်မူသည်များကို နာခံမှတ်သား ပြီးလျှင် တပင်ရွှေထီး၏သံတမန်တို့သည် ပြည်မြို့မှပြန်လာခဲ့ကြလေ၏။

## "တပင်ရွှေထီးမျက်မာန်ရှတော်မူခြင်း"

မုတ္တမဘုရင်,ပြည်ဘုရင်,တို့ထံမှ မချေမငံသော စကားကို ကြားတော်မူရာ ဘုရင်တပင်ရွှေထီးသည် အလွန်မျက်မာန်ရှတော်မူသဖြင့် လက်သုံးဓားကိုကိုင်ပြီး"ပြည်သူသတ္တဝါ အပေါင်းတို့၏ချမ်းသာကြောင်းဖြစ်တဲ့ စေတနာမေတ္တာနှင့် အေးမြစွာ ကြံစည်လိုသည်ကို မလိုက်နာနိုင်ကြဘူး။ စစ်ချင်းဆိုင်၍ပြိုင်လိုကြတဲ့ဘုရင်တွေပေါ့၊ ဘုန်းစွမ်းသတ္တိကို မသိဘဲ ရှိကြလေတော့သလား။ ပြည်မြို့ကိုနေနှင့်စေအုံး၊ မုတ္တမမြို့ငယ်ကို အလွယ်နှင့် အမြန်သိမ်းပိုက်တော်မူမယ်" ဤသို့ မိန့်တော်မူပြီးလျှင် ယောက်ဖတော်သျှင်ရဲထွတ်အား စစ်သည်ဗိုလ်ပါ ဆင်မြင်းများကို အဆော တလျှင် စီရင်ရမည်ဟု အမိန့်တော်ရှိလေ၏။

သျှင်ရဲထွတ်လည်း အမိန့်တော်အတိုင်း ဆင်,မြင်း,ဗိုလ်ပါ,တို့ကို စီရင်လေ၏။ ရှေ့ဆုံးက ချီရန် မြင်းတပ်သုံးတပ်၊ ထိုနောက် ခြေချင်တပ် ၇-တပ်၊ ထိုနောက် ဘုရင်၏ တပ်မတော်ကြီး၊ ထိုနောက် သျှင်ရဲထွတ်ကိုယ်တိုင် အုပ်ချုပ်၍ လိုက်ပါသော နောက်တပ်ကြီး၊ ဤတပ်ပေါင်း ၁၂-တပ်ကို လက်နက်ရိက္ခာအစုံအလင်နှင့် စီရင်လေသည်။

စီရင်၍ပြီးသောအခါ ဟံသာဝတီမှ ကုန်းကြောင်းခရီးဖြင့် မုတ္တမသို့ ချီတော်မူသည်။ ရှေ့ဆုံးက မြင်းတပ်ချီရသည်။ ထိုမြင်းတပ်သုံးတပ်မှာ၊ (၁)စစ်တုရင်သူ၊ (၂)အင်းယဉ်တုရင်၊ (၃)ဇေယျတမန်တို့ကို ဗိုလ်မှူးပြု၍ အုပ်ချုပ်စေ၏။ ထိုနောက် ခြေချင်တပ်၇-တပ်မှာ၊(၁)နန္ဒကျော်သူ၊ (၂)ဘယနန္ဒသူ၊ (၃)ဗညားပရူ၊ (၄)နန္ဒယော်ဓ၊ (၅)သီရိဇေယျကျော်ထင်၊ (၆)နန္ဒသကြံ၊ (၇)သက်ရှည်ကျော်ထင်တို့ကို ဗိုလ်မှူးပြု၍ အုပ်ချုပ်စေ၏။ ထိုနောက် ဘုရင် တပင်ရွှေထီးကိုယ်တော်တိုင် လိုက်ပါသော တပ်မတော်ကြီးချီသည်။ နောက်ဆုံးက သျှင်ရဲထွတ် အုပ်ချုပ်သောတပ်ကြီးချီသည်။

ထိုတပ်ပေါင်း ၁၂-တပ်တွင်၊ တိုက်ဆင် (၃၀၀)၊ စစ်မြင်း(၂၁၀၀)၊ စစ်သူရဲပေါင်း (၁၃၀၀၀၀)ပါသည်။ ဟံသာဝတီမြို့တော်မှာ အထိန်းတော်ကြီး သတိုးဓမ္မရာဇ်ကို အစောင့်ထားခဲ့သည်။

## "မုတ္တမမြို့သို့ဆိုက်ရောက်တော်မူခြင်း"

ကုန်းကြောင်းခရီးဖြင့်ချီတက်တော်မူလေသော ဘုရင်တပင်ရွှေထီးသည် မုတ္တမမြို့သို့ ဆိုက်ရောက်တော်မူသောအခါ မြို့အနီးလွတ်သို့ ချဉ်းကပ်၍ ဝိုင်းဝန်းရံမှာ လွန်စွာ ခဲခက်၍နေသောကြောင့် ခပ်လှမ်းလှမ်းကသာ ဝိုင်းဝန်းတော်မူရလေ၏။

မုတ္တမမြို့အနေအထားမှာ တောင်,မြောက်,ရှည်လျားသော မြို့ငယ်ဖြစ်သည်။ မြို့အရှေ့ဘက်က မြစ်ရှိသည်။ မြို့အနောက်ဘက်က တောင်တန်းရှိသည်။ မြို့လည်းတောင်ကိုအမှီပြု၍တည်ထားသောကြောင့် မညီညွတ်ဘဲ ဆင်ခြေလျှောဖြစ်၍နေသည်။ အနောက်ပိုင်းက မြင့်၍ အရှေ့ပိုင်းကနိမ့်သည်။ မြစ်အတွင်းမှာလည်း နိုင်ငံခြားကလာသော သင်္ဘောတို့က လက်နက်အပြည့်အစုံနှင့်တကွ ကျောက်ဆူးချ၍နေကြသည်။ ထိုအခါ မုတ္တမဘုရင်မှာ ဆင်,မြင်း,ဗိုလ်ပါ,ပြည့်စုံစွာရှိသည့်ပြင် နိုင်ငံခြားသားများကိုလည်း အားထားရသောကြောင့် လက်လျှော့၍ မပေးဘဲ မြို့ကိုလုံခြုံစွာ စည်းကြပ်၍ ခုခံနေသည်။ မြို့ရိုးထိပ်မှာ အမြောက်,စိန်,ပြောင်း,များကို အခိုင်အခံ့တင်၍ ထားသည်။

တပင်ရွှေထီးချီတော်မူလာရာတွင်လည်း ရေတပ်မပါသောကြောင့် မြစ်တွင်း၌ရှိနေသောသင်္ဘောများကို တစုံတရာမျှ ဖျက်ဆီးခြင်းငှါမတတ်နိုင်ဘဲရှိလေသည်။ မုတ္တမမြို့ကိုဝန်းရံ၍ တလခန့် ကြာလေသောအခါ တစုံတရာမျှ အရေးမထူးသောကြောင့် ဘုရင်တပင်ရွှေထီးက မုတ္တမမြို့ကို ကုန်းတပ်သက်သက်ဖြင့် တိုက်ခိုက်လို့လွယ်လိမ့်မည်မဟုတ်၊ ကုန်းတပ်,ရေတပ်, နှစ်ဘက်ညှပ်၍တိုက်ခိုက်ရပါမှ လွယ်ကူစွာ အောင်မြင်တော်မူလိမ့်မည်။ ယခုချီတော်မူရာမှာလည်း ရေတပ်မပါချေ။ သို့ဖြစ်၍ ဟံသာဝတီမှာရှိသော ရေတပ်ကို အမြန်ချီတက်လာစေရမည်" ဤသို့ အမိန့်တော်ရှိသည်နှင့် ရေတပ်များကို အမြန်ဆင့်ဆိုကာ ချီတက်လာစေသည်။

တိုက်လှေကြီး အစင်းသုံးရာနှင့် တကွ ရေတပ်များ ဆိုက်ရောက်လာသော အခါ ဘုရင်တပင်ရွှေထီးသည် ရေတပ်,ကုန်းတပ်နှစ်ဘက်ညှပ်၍ မုတ္တမမြို့ကို အပြင်း တိုက်ခိုက်တော် မူလေ၏၊ သို့ရာတွင် မုတ္တမမြို့မှာ အနေအထားနှင့်တကွ လက်နက်ကိရိယာ ပြည့်စုံလှသောကြောင့် အောင်မြင်တော်မမူချေ၊ ပထမတကြိမ်ဆုတ်ခွါတော်မူရလေ၏၊ သို့ရာတွင် ဝန်းရံမြဲအတိုင်းပင် ဝန်းရံ၍နေတော်မူသည်၊ ဤကဲ့သို့ ဝန်းရံ၍ နေသော်လည်း မုတ္တမမင်းသည် ခံမြဲအတိုင်းသာခံ၍ နေလေ၏၊ တစုံတခုသော အရေးအရာကိုမျှ ပြောဆိုလျှောက်ရန် တမန်စေခြင်းမရှိချေ။

## "မုတ္တမမြို့ကို ရိက္ခာပြတ်အောင်ပိတ်ဆို့ခြင်း"

ဤကဲ့သို့ တစုံတရာ အရေးမစိုက်လာသည်ကို သိတော်မူသော် ဘုရင်-တပင်ရွှေထီးက သျှင်ရဲထွတ်နှင့်တကွ မှူးမတ်များကိုခေါ်၍ "မုတ္တမမြို့စားသည် ကြာရှည်စွာ ဝန်းရံ၍ ထားသော်လည်း မလှုပ်မရှား ခုခံ၍သာနေသည်၊ သူတို့မြို့မှာ စားရေရိက္ခာ သွင်းပေါက်လမ်းရှိ၍သာ ရိက္ခာလုံရလောက်သဖြင့် ဤကဲ့သို့ ငြိမ်သက်စွာခုခံနေခြင်းဖြစ်သည် သို့ဖြစ်၍ ရိက္ခာမသွင်းနိုင်အောင် ရေဘက်, ကုန်းဘက်က ပိတ်ဆို့ကြရမည်" ဤကဲ့သို့ အမိန့်ထုတ်ပြန်တော်မူရာ ယောက်ဖတော်

သျှင်ရဲထွတ်က ရေတပ်၊ ကုန်းတပ်များကို ဆင့်ဆိုစီရင်၍ မြို့ထက်ဝန်းကျင်က ပိတ်ထားလေ၏။ ။ ထိုအခါ မုတ္တမနှင့် မော်လမြိုင် ကူးသန်းခွင့်ကို မရနိုင်ကြချေ။ ။လှေတပ်ကြီးများကလည်း သံလွင်မြစ်ဝကပိတ်ဆို့၍ ထားသောကြောင့် ထွက်သွားခွင့်မရဘဲ ရှိကြလေ၏၊ ဤကဲ့သို့ ရေတပ်၊ ကုန်းတပ်နှစ်ဘက်ညှပ်၍ ပိတ်ဆို့ထားရာ မုတ္တမမြို့တွင်းသို့ အစားရိက္ခာသွင်းခွင့်မရသောကြောင့် ကြပ်တဲခြင်းဖြစ်၍ မြို့သူ၊ မြို့သားတို့ ငတ်မွတ်ကြလေ၏၊ ငတ်မွတ်သော်လည်း မုတ္တမ မင်းသည် လက်လျှော့ခြင်းမပြုချေ။

"မော်လမြိုင်မြို့စားထံသို့ သဝဏ်လွှာ ပို့တော်မူခြင်း"

ဤကဲ့သို့ မုတ္တမမင်းသည် အညံ့မခံဘဲနေရာ ဘုရင်-တပင်ရွှေထီးက မုတ္တမမင်း၏ ယောက်ဖ ဖြစ်သော မော်လမြိုင်မြို့စား ဗညားဦးထံသို့ စေတမန်လွှတ်၍ သဝဏ်လွှာ ပို့တော်မူစေသည်။

"မော်လမြိုင် မြို့စားထံသို့ ပို့သောသဝဏ်လွှာ"

ဇေယျဝဓနနတိုင်း ကေတုမတီနေပြည်တော်ကြီး ရာမညတိုင်း ဟံသာဝတီ နေပြည်တော် ကြီးများကို အစိုးရတော်မူသော ဘဝရှင်မင်းတရားကြီးကြားအပ်သည်၊ မော်လမြိုင်မြို့စား။ ။ ငါ၏ဘုန်းလက်ရုံးဖြင့် လုပ်ကြံတော်မူလျှင် ဗိုလ်ပါ၊ မှူးမတ်တို့နှင့် တကွ စစ်သည် အင်အား ကြီး မားလှသော ဟံသာဝတီနေပြည်တော်ကြီးကိုပင် အောင်မြင်တော်မူခဲ့သည်၊ ဟံသာဝတီ ဘုရင် သည် ပြည်ဘုရင်၊ အဝဘုရင်တို့နှင့်ပေါင်း၍ ခုခံကြသည်များကိုလည်း ငါ၏ဘုန်းလက်ရုံးဖြင့် တိုက် ခိုက်ရာ အောင်မြင်တော်မူ၍ ဆင်၊ မြင်း၊ ဗိုလ်ပါများစွာ ရတော်မူခဲ့သည်၊ ဟံသာဝတီဘုရင်လည်း နတ်ပြည်စံလွန်တော်မူလေပြီ။

ငါ၏ထံမှောက်သို့ ဆိုက်ရောက်ခိုဝင်လာသော တလိုင်းမှူးမတ်များကို နှိမ့်ချတော်မမူဘဲ ရှေးကထက်ပင် မြှောက်စားတော်မူသည်။ ။ယခုအခါ မုတ္တမမြို့စားသည် အသာတကြည်နှင့် ငါ့ထံတော်သို့ ခိုဝင်စေလိုသည့်အတွက် သံတမန်စေလွှတ်သော်လည်း အရေးမပြု၊ ဂရုမစိုက် နေ သောကြောင့် ငါကိုယ်တော်တိုင် မုတ္တမမြို့ကို ချီတက်တော်မူသည်၊ ငါကြံလျှင် မုတ္တမမြို့ခံနိုင် မည်လော၊ ယခုလည်း ဗိုလ်ပါ အင်အားနှင့် ဝန်းဝိုင်းသောကြောင့် မြှုံး၌မိသော ငါးတို့ကဲ့သို့ မုတ္တမတမြို့လုံးမိ၍နေလေပြီ။

မော်လမြိုင်မြို့စား ဗညားဦးကိုလည်း အရည်အခြင်းနှင့် ပြည့်စုံလှသည်ဟူ၍ ကြားတော်မူ သောကြောင့် မမှားတန်လျှင် မမှားစေရအောင် မပျက်စီးတန်ဘဲ မပျက်စီးရအောင် သတိပေး တော်မူလိုသဖြင့် စေလွှတ်၍ကြားသိစေအပ်သည်၊ အမြော်အမြင် ကင်းမဲ့သော လူမိုက်များနှင့် မပေါင်းမသင်းမိအောင် သတိပြုရမည်။

"ဘုရင်-တပင်ရွှေထီး"

စေလွှတ်လိုက်သော သူများ မော်လမြိုင်မြို့သို့ ဆိုက်ရောက်သောအခါ ဗညားဦးသည် အမိန့်တော်စာကိုဦးချ၍နာခံသည်'။ ။အမိန့်တော်ကိုနာခံပြီးသည်နောက် မော်လမြိုင် မြို့စား

ဗညားဦးက အောက်၌ပါသော အဓိပ္ပါယ်ဖြင့် သဝဏ်လွှာပြန်၍ ပို့ဆက်သည်၊ သဝဏ်လွှာနှင့် အတူ များစွာသောလက်ဆောင်တော်တို့ကိုလည်း ဆက်သလိုက်သည်။

## "ဘုန်းတော်ကြီးလှသော မင်းတရားရွှေထီးထံသို့ ဆက်သရန်" "သဝဏ်လွှာဘုရား"

ကျွန်တော်ဗညားဦး, ဦးချ၍ သဝဏ်လွှာဆက်သပါသည်ဘုရား၊ ဘုန်းတော်ကြီးလှသော ဘုရားသည် ဟံသာဝတီပြည်ကို အလိုတော်ပြည့်သော အခါကပင် မုတ္တမမြို့စား စောဗညားကို ရွှေဘဝါးတော်အောက်သို့ ခိုလှုံဝင်ရောက်မှသင့်လျော်မည်ဟု တင်ကြို သတိပေးပါသည်၊ စောဗညားသည် ကျွန်တော့စကားကို ပမာဏမပြုဘဲ နိုင်ငံခြားသား သင်္ဘောကုလားတို့၏ စကားကို နားယောင်မှား၍ ယခုကဲ့သို့အရေးတော် ရှုပ်ထွေးခြင်းဖြစ်ပါသည်။

ဘုန်းတော်ကြီးလှသောဘုရား မုတ္တမသို့ ချီတော်မူလာပြီ ကြားစကပင် သူများအလျှင် ရွှေဘဝါးတော်အောက်သို့ ဝင်ရောက်ခိုလှုံမည်ဟု ကျွန်တော်ကြံမိပါသည်။ ။သို့ရာတွင် ကျွန်တော်၏ဆွေမျိုးညာတိများသည် မုတ္တမမြို့၌ ရှိနေကြသောကြောင့် ခက်မည် စိုးရိမ်မိပါသဖြင့် စိတ်ကြံစည်သောအတိုင်း ရွှေဘဝါးတော်အောက်သို့ မရောက်ဘဲ ရှိနေပါသည်။ ။မုတ္တမမြို့ကို အလိုတော်ပြည့်ပါလျှင် ကျွန်တော်မှာ အထွေထွေ ကြံစည်တော့မည်မဟုတ်ပါ၊ ဘုန်းတော်ကြီး လှသောဘုရား၏ ကျွန်တော်ရင်းပင်ဖြစ်ရပါမည်ဘုရား။

"မော်လမြိုင်မြို့စား-ဗညားဦး"

အထံတော်သို့ သံတမန်တို့ပြန်လည်ဆိုက်ရောက်၍ မော်လမြိုင်မြို့စား ဗညားဦး၏ လျှောက်တင်ချက်ကို ကြားသိတော် မူသောအခါ ဘုရင်တပင်ရွှေထီးက "ဗညားဦးသည် အရေးအရာ လိမ်မာလှပေ၏၊ မြော်မြင်တတ်ပေ၏"ဟု ချီးမွမ်းတော်မူသည်။

## "မုတ္တမမြို့ကို အရေးကြီးစွာလုပ်ကြံတော်မူပုံ"

ထိုနောက် တလိုင်းအမတ်ကြီး သမိန်းပရူကို အပါးတော်သို့ ခေါ်တော်မူပြီးလျှင် ဘုရင် တပင်ရွှေထီးက "မုတ္တမမြို့ကို အရေးပြီးလွယ်အောင် မည်သို့ကြံမလဲ"ဟု အမိန့်ရှိတော်မူသည်။

သမိန်းပရူက မုတ္တမမြို့သည် တောင်တဘက်, မြစ်တဘက်ကို အမှီပြု၍ တည်ထားသော မြို့ဖြစ်၍ မလွယ်ကူဘဲ အရေးတော်ကြံ့ကြာရခြင်းဖြစ်ပါသည်။ ။မြစ်ထဲ၌ရှိနေကြသော သင်္ဘော များက လက်နက် အပြည့်အစုံနှင့် ခုခံနေကြသောကြောင့် လှေတပ်များလည်း ရှေ့ဘက်က မဝင်နိုင်ဘဲ ရှိနေကြပါသည်။ ။တစုံတခုသောအကြံအစည်ဖြင့် သင်္ဘောများကို ရှေးဦးစွာ ဖျက် ဆီးပစ်မှ လွယ်ကူစွာအောင်မြင်တော်မနိုင်ပါမည်"ဟု လျှောက်တင်လေ၏၊ဘုရင်တပင်ရွှေထီးသည် သမိန်းပရူ၏လျှောက်တင်ချက်ကို နှစ်သက်တော်မူလှသဖြင့် "သင့်အောင်သာစီရင်တော့၊အရေးကုန် လွှဲအပ်တော်မူမည်"ဟု အမိန့်တော်ရှိလေ၏။ ။ထိုအခါ အရေးကုန် အခွင့်ရသည်နှင့် သမိန်းပရူ သည် မုတ္တမမြို့ကိုရအောင် အကြီးအကျယ် အကြံထုတ်လေသတည်း။

## "မီးပေါင်စကြာကြီး"

သမိန်းပရူလည်း လှေတပ်ကိုအုပ်ချုပ်ပြီးလျှင် သံလွင်မြစ်ညာ လကွန်းမြို့သို့ တိုင်အောင် ဆန်တက်လေ၏။ ။သစ်ဝါးပေါသောဌာနသို့ ရောက်သောအခါ များစွာသော သစ်ဝါးတို့ကို ခုတ်စေပြီးလျှင် အလျားအလံတရာ (အတောင်လေးရာ) အနံအလံငါးဆယ် (အတောင်နှစ်ရာ) ရှိသော သစ်ပေါင်ကြီးကို ဘွဲ့လေ၏၊ ထိုပေါင်ပေါ်တွင် သစ်ခြောက်,ဝါးခြောက်တို့ကို တောင်ကြီးတမျှစုပုံ၍ တင်ပြီးလျှင် မျှောလေ၏။ ။ထိုပေါင်ကြီးကို "မီးပေါင်စကြာကြီး" ဟု ခေါ်၏။

ထိုပြင်လည်း အလျားအလံသုံးရာ(အတောင်ခြောက်ရာ)အနံအလံငါးရာ(အတောင်နှစ်ရာ) ရှိသော ပေါင်ကြီးကို ဘွဲ့ပြန်စေပြီးလျှင် ထိုပေါင်ကြီးပေါ်၌ သစ်တပ်နှင့်တကွ မုတ္တမမြို့ရိုးထက် မြင့်အောင် အခိုင်အခံ့တည်ထောင်လေ၏၊ ထိုပေါင်ကြီးကိုလည်း ရေတပ်သား အပြည့်အစုံနှင့် မျှော၍လာသည်၊ ထိုပေါင်ကြီးကို "မြို့ပေါင်စကြာကြီး" ဟု ခေါ်၏၊ အလွန် ကြီးကျယ်သော အကြံအစည်ဖြစ်ပေသည်။

ထိုပေါင်ကြီးနှစ်ပေါင်ကို မုတ္တမမြို့မြစ်ညာအရပ် မနီးမဝေးတွင် ရေကိုင် လျက် ဆိုက်၍ ထား၏။ ဒီရေကြတောအခါ မီးပေါင်စကြာကြီးကို မီးရှို့၍ သင်္ဘောနှင့်ချိန်ပြီးမျှောလေသည်။ မီးတောက်မှာ ထန်းတဖျားသာသာမြင့်၏။ အရှိန်အဟုန်လည်း လွန်စွာကြီးသည်။အဝေးကပင် လွန်စွာပူ၏။

မီးပေါင်စကြာကြီးသည် ချိန်၍ မျှောသည့်အတိုင်း သင်္ဘောကြီး သုံးစင်းကို ငြိလေရာ၊ ထိုသင်္ဘောကြီးသုံးစင်းကို မီးစွဲလေ၏။ သင်္ဘောများမှ သင်္ဘောသားရှိသရွေ့လည်း ရေထဲသို့ခုန်ဆင်း၍ ပြေးကူးကြသည်။ သင်္ဘော၌ မီးစွဲသည်ကိုမြင်ရာ မြို့တွင်းစစ်သည်များလည်း လှေနှင့်ကူး၍ ငြိမ်းသတ်မည်ဟု ထွက်လာကြရာ၊ အသင့်စောင့်နေသော ဘုရင် တပင်ရွှေထီး၏ ရေတပ်သားတို့က ဆီးဆို့ပစ်ခတ်ကြလေ၏။ ဤအရေးတွင် သင်္ဘောသားတို့နှင့်တကွ မုတ္တမ စစ်သည် တပ်သားပေါင်းများစွာ ပျက်စီးကြလေ၏။

ပထမမီးလောင်သော သင်္ဘောကြီးများသည် ကျောက်ဆူးကြိုးပြတ်၍ မျောကြပြန်ရာ၊ အခြားသင်္ဘောတို့နှင့်ငြိ၍ မီးလောင်ပြန်လေ၏။ မီးပေါင်စကြာကြီး ကလည်း တဘန် မျော၍ အခြားသင်္ဘောများကို ငြိဘယ်ကာ မီးလောင်စေပြန်၏။သင်္ဘော(၇)စင်း မီးလောင်ကျွမ်းသဖြင့် မြစ်ထဲမှာ ရှင်းလင်းစွာ ဖြစ်သွားလေသည်။ မီးပေါင်စကြာကြီးလည်း ကျိုက္ခမိသို့ တိုင်အောင် မီးတောက်,မီးလျှံနှင့်တကွ မျောသွားလေသည်။

မြန်မာပြည် စစ်ပွဲဟူသမျှတို့မှာ ဤကဲ့သို့ကြံစည်သော အကြံမျိုးမှာ သည်တခါ ဖြစ်ဘူးသည်။ ကြံသောအတိုင်းလည်း ထမြောက်လေ၏။ မုတ္တမအနီး မြစ်ပြင်တခုလုံး မီးဟုန်းဟုန်းတောက်ခမန်း ဖြစ်နေသည်။ မီးပေါင်စကြာကြီးကိုလွှတ်၍ မီးလောင်သော အချိန်မှာ နံနက်စောစော နေမထွက်မီဖြစ်သည်။ မော်လမြိုင်ဘက်က လူများလည်း မီးပေါင်စကြာကြီးကို ကမ်းညွတ်အောင်ကြည့်ရှုကာ "အကြံကြီးပါပေသည်၊ မြန်မာဘုရင်၏ဘုန်းတန်ခိုးကြီးပါပေသည်" ဟု

အုံ့ဩချီးမွမ်း၍ နေကြလေ၏။ ထိုမီးပေါင်စကြာကြီးသောစစ်ပွဲမှာ နိုင်ငံခြားသားသင်္ဘောကုလားတို့နှင့် မုတ္တမစစ်သားပေါင်းများစွာ ပျက်စီးရှာကြသည်။

(ဘုရင်တပင်ရွှေထီးသည် တလိုင်းအမတ် သမိန်းပရူကို မွေးပြု၍ချီးမြှောက်တော်မူခြင်းမှာ လွန်စွာ အကျိုးရှိတော်မူပေသည်။ ဤနည်းကိုအမှီပြု၍ ကျေးဇူးသစ္စာ သိပုံလက္ခဏာ ရှိသော အမျိုးကွဲတို့ကိုလည်း အရေးရှိသောအခါ ခိုင်းစေရန် လူမျိုးကွဲများလည်း မွေးသင့်ကလက်သပ်မွေးထားသင့်ပေသည်ဟု မှတ်ယူရန်အချက်ဖြစ်ပေသည်။)

## "မြို့ပေါင်စကြာကြီး"

မုတ္တမမြို့၏ ရေကြောင်းခံတပ် သဘင်္ဘောဖြစ်သော သင်္ဘော(၇)စင်းကို မီးလောင်သောအခါ မုတ္တမရေတပ်သားတို့လည်း ရေမှာမနေဝံ့ကြဘဲ ကုန်းသို့တက်ပြေးကြလေ၏။ မြို့အရှေ့ဘက် မြစ်တပြင်လုံးလွတ်လပ်လေ၏။ ထိုအခါ မြို့ပေါင်စကြာကြီးပေါ်တွင် လက်နက်နှင့်တကွ စစ်သည်သူရဲပေါင်း များစွာ အပြည့်တင်၍ မျှောလေရာ၊ မြို့ရင်းသို့ချဉ်းကပ်မိလေ၏။ မြို့ပေါင်စကြာ၌ပြုလုပ်ထားသော သစ်တပ်ကြီးသည် မုတ္တမမြို့ရိုးထက်မြင့်လေ၏။ မြို့ပေါင်စကြာကြီး၏ သစ်တပ်ထိပ်သို့တက်၍ ဘုရင်တပင်ရွှေထီး၏ တပ်တော်သားတို့က၊ အမြောက်၊ စိန်၊ ပြောင်းတို့နှင့် စီး၍ မုတ္တမမြို့ကိုပစ်ခတ်ရာ မြို့ရိုးပေါ်က မခံဝံ့ကြဘဲ မုတ္တမတပ်သားများသည် မြို့တွင်းတို့ဆင်းပြေးကြလေ၏။

"မြို့ပေါင်စကြာ"ကြီးမှာ ကုန်းခံတပ်ကြီး သဘောမျိုးပင် ဖြစ်လေသည်။ မုတ္တမမြို့ရိုးကိုမိုး၍နေသဖြင့် ပြိုင်ဆိုင်ပစ်ခတ်ခြင်းငှါ မတတ်နိုင်ကြချေ။ မြို့ပေါင်စကြာကြီးဆိပ်ကမ်းသို့ ကပ်မိသည်နှင့်တပြိုင်နက် တပင်ရွှေထီး၏ ကုန်းတပ်၊ရေတပ်၊နှစ်ဘက်ညှပ်ပြီးလျှင် မြို့ကိုအတင်းဖေါက်ကြလေသည်။ မြို့ပေါက်လျှင် တပြိုင်နက်၊တဟုန်တည်း ဝင်၍ တွေ့တွေ့သမျှတို့ကို ထိုးခုတ်ပစ်ခတ်ကြလေ၏။

## "စီးချင်း-တိုက်ပွဲကြီး"

ဘုရင်တပင်ရွှေထီး၏ ရဲမက်တော်များသည် မြို့ကိုဖေါက်တွင်း၍ အတင်း ဝင်ရောက်ကြသည်တိုင်အောင်ပင် မုတ္တမမြို့စား-စောဗညားသည် အညံ့မခံ လက်လျှော့၍မပေးဘဲ စုရုံးမိသမျှသော စစ်သည်များနှင့် ဆင်စီးပြီးလျှင် အတင်းခုခံနေပြန်လေ၏။ ထိုအခါ ဘုရင် တပင်ရွှေထီး၏ ဆင်စီးအမတ်တို့က ဝန်းအုံ၍စီးချင်းတိုက်ကြလေသည်။ နန္ဒကျော်သူသည် "စွယ်ကောက်" မည်သော ဆင်ကြီးကိုစီး၍ ရဲရဲဝံ့ဝံ့ မုတ္တမမြို့စားကို အတင်းတိုက်လေရာ၊ မုတ္တမမြို့စား၏ ဆင်သည် နောက်သို့ လှဲ့ကာပြေးလေ၏။ အဘင်းထပ်၍ တိုက်ခိုက်ကြသည်တွင် ဆင်နှင့်တကွ မုတ္တမမြို့စား စောဗညားကို လက်ရဖမ်းမိလေ၏။

ဆင်စီးအမတ်တို့က စောဗညားကို ဆင်နှင့်တကွဖမ်းယူ၍၊ ဘုရင် တပင်ရွှေထီးလက်သို့ ဆက်သကြရာ၊ "မုတ္တမမြို့ကိုအောင်တော်မူပြီ၊ တလိုင်းရန်အေးပြီ" ဟု မိန့်တော်မူက၊ အလွန်ဝမ်းမြောက်တော်မူသည်။ ရဲမက်တော်တို့က မုတ္တမတမြို့လုံးလှည့်လည်၍ တလိုင်း လူစွမ်းကောင်းဆိုသမျှတွေကို သတ်ဖြတ်ရှံ့မှုမက၊ မြို့တွင်းပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဝသော သူတို့၏ အိမ်များကိုလည်း တိုက်ခိုက်၍ အလိုရှိရာကို ယူငင်ကြလေကုန်၏။

ဤအကြောင်းကို ဘုရင်တပင်ရွှေထီးကြားတော်မူရာ၊ သမိန်းပရူကိုခေါ်တော်မူ၍ "ငါသည် မုတ္တမမြို့ကို ချီတက် တိုက်ခိုက်သည်မှာ ပြည်သူသတ္တဝါတို့ကို ညှဉ်းပန်းလို၍မဟုတ်။ ငါ၏ ရဲမက်တော်များသည် မည်သူတဦးတယောက်ကိုမျှ မသတ်ဖြတ်စေနှင့်။ မည်သူ၏ ပစ္စည်းဥစ္စာကိုမျှ မယူကြစေနှင့်။ ကျောင်းကန်ဘုရားတို့ကို မထိပါးစေနှင့်။ သည့်အတိုင်း အမိန့်တော်ပြန်" ဤသို့ မိန့်တော်မူသည်နှင့် သမိန်းပရူသည် တပ်ရှိသမျှကို အမိန့်တော်ပြန်ရလေ၏။ ထိုအခါတွင် ငြိမ်ဝပ်ပိပြားသွားလေသည်။

## "သမိန်းပရူကို ချီးမြှင့်တော်မူခြင်း"

မုတ္တမမြို့ကို အောင်မြင်တော်မူပြီးသောအခါ၊ ဘုရင့်နောင် ကျော်ထင်နော်ရထာမှ စ၍ မှူးမတ်တော်အပေါင်းတို့ကို ရှေ့တော်သို့ခေါ်၍ ညီလာခံတော်မူရာတွင် "သမိန်းပရူ၏ အစီအမံကြောင့် မုတ္တမမြို့ကို အောင်မြင်တော်မူရသည်။ အလွန်အကြံဉာဏ်ကြီးပေစွ" ဤကဲ့သို့ ချီးမွမ်းတော်မူပြီးလျှင် မုတ္တမမြို့စား–စောဗညား၏ ပစ္စည်းဘဏ္ဍာ ရတနာအဆောင်အရွက်တို့နှင့် မြောင်းမြ မြို့စား ရာထူးဖြင့် ချီးမြှင့်မြှောက်စားတော်မူလေသည်။ ထိုအခါ သမိန်းပရူသည် မြို့စားကြီးအဖြစ်သို့ ရောက်လေ၏။ ထို့နောက် သမိန်းပရူကို ဘုရင့်နောင်ကျော်ထင်နော်ရထာနှင့်တိုင်ပင်၍ စစ်ရေး,စစ်ရာတွင် စီရင်စေဟူ၍လည်း အမိန့်တော်မြတ် မှတ်တော်မူသည်။ ထို့ပြင် ညီလာခံရာတွင် လက်ဝဲနေရာထိပ်ဆုံးက ခစားစေဟူ၍လည်း မိန့်တော်မူသည်။

## "အသားနီနှင့် ပါးမုန်းမွေး"

သမိန်းပရူကို ညီလာခံ ဗိုလ်ပုံအလယ်တွင် အထင်အရှား ချီးမြှောက်တော်မူပြီးနောက်၊ "မုတ္တမမြို့စား စောဗညားကို ဘယ်သူစီးချင်းတိုက်၍ အောင်မြင်သနည်း"ဟုမေးတော်မူရာ၊ဆင်စီးမှူးမတ်အပေါင်းတို့က အချီးမြှင့်ခံလိုကြသောကြောင့် "ကျွန်တော်တိုက်ပါသည်၊ ကျွန်တော်တိုက်ပါသည်"ဟူ၍ အလုအယက်လျှောက်တင်ကြလေ၏။

ဘုရင်တပင်ရွှေထီးက "လျှောက်တင်သူတွေ အလွန်များသည်၊ ငါဆုမပေးနိုင်သေး၊မုတ္တမမြို့စားကို စစ်ဆေးရမည်"ဟု ယောက်ဖတော်သျှင်ရဲထွတ်ကို အမိန့်တော်ရှိသည့်နှင့် သျှင်ရဲထွတ်က ရှေ့တော်မှာပင် မုတ္တမမြို့စားကို စစ်ဆေးတော်မူသည်။

(ရဲထွတ်) သင့်ကို ဘယ်သူစီးချင်းတိုက်သနည်း။

(မုတ္တမမြို့စား) အမည်ကိုတော့ ကျွန်တော်မသိနိုင်ပါ၊ အသွင်ကိုတော့ မှတ်သားမိပါသည်။ ကျွန်တော့်ကို စီးချင်းတိုက်သူသည် အသားနီနီနှင့်ပါးမုန်းမွေးရှိပါသည်။အစွယ်ကောက်သော ဆင်ကြီးကိုစီး၍ ရဲရင့်စွာတိုက်ခိုက်ပါသည်။ သူတိုက်၍ ကျွန်တော်ရှုံးရပါသည်။

(ရဲထွတ်) လူကိုမြင်သော် မှတ်မိနိုင်သလား။

(မုတ္တမမြို့စား) မှတ်မိနိုင်ပါသည်။

ထိုအခါသျှင်ရဲထွတ်သည် ဆင်စီးအမတ်တို့ကို တစုတရုံးထဲခေါ်၍ပြလေ၏။ ။မုတ္တမမြို့စားက နန္ဒကျော်သူကို လက်ညှိုးညွှန်ပြီး "အသားနီနီ-ပါးမုန်းမွေးနှင့် သည်သူ-ကျွန်တော့်ကိုဆင်စွယ်ကောက်နှင့် တိုက်ပါသည်"ဟု အစစ်ခံလေ၏။

ထိုအခါ ဘုရင့်-တပင်ရွှေထီးက "မုတ္တမမြို့စားသည် အလွန်သတိ ကောင်းပေးသည် ဆင်မြင်းအရှုပ်ရှုပ် အထွေးထွေးထဲမှာပင် မှတ်မိပေသည်"ဟု ချီးမွမ်းတော်မူသည်။ နန္ဒကျော်သူကို လည်း "မင်းရဲကျော်ထင်"ဟူသော ဘွဲ့အသစ်နှင့် အဆောင်အယောင် အခမ်းအနားများကို ပေးသနားတော်မူသည်။ ဆင်ပေါက်ငါးစီး မြင်း-ငါးဆယ် ကျွန်တရာကိုလည်း ပေးတော်မူ သည်။ ထို့ပြင်မုတ္တမမြို့၌ရှိသော သူဌေး သူကြွယ်တို့ကို ခေါ်တော်မူ၍ "ငါ့ကျွန်ခတော်- မင်းရဲ ကျော်ထင်သည်။ သင်တို့၏မုတ္တမ, မင်းကိုနိုင်အောင် စီးချင်းတိုက်နိုင်သည်၊ သတ္တိနှင့်ထိုက်တန် အောင် ငါ့ကျွန်တော်ကို လက်ဖွဲ့ကြရမည်"ဟု မိန့်တော်မူသဖြင့် သူဌေး သူကြွယ်တို့က မင်းရဲ ကျော်ထင်ကို ငါးရက်တိုင်တိုင် လက်ဆောင်ပဏ္ဏာများစွာတို့ဖြင့် လက်ဖွဲ့ကြရသည်။ ထိုပွဲမှာ မင်းရဲကျော်ထင်သည် ပစ္စည်းဘဏ္ဍာများစွာရရှိလေ၏။ သူ့ရဲကောင်းကိုချီးမြှောက် တော်မူသည်မှာ လွန်စွာအချက် ကျပါပေသည်။

ထိုနောက် မုတ္တမတိုက်ပွဲ၌ ရဲစွမ်းသတ္တိနှင့် တိုက်ခိုက်ကြသော သူတို့အားလည်း အထိုက် အလျောက် အသီးအသီး ဆုပေးသနားတော်မူလေသည်။ ။မုတ္တမမြို့စားကို စီးချင်းတိုက်သော မင်းရဲကျော်ထင်သည်လည်း ထိုအခါမှစ၍ ဘုရင်-တပင်ရွှေထီးက "အသားနီနီနှင့် ပါးမုန်းမွေး" ဟူ၍ မုတ္တမမြို့စား၏ စကားအတိုင်း ကျီစယ်သောအနေအားဖြင့် ပြုံးရွှင်စွာခေါ်တော်မူလေ့ရှိ သည်။

## "မော်လမြိုင်မြို့စား ဗညားဦး- ရွှေဘဝါးတော်အောက်သို့ ရောက်လာခြင်း"

မုတ္တမမြို့ကို အောင်မြင်တော်မူသောအခါ မော်လမြိုင်မြို့စားဗညားဦးသည်၊ ပဏ္ဏာလက် ဆောင်တော်များကိုယူ၍ ဆွေမျိုးအစုံအလင်နှင့် သိုက်သိုက်ဝန်းဝန်း ရွှေဘဝါးတော်အောက်သို့ လာရောက်ခိုလှုံလေ၏။

ဘုရင်-တပင်ရွှေထီးသည်၊ မော်လမြိုင်မြို့စားကို အဖူးအတွေ့ ခံတော်မူပြီးလျှင် ပဏ္ဏာ လက်ဆောင်တော်များကိုသိမ်း၍ "မော်လမြိုင်မြို့စား ဗညားဦးသည် ငါထင်မှတ်တော် မူသော အတိုင်း အလိမ်မာဂုဏ်နှင့် ပြည့်စုံပါပေသည်။ ပြည်သူသတ္တဝါတို့၏ အေးငြိမ်းချမ်းသာကြောင်း ကို ကျင့်တတ်ပါပေသည်"ဟု ချီးမွမ်းတော်မူပြီးလျှင် ဆောင်ရွက်မြဲ ဖြစ်သော အဆောင် အယောင်နှင့်တကွ မော်လမြိုင်မြို့စား ခန့်တော်မူသည်။

## "မြို့စားအပေါင်းတို့ ဝင်ရောက်လာခြင်း"

မုတ္တမမြို့ကိုအောင်မြင်၍ မော်လမြိုင်မြို့စား ရွှေဘဝါးတော်အောင်သို့ သွားရောက်ခိုလှုံ ပြီဟုကြားလျှင် အရှေ့တပြင်၌ရှိကြကုန်သော မြို့စားတို့သည် ဆင်ကောင်းမြင်းကောင်းသမီးကညာ တို့ကိုပဏ္ဏာလက်ဆောင်ပြု၍ အထံတော်သို့ခိုဝင်လာကြကုန်၏။ ရောက်လာသမျှသော မြို့စားအ ပေါင်းတို့အားလည်း၊ ရှေးကအစီးအနင်း အဆောင်အရွက်အတိုင်း ချီးမြှင့်သူကောင်းပြုတော်မူ သည်။ ဘုရင်-တပင်ရွှေထီးသည်၊ မုတ္တမမြို့ကို အောင်တော်မူသည်နှင့် တပြိုင်နက် ယိုးဒယား နယ်သို့တိုင်အောင် ရွှေတခွင်လုံးကို သိမ်းကျုံးစိုးပိုင်တော်မူလေသည်။ ချီးကျူးလောက်သော ဘုန်းလက်ရုံးနှင့်ပြည့်စုံသော ဘုရင်ဖြစ်ကြောင်း ထင်ရှားပါပေသည်။

## "မုတ္တမမြို့၌မြို့စားခန့်ထားခြင်း"

အရှေ့တခွင်လုံး၌ အောင်မြင်ခြင်းကိစ္စ ပြီးဆုံးသောအခါ ဘုရင်-တပင်ရွှေထီးသည် မုတ္တမမြို့ကို ဟံသာဝတီ ဘုရင်သူ့ရှင်၏ ယောက်ဖတော်အငယ် "စောလကွန်းအိမ့်"အား အဆောင်အယောင် အခမ်းအနားနှင့်တကွ ပေးသနားတော်မူလေသည်။ (စောလကွန်းအိမ်သည် တလိုင်းဘုရင်သူ့ရှင် နှမငယ်၏ လင်ဖြစ်သောကြောင့် ယောက်ဖတော်လည်းဖြစ်သည်။ ဦးရီးတော်၏ သားဖြစ်သောကြောင့် ညီတော်လည်းဖြစ်သည်။)

## "ဟံသာဝတီသို့ ပြန်၍ချီတော်မူခြင်း"

ဤကဲ့သို့ မြို့စားခန့်ထားခြင်းများကို စီရင်ဘော်မူပြီးတော် ယိုဒယားနယ်စပ် ဇင်းမယ်နယ်စပ်ဘို့၌ အစောင့်တပ်များကို ခန့်ထားတော်မူခဲ့၍ ရေတပ်ကုန်းတပ် အစုံအညီ ဟံသာဝတီသို့ပြန်လည်တော်မူလာခဲ့သည်။ ဟံသာဝတီ နေပြည်တော်သို့ရောက်လျှင် ပဲခူးချောင်းတောင်ဘက် ဥယျာဉ်ဘခုအတွင်း၌ စံနန်းတော်ဆောက်ပြီးလျှင် ရာဇာဘိသိက်ကို သွန်းခံတော်မူလေ၏။ ရာမညတိုင်း တလိုင်းသုံးရပ်ကို အောင်မြင်တော်မူ၍ ရာဇာဘိသိက်ခံတော်မူသောအခါဘုန်းတန်ခိုးတေဇာနှင့် အာဏာတော်အရှိန်များသည်၊ အတားအဆီးမရအောင် တိုးတက်၍သွားလေ၏ ပြည်ဘုရင် အဝဘုရင်တို့လည်း ထိတ်လန့်တုန်လှုပ်လျက်ရှိလေသည်။

## "ခင်ဘုန်းနှင့် ခင်မြတ်"

ဘုရင်တပင်ရွှေထီးသည် ရာဇာဘိသိတ်ကိုခံတော်မူစဉ်အခါ ဘိသိက်တော်အတူသွန်းခံဘက် အဂ္ဂမဟေသီမြှောက်ဘင်ရန် အရေးရှိသော်လည်း ခင်ဘုန်းနှင့်ခင်မြတ် မိဖုယားနှစ်ပါးတို့တွင် တဦးဦးအတူးရွေးချယ်ကာ သိသိသာသာကြီး ချီးမြှောက်တော်မူရန် အကြံခက်တော်မူနေသည့်အတွက် မည်သူ့ကိုမှ အဂ္ဂမဟေသီရာထူးသို့တင်၍ ဘိသိက်အတူ သွန်းခံတော်မမူရဘဲရှိလေသည်။

သျှင်ရဲထွတ်၏နှမတော်ဖြစ်သူခင်ဘုန်းအားအရာရာကိုထောက်ထားခြင်းအား ဖြင့်အဂ္ဂမဟေသီရာထူးဖြင့် ချီးမြှောက်သင့်ပါပေ၏။ သို့ရာတွင်ခင်မြတ်၏ရုပ်ရူပကာယနှင့်သိမ်မွေ့နူးညံ့လှသော အမူအရာဂုဏ်နှင့်ပြည့်စုံ၍ ချစ်ခင်မြတ်နိုးဘွယ်သော ကျက်သရေများကို စဉ်းစားတော်မူမိပြန်ရာ ခင်ဘုန်းအောက်သို့ရောက်၍ နိမ့်ကျရှာမည်ကို စိုးရိမ်တော်မူပြန်သည်နှင့် ခင်ဘုန်းကိုလုံးလုံးကြီး မမြှောက်စားနိုင်ဘဲ ရှိတော်မူရလေသည်။

ခင်ဘုန်းမှာ လွန်စွာထက်မြက်၍ ငယ်ရွယ်စဉ်ကပင် တပင်ရွှေထီးအပေါ်မှာ မကြောက်မရွံ့ပြောဝံ့ဆိုဝံ့ နိုင်ချင်ချင်ဖြစ်လာသောကြောင့် ခင်မြတ်ကို မိဖုယားကြီးအရာထား၍ မြှောက်စားတော်မူရန် အချက်မှာလည်း အတော်ကလေး ခက်၍နေတော်မူသည်။ ဘုရင်-တပင်ရွှေထီးသည် စစ်မှုရေးရာ၌ များစွာထက်မြက်၍ စွမ်းရည်သတ္တိနှင့် ပြည့်စုံပေါသော်လည်း၊ ခင်ဘုန်းနှင့်ခင်မြတ်တို့ အပေါ်မှာ နိုင်နိုင်နင်းနင်း တိုက်ခိုက်နိုင်ဘို့အရေးမှာ ဝန်လေးတော်မူရလေသည်။ သို့ဖြစ်သောကြောင့် အဘိသိက်သွန်းခံတော်မူရာ၌ မိဖုယားမပါစေဘဲ ကိုယ်တော်တပါးတည်းသာ သွန်းခံတော်မူလေ့ရှိပေသည်။

ခင်ဘုန်းလည်း အပြောအဆိုထက်မြက်ခြင်း မျက်စောင်းထက်မြက်ခြင်း တည်းဟူသော လက်နက်ဖြင့် ဘုရင်–တပင်ရွှေထီးကို အမြဲပင် တိုက်ခိုက်၍နေ၏။ ။ခင်မြတ် အပြောအဆိုနူးညံ့ သိမ်းမွေ့ခြင်း ချစ်ခင်ဘွယ် ကြည့်ရှုခြင်းစသော လက်နက်အမျိုးမျိုးဖြင့် ဘုရင်-တပင်ရွှေထီးကို အမြဲပင်တိုက်ခိုက်၍ နေလေသည်။ ဘုရင်တပင်ရွှေထီးမှာ လက်နက်ကြမ်း လက်နက်နုလက်နက်ပူ လက်နက်အေး နှစ်ခုတို့၏စပ်ကြား၌ နေသာအောင်အမျိုးမျိုး တိမ်းရှောင်၍ နေတော်မူရလေသည်။ တိုင်းနိုင်ငံစစ်ရေးနှင့် သက်ဆိုင်သောလက်နက်တို့ဒဏ်ကိုတွန်းလှန်ဖြိုဖျက် နိုင်သော်လည်း မိန်းမတို့၏ ပစ်ခတ်သော လက်နက်ဒဏ်ကိုတွန်းလှန်ဖြိုဖျက် နိုင်သောသူရဲကောင်းသည်လောက၌ လွန်းစွာရှားလှပေသတည်း။

"ရှစ်လုံးဘွဲ့ မြန်မာကဗျာ"

(က) စိန်ပုံးလက်နက်-ထက်မြက်ပြိုးပြောင်၊
အသက်ကိုခွင်း-အတင်းမရှောင်၊
ဆိုင်ပြိုင်စစ်ပွဲ-ဖြိုခွဲတောက်လောင်၊
စစ်မက်ဘေး-အရေးကိုယ်ကအောင်။

(ခ) ပြောဆိုကြည့်ရှု-စက္ခုမူရာ။
ယိမ်းယိုင်ဘောက်ပြား-ယောကျ်ားတကာ၊
မိန်းမလက်နက်-ထက်မြက်ပေစွာ၊
လွန်ခက်ခဲ-အောင်ပွဲရဘို့ငှါ။

"ဒဂုန်ဆံတော်ရှင်ဘုရားကို အခမ်းအနား ကြီးကျယ်စွာနှင့်"
"ရွှေထီးအထွဋ်တင်လှူတော်မူကြောင်း"

ဘုရင်တပင်ရွှေထီးသည် ရာမညတိုင်း တလိုင်းသုံးရပ်ကို အောင်မြင်တော် မူ၍ ရာဇာဘိသိက် ခံတော်မူပြီးသောအခါ။ ။ဒဂုန်ဆံတော်ရှင်ဘုရားသို့ ထွက်တော်မူကြီး ထွက်တော်မူ၍ ပူဇော်ပွဲသဘင်ဆင်ယင်ကျင်းပတော်မူလိုသဖြင့် တလိုင်းမှူးမတ်,မြန်မာမှူးမတ်အပေါင်းတို့ကိုခေါ်၍ တိုင်ပင်တော်မူလေ၏၊ ထိုအခါ ခမည်းတော်ဘုရား စံနေတည်ထောင်တော်မူသော ကေတုမတီမြို့တော်မှ ဆရာတော်,သံဃာတော်တို့နှင့်တကွ မှူးမတ်များကိုလည်း ခေါ်ဆောင်၍ တိုင်ပင်တော် မူသည်။

(ရွှေထီး) ငါ၏ဘုန်းတော်ဖြင့် ရာမညတိုင်း တလိုင်းသုံးရပ်ကို အောင်တော်မူခဲ့ပြီ၊ ငါသည် သောကီရေးအတွက် သက်သက်နှင့် နိုင်ငံတော်များ ချဲ့ထွင်ခဲ့သည်မဟုတ်၊ ဘေးလောင်းတော်,ဘိုးလောင်းတော်တို့၏ သာသနာပြုစုရေးအတိုင်း အတုမရှိသော သာသနာတော်ကိုလည်း ပြုစုတော်မူလိုရင်းဆန္ဒကြောင့် နိုင်ငံတော်တခွင်ကို ချဲ့ထွင်တော်မူခဲ့သည်။

(မှူးမတ်များ) သည်ကဲ့သို့ ရွှေနှလုံးပိုက်သွင်းတော်မူသည်မှာ လွန်စွာမြင့်မြတ်လှပါသည် ဘုရား၊ ပြည်သူသတ္တဝါတို့၏ ချမ်းသာခြင်းကို စောင့်ရှောက် ဆောင်ရွက်တော် မူရခြင်းထက်

အလွန်တွေ့ကြုံခဲ၍ ထူးမြတ်လှစွာသော သာသနာတော်ကို ချီးမြှင့်တော်မူရခြင်းမှာ သာ၍ မြင့်မြတ်လှပါသည်ဘုရား၊ မဇ္ဈိမဒေသ၊ သီရိဓမ္မာသောကမင်းတရားကြီး သီဟိုဠ်ကျွန်း၊ ဒုဋ္ဌဂါမဏိမင်းတရားကြီးများလည်း လောကီရေးဆိုင်ရာ တိုင်းနိုင်ငံအတွက် သက်သက် မင်းပြုတော်မူကြသည် မဟုတ်ပါ၊ သာသနာရေးအတွက် မိတ္တာရန်သူ အနှောက်အရှက်ကင်းအောင် ငဲ့ကွက်တော်မူသောအားဖြင့် နိုင်ငံ၏သခင် ဘုရင်အဖြစ်ကို ခံယူစိုးစံတော်မူကြ ပါသည်၊ ဤကဲ့သို့ နှလုံးထားတော်မူသည်မှာ အလောင်းအလျာတို့၏ အလေ့တော်များဖြစ်ပါသည် ဘုရား။

(ရွှေထီး) ယခု ဖြစ်တော်မူတဲ့အကြံကတော့ မြတ်စွာဘုရား၏ ဆံတော် အစစ်များကို သွင်းနှံဌာပနာရာဖြစ်တဲ့ ဒဂုန်ဆံတော်ရှင်ဘုရားသို့ ထွက်ပြီး၊ ကြီးကျယ်သော ဒါနပွဲသဘင်ကို ဆင်ယင်တော်မူလိုတယ်၊ သည်ပွဲတော်ကြီးတွင် ကေတုမတီ နိုင်ငံတော် အတွင်းမှာ သီတင်းသုံးတော်မူကြသော သံဃာတော်အရှင်မြတ်များ ရာမညတိုင်းကြီး အတွင်း သီတင်းသုံးတော်မူကြသော သံဃာတော်အရှင်မြတ်များကို တစုတရုံးတည်း ပင့်ဆောင်၍ လှူဒါန်းတော် မူလိုတယ်။

(မှူးမတ်များ) အလွန်သင့်မြတ်သော အကြံတော် ဖြစ်ပါသည် ဘုရား မြန်မာရဟန်း, မွန်ရဟန်းတို့ စုဝေးတော်မူမိကြတဲ့အခါ သာသနာတော်ရေးကိုလဲ ဆွေးနွေးဘို့ အခွင့် ရရှိနိုင်ပါသည် ဘုရား။

(ထိုအခါ တောင်ငူ လောကုတ္တရာ ဆရာတော်က အမိန့်ရှိတော်မူသည်မှာ) ဘုရင် မင်းမြတ်သည် အရွယ်တော်အားဖြင့် နုပျိုသော်လဲ သာသနာတော်ကို အလေးပြုကာ သက်ဝင်သဖြင့် ဆရာတော်တို့ အထူးပင် နှစ်သက်ပါသည်၊ ဆရာတော် အမိန့်ရှိလိုသည်မှာ ယခု ဒဂုန်ဆံတော်ရှင်မှာ ရှေးရှိရင်းထီးများလည်း ဟောင်းနွမ်းပျက်စီးနေသည်ဖြစ်၍ ရွှေထီးအထွဋ်အသစ်တင်လှူရန် သင့်ပါသည်၊ ဘုရင်မင်းတရား၏ အမည်ဘော်မှာလည်း "ရွှေထီး" နိမိတ်ပါသဖြင့် ဤကဲ့သို့ ဒဂုန်ဆံတော်ရှင်၌ ရွှေထီးအသစ်တင်လှူပါလျှင် ဘုန်းတော်များလည်း ရွှေသို့ တိုးတက်ပွင့်လင်းရန် အမှန်ဖြစ်လိမ့်မည်။

(လောကုတ္တရာဆရာတော်၏ အမိန့်စကားကိုကြားရာ ဘုရင် တပင်ရွှေထီးသည် အလွန်နှစ်သက်တော်မူလှသဖြင့်) ယခု အမိန့်တော်စကားကို များစွာနှစ်သက်လှပါသည်ဘုရား၊ သတိပေးတော်မူသည်မှာ လွန်စွာကျေးဇူးတော်ကြီးမြတ်လှပါသည်၊ ယခုထွက်တော်မူရာတွင် ရွှေထီးအထွဋ်တင်လှူပူဇော်ပါမည်ဘုရား။

ဤကဲ့သို့ တိုင်ပင်တော်မူပြီးလျှင် ဒဂုန်သို့ ထွက်တော်မူရန် အခမ်းအနားကို ယောက်ဖတော် သျှင်ရဲထွတ်သို့ အလုံးစုံလွှဲပုံတော်မူလေသည်။ ။တောင်ငူတွင်ရှိသော သံဃာတော်များ ရာမညတိုင်းတွင်ရှိသော သံဃာတော်များကို ဒဂုန်ဆံတော်ရှင်ဘုရားသို့ ကြွတော်မူကြရန် မြို့စားအသီးသီးတို့က ဆိုင်ရာဆိုင်ရာ တင်ကြို၍ ပင့်လျှောက်ထားကြရ၏။ ။ဒဂုန် ဆံတော်ရှင်ဘုရား၌ တင်ရန်ဖြစ်သော ထီးကိုလည်း အတိုင်းအထွာ ပမာဏနှင့် ကျနညီမျှစွာရှိအောင် ဟံသာဝတီနေပြည်တော်၌ အဆောတလျှင် ပြုလုပ်တော်မူစေသည်၊ ထိုထီးတော်ကြီးမှာ အတွင်းကကြေးအပြင်ကရွှေသားအတိဖြင့် ပြုလုပ်တော်မူစေသည်၊ နဝရတ် ကိုးပါးကိုလည်း စီချယ် မွမ်းမံစေသည်။

အရပ်ရပ်ကိစ္စများ ပြီးစီးသောအခါ ကုန်းတပ်ရေတပ်အစုံအလင်နှင့် ပွဲသဘင် ကျင်းပ၍ ထွက်တော်မူကြီးထွက်တော်မူသည်၊ ဘုရင် တပင်ရွှေထီးက ရွှေဖေါင်တော်စီး၍ ရေတပ်ကထွက်တော်မူလေသည်။ ။သျှင်ရဲထွတ်က ကုန်းတပ်ကို အုပ်ချုပ်၍ ကုန်းကြောင်းခရီးဖြင့် ဒဂုန်သို့ ထွက်ချီသည်။

ထွက်တော်မူရာ ရေတပ်အစီအစဉ်မှာ ရှေ့ဆုံးက ရွှေထီးတော်ကြီး တင်သော ထီးဖြူရုံဖေါင်တော်ကြီး၊ ထို့နောက် ဆရာတော်၊ သံဃာတော်တို့စီးသော ဖေါင်တော်ကြီး ထို့နောက် ရှေ့တော်ကထွက်သောရေတပ်၊ ထို့နောက် ဘုရင် တပင်ရွှေထီးစီးတော်မူသောရတနာရွှေဖေါင်တော်၊ ထို့နောက် နောက်တော်ကလိုက်သော ရေတပ်၊ ဤအစီအစဉ်အတိုင်း ထွက်တော်မူသည်၊ တူရိယာအစုံတို့ကိုလည်း ရေလမ်းတလျှောက်လုံး တငြိမ့်ငြိမ့်တီး၍ ပွဲသဘင်အစုံအလင်နှင့် ထွက်တော်မူသည်၊ ထွက်တော်မူသော သက္ကရာဇ်မှာ (၉၀၃) ကိုးရာ့သုံးခုနှစ်၊ ဝါဦးအချိန် ဖြစ်သည်။

ဒဂုန်မြို့သို့ ဆိုက်ရောက်တော်မူသောအခါ ရွှေထီးတင်ပွဲကြီးကို ခြိမ့်ခြိမ့်မွမ်းအောင် စီရင်ခင်းကျင်း၍ တင်တော်မူသည်၊ ဘုရင့်ဘုန်းတော်နှင့် ရာမညတတိုင်းလုံး လာရောက်ကြသည်နှင့် ထိုထီးတော်တင်ပွဲကြီးသည် အတိုင်းအဆ ပမာဏကို ကျနစွာ မပြောဆိုနိုင်အောင်ပင် ကြီးကျယ်လေသည်။ ။ဒဂုန်စေတီတော်ကြီး၏ စောင်းတန်းလေးဘက်တို့၌ အဆင်းအတက် လူပြည့်ကြပ်လှသဖြင့် စောင်းတန်းခြေရင်းက ဆင်တပ်ဖြင့် နှစ်ဘက်ညှပ်၍ထားရသည်။

(မှတ်ချက်။ ။ယခုခေတ်အခါ ဒဂုန်စေတီတော်ကြီး၏ ပွဲတော်အခါ၌ လူစည်ကားလှသည် ဆိုသော်လည်း တပင်ရွှေထီး၏ထီးတော်တင်ပွဲကြီးနှင့် နှိုင်းစာခဲ့ပါလျှင် ရယ်ဘွယ်ရာမျှသာ ဖြစ်ပေလိမ့်မည်၊ ထီးတော်တင်ပွဲကြီးပြီးစီး၍ အကြွင်းအကျန် လူများလောက်မျှ စည်ကားမည် မဟုတ်ချေ။ ။ထိုစဉ်အခါ ဘုရားဝတ္တကမြေလည်း လွန်စွာ ကျယ်ဝန်း လှပေသည်၊ စည်ချင်တိုင်း စည်ကားထိုက်ပါပေ၏။)

## "သံဃာတော် အစည်းအဝေးကြီး"

ထီးတော်တင်ပွဲကြီး ပြုလုပ်ဆဲအခါမှာပင် ခုနစ်ရက်တိုင်တိုင် မြန်မာရဟန်း၊ မွန်ရဟန်းတို့၏ အစည်းဝေးပွဲကြီးကိုလည်း ကျင်းပတော်မူသည်။ ။ကြွရောက် လာသမျှသော သံဃာတော်တို့အားလည်း ဆွမ်းသက်န်းမှစ၍ ရဟန်းတို့နှင့် သင့်လျော်သော ပစ္စည်းအလုံးစုံကို အကုန်လှူဒါန်းတော်မူသည်။ ။ထိုအခါ ရဟန်းတော်တို့မှာလည်း လာဘ်လာဘပေါများ၍ တောင်ပံ့ရာပုံ ယူ၍ မကုန်နိုင်အောင်ပင် ရှိတော်မူကြသည်။

ရာမညတိုင်း၌ အချို့သော မွန်ရဟန်းတို့သည် ဝိနည်းသိက္ခာနှင့် မညီမညွတ် ကျင့်ကြံနေထိုင်သည်များကို ဝိနည်းတော်နှင့်အညီ သံဃာတော်တို့က ဆုံးမကြရသည်။ရဟန်းတော်တို့၏ ကျင့်ဝတ်ဖြစ်သော ဝိနည်းငယ်လေးစောင်ကိုလည်း ရဟန်းဖြစ်သည်ကစ၍ အမြဲနှုတ်တက်ဆောင်ထားရန် ထိုသံဃာအစည်းအဝေးကြီးက ဆုံးဖြတ်တော်မူကြသည်။ ထိုအခါ သာသနာပြု ဘုရင်ကလည်း ဘုန်းကြီး၊ သာသနာတော်ကလည်း တက်သစ်စနေအလားကဲ့သို့ စည်ကားထွန်းတောက်

တုန်းအခါဖြစ်သောကြောင့် ရဟန်းတော်ရှိသမျှ အလုံးစုံ ညီညွတ်စွာ လိုက်နာ ကျင့်ကြံတော်မူကြသည်။

ထို သံဃအစည်းအဝေးကြီးတွင် ဘုရင်တပင်ရွှေထီးက ဤကဲ့သို့ လျှောက်ထားတော်မူသည်။

## "သာသနာတော်ရေးနှင့် စပ်လျဉ်း၍ တပင်ရွှေထီး၏ လျှောက်ထားချက်"

လျှောက်ထားပါသည်၊ ဆရာတော်, သံဃာတော်တို့ဘုရား။ တပည့်တော်သည် ရှေးရှေးက ဘေးလောင်းတော်, ဘိုးလောင်းတော်ဖြစ်သော သီရိဓမ္မာသောကမင်းတရားကြီး, ဒေဝါနံပိယတိဿမင်းတရားကြီး, ဒုဋ္ဌဂါမဏိမင်းတရားကြီး, အနော်ရထာမင်းတရားကြီးတို့ကဲ့သို့၊ သာသနဒါယကာ ဟူသောအမည်နှင့် ဘုရား့သာသနာတော်ကိုပြုစုရန် ငယ်ရွယ်စဉ်ကပင် စိတ်သန်လျက်ရှိပါသည်။

သာသနာတော်ကို ပြုစုနိုင်ခြင်းဆိုသည်မှာ သံဃာတော်အရှင်မြတ်တို့နှင့်တကွ၊ သာသနဒါယကာတို့ အစုံအညီပြုစုပါမှ ဖြစ်မြောက်နိုင်ပါသည်။ တပည့်တော်မှာ ပစ္စည်းလေးပါးတို့ဖြင့် သာသနာတော်ကို ချီးမြှင့်ထောက်ပံ့ကူညီခြင်း၊ အာဏာနှင့်ဆိုင်သောအချက်ပေါ်ပေါက်လျှင် အာဏာဖြင့် ကူညီထောက်ပံ့ခြင်း၊ သာသနာတော်ထမ်း ရဟန်းသံဃာတော်တို့၏ ချမ်းသာရန်အကြောင်းကို ရွက်ဆောင်ခြင်း၊ ဤအရေးကိစ္စတို့ဖြင့် ကူညီရန် တာဝန်ရှိပါသည်။

ရဟန်းတော်အရှင်မြတ်များကလည်း ဝိနည်းတရားတော်နှင့်အညီ သိတင်းသုံးနေထိုင်ကြပြီးလျှင် ကောင်းမှု၏စိုက်ပျိုးရာ လယ်ယာမြေကောင်းအဖြစ်နှင့် ညီညွတ်စွာကျင့်ကြံသိတင်းသုံးတော်မူကြရန် တာဝန်ရှိပါသည်။ လူဒါယကာတို့၏ ကုသိုလ်တရားပွါးများကြောင်းကို ကောင်းစွာ ရွက်ဆောင်တော်မူကြပါ။

သာသနာတော် မထွန်းကားသော အရပ်ဌာနတို့၌လည်း သာသနာတော် ထွန်းကားအောင် ရွက်ဆောင်တော်မူကြပါ။ ကူညီရန်လိုသော အရေးများကိုလည်း မိန့်ကြားတော်မူကြပါ။ သိမ်သမုတ်လိုသော မြေရာဌာန၊ ဘေးမဲ့ပေးလိုသော နေရာဌာန၊ သစ်,ဝါး,ကြိမ်,နွယ်,အုတ်,ကျောက်,မှစ၍ သာသနာတော်၏ အဆောက်အဦ ပြုလုပ်ဘွယ် မှန်သမျှတို့ကိုလည်း အကြောင်းကြားတော်မူပါလျှင် တပည့်တော်က အဆီးအတား အနှောက်အယှက်မရှိ ကူညီစောင့်ရှောက်ပါမည်။

ဘုရားဝတ္တကံ,ကျောင်းဝတ္တကံ,မှစ၍ ဝတ္တကံမြေများကိုလည်း ရှေးဟောင်းအမှတ်အသားအတိုင်း သာသနာ့မြေအဖြစ်ဖြင့် ရဟန်းတော်တို့က စောင့်ရှောက်တော်မူကြပါ၊ ဝတ္တကံမြေမျိုးနှင့် စပ်လျဉ်း၍ အခွန်အထုပ် ခွဲခန့်ကောက်ယူမိမည်ကို တပည့်တော် စိုးရိမ်ပါသည်ဘုရား။ ဤကဲ့သို့ ဘုရင်တပင်ရွှေထီးက သာသနာတော်ရေးနှင့်စပ်လျဉ်း၍လျှောက်ထားရာ၊ဆရာတော်, သံဃာတော်တို့ကလည်း များစွာ ဝမ်းမြောက်တော်မူကြလေသည်။

ဤကဲ့သို့ ဒဂုန်ဆံတော်ရှင်ကို ရွှေထီးအထွဋ်တင်လှူခြင်းမှစ၍ ဒဂုန်မြို့၌ သာသနာရေးနှင့်ဆိုင်သော မဟာပုညကုသိုလ်တော်ကြီးများကို ပြုလုပ်ပြီးစီးသောအခါ ဟံသာဝတီနေပြည်တော်

သို့ ပြန်လည်တော်မူသည်။ ဤကဲ့သို့ သာသနာတော်ရေးကို အထူး အားပေးတော်မူခြင်းဖြင့် ဆောင်ရွက်တော်မူသည်များကို ကြားသိတွေ့မြင်ကြရ၊ တိုင်းသူပြည်သား လူအများတို့နှင့်တကွ၊ ဆရာတော်, သံဃာမတော်အပေါင်းတို့က၊ ဘုရင်တပင်ရွှေထီး၏ ဘုန်းကြီးကြောင်းများကိုဆုတော်တောင်းကြလေသတည်း။

နေပြည်တော်သို့ ဆိုက်ရောက်တော်မူလေသောအခါ ယောက်ဖတော် သျှင်ရဲထွတ်ကိုခေါ်၍ "သီတင်းဝါလကျွတ်လျှင် ပြည်မြို့သို ကုန်းတပ်,ရေတပ်တို့ဖြင့် အကြီးအကျယ် ချီတော်မူမည်။ ဆင်,မြင်း,ဗိုလ်ပါ,စစ်ရိက္ခာနှင့် များစွာသောလက်နက်များကို အဆင်သင့်ရှိအောင် စီရင်ထားရမည်" ဟု အမိန့်တော်ရှိသည်နှင့် သျှင်ရဲထွတ်သည် ဘုရင့် အမိန့်တော်အတိုင်း မြို့စားအပေါင်းတို့ထံသို့ စေလွှတ်ပြီးလျှင် သီတင်းဝါလကျွတ်လျှင် ဆင်,မြင်း,ဗိုလ်ပါ,ရိက္ခာ, လက်နက်များ ပြည့်စုံအောင် စီရင်ခန့်ခွဲထားလေ၏။

---

# အခန်း (၃၄)

## "ပြည်ဘုရင်၏ အကြံအစည်များ"
## "ရခိုင်ဘုရင်နှင့် မဟာမိတ်ဆက်သွယ်ခြင်း"

ဘုရင်တပင်ရွှေထီးသည် ဘုန်းကြီးသည်ထက်ကြီး၍ နေမီးလရောင်ကဲ့သို့ တပြောင်ပြောင် ထွန်းတက်လေလေ၊ ပြည်ဘုရင်မှာ အနေကြပ်လေလေ ဖြစ်ရတော့သည်။မိမိမှာလည်း နန်းတက်ခါစဖြစ်သည်နှင့် အားကိုးရာဖြစ်သော မဟာမိတ်တို့ကို ရှာကြံရလေသည်။ အဝဘုရင်ကို အားကိုးအားထားပြုရပါသော်လည်းအမျိုးကလည်းမတူ၊ဘာသာအယူဝါဒကလည်းမတူ၊မိစ္ဆာဂျမ်းမျိုးဖြစ်လေသောကြောင့် လွှတ်၍ မယုံသာဘဲ ရှိလေသည်။ အကယ်၍ တပင်ရွှေထီး၏ရန်ကိုတွန်းလှန်ဖြိုဖျက်နိုင်စေကာမူ၊ အဝဘုရင် သိုဟန်ဘွားသည် မြန်မာတို့ကို ထောက်ထား ညှာတာမည် မဟုတ်ဘဲ ကေတုမတီ,ဟံသာဝတီနှင့်တကွ၊ မြန်မာနိုင်ငံ,တလိုင်းနိုင်ငံအလုံးစုံကို သိမ်းကျုံးအုပ်စိုးလိမ့်မည်။ ထိုအခါ မြန်မာအမျိုးနှင့် ဗုဒ္ဓသာသနာသည် များစွာ အောက်ကျသော အခြေသို့ဆိုက်လိမ့်မည်ဟူ၍ ပြည်ဘုရင်၏စိတ်ထဲမှာ အမြဲပင် ယုံမှားသက်ာဖြစ်၍နေလေ၏။

ထိုသို့ဖြစ်ခဲ့ပါလျှင် ဘုန်းကြီးဆဲဖြစ်နေသော ဘုရင်တပင်ရွှေထီး၏လက်အောက်သို့ ခိုဝင်ပါတော့လောဆိုပါလျှင် မိမိနောင်တော်ဘုရင်လက်ထက်က စစ်မက်ကြီးစွာ ဖြစ်ခဲ့သောကြောင့် မိမိလက်ထက်သို့ကျမှ လက်လျှော့၍ ခိုဝင်ရပါလျှင် ရာဇဝင်ရိုင်းရာ ကျမည့်အပြင်၊ နောင်တော်ဘုရင်ကိုလည်း ထောက်ထားရာမကျဖြစ်မည်စိုးသောကြောင့် ဘုရင်တပင်ရွှေထီး၏လက်အောက်သို့လည်း မဝင်နိုင်ခြင်းဖြစ်ရလေသည်။

ထို့ကြောင့် ပြည်ဘုရင်သစ်၏စိတ်ထဲ၌ မိမိနိုင်ငံနှင့် တစပ်တည်း စပ်လျက်ရှိသော ရခိုင်ဘုရင်နှင့်ပူးပေါင်းကာ မဟာမိတ်ဖွဲ့စည်းရန် အကြံဖြစ်ပေါ်လာလေ၏။ ဖြစ်ပေါ်လာသော

အကြံအတိုင်း ပြည်ဘုရင်မင်းခေါင်သည် နှမတော်ပဲခူးမိဖုယားကို အခမ်းအနားနှင့်တကွ ရခိုင်ဘုရင်ထံသို့ ဆက်သလေသည်။ ရခိုင်ဘုရင်လည်း ပြည်ဘုရင်၏နှမတော်ကို မြတ်နိုးတော်မူသဖြင့် မိဖုယားမြှောက်လေ၏။ ထိုမိဖုရားသည် ရခိုင်ပြည်သို့ရောက်ရာ၊ "တန်းဆောင်း မိဖုရား"ဟု တွင်လေသည်။

(မှတ်ချက်။ ။ရခိုင်ဘုရင်သို့ ဆက်သသော မင်းသမီးသည် ရှေးဦးစွာ ဟံသာဝတီဘုရင်သူ့ရှင်၏ မိဖုယားဖြစ်သည်။ မိဖုယားနှစ်ကြိမ် ဖြစ်ရသည်။ မြန်မာဘုရင်က ရခိုင်ဘုရင်သို့ဆွေတော်မျိုးတော် ဆက်လက်သည်မှာ ရာဇဝင်၌ ဤတချက်မျှသာ တွေ့ကြုံပေသည်။ စစ်ရေးအတွက်ကြောင့် နှမတော်ကို ဆက်ရလေသည်မှာ၊အရည်အခြင်းညွံ့ရာ ကျလေသည်။)

ရခိုင်ဘုရင်ကလည်း မြန်မာမင်းသမီးကိုရလေရာ၊ လွန်စွာမြတ်နိုးသဖြင့် "မစိုးရိမ်နှင့်၊အရေးအကြောင်းရှိပါလျှင် လျှင်မြန်စွာ အကြောင်းကြားပါ၊ ရခိုင်၏ အင်အားနှင့် ကူညီပါမည်။ တပင်ရွှေထီး၏ရန်ကိုလည်း ကူညီ၍ တွန်းလှန်ဖြိုဖျက်ပါမည်"ဟု ဂတိထားလေ၏။ ပြည်ဘုရင်မှာလည်း ရခိုင်ဘုရင်၏ အင်အားကိုရသည်နှင့် ရှေးကထက်ပင် အားတမျိုးရှိ၍ တပင်ရွှေထီးရန်ကို တွန်းလှန်နိုင်လိမ့်မည်ဟူ၍ အထင်ရောက်လေသည်။

## "ပြည်မြို့သို့ ဒုတိယအကြိမ် အကြီးအကျယ် ချီတက်ခြင်း"

ဘုရင်တပင်ရွှေထီးသည် သီတင်းဝါလကျွတ်လျှင် ချီတော်မူမည်ဟု ယောက်ဖတော် သျှင်ရဲထွတ်သို့ကြိုတင်အမိန့်ရှိထားသော်မူသောအတိုင်း သက္ကရာဇ်(၉၀၃)ခု၊ ကိုးရာ့သုံးခု တန်ဆောင်မုန်းလဆန်းတွင် ကုန်းတပ်,ရေတပ်,အစုံအညီ ပြင်ဆင်ပြီးစီးရှိလေ၏။ ဤအကြောင်းကို သျှင်ရဲထွတ်က သံတော်ဦးတင်ရာ ဘုရင်တပင်ရွှေထီးသည် ကုန်းတပ်, ရေတပ်,အစုံအညီနှင့် ပြည်မြို့သို့ အကြီးအကျယ်ချီတက်တော်မူသည်။ ဘုရင်တပင်ရွှေထီးက ရေတပ်ကြီးကို အုပ်ချုပ်၍ ချီတော်မူသည်။ သျှင်ရဲထွတ်က ကုန်းတပ်ကြီးကိုအုပ်စီး၍ ချီတော်မူသည်။

## "ချီတက်တော်မူသော အစီအစဉ် အခမ်းအနား"

ရေတပ်တွင် ရှေ့တော်က လှေတပ်(၆)တပ်ချီရသည်။ ထို့နောက် ဘုရင်တပင်ရွှေထီးသည် ဘုံ ၁၁-ဆင့်ရှိသော ရွှေဖောင်တော်ကြီးကို စီး၍ လှေတပ်မတော်ကြီးဘဲ့ကာ ချီတော်မူသည်။ ရွှေဖောင်တော်ကြီးနောက်က လှေတပ်(၆)တပ် လိုက်ပါရသည်။ ရေတပ်မှာတပ်မတော်ကြီးနှင့်တကွ တပ်ပေါင်း ၁၃-တပ်ရှိသည်။ ထိုရေတပ်တွင် လှေကြီး, လှေငယ်ပေါင်း(၁၃၇၀) ထောင့်သုံးရာ့ခုနစ်ဆယ်ပါသည်။ ရေတပ်စစ်သည် သူရဲကောင်းပေါင်း (၉၀၀၀၀)ကိုးသောင်းပါသည်။

ကုန်းတပ်တွင် ခြေချင်တပ်ပေါင်း ၅-တပ်၊ မြင်းတပ်ပေါင်း ၅-တပ်၊ ဘုရင့်နောင်ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်၏ တပ်မတော်ကြီး တတပ်၊ ကုန်းတပ်ပေါင်း ၁၁-တပ်ပါသည်။ မြင်းတပ်၅-တပ်ကို ရှေ့ကချီတက်စေ၏။ ထိုနောက် သျှင်ရဲထွတ်၏ တပ်မတော်ကြီး၊ ထိုနောက် ခြေချင်တပ်ငါးတပ် အစဉ်အတိုင်း ကုန်းကြောင်းချီသည်။ ကုန်းတပ်၌ပါရှိသော ဗိုလ်ပါ, ဆင်,

မြင်း,အင်အားမှာ တိုက်ဆင်(၃၀၀)၊ စစ်မြင်း(၂၅၀၀)၊ စစ်သည်သူရဲကောင်း(၈၀၀၀၀) ရှစ်သောင်းပါသည်။ ရေတပ်, ကုန်းတပ်, နှစ်ခုလုံးတို့မှာ ဗိုလ်ပါအင်အား အလွန်များလှပေသည်။

ဟံသာဝတီမြို့တော်တွင် အထိန်းတော် သတိုးဓမ္မရာဇာနှင့် အမတ်ကြီး သက်ရှည်ကျော်ထင်တို့ကိုမြို့စောင့်ထားခဲ့လေသည်။ရေတပ်,ကုန်းတပ်,ချီတက်သောအင်အားမှာ လွန်စွာများပြားလှသဖြင့် ရေလမ်းတလျှောက်၊ ကုန်းလမ်းတလျှောက်တွင် တအုံ့တည ပြော၍ မဆုံးနိုင်အောင် ချီးမွမ်းကြလေသည်။

## "ပြည်ဘုရင်၏ ထိတ်လန့်ခြင်း"

ပြည်ဘုရင်မင်းခေါင်သည် ဟံသာဝတီမှ ဘုရင်တပင်ရွှေထီးသည် အကြီးအကျယ် ကုန်းရော, ရေရော, သောသော,ကြွက်ကြွက်, ချီလာပြီဟုကြားလေရာ၊ လွန်စွာ ထိတ်လန့်ခြင်း ဖြစ်သဖြင့် အဆောတလျင် ပြည်မြို့ကိုပြင်ဆင်၍ ရိက္ခာများကိုလည်း အလုံအလောက် သွင်း၍ထားလေ၏။ အဝဘုရင်သိုဟန်ဘွားနှင့်တကွ အုန်းပေါင်းစော်ဘွား, နောင်မွန်စော်ဘွား, ရပ်စောက်စော်ဘွား, သုံးဆယ်စော်ဘွားများ,ထံသို့ အလျင်အမြန်မြင်းစေကျော် စေလွှတ်၍ စစ်ကူပါမည့်အကြောင်းနှင့် တောင်းပန်ရလေ၏။

ယောက်ဖတော် ရခိုင်ဘုရင့်ထံသို့လည်း "တပင်ရွှေထီးချီလာပါပြီ၊ ဗိုလ်ပါ,ဆင်,မြင်း, အလုံအလောက်နှင့် ပြည်မြို့သို့ ချီလာပါ"ဟု တမန်စေလွှတ်၍အကြောင်းကြားကြရလေ၏။

ပြည်ဘုရင်ကိုကူညီရန် ဂတိထားကြသော အဝဘုရင် သိုဟန်ဘွားနှင့် ရှမ်းစော်ဘွားတို့လည်း အညီအညွတ်တိုင်ပင်ကြပြီးလျှင် တိုက်ဆင်(၈၀၀)၊ စစ်မြင်း(၁၀၀၀၀)၊စစ်သည် သူရဲကောင်း(၁၆၀၀၀)နှင့် ကုန်းကြောင်းခရီးဖြင့် ပြည်မြို့သို့ ချီတက်လာကြသည်။ အဝဘုရင်သိုဟန်ဘွားနှင့် ရှမ်းစော်ဘွားတို့ ချီလာကြရာ၌ပါရှိသော ဗိုလ်ပါ,ဆင်,မြင်း,တို့၏အင်အားသည်လည်း လွန်စွာများပြားလှပေသည်။ စော်ဘွားတို့၏အကြံအစည်မှာ "သည်တကြိမ်ထဲနှင့် တပင်ရွှေထီးကို ခြေမှုန်း၍ပစ်မည်။ တပင်ရွှေထီး၏ရန်ကို တွန်းလှန်ဖြိုဖျက်ပြီးသောအခါ၊ ရှမ်းတို့၏အာဏာကို မြန်မာတနိုင်ငံလုံး နှံ့ပြားစေမည်"ဤကဲ့သို့သော အကြံမျိုးနှင့် အားကြိုးမာန်တက် ချီ၍လာကြခြင်းဖြစ်လေသည်။

## "ရခိုင်ကချီတက်လာခြင်း"

ယောက်ဖတော်ပြည်ဘုရင်က စစ်ကူတောင်းသောကြောင့် ရခိုင်ဘုရင်ကလည်း စိတ်ရောမာန်ပါ ကုန်းတပ်,ရေတပ်,များကို အဆောတလျင်စီစဉ်၍ ပြည်မြို့သို့စေလွှတ်တော်မူသည်။ စေလွှတ်ပုံအစီအစဉ်မှာ ကုန်းတပ်တွင် ညီတော်သံတွဲမြို့စားကို အုပ်ချုပ်စေ၍ တိုက်ဆင်(၁၀၀)၊ စစ်မြင်း(၂၀၀)၊ စစ်သူရဲပေါင်း(၅၀၀၀၀)နှင့် ရခိုင်တောင်ရိုးကို ဖြတ်ကျော်၍ ချီတက်လာစေသည်။ ရေတပ်တွင် သားတော် အိမ်ရှေ့ဥပရာဇာကိုအုပ်ချုပ်စေ၍ စစ်လှေပေါင်း(၇၀၀) ရေတပ်စစ်သည်ပေါင်း(၇၀၀၀၀)နှင့် နဂရစ်တောင်ကို လွှဲ၍ မော်တင်ကရာဇ်လမ်းက ချီစေသည်။ ရခိုင်က ရေတပ်,ကုန်းတပ်,အစုံအညီစစ်ကူစေလွှတ်ကြောင်းကို ရခိုင်ဘုရင်၏ ညီတော်က

စာရေး၍ သူရသတ္တိနှင့် ပြည့်စုံသော ရခိုင်သား ငါးယောက်ကို ပြည်မြို့သို့ ကုန်းကြောင်း ခရီးဖြင့် လျှို့ဝှက်၍ စေလွှတ်သည်။

## "ပြည်မြို့ကို ဝန်းရံတော်မူခြင်း"

ရေတပ်၊ ကုန်းတပ်၊ အစုံအညီနှင့် ချီတော်မူလေသော ဘုရင်တပင်ရွှေထီးတည် ပြည်မြို့သို့ ဆိုက်ရောက်တော်မူလေရာ၊ ရေတပ်၊ ကုန်းတပ်၊ နှစ်ဘက်ညှပ်၍ လုပ်ကြံတော်မူလေ၏။ ပြည်ဘုရင် လည်း မြို့ကိုခိုင်လုံစွာ ပြင်ဆင်၍ မြို့ရိုးထိပ်က အမြောက်၊ စိန်၊ ပြောင်း တင်ပြီးလျှင် အစွမ်း ရှိသမျှ ခံလေသောကြောင့် ရုတ်တရက် အောင်မြင်တော်မမူဘဲ ရှိလေသည်။ ပြည်မြို့က ခုခံ တိုက်ခိုက်ကြသော သူရဲတို့လည်း ထိုပွဲမှာ အထူးပင် စွန့်စားကြလေသည်။

ဘုရင်တပင်ရွှေထီးက ရုတ်တရက် အောင်မြင်တော်မူရန် အရေးကြီးတော်မမူသေးဘဲ "ပြည်မြို့ကို ငါတို့ ဝိုင်းဝန်းမိပြီ၊ သူတို့ခုခံနိုင်သမျှ ခုခံစေတော့၊ တနေ့နေ့တွင် ငါ့လက်တော်သို့ အမှန်ရောက်ရမည်။ ပြည်မြို့သည် ဘယ်သို့ထွက်ပြေးနိုင်မည်လဲ။ ရံမြဲအတိုင်းဝန်းရံ၍သာ နေကြရ မည်"ဟု မိန့်ဆိုတော်မူလေ၏။

## "ရှမ်းစော်ဘွားတို့၏ ရန်ကို တွန်းလှန် ဖြိုဖျက်တော်မူခြင်း"

ပြည်မြို့ကိုဝန်းရံ၍ နေတော်မူသည့်အတောအတွင်းမှာပင် အဝ-ဘုရင်သိုဟန်ဘွားနှင့် တကွ စော်ဘွားငါးဦးတို့ ဗိုလ်ပါအင်အားများစွာနှင့် ချီတက်လာကြရာ ပြည်မြို့နှင့် နီးပြီဟူ၍ ဘုရင် တပင်ရွှေထီးကြားတော်မူလေသော် မှူးတော်၊ မတ်တော်၊ အပေါင်းတို့ကိုခေါ်၍ တိုင်ပင်တော်မူ သည်တွင်၊ ဘုရင့်နောင် ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်က လျှောက်တင်သည်မှာ၊ ယခု စော်ဘွားတို့ ချီလာရာမှာ ဗိုလ်ပါ၊ ဆင်၊ မြင်း၊ များသော်လည်း စိုးရိမ်ဘွယ်မရှိပါ၊ ရှမ်းတို့သည် ဆင်စီး မကျင်လယ်ကြပါ၊ မြင်းစီးမှာ သင့်လျော်ပါ၏။ ခြေချင်တပ်သားများမှာလည်း မြန်မာတို့ ကဲ့သို့ စစ်ရေးစစ်ရာမှာ မကျင်လယ်ကြပါ၊ ကျွန်တော်တို့က ဆင်တပ်ကို အားပြု၍ ဖြိုဖျက်ပါ မည်။ ပြည်မြို့သို့မရောက်ခင် တစခန်းကကြိုတင်၍ တိုက်ခိုက်ပါမည်။ ရှမ်းတို့သည် ပြည်မြို့သို့ မရောက်ဘဲ ပြန်၍ ပြေးကြပါလိမ့်မည်ဟု ရဲဝံ့စွာ လျှောက်တင်လေရာ။

သျှင်ရဲထွတ်၏ လျှောက်တင်ချက်ကို ကြားတော်မူရာ များစွာ နှစ်သက်တော်မူသည်နှင့်၊ "သင့်အောင်သာ စီရင်တိုက်လေတော့"ဟု အမိန့်တော်ပေးလေ၏။ ဤကဲ့သို့ အမိန့်ပေးတော်မူ လေသောအခါ၊ ရှမ်းတို့ကို ဆီးကြို၍ တိုက်ခိုက်ရန် ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲကောင်း တို့ကို အထူးရွေးချယ်ပြီးလျှင် သျှင်ရဲထွတ်က တပ်သုံးကြောင်းစီရင်လေ၏။

လက်ျာကြောင်းတပ်တွင် မြင်းတပ်နှစ်တပ်၊ ခြေချင်တပ်လေးတပ်၊ ထိုဘပ်ပေါင်းခြောက် တပ်တွင် တိုက်ဆင်(၅၀)၊ စစ်မြင်း(၇၀၀)၊ စစ်သည်သူရဲပေါင်း(၃၀၀၀၀)ပါသည်။ လက်ဝဲ ကြောင်းတပ်တွင်လည်း ရှေးနည်းအတိုင်း ခြောက်တပ်ဘွဲ့၍ ချီတက်စေသည်။ ဆင်၊ မြင်း၊ ဗိုလ်ပါ၊ လည်း အညီအမျှပင် ဖြစ်သည်။

အလယ်ကြောင်း ချီသောတပ်မှာလည်း ရှေးနည်းအတိုင်းပင် ခြောက်တပ်ခွဲ၍ချီတက်သည် ဆင်မြင်းဗိုလ်ပါလည်း အညီအမျှပင်ပါသည်။ ရှမ်းတို့ကို ဖြိုဖျက်ရန်ချီတက်လာသောတပ်ပေါင်း(၁၈)တပ်၌ တိုက်ဆင်ပေါင်း(၁၅၀) စစ်မြင်း(၂၁၀၀) စစ်သည်သူရဲပေါင်း(၉၀၀၀၀) ပါသည်။ အလယ်ကြောင်းတပ်၌ သျှင်ရဲထွတ်အုပ်ချုပ်၍ လိုက်ပါတော်မူသည်။ မြင်းတပ်များကို ရှေ့ကချီတက်စေ၏။

ပြည်မြို့ကထွက်၍ တစခန်းရောက်လေသောအခါ ပါလာသောတိုက်ဆင် (၁၅၀) ကို အားရှိသည်ထက် ရှိအောင်ရေမှာ စိမ်၍ထားစေ၏။ မြင်းတပ်ခြောက်တပ်ကို ကင်းထိုးစုံစမ်းရန် ရှေ့သို့လွှန်၍ချီတက်စေသည်။ခြေချင်တပ်များကို လက်ဝဲ,လက်ျာနှစ်ဘက် ခွဲ၍တပ်မြုပ်ထားသည်။

ချီတက်လာသော မြင်းတပ်များသည် ရှမ်းစော်ဘွားတို့၏ တပ်ကိုတွေ့ရာ သျှင်ရဲထွတ်ထံသို့ "ရှမ်းတို့ချီလာပါပြီ"ဟု အမြန်လာရောက် လျှောက်တင်ကြလေ၏။ ။မြင်းတပ်များက စစ်ရေးငင်လေရာ ရှမ်းတပ်များက အတင်းလိုက်လာကြသည်။

## "ဆင်တပ် တိုက်ပွဲကြီး"

သျှင်ရဲထွတ်စီစဉ်ထားသော လက်ဝဲလက်ျာတပ်နှစ်ခုအတွင်းသို့ ရှမ်းတပ်ကြီးဝင်ရောက်လာရာ ရေမှာစိမ်ထားသော ဆင်ပေါင်း(၁၅၀)ကို မြစ်ကမ်းပါးကိုတင်ပြီးလျှင် ထိုဆင်တို့အပေါ်၌ အမြောက်ငယ်များကိုတင်စေ၏။ ။ထိုနောက်ဆင်စီးသူရဲ အစုံအလင်နှင့် စော်ဘွားတို့ချီလာသောစစ်တပ်သို့ ချိန်ရွယ်ပြီးလျှင် ပစ်ခတ်ကြလေ၏။ ။ဆင်တပ်ဖြင့် ပစ်ခတ်တိုက်ခိုက်ရာ စော်ဘွားတို့၏ စစ်တပ်သည် နှစ်ကြိမ်သုံးကြိမ် ပျက်သွားလေ၏။ သို့ရာတွင်လက်မလျှော့ဘဲ၊ အတင်းစည်းရုံး၍ တက်လာကြပြန်သည်။

ထိုအခါသျှင်ရဲထွတ်က တိုက်ဆင်ပေါင်း (၁၅၀)ကို သုံးကွဲခွဲ၍ တပြိုင်နက်တချက်တဲ စော်ဘွားတို့၏ ဆင်တပ်ကြီး တဟုန်တည်းတိုးဝင်၍ နင်းလေရာ စော်ဘွားတို့၏ ဆင်များက လုံးရပ်သဏ္ဍာန်ငယ်နေသောကြောင့် အစွယ်ချင်းဆိုင်၍ မရက်ဝံ့ကြဘဲ နောက်သို့ဆုတ်လှဲကာပြေးကြလေ၏။ ရှမ်းတို့စီးသော အချို့ဆင်များလည်း မြန်မာဆင်တပ်များနှင့်တွေ့ရာ တုံးခနဲ့, တုံးခနဲ, လဲကြလေ၏။ ဆင်တပ်ကြီးပျက်စီးသည်ကိုမြင်ရာ စော်ဘွားတို့၏မြင်းတပ် ခြေချင်တပ်များလည်း ရှေ့သို့မတက်ဝံ့ဘဲ အတင်းလှဲ့၍ ပြေးကြလေသည်။ ထိုအခါစော်ဘွားတို့၏ တပ်ကြီးသည်။ အုပ်စီး၍မရဘဲ ပျားအုံကြီးပျံသကဲ့သို့ ဘရမ်းဘတာ ပျက်စီးသွားလေသည်။

သျှင်ရဲထွတ်၏ မြင်းတပ်ခြောက်တပ်က ဆုတ်၍ပြေးသော ရှမ်းတပ်များကို အတင်းဘိ၍လိုက်လေရာ သုံးဆယ်စော်ဘွား၊ ရပ်စောက်စော်ဘွား၊ နောက်မွန်စော်ဘွားတို့ကို ဆင်နှင့်တကွဖမ်းမိလေ၏။ ပြေးမိပြေးရာပြေးသော ရှမ်းတို့ကို သျှင်ရဲထွတ်၏ မြင်းတပ်များက ထိုးခုတ်ပစ်ခတ်ခြင်းကိုပြုရာ ရှမ်းပေါင်းများစွာ သေကြေပျက်စီးကြရှာလေသည်။ ။ထိုတိုက်ပွဲကြီး၌ တိုက်ဆင်(၆၀) စစ်မြင်းသုံးရာကျော် လူပေါင်းနှစ်ထောင်ကျော် ရတော်မူလေသည်။

ဤကဲ့သို့ ဆင်တပ်ဖြင့်တိုက်၍ ရှမ်းစော်ဘွားတို့ကို အောင်ပြင်တော်မူရာ သျှင်ရဲထွတ်က မြင်းတပ်များကို ခရီးလွန်အောင်မလိုက်စေဘဲ ယုတ်သိမ်းပြန်လည် လာစေပြီးလျှင် **စစ်ပွဲ၌ဖမ်း**

မိသောလူသူဆင်မြင်းသံ့ပန်းများကို သိမ်းယူပြီးလျှင် ပြည်မြို့သို့ပြန်လာခဲ့၏။ သျှင်ရဲထွတ်၏တပ်များနှင့် ရှမ်းစော်ဘွားတို့ တိုက်ခိုက်သည်များကို ပြည်မြို့အတွင်းက မသိကြကုန်။ ထိုသို့မသိခြင်းမှာလည်း အံ့ဩဘွယ်ရာမဟုတ်ချေ ပြည်မြို့ကိုအလုံးစုံ ဝန်းရံ၍ထားသောကြောင့်တည်း။

သျှင်ရဲထွတ်သည် စော်ဘွားတို့ကိုအောင်မြင်၍ ယူဆောင်ခဲ့သော သံ့ပန်းအများနှင့်တကွ ဘုရင်-တပင်ရွှေထီး၏ ရှေ့တော်သို့ဝင်၍ စစ်အောင်မြင်ပုံအကြောင်း အလုံးစုံကို လျှောက်တင်ပြီးလျှင်၊ စစ်ပွဲမှဖမ်း၍လာခဲ့သော သံ့ပန်းများကို ဆက်သလေရာ ဘုရင်တပင်ရွှေထီးက လွန်စွာအားရတော်မူလှသောကြောင့် ဗိုလ်ပုံပရိသတ်တို့အလယ်၌ အထူးအဖြင့် ချီးမွမ်းတော်ပြီးလျှင် စစ်ပွဲမှရခဲ့သော ဆင်အစီး(၂၀) စစ်မြင်း(၅၀) လူ(၂၀၀၀) ကျော်တို့ကို သျှင်ရဲထွတ်အားပေးသနားတော်မူသည်။

## "စစ်ကူလာကြသော စော်ဘွားတို့ကို အောင်မြင်ကြောင်း"

ရှမ်းစော်ဘွားတို့သည် တပ်ပျက်၍ ဘရမ်းဘတာ ထွက်ပြေးကြရကြောင်းများကို ပြည်ဘုရင်နှင့်တကွ ပြည်မြို့တမြို့လုံးသိအောင် ပြည်မြို့အတွင်းသို့ စာရေး၍သွင်းတော်မူစေသည်။ ထိုစာများကိုတွေ့မြင်မှ ပြည်မြို့အတွင်း၌ရှိနေကြသော လူအပေါင်းတို့ အကြောင်းမျိုးစုံကို သိကြသည်။ စစ်ကူလာသော ရှမ်းစော်ဘွားတို့ ဆုံးရှုံးထွက်ပြေးကြရသောအကြောင်းကိုသိသော်လည်း ပြည်ဘုရင်က အားမလျှော့သေး။ ယောက်ဖတော်ရခိုင်ဘုရင်က စစ်ကူလွှတ်လိမ့်မည်ဟု ရခိုင်က လာမည့် စစ်ကူကိုသာ မျှော်လင့် အားကိုး၍ နေတော်မူပြန်သည်။ ပြည် ဘုရင်သည် လွန်စွာ ကောင်းပေစွ။

## "ရခိုင်စာကိုဖမ်းမိခြင်း"

ရခိုင်ဘုရင်၏ညီတော် သံတွဲမြို့စားက ပြည့်ဘုရင်ထံသို့စေလွှတ်၍စာအပို့ခိုင်းသော ရခိုင်သား ငါးယောက်တို့ကို ဘုရင်တပင်ရွှေထီး၏ တပ်တော်သားများက စာနှင့်တကွ ဖမ်းမိကြလေ၏။ ထိုဖမ်းမိသော ရခိုင်သား ငါးယောက်တို့ကို ရှေ့တော်သို့ သွင်းလေရာ၊ စာ၌ ပါရှိသော အကြောင်းအရာ အလုံးစုံကို အကုန်သိရှိတော်မူလေသည်။ဖမ်းမိသောစာ၌ပါရှိသော အဓိပ္ပါယ်မှာ "ရခိုင်ဘုရင်က ပြည်ဘုရင်ထံသို့ ကုန်းတပ်၊ ရေတပ်၊ အစုံအညီ စေလွှတ်လိုက်ကြောင်း၊ တပင်ရွှေထီး၏ရန်အတွက် မစိုးရိမ်ရထိုက်ကြောင်း"များ ဖြစ်လေသည်။

ဘုရင်တပင်ရွှေထီးက "ရှေ့တော်တွင် ရခိုင်သားများကို စစ်ကြောရမည်"ဟု မိန့်တော်မူသောကြောင့် သျှင်ရဲထွတ်က ဖမ်းမိထားသော ရခိုင်သား ငါးယောက်တို့ကို စစ်ဆေးတော်မူသည်။

(ရဲထွတ်) ပြည်ဘုရင်ထံသို့စာပို့ရန် ဘယ်သူကစေလွှတ်သလဲ။

(ရခိုင်သားများ) ရခိုင်ဘုရင်၏ညီတော် သံတွဲမြို့စားမင်းသားက စေလွှတ်၍ ဘုရား့ကျွန်တော်များ လာရောက်ရပါသည်။

(ရဲထွတ်) ပြည်ဘုရင်ထံသို့ စစ်ကူရန်လွှတ်သော ရခိုင်တပ်များသည် ရေတပ်လား၊ ကုန်းတပ်လား။

(ရခိုင်သားများ) ရေတပ်ရော့ကုန်းတပ်ရော အစုံအလင်ဖြစ်ပါသည်။

(ရဲထွတ်) ရေတပ်ကို ဘယ်သူအုပ်ချုပ်၍ ချီတက်လာပါသလဲ။

(ရခိုင်သားများ) ရခိုင်ဘုရင်၏သားတော် အိမ်ရှေ့ ဥပရာဇာကိုယ်တိုင် အုပ်ချုပ်၍ ချီတက်လာပါသည်။

(ရဲထွတ်) ရေတပ်မှာ အင်အားဘယ်မျှရှိသလဲ။

(ရခိုင်သားများ) စစ်လှေအကြီး့အငယ် (၇၀၀) ရှိပါသည်။ ရေတပ် စစ်သည်ပေါင်း (၇၀၀၀၀)ရှိပါသည်။

(ရဲထွတ်) ရေတပ်များက ဘယ်မြို့ကိုစတင်၍တိုက်ရန် ကြံစည်ရင်းရှိသလဲ။

(ရခိုင်သားများ) ရေတပ်များသည် မော်တင်စွန်းကိုလှဲ့၍ မြောင်းမြနှင့်ပုသိမ်သို့ ဦးစွာဝင်ရောက်တိုက်ခိုက်ရန် အကြံရှိပါသည်။ထိုနောက် ဒလနှင့်ဒဂုန်မြို့များကိုတိုက်ရန် ကြံစည်ပါသည်။ ထိုနောက် ဧရာဝတီလမ်းဖြင့် ပြည်မြို့သို့တက်ရန် ကြံစည်ရင်းရှိပါသည်။ ဟံသာဝတီက မြန်မာရေတပ်များသည် ပြည်မြို့သို့ချီနှင့်ကြပြီဖြစ်၍ ပုသိမ့်မြောင်းမြ့ဒလ့ဒဂုန်တို့ကို လွယ်ကူစွာနှင့် အောင်မြင်လိမ့်မည်ဟူ၍ ရခိုင်ဘုရင်က တွက်ကိန်းအသေအချာ ကိုက်ထားပါသည်။

(ရဲထွတ်) ကုန်းတပ်ကို ဘယ်သူအုပ်ချုပ်၍ ချီတက်သလဲ။

(ရခိုင်သားများ) ရခိုင်ဘုရင်၏ညီတော် သံတွဲမြို့စား မင်းသား ကိုယ်တိုင် အုပ်ချုပ်၍ ချီတက်လာပါသည်။

(ရဲထွတ်) ကုန်းတပ်မှာ ဗိုလ်ပါ့ဆင့်မြင်း ဘယ်မျှလောက်ပါသလဲ။

(ရခိုင်သားများ) ကုန်းတပ်မှာတိုက်ဆင်(၁၀၀)၊ စစ်မြင်း(၂၀၀)၊ စစ်သည်သူရဲပေါင်း (၅၀၀၀၀)နှင့် ချီတက်လာပါသည်။

(ရဲထွတ်) ဘယ်လမ်းက ချီတက်လာပါသလဲ။

(ရခိုင်သားများ) ဉယျာဉ်ပုလမ်းက ချီတက်လာပါသည်။

ရခိုင်သားငါးယောက်တို့၏ ရှေ့တော်၌ ထွက်ချက်များကို ကြားသိတော်မူသောအခါ၊ ဘုရင်တပင်ရွှေထီးသည် ကုန်းတပ်ထက် ရေတပ်ကို စိုးရိမ်ရသောကြောင့် ပုသိမ်မြို့စား့ မြောင်းမြမြို့စား့ခဲပေါင်းမြို့စား့ဒလမြို့စားတို့ကို ခေါ်တော်မူပြီးလျှင် "ယခုရခိုင်က ချီတက်လာသော ရေတပ်အင်အား ကြီးမားသည်၊ ငါတို့ရေတပ်များလည်း ပြည်မြို့သို့ အကုန်ရောက်နေကြသည်။ ရခိုင်ရေတပ်များ အလျှင်တဆော ရောက်လာလျှင် အရေးတော် ပျက်ပြယ်ပြယ် ရှိမည့်အတွက် စိုးရိမ်တော်မူသည်။ ရခိုင်ရေတပ်များကို နိုင်မိအောင် ကိုယ့်မြို့သို့ အလျှင်အမြန် ကိုယ့်ရေတပ်နှင့်ပြန်၊ အခိုင်အလုံအုပ်ချုပ်ကြရမည်" ဤသို့ အမိန့်တော်ရှိသည်နှင့် မြို့စားလေးဦးတို့တည်း မိမိတို့မြို့သို့ အလျှင်တဆော ပြန်သွားကြရကုန်၏။

## "ရခိုင်ပြည်က ချီလာသောကုန်းတပ်ကို နှိပ်နင်းရန်စီမံခြင်း"

ထိုနောက် ဘုရင်တပင်ရွှေထီးသည် ယောက်ဖတော် ကျော်ထင်နော်ရထာမှစ၍ မှူးမတ်အပေါင်း အစုံအညီနှင့် တိုင်ပင်တော်မူသည်မှာ "ယခုရခိုင်က ကုန်းတပ့်ရေတပ် နှစ်ဘက်ညှပ်

၍ ချီလာသည်မှာ ဗိုလ်ပါအင်အား များပြားသည်ဟု ကြားတော်မူရသည်။ ပြည်မြို့က ခွါ၍ ရေအား၊ ကုန်းအား အစုံအညီတိုက်မှသင့်မည်လား၊ သို့မဟုတ် စော်ဘွားတို့ကို တိုက်ခိုက်သကဲ့သို့ ပြည်မြို့ကိုရံမြဲရံထားပြီးလျှင် ဗိုလ်ပါတချို့ကိုခွဲ၍ ဆီးကြို တိုက်ခိုက်လျှင်သင့်မည်လား၊ ထင်မြင်ချက်အတိုင်း လျှောက်တင်ကြစေ” ဤသို့ အမိန့်ရှိတော်မူသည်။

ထိုအခါ မှူးမတ်အပေါင်းတို့က မိမိထင်မြင်ချက်အတိုင်း အမျိုးမျိုးပင် လျှောက်တင်ကြသည်။ ထိုနောက် ဘုရင့်နောင်ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်က အဆုံးစွန် လျှောက်တင်သည်မှာ “သည်အရေးကို စိုးရိမ်တော် မမူပါနှင့်ဘုရား၊ ဘုရားကျွန်တော်၏ တာ၀န်ရှိပါစေ၊ ဘုန်းတော်ကြီးလှသောဘုရားမှာ ပြည်မြို့ကို ရံမြဲတိုင်း၀န်းရံ၍ ရွှေပေါင်တော်မှာပင် စံတော်မူပါ။ ရခိုင်ကချီလာသော အိမ်ရှေ့ဥပရာဇာနှင့် သံတွဲမြို့စားတို့မှာ ကိုယ့်နိုင်ငံအရေး မဟုတ်၍ စွန့်စွန့်စားစား ကြိုးစားမည်မဟုတ်ပါ။ ကိုယ့်အမှုမဟုတ်၊ သူ့အမှုဖြစ်၍ စစ်ရေး ညိုခနဲရှိလျှင် အမှန်ဆုတ်ခွာကြပါလိမ့်မည်။ ရခိုင်သားတို့သည် ကုန်းတပ်မှာမကျွမ်းကျင်ကြပါ။ ရေတပ်မှာသာ အတော်အတန် ကျွမ်းကျင်ကြပါသည်။ ရေတပ်များလည်း ပုသိမ်မြောင်းမြကလွန်၍ ချီတက်နိုင်ရန် အကြောင်းမမြင်ပါ။ ကုန်းကြောင်းချီတက်လာသော ရခိုင်တပ်ကို ဘုရားကျွန်တော်က ဘိဘိစီးစီး ဖြိုဖျက်တိုက်ခိုက်၍ပစ်ပါမည်။ ကုန်းတပ်ပျက်လျှင် ရခိုင်ရေတပ်လည်း တိုး၍ချီတက်ဝံ့မည် မဟုတ်ပါ” ဤသို့ လျှောက်တင်လေ၏။

ဘုရင်တပင်ရွှေထီးသည် ယောက်ဖတော်သျှင်ရဲထွတ်၏ လျှောက်တင်ချက်ကို နှစ်သက်တော်မူသဖြင့် “နောင်တော်သင့်သလိုသာ စီမံပေတော့”ဟု အရေးကုန်လွှဲပုံတော်မူလေ၏။

သျှင်ရဲထွတ်သည် ပြည်မြို့ကို ရံ၍ထားသော ကုန်းတပ်၊ရေတပ်၊တို့မှ ဆင်ကောင်း၊မြင်းကောင်း၊သူရဲကောင်းများကို ရွေးချယ်၍ နှုတ်ယူတော်မူပြီးလျှင် မြင်းတပ်(၆)တပ်၊ ခြေချင်တပ် (၁၀)တပ်ဖွဲ့တော်မူသည်။ ထိုတပ်များမှာ တိုက်ဆင်(၁၅၀)၊ စစ်မြင်း(၂၄၀၀)၊ စစ်သည်သူရဲကောင်း (၆၀၀၀)ပါသည်။ ထိုတပ်များကို သုံးကွဲခွဲပြီးလျှင် လက်ဝဲကြောင်း၊လက်ျာကြောင်း၊ အလယ်ကြောင်း ချီတော်မူသည်။ မြင်းတပ်များကို ရှေ့က ချီတက်စေသည်။ (ရှမ်းစော်ဘွားတို့ကို တိုက်ခိုက်တုန်းအခါကဲ့သို့ပင် တပ်များကို စီရင်သည်) သျှင်ရဲထွတ်မူကား၊ အလယ်ကြောင်း တပ်ကြီးကို အုပ်စီး၍ ချီတော်မူသည်။

ဤကဲ့သို့ချီတက်သည်များကိုလည်း ပြည်မြို့တွင်း၌ နေကြကုန်သော သူတို့ မသိရအောင် ချီစေသည်၊ ပြည်မြို့မှာလည်း ထွက်ခွင့်၊ ၀င်ခွင့်မရအောင် ပိတ်ဆို့၀န်းရံ၍ ထားသောကြောင့် မြို့တွင်းသားတို့မှာ တစုံတရာမျှမသိရှာကြကုန်၊ ရခိုင်ဘုရင့်ထံက စစ်ကူလွှတ်ကြောင်းကိုပင် မသိရှာကြကုန်။ ။ပြည်မြို့မှ ချီတက်၍ စခန်းနှစ်ခုသို့ ဆိုက်ရောက်သောအခါ သျှင်ရဲထွတ်သည် တိုး၍မချီဘဲ တပ်စခန်းချရပ်ပြီးလျှင် ရခိုင်တပ်၏ အကြောင်းကိုသာ စုံစမ်း၍နေတော်မူသည်။

### “ရခိုင်တို့၏တပ်စခန်း”

ရခိုင်ကုန်းကြောင်းတပ်ကြီးကို အုပ်ချုပ်၍ချီလာသော သံတွဲမြို့စား မင်းသားသည်လည်း ပြည်မြို့ကသတင်းစကားများကို တစုံတရာမျှမကြားရသောကြောင့် ပြည်မြို့သို့အထိ ချီ၍ မလာ

ဝံ့သဖြင့် ပြည်မြို့နှင့် ငါးစခန်းကွာလောက်တွင် တပ်စခန်းချရပ်၍ နေလေ၏၊ ပြည်မြို့တွင်းသို့ စာသွင်းရန် တိတ်တဆိတ်စေလွှတ်သော ရခိုင်သား ငါးယောက်၏ အပြန်ကို စောင့်၍ နေသည်၊ (ရခိုင်သားငါးယောက်ကို စာနှင့်တကွ ဘမ်းမိကြောင်းကို သံတွဲမြို့စား မသိချေ။)

သျှင်ရဲထွတ်သည် ရခိုင်၏တပ်စခန်းကို ထောက်လှမ်းစုံစမ်း၍ သိတော်မူလေရာ တပ်မှူး စစ်ကဲ အပေါင်းတို့ကိုခေါ်၍ "ယခုရခိုင်တပ်များသည် ပြည်မြို့မှ ငါးစခန်းကွာ လောက်တွင် ချရပ်၍ နေသည်၊ သူတို့လဲ ရှေ့ကိုမတိုးဝံ့ကြ၊ ငါတို့ကလည်း သူတို့တပ်ရှိရာသို့သွား၍ တိုက်ရန်မသင့်လျော်၊ ဘုန်းတော်ကြီးလှသော ဘုရားနှင့် ဝေး၍ သွားတော့မည်၊ ရခိုင်တပ်များကို ငါတို့ဆီသို့ရောက်အောင် သွေးဆောင်ကာစစ်မြူ၍ ငါတို့ဆီသို့ရောက်မှ တဟုန်ထဲနင်း၍တိုက်မည်" ဤသို့မိန့်တော်မူပြီးလျှင် ရခိုင်တပ်များကို ရှေ့သို့တိုး၍ ချီတက်လာအောင် စစ်ပရိယာယ်ဖြင့် ကြံတော်မူသည်။

## "သျှင်ရဲထွတ်၏ စစ်ပရိယာယ်"

ပြည်မြို့တွင်းက ထွက်ပြေးလာသော ပြည်မြို့သား ငါးယောက်တို့ကို ဘမ်းဆီးပြီးလျှင် "အရေးတော်ပြီးလျှင် မောင်မင်းတို့ကို ချီးမြှောက်တော်မူမည်၊ ရခိုင်တပ်သို့သွား၍ သံတွဲ မင်းသားထံသို့ စာတစောင်ပေးရမည်၊ သည့်အတိုင်း မရွက်ဆောင်ဘူးဟု ငြင်းဆန်လျှင် ယခုပင် အဆုံးစီရင်မည်"ဟု အမိန့်ရှိရာ ပြည်မြို့သား ငါးယောက်တို့လည်း ယခုလက်ငင်းသေရမည့်ဘေးကို ကြောက်ရသည်ကတဘက်၊ နောင်အခါ ချီးမြှောက်မည်ဆိုသော စည်းစိမ် ချမ်းသာများကို လိုလားသည်ကတဘက် ဤသို့ဖြစ်နေသောကြောင့် ယုံကြည်စိတ်ချတော်မူပါ။ ။အရှင့်အကျိုးတော် ပြီးစီးအောင် ရွက်ဆောင်ပါမည်ဟု လျှောက်တင်ကြလေ၏။ ။ထိုအခါ သျှင်ရဲထွတ်သည် ပြည်ဘုရင်က ပေးလိုက်သော စာအဟန်ဖြင့် သဝဏ်လွှာတဆောင် ရေးသား ပြီးလျှင် သံတွဲမင်းသားတို့ ဆက်သရန် လက်ဆောင်ပဏ္ဏာများနှင့် တကွ ပြည်မြို့သား ငါးယောက်တို့ကို ရခိုင်တပ်သို့ သူလျှိုအဖြစ်ဖြင့် စေလွှတ်တော်မူသည်။

## "သျှင်ရဲထွတ် ရေးသားသော ပရိယာယ်စာ"

ပြည်ဘုရင်ကြားအပ်ပါသည်၊ ညီတော်သံတွဲမြို့စား။ ။နောင်တော် ရခိုင်ဘုရင်က ညီတော်သံတွဲမြို့စားကို ကုန်းတပ်ကြီးတွင် အုပ်ချုပ်စေလွှတ်တော်မူလိုက်သည်များကို အားရ ဝမ်းသာ ရှိလှပါသည်။ ။ယခုဘုရင်တပင်ရွှေထီးသည် တလုပ်မော်အရပ်မှာ ရေတပ်နှင့်နေပါသည်။ ။ဘုရင့်နောင်ကျော်ထင်နော်ရထာသည် တပ်ပေါင်း ၇-တပ်နှင့် ပြည်မြို့ကို ဝန်းရံ၍ နေပါသည်၊ အဝဘုရင် သိုဟန်ဘွားနှင့် အုန်းပေါင်စော်ဘွား,မိုးနဲစော်ဘွား, ညောင်ရွှေစော်ဘွား, သုံးဆယ်သီပေါစော်ဘွားတို့လည်း ဗိုလ်ပါ, ဆင်, မြင်းများစွာနှင့် ပြည်မြို့ကို စစ်ကူညီရန် ချီလာကြရာ မြေထဲမြို့တွင် တပ်ချ၍နေကြပါသည်။ ။ညီတော်သံတွဲမြို့စား ဆိုက်ရောက်မှ အစုံအညီတိုက်ခိုက်ရန် မျှော်လင့်ဆိုင်းငံ့၍ နေကြပါသည်၊ အလျှင်အမြန် ချီတက်တော်မူခဲ့ပါ၊ တပင်ရွှေထီးသည် ခံနိုင်တော့မည်မဟုတ်၊ ပျက်စီးတော့မည်။ ။တပင်ရွှေထီးပျက်စီးလျှင် ဟံသာဝတီသို့တိုင်အောင် ချီတက်၍ တိုက်ခိုက်သိမ်းပိုက်တော်မူမည်။

ပြည်ဘုရင် "မင်းခေါင်"

## "သံတွဲမင်းသား ချီတက်လာခြင်း"

သျှင်ရဲထွတ်စေလွှတ်သော သူလျှိုငါးယောက်သည် ရခိုင်တပ်သို့ရောက်၍ လက်ဆောင်ပဏ္ဏာတော်များနှင့် သဝဏ်လွှာကို သံတွဲမင်းသား လက်သို့ ဆက်သရာ သဝဏ်လွှာ မှာလည်း ချိုတံဆိပ် အသေအချာနှင့်တကွ ဖြစ်သောကြောင့် "ပြည်ဘုရင်ထံကပို့သောစာ" ဟု ယုံကြည်လေသည်။ ။သံတွဲမင်းသားသည် အားတက်သရောဖြစ်လာသဖြင့် တပ်ကိုနှုတ်၍ ချီတက်လာလေ၏။

သျှင်ရဲထွတ်၏ မြင်းတပ်များနှင့် ရခိုင်မြင်းတပ်များ ရှေးဦးစွာ တွေ့၍ တိုက်ခိုက်ကြရာ ရခိုင်သားတို့သည် မြင်းစီးမကျင်လည်ကြသောကြောင့် တပ်ပျက်၍ ဆုတ်ပြေး ကြလေ၏။ ။ထို့နောက် သံတွဲမင်းသားသည် ဆင်စီး၍ ဆင်တပ်နှင့် ခံနေသည်ကို သျှင်ရဲထွတ်က "ရဲဘုန်းစုံ" မည်သော ဆင်တော်ကြီးကိုစီး၍ ဆင်စီးသူရဲကောင်း အစုံအလင်နှင့် သံတွဲမင်းသား၏ ဆင်တပ်ကို ချွန်းဘုင့်၍ အတင်းတိုက်ခိုက်တော်မူရာ သံတွဲမင်းသားသည် ဆင်ဦးချင်းမယှဉ်ဝံ့သဖြင့် ဆင်မှဆင်း၍ မြင်းစီးပြီးလျှင် အတင်းကိုယ်လွတ်ရုန်းကာ ထွက်ပြေးကြလေသည်၊ သံတွဲမင်းသားစီးသောဆင်ကို သျှင်ရဲထွတ်ရတော်မူ၏။

ရခိုင်ဆင်တပ်ကြီး ဆုတ်၍ပြေးသည်တွင် အတင်းဘိ၍လိုက်ရာ ရခိုင်ဆင်စီးအမတ်တကျိပ်ကျော်ကို ဆင်နှင့်တကွ ရတော်မူသည်။ ။သံတွဲမင်းသားမြင်းစီး၍ ထွက်ပြေးသည်ကို မြင်လျှင် ရခိုင်တပ်အလုံးသည် ဖရိုဖရဲပျက်စီးပြီးလျှင် ရခိုင်ပြည်သို့လှဲကာ ပြေးကြလေသည် မြန်မာတပ်သားတို့က အတင်းလိုက်၍ ထိုးခုတ်ပစ်ခတ်ကြသည်နှင့် ရခိုင်တပ်သားတို့ များစွာသေကြေပျက်စီးရှာကြသည်။ ။ထိုကုန်းတပ်တိုက်ပွဲကြီးတွင် တိုက်ဆင်(၄၀)ကျော်၊ စစ်မြင်း(၄၀၀)ကျော်သို့ ပန်းလူ(၂၀၀၀)ကျော် ရတော်မူသည်။

ထို့နောက် သျှင်ရဲထွတ်သည် ရဲမက်တော်များကိုထပ်၍ မလိုက်စေဘဲ စစ်ကို ခေါက်ပြီးလျှင် ပြည်မြို့သို့ပြန်၍ ချီလာခဲ့သည်။ ။ဘုရင်တပင်ရွှေထီး၏ ဘဝါးအောက်သို့ ရောက်သောအခါ ရခိုင်ကုန်းကြောင်းစစ်တပ်ကြီးကို အောင်မြင်ကြောင်းနှင့်တကွ အစုံအလင် လျှောက်တင်ပြီးလျှင် စစ်ပွဲမှရခဲ့သော လူသူ့ဆင့်မြင်းတို့ကို ဆက်သလေ၏။

ဘုရင်တပင်ရွှေထီးသည် အလွန် ဝမ်းမြောက်တော်မူလှသဖြင့် "နောင်တော် အစီအမံကြောင့် ရခိုင်ကုန်းတပ်ကြီးကို အလွယ်တကူနှင့် အောင်မြင်ပေသည် လက်ရုံးတဆူအားကိုးတော်မူထိုက်သော နောင်တော်တပါး ဖြစ်ပေသည်" ဟု ချီးမွမ်းတော်မူပြီးလျှင် ဝတ်တော်မူသော ရွှေချည်ကတီပါဝတ်လုံတော်နှင့်တကွ အမြဲဝတ်ဆင်တော်မူသော ပတ္တမြားလက်ကောက်,ပတ္တမြားလက်စွပ်များကို ပေးသနားတော်မူသည်၊ အိမ်ရှေ့မင်းသားတို့၏ အဆောင်အရွက်နှင့် တကွ လက်ဝဲတော်ကနေရာ အထူးကိုလည်း ပေးသနားတော်မူသည်၊ ထိုပွဲတွင် သက်စွန့်ကြိုးပမ်း အမှုထမ်းကြသော မှူးမတ်တို့အားလည်း ထိုက်သည့် အားလျော်စွာ ဆုလာဘ် ပေးသနားတော်မူသည်။

ပြည်ဘုရင်သိအောင် ရခိုင်တပ်ကြီးကို အောင်မြင်ကြောင်းနှင့် မြို့တွင်းသို့စာရေး၍သွင်းတော်မူစေ၏။ ။ပြည်ဘုရင့်သည် ကူညီရန် ရောက်လာကြသော ရှမ်းတပ်, ရခိုင်တပ်ကြီးများ

ပျက်စီးပြီကြားတော်မူသော်လည်း လက်လျှော့၍မပေးဘဲ "မိုးကျ၍လာလျှင် တပင်ရွှေထီးသည် ဝန်းရံ၍ နေနိုင်မည်မဟုတ်၊ ဟံသာဝတီသို့ပြန်ရလိမ့်မည်၊ ငါ့မြို့လည်း လွန်စွာခိုင်လုံသည်၊ မြို့ကို ပေါက်အောင် ဖေါက်ထွင်းနိုင်မည်မဟုတ်" ဤသို့ ကြံစည်ပြီးလျှင် ခံမြဲအတိုင်းပင် ခံ၍နေလေသည်။ ။(ပြည်ဘုရင်သည် အင်အားမရှိပါဘဲနှင့် အတင်းပေ၍ လက်လျှော့မပေးဘဲ ခံနေခြင်းမှာ လွန်စွာ မှားယွင်းသော အမှားကြီးပင် ဖြစ်လေသည်။)

## "ရခိုင်က ရေတပ်များ"

ရခိုင်ဘုရင်၏သားတော် အိမ်ရှေ့ဥပရာဇာကိုယ်တိုင်အုပ်စီး၍ ချီတက်လာသော ရေတပ်ကြီးသည် မော်တင်စွန်းကလွှဲ၍ မြောင်းမြအနီးသို့ ဆိုက်ရောက်လာလေရာ၊ ထိုအခါ သံတွဲမင်းသား၏ ကုန်းတပ်ကြီးပျက်စီး၍ ရခိုင်စစ်သည်တော်များ ဖရိုဖရဲပြေးလွှားရသည်ကို ကြားလေရာ၊ "ငါတို့ ရေတပ်နှင့် တိုက်ခိုက်သော်လည်း အောင်မြင်ရန် အကြောင်းမရှိ၊ မြန်မာတို့ကဘိ၍ တိုက်လျှင် ငါတို့မှာ စစ်ရိက္ခာပြတ်၍ ငတ်မွတ်ပျက်စီးရုံသာရှိမည်"၊ ဤသို့ ကြံစီပြီးလျှင် ရခိုင် အိမ်ရှေ့မင်းသည် မိမိရေတပ်များကို ခေါက်၍ အဆောတလျှင် ရခိုင်သို့ပြန်လေ၏။ ။ရေတပ်ချင်းချင်း ဆိုင်ပြိုင်တိုက်ခိုက်ခြင်းကို မပြုရဘဲ။ ဘုရတပင်ရွှေထီး၏ ဘုန်းတော်ကြောင့်၊ အလိုလိုပင် အောင်မြင်တော်မူသည်။

## "သျှင်ရဲထွတ်၏ငွဲသန်ပုံ"

ဘုရင်တပင်ရွှေထီးသည် ယောက်ဖတော် သျှင်ရဲထွတ်ကိုခေါ်၍ "ယခု ပြည်မြို့ကို ဝန်းရံခဲ့သည်၊ ငါးလကျော်,ခြောက်လ,နီးပါးရှိခဲ့ပြီ၊ ပြည်မြို့သည် ငယ်သော်လည်း အလွန် ခိုင်လုံလှသဖြင့်၊ အလွယ်တကူနှင့်မရနိုင်၊ လက်နက်များလည်း ပြည့်စုံလျက်ပင် ရှိသည်။ ငါ၏ ဗိုလ်ပါ, ဆင်,မြင်း,များလည်း ညောင်းညာပင်ပန်းကြလှပြီ၊ တဟုန်တည်း အတင်းလုပ်ကြံလျှင် သင့်မည်လောဟု မေးတော်မူသည်။

သျှင်ရဲထွတ်က"ရဲမက်တော်တို့ကို အရှုအနခံ၍ အတင်းလုပ်ကြံဘို့ မလိုတော့ပါ၊ ရံရှင်း လက်စအတိုင်း ရံမြဲရံ၍ နေတော်မူသင့်ပါသည်။ မကြာမီအတွင်း ရွှေလက်တော်သို့ ရောက်ရန်သာရှိပါတော့သည်။ ပြည်မြို့အတွင်းမှာ လူတွေသာ များ၍ စားရေ ရိက္ခာ ပါးရှားလျက်ရှိနေပါပြီ၊ သူတို့ခံနိုင်သမျှ ခံ၍နေပါစေ၊ ကျွန်တော်တို့ရဲမက်တော်များကို မိုးတွင်းအခါသို့ ရောက်လျှင် လယ်လုပ်ခိုင်းပါမည်။ ပြည်မြို့ကိုဒေါးပူနှင့်မသတ်ဘဲ ဓားအေးဖြင့် သတ်ပါမည်။စိုးရိမ်တော်မမူသင့်ပါ၊ ပြည်မြို့သည် ရွှေလက်တော်က လွတ်နိုင်တော့မည်မဟုတ်ပါ"ဟု လျှောက်တင်လေရာ ဘုရင်တပင်ရွှေထီးသည် ယောက်ဖတော်သျှင်ရဲထွတ် လျှောက်တင်ချက်အတိုင်း ရံမြဲအတိုင်းသာ ရံ၍နေတော်မူပြန်သည်။

ရဲမက်တော်တို့လည်း ပွဲလမ်းသဘင်အစုံအလင်နှင့် ပျော်ရွှင်စွာ နေကြသည်။ ထိုနောက် တလလောက်ရှိသောအခါ ပြည်မြို့အတွင်းမှာ စားရေရိက္ခာပြတ်သဖြင့် လူပေါင်းများစွာ ငတ်မွတ်ကြလေ၏။ ထိုအခါ ဆရာတော်, သံဃာတော်များနှင့် မြို့သူမြို့သားအပေါင်းတို့က "သည်နည်းအတိုင်း လက်လျှော့၍ မပေးဘဲသာ ခံ၍နေမည်ဆိုလျှင် စားရေရိက္ခာပြတ်၍ ရဟန်းရှင်လူ,

အများတို့ သေရုံသာရှိတော့မည်။ ဘုရင်တပင်ရွှေထီးလည်း အလွန်ဘုန်းကြီးသော ဘုရင်တပါး ဖြစ်ကြောင်းထင်ရှားလှပေသည်။ ပြိုင်ဆိုင်ခုခံသော်လည်း နိုင်တော့မည်မဟုတ်၊ အားကိုးရန် မရှိတော့ပြီ၊ ပြည်ဘုရင်ကိုယ်တော်တိုင်ထွက်၍ လက်လျှော့ပေးရန်သာရှိတော့သည်”ဟု နေရာတိုင်း၌ ပြောဆိုသည်။

## “ဆရာတော်နှစ်ပါး ပြည်ဘုရင်ကို တရားနည်းလမ်း ပြသခြင်း”

မြို့သူ မြို့သားတို့၏ စကားများသည် တရက်ထက်တရက် ဆူပွက်၍လာလေရာ၊ ဘုရင်ကိုးကွယ်ထားသော ဆရာတော်ရှင်ဓမ္မပါလဂုရု၊ ဆရာတော်ရှင်တိသာသန၊ ဤဆရာတော်ကြီး နှစ်ပါးတို့သည် ပြည်ဘုရင့်အထံသို့ဝင်၍ “တကာတော်-တပင်ရွှေထီးက ရေတပ်၊ ကုန်းတပ်၊ နှစ်ဘက်ညှပ်၍ဝန်းရံထားသောကြောင့် ပြည်မြို့တွင်းမှာ စားရေရိက္ခာပြတ်၍ ငတ်မွတ်ကုန်ကြပြီ၊ တိုင်းသူ ပြည်သားတို့ကလည်း သည်အတိုင်းခံ၍မနေသင့်ကြောင်းကို သောင်းသောင်းဖြဖြ ပြောဆို၍ နေကြပြီ။ စားရေရိက္ခာအစုံ၊ ဗိုလ်ပါ၊ ဆင်၊ မြင်း၊ လက်နက်အစုံ လုံလုံ လောက်လောက် ရှိပါလျှင် လက်မလျှော့ဘဲ ခံ၍နေသော်လဲ အတွက်မရှိပါ၊ ယခုမှာ ရိက္ခာလဲ မရှိ၊ ရှမ်းစော်ဘွားတို့နှင့် ရခိုင်ကတပ်များကိုလဲ အားကိုးဘို့မရှိတော့ပြီ၊ အပြင်ရန်ထက် အတွင်းရန်ကသာလို့ခက်တတ်ချေသည်။ မြို့တွင်းက အတွင်းမီးထခဲ့ပါလျှင် တကာတော် ကိုယ်တိုင် ဘေးဒုက္ခဖြစ်ဘို့မြင်ပါသည်။ လက်လျှော့ပေးမှသာ အရေးလှတော့မည်”ဟု မိန့်တော်မူကြသည်။

ပြည်ဘုရင် မင်းခေါင်က “ဆရာတော်ဘုရားများ မိန့်ကြားတော် မူခြင်းမှာ သင့်လျော်သောအရေးပင်ဖြစ်ပါသည်။ တပည့်တော်မှာ အားကိုးရာမဲ့ဖြစ်နေကြောင်းကိုလည်း သိပါသည်။ သို့ရာတွင် တပင်ရွှေထီးသည် လွန်စွာရက်စက်ကြမ်းကြုတ်သော စိတ်ရှိသူဖြစ်သဖြင့် လက်လျှော့သော်လည်း အသက်ဘေးကိုချမ်းသာပေးမည်မထင်ပါ၊ သူ့လက်အောက်သို့ ဝင်၍ သေရခြင်းထက် ကိုယ့်လက်ရုံးအားကိုမလျှော့ဘဲ သေရခြင်းကမြတ်ပါလိမ့်မည်။ သို့အတွက် တပည့်တော်လဲ လက်လျှော့မပေးဘဲ ခုခံမြဲခုခံနေပါသည်”ဟုလျှောက်ထားလေရာ၊ ဆရာတော်များက “အသက်ရေးကိုတွေး၍ စိုးရိမ်တော်မမူနှင့်၊ ဆရာတော်တို့တာဝန်ရှိပြီ၊ တပင်ရွှေထီးသည်စစ်ရေးမှာကြမ်းကြုတ်သော်လည်း သူ့လက်အောက်သို့ ဝင်ရောက်လာသူတို့အပေါ်မှာ ကြမ်းကြုတ်လေ့ မရှိပါ၊ ဆရာတော်တို့ နေရာတကျရှိအောင်စီရင်မည်”ဤသို့မိန့်တော်မူကြပြီးလျှင် ဆရာတော်နှစ်ပါးတို့သည် မြို့မှထွက်၍ ဘုရင်တပင်ရွှေထီးစံတော်မူသော ရတနာရွှေဖောင်တော်သို့ ကြွတော်မူကြလေသည်။ ပြည်ဘုရင်ကလည်း လက်ဆောင်ပဏ္ဏာတော်များပို့သည်။ “နဂဝရ”မည်သော ဆင်တော်ကြီးကိုလည်း ဘုရင်တပင်ရွှေထီးထံသို့ ပို့လိုက်သည်။ (နာဂဝရ ဆင်တော်ကြီးဟာ ထိုခေတ်အခါ၌ လွန်စွာ ကျော်စော၍နေသော ဆင်တော်ကြီးဖြစ်သည်)

## “တပင်ရွှေထီး၏ကရုဏာ”

ဆရာတော်နှစ်ပါးသည် ရွှေဖောင်တော်သို့ကြွတော်မူလာသောအခါ ဘုရင်တပင်ရွှေထီးသည် ရိုသေလေးမြတ်စွာ ဆီးကြို၍ အတွေ့ခံတော်မူသည်။ ဆရာတော်တို့ကအကြောင်းစုံလင်စွာ မိန့်ကြားတော်မူကြသောအခါ ဘုရင်တပင်ရွှေထီးက လျှောက်တင်သည်မှာ။ ။တပည့်တော်သည်

ပြည်ဘုရင်ကို ပျက်စီးခြင်းသို့ မရောက်စေလိုတဲ့အတွက် သူနန်းတက်စကပင် တင်ကြို၍ သတိပေးပါသည်။ ထိုစဉ်အခါ သူလျှောက်တင်လိုက်သောစာမှာ မချေမငံရေးသားပါသည်။ သည်စဉ်အခါက တပည့်တော်၏သတိပေးချက်အတိုင်း လိုက်နာခဲ့ပါလျှင် ပြည်မြို့သည် ဤကဲ့သို့ ဘေးဒုက္ခနှင့် တွေ့ကြုံရမည်မဟုတ်ပါ၊ ပြည်ဘုရင်သည် မိတ္တာအရိုင်းဖြစ်သော အဝဘုရင်သိုဟန်ဘွားနှင့် ရှမ်းစော်ဘွားများကို အားထားသည့်ပြင် ရခိုင်ဘုရင်ကိုလည်း အားကိုးနေသူ ဖြစ်ပါသည်။ သူအားကိုးသော အတိုင်းသာ အထမြောက်မည်ဆိုပါလျှင် တပည့်တော်ကိုညာတာမည့်သူမဟုတ်ပါ၊ ပြည်ဘုရင်၏မာန်မာနအတွက်ကြောင့် တပည့်တော်မှာ ရဲမက်ဗိုလ်ပါ အပေါင်းတို့နှင့်တကွ ပင်ပန်းရပါသည်။ သို့ရာတွင် လွန်ပြီးကိုရှိပါစေတော့၊ ဆရာတော်ဘုရားတို့၏ မျက်နှာ၊ တိုင်းသူပြည်သား့တို့၏ မျက်နှာကို ထောက်ထား၍ သနားသဖြင့် ပြည်ဘုရင်ကို အသက်ချမ်းသာပေးမည်။

ဤသို့မိန့်တော်မူရာ ဆရာတော်နှစ်ပါးတို့ကလည်း အားရတော်မူသောကြောင့် ရွှေဖောင်တော်မှဆင်း၍ ပြည်ဘုရင့်ထံသို့ အကြောင်းစုံလင်စွာ မိန့်တော်မူကြသည်။ ဆရာတော် နှစ်ပါးတို့၏စကားကိုကြားရာ ပြည်ဘုရင်သည် အသက်ဘေးမှကင်းလွတ်ရမည့်အကြောင်းကိုသိသည်နှင့် မှူးမတ်အများ၊ မိဖုယား၊ မောင်းမမိသံ့၊ အစုံအလင်နှင့် ပြည်မြို့ နန်းတော်မှ ဆင်း၍ ဘုရင် တပင်ရွှေထီးအထံသို့ လာရောက်၍ ခိုလှုံ အပ်နှင်းလေသည်။

ဘုရင် တပင်ရွှေထီးလည်း စကားအထူးအထွေ မိန့်တော်မမူဘဲ ပြည်ဘုရင်၏ အဆောင်အရွက်များကို ရုပ်သိမ်းတော်မူပြီးလျှင် ပြည်ဘုရင်ကို မိဖုယား သီရိဘုန်းနှင့်တကွ တောင်ငူမြို့မှာ ချမ်းသာစွာနေထိုင်စေဟု အမိန့်တော်ရှိသည်။

## "သျှင်ရဲထွတ်၏ ဣန္ဒြေပျက်ခြင်း"

ပြည်ဘုရင်နှင့် မိဖုယား သီရိဘုန်းထွတ်တို့ အထံတော်သို့ ခိုလှုံဝင်ရောက်ကြသောအခါ သျှင်ရဲထွတ်လည်း အပါးတော်မှာ ခစားလျက်ရှိသည်။ ပြည်မိဖုယား သီရိဘုန်းထွတ်ကို သျှင်ရဲထွတ်မြင်လေရာ၊ လွန်စွာတပ်မက်လှသဖြင့် ဣန္ဒြေကိုမဆယ်နိုင်ဘဲ ငေးစိုက်၍ကြည့်ရှုတော်မူသည်၊ သီရိဘုန်းထွတ်သည် ရွှေနန်းကြော့ရှင် ဘုရင်နရပတိ၏ ရင်သွေးတော်ဖြစ်၍ နန်းပေါ်၌ဖွားမြင်တော်မူခဲ့သူ ဖြစ်သောကြောင့် ရုပ်သွင်သဏ္ဍာန်အားဖြင့် လွန်စွာလှပသည်။ ယောကျ်ားတို့ မြင်လျှင် တိမ်းညွှတ်စေနိုင်သော အဆင်းဂုဏ်နှင့်ပြည့်စုံသည်။ထိုစဉ်အခါ သီရိဘုန်းထွတ်သည် သက်တော် ၂၄-နှစ်မျှသာရှိသေးသည်။ သျှင်ရဲထွတ်သည်ကား၊ ထိုစဉ်အခါ သက်တော် ၂၇-နှစ်မျှကာ ရှိသေးသည်။

သျှင်ရဲထွတ်သည် အရာရာ၌ စိတ်နှလုံး အလွန်သန်မာလေ့ရှိသည်။ စစ်ရေးစစ်ရာနှင့် ကြုံသောအခါ ခြင်္သေ့မင်းကဲ့သို့ နောက်သို့တွန့်ဆုတ်တတ်သောစိတ်မျိုး တရံတခါမျှ ဖြစ်ပေါ်လေ့မရှိဘဲ ရှေ့သို့သာ တက်လေ့ရှိသည်။ သမီးကညာတို့နှင့်ပတ်သက်၍ ဘယ်အခါမျှ ဣန္ဒြေမပျက်စဘူး၊ သီရိဘုန်းထွတ်ကို မြင်သောအခါ တခု၌သာ ယောကျ်ားတို့၏ တဏှာဖြင့် သာယာခြင်းပြင်းထန်စွာဖြစ်၍ အချစ်ကြောင့် ဣန္ဒြေပျက်ဘူးသည်။ သို့ရာတွင် အရှင်ရှိသူမိန်းမတို့၌ သာယာ

တပ်မက်ခြင်းစိတ်မျိုးကို ယောကျ်ားကောင်း မှန်သမျှ ပယ်ချိုးနှိပ်နင်းရန် ဝတ်တရားရှိသည့် အတိုင်း သျှင်ရဲထွတ်သည် သီရိဘုန်းထွတ်ကို အတန်ကြာ ငေးစိုက်၍ ရှုစားပြီးနောက်၊ သတိ တဖန် ရလာပြန်သည်နှင့် မိမိစိတ်များကို ပြန်လည်၍ ထိန်းချုပ်ထားရလေသည်။ သီရိဘုန်းထွတ် ကို မြင်ရာ၌ သျှင်ရဲထွတ်မှာ ယောကျ်ားအိန္ဒြေ ပျက်စီးကြောင်းကိုလည်း တပင်ရွှေထီးက သိ တော်မူသည်။

(မှတ်ချက်။ ။သျှင်ရဲထွတ်သည် ပြည်မြို့ကိုသိမ်းပိုက်ရာတွင် သီရိဘုန်းထွတ်ကိုမြင်၍ ချစ် ခင်စွဲလန်းသောစိတ်များ ဖြစ်ပွါးခဲ့ရာ၊ ထိုစိတ်သည် မကြာမကြာဖြစ်ပေါ်၍လာပြီးလျှင်၊ သီရိ ဘုန်းထွတ်၏ ရုပ်သွင်နှင့်မျက်နှာကိုသာ မြင်၍နေသည်။ စွဲလမ်းသော ဥပါဒါန်ကို အရှင်းပယ် ဖျောက်ခြင်းငှါ မတတ်နိုင်ချေ။ သျှင်ရဲထွတ်သည် တပင်ရွှေထီးနတ်ရွာစံပြီးနောက်၊ ဟံသာဝတီ ပြည်ကြီးတွင် ဘုရင့်အဖြစ်သို့ ရောက်တော်မူသည့်အခါ သီရိဘုန်းထွတ်ကိုသိမ်းပိုက်၍ "စန္ဒာဒေဝီ" ဟူသောအမည်နှင့် မိဖုယားမြှောက်တော်မူလေသည်။)

ဘုရင်တပင်ရွှေထီး၏ အမိန့်တော်မြွက်အတိုင်း ပြည်ဘုရင်နှင့်မိဖုယား သီရိဘုန်းထွတ်ကို တပ်တတပ်နှင့် ပြည်မြို့မှတောင်ငူမြို့သို့ ပို့ရ၏။ ပြည်ဘုရင်၏ မောင်းမမိသံတို့နှင့် ကျေးရင်း,ကျွန် ရင်း,မှူးမတ်ရင်းတို့ကို ဟံသာဝတီသို့ပို့ရသည်။ ဆင်ကောင်း,မြင်းကောင်း, သူရဲကောင်းများကို လည်း သိမ်းယူတော်မူသည်။ ပြည်မြို့ကို အောင်မြင်သော သက္ကရာဇ်မှာ (၉၀၄)ကိုးရာ့လေးခု၊ နယုန်လဆန်း ၅-ရက်နေ့ဖြစ်သည်။

ဘုရင်တပင်ရွှေထီးသည် ပြည်မြို့အလုံးကို သိမ်းယူတော်မူပြီးနောက် တလ စံနေတော်မူ ပြီးလျှင် (၉၀၄)ခု၊ဝါဆိုလအတွင်း ချီတော်မူခဲ့ရင်းတပ်တို့ကို ယုတ်သိမ်း၍၊ဟံသာဝတီနေပြည် တော်သို့ ပြန်လည် စုန်ဆင်းတော်မူသည်။ ပြည်မြို့ကိုမူကား အထိန်းတော် သတိုးဓမ္မရာဇာကို မင်းမြှောက်တန်ဆာငါးပါးနှင့်တကွ၊ ပေးသနားတော်မူပြီးလျှင် ဘုရင်ခံ ခန့်ထားတော်မူသည်။ သတိုးဓမ္မရာဇာကား မိဖုယားခင်မြတ်၏ ခမည်းတော်ပင်တည်း။

"ဘုရင်တပင်ရွှေထီးနှင့် သျှင်ရဲထွတ်တို့၏ ပြီးပြယ်သော စကားများ"

ပြည်မြို့ကို အောင်မြင်တော်မူ၍ ဟံသာဝတီနေပြည်တော်ကြီးသို့ ပြန်လည် ဆိုက်ရောက် တော်မူသောအခါ ညတညတွင် ဘုရင်တပင်ရွှေထီးသည် ယောက်ဖတော် သျှင်ရဲထွတ်ကိုခေါ် ပြီး ငယ်စဉ်က ချစ်ခင်ခဲ့သော အမူအရာမျိုးနှင့် မိန့်ကြားတော်မူသည်မှာ။

(ထီး) ပြည်မြို့ကိုဖြင့် အောင်မြင်ခဲ့ပေါ့၊ နောင်အရေးများသာ ကျန်တော့တယ်။

(ထွတ်) ပြည်မြို့ဆိုသည်မှာ မြန်မာနိုင်ငံတော်တွင် ရှေးအခါစောစောစီးစီးကပင် ထွန်း ကား၍ ဘုန်းတန်ခိုးကြီးမားတဲ့ ဒွတ္တပေါင်မင်းကြီး စိုးစံတော်မူတဲ့ နေပြည်တော်ကြီးပေါ့၊ ပြည်မြို့ ကို အောင်မြင်ခြင်းမှာ နောင်အစဉ် ဘုန်းကြီးဘို့ နိမိတ်ပါဘဲ။

(ထီး) ပြည်မြို့ကို သိမ်းပိုက်တော်မူစဉ်က ထူးဆန်းတဲ့ အမူအရာတခုကို မြင်ရပါတယ်၊ ထွတ်ထွတ်ကိုမေးလျှင် မှန်တဲ့အတိုင်း လျှောက်တင်မယ်မဟုတ်လား။

(ထွတ်) ထီးထီးအပေါ်မှာ ဘယ်အခါမှ ထိန်ဝှက် ချန်ချင်းလေ့မရှိပါ၊ အမေးတော်ရှိပါလျှင် မှန်ရာကိုတင်ရန် အသင့်ပါဘဲ။

(ထီး) အပါးတော်သို့ လာရောက်ခိုလှုံတဲ့ ပြည်ဘုရင်ရဲ့မိဖုယား သီရိဘုန်းထွတ်ကိုမြင်တဲ့အခါ ထွတ်ထွတ်ကဲ့ဣန္ဒြေမျှား တယ်ပျက်ပါကလား။

(သျှင်ရဲထွတ်ကပြုံးပြီး) အို-အလွန်အရိပ်အကဲ သိတော်မူတတ်ပါကလား၊ ထင်မြင်တော်မူတဲ့အတိုင်း မှန်လှပါတယ်။

(ထီး) သီရိဘုန်းထွတ်ရဲ့အပေါ်မှာတိမ်းညွတ်တဲ့စိတ်ဓါတ်မျိုးတွေဖြစ်ပေါ်လာသလား။

(ထွတ်) မှန်လှပါ၊ မြင်တဲ့အခါ လွန်စွာ နှစ်သက်ခြင်း ဖြစ်သွားမိပါတယ်၊ ရှေးကလဲ သီရိဘုန်းထွတ်ကို တခါမှမမြင်ဘူးပါ၊ ဘုရင့်သမီးတော်ပြီပြီ ရုပ်ဆင်းအင်္ဂါ လွန်စွာတင့်တယ်ပါပေတယ်။

(ထီး) အရှင်သခင်မရှိဘူးလို့ဆိုပါလျှင် ထွတ်ထွတ်အလိုပြည့်ဝအောင် စုံဖက်တော်မူပေးမှာပါဘဲ၊ ယခုတော့ မသင့်လျော်ဘူးပေါ့နော်။

(ထွတ်) သည်အကြောင်းကိုသိလို့ သတိရပြီး ကိုယ့်စိတ်ကို အနိုင်အုပ်ပြီး ထိန်းချုပ်လို့ထားရပါတယ်၊ သည်အချက်မျိုးဆိုတာ လွန်စွာ အပြစ်ကြီးတာမျိုးကလားထီးထီးရယ်။

(ထီး) တရားတော်အတိုင်း ဆင်ခြင်နိုင်တာကို ချီးမွမ်းတော်မူမိပါတယ်၊ အကုသိုလ်ကံအမျိုးမျိုးမှာ သည်ကံဟာ အဆိုးဆုံးဆိုပါကလား။

(ထွတ်) ငယ်ရွယ်စဉ်အခါက လောကုတ္တရာ ဆရာတော်ကြီးက၊ သည်ကံမျိုးကို ရှောင်ကြဉ်ဘို့ အထူးသဖြင့် ဆုံးမတော်မူပါတယ်၊ သည်လို အလေ့မျိုးကို လွန်ကြူးလိုက်စားပါလျှင် ဘုန်းကံတွေ အညွန့်တုံးသွားတတ်ပါသတဲ့၊ အညွန့်တလူလူနှင့်ကြီးပွါးလိုတဲ့ ယောကျ်ားမျှားဟာ သည်ကံမျိုးကို အထူးသတိပြုပြီး ရှောင်ရမတဲ့၊ ယောကျ်ားကောင်းလုပ်လိုတဲ့ သူမျှားရဲ့ စိတ်ထဲမှာ သည်လိုစိတ်မျိုးတွေပေါ်လာပါလျှင် လျှင်မြန်စွာ နိုင်အောင်ဆုံးမရမယ်၊ မဆုံးမနိုင်ဘဲ လွန်ကြူးမိပြီဆိုလျှင် ယောကျ်ားကောင်းမပြီသဘဲ ကျက်သရေမင်္ဂလာ ဆုတ်ယုတ်ပြီး သေးနုပ်တဲ့အဖြစ်သို့ရောက်သွားတယ်၊ သည်ဘဝမှာသာ ယောကျ်ားအညွန့်တုံးတာမဟုတ်ဘူး၊ နောင်သံသရာဘဝအဆက်ဆက်မှာလဲ ယောကျ်ားအညွန့်တုံးပြီး ဆုံးရှုံးခြင်းကြီး ဆုံးရှုံးသွားတတ်တယ်၊ အဲသည်လို ဆုံးမတော်မူတဲ့စကားကို အမြဲပင် မှတ်သားထားပါတယ်ထီးထီး။

(ထီး) အဲ-ယောကျ်ားကောင်း ပြီသပါပေတယ်။ မိန်းမဆိုတဲ့ လူမျိုးဟာ ဘယ်လိုပင်အဆင်းလှသော်လဲ မတရားတဲ့နည်းလမ်းဖြင့် သူတို့နှင့် ယှဉ်တွဲမိပါလျှင် ယောကျ်ားတို့မှာ ဘုန်းကျက်သရေမင်္ဂလာ ဆုတ်ယုတ်တယ်ဆိုတာ အမှန်ဘဲ။ ဤကဲ့သို့ အတုန့်အပြန် မိန့်ကြားတော်မူကြလေသတည်း။

---

# အခန်း (၃၅)

(ဘုရင် တပင်ရွှေထီးပြည်မြို့ကိုလုပ်ကြံတော်မူနေစဉ်အခိုက် အဝနေပြည်တော်၌ သိုဟန်ဘွား၏ ရက်စက်ကြမ်းကြုတ်ရိုင်းစိုင်းပုံများ ဖြစ်ပေါ်ခြင်း)

မိစ္ဆာစိတ်ထားရှိသော ရှမ်းလူမျိုး အဝဘုရင်သိုဟန်ဘွားသည် ပြည်မြို့သို့ပထမတခေါက် သွားရောက်၍ ပြည်ဘုရင်နှင့် တလိုင်းဘုရင်ကိုကူညီရာ၊ စစ်ရေးမသာ၍ ပြန်လာရာတွင် အမျက် ဒေါသ ချောင်းချောင်းထသဖြင့် မတော်မတရား မိုက်မိုက်မှားမှား ဤသို့ ကြံစည်မိလေသည်။

ငါ၏ လက်ရုံးဖြင့် ကြံစည်ရပါလျှင် ဘယ်ဘုရင်ကိုမျှ မအောင်မြင်ဘူးရယ်လို့မရှိဘဲ၊ ပြိုင် တိုင်းပင် ငါက နိုင်မြဲဖြစ်တယ်။ ကြာရှည်လေးမြင့်စွာ မြန်မာများ အုပ်စိုးလို့ ထီးနန်းစိုက်ရာဖြစ် သော အဝနေပြည်တော်ကိုပင် ငါအောင်မြင်ပြီး၍ ယခုစိုးစံနေရသည်မှာအထင်အရှားပင်ဖြစ်နေ တယ်။ တောင်ငူကမူလအခြေစိုက်၍ အသက်အရွယ်ငယ်ငယ်နှင့်ပင် ဘုရင်အဖြစ်သို့ ရောက်သော တပင်ရွှေထီးသည် ယခုအခါ ဟံသာဝတီပြည်ကြီးကိုတိုက်သိမ်း၍ စိုးစံလျက်ရှိနေပြီ၊ ဟံသာဝတီမှ တဘန် ပြည်မြို့ကိုလုပ်ကြံနေပြီ၊ ပြည်မြို့ကိုရလျှင် အဝနေပြည်တော်ကြီးကိုရအောင် မုချကြံစည် မှာဘဲ သည်တပင်ရွှေထီးကို နိုင်အောင်နှိပ်နင်းမှ ငါ၏ထီးနန်းစည်းစိမ်ဟာလဲ တည်တန့်ခြင်းသို့ ရောက်လိမ့်မယ်။ ။တကယ်လို့ တပင်ရွှေထီး၏ရန်ကို တွန်းလှန်ဖို့ဖျက်နိုင်ပါလျှင် ပင်လယ်ကမ်း ခြေသို့တိုင်အောင် ငါစိုးပိုင်မှာအမှန်ဘဲ၊ ပြည်ဘုရင်ဆိုတာလဲ ငါ့လက်တွင်းမှာ ရှိနေတယ်။ ။ တပင်ရွှေထီးဟာ အရွယ်ပင်ငယ်သော်လဲ တကယ်ဘုန်းကံကြီးတဲ့ ဘုရင်ကလေးဘဲ၊ မြန်မာနိုင်ငံ၊ တလိုင်းနိုင်ငံတို့၏ အလယ်ဝမ်းလိုင်ကနေပြီး တလိုင်းနိုင်ငံအတွင်းသို့ ချင်းနင်းဝင်ရောက်၍ ဖြစ် ဖြစ်မြောက်မြောက် အောင်မြင်၍ စိုးပိုင်သည်မှာ အံ့ဩဘွယ်ရာ တခုပေဘဲ၊ သို့ရာတွင် ရှမ်း စော်ဘွားအများကို စစ်ကူတောင်း၍ အညာမြန်မာနိုင်ငံ၏ အင်အားနှင့်ကြံလျှင် တပင်ရွှေထီး ခံနိုင်မလား။ (ဤသို့ကြံစည်နေရင်း တမျိုးအကြံပေါက်လာပြန်သည်မှာ)။ ။မြန်မာလူမျိုးများ ဟာ သူတို့ကိုးကွယ်တဲ့ သာသနာနှင့် သူတို့အမျိုးကို အထူးသဖြင့် မြတ်နိုးလေ့ရှိကြတယ်၊ သူ တို့ သာသနာအား မနဲလျှင် သူတို့လဲအားလျော့မဲ့လက္ခဏာမရှိဘူး။ ။အဝနိုင်ငံတော်မှာ ရှိတဲ့ ရဟန်းတော်များနှင့် အချို့မှူးမတ်များကလဲ တပင်ရွှေထီးကို အတွင်းကြိတ် အားပေး, အား မြှောက် ပြုနေပုံလက္ခဏာရှိတယ်။ ။သူတို့ကိုးကွယ်တဲ့ သာသနာကို ရှေးဦးစွာနှိမ်ပြီး မြန်မာ အမျိုးကို ချိုးထားနိုင်မှ ငါ၏တန်ခိုးဟာ နွမ်းညှိုးခြင်းသို့မရောက်ဘဲ အစဉ်သဖြင့် ထွန်းကားခြင်း ကို ရလိမ့်မယ်။ ။မြန်မာလူမျိုးများနှင့် မြန်မာရဟန်းတော်များကို အလိုလိုက်နေလို့ မသင့် ဘူး။ ။ဤကဲ့သို့ ရိုင်းစိုင်းယုတ်မာသောအကျင့်ကို ကြံမိလေသည်။

(မှတ်ချက်။ ။ယုတ်မာရိုင်းစိုင်းစွာ ကြံစည်ခြင်းသည် ယုတ်မာ ရိုင်းစိုင်းစွာ ပျက်စီး ခြင်း၏ အကြောင်းရင်းမူလ ဖြစ်လိမ့်မည်။)

ဤသို့ကြံစည်ပြီးလျှင် (သိုဟန်ဘွားသည် မြန်မာမှူးမတ်များကို မသိစေဘဲ အတွင်းလူယုံဖြစ်သော ရှမ်းမှူးမတ်တို့နှင့် တိတ်တဆိတ် တိုင်ပင်သည်မှာ။)

(သိုဟန်ဘွား) ယခု တောင်ငူက တပင်ရွှေထီး အလွန်ဘုန်းတန်ခိုးကြီးနေတယ်၊ ဟံသာဝတီ နိုင်ငံကြီးကို အုပ်စိုးစိုးပိုင်၍နေပြီ၊ တချိန်ထဲ သူကလွှမ်းမိုးလာပါလျှင် အဝနေပြည်တော်ကြီးကပင် စိုးရိမ်ရလိမ့်မယ်။

(ရှမ်းမှူးမတ်များ) တပင်ရွှေထီးဆိုတာ အလွန် ဘုန်းကြီးနေတယ်လို့ ကျော်စောနေပါတယ်၊ စောစောစီးစီးက တင်ကြို၍ မနှိမ်လျှင် သူ့အရှိန်လွှမ်းမိုးလာစရာပါဘဲ၊ အဝနိုင်ငံတော်တခွင်လုံးမှာရှိတဲ့ ရဟန်းများနှင့် မြန်မာတွေက တပင်ရွှေထီးကို အပုံကြီး လိုလားနေကြတယ်။

(သိုဟန်ဘွား) အဲ့-သည်အတွက်ကြောင့် ယခုလို တိတ်တဆိတ် တိုင်ပင်ရတာပေါ့၊ မြန်မာများဟာ သူတို့သာသနာကိုလွန်စွာကြည်ညိုကြတယ်၊ ဘုန်းကြီးများကိုလဲ တစုံတရာမှ အလုပ်မရှိဘဲ တရိုတသေ ကျွေးမွေးကြတယ်၊ ဘုန်းကြီးတွေရဲ့ဩဇာဟာလဲ မြန်မာများရဲ့ အပေါ်မှာ လွန်စွာမှ စူးရှတယ်။ ။ဘုန်းကြီးတွေဟာ သား,မယား မယူဘဲ သူတို့အလိုဆန္ဒသို့ ပါအောင် လူများစွာကို သွေးဆောင်ကာ မွေးမြူ၍ နေကြတယ်၊ ဘုန်းကြီးတွေက ပုန်ကန်လျှင် အလွယ်တကူနှင့် ဖြစ်မြောက်နိုင်ဘွယ်ရာ အကြောင်းရှိတယ်။ ။မြန်မာပြည်မှာ တည်ထားကြတဲ့ စေတီပုထိုးတွေဟာလဲ တကယ်ဆိုတော့ ဘုရားအစစ်မဟုတ်ဘူး၊ ရွှေ,ငွေ,ဘဏ္ဍာတို့ကို သိုလှောင်ထားတဲ့ ဘဏ္ဍာတိုက်ကြီးတွေဖြစ်ကြတယ်၊ အရေးအကြီးအကျယ် ရှိခဲ့ပါလျှင် မြန်မာတွေဟာ သည်ဘဏ္ဍာတိုက်ကြီးတွေကိုဘွင့်ပြီး သင့်သလို သုံးကြမှာဘဲ။ ။အဲ့-သို့အတွက်ကြောင့် ဘုန်းတန်ခိုးကြီးတဲ့ ရဟန်းတော်တွေကို တနည်းနည်းနှင့် ကြံစည်၍ ရှေးဦးစွာသတ်ပြီး ထို့နောက် တဘန်ဘုန်းတန်ခိုးသေးသိမ်တဲ့ ရဟန်းတွေကို တဖြည်းဖြည်း သတ်ပစ်မယ်၊ ရဟန်းတို့ဘက်က ဩဇာအာဏာမရှိပါလျှင် မြန်မာတွေဟာလဲ အားကိုးရာမဲ့ဖြစ်ကုန်လိမ့်မယ်၊ သည်အခါ စေတီ,ပုထိုးရယ်လို့ ခေါ်တဲ့ ဘဏ္ဍာတိုက်ကြီးတွေကို ဖျက်ဆီးပြီး ငါတို့သဘောရှိသမျှ ရွှေ,ငွေ,ရတနာ တွေကို ယူကြတာပေါ့။ ။မြန်မာပြည်မှာ ရဟန်းတွေလဲမရှိဘဲ၊ စေတီ,ပုထိုးတွေလဲ မရှိဘူး ဆိုပါလျှင် သူတို့ကိုးကွယ်တဲ့ သာသနာ ကွယ်ပျောက်၍ ငါတို့လက်အောက်မှာ ညှိုးငယ်စွာ နေကြလိမ့်မယ် မဟုတ်လား၊ ဘယ်သူ့ကိုမှ အားမပေးနိုင်ကြတော့ဘူး။

သိုဟန်ဘွားက မိစ္ဆာသဘောဖြင့် ရိုင်းစိုင်းရက်စက်စွာ ပြောသောအခါ ရှမ်းမှူးမတ်များက လွန်စွာ သဘောနှစ်ချိုက်ကြသည်နှင့် ယခုအကြံဟာ အလွန်ကောင်းလှပါသည်၊ မကြာခင်အကြံမြောက်အောင် စီမံပါ၊ သည်ကိစ္စမတုန်းမှီ မြန်မာများကိုသိစေဘို့ မတော်ဘူး၊ ရှမ်း အမှုထမ်းနှင့် ရှမ်းမှူးမတ်တွေချည်း ဆောင်ရွက်မှ သင့်လျော်မည်ဟု လျှောက်ထားကြ လေ၏။

ဤကဲ့သို့ တိုင်ပင်ပြီးလျှင် ရဟန်းတော်များကိုသတ်ရန် ခပ်မြန်မြန်အခွင့်ရဘို့ကိုသာ ရှာကြံ၍ နေလေ၏။ ။မြန်မာ မှူးမတ်များနှင့် တွေ့ဆုံသောအခါ ပရိယာယ်အားဖြင့် "မြန်မာပြည်မှာရှိတဲ့ ရဟန်းတော်တွေဟာ လွန်စွာ ကြည်ညိုဘို့ ကောင်းပါတယ်၊ ရဟန်းတော် များကို ကျွေးမွေးလှူဒါန်း၍ ရှိခိုးပူဇော်ပါလျှင် ဘေးအန္တရာယ် ကင်းကြောင်း နိမိတ်မင်္ဂလာ ကောင်းကြောင်းများကိုလဲ ကြားသိတော်မူရတယ်၊ သည် အတိုင်းပင် မှန်ပါသလား" ဟု မေးမြန်းရာ

မြန်မာမှူးမတ်များကလည်း ပရိယာယ်နှင့်မေးကြောင်းကို မရိပ်မိကြသည်နှင့် "ကြားသိတော်မူတဲ့ အတိုင်းပင် မှန်ပါသည်၊ ရဟန်းတော်များဟာ ရတနာသုံးပါးတွင် အပါအဝင်ဖြစ်၍ လူဒါန်းပူဇော်က ကြည်ညိုရိုသေစွာနှင့် ရှိခိုးလျှင် မျက်မှောက် အကျိုးနှင့် ဘုန်းတန်ခိုးများ တိုးတက်စေနိုင်ပါသည်"ဟု လျှောက်ထားကြလေ၏။

ထိုကဲ့သို့ ရဟန်းတော်များကို ကြည်ညိုဟန်နှင့် မြန်မာမှူးမတ်နှင့် အတွင်း အမှုထမ်းများကို အယုံသွင်းပြီးလျှင် တနေ့သောအခါ အကြံထမြောက်အောင် မဏ္ဍပ်ဆောက်ခြင်းမှစ၍ ဒါနဆိုင်ရာ ကြိယာအမျိုးမျိုးကို စီမံလေသည်။

## "တောင်ပလူ-လယ်ပြင်"

အဝမြို့တော်ကြီး အနီး "တောင်ပလူ-လယ်ပြင်" ခေါ်တောအရပ်တွင် မဏ္ဍပ်အဆောင်ဆောင်တို့ကို ဆောက်စေပြီးလျှင် ထိုမဏ္ဍပ်တို့မှာ အဆင်း တန်ဆာ အမျိုးမျိုးကို ပြင်ဆင်ပြီး မွမ်းမံ၍ထားလေသည်။ ။ထိုမဏ္ဍပ် အဆောင်ဆောင်တို့သည် သံဃာတော်ပေါင်း (၁၃၀၀) ထောင့်သုံးရာကျော် နေတော်မူနိုင်သည်၊ အလှူတော်ကြီးပေးမည်ဟူ၍ နေပြည်တော် အတွင်းမှာ သတင်းပျံ့နှံ့အောင် ကြော်ငြာစေ၏။

ထိုသတင်းများကို တိုင်းသူပြည်သား မြန်မာများတို့ကြားကြရာ သိုဟန်ဘွား၏ အတွင်း အကြံကို မသိကြသည်နှင့် "ရှေးက ဗုဒ္ဓသာသနာကို မကြည်ညိုသော ရှမ်းဘုရင်သည် ယခုအခါ သာသနာတော်ကို ကြည်ညိုစိတ်ပေါ်လာပြီ၊ တစ,တစ ဗုဒ္ဓဘာသာအစစ် ဖြစ်ခဲ့ပါလျှင် ရှမ်းနှင့် မြန်မာ သာသနာ အတူတူ ဖြစ်တော့မည်၊ သာသနာကို ကြည်ညိုသော မင်းဖြစ်ပါလျှင် တိုင်းသူ,ပြည်သားတို့က မကြည်ဖြူဘဲမရှိ"ဟု ဝမ်းမြောက် ဝမ်းသာပင် ပြောဆိုကြသည်။

(မှတ်ချက်။ ။ထိုခေတ်အခါက မြန်မာပြည်၏ ပတ်ဝန်းကျင် အစွန်အဖျား၌ ရှိနေကြသော ရှမ်းတို့ကည် ဗုဒ္ဓသာသနာကို ကြည်ညိုခြင်းမရှိကြသေး၊ သာသနာရေးနှင့်စပ်၍ ရိုင်းစိုင်းလျက်ပင် ရှိနေကြသေးသည်။ ။တံသာဝတီ ဆင်ဖြူရှင် မင်းတရားကြီး လက်ထက်တော်သို့ တိုင်ရောက်မှ ရှမ်းပြည်ဌာနတို့၌ အထူးသဖြင့် သာသနာပြု စေလွှတ်၍ ပြုစုသောကြောင့် ဗုဒ္ဓသာသနာကို ကြည်ညိုဆည်းကပ်ခြင်း ပြုလာကြသည်၊ ထို မင်းတရားကြီးကို လွန်စွာ ချီးမွမ်းထိုက်ပါပေသည်။)

သိုဟန်ဘွားသည် အဝနေပြည်တော်ထက်ဝန်းကျင်၌ သတင်းကောင်းကို လွှင့်စေပြီးလျှင် နေ့ရက်ချိန်းချက်၍ အဝနေပြည်တော်နှင့် စစ်ကိုင်းဘက်တွင် သီတင်းသုံး နေကြသော တန်ခိုးကြီး ရဟန်းတော်များကို စာရင်းကောက်ယူပြီးလျှင် အလှူတော်ရုံ မဏ္ဍပ်ကြီးသို့ ဆွမ်းဘုဉ်းပေးကြွတော်မူပါဟု အသီးအသီး ပင့်လျှောက်စေသည်။

ထိုအခါ ဆရာတော်, သံဃာတော်ကြီးတို့ကလည်း ပကတိ သဘောအားဖြင့် စိတ်ထားကောင်းမွန်တော် မူကြသောအတိုင်း သူတော်ကောင်းတို့၏ သဘောဖြင့် ဝမ်းမြောက်စွာ တွေးတောတော် မူကြသည်မှာ၊ "ရှမ်းဘုရင် သိုဟန်ဘွားသည် ရတနာသုံးပါးကို ယခင်က မကြည်ညိုဘူး ဆိုသော်လဲ ယခုအခါဖြင့် ကြည်ညိုကြောင်း ထင်ရှားလာပြီ၊ ရတနာသုံးပါး ဂုဏ်ကို ယုံ

ကြည်လေးမြတ်စွာ သာသနာ့ဒါယကာ သဘောမျိုးဖြင့် ကိုးကွယ်ဆည်းကပ်ပါလျှင် ဘုန်းသမ္ဘာများလဲ ယခင်ကထက် တိုးတက်၍ ပွင့်လင်းလာလိမ့်မည်၊ သိုဟန်ဘွားတယောက် သာသနာတွင်းသို့ ရောက်လာပါလျှင် ရှမ်းပေါင်းများစွာ သာသနာကို ကြည်ညိုကြလိမ့်မည်၊ ဝမ်းမြောက်ဘွယ်ကောင်းပေစွ၊ ငါတို့လဲ ချီးမြှောက်ထိုက်ပေသည်၊ အလှူတော်မဏ္ဍပ်ကြီးသို့ သွားရောက်မှ တော်ပေမည်” ဤသို့ ကြံစည်တွေးတောတော်မူကြပြီးလျှင် အလှူတော်ရက် အချိန်ကိုသာ စောင့်စားကာ နေတော်မူကြကုန်၏။

## “အမင်္ဂလာ-နေ့ဆိုးကြီး”

ချိန်းချက်ထားသော အလှူတော်နေ့သို့ ရောက်လေသောအခါ ကြက်,ဝက်,နွား,ကျွဲ တို့ကို သတ်ဖြတ်ပြီးလျှင် များစွာ ချက်ပြုတ်ပြီး အသင့်ရှိလေ၏။ ။သိုဟန်ဘွားက မြန်မာ အမှုထမ်းများနှင့် မှူးမတ်များကို တင်ကြို၍ မိန့်တော်မူထားသည်မှာ “ယခု အလှူတော်ပွဲကြီးသည် ငါတို့အနွယ်ဖြစ်သော ရှမ်းပေါင်းများစွာ တို့အား သာသနာတော်၌ ကြည်ညိုစိတ်ဝင်စေရန် ပြုလုပ်ကျင်းပသော အလှူတော်ကြီးဖြစ်သည် မြန်မာများ လာရောက်ဘို့မလို၊ မြန်မာများကို မြင်လျှင် ရှမ်းတို့ ရှက်စနိုးရှိကြလိမ့်မည်” ဤကဲ့သို့ အမိန့်ရှိထားသည်နှင့် မြန်မာများလည်း ထို“ရှမ်းဒါနပွဲကြီး”သို့ မသွားကြကုန်။

သာသနာတော်နှင့် ဆိုင်သော ဒါနပွဲသဘင်ကြီး ဖြစ်သောကြောင့် အလှူတော်နေ့သို့ ကျရောက်သောအခါ ပင့်လျှောက်သောအတိုင်း အစုံအလင် ကြွရောက်တော် မူလာကြသည်၊ သံဃာစုံသောအခါ (၁၃၀၀)ကျော် စုဝေးမိကြလေ၏။ ။မဏ္ဍပ်မှာ အဆောင်ပေါင်းများစွာနှင့် အလွန်ကျယ်ဝန်းစွာ ဆောက်လုပ်ထားသောကြောင့် သံဃာတော်တို့ကို တစုတရုံးထဲ မနေစေဘဲ ဟိုအဆောင်, သည်အဆောင် ခွဲ၍ထားလေသည်၊ (ထိုသို့ခွဲ၍ထားခြင်းမှာ မိမိတို့အကြံအစည်အတိုင်း ဆောင်ရွက်သောအခါ ရဟန်းတော်များ ရုတ်တရက် အစုအရုံး မဖြစ်အောင်, တော်လှန်ခြင်းမပြုနိုင်အောင် စီမံ၍ထားခြင်းပင်ဖြစ်သည်။)

## “အလှူမဏ္ဍပ်ကို မြင်းတပ်ကြီးဖြင့် ဝန်းဝိုင်းခြင်း”

သံဃာတော်အရှင်မြတ်တွေ အစုံအညီဆိုက်ရောက်၍ ချထားသော နေရာဌာနတို့၌ ထိုင်မိကြသောအခါ ရှမ်းတို့ဉာဏ်ဖြင့် တင်ကြိုကာ အသင့်စီမံ၍ထားသော မြင်းတပ်ကြီးသည် ရုတ်တရက် ဆိုက်ရောက်လာပြီးလျှင် အလှူတော်မဏ္ဍပ်ကြီးကို ဝန်းဝိုင်းလေ၏၊ မြင်းစီးသူရဲဖြစ်ကြသော ရှမ်းတို့မှာ ဓါး,လှံ,လက်နက်ကိုယ်စီ ဆောင်လျက်ပင် ရှိလေသည်၊ မြင်းတပ်ကြီး ဝန်းဝိုင်းထားသည်ကို မည်သည့်အတွက်ကြောင့်ဟု ရဟန်းတော်အရှင်မြတ်တို့ သိရှိတော်မမူကြကုန်။

အလှူရုံမဏ္ဍပ်ကြီးကို မြင်းတပ်ဝိုင်းမိသောအခါ သိုဟန်ဘွား၏ တချက်လွှတ်အာဏာဖြင့် ဓါးလက်နက်အသင့်နှင့် အချိန်ကို ငံ့ဆိုင်းနေသော ရှမ်းရိုင်းတို့သည် တပြိုင်နက် ထပြီးလျှင် ရဟန်းတော်အရှင်မြတ်ကြီးတွေကို ခုတ်သတ်ကြလေ၏။ ။မဏ္ဍပ်ကြီးမှာ လွန်စွာ ကျယ်ဝန်းလှသဖြင့် တနေရာက ခုတ်သတ်သည်ကို တနေရာက မသိကြကုန်။ ။ရဟန်းတော်ပေါင်း တရာ

လောကကို ခုတ်သတ်မိသောအခါ ဆူညံသောင်းကျန်းခြင်း ဖြစ်လာသဖြင့် ဆရာတော်, သံဃာတော်အပေါင်းတို့ ကြားသိကြရာ အသက်သိက္ခာတော်များကို စောင့်စည်းလိုကြသဖြင့် ရှမ်းတို့လက်မှ လွတ်မြောက်အောင် ပြေးမိပြေးရာ ထွက်ပြေးတော်မူရှာကြရကုန်သည်၊

အသက်အန္တရာယ်ကို ကာကွယ်ရန်အလို့ငှါ လွန်စွာအရေးကြီးလှသည်နှင့် မဏ္ဍပ်၏ထွက်ပေါက်ကို မရှာနိုင်ကြဘဲ မဏ္ဍပ်နံရံကို အတင်းဖျက်ဆီးကာ ထွက်ပြေးတော်မူကြရသည်။ ။ အချို့ရှမ်းတို့ကလည်း ထွက်ပြေးသော ရဟန်း, သံဃာတော်တို့နောက်သို့ အတင်းလိုက်ပြီးလျှင် ထိုးခုတ်သတ်ဖြတ်ကြကုန်၏၊ အချို့ရဟန်းတော်များလည်း ပြေးလွှားရင်းပင် ပျံလွန်တော်မူရှာကြရကုန်သည်။ ။အသက်ဇီဝိန်တော်များ ဆုံးရှုံးခြင်းသို့ မရောက်ဘဲ ဒဏ်ရာအနာတဲရကြီးစွာနှင့် လွတ်မြောက်တော်မူသော သံဃာတော်တို့လည်း အတော်ပင်များပြားလေသည်။ ။မြင်းတပ်ဖြင့် ဝိုင်းဝန်း ထားသော ရှမ်းတို့ကလည်း မြင်းနှင့် လိုက်၍ အတင်းနင်းပြီးလျှင် ထိုးခုတ်သတ်ဖြတ်ကြသည်၊ ရှမ်းတို့၏ ရက်စက်ကြမ်းကြုတ်ပုံမှာ စုဝေးတော်မူမိကြသော ရဟန်း,သံဃာတော်အလုံးစုံ အကုန်ပျက်စီးဆုံးပါးဘွယ်ရှိလေသည်။

သို့ရာတွင် ရဟန်းတော်အရှင်မြတ်တို့၏ ကုသိုလ်ကံများနှင့် သာသနာတော်ကြီး၏ ဘုန်းတန်ခိုး အာနုဘော်များကြောင့် အလုံးစုံပျက်စီးဆုံးရှုံးခြင်းသို့ ရောက်တော်မမူဘဲရှိကြသည်။ ။ ထိုရဟန်းသတ်ပွဲကြီးတွင် စည်းဝေးမိသော သံဃာတော် (၁၃၀၀)ကျော်အနက် ရဟန်းတော်ပေါင်း(၆၀၀)ကျော်၊ ရှမ်းတို့လက်နက်ဖြင့် အသက်ဆုံးရှုံးတော်မူကြရသည်။

ရဟန်းတော်ပေါင်း ထက်ဝက်ကျော်ကျော် လွတ်ရခြင်း၏ အကြောင်းမှာ ထိုမဏ္ဍပ်ကြီးတွင်ရှိသော အချို့အချို့ရှမ်းများသည် ဗုဒ္ဓသာသနာကို ကြည်ညိုသော ရှမ်းလိမ္မာများဖြစ်ကြသည်၊ ထိုရှမ်းလိမ္မာများသည် ရေးရေးမဆွကပင် သိုဟန်ဘွား၏ အကြံကို မနှစ်သက်ကြကုန်။ သို့ရာတွင် မလွန်ဆန်ဝံ့သောကြောင့်သာလျှင် အလိုသို့လိုက်ပါ၍ နေကြရသည်။ ။ရဟန်းတော်တို့ကို သတ်ဖြတ်၍ ကသောင်းကနင်း ပရွန်းပရင်း ဖြစ်နေစဉ်အခါ ထိုရှမ်းလိမ္မာတို့က သံဃာတော်များကို သနားသဖြင့် ဘေးမှလွတ်အောင် တိတ်တဆိတ် ကယ်မ ကူပင့်ကြပေသည်၊ ထို့ကြောင့် ရဟန်း သံဃာတော်အားလုံး ပျက်စီး ဆုံးရှုံးခြင်းသို့မရောက်ဘဲ၊ လွတ်မြောက်တော်မူကြလေသတည်း။

ရဟန်းသတ်ပွဲကြီးမှ လွတ်မြောက်တော်မူကြသော သံဃာတော်အရှင်မြတ်တို့သည် အဝနေပြည်တော်၌ သီတင်းသုံးတော်မူကြရန် အလွန် စက်ဆုတ်တော်မူကြသောကြောင့် တောင်ငူမြို့သို့သာ ကြွသွားတော်မူကြလေသည်။ ။သိုဟန်ဘွား၏သာသနာရေးနှင့်စပ်လျဉ်း၍ ရိုင်းစိုင်းရက်စက်ပုံ အချက်များကို ထင်ရှားစွာ သိတော်မူကြသဖြင့် အဝနေပြည်တော် စစ်ကိုင်းမြို့, စစ်ကိုင်းတောင်ရိုးတခွင်၌ သီတင်းသုံးတော်မူကြသော ရဟန်းတော်တို့သည် မိမိတို့ ကျောင်း, ကန့်,တိုက်တာများကို စွန့်ပစ်ပြီးလျှင် သာသနာပွင့်လင်းရာဌာနဖြစ်သော တောင်ငူမြို့သို့ ကြွသွား ပြောင်းရွှေ့တော်မူကြသည်သာ များလေ၏။ ။ရဟန်း,သံဃာတော်တို့ကိုအမှီပြု၍ အချို့အချို့သော လူများလည်း တောင်ငူမြို့သို့ အိမ်ထောင်စုံ ပြောင်းရွှေ့၍ သွားကြလေသည်။

ထိုအခါ အဝနေပြည်တော်မှာ လွန်စွာချောက်သွေ့၍ ငြိုးငွေ့ဘွယ်ရာကြီးဖြစ်၍ နေလေသည်၊ တိုင်းဘူပြည်သား မြန်မာများ၏ မျက်နှာသည်လည်း မရွှင်နိုင်ကြဘဲ ညှိုးမှိုင်နွမ်းလျ၍သာ နေကြသဖြင့် ပွဲလမ်းသဘင် ပျော်ရွှင်မှုများကိုလည်း မပြုမလုပ်နိုင်ကြကုန်။ ကေတုမတီတောင်ငူမြို့ကြီးမှာကား ပညာရှိ ရဟန်းသံဃာတော်တို့ များပြား တိုးတက်စွာနှင့် သာသနာတော်သည် သာ၍ပွင့်လင်းလာ၏။ သိုဟန်ဘွားသည် မိမိ တန်ခိုးအာဏာကြီးစေလိုသဖြင့် မကြံအပ်,မကြံရာ, ကြံစည်လေ့ရာ၊ မိမိမှာ တန်ခိုးအာဏာ ဆုတ်ယုတ်ပြီးလျှင် မိမိ၏ ရန်သူတော်ဖြစ်သော တပင်ရွှေထီးမှာ တိုးတက်၍ ဘုန်းကြီးလေသည်။ မိုက်မဲယုတ်မာသော သူတို့၏အကြံအစည်များသည် စိတ်ကောင်းထား၍ တရားနှင့်ညီညွတ်သောသူတို့ကို ကြီးကျယ်မြင့်မြတ်အောင် ပြုလုပ်ပေးခြင်းနှင့်တူ၏ဟူ၍ နီတိဆရာကြီးများ မိန့်ဆိုသော စကားသည် လွန်စွာ မှန်လှပေသတည်း။

### "ရှစ်လုံးဘွဲ့မြန်မာကဗျာ"

ယုတ်မာသူများ- မိုက်မှားကြံအင်။
ကိုယ်တိုင်ကောင်းဘို့-သူတို့အထင်။
ထင်မြင်ရေးနှင့်- ကွာဝေးပါစင်။
သူကောင်းများ- ကြီးပွါးစေဘို့ပင်။

### "သိုဟန်ဘွား၏ ထပ်မံ၍ မိုက်မဲခြင်း"

ဆိုခဲ့ပြီးသောအတိုင်း ရဟန်းတော်များကို သတ်ဖြတ်နှိပ်စက်ပြီးသောအခါ သာ၍ပင် မိုက်အားတက်လာပြန်သည်နှင့် မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာ လက်စမကျန်ရအောင် ကျောင်း, ကန်,နှင့် စာပေပရိယတ္တိများကို မီးရှို့ကြရမည်ဟူ၍ အမိန့်ချမှတ်ပြန်လေ၏။ ထိုအခါ ဗုဒ္ဓဘာသာ မြန်မာမှူးမတ်တို့လည်း မတတ်နိုင်အောင် ကြောက်ရွံ့ ထိတ်လန့်၍နေကြသည်နှင့် မတော်ကြောင်းကို မည်သူမျှ မလျှောက်မတင်ဝံ့ကြကုန်။ ဗုဒ္ဓသာသနာကိုကြည်ညို၍ အလိမ်မာရှိသော အချို့ရှမ်းအမတ်များလည်း ရိုင်းစိုင်း ရက်စက်သော တန်ခိုးအာဏာကို ထိတ်လန့်သောကြောင့် တင်လျှောက်ခြင်းငှာမဝံ့ကြကုန်ဘဲ ခေါင်းငုံ့၍သာ နေကြရကုန်၏။

ရိုင်းစိုင်း၍ မိစ္ဆာစရိုက်ရှိသော ရှမ်းတို့သည် သိုဟန်ဘွား၏ အမိန့် အာဏာကို ဝမ်းမြောက်စွာ လိုက်နာကြပြီးလျှင် အဝမြို့တော်တွင် ရှိသော ကျောင်းတိုက်ကြီးများ၊ စစ်ကိုင်းတောင်ရိုးတွင်ရှိသောကျောင်းတိုက်ကြီးများကို မီးရှို့ကြလေ၏။ ကျောင်းတိုက်ကြီးတို့ကို မီးလောင်ရာ စာပေကျမ်းဂန်တို့လည်း များစွာပင် မီးလောင်ကျွမ်းခြင်းကို ခံရလေသည်။

### "သိုဟန်ဘွား၏ ရိုင်းစိုင်းမှုကြောင့် မြန်မာနိုင်ငံ၌ ရှေးဟောင်း ဗဟုသုတများ ပျက်ပြားခြင်း"

စာပေပရိယတ္တိများကို မီးရှို့သောအခါ မြန်မာပြည်၌ ရဟန်းပညာရှိ, လူပညာရှိ,များ ရေးသားစုဆောင်း၍ထားသော ဗဟုသုတ စာပေကျမ်းဂန်များလည်း မီးထဲသို့ ပါသွားကြလေ၏။ ရာဇဝင်နှင့်ဆိုင်သော ဗဟုသုတများ, တိုင်းနိုင်ငံရေးနှင့် ဆိုင်သော ဗဟုသုတများ,

ဆေးကျမ်း, ဗေဒင်ကျမ်း,တို့နှင့် ဆိုင်သော ဗဟုသုတများ, သိုက်သမိုင်းနှင့် ဆိုင်သောဗဟုသုတများ, မြန်မာလူမျိုးတို့၏ ရှေးဟောင်း လက်မှုပညာနှင့်ဆိုင်သောဗဟုသုတများ,အင်္ဂရတ်ပညာ, ဓာတ်ပညာ,နှင့် ဆိုင်သော ဗဟုသုတများ, ရှေးဟောင်း ကဗျာတို့နှင့် ဆိုင်သော ဗဟုသုတများ, မြန်မာလူမျိုးတို့၏ ကြီးပွါးယဉ်ကျေးခြင်းနှင့်ဆိုင်သော ဗဟုသုတများ၊ ဤသို့စသော ဗဟုသုတများသည် သိုဟန်ဘွား၏ ရှိုင်းစိုင်းရက်စက်မှုကြောင့် မီးသဂြိုဟ်ခြင်းကို ခံကြရလေကုန်သည်။ ထိုသို့ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံ၌ အဆုံးရှုံးကြီးဆုံးရှုံး၍ အနစ်နာကြီး နစ်နာခြင်းခံရလေသည်။ ထိုဗဟုသုတမျိုးတွေသာ အစဉ်တစိုက် တည်ရှိ၍လာခဲ့ပါလျှင် မြန်မာလူမျိုးတို့သည် ဤမျှလောက် ယုတ်နိမ့်ခြင်းမဖြစ်တန်ရာ၊ မြန်မာနိုင်ငံ၏ ကံကြမ္မာဟူ၍ပင် ဆိုရတော့မည်။

(မှတ်ချက်။ ။ထိုခေတ်အခါတွင် ယခုကာလမှာကဲ့သို့ စာပုံနှိပ်ခြင်းအလုပ်များ မပေါ်သေးသဖြင့်၊ ပညာဗဟုသုတများ၊ ပေ,ထန်းရွက်,ပရပိုက်,တို့၌သာ ရေးကူး၍ မှတ်ထားရသည်။ သို့အတွက် လျင်မြန်စွာပျံ့ပွါးခြင်းမဖြစ်နိုင်၊ မူကိုမီးလောင်ပါလျှင် အခြား၌ ရှာဖွေ၍မရနိုင်၊ သို့အတွက်ကြောင့် နစ်နာရခြင်း ဆိုးဝါးရလေသည်။ မဏိသာရ မဥ္ဇူကျမ်းကို ရေးသားတော်မူသော သျှင်အရိယာဝံသ ကိုယ်တော်ကြီးလည်း ထိုဝိပတ္တိ အခိုက်တွင် ပျံလွန်တော်မူရသည်ဟု ရှေးအစဉ်အဆက်စကားကို ကြားရဘူးသည်။ မဏိဒီပကျမ်းကြီးကို ရေးသားစီရင်တော်မူနေစဉ် ထိုဝိပတ္တိကပ်ဆိုးကြီး ဆိုက်ရောက်လာသဖြင့် ကျမ်းကိုမျှ အပြီးသတ်တော်မမူနိုင်ဘဲ ရှိရသည်။ ထိုကြောင့် မဏိဒီပကျမ်းကြီးသည် ယခုအခါ မြန်မာ နိုင်ငံတော်မှာ တပိုင်းတစနှင့် တည်ရှိရသတည်း။)

သည်မျှသာ ရက်စက်တော်မူသည် မဟုတ်သေး၊ မြန်မာနိုင်ငံ၌၊ ရှေးမင်းအဆက်ဆက်တို့ စိုက်ထူထားခဲ့သော ကျောက်စာများကိုလည်း နောင်အဆက်မရှိအောင် ဖျက်ဆီးရမည်ဟုအမိန့်ထုတ်ပြန်သည်။ ရှမ်းရိုင်းမိစ္ဆာတို့သည် ကျောက်စာတို့ကိုလည်း ချိုးဖဲ့ ဖျက်ဆီးကြပြန်၏။ မြန်မာပြည်မှာ ရှေးဟောင်းပညာနှင့် အလေ့အလာများ၊ မကျန်ရစ်သော အချေသို့ ဆိုက်အောင် ပြုလုပ်ရက်စက်ခြင်းပင်ဖြစ်လေသည်။ ယခုမြန်မာနိုင်ငံတော်မှာ ရှိနေကြသော ကျောက်စာများသည် ကြွင်းကျန်ရစ်သော ကျောက်စာများသာဖြစ်သည်။ မြန်မာနိုင်ငံတွင် အစဉ်အဆက် စိုးအုပ်တော်မူခဲ့ကြသော ဘုရင်မင်းမြတ်တို့၏ ကျောက်စာအလုံးစုံ အကုန်ရှိနေကြမည် ဆိုပါလျှင် ယခုအခါ ကျောက်စာပေါင်း များစွာ ရှိကြကုန်မည် မလွဲပင်ဖြစ်တော့သည်။

သည်မျှသာမကသေး၊ ရှေးမင်းတို့တည်ထားခဲ့သော စေတီ,ပုထိုး,တို့၏ အတွင်းမှာ ရွှေ, ငွေ,ဘဏ္ဍာ၊ များစွာရှိသည်။ ဘဏ္ဍာတိုက်ကြီးများသဘွယ်ဖြစ်သော စေတီ,ပုထိုး,များကိုဖောက်ဖျက်၍ ရွှေ,ငွေ,ဘဏ္ဍာများကိုလည်း ယူကြရမည်ဟု သိုဟန်ဘွားက အမိန့်ပေးသည်နှင့်ရှမ်းမိစ္ဆာအရိုင်းတို့သည် များစွာသော စေတီ,ပုထိုးတို့ကို ဖျက်ဆီးကြလေကုန်၏။ ဤသို့ ပြုလုပ်ကြလေရာ၊ အဝနိုင်ငံတော်တခွင်မှာ စေတီပေါင်းများစွာ ပျက်စီးတော်မူကြရလေသည်။ မြန်မာရာဇဝင်မှာ သာသနာတော်ရေးအတွက် ဤမျှလောက် ဖျက်ဆီး နှောက်ရှက်သော မင်းဟူ၍ မရှိချေ

## "ထိုခေတ်အခါ စစ်ကိုင်းတောင်၏ အခြေအနေများ"

ဧရာဝတီမြစ်ကြီး၏ လက်ျာဘက်၌ မြင့်မြင့်မောက်မောက် စိမ်းစိမ်းညို့ညို့ တည်ရှိသော စစ်ကိုင်းတောင်ရိုးကြီးသည် ဗုဒ္ဓသာသနာတော်ကြီး တည်ထွန်းရာ ရဟန်းတော် အပေါင်း, သူတော်ကောင်းတို့၏ ကိန်းအောင်းမွေ့လျော်ကာ ပဋိပတ္တိ သာသနာတော်ကြီး တည်ထွန်းရာ အစစ်၊ ဌာနကြီးတခုဖြစ်စေရန် ကမ္ဘာဦးကပင် အထူး ဖြစ်ပေါ်၍ လာသည့် အလား၊ အစစ အရာရာ, လွန်စွာသပ္ပါယဖြစ်သော တောင်ထူး, တောင်မြတ်,ကြီးဖြစ်ပေသည်။ ထိုတောင်ကြီး၏ အနီးမှာပင် ရာဇဌာနီ မင်းနေပြည်ဖြစ်သော စစ်ကိုင်းမြို့၊ ပင်းယမြို့၊ အဝမြို့၊ အမရပူရမြို့၊ မန္တလေးမြို့တော်ကြီးများ တည်ထောင်ဖြစ်ပွါး၍လာရာ၊ သာသနာတော်ရေးကိစ္စအားဖြင့် များစွာ ထွန်းကား၍လာသော တောင်ကြီးဖြစ်ပေသည်။

စစ်ကိုင်းမြို့ကို ရှေးဦးမဆွ၊ တည်ထောင်တော်မူသော အသခ်ယာစောယွန်းမင်း၏ လက်ထက်တော်ကပင်လျှင် ထိုတောင်ကြီးမှာ ဗုဒ္ဓသာသနာအဆောက်အဦတို့ဖြင့် ကြီးပွါး၍လာခဲ့လေသည်။ မင်းကြီးစော်ကဲလက်ထက်မှစ၍ အထူးသဖြင့် ကြီးပွါး၍လာခဲ့ရာ၊ မိုးညှင်းမင်းတရားကြီး လက်ထက်တော်အခါ သာ၍ပင် ကြီးပွါးလေ၏။ ထိုစစ်ကိုင်းတောင်ကြီးမှာ စေတီ,ပုထိုး,ဂူ, ကျောင်း,စရပ်မှ, စ၍ ချောင်းအမျိုးမျိုးတို့ဖြင့် တန်ဆာဆင်ယင်လျက် အထူးပင်တင့်တယ်လေသည်။

သိုဟန်ဘွားသည် အဝနေပြည်တော်ကြီးတွင် ဘုရင့်အဖြစ်သို့ရောက်၍ စိုးအုပ်နေစဉ်အခါ သက္ကရာဇ် ၉၀၁-ခုနှစ်တွင် ရဟန်းတော်တို့ကို သတ်ဖြတ်သော သာသနာဘေးဥပါဒ်ကြီးဖြစ်၍ လာရာ ရဟန်းတော်အရှင်မြတ်တို့သည် ထိုစစ်ကိုင်းတောင်ကြီးကိုမှီခို၍ မနေဝံ့ကြသဖြင့် နေရာ ဌာနတို့ကို စွန့်ခွါတော်မူကျပြီးလျှင် ဘေးလွတ်ရာဌာနသို့ ထွက်ပြေးတိမ်းရှောင်တော်မူကြရလေသည်။ ထိုသို့ဖြစ်လေသည့်အတွက် ထိုစဉ်အခါကြီးပွားထွန်းကား၍နေသော စစ်ကိုင်းတောင်ကြီးသည်။ ပျက်စီးခြောက်သွေ့၍ သွားလေ၏။ ။ထိုတောင်ကြီးမှ ရဟန်းသံဃာတော် အရှင်မြတ်ကြီးတွေ စွန့်ခွါ တိမ်းရှောင်တော်မူကြသောကြောင့် သာသနာ့ အဆောက်အဦကြီးများလည်း ပျက်စီးခြင်းသို့ရောက်ကြရလေသည်။ထိုနောက် သာသနဒါယကာ ဖြစ်တော်မူသော မင်းကောင်း မင်းမြတ်တို့ အုပ်စိုးကြသောအခါမှ တဖန်ပြန်၍ ထွန်းကား စည်ပင်ခြင်းဖြစ်လာလေသတည်း။

## "တိတ်နိမိတ် ကြီးများ"

ထိုကဲ့သို့ သာသနာတော်၏ ဘေးဥပါဒ် ရဟန်းတော် အရှင်မြတ်တို့ကို သတ်ဖြတ်ရန်အတွက် နိမိတ်ကြီးဖြစ်ပေါ်လာလေ၏။ ။ထိုနိမိတ်ကြီးသည်ကား ထန်းလုံးခန့်ရှည်လျား၍ အလွန်ထွန်းပြောင်သော ကြယ်တံခွန်ကြီး ပေါ်ထွက်လာခြင်းပင် ဖြစ်လေသည်။ ။ထိုကြယ်တံခွန်ကြီးပေါ်ထွက်လာရာ လူပညာရှိ, ရဟန်းပညာရှိတို့က "မြန်မာနိုင်ငံတော်အတွင်းမှာ ကြီးစွာသော ဘေးဥပါဒ်ကြီး ဖြစ်လာလိမ့်မည်"ဟူ၍ တင်ကြိုဟောကြားတော်မူကြရာ ဟောကြားသောအတိုင်းပင် မကြာမှီအတွင်း သာသနဘေးအန္တရာယ်ကြီး ဖြစ်ပေါ်လာလေသတည်း။

## "မြန်မာနိုင်ငံ ဆူပူလာခြင်း"

ဤကဲ့သို့ ရဟန်းတော်တို့ကိုသတ်ဖြတ်၍ သာသနာဘေးဥပါဒ်ကြီး အထင်အရှားဖြစ်ပေါ်လာသောအခါ ထိုသတင်းဆိုးကြီးကို တနိုင်ငံလုံးကြားကြသဖြင့် တိုင်းသူပြည်သား လူများအပေါင်းက တလှုပ်လှုပ်တရွရွနှင့် စိတ်မာန်ထ၍လာကြလေသည်။ ။မည်သည့်လူမျိုးမဆို မိမိတို့ကိုးကွယ်ဆည်းကပ်၍နေသော သာသနာကိုထိလျှင် အသဲကိုလှီးနှင့် ဆွဘိသကဲ့သို့စိတ်ထကြွခြင်းဖြစ်မြဲသဘောအတိုင်း ရှမ်းဘုရင်သိုဟန်ဘွား၏ ရက်စက်ပုံများကိုကြားသိရပါလျှင် ဗုဒ္ဓဘာသာကို ကြည်ညိုသူမှန်သမျှ အဘယ်မှာ စိတ်မထကြွဘဲ နေနိုင်ပါမည်နည်း။ ထိုကဲ့သို့စိတ်မာန်ထကြွခြင်းကို အံ့ဩဘွယ်ရာဟု မထင်သင့်ချေ။

တိုင်းသူပြည်သားတို့ ပြောကြသောစကားမှာ ရှမ်းဘုရင် သိုဟန်ဘွားသာ ဤကဲ့သို့အုပ်စိုး၍နေပါလျှင် မြန်မာနိုင်ငံတော်မှာ ဗုဒ္ဓဘာသာ သာသနာတော်ကြီး တည်နိုင်တော့မည်မဟုတ်။ မကြာမှီအတွင်း ကွယ်ပျောက် တိမ်မြုပ်ခြင်းသို့ ရောက်တော့မည်။ သာသနဒါယကာမြန်မာဘုရင် အစဉ်အဆက်တို့ တည်ထောင်ပြုစုခဲ့သော သာသနာတော်ကြီးသည်။ ရှမ်းမိစ္ဆာတို့၏လက်တွင် ပျက်စီးရမည်မှာ ခံနိုင်ဘွယ်ရာအကြောင်းမရှိ တနည်းနည်းနှင့် ခုခံကြမှသင့်လျော်မည်။ သာသနာရေးနှင့် စပ်လျဉ်းသော သောင်းကျန်းခြင်းဖြင့် သောင်းကျန်း၍ပေးမှာ သင့်တော့မည်။ ရှမ်းသိုဟန်ဘွားသည် မဆိုင်ပါဘဲလျက်နှင့် မြန်မာနိုင်ငံတော်ကြီးကို အုပ်စိုး၍နေနိုင်ခြင်းမှာ မြန်မာအမျိုးသား အချင်းချင်း မညီညွတ်သောကြောင့်သာဖြစ်သည်။ အမျိုးသားအချင်းချင်း စည်းလုံးညီညွတ်ခဲ့ပါလျှင် တရက်မျှအုပ်စိုးနိုင်မည်မဟုတ် ယနေ့ကစ၍ အမျိုးသားအချင်းချင်းညီညွတ်ကြမှတော်မည်။ ။ဤကဲ့သို့ ပြောဆိုကြပြီးလျှင် အချင်းချင်း တရားဟော၍ ညီညွတ်ခြင်းသဘော၏ အဘိုးတန်ကြောင်းကို သိရှိ၍ လာကြသောအတိုင်း ညီညီညွတ်ညွတ်ဂရုစိုက်၍လာကြလေသည်။

သို့ရာတွင် သိုဟန်ဘွား၏တန်ခိုးအာဏာမှာ လွန်စွာထွန်းကားလျက် အရှိန်ကြီး၍နေသောကြောင့် တယောက်သောသူမျှ ခေါင်းဆောင်ပြုလုပ်ခါ ထကြွသောင်းကျန်းခြင်း အမှုကိုမပြုဝံ့ကြကုန် တိုင်းသူပြည်သား အချင်းချင်းတို့သာလျှင် တီးတိုးစကား ပြောကြား၍နေကြရသည်။ လောကဌ် ညီညွတ်ခြင်း ရှိပါသော်လည်း သူရသတ္တိကင်းမဲ့ခဲ့လျှင် ထိုညီညွတ်ခြင်းသည်၊ အကျိုးပေးထိုက်သလောက် အကျိုးပေးမည်မဟုတ်ချေ။

## "ရှမ်းမူးမတ်တို့နှင့် ရှမ်းအမှုထမ်းတို့ ရမ်းကား၍လာခြင်း"

ရဟန်းတို့ကိုသတ်ဖြတ်၍ သာသနာဘေးဥပါဒ်ကြီး ဖြစ်ပေါ်ပြီးနောက် သိုဟန်ဘွားသည် ရှေးကနှင့်မတူဘဲ ရှမ်းမူးမတ်နှင့် ရှမ်းအမှုထမ်းများကို တိုးတက်မြှောက်စားလာလေ၏။ မြန်မာအမှုထမ်းနှင့် မြန်မာမူးမတ်တို့ကို ရှေးကကဲ့သို့ မျက်နှာပေးခြင်း မရှိတော့ချေ။ ။မြှောက်စားခြင်းခံရသော ရှမ်းတို့ကလည်း အတင့်ရဲလာကြပြီးလျှင် မြန်မာမူးမတ်နှင့် အမှုထမ်းများကို မခန့်မညား ထိပါးနှောက်ယှက်ခြင်းကို ပြုကြလေ၏။

နန်းတော်တွင်း၌ အမှုထမ်းနေကြသော မှူးသား၊ မတ်သား၊ မြန်မာအမျိုးသားကောင်းတို့ကို ရှမ်းအမှုထမ်းများက စော်ကားလိုသော သဘောမျိုးနှင့် လက်လွဲဟန်၊ လက်ဆန့်ဟန်ပြုပြီးလျှင် မြန်မာတို့ဦးခေါင်း၌ ပေါင်းဆင်ထားသော ဗေါင်းဦးထုပ်များကို ခေါင်းပေါ်မှလွင့်ကျအောင်ပြုလုပ်ကြလေ၏။ ။ဤကဲ့သို့ အကြိမ်ကြိမ်ပြုလုပ်သည်များကို မခံနိုင်ကြသဖြင့် မြန်မာမှူးမတ်များနှင့် အမှုထမ်းသားတို့သည်။ ရှမ်းတို့အပေါ်မှာ လက်စားချေရန် အတွင်းကြိတ်ကြံထားကြလေသည်။

## "အရေးကြီးက သွေးနီးရာ"

ဤကဲ့သို့ မြန်မာတို့အပေါ်၌ စော်ကားဘန်များလေသော် နန်းတော်အတွင်းမှာ မြန်မာအချင်းချင်း ညီညွတ်၍ လာကြလေသည်။ အမျိုးကိုထိသောကြောင့် ရှေးအခါက မြန်မာအချင်းချင်း ကွဲပြားကြသော်လည်း တဖြည်းဖြည်းညီညွတ်၍ လာကြလေ၏။ ။ရှေးအခါသိုဟန်ဘွား၏ ချီးမြှင့်ခြင်းကိုခံရသဖြင့် ရှမ်းဘက်သို့ အလိုတော်ရိအဖြစ်ဖြင့် လိုက်ပါ၍ မြန်မာကိုပြန်၍မကြည့်ကြသော မှူးမတ်တို့သည်လည်း သတိရ၍လာကြလေ၏။ အလိုတော်ရိအမတ်များကပင် နန်းတော်တွင်း၌ အမှုထမ်းရန်ထားသော မိမိတို့၏သားများကို ရှမ်းတို့ စော်ကားကြောင်းကို မခံနိုင်ကြသည်နှင့် သွေးဆူ၍လာကြပြီးလျှင် "မြန်မာအချင်းချင်း ညီညွတ်မှအရေးဖြင့်လှတော့မည်။ မညီမညွတ်ဘဲ ကွဲကွဲပြားပြား ဖြစ်ကြပါလျှင် သားစဉ်မြေးဆက် မြန်မာတို့ခက်ကုန်တော့မယ် ရှမ်းဘုရင်၏ အလိုသို့လိုက်ပါနေခဲ့ကြသည်မှာ မှားကုန်ပြီ" ဤကဲ့သို့သော သဘောမျိုးတွေ ပေါ်ပေါက်၍လာသဖြင့် မိမိတို့၏ အမျိုးကို တိုးတက်ချစ်ခင်လာကြကုန်၏။

## "မင်းကြီးရန်နောင်"

မင်းကြီးရန်နောင်သည် ရှမ်းတို့၏လက်ချက်ကြောင့် ရဟန်းတော်ပေါင်းများစွာ ပျံလွန်ပျက်စီးတော်မူရသော အကြောင်းများကိုကြားရာ မိမိ၏အသဲနှလုံးများကို တဟုန်းဟုန်းမီးဝင်၍တောက်သည့်အလား များစွာစိတ်မချမ်းသာခြင်း ဖြစ်သည်နှင့် တကိုယ်ထည်း ဆင်ခြင်သည်မှာ အင်း—ခက်ခြင်းကြီး ခက်ကုန်ပါပေါ့ကလား သည်လိုအတိုင်းသာဖြင့် မြန်မာတွေ ကျွန်တွင်းနစ်၍ သာသနာတော်ကြီးလဲ ပျက်စီးတိမ်မြုပ်လို့ သွားတော့မယ်။ ။မြန်မာမှူးမတ်တွေကလဲ မညီမညွတ်ဖြစ်နေသဖြင့် ထကိုယ်ထည်းခဲလို့ ကြံသော်လဲ ဟန်နိုင်ဘို့မရှိဘူး ရှမ်းဘုရင်ကလဲ ဘုန်းကြီးပါဘိသနှင့် တနေ့ထက်တနေ့ ဒုက္ခတွေကုန်ကြတော့မယ် မြန်မာမှူးမတ်တို့အပေါ်မှာ ညီညွတ်ကြပါ မလွဲသာတဲ့အခိုက်တွင် ရှမ်းဘုရင်၏လက်အောက်သို့ ကျရောက်၍နေရသော်လည်း ရှမ်းကိုအားကိုး၍ အမျိုးကိုမဘိစီးကြပါနှင့် သည်လိုတင်ကြို၍ပြောသော်လဲ မြန်မာမှူးမတ်တွေဟာငါ့အလိုသို့မပါကြဘူး။ ရာထူး၊ ဘွဲ့ထူး၊ နှင့် ချီးကြူးမြှောက်စားတဲ့ အချက်ကလေးကိုမြင်ပြီး ရှမ်းဘုရင်၏အလိုသို့သာ လိုက်ပါနေကြတယ် လွန်စွာအမြင်သေး ဉာဏ်မှေးတဲ့မှူးမတ်တွေဘဲ ခဏဗန်းကလေးကိုသာ မြင်ကြတယ် အစင်ကိုတော့ မကြည့်ကြဘူး။ သူတို့လက်ထက်မှာ အထိုက်အလျောက် မြင့်မြှောက်၍ ချမ်းလာတယ်ဆိုသော်လဲ သူတို့သားသို့မြေးသက်ထက် အခက်ကြီးခက်ကုန်ကြမဲ့ အရေးကိုတော့ မတွေးကြဘူး။ ။ဩော်-သည်အဖြစ်မျိုးတွေကို စဉ်းစားလိုက်မှဖြင့်

ခိုက်ခိုယ်တုန်အောင် သွေးဆူလာပါကလား။ ။ကိုယ်ကြံတဲ့အတိုင်း မမြောက်တဲ့အတူတူဖြင့် လူဝတ်နှင့်နေတာမကောင်းပါဘူး ရဟန်းဝတ်ကိုဆင်၍ တောတခွင် တောင်တခွင် အစဉ်လှဲ့ပတ်၍နေခြင်းက ကောင်းပါလိမ့်မည်။ ။ဟို-တောင်ငူမြို့က ဘုရင်တပင်ရွှေထီးလဲ တလိုင်းတို့နိုင်ငံမှာသာ အရေးတကြီး နယ်ချဲ့နေတော့တာဘဲ အဝမြို့တော်ကိုရအောင် ဘယ်အခါမှကြံပမလဲ ဤကဲ့သို့ ဆင်ခြင်စဉ်းစားပြီးလျှင် မကျန်းမမာသော အသွင်ဖြင့်နန်းတော်သို့ ထွက်ဝင်သွားလာခြင်းကိုမပြုဘဲ ဥပုသ်ဆောက်တည်ကာ ဆိတ်ငြိမ်စွာနေလေ၏။

## "မြန်မာမှူးမတ်များ စည်းလုံးခြင်း"

တနေ့သောအခါ မြန်မာမှူးမတ်တစုတို့သည် အချင်းချင်း တိတ်တဆိတ် ကြံစည်ကြပြီးလျှင် မင်းကြီးရန်နောင်ထံသို့ လူမမာမေးရန် လာရောက်ကြလေ၏။ မင်းကြီးရန်နောင်အိမ်သို့ မှူးမတ်များ တက်၍လာကြရာ၊ မင်းကြီးရန်နောင်က အနားတွင်ရှိသော ကျောက်စီဓါးကိုဆွဲကိုင်ပြီးလျှင် "ကဲ-ကဲ-လာခဲ့ကြ။ သိုဟန်ဘွား၏လက်ချက်ကြောင့် သံဃာတော်အရှင်မြတ်တွေ ဇီဝိန်ကြွေ၍ စုတေတော်မူကုန်ကြပြီ။ မင်းကြီးတို့လဲ အကျွန်ုပ်၏လက်နက်ဖြင့် အသက်ကို အဆုံးခံကြပေတော့"ဟုကြိမ်းဝါးလေရာ၊ မှူးမတ်များလည်း နောက်သို့မဆုတ်ဘဲ အပါးသို့ တိုးပြီးလျှင် "အသျှင်မင်းကြီးသတ်လျှင် ကျွန်တော်မျိုးတို့ ဝမ်းမြောက်စွာ အသေခံနိုင်ပါတယ်။ရှမ်းတို့အနှိပ်စက်ကို ခံရခြင်းထက် အသျှင့်လက်နက်နှင့်သေခြင်းက မြတ်ပါသေးရဲ့" ဤကဲ့သို့ ပြောဆိုကာ အပါးတွင် ထိုင်ကြလေ၏။

(မင်းကြီးရန်နောင်က ဓါးကိုမချဘဲ အမိန့်ရှိသည်မှာ) ရဟန်းတော်အရှင်မြတ်တွေ၊စုတေပျက်စီးရခြင်းမှာ မင်းကြီးတို့ မလိမ်မာ၍မဟုတ်လား။ သည်လိုအရေးတွေမြင်လို့ ဟို-ရှေးယခင်ကပင် အချင်းချင်းညီညွတ်စည်းလုံး မပျက်ကြပါစေနှင့်။ ညီညီညွတ်ညွတ်ပင်နေကြပါ။ အမျိုးမတူတဲ့ မိစ္ဆာရှမ်းများကို လိုလား၍မမြှောက်ပင့်ကြပါနှင့်၊ မြန်မာမှူးမတ်တွေ မြှောက်စားလျှင် သိုဟန်ဘွားမာန်တက်၍ ရက်စက်စွာ မြန်မာတွေကို နှိပ်စက်လိမ့်မယ်။ သည်လိုပြောဆိုသတိပေးခဲ့တယ်မဟုတ်လား။ အချို့ မြန်မာမှူးမတ်များက ရှမ်းတို့၏ အမြှောက်အစားကိုခံပြီး အလိုသို့လိုက်၍ အကြိုက်ကို ပြုလုပ်နေကြတယ်မဟုတ်လား။ ခေတ္တစည်းစိမ်ကလေးကို မက်မောလို့ ရှမ်းဘုရင်ကို မြှောက်ပင့်ကြရာ၊ ယခုတော့နှိပ်စက်လို့ လာပါပေါ့ကလား။ အတန်ကြာလျှင်မြန်မာတွေ ကျွန်တွင်းနက်ကုန်ကြတော့မယ်။

(မှူးမတ်များ) အမိန့်အတိုင်းမှန်လှပါသည်ဘုရား။ ကျွန်တော်တို့လဲ ယခုဖြင့် သတိရကုန်ပါပြီ။ ရှမ်းဘုရင်သိုဟန်ဘွားကလဲ ရှမ်းမှူးမတ်များနှင့် ရှမ်းအမှုထမ်း တို့ကိုသာ ထင်ရှားစွာအရေးပေးပြီး မြန်မာမှူးမတ်များနှင့် မြန်မာ အမှုထမ်းသားတွေကို ရှေးကလို ဂရုမစိုက်ဖြစ်လာပါသည်။ ရှမ်းဘုရင်မြှောက်စားလို့ စိတ်ထားမြင့်လာကြတဲ့ ရှမ်းတွေကလဲ မြန်မာတို့အပေါ်မှာ စော်စော်ကားကား အကြိမ်ကြိမ်လုပ်ခြင်း များလှပါပြီဘုရား။ သို့အတွက်ကြောင့် ကျွန်တော်များလဲ သတိတရားရကုန်ကြပါပြီ။ အသျှင်စီမံရာကို အညီအညွတ် လိုက်နာကြပါမည်ဘုရား၊

(မင်းကြီးရန်နောင်) အင်း-ယုံဘို့အခက်သားဘဲ၊ ယခုရောက်လာတဲ့ မှူးမတ်တို့ အထဲမှာ၊ ရှမ်းမျက်နှာကို လိုက်နေကြတဲ့ အလိုတော်ရိတွေလဲ ပါနေတယ်မဟုတ်လား။

(အလိုတော်ရိအမတ်များ) မှန်လှပါ။ အရှည်ကိုမစဉ်းစား၊ မိုက်မှားမိတဲ့အတွက် ရှမ်းဘက်သို့ပါ၍ အလိုတော်ရိမှူးမတ်များ ပြုလုပ်မိပါသည်ဘုရား။ ယခုအခါ ကောင်းစွာသတိရလာကြပါပြီ။ အမျိုးနှင့်သာသနာ ကောင်းစားမည်ဆိုလျှင် အသျှင်ကိုင်စွဲတော်မူတဲ့ ကျောက်စီဓါးစာ၊ ခန္ဓာနှင့်အသက်ကို ဆက်သအပ်နှင်းနိုင်ပါသည်ဘုရား။

(မင်းကြီးရန်နောင်) လူဆိုတဲ့သတ္တဝါမျိုးဟာ ကမ္ဘာပေါ်မှာ သစ္စာအမဲ့ဆုံး ယုံကြည်ဘို့အခက်ဆုံးဖြစ်တယ်။ ကြီးကျယ်တဲ့အကြံကို ကြံတဲ့အခါ နှုတ်လျှာစောင့်စည်း၍ အယုံကြီးယုံကြည်ရတဲ့သူဟာ လွန်စွာရှားတာဘဲ။ လျှို့ဝှက်တဲ့အကြံတွေ ပေါ်ပေါက်လေသမျှ၊ အတွင်းလူက စနက်ဖြစ်တာအမှန်ဘဲ။ အဲ-သို့ကြောင့် မင်းကြီးတို့ကို လွှတ်ယုံကြည်ဘို့ရာ လွန်စွာ ခဲယဉ်းနေတယ်။ ကျုပ်ကိုယ်တိုင်သဘောများဖြင့် မြန်မာလူမျိုးတို့၏ မျက်နှာကို မကြည့်ချင်တော့ဘူး။ အေးအေးသာသာ လူလွတ်ရာ တောတောင်သို့ သွားပြီး သူတော်ကောင်း တရားနှင့်သာ ကြွင်းကျန်တဲ့ အသက်များကို အဆုံးပြုဘို့ ကြံနေတော့တာဘဲ။

(မှူးမတ်များ) ယခုအခါ သည်သဘောမျိုးကို ထားတော် မမူသင့်သေးပါ။ နိုင်ငံနှင့် အမျိုးဟာ အကျိုးမဲ့ ဆုတ်ယုတ်နေတဲ့အခါ မားမားမတ်မတ် ရှေ့ဆုံးက ရပ်တော်မူသင့်ပါသည်။ ယခုအခါ မြန်မာလူမျိုးတို့မှာ အသျှင်မင်းကြီးမှတပါး အားထားရာ မရှိကြပါဘုရား။ (တောင်းပန်စကား လျှောက်တင်ကြလေသည်။)

(မင်းကြီးရန်နောင်က အမျိုးကို အပြစ်တင်၍ မိန့်တော်မူသည်မှာ) သရက်သီး အတွင်း၌ ဖြစ်တဲ့ပိုးကောင်ဟာ သရက်သီးကို ဖျက်ဆီးတာလို မြန်မာလူမျိုးတွေဟာ မြန်မာနိုင်ငံကြီးကို ဖျက်ဆီးနေကြတယ်။ မင်းကြီးတို့ စဉ်းစားကြစမ်းပါ။ သရက်သီးအတွင်းမှာ ဖြစ်ပေါ်၍ ကြီးပွါးလာတဲ့ ပိုးကောင်ဟာ သူ့မှီရာဖြစ်တဲ့သရက်သီးကို သူကိုယ်တိုင်ဖျက်ဆီးတယ်မဟုတ်လား။ သရက်သီးပျက်စီးခဲ့ပါလျှင် သူလဲ မပျက်စီးဘဲ ခံနိုင်မှာ မဟုတ်တော့ဘူး။ အမှန်မုချ ကေန်တ ပျက်စီးရမှာဘဲ။ ယခုအခါ ကျုပ်တို့မြန်မာပြည်ကြီးကို မိစ္ဆာစိတ်ထား၊ သိုဟန်ဘွားဆိုတဲ့ ရှမ်းအဦးက မဆီမဆိုင်ဘဲ ဝင်ရောက်အုပ်စိုး၍နေတယ်။ သူ့ဘုန်း၊ သူ့ကံ၊ သူ့အလျောက် သူ့ကိုယ်တိုင် စိုးပိုင်အုပ်စီးနေတာကို ကဲ့ရဲ့ဘို့မရှိပါဘူး။ သို့ရာတွင် မြန်မာတို့၏အကူအညီကို မရပါလျှင် ဘယ်မျှလောက် တန်ခိုးကြီးတဲ့ရှမ်း ဖြစ်စေကာမူ၊ မြန်မာနိုင်ငံကြီးကို စီးစီးနင်းနင်း အုပ်စိုးနိုင်မှာမဟုတ်ဘူး။ မြန်မာလူမျိုးဖြစ်ကြတဲ့ အမှုထမ်းသားနှင့် မှူးမတ်များတို့က၊ နည်းလမ်းအမျိုးမျိုးပြုပြီး ရှမ်းတို့အကျိုးရှိအောင် ရွက်ဆောင်ပေးကြတဲ့အတွက် သက်သာ လွယ်ကူစွာနှင့် ပိပိပြားပြား အုပ်စိုးလို့နေနိုင်တယ်။ ရှမ်းမိစ္ဆာကိုယ်တိုင် လွယ်ကူစွာနှင့် အုပ်စိုးနိုင်တဲ့အခွင့်ကိုရလာတော့ ဝဲစတစ မြန်မာတွေကို ဘိစီးလာတော့တာပေါ့။ မြန်မာအမျိုးမျှ မကသေးဘူး၊ မြန်မာလူမျိုးတို့ ကိုးကွယ်တဲ့ သာသနာကိုလဲ ခြေရာလက်ရာမကျန်အောင် အမြန် ဖျက်ဆီးပစ်လိမ့်မယ်။ ကြည့်ပါလား။ အပြစ်မရှိတဲ့ ရဟန်းတော်အရှင်မြတ်ကြီးတွေကို တပ်ကြီးနှင့်လယ်ပြင်မှာပရိယာယ်ဆင်ပြီး သတ်ပစ်ကုန်ပြီ။ စာပေ ပရိယတ္တိများနှင့် ကျောင်းကန်ဘုရားများကိုလဲ ဖျက်ဆီးကုန်ကြ

ပြီ။ အတန်ကြာလျှင် မြန်မာရော့,သာသနာရော့, တိမ်ကော ပျက်စီးကုန်မှာအမှန်ဘဲ။အဲ-သို့က လောက် ရက်ရက်စက်စက်ပြုလုပ်ဝံ့တာ မြန်မာများက အားပေး အားမြှောက် ပြုထားလို့ဘဲ မဟုတ်လား။ နဂိုရင်းအစ ပထမ သူ့အုပ်စိုးစဉ်က မြန်မာတွေရှိသမျှ သူ့အုပ်စိုးရေးတွင် မပါမဝင်ဘဲ နေခဲ့ကြပါလျှင် သည်ရှမ်းတွေဟာ သို့ကလောက်လူရေလယ်လာဘို့မရှိဘူး။မင်းကြီးတို့တတွေဟာ သရက်သီးပိုးနှင့် အတူတူဘဲမဟုတ်လား။

(မှူးမတ်များ) သည်ဥပမာအတိုင်း မှန်လှပါသည်ဘုရား။ ကျွန်တော် မျိုးများ မှားကြောင်းကို ဝန်ခံကြပါပြီ။ အပြစ်ဒဏ်ပေးလျှင်လဲ ဝမ်းမြောက်စွာ ခံယူကြပါမည်။ သစ္စာရေတိုက်လျှင်လဲ ကျွန်တော်များသောက်ပါ့မည်။ အရှင်မင်းကြီး၏ အာဏာကို ဘယ်အခါမှ တော်လှန်ကြမည် မဟုတ်ပါဘုရား။

ဤကဲ့သို့ အတန်တန်ဝန်ချ၍ လျှောက်တင်သည်တွင် မင်းကြီးရန်နောင်က "သည်မှူးမတ်တွေဟာ သို့ကလောက် လျှောက်တင်ကြသောစကားကို ထောက်ထား ယုံစားရဘို့လက္ခဏာဘဲ၊ အလုံးစုံညီညွတ်ခဲ့ပါလျှင် ရှမ်းတို့ရန်ကို တွန်းလှန်ဘို့မခက်ခဲဘူး။ အမျိုးနှင့်သာသနာ ညှိုးငယ်၍နေတဲ့အခါ ငါကိုယ်ဟိုင်ဦးစီး၍ ငရဲကြီးချင်လျှင် ကြီးပေစေတော့၊ အစွမ်းသတ္တိရှိသမျှ ကြံလိုက်မှတော်မယ်" ဤသို့ စဉ်းစားဆင်ခြင်ပြီး ကျောက်စီဓါးကို ဝင့်ကာ,ဝင့်ကာနှင့် "တကယ်တန်းဆိုတဲ့ အရေးနှင့်ကြုံလျှင် တကယ်ပင် ညီညွတ်နိုင်ကြရဲ့လား" ဟု မေးလေ၏။

(မှူးမတ်များ) ကျွန်တော်တို့ မြန်မာများ ကွဲကွဲပြားပြားနှင့် မညီမညွတ် ဖြစ်နေကြတဲ့အတွက် ယခုအခြေသို့ ဆိုက်အောင် ဒုက္ခရောက်ကြောင်းကို သိကြပါပြီ၊ ကိုယ်ဒြပ်ချင်း ကွဲသော်လဲ စိတ်က တစိတ်ထဲ ထားကြပါတော့မည်၊ အသျှင် အမိန့်တော်ရှိလျှင် ဧရာဝတီမြစ်ကြီးအတွင်းသို့ အညီအညွတ်ဆင်း၍ သေကြပါမည်ဘုရား။

(မင်းကြီးရန်နောင်) အမျိုးမျိုးတောင်းပန်၍ အာမခံကြတဲ့အတိုင်း ညီညွတ်ကြပါလျှင် မင်းကြီးတို့ လိုလားမျှော်လင့်တဲ့အတိုင်း သဒ္ဓိပြီး၍ အကျိုးကြီးပါလိမ့်မယ်။ ။သို့ရာတွင် ကျွန်ုပ်ကိုယ်တိုင် ယုံကြည်စိတ်ချရအောင် ကျွန်ုပ်ပေးတဲ့သစ္စာကို ကျွန်ုပ်ရှေ့မှာ သောက်ကြပါ။

ဤသို့အမိန့်ရှိပြီးလျှင် မိမိအမြဲစွဲကိုင်သော ကျောက်စီဓါးကို ရေအိုးတံခွန် အသွားဘက်က စိုက်ပြီးလျှင် သစ္စာမန္တန်တို့ဖြင့် အမျိုးမျိုးမန်းမှုတ်ပြီးလျှင် "ကဲ-မင်းကြီးတို့ သောက်ကြပါ" ဟု အမိန့်ရှိလေ၏၊ မှူးမတ်အပေါင်းတို့လည်း တစုံတယောက်မျှငြင်းဆန်ခြင်းမပြုကြဘဲ၊ တဦးပြီးတဦး အသီးသီးသောက်ကြလေ၏။

ဓါးနှစ်၍စိမ်ထားသော သစ္စာရေကို သောက်ကြပြီးသောအခါ မင်းကြီး ရန်နောင်က ပြုံးရယ်သောမျက်နှာဖြင့် "ကဲ-သစ္စာရေဖြင့် သောက်ပြီးကြပြီ၊ မင်းကြီးတို့ဝမ်းထဲမှာ ကျွန်ုပ်၏ဓါး အမြဲတည်၍နေပြီ၊ ကျွန်ုပ်မျက်နှာကို မထောက်၊ ရှမ်းမျက်နှာကိုထောက်၍ သစ္စာဖေါက်ကြပါလျှင်၊ မင်းကြီးတို့တတွေ စိတ်ချလို့သာ နေကြပေတော့၊ အပြင်ဓါးက မင်းကြီးတို့ကို သတ်ပစ်ဘို့ မလိုတော့ဘူး၊ ဝမ်းထဲမှာရှိတဲ့ ကျွန်ုပ်၏ဓါးက မင်းကြီးတို့တတွေကို သေအောင် အဆုံးစီရင်လိမ့်မယ်" ဟု အမိန့်ရှိလေရာ မှူးမတ်အပေါင်းတို့ကလည်း "သစ္စာဓါးဖြင့် သတ်လျှင် ကျေ

နပ်လှပါသည်၊ ယုံကြည်စိတ်ချတော်မူပါ၊ ကျွန်ုပ်တို့ဟာ ဘယ်အခါမှ သစ္စာမဖေါက်ဝံ့ရိုး မှန်ပါသည်ဘုရား”ဟု လျှောက်တင်ကြလေသည်။

ထိုနောက် မင်းကြီးရန်နောင်က သွန်သင်စကား မိန့်ကြားတော်မူသည်မှာ “သစ္စာဖြင့် စည်းလုံးကြတဲ့ ယခုနေ့ကြီးဟာ လွန်စွာမြင့်မြတ် နေ့ထူး နေ့မြတ်ကြီးရယ်လို့ မှတ်ထင်ကြရမယ်။ မင်းကြီးတို့၏ သစ္စာစကားကို ယုံကြည်ပြီး ကျွန်ုပ်ကိုယ်တိုင် ဦးဆောင်ရှေ့သွားအဖြစ်ဖြင့် အကြီးဆုံးသော အရေးကို ဆောင်ရွက်ရတော့မယ်။ ။ဇာတိတူ ချင်းချင်း ညီညွတ်ခဲ့ပါလျှင် မပြီးမြောက်နိုင်တဲ့အရာရယ်လို့ မရှိနိုင်ဘူး၊ နန်းတော်အတွင်းကစပြီး မြန်မာ အမျိုးသားတွေ ပထမအချင်းချင်းညီညွတ်ရန် အလုပ်ကိုသာ ရှေးဦးစွာ အရေးတကြီး အားထုတ်ကြပါစေ။ ။ညီညွတ်ခြင်း အလုပ်တွင် သည်းခံခြင်းကို ဆေးဘက်တပါးဟု အမြဲထင်ပြီး အချင်းချင်း အပေါ်မှာ သည်းခံနိုင်သမျှ သည်းခံကြပါစေ။ ။အမျိုးတပါးက ဘိစီး လွှမ်းမိုးနေဆဲ အခါ ကိုယ့်အမျိုးအချင်းချင်း မာန်တင်းပြိုင်ဆိုင်တဲ့ အလေ့အလာမျိုးကို အမှုမထားဘဲ၊ လုံးလုံးကြီး စွန့်ပယ်လိုက်ကြပါစေ။ ။မိမိတို့ အကြံမအောင်မှီ အတွင်းမှာ သိုသိုသိပ်သိပ်နှင့် နှိမ့်ချခြင်း သဘောမျိုးလက်ကိုင်ထားပါ၊ နှုတ်လျှာမစောင့်စည်းဘဲ စကားရမ်းကားတဲ့ သူများကို ဇာတ်တူ အမျိုးပင်ဖြစ်သော်လဲ လျှို့ဝှက်အပ်တဲ့ စကားမျိုးကို မပြောမဆိုမိကြ ပါစေနှင့်၊ မင်းကြီးတို့ နန်းတော်အတွင်းသို့ ထွက်ဝင်သွားလာမြဲအတိုင်းပင်ရှိကြပါစေ၊ တစုံတရာမျှဟန်မပျက်ကြပါစေနှင့်။ ။သိုဟန်ဘွားအပေါ်မှာ ရှေးက အမှုအရာအတိုင်း အရိုအသေ ပေးမြဲအတိုင်း ပေးထားကြပါ ကျွန်ုပ်မသိလျှင် မည်သည့်အကြံကိုမျှ အထူးမကြံစည်ကြပါနှင့်။ ။ကျွန်ုပ်က“ညီစေ”ဟု အမိန့်ပေးသော အချိန်တွင် မြန်မာတွေရှိသမျှ တလုံးထဲ ဖြုံးကနဲ ညီညွတ်ကြပါစေ၊ သိုဟန်ဘွားရဲ့အသက်က ကျွန်ုပ်လက်ထဲတွင် ပျက်စီးရပါလိမ့်မည်၊ ကျွန်ုပ်၏ လက်ဝါးဟာ သိုဟန်ဘွား၏သင်းချိုင်းအစစ်ဖြစ်ပါလိမ့်မယ်၊ ဤသို့ မိန့်တော်မူသောအခါ မှူးမတ်များက အားရနှစ်သက်လှသဖြင့် “အရှင့် အမိန့်တော်အတိုင်း တသဝေမတိမ်းအောင် လိုက်နာပါမည်၊ နန်းတော်အတွင်းမှာ ရှိသော မြန်မာအမှုထမ်းများကိုတည်း လိမ္မာအောင်နားချ၍ ရှေးဦးပထမ ညီညွတ်အောင်ရွက်ဆောင်ပါမည်၊ ထို့နောက်များမကြာမှီအတွင်း နိုင်ငံတဝှမ်းလုံးတွင် ရှိသည့် မြန်မာများကိုညီညွတ်ပါစေမည်၊ နိုင်ငံတော်တခွင်တွင် ရှိတော်မူနေကြ ကုန်သော ဂါမဝါသီ ရဟန်းတော်အရှင်မြတ်တို့အား အချင်းချင်း ညီညွတ်ကြောင်းဖြစ်သော သမဂ္ဂသမောဓါန တရားကို ဟောကြားအောင် လျှောက်ထား တောင်းပန်ပါမည်” ဟု လျှောက်တင်ပြီးလျှင် အစည်းအလုံးကိုခွဲလိုက်ကြလေ၏။ ။ထိုအချိန်ကစ၍ မှူးမတ်အပေါင်းတို့လည်း မင်းကြီး ရန်နောင်၏ အမိန့်အတိုင်းပင် ကိုယ်စီကိုယ်င ဆောင်ရွက်ကြလေသတည်း။

---

# အခန်း (၃၆)

(၁) သိုဟန်ဘုရား၏ မလုတမ ပျက်စီးခြင်း။

(၂) မန်းကြီးရန်နောင်၏ အမျိုးမာန်နှင့် အကြံ ရဲစွမ်းသတ္တိများ။

"ရှစ်လုံးဘွဲ့ မြန်မာကဗျာ"

မကောင်းကြံမှု-အပြုယုတ်မာ။
မကောင်းကြံမြဲ-မလွဲစသာ။
အကြောင်းဆော်နှိုး-အကျိုးပေါ်လာ။
တနေ့နေ့- တွေ့လိမ့်မျှော်လင့်ပါ။

မည်သူမဆို၊ မိမိတို့ပြုလုပ်သော ကံ၏ အကျိုးဝိပါက်များကို ပုချခံစားရမည် ဖြစ်သော အတိုင်း ကောင်းသောအမှုကိုပြုလျှင် တနေ့နေ့တွင် ကောင်းကျိုးနှင့် တွေ့ရလိမ့်မည် အမှန်၊ မကောင်းသောအကြံတို့ကိုသာကြံ၍ မကောင်းမှုအယုတ်တမာတွေကို များစွာ ပြုလုပ်လေ့ရှိသော သူသည် တနေ့နေ့တွင် မကောင်းကျိုးတွေ့ရမည်အမှန်၊ ထိုမကောင်းကျိုးများကိုပယ်ရှားရှောင်လွှဲခြင်းငှာ၊ တတ်နိုင်လိမ့်မည် မဟုတ်ကုန်။

"ရှစ်လုံးဘွဲ့ မြန်မာကဗျာ"

မကောင်းပယ်ရှင်း-နှိပ်နင်းပုံသေ။
ကမ္ဘာစောင့်ငြား-နတ်များတတွေ။
ကောင်းသူကယ်လေ့-ချမ်းမြေ့ပေစေ။
နတ်တို့စက်-လက်နက်အသင့်ပေ။

ကမ္ဘာလောကကိုစောင့်သော "လောကပါလ"ခေါ်သည့် ကမ္ဘာစောင့်နတ်များလည်း အထင်အရှားပင်ရှိကြကုန်၏။ ထိုနတ်တို့ကို မယုံမကြည်မလေးမစားမပြုရာ။ ထိုကမ္ဘာကို စောင့်ကြပ်သော လောကပါလ နတ်တို့သည် မကောင်းသောသူများကို ကမ္ဘာပေါ်၌ တာရှည်လေး မြင့်စွာ ထားလေ့မရှိကုန်။ ပယ်ရှားသုတ်သင်ပစ်စမြဲသာလျှင် ဖြစ်လေသည်။

ကောင်းသောအကြံကိုကြံ၍ ကောင်းသောအကျင့်ကိုကျင့်သော သူတော်ကောင်းတို့ကို မူကား၊ ချမ်းသာလေအောင် ရွက်ဆောင်ကယ်ဆယ်လေ့ရှိကြသည်။ မကောင်းတို့ကို ပယ်ခွင်း၍ ရှင်းလင်းသုတ်သင်ရန်ဖြစ်သော နတ်တို့၏ စက်လက်နက်၊ တန်ခိုးအာနုဘော်များလည်း၊ အထင်အရှားပင်ရှိကြသည်။

"ပျစ်လုံးဘွဲ့ မြန်မာကဗျာ"

အကျိုးထိခိုက်- မဆိုက်လာခင်။
သူယုတ်မာများ-စိတ်အားတရှင်။
အကျိုးထိတော့-ညိုးရှိုမှုပင်။
ကယ်ပါလေး- ဟစ်ကြွေးတက်တက်စင်။

မကောင်းမှုကို ပြုလုပ်လေ့ရှိသော သူယုတ်မာများသည် မကောင်းကျိုးများ မဖြစ်ပေါ်လာခင်အတွင်းမှာ မိမိတို့အပြုအမူကို နှစ်ချိုက်စွာနှင့် ပျော်ပျော်ရွှင်ရွှင် နေထိုင်ပြုံးရယ်လျက်ရှိနေကြကုန်၏။ အကျိုးဝိပါက် ခပ်ထက်ထက် ထိခိုက်လာသောအခါ အခြားသူတို့ထက်ပင်ပူပင်ထိတ်လန့်စွာနှင့်၊ "ကယ်ပါလေး,ကူပါလေး, ယူပါလေး"ဟု ဟစ်ကြွေးကာ ကြွက်ကြွက်ဆူ၍နေတတ်လေသည်။ ခလုပ်ထိမှ အမိတသော်လည်း တစုံတရာအကျိုးမရှိနိုင်တော့သကဲ့သို့ မိမိကိုယ်မှာ အကျိုးပေးထိခိုက်လာမှ သတိရသလိုလိုနှင့် ငိုးတွားဟစ်ကြွေးနေသော်လည်း တစုံတရာမျှအကျိုးရှိနိုင်တော့မည်မဟုတ်ချေ။

"မကောင်းမှုကိုမပြုခင်က ရှောင်တိမ်းရမည်"ဆိုသော ရှေးပညာရှိတို့၏ ဆုံးမချက်စကားအတိုင်း မကောင်းသောအကြံအစည်နှင့် မကောင်းသောအမူများကို မပြုလုပ်ခင်ကပင် တိမ်းရှောင်သင့်ကြပေသည်။ မရှောင်မတိမ်းဘဲ စိတ်နောက်ကိုယ်ပါပြုလုပ်မည်ဆိုပါလျှင် မိမိပြုလုပ်မိသော မကောင်းမှုအတွက် အမှန်ဆက်ဆက်အကျိုးဝိပါက် ပေါ်မည်ဖြစ်သတည်း။

မင်းကြီးရန်နောင်ကို ခေါင်းဆောင်အမှူးတင်ထား၍ မြန်မာမှူးမတ်များသည် ညီညွတ်ခြင်းတရားကို လေးလေးစားစား လေ့ကျင့်၍လာခဲ့ရာ၊ မြန်မာမှူးမတ် အချင်းချင်း၊ မြန်မာအမှုထမ်းသားအချင်းချင်း၊ နှီးရင်းချစ်ခင်စွာနှင့်ညီညွတ်ခြင်းသို့ ရောက်ကြလေ၏။ ထိုညီညွတ်ရေးကိုတိတ်တိတ်ပုန်းစည်းလုံးကြသဖြင့် ရှမ်းတို့လည်း မြန်မာတို့၏ ညီညွတ်ပုံများကို မရိပ်မိကြချေ။ ရှမ်းတို့ ရှေ့မျက်မှောက်၌ကား အထူးညီညွတ်သော အမူအရာကိုမပြဘဲ အလိုက်ဘာသာအမှတ်တမဲ့ပင်နေကြလေသည်။ တိုင်းသူပြည်သား မြန်မာများလည်း မင်းကြီးရန်နောင် ညွှန်ပြသောညီညွတ်ခြင်းတရားကို များစွာပင် လိုက်နာကြလေသည်။

သိုဟန်ဘွားသည်ကား ပြည်မြို့တပင်ရွှေထီး၏တပ်၌ တိုက်ပွဲတွင် အောင်မြင်ခွင့်ကို မရဘဲ စစ်ရှုံးပြန်လာရသောကြောင့် အခဲမကြေနိုင်ဘဲရှိလေရာ၊ မြန်မာများကိုသာ အညိုးထား၍ နေလေသည်။ ဘုရင်က အညှိုးထားသောအတိုင်း ရှမ်းမှူးများနှင့် ရှမ်းအမှုထမ်းသားတို့က မြန်မာများကို ထိပါးနှောက်ယှက်ခြင်းကို မကြာမကြာ ပြုလုပ်လေ၏။

သိုဟန်ဘွားက တနေ့သောအခါ မြန်မာမှူးမတ်များကိုခေါ်၍ ပြည်မြို့သို့တဘန်ချီတက်တော်မူသည်။ ယခုအခါ မြန်မာစစ်အမှုထမ်းများ နည်းပါး၍နေသည်။ အမြို့မြို့မှာ မြန်မာစစ်တပ်များကိုဘွဲ့၍ လက်နက်ကိုရိယာ အစုံအလင်နှင့် ပြည်မြို့သို့ စစ်ချီရာတွင် အများအပြားလိုက်ပါကြရမည်ဟု အမိန့်ရှိလေ၏။

ထိုအခါ မြန်မာမှူးမတ်များသည် မည်သို့မျှ မတင်လျှောက်သေးဘဲ မင်းကြီးရန်နောင်၏ အရိပ်အကဲကိုသာ ကြည့်ရှု၍ နေကြစဉ် မင်းကြီးရန်နောင်က ယခုအမိန့်တော်အတိုင်းမှာ လွန်စွာ သင့်လျော်လှပါသည်။ မြန်မာစစ်အမှုထမ်းများနည်းပါး၍နေရခြင်းမှာ အမှုတော်ကို မထမ်းလို၍မဟုတ်ပါ၊ ဘုရင်မင်းမြတ် ကိုယ်တော်တိုင်က ရှမ်းတပ်များကိုသာ အရေးကြီးစွာ ဘွဲ့စည်းတော်မူနေခြင်းကြောင့်ဖြစ်ပါသည်။ အလိုတော်ရှိပါလျှင် ကျွန်တော်ကိုယ်တိုင် မြန်မာစစ်တပ်များ ကြီးကြီးမားမား၊ အင်အားရှိစွာနှင့် ဖြစ်ပေါ်လာအောင် ရှက်ဆောင်ပါမည်။ မြန်မာစစ်တပ်အသစ်များကို ဘွဲ့စည်းရာ၌ဘဏ္ဍာတော်များကိုသာအလုံအလောက်ရှိပါစေ”ဟု လျှောက်တင်လေရာ၊ သိုဟန်ဘွားလည်း မင်းကြီးရန်နောင်၏စကားကို အားရနှစ်ချိုက်စွာရှိသည်နှင့် ထိုအရေးကို ဘဏ္ဍာတော်များနှင့်တကွ မင်းကြီးရန်နောင်သို့ လွှဲအပ်တော်မူလေသည်။

ထိုနေ့နန်းတော်ကြီးကပြန်လာကြရာ မြန်မာမှူးမတ်အပေါင်းတို့သည်မင်းကြီးရန်နောင်၏ အိမ်မှာပင် စုရုံးစည်းဝေးပြန်လေသည်။

(မှူးမတ်များက မင်းကြီးရန်နောင်သို့ မေးလျှောက်ကြသည်မှာ) ဘုရင်သိုဟန်ဘွားက၊ မြန်မာစစ်သည်တော်များကို အသစ်ထပ်မံတိုးတက်၍ ဘွဲ့စည်းရန် အမိန့်ရှိသည်ကို မင်းကြီးက အလိုတူတော်မူသည်အကြောင်းကို ကျွန်တော်တို့သိလိုပါသည်။ မြန်မာတို့ စစ်မှုထမ်းကြ၍ ပြည်မြို့သို့ ချီတက်တိုက်ခိုက်ရပါလျှင် တပင်ရွှေထီး၏ ဘုန်းရှိန်ကိုမခံနိုင်ဘဲ ပျက်စီးခြင်းဖြင့် ဘေးဒုက္ခတွေ့မည်ကို စိုးရိမ်ရန်ရှိကြောင်း ထင်မြင်ပါသည်ဘုရား။ (ဤကဲ့သို့ လျှောက်ထားကြလေ၏။)

(မင်းကြီးရန်နောင်) သည်အရေးကိုတွေး၍ မစိုးရိမ်ကြပါနှင့်။ ညီညွတ်စည်းလုံးစွာ မြန်မာတမျိုးလုံး စည်းလုံးညီညွတ်ခဲ့ပါလျှင် မြန်မာစစ်တပ်တွေဘွဲ့စည်းပြီး အသင့်ရှိနေတာ သာလို့ပင် ကောင်းသေးတယ်မဟုတ်လား မြန်မာစစ်တပ်များ အင်အားရှိရှိနှင့်စည်းလုံးမိကြပါလျှင် ရှမ်းတို့ဘေးကို အလွယ်ကလေးနှင့် မှုတ်လွှင့်ပစ်နိုင်လိမ့်မယ် ကျွန်ုပ်အမိန့်ပေးရာကိုနာခံကြမယ်ဆိုမဟုတ်လား ရှမ်းဘုရင်၏အမိန့်ကို မြန်မာစစ်တပ်များက မလိုက်နာဘဲ တညီတညွတ်ထဲ ငြင်းဆန်ခဲ့ပါလျှင် ငြင်းဆန်သည်နှင့် တပြိုင်နက် ကျွန်ုပ်တို့အောင်ပွဲရပြီးဘဲရိပ်မိကြရဲ့လား။

(မှူးမတ်များ) မိန့်တော်မူတဲ့စကားကိုကြားမှ ကျွန်တော်တို့၏ စိတ်တွင်းမှာ ရှင်းလင်းစွာနားလည်သွားပါပြီဘုရား မြန်မာစစ်တပ်ကြီးတွေ ဘွဲ့စည်းတာပင် ကောင်းမြတ်လှပါသည်။

(မင်းကြီးရန်နောင်) မစိုးရိမ်ကြနှင့် မြန်မာတပ်တွေကို ကျွန်ုပ်ကိုယ်တိုင် လက်ကိုင်လှုပ်ရလိမ့်မယ် ယခုအခါ ရှမ်းတပ်တွေသာများနေသဖြင့် ဘဏ္ဍာတော်ငွေများကိုလဲ ရှမ်းတို့သာ အကျိုးခံစားနေကြတယ် မြန်မာစစ်တပ်ကြီးတွေ ဘွဲ့စည်း၍ထားပါလျှင် ဘဏ္ဍာငွေအတွက် ရတတ်ရက် အကျိုးများလာမယ်မဟုတ်လား။

ဤကဲ့သို့မိန့်ကြားသော စကားကိုကြားရာ မြန်မာမှူးမတ်အပေါင်းတို့လည်း အလွန်အားရ နှစ်သက်ခြင်းရှိကြသည်နှင့် “မင်းကြီးရန်နောင်မှာ ဉာဏ်ပညာအမြင်သန်ပေစွ”ဟု ချီးမွမ်းကြပြီးလျှင် ရွှေးကထက်ပင် ကြည်ညိုစွာနှင့် အားကိုးခြင်းများလည်း တိုးပွါးကြလေ၏။

ထိုနောက်မင်းကြီးရန်နောင်ကမိန့်တော်မူပြန်သည်မှာ မြန်မာအမျိုးတွေ တစိတ်တဝမ်း ထဲညီညွတ်ခဲ့ပါလျှင် မကြာမီအတွင်း သိုဟန်ဘွား၏ရန်ကို ခုခံရှင်းလင်းရလိမ့်မယ်။ ။တကြိမ်ထဲနှင့် လက်စတုံးမှုသင့်လျော်မယ်။ ကိစ္စမတုန်းဘဲ အရေးပျက်ပြယ်ပြယ်ရှိနေပါလျှင် "ဆင်အိပ်ရာ ဆိတ် နိုး"ဆိုတဲ့ စကားအတိုင်း မြန်မာများအညွန့် မထွက်နိုင်ဘဲ ပြုတ်ပြုတ်ပြုန်းအောင် အကုန်းလုံး နှိပ်စက်ပစ်လိမ့်မယ်။ နက္ခတ်ကိန်းခန်းနှင့် ရှမ်းတို့ထွန်းတောက်နေတဲ့အခါ မြန်မာလူမျိုးတို့ အား ကိုးရာဖြစ်တဲ့ လက်နက်ကြီးမှာ စည်းလုံးညီညွတ်ခြင်းသာလျှင် ဖြစ်ကြတယ် ညီညွတ်မှုလက်နက် ကြီးပျက်စီး၍ သွားခဲ့ပါလျှင် ယခုအခါမှာ အနစ်နာကြီး နစ်နာသွားကြလိမ့်မယ်။ အဖတ်ဆယ် နိုင်ဘို့ခက်ကုန်စရာပေါ့ "ညီညွတ်ခြင်းသာ ကမ္ဘာအနှစ် အမြတ်ဆုံးဖြစ်" ဆိုတဲ့စကားအတိုင်း လက်နက်အင်အားထက် ညီညွတ်မှုအင်အားကို လေးလေးစားစား မြတ်နိုးကြရမယ်။

မင်းကြီးရန်နောင်က ဤကဲ့သို့ပြောဆိုပြီးလျှင် လူတို့၌သာမဟုတ် တိရစ္ဆာန်တို့မှာပင်သော် လည်း ညီညွတ်ရေးကို လေးလေးစားစား အားထား ပြုလုပ်လေ့ရှိခြင်းကြောင့် အောင်မြင်ခဲ့ သော ရန်သူကြီးကိုပင် အောင်မြင်၍ အောင်ပွဲရကြောင်းနှင့် "ဝဓုကီသူကရ" ဇာတ်တော်ကို မြန်မာမှူးမတ်တို့အား ညီညွတ်ရေးတရားကို ဟောကြားတော်မူသည်။

## "ဝဓုကီသူကရဇာတ်"

အို-မှူးမတ် အပေါင်းတို့ ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး အုပ်စိုးစဉ် အလောင်းတော်သည်။ တခုသောတောအုပ်၌ ရုက္ခစိုးနတ်မင်းကြီး ဖြစ်တော်မူသတတ်။ တနေ့ သောအခါ ဗာရာဏသီပြည်မှ လက်သမား တယောက်သည် ထိုတောအုပ်သို့ သစ်ခုတ်လာရာ တွင် မိခင်နှင့်ကွဲနေတဲ့ ဝက်ကလေးတကောင်းကို တွေ့သည်နှင့် ဘမ်းယူပြီး မိမိအိမ်သို့ဆောင် ကြဉ်းသွားတယ်။ ထိုအခါကစ၍ ကောင်းမွန်းစွာမွေးမြူထားလေရာ၊ အခြားဝက်တို့ထက်သာ လွန်၍ ဝဖြိုးကြီးမားလျက် အားအင်ကောင်းတဲ့ ဝက်ကြီးတကောင် ဖြစ်လာတယ်။ သူ့အစွယ် နှင့်ချောင်းကလဲ ကြောက်ဘွယ်ကောင်းအောင် သန်စွမ်းသတဲ့ အရာရာမှာလိမ်မာခြင်းနှင့်လဲ ပြည့်စုံတယ်။ လက်သမားဆရာကြီး မွေးမြူထားသောကြောင့် ထိုဝက်ကြီး၏အမည်ကို "ဝဓုကီ သူကရ"ရယ်လို့ ခေါ်ဆိုကြတယ်။

တနေ့သောအခါ အရှင်သခင်ဖြစ်တဲ့ လက်သမားက "ငါ့ဝက်ကြီးဟာ လွန်စွာဆူဖြိုး တယ်။ မြို့တွင်း ရွာတွင်းမှာ အန္တရာယ်မကင်းပေဘူး စားလိုတဲ့သူများက သတ်ဖြတ်လို့စားကြ လိမ့်မယ်။ ငါ့ဝက်ကြီးချမ်းသာအောင် ဘေးရန်ကင်းတဲ့ တောတောင်အတွင်း သွားလွှတ်ရင် ကောင်းလိမ့်မယ်။" သည်လိုကြံစည်ပြီး၊ မိမိဝက်ကြီးကို မူလတွေ့ခဲ့ရင်း ဌာနဖြစ်တဲ့။ တောထဲ ကိုသွားလွှတ်လိုက်ပါရော။ ။ထိုတောထဲမှာ ဝက်ပေါင်းများစွာ နေထိုင်ကြတဲ့အတွက် တောဝက် အပေါင်းတွေက အသစ်ဆိုက်ရောက်လာတဲ့ ဝဓုကီသူကရ ဝက်ကြီးကို မြင်ကြတဲ့အခါ လွန် စွာဝဖြိုး၍ အားအင်ရှိသောကြောင့် မှီခိုလိုတဲ့သဘောနှင့် ထိုဝက်ကြီးထံသို့ ဝက်ပေါင်းများ စွာ ရောက်လာကြတယ်။

ထိုအခါ ဝစ္စကီသူကရဝက်ကြီးက တောဝက်အပေါင်းတို့ကို သည်လိုမေးသတဲ့။ ။အို မိတ်ဆွေဝက်အပေါင်းတို့ သင်တို့၏ နေပျော်ကျက်စားရာ ဌာနဟာ လွန်စွာမွေ့လျော်ဘွယ် ကောင်းပါတကား။ အရပ်ရှစ်မျက်နှာမှ များစွာသောတောင်တို့ဖြင့်လဲ ဝန်းရံထားတယ်။ ဘေး အန္တရာယ်လဲ လုံခြုံစရာကြီးပါပေဘဲ။ သစ်ဥ၊သစ်ဖု၊မှစ၍ အစာအဟာရတွေလဲ။ သည်တောထဲ မှာ လွန်စွာပေါများတယ်။ သို့ရာတွင် သင်တို့ကိုမြင်ရတဲ့အခါမှာ ဝဖြိုးခြင်းမရှိဘဲ ညှိုးညှိုးငယ် ငယ်နှင့် ပိန်ကြုံ၍နေကြတယ်။ ဘယ်လိုအကြောင်း ထူးများရှိသလဲ။ ။အဲသည်လို ပြောဆိုမေး မြန်းတယ်။

သည်လိုမေးမြန်းတော့ တောဝက်ပေါင်း များစွာတို့က "ကျွန်ုပ်တို့၏ နေရာဌာနမှာ လွန်စွာသင့်လျော်၍ နေပျော်ဘို့ကောင်းကြောင်း ထင်ရှားလှပါသည်။ သို့ရာတွင် နေ့တိုင်း၊ နေ့တိုင်း' တထိတ်ထိတ်နှင့် စိတ်မချရဘဲ။ လွန်စွာကြောက်မက်ဘွယ်၊ အသက်အန္တရာယ်ဘေး ကြီး အမြဲရှိနေပါတယ်။"လို့ ပြောဆိုကြတယ်။ ။ထိုအခါ ဝစ္စကီသူကရ ဝက်ကြီးက၊ "အသက်အန္တရာယ် ကြောက်မက်ဘွယ်ကောင်းတဲ့ ဘေးဆိုတာဘာလဲ"ဟု မေးပြန်တယ်။

တောဝက်အပေါင်းတို့က "ကျွန်ုပ်တို့နေတဲ့ တောင်ဝှမ်းကြီး၏ မနီးမဝေးမှာ ရသေ့ စဉ်းလဲကြီးတဦးရှိပါသည်။ထိုရသေ့စဉ်းလဲကြီးက ကျားကြီးတကောင်ကို မွေးထားပြီးလျှင် ကျွန်ုပ် တို့ဝက်အပေါင်းတို့မှ တနေ့လျှင် တကောင်ကျ၊တကောင်ကျ၊ အကိုက်ခိုင်းပြီး ကျား၏ စားကြွင်း များကို စား၍နေပါတယ်။ ကျွန်ုပ်တို့ဝက်အပေါင်းမှ တနေ့လျှင်တကောင်ကျ၊ အမှန်မုချအသေ ခံကြရပါတယ်။ ယနေ့ဖြင့်သူလား၊ငါလား၊နှင့် တထိတ်ထိတ်သာ နေကြရပါတယ်။ သို့အတွက် ကျွန်ုပ်တို့မှာ ဝလင်ဆူဖြိုးခြင်းမရှိနိုင်ဘဲ အမြဲပိန်ကြုံ၍နေကြရပါတယ်"ဟု ဝိုင်း၍ပြောဆိုကြလေ၏။

ဝစ္စကီသူကရ အမည်ရှိတဲ့ ဝက်ကြီးက "သင်တို့မညီညွတ်လို့သာ သည်ကျားကြီး၏ရန် ကို မတွန်းလှန်းနိုင်ဘဲ ခံ၍နေကြတယ်။ အလွယ်ကလေးပါ ဝက်အပေါင်းတို့ ညီညွတ်ခဲ့ကြပါ လျှင် ကျား၏ရန်ကို အမြန်အောင်မြင်နိုင်ပါတယ်။ သင်တို့ကျွန်ုပ်၏ စကားကိုလိုက်နာ၍ ညီ ညွတ်နိုင်ကြပမလား"ဟု မေးမြန်းတော့ ဝက်ပေါင်းများစွာတို့က မြင်လျှင်မြင်ခြင်း အားကို ရင်းရှိတဲ့အတိုင်း ညီညွတ်နိုင်ပါတယ်"လို့ ပြောဆိုဝန်ခံကြတယ်။

နေ့စဉ်မပြတ် ဝက်တကောင်၊တကောင်၊ကိုက်သတ်၍ စားလေ့ရှိတဲ့ကျားကြီးဟာ ဘယ် အချိန်ကိုလာတတ်သလဲဟု မေးမြန်းရာ ကျားကိုမွေး၍ အားပေး တိုက်တွန်းခြင်း ပြုနေတဲ့ ရသေ့စဉ်းလဲကြီး တိုက်တွန်းလေ့ရှိတဲ့အတိုင်း "အရုဏ်တက်၍ နံနက်လင်းခါနီးမှာ ဆိုက်ရောက် လာလေ့ရှိပါတယ်"လို့ ပြောတော့ "သင်တို့မစိုးရိမ်ကြနှင့် နက်ဖြန်နံနက် အရုဏ်တက်အချိန် မှာပင် ကျား၏ရန်ကို တွန်းလှန်ဖြိုဖျက်မယ်။" သို့ကလိုပြောဆိုဝန်ခံပြီး ဝက်ခံတပ်ကြီးတခုကို သည်လိုစီမံသတဲ့။

အောင်မြေအရပ်ကို ရွေးချယ်၍ ဝက်တို့ကိုစည်းဝေးစေပြီး မျိုးရှိတဲ့ဝက်မများကို အ လယ်ဗဟိုကထားတယ်။ ထို့အပြင်ဘက်က သားငယ်၊သမီးငယ်၊ရှိတဲ့ ဝက်မများကိုထားတယ်။ ထို့ အပြင်ဘက်ကဝန်းရံ၍ ဝက်ငယ်များကိုထားတယ်။ ထိုအပြင်ဘက်ကခြံရံ၍ ဝက်အိုကြီးတွေကို

ထားတယ်။ထို့ အပြင်ဘက်ကခြံရံ၍ အစွယ်အားကောင်းတဲ့ ဝက်ပျိုတွေကိုထားတယ်။ အဲ-ယခု ပြဆိုခဲ့တဲ့ စစ်ဆင်ခြင်းကို ဇာတ်အဋ္ဌကထာ ဆရာကြီးက "ပဒုမဗြူဟာ"ရယ်လို့ ခေါ်ဆိုထားတယ်။

ထိုဝက်တပ်ကြီး၏ အပြင်ဘက်က အားအင်သန်စွမ်းတဲ့ ဝက်ပေါင်း ၅၀-တို့ကို ကင်းတပ်အဖြစ်ဖြင့် ပတ်ပတ်လည် ခြံရံ၍ထားပြန်တယ်။ ထို့နောက် ဝစုကီသူကရ ဝက်ကြီးကတော့ အထူးသဖြင့် အားအင်သန်မာ၍ အစွယ်ထက်မြက်တဲ့ ဝက်ပေါင်း ၇၀-တို့နှင့် တပ်ဘွဲ့ပြီး ကျားကြီးကိုတိုက်ခိုက်ရန် ကျားလာလေ့ရှိတဲ့လမ်းက တပ်မတော်ကြီးအဖြစ်ဖြင့် အသင့်စောင့်နေတယ်၊ တပ်ဘွဲ့ပုံအစီအစဉ်ဟာ လွန်စွာကောင်းပေသပေ။ ဝစုကီသူကရဝက်ကြီးမှာတော့ ဗိုလ်ချုပ်ကြီး ဖြစ်နေတာပေါ့လေ။

ထိုနောက်တဘန် ဘယ်လိုစီရင်ပြန်သလဲဆိုတော့ ဝက်ဗိုလ်ချုပ်ကြီးက မိမိ ရပ်ခံနေတဲ့ရှေ့မှာ တွင်းတခုကို မြှုံးသဘွယ်တူးတယ်။ ကျားထောင်တဲ့ထောင်ချောက်ကြီးဆိုပါတော့။ ထိုတွင်း ထောင်ချောက်ကြီးနှင့် ဆက်သွယ်ပြီး အနီးကမြောင်လျက် မလှယ်ပေါက် ဥမှင်တွင်းတခုကို ဘူး ပြန်ဘယ်။ အဲသလိုစီမံပြီး ဝက်စစ်ဗိုလ်ကြီးက "ကျားကြီးလာလျှင် ဘာကိုမျှ မကြောက်ကြနှင့်။ တုန်လှုပ်တဲ့ အမူအရာများကို မပြကြနှင့်။ ကျားကြီး၏မျက်နှာနှင့်မျက်လုံးကိုသာ စေ့စေ့ကြည့်နေကြရမယ်၊ ညီညွတ်ကြစေ" အဲသည်လို အမိန့်ပေးကာ ကျားကြီးကို စောင့်နေကြတဲ့ အတွင်း မကြာမီ ကျားကြီးလာပြီး ဝက်တို့၏ မနီးမဝေးမှာရှိတဲ့ တောင်စောင်းပေါ်မှ ကျားမာန်နှင့် ဝက်တို့ကို ကြည့်လိုက်တယ်။

သည်တော့ ဝက်ဗိုလ်ချုပ်ကြီးက အမိန့်ပေးထားသည့်အတိုင်း ဝက်တွေကလဲ မျက်လုံး မြူးပြီး ကျားကြီးကိုအစွယ်သောင်ကာ ပြန်ကြည့်ကြတယ်။ ကျားကြီးက မိမိ အလေ့အတိုင်း ကျင်ငယ်စွန့်၍ ကျားတို့၏ ကွန့်မြူးခြင်းဖြင့် ကွန့်မြူးတော့ ဝက်တို့ကလဲ ကျင်ငယ်စွန့်ပြီး ဝက်မာန်ဖြင့် ကွန့်မြူးကြတယ်။

အဲသည်လို ဝက်ပေါင်းများစွာတို့ ညီညွတ်စွာ ခုခံနေကြပုံများကို ကျားကြီး မြင်တော့ "အလို-သည်ယနေ့ တယ်ဆန်းကြယ်ပါကလား။ ဟိုယနေ့များက ငါက ကျားတို့မာန်နှင့် ကြည့်လိုက်ပါလျှင် ဝက်တွေရှိသမျှ အလုံးစုံ အကုန်လွတ်၍ပြေးကြတယ်။ ယနေ့တော့ မပြေးကြဘဲ၊ ဝက်တို့မာန်ဖြင့် ငါ့ကို ခုခံလို့နေကြတယ်။ ဝက်တို့၏ရှေ့ဆုံးက ကြီးမားတဲ့ လုံးရပ်သဏ္ဍာန်နှင့် အားသန်တဲ့ ဝက်ပျိုကြီးတကောင်ကိုလဲ တွေ့ရတယ်။ ယနေ့ အလွန်ထူးတာဘဲ။ ဝက်အများ ညီညွတ်မှုနှင့် ခုခံလျှင် ပျက်စီးခြင်းသို့ ကောန် ငါရောက်ရလိမ့်မယ်။ ယနေ့ဖြင့် သွားလို့မတော်ဘူး" အဲသည်ကဲ့သို့ ဆုံးဖြတ်ပြီး ကျားကြီးနောက်ဆုတ်၍ ပြန်လာပါရောတဲ့။

## "ရသေ့စဉ်းလဲ၏ တိုက်တွန်းချက်"

ကျားကြီး၏ စားကြွင်းဖြစ်တဲ့ဝက်သားကို နေ့စဉ်မပြတ် စားသောက်နေတဲ့ ရသေ့စဉ်းလဲကြီးသည် နေ့တိုင်း နေ့တိုင်း ဝက်ကိုချီကာပြန်လာတဲ့ ကျားကြီးကို စောင့်နေမြဲအတိုင်း စောင့်နေရာ၊ ဝက်ကောင်မပါဘဲ မှိုင်တွေချကာ ပြန်လာတဲ့ ကျားကြီးကို မြင်တော့ ကိုယ့်ဝမ်းစာ အတွက် ငဲ့ကွက်တဲ့သဘောမျိုးနှင့် လမ်းကဆီးပြီး ရသေ့ကြီးက သည်လိုပြောဆိုသတဲ့။

(၁) ဝရံဝရံ တွ^နိဟန် ပုရေစရိ၊
အသို့^ပဒေသေ ဘိတုယျ သူကရေ၊
သောဒါနိ ကော ဗျဂ္ဃာပဂမ္မ ဈာယသိ၊
ဗလံနုတေ ပြဂ္ဃနစ္စဝိဇ္ဇတိ။

(၁) ဗျဂ္ဃ၊ အို-ကျားကြီး။ တွ^၊ သင်သည်။ ပုရေ၊ ရှေးအခါ၌။ အသို့^ပဒေ၊ ဤတော အုပ်၌။ သူကရေ၊ ဝက်ပေါင်းတို့ကို။ အဘိဘုယျ၊ လွှမ်းမိုးနှိပ်စက်၍။ ဝရံဝရံ၊ ကောင်းနိုးရာရာဖြစ်သောဝက်ကို။ နိဟန်-နိဟနန္တော၊ သတ်ဖြတ်ကိုက်ချီလျက်။ စရိ၊ ပြန်လာစမြဲပင်တည်း။သော သို့ ထိုသင်ကျားကြီးသည်။ဒါနိ၊ ယနေ့မူကား။ ကော၊ ဝက်မပါဘဲတကိုယ်ထည်းသာလျင်။အပဂမ္မ၊ ပြန်လာခဲ့၍။ ဈာယသိ၊ စစ်ရှုံးတဲ့အနေဖြင့် မှိုင်တွေချလေဘိ၏။ ဗျဂ္ဃ၊ အို- ကျားကြီး။ အဇ္ဇ၊ ယနေ့ တေ၊ သင့်အား။ ဗလံ၊ ဝက်တို့ကို ကိုက်သတ်နိုင်သော စွမ်းအားသည်။ နစ္စဝိဇ္ဇတိ၊ မရှိဘဲနေလေ တော့သလား။

အို–ကျားကြီး၊ ရှေးရှေးအခါတို့မှာတော့ သည်တောအုပ်ကြီးအတွင်းမှာ မင်းတဆူလုပ်နေပြီး ဝက်ပေါင်းများစွာကို လွှမ်းမိုး၍ ကောင်းနိုးရာရာကို ရွေးချယ်ကာ တက်ချီခဲ့တယ်မဟုတ်လား။ ယနေ့မှာတော့ ဝက်မပါဘဲ တကောင်ထဲပြန်လာ၍ မှိုင်တွေချပုံထူးလှချေရဲ့။ သည်ယနေ့အသင့်မှာ ဝက်တို့ကို ကိုက်ချီနိုင်တဲ့အားစွမ်း မရှိတော့ဘူးလား။အဲသည်လို ပြောဆိုသတဲ့။ သူ ဝက်သားမစားရမှာ စိုးရိမ်လို့။ ကျားကြီးကို မြည်တွန်တောက်တီးတာပေါ့လေ။ သည်ကျားကြီးက၊ ကြောက်လန့်တဲ့အမူအရာနှင့် သည်လိုပြန်ကြားပြောဆိုလိုက်သတဲ့။

(၂) ဣမေသူကရာယန္တိဒိသောဒိသံပုရေ၊
ဘယဋ္ဋိတာလေဏဂဝေသိနောပုထူ၊
တေဒါသင်္ဂမ္မဝသန္တိကေတော၊
ယတ္ထဋ္ဌိတာဒုပ္ပသဟဇ္ဇမေမယာ။

(၂) ဣသေ၊ အို-ရသေ့ကြီး၊ ပုရေ၊ ရှေးအခါ၌။ ဣမေသူကရာ၊ ဤဝက်အပေါင်းတို့သည်၊ ဘယဋ္ဋိတာ၊ ကျား၏ဘေးမှ အရေးတကြီး ထိတ်လန့် ကြလေကုန်သောကြောင့်။ လေဏဂဝေသိနော၊ ပုန်းကွယ်ရာကို ရှာမှီးကြကုန်လျက်။ ပုထူ၊ တသိုက်ကြီး,တအုပ်ကြီး။ ဒိသောဒိသံ၊ ထိုမှ,ဤမှ၊ ဝါ ဟိုသို့သည်သို့။ ယန္တိ၊ ကြောက်သွေးတုန်သဖြင့် ခုန်ပေါက်ပြေးလွှား ကြလေကုန်၏။ ဣသေ၊ အို-ရသေ့ကြီး၊ဒါနိ၊ ယခုအခါ၌မူကား။ တေ၊ ထိုဝက်အပေါင်းတို့သည်။ကေတော၊ တစုတရုံးတည်း၊ သင်္ဂမ္မ၊ စည်းလုံးညီညွတ်ကြကုန်လျက်။ ဝသန္တိ၊ ကျားဘေး ကျားရန်ကို ခုခံလိုတဲ့ ဇွဲဖြင့် ရဲရဲဝံ့ဝံ့နေကြလေကုန်၏။ အဇ္ဇ၊ ယခု။ မယာ၊ အကျွန်ုပ်သည်။ ယတ္ထ၊ အကြင် ညီညွတ်စည်းလုံးရာဖြစ်သော အောင်မြေအရပ်၌။ ဋ္ဌိတာ၊ ရဲစိတ်, ရဲမာန်ဖြင့် ခုခံ၍နေကြကုန်သော။ ဣမေ၊ ဤဝက်တို့ကို။ ဒုပ္ပသဟာ၊ အောင်မြင်ခြင်းငှါ လွန်စွာ ခဲယဉ်းမည်ထင်သတည်း ရသေ့ကြီး။

ကျားကြီးဆိုလိုတဲ့ အဓိပ္ပါယ်ကတော့သည်လိုတဲ့။ အို-ရသေ့ကြီး၊ ဟိုရှေးယခင်ကတော့ သည်ဝက်တွေဟာ ကျွန်ုပ်လာပြီဆိုမှဖြင့် လွန်စွာကြောက်လန့်သဖြင့် တည်တန့်စွာမနေနိုင်ကြဘဲ

ခုန်ပေါက်ပြေးလွှားကာ ပုန်းအောင်းရာကို ရှာကြပါတယ်၊ ယနေ့မှာတော့ တညီတညွတ် စည်းလုံးပြီး မကြောက်ကြဘဲ ရဲရင့်တဲ့အမူအရာနှင့် ခုခံခြင်းငှါ မာန်သွင်းလို့နေကြပါတယ်၊ သည်ယနေ့ဖြင့် အကျွန်ုပ်သည် ဝက်တို့၏ရန်ကို အောင်မြင်နိုင်မယ်လို့မထင်ပါ၊ သို့အတွက်ကြောင့် အလိုက်သိစွာနှင့် ရှောင်တိမ်း၍ လာခဲ့ပါတယ် ရသေ့ကြီး၊ အဲသည်လိုပြောကြားတယ်။ ကျားပြောပုံကို ထောက်ထားတော့ အတော်ကြောက်တဲ့လက္ခဏာဘဲ၊ ပါးလံပါးပါပေတယ်။

သည်လိုပြောတော့ ရသေ့ကြီးက ဝက်သားမစားရမဲ့အရေးကို မျှော်တွေးစိုးရိမ်လှသဖြင့် "သင်သည် ကျားဖြစ်လျက် ဝက်တို့ကို ကြောက်နေရ ပြန်သလား။ ဘယ်အခါတုန်း ကမျှား၊ ကျားကို ဝက်ကနိုင်တယ်လို့ကြားဘူးသလဲ၊ သင့်ဘိုး,သင့်ဘွား,တို့က ကျားက ဝက်ကို ကြောက်ရမယ်လို ဆုံးမခဲ့သလား၊ သင့်မှာ သရဲဘောမရှိဘဲ ကျားမပြီသပါဘဲကလား၊ ကဲ-သွားလေအုံး၊ မစိုးရိမ်နှင့်၊ ငါရှိပြီ။ ဝက်တို့အနီးသို့ရောက်တဲ့အခါ ကျားတို့မာန်ဖြင့် ဟိန်းဟောက်၍ တဟုန်တည်းသာ ကိုက်ပေတော့၊ သင့်အသံကိုကြားလျှင် ဝက်ရှိသမျှ အလုံးစုံ အကုန်ပြေးကြလိမ့်မယ်" အဲသည်လို နှိုးဆော်တိုက်တွန်းတော့ ကျားကြီးလဲ ခပ်ရှက်ရှက်နှင့် အားတက်ပြီး ဝက်တို့နေရာဌာနသို့ လာပြန်ပါရော။

"ကျားသေရှာတော့မည်"

ကျားများကို နတ်တိုက်တယ်, နတ်စီးနေတယ် လို့သာ ပြောဆိုလေ့ ရှိကြတယ်၊ ယခုကျားကြီးမှာတော့ ရသေ့စီး၍ ရသေ့က တိုက်ပေးနေတယ်လို့ ဆိုရမှာပေါ့၊ ကိုယ်ကျိုး, ကိုယ်စီးပွါးအတွက်ကိုသာငဲ့ကွက်ပြီး ယခုလောကမှာလဲ သည်ရသေ့ကြီးလို တိုက်ပေးတဲ့ လူများလဲ ရှိတတ်ကြတယ်။

တဖန်ပြန်လာတဲ့ကျားကြီးသည် ဝက်တို့အနီးဖြစ်တဲ့ တောင်တန်းကလေးပေါ်သို့ ရောက်တော့ ဝက်ပေါင်းများစွာတို့က "ဟောလာပြန်ပြီ-လာပြန်ပြီ" ဆိုကြရာ ဝက်ဗိုလ်ချုပ်ကြီးက "လာပါစေ၊ သင်တို့တတွေ ယနေ့မှ လှလှကျားသားကို စားကြရလိမ့်မည်၊ ညီညွတ်ကြစေ၊ မထိတ်လန့်ကြနှင့်၊ ကိုယ့်နေရာက မရွေ့ကြနှင့်၊ ကျားကိုသာ မာန်သွင်း၍ စိုက်ကြည့်နေကြ" သည်လို အမိန့်ပေးနေတုန်း ဗြုံးခနဲဟိန်းဟောက်ပြီး တောင်တန်းပေါ်မှ တဟုန်တည်း ပြေးဆင်းလာပြီးလျှင် ဝစုကီသူကရဝက်ကြီးပေါ်သို့ အဘင်းအုပ်ရန် ခုန်လိုက်ပါရော။

ဝက်ဗိုလ်ချုပ်ကြီးသည် အလွန်ကျင်လည်သည်နှင့် ရုတ်တရက် ရှောင်တိမ်း၍ ဥမင်တွင်းထဲသို့ ဆင်းလိုက်ရာ ကျားကြီးမှာ ထောင်ချောက်သဘွယ် တူးထားတဲ့တွင်းထဲသို့ ကျသွားပါရော၊ ရှိခိုးကာ ခေါင်းစိုက်နေတဲ့အလား မလှုပ်မရှားသာအောင် ကျားကြီး မိနေရောပေါ့၊ ထိုအခါ ဝက်ဗိုလ်ချုပ်ကြီးသည် ဥမင်တွင်းမှ ရုတ်တရက် ထွက်လာပြီး ထောင်ချောက်တွင်းမှာ မိနေတဲ့ ကျားကြီးကို မိမိအစွယ်နှင့် အတင်း ကိုက်ဖေါက်ပြီးလျှင် တွင်းပေါ်သို့ဆွဲ၍ တင်လိုက်လေ၏၊ တွင်းပေါ်သို့ရောက်တော့ ကျားကြီးမှာလဲ အအူ,အသဲတွေ မရှိတော့ဘူး၊ ဝက်ဗိုလ်ချုပ်ကြီးရဲ့ အစာ ဖြစ်သွားကုန်တယ်။

ကျားကြီးသေတော့ ဝက်ဗိုလ်ချုပ်ကြီးက "အောင်ပြီ့အောင်ပြီ၊ လာကြ့လာကြ၊ ကျား သားကို စားကြကုန်"ဟု ဟစ်အော်လိုက်ရာ ဝက်ပေါင်းများစွာ သူ့ထက်ငါ အတင်းပြေးလာ၍ ကျားသေကြီးကို အလုအယက်စားသောက်ကြတယ်၊ နောက်ကြတဲ့ဝက်များမှာတော့ မစား ရရှာကြတော့ဘူး၊ ကျားကြီးသားကို မစားလိုက်ရတဲ့ ဝက်များက အလွန် စားလိုလှသဖြင့် အာသာပြေအောင် ကျားသားစားရတဲ့ ဝက်တို့၏ နှုတ်သီးကို နမ်းကြရသတဲ့။ ။အဲ—ယခု ပြောခဲ့တာ အမျိုးဇာတ်တူချင်းချင်း ညီညွတ်မှုကြောင့် ခက်ခဲတဲ့ဘေးရန်ကို အောင်မြင်တာဘဲ မဟုတ်လား၊ မူးမတ်အပေါင်းတို့လဲ သည်နည်းအတိုင်း ညီညွတ်ကြရမယ်၊ တိရစ္ဆာန်ဖြစ်တဲ့ဝက် တွေတောင် ညီညွတ်နိုင်ကြသေးတာဘဲ၊ လူတွေဟာ အဘယ်မှာ မညီညွတ်ဘဲ နေလို့တော်ပမလဲ၊ ညီညွတ်ထိုက်ပါလျက် မညီညွတ်ပါလျှင် လွန်စွာ ရှက်ဘို့ကောင်းတယ်မဟုတ်လား။ ။ဤကဲ့သို့ မင်းကြီးရန်နောင်က ဝတ္ထုပြောရင်း ကြားဖြတ်၍ ညီညွတ်ရေးတရားကို ဟောကြားလေသည်။ မူးမတ်တို့ကလဲ အားတက်သရော "ကျွန်တော်တို့အသက်ကို စွန့်၍ ညီညွတ်ကြပါမည်" ဟု ပြော ဆို ဝန်ခံကြလေသည်။

ထိုနောက် မင်းကြီးရန်နောင်က ဝတ္ထုကြောင်းကို ဆက်လက်၍ ပြောပြန်သည်မှာ။ ။ ကျားကြီးသေဆုံး၍ ကိစ္စတုန်းတဲ့အခါ ဝက်ကြီးတကောင်က "ကျားဖြင့် သေပြီ၊ သို့ရာတွင် ရသေ့ကြီးကျန်သေးတယ်၊ လုံးလုံးကြီး ကိစ္စမတုန်းသေးဘူး၊ သည် ရသေ့စဉ်းလဲကြီးသာ ရှိနေ ပါလျှင် နောက်တဘန် ကျားတကောင်ကို မွေး၍ ဘေးရောက်အောင် တိုက်ပါလိမ့်အုံးမယ်၊ ရသေ့စဉ်းလဲကြီးသေမှ ဝက်အပေါင်းတို့မှာ ဘေးရန်ပြီးဆုံး၍ ကိစ္စတုန်းပါလိမ့်မယ်" လို့ ဝက် ဗိုလ်ချုပ်ကြီးကို လျှောက်ထားတယ်။

သည်စကားကိုကြားတော့ "ရသေ့စဉ်းလဲဆိုတာ ဘယ်မှာလဲ၊ ယနေ့ပင် ရသေ့ကြီးကို ပျက်စီးအောင် နှိပ်နင်းမည်၊ ကဲ—လာကြ၊ ရသေ့ကြီးရှိရာသို့ သွားကြစို့"ဟု ဝက်ဗိုလ်ချုပ်ကြီး က အမိန့်ပေးသောအခါ ဝက်ပေါင်းများစွာတို့သည် တညီတညာတည်း ရသေ့ကြီး နေသော သခ်မ်းကျောင်းသို့ ချီတက်လာကြတယ်၊ ဝက်တပ်ကြီးဟာ လွန်စွာ အားကောင်းတာပေါ့။

## "ရသေ့ကြီး၏ကံကြမ္မာ"

ဝက်သားကို စုံမက်စွဲလမ်းနေတဲ့ ရသေ့ကြီးဟာလဲ ကျားလာခဲ့တယ်လို့ ကြိုဆိုရန် သခ်မ်း ကျောင်းမှ ထွက်လာတယ်၊ လမ်းခရီးမှာ ဝက်တပ်ကြီးနှင့် ရင်ဆိုင်တွေ့ရော ပေါ့၊ သည်တော့ ဝက်တွေက "ဟေ့-တွေ့ပြီ့တွေ့ပြီ၊ မလွတ်ကြစေနှင့်၊ လိုက်ကြ့လိုက်ကြ၊ လိုက်ကြ့လိုက်ကြ" ဟု သံပြိုင်ဟစ်အော်ကာ ရသေ့ကြီးကို တဟုန်တည်းလိုက်ကြရာ ရသေ့ကြီးလဲ ပြာရီးပြာရာနှင့် ခရုသင်းနှင့်တကွသော ရသေ့ပရိက္ခာတွေကို လွှင့်ပြီး ပြေးမိပြေးရာ ပြေးပါရော။ ။မလွတ် နိုင်မှန်းကို သိသဖြင့် အနီးမှာရှိတဲ့ ရေသဖန်းပင်ကြီးပေါ်သို့ အတင်းတက်ပြေးတယ်။

သည်တော့ ဝက်ဗိုလ်ချုပ်ကြီးက "သဖန်းပင်ကြီးကို ဝိုင်းထားကြရမယ်၊ ဝက်မတွေက ရေကိုဆောင်၍ သစ်ပင်ရင်းကိုလောင်းကြ၊ အစွယ်ရှိတဲ့ဝက်ထီးတွေက သဖန်းပင်မြစ်ကို ကိုက်ဖြတ် ကြ" သည်ကဲ့သို့ အမိန့်ပေးတဲ့အခါ အမိန့်အတိုင်း ညီညွတ်စွာ ဆောင်ရွက်ကြတယ်၊ ဝက်

ဗိုလ်ချုပ်ကြီးက အလွန်ကြီးမားတဲ့ရေသောက်မြစ်ကြီးကို တဟုန်တည်း ကိုက်ဖြတ်လေရာ သဖန်းပင်ကြီးဟာ ဖြုံးခနဲလဲသွားပါရော၊ ရသေ့ကြီးလဲ သဖန်းပင်ကြီးနှင့်အတူ မြေကြီးသို့ ကျလာတယ်၊ အဲ-သည်တော့ ဝက်ပေါင်းများစွာတွေက ရသေ့ကြီးကိုဝိုင်းအုံကာ အလုအယက် ကိုက်စားလိုက်ကြတာ အရိုးတောင်မှ မကျန်တော့ဘူးတဲ့၊ **"မကောင်းကြံဘို့-ဘေးဒဏ်ထိ"** ဆိုတဲ့စကားအတိုင်း သူ့ကံနှင့်သူ ရသေ့ကြီးပျက်စီးသွားတာပေါ့။

အဲ-သည့်သော့မှ ဝက်ပေါင်းများစွာတို့က တညီတညွတ်ထည်း "အောင်ပြီ,အောင်ပြီ"ဟု ဟစ်ကြွေးကာ အောင်ပွဲမင်္ဂလာကို ပြုလုပ်ကြရန် စီမံကြတယ်။ ။ရေသဖန်းတုံးကြီး ထက်မှာ ဝစုကီသူကရဆိုတဲ့ ဝက်ဗိုလ်ချုပ်ကြီးကို ရှိသေစွာတင်ပြီး ရသေ့ကြီး၏ပရိက္ခရာဖြစ်တဲ့ လကျ်ာရစ် ခရုသင်းဖြင့် ရေကိုယူလျက် အဘိသိက်ကိုသွန်းလောင်းကာ မင်းအဖြစ်ကို မြှောက်ကြတယ်၊ ထို့ပြင် ဝက်အုပ်ကြီးထဲမှာ ရုပ်ဆင်းအင်္ဂါ မင်္ဂလာရှိတဲ့ ဝက်ပျိုမတစီးကိုလဲ မိဖုယားအရာ၌ မြှောက်တင်ကြသတဲ့။ ။ကဲ-စဉ်းစားကြစမ်းပါ၊ ညီညွတ်ကြတဲ့အတွက် ဘေးရန်ကိုအောင်မြင်၍ ကိုယ့်အမျိုးအလိုက် သိုက်သိုက်ဝန်းဝန်းကြီး ဖြစ်သွားတယ်မဟုတ်လား၊ ဦးစီးခေါင်းဆောင်ဖြစ်တဲ့ ဝက်ကြီးမှာလဲ မိမိ၏စွမ်းရည်သတ္တိရှိတဲ့အလျောက် မင်းမြှောက်ခြင်းကိုခံရတယ်၊ ညီညွတ်ခြင်းဆိုတာ ဘယ်အရာမဆို ပြီးစီးနိုင်သတဲ့ မှူးမတ်များတို့။

အဲ-ယခု ပြောခဲ့ပြီးတဲ့အတိုင်း ဝက်ပေါင်း များစွာတို့၏ ညီညွတ်ရေးကြောင့် ဘေးရန်ကင်းစင် တရှင်ရှင်နှင့် အောင်မြင်ချမ်းသာကြပုံတွေကို ထိုတောအုပ်မှာ အုပ်စိုးတဲ့ ရုက္ခစိုးအလောင်းတော်နတ်သားမြင်လေရာ လွန်စွာအားရနှစ်သက်လှသဖြင့် ဝက်တို့၏ညီညွတ်ပုံကို လက်စုံထိပ်မိုး ရှိခိုးပူဇော်ကာ ဂါထာတပုဒ်ကို သို့ကလို့ရွတ်ဆိုသတဲ့။

(၃) နမတ္ထုသင်္ယာနံသမာဂတာနံ၊
ဒိသွာသယံသချံ့ ဝဒါမိအဗ္ဘုတံ၊
ဗျဂ္ဃံမိဂါယတ္ထဇိနိံ့ သုဒါဌိနော၊
သာမဂ္ဂိယာဒါဌ္ဌာဗလေသုမုစ္စရေ။

ဘေန္တော၊ အို-နတ်များအပေါင်းတို့။ ပဿထ၊ ရှုစမ်းကြပါကုန်လော။ ။သမာဂတာနံ၊ တစုတရုံး စည်းလုံးညီညွတ်ကြကုန်သော။ သင်္ယာနံ၊ ဝက်အပေါင်းတို့အား။ နမော၊ အကျွန်ုပ်၏ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။ နမတ္ထု၊ ရိုသေမြတ်နိုး ရှိခိုးလိုက်ပါ၏။ အဗ္ဘုတံ၊ မဖြစ်စေဘူး အလွန်ထူးသော။ သာချံ၊ ဝက်တို့၏ မိတ်ဆွေဘွဲ့ကာ ချစ်ခင်ကြပုံတွေကို။ သယံ၊ မိမိကိုယ်တိုင်။ ဒိသွာ၊ ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရလေသောကြောင့်။ ဝဒါမိ၊ ချီးမွမ်းစကား ကျွန်ုပ်ပြောကြားလိုက်ပါ၏။ ယတ္ထ၊ အကြင် အောင်မြေ အရပ်၌။ ဒါဋ္ဌိနော၊ အစွယ်စွမ်း အန်ဖြင့် ထက်သန်ရဲရင့်ခြင်း ရှိကြကုန်သော။ မိဂါ၊ ဝက်အပေါင်းတို့သည်။ ဗျဂ္ဃံ၊ကျားကြီးကို။ဇိနိံ့ သု၊ အောင်မြင်ကြလေကုန်ပြီ။ ဒါဌ္ဌာဗလေသု၊ အစွယ်အင်အားကြီးမားထွားကြိုင်းသောဝက်အပေါင်းတို့၌။ သာမဂ္ဂိယာ၊ တစုတရုံးစည်းလုံးညီညွတ်မှုကြောင့်။ မုစ္စရေ-မုစ္စန္တိ၊ ဘေးရန် အလုံးစုံတို့မှ အကုန်လွတ်မြောက်ကြလေကုန်သတည်း။

ကဲ-စဉ်းစားကြစမ်းပါဒုံး၊ ညီညွတ်တဲ့ဝက်တွေကို အလောင်းတော်ရှက္ခစိုးက ရှိခိုးတယ်လို့ အသေအချာ ဇာတ်ပါဠိတော်ကြီးမှာ ပါလာတဲ့အတွက် ညီညွတ်ခြင်းကို နတ်အပေါင်းများစွာတို့က၊ ဝမ်းသာအားရ နှစ်သက်ကြောင်း ထင်ရှားတယ်မဟုတ်လား။ ညီညွတ်တဲ့လူတွေကို နတ်ပေါင်းများစွာတို့က ကြည်ညိုတယ်မှတ်ထားကြပေတော့။

ဇာတ်ကိုပေါင်းတဲ့အခါ ဝစုကိဘုကရဆိုတဲ့ ဝက်ဘုရင်ကြီးက ရှင်တော်ဘုရားရဲ့ ရွှေလက်ထက်တော်အခါ ဓနုဂ္ဂဟတိဿဆိုတဲ့ရဟန်းမြတ်ကြီးဖြစ်လာတယ်၊ညီညွတ်ပုံကို ရှိခိုးတဲ့ရှက္ခစိုးနတ်မင်းကြီးက ဘုရားဖြစ်လာတယ်၊သည်ဇာတ်သွားကိုမှတ်သားပြီး မင်းကြီးတို့တတွေလဲ အမှတ်တမဲ့မနေဘဲ ညီညွတ်ကြပေတော့။

**"ဝစုကိသူကရဇာတ်ပြီး၏"**

မင်းကြီးရန်နောင်က သည်ဇာတ်သွားဖြင့် ညီညွတ်ရေးကြီးတရား ဟောတဲ့အခါ မြန်မာမှူးမတ်ပေါင်း များစွာတို့ကလည်း အလွန်တရာ နှစ်သက်ကြသည်နှင့် "တိရစ္ဆာန် ဝက်ကြီးတွေတောင် ညီညွတ်ကြသေးတာဘဲ၊ ကျွန်တော်တို့ဘယ်မှာ မညီညွတ်ဘဲနေပါတော့မလဲဘုရား၊ အလိုရှိရာကို မြန်စွာကြံစည်တော်မူပါတော့။ တစုတရုံး စည်းလုံးညီညွတ်စွာနှင့် အရှင့် နောက်တော်သို့ ကျွန်တော်တို့မြန်မာမှူးမတ်နှင့် မြန်မာအမှုထမ်းတွေ ညီညွတ်စွာလိုက်ဘို့ အသင့် ရှိနေပါပြီဘုရား" ဟု တပြိုင်ထဲလျှောက်ထားကြတယ်။ အားရစရာကြီးပေပေါ့။

(မင်းကြီးရန်နောင်) မင်းကြီးတို့ ဝန်ခံကြတဲ့စကားကြောင့် ကျွန်ုပ်လဲ ယုံကြည်အားရခြင်းဖြစ်ပါပြီ။ သည်အရေးမှာ ကျွန်ုပ်ကိုယ်တိုင် ဝစုကိသူကရရဲ့ထုံးကို နှလုံးပိုက်ပြီး ထိထိခိုက်ခိုက်ကြံစားရတော့မယ်။ ကဲ-ပွင့်ပွင့်လင်းလင်းကြီး အကြံကို ဖွင့်ရတော့မှာပေါ့၊စိုက်၍ နားထောင်ကြစမ်းပါ။ ပဏ္ဏားများနှင့်တိုင်ပင်၍ ကျွန်ုပ်တို့မင်းကြီးတို့ အလိုသို့ ပါအောင် ပြုလုပ်ပြီးလျှင်၊ ဗေဒင်ကိန်းခန်းဖြင့် မနော်ရမံ ဥယျာဉ်တော်အတွင်းမှာ ယတြာနန်းဆောက်၍ ယတြာဆင်ကာ အောင်မြင်ကြောင်း ပွဲသဘင်များကိုဆင်ယင်မယ်၊ သည်အခါ မြန်မာမှူးမတ်တို့နှင့် မြန်မာအမှုထမ်းတို့က ကိစ္စပြီးစီးအောင် ကြံစည်လိုက်ကြတာပေါ့၊ သည်မျှလောက် ပြောလျှင် ရိပ်မိကြပြီမဟုတ်လား။

(မှူးမတ်များ) အလွန်သင့်လျော်လှပါတယ်ဘုရား။ နန်းတော်ကြီး အတွင်းမှာ ကြံစည်လျှင် ရှမ်းအမှုထမ်းတွေ အထပ်ထပ်များပြားသဖြင့် မသင့်လျော်ပါ၊ မနော်ရမံ ဥယာဉ်တော်မှာဖြင့် လွယ်စွာနှင့်အခွင့်ရဘို့ပါဘဲ၊ အလျှင်အမြန် ကြံစည်တော်မူပါဘုရား။

(မင်းကြီးရန်နောင်) ကဲ-တာဖြင့် သည်ကိန်းကို အတည်ထားကြစို့။ ပဏ္ဏားတော်များကိုလဲ ပထမရှေးဦးစွာ မင်းကြီးတို့က ပဏ္ဏာများစွာလက်ဆောင်ပေးကမ်းကြရမယ်၊ ပဏ္ဏားဆိုတာ လက်ဆောင်ပဏ္ဏာကို လွန်စွာစုံမက်ကြတယ်၊ ပဏ္ဏားတွေ မင်းကြီးတို့အလိုသို့ လိုက်ပါလာကြတဲ့အခါ ယတြာကိန်းဆင်ဘို့ ကျွန်ုပ်ကိုယ်တိုင် သွန်သင်နည်းပေးမယ်။ မြန်မာတပ်ကြီးများ ဘွဲ့စည်းရန်အလုပ်ကိုလဲ ကျွန်ုပ်ကိုယ်တိုင် အမြန်စီမံမယ်။

(မှူးမတ်များ) အမိန့်တော်အတိုင်း ကျွန်တော်မျိုးတို့က ပုဏ္ဏားတွေကို အလိုသို့ပါအောင် လက်ဆောင်ပဏ္ဏာဖြင့် သွေးဆောင်ပါမယ်ဘုရား၊ ကိစ္စတုံးလွယ်အောင် အမြန်သာ ကြံစည်ပါတော့။

ဤသို့ပြောဆိုတိုင်ပင်ကာ အချင်းချင်းခွဲခွာကြပြီးသည့်နောက်၊ မျှားမကြာမီအတွင်းမှာပင် မြန်မာမှူးမတ်အပေါင်းတို့သည် ပုဏ္ဏားတို့အား မိမိတို့အိမ်သို့ အသီးသီး ပင့်ဆောင်ကြပြီးလျှင် ပုဏ္ဏားတို့နှစ်သက်သော လက်ဆောင်ပဏ္ဏာများကို အားရ နှစ်သက်လောက်အောင် ပေးကမ်းကြလေ၏။ လက်ဆောင်ပဏ္ဏာများကို များစွာရရှိကြသောအခါ၊ ပုဏ္ဏားတို့လည်း မြန်မာမှူးမတ်တို့၏ အလိုသဘောကျအတိုင်း လိုက်ပါသောအခြေသို့ ရောက်ကြလေသည်။ လက်ဆောင်ပဏ္ဏာဆိုသည်မှာ သံချောင်းပမာ ခိုင်မာသော စိတ်သဘောများကိုပင် ဖယောင်းကဲ့သို့ ပြော့၍ အရေပျော်စေနိုင်သည်။

### "ရှစ်လုံးဘွဲ့ မြန်မာကဗျာ"

ပဏ္ဏာလာတ်ပေး–အရေးထိုထို
ကိုယ့်ဆီညွတ်တွား–လိုက်ငြားအလို၊
လိုရာအောင်ပွဲ–ရမြဲပေကို၊
လက်ဆောင်သွင်း–အောင်ခြင်းသိဒ္ဓိဆို။

### "မြန်မာစစ်တပ်များဘွဲ့စည်းခြင်း"

မင်းကြီးရန်နောင်သည် ရှမ်းဘုရင်သိုဟန်ဘွားထံမှ အမိန့်ရရှိပြီးသောအတိုင်း၊ အမြို့မြို့သို့ အသိဥာဏ်နှင့်ပြည့်စုံ၍ နှုတ်လုံသော လူယုံများကို အသီးသီးစေလွှတ်ပြီးလျှင် မြန်မာအချင်းချင်း အတွင်းတရားဟောကြား၍ စစ်တပ်များ ဘွဲ့စည်းလေရာ၊ များစွာသောသူတို့သည် စစ်တပ်အဘွဲ့တွင်ပါဝင်၍ အမှုထမ်းကြကုန်၏။ ပါဝင်အမှုထမ်းသမျှသော မြန်မာတို့ကိုလည်း အရှင်မင်းကြီး ရန်နောင်၏ အမိန့်မှတပါး၊ မည်သူ၏အမိန့်ကိုမျှ မလိုက်နာရဟု သစ္စာများကိုလည်း ပေး၍ထားလေ၏။

ဘွဲ့စည်းသော မြန်မာစစ်တပ်တို့ကို အုပ်ချုပ်ရန်အတွက် မင်းကြီးရန်နောင်က သစ္စာဂတိတည်ကြည်စွာနှင့် အထူးသဖြင့် ယုံကြည်အားထားရသောသူများကို ဗိုလ်မှူးစစ်ကဲအဖြစ်ဖြင့် ခန့်ထားတော်မူလေသည်။ ဘဏ္ဍာတော် ထားရာဖြစ်သော ရွှေတိုက်၊ ငွေတိုက် တို့မှ စစ်ရေးအတွက် ရွှေ၊ ငွေ၊ ဘဏ္ဍာများစွာ ထုတ်ယူပြီးလျှင် မြန်မာစစ်သည်တော်အမှုထမ်းတို့အား ပေးကမ်းချီးမြှင့်တော်မူရာ၊ မြန်မာတို့လည်း မင်းကြီးရန်နောင်၏ ဂုဏ်ကျေးဇူးကို အထူးတင်ကာ၊ တင်ကာနှင့် ဝမ်းသာအားရကြလေသည်။

မင်းကြီးရန်နောင် အသစ်တည်ထောင် ဘွဲ့စည်းသော မြန်မာတပ်တော်များသည် ရှိရင်းစွဲ ရှမ်းတပ်တို့ထက်ပင် များပြားခြင်းသို့ ရောက်လေသည်။ အချို့တင်များကို အဝနေပြည်တော်သို့ ခေါ်၍ အချို့တပ်များကို မိမိတို့မြို့ရွာဒေသတို့၌ စောင့်ကြပ်ရန် နယ်စောင့်တပ် အဖြစ်ဖြင့်

အဆင်သင့် ထားတော်မူသည်။ ထိုကဲ့သို့ထားခြင်းမှာ တစုံတရာ ရှမ်းတို့နှင့် အရေးကြုံခဲ့ပါလျှင် ကိုယ့်နယ်အတွင်းက ရှမ်းတို့ကို နှိပ်နင်းရန်ဖြစ်လေသည်။

မိမိအလိုဆန္ဒအတိုင်း စီမံ၍ပြီးသောအခါ မင်းကြီးရန်နောင်သည် ဘုရင်သိုဟန်ဘွားထံ သို့ဝင်၍ "အမိန့်တော်အတိုင်း မြို့ရွာအရပ်ရပ်မှာ မြန်မာတပ်များကို စီမံဘွဲ့စည်း၍ပြီးပါကြောင်း၊ ပြည်မြို့သို့ ချီတော်မူသောအခါ အဆင်သင့်စွာ ရနိုင်ပါကြောင်း။ အလိုတော်ရှိသောအချိန်တွင် ချီတော့်မူပါ"ဟု လျှောက်တင်လေရာ၊ သိုဟန်ဘွားလည်း အားရနှစ်သက်စွာနှင့် "ငါ့အကျိုးကို သည်ပိုးဆောင်ရွက်ပါပေသည်" ဟု ချီးမွမ်းတော်မူပြီးလျှင် ပြည်မြို့သို့ချီတက်၍ တပင်ရွှေထီး၏ ရန်ကို တွန်းလှန်ဖြိုဖျက်ရန် တိုင်ပင်တော်မူသည်မှာ။

(သိုဟန်ဘွား) ရေတပ်၊ ကုန်းတပ်၊ အစုံအညီ စစ်သည်တော် တပ်သားများ လုံလောက်ခဲ့ ပါလျှင် ပြည်မြို့သို့ ချီတော်မူမယ်။ ရှမ်းစော်ဘွားကိုလည်း အကြောင်းကြားဘို့ သင့်ပြီမဟုတ် လား။

(မင်းကြီးရန်နောင်) ရှမ်းစော်ဘွားများကို တင်ကြို၍အကြောင်းကြားရန် သင့်လျော်ပါ တယ်၊ မြန်မာတပ်များတော့ အဆင်သင့်ရှိပြီးပါ၊ သို့ရာတွင် ပြည်မြို့သို့ အကြိမ်ကြိမ်ချီတက်တော် မူခဲ့ရာ၊ အောင်ပွဲကိုလှလှမရဘဲ ဆုတ်ခွါ၍သာ ပြန်လာရပါသည်။ ယခုလဲ ဘုရင်တပင်ရွှေထီးက မြို့အလုံးကို လက်ကိုင်ရရှိသွားပါပြီ။ သည်တခါ အချီမှာဖြင့် ဘိဘိစီးစီး အားကြီးအင်ကြီးနှင့် ချီမှ သင့်လျော်မည်ထင်ပါသည်။ ဆင်ခြင်တော်မူရန် အချက်မှာ လောကီ ဗေဒင်ယတြာကိန်း ဆင်သောအလုပ်မျိုးများလည်း အကျိုးပေးတတ်ကြောင်းများ ထင်ရှားလှပါသည်။ သည်မြန်မာ ပြည်တွင် အစဉ်အဆက် ကနက်ဖြန့်မိုး၍ အုပ်စိုးတော်မူခဲ့ကြသော မင်းမြတ်အပေါင်းတို့လဲ ဘုန်း တော်ကြီးကြောင်း၊ အောင်မြင်ကြောင်း အစီအရင်များကို ယုံကြည် လေးမြတ်စွာ ပြုလုပ်လေ့ရှိ တော်မူကြပါတယ်၊ နက္ခတ်ကိန်းခန်းအရ၊ ယတြာနန်းမှစ၍ သကြံန်တော် ခေါ်ခြင်းများကိုလဲ ပြုလုပ်တော်မူလေ့ ရှိကြပါတယ်။ ယခု ပြည်မြို့သို့ ချီတော်မူရာတွင် အောင်မြင်ကြောင်းယတြာ များကိုလဲ ဘုန်းတော်တိုးပွါးအောင် ရွက်ဆောင်တော်မူစေချင်ပါတယ်။

(သိုဟန်ဘွား) အဲ-ဟုတ်ပါပေတယ်။ မင်းကြီးရန်နောင်လို အမြော်အမြင်ကြီးတဲ့ပညာရှိ ပုဂ္ဂိုလ်ကိုရလို့ ကျုပ်မှာလဲ ဘုန်းလက်ရုံးတေဇာ ကြီးကျယ်တယ်လို့ ယုံကြည်ရင်းရှိတာနှင့် ယခု တင်လျှောက်ချက်ကို ကြားရတော့ များစွာညီညွတ်ကြောင်း ထင်ရှားသဖြင့် အားရဝမ်းမြောက် တော်မူမိပါတယ်၊ ရှေးရှေး မြန်မာဘုရင်တို့၏ နည်းရိုးစဉ်လာ ဓမ္မတာ ထုံးစံအတိုင်း ဘယ်လို စီရင်လျှင် သင့်လိမ့်မယ်ဆိုတဲ့အကြောင်းကို မင်းကြီးက လျှောက်တင်စမ်းပါ။

(မင်းကြီးရန်နောင်) သည်အရေးအရာမှာတော့ ပုဏ္ဏားတော်ကြီးများနှင့်ညှိနှိုင်းတိုင်ပင် ကာ၊ ပြုလုပ်စီရင်မှ သင့်လျော်မဲ့အရေးဖြစ်ပါတယ်၊ ဗေဒင်ကိန်းခန်း ဆိုတာ ပုဏ္ဏားတို့နှင့် ဆိုင်တဲ့ အရေးအရာ ဖြစ်ပါကြောင်း။

(သိုဟန်ဘွား) မင်းကြီးစီရင်သမျှ ကျုပ် သဘောကျနိုင်ပါတယ်၊ မင်းကြီး ကိုယ်တိုင် ပုဏ္ဏားတို့နှင့် ညှိနှိုင်းတိုင်ပင်၍ ကျုပ်ကိုလျှောက်တင်တာပေါ့။

(မင်းကြီးရန်နောင်) သည်ကဲ့သို့ အရေးတော်ကို လွဲပုံလျှင် ကျွန်တော် စီရင်ပါမည်။ သည်အရေးဟာ ဗေဒင်ပညာနှင့် ဆိုင်တဲ့ ကိစ္စမျိုးဖြစ်၍ မလွယ်ကူပါ။

ဤသို့လျှောက်ထားပြီးလျှင် မင်းကြီးရန်နောင်သည် နန်းတော်ကြီးမှ အိမ်သို့ပြန်လာခဲ့လေ၏။ ဤအခွင့်ကိစ္စကို လက်ကိုင်ရခြင်းမှာ မင်းကြီးရန်နောင်၏ အကြံ လွယ်ကူရန် အရေးပင်ဖြစ်တော့သည်။ ပျက်စီးချိန်တန်သော သိုဟန်ဘွား၏ ကံကြမ္မာကြောင့် မင်းကြီးရန်နောင် ကြံစည်သောအတိုင်း အဆင်သင့်စွာ အခွင့်ကြုံ၍ကြုံ၍ လာလေသည်။

## "ပုဏ္ဏားတို့နှင့်နှီးနှောခြင်း"

မင်းကြီးရန်နောင်သည် မြန်မာမှူးမတ်တို့ကို ခေါ်၍ ပုဏ္ဏားတို့အရေးနှင့် တိုင်ပင်တော်မူသည်မှာ။

(မင်းကြီးရန်နောင်) ဘဲ နှယ်လဲမင်းကြီးတို့၊ ပုဏ္ဏားတွေဟာ အလိုသို့ပါလာကြပလား။

(မှူးမတ်များ) အရှင့်အမိန့်တော်အတိုင်း ပုဏ္ဏားတို့၏ အကြိုက်ကိုလိုက်၍ လက်ဆောင်ပဏ္ဏာ များစွာပေးကမ်းရာ၊ ကျွန်တော်တို့ မျှော်လင့်သလောက် မကအောင် အလိုသို့ လိုက်ပါ၍ လာကြပါတယ်၊ ကျွန်တော်တို့က ဖွင့်ဟမပြောသော်လဲ ပုဏ္ဏားတို့ နှုတ်ကပင် သိုဟန်ဘွားကို မနှစ်သက်ကြောင်း၊ ရှေးရိုးအစဉ်အတိုင်း မြန်မာဘုရင်ကိုသာ လိုလား နှစ်သက်ကြောင်းများကို မြွက်ဆိုပြောကြားကြပါသည်။ အရေးရှိတဲ့အခါ မြန်မာတို့ဘက်က လိုက်ပါကြမည် အမှန်ပါဘုရား။

(မင်းကြီးရန်နောင်) တကယ်ယုံရပါ့မလား၊ ပုဏ္ဏားဆိုတာ လွန်စွာသစ္စာမဲ့တယ်လို့ကြားဘူးတယ်။

(မှူးမတ်များ) ယုံကြည်စိတ်ချတော်မူပါ၊ ကျွန်တော် မျိုးများက အသားကျအောင် နှူးနှပ်ပြီးပါ။

(မင်းကြီးရန်နောင်) ကဲ-တာဖြင့် နက်ဖြန်နံနက်ပုဏ္ဏားများကို ကျွန်ုပ်အိမ်သို့ ဝင်ခဲ့ကြစမ်းပါ။ မင်းကြီးတို့ မလိုက်လာကြနှင့်။

ဤသို့ အမိန့်ရှိရာ၊ မှူးမတ်များလည်း ကောင်းပါပြီဟု ဝန်ခံ ခဲ့ကြပြီးလျှင် ပုဏ္ဏားတို့ကို ခေါ်၍ နက်ဖြန်နံနက် မင်းကြီးရန်နောင်အိမ်သို့သွားရန် တင်ကြိုပြောကြားထားကြလေ၏။

ပုဏ္ဏားတို့လည်း မင်းကြီးရန်နောင်အိမ်သို့ ချိန်းဆိုသောအချိန်တွင် ဝမ်းမြောက်ဝမ်းသာ သွားရောက်ကြလေ၏၊ မင်းကြီးရန်နောင်လည်း ထိုနေ့နံနက်အခါ ပုဏ္ဏားတို့ရောက်လာမည် ဖြစ်သောကြောင့် ပူဇော်သကာပေါင်းများစွာတို့နှင့် နေရာထိုင်ခင်းတို့ကိုလည်း အထူးသဖြင့် ခင်းကျင်း၍ ထားလေသည်။ ။ကျေးကျွန်အစေခံများကို တံခါးကစောင့်နေစေ၍ အရိုအသေပေးရကြမည်ဟု အမိန့်ထားသောအတိုင်း ပုဏ္ဏားတို့လာရောက်၍ အိမ်ဝင်းတံခါးသို့ ဝင်မိသည်နှင့် တပြိုင်နက် ကျေးကျွန်အခြွေအရံတို့ကလည်း ပုဏ္ဏားတို့ကို အရိုအသေ ဆီးကြိုကြလေသည်၊ ထိုသို့ ဂရုဘိုက် ပြုလုပ်ကြသည်ကို တွေ့ကြုံကြရာ ပုဏ္ဏားတို့လည်း ရှေးကထက်တိုး၍ အမျိုးမျိုး နှစ်သက်ခြင်း ဖြစ်ကြလေသည်။

ပုဏ္ဏားတို့အတွက် သီးသန့်ခင်းထားသောနေရာတွင် ထိုင်မိကြသောအခါ မင်းကြီး ရန်နောင်လည်း ပေါင်းနားရှောင်းအစုံအလင်နှင့် တခမ်းတနား ဆင်ယင်ပြီးလျှင် မိမိတို့ ပြင်ထားသောနေရာတွင် ခံ့ညားတင့်တယ်စွာ ထိုင်နေလေသည် ပုဏ္ဏားတို့လည်း မိမိတို့အား ပူဇော်ရန် ပြင်ဆင်ထားသော ဝတ္ထုပစ္စည်းတွေကို မြင်ရ ဝမ်းသာနှစ်သက်ခြင်း ဖြစ်ကြသည့်ပြင် မင်းကြီး ရန်နောင်၏ ကျက်သရေကိုရှုစားလျက် "ဪ-သည်မင်းကြီးဟာ ရာဇရုပ်လက္ခဏာနှင့် လွန်စွာ ပြည့်စုံပါကလား၊ တိုင်းကြီး,ပြည်ကြီး၏သခင် ဘုရင်ဖြစ်ထိုက်တဲ့ ရုပ်လက္ခဏာမျိုးပါပေဘဲ" ဟု တွေးဆကာ နေကြလေ၏။

ထိုအခါ မင်းကြီးရန်နောင်က စတင်၍ အမိန့်ရှိသည်မှာ။ ။ယခုရှမ်းဘုရင် သိုဟန်ဘွား၏ လက်ထက်တော်မှာ လာည်သပ္ပကာ ရှင်လန်းစွာနှင့် ဆရာတို့ ချမ်းသာပျော်ရွှင်စွာ ရှိကြပါရဲ့လား။

(ထိုသို့မေးရာ ပုဏ္ဏားများက ရုတ်တရက် မဖြေသေးဘဲ ငေး၍နေကြစဉ် စွမ်းရည်သတ္တိနှင့် ပြည့်စုံ၍ ပညာဂုဏ်ထက်မြက်လှသော ရာဇဂုရုဘွဲ့ခံ စန္ဒြမဏိဆိုသော ပုဏ္ဏားက ရဲတင်းစွာ ထွက်၍ ပြောသည်မှာ)။ ။တိုင်းသူပြည်သား လူအများတို့၏ သနားကြင်နာခြင်းအားကြီးလှတဲ့ အရှင်မင်းရဲ့ ရှေ့တော်မှာဖြင့် မှန်တဲ့အတိုင်းဘွင့်လို့ ဆရာတို့ကပြောရတော့မှာဘဲ။ ။ယခု အုပ်စိုးနေတဲ့ ရှမ်းဘုရင် သိုဟန်ဘွားမှာ ဉာဏ်ပညာရှိတဲ့ ပုဂ္ဂိုလ်မျိုးမဟုတ်လို့ ဆရာတို့ကို ရှေးရှေး လက်ထက်တော်များကလို ဂရုမစိုက်ပါဘူး၊ ပညာစွမ်းကိုသိမှလဲ ပညာနှင့်ဆိုင်တဲ့ အပူဇော်ကို ခံရတာမျိုးကလား မြန်မာဘုရင်တို့ အုပ်စိုးစဉ် အခါများမှာတော့ ဆရာပုဏ္ဏားတို့မှာ များစွာ အခွင့်သာခဲ့ပေတယ်၊ ယခုတော့ဖြင့် ရာဇဂုရုဘွဲ့ကိုခံ၍ ပုဏ္ဏားတော်များ လုပ်နေရသော်လဲ နာမယ်ကလေးလောက်သာရှိပါတော့တယ်။ ။မြန်မာဘုရင်လက်ထဲမှ မြန်မာနိုင်ငံ တော်ကြီး လွတ်ထွက်သွားခြင်းဟာ မြန်မာတို့သာ နစ်နာထိခိုက်တာ မဟုတ်ဘူး၊ ကျွန်ုပ်တို့ ပုဏ္ဏားတို့ကိုလဲ ထိခိုက်နေပါတယ်။

(စကားမဆုံးခင် မင်းကြီးရန်နောင်က ပုဏ္ဏားတို့၏ သဘောကို သိသဖြင့် ဆက်လက်၍ မိန့်ဆိုတော်မူသည်မှာ) ကံအတိုင်း အကျိုးပေးတယ်လို့သာ သဘောထားကြပေတော့ ဆရာတို့ နက္ခတ်ကိန်းခန်းဆိုတာလဲ အလွန် ထူးဆန်းတာမျိုးကလား၊ ဆရာတို့ ပုဏ္ဏားများကိုသာ ထိခိုက်တာမဟုတ်ဘူး၊ သာသနာတော်ကြီးကိုလဲ နစ်နာစွာ ထိခိုက်နေတယ်၊ ဆရာတို့ မကြားလိုက်ဘူးလား၊ မကြာမှီအတောအတွင်းက အလူမဏ္ဍပ်ကြီး ခင်းကျင်းဟန်ဆောင်ပြီး ရဟန်းတော် အရှင်မြတ်တွေကို သတ်လိုက်တဲ့ပွဲကြီးဟာ ဝက်ဝက်ကွဲသွားတာဘဲ မဟုတ်လား။

(ပုဏ္ဏားများ) တနိုင်ငံလုံးသိတဲ့ သတ်ပွဲကြီးပေါ့၊ သည်လိုဖြစ်ရပုံများကို ဘယ်တုန်းကမှ မကြားဘူးပါဘူး။ ။ဆရာတို့ ပုဏ္ဏားများတော့ ရှေး အစဉ်အဆက်ကပင် မြန်မာဘုရင်တို့၏ အရှိန်ကို ခိုလှုံလာကြရတဲ့အတွက် သို့ကလောက် ရက်စက်ပုံများကို ကြားရတော့ မခံချိမခံသာ လွန်စွာစိတ်ကြွခြင်း ဖြစ်စိပါတယ်။ ။ရဟန်း,ပုဏ္ဏားဆိုတာ အလှူခံ ပုဂ္ဂိုလ်ချင်းချင်း ဖြစ်နေလို့ ရဟန်းတော်များနစ်နာတယ်ဆိုလျှင် ပုဏ္ဏားတို့ကလဲ ဘယ်မှာခံချင်ပမလဲမင်းကြီး၊ သည်အတိုင်းသာ အုပ်စိုး၍ သွားပါလျှင် သာသနာရေး, မြန်မာရေး,ရဟန်းတွေရေး, ပုဏ္ဏားတွေရေး တိမ်

ကော ပျက်စီး၍ ဒုက္ခကြီးနှင့် တွေ့ကုန်ကြမှာအမှန်ဘဲ၊ ဆရာတို့ကဖြင့် အရှင်မင်းကြီးရန်နောင်ကိုသာ အားကိုးနေကြရိုးအမှန်ပါ။

(မင်းကြီးရန်နောင်) အင်း-သင်္ဘေါရဆိုတဲ့စက်ကြီးဟာ အလွန် လယ်ပတ်ထာမျိုးကလား၊ **"မှန်ကင်းတလှဲ-ထင်းတလှဲ"** ဆိုသောစကားအတိုင်း နန်းတော်ကြီး၏ အထွဋ်အဖူးမှာနေတဲ့ ဒုရင်မှန်ကင်းများဟာလဲ တခါတရံ အထွဋ်ပြုတ်ပြီး ထင်းအဖြစ်သို့ ရောက်နေတတ်သေးတယ်။ ။ တောထဲကထင်းသဖွယ်ဖြစ်တဲ့ အချို့သစ်သားများဟာလဲ အရံတခါ နန်းတော်ကြီးထိပ်ခေါင်ဖျားက အရောင်တင္ဝါးဝင္ဝါးနှင့် မြင့်မားတင့်တယ်တဲ့ မှန်ကင်းကြီးဖြစ်နေတယ်၊ သင်္ဘေါရစက်ကြီးဆိုတာ လယ်ချင်သလိုလယ်နေတာပေါ့၊ ယခုအခါ မြန်မာများ ခေတ်တိမ်၍ အရှိန်သေးငယ်သော်လဲ သူ့အချိန်ကြတော့ မှန်ကင်းဘဝသို့ ပြန်ရောက်ကောင်းပါသေးရဲ့၊ ဩော်—သည်စကားနှင့်စပ်လို့ ပုဏ္ဏားတော်ဆရာပေါင်းနှင့် ကောင်းစွာတိုင်ပင်ဘို့ အချက်ကြီးတခုရှိနေတယ်။

(ပုဏ္ဏားများ) အလိုရှိသမျှ မချန်,မချင်း အထင်အလင်း ဘွင့်၍ တိုင်ပင်တော် မူပါ၊ ပုဏ္ဏားတော်ဘသိုက်ကလဲ အရှင်မင်းကြီး၏အလိုတော်သို့လိုက်ပြီး ထိုက်ထိုက် လျှောက်လျှောက် ဆောင်ရွက်ဘို့အသင့်ပါဘဲ။

(မင်းကြီးရန်နောင်) တိုင်ပင်ချင်တာက သည်လိုပါ၊ ဘုရင်သိုဟန်ဘွားက ပြည်မြို့သို့ အကြိမ်ကြိမ်ချီတက်၍ တပင်ရွှေထီး၏ရန်ကို တွန်းလှန်ဖြိုဖျက်ရာတွင် အောင်မြင်ခြင်းမရှိဘဲ ဆုတ်ခွါ၍သာ ပြန်လာခဲ့ရတဲ့အတွက် အရှက်တော်ကွဲ၍ အခဲမကျေနိုင်အောင် ရှိတော်မူနေတယ်။ ။ ယခုတဖန် မြန်မာတပ်,ရှမ်းတပ်အစုံအညီနှင့် ရေတပ်,ကုန်းတပ် နှစ်ဘက်ညှပ်ပြီး အကြီးအကျယ်ချီဘို့ ကြံစည်နေပြန်တယ်။ ။စစ်ချီကာနီးတွင် အောင်မြင်ဘို့ အကြောင်း နိမိတ်နှင့် အောင်နိမိတ်ယူပြီး မြန်မာဘုရင်တို့ထုံးနည်း နိဿယအတိုင်း ကိန်းခန်းယတြာများကို ဆင်ယင်တော်မူလိုသတဲ့ သည်လိုအမိန့်ရှိတော့ ကျွန်ုပ်က သည်အလုပ်ဟာ ပုဏ္ဏားတော်များနှင့် ဆိုင်ပါတယ်လို့ လျှောက်တင်လိုက်ရတယ်။

(ပုဏ္ဏားများ) ဩော်—ဆရာတို့ အခွင့်ကြီးပေါ်လာတာပေါ့၊ အရှင်မင်းကြီး လျှောက်တင်ပုံဟာလဲ လွန်စွာသင့်မြတ်လှပါတယ်၊ ဘယ်လိုယတြာများကို ဆင်ယင်စေလိုတယ် ဆိုတာကိုသာ အရှင်မင်းကြီးက အမိန့်ရှိတော်မူပါ၊ ဆရာတို့ကတော့ အရှင်မင်းကြီး၏ သဘောတော်အတိုင်း တသဝေမတိမ်းအောင် ဗေဒင်ကိန်းဖြင့် သိုဟန်ဘွားကို လျှောက်တင်၍ ကိန်းဆင်ပေးပါမယ်၊ ရှမ်းဘုရင်မှာ ပညာမရှိတဲ့အတွက် ဆရာတို့ ဟောကိန်းထုတ်တဲ့အတိုင်း လိုက်နာ ပြုလုပ်မှာ အမှန်ပါဘဲ။

(မင်းကြီးရန်နောင်) ကဲ—တာဖြင့်နေရာကျပြီ၊ ကျွန်ုပ်အကြံပေးတဲ့အတိုင်းသာ ဆရာတို့က ဟောကိန်းထုတ်ကာ ယတြာဆင်ကြပေတော့။ ။ကိန်းဆင်စေချင်တဲ့အချက်ကတော့ သည်လိုပါ။ ။မနော်ယမံ ဥယျာဉ်တော်ကြီးအတွင်းမှာ ယာယီနန်းဆောက်လုပ်၍ ခေတ္တစံတော်မူပြီးလျှင် အောင်မြင်ကြောင်းဖြစ်တဲ့ ဇေယျာဘိသိက်ကိုခံတော်မူပါ၊ အဲ့-သည်လို လျှောက်ထားစေချင်တာပါဘဲ။

(ပုဏ္ဏားများ) ကောင်းပါပြီ အရှင်မင်းကြီး၊ သည်အတိုင်းပင် ဘုရင် သိုဟန်ဘွားအား လျှောက်ထားပါမည်၊ ဆရာတို့တာဝန်ဘက်က ပျက်ကွက်ချတ်ယွင်းခြင်း မရှိစေရပါဘူး။

ဤကဲ့သို့ တိုင်ပင်ပြီးလျှင် မင်းကြီးရန်နောင်သည် ပုဏ္ဏားတို့အား လာဘ်ပူဇော်သကာကို များစွာပေးကမ်းပြီးလျှင် "နက်ဖြန်နံနက် တချက်တီးအချိန်တွင် နန်းတော်သို့ ဝင်ခဲ့ကြပါ၊ ရှေ့တော်မှာ ကျွန်ုပ်လဲအသင့်ရှိနေပါလိမ့်မယ်၊ အမေးတော်ရှိတဲ့အခါ ကျွန်ုပ် အကြံမပေးတဲ့အတိုင်း သာ ဟောကိန်းထုတ်ကြပေတော့"ဟု သွန်သင် မှာထားပြီးလျှင် ပုဏ္ဏားများကို အိမ်မှ ပြန်၍ လွှတ်လိုက်လေ၏။

ပုဏ္ဏားတို့လည်း လာဘ်ပူဇော်သကာကို အနင့်သား ရရှိကြတဲ့အတွက်၊ မင်းကြီးရန်နောင်၏ အပေါ်မှာ လွန်စွာချီးကျူး အထူး ကျေးဇူးတင်ကြပြီးလျှင် အသီးအသီး ပြန်သွားကြလေသည်။

## "ဘုရင့်ရှေ့တော်"

နောက်တနေ့နံနက်တွင်၊ မင်းကြီးရန်နောင်သည်၊ ပုဏ္ဏားတို့ ချိန်းဆို အမိန့်ပေးထားသော အတိုင်း၊ စောစောစီးစီး နန်းတော်ကြီးသို့ ဝင်လေ၏၊ ထိုနောက်မျှားမကြာမှီ အတွင်းမှာပင် ပုဏ္ဏားတို့လည်း ဆိုက်ရောက်လာကြလေသည်။ ။ရှေ့တော်သို့ အစုံအညီ ဝင်ရောက်သော အခါ၊ မင်းကြီး ရန်နောင်က စတင်၍၊ လျှောက်ထားသည်မှာ။

ယမန်နေ့က အမိန့်တော်အတိုင်း၊ နက္ခတ်သိမြင်၊ ဗေဒင်တတ်ကျွမ်းသော ပုဏ္ဏားတော် များကို၊ ရှေ့တော်သို့ သွင်းဆောင်ခဲ့ပါသည်၊ အလိုတော်ရှိရာ မေးမြန်းတော်မူပါ။

(သိုဟန်ဘွား) ဩော်-ပုဏ္ဏားတော်ကြီးတွေ ရောက်လာကြပလား ဝမ်းမြောက်တော်မူပါ တယ်။ ။ယခုပြည်မြို့ကြီးသို့၊ စစ်ချီတော်မူရန် စီမံတော်မူနေတယ်၊ စစ်မထွက်မှီအတွင်း၊ ရှေး မင်းတို့ ထုံးစံအတိုင်း၊ စီမံကိန်းဆင်၍၊ အောင်မြင်တော်မူကြောင်း၊ နိမိတ်ကောင်းများကို၊ ဘယ်လိုစီရင်ရမလဲ။ ဆရာတို့ပညာနှင့်၊ ကောင်းမွန်းစွာ တွက်ချက်၍ တင်ကြစမ်းပါ။

(ပုဏ္ဏားများ)။ ယခုကြံတော်မူသော အကြံတော်များမှာ၊ လွန်စွာ သင့်လျော်ပါတယ် ဘုရား၊ဇာတာတော်၌ရှိသောမူလဂြိုဟ်နေ ဂြိုဟ်တိုင်နှင့်တကွ တွက်ချက်၍ ကြည့်ကြတဲ့အခါ၊ယာယီ နန်း ခေတ္တစံတော်မူပြီး၊ ဇေယျာဘိသိက်တော်များကို ခံဘိုသင့်တဲ့ကိန်းနှင့် ကြုံနေပါတယ် ဘုရား။ ။သည်ကဲ့သို့ ယတြာဆင်ပြီးတဲ့အခါ၊ ပြည်မြို့သို့ ချီတော်မူရပါလျှင်။ လွယ်စွာနှင့် အောင်မြင်တော်မူပါလိမ့်မည်၊ ပြည်မြို့မျှမက ဟံသာဝတီ နေပြည်တော်ကြီးသို့ တိုင်အောင်၊ အမှန်မုချ အောင်ပွဲကို ရပါလိမ့်မည်ဘုရား။

(သိုဟန်ဘွားက၊ ပုဏ္ဏားတို့စကားကို ကြားရာ။ လွန်စွာနှစ်သက်တော်မူသည်နှင့်) ပုဏ္ဏား တော်တို့ လျှောက်တင်တဲ့၊ ကိန်းခန်း ယတြာအတိုင်း၊ မင်းကြီးရန်နောင်နှင့် တိုင်ပင်၍။စီရင်တော် မူမယ် ဘယ်ဌာနမှာ ယာယီ နန်းဆောက်လုပ်ဘို့ သင့်လျော်ပါသလဲ။

(ပုဏ္ဏား) မနောရမံ ဉယျာဉ်တော်သည်၊ အရပ်ဌာနအားဖြင့်၊ ဇေယျမင်္ဂလာနှင့်ပြည့်စုံ လှပါသည်။ ။သို့အတွက်၊ မနောရမံ ဉယျာဉ်တော်မှာပင်၊ ယာယီနန်း ဆောက်လုပ်၍၊ ခေတ္တ စံနေတော်မူပါ၊ ယာယီနန်း စံတော်မူစဉ်အခါ ဆိုသည်မှာ၊ ကြည်ကြည် အေးအေး ယဉ်ကျေး သိမ်မွေ့စွာ စံတော်မူရမဲ့၊ အခါကြီး ဖြစ်ပါသောကြောင့်၊ နတ်ကောင်း နတ်မြတ်တို့ နှစ်သက်

အောင်၊ ဓါးလုံလက်နက်မှစ၍၊ ကြမ်းတမ်းသော အဆောင်အရွက်များကို၊ ရှောင်ကြဉ်ရန်သင့် လှပါသည်ဘုရား။

(သိုဟန်ဘွား)။ ကိန်းခန်းရှိတဲ့အတိုင်းပင်၊ လိုက်နာတော်မူမယ်၊ မနော်ရမ် ဉယျာဉ် တော်မှာပင်၊ ယာယီနန်းဆောက်ပေတော့၊ ရှေးမင်းတို့ထုံးတမ်း ထီးနန်းအရိုးအစဉ်ရှိတဲ့အတိုင်း မင်းကြီးရန်နောင်က စုံလင်အောင် စီရင်ပေတော့။

ဤကဲ့သို့၊ ယာယီနန်းနှင့် ဘိသိက်ခန်းအရေးကိုလည်း၊ လွှဲအပ်တော်မူသည်နှင့် မင်းကြီး ရန်နောင်၏ စိတ်ထဲမှာ။ "ငါ့အကြံမကြာမှီ အောင်မြင်တော့မည်၊ မိစ္ဆာရှုမ်းဖြင့်၊ အသက်တမ်း ကုန်တော့မည် ငါ၏လက်ရုံးသည်၊ မြန်မာနှင့် သာသနာအကျိုးကို လှလှကြီး သည်ပိုးရတော့မည်" ဟု၊ ဝမ်းမြောက်တက်ကြွခြင်း ဖြစ်လာလေ၏။

သိုဟန်ဘွားမှာပင်၊ ပျက်ပြားချိန်သို့ ရောက်၍၊ကံမှောက်ကိန်းမြင့်၊ကြမ္မာငင်သောကြောင့်၊ မိမိအပေါ်တွင် သေမင်းကြီးသဖွယ်၊ အမြဲကြံစည်၍နေသော၊ မင်းကြီးရန်နောင်၏ လျှောက် တင်သမျှတွေကို အကောင်းထင်မြင်ကာ၊ တသဝေမတိမ်း၊ လိုက်နာနေရတော့သအည်း။

မင်းကြီးရန်နောင်လည်း အရေး အကြီးဆုံးသော အချက်ကို၊ လက်ကိုင်ရခဲ့သည်နှင့်၊ ဝမ်း မြောက် ဝမ်းသာ နန်းတော်ကြီးမှ ပြန်လာပြီးလျှင်၊ မြန်မာမှူးမတ်တို့ကိုခေါ်၍၊ အကြောင်း မျိုးစုံကို ပြောဆိုရာ။ မှူးမတ်အပေါင်းတို့လည်း၊ လွန်စွာ အားရနှက်သက်ကြလေသည်။

ထိုနောက် မျှားမကြာမှီပင်၊ မနော်ရမ် ဉယျာဉ်တော်ကြီး အတွင်းမှာ၊ ယာယီ နန်းကို မင်းကြီးရန်နောင်ကိုယ်တိုင်၊ ကြီးမှူး၍ ဆောက်လုပ်လေသည်။

မင်းကြီးရန်နောင်သည်၊ သကြိန်တော်ခေါ်ရန် စံနန်းတော်များကို ဆောက်လုပ်ပြီးစီး၍ မင်္ဂလာနေ့ရက်ကြီး နီးသောအခါ၊ မြန်မာမှူးမတ်များနှင့်၊ ရဲစွမ်းသတ္တိနှင့်တကွ သတ္တိရှိသော မြန်မာစစ်ဗိုလ်များကို ခေါ်ပြီးလျှင်၊ အရေးအကြီးဆုံးသော အချက်ကို ဓါးကိုယ်စီကိုင်လျက် တိုင်ပင်တော်မူသည်မှာ။

(မင်းကြီးရန်နောင်) လူ့ပြည်လောကမှာ လူ့ဘဝနှင့် နေဘို့၊ သိုဟန်ဘွားရဲ့ အသက် ဟာ၊ နေ့ရက်အတော်နီးလာပြီ၊ သကြိန်တော်ပွဲကြီး အလယ်မှာ၊ အကြီးအကျယ် အစွမ်းပြရလိမ့် မယ်။ သည်နေ့အတွက်၊ အသက်ကို စွန့်နိုင်ကြမလား။

(မှူးမတ်များ) သကြိန်နေ့သို့ တိုင်အောင် မဆိုင်းပါနှင့်၊ အရှင်မင်းကြီး သဘောတူ တော်မူပါလျှင်၊ ယနေ့ပင် အရှင့် ရှေ့တော်မှာ၊ အသက်ကို စွန့်နိုင်ကြောင်း မှန်လှပါသည် ဘုရား။

(မှူးမတ်များက မိမိတို့ ကိုင်စွဲသော ဓါးများကို အိမ်မှချွတ်၍၊ တညီတညွတ်ထဲ၊ မိမိတို့ ရင်ဝသို့ ချိန်ရွယ်ကာ နေကြသည်။)

(မင်းကြီးရန်နောင်က။ ဓါးဝင့်ကာတားမြစ်တော်မူပြီး) နေစမ်းပါအုံး၊ အကျိုးမဲ့သော အသက်စွန့်ခြင်းကို၊ ကျွန်ုပ်လိုလားတာမဟုတ်ဘူး၊ ဓါးကို ယုတ်သိမ်း၍ ထားလိုက်ပါအုံး။ သို့ကလောက် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ညီညွတ်ပုံများကို သိရသဖြင့် ဝမ်းမြောက်တော်မူလှပါ

ပေါ့၊ သကြၤန်တော်နေ့ ရောက်တော့ ဝမ်းအမြောက်ကြီး မြောက်ဘို့သာ၊ ရဲရဲ ရင့်ရင့်နှင့် ညီညွတ်ကြပါ။

(မှူးမတ်များ) စိတ်ချတော်မူပါ၊ မြန်မာဗိုလ်မှူးများနှင့်၊ စစ်သည်တော်အမှုထမ်းတို့ကိုလဲ သေသေဝပ်ဝပ်နှင့် ညီညွတ်စည်းလုံး၍ စုရုံးကြဘို့ ပြောဆိုတိုင်ပင်ပြီးပါ၊ သကြၤန်တော် ပွဲနေ့မှာ၊ ဘယ်လိုစီမံတော်မူမယ်ဆိုတာကိုသာ တင်ကြို၍ မိန့်တော်မူထားစေခြင်ပါတယ်။

(မင်းကြီးရန်နောင်) သည်အရေးကို တိုင်ပင်ဘို့၊ စည်းဝေးတိုင်ပင်ခြင်း ပြုတာပါဘဲ။ သကြၤန်တော်နေ့မှာ။ ရှမ်းတသန့်၊ မြန်မာတသန့် အကန့်အကန့် စီစဉ်၍ နေကြရန် စီမံမယ်။ ။ မြန်မာတို့နေရာ အောက်က ဓါးလက်နက်များကို အသီးအသီး မြှုပ်ထားကြရမယ်၊ ဓါးမြှုပ်၍ လှယ်ကူရန်အတွက် စံနန်းတော် မြေတလင်းမှာ၊ တတောင်ခန့် ထုရှိတဲ့ သဲများကို ခင်းထားရန် စီမံပြီးပြီ။ သကြၤန်တော်ပွဲမတိုင်မီ တရက်ကပင်၊ ဓါးမြှုပ်ခြင်း ကိစ္စကိုအဆင်သင့် ပြီးစီးစေရမယ်။ ။ကျွန်ုပ် အရိပ်အဆင်ကိုသာ ကြည့်နေကြ။ ကျွန်ုပ်ကိုယ်ကိုင် သိုဟန်ဘွားကို ဓါးဖြင့် စီရင်တော်မူမယ်။ ။ကျွန်ုပ်က ဓါးဝင့်သည်နှင့် တပြိုင်နက်၊ မှူးမတ်များနှင့် မြန်မာအမှုထမ်းများက။ ရုတ်တရက် တပြိုင်နက်ထပြီး။ ကိုယ့်ဓါးကိုယ်ဖေါ်၍၊ ရှမ်းများကို အတင်းခုတ်ကြရမယ်၊ မြန်မာ စစ်သည်တော်များကိုလဲ၊ အရေးရှိက အသင့်ရအောင် ကျွန်ုပ်စီမံထားမယ်၊တနေ့ခြင်း ကိစ္စတုန်းအောင်၊ ကုန်းရုံးခဲကြိတ်လို့ ဇွဲစိတ်သန်သန်နှင့် ကြိုးစားလိုက်ကြပေတော့။

(မင်းကြီးရန်နောင်၏ အမိန့် စကားကိုကြားလျှင်၊ လွန်စွာ နှစ်သက် အားရသည်နှင့်၊ မိမိတို့ ဆောင်ယူလာသော ဓါးများကို၊ ကိုယ်စီကိုယ်င၊ အိမ်မှထုတ်၍ ဝင့်ကြပြီးလျှင် ယခုအကြံဟာ အလွန် သင့်မြတ်လှပါဘယ်ဘုရား၊ ကျူပင်ခုတ် ကျူငုတ်မှ မကျန်အောင်၊ ရှမ်းတွေရှိသမျှကို၊ ကျွန်တော်တို့ သုတ်သင် ရှင်းလင်းပစ်လိုက်ပါမယ်။ ။သို့ရာတွင် ကျွန်တော်များ ခွင့်တောင်းလိုတဲ့ အချက်တခုကို လျှောက်တင်ပါရစေ၊ အရှင်မင်းကြီးကိုယ်တိုင် သိုဟန်ဘွားကို ဓါးစာမကျွေးပါနှင့်၊ ကျွန်တော်တို့စိတ်တိုင်းကျ စီရင်စမ်းပါရစေ၊ အရှင်မင်းကြီးမှာ၊ ဣန္ဒြေနှင့် ငြိမ်ငြိမ် စံနေတော်မူပါဘုရား။

(မင်းကြီးရန်နောင်) သည်တာဝန် အခွင့်ကိုတော့ မပေးနိုင်ဘူးထင်တယ်၊သိုဟန်ဘွားဟာ စော်ကားချက်တွေ များလှပြီ၊ ကျွန်ုပ်၏ ဦးရီးတော် ရွှေနန်းကြော့ရှင်ဘုရင်ဟာလဲ၊ သူ့အတွက်ကြောင့် အသက်ဆုံး၍။ ထီးနန်းစည်းစိမ် ရှုံးတော်မူရတယ်၊ ပြောမှ မပြောဝံ့စရာ၊ သံဃာတော်များကိုလဲ၊ သတ်ဖြတ်ပစ်တယ် မဟုတ်လား။ ဘာကိုမှ မထောက်နိုင်တော့ဘူး။ သို့ကလောက် မိုက်ရိုင်းစော်ကားတဲ့ မိစ္ဆာအရိုင်းကို၊ ကျွန်ုပ်ကိုယ်တိုင် ဓါးနှင့် ပိုင်းတော်မူမယ်။

(မှူးမတ်များ) သကြၤန်တော်ပွဲအတွင်းရောက်တော့ အရှင်မင်းကြီးမှာ ဓါးအသင့်ဆောင်တော်မူခဲ့မှာလား။

(မင်းကြီးရန်နောင်) ယာယီစံနန်းတော်မှာ ပြုလုပ်ရမဲ့ သကြၤန်တော်ပွဲ့ဘိသိက်တော်ပွဲမှာ ယဉ်ကျေးစွာ ညီလာခံကြရလိမ့်မယ်။ တဦးတယောက်ကိုမျှ လက်နက်မပါစေဘူး။ သို့အတွက်ကြောင့် မင်းကြီးတို့ကိုတင်ကြို၍ ဓါးမြှုပ်ခိုင်းတာပေါ့။

**ကာယသုခ (၅၀)**

(မှူးမတ်များ) သည်လိုဖြင့် ရှေးဦးစွာ လုပ်ကြံတော်မူရမဲ့ အရှင်မင်းကြီးမှာ အလွယ်တကူ ဓါးရဘို့အရေးဟာ ခက်နေမှာပေါ့ဘုရား။

(မင်းကြီးရန်နောင်က ပြုံး၍) အတွင်းဉာဏ်နှင့် ပညာဉာဏ်ရှိခဲ့ပါလျှင် ဘယ်အရာမှ မခက်နိုင်ပါဘူး။ ပရိသတ်အလယ်မှာ လွယ်လွယ်နှင့် ဓါးရအောင် ကြံဆောင်တော်မူပါမယ်။ ကြည့်လို့သာနေကြပေတော့။

(မှူးမတ်များ) သည်အရေးမှာ သာမန်ဓါးနှင့် မသင့်လျော်ပါ၊ အသာကလေးဝင့်ရုံနှင့် လွယ်လင့်တကူပြတ်စေနိုင်တဲ့ ဓါးမျိုးကို အသုံးပြုမှ သင့်လျော်မှာပါ၊ ဓါးအကောင်းကို အလိုရှိတော်မူပါလျှင် တင်ကြို၍မိန့်တော် မူစေချင်ပါတယ်ဘုရား။

(မင်းကြီးရန်နောင်) မစိုးရိမ်ကြပါနှင့် ဦးရီးတော် ရွှေနန်းကြော့ရှင် စွဲကိုင်တော်မူတဲ့ ဓါးနှင့်ပင် သိုဟန်ဘွားကို လုပ်ကြံတော်မူမယ်။ ဦးရီးတော်ဘုရား စွဲကိုင်တော်မူတဲ့ ဓါးဟာ ဘယ်လောက်များ ထက်တယ်လို့ဆိုတော့ ဆင်ပြောင်ကြီး၏ လယ်ပင်းကိုခုတ်လျှင် အကွင်းသား ပြတ်၍ ကျစေနိုင်တယ်။ ဆင်ပေါ်မှာရှိတဲ့ လူကိုခုတ်လျှင် ဆင်ကနှင့်တကွ ဆင်၏ကြောကုန်းသို့ တိုင်အောင် ပြတ်စေနိုင်တယ်။ အဲသည် ဦးရီးတော်ဘုရားရဲ့ လက်သုံးတော်ဓါးဟာ သိုဟန်ဘွားရဲ့ သေမင်းတမန်ကြီးပေါ့။

(မှူးမတ်များ) သည်ဓါးဟာလဲ ဗြဲတိုက်တော်အတွင်းမှာ လုံခြုံစွာသွင်းထားပြီး ဖြစ်ပါတယ်ဘုရား။ အလွယ်တကူရယူဘို့အတွက် အတော်ကလေး ခက်ပါလိမ့်မယ်လို့ ထင်ပါတယ်။

(မင်းကြီးရန်နောင်) ဓါးရဘို့အတွက်နှင့် ခက်တယ်လို့ ထင်မနေကြပါနှင့်။ အရေးကြုံတော့ စွမ်းဟုန်ကိုသိကြရပါလိမ့်မယ်။ ပြောကြားခဲ့ပြီးသောအတိုင်းသာ သေဝပ်စွာဆောင်ရွက်ထားကြပါ။အချိန်နီးမှ မပြီးသေးဘူး ဆိုတဲ့စကားကို မကြားပါရစေနှင့်။ ။သကြံန်တော်ပွဲသို့ ဝင်တဲ့အခါ မြန်မာမှူးမတ်အလုံးစုံတို့က ဆောင်ယောင်ခမ်းနားနှင့် ဝတ်စားကောင်းမွန်စွာ ပြင်ဆင်၍ လာကြပါ။ ဗိုလ်မှူးမှစ၍ စစ်သည်တော် အမှုထမ်းသားတို့မှာ ကတီပါပေါင်းဘီ စိမ်းနှင့် လွန်းပုဆိုးကို ဓါးတောင်းကြိုက်၍ ဝင်ကြပေစေ။ ရှိသမျှမြန်မာတွေ ကျွန်ုပ်၏ အရိပ်အချေကိုသာ ကြည့်နေကြရမယ်။

ဤသို့မိန့်ကြားတော်မူပြီးသော် မှူးမတ်များလည်း။ ။ အသီးသီး ထွက်သွားကြလေ၏။ မင်းကြီးရန်နောင်၏ အမိန့်အတိုင်း မြန်မာမှူးမတ်တို့နှင့် ဗိုလ်မှူးအပေါင်းတို့သည်။ ညီလာခံရာ သဲပြင်တွင် နေရာမှတ်သား ဓါးပေါင်းများစွာကို မြှုပ်ထားကြလေ၏။ လူတယောက်ထိုင်သော နေရာအောက်တွင် ဓါးတစင်းကျ မြှုပ်ထားသည်။ ယာယီစံနန်းတော်ကို မြန်မာတို့ကြီးကြပ် ဆောက်လုပ်ရသည်နှင့် တဲအတွင်းမှာ ဓါးမြှုပ်သည်များကို ရှမ်းတို့မသိကြကုန်။

## ပုဏ္ဏားတို့နှင့် တဖန် တိုင်ပင်ခြင်း

မင်းကြီးရန်နောင်သည် ပုဏ္ဏားတို့ကို အိမ်သို့ခေါ်ပြီးလျှင် ဆရာတို့သကြံန်တော်ပွဲ၊ဘိသိက်တော်ပွဲ၊နေ့သို့ ဆိုက်ရောက်သောအခါ မင်္ဂလာစကားနှင့်စပ်၍ လျှောက်ရာတွင် ဓါးအကြောင်း

ကိုလျှောက်တင်ကြပါ။ ပြည်မြို့သို့ချီတော်မူရာတွင် ဓါးကိုကိုင်စွဲ၍ချီတော်မူရန် အကြောင်းကို လျှောက်ထားကြပါဟု သွန်သင်ရာ ပုဏ္ဏားတို့ကလည်း မင်းကြီးရန်နောင်၏၊ အလိုသို့ပါပြီးဖြစ်သည်နှင့် မစိုးရိမ်ပါနှင့် ဆရာတို့ကလဲမင်းကြီး၏၊ ဆန္ဒအတိုင်းထမြောက်အောင် ရှက်ဆောင်ကူညီပါမည်ဟု ယုံကြည်စွာ ဝန်ခံကြလေ၏။

ထိုနောက် မင်းကြီးရန်နောင်သည် နန်းတော်သို့ဝင်၍ ယာယီနန်းတော် အကြောင်း သကြံန်တော်အကြောင်း, ဇေယျာဘိသိက်တော် အကြောင်းများကို လျှောက်ထားသည်တွင် ရှမ်းဘုရင်သိုဟန်ဘွားက မြန်မာဘုရင်တို့၏ ထုံးစံအတိုင်းသာ မင်းကြီးတို့စီရင်ပါ။ ကျွန်ုပ်မှာမြန်မာပြည်ကို ရှေးကအုပ်စိုးဘူးသည် မဟုတ်၍ သကြံန်တော်, ဘိသိက်တော် အခန်းများကို မကျွမ်းကျင်ပါ သကြံန်နေ့တွင် ကျွန်ုပ်ကိုယ်ကို ဘယ်လိုအဆင်တန်ဆာများကို ဆင်ယင်၍ထွက်ရပါမလဲ မှူးမတ်များနှင့်တကွ အမှုထမ်းများမှာဘယ်လို အဝတ်တန်ဆာမျိုးကို ဆင်ယင်သလဲဟု မေးတော်မူလေ၏။

မင်းကြီးရန်နောင်လည်းမိမိအလိုရှိသောအချက်ကိုပင်တိုက်ရိုက်ကြီးမေးလျက်ရှိသောကြောင့် ငါ့အကြံအမှန်ထမြောက်တော့မည်ဟုဝမ်းမြောက်ရွှင်လန်းစွာနှင့်လျှောက်တင်သည်မှာ။အရှင်မင်းကြီးမှာ မင်းမြောက်တန်ဆာ ငါးပါးဆင်ယင်၍ ဝေါယာဉ်စီးကာ ထွက်တော်မူပါ။ လက်တော်ကသားမြီးယပ်ကို ကိုင်ရပါမည်။ ။မှူးမတ်များမှာ မိမိတို့ရာထူးအလိုက်ရရှိသော ဗေါင်းစလွယ်စသည်တို့ကို ယဉ်ကျေးစွာဝတ်ဆင်၍ လာကြရပါမည်။ ။စစ်ကဲ,နာခံ,ပိုလ်မှူး,မှစ၍ စစ်သည်တော်အမှုထမ်းတို့မှာ ကတီပါဗေါင်းဘီစိမ်းပေါ်တွင် လွန်းပဆိုးကို ခါးတောင်ကြိုက်၍ လက်နက်မပါဘဲ။ ယဉ်ကျေးဘွယ်ရာ မင်္ဂလာရှိရှိ ဝင်ရောက်ခစားကြရပါမည်။ ယခုထွက်တော်မူရမဲ့ အခမ်းအနားမှာ မင်္ဂလာသက်သက်ဖြစ်၍ လက်နက်ကိုင်ဆောင်ခြင်းကို မပြုရပါ။ လူတိုင်းလူတို့မှာ ကြည်ဖြူရွှင်လန်းစွာနှင့် မင်္ဂလာရှိအောင် နေထိုင်ကြရပါမည်။ ။ပုဏ္ဏားတော်များကလဲ မင်္ဂလာရှိသော မန္တာန်များနှင့် မင်္ဂလာစကားကို လျှောက်တင်ပါလိမ့်မည်။

(သိုဟန်ဘွားက ဝမ်းမြောက်သောအမူအရာနှင့်) မင်းကြီးတို့မြန်မာဘုရင်များ အခမ်းအနား စီရင်ပုံဟာ လွန်စွာသိုက်မြိုက် လှပါပေသည်။ ဘုန်းကြီးကြောင်း အောင်မြင်ကြောင်းများကို ဆုတောင်းမင်္ဂလာပြုလုပ်သော မင်းပွဲသဘင်ဖြစ်တဲ့အတိုင်း ယဉ်ကျေးဘွယ်ရာ လွန်စွာနှစ်သက်ဘွယ်ကောင်းပါပေရဲ့၊ မင်းကြီးလျှောက်တင်တဲ့ အတိုင်းစီစဉ်ပေတော့။

(မင်းကြီးရန်နောင်) အရှင်မင်းကြီး ဆွေတော်မျိုးတော်မှစ၍ ရှမ်းအနွယ်များမှာ အရှင့်သဘောအတိုင်း မျိုးရိုးဇာတိအလေ့ အလာနှင့်အညီ ယဉ်ကျေးဘွယ်ရာ သိုက်မြိုက်စွာ ဝတ်ဆင်၍ သကြံန်တော်ပွဲသို့ဝင်ရပါမည်။ ပွဲတွင်းသို့ကျသောအခါ မြန်မာတသန့်, ရှမ်းတသန့်, ရှေ့မှာ ခစားစေရပါမည်။ သို့မှလည်း ပရိသတ်ကြီးတင့်တယ်၍ ရှုချင်စဘွယ် မင်္ဂလာရှိပါမည်။

(သိုဟန်ဘွား) မှန်ပေတယ်။ မင်းကြီးလျှောက်တင်တဲ့ အတိုင်းပင် နေရာသီးသန့်၍ထားပါသည် သည်အကြောင်းအရာများကိုလဲ ရှမ်းမှူးမတ်များကို မင်းကြီးကိုယ်တိုင်ပြောကြားစီစဉ်၍ ပေးစေချင်ပါတယ်။

(မင်းကြီးရန်နောင်) အရှင့်အလိုတော်ကျအတိုင်း သကြန်တော်ပွဲ, ဘိသိက်တော်ပွဲကြီး တင့်တယ်၍ ဘုန်းတော်ကြီးမြင့်ကြောင်း အောင်တော်မူကြောင်း, အရပ်ရပ်ကို စေ့စပ်စုံလင်စွာ စီစဉ်ပါမည်။ ခိတ်ချတော်မူပါ။

ဤသို့လျှောက်ထားပြီးလျှင် မင်းကြီးရန်နောင်လည်း ဘုရင့်အထံမှ ထွက်ခွါခဲ့ပြီးလျှင် ရှမ်းမှူးမတ်တို့နှင့် နီးနှောတိုင်ပင်ရာ စီမံဘွယ်များကို စီမံခဲ့လေ၏။ ရှမ်းမှူးမတ်တို့ကလည်း မင်းကြီးရန်နောင်၏အပေါ်မှာ ယုံကြည်ပြီးဖြစ်သည်နှင့် မငြင်းမဆံ လိုက်နာကြလေသည်။

## "သကြန်တော်နေ့ကြီး"

ပုဏ္ဏားတော်တို့ထွက်ချက် ဆက်သွင်းသောသကြန်တော်အချိန်နာရီတိုင်သောအခါ ယာယီနန်းတော်အတွင်းမှာ ဘုရင်သိုဟန်ဘွားနှင့်တကွ၊ အစုံအညီစီစဉ်ပြီးသောအခါ စည်းဝေးလျက် ရှိကြလေ၏။ မင်းကြီးရန်နောင်၏ အစီအမံအတိုင်း ရှမ်းတသန့်, မြန်မာတသန့် သိုက်သိုက်ဝန်းဝန်း ခစားလျက် ရှိနေကြလေသည်။ ယာယီ နန်းတော်အတွင်းမှာ တဲစုံတယောက်သောဘူမျှ လက်နက်ကိုင်ဆောင်ရန် အခွင့်မရဘဲ အလုပြင်ကာ မင်္ဂလာအထိမ်းအမှတ်ဖြင့် ပြုလုပ်သောပွဲကြီးဖြစ်လေသည်။

သို့ရာတွင် မင်းကြီးရန်နောင်က မြို့အတွင်းမှာ မြန်မာမြင်းတပ်များကိုအသင့်ရှိနေကြစေ။ ယာယီစံနန်းတော်၌ အုတ်အုတ်ကျက်ကျက်ဖြစ်လျှင် ဝါး့လုံ, လက်နက်ကိုယ်စီနှင့် တညီတညာတည်း ယာယီနန်းတော်သို့ ဆိုက်ရောက်လာရမည်။ သည်ကဲ့သို့ အမိန့် ပေးထားသည်နှင့် မြန်မာမြင်းတပ်အမှုထမ်းသားတို့သည် မြင်းကိုယ်စီနှင့် အသီးသီးပြင်ဆင်၍နေကြလေသည်။

ယာယီစံနန်းတော်နှင့် မြို့တော်၏အကြား မြန်မာအထောက်တော်များကိုလည်းတယောက်နှင့်တယောက် မလှမ်းမကမ်း အမှတ်တမဲ့ထားလေသည်။ထိုသို့ထားခြင်းမှာ ယာယီ စံနန်းတော်ဘယုတ်ဘယက်ဖြစ်လျှင် အထောက်တော်များက အဆင့်ဆင့် ပြောကြား၍ မကြာမီ အတွင်းမြင်းတပ်သားတို့ သိရအောင် ထားခြင်းဖြစ်လေသည်။

## "မင်္ဂလာသကြန်တော်နှင့် ဧယျာ ဘိသိက်တော်အခမ်းအနား"

ညီလာခံ ပရိသတ်ကြီး အစုံအလင်စည်းဝေးမိသောအခါ ပုဏ္ဏားတော်တို့က အသင့်ပြင်ဆင်ထားပြီးဖြစ်သော ပူဇော်ပွဲများနှင့်တကွ၊ အခမ်းအနားကို ဘွင့်လှစ်ပြီးလျှင် ခရုသင်းတို့ကို သံပြိုင်မှုတ်လျက်၊ စိန္တာမဏိမန္တန်၊ အင္ဂဇေယျမန္တန်များကို ရွတ်ဘတ် ကြလေ၏။ သိုဟန်ဘွားလည်း သကြန်တော်အခမ်းအနား, ဘိသိက်တော် အခမ်းအနားတို့ကို မြင်လျှင် အလွန် အားရနှစ်သက်သောစိတ်ဖြင့် "မြန်မာဘုရင်တို့၏ အခမ်းအနားများဟာ လွန်စွာကြီးကျယ်ပါပေတယ်၊ သည်လို မင်းခမ်းမင်းနားကြီးတွေကိုမြင်တော့ ငါတို့ရှမ်းလူမျိုးများဟာ လွန်စွာညံ့ဖျင်း၍ ရိုင်းစိုင်းပါကလား၊ သည်လိုဘိသိက်မျိုးတွေခံ၍ မြန်မာပြည်စုတွင် ရှင်ဘုရင် လုပ်ရတဲ့ သာမန်ဘုန်းသမ္ဘာမျိုးနှင့်ဖြင့် မလုပ်နိုင်ရိုးအမှန်ဘဲ၊ ငါဟာ လွန်စွာ ဘုန်းကြီးတဲ့သူဖြစ်ပေတယ်။ မင်းကြီးရန်နောင်လဲ ငါ့အကျိုးကို ဆောင်ရွက်ဘော်ရပါပေရဲ့။ ငါ၏ အောင်တော်မူကြောင်းများကို

လိုလားနှစ်သက်ရှိ မှန်တဲ့အတိုင်း မြန်မာဘုရင်တို့၏ အရိုးအစဉ်အတိုင်း နည်းလမ်းကျကျ သည် ဘိသိက်တော်ပွဲကြီးကို ကိုယ်ဘိရင်ဘိ ဆောင်ရွက်ဘော့ရပါပေတယ်။ မြန်မာလူမျိုးများဟာ သူတပါးတို့၏အကျိုးကို အလွန်သည်ပိုးတဲ့ လူတွေဘဲ။ ဤကဲ့သို့ ကြံတွေးဝမ်းမြောက်သော စိတ်တွေ ဖြစ်ပေါ်၍ နေလေ၏။

ပုဏ္ဏားတော်တို့သည် ဂါထာ,မန္တာန်တို့ကို ဌာန်ကရိုဏ်းကျကျ ရွတ်ဆို မန်းမှုတ်ကြပြီးနောက်၊ ထီးချက်စောင့် နတ်သိမ်းနှင့် နတ်ကြီးငါးပါးမှစ၍ တင်ရိုးပရိုးအတိုင်း နတ်အများတို့အား နတ်ယရကာပွဲတို့ဖြင့် တင်သပူဇော်ကြလေ၏။ ထိုနောက် သပြေပန်း,နေဇာမြက်တို့ဖြင့် စိုက်အပ်သော လက်ျာရစ်ခရုသင်းသုံးလုံးတို့ဖြင့် အောင်ဘိသိက်ကိုသွန်းကြလေသည်။ မြန်မာမှူးမတ်တို့နှင့် မြန်မာ အမှုထမ်းသားတို့ကလည်း မိမိတို့ အမှတ်သညာဖြင့် မြုပ်ထားသော ဒါးတို့၏ အထက်မှာ ထိုင်၍ခစားရင်း မင်းကြီးရန်နောင်၏ အမူအရာကိုသာ ငေးစိုက်၍ကြည့်နေကြလေ၏။ မင်းကြီးရန်နောင်သည်ကား တစုံတရာမျှ အိန္ဒြေပျက်ကွက်ခြင်းမရှိဘဲ ဆောင်ရွက်ဘွယ် ကိစ္စကိုသာ ကြပ်မတ်ဆောင်ရွက်နေလေသည်။

## "ညီလာသဘင်စကားများ"

သင်္ကြန်တော်မင်္ဂလာနှင့် ဇေယျာဘိသိက်ပွဲသဘင် အခမ်းအနားတို့ကို ပုဏ္ဏားတော်တို့ ဆောင်ရွက်ပြီးကြသောအခါ မိမိတို့ဆိုင်ရာဌာနတွင် အသီးသီးနေကာ ခစားလျက်ရှိကြလေ၏။

(သိုဟန်ဘွား၊က မင်းကြီးရန်နောင်ကိုရှစား၍) မြန်မာဘုရင်တို့၏ မင်းပွဲသဘင် အခမ်းအနားများဟာ လွန်စွာကြီးကျယ်၍ တင့်တယ်လှပပေတယ်။ သင်္ကြန်တော်ပွဲ, ဘိသိက်တော်ပွဲ, ကျင်းပပုံများဟာလဲ ခမ်းနားသိုက်မြိုက်ပါပေရဲ့၊ သို့အတွက်ကြောင့် မြန်မာဘုရင် အစဉ်အဆက်တွေဟာ ဘုန်းသမ္ဘာနှင့်တေဇာ ကြီးမားကြပေတာပေါ့။

(မင်းကြီးရန်နောင်) မှန်ပါ၊ မြန်မာဘုရင်တို့၏ မင်းခမ်း မင်းနားများဟာ ရှုမြင်တော်မူရတဲ့အတိုင်း လွန်စွာကြီးကျယ်ခမ်းနားလှပါတယ်။ ဇမ္ဗူဒိပါတကျွန်းလုံးကိုအုပ်စိုးရသော ဓမ္မာသောကမင်းတရားကြီးလက်ထက်တော်က စီမံပုံအခမ်းအနားမျိုးကို အတုခိုးနည်းယူခြင်းကြောင့် သို့ကလောက် ကြီးကြီးကျယ်ခြင်း ဖြစ်ခဲ့ပါသည်။ မဇ္ဈိမနိုင်ငံမှ ဆိုက်ရောက် လာကြတဲ့ ဖြဟ္မာဏ ပုဏ္ဏားတော်များကလဲ ရှေးဟောင်းဖြစ်တဲ့ သင်သကရိုက်ကျမ်း အမျိုးမျိုးတို့မှ နည်းနာနိဿယ ပေါင်းများစွာကို ကျမ်းလာတဲ့အတိုင်း စီရင်ပါပေတယ်။ သို့အတွက်ကြောင့် ကြီးကျယ် ခမ်းနားခြင်း ဖြစ်ပါသည်။ ယခုအခါ မြန်မာလူမျိုးတွေဟာ ကမ္ဘာထက်ဝန်းကျင်မှာ လွန်စွာယဉ်ကျေးတဲ့လူမျိုးများ ဖြစ်ပါကြောင်း၊

(သိုဟန်ဘွား) မင်းကြီးလျှောက်ချက်အတိုင်း မှန်ပါပေတယ်။ သို့ကလောက် ကြီးကျယ်ခမ်းနားတဲ့ မြန်မာနိုင်ငံတော်တွင် ဘုရင်ဖြစ်ရခြင်းဟာ လွန်စွာကြီးမြင့်တဲ့ဘုန်းကံကြောင့် ရယ်လို့ ဆိုရမှာပေါ့။

(မင်းကြီးရန်နောင်) သာမညဘုန်းကံနှင့် မြန်မာနိုင်ငံတွင် ဘုရင်အဖြစ်ကိုမရနိုင်ပါ။ ရှေးဘုန်းရှေးကံ ထက်သန်ကြီးမြင့်စွာနှင့် ဇာတာမူလကောင်းမှ ဘုရင့်အဖြစ်ကို ရနိုင်ပါကြောင်း။

(ထိုအခါ ပုဏ္ဏားတော်များက ဝင်၍လျှောက်တင်သည်မှာ) ဘုရင်ဖြစ်ထိုက်သော ဘုန်းရှင်ကံရှင်တို့၏ ဇာတာမှာ ဂြိုဟ်နေဂြိုဟ်ထိုင်အားဖြင့် လက္ခဏာအမျိုးမျိုးဆုံ၍ ရာဇဂုဏ်ပါမြဲမမွတာဖြစ်ပါသည်ဘုရား။ ဂြိုဟ်ဇာတာညှို့ဖျင်းလျှင် ဘုရင်ဖြစ်နိုင်ဘို့အရေး အလွန်ဝေးလှပါသည်ဘုရား။

(သိုဟန်ဘွားက၊ ပုဏ္ဏားတော်သို့ဘက်သို့လှည့်၍) ဘိသိက်တော် မင်္ဂလာ, သကြိန်တော် မင်္ဂလာနှင့် ယာယီယတြာကိန်းဆင်ခြင်းများဟာ တကယ်ပင် အကျိုးပေးနိုင်တယ် မဟုတ်လား။

(ပုဏ္ဏားတော်များ) ကမ္ဘာဦးတည်စကပင် ဗေဒင်ကိန်းခန်းများကို မြေလျှိုးမိုးပျံ ကောင်းကင်ဈာန်ကစား၍နေကြတဲ့ တကဲ့ပညာရှိပုဂ္ဂိုလ်ကြီးများ ရေးသားစီမံ၍ ကိန်းမှန်အတိုင်း ဖွင့်ထားခဲ့ပါသည်။ အစဉ်အဆက် ယခုထက်တိုင်အောင် အနိုင်နိုင်ငံ ဘုရင်မင်းမြတ်တို့နှင့်ကွ ယုံကြည်လေးမြတ်၍ ဟောကိန်းအတိုင်းမှန်ကန်စွာ ကေန်ပင် ယုံကြည်ထိုက်လှပါသည်ဘုရား။

(သိုဟန်ဘွား) ယာယီယတြာတို့၏ ယုံကြည်ထိုက်ကြောင်းကို သိရသဖြင့် ဝမ်းမြောက်တော်မူလှပါတယ်။ မကြာမီအတွင်းမှာ ပြည်မြို့သို့ချီ၍ တပင်ရွှေထီးနှင့်စစ်ပြိုင်ရန် ထွက်တော်မူရလိမ့်မယ်။ အမှန်အောင်မြင်မယ်လို့ ဟောနိုင်ဘို့ကိန်းများ ရှိသလား။

(ပုဏ္ဏားတော်များ) ပုဏ္ဏားတော်များကလဲ အဆင့်ဆင့် တွက်ကိန်းထုတ်၍ ထားပြီးပါဘုရား။ ယခုအကြိမ် ချီတော်မူက အမှန်ပင် အောင်မြင်တော် မူလိမ့်မည်။ သို့ရာတွင် အဆောင်တော်တခု စီရင်ဘို့လိုသည် ထင်ပါကြောင်းပါဘုရား။

(သိုဟန်ဘွား) အဆောင်တော်တခုဆိုတာကို ထင်ရှားစွာတင်စမ်းကြပါအုံး။

(မင်းကြီးရန်နောင်က ဝင်၍လျှောက်တင်သည်မှာ) အမေးတော် ရှိတဲ့အတိုင်း အကျိုးအကြောင်း စုံလင်အောင် လျှောက်တင်ကြပါဆရာတို့။

(ပုဏ္ဏားတော်များ) ရွှေနား ပန်ဆင်တော်မူပါ ဘုရား။ စစ်ချီတော် မူရာတွင် အရှင်၏ လက်တော်၌ အမြဲကိုင်စွဲရန် လက်သုံးတော် ကျောက်စီဓါးတခု စီမံတော်မူသင့်ပါသည် ဘုရား။ လက်သုံးတော် ကျောက်စီဓါးကို ပြုလုပ်ပြီးစီးတဲ့အခါ ပုဏ္ဏားတော်တို့က အဘိသိက် တော်နှင့် သိဒ္ဓိတင် အရှင့်လက်တော်သို့ ဆက်သပါမည်ဘုရား။

(မင်းကြီးရန်နောင်) ဘယ်အတွက်ကြောင့် ကျောက်စီဓါး ဆောင်ရမဲ့ အကြောင်းကို လျှောက်တင်ကြစမ်းပါအုံး။

(ပုဏ္ဏားတော်များ) အကြောင်းက သည်လိုပါဘုရား၊ ကိုယ်တော်တိုင်ချီတက်၍ စစ်ဘက်ပြိုင်ရမည့် ဘုရင်၏အမည်မှာ တပင်ရွှေထီးဖြစ်ပါသည်။ တပင်ရွှေထီး စံတော်မူတဲ့မြို့မှာ ဟံသာဝတီဖြစ်ပါသည်။ ပြည်မြို့၏ မူလနာမည်ရင်းကတော့ သီရိခေတ္တရာ ဖြစ်ပါသည်။ နာမည်သုံးခုလုံးမှာ စနေနံဆုံလျက်ရှိနေပါသည်။ ဓါးဆိုသည်မှာလည်း စနေနံပင်ဖြစ်ပါသည်။ ရန်သူတော်နှင့်သက်ဆိုင်တဲ့ စနေသုံးခုကို အရှင့်လက်တော်ထဲမှာ အမြဲကိုင်စွဲတဲ့ဓါးဖြင့် အတင်းဖြတ်ချိုင်၍ အောင်နိုင်တော်မူမည့် နိမိတ်တော်ကြီးပါဘုရား။

(မင်းကြီးရန်နောင်) ပုဏ္ဏားတော်တို့ လျှောက်တင်ချက်မှာ အကြောင်း ယုတ္တိနှင့်တကွ၊ လွန်စွာသင့်လျော်လှပါသည်။ "နံတူချင်းချင်းသတ်လျှင်- သေတတ်သည်" ဆိုတဲ့ အင်္ဂဝိဇ္ဇာ ဗေဒင်

ကိန်းနှင့်လဲ လွန်စွာညီညွတ်လှပါပေသည်။ ယုံကြည်တော်မူရတဲ့အရာဖြစ်၍ လျှင်မြန်စွာ လက်သုံးတော်ဓါး စီရင်သင့်ပါကြောင်း။

(သိုဟန်ဘွား ကလည်း လျှောက်တင်ချက်ကိုကြားရာ ယုံကြည်အားရ ဝမ်းမြောက်တော်မူလှသည်နှင့်) အင်း—အကြောင်းယုတ္တိ သင့်လျှော်လှပါပေတယ်၊ ပုဏ္ဏားတော်များဟာ ဉာဏ်ပညာ ကြီးပါပေစွ။

(မင်းကြီးရန်နောင်) ယခုလျှောက်တင်တဲ့ ပုဏ္ဏားကြီးတွေဟာ အစဉ်အလာ အားဖြင့် ပညာကြီးတဲ့ ပုဏ္ဏားတော်တွေ ဖြစ်ကြပါတယ်၊ လက်သုံးတော်ဓါးကို စီရင်ရာတွင် လွန်စွာ အရေးကြီးလှပါသည်၊ မင်္ဂလာမရှိတဲ့သံများနှင့်လဲ မစီရင်ရပါ၊ စင်ကြယ်စွာချက်၍ တွင်းထွက်သံများနှင့်သာ စီရင်ရပါကြောင်း။

(သိုဟန်ဘွား) ဩော်-လက်သုံးတော်ဓါး စီရင်တဲ့နည်းများလဲ ထီးနန်း အစဉ်အလာ အားဖြင့် ရှိသလား။

မင်းကြီးရန်နောင်) ဓါးစကြာ စီရင်ပုံနည်းလမ်းမှစ၍ လက်သုံးတော်ဓါး စီရင်ပုံတွေ များစွာပင် ရှိပါသည်၊ ဓါးမလုပ်ခင် သံချက်သော နည်းလမ်းကစ၍ စုံလင်စွာရှိပါသည်၊ စာ ညွှန်းအတိုင်း စီရင်ခဲ့လျှင် လွန်စွာထက်မြက်၍ တချက်ပိုင်းရုံနှင့် ဆင်ပြောင်ကြီး၏ လယ်ပင်း ကိုပင် အကွင်းလိုက်ပြတ်စေနိုင်ပါတယ်။

(သိုဟန်ဘွား) ဩော်-သို့ကလောက် အစွမ်းရှိတဲ့ ဓါးများရှိသကိုး၊ မင်းကြီးကိုယ်တိုင် သည်ဓါးမျိုးကို တွေ့ဘူးပါသလား။

(မင်းကြီးရန်နောင်) တွေ့ဘူးရုံမျှမက စွဲကိုင်ဘူးပါသည်၊နားစိုက်တော်မူပါ၊ ဦးရီးတော် ရွှေနန်းကြော့ရှင် ဘုရင့်နောင်ရပတိစွဲကိုင်တော်မူတဲ့ဓါးဟာ လွန်စွာကောင်းလှပါသည်၊ ဆင်ပြောင် ကြီး၏ လယ်ပင်းကို အကွင်းလိုက် လွယ်လွယ်ကူကူနှင့် ပြတ်စေနိုင်ပါသည်၊ ဆင်ပေါ်ကလူကို ခုတ်ရပါလျှင် လူတွင်မျှမရပ်ဘဲ ဆင်ကနှင့်တကွ ဆင်၏ ကြောကုန်းတိုင်အောင်ပင် ပြတ်နိုင်ပါ ကြောင်း။

(သိုဟန်ဘွား) ဩော်-တယ်ကောင်းတဲ့ဓါးပါကလား၊ ယခု သည်ဓါးဘယ်မှာလဲ။

(မင်းကြီးရန်နောင်) ဦးရီးတော်ရွှေနန်းကြော့ရှင် နတ်ပြည်စံလွန်တော်မူတဲ့ အခါကစ၍ မြဲတိုက်တော်မှာ သွင်းထားပါသည်၊ ယခု မြဲတိုက်တော်မှာရှိပါကြောင်း။

(သိုဟန်ဘွား) သည်ဓါးကိုမင်းကြီးမြင်လျှင် မှတ်မိနိုင်ပမလား။

(မင်းကြီးရန်နောင်) ကျွန်တော်ကိုယ်တိုင် စွဲကိုင်၍ ဦးရီးတော်ဘုရား နောက်တော်က ပါနေကျမို့ မြင်လျှင်မြင်ခြင်း မှတ်မိနိုင်ပါသည်ဘုရား။

## ( သိုဟန်ဘွား သေမင်းငင်တော့မည် )

(သိုဟန်ဘွား) ဩော်-သို့လောက်ကောင်းစားတဲ့ ဓါးတော်၏အကြောင်းကို ယနေ့မှပင် သိတော်မူရတယ်၊ ယခုပင် ရှုစားတော်မူလိုတယ်။

(မင်းကြီးရန်နောင်) သင့်လျော်ပါသည်၊ ဗြတိုက်တော်မှာ ရွှေတိုက်မင်းကြီးနှင့်ဆိုင်သော အရာဖြစ်၍ ရွှေတိုက်မင်းကြီးက ယခုပင် ဆောင်ယူ၍ ဆက်သပါလိမ့်မည်။

ဤသို့လျှောက်တင်ပြီးလျှင် မင်းကြီးရန်နောင်က ရွှေတိုက်မင်းကြီးအား ဗြတိုက်တော်၌ သိမ်းထားသော နန်းစဉ်ဓါး ရှိသမျှတွေကို ဆောင်ယူဆက်သရန် အမိန့်ရှိရာ ရွှေတိုက်မင်းကြီးက လည်း ယာယီစံနန်းတော်မှထ၍ ဓါးတော်များကို ယူဆောင်ရန် အလျှင်အမြန် ဗြတိုက်သို့သွား လေ၏၊ ရွှေတိုက်မင်းကြီးမှာ မြန်မာမဟုတ် ရှမ်းလူမျိုးဖြင့်သည်။

မြန်မာမှူးမတ်များနှင့် မြန်မာအမှုထမ်းတို့ကလည်း ဓါးစကားကို စတင်ပြောဆိုသည်က စ၍ အရေးဖြင့်ဆိုက်တော့မည်၊ ငါတို့အရှင်မင်းကြီးရန်နောင်က ဓါးရအောင် ဉာဏ်ထုတ်တော် မူပြီဟု ရိပ်မိကြသည်နှင့် ယခင်ကထက် အရေးကြီးစွာ မင်းကြီးရန်နောင်၏အမူအရာကို ဣန္ဒြေ မပျက်အောင် ငေးစိုက်ကာ ကြည့်ရှုနေကြလေ၏။

## နန်းစဉ်ဓါးပေါင်းများစွာ ရှေ့တော်သို့ ဆိုက်ရောက်လာခြင်း။

ရွှေတိုက်မင်းကြီးလည်း ဗြတိုက်တော် မြန်မာဘုရင် အစဉ်အဆက် တို့၏ လက်ထက်မှ သိုမှီးထားသော နန်းစဉ်ဓါးများကို အကုန်ယူဆောင်ခဲ့ပြီးလျှင် ရှေ့တော်မှာစုပုံဆယ်သလေ၏။

မင်းကြီးရန်နောင်သည် ရှေ့တော်၌ စုပုံလျက်ရှိသော နန်းစဉ်ဓါးများအနက် ဦးရီးတော် ရွှေနန်းကြော့ရှင်၏ လက်သုံးတော်ဓါးကို ရှာစားတော်မူပြီးလျှင် ငါ့ဦးရီးတော်အသက်ကြွေအောင် ရက်စက်စိမ်းကားတဲ့ ရှမ်းမိုက်သိုဟန်ဘွားကို ဦးရီးတော်ရဲ့ဓါးဖြင့် တချက်ထဲ ပွဲခြင်းပြီးအောင် ရန်တုန့်ပြန်၍ လုပ်ကြံရတော့မယ်ဟု အရေးကြီးသော အမူအရာဖြင့် ကြံစည်၍နေလေ၏၊ ဓါး တော်များ ဆိုက်ရောက်လာသည်ကို မြန်မာအပေါင်းတို့မြင်ကြရာ လွန်စွာစိတ်အားထက်သန်ခြင်း ဖြစ်ပြီး မင်းကြီးရန်နောင်၏ကိစ္စ အမြန်ထမြောက်ပါစေဟု တောင့်တ မျှော်လင့်၍ နေကြလေ သည်။

သိုဟန်ဘွားလည်း နန်းစဉ်ဓါးတွေ ရှေ့တော်သို့ဆိုက်ရောက်လာ၍ မြင်လျှင်, မြင်ခြင်း ကြက်သီးတဖြင်းဖြင်းထပြီး နှလုံးသွေးများလည်း လှုပ်ရှားပြီးလျှင် စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်၍ သွားလေရာ ဣန္ဒြေတော်ကိုပင် အတော်ဆယ်၍ နေရဟန် လက္ခဏာရှိလေသည်။

(သိုဟန်ဘွား) မင်းကြီးရန်နောင်ရဲ့ ရွှေနန်းကြော့ရှင် ဘုရင်နရပတိ စွဲကိုင်တဲ့ လက်သုံး တော်ဓါးကို ရွေးချယ်၍ ဆက်သစမ်းပါ။

ဤကဲ့သို့ အမိန့်တော်ရှိသည်နှင့် တပြိုင်နက် မင်းကြီး ရန်နောင်သည် ရဲမာန်တင်းတင်း ခြသေ့မင်းကဲ့သို့ ထိုင်ရာမှထတော်မူပြီးလျှင် ဦးရီးတော် ရွှေနန်းကြော့ရှင် ကိုင်စွဲတော်မူသော "ယိမ်းနွဲ့ပါး"အမည်ရှိတဲ့ ဓါးတော်ကို ကောက်ယူပြီး လက်တော်သို့ ဆက်သမည့် အမူအရာနှင့် သိုဟန်ဘွား၏ အပါးတော်သို့ကပ်ပြီး တချက်ထိ ခုတ်ပိုင်း လိုက်လေရာ ယိမ်းနွဲ့ပါး ဓါးသည် သိုဟန်ဘွား၏ကိုယ်တွင်မျှမရပ်ဘဲ အခိုးတွင်စိုက်ထားသော ဝါးပိုး ဝါးတိုင်တလုံးကိုပင် အဆုံး တိုင် ခုတ်ဖြတ်၍သွားလေ၏၊ ယိမ်းနွဲ့ပါးဓါးတော်သည် သိုဟန်ဘွားရဲ့အပေါ်မှာ ကြာရှည်စွာ

ရန်ညိုးထားခဲ့သည့် အလား ခဲ့သည့်အလား တချက်ထဲနှင့်ပင် အပိုင်းပြတ်အောင် အစွမ်းသတ္တိပြ၍ ရန်စကိုခြေလေသတည်း။

## ရှန်းရင်းဆန်ခတ် ဖြစ်ကုန်ခြင်း။

မြန်မာမှူးမတ်တို့နှင့် အမှုထမ်းသားတို့သည် မင်းကြီး ရန်နောင်က သိုဟန်ဘွားကို ခုတ်ပိုင်းလိုက်သည်နှင့် တပြိုင်နက် အသီးအသီးနှင့်မြုပ်ထားသော ဓါးများကို တပြိုင်နက် သဲအပြင်မှ ဆွဲတင်ထုတ်ယူကြပြီး တဟုန်တည်းထကြ၍ ယာယီနန်းတော်အတွင်းမှာ ရှိရှိသမျှသော ရှမ်းတို့ကို ရွေးချယ်ခါ ညှာတာခြင်းကိုမပြုဘဲ အတင်းသိမ်းကျုံး၍ ခုတ်ကြလေသည်။

ရှမ်းမှူးမတ်များနှင့် ရှမ်းအမှုထမ်းသားတို့မှာ တစုံတရာ လက်နက်မပါသဖြင့် ခုခံခြင်းငှါ မတတ်နိုင်ကြဘဲ လွတ်တန်သမျှ လွတ်တော့ဟု ဂယောင်ဂတမ်း ပြေးလွှားကြလေ၏၊ သို့ရာတွင် မြန်မာတို့က ကိုယ်စီကိုယ်ငှ ဓါးကိုင်ပြီး အသင့်ရှိကြသည်နှင့် ဘယ်လိုပင် ထွက်ပြေး သော်လဲ အသက်ဘေးမှ မလွတ်ကင်းကြကုန်။

ယာယီစံနန်းတော်၌ ဘယ်ုံးဘယင်းဖြစ်သည်ကို အထောက်တော်များမြင်ကြရာ မြို့တော်အတွင်း၌ မြင်းအသင့်ပြင်ဆင်၍ထားသော မြန်မာမြင်းတပ်များကို အလျင်အမြန်သွားရောက်၍ ပြောကြရာ မြန်မာမြင်းတပ်ကြီးလည်း ဒုန်းစိုင်း၍ တဟုန်တည်း ယာယီနန်းတော်သို့ ထွက်လာကြကုန်၏၊ အချို့ထွက်၍ ပြေးကြသော ရှမ်းများကို မြန်မာ မြင်းတပ်သားတို့က ခုတ်ပိုင်းကြလေရာ အဝမြို့တော်နှင့် ယာယီနန်းတော်အကြားမှာ သေလေပြီး ရှမ်းကောင်တွေ အတုံးအရုံးနှင့် ရှုမြင်၍ မကောင်းအောင်ပင် ရှိနေကြလေသည်။ ။ယာယီနန်းတော်သို့ မြင်းတပ်ကြီး ဆိုက်ရောက်လာသောအခါ ကိစ္စပြီးနှင့်သည်နှင့် ရဲစွမ်းသတ္တိပြခြင်းကိစ္စကို မဆောင်ရွက်ရဘဲ နေကြရလေသည်။

မင်းကြီးရန်နောင် ကိုယ်တော်တိုင် သိုဟန်ဘွားကို ဓါးဖြင့်ပွဲခြင်းပြီး လုပ်ကြံကြောင်းသတင်းများသည် အဝနေပြည်တော် အတွင်းသို့ ရုတ်တရက်ပြန့်နှံ့၍ သွားလေရာ ယခင်ကပင် ညီညွတ်လျက်ရှိသော မြန်မာတို့သည် မိမိတို့အိမ်တွင်ရှိသော ဓါးလှံ လက်နက်များကို အတင်းစွဲကိုင်ကြပြီးလျှင် တွေ့တွေ့သမျှသော ရှမ်းတို့ကို အလုံးစုံ အကုန်နှင်း၍ သတ်ဖြတ်ကြလေ၏။

ထိုနေ့အခါတွင် ရှမ်းတို့မှာလည်း မိမိတို့အရှင်သခင် ဘုရင်သိုဟန်ဘွား၏ သင်္ကြန်တော်ပွဲနေ့ကြီးဖြစ်သည်နှင့် မူးယစ်သောက်စား ပျော်ပါး၍နေခိုက် ကြုံကြသည်နှင့် တင်ကြို ကြံစည်၍ထားသော မြန်မာများကို အနည်းငယ်မျှခုခံခြင်းငှာ မတတ်စွမ်းနိုင်ကြကုန်။ သိုးသတ္တဝါပေါင်းများစွာတို့ကို သတ်ဖြတ်သောအခါကဲ့သို့ အဝနေပြည်တော်ကြီးတခွင်မှာ ရှမ်းတို့ကို သတ်ဖြတ်သော ပွဲနေ့ကြီးဖြစ်လေ၏။ အချို့ရှမ်းများလည်း ကံအားလျော်စွာလွတ်ကြပြီးလျှင် အဝမြို့တော်မှ အတင်းထွက်ပြေးကြလေ၏။ အချို့ရှမ်းများလည်း တွေ့သမျှသောလှေကို တက်စီး၍ စစ်ကိုင်းဘက်သို့ထွက်ပြေးကြရာ၊ မြန်မာတို့က ကမ်းထိပ်ကနေ၍ သေနတ်လက်နက်တို့ဖြင့် ပစ်ခတ်ကြသည်နှင့် ဧရာဝတီမြစ်အတွင်းမှာပင် သေဆုံးရှာကြသည်။

စစ်ကိုင်းဘက်၌ရှိသော မြန်မာတို့လည်း သတင်းကြားသည်နှင့် တပြိုင်နက်၊ မိမိတို့မြို့မှာ ရှိသောရှမ်းတို့ကို အတင်းနင်း၍ သတ်ဖြတ်ကြလေ၏။ ထိုအခါ ရှမ်းတို့မှာ တနေ့ချင်း သတ္တန္တရ ကပ်ကြီး အတိုက်ခံကြရရှာကုန်သည်။

မင်းကြီးရန်နောင်သည် လက်သုံးတော်ယိမ်းနွဲ့ပါးဓါးတော်ကို သွေးရဲရဲနှင့် စွဲကိုင်တော်မူလျက်ကပင်လျှင် မြင်းကိုစီး၍ မြို့တွင်းသို့ ဝင်လာတော်မူပြီးလျှင် အရှိန်မသတ်နိုင်အောင်ဒေါသထကြွ၍နေသော မြန်မာများကို ဓါးဖြင့်ဝင့်လျက် "အောင်တော်မူပြီ၊အောင်တော်မူပြီ။ လက်နက်များကို သိမ်းကြ။ အဘိုးမဘန်တိရစ္ဆာန်သတ္တဝါတွေနှင့် ရှမ်းမိုက် ကလေးတွေကို မသတ်ဖြတ်ကြနှင့်။ ပြေးလိုရာ ထွက်ပြေးကြပေစေ"ဟု အမိန့်တော်ပြန်ရလေ၏။ ထိုအခါတွင်မှ မြန်မာများ ငြိမ်သက်၍ သွားလေသည်။

ရှိရှိသမျှသောရှမ်းတို့လည်း အဝမြို့တော်တွင် တယောက်မျှ ရှာ၍မတွေ့အောင် ထွက်ပြေးကြလေ၏။ နေပြည်တော်မှတပါး မြို့နယ်များတွင် အုပ်ချုပ်၍နေသော ရှမ်းအရာရှိများမှ စ၍ ရှမ်းဆိုသမျှတွေကို သတ်ဖြတ်ကြလေရာ၊ မြို့တိုင်း,ရွာတိုင်းမှာပင် အသက် ချမ်းသာသော ရှမ်းများ အလွန်နည်းပါးကြလေသည်။အချို့ရှမ်းတို့လည်း ရဟန်းတော်တို့ကျောင်းတို့၌ ပုန်းအောင်းခိုလှုံကာ နေရှာကြသည်။ ။ဤအကြောင်းကိုသိကြရာ၊ အလွန်ရက်စက်သော မြန်မတို့က အတင်းဝင်ရောက်လာကြပြီးလျှင် ကရုဏာရှိသော ရဟန်းတော်တို့၏ တားမြစ်ခြင်းကိုမျှ မနာခံကြဘဲ "နင်တို့ရှမ်းတွေ ရဟန်းပေါင်းများစွာတို့ကို သတ်ဖြတ်ကြတယ်။ယခုတော့ ရဟန်းတော်တို့ကျောင်းမှာ ပုန်းအောင်း မှီခိုနေကြသေးလား" ဟု ကြိမ်းဝါးကြပြီးလျှင် ကျောင်းတိုက် အတွင်းမှ အတင်းဆွဲထုတ်ကာ သတ်ဖြတ်ကြလေ၏။ ရှမ်းတို့မှာ သိုဟန်ဘွားတယောက်၏ အကုလ်ကံအရှိန်ကြောင့် များစွာပင် ပျက်စီးခြင်းခံရရှာသည်။ အကုသိုလ်အရာမှာဖြစ်စေ၊ ကုသိုလ်အရာမှာဖြစ်စေ၊ ကံကြီးမားသော သူတယောက်ကို အကြောင်းပြုသောအားဖြင့် လူပေါင်း များစွာတို့မှာ ထိုကံ၏ အရှိန်အငွေ့ကို ခံရတတ်လေသည်။

## "သတိပေးရှစ်လုံးဘွဲ့မြန်မာကဗျာ"

မပြစ်မှားအပ်-မွန်မြတ်သူတော်၊
ထိထိပါးပါး-ပြစ်မှားပသော်၊
ဒိဋ္ဌတွေ့ရှီး-အကျိုးထင်ပေါ်၊
သိုဟန်ဘွား-ထင်ရှားသက်သေခေါ်။

ရတနာသုံးပါးမှစ၍ ခင်ပွန်းကြီးဆယ်ပါးတို့အား မည်သည့်အခါများမှ ထိထိပါးပါး ပြစ်မှားထိုက်သည်မဟုတ်ချေ။ ထိုခင်ပွန်းကြီးဆယ်ပါးကို မပြစ်မှားထိုက်သောပုဂ္ဂိုလ်ဟု ခေါ်ရသည်။ အကယ်၍ပြစ်မှားခဲ့ပါလျှင် မျက်မှောက်ဘဝမှာပင် ဘေးဒဏ်သင့်ခြင်းမှ ဒုက္ခအမျိုးစုံနှင့် တွေ့ကြုံရတတ်လေသည်။ ထို့ကြောင့် ရဘနာသုံးပါးမှ စ၍ မပြစ်မှားစကောင်းသော ပုဂ္ဂိုလ်များကို မိမိကိုယ်ကသာ အနာခံရာ၏၊ ထိထိပါးပါးပြစ်မှား ကြူးလွန်မှုကို မပြုထိုက်သင့်ကြောင်း ကောင်းစွာ နှလုံးပိုက်သွင်းထားအပ်ပေသည်၊ ဒိဋ္ဌသက်သေတင်လျှင် ရှမ်းဘုရင် သိုဟန်ဘွားပင်

ဖြစ်တော့သည်။ ။ထိုသို့ဟန်ဘွားသည် မပြစ်မှားထိုက်သော ရဟန်းတော်တို့အား မကြားဘူးအောင် ရက်စက်စွာ သတ်ဖြတ်ခြင်းအမှုကို ပြုခြင်းကြောင့် မကြာမီအတွင်း သံသရာဝဋ်ဆင်းရဲကို ခံရပြီးလျှင် မလှတမ သေဆုံးရလေသည်၊ မိမိ၏ အကုသိုလ်ကံအရှိန် ထိခပ်သဖြင့် ဇာတ်တူသော ရှမ်းပေါင်းများစွာတွေ သေကြေပျက်စီးခြင်းသို့ ရောက်ရှာကြရသည်။

## မင်းကြီးရန်နောင်ကို မင်းမြောက်ရန် အကြီးအကျယ် စည်းဝေးတိုင်ပင်ခြင်း။

အဝနေပြည်တော်ကြီးမှစ၍ တိုင်းသူပြည်သား လူများ အပေါင်းတို့သည် မြို့တိုင်း, ရွာတိုင်း, အရပ်ဌာနတိုင်းမှာ ပင်လျှင် မင်းကြီးရန်နောင်၏ ဘုန်းပိုင်ပုံအကြောင်းနှင့် စပ်လျဉ်း၍ ကာသူ့ထက်ငါ ဆူညံစွာပြောဆိုလျက် ရှိကြလေ၏။ ။မင်းကြီး ရန်နောင်၏ ဘုန်းစွမ်း သတ္တိဖြင့် မြန်မာပြည်တွင် မဆိုင်ဘဲနှင့် လာရောက်အုပ်စိုးသော ရှမ်းလူမျိုးတို့ကို ဖျက်ချိုးနှိပ်နင်းပေသည်။ ကျူပင်ခုတ်-ကျူငုတ်မျှမကျန်ရ ဆိုသော စကားအတိုင်း ရှမ်းလူမျိုးတို့၏ အုပ်စိုးခြင်း အငွေ့အသက်ကိုမျှ မကျန်ရအောင် ခုတ်ထွင် ပယ်ရှင်းနိုင်ပေသည်။ ။သို့ဟန်ဘွားကို လက်စားချေလိုက်ရသည်မှာ မြန်မာအမျိုးသားတို့ စိတ်ကျေနပ်ဘွယ်ရာ ကောင်းလှပေသည်၊ မြန်မာလူမျိုးတို့၏ ဂုဏ်တန်ခိုး ထွန်းလင်းတော့မည်၊ ဤသို့စသောအားဖြင့် ချီးကျူးသော စကားတို့ကို လူတိုင်းတို့၏ နှုတ်ဖျားက တလှုပ်ရှားရှား ပြောဆို၍ နေကြလေ၏။

သည်မျှသာမကသေး မြန်မာနိုင်ငံတော်တခွင်လုံး မြို့တိုင်း, ရွာတိုင်းတို့မှာ အောင်စည်, အောင်မောင်း တီးခတ်ကြပြီးလျှင် အောင်ပွဲသဘင်ကို အမျိုးမျိုး ဆင်ယင်ကျင်းပ၍ နေကြလေသည်၊ ထိုအခါ မြန်မာပြည်တွင် ဘုရင်မရှိဘဲလစ်လပ်၍နေသောကြောင့် မင်းကြီးရန်နောင်ကိုပင် ထီးနန်းကိုအပ်၍ မင်းလုပ်တော်မူပါဘုရားဟု တောင်းပန်ရန် လူတိုင်းကပင် သင့်လျော်လှသည်ဟု ပြောဆိုလျက်ရှိနေကြလေသည်။

အဝနေပြည်တော်၌ရှိသော မှူးတော်,မတ်တော်အများနှင့် ပိုလ်မှူး, စစ်ကဲ အစရှိသော စစ်သည်တော် အမှုထမ်းတို့ကလည်း မြန်မာထီးနန်းမှာ မင်းကြီးရန်နောင်နှင့်သာ သင့်လျော်သည်၊ မင်းကြီးရန်နောင်သည် မဟာနွယ်, မဟာမျိုး အစစ်လဲမှန်သည်၊ မင်းကြီးရန်နောင်၏ ဘုန်းစွမ်းသတ္တိ ဝီရိယဇာတ်ဟုန်ကြောင့် ရှမ်းမိစ္ဆာတို့၏ ရန်ကို တွန်းလှန် ဖြိုဖျက်၍ ညက်ညက်ကြေအောင် ချေမှုန်း၍ ပစ်နိုင်သည်ဟု ဆူညံစွာ ပြောဆိုလျက်ရှိနေကြလေ၏။

ရှမ်းမိစ္ဆာတို့ကို အောင်မြင်ပြီးသောနောက် မကြာမီနေ့ရက်အတွင်းမှာပင် အဝနေပြည်တော်ကြီး၌ ထီးနန်း အပ်နှင်းရေးနှင့် ဆိုင်သော အစည်းအဝေးကြီး တခုကို ကျင်းပလေရာ အဝေးမြို့ဝန်များလည်း လာရောက်နိုင်သမ လာရောက်ကြလေ၏။ ။နန်းတော် ယင်ပြင်တွင် အစည်းအဝေးကြီး ပြုလုပ်လေရာ လာရေ [illegible]သော ပရိသတ်တို့၏ စည်ကား များပြားပုံကို အလုံးစုံအံ့ဩ၍ ပြောဆိုရေးသားခြင်းငှါ တတ်နိုင်ဘွယ်ရာ အကြောင်းမရှိတော့ချေ။

ထိုအစည်းအဝေးကြီး၌ ယခုအခါ မြန်မာပြည်တွင် ဘုရင်လစ်လပ်ခွင့် ကြုံနေပြီ၊ ဘယ်အရှင်အား ထီးနန်းအပ်ရလျှင် သင့်လျော်မည် ထင်ကြပါသလဲဟု အဆင့်ဆင့် ဟစ်အော် ခမ်း

မြန်းလိုက်ရာ ပရိသတ်လူထုကြီးတခုလုံးက မင်းကြီးရန်နောင်, မင်းကြီးရန်နောင်ဟု ကြွေးကျော်လိုက်သော အသံသည် ကောင်းကင်သို့ လျှံတက်၍ သွားလေရာ တပြိုင်နက် တော်သံ ဟီး၍ မြေလျှင်ကြီး တုန်လှုပ်သောအခါကဲ့သို့ ဖြစ်လေသည်။

ထိုအခါ မှူးကြီး,မတ်ကြီးများက "တိုင်းသူ,ပြည်သားတို့ လိုလားတောင့်တတဲ့ အတိုင်း မြန်မာထီးနန်းသည် အရှင်မင်းကြီးရန်နောင်နှင့်သာ ထိုက်တန်ပါပေသည်၊ ဘုရင်အဖြစ်ကို လက်ခံတော်မူ၍ စိုးအုပ်ခဲ့ပါလျှင် စကြာမင်းလောက်နီးနီး ဘုန်းတန်ခိုးကြီးသော ဘုရင်တပါး ဖြစ်တော်မူပေလိမ့်မည်၊ ဘုန်းကြီးသောမင်းတို့၏ အုပ်စိုးခြင်းကိုခံရသော တိုင်းနိုင်ငံသည် နတ်ပြည်ပမာ သာယာဝပြောလိမ့်မည်၊ အညီအညွတ် မင်းကြီး ရန်နောင်၏ အထံတော်သို့သွား၍ မင်းပြုတော်မူရန် တောင်းပန်မှသင့်တော့မည်"ဟု ပြောဆိုရာ တိုင်းသူ,ပြည်သားတို့ကလည်း များစွာနှစ်သက်ကြသဖြင့် "မင်းကြီးရန်နောင်,ဘုန်းခေါင်,မန္တတ်စကြာနတ်"ဟူ၍ ဟစ်အော် ကြွေးကျော်ကြပြန်လေ၏။

## မင်းကြီး၏ စိတ်ဆန္ဒ

မင်းကြီးရန်နောင်သည်ကား ထီးနန်းစည်းစိမ်ကို ဘယ်အခါမှာမှ ရယူအုပ်စိုးလိုသောဆန္ဒ မရှိချေ။ ။လောကီစည်းစိမ်မျိုးကိုလည်း ကြီးကျယ်ခမ်းနားလှသည် ဟု ထင်မြင်လေ့ မရှိချေ၊ ဘုရားအလောင်းတော်တို့ စိတ်မျိုးကဲ့သို့ တောထွက်လိုသော ဆန္ဒသာလျှင် အမြဲတည်၍နေလေ၏။ ဦးရီးတော် ရွှေနန်းကြော့ရှင်နှင့် ဘုရင်နရပတိသည် မိမိရွှေမှာပင် စစ်မြေပြင်၌ ကျဆုံး ပျက်စီးသည်များကို ဒိဋ္ဌမြင်လိုက်ရပြန်ရာ သာလို့ပင် သံဝေဂတရား ကြီးပွါး၍ လာပြန်လေသည်၊ သို့ရာတွင် မိမိတောထွက်၍သွားခဲ့ပါလျှင် ရှမ်းဘုရင်သိုဟန်ဘွားက မြန်မာများကို ထင်သလို နှိပ်စက်တော့မည်ဟု စိုးရိမ်ပူပန်ခြင်း ဖြစ်သောကြောင့် အမျိုးနှင့် သာသနာတော်ရေးကို ငဲ့ညှာပြီးလျှင် နိုင်ငံတာဝန်များကို ရှက်ဆောင်ကာ နေတော်မူခြင်းဖြစ်ပေသည်။

မိမိကိုယ်တိုင် သိုဟန်ဘွားကို ကွပ်မျက်လိုက်ရသည်မှာလည်း နိုင်ငံရေးနှင့် သာသနာရေး ဖြစ်၍သာ ကွပ်မျက်လိုက်ရခြင်း ဖြစ်ပေသည်၊ မိမိဆန္ဒရင်းမှာ ပိုးရွခြပုန်းကိုမျှ ဆုံးရှုံးအောင် သတ်ဖြတ်လိုသော ဆန္ဒမရှိရိုးမှန်ပေ၏၊ ဤကဲ့သို့ မြင့်မြတ်သော စိတ်ဆန္ဒအမြဲကိန်းအောင်းလျက် ရှိသောကြောင့် မင်းကြီးရန်နောင်သည် သိုဟန်ဘွားကိုသတ်ဖြတ်ပြီးသော နောက်တရက်ကစ၍ အလွန်ငြိးငွေ့သဖြင့် လူတွေ့မခံဘဲ မိမိအိမ်တော်မှာပင် အမြဲ ဥပုသ်ဆောက်တည်၍နေလေသည်။

## မင်းကြီးရန်နောင်ထံသို့ အညီအညွတ် သွားရောက်ကြခြင်း

မှူးမတ်ကြီးများကိုရှေ့ဆောင်ထား၍ ဗိုလ်မှူးစစ်ကဲများနှင့် မြို့သူ,မြို့သား လူများအပေါင်းတို့သည် စည်းဝေးပြီးသော နောက်တနေ့နံက်တွင် မင်းကြီးရန်နောင်၏ အိမ်တော်ကို အစုံအညီ လာရောက်ကြလေ၏၊ အိမ်တော်ဝက်ဝန်းကျင်မှာ လူပရိသတ်တို့ဖြင့် ပြည့်ကြပ်၍ နေလေသည်။

မှူးမတ်ကြီးများနှင့် ဗိုလ်မှူးတို့သည် အိမ်တော်ပေါ်သို့တက်၍ သွားကြလေရာ မင်းကြီး ရန်နောင်ကို ရုတ်တရက်မတွေ့ရချေ။ ။ထိုနေ့နံနတ်တွင် မင်းကြီးရန်နောင်သည် ဘုရားဆောင်

တွင် ပန်းရေချမ်းကပ်လှူကာ ပဋ္ဌာန်းပါဠိတော်ကြီးများကို ရွတ်ဆိုသရဇ္ဈာယ်၍ နေတော်မူခိုက် ဖြစ်သောကြောင့် ရုတ်တရက်မတွေ့နိုင်ဘဲ ရှိလေသည်။

မင်းကြီးရန်နောင်သည် ပုတီးတကုံးကို လက်ကဆွဲလျက် ဘုရားဆောင်ထဲက ထွက်၍ အလာတွင် မှူးမတ်များနှင့် ဗိုလ်မှူးအပေါင်းတို့သည် ဦးခေါင်းငိုက်ဆိုက်ချကာ ရှိခိုးဝပ်တွား၍ နေကြလေ၏။ ။မင်းကြီး ရန်နောင်က ရှိခိုးဝပ်တွားကာ နေကြသော မှူးမတ်တို့ကို ရှုစားတော်မူပြီးလျှင် "ဘယ်အရေးနှင့်ရောက်လာကြသလဲ"ဟု မေးမြန်းတော်မူလေ၏။

(မှူးမတ်များ) ယခုတိုင်းသူပြည်သား လူများအပေါင်းတို့က မြန်မာပြည်တွင် ဘုရင်လစ်လပ်ခိုက်ဖြစ်နေသည်နှင့် အရှင်မင်းကြီးပင် ထီးနန်းကိုအုပ်စိုး၍ မင်းလုပ်တော်မူစေရန် သဘောတူညီနေကြပါသည် ကမ္ဘာဦးအခါ၊ အလောင်းတော် မဟာသမတမင်းကြီးကို၊ တကမ္ဘာလုံးက ဝိုင်းအုံကာ တောင်းပန်၍ မင်းမြှောက်ရန် သဘောတူညီကြပါသည်ဘုရား။

(ထိုအခါ မင်းကြီး ရန်နောင်သည်၊ လက်ကိုင်စွဲသော စိတ်ပုတီးကို လွှတ်ချတော်မူလိုက်ပြီးလျှင် သိုဟန်ဘွားကို ကွပ်မျက်သော ယိမ်းနွဲ့ပါး ဓါးကို ကိုင်စွဲတော်မူကာ၊ ပြုံးရယ်တော်မူလျက်၊) မင်းကြီးတို့က ကျွန်ုပ်ကို သို့ကလောက် စိတ်နေစိတ်ထား သေးသိမ်တယ်လို့ ထင်မှတ်ကြသလား။

(ဤသို့မေးမြန်းတော်မူရာ၊မှူးမတ်များကလည်း၊မင်းကြီးရန်နောင်၏ စကားကို ရုတ်တရက်နားမလည်သည်နှင့် မည်သို့မျှ မလျှောက်တင်ဝံ့ကြဘဲ၊ ဆိတ်ဆိတ်ခေါင်းငိုက်ကာနေကြလေ၏။)

(မင်းကြီးရန်နောင်က ထပ်မံ၍ မိန့်တော်မူသည်မှာ။) ရှမ်းမိစ္ဆာ သိုဟန်ဘွား၏အသက်ကို၊ မငဲ့မကွက် ရက်စက်စွာ သတ်ဖြတ်တော် မူလိုက်သည်မှာ၊ မင်းကြီးတို့က ထီးနန်းစည်းစိမ်ကလေးကို မျှော်မှန်း၍၊ နန်းစံလို၍ ထင်ကြသလား၊ ထီးနန်းစည်းစိမ်ကလေး အတွက်ကြောင့် သတ္တဝါတယောက်၏ အသက်လို မသတ်ရိုးအမှန်၊ နိုင်ငံနှင့် သာသနာကို ထောက်စာငဲ့ကွက်သဖြင့်၊ အသက်သတ်ခြင်းဆိုတဲ့ ပါဏာတိပါတအမှုကို ပြုလိုက်ရတယ်၊ သူ့အသက်ကို သတ်ပြီး ထီးနန်းစံရတယ်ဆိုတာ၊ ရယ်စရာ အလွန်ကောင်းတာကလား၊ ဦးရိုးတော်ဘုရား၊ နတ်ရွာလားတော်မူတုန်းကပင်၊ တောဝင်၍၊ ကေစာရီနေချင်တဲ့ စိတ်ဆန္ဒတွေ ဖြစ်ပေါ်၍နေတယ်၊ သို့ရာတွင် မိစ္ဆာရှမ်းတို့ အုပ်စိုးတဲ့အခါ၊ မြန်မာနှင့် သာသနာ၊ လွန်စွာပျက်စီး၍ အဆုံးရှုံးကြီးဆုံးရှုံးမဲ့အရေးကို မြင်လို့၊ တိုင်းပြည်ဘောင်မှာ၊ ရွှေဆောင်ဦးစီး လုပ်လာခဲ့ရတယ်၊ ယခုတော့၊ ကျွန်ုပ်ကိစ္စဖြင့် ပြီးစီးသွားပြီ၊ ထီးစကား၊နန်းစကား၊ကို မကြားချင်ဘူး။

(မှူးမတ်များက အမိန့်တော်စကားကို ကြားလေရာ၊ လွန်စွာ အားလျော့ခြင်း ဖြစ်ကြသည်နှင့်) ဘုရား ကျွန်တော်မျိုးများမှာ၊ အရှင်မှတပါး အားကိုးရာမရှိတော့ပါဘုရား မြန်မာထီးနန်းကို အစဉ်သဖြင့် စောင့်ရှောက်၍၊ အမျိုးနှင့် သာသနာကို ကောင်းစွာ စောင့်ရှောက်တော်မူစေခြင်းငှာ၊ တဖန်ခွင့်တောင်းပါသည် ဘုရား။

(မင်းကြီးရန်နောင်) နိုင်ငံနှင့် သာသနာကို၊ ထောက်ညှာ၍ လာခဲ့တာ အတော်ကြာသွားပြီ။ နိုင်ငံအရေးထက်၊ ကိုယ့်အရေးကလိုသေးတယ်၊ ဘုရင့်စည်းစိမ်ကို လိုလားလျှင်ဖြင့်။ သည်စကားကို လျှောက်ဘို့သင့်ပါရဲ့။ ။စပ်လို့ပြောရအုံးမယ် လူဆိုတဲ့လူတွေဟာ၊ စိတ်နေစိတ်ထား အောက်တန်းကျတဲ့သူတွေကသာ များနေတယ်၊ စည်းစိမ်ကလေးနှင့် ဖြားယောင်း

လျှင်၊ အမျိုးနှင့် သာသနာကို ဘာမျှ မထောက်ထားနိုင်ဘဲ၊ ယိုင်လဲ၍ ပြောခဲ့သွားကြတာတွေက များကြတယ်၊ သည်လိုဖြစ်ပုံမျိုးတွေကို။ ကျွန်ုပ်ရှုရှာစက်ဆုပ်လို့ မကြည့်ချင်ဘူး။ ။ မိစ္ဆာ သိုဟန်ဘွား အုပ်စိုးလာတဲ့အခါ၊ အချို့ မြန်မာအမတ်တွေဟာ၊ လူမျိုးခြား ဘက်သို့ ယိမ်းယိုင်ပြီး၊ စိတ်မခိုင်တဲ့ ဖြစ်ပုံများကို တွေ့မြင်ရတယ်၊ အချို့မှူးမတ်တွေက၊ လူမျိုးခြား ဘုရင်ဘက်သို့။ မယိုင်ဘဲ။ ခိုင်ခိုင်ကြီး နေကြပေလို့သာ၊ တော်ဘော်ကလေး ရှိတော့တယ်။ ။ တကယ်လို့သာ။ မြန်မာ မှူးမတ်တွေရှိသမျှ။ မိစ္ဆာလူမျိုးခြား၊ သိုဟန်ဘွား အလိုတော်အတိုင်း လိုက်ကြမယ်လို့ ဆိုပါလျှင် မြန်မာနိုင်ငံကို ကယ်ဆယ်လို့ ရတော့မှာ မဟုတ်တော့ဘူး။ စိတ်ခိုင်တဲ့ အမတ်များကိုလဲ ကျွန်ုပ်က ကျေးဇူးတင်ပါရဲ့။ ကိုယ့်နိုင်ငံတွင် ကိုယ့်အမျိုး ဘုရင်အုပ်စိုးတာကိုသာ နှစ်သက်ကြရမယ်။ ကိုယ့်အမျိုးချင်းချင်း ချီမြှောက် ပေးကမ်းတဲ့ ပန်းတပွင့်ကိုနှစ်သက်ကြပါ၊ လူမျိုးကွဲများက ချီးမြှင့်တဲ့ အသပြာ တသိန်းကို မစုံမက်ကြပါနှင့်။ ။ကိုယ့်အမျိုးချင်းချင်း ချီးမြှင့်တဲ့ ပန်းတပွင့်မှာ အဆိပ်မပါလို့ အန္တရာယ်ကင်းတယ် လူမျိုးခွဲတို့ ချီးမြှင့်တဲ့ အသပြာ တသိန်းမှာ အဆိပ်တွေပါလို့ အန္တရာယ် မကင်းဘူးလို့ အမြဲပင်သတိထားကြပါ။ ။(ဤသို့ မိန့်တော်မူရင်း။ မှူးမတ်များတို့မြင်အောင်။ယိမ်းနွဲ့ပါး ဓါးတော်ကိုဝင့်ပြီး၊) သိုဟန်ဘွား ရန်ညွန့်ကို ချီးရသဖြင့်။ ဘုန်းတန်ခိုး အစွမ်းကို ချီးမွမ်းလိုကြပါလျှင်။ ကျွန်ုပ်ကို မချီးမွမ်းကြပါနှင့်။ ဦးရီးဘော်ဘုရားရဲ့ လက်သုံးတော်ဖြစ်တဲ့။ သည် "ယိမ်းနွဲ့ပါး" ဓါးတော်ကို ချီးမွမ်းကြပါ။ သည်ဓါးကို အဖေါ်လုပ်ရသဖြင့်။ ကျွန်ုပ်ကိုယ်တိုင်။ သိုဟန်ဘွားအသက်ကို ကျွန်ုပ်ချေနိုင်ခြင်း ဖြစ်ရတယ်။ မြန်မာမျိုးများသည် ဓါးကို မမေ့ကြနှင့်။ ။(ဤသို့ အမိန့်ရှိတော်မူရာ။ မှူးမတ်များနှင့် ဗိုလ်မှူးများသည် ဓါးတော်ကို ဦးခိုက်ကြလေ၏။)

(ထိုနောက် မင်းကြီးရန်နောင်က မှူးမတ်တို့အား ဆက်လက်၍မိန့်ကြားတော်မူပြန်သည်မှာ။) မင်းကြီးတို့က ထီးနန်းကိုအပိုင်သိမ်းပြီး မင်းလုပ်တော်မူပါလို့ လျှောက်ကြတာ။ နှစ်သက်တဲ့ လူများဖြင့် ဝမ်းသာဘို့ကောင်းမှာပါဘဲ။ ။ထီးနန်းစည်းစိမ်ဆိုတာ ဘယ်အခါမှအန္တရာယ် မကင်းနိုင်ဘူး။ ရန်စွယ်ရန်ညောင့်၊ အမှောင့်ပရောဂတွေဟာ။ အမြဲမပြတ် တိုက်ရိုက်လာနေတဲ့ အလုပ်မျိုးဖြစ်တယ်။ ။သည်လိုရန်မျိုးတွေကို တွန်းလှန်ဖြိုဖျက် နိုင်ပေတယ်လို့၊ ပညာရှိသူတော်ကောင်းတို့က ချီးမွမ်းကြတာမဟုတ်ဘူး။ ကျွန်ုပ်တို့အတွင်းသန္တာန်မှာ လွန်စွာကြီးမှကျယ်တဲ့ ရန်သူတော်တွေ အမြဲခိုပုန်း၍ကြေတယ်။ အဇ္ဈတ္တရန်ကို တွန်းလှန်ဖြိုဖျက်နိုင်မှ ပညာရှိသူတော်ကောင်းတို့က ချီးမွမ်းကြတယ်။ ။တနိုင်ငံလုံးသိရှိကြတဲ့အတိုင်း မြန်မာပြည်၏ ရန်သူတော်ကြီးဖြစ်တဲ့ သိုဟန်ဘွား၏ရန်ကို ကျွန်ုပ်ကိုယ်တိုင် ဖြတ်ရှင်း၍ အောင်ခြင်းသို့ ရောက်သော်လည်း အတွင်းသန္တာန်မှာရှိတဲ့ ရန်သူတွေကို ကျွန်ုပ်မအောင်သေးဘူး။ အရှုံးပေးနေရတုံးရှိသေးတယ်။ တိုင်းရေးပြည်ရေးကို နေရာတကျ ပိပိပြားပြားရှိအောင် စီရင်အုပ်ချုပ်နိုင်သော်လဲ။ မိမိကိုယ် သန္တာန် တခုအတွင်းမှာ ပိပြားစွာအုပ်ချုပ်နိုင်ဘို့ အလွန်ခဲယဉ်းတယ်။ သည်ကိုယ်အတွင်းမှာရှိတဲ့ အုပ်ချုပ်ဘို့ အရေးအရာတွေဟာ။ တမ္ဘာလုံးမှာရှိတဲ့ နိုင်ငံရေးတွေထက် ကျယ်ဝန်းသေးတယ်။ နိုင်ငံရေးနှင့်ဆိုင်တဲ့ စီမံအုပ်ချုပ်မှုတွေကို လက်လွှတ်ပြီး၊ ကိုယ့်အတွင်းရေးနှင့် ဆိုင်တဲ့ အုပ်ချုပ်စီမံရေးတွေက၊ ကျွန်ုပ်မှာသာလို့ အရေးကြီးနေတယ်။ အဲ-သို့အတွက်ကြောင့် မင်းကြီးတို့ တောင်းပန်တဲ့အတိုင်း ထီးနန်းစည်းစိမ်ကို ကျွန်ုပ်အလိုမရှိဘူးလို့သာ အမြဲမှတ်ကြပေတော့။

# အခန်း (၃၇)

## အဝထီးနန်း အုပ်စိုးရေးကို စီစဉ်တော်မူခြင်း။

အဝရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူပါမည့် အကြောင်းနှင့် မှူးမတ်အပေါင်းတို့ ညွတ်ပြောင်းဝပ်တွား ခစားဦးနှိမ်ကာ အကြိမ်ကြိမ် တောင်းပန်ကြသော်လဲ မင်းကြီးရန်နောင်က လက်ခံတော်မမူဘဲ အကြိမ်ကြိမ် ပယ်တော်မူသည်တွင် မှူးမတ်များက ဘုရားကျွန်တော်များ တောင်းပန်ဝပ်တွားတိုင်းပင် အရှင်ဘုရား ပယ်တော်မူတော့သည်။ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ တည်ထောင် ဘန်ဆင်းတော်မူခဲ့တဲ့ အဝနေပြည်တော်ကြီးသည်။ မင်းမဲ့တိုင်းပြည် ဖြစ်ရသော့မှာလားဘုရား။ မင်းမရှိသော တိုင်းပြည်ဆိုသည်မှာ၊ ကမ္ဘာလောကဦ မတင့်တယ်ရုံမျှမက မင်းတပါးတို့လွှမ်းမိုး၍၊ အကျိုးဆုံးရှုံးလျက်၊ ပျက်ပြုန်းသည်ထက် ပျက်ပြုန်းခြင်းသို့သာ ရောက်ပါလိမ့်မည်။ ဘုရား့ကျွန်တော်မျိုးများမှာလဲ၊ အရှင်မှတပါး အားထားရန်မရှိတော့ပါ။ တကယ်လို့ ကျေးဇူးရှင်ဘုရားကြီး၊ ထီးနန်းကိုငြီးငွေ့တော် မူခဲ့ပါလျှင် သင့်လျော်မည့် မင်းလောင်းများကိုသာ ညွှန်ကြားတော်မူပါ။ အရှင်ညွှန်ကြားတော်မူပါလျှင် ဘယ်သူကိုပင် ဖြစ်စေကာမူ၊ သခင်မှတ်မှတ်နှင့် လေးမြတ်စွာရှိသေ၍၊ အုပ်စိုးသမျှကို မငြင်းမဆန်ဘဲခံကြပါမည်။ အဝနန်းတော်ကိုထောက်ထားသဖြင့်၊ မင်းလောင်း ညွှန်ကြားတော်မူပါဘုရား ဤကဲ့သို့ လျှောက်ထားကြလေ၏။

ထိုအခါပင်းကြီးရန်နောင်က စွဲကိုင်ထားသောဓါးကို လက်မှလွှတ်ချတော်မူကာ ခေတ္တငေးစိုက်၍ စဉ်းစားတော်မူပြီး အင်-းမင်းကြီးတို့လျှောက်တဲ့ စကားလဲမှန်ပါပေတယ်။ ကျွန်ုပ်ကြံစည်ထားရင်း နှလုံးသွင်းကိုပွင့်လင်းစွာ ဘွင့်လို့ပြောပရစေအုံး။ ။အဝနိုင်ငံကို ရှမ်းမိစ္ဆာသိုဟန်ဘွား အုပ်စိုးစကပင် အစဉ်သဖြင့် မြန်မာတို့က လက်ကလွှတ်သွားမည် စိုးသောကြောင့် တောင်ငူဘုရင် တပင်ရွှေထီးထံသို့ စေတမန်လွှတ်ပြီး၊ အဝနိုင်ငံကို ကြံစည်တော်မူပါမည့် အကြောင်းနှင့် အကြိမ်ကြိမ် လျှောက်တင်ဘူးတယ်။ တောင်ငူဘုရင် တပင်ရွှေထီးဟာ ဘုန်းတန်း ပညာနှင့် သမ္မာဂုဏ်ပြည့်စုံတဲ့ အာဇာနည်အစစ်ဖြစ်တဲ့ပြင် သိုက်ဝင်တပါး မှန်တဲ့အတိုင်းကျွန်ုပ် ကိုယ်တိုင်အားကိုးမိတယ်။ ။သို့ရာတွင် တောင်ငူဘုရင် တပင်ရွှေထီးက အဝနိုင်ငံတော်အတွက် များစွာအရေးမကြီးဘဲ၊ တလိုင်းနိုင်ငံဖြစ်တဲ့ ဟံသာဝတီနှင့် ပြည်မြို့အရေးမှာသာ အားကြီးစွာ ဂရုစိုက်တော်မူနေတယ်။ သို့အတွက် ကျွန်ုပ်၏လျှောက်ချက်ကို အလျှင်တဆော အရေးမယူဘဲ ရှိနေထာပေါ့။ ။တပင်ရွှေထီး အရေးကြီးတော်မူတဲ့အတိုင်း ရာမညတိုင်းတလိုင်း သုံးရပ်နှင့်တကွ သရေခေတ္တရာခေါ်တဲ့ ပြည်မြို့ကြီးကိုပင် လက်နက်နိုင်ငံအဖြစ်ဖြင့် သိမ်းပိုက်တော်မူမိပြီ။ အဝနိုင်ငံတော်ဟာလဲ တနေ့နေ့မှာ သူ့လက်တွင်းသို့ မယှဉ်းမုချရောက်ရမှာအမှန်ဘဲ။ အောက်နိုင်ငံတခွင်လုံးကို သိမ်းကျုံးမိပြီဆိုပါလျှင် အဝနိုင်ငံတော်ကြီးကို ပိတ်ဆို့ပြီး ဖြစ်နေပြီမဟုတ်လား။ သို့ရာတွင် တပင်ရွှေထီးဟာ အသက်အရွယ်ပျိုတုန်းမှာ၊ ဘုန်းအလွန်ကြီးတဲ့အတွက်၊ စိတ်ထင်တဲ့အရာကို အတင်းသာပြုလုပ်လေ့ရှိတယ်။ တန်ခိုးအာဏာမှာလဲ လွန်မွာကြီးလှတဲ့အတွက် ပညာရှိ

မှူးမတ်များကလဲ ဉာဏ်သွားတိုင်း လျှောက်ခွင့် မရကြဘူးလို့ ထင်မိတယ်။ တပင်ရွှေထီးရဲ့ ယောက်ဖတော်ကြီးဖြစ်တဲ့ သျှင်ရဲထွတ်ဟာလဲ ဘုန်း,လက်ရုံး,ပညာ, ပြည့်စုံစွာပါရှိတဲ့ အာဇာနည် ပုဂ္ဂိုလ်ထူးတဦးပါပေဘဲ။ အပါးတော်က သူ့အမြဲစောင့်ရှောက်ပေလို့သာ သင့်လျော်တော့တယ်။ သျှင်ရဲထွတ်ဟာလဲ သူ့ဘုန်းတန်ခိုးဖြင့်နိုင်ငံကိုအုပ်စိုး၍ လွှမ်းမိုးအုပ်ချုပ်နိုင်တဲ့ ဘုရင်တပါးဖြစ်လိမ့်မယ်လို့ထင်တယ်။ တပင်ရွှေထီးရဲ့လက်ထက်တော်မှာလား သျှင်ရဲထွတ်၏ လက်ထက်တော်မှာလား ခွဲခြားလို့ မသိနိုင်တော့ဘူး။ သူတို့လက်ထက်တခုခုမှာ၊ အဝနိုင်ငံတော်ကြီးကိုစိုးမိုးပိုင်သ အနိုင်ရတော်မူကြလိမ့်မယ်။ ။မပိုင်စိုးမှီအတွင်း သင့်လျော်တဲ့ပုဂ္ဂိုလ်ကို ကြည့်လိုက်တော့ အုံးပေါင်စော်ဘွားကြီးဟာ ဦးရီးတော် ရွှေနန်းကြော့ရှင်ဘုရား၏ ဘွားဘက်တော်ကြီးပမာ လွန်စွာကျေးဇူး များခဲ့ပေတယ်။ တိုက်ပွဲအမျိုးမျိုးမှာ အုံးပေါင်စော်ဘွားကြီး ပါစမြဲဖြစ်တယ်။ မြန်မာဘုရင် ရွှေနန်းရှင်၏ ကျေးဇူးသစ္စာကို လွန်စွာသိတတ်တဲ့ စော်ဘွားကြီးဖြစ်ပေတယ်။ ဦးရီးတော်ရွှေနန်းဘုရား ကျဆုံးတော်မူတဲ့ စစ်ပွဲမှာပင် ပါပင်တိုက်ခိုက်လျက်ရှိပေတယ်၊ ဦးရီးတော်ဘုရား ကျဆုံးတော်မူမှ အားလျော့ပြီး သူ့မြို့ပြန်သွားရှာတယ် ထီးရုံနန်းရုံဘုရင်ကလေးဖြစ်တဲ့အတိုင်း ချီးမြှင့်မြှောက်စားခြင်းငှါ ထိုက်တန်တဲ့ ဂုဏ်နှင့်လဲပြည့်စုံတယ်။ အဲ-သို့အတွက်ကြောင့် အဝနေပြည်တော်ကြီးမှာ မင်းမဲ့နေတဲ့အခါ အုံးပေါင်စော်ဘွားကြီးကိုပင် ဘုရင်မြှောက်ကြပေတော့။

မင်းကြီးရန်နောင်က ဤသို့အမိန့်တော်ရှိရာ မှူးမတ်များက ပယ်ရှားကန့်ကွက်ခြင်းမရှိဘဲ၊ "သင့်လျော်ပါသည်ဘုရား"ဟု လျှောက်တင်ကြလေ၏။

ထိုအခါ အုံးပေါင်စော်ဘွားကြီးနှင့် ဆက်သွယ်နေသော အမတ်ကြီးတပါးက "လျှောက်တင်ပါရစေဘုရား မူလအုံးပေါင်စော်ဘွားကြီး မရှိတော့ပါ မကြာခင်က တနိစ္စရောက်သွားပါပြီ။ အုံးပေါင်မြို့မှာ မူဟစော်ဘွားကြီး၏ သားဖြစ်သူ "ခုံမှိုင်းငယ်"စိုးအုပ်၍ နေပါသည်ဘုရား။

(မင်းကြီးရန်နောင်) မူလစော်ဘွားကြီး မရှိသော်လဲ သားဖြစ်သူ "ခုံမှိုင်းငယ်"ကိုပင်၊ အဝရွှေနန်းကိုတင်ကြပေတော့ ယခုစော်ဘွားလုပ်နေတဲ့ "ခုံမှိုင်းငယ်"ဟာလဲ သူ့ဘခင်စော်ဘွားကြီးနှင့်အတူ မြန်မာဘုရင်ကိုကူညီတဲ့ စစ်ပွဲအမျိုးမျိုးတွင် ပါဝင်ခဲ့ကြောင်း ကောင်းစွာကျွန်ုပ်သိပြီးဖြစ်တယ်။ မကြမှီပင်သင့်လျော်တဲ့ မှူးမတ်များ အုံးပေါင်စော်ဘွား ထံသို့သွားပြီး ပင့်ဆောင်ကြိုယူကြပေတော့ ကျွန်ုပ်မှုကား နိုင်ငံ၏တာဝန်ကိုပယ်ဖြုပ်၏။ ကိုယ်ရေးကိစ္စအလုပ်နှင့်သာ ချမ်းသာစွာနေထိုင်တော့မယ်။

မှူးမတ်များလည်း မင်းကြီးရန်နောင်၏ အမိန့်စကားအတိုင်း အုံးပေါင်စော်ဘွားကိုချီပင့်ရန် တပ်နှင့်တကွ ရှမ်းပြည်သို့ စေလွှတ်ကြလေ၏။

အုံးပေါင်စော်ဘွားထံသို့ ဆိုက်ရောက်ကြ၍ အကြောင်းမျိုးစုံ လျှောက်ထားကြသောအခါ အုံးပေါင်စော်ဘွားခုံမှိုင်းငယ်က "ကျေးဇူးရှင်ဖြစ်တော်မူတဲ့ မင်းကြီးရန်နောင်က ညွှန်ကြားတိုက်တွန်းတော်မူတဲ့အတိုင်း အဝ နေပြည်တော်ကြီး၌ မင်းပြုရန် ပင့်ဆောင်ဘို့ ရောက်လာကြသည်များကို အထူးပင် ဝမ်းမြောက်လှပါတယ်။ သို့ရာတွင် အဝထီးနန်းသည် ဘုန်းတန်ခိုးကြီးမားသော ဘုရင်တို့နှင့်သာ ဆိုက်တန်ပါသည်။ ကျွန်ုပ်တို့မှာ ထီးရန်နန်းရန် ပဒေသရာဇ် ကလေး

မျှသာ ဖြစ်ပါသည်။ တိုင်းကြီးပြည်ကြီးကို အုပ်ချုပ်၍လာသော ကေရာဇ်ဘုရင်မျိုး မဟုတ်ပါ။ သို့ဖြစ်၍ အဝထီးနန်းကို အုပ်စိုးရန်မထိုက်တန်ပါ။ ဘုန်းကြီးတဲ့သူတို့၏စံရာဌာနတွင် ဘုန်းနည်းသောသူတို့စံနေလျှင် ဘုန်းပိ၍ပျက်စီးတတ်ပါသည်။ သို့ဖြစ်သောကြောင့် အဝနေပြည်တော်သို့ မလိုက်ရန် တောင်းပန်ပါသည်။ မင်းကြီးရန်နောင်သာလျှင် အဝရွှေနန်းနှင့် အထိုက်တန်ဆုံး ဖြစ်ပါသည်။ မင်းကြီးရန်နောင် စိုးစံတော်မူခဲ့ပါလျှင် ကျွန်ုပ်တို့က ထို အုံးပေါင်မြို့က နေ၍ ခမည်းတော် အုံးပေါင်စော်ဘွားကြီး၏နည်းအတိုင်း သက်စွန့်ကြိုးပမ်းအမှုတော်ကိုထမ်းပါမည်။ ကျေးဇူးရှင်မင်းကြီးရန်နောင်ကို သည့်အတိုင်းပင် လျှောက်တင်လိုက်ကြပါ" ဤသို့ ပြောကြား တောင်းပန်ပြီးလျှင် လက်ဆောင်ပဏ္ဏာများစွာ ပေးကမ်း၍ မြန်မာမှူးမတ်များကို ပြန်၍လွှတ်လိုက်လေသည်။

အဝမြို့တော်သို့ မြန်မာမှူးမတ်များ ပြန်လည်ဆိုက်ရောက်လာကြသောအခါ၊ အုံးပေါင်စော်ဘွား၏ စကားအလုံးစုံကို မင်းကြီးရန်နောင်သို့ လျှောက်သော် "အင်း-အုံးပေါင်စော်ဘွားကလေးဟာ အလွန်လိမ္မာပါပေတယ်။ သူပြန်ကြားလိုက်တဲ့စကားနှင့်ပင် အဝ ရွှေနန်းကိုအပ်ဘို့သင့်လျော်ပေတယ်။ ထီးနန်းစည်းစိမ်ကို စံစားလိုသော်လဲ အလိုရမက် ပြင်းသို့ မထွက်စေဘဲ ရုတ်တရက် ပြောကြားလိုက်တဲ့စကားများဟာ အလိမ္မာဂုဏ်နှင့် ပြည့်စုံပါပေတယ်။ အုံးပေါင်စော်ဘွားထံသို့ တဘန်ထပ်၍ သွားကြအုံး၊ ကျွန်ုပ်၏စကားနှင့် အတင်းအကြပ် လျှောက်တင်၍ ပါအောင်ချီပင့်ခဲ့ကြရမယ်" ဤသို့ အမိန့်ရှိပြီးလျှင် မှူးမတ်များကို အုံးပေါင်မြို့သို့ ထပ်မံ စေလွှတ်တော်မူပြန်လေ၏။ ထိုအခါ အုံးပေါင်စော်ဘွားခုံမှိုင်းလည်း မင်းကြီးရန်နောင်၏စကားကို ငြင်းပယ်ခြင်းမပြုတော့ဘဲ ရှမ်းပြည်မှ အခြွေအရံပေါင်းများစွာနှင့် အဝနေပြည်တော်သို့ လိုက်ပါ၍ လာခဲ့လေ၏။

အုံးပေါင်မြို့မှာ ညီကို စော်ဘွားအရာ၌ခန့်ထားခဲ့၍ မိုးဗြဲမြို့မှာ သားတော်ကိုစော်ဘွားရာထူးဖြင့်ချီးမြှင့်ခဲ့သည်။ အုံးပေါင်စော်ဘွား အဝနေပြည်တော်သို့ချီလာခဲ့ရာ၊တိုက်ဆင်(၁၀၀) စစ်မြင်း(၄၀၀၀)၊ ရှမ်းစစ်သည်သူရဲ (၅၀၀၀၀)ပါလာသည်။

အဝနေပြည်တော်သို့ ဆိုက်ရောက်လျှင် မင်းကြီးရန်နောင်ကိုယ်တိုင် ကြီးကြပ် အုပ်ချုပ်၍ အုံးပေါင်စော်ဘွား ခုံမှိုင်းငယ်ကို နန်းတင်လေသည်။ ထိုစော်ဘွားကလေးမှာ ထီးနန်းစိုးအုပ်ရန် အထူးကြံစည်ရသည်မဟုတ်ဘဲ မင်းကြီးရန်နောင်၏ ကျေးဇူးကြောင့် လွယ်လွယ်ကူကူ ထီးနန်းစည်းစိမ်ကို ခံစားရလေသည်။ မင်းကြီးရန်နောင်သည် သူတပါးတို့၏ကျေးဇူးကို အထူး သိတတ်၍ ကျေးဇူးဆပ်တတ်သော စိတ်သဘောရှိသောအတိုင်း ဦးရီးတော်ရွှေနန်းကြော့ရှင် ဘုရင်နရပတိကို အကြိမ်ကြိမ် ကူညီသော ကျေးဇူးဂုဏ်ကို ထောက်သောအားဖြင့် ထီးနန်းအပ်ခြင်း ဖြစ်လေသည်။

"သက္ကရာဇ် မှတ်ချက်"

သိုဟန်ဘွားကို မင်းကြီးရန်နောင် လုပ်ကြံ၍ အဝနိုင်ငံကို မြန်မာတို့ပြန်ရသော သက္ကရာဇ် (၉၀၄)ကိုးရာ့လေးခုနှစ် ဖြစ်သည်။ ထိုသက္ကရာဇ် ဝါဆိုလမှာပင် အုံးပေါင် စော်ဘွားကလေး အဝထီးနန်းကို အုပ်စိုးသည်။ ထိုအခါ မင်းကြီးရန်နောင်၏ အသက်သည် ၃၆-နှစ်မျှသာ ရှိသေး

သည်။ မင်းကြီးရန်နောင်သည် လက်တွင်းသို့ရောက်ပြီးသော ထီးနန်း စည်းစိမ်ကို လက်လွှတ်၍၊ တရားအာရုံကို အမြဲထုံနေသော ပုဂ္ဂိုလ်အထူးအဆန်း အာဇာနည်အမှန်ဖြစ်ပေသည်။

အုံးပေါင်စော်ဘွား နန်းတက်သောအခါ မင်းကြီးရန်နောင်အား ပြည်အလုံးကို လွှဲအပ်ပြီးလျှင် အလိုတော်အတိုင်း အုပ်ချုပ်တော်မူပါဟု လွှဲအပ်ပြန်လေသည်။ မင်းကြီး ရန်နောင်က အမိန့်ရှိသည်မှာ ကျွန်ုပ်သည် နိုင်ငံဝန်ကိုမထမ်းလိုသောကြောင့် လက်တွင်းသို့ ရောက်ပြီးဖြစ်တဲ့ ထီးနန်းစည်းစိမ်ကို အသင်အုံးပေါင်စော်ဘွားအား အပ်နှင်းခဲ့ပါသည်။ တိုင်းပြည်နိုင်ငံရေးနှင့် စပ်လျဉ်း၍ တစုံတရာမျှ မဆောင်ရွက်လိုပါ။ အကျွန်ုပ်သတိပေးလိုသည်မှာ မြန်မာပြည်ကို အုပ်စိုးရာတွင် မြန်မာတို့ သဘောကျအတိုင်း လိုက်နာ၍စိုးအုပ်ပါ။ သာသနာကိုလည်း ရှိသေသည်ထက် တိုး၍ ရှိသေပါ။ ရဟန်းသံဃာတော်တို့အား စောင့်ရှောက်ရန် ဝတ်တရား များကို မေ့လျော့ခြင်း မရှိပါစေနှင့်။ ရဟန်းသံဃာတော် အပေါင်းတို့ကြည်သာခြင်းကို ခံရပါလျှင် မြန်မာတနိုင်ငံလုံး ကြည်ညိုကြလိမ့်မည်။ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ ကြည်ညိုခဲ့ပါလျှင် ဘုန်းကြီးသက်ရှည်၍ ရွှေနန်းစည်းစိမ် တည်ပါလိမ့်မည်။ ဤကဲ့သို့ သတိပေးစကားညွှန်ကြားလေသည်။

## "မင်းကြီးရန်နောင် ရဟန်းပြုတော်မူခြင်း"

အဝဘုရင်ခုံမှိုင်းလည်း ကျေးဇူးရှင် မင်းကြီးရန်နောင်၏စကားကို မပယ်ရှားပါ။ မတိမ်း မယိမ်းအောင် လိုက်နာပါမည်ဟုဝန်ခံလေ၏။ မင်းကြီးရန်နောင်လည်း အဝ ဘုရင်သစ်ဖြစ်သော ခုံမှိုင်း၏ အုပ်စိုးပုံကို တနှစ်ခန့်မျှ စောင့်၍ ကြည့်ရှုပြီးလျှင် သာသနာနှင့် မြန်မာနိုင်ငံအတွက် စိတ်ချလောက်ပြီဟု ထင်သောနေ့တွင် ရဟန်းပြုရန် သန္နိဋ္ဌာန်ချထားရင်းရှိသောအတိုင်း မှူးကြီး မတ်ကြီးများကို ခေါ်ပြီးလျှင် ဆုံးမစကား ဤသို့ပြောကြား မိန့်ဆိုတော်မူလေသည်။

(မင်းကြီးရန်နောင်) မင်းကြီးတို့။ ယခုအဝရွှေနန်းကြီးမှာ ဘုရင်သစ်တပါးတင်မြှောက်ခြင်းကိစ္စ ပြီးသွားပြီ။ ယခုဘုရင်သင်မှာ ရှမ်းလူမျိုးပင်ဖြစ်သော်လည်း သာသနာကိုကြည်ညိုလေးမြတ်၍ မြန်မာလူမျိုးတို့အပေါ်တွင် ချစ်ခင်အားကိုးတဲ့ပုဂ္ဂိုလ် မှန်ပါပေတယ်။ မင်းကြီးတို့ကလဲ ဤမြွေရရနှင့် ခစားကြပါ။ မြှောက်လားပင့်လားနှင့် စိတ်နေစိတ်ထား ပြောင်းလဲ သွားအောင် သွေးဆောင်ခြင်း မပြုကြပါနှင့်။ အလိုအကြိုက်ကို လိုက်သင့်မှလိုက်နာကြပါ။ မြန်မာ မှူးမတ် အချင်းချင်း သင်းပင်းကွဲပြားခြင်းလဲ မဖြစ်ပါစေနှင့်။ ယခုအုပ်စိုးခြင်းမှာ ရှမ်းမှူးမတ်တွေ မဝင်စေဘဲ မြန်မာတို့သဘောကျအတိုင်း အုပ်စိုးရခြင်းဖြစ်နေပြီ။ သည်နည်းအတိုင်း မပျက်ကြပါစေနှင့်။ ကျွန်ုပ်မှာတော့ လူ့ဘောင်ကိုမျက်နှာလွှဲ၍ ရခဲတဲ့ရဟန်းဘဝသို့ လှမ်းရတော့မယ်။

(ထိုအခါ မှူးမတ်များက) ရဟန်းဘဝဆိုတာ လွန်စွာ မြင့်မြတ်ကြောင်းကိုလဲ သိကြပါတယ်။ တားမြစ်နှောက်ယှက်ကောင်းတဲ့ အရာမျိုးလဲမဟုတ်ပါဘူး။ သို့ရာတွင် မြန်မာနိုင်ငံကို သနားသဖြင့် အနည်းဆုံး သုံးနှစ်မျှ ဆိုင်းငံ့တော်မူစေချင်ပါသည်။ သုံးနှစ် လွန်တဲ့အခါ အရှင့်ဆန္ဒတော်အတိုင်း ထွက်မြောက်တော်မူပါဘုရား။

(မင်းကြီးရန်နောင်) ကုသိုလ်ရေးမှာ မနှေးစကောင်းဘူးတဲ့ မင်းကြီးတို့။ သုံးနှစ်ဆိုတဲ့ ခေတ်ကာလကြီးဟာ ကုသိုလ်ရေးနှင့်စာလျှင် လွန်စွာကြာမြင့်ပါတယ်။ သည်သုံးနှစ်အတွင်းမှာ သေမင်း၏ စစ်တပ်များကို တားဆီးနိုင်ကြပမလား။ ရှမ်းမိတ္တာသိဟန်ဘွားကို မတရား လွန်းတဲ့ အတွက် အသက်နှင့်တကွ၊ လုပ်ကြံပြီးတဲ့နေ့ကပင် အဆောတလျင် တောဝင်၍ ရဟန်းပြုချင်တဲ့ စိတ်မျိုးတွေဟာ တားဆီး၍ မရနိုင်လောက်အောင် ပေါ်ပေါက်၍ နေပါသည်။ ယခုလောက် အချိန်ကြာသည်ကိုပင် လွန်စွာ နှမြောတော်မူလှပေါ့။ မင်းကြီးတို့ မတားဆီး ကြနှင့်တော့။ ကုသိုလ်ရေးကို ကန့်ကွက်၍ အနှောက်အရှက်ပြုခဲ့ပါလျှင် အကုသိုလ်တရား အလိုင်းတကြီး ပွါး များတတ်တယ်။ ကဲ-သွားကြပေတော့။

ဤကဲ့သို့ မိန့်တော်မူရာ၊ မှူးမတ်တို့လည်း နောက်ထပ်၍ လျှောက်တင်တောင်းပန်ခွင့်မရ ဘဲ အပါးတော်မှ ထွက်ခွါသွားကြလေ၏။ ထိုညမှာပင် မင်းကြီးရန်နောင်သည် အသင့်ရှာမှီး ထားသော ပရိက္ခရာရှစ်ပါးကိုလွယ်ပြီးလျှင် မည်သူ့အားမျှ ပြောကြားခြင်းမရှိဘဲ အိမ်တော်မှ ထွက်သွားတော်မူလေ၏။

သုံးလေးလတိုင်တိုင် မင်းကြီးရန်နောင်၏သတင်းများကို မကြားရဘဲနေကြရာ၊ တိုနောက်မှ မက္ကရာတောကြီးအတွင်းမှာ ဖန်ရည်ဆိုးစွမ်း သင်္ကန်းဝတ်ဆင်တော်မူကာ၊ ကောစာရီ ယောဂီတို့ ထုံးဖြင့် ကျင့်သုံးမွေ့လျော် သီတင်းသုံးနေတော်မူသည့်အကြောင်းကို အဝ နေပြည်တော်ကြီးမှ ကြားသိကြရကုန်၏။ ဖူးမျှော်ကြရန် သွားရောက်ကြပါသော်လည်း တယောက်သော သူကိုမျှ အတွေ့ခံတော်မမူဘဲ တတောမှတတော၊ တတောင်မှတတောင်သို့ ပြောင်းကူးကြွသွားတော်မူပြီး လျှင် သစ်တပင်နား၊ ဝါးတပင်ရင်း ကျောင်းကန်ကင်းလျက် သီတင်းသုံးနေတော်မူလေသတည်း။

မင်းကြီးရန်နောင်သည် လူ့ဘောင်တွင်နေစဉ်အခါ၌လည်း သူတပါးတို့လိုက်၍မမှီအောင် စွမ်းအန်သတ္တိ ရဲရဲငြိသော သဘောမျိုးဖြင့် စံနေတော်မူခဲ့လေသည်။ လူဝတ်ကိုခွါရှောင်၍ ရဟန်း ဘောင်သို့ တက်လှမ်းတော်မူသောအခါ၌လည်း အရညကင်ဓုတင် တောမှီ ယောဂီပုဂ္ဂိုလ် ပြီသ စွာနှင့် ပဓါနအလုပ်ကို အစွမ်းကုန်အားထုတ်တော်မူပေသည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုး ပေါ် ပေါက်ရန်မှာ ကမ္ဘာပေါ်တွင် လွန်စွာခဲယဉ်းလှပေသည်။

(မှတ်ချက်။ ။ရဟန်းပြုပြီးသည်နောက် မင်းကြီးရန်နောင်၏အကြောင်းအတ္တုပ္ပတ္တိများ ကို ရာဇဝင်နှင့်တကွ၊ စာဟောင်းပေဟောင်းတို့၌ တစုံတရာမျှမတွေ့ရတော့ချေ။ ဤကဲ့သို့သော ပုဂ္ဂိုလ်မြတ်ကြီးတို့၏ အတ္တုပ္ပတ္တိများကို နောင်လာနောက်သားတို့ မှတ်သားကြရန် ရေးသား ထားခဲ့ခြင်း ရှိပါမူကား လွန်စွာ ကောင်းလေစွ။)

အဝမြို့တွင် မင်းမြောက်ခြင်းကို ခံရသော ဘုရင်ခံမှိုင်းသည်ကား၊ လိမ္မာရေးခြား၍ အကင်းပါးသောသူဖြစ်သောအတိုင်း မိမိအုပ်စိုးစဉ်အခါ မြန်မာများကိုသာ အထူး အရေးပေး လေသည်။မြန်မာမှူးမတ်ပညာရှိတို့၏ အစီရင်တိုင်းပင်လိုက်နာ၍ အုပ်ချုပ်တော်မူသည်။ သာသ နာကိုလည်း ရိုသေလေးမြတ်စွာ ချီးမြှင့်တော်မူသည်။ ဤကဲ့သို့ မြန်မာနှင့်သာသနာကို အရေး တယူ အလေးတမူ အုပ်ချုပ်သောကြောင့် ဘုရင်ခံမှိုင်းကို မြန်မာတို့က များစွာပင် ကြည်ညို နှစ် သက်ခြင်း ဖြစ်လာကြလေသည်။

ရှမ်းနွယ်ဇာတိဖြစ်သော ခံမှုင်းသည် မြန်မာဘုရင်တို့၏ ထီးနန်းအလေ့အလာအတိုင်း နေထိုင်၍ အုပ်စိုးရာတွင် "မြန်မာဘုရင်တို့၏ အမှုအရာများသည် ခမ်းနား၍ ယဉ်ကျေးစွာနှင့် ကြီးကျယ်လှပေသည်။ ကေရာဇ်ပီလှပေသည်။ မြန်မာလူမျိုးတို့လည်း အထူးသဖြင့်သိမ်မွေ့ယဉ်ကျေးစွာနှင့် တရားပြည့်ဝသောသူများ ဖြစ်ကြပေသည်"ဟု ဆင်ခြင်မိလေ၏။ ထိုအခါ မိမိကိုယ်တိုင်ပင် ရှမ်းမျိုး၌ဖြစ်ခဲ့ရသည်ကို အောက်ကျသိမ်ငယ်သည်ဟု အထင်ရောက်လာသဖြင့်၊ မိမိ ကိုယ်တိုင်ပင် မြန်မာ၏ အမှုအရာများကို အလုံးစုံ အတုယူလေသည်။ ရှမ်းဟူ၍ခေါ်သည်ကိုပင် မနှစ်သက်နိုင်သကဲ့သို့ဖြစ်လေ၏။ အတွင်းတော် အမှုထမ်းမှစ၍ မြန်မာများကိုသာ ခန့်ထားလေ၏။ ရှမ်းများကို ရင်းနှီး၍ ကြီးကျယ်သောရာထူးများကို မပေးချေ။ စစ်သည်တော်အမှုထမ်း၌သာလျှင် ရှမ်းများ ခန့်ထားလေသည်။

ဤကဲ့သို့ဖြစ်လေရာ၊ မြန်မာတို့ကလည်း များစွာပင်နှစ်သက်ကြလေသည်။ မြန်မာဘုရင်တို့လက်ထက်က အရိုးအစဉ်အားဖြင့် အမှုထမ်းလာခဲ့ကြသော သူများကိုလည်း ရှေ့တိုက်စာရင်းသွင်းထားသောအတိုင်း ရွေးချယ်ခန့်ထားတော်မူသည်။ လက်ရုံးရည်ဘက်က ချွန်သော မြန်မာများကိုလည်း အထူးသဖြင့် ချီးမြှင့်မြှောက်စားတော်မူသည်။

## လက်ရုံးချွန်သော ပုဂ္ဂိုလ်ထူးနှစ်ဦး။

ထိုလက်ထက်အခါ သူရသတ္တိဂုဏ်နှင့် နှလုံးရည်ချွန်သော ပုဂ္ဂိုလ်ထူးနှစ်ဦး ရှိသည်၊ ထိုနှစ်ဦးမှာ (၁)စလင်း-စည်သူကျော်ထင် (၂)ပုဂံ-သတိုးတို့ဖြစ်ကြလေသည်၊ ထိုပုဂ္ဂိုလ်နှစ်ဦးသည် ညီအစ်ကိုပင်ဖြစ်ကြ၏၊ စလင်းစည်သူကျော်ထင်သည် စလင်းမြို့ကို အုပ်စိုး၍ နေရ၏၊ ပုဂံသတိုးသည် ပုဂံမြို့ကို အုပ်စိုး၍နေရ၏။ ။ထိုပုဂ္ဂိုလ်နှစ်ဦးတို့တွင် စလင်းစည်သူကျော်ထင်က သာလွန်၍ ထူးကဲသောပုဂ္ဂိုလ်ဖြစ်ပေသည်၊ လက်ရုံးရော,နှလုံးရော,ဂုဏ်နှစ်မျိုးနှင့် ပြည့်စုံသူ ဖြစ်ပေသည်။

စည်သူကျော်ထင်ကို အဘယ့်ကြောင့် စလင်းကို အပိုင်စားပေး၍ ထိုစလင်းမြို့၌ နေစေသနည်း ဆိုသော် ပြည်မြို့နှင့်နီးသောကြောင့်, တပ်ဦးကျသောကြောင့် အရေးရှိလျှင် သူရသတ္တိနှင့် ရွတ်ရွတ်ချွန်ချွန် ခုခံဆီးဆို့ တိုက်ခိုက်စေရအောင်စည်သူ ကျော်ထင်အားစလင်းမြို့၌ အမြဲထားခြင်းပင်ဖြစ်သည်၊ အရေးရောက်သောပုဂ္ဂိုလ်ဖြစ်၍ အရေးကြီးသောမြို့၌ထားသည်ဟုဆိုလိုသည်။

ထိုစဉ်အခါ၌ အဝမြို့နှင့် ပြည်မြို့သည် အကြီးအကျယ် တိုက်ခိုက်၍ နေသောကြောင့် စလင်းမြို့မှာ အရေးကြီးနှင့် လုံခြုံခိုင်ခံ့သော ခံတပ်များကိုပြုလုပ်၍ ထားလေသည်၊ စလင်းမြို့မှ ဆန်,စပါးများစွာထွက်သောကြောင့် ပြည်မြို့နှင့် စစ်တိုက်ရာတွင် စလင်းမြို့သည် ရိက္ခာထောက်သောမြို့ ဖြစ်ပေသည်၊ စကုမြို့မှာ ထိုအခါ စလင်းမြို့၏ လက်အောက်ခံဖြစ်သည်။

(မှတ်ချက်။ ။စလင်း စည်သူကျော်ထင်၏ အကြောင်းများသည် မကြာမီ ဤတပင်ရွှေထီးဝတ္ထု၌ ထင်ရှားစွာပါလာလိမ့်မည်၊ သို့ဖြစ်၍ ယခုကပင် တင်ကြို၍ စလင်းစည်သူကျော်ထင်၏ အကြောင်းများကို ရေးသားရပေသည်။ ။စလင်းစည်သူကား သာမာန်ပုဂ္ဂိုလ်မဟုတ်၊ ဘုရားမြင်စကပင် မင်းဇာတာပါ၍ လာသောကြောင့် ဒုက္ခအမျိုးစုံတို့နှင့် တွေ့ကြုံရသော်လည်း သေဆုံးပျက်စီးခြင်းသို့ မရောက်ဘဲ နောင်အခါ အဝမြို့တော်တွင် ဘုရင်တပါး ဖြစ်လာမည့်သူပေတည်း။)

# အခန်း (၃၈)

## ပြည်မြို့၌ စစ်ပွဲကြီးတကြိမ် ဖြစ်ပြန်ခြင်း။

အဝဘုရင်"ခုံမှိုင်"သည် မြန်မာဘုရင်တို့၏ စိတ်နေ့,စိတ်ထားအတိုင်း မြန်မာနိုင်ငံတော်ကို အုပ်ချုပ်ရသောအခါ ကေရာဇ်စိတ်ဝင်ပြီးလျှင် နိုင်ငံချဲ့ထွင်လိုသော ဆန္ဒများ ပေါ်ပေါက်လာလေ၏၊ တောင်ငူဘုရင် တပင်ရွှေထီး ရန်ကိုလည်း အမြဲစိုးရိမ်၍ နေရသောကြောင့် တပင်ရွှေထီး၏ရန် တွန်းလှန်ဖြိုဖျက်ခြင်းမပြုနိုင်သမျှကာလပတ်လုံး မိမိ ထီးနန်းစည်းစိမ်များသည် ခိုင်မြဲ တည်တန့်မည်မဟုတ်၊ နိုင်ငံတော် အဝှန်းလည်း ကျယ်ဝန်းနိုင်မည် မဟုတ်၊ ဤအချက်ကိုလဲ ကောင်းစွာသိရှိလေလည်း။ ။ထိုပြင်လည်း မိမိအုပ်စိုး၍နေသော အထက်မြန်မာနိုင်ငံအားမျှနှင့် တပင်ရွှေထီး၏ရန်ကို တွန်းလှန်ဖြိုဖျက်နိုင်မည်မဟုတ်၊ ရှမ်းစော်ဘွားတို့နှင့် ပေါင်း၍ အားကြီး, အင်ကြီး ဘိဘိစီးစီး တိုက်ခိုက်နိုင်မှ သင့်လျော်မည်ဆိုသောအချက်ကိုလဲ စဉ်းစားမိလေ၏။

ဤသို့ အကြံဖြစ်သည်နှင့် စလင်းစည်သူကျော်ထင်, ပုဂံသတိုးတို့နှင့် တကွ မှူးမတ်များကို မြေနန်း၌ အစည်းအဝေးကြီးပြုလုပ်ပြီးလျှင် ပြည်မြို့အရေးနှင့်စပ်လျဉ်း၍ အရေးကြီးစွာ တိုင်ပင်တော် မူသည်မှာ

(အဝဘုရင်ခုံမှိုင်း) မင်းကြီးရန်နောင်၏ ကျေးဇူးတော်ဟာ ဆပ်လို့ မကုန်နိုင်အောင်ပင် များတော့သည်၊ ကျေးဇူးရှင်ကြီး ချီးမြှင့်မြှောက်စားတော် မူခဲ့ပေသည့်အတွက် ထီးရိုး, နန်းရိုး အမျိုးစဉ်ဆက် မဟုတ်သော်လဲ မြန်မာနိုင်ငံကိုစိုးအုပ်၍ နေရပေတယ်၊ စိုးအုပ်၍နေပြန်ရာ မြန်မာတို့၏မေတ္တာ, သာသနာတော်၏တန်ခိုးကြောင့် အုပ်စိုးနေစဉ်အခါမှာ တိုင်းပြည် သာယာ၍ လူအများလဲ ချမ်းသာကြတယ် မဟုတ်လား၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးဟာ လွန်စွာ ကြီးကျယ်လှပါပေတယ်။

(မှူးမတ်များ) ရတနာသုံးပါး၏ဂုဏ်ကို ယုံယုံကြည်ကြည်နှင့်ဦးခိုက်၍နေခဲ့ပါလျှင် ဘယ်အခါမှ တန်ခိုးနှိမ်းညှိုးလေ့မရှိနိုင်ပါ၊ အရှင် မင်းကြီးရန်နောင်၏ ဂုဏ်ကျေးဇူးဆိုရာမှာလဲ ဘုရင်မင်းမြတ်တပါးအပေါ်မှာသာ ကျေးဇူးကြီးသည်မဟုတ်ပါ၊ မြန်မာတနိုင်ငံလုံးအပေါ်မှာ လွန်စွာ ကျေးဇူးကြီးတဲ့ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပါပေတယ်၊ အရှင်မြတ်ကြီး ကယ်တော်မူပေလို့သာ စောစောစီးစီးကသာ ယခုလို နိုင်ငံကိုမျက်နှာလွှဲ၍ တော,တောင်သို့ ပုန်းရှောင် ထွက်သွားခဲ့ပါလျှင် မြန်မာနှင့်သာသနာဟာ တခါထဲလက်စပြုတ်၍ တိမ်မြုပ်ပြီးအမှန်ပါဘုရား။

(အဝဘုရင်) မှန်ပေတယ်၊ သိုဟန်ဘွားရဲ့ အုပ်စိုးပုံဟာ လွန်စွာရိုင်းတာကလား၊ နိုင်ငံ၏ အကြိုက်ကို လိုက်တယ်လို့ မရှိတော့ဘူး၊ စိတ်ရင်းကမိစ္ဆာမို့ သာသနာတော်၏ အဘိုးတန်ကြောင်းကိုလဲ မသိဘူး၊ သိုဟန်ဘွားပျက်စီးရခြင်းအကြောင်းမှာ ကျေးဇူးရှင် မင်းကြီးရန်နောင်၏ လက်ချက်ကယ်လို့မဆိုထိုက်ပါဘူး၊ မိုက်မဲဆိုးဝါးတဲ့ သူ့အကုသိုလ်ကံတရားတို့က ကမ္ဘာပေါ်မှာ မထားနိုင်ဘဲ အလျှင်အမြန်စီရင်လိုက်တယ်လို့ ဆိုထိုက်တာပါဘဲ။

(မှူးမတ်များ) တရားတော်အတိုင်းဆိုတော့ မှန်လှပါသည်၊ အများ မနှစ်သက်အောင် ဆိုးဝါးတဲ့သူများဟာ အများမကြည်ဖြူ နတ်လူမုန်းထားသဖြင့် အထင်အရှား တရားက စီရင်စမြဲပါဘဲ ဘုရား။

(အဝဘုရင်) ကျေးဇူးရှင် မင်းကြီးရန်နောင်ဟာ လက်တွင်းသို့ ရောက်ပြီးတဲ့ ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ပြီး အထွဋ်မြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်နန်းကိုရည်မှန်း၍ တောထွက်တော်မူသည်မှာ လွန်စွာချီးမွမ်းထိုက်ပါပေတယ်၊ ယခုအခါဘယ်အရပ်ဌာနမှာ သီတင်းသုံးတော်မူတတ်လို့ ကြားကြပါရဲ့လား။

(မှူးမတ်များ) သတင်းမကြားဘဲ သုံးလကျော်ကျော် တိမ်မြုပ်တော်မူနေပြီးတော့ ယခုအခါ မက္ခရာတောထဲမှာ ကေစာရီတောကိုမှီ၍ ယောဂီတို့အလေ့ဖြင့် လူတွေ့မခံဘဲ သီတင်းသုံးတော်မူနေကြောင်းကို ကြားရပါတယ်ဘုရား။

(အဝဘုရင်) သည်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များကို ကြည်ညိုစွာဖူးမြင်ရပါလျှင် မျက်မှောက်ဒိဋ္ဌ လှလှကြီး အကျိုးပေးနိုင်တယ်၊ ကျေးဇူးတော်ကိုထောက်မြော်သည် တကြောင်း၊ သူတော်ကောင်းတို့၏ ဂုဏ်ကို ထောက်မြော်သည်တကြောင်း၊ သည်အကြောင်းများကြောင့် ကိုယ်တော်ဘုရား သီတင်းသုံးရာဌာနကို သွားပြီးရှိခိုးပူဇော်ရလျှင် မသင့်လျော်ပေဘူးလား။

(မှူးမတ်များ) ဖူးမျှော်ခွင့်ရပါလျှင် လွန်စွာ သင့်လျော်လှပါသည် ဘုရား၊ သို့ရာတွင် မည်သူကိုမျှ အတွေ့ခံတော်မမူဘဲ တော တောင် အတွင်းမှာ ပုန်းရှောင်၍ နေတော်မူသည်ကို ဖူးတွေ့ရန်လွန်စွာမှ ခဲယဉ်းလှပါသည်ဘုရား၊ အဝေးကပင် ကျေးဇူးတော်ကို ပူဇော်၍နေခြင်းက သင့်လျော်လှပါသည်ဘုရား။

(အဝဘုရင်) အင်း–သည်လိုဖြင့်လဲ အဟုတ်သားဘဲ၊ အမဝေးကပင် ကြည်ညိုပူဇော်၍ နေရတော့မယ်၊ ကျေးဇူးရှင်ကြီး ချီးမြှင့်အပ်နှင်းတော်မူခဲ့တဲ့ မြန်မာနိုင်ငံ၏ကြီးပွါးရေးမှာ ကျွန်ုပ်တာဝန်ကြီးဖြစ်နေတယ်မဟုတ်လား။

(မှူးမတ်များ) မှန်လှပါ၊ အရှင့်တာဝန်ပင်ဖြစ်နေပါတော့သည်၊ လောကမှာ မိမိအစွမ်းသတ္တိနှင့် ဆည်းပူးရရှိထားတဲ့ ပစ္စည်းများထက် သူတပါးတို့အပ်နှံတဲ့ ပစ္စည်းများကို ထိန်းရခြင်းမှာ ထိန်းသိမ်းရန် သာလို့ပင် ဝန်လေးလှပါသည်ဘုရား။

(အဝဘုရင်) တိုင်းရေးပြည်ရေးနှင့်စပ်လို့ မင်းကြီးတို့ကို တိုင်ပင်လိုတဲ့အချက်တခု ရှိနေတာက သည်လိုပါ၊ အဝမြို့တော်ကြီးဟာ ရန်သူနှင့်ကင်းရှင်း၍ လွတ်လွတ်လပ်လပ် ကြီးပွါးနိုင်ဘို့ အခက်သားကြုံနေတယ်၊ လာမည့်ဘေးရန်ကို မတွန်းလှန်နိုင်သမျှ လွတ်လွတ်လပ်လပ်ကြီးပွါးခွင့်ရမှာ မဟုတ်ဘူး၊ အဝမြို့တော်အန္တရာယ်, ရန်စွယ်, ရန်ညှောင့်ကြီးကိုလဲ မင်းကြီးတို့သိကြရင်းအတိုင်းဘဲမဟုတ်လား။

(စလင်းစည်သူကျော်ထင်) သည်ရန်ကြီးနှင့် ကျွန်တော်အနီးဆုံးဖြစ်နေပါသည်၊ အလျှင်တဆော ပြည်မြို့ကို လက်တွင်းသို့ရောက်အောင် မသိမ်းပိုင်သမျှ လွတ်လပ် အေးချမ်းခွင့်ကို ရနိုင်မည်မဟုတ်ပါ၊ ယခုအခါ အဝနိုင်ငံတော်၏ ရန်သူတော်ကြီးဖြစ်တဲ့ တပင်ရွှေထီးရဲ့ အင်အားကလဲ အလွန်ကြီးမား၍ နေပါသည်ဘုရား။ ။တောင်ငူဘုရင် တပင်ရွှေထီးက ဟံသာဝတီကိုပင်

ရသော်လည်း အရေးမကြီးလှသေးပါ၊ ယခုအခါ ပြည်မြို့ကိုပင်စိုးပိုင်၍ အခိုင်အခံ့ အုပ်ချုပ်လျက် ဘုရင်ခံတပါးခန့်ထားပြီဖြစ်၍ သည်ရန်ကို ဖြိုဖို့ရန် သာမာန်နှင့် အကြံ မမြောက် နိုင်အောင် ရှိပါသည်ဘုရား။

(အဝဘုရင်) အဲ-ယခု စည်သူကျော်ထင်ရဲ့ လျှောက်တင်ချက်ဟာ လွန်စွာမှန်လှပါပေတယ်၊ ပြည်မြို့ကို တိုက်ဖျက်မယ်လို့ဆိုပါလျှင် သာမာန်အင်အားနှင့် ဖြိုဖျက်နိုင်ဘို့ အကြောင်းမရှိဘူး၊ သိုဟန်ဘွားလက်ထက်က ချီတက်တိုက်ခိုက်ပါသော်လဲ အင်အားခြင်းမတန်သဖြင့် အရှုံးပေးခဲ့ရပြီ၊ သည်တုန်းကအားမျိုးနှင့် ချီတက်လို့မဖြစ်ဘူး၊ အရှုံးပေး၍ပြေးရလိမ့်အုံးမယ်၊ ရေအား, ကုန်းအား, စစ်ဗိုလ်ခြေ အပြည့်အစုံအားနှင့် လုံလုံလောက်လောက် ချီတက်တိုက်ခိုက်ဘို့ ဆိုတဲ့အချက်ကို မင်းကြီးတို့နှစ်သက်ကြပါရဲ့လား။

(မှူးမတ်များ) ပြည်မြို့ဆိုသည်မှာ ရှေးရှေးသော မြန်မာဘုရင် အဆက်ဆက်တို့၏ လက်ထက်တော်ကပင် အစဉ်မပြတ် အဝနေပြည်တော်ကြီးက အုပ်စိုးလာခဲ့ရင်းဖြစ်တဲ့အတိုင်း၊ ပြည်မြို့ကို နိုင်မည်ဆိုလျှင် ဘယ်လိုနည်းနှင့်မဆို နှစ်သက်ကြမည် အမှန်ပါဘုရား။

(စလင်းစည်သူကျော်ထင်) သိုဟန်ဘွားလက်ထက်က ရှုံးရခြင်းအကြောင်းက သည်လိုရှိပါတယ်၊ သိုဟန်ဘွားရဲ့အပေါ်မှာ နိုင်ငံကလဲမကြည်ဖြူကြပါ ဘုရင်ကိုမကြည်ညိုတဲ့အတွက် မြန်မာစစ်သည်တော်များကလဲ ကြိုးကြိုးစားစား မတိုက်ကြပါ၊ ဗိုလ်ပါအင်အားကလဲ များသင့်သလောက် မများပါ၊ ယခုအခါ ဘုရင်နှင့် တိုင်းပြည်သူ ကြည်ဖြူညီညွတ်နေကြပြီဖြစ်၍ ဗိုလ်ပါအင်အားလဲများ နိုင်ဘို့အကြောင်းရှိပါသည်၊ ကျွန်တော်တို့ စကူ,စလင်းနယ်ကလဲ စစ်သည် ဗိုလ်ပါ အများတို့ စားသုံးလောက်အောင် ရိက္ခာထောက်နိုင်ဘို့လဲ ရှိပါသည်၊ ရေတပ်, ကုန်းတပ် အစုံအညီနှင့် အင်ရှိ,အားရှိချီပါလျှင် ပြည်မြို့၏ရန်ကို တွန်းလှန်ဖြိုဖျက်နိုင်မည်ထင်ပါကြောင်း။

(အဝဘုရင်) စည်သူကျော်ထင်၏လျှောက်တင်ချက်မှာ လွန်စွာ အရေးဆိုက်လှပေသည်၊ သို့ရာတွင် မြန်မာနိုင်ငံက အင်အား သက်သက်နှင့် ချီတက်တိုက်ခိုက်၍ အောင်မြင်ရန် အတော်ခဲခက်လိမ့်မည်ထင်မိပေသည်။ ။ယခုအခါ တပင်ရွှေထီးသည် တလိုင်းသုံးရပ်ကို စိုးပိုင်၍ လက်ကိုင်ပြုနေပြီးဖြစ်သောကြောင့် ဗိုလ်ပါအင်အား အတိုင်းထက်အလွန်များလေပြီ၊ သို့ဖြစ်၍ ရှမ်းပြည်က အင်အားများပါကူညီ၍ ချီတက်မှသင့်လျော်လိမ့်မည်၊ ကျွန်ုပ်၏ အဆွေတော်ဖြစ်ကြတဲ့ ရှမ်းစော်ဘွား ခြောက်ပါးတို့ကလဲ အရေးရှိလျှင် ကူညီရန် အာမခံပြီး အသင့်ရှိနေကြသည်၊ သို့ဖြစ် ရှမ်းစော်ဘွားခြောက်ပါးတို့နှင့် တိုင်ပင်ပြီးလျှင် အင်ကြီး,အားကြီးနှင့် ဘိဘိစီးစီးချီတော်မူရမည်။

ဤသို့အမိန့်ရှိတော်မူရာ စလင်းစည်သူကျော်ထင် ပုဂံသတိုးမှစ၍ မှူးမတ် အပေါင်းတို့က သဘောတည်း ညီညွတ်ကြလေ၏။

ထိုနောက် အဝဘုရင်ခံမိုင်းသည် အဆွေတော်ရင်းဖြစ်၍နေသော ရှမ်းစော်ဘွားခြောက်ပါးကို အဝမြို့တော်သို့ ပင့်ဆောင်ဘိတ်ကြား စော်ဘွားခြောက်ပါးတို့လည်း ကြည်ကြည်, သာသာ ရောက်လာကြကုန်၏။ ။ထိုစော်ဘွားခြောက်ပါးတို့ကား။

(၁) အုန်းပေါင်စော်ဘွား။
(၂) ဗန်းမော်စော်ဘွား။
(၃) ညောင်ရွှေစော်ဘွား။
(၄) မိုးမိတ်စော်ဘွား။
(၅) မိုးညှင်းစော်ဘွား။
(၆) မိုးနဲစော်ဘွားများဖြစ်ကြသည်။

## အဝမြို့တော်၌ တိုင်ပင်ကြခြင်း။

စော်ဘွားတို့ အစုံအညီ ဆိုက်ရောက်လာကြသောအခါ၊ အဝဘုရင်ခုံမှိုင်းသည်၊စော်ဘွား ခြောက်ပါးတို့နှင့်တကွ စည်းဝေးတိုင်ပင်တော်မူကြပုံ အချုပ်မှာ။ ။ယခုအခါ ကျွန်ုပ်တို့ရှမ်း များသည်၊ ဘုန်းတန်ခိုး ကြီးမား၍ လာကြပြီး၊ ရှေးအခါ မစိုးမစံရဘူးသော မြန်မာထီးနန်း ကိုပင် စိုးစံရပြီ၊ အရှည်သဖြင့် ခိုင်မြဲစွာ စံရအောင် ကြံစည်ကြမှ သင့်မည်။ ။မြန်မာလူမျိုးကို ချီးမြှင့်၍၊ ဗုဒ္ဓသာသနာတော်ကြီးကို၊ ရှိသေလေးမြတ်စွာ ချီးမြှင့် ထောက်ပင့်ခြင်း ပြုပါလျှင် မြန်မာနိုင်ငံက နှစ်သက်မြဲ ဖြစ်သည်၊ ကျွန်ုပ်တို့စော်ဘွား ၇-ဦးတို့မှာ ဗုဒ္ဓသာသနာကို ကြည် ညို ယုံကြည်ပြီး ဖြစ်ကြသောကြောင့်၊ မြန်မာတို့နှင့် ဆန့်ကျင်ဘက်မဖြစ်နိုင်။ ။ယခုအခါ တွန်းလှန် ဖြိုဖျက် ဘို့ရှိနေတာမှာတော့။ တပင်ရွှေထီး၏ ရန်သာဖြစ်လေသည် တွန်းလှန်ဖြိုဖျက် နိုင်ပါလျှင် ဗန်းမော်မြို့ကစ၍၊ အောင်ပင်လယ် ကမ်းခြေသို့ တိုင်အောင်၊ ကျွန်ုပ်တို့ အုပ်စိုး ရလိမ့်မည်။ ။တပင်ရွှေထီးသည် ပြည်မြို့ကို ရရှိသိမ်းပိုက်ပြီး ဖြစ်သောကြောင့် ကျွန်ုပ် တို့က အမှတ်တမဲ့ နေခဲ့ပါလျှင်၊ မကြာမီ အဝနိုင်ငံတော်သို့ ချီတက် တိုက်ခိုက်လိမ့်မည် အမှန်။ ။ပြည်မြို့ကို မဖြိုဖျက်နိုင်သမျှ အဝမြို့၏ ရန်မှာလဲ၊ ဘယ်အခါမှ၊ ကင်းနိုင်မည်မဟုတ်၊ သို့ဖြစ်၍ တိုက်ခိုက်မှ သင့်လျော်မည်။ ။ပြည်မြို့ကို အောင်မြင်ခဲ့ပါလျှင်၊ ခံတပ်ကြီးစွာအခိုင် အခံ့ ဆောက်လုပ်၍ အားယူပြီးလျှင်၊ တောင်ငူကို ရှေးဦးစွာ တိုက်ခိုက်မည်၊ တောင်ငူကို အောင်မြင်သောအခါ၊ ဟံသာဝတီကို အတင်းချီ၍ တိုက်မည်၊တပင်ရွှေထီးဟာ ကျွန်ုပ်တို့လက်က လွတ်နိုင်မည်လား။ ။ချီတက်တဲ့အခါ၊ သာမန်အင်အားနှင့် ချီတက်၍ ဖြစ်နိုင်မည်မဟုတ်၊ ရေရော၊ ကုန်းရော၊ အားကြီး အင်ကြီး ဘိတိစီးစီး ချီတက်မှ အရေးလုကြမည်၊ တပင်ရွှေထီး၏ အင်အားလည်း အလွန်ကြီးမား၍နေပြီ။ ။တပင်ရွှေထီးမှာ၊ ဟံသာဝတီရေနယ်ကြီးကို အုပ်စိုး ရသောကြောင့်၊ ရေတတ်ဘက်က လွန်စွာအားရှိသည်၊တိုက်လှေကြီးလည်း ပေါများသည်၊ကျွန်ုပ် တို့ အဝနေပြည်တော်က၊ ရေတပ်အင်အားမှာ မကြီးမားလှချေ၊ လှေများလည်း ငယ်သည်၊ သို့ဖြစ်၍ ယခုတခေါက် အချီမှာ၊ ဟံသာဝတီရေတပ်နှင့် အားချင်းမျှအောင်၊ တိုက်လှေကြီး များကို ခိုင်ခံ့စွာ ပြုလုပ်မှသင့်လျော်မည်။ ။တိုက်လှေကြီးများပြီးစီးလျှင် ရေရော၊ ကုန်းရော၊ အကြီးအကျယ် ချီတက်မည်။

ဤကဲ့သို့ တိုင်ပင်ကြရာ၊အဝဘုရင်နှင့်တကွ စော်ဘွား ၇-ဦး သဘောတူညီကြသည်နှင့်၊ အဝနေပြည်တော်မှာ တိုက်လှေကြီးပေါင်းများစွာတို့ကို ပြုလုပ်လေ၏။ ။စော်ဘွားခြောက်ဦး တို့လည်း မိမိတို့မြို့သို့ ပြန်သွားကြပြီးလျှင် ဗိုလ်ပါအင်အားများကို စုဆောင်းကြလေသည်။ ။

မြန်မာနိုင်ငံ၌လည်း ပုဂံ-သတိုး, စလင်းစည်သူကျော်ထင်တို့ ကြီးကြပ် ဦးဆောင်ပြုပြီးလျှင်၊ စစ်သည် ဗိုလ်ပါများကို စုဆောင်းကြလေ၏။ ။ဤသို့ စုဆောင်းကြရာတွင်၊ တိုင်းပြည်နှင့် အဆင်သင့်စွာညီညွတ်လျက်ရှိသောကြောင့်၊ ဆင်,မြင်း,ဗိုလ်ပါအင်အား များစွာ ရရှိလေ၏။ ။ဘုရင်နှင့် တိုင်းပြည် ညီညွတ်ခြင်းသည်၊ အရေး ရာတွင် အားအင်ပြည့်စုံမြဲ ဖြစ်ပေသည်။

## ပြည်မြို့သို့ ချီတက်ခြင်း။

အဝမြို့တော်တွင်၊ တိုင်ပင်ညှိနှိုင်း ထားပြီးသော အတိုင်း၊ နေ့ရက် အသေအချာ ချိန်းချက်၍၊ စော်ဘွား ခြောက်ပါးတို့ကိုယ်တိုင် ဆိုင်ရာဆိုင်ရာ အင်အားတို့နှင့် လာရောက်စုံညီကြသောအခါ၊ ရေတပ်, ကုန်းတပ်, အစုံအညီ၊ ပြည်မြို့သို့ ချီတက်ကြလေ၏။ ။ချီတက်သောသက္ကရာဇ်မှာ၊ (၉၀၅) ခု နတ်တော်လဆန်း တရက်နေ့ ဖြစ်သည်။

ရေတပ်ကြီးကို၊ မိုးမိတ်စော်ဘွားနှင့် မိုးညှင်းစော်ဘွားတို့ အုပ်ချုပ်၍ အလျှင်ချီသည် ။ ။ရေတပ်၌ ပါသောအင်အားမှာ တိုက်လှေကြီး (၁၃၀၀) လှော်ကား (၃၀၀) ရိက္ခာတင်လှေကြီး (၅၀၀) ရေတပ်စစ်သည်သူရဲ (၁၂၀၀၀၀) ပါသည်။ ဤမျှလောက် များသဖြင့် ရေတပ်အင်အား အလွန် ကြီးလှပေသည်။

ကုန်းတပ်မှာ၊ (၁) အဝဘုရင်ခုံမှိုင်း (၂) အုံးပေါင်စော်ဘွား၊ (၃) ဗန်းမော်စော်ဘွား (၄) ညောင်ရွှေစော်ဘွား။ (၅) မိုးနဲစော်ဘွားတို့ ကြီးမှူး၍ ချီကြသည်၊ ကုန်းတပ်၌ ပါသောအင်အားမှာ၊ တိုက်ဆင် (၁၂၀၀) စစ်မြင်း၊ (၈၀၀၀) စစ်သည်သူရဲ (၁၆၀၀၀၀) ပါသည်။ ကုန်းတပ်၏ အင်အားလည်း လွန်စွာ များလှပေသည်။

ထိုသို့ချီရာတွင် ရေတပ်ကြီးသည် သရက်မြို့သို့ ရှေးဦးစွာ ဆိုက်ရောက်ရာ ကုန်းတပ်ကြီး မရောက်လာသေးသည်နှင့် ဆယ်ရက်မျှ ဆိုင်းငံ့၍ နေကြလေ၏။ ။နောက်ဆယ်ရက်ကြာမှ။ ကုန်းတပ်ကြီး ဆိုက်ရောက်လာသဖြင့် ရေရော, ကုန်းပါညှပ်၍ ပြည်မြို့သို့ တဟုန်တည်း ချီတက်ကြလေသည်။

## ပြည်မြို့က ခုခံခြင်း။

ပြည်ဘုရင် သတိုးဓမ္မရာဇ်လည်း။ စော်ဘွား ၇-ဦးတို့ ရေအား ကုန်းအား, အစုံအညီနှင့် အားရှိ အင်ရှိ ချီတက်လာကြောင်းကို ကြားစကပင် ဘုရင်တပင်ရွှေထီးသို့ တမန်စေလွှတ်၍ လျှောက်ထားသဖြင့် ဘုရင်တပင်ရွှေထီးလည်း စော်ဘွားတို့ကို မမှုလောက် အရေးမစိုက်လောက်, ထင်တော်မူသည်နှင့် ကိုယ်တော်တိုင် ပြည်မြို့သို့ မချီဘဲ။ မှော်ဘီ, သာယာဝတီ, လှိုင်, ဓနုဖြူ, ဟသ်ာတ, ဂူထွတ်မြို့များမှ။ ဗိုလ်ပါ ဆင်မြင်းများကိုပြည်မြို့တွင်းသွင်း၍ ခုခံကြစေ။မျိုးရိက္ခာများကိုလည်း ပြည်မြို့အတွင်း၌ လုံလောက်စွာ သွင်းထားကြစေဟု အမိန့်တော်ရှိသည်နှင့် ဆို့ခဲ့ပြီးသော မြို့ကဆင်မြင်းဗိုလ်ပါအစုနှင့် ပြည်မြို့သို့ချီကြရသည်။

ပြည်ဘုရင် သတိုးဓမ္မရာဇ်လည်းမြို့ပြ ကျုံးမြောင်းများကို ပြင်ဆင်ပြီးလျှင်။ အခိုင်အလုံ ခုခံတော်မူသည်။

သရက်မြို့မှ ချီတက်လာကြသော စော်ဘွား ၇-ဦးတို့လည်း ရေရော, ကုန်းရော, အစုံအညီ ပြည်မြို့သို့ ဆိုက်ရောက်လာကြသောအခါ မြို့ကိုဝိုင်း၍ ဘိဘိစီးစီးတိုက်ခိုက်ကြလေသည်။ အချို့ကလည်း မြို့ကိုဖေါက်၍ ဝင်ရန် မြို့တံတိုင်းရင်းသို့ ချဉ်းကပ်ပြီးလျှင် အတင်းဖေါက်ကြလေ၏။

အင်ကြီးအားကြီးဘိဘိစီးစီး လုပ်ကြံသော်လည်း။ပြည်မြို့တွင်းမှာဗိုလ်ပါအင်အား လွန်စွာများသည်နှင့် မြို့ရိုးထိပ်သို့ တက်ပြီးလျှင် အမြောက်သေနတ်တို့ဖြင့် အဘင်းပစ်ခတ် ကြသောကြောင့် မြို့ပေါက်အောင် မတတ်နိုင်ချေ။ နှစ်ဘက်လုံး၌ပင် သေကြေပျက်စီးကြလေ၏။ ။ ဤကဲ့သို့ စော်ဘွားတို့က ရေရော, ကုန်းပါဝန်းဝိုင်း၍ လုပ်ကြံပါသော်လည်း မြို့ကိုမရနိုင်၍ ဝန်းရံမြဲသာ ဝန်းရံ၍ နေရလေ၏။ ။မြို့ရိုးထိပ်က ပစ်လွှတ် ကြသော ဗုံး, အမြောက်, စိန်ပြောင်း,တို့က မိုးရွာဘိသည့်အလား။ အလွန်များသောကြောင့်မြို့နားသို့ ချဉ်းကပ်၍ မဝိုင်းနိုင်ဘဲ မြို့မှ ခပ်လှမ်းလှမ်းသို့ ဆုတ်၍ ဝန်းရံကာ နေကြလေသည်။

မြို့တွင်းရှိလူများကလည်း အပြင်သို့ မထွက်ဝံ့ ရှိကြလေ၏။ သို့ရာတွင် ပြည်မြို့တွင်းမှာ အဆင်သင့် သွင်းထားသော ရိက္ခာများ လုံလောက်စွာ ရှိသောကြောင့် အင်အားမလျော့ဘဲ။ စစ်သည်တို့ အင်အားဖြင့် ပျော်ပါးစွာခုခံ၍ နေနိုင်ကြလေသည်။

အဝက ချီလာသော တပ်များကိုလည်း။စလင်း-စည်သူကျော်ထင်က ကြီးကြပ်၍။ စကုစလင်းနယ်တို့မှ ရိက္ခာ လုံလောက်စွာ ထောက်နေသည်နှင့် ပြည့်ဖြိုး လုံလောက်စွာပင်ရှိနေကြလေ၏။

## တပင်ရွှေထီး ချီတော်မူလာခြင်း။

အဝဘုရင်-ခုံမှိုင်းကို အမှူးထား၍။ စော်ဘွား ၇-ဦးတို့ ပြည်မြို့သို့ ချီတက်ဝန်းဝိုင်းတိုက်ခိုက်ခြင်းမှာ လွန်စွာအင်အားများလှကြောင်း။ ယခုပြည်မြို့မှာ ရှိသော အင်အားနှင့် ကြာရှည်စွာ ခုခံနိုင်မည် မဟုတ်ကြောင်း။ ကိုယ်တော်တိုင် ချီတက်တော်မူပါမှ။ စော်ဘွားတို့ရန်ကို တွန်းလှန် ဖြိုဖျက်နိုင်မည့်အကြောင်းများကို ပြည်ဘုရင် သတို့ဓမ္မရာဇာက စေလွှတ်လျှောက်ထားသည်နှင့် ဟန်သာဝတီမြို့တွင် စံနေတော်မူသော။ ဘုရင်-တပင်ရွှေထီးက အကြောင်းမျိုးစုံသိရှိတော်မူလေ၏။

ထိုအခါ ယောက်ဖတော် ကျော်ထင်နော်ရထာနှင့် တကွ မှူးမတ်အများ, မြို့စားတို့ကိုခေါ်တော်မူပြီးလျှင်။ "စော်ဘွားများဟာ အလွန်ငဲ့ကြီးလှပါကလား။ ယခင်ကရှုံး၍ ပြန်ပြေးရသည်များကို လက်စားချေရန်။ စိတ်မာန်ကြီးကျယ်စွာနှင့် ချီတက်လာကြတဲ့ လက္ခဏာဘဲ။ စစ်သည် အင်အားတွေဟာ လွန်စွာကြီး များပြားတယ်ဆိုပါကလားဟု အမိန့်တော်ရှိလေ၏။

(မုတ္တမမြို့စား လက္ခန်းအိန်) သည်တခါ စော်ဘွား၇ဦး ညီညီညာညာ ချီလာသဖြင့်၊ လွန်စွာအင်အား များလှပါသည်။ ကိုယ်တိုင်ချီတက်မှ သင့်လျော်မည် မှန်ပါကြောင်း။

(သျှင်ရဲထွတ်) သိုဟန်ဘွား အုပ်စိုးစဉ်က ဘုရင်နှင့်တိုင်းပြည် ညီညွတ်ခြင်း မရှိကြပါ။ စော်ဘွားများကလည်း၊ ယခုကဲ့သို့ အားတက်ခြင်းမရှိပါ။ ။ယခုမှာတော့ မင်းကြီးရန်နောင်၏

အစီအမံကြောင့် ဘုရင်သစ် ခံပိုင်းအား တိုင်းသူပြည်သားတို့က ကြည်ညို ကြပါသည်။ အဝဘုရင်-ခံပိုင်းသည်၊လူရေးလူရာတွင်ကျွမ်းကျင်လိမ္မာသဖြင့်၊မြန်မာတို့ကသာမကဘဲ။ ရှမ်းစော်ဘွားများကလဲ၊ ချစ်ခင်ကြပါသည်။ သို့ဖြစ်သည့်အတွက်၊ ယခုချီတက်လာခြင်းမှာ၊ ရဲတင်းစွာနှင့် ညီညွတ်၍ ရေအား,ကုန်းအား အလွန်များလှပါကြောင်း။

(ရွှေထီး) မင်းကြီးရန်နောင်၏ အစီအမံများဟာ လွန်စွာနေထားကျပါပေတယ်။ယခင်အဝမြို့တော်သို့ အမြန်ချီတက်ရန် မကြာမကြာလူလွှတ်၍ လျှောက်ထားရှာပေတယ်။ သည်အခါက ဟံသာဝတီနှင့် ပြည်မြို့အတွက်ကိုသာ အရေးကြီးနေသဖြင့် မင်းကြီးရန်နောင်၏ စကားကိုနားမထောင်ဘဲ ရှိနေခဲ့ရတယ်။ သည်တုံးကများ အဝမြို့တော်ကြီးသို့ စောစောစီးစီး ချီတက်ခဲ့ပါလျှင်၊ မင်းကြီးရန်နောင်၏ ကျေးဇူးနှင့် အဝမြို့တော်ကြီးကို လက်ရသိမ်းပိုက်ပြီး အမှန်ဖြစ်မှာဘဲ။ ယခုလိုလဲ ရန်စစ်ဖြစ်ပွါးနေဘို့ ရှိတော့မှာမဟုတ်ဘူး။

(သျှင်ရဲထွတ်) အမိန့်တော်အတိုင်း မှန်လှပါသည်။ မင်းကြီးရန်နောင်၏ စကားအတိုင်း မလိုက်နာမိခြင်းဟာ။ မှားယွင်းခြင်းဖြစ်ရတာ အမှန်ပါဘဲ။ မင်းကြီးရန်နောင်ရဲ့ သစ္စာသမာဓိကို လုံးလုံးကြီးမယုံကြည်ခဲ့တာလဲ မှားခြင်းတမျိုးဘဲ။ ယခုတော့ မင်းကြီးရန်နောင်သည် လက်တွင်းသို့ရောက်ပြီဖြစ်တဲ့ ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ပြီး။ မငဲ့မကွက် တောထွက်တော်မူသည်ဟုကြားရသဖြင့်၊ ထိုပုဂ္ဂိုလ်ကြီး၏ဂုဏ်ကို ယုံယုံကြည်ကြည်နှင့် အထူးပင်ကြည်ညို ထိုက်ကြောင်းမှန်လှပါသည်ဘုရား။

(ရွှေထီး) အင်း-မင်းကြီးရန်နောင်၏ သတင်းတော်များကိုကြားရတော့၊ထီးနန်းစည်းစိမ်ကိုစုံစက်၍ တိုက်လာခိုက်လား လုယက်လားနှင့် ကိစ္စများနေတဲ့လူတွေဟာ။ ရှက်ဘွယ်ရာအလွန်ကောင်းနေကြတာဘဲ။ ကဲ-ကဲလွန်ခဲ့ပြီးတဲ့ အကြောင်းတွေကိုတော့ ထားလိုက်ပါတော့။ ယခုပြည်မြို့၏အရေးကိုသာ သင့်လျော်သောနည်းဖြင့် လျှောက်တင်ကြစမ်းပါ။

ဤသို့အမေးတော်ရှိရာ အမျိုးမျိုးပင် လျှောက်တင်ကြသော်လည်း ဘုရင် တပင်ရွှေထီးနှစ်သက်တော်မမူချေ။ ယောက်ဖတော် သျှင်ရဲထွတ်၏ လျှောက်တင်ချက်ကို စောင့်စား၍နေတော်မူ၏။ ထိုအခါ သျှင်ရဲထွတ်က လျှောက်တင်သည်မှာ ယခုရှမ်းစော်ဘွား ၇ဦးတို့စည်းစည်းလုံးလုံး ချီလာသည်မှာ၊ ရှေးယခင်များကလို မဟုတ်ပါ။ လွန်စွာအင်အားများလှပါသည်ကျွန်တော်တို့မှာ ရှေးရှေးက တွေ့ကြုံခဲ့ရသော အရေးတို့ထက်၊ ကြီးလေးသော အရေးကြီးအမှန်ဖြစ်ပါသည်။ သို့ဖြစ်၍ ရေကြောင်း,ကုန်းကြောင်း, အစုံအညီချီမှ သင့်လျော်မည်။ သည်တကြိမ် ဘိဘိစီးစီးနိုင်လိုက်မှ နောင်ရေးနောင်ရာများလည်း ပိပြားသေဝပ်စွာ ရှိပါလိမ့်မည်။ ဘုန်းကြီးလှသော ရွှေနန်းရှင်ဘုရားက ရေကြောင်းချီတော်မူပါ။ ကျွန်တော်မျိုးက မုတ္တမ-၃၂-မြို့ ပုသိမ်-၃၂-မြို့၊ ဟံသာဝတီ-၃၂-မြို့တို့မှ ဆင်ကြီး,မြင်းကြီး, သူရဲကောင်း, လက်နက်ကောင်းများကို ရွေးချယ်၍၊ ကုန်းကြောင်းချီတက်ပါမည်။ ထိုပြင် တောင်ငူမြို့သို့လည်း ကုန်းတပ်ကြီးတတပ်လွှတ်၍ လုံခြုံခိုင်ခံ့စွာ အသင့်စီမံထားသင့်ပါသည်။ ရှမ်းစော်ဘွားများသည်။ ပြည်ကိုမနိုင်လျှင် တောင်ငူသို့ချီတက်နှိမ်နင်းမည့် အရေးကိုလည်း စိုးရိမ်သင့်ပါသည်။

ဤကဲ့သို့ သျှင်ရဲထွတ်လျှောက်ထားသော စကားကိုကြားရာ မှူးမတ် သေနာပတိတို့က လည်း များစွာပင်နှစ်သက်ကြကုန်၏။ ဘုရင်မင်းမြတ်ကလည်း နှစ်သက်တော်မူသည်။ ထိုအခါ ဘုရင်တပင်ရွှေထီးက "နောင်တော် ကျော်ထင်နော်ရထာ၏ သဘောအတိုင်းပင် အရေးကုန် အောင် စီရင်ပေးတော့"ဟု အလုံးစုံလွှဲအပ်တော်မူသည်။

သျှင်ရဲထွတ်လည်း ရေတပ်၊ကုန်းတပ်များကို အရေးကြီးစွာ အဆောတလျင်စီရင်ပြီးလျှင် အလုံးစုံကိစ္စပြီးစီးကြောင်းကို လျှောက်တင်လေရာ ဘုရင်-တပင်ရွှေထီးသည် ရွှေဘောင်တော် စီး၍ ကြီးကျယ်ခမ်းနားစွာ ရေတပ်ဖြင့် ပြည်မြို့သို့ချီတော်မူသည်။

ထိုရေတပ်၌ပါသော အင်အားမှာ တိုက်လှေကြီးပေါင်း (၈၀၀) လှော်ကား (၃၀၀) ရိက္ခာတင်လှေကြီး(၅၀၀) ရေတပ်စစ်သည်သူရဲ(၉၀၀၀၀)ပါသည်။ ထိုရေတပ်တွင် နိုင်ငံခြား သင်္ဘောသား ကုလားလူမျိုးတို့လည်း၊ အမြောက်တပ်တွင် အမှုထမ်း၍ လိုက်ပါကြသည်။

ထိုနောက်သျှင်ရဲထွတ်က ကုန်းတပ်ကြီးကို အပ်စီးပြီးလျှင် ဟံသာဝတီမှ ကုန်းကြောင်း ချီတော်မူသည်။ ထိုကုန်းတပ်၌ပါသော အင်အားမှာ တိုက်ဆင်(၈၀၀) စစ်မြင်း(၈၀၀၀) စစ်သည်သူရဲ(၁၂၀၀၀၀)ပါသည်။ တောင်ငူမြို့ကိုစောင့်ရန် တပ်ကြီးတတပ်ကိုလည်း စေလွှတ် တော်မူသည်။

ထိုအခါ အထက်မြန်မာပြည်မှ ချီလာသော ရေတပ်၊ကုန်းတပ်၊ကြီးတွေ ပြည်မြို့ပတ်ဝန်း ကျင်မှာ ရှုမြင်၍မဆုံးအောင် လွန်စွာများပြားလေသတည်း။

## ရှမ်းစော်ဘွားတို့ထိတ်လန့်တုန်လှုပ်ခြင်း။

ဘုန်းသမ္ဘာ ကြီးမားလှသော ဘုရင်တပင်ရွှေထီးသည်၊ ရေအား၊ကုန်းအား၊မြောက်မြား စွာနှင့် ပြည်မြို့သို့ချီတက်တော်မူလာပြီဟု ကြားကြလေရာ ရှမ်းစော်ဘွားတို့၏စိတ်၌ ထိတ်လန့် တုန်လှုပ်ခြင်း ဖြစ်ကြလေ၏။ ။ဘုန်းတန်ခိုး တက်တိုးတုန်းဖြစ်သော သမ္ဘာရှင်တို့၏ အရှိန်သည် လူ့ပြည်လောကမှာ လွန်စွာကျော်စော လှပေ၏။

ပြည်မြို့ကိုရံမြဲတိုင်းရံ၍ အတည်အတန့်နေခြင်းငှါ မစွမ်းနိုင်ကြသောကြောင့် စော်ဘွားတို့ တိုင်ပင်ကြသည်မှာ ယခုတပင်ရွှေထီး ချီလာသည်မှာ လွန်စွာအားအင် များလှသည်ဟုကြားရ ကည်။ တပင်ရွှေထီးသည် စစ်ရေးနှင့်ကြုံလျှင် မည်သည့်အခါမျှ နောက်သို့ဆုတ်လေ့မရှိဘဲ။ အားကြီးအင်ကြီးနှင့် အတဲင်းဘိစီး၍ ခြေမှုန်းနင်းနယ်၍ ပစ်တက်သောအလေ့ရှိသည်။ စစ်ဘက် ကအာဏာမှာ လွန်စွာပြင်းထန်လှသဖြင့် စစ်သည်တော်များလည်း ရဲသွေးရဲမာန်နှင့်အထူးပြည့်စုံ ကြသည်။ တပင်ရွှေထီး၏ စစ်သည်အင်အားကို မစုံစမ်းဘဲ အရမ်းမဲတိုက်ခိုက်လျှင် အပျက်စီး ကြီးပျက်စီးကြလိမ့်မည်။ ယခုပြည်မြို့ကိုဝိုင်းဝန်း၍ထားရာ အားကြီးအင်ကြီးနှင့် တပင်ရွှေထီး ဆိုက်ရောက်လာလျှင် မဆုတ်နိုင်မခွါနိုင်ဘဲ "စစ်နှစ်ဘက်ညှပ်မိနေမည်ကို စိုးရိမ်ရသည်။ ယခု ကတင်ကြို၍ ရံတပ်များကို စောစောစီးစီးကဖြုတ်၍ ဆုတ်မှသင့်လျော်မည်။ ။ဤသို့ကြံစည် တိုင်ပင်ကြပြီးလျှင် ပြည်မြို့ကို ဝန်းရံ၍ထားသော တပ်များကိုနှုတ်၍ နောက်သို့ဆုတ်ပြီးလျှင်

ပြည်မြို့နှင့်တတိုင်ကွာအရပ်တွင် ရေတပ်,ကုန်းတပ်, အခိုင်အလုံနေကျပြန်လေ၏။ စော်ဘွားတို့၏ သဘောထားမှ တပင်ရွှေထီးချီလာလျှင် ငါတို့ကစတင်၍မတိုက် ငါတို့ကိုတိုက်လျှင် ခံတပ်အဖြစ်ဖြင့် ငါတို့ကအတင်းနင်း၍ တိုက်မည်။ထိုအခါပြည်မြို့ကို ပိုင်အောင်လိုက်၍တိုက်မည်။ ဤသို့ကြံစည်ရင်းရှိကြသည်။ သို့ရာတွင် တပင်ရွှေထီး ချီလာပြီကြားရုံနှင့် တပ်ကိုနုတ်၍ဆုတ်ခွါခြင်းမှာ စော်ဘွားတို့၌ အစွမ်းသတ္တိမရှိကြောင်း ထင်ရှားလေတော့သည်။ တပင်ရွှေထီး၏ အရှိန်အဝါသည် လွန်စွာကြီးမားပေစွ။

ရှမ်းစော်ဘွားတို့ ရုံတပ်ကိုနုတ်၍ ဆုတ်ခွါကြသောအခါ ပြည်မြို့ အတွင်းမှာရှိသော ဗိုလ်ပါအများတို့မှာလည်း သွားခွင့်လမ်းပွင့်၍ လွန်လွန်မြူးမြူးရှိကြလေသည်။ ချီတော်မူလာသော ဘုရင်တပင်ရွှေထီးသည် တစုံတရာမျှ အနှောက်အရှက်မရှိဘဲ ပြည်မြို့သို့ ဆိုက်ရောက်တော်မူလာရာ ယောက်ဖတော် သျှင်ရဲထွတ်မှစ၍ မှူးမတ်ဗိုလ်ပါအပေါင်းတို့ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်တွင် ဘုရင်တပင်ရွှေထီးက "ငါ၏ရေတပ်တော်ကြီးဖြင့် ရှမ်းတို့၏ ရေတပ်ကို တန့်ရပ်ခြင်းမရှိဘဲ။ တဟုန်ထဲ တိုက်တော်မူရလိမ့်မယ် အထင်နှင့်ချီတော်မူလာရာ။ ယခုရှမ်းတပ်တွေမရှိပါဘဲကလား"ဟု အမေးတော်ရှိသည်။

မှူးမတ်များက "အရှင့်ဘုန်းတော်အရှိန်ဟာ ဝတိန်မိုးသိကြားကဲ့သို့ အလွန်ပင်ကြီးမားလှပါသည်ဘုရား။ ဘုန်းတော်ကြီးလှသောဘုရား ချီတော်မူလာပြီကြားရုံနှင့် စော်ဘွားတို့ တပ်ကိုနုတ်၍ ဆုတ်ခွာသွားကြပါသည်ဘုရား။ သို့ရာတွင် အဝနိုင်ငံသို့တိုင်အောင် ပြန်သည်မဟုတ်သေးဘဲ ပြည်မြို့မြောက်တတိုင်ကကွာတွင် ရေရော,ကုန်းရော အခံ့အခိုင်နေထိုင်လျက်ရှိနေကြပါသည်ဘုရား"ဟု လျှောက်တင်ကြလေ၏။

(ရွှေထီး) "မရဲကလဲပြေးခဲ့စေ"ဆိုတဲ့စကားအတိုင်း စော်ဘွားကလေးများဟာ ကလေးကစားသလို သနားစရာ အလွန်ကောင်းတာဘဲ။ တကယ်ပင် မရဲသော်လည်း ရဲဟန်ဆောင်ပြီး ရှုတ်တရက် မခွါမဆုတ်ဘဲ ရဲဟန်လုပ်၍ နေကြရှာတာပေါ့။ သို့ရာတွင် အညှာပေးလို့ မသင့်သေးဘူး။ စစ်တို့အရေးဆိုတာ ရက်စက်နိုင်သမျှ ရက်စက်ပြီး ဖြိုဖျက်နိုင်သမျှ ဖြိုဖျက် ခြေမှုန်းရတာမျိုးကလား။

(မှူးမတ်များ) မှန်လှပါ။ ဘုန်းတော်ကြီးလှသောဘုရား ချီတက်တော် မူလာခြင်းအားဖြင့် စော်ဘွားတို့ ပျက်ပြားရုံသာ ရှိပါတော့သည်။ သူတို့စရိုက်နှင့်အလိုက်သိပြီး အဝမြို့တော်သို့တိုင်အောင် ဆုတ်ခွာလျှင် ချမ်းသာရာရပါလိမ့်မယ်။

(ရွှေထီး) ရှမ်းစော်ဘွားကလေးတွေကို ကြာကြာနေလို့မသင့်ဘူး။ အချိန်ဆိုင်းနေလျှင် စစ်ရေးအတွက် အကျိုးတော် ဆုတ်ယုတ်လိမ့်မယ်။ နောင်တော် ကျော်ထင်နော်ရထာက သင့်လျော်သလိုစီရင်၍ စော်ဘွားတို့၏ကုန်းတပ်,ရေတပ်များကို အင်အားရှိသမျှ ဖိ၍ဖြိုဖျက်ပေတော့။

ဤသို့မိန့်တော်မူပြီးလျှင် ရွှေဘောင်တော်မှာပင် စံမြဲစံနေတော်မူသည်။သျှင်ရဲထွတ်သည် ဗိုလ်မှူးအပေါင်းတို့နှင့် တိုင်ပင်တော်မူသည်မှာ "ရှမ်းစော်ဘွားတို့သည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် ရေရော,ကုန်းရော ပျားအုံကဲ့သို့ တပ်ဖွဲ့စည်း၍နေကြသည်။ ကျွန်ုပ်တို့က တိုက်လျှေ

ကြီးများတွင် အမြောက်ကြီးတို့ကိုတင်၍ အနောက်ဘက်ကမ်းက မြစ်ညာသို့ အတင်းဆန်တက်ပြီးလျှင် ရှမ်းတို့၏လှေတပ်ကို အတင်းပိတ်ဆို့မည်။ ကျွန်ုပ်၏လှေတပ်သည် မြစ်ညာသို့ ချွန်၍တက်သွားပါလျှင် ရှမ်းတို့ဆီသို့ ရိက္ခာပို့သောလှေများကို ဖမ်းဆီးမည်။ ရှမ်းတို့မှာရိက္ခာပြတ်လျှင် အလိုလိုမတိုက်ရဘဲ ဆုတ်ခွာသွားကြလိမ့်မည်။ သည်အခါ အကျွန်ုပ်တို့က အတင်းလိုက်၍ ရေရော, ကုန်းရောကိုက်မည်။ သည်လိုတိုက်လျှင် နောက်တဘန်ကျွန်ုပ်တို့ကိုမကြံဝံ့ဘဲ အပျက်စီးကြီးပျက်စီးသွားလိမ့်မည်။ ယခုချီတက်မည့်လှေတပ်မှာ ကျွန်ုပ်ကိုယ်တိုင်စီး၍တက်မည်”ဤသို့တိုင်ပင်စကားမိန့်ကြားတော်မူရာ၊ မှူးမတ်ချားနှင့် ဗိုလ်မှူးစစ်ကဲတို့က အလွန်နှစ်သက်ကြသဖြင့် “ယခု အစီအမံသင့်လျော်လှပါသည်ဘုရား”ဟု လျှောက်တင်ကြလေ၏။

## “လှေတပ်ကြီးဆန်တက်ခြင်း”

သျှင်ရဲထွတ်သည် တိုက်လှေကြီးလေးဆယ်တို့တွင် အမြောက်ကြီးများကို တင်စေပြီးလျှင် ကိုယ်တော်တိုင် လှေတပ်ကို အုပ်ချုပ်၍လိုက်ပါတော်မူသည်။ထိုပြင်ကုန်းစစ်သား(၄၀၀၀၀)တို့ကို ဧရာဝတီမြစ် အနောက်ဘက်က အညာသို့ချီတက်စေသည်။

အနောက်ဘက်ကမ်းခြေက သျှင်ရဲထွတ်၏လှေတပ်ကြီး အထက်သို့ ဆန်တက်၍ချီသည်ကို စော်ဘွားတို့မြင်ကြရာ၊ ဆီးကြို၍တိုက်သည်တွင် သျှင်ရဲထွတ်က အမြောက်တို့ဖြင့် အပြင်း လွှတ်၍တိုက်သည်နှင့် ရှမ်းတို့၏လှေတပ်သည် မရှိဖရဲပျက်စီးလေ၏။ လှေတပ်ကို အောင်မြင်သောအခါ ရှမ်းတို့၏ ကုန်းတပ်ကို မတိုက်သေးဘဲ သရက်မြို့သို့တိုင်အောင် ဆန်တက်ပြီးလျှင် စကု,စလင်းမြို့တို့မှ ရိက္ခာပို့လာသောလှေတို့ကို ဆီးကြို၍ တိုက်ပြီးလျှင် စစ်ရိက္ခာအလုံးစုံကို အကုန် သိမ်းယူတော်မူသည်။ သျှင်ရဲထွတ်က ဤသို့စီမံတော်မူသောကြောင့် ရှမ်းတို့မှာ ရိက္ခာပြတ်၍ ငတ်မွတ်ခြင်းဖြစ်ကြလေသည်။ မြန်မာတို့လှေတပ်ကြီးက မြစ်ညာက ဆီး၍နေပြီဖြစ်သောကြောင့် မည်သို့မျှ မကြံစည်နိုင်ကြကုန်။

ရှမ်းတို့ဘက်က ရဲဗိုလ်လုပ်၍လာသော စလင်းစည်သူကျော်လည်း မည်သို့မျှမကြံနိုင်ဘဲရှိလေသည်။ ရှမ်းတပ်များလည်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှာ ဣန္ဒြေမပျက် စုရုံး၍ နေကြသည်။ ရိက္ခာပြတ်သဖြင့် ရုတ်တရက်ဆုတ်ခွာလျှင် နောက်ထပ်အတင်းဖိ၍ လိုက်လာမည်စိုးသောကြောင့် ခွာချင်လျက်နှင့် မခွာသေးဘဲ နေကြလေ၏။

သျှင်ရဲထွတ်သည် လှေတပ်ကို သရက်မြို့တွင် အခိုင်အလုံ စီစဉ်ထားခဲ့ပြီးလျှင် ပြည်မြို့သို့ပြန်၍ ကုန်းတပ်ကြီးကို အုပ်စီးပြီးလျှင် ဧရာဝတီအရှေ့ဘက်ကမ်းတွင် စုခဲ၍နေသော ရှမ်းတပ်ကို အတင်းဖြိုဖျက်ခြေမှုန်းရန် စီရင်တော်မူပြန်သည်။

## “ရှမ်းတို့ဆုတ်ခွာခြင်း”

စော်ဘွားများမှာ ဣန္ဒြေမပျက်တပ်ဖွဲ့၍နေပါသော်လည်း စားနပ်ရိက္ခာများတနေ့တခြားပါးရှား၍လာသည်နှင့် ကြာရှည်စွာ နေရန် မစွမ်းနိုင်အောင်ရှိကြလေသည်။ ထိုအခါ စလင်းစည်သူကျော်ထင်က ရှမ်းစော်ဘွားတို့ကို အကျိုးအကြောင်းနှင့် တကွ ပြောကြားသည်မှာ

"ကျွန်ုပ်တို့က ပြည်မြို့ကို ဝန်းဝိုင်းလုပ်ကြံမည်ဟု ရေရော, ကုန်းရော, ချီလာခဲ့ကြရာ၊ ယခုအခါ ကျွန်ုပ်တို့ကိုယ်တိုင် အဝိုင်းခံနေကြရပြီ၊ ဘုရင်တပင်ရွှေထီး၏ဘုန်းတန်ခိုးကြီးကြောင်းလဲ ထင်ရှားပါပေသည်။ ဘုရင့်ယောက်ဖတော် သျှင်ရဲထွတ်၏ စစ်ရေးစစ်ရာဉာဏ်ပညာထက်မြက်ကြောင်းလဲ ထင်ရှားပါပေသည်။ ကျွန်ုပ်တို့၏ စစ်သည်အင်အား များပြားလှပြီဟု ထင်မိခဲ့သော်လည်း ဘုရင်တပင်ရွှေထီး၏အင်အားနှင့် နှိုင်းစာခဲ့ပါလျှင် မပြောစလောက်သော အခြေသို့ရောက်နေခဲ့ပြီ။ ယခုလည်း ကျွန်ုပ်တို့မှာ စားနပ်ရိက္ခာပြတ်လတ်၍ စစ်သည်တော်များ ငတ်မွတ်၍ ကုန်ကြပါပြီ။ စကု,စလင်းမြို့,တို့က ပို့ကြသော ဆန်ရေရိက္ခာများကိုလည်း သျှင်ရဲထွတ်၏ ရေတပ်က ဆီးကြိုတိုက်ခိုက်၍ ယူသောကြောင့် ကျွန်ုပ်တို့လက်သို့ မရောက်ဘဲ ရန်သူလက်သို့သာ ရောက်ကုန်ပြီ၊ ကျွန်ုပ်တို့က ရန်သူများကို အားပေးသကဲ့သို့ရှိကုန်ပါပြီ။ သို့ဖြစ်၍ ကြာရှည်စွာ ဤအရပ်၌ စစ်တပ်ဖွဲ့၍နေရန်မသင့်တော့ပါ၊ မသိလိုက်မသိပါဆုတ်ခွာမှသင့်တော့မည်။ စစ်ဗူဟ်နှေ့ကိုဖျက်၍ရုတ်တရက်ဆုတ်ခွာပြန်လျှင်လည်း ကျွန်ုပ်တို့နောက်သို့ အတင်းဘိစီး၍လိုက်လာတိုက်ခိုက်မည့်အရေးကို စိုးရိမ်ရပါသည်။"ဟု ပြောကြားရာ စော်ဘွားတို့လည်း စလင်းစည်သူကျော်ထင် စကားကို နှစ်သက်ကြသည်နှင့် ဗူဟ်နှေ့မပျက်ဆုတ်ခွာကြလေ၏။

## သျှင်ရဲထွတ်က ဘိဘိစီးစီး လိုက်၍ တိုက်ခိုက်ခြင်း

ရှမ်းတို့ဆုတ်ခွာကြောင်းကို သျှင်ရဲထွတ် သိတော်မူရာ ဗိုလ်မှူး, စစ်ကဲ, အပေါင်းတို့က အရေးတကြီးနှိုးဆော်တော်မူပြီးလျှင် စစ်မျက်နှာဖြန့်၍ ရှမ်းတို့ကို အမှီလိုက်ကြလေ၏။ ရှမ်းတို့လည်း ဆုတ်ခံ,ဆုတ်ခံ,နှင့်သာ ဗူဟ်နှေ့မပျက်ခွာကြလေသည်။

ထိုအခါသျှင်ရဲထွတ်သည် "ဇေယျဒိသာ"မည်သော ဆင်တော်ကြီးကို ချွန်းနှင့်ရှိစီးတော်မူပြီးလျှင် ဆင်ကူအစီး(၃၀)နှင့် ရှမ်းတပ်ကြီးကို အတင်းနင်း၍ တိုက်ခိုက် တိုးဝှေ့သည်တွင်၊ ရှမ်းတပ်ကြီးသည် လေးစုကွဲ၍ဖရိုဖရဲထွက်ပြေးကြလေသည်။ ရှမ်းတပ်ကြီးပျက်စီးရာတွင်လူပေါင်းများစွာတို့လည်း သေကြေပျက်စီးရှာကြကုန်၏။

ဆင်,မြင်း,သုံ့ပန်း,တို့ကိုလည်း များစွာရတော်မူသည်။ ဤတိုက်ပွဲ၌ ရှမ်းစော်ဘွားတို့၏ ရှုံးခြင်းမှာ အလွန်နစ်နာလှသဖြင့် တပင်ရွှေထီးဆိုလျှင် အသံကိုမျှမကြားဝံ့စလောက်၍ ကြောက်ထိတ်လန့်ခြင်း ဖြစ်ကြလေသတတ်။

## တပင်ရွှေထီး ကိုယ်တော်တိုင် ရေတပ်ဖြင့် ချီတော်မူပြန်ခြင်း

ယောက်ဖတော်သျှင်ရဲထွတ်၏ အစီအမံကြောင့် ရှမ်းစော်ဘွားတို့၏ ရေတပ်,ကုန်းတပ်,တွေ ပျက်စီး၍ ဆုတ်ခွာကြကြောင်းကိုကြားသိတော်မူရာ အရှင်တပင်ရွှေထီးက မှူးမတ်များကို ခေါ်တော်မူ၍ "ယခု ရှမ်းစော်ဘွားတွေ ဆုတ်ခွာထွက်ပြေးကုန်ကြပြီ၊ သို့ရာတွင် စိတ်မချသာသေး၊ ရှမ်းတို့ဘက်မှာပါဝင်လျက်ရှိတဲ့ စလင်းစည်သူကျော်ထင်နှင့် ပုဂံသတိုး။ ဤသူနှစ်ယောက်တို့မှာ လက်ရုံးရည်,နှလုံးရည်နှင့် ပြည့်စုံတဲ့ လူအတိုးတန်များဖြစ်ကြသည်။ စလင်းစည်သူကျော်ထင်သည် စလင်းမြို့မှာနေမြဲတိုင်း ပြန်၍နေနိုင်လျှင် အေးချမ်းနိုင်မည် မဟုတ်သေး။ ပုဂံသတိုး

သည် ပုဂံမြို့ကိုအုပ်စိုးနေနိုင်လျှင်လဲ အေးချမ်းနိုင်မည် မဟုတ်သေး။ သူတို့ နှစ်ယောက် အနက် စလင်းစည်သူကျော်ထင်ကို သာလျှင် အရေးယူသင့်သည်။ သို့ဖြစ်၍ စလင်းစည်သူကျော်ထင် စလင်းမြို့ကို ပြန်၍ မအုပ်စိုးနိုင်အောင် စလင်းမြို့ကို စောစောစီးစီးတင်ကြို၍ သိမ်းပိုက်တော်မူမှ သင့်မည်။ သို့ဖြစ်၍ ကိုယ်တော်တိုင် ရေတပ်ဖြင့် မြစ်ညာသို့ ဆန်တက်တော်မူမည်" ဤသို့ အမိန့်တော်ရှိပြီး အဆောတလျင် ရေတပ်ကိုစီစဉ်တော်မူပြီးလျှင် ပြည်မြို့မှ မြစ်ညာသို့ ဆန်တက်တော်မူလေ၏။

စလင်းစည်သူကျော်ထင်လည်း ရှမ်းတို့နှင့်အတူ ပြည်မြို့မှ ဆုတ်ခွာထွက်ပြေးခဲ့ရာ၊ မိမိပိုင်စိုးသော စလင်းမြို့ကို ဝင်၍ နေရန် ကြံပါသော်လည်း ဘုရင်တပင်ရွှေထီး လှေတပ်နှင့် စလင်းမြို့သို့ ချီတက်လာသည်ဟု ကြားသည်နှင့် စလင်းမြို့သို့မဝင်ဘဲ၊ ရှမ်းစော်ဘွားတို့နှင့်အတူ အဝနေပြည်တော်သို့ လိုက်ပါသွားရလေသည်။ ပုဂံမြို့စားသတိုးလည်း ပုဂံမှာမနေဝံ့သောကြောင့်စော်ဘွားတို့နှင့်အတူ အဝမြို့တော်သို့ပင် လိုက်ပါသွားရလေသည်။

## စလင်းမြို့ကို လုပ်ကြံတော်မူခြင်း

ဘုရင်တပင်ရွှေထီးသည် စလင်းမြို့သို့ ရောက်တော်မူလျှင် ရေတပ်မှ အလျှင်အမြန်ကုန်းသို့ တက်တော်မူပြီးလျှင် စလင်းမြို့ကို ဝန်းရံတော်မူလေ၏။ စလင်းမြို့ကို ဝန်းရံသောအခါ စည်သူကျော်ထင်၏သား "မင်းကြီးရဲတိုင်က" စည်းကြပ်ကွပ်ကဲပြီးလျှင် အခိုင်အမာ ခုခံသောကြောင့် အဆောတလျင် စလင်းမြို့ကို ရတော်မမူချေ။ နောက်သုံးရက်ရှိသောအခါ ရဲမက်တော်များကို အတင်းအကြပ်အမိန့်တော်ထုတ်ဆင့်၍ သက်စွန့်ကြိုးပမ်း ဘိဘိစီးစီးလုပ်ကြံတော်မူမှ စလင်းမြို့ကို ရတော်မူသည်။

စလင်းမြို့ကို အောင်တော်မူပြီးလျှင် စည်သူကျော်ထင်၏မိဖုယားနှင့်သားဖြစ်သူ "မင်းကြီးရဲတိုင်" ကို သိမ်းယူတော်မူသည်။ ထိုပြင်လည်း ဆင်ကောင်း မြင်းကောင်းတို့နှင့် သူရဲကောင်းများကို ရွေးချယ်စီစစ်၍ ထုတ်ယူတော်မူသည်။

## စလင်းမြို့၌ မြို့စားအပ်နှင်းတော်မူခြင်း

စလင်းမြို့ကို ငြိမ်ဝပ်ပိပြားစွာ စီရင်၍ သိမ်းယူတော်မူပြီးလျှင်နောင်လည်းနေထားတကျ သေသေဝပ်ဝပ်ရှိအောင် မြို့စားအပ်နှင်းလိုက်သည်ကို ဆင်ခြင်တော်မူရာ၊ ယဲမည် "ရှင်သီဟ" ထိုနောက်"စည်သူကျော်ထင်"ဘွဲ့ခံ၊ အထိန်းတော်ကြီးကို ပေးမှသင့်မည်ဟု ကြံစည်ဆုံးဖြတ်တော်မူပြီးလျှင် စည်သူကျော်ထင်အား စလင်းမြို့ကို ပေးတော်မူသည်။

(ပေးတော်မူခြင်း၏အကြောင်းရင်း အာဘော်မှာ မူလအုပ်စိုးသူ စလင်းစည်သူကျော်ထင် သည် ဘုန်းလက်ရုံးပညာထက်မြက်လှ၏။ ထိုအမည်နှင့် တူမျှသောသူအား စလင်းမြို့ကို ပေး၍ မူလစည်သူကျော်ထင်၏နံကိုနှိပ်မည်။ ဤသို့သောအာဘော်နှင့် အထိန်းတော် စည်သူကျော်ထင် အား စလင်းမြို့ကိုပေးတော်မူရခြင်းဖြစ်သည်ဟု ရာဇဝင်ဆရာတို့ မိန့်ဆိုကော် မူကြသည်များကို ကြားရဘူးသည်။

ပထမအုပ်စိုးသူ "စလင်းစည်သူကျော်ထင်" နောက်ထပ် အုပ်စိုးသူကို "တောင်ငူ စည်သူကျော်ထင်"ဟု ခေါ်တွင်သည်၊ (တောင်ငူစည်သူကျော်ထင်ကို ပဲခူး စည်သူကျော်ထင် ဟူ၍လည်း ခေါ်ဆိုကြသည်) စည်သူကျော်ထင်နှစ်ဦး၏ အရေးများ နောက်ထပ်ဖြစ်ပွါးလိမ့်မည်၊ သို့ဖြစ်၍ စည်သူကျော်ထင်နှစ်ဦး၏ အကြောင်းကို အထင်အရှားခွဲခြား၍ ဆော်ပြခဲ့ပေသည်)။

## တပင်ရွှေထီးမြစ်ညာသို့ ဆန်တက်တော်မူခြင်း။

ဘုန်းတော်ကြီးလှသော တောင်ငူဘုရင်တပင်ရွှေထီးသည် စလင်းမြို့ကိုသိမ်းယူ၍ နေထား တကျ စီမံတော်မူပြီးနောက် ရွှေဘောင်တော်သို့ ပြန်ပြီးလျှင် တဘန် မြစ်ညာသို့ ဆန်တက်တော် မူပြန်လေ၏။ ။တပင်ရွှေထီး ရွှေဘောင်တော်နှင့် ဆန်တက်တော် မူလာပြီဟု ကြားသိလျှင် မြို့စား,ရွာစားအပေါင်းတို့လည်း ခုခံခြင်းငှါ မစွမ်းနိုင်ကြဘဲ အလွန် ထိတ်လန့်ကြောက်ရွံ့စွာနှင့် မိမိတို့မြို့,ရွာတို့ကို စွန့်ခွါပြီးလျှင် အဝနေပြည်တော်သို့ တက်ပြေးကြလေ၏၊ အချို့,အချို့သော မြို့စား,ရွာစားတို့လည်း ဘုရင်တပင်ရွှေထီး၏ ဘုန်းတော်ရိပ်ကို ခိုလှုံလိုသောကြောင့် ဘဝါးတော် အောက်သို့ လက်ဆောင်ပဏ္ဏာနှင့် ဝင်ရောက်၍ ကျွန်တော်မျိုး ခံကြလေသည်။

ဘဝါးတော်အောက်သို့ ဝင်ရောက်၍ ကျွန်တော်မျိုးခံလာကြသော မြို့စား,ရွာစားများ ကို နှိမ့်ချတော်မမူဘဲ ယခင်က မိမိစားမြဲတိုင်း မြို့ရွာများကို ရှေးနည်းအတိုင်း ထပ်မံ၍ ချီးမြှင့် ပေးသနားတော်မူသည်။

ချီးမြှင့်တော်မူခဲ့၍ ပုဂံမြို့ကိုဆိုက်ရောက်တော်မူရာ ရွှေဘောင်တော်ကို ရပ်တန့်တော်မူ၍ ဘုရားပုထိုးများကို ဖူးမျှော်တော်မူကာ ပုဂံမြို့မှာပင် ရပ်တန့်စံနေတော်မူသည်။ ။ရဲမက်တော် များကို ပုဂံမြို့မှ အစိတ်,စိတ် စေလွှတ်တော်မူပြီးလျှင် ကျောက်ပန်းတောင်းမြို့, တောင်တွင်းကြီးမြို့ စသော မြို့များကို ကိုက်သိမ်းတော်မူ၏၊ ရဲမက်တော်တို့ချီလေသမျှတွင် ခုခံမည့်သူမရှိဘဲ အလွယ် တကူနှင့်ပင် အောင်မြင်တော်မူသည်။

ဧရာဝတီမြစ်၏ အရှေ့ဘက်တလျှောက် အနောက်ဘက်တလျှောက်တွင် ရှိသော မြို့ရွာ များကို သိမ်းပိုက်တော်မူပြီးလျှင် အသီးအသီး မြို့စားခန့်အပ်တော် မူသည်။ ။ပုဂံမြို့ကို ကျွန် တော်ရင်း စုက္ကတေး အား ဗိုလ်ပါ,ဆင်,မြင်း,အလုံးအရင်းများစွာနှင့် ပေးတော်မူပြီးလျှင် အဝ မြို့တော်နှင့် နယ်ခြား,နယ်စပ် ပြုလုပ်တော်မူခဲ့လေသည်။

ဤသို့စီရင်တော်မူပြီးလျှင် ပုဂံမြို့မှ အထက်မြစ်ညာသို့ ဆန်တက်တော်မမူဘဲ သက္ကရာဇ် (၉၀၆)ခု၊ ဝါခေါင်လတွင် ရွှေဘောင်တော်စီး၍ နေပြည်တော်သို့ ပြန်လည်တော်မူလေသည်။

## တပင်ရွှေထီး သာသနာရေးကိစ္စကို ဆောင်ရွက်တော်မူခြင်း။

နေပြည်တော် ဟံသာဝတီကို ပြန်လည်ဆိုက်ရောက်တော်မူသောအခါ သက္ကရာဇ်(၉၀၆) ခု၊ နတ်တော်လအတွင်းမှာ ရွှေနန်းတော်၏ အရှေ့မျက်နှာစာ၌ ရွှေလွှတ်တော်ကြီး ဆောက်၍ ကိုယ်တော်တိုင် လွှတ်တော်တက်တော်မူပြီးလျှင် တရားစီရင်တော်မူသည်။

ထိုနှစ်အတွင်းမှာပင် နန်းတော်အတွင်းမှာ ရှေးတလိုင်းမင်းတို့ဆောက်လုပ်ခဲ့သော ဘုရားထားသည့် ရွှေပြဿာဒ်ကြီးဟောင်းနွမ်းသည်နှင့် အကြီးအကျယ်ဆောက်လုပ်တော်မူပြီးလျှင် ဆင်းတု ရုပ်ပွါးတော်များကိုတင်ထား ကိုးကွယ်တော်မူသည်။

ဟံသာဝတီမြို့တော်အနောက်ဘက် မွန်ကျောင်းတိုက်ကြီး အတွင်းမှာ ကျောင်းရံ(၇၀) နှင့်တကွ ကျောင်းတော်ကြီးကိုဆောက်လုပ်ပြီးလျှင် မွန်ဆရာတော်ကြီးအား "မဟာသံဃရာဇာ" ဟူသော ဘွဲ့ကိုအပ်၍ တင်လှူတော်မူသည်၊ မွန်တိုင်းအလုံးတွင် ထိုဆရာတော်ကြီး ကိုပင် သာသနာပိုင်ခန့်အပ်တော်မူသည်၊ ထိုကျောင်းလှူပွဲကြီးတွင် အရည်ဝါသီ, ဂါမဝါသီ, ရဟန်းတို့ကို ပင့်၍ ပရိက္ခရာရှစ်ပါးနှင့်တကွ များစွာသော ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းတော်မူသည်။

ထို့ပြင်လည်း "ဆင်ပြီး" အရပ်၌ စေတီတဆူ တည်တော်မူပြီးလျှင် တံတိုင်းပရဝုဏ်ခပ်၍ ထိုစေတီ၏အရပ်လေးမျက်နှာတွင် ရွှေကျောင်းလေးကျောင်းကိုလည်း ကျောင်းရံနှင့်ဆောက်လုပ်၍ သံဃာတော်တို့အား လှူဒါန်းတော်မူသည်၊ သက်စေ့ရဟန်းများလည်း ခံတော်မူသည်။

ထိုအခါ ဟံသာဝတီမြို့တော်ကြီးသည် တိုင်းရေး, ပြည်ရေး ကြည်အေးသာယာ၍ သာသနာတော်ကြီးလဲ နေမီး အသိန်းအသန်းကဲ့သို့ ထွန်းလင်းတောက်ပလေ၏။ ။နိုင်ငံခြား တိုင်းတပါးမှ လာရောက်ကြသော ကုန်သည်များလည်း ဟံသာဝတီနေပြည်တော်ကြီးသို့ ရောက်ကြလေရာ လွန်စွာချီးမွမ်းကြလေ၏၊ ထိုအခါ ဥရောပတိုက်သားတို့လည်း ဟံသာဝတီနေပြည်တော်ကြီးသို့ လာရောက်၍ ရောင်းဝယ်ဘောက်ကားမှုဖြင့် နေထိုင်လျက် ရှိကြသည်၊ ပေါ်တူဂီပြည်, ဖြင်သစ်ပြည်, ဟော်လန်ပြည်တို့မှ ရွက်သင်္ဘောတို့ဖြင့် များစွာလာရောက်လျက် ရှိကြသည်၊ ထိုစဉ်အခါ သံလျင်မြို့သည် သင်္ဘောဆိပ်ကြီးဖြစ်သည်၊ သံလျင်မြို့တွင် သင်္ဘောဆိုက်၍ ဟံသာဝတီသို့ လှေဖြင့်တဆင့် လာရောက်ကြရသည်။ ။ဥရောပတိုက်မှ ထူးဆန်းမွန်မြတ်သော လက်ဆောင်တော်များကိုလည်း ဘုရင့်လက်တော်ရောက်ဆက်သကြသည်၊ ရွှေဘုန်းတော်ရိပ်ကိုခိုလှုံ၍ ဟံသာဝတီမြို့တော်တွင် နေထိုင်ကြသော ဥရောပတိုက်သားတို့သည်း များစွာပင်ရှိကြသည်။

ဘုရင် တပင်ရွှေထီး ဘုန်းကြီးသောအခိုက်၌ ဥရောပတိုက်သည် ယခုခေတ်မှာကဲ့သို့ စက်မှု,လက်မှု,ဓါတ်မှု,ပညာများ ထွန်းကားသည်မဟုတ်သေး၊ စစ်ရေး,စစ်ရာနှင့် လက်နက်အင်အားလဲ ကြီးမားသည်မဟုတ်သေး၊ အရှေ့နိုင်ငံမှစိုးစံသော ဘုရင်များကိုပင် ချီးကြူး၍နေသောအခါဖြစ်လေသည်၊ သို့ရာတွင် ရွက်သင်္ဘောတို့ဖြင့် အရပ်ရပ်သို့ လှည့်လည်၍ ကူးသန်းရောင်းဝယ်ရေးများကိုကား ကြီးပွါးအောင် ရွက်ဆောင်လုပ်ကိုင်လျက်ရှိကြလေပြီ။

ထိုအခါ ဥရောပတိုက်သားတို့သည် အရှေ့နိုင်ငံ၌ စိုးစံတော်မူကြသော ဘုရင်တို့ထံသို့ ခိုလှုံချဉ်းကပ်ပြီးလျှင် ဥရောပတိုက်မှ၊ဖြစ်သောလက်ဆောင်ပဏ္ဏာအထူးထူးများကိုဆက်သ၍ ဘုရင်မင်းမြတ်တို့က ချီးမြှင့်သော ရွှေငွေဘဏ္ဍာအဘိုးထိုက်ရတနာတို့ကို များစွာရယူရလေ့ ရှိကြသည်၊ ထို့ကြောင့် အရှေ့နိုင်ငံသို့ ရွှတ်ရွှတ် ချွန်ချွန် ပေါက်ရောက်လာကြသော ကုန်သည်များသည် ဘုရင်တို့၏အထံသို့ဝင်ရောက်၍ လက်ဆောင်တော် ဆက်သခြင်းအားဖြင့် များစွာပင် ကြီးပွါးချမ်းသာလျက်ရှိကြသည်၊ ဘုရင်တပင်ရွှေထီးသည် ဥရောပတိုက်သားတို့ကို များစွာ အရေးယူ

တော်မူပြီးလျှင် လိုက်လိုက်စားစား ချီးမြှင့်တော်မူသည်၊ အချို့ကိုလဲ နန်းတော်တွင်းမှာ ကျွန်တော်ရင်းအဖြစ်ဖြင့် အမှုတော်များကို ထမ်းစေသည်၊ အချို့ကိုလည်း စစ်ဘက်တွင်ခန့်ထား၍ အမှုတော်များကိုထမ်းရွက်စေသည်။ ။ဤကဲ့သို့ နန်းတော်တွင်းသို့ တိုင်အောင် အခွင့်ရသဖြင့် ဥရောပကိုက်သားတို့သည်၊ တစတစ ဟံသာဝတီသို့ လာရောက်ခိုလှုံကြသည်။

---

# အခန် (၃၉)

## စလင်းမြို့၌ ပုန်ကန်မှုဖြစ်ပေါ်ခြင်း။

စလင်းမြို့တွင် တောင်ငူစည်သူကျော်ထင် အုပ်ချုပ်၍နေစဉ် များမကြာမှီ အတွင်းမှာပင် ပုန်ကန်သောင်းကျန်းမှုကြီးဖြစ်ပေါ်လေသည်။ ။ပုန်ကန်သောင်းကျန်းခြင်းအကြောင်းမှာ။

စလင်းစည်သူကျော်ထင်အုပ်စိုးစဉ်က ကျွန်တော်မျိုးအပေါင်းတို့သည် မိမိတို့သခင် စလင်းစည်သူကျော်ထင် မအုပ်စိုးသည့်အတွက် စိတ်မကျေနိုင်ဘဲ ရှိကြလေ၏၊ သို့ရာတွင် အင်အားမတန်သောကြောင့် အသာငုံ့၍ ခံနေကြရလေသည်၊ အတွင်းကြိတ်ကြံသောအကြံများကိုမူကား ဘယ်အခါမှလျော့ခြင်းမရှိကြချေ၊ စလင်း စည်သူကျော်ထင်ကို တဖန်ပြန်၍ ပင့်ဆောင်ပြီးလျှင် စလင်းကိုအုပ်စိုးစေရန် အမြဲပင်ကြံ၍နေကြလေ၏။ ။စလင်းနယ် တဝိုက်ကလဲ စလင်း စည်သူကျော်ထင်၏အပေါ်မှာ မေတ္တာစူးရှလျက်ရှိသောကြောင့် လူတိုင်းလိုလိုပင် မိမိတို့သခင်ဟောင်းကို အမြဲပင်မျှော်လင့်၍ နေကြလေသည်။

တနေ့သောအခါ စလင်းစည်သူ၏ ကျေးရင်းကျွန်ရင်းတို့ တိတ်ဆိတ်ကြိတ်၍ တိုင်ပင်ကြသည်မှာ တပင်ရွှေထီး၏ဘုန်းရှိန်ကို မခံနိုင်သဖြင့် ငါတို့သခင် စလင်း စည်သူ ကျော်ထင်သည် စလင်းမြို့ကို မကပ်နိုင်ဘဲ အဝမြို့တော်မှာနေရသည်။ ယခုအုပ်စိုးသော တောင်ငူ စည်သူကျော်ထင်သည် ငါတို့သခင်သို့ လက်ရုံးရည်နှင့် ပြည့်စုံသည်မဟုတ်။ စလင်းနယ် တဝိုက်မှာ ရှိကြတဲ့ လူတွေဟာလဲ သခင်ဟောင်းကိုသာ တောင့်တမျှော်လင့်နေကြတယ်။ တနယ်လုံး ညီညွတ်စွာနှင့် ပုန်ကန်လိုက်ပါလျှင် တောင်ငူစည်သူကျော်ထင်ဟာ ခံနိုင်မလား။ စလင်းမြို့ကိုပြန်၍ရလျှင် ငါတို့သခင်ကို အဝမြို့တော်မှပင့်ဆောင်၍ ရှေးနဂိုအတိုင်း အုပ်စိုးမြဲအုပ်စိုးစေမယ်။ ငါတို့သခင်သာ စလင်းမြို့ကို အုပ်စိုးမိပါလျှင် တပင်ရွှေထီး ချီလာသော်လဲ ကြောက်ဘို့မရှိ။ စလင်းမြို့ ဆိုသည်မှာလည်း ဘယ်အခါတမှ ဟံသာဝတီ၏လက်အောက်သို့ ရောက်ဘူးသည်မရှိ။ သို့ဖြစ်၍ ညီညီညွတ်ညွတ် တစည်းတလုံးထဲ ပုန်ကန်ကြစို့။ ဤသို့တိုင်ပင်ရာ တသွေးထဲညီညွတ်ကြသည်နှင့် တိတ်တဆိတ် တနယ်လုံးကိုစည်းကြပ်ပြီးလျှင် တနေ့သောအခါ တောင်ငူစည်သူကျော်ထင် အမေ့အလျော့နေခိုက်တွင် တဟုန်ထဲလူစုလူဝေးကြီးနှင့် အတင်းပုန်ကန်ကြလေသည်။

ထိုအခါ တောင်ငူစည်သူကျော်ထင်မှာလည်း အမေ့အလျော့နေမိုက်ဖြစ်သည်နှင့် ဗိုလ်ပါ ဆင်မြင်း အခန့်သင့်မရှိသောကြောင့် ခုခံဖို့ဖျက်ခြင်းငှါ မစွမ်းနိုင်သောအခါ၊ စုရုံးမိသမျှသော ဗိုလ်ပါအင်အားနှင့် ကိုယ်လွတ်ရုန်းကာ အတင်းခွါပြီးလျှင် စလင်းမြို့မှထွက်ပြေးရလေ၏၊ စလင်းမြို့မှ ထွက်ပြီးလျှင် ဧရာဝတီမြစ်ကိုကူး၍ ကုန်းကြောင်းခရီးဖြင့် တောင်ငူသို့အဆောတလျှင် ချီရလေသည်။

ပုန်ကန်သောင်းကျန်းကြသော စလင်းသားတို့အင်အားမှာ လွန်စွာ များပြားလှသဖြင့် တောင်ငူစည်သူကျော်ထင်မှာ အဖမ်းမခံရဘဲ ကိုယ်လွတ်ရုံး၍ထွက်ပြေး နိုင်သည်ကိုပင် ချီးမွမ်းသင့်ပေသည်။ စည်သူကျော်ထင် ဘောင်ငူသို့ရောက်သောအခါ သည်အကြောင်းအရာများကို မြင်းစေ ကျော်စေလွှတ်၍ ဘုရင်တပင်ရွှေထီးသို့ လျှောက်ကြားရလေသည်။

## "စည်သူကျော်ထင်ကို ပင့်ဆောင်ခြင်း"

စလင်းမြို့ကို ပြန်၍ရသော ခါ စလင်းသားတို့သည် မြို့ကိုလုံခြုံစွာ စောင့်ထိန်းကြပြီးလျှင် အဝမြို့တော်သို့စေလွှတ်၍ သခင်ဟောင်းဖြစ်သူ စလင်းစည်သူကျော်ထင်အား စလင်းမြို့ကိုတဘန် ပြန်အုပ်စိုးရန် ပင့်ဆောင်ကြလေရာ၊ စည်သူကျော်ထင်လည်း လိုက်ပါလာပြီးလျှင် စလင်းမြို့ကို အုပ်စိုးမြဲ အုပ်စိုးပြန်လေသည်။ ထိုအခါမြို့ကို ရှေးကထက်ခိုင်မြဲစွာ ထပ်မံပြင်ဆင်ပြီးလျှင် တပင် ရွှေထီးချီလာလျှင် တိုက်မည်ဟု သ ဘိဝီရိယနှင့် နေထိုင်ကြလေ၏။

## "စလင်းမြို့သို့ တဘန်စစ်ချီတက်လာခြင်း"

ဘုရင်တပင်ရွှေထီးသည် စလင်းမြို့ပုန်ကန်ကြောင်းကို ကြားသိတော်မူရာ၊ ပြုံးရယ်တော် မူပြီး "စလင်းမြို့ကလေးဟာ တယ်နိုးကြားထကြွပါကလား။ ပုဂံမြို့သို့ တိုင်အောင် စိုးပိုင်တော်မူ ပြီးဖြစ်ပါလျက် သည်စလင်းမြို့ကလေးက ထထကြွကြွလုပ်သော်လဲ အားကိုးဘွယ်ရာဘယ်မှာရှိနိုင် ပမလဲ။ စလင်းစည်သူကျော်ထင်ကိုလဲ အပုံကြီးအားကိုးကြတဲ့လက္ခဏာဘဲ။ ငါ့အထိန်းတော်ကြီး စည်သူကျော်ထင်ကိုပင် စလင်းမြို့ကို အုပ်စိုးမြဲအုပ်စိုးစေရမယ်။ မကြာခင်အတွင်း တောင်ငူမင်း, ပြည်မင်း,မြေထဲမင်းတို့နှင့် စည်သူကိုယ်တိုင်ချီတက်၍ စလင်းမြို့ကို လက်ရသိမ်းပိုက်စေ။ စလင်း စည်သူကျော်ထင်ကိုလဲ အရှင်ဖမ်းဆီး၍ ဆက်သစေ"ဟု အမိန့်ထုတ်ပြန်တော်မူလေ၏။

အမိန့်တော်အတိုင်း (၁)တောင်ငူမင်းတတပ် (၂)ပြည်မင်းတတပ် (၃)မြေထဲမင်းတတပ် (၄) တောင်ငူစည်သူကျော်ထင်တတပ်၊ သည်လေးတပ်တွင် တိုက်ဆင်(၁၀၀)၊စစ်မြင်း(၈၀၀၀) စစ်သည်သူရဲ(၅၀၀၀၀)နှင့် စလင်းမြို့သို့ ချီတက်ကြလေသည်။ စလင်းသို့ရောက်လျှင်"ကျောက် စစ်"မည်အရပ်တွင် တပ်ချ၍နေကြလေသည်။

စလင်းစည်သူကျော်ထင်လည်း ဟံသာဝတီကစစ်တွေ ဆိုက်ရောက်လာသည်ဟုကြားလျှင် ချစ်မြတ်ကဲမည်သော ဆင်ကိုစီး၍ လူသုံးထောင်၊ မြင်းသုံးရာနှင့်ထွက်လာပြီးလျှင် စည်သူကျော် ထင်တပ်ကို ဆီးကြို၍တိုက်လေသည်။ တောင်ငူ စည်သူကျော်ထင်လည်း "ပေါက်ကျော်ဇေယျ" မည်သော ဆင်ကြီးကိုစီး၍တိုက်သည်။ ဤကဲ့သို့ အတန်ကြာ "စီးချင်းထိုး" တိုက်ကြရာတွင်၊

တောင်ငူစည်သူကျော်ထင်မှာ အရပ်အနေမသင့်သည့်နှင့် နောက်သို့ ဆုတ်ရလေ၏။ မိမိကိုယ်မှာလည်း လှံချက်များထိခြင်းကို ခံရလေသည်။ ဆင်တော်ပေါက်ကျော်ဇေယျမှာလည်း လှံချက်ပေါင်း(၃၆)ချက်တိုင်တိုင် စူးလေသည်။ ထို့ကြောင့် ဆင်တော်ပေါက်ကျော်ဇေယျသည် မတိုက်ဝံ့ဘဲ တုန်၍လဲမတတ်ရှိလေသည်။ တောင်ငူစည်သူကျော်ထင်မှာ စစ်ရေးညိုသဖြင့် ဆုတ်ခဲ့ပြီးလျှင် ဆီးအုပ်အရပ်မှာ တပ်စွဲ၍နေရလေသည်။

ထိုနေ့အဘို့တွင် စလင်းစည်သူကျော်ထင်မှာ စစ်ရေးလှသဖြင့် မြို့တွင်းပြန်၍ ဝင်ပြီးလျှင် နက်ဖြန်မှ လှလှကြီးနိုင်အောင်တိုက်မည်ဟု ကြိမ်းဝါး၍နေလေသည်။ ညအခါ တောင်ငူစည်သူကျော်ထင်၏ တပ်ချရာအနီးအနားသို့လာပြီးလျှင် စလင်းစည်သူကျော်ထင်ကိုယ်တိုင် နက်ဖြန်ခါ ထွက်၍တိုက်မည်၊ တောင်ငူစည်သူကျော်ထင် အသင့်ပြင်ထားဟု ဟစ်အော်ကြလေသည်။တောင်ငူစည်သူကျော်ထင်တပ်ကလည်း ထွက်လာခဲ့၊ စလင်းကျော်ထင်ကို နိုင်အောင်တိုက်မည်ဟု ပြန်၍ဟစ်အော်ကြသည်။ စည်သူကျော်ထင်နှစ်ဦး၏ဘက်၌ ရှိကြသော စစ်သည် အပေါင်းတို့ကလည်း နက်ဖြန်ခါ စီးချင်းတိုက်ပွဲကို ကြည့်ရတော့မည်။ ငါတို့သခင်က နိုင်လိမ့်မည်။ ငါတို့ သခင်က နိုင်လိမ့်မည်ဟု အားတက်သရော ရှိနေကြသည်။

### "စည်သူကျော်ထင်နှစ်ဦးတို့၏ စီးချင်းထိုးတိုက်ပွဲ"

နံနက်လင်းသောအခါ တောင်ငူစည်သူကျော်ထင်သည် ခနေ့ဖြူမြို့စား၏ဆင်ကို စီးပြီးလျှင် ဆင်ကိုရံ၍ လှံရှည်ကိုင်သောလူ(၃၀၀)၊မြင်းရံ(၃၀၀)နှင့် အသင့်ပြင်ဆင်၍နေလေ၏။ ပေါက်ကျော်ဇေယျ ဆင်မှာမူကား၊ မနေ့က အထိအခိုက်ဒဏ်ချက် များလှသောကြောင့် ထိုစစ်ပွဲမှာ အသုံးမပြုနိုင်တော့ချေ။

စလင်းစည်သူကျော်ထင်လည်း "ချစ်မြတ်ကဲ" မည်သော ဆင်ကို စီးပြီးလျှင် ရှင်မာရ်အောင်ကို ကုန်းလယ်ကတင်ပြီးလျှင် ဆင်ကိုရံ၍ လှံရှည်ကိုင်သောလူ(၃၀၀)၊ မြင်းရံ(၃၀၀) နှင့်ပင် စီးချင်းထိုးတိုက်ရန် ထွက်၍လာသည်။ "ဆီးအုပ်"အရပ်မှာ ဆိုင်မိကြလေ၏။

ဆိုင်မိလျှင် ဆိုင်ငြ ်း လှံရှည်ကိုင်သော လူအချင်းချင်း လှံနှင့်လွှတ်၍ တိုက်ခိုက်ကြရာ၊ စလင်းစည်သူကျော်ထင် ် ကျွန်တော်ရင်း လူစွမ်းကောင်း ရှင်မျောက်ကျော်ဆိုသူကို လှံထိသဖြင့် ပွဲချင်းပြီး ား ားလေ၏၊ ထိုအခါ စလင်း စည်သူကျော်ထင်၏ ဆင်ရံလူများ အကွဲကွဲအပြားပြား ဖရိုဖရဲ ဖြစ်၍သွားသည်။

တောင်ငူစည်သူကျော်ထင်သည် ဆင်နှင့်အပြင်းလွှတ်၍ တိုက်လေရာ၊ စလင်းစည်သူကျော်ထင် အပန်းတကြီး ဆီး၍ခံလေ၏။ သို့ရာတွင် ဆင်အားချင်း မမျှသည်နှင့် စလင်း စည်သူကျော်ထင် စီးသောဆင်"ချစ်မြတ်ကဲ"သည် မျက်နှာချင်းမဆိုင်ဘဲ နောက်သို့လှည့်၍ ပြေးလေ၏။

တောင်ငူစည်သူကျော်ထင်လည်း အတင်းလိုက်၍ တိုက်သည်။ ထိုအခါ စလင်းစည်သူကျော်ထင်၏ ဆင်ပေါ်တွင် ကုန်းလယ်ကတင်လာသော ရှင်မာရ်အောင်က လှံနှင့်လွှတ်၍ ထိုးလိုက်ရာ တောင်ငူစည်သူကျော်ထင်၏ မေ့ာက်တိုကိုထိုးမိသည့်ပြင်၊ နဖူးသို့ စပါးလုံး တထောက်

ခန့် စူးလေ၏။ တောင်ငူ စည်သူကျော်ထင်မှာ နဖူးတွင်လှံစူးသဖြင့် တမျက်နှာလုံး သွေးတွေ ဖြာစီး၍နေသော်လည်း သွေးကိုမျှမသုတ်ဘဲ မရပ်မနား အတင်းလိုက်၍လိုက်ရာ၊ စလင်းစည်သူ ကျော်ထင်၏ဆင်သည် ခံဝံ့မည်ဝေးစွ။ ကြောက်သွေး တုန်လှုပ်၍ အထိတ်တလန့် ဖြစ်ပြီးလျှင် တောရှိရာသို့ မျက်နှာမူကာ အဘင်းပြေးလေ၏။ ကုန်းလယ်စီး ရှင်မာရ်အောင်လည်း ဆင်ပေါ် က ကျရစ်လေသည်။ စလင်းစည်သူကျော်ထင်တယောက်ထဲသာ ဆင်ဦးပေါ်ကပါသွားလေ၏။ ဆင်"ချစ်မြတ်ကဲ"လည်း ချွန်းအုပ်၍မရဘဲ တောရှိရာသို့ အတင်းသာလန့်၍ ပြေးလေတော့သည်။

(ဆင်များသည် လန့်၍ပြေးခဲ့ပါလျှင် ဘယ်သူ၏ အာဏာကိုမျှ မနာခံ။ ဘယ်သူကိုမျှ ဂရုမစိုက်တော့ပြီ။ ပြေးမိပြေးရာ အတင်းပြေးလေ့ရှိသည်။

စလင်စည်သူကျော်ထင် ဆင်နှင့်ပြေးလေရာ၊ စလင်းသားတို့လည်း မိမိတို့ အရှင်သခင် မရှိသည်နှင့် ခုခံ၍မတိုက်ဝံ့ဘဲ ဖရိုဖရဲ ထွက်ပြေးကြလေသည်။ ထိုအခါ တောင်ငူ စည်သူကျော် ထင်၏ ကျေးကျွန်များသည် စလင်းမြို့တွင်းသို့အတင်းဝင်၍တိုက်ခိုက်ကြရာ တမြို့လုံးကိုရရှိလေသည်။

## "စီးချင်းထိုး တိုက်ပွဲအကြောင်း"

ရှေးအခါက မြန်မာပြည်မှာ စီးချင်းတိုက်ပွဲများကို ပြုလုပ်လေ့ရှိကြသည်။ ဆင်စီးချင်း၊ မြင်းစီးချင်း၊ လှံနှင့်တိုက်ကြသည်။ စီးချင်းတိုက်ပွဲကျင်းပရာတွင် အခြားစစ်သည်များကို အသုံး မပြုရချေ။လက်ရုံးဂုဏ်နှင့် ပြည့်စုံသောမင်းအချင်းချင်း တိုက်ကြသည်။ တဘက်ကရှုံးလျှင် စစ် သည်တော်အားလုံး အရှုံးပေးရတော့သည်။ ထပ်မံ၍ မတိုက်ရချေ။ စီးချင်းတိုက်ပွဲမှာ လွန်စွာ သစ္စာရှိကြသည်။ ဆင်နှင့်တိုက်ကြသော စီးချင်းတိုက်ပွဲတို့သာ များသည်။ မြန်မာ ရာဇဝင်ကို ကြည့်ရှုလျှင် စီးချင်းတိုက်ပွဲပေါင်း များစွာတို့ကို တွေ့ရှိနိုင်သည်။

မဟာဇနက ဇာတ်တော်၌လည်း အရိဋ္ဌဇနက, ပေါလဇနက၊ ညီတော်နောင်တော်နှစ်ပါး တို့ စီးချင်းတိုက်သောစစ်ပွဲတခု ပါလာလေသည်။ ယခုအခါ ထိုကဲ့သို့ စီးချင်းတိုက်သောပွဲမျိုး ကို မကြားမသိရတော့ချေ။ ထိုကဲ့သို့ စီးချင်းတိုက်ပွဲများကို ကျင်းပရာ၌ လူပေါင်းများစွာ သေ ကြေပျက်စီးခြင်းမရှိကြရချေ။ယခုခေတ်အခါ လူကိုယ်တိုင်၏ စွမ်းရည်သတ္တိများကို အားမကိုးဘဲ အဝေးကနေ၍ ပစ်ခတ်ရသော လက်နက်တွေကိုသာ အားကိုးအားထားပြု၍ နေကြတော့သည်။ လက်နက်ကို အားကိုးခြင်းအားဖြင့် လူတို့၏အသက်တွေ, မြို့ရွာ အဆောက်အဦးတွေ များစွာ ပျက်စီးခြင်းသို့ ရောက်ကြရသည်။

ရှေးအခါ စစ်ပွဲတို့၌ စွမ်းရည်သတ္တိနှင့် ပြည့်စုံသောဆင်တို့ကို များစွာပင် အသုံးပြုလေ့ ရှိကြသည်။ ဆင်တပ်,မြင်းတပ်,ရထားတပ်,ခြေချင်သူရဲတပ်,ဟူ၍ တပ်လေးမျိုးရှိသည်။ ထို အင်္ဂါ လေးပါးနှင့် ပြည့်စုံသောတပ်ကို"စတုရင်္ဂနီသေနာ"ဟူ၍ ကျမ်းဂန်တို့၌ ပြဆိုလျက်ရှိသည်။ မဟာ ဝင်ကျမ်းကို ကြည့်ရှုရာတွင် လိမ်မာသော ဆင်တို့၏အကြောင်းများကို တွေ့ရသည်။

ယခုအခါ၌မူကား။ စစ်တပ်အဖွဲ့များတွင် ဆင်ကိုအသုံးပြုသည်ဟူ၍ မရှိတော့ချေ။ မြင်း တပ်ကိုမူကား အသုံးပြုကြသေး၏ ဆင်သတ္တဝါတို့သည် ယခုခေတ်၌ ရှေးအခါကကဲ့သို့ ကမ္ဘာ ပေါ်၌ များစွာမရှိတော့ချေ။ ဤစကားရပ်မှာ စီးချင်းတိုက်ပွဲနှင့် စပ်လျဉ်းဆိုလိုက်သောစကား ဖြစ်ပေသည်။

# အခန်း (၄၀)

(မှတ်ချက်။ ။ဘုန်းရှင့်ကံရှင်ဖြစ်ပေသော စလင်းစည်သူကျော်ထင်၏ အကြောင်းကို ဆက်လက်ဖော်ပြပါဦးမည်။)

စီးချင်းထိုးတိုက်ပွဲတွင်ဆင်ကိုချွန်းအုပ်၍မရဘဲ လန့်၍အတင်းထွက်ပြေးရာတွင် စလင်းစည်သူကျော်ထင်သည် အခြေအရံမပါဘဲ ဆင်ဦးကင်းမှာ တကိုယ်ထဲ ပါသွားလေ၏။ ချစ်မြတ်ကဲ မည်သော စစ်ဆင်ကြီးသည် မုန်ကျ၍ ဒေါသ ပြင်းထန်လှသဖြင့် မည်သို့မျှ သွေးဆောင်၍မရနိုင်တော့ဘဲ အနောက်ရိုးမ တောင်တန်းဆီသို့သာ လွှတ်၍ ပြေးလေတော့သည်။ စလင်းစည်သူကျော်ထင်မှာ အားကိုးရာမဲ့ အကြံကပ်၍နေလေ၏။ အဟုန်နှင့်ပြေးနေသောဆင်ပေါ်မှ ခုန်ဆင်းရမှာလဲအခက်။ ဆင်ပြေးရာသို့ ခရီးမဆုံးနိုင်အောင် လိုက်သွားပြန်လျှင်လည်း တောထဲသို့ရောက်သောအခါ သစ်ကိုင်းဝါးရုံတို့နှင့် တိုးမိ၍ အသက်ဘေးထိမည်ကို စိုးရိမ်ရသည်က တဘက်၊ ဤကဲ့သို့ အခက်ကြုံနေရာတွင် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်၍နေလေ၏။ငါ၏ အသက်သည် လူ့ပြည်မှာ ဤမျှ အကျိုးပေးခွင့်ရှိတော့သည်။ မကြာမီအတွင်း သေခြင်းသို့ ရောက်ရတော့မည်။ စီးချင်းတိုက်ပွဲမှာ ရန်သူ၏လက်နက်ဖြင့် မသေရဘဲ ကိုယ့်ဆင်၏ ဘေးဖြင့် ဝဋ်ကြွေးကို ဆပ်ရတော့မည်။ ဤသို့သာ စဉ်းစား၍ နေမိလေတော့သည်။

စလင်းစည်သူကျော်ထင်သည် ဘုရားရှင်၏ဂုဏ်တော်များကို အထူးအားထား၍ ယုံကြည်စွဲမြဲသူဖြစ်သည်။ နေ့စဉ်အမြဲ အရဟံ့ကစ၍ ဘဂဝါ့တိုင် ဂုဏ်တော် ကိုးပါးကို ပုတီးအပတ်ပေါင်း တထောင်ရအောင် စိတ်လေ့ရှိသည်။နံနက်စက်ရာမှ နိုးလာသောအခါ "ဥဒ္ဒေတယံ" အစရှိသော ဒေါင်းမင်းဂါထာကို တထောင်စေ့အောင် ရွတ်ဘတ်သရဇ္ဈာယ်လေ့ရှိသည်။ ဤကဲ့သို့ ဂုဏ်တော်ကိုးပါးနှင့် ဒေါင်းမင်းဂါထာကို အထူးစွဲမြဲသူပုဂ္ဂိုလ် ဖြစ်သောကြောင့် ဘုန်းတန်ခိုးလည်း လွန်စွာကြီးသည်။ တိုင်းသူပြည်သား လူအများတို့လည်း အထူးချစ်ခင်ကြသည်။

စည်သူကျော်ထင်သည် ဆင်ဦးကင်းထက်မှာနေရင်း ဂုဏ်တော်များကို ရွတ်ဘတ်သရဇ္ဈာယ်ကာ တောစောင့်နတ်၊တောင်စောင့်နတ်များကို "ကူညီဘို့အခွင့်ရှိက ကူညီတော်မူကြပါ။ ကယ်ဘို့အခွင့်ရှိက ကယ်တော်မူကြပါ"ဟု စိတ်မှန်းတမ်းတကာ တောင်းတ၍ နေလေသည်။ ဤသို့တောင်းပန်နေစဉ် မကြာခင်အတွင်းမှာပင် ရေအိုင်တခုသို့ရောက်လေရာ၊ ဆင်ကြီးက ရေသောက်လိုသည်နှင့် ရေအိုင်သို့ဆင်းသည်တွင် စည်သူကျော်ထင်ကို ဦးကင်းပေါ်မှ ကျအောင် အတင်းခါ၍ချလေသည်။ ထိုအခါ စည်သူကျော်ထင်သည် ဆင်ပေါ်မှလိမ့်ကျလေရာ၊ မုန်ကျသော ဆင်ကြီးက အတင်းနင်းသတ်ရန် ပြင်ဆင်နေသည့်အတွင်း တောစောင့်နတ်, တောင်စောင့်နတ်တို့က ကယ်မ,သည့်လက္ခဏာ လျှင်မြန်စွာ ထွက်ပြေးသည်နှင့် ဆင်၏လက်မှ လွတ်ထွက်ခွင့်ကို ရလေသည်။

ဆင်ကြီးက တဖန်ထပ်၍လိုက်ပြန်ရာ၊ စည်သူကျော်ထင်သည် အနီးတွင် အခန့်သင့်တွေ့သော ဝါးရုံပင်ကြားသို့ တိုးဝှေ့ကာ ဝင်၍ပုန်းလျှိုးနေလေသည်။ ထိုအခါ ဆင်လည်း မတိုးနိုင်သည်နှင့် ရေသောက်ပြီးလျှင် အနောက်ရိုးမတောင်တန်းသို့ ထွက်သွားလေ၏။

စည်သူကျော်ထင်မှာ စီးချင်းထိုးရာက ရှုံး၍ ဆင်နှင့်တကွ ထွက်ပြေးလာရသည်က စ၍ မိမိ၏ဆင်က ဘေးရန်ပြု၍ လွတ်အောင်ရုန်းရသော အခါသို့တိုင်အောင် တရံတခါမှ သက်သာ ခွင့်မရဘဲ အမောကြီးမောဟိုက်ခါ၊ ဝါးရုံပင်ကြားမှာပင် လဲ၍နေရှာလေတော့သည်။

သတိ မရတချက်, ရတချက်နှင့် အသက်ကို မှန်မှန်ရှူဘို့အရေး အတော်ကြီး အားပေးနေ ရင်း ကြံစည်တွေးတောမိသည်မှာ "ဩော်-တပင်ရွှေထီးဟာ ဘုန်းကြီးရှိး အမှန်ဘဲ။ သူကြံတဲ့ အတိုင်း အောင်မြင်တဲ့ အရေးတွေသာ များနေတယ်။ ဘယ်သူပင်ကြံကြံ ဘုန်းကံအချိန် တထိန် ထိန် ထွန်းလင်းတဲ့အခါ ကြံသမျှလူတွေ အလုံးစုံပျက်ကြေ၍ သူ့ခြေဘဝါးအောက်သို့ ရောက် ကုန်ရမှာချည်းဘဲ။ တိုင်းရေး,ပြည်ရေး, စစ်မက်ရေးဆိုတာ လွန်စွာ ဘေးအန္တရာယ် များလှပါ ကလား။ ဘယ်လိုပင်ကြံသော်လဲ ဘုန်းကံမရှိလျှင် အထွတ်အထိပ်သို့ ရောက်အောင် မြင့်မောက် ကြီးပွါးနိုင်တာမျိုး မဟုတ်ပေဘူး။ မြန်မာတို့ အစဉ်သဖြင့် စိုးအုပ်လာတဲ့မြန်မာပြည်မှာလဲ လူမျိုး ခြားတွေ ဝင်ပြီး ဘုရင်လုပ်၍ စိုးအုပ်နေကြပြီ။ သည်လိုခေတ်အခါမှာပင် လူလုပ်ရတာ လွန်စွာ အောက်တန်းကျတာဘဲ။ မင်းကြီးရန်နောင်ရဲ့ နည်းလမ်းနှင့် ရဟန်းလုပ်ပြီး ဇာတ်မြှုပ်နေရခြင်း ဟာ အချမ်းသာဆုံးပါဘဲ။ အဲသည်လို တွေးတောကြံစည်မိရှာတယ်။

## ချင်းတို့က အတင်းဖမ်းယူ၍ သွားပြန်ခြင်း

စည်သူကျော်ထင် ခိုအောင်း၍နေသော ဝါးရုံချုံကြီးသည်။ ချင်းလူမျိုးတို့နေထိုင်သော တောင်နှင့်လွန်စွာနီးကပ်နေသဖြင့်တောင်ငူစည်သူကျော်ထင်၏ လက်တွင်းမှ လွတ်လာရသော်လည်း ချင်းတို့၏ လက်တွင်းမှ လွတ်ကင်းရန် ခဲခက်လျက်ရှိပြန်လေ၏။

ထိုအခါ ချင်းလူမျိုးများသည်၊ လေးမြှားလှံချွန်တို့ကို စွဲကိုင်းပြီးလျှင် တောသား ကောင်းတို့ကို ရှာဖွေရန် ထွက်လာကြရာ ဝါးရုံချုံထဲ၌ လဲလျောင်း၍နေသော စည်သူကျော်ထင် ကို သမင်မှတ်သည်နှင့် မြှားနှင့်ပစ်ကြလေ၏။

ကံအားလျော်စွာ ဘုရား၏ ဂုဏ်တော်တန်ခိုး တောင်စောင့်နတ်, တောစောင့်နတ်တို့၏ တန်ခိုးကြောင့် ပစ်ပစ်သမျှသောမြှားတို့သည် စည်သူကျော်ထင်ထံသို့ မရောက်လာဘဲ။ ရှုပ်ထွေး သော ဝါးရုံထဲမှာသာလျှင် စိုက်၍နေကြလေသည်၊မြှားချက်ပေါင်း များစွာတို့ဖြင့် အတန်ကြာ ပစ်ကြပြီးနောက် ချင်းလူမျိုးတို့သည် ဝါးရုံချုံကြီးသို့ ချဉ်းကပ်၍ကြည့်ရှုကြရာ မတုန်မလှုပ် အားပြော့၍နေသော စည်သူကျော်ထင်ကို တွေ့ကြလေ၏ ထိုအခါစည်သူကျော်ထင်၏ လက်တွင် ဓါးတစင်းနှင့် လက်သန်းတွင် အမြဲဝတ်ဆင်ထားသော ကြောင်လက်စွပ် တကွင်းရှိလေသည်။

ချင်းတို့သည် သေချာစွာကြည့်ရှုကြရာ လူစင်စစ်ဖြစ်ကြောင်းကို သိကြသည်နှင့် ဦးခေါင်း ကိုဖြတ်ယူရန် ဝါးရုံချုံကြီးကို ခုတ်ထွင်ရှင်းလင်းကြလေ၏။ ။ထိုအခါ စည်သူကျော်ထင်၏ စိတ်ထဲမှာ "ငါဖြင့်စစ်ပွဲမှာ မသေဘဲ။ ချင်းတို့လက်မှာ ခေါင်းပြတ်ခံ၍သေရတော့မည်" ဟု စဉ်းစားမိသည်နှင့် တပြိုင်နက် လက်ထဲ၌အမြဲဆုပ်ထားသော ဓါးကိုလွှတ်ချလိုက်ပြီးလျှင် ကြောင် လက်စွပ်ကိုမိမိပါးစပ်ဖြင့် အကြိမ်ကြိမ်စုပ်လျက် ဂုဏ်တော်များကိုသာ ဆင်ခြင်၍နေလေ၏။

ထိုချင်းများအနက် မြန်မာရေလယ်၌ ယဉ်ပါးသော ချင်းယဉ်တယောက်လည်းပါ လာလေ၏ ဝါးရုံချုံကိုခုတ်ထွင်ပြီးသောအခါ ချင်းရိုင်းများက စည်သူကျော်ထင်၏ ဦးခေါင်းကို ခုတ်ပိုင်းမည်အပြုတွင် ချင်းယဉ်က လက်ဖြင့်တားဆီး ဖယ်ရှားပြီးလျှင် မခုတ်နဲ့ မခုတ်နဲ့ သည်လူဟာ သာမာန်လူမဟုတ်ဘူး ငါစလင်းမြို့ကိုရောက်တဲ့အခါ မြင်ခဲ့ဘူးတယ်။ သူဟာစလင်းဘုရင်ဖြစ်တယ် အရှင်ဖမ်းပြီးမှ တောင်ပိုင်ချင်းဘုရင်ထံသို့ အပ်နှင်းရမယ်" ဟု ပြောသည်နှင့် ချင်းရိုင်းများလည်း ဦးခေါင်းကိုမဖြတ်ဘဲ။ အရှင်ဖမ်း၍ယူသွားလေ၏။

(မှတ်ချက်။ ။ရှေးအခါ ချင်းများသည် မြန်မာလူမျိုးတို့၏ ဦးခေါင်းကိုဖြတ်၍ မိမိတို့တဲမှာ ဆွဲထားလေ့ရှိကြသည်။ ဦးခေါင်း(၁၀၀)တရာရလျှင် တောင်ပိုင်ချင်းဘုရင်ဖြစ်နိုင်သည်။ မိမိတို့ဖြတ်ယူခဲ့သော ဦးခေါင်းဖြင့် ယဇ်နတ်ပူဇော်လေ့ရှိကြသည်။)

စလင်းစည်သူကျော်ထင်သည် အမှန်သေရတော့မည်ဟု သန္နိဋ္ဌာန်ချပြီးဖြစ်သောကြောင့် အနည်းငယ်မျှ ကြောက်ရွံ့ လန့်ထိတ်သောစိတ်ကိုမထားဘဲ။ ရဲဝံ့စွာချင်းတို့နှင့် အတူလိုက်သွားလေ၏။ မြန်မာစကားတတ်၍ နူးနပ်သောချင်းယဉ် တယောက်က ညှာညှာတာတာ ယုယပြီးလျှင် ချင်းတို့၏အစာများကို ကျွေးမွေးကာ ချင်းတောင်ပိုင် ဘုရင်ထံသို့ ဆောင်ကြဉ်း၍သွားကြလေ၏။

## ချင်းဘုရင်က စစ်ဆေးခြင်း

စည်သူကျော်ထင်သည် ထိုစဉ်အရွယ်ကောင်း၍အရုပ်အမောင်းမှစ၍လုံးရုပ်သဏ္ဌာန်ခန့်ငြားစွာနှင့် ရုပ်ရေ ရူပကာယများကလည်း လှပသည်နှင့် ချင်းဘုရင်သည်။စည်ကျော်ထင်ကို မြင်လျှင်မြင်းခြင်း ချစ်ခင်သောစိတ်များ ပေါ်ပေါက်လာလေသည်။ ချင်းဘုရင်မှာ မြန်မာစကားမတတ်သဖြင့် ချင်းယဉ်ကို စကားပြန်ပြုလုပ်ခါ စစ်ဓမေးလေ၏။

(ချင်းဘုရင်) နှင့်အသွင်ကိုမြင်ရတာ ငါချစ်ခင်တယ်။ နင်ဟာဘယ်မြို့ကလဲ။

(စည်သူကျော်ထင်) စလင်းမြို့ကပါ။

(ချင်းဘုရင်) စလင်းမြို့မှာ နင်ဘာလုပ်ရသလဲ။

(စည်သူ) အဝဘုရင်က ပိုင်စားပေးသဖြင့်၊ စလင်းမြို့ကိုအုပ်စိုးရသည်။

(ချင်း) စလင်းဘုရင်ဆိုတာ နင်ဘဲလား။

(စည်သူ) အမှန်ပါ။ (ချင်းယဉ်ကလည်း မှန်ကြောင်းထောက်ခံသည်)။

(ချင်း) စလင်းဖြစ်လျှင်။ နင်ဘာကြောင့်တယောက်ထဲ တောထဲသို့ရောက်နေရသလဲ။

(စည်သူ) ဟံသာဝတီက လူတွေနှင့် စစ်တိုက်ရာတွင်။ စစ်ရှုံး၍ ပြေးလာရသဖြင့်၊အပေါင်းမပါဘဲ တောထဲသို့ ရောက်နေရသည်။

(ချင်း) ဪ-နင်က နိုင်အောင် မတိုက်နိုင်ဘဲကိုး။

(စည်သူ) တပင်ရွှေထီးဆိုတဲ့ ရှင်ဘုရင်က ဘုန်းကြီး၍ နိုင်အောင် မတိုက်နိုင်ပါ။

(ချင်း) တာဖြင့်နင်။ ယခုဘယ်ကို သွားချင်သလဲ။

(စည်သူ) အဝမြို့တော်ကို။ သွားချင်ပါသည်။

(ချင်းဘုရင်က ခေတ္တတွေးပြီး) အဝဘုရင်ထံသို့ ငါမပို့နိုင်ဘူး။ ငါမိတ်ဆွေဟာ မိုးညှင်းစော်ဘွားဖြစ်တယ်။မိုးညှင်းစော်ဘွားနှင့် အဝဘုရင် မတည့်ကြဘူး။ သိုဟန်ဘွားဆိုတာမိုးညှင်းက ဖြစ်ကြောင်းကို နင်တို့အဝမြို့က သတ်လိုက်ကြတယ်။ အနို့မို့ကြောင့် နင့်ကို အဝမြို့သို့ မပို့နိုင်ဘူး။ ယခုအုပ်စိုးတဲ့ မိုးညှင်းစော်ဘွားထံသို့ ပို့ရလိမ့်မယ်။ နို့မဟုတ် ငါတို့စိုးပိုင်တဲ့ ချင်းတောင်မှာ နေချင်လျှင်လဲ ငါထားနိုင်တယ်။

(စည်သူကျော်တင်က၊ ချင်းဘုရင်၏ စကားကို ကြားရ။ "အင်းမိုးညှင်းသို့ ပို့လျှင်လဲ အခက်ကြုံအုံးမှာဘဲ။ ငါက အဝဘုရင်၏ ဘက်တော်က ဖြစ်နေတယ်။ငါ့နာမည်ဟာလဲ ကျော်စောပြီးမို့။ မိုးညှင်း စော်ဘွားလက်သို့ ရောက်လျှင်။ ငါ့ကိုသတ်လိမ့်မယ်။ အလွန်ရိုင်းစိုင်းတဲ့ သည်ချင်းတောင်မှာ နေရမှာလဲ အခက်ဘဲ။ ဟယ်မဘတ်နိုင်ဘူး။ယခုအခြေသို့ ရောက်လာပေါ့တဲ ဖြစ်ချင်ရာ ဖြစ်ချင်ရာ ဖြစ်စေတော့" ဟု ကြံတွေးပြီးလျှင်။ "ကျွန်ုပ်ကို ထင်သကိုသာ စီရင်ပေတော့" ဟုပြန်ကြား ပြောဆိုလေ၏။

(ချင်း) ကဲ-သည်လိုဖြင့်၊ မိုးညှင်းကိုငါပို့မယ်။ နင့်ကိုမြင်ရတာ လွန်စွာအားပြော့နေတယ်၊ လေးငါးရက်သည်မှာနေအုံး။

ဤသို့ပြောဆိုပြီးလျှင်၊ချင်းဘုရင်က ချင်းတောင်မှာပင်စည်သူကို ထားလေ၏၊ချင်းယဉ်က အမြဲစောင့်ရှောက်၍၊ နေရသည်။

## တောင်ပိုင် ချင်းဘုရင့် သမီးက ချစ်ကြိုက်ခြင်း။

ဤကဲ့သို့ ချင်းတို့၏ လက်တွင်းမှာ။ အကျယ်ချုပ် သဘောမျိုးဖြင့် နေထိုင်ရစဉ်အခါ။ ချင်းဘုရင်၏ တဲကြီးအနီး။ တဲကုတ်ကလေးတခု အတွင်းမှာ နေရ၏။ ။ထိုအခါ ချင်းဘုရင်၏ သမီး "ကွေတီး" ဆိုသော ချင်းမပျိုကလေးသည်၊ စည်သူကျော်ထင်ကိုမြင်လျှင်။ ချစ်ခင်ခြင်းဖြစ်သည်နှင့်၊ တဲကုတ်ကလေးအတွင်းသို့ မကြာမကြာ ကူးလာပြီး၊ စည်သူကျော်ထင်၏ ဦးခေါင်း, ခြေ, လက်များကို။ အရိုင်းတို့အလေ့ဖြင့်ကိုင်ကာ ကိုင်ကာနှင့်။ ချင်းဘာသာ စကားများကိုပြောပြောကြားလေသည်။ ။ချင်းမကလေးကလည်း မြန်မာစကားကိုနားမလည်၊ စည်သူကျော်ထင်ကလဲ၊ ချင်းစကားကို နားမလည်ဖြစ်သောကြောင့်။ တဦးနှင့်တဦး ဝစီဝိညတ်ဖြင့် ဆက်သွယ်ရန် အခွင့်ကို မရကြချေ။ ကာယဝိညတ်အမူအရာဖြင့်သာလျှင်၊ ချင်းမကလေး၏ မေတ္တာရှိကြောင်းကို သိရှိရလေ၏။

စည်သူ အနားတွင် စောင့်ကြပ်၍နေသော ချင်းယဉ်ကလည်း ချင်းမကလေး လာလျှင်။ များစွာ အရိုအသေပေးရသည်။ ။စည်သူကျော်ထင်သည်၊ ချင်းမကလေး၏ အမူအရာကိုမြင်လေရာ။ ချင်းတို့ဘာဝ။ လုပတင့်တယ်သောကြောင့်။ ချစ်ခင်သောစိတ်များကို မဖြစ်ဘဲမနေနိုင်အောင်။ တားဆီး ဖိနှိပ်သော်လည်း။ ရှုံးရတော့မလောက်ဖြစ်၍ နေရလေသည်။

သို့ရာတွင် စည်သူကျော်ထင်မှာ။ အဆင်ခြင်ကြီး၍၊ တရား လက်မလွတ်သူ ဖြစ်သောကြောင့်၊ စိတ်ထဲ၌ပင် ထကြွသောင်းကျန်းခြင်း ဖြစ်လာသော်လည်း။ကိုယ်အမူအရာများကို၊ စိတ်

နောက် ကိုယ်ပါသောင်းကျန်းခြင်း မရှိအောင်။ သတိလက်နက်ဖြင့် ခုံဖြိုဖျက်၍ ထားရလေသည်။ ။ချင်းမပျိုကလေးကလည်း ချင်းတို့နယ်တွင် အရသာ အရှိဆုံးဖြစ်သော နှစ်ချို့ ခေါင်ရေများနှင့် အသားကင်များကို ယူဆောင်ကာကျွေးမွေးလေ၏။ ။သို့ရာတွင်၊ စည်သူကျော်ထင်သည် ငါးပါးသီလကို ထာဝရ စောင့်ရှောက်လာသူ ဖြစ်သောအတိုင်း။ ယစ်မျိုးတွင် ပါဝင်သော ခေါင်ရေများကို မသောက်ဘဲ။ သားကင်များကိုစားကာ၊ အားအင် ပြည့်တင်း၍ နေလေသည်။

ချစ်ခင်ဘွယ်ကောင်းသော ချင်းမင်းသမီးကလေး၏ အမူအရာတွေကိုမြင်းတိုင်း, မြင်တိုင်း စလင်းမြို့ကို ပထမ သိမ်းယူရာတွင် ဟံသာဝတီသို့ ပါသွားရ ရှာလေသော မိမိ၏ မိဖုယား ကိုသာ တမ်းတ လွမ်းဆွတ်တော်မူမိရှာလေသည်။ ။ထိုသို့ မိဖုယားကို လွမ်းဆွတ်လှသည်နှင့် ရှမ်းတောင်ပေါ်မှာ နေမင်း အလွမ်းဘွဲ့ ပိုက်စုံရတု သုံးပုဒ်ကို။ သည်လို ရွတ်ဆိုငြီးတွားတော်မူမိလေသည်။

## ချင်းတောင်ရတု။

(က) ချင်းမြေသူ့နယ်။ တောတောင်ဆွယ်သား၊ ပိတ်ကွယ်မြူခိုး။အရိုင်းမျိုးတို့။ ခိုကိုးမှီရာ။ သည်ဝနာသို့။ ကံသာအရင်း။ ပို့ဆောင်ခြင်းကြောင့်။ ရှေးရင်းမှုန်းချေ။ မရှိလေဘဲ။ ဖော်ဆွေကင်းမဲ့။ ရောက်တုံခဲ့ရှင့်။ အားနွဲ့ခိုက်ကြုံ။ သည်ရင်ပုံမှာ။ လုံးစုံနတ်များ။ ကျွန်တိုင်ကြား၏။ လျှင်လျှားမသွေ။ လွတ်ကြောင်းဘွေသည်။ ။ချင်းမြေနယ်က-အေးသနှင့်။

(ခ) ပျင်းသေလှဘွယ်။ ကိုယ့်မျိုးနွတ်လည်း။ ဘယ်မှာမမြင်။ ခေါ်ပါချင်လည်း။ တို့သွင်ထူးခြား။ ချင်းတွေများခဲ့၊ စကားနွတ်ချို။ တုန့်ပြန်ဆို၍။ ပြောလိုပြန်သေး။ ထိုအရေးလည်း။ နွတ်လေသံထွက် သိဘို့ခက်ရှင့်။ မြိန်ရှက်ဘွယ်ရာ။အရသာလည်း။ ဘယ်မှာမမြင်။ တောသားကင်နှင့်။ ဗူးတွင်းခေါင်ရေ။ နောက်ကျိစေသည်။ ။ပျင်းသေဘွယ်ပ-ဆွေးသနှင့်။

(ဂ) ကင်းကွေစုမယ်။ သမုန္ဒယ်တည့်။ ခုနှယ်အသွင်။ မြင်စမ်းချင်၏။ တိုင်းခွင်ဟံသာ။ ဆောင်သွားပါ၍။ ကွဲကွာလေပြီ။ ခုမနီးခဲ့။ တိုင်းသီးရပ်ခြား။ သို့ဖြစ်လားကြောင့်။ လှုပ်ရှားမေတ္တာ။ ဆော်လှုန့်ပါလည်း။ မယ်မှာတခြား။ မောင်တပါးမို့။ဆပွါးကူးလှယ်။စိတ်ပြန့်ကျယ်လည်း။ ဆက်သွယ်မဲ့ထွေ။ လွမ်းရချေသည်။ ။ကင်းကွေမယ်လျ-ဝေးသနှင့်။

## ချင်းပျိုမကလေးချစ်သွေးမြူချီကာပြောဆိုခြင်း။

တနေ့သောအခါ။ ချင်းတို့ဘာသာဖြင့် ကောင်းမွန်ဝတ်ဆင်ပြီးလျှင် စည်သူကျော်ထင်၏ တဲအတွင်းသို့ဝင်၍။ ချင်းယဉ်ကို စကားပြန် ပြုလုပ်ကာ ပြောဆိုသည်မှာ။

(ချင်းမ) ယခုနင်ဟာ ဘာလူမျိုးလဲ။
(စည်သူ) မြန်မာလူမျိုးပေါ့။
(ချင်းမ) ဘာကြောင့် တို့နေတဲ့တောင်သို့ ရောက်လာရသလဲ။

(စည်သူ) မျက်စိလယ်လမ်းမှားလို့ ရောက်လာတယ်။
(ချင်းမ) နင်တို့ရွာမှာ နင့်မိန်းမရှိသလား။
(စည်သူ) ရှိတာပေါ့။
(ချင်းမ) မလှမ်းဘူးလား။
(စည်သူ) လှမ်းတယ်လေ။
(ချင်းမ) တို့ချင်းပြေက နင်မပြန်ရတော့ဘူး၊နင့်မိန်းမကို လှမ်းပေတယ်လို့ အလကားဘဲ။
(စည်သူ) မပြန်ရလေလေ လှမ်းလေလေပေါ့။
(ချင်းမ) ချင်းပြေက ချင်းမကလေးတယောက် မလိုချင်ဘူးလား။
(စည်သူ) လိုချင်ရင်ကောရနိုင်ပမလား၊ ချင်းစကားမှ မတတ်ဘဲ။
(ချင်းမ) လိုချင်လျှင်ရနိုင်တယ်၊ ကြာတော့ချင်းစကားတတ်မှာပေါ့၊ ချင်းမကလေးတွေကို လှတယ်လို့ငင်ရဲ့လား။
(စည်သူ) လှတော့လှပါရဲ့၊ ပရဲထိုးတာကကြောက်စရာကောင်းတယ်။
(ချင်းမ) မကြောက်ပါနဲ့၊ ကြောက်စရာမဟုတ်ပါဘူး၊ ငါတို့ချင်းပြေမှာ ပရဲထိုးမှ လှတယ်လို့ထင်ကြတယ်၊ နင်လဲတော်တော်ကြာလျှင် ချင်းစိတ်ဝင်ပြီး ပရဲတိုးမှလှတယ်လို့ထင်မှာဘဲ ငါ့ကိုနင်သိသလား။
(စည်သူ) မသိဘူး။
(ချင်းမ) ငါချင်းဘုရင်ရဲ့သမီးပေါ့၊ နင့်ကိုမြင်တာနှင့် ငါချစ်နေတယ်၊ ဘယ်ကိုမှ နင်မသွားရဘူး။

ဤကဲ့သို့ ပြောဆိုနေစဉ် ချင်းဘုရင်က ကျေးကျွန်များကိုစေလွှတ်၍ အခေါ်ခိုင်းသည်နှင့် စည်သူကျော်ထင် လိုက်သွားရလေ၏။

## မိုးညှင်းသို့ ပို့ခြင်း။

ချင်းဘုရင်က စည်သူကျော်ထင် မိမိရှေ့သို့ ဆိုက်ရောက်လာရာ ကြာရှည်လေးမြင့်စွာ စကားမပြောဘဲ "နင့်ကို ငါမိတ်ဆွေ မိုးညှင်းစော်ဘွားထံသို့ပို့ရန် ကြံစည်ထားရင်းအတိုင်း ယခုပင် ပို့တော့မည်၊ သည်အရပ်မှာ နင့်ကိုမထားနိုင်ဘူး၊ ဤသို့ပြောဆိုပြီးလျှင် ချင်းဆယ်ယောက်၏ လက်သို့အပ်၍ တောလမ်းခရီးဖြင့်မိုးညှင်းသို့ အပို့ခိုင်းလေ၏၊ ချင်းတို့လည်းတောလမ်းခရီးဖြင့် ပို့ကြလေသည်။

## မိုးညှင်းသို့ ရောက်လေရာ။

ချင်းတို့ပို့ဆောင်လာသဖြင့် စည်သူကျော်ထင်ကို မိုးညှင်းစော်ဘွားမြင်လေရာ ရှေးဦးစွာ အမျက်ထွက်ပြီး နင်တို့ မြန်မာတွေကို လက်စားချေရတော့မယ်၊ငါ၏ သေးရင်း, သားရင်းဖြစ်တဲ့ သိုဟန်ဘွားကို နင်တို့တတွေ သတ်ပစ်ကြတယ်။ နင်ဟာ မင်းကြီးရန်နောင်ရဲ့ ဘက်တော်သား မဟုတ်လားဟု မေးလေ၏။

(စည်သူ) သိုဟန်ဘွားကိုလုပ်ကြံစဉ်အခါက အဝမြို့တော်မှာကျွန်တော်မရှိပါ၊ စလင်းမြို့မှာ ရှိနေပါသည်။ သည်အရေးမှာ ကျွန်တော်မပါကြောင်း အမှန်ဖြစ်ပါသည်။ စလင်းမြို့ဆိုသည်မှာ အရှင်စော်ဘွားကြီး သိတော်မူရင်း အတိုင်း အဝနေပြည်တော်နှင့် အလွန်ဝေးလှပါသည်။

(မိုးညှင်းစော်ဘွား) သည်အတိုင်းမှန်လျှင် နင့်ကို ငါ ချမ်းသာပေးမယ်၊ နင်ဟာသိုဟန်ဘွား၏ ချီးမြှောက်ခြင်းကို ခံခဲ့ရတဲ့သူ မဟုတ်လား။

(စည်သူ) မှန်ပါတယ်၊ သိုဟန်ဘွားအုပ်စိုးစဉ်အခါ စလင်းမြို့စားအဖြစ်နှင့်သူကောင်းပြုခံရပါတယ်။

(စော်ဘွား) သည်အကြောင်းတွေကို အကုန် ငါသိတယ်၊ နင်ဟာ အလွန် လူစွမ်းကောင်းတဲ့သူရယ်လို့ ကျော်စောပြီး ယခုတော့ ဘာကြောင့်စစ်ပွဲကရှုံးပြီးချင်းလက်သို့ရောက်ရတာလဲ။

(စည်သူ) လက်ရုံးကောင်းတယ်လို့ ကျော်စောတာ အမှန်ပါ၊ သို့ရာတွင် တပင်ရွှေထီးကံဘုန်းအလွန်ကြီးသဖြင့် ခုခံတိုက်ခိုက်လို့မဖြစ်နိုင်ပါ၊ ဘုန်းတိုက်လို့ရှုံးရတာပါ။

(စော်ဘွား) နင် အလွန် ကံကောင်းတယ်၊ ငါ့မိတ်ဆွေ ချင်းဘုရင်၏ လက်သို့ရောက်လို့သာ နင့်အသက်ချမ်းသာတယ်၊ နင့်ကို ငါ ကယ်ဆယ်လျှင် နင်က ကျေးဇူးသိမလား။

(စည်သူ) ကျွန်တော်တို့မြတ်စွာဘုရားက မင်္ဂလာတရားမှာ သူတပါး၏ ကျေးဇူးကိုသိရမယ်လို့ အထူးပင် ဆုံးမတော်မူထားပါတယ်။ ကျွန်တော်လဲ ဘုရားရှင်၏ စကားတော်ကို အထူးလိုက်နာတဲ့သူတယောက်ပါ၊ ဘယ်ခါမှ ကျေးဇူးမမဲ့တတ်ရိုး မှန်ပါကြောင်း။

(စော်ဘွား) ယခု နင်တို့ အဝမြို့တော်မှာ မဆိုင်သူ အုံးပေါင်စော်ဘွားက နင်တို့ မြန်မာများကို အုပ်စိုးနေတယ်။ သည်ရှမ်းရန်ကို နင်တွန်းလှန်နိုင်ပမလား။

(စည်သူ) လက်နက်ဗိုလ်ပါကိုရလျှင် ခုခံနိုင်ပါတယ်။

(စော်ဘွား) ကဲ—တာဖြင့် နင့်ကို ငါချီးမြှောက်ရမှာပေါ့၊ ငါ့ထံမှာခေတ္တနေအုံး၊ နင့်အကဲကို ခပ်ချင်သေးတယ်။

ဤသို့ပြောဆိုကာ စည်သူကျော်ထင်ကို မိုးညှင်းမြို့မှာထားသဖြင့် နေရပြန်လေ၏။ ။ ပို့လာသောချင်းတို့လည်း အနောက်ရိုးမတောင်သို့ ပြန်သွားကြလေသည်။ ။ချင်းဘုရင်၏ သမီးဖြစ်သူ ချင်းမပျိုကလေးမှာလဲ ချင်းတောင်မှ စည်သူကျော်ထင်ထွက်သွားတဲ့အခါကစပြီး စိတ်အဆင်းရဲကြီးဆင်းရဲ၍ ကျန်ရစ်ရှာလေသတည်း။

## စည်သူကျော်ထင် စစ်ကိုင်းဘုရင် ဖြစ်လာခြင်း။

"တကဲ့ဘုန်းကံနှင့် တကယ်ရုပ်လက္ခဏာ ကောင်းပြီးလျှင် ဘုရင်ဖြစ်ရန် ဇာတာစန်းလက်ထက်မြက်စွာ ဘွားမြင်၍လာသော သူများသည် ဘုရင်မဖြစ်လျှင် မသေနိုင်" ဆိုသော စကားအတိုင်း စည်သူကျော်ထင်သည် ဆိုခဲ့သောဂုဏ်များနှင့် ပြည့်စုံသူ ဖြစ်သောကြောင့် စီးချင်းထိုး

စစ်ပွဲမှ ထွက်ပြေးရခြင်း၊ မိမိဆင်ကမိမိကိုရန်မူခြင်း၊ ချင်းတို့လက်သို့ရောက်သွားခြင်း၊ ထိုနောက် တဘန် မိုးညှင်းရှမ်းရိုင်းတို့၏လက်သို့ရောက်သွားခြင်း၊ ဤကဲ့သို့ သေခွင့်ဆိုက်လောက်ဘွယ်ရှိသော အရေးခက်ကြီးတွေနှင့် ကြုံတွေ့ပါသော်လည်း သေခြင်းသို့မရောက်ဘဲ ကံဇာတာနှင့် ဘုန်းကံတို့က ဘုရင်အဖြစ်သို့ရောက်အောင်ပို့မည်ဟု အခွင့်ကိုသာရှာ၍ နေကြလေသတည်း။

မိုးညှင်းစော်ဘွားသည် စည်သူကျော်ထင်ကို ချစ်ခင်သောစိတ်များ တနေ့တခြားတိုးတက် ပွါးများလေ၏၊ စည်သူကျော်ထင်ကို လက်ကိုင်ပြု ပြီးလျှင် အဝမြို့တော်ကို လက်စား ချေရန် ကြံလိုသောစိတ်များလည်း ပေါ်ပေါက်၍ လာလေ၏၊ သိုဟန်ဘွားကို အဝမြို့တော်မှာ သတ်ဖြတ်လိုက်သည်အတွက် မိုးညှင်းစော်ဘွား၏ စိတ်ထဲမှာ အခဲမကျေနိုင်အောင် ရှိလေသည်။ ။ ဤကဲ့သို့ စည်သူကျော်ထင်အား မြှောက်စားလိုသော စိတ်တွေ ဖြစ်ပေါ်ရခြင်းမှာ ဘုရားဂုဏ်တော်တွေကို အထူးသဖြင့် ပွါးများဆင်ခြင်ခြင်းနှင့် "ဥဒေတယံ" ဂါထာကို နံနက်တိုင်း အမြဲမပြတ် ရွတ်ဘတ်သရဇ္ဈာယ်ခြင်းကြောင့်ဟု စည်သူကျော်ထင်၏ စိတ်၌ ထင်မိလေ၏။

တနေ့သောအခါ မိုးညှင်းစော်ဘွားသည် စည်သူကျော်ထင်ကို ခေါ်၍ "နင့်ကို ငါ ယုံကြည်ပြီ၊ လက်နက်ဗိုလ်ပါ ပြည့်စုံစွာ ငါပေးမည်၊ မိုးညှင်းမြို့ကချီတက်၍ စစ်ကိုင်းမြို့ကို ရှေ့ဦးစွာနိုင်အောင်တိုက်၍ အုပ်စိုးရမည်၊ အဝဘုရင် "ခံမှိုင်း"မှာလဲ ဆင်မြင်းဗိုလ်ပါ လွန်စွာ ပေါများသည်နှင့် ရုတ်တရက် အဝမြို့ကိုမတိုက်နှင့်အုံး၊ အင်အားပြည့်စုံသောအခါ အဝမြို့တော်ကို တိုက်ခိုက်၍စိုးစံရမည်"ဟု ဆိုလေ၏။ ။စည်သူကျော်ထင်က "အမိန့်အတိုင်း လိုက်နာပါမည်၊ လက်နက်ဗိုလ်ပါပြည့်စုံပါလျှင် လွယ်စွာနှင့် အဝမြို့တော်ကို တိုက်သိမ်း အုပ်စိုးပါမည်"ဟု ဝန်ခံလေ၏။

မိုးညှင်းစော်ဘွားက အားရသည်နှင့် စည်သူကျော်ထင်အား တိုက်ဆင်(၆၀) စစ်မြင်း(၁၀၀) စစ်သည်သူရဲ(၅၀၀၀၀)ပေးပြီးလျှင် စစ်ကိုင်းသို့စေလွှတ်လေသည်။ ။စည်သူကျော်ထင်လည်း မိုးညှင်းမြို့မှထွက်ခဲ့၍ မြေထူးနယ်၊ ဒီပရင်းနယ်၊ ရွှေဘိုနယ်များကို တိုက်ခိုက်ပြီးလျှင် စစ်ကိုင်းမြို့ကိုစီးလေ၏။

စလင်းစည်သူကျော်ထင်၏ ဂုဏ်သတင်းများသည် ရှေးကပင် ပျံ့နှံ့အောင် ကျော်စောနေသည့်ပြင် စည်သူကျော်ထင်အုပ်စိုးလျှင် မြန်မာမျိုးဖြစ်၍ နှစ်သက်ဝမ်းမြောက်ဘွယ်ရှိသည်ဟု မြန်မာအများက အထင်ရှိရင်းဖြစ်သောကြောင့် ချီလာလျှင် ခုခံ၍ တိုက်ခိုက်ခြင်း မပြုကြဘဲ လွယ်ကူစွာ အရှုံးပေးကြလေ၏၊ ထိုကြောင့် စစ်ကိုင်းမြို့သို့ တိုင်အောင် ခဲယဉ်းစွာ မတိုက်ရဘဲ လျှင်မြန်စွာ အောင်မြင်ခြင်းကိုရလေသည်။ ။အဝဘုရင်ခံမှိုင်းသည် ဗိုလ်ပါအင်အားပြည့်စုံစွာနှင့် စစ်ကိုင်းကခုခံပါသော်လဲ အားခြင်းမမျှသည်နှင့် စစ်ကိုင်းမြို့ကို လွှတ်၍ အဝမြို့တော်ဘက်က ခိုင်ခံ့စွာခုခံ၍ နေတော်မူလေသည်။

စည်သူကျော်ထင်သည် သက္ကရာဇ်(၉၀၇)ခုနှစ်တွင် စစ်ကိုင်းကိုအောင်မြင်၍ ဘုရင်အဖြစ်သို့ ရောက်လေ၏၊ ထိုအခါ "စစ်ကိုင်း-စည်သူကျော်ထင်" ဟူသော အမည်သစ်ဖြင့် ကျော်စောထင်ရှားလေသည်။ ။အဝဘုရင်ခံမှိုင်းလဲ စစ်ကိုင်းမြို့ကိုပြန်၍ ရအောင် အကြိမ်ကြိမ် လုပ်ကြံပါသော်လည်း။ ။မရနိုင်သည်နှင့် လက်လျှော့ကာ နေရလေတော့သည်။ ။စည်သူ ကျော်ထင်

အုပ်စိုးသော စစ်ကိုင်းမြို့မှစ၍ မိမိပိုင်သော မြောက်ဘက်နယ်တခွင်မှာ လွန်စွာစည်ပင်ဝပြောခြင်း ဖြစ်လေ၏၊ တိုင်းသူပြည်သားတို့ကလည်း များစွာပင် ချစ်ခင်ကြလေသည်။

## အဝမြို့တော်၌ ဘုရင်သစ် စိုးစံပြန်ခြင်း။

သက္ကရာဇ်(၉၀၇)ခု နှင့်မှာပင် အဝဘုရင် ခုံမှိုင်းသည် အနိစ္စ ရောက်လေ၏၊ ထိုအခါ မှူးမတ်အပေါင်းတို့ အညီအညွတ်တိုင်ပင်ကြပြီးလျှင် ခုံမှိုင်း၏သား မိုးဗြဲစော်ဘွားကို နန်းတင်ကြ ပြန်လေ၏၊ ထိုမင်း၏အမည်ကို "မိုးဗြဲနရပတိ" ဟူ၍ တွင်လေသည်၊ (အဝမြို့တော်မှာ ရှမ်းဘုရင် အဆက်မပြတ်သေးချေ)။

မိုးဗြဲနရပတိသည် ရှမ်းလူမျိုးပင် ဖြစ်သော်လဲ မြန်မာစိတ် အလွန်ဝင်သဖြင့် ဆွေရင်း မျိုးချာဖြစ်သော ရှမ်းများကိုပင် အပေါင်းအသင်းမလုပ်ဘဲ မြန်မာတို့သာ အကြွမ်းတဝင်ပေါင်း သင်း၍ နေလေသည်၊ စစ်ကိုင်းစည်သူကျော်ထင်ကို တိုက်လိုသောကြောင့် ဟံသာဝတီ ဘုရင် တပင်ရွှေထီးကို မဟာမိတ်အဖြစ်ဖြင့် ပေါင်းသင်းလေ၏၊ တပင်ရွှေထီး မှာလည်း ယိုးဒယားနှင့် ရခိုင်ကို တိုက်ခိုက် သိမ်းပိုက်လိုသောအကြံက အားကြီး၍ နေသောကြောင့် အဝဘုရင်နှင့် စစ် ကိုင်းဘုရင်များကို အရေးတကြီးတိုက်ခိုက်ရန် သတိမေ့လျော့သကဲ့သို့ပင် ရှိတော်မူလေသည်။

အဝဘုရင် မိုးဗြဲနရပတိနှင့် စစ်ကိုင်းစည်သူကျော်ထင်တို့လဲ ဧရာဝတီမြစ်တခုသာခြား၍ စိုးစံနေကြရာ မကြာမကြာပင် စစ်ဖြစ်ကြသော်လဲ တဦးကိုတဦး မနိုင်ဘဲ ရှိကြလေသည်။ ။ ထိုနောက် များမကြာခင် အတွင်းမှာပင် ဘုရင် အချင်းချင်း သင့်မြတ်လျက် ရှိသောကြောင့် တကယ်တမ်းစစ်ထိုးကြတော့သည်မဟုတ်ဘဲ စစ်ရေးကစားသကဲ့သို့သာ နေကြလေသည်။

စစ်ကိုင်းနှင့်အဝ တဘက်နှင့်တဘက် ဘုရင်အချင်းချင်းလက်ဆောင်ပဏ္ဏာပို့သကာ ပေါင်း သင်း ဆက်ဆံကြလေသည်။ ။စစ်ကိုင်းစည်သူကျော်ထင်သည် ပင်ကိုယ် ပကတိကပင်လျှင် စိတ် နေစိတ်ထားကောင်းမွန်၍ သူတော်ကောင်းသဘောမျိုးရှိသည့်ပြင် ဒုက္ခပေါင်းများစွာကြုံတွေ့၍ လာခဲ့သည်နှင့် သတိသံဝေဂရလှသောကြောင့် သူတပါးတို့အား ညှဉ်းပမ်းလိုသောစိတ်မျိုး မရှိ ဘဲ၊ သီတင်းသီလကိုသာ ဂရုတစိုက်စောင့်သုံး၍ နေတော်မူလေ့ရှိပေသည်။

## မိုးညှင်းစော်ဘွားက အမျက်ထွက်ခြင်း။

အဝဘုရင်နှင့် စစ်ကိုင်းစည်သူကျော်ထင်တို့ အကြွမ်းတဲဝင် ပေါင်းသင်း ဆက်ဆံလျက် ရှိကြောင်းများကိုကြားသိရလေရာ မိုးညှင်းစော်ဘွား၏စိတ်ထဲမှာ လွန်စွာအမျက်ထွက်ပြီး "စည်သူ ကျော်ထင်သည် ငါစောင်မ၍စစ်ကိုင်းမှာ ဘုရင်ဖြစ်ရပြီးနောက် ငါ့စကားကို နားမထောင်ဘဲ နေသည်၊ သည်အတိုင်းသာ ငါကြည့်လို့ နေခဲ့လျှင် အဝမြို့ကို ငါလက်စားချေလိုသော ဆန္ဒလဲ အထမြောက်တော့မည်မဟုတ်၊ စည်သူကျော်ထင်ကို ငါတတ်နိုင်သမျှ ဆုံးမနှိပ်ကွပ်မှတော်မည်" ဟု ကြံစည်ပြီးလျှင် ဆင်မြင်းဗိုလ်ပါများစွာနှင့် စစ်ကိုင်းသို့ အပြင်းချီလာသည်၊ စည်သူ-ကျော် ထင်လဲ မိုးညှင်းစော်ဘွား ချီမည်အကြောင်းကိုမသိချေ။

မိုးညှင်းစော်ဘွား စစ်ကိုင်းသို့ ရုတ်တရက် ရောက်လာသောအခါ စည်သူကျော်ထင်သည် နန်းတော်မှာမရှိဘဲ ဥပုသ်စောင့်ထွက်တော်မူနေသောအခိုက်ဖြစ်လေသည်။ ။မိုးညှင်းစော်ဘွားက

စည်သူကျော်ထင်ကို ဥပုသ်စောင့်ရာမှ ခေါ်ပြီးလျှင် "သွေးသောက်သည် သစ္စာဖေါက်ခဲ့ပြီ တကား အဝကိုနိုင်အောင်တိုက်ပါမည်ဆို၍ ငါက ဗိုလ်ပါ ဆင်မြင်း အလုံးအရင်းများကို ပေး လိုက်ရသည် စစ်ကိုင်းကိုအောင်မြင်၍ ဘုရင်ဖြစ်တော့ ငါ့စကားကို နားမထောင် အဝဘုရင် နှင့်သာ ချစ်ခင်စွာပေါင်းသင်းနေတော့သည်၊ ကျားသေကို အသက်သွင်းပေးမိသော ဆရာသည် မိမိအသက်သွင်းသောကျား၏ ကိုက်သတ်ခြင်းကိုခံရသလို ဖြစ်ချေမတော့မည်"ဟု ဆိုလေ၏။

စည်သူကျော်ထင်က "ကျွန်တော် သစ္စာမဲ့သူမဟုတ်ပါ၊ သီဟိုဠ်ကျွန်းတွင် သီရိသင်္ဃာ ဗောဓိဘုရင်ကဲ့သို့ပင် အသက်စွန့်၍ သစ္စာတည်နိုင်သူဖြစ်ပါသည်၊ ယခုအခါ ဗိုလ်ပါ အင်အား မပြည့်စုံသေးသဖြင့် အားမတန်၍ မာန်လျှော့နေရပါသည်၊ ဗိုလ်ပါဆင်မြင်း များကိုသာ ထပ် လောင်း၍ ပေးပါ၊ အဝမြို့တော်ကို တိုက်ခိုက်သိမ်းယူပါမည်"ဟု ပြောကြားလေ၏။

ထိုအခါ မိုးညှင်းစော်ဘွားက အားရနှစ်သက်ခြင်းဖြစ်လေသည်နှင့် ဆင်မြင်းဗိုလ်ပါများ ကို ထပ်လောင်းပေးအပ်၍ မိုးညှင်းသို့ ပြန်သွားလေသည်။

## အဝမြို့တော်ကို အလွယ်တကူ အောင်မြင်တော်မူခြင်း။

မိုးညှင်းစော်ဘွား ပြန်သွားသည်နောက် စည်သူကျော်ထင်သည် အဝမြို့တော်သို့ ကူး၍ တိုက်ခိုက်ရန် လှေ့ဖေါင်များကို လုပ်ကိုင်ပြင်ဆင်လေ၏၊ ဆင်မြင်းဗိုလ်ပါတို့နှင့်တကွ လက်နက် များကိုလဲ စုဆောင်းပြင်ဆင်လေ၏၊ စည်သူကျော်ထင်ကို ကြည်ညိုကြသည်နှင့် တိုင်းသူ ပြည် သားတို့လဲ စစ်အဘွဲ့တွင် များစွာပါဝင်၍ အမှုထမ်းကြလေသည်။

ထိုစဉ်အခါ အဝမြို့တော်ဘက်ကလဲ အမျိုးတူသော မြန်မာဘုရင်ကို တမ်းတနေသော အခိုက်ဖြစ်၍ အချို့က စစ်ကိုင်းတက်သို့ ကူး၍ပင် အမှုတော်ထမ်းရွက်ကြလေသည်။

အဝဘုရင်မိုးဖြဲနရပတိသည် အဝမြို့တော်ကိုလုပ်ကြံတော့မည်ဟု သိလေရာ အားချင်းမတူ တန်မှန်းသိသည်နှင့် ခုခံမည်မကြံတော့ဘဲ ဟံသာဝတီဘုရင့်ထံသို့ ထွက်ပြေးလေသည်၊ ထိုအခါ လွယ်ကူစွာနှင့် စစ်ကိုင်းစည်သူကျော်ထင်သည် အဝမြို့တော်ကိုသိမ်းပိုက်ပြီးလျှင် ဘုရင်အဖြစ်သို့ ရောက်လေ၏။

အဝမြို့၌ ဘုရင်အဖြစ်သို့ရောက်သောအခါ "နရပတိစည်သူ"ဟူသောဘွဲ့မည်ကို ခံယူလေ သည်။ အဝနေပြည်တော်ကြီးတွင် ဘုရင်ဖြစ်သော သက္ကရာဇ်မှာ (၈၁၃) ခုနှစ်ဖြစ်လေသတည်း။

မူလအမည်ရင်းမှာ စည်သူကျော်ထင်ဖြစ်သည်၊ ထိုနောက် စလင်းမြို့ကိုအုပ်စိုးသည့်အခါ "စလင်းစည်သူကျော်ထင်"ဟူသောအမည်သည်။ ။ထိုနောက် စစ်ကိုင်းမြို့တွင် ဘုရင်ဖြစ်သော အခါ "စစ်ကိုင်းစည်သူကျော်ထင်" ဟူ၍ ခေါ်တွင်သည်။ ။ထိုနောက် အဝနေပြည်တော်ကြီး တွင် ဘုရင်ဖြစ်သောအခါ "နရပတိစည်သူ"ဟူ၍ တွင်လေသည်။

စည်သူကျော်ထင်သည် ယောကျ်ားပြီသစွာ သူရသတ္တိနှင့်ပြည့်စုံ၍ စိတ်နေစိတ်ထား ကြီး မား,မြင့်မြတ်ပြီးလျှင် အကျိုးပေးထူးဆန်းသော အာဇာနည်ပုဂ္ဂိုလ်ထူးတဦး ဖြစ်ပေသည်။ ။ ဤအချက်များကို သိစေလိုသောကြောင့် ရာဇဝင်ဗဟုသုတ ပွါးများကြ စေရန် တပင်ရွှေထီး ဝတ္ထုတော်ကြီး၌ စည်သူကျော်ထင်၏အကြောင်းကို အခန်းတခု ထုတ်ဘော်၍ ရေးသားလိုက်ပေ သတည်း။

# အခန်း (၄၁)

## တပင်ရွှေထီးသည် ဟံသာဝတီနေပြည်တော်၌ ရှက်ဆောင်တော်မူသော အကြောင်းအရာများ။

တောင်ငူ စည်သူကျော်ထင်သည်၊ စလင်း စည်သူကျော်ထင်ကို။ အောင်မြင်ပြီးနောက် စလင်းမြို့မှာပင် စိုးအုပ်၍နေလေ၏။

ဘုရင် တပင်ရွှေထီးသည်ကား ဟံသာဝတီနေပြည်တော်မှာပင် အောင်ပွဲအမျိုးမျိုး ဆင်ယဉ်ကာ မင်းတို့၏ မွေ့လျော်ခြင်းဖြင့် မွေ့လျော်၍နေတော်မူသည်။

သက္ကရာဇ် (၉၀၇) ခု၊ နှစ်တွင် ကြီးစွာသော ရာဇာဘိသိက်ပွဲကြီးကို ဆင်ယင်တော်မူသည်။ ။ထိုရာဇ အဘိသိက် ခံတော်မူသောအခါ အဘိသိက် နန်းတော်ကို မဂ်လာရှိသော တိုင်ကြီးတလုံးဖြင့် ဆောက်လုပ်တော် မူစေသည်၊ ထိုနန်းထက်တွင် ရာဇအဘိသိက်ခံတော်မူသည်။ တိုင်တလုံ ထဲဖြင့် ဆောက်လုပ်ထားသော နန်းထက်၌ အဘိသိက်ခံခြင်း၏အကြောင်းမှာ တုဘက်ပြိုင်ဘက်ကင်းသော ဧကရာဇ်မင်းကြီးဖြစ်ရန် နိမိတ်ယူတော်မူခြင်းဖြစ်ပေသည်။

ရှေးရှေး မွန်ဘုရင်တို့လည်း ထိုနည်းတူစွာ ရာဇအဘိသိက်ကို ခံတော်မူကြသော အခါ၌ တိုင်တလုံးထဲဖြင့်ဆောက်သော နန်းထက်၌ အဘိသိက်ခံသောထုံးလည်း ရှိပေသည်၊ ထိုနန်းကို အဘိသိက်နန်း, တပင်နန်းဟူ၍ ခေါ်သည်၊ မြန်မာဘုရင်တို့မှာ ထိုကဲ့သို့သော အလေ့အလာ၌ တပင်တိုင်နန်းဆိုလျှင် ထူးမြတ်သော သွီးတော်၏ စံရာနန်းကိုဆိုသည်)။

ဘုရင်တပင်ရွှေထီး အဘိသိက်ခံတော်မူရာ၌ မြန်မာဘုရင် ထီးနန်း အစဉ်တို့၏ အလေ့အလာ သက်သက်မျှ မဟုတ်ဘဲ မွန်ဘုရင်တို့၏ ထုံးနည်းများကိုလဲ ရောနှောပြီးလျှင် မြန်မာဘုရင် မွန်ဘုရင်တို့၏ အဘိဘိက်ခံတော်မူသည်။

### သမိန်တင္ဂတ်မကိုဋ်တော်။

ထိုရာဇအဘိသိက်ပွဲဘွင် "သမိန်တင္ဂတ်" မည်သော မကိုဋ်တော်ကြီးကို ဆင်တော်မူသည်၊ ထိုမကိုဋ်မှာ လွန်စွာ အဘိုးထိုက်သော နဝရတ် ကိုးပါးတို့ဖြင့် ချယ်စီ၍ ထားသည်၊ မြန်မာမကိုဋ်မဟုတ်၊ မွန်ဘုရင်တို့၏ ထီးစဉ်နန်းရိုးဖြစ်သော မကိုဋ်တော်ကြီးဖြစ်သည်။ ။ထိုပြင် တလုံးတည်းသော "မြနားဒွေါင်း"ကိုလဲ ဆင်တော်မူသည်၊ ထိုမြနားဋွေါင်းမှာလဲ လွန်စွာအဘိုးထိုက်တန်လှပေသည်။ ။ထိုပြင် ကျောက်မျက်ရတနာ အမျိုးမျိုးတို့ဖြင့် စီချယ်အပ်သော "မဟာမဏိ" အမည်ရှိသည့် ဒုယင်တော်ကိုလဲ ဆင်တော်မူသည်။

မြန်မာအဘိသိက်တော်နည်း, မွန်အဘိသိက်တော်နည်း တို့ဖြင့် ရောနှော၍ အဘိသိက်ခံတော်မူခြင်းမှာ မြန်မာနိုင်ငံ, မွန်နိုင်ငံ နှစ်ရပ်လုံးကို အုပ်စိုးတော်မူသော ဘုရင်ဧကရာဇ် ဖြစ်ကြောင်းကို သက်သေပြတော်မူလိုရင်းဖြစ်ပေသည်။ ။မွန်လူမျိုးတို့ကလဲ မွန်ဘုရင်တို့၏အဘိသိက်

တော်နည်းလမ်းနှင့် ရာဇအဘိသိက်ကို ခံတော်မူရာ များစွာပင် ကြည်ညိုချစ်ခင်ကြ၏၊ မိမိတို့၏ မျိုးတူ ဘုရင်ကဲ့သို့ပင် မှတ်ထင်ကြလေသည်။

ရာဇအဘိသိက်တော် အခမ်းအနားသည် လွန်စွာ ကြီးကျယ်လှသဖြင့် ထိုအခါ တာဝတိံသာ နတ်ပြည်၌ သိကြားမင်းထွက်တော်မူကြီး ထွက်တော်မူသောအခါ ကဲ့သို့ပင် ထင်မှတ်ကြရလေသတည်း။

ထိုရာဇအဘိသိက်ပွဲတော်တွင် သျှင်ရဲထွတ်၏ခမည်းတော် (မိမိ၏အထိန်းတော်ကြီး)မင်းရဲသီဟသူကို မင်းခမ်းမင်းနား စုံလင်စွာပေး၍ တောင်ငူဘုရင်ခံအဖြစ်ဖြင့် ထပ်မံ ခန့်အပ်တော်မူသည်။

ယောက်ဖတော်(ကျော်ထင်နော်ရထာ) သျှင်ရဲထွတ်ကိုလဲ အိမ်ရှေ့မင်းတို့၏ အစီးအနင်းအဆောင်အရွက်ကို ပေးတော်မူသည်၊ (သို့ရာတွင် အိမ်ရှေ့မင်း ခန့်သည်ဟု နှုတ်မြွက်တော်မမူချေ)။

သျှင်ရဲထွတ်၏ညီတော်အကြီး "သီရိဇေယျကျော်ထင်" ကိုလဲ ဆောင်ယောင် ခမ်းနားများ ပေးပြီးလျှင် အမတ်ကြီး သက်ရှည်ကျော်ထင်၏သမီးနှင့် ထိမ်းမြားတော်မူသည်။

သျှင်ရဲထွတ်၏ညီတော်လတ်"နန္ဒယောဒါ"ကိုလဲ ရှေးနည်းအတိုင်း ဆောင်ယောင်ခမ်းနား ပေး၍ စလင်း စည်သူကျော်ထင်၏ မိဖုယားနှင့် ထိမ်းမြားတော်မူသည်။ ။(စလင်းစည်သူကျော်ထင်၏ မိဖုယားကို၊ စလင်းမြို့ကိုအောင်မြင်စဉ်က ဆောင်ကျဉ်း၍လာခဲ့သည်။ ထိုမိဖုယားသည်၊ "ပြည်ဘုရင်ထွေး"၏ သမီးတော်ဖြစ်ပေသည်။ မဟာမျိုးတည်း။)

သျှင်ရဲထွတ်၏ ညီတော်အငယ် "ဇေယျနန္ဒ"ကိုလည်း၊ ရှေးနည်းအတိုင်း ဆောင်ယောင်ခမ်းနားပေးတော်မူပြီးလျှင် ပြည်ဘုရင်ထွေး၏ မိဖုယားငယ်မှ ဖွားမြင်သောမင်းသမီးနှင့်ထိမ်းမြားတော်မူသည်။

တလိုင်းမှူးမတ်၊ မြန်မာမှူးမတ်များကိုလည်း အရည်အခြင်းအလျောက် ချီးမြှောက်တိုးမြှင့်တော်မူသည်။ ခုနှစ်ရက်တိုင်တိုင် ပွဲသဘင်ခံတော် မူစေပြီးလျှင်၊ ဟံသာဝတီနေပြည်တော်နှင့် ကေတုမတီနေပြည်တော်၌ သီတင်းသုံးတော်မူကြသော ဂါမဝါသီရဟန်း, အရညဝါသီရဟန်း, တို့ကိုပင့်၍ ပရိက္ခရာရှစ်ပါးမှစ၍ လှူဘွယ်ဝတ္ထုများကို လှူတော်မူသည်။ ဆင်းရဲနွမ်းပါးသော ကျေးတော်မျိုး,ကျွန်တော်မျိုး များကိုလည်း၊ ပုဆိုး,အဝတ်,ဆန်,စပါး,မှစ၍ စွန့်ကြဲတော်မူသည်။

## ဒဂုန်ဆံတော်ရှင်သို့ ထွက်တော်မူကြီး ထွက်တော်မူခြင်း

သက္ကရာဇ် (၉၁၇) ခုနှစ်တွင် ရာဇအဘိသေက သဘင်ကြီးကို ဆင်ယင်ကျင်းပတော်မူပြီးနောက် တလမြောက်သောအခါ ဘုရင်တပင်ရွှေထီးသည်၊ ရေတပ်,ကုန်းတပ်,များကို ခင်းကျင်းစီရင်တော်မူပြီးလျှင် ဟံသာဝတီနေပြည်တော်ကြီးမှ "ဒဂုန်" ဆံတော်ရှင်ဘုရားသို့ ထွက်တော်မူသည်။

ဘုရင်တပင်ရွှေထီးသည်၊ ကရဝိတ်ဘောင်တော်ကြီးကိုစီး၍ရေကြောင်းခရီးဖြင့်ထွက်တော်မူသည်။ ယောက်ဘတော် သျှင်ရဲထွတ်သည် စစ်အင်္ဂါလေးပါးနှင့်တကွ ကုန်းတပ်ကိုအုပ်ချုပ်၍

ကုန်းကြောင်းခရီးဖြင့် ဒဂုန်သို့ ချီတော်မူသည်။ အဝမြို့မှမြို့စားများကိုလည်း အစုံအညီဒဂုန်သို့ ရောက်လာကြရန်၊ ဆင့်ဆိုတော်မူသဖြင့် ဆိုင်ရာဆိုင်ရာ စစ်သည်ဗိုလ်ပါတို့နှင့် တကွလာရောက်ကြရသည်။ ထိုအခါ ဒဂုန်မြို့သည် အလွန်များပြားသော လူသူပရိသတ်တို့ဖြင့် အထပ်ထပ်စည်ကားလေ၏။

ဒဂုန်ဆံတော်ရှင်သို့ ရောက်သောအခါ ဘုရင့်တပင်ရွှေထီးသည်။ မိမိကိုယ်တော်နှင့် ရွှေစင်တို့ကို ချိန်စက်စေပြီးလျှင် ကိုယ်လေးချိန် ရွှေတို့ကိုမျက်ပါးခပ်ပြီး၊ မျက်ပါးခပ်ပြီးလျှင် အထက်ထီးကစ၍ ဘိနပ်တော်သို့တိုင်အောင် "လုံးတော်ပြည့်" ရွှေသက်န်းကပ်လှူတော်မူသည်။ စေတီတော်ကြီး၌ ပျက်စီးသမျှတို့ကိုလည်း ပြင်ဆင်တော်မူသည်။ တန်ဆောင် ဇရပ်တို့ကိုလည်း ဆောက်လုပ်တော်မူသည်။

ရွှေသက်န်းကပ်လှူသော ပွဲတော်ကြီးကို ကျင်းပတော်မူပြီးလျှင် ပွဲသဘင်များကို တခြိမ့်ခြိမ့်ခံစေ၍၊ အလှူတော်ကြီးကို ပေးတော်မူသည်။

## တပင်ရွှေထီး သဘောပြောင်းလဲ တော်မူခြင်း

ဟံသာဝတီ နေပြည်တော်ကြီးနှင့်တကွ တလိုင်းသုံးရပ်ကိုအုပ်စိုး၍ ဘုန်းတန်ခိုးကြီးကျယ်ပြန့်ပွါးလာသောအခါ တပင်ရွှေထီး၏ စိတ်များသည်။ တလိုင်းသွေး ခတ်ဆန်ဆန်ဖြစ်ပြီးလျှင် တလိုင်း၏အမူအရာတို့ကို လွန်စွာနှစ်သက်တော် မူ၍လာလေသည်။ ။ဇာတိချက်ကြွေ ဖြစ်တော်မူသော ကေတုမတီ နေပြည်တော်သို့ ပြန်လည်၍ ထီးနန်းအသစ် စိုက်ထူတော်မူလိုသော ဆန္ဒများပင် မပေါ်ပေါက်နိုင်အောင် ရှိတော်မူလေ၏။

ကေတုမတီတွင် ဘုရင်ခံအဖြစ်နှင့် စိုးစံလျက်ရှိသော (သျှင်ရဲထွက်၏ ခမည်းတော်) အထိန်းတော်ကြီး မင်းရဲသီဟသူကလည်း၊ ကေတုမတီသို့ ပြန်တော်မူ၍ ထာဝရနန်းစံတော်မူစေလိုကြောင်း ဟံသာဝတီကို ယာယီနန်းမျှသဘောထား၍ စံစားတော် မူစေလိုကြောင်းများကို လျှောက်ထားပါသော်လည်း၊ နားဝင်တော်မမူချေ။

တောင်ငူဘုရင်ခံကြီးက အကြောင်းပြု၍ လျှောင်တင်သည်မှာ။ ။ရွှေနန်းရှင် ရွှေချက်တော်သိုရာဖြစ်သော ကေတုမတီမြို့တော်ကြီးကို မေ့တော်မမူသင့်ပါ။ ထာဝရနန်းစိုက်ရန် သင့်လျော်ကြောင်းလည်း မှန်ပါသည်။ ရေကြောင်းစစ်ဘေးမှာလည်း ကင်းဝေးသော ဌာနအစစ်ကြီးဖြစ်သည့်အပြင် ခမည်းတော်မင်းကြီးညို၏ မူလနန်းစိုက်ရာ ဌာနလဲ မှန်ပါသည်၊ ဇာတ်တူသော မြန်မာလူမျိုးတို့၏ အရိုးအစဉ် စိုးစံရာဌာနဖြစ်သည်ပြင် ဇာတ်မတူသော တလိုင်းလူမျိုးတို့ နေရာဌာနလည်းဖြစ်ပါသည်။ ဘုန်းကံတက်တိုး၍ တန်ခိုးထွန်းကားခိုက်တွင် ကျိုးနွံပိပြားစွာရှိအောင် အုပ်စိုးနိုင်သော်လဲ ဇာတာမှိန်မှေး၍ ကံအရှိန်သေးခိုက် အခါတွင် တော်လှန်ပုန်ကန်ခြင်း ပြုလုပ်တတ်ပါသည်။ ။လူတမျိုးအပေါ်တွင် လူတမျိုးက အုပ်စိုးသောကိစ္စကို မည်သည့်အခါမှ မေ့လျော့၍ကျေနပ် နိုင်ရိုးထုံးစံမရှိပါ။ ဇာတ်တူသောလူမျိုး၏ အုပ်စိုးခြင်းကိုသာ လိုလားနှစ်သက်စမြဲအမှန်ပါ။ ။ဟံသာဝတီ နေပြည်တော်သည်။ ဇာတ်မတူ အယူဝါဒမတူ၊ အမူကွဲပြားသော နိုင်ငံခြားလူမျိုးတို့လည်း၊ ပင်လယ်ခရီးဖြင့် မကြာမကြာဝင်ရာဌာနကြီး

ဖြစ်ပါသည်။ အနောက်တိုင်းသားများသည်၊ အရှေ့တိုင်းသားတို့အပေါ်တွင် တကယ်ချစ်ခင်စွာနှင့် အကျိုးလိုလားလိမ့်မည်မဟုတ်ပါ။ လက်ဆောင်ပဏ္ဏာ အမျိုးမျိုးတို့ဖြင့် သူတို့အလိုသို့ပါဖျားယောင်း၍ ပျက်စီးကြောင်း ကြံတတ်ကြပါသည်။ ။နိုင်ငံခြားသားတို့၏ ပရိယာယ်ကိုအလွယ်နှင့်ဖြိုဖျက်ဘို့ ခဲယဉ်းလှပါသည်။ သို့ဖြစ်ပါ၍ ကေတုမတီ နေပြည်တော်မှာသာ ထာဝရ ကိန်းပြု၍ စံတော်မူစေလိုပါသည်။ ။ဤကဲ့သို့ အကြောင်းပြကာ အကျိုးလိုလားသော တကဲ့စေတနာဖြင့် မကြာမကြာလျှောက်တင်လေ့ရှိသည်။

သို့ရာတွင် တပင်ရွှေထီးသည်ကား မင်းပျိုမင်းလွင် ဖြစ်သည်ပြင် ဘုန်းတော်အစွမ်းကလည်း လျှမ်းလျှမ်းတောက် တက်နေသည့်အခိုက် ဖြစ်သောကြောင့် ရာဇာမာန်ဖြင့် ယစ်မူးတော်မူပြီးလျှင် "ငါကဲ့သို့သော ဧကရာဇ်ကို အဘယ်သူ ရန်မူဝံ့အံ့မည်နည်း" ဤကဲ့သို့စိတ်ထားဖြင့် ခမည်းတော်နှင့်တူသော အထိန်းတော်ကြီး၏ စကားကို နားစိုက်တော်မမူဘဲရှိလေ၏။ ။တလိုင်းစိတ်တလိုင်းသွေး အထူးသဖြင့် သက်ဂင်လာပုံကြောင်းကို မှန်နန်းရာဇဝင်ကြီး၌ဆိုသော အတိုင်းဘော်ပြရန် ဝတ်တရားရှိပေသည်။

## "ဂေါဏမယ်"

ဟံသာဝတီနေပြည်တော်ကြီး၏ ဆင်ခြေဖုန်းအရပ်တွင် လယ်ပိုင်နွားပိုင်တို့ဖြင့် လွန်စွာကြွယ်ဝသော သူဌေးကြီးတယောက်ရှိသည်။ ထိုသူဌေးကြီး၏ အမည်မှာ "မကြိုက်ကို"ဟုခေါ်ကြ၏။ (တလိုင်းတို့၏ အမည်များတွင် ယောကျ်ားအမည်မှာသည်း "မအကွရာ" ရှေ့ကပါတတ်သည်။

ထိုသူဌေးကြီးမှာ နွားပေါင်း (၅၀၀၀) ငါးထောင်ရှိသည်။ နွားများကိုရောင်းလေ့မရှိဘဲ အမြဲပင်မွေးထားလေ့ရှိသည်။

## "နွားမကြီးတကောင်မှ သိုးကညာ ထူးဆန်းစွာဘွားမြင်ခြင်း

နွားပေါင်း-၅၀၀၀အနက် နွားမကြီးတကောင်မှာ ပဋိသန္ဓေတည်ရှိ၍ နေ့လစေ့လျှင်ဖွါးမြင်သောအခါ ရုပ်ဆင်းအင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံလှသော သတိုးသွီးကလေးကို ဖွါးမြင်သောနေ့တွင် မိခင်နွားမကြီးသည် ခြံကမထွက်ဘဲစောင့်၍ နေလေ၏။ သတိုးသွီး၏ ကသိုလ်အဟုန်ကြောင့် အခြားနွားများကလည်း တစုံတရာ ထိပါးခြင်းရရှိအောင် စောင့်ရှောက်ကြသည်။

သူဌေးကြီးသည် နွားခြံထဲမှ သူငယ်ငိုသံကြားသည်နှင့် ကျေးကျွန်များကိုခေါ်၍ ကြည့်ရှုကြရာ နွားမကြီးတကောင်စောင့်ရှောက်၍နေသောမွေးဖွါးစသူငယ်မကလေးတဦးကိုတွေ့ရှိလေ၏။ မြင်လျှင်မြင်ခြင်း ကြောင်းရင်းရေစက်ပါသောကြောင့် သွီးကဲ့သို့လွန်စွာချစ်လှသည်နှင့် ကောက်ယူ၍မွေးထားလေ၏။ ထိုသူဌေးကြီးမှာ သားသမီးလဲ မရှိသောကြောင့် သွီးအမှတ်ဖြင့်မွေး၍ထားလေသည်။ ။မိခင်နွားမကြီးလည်း ထိုသတိုးသွီးကိုသာ တရစ်ရစ်တဝဲဝဲ ကြည့်ရှုကာနေလေ၏။ အမည်ကိုပေးသောအခါ "ခေမနော"ဟု ပေးလေသည်။

(မှတ်ချက်။ ။ဤတပင်ရွှေထီး ဝတ္ထုတော်ကြီး၌ ထိုသတိုးသွီးကလေး၏ အမည်ကို မြန်မာအားဖြင့် "ဂေါဏမယ်"ဟု အသုံးပြုကာ ရေးသွားပါမည်။)

ငယ်ရွယ်စဉ်ကပင် ရုပ်ဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံ၍ လာသူဖြစ်သောကြောင့် ခုနစ်နှစ် ရှစ်နှစ်အရွယ်သို့ရောက်သောအခါ လွန်စွာ အဆင်းလှလေသည်။ ထူးဆန်းစွာဖွားမြင်၍လာသည် အတိုင်း အသင်းအင်္ဂါမှာလည်း ထူးဆန်းစွာ ဖြစ်ပေါ်၍ လာလေသည်။ "ဂေါဏမယ်"၏ သတင်းများသည် ဟံသာဝတီ နေပြည်တော်ကြီးတခုလုံး ကျော်စော ထင်ရှားလျက်ရှိလေ၏။ အများပင်လာရောက်၍ကြည့်ရှုကြလေသည်။ နောင်အရွယ်ကြီး၍ လာသောအခါ အကြည့်အရှု လာသူတွေများသည်နှင့် ဂေါဏမယ်က အတွေ့မခံဘဲနေလေသည်။ ထိုအခါသာလျှင် သတင်း ကျော်စောခြင်းဖြစ်လေ၏။

## "ရွှေနားတော်ကြားခြင်း"

ဂေါဏမယ်၏လှကြောင်း, ချောကြောင်း သတင်းများသည် ပျံ့နှံ့လွှမ်း အားကြီးသည် နှင့် ရွှေနန်းတော်ကြီးသို့ ရောက်ပြီးလျှင် ဘုရင်တပင်ရွှေထီးကိုယ်တိုင် ကြားတော်မူလေသည်။ ထိုအခါ လက်သုံးတော် "သမိန်-စောထွတ်"ကိုခေါ်တော်မူပြီး "နွားမကမွေးတဲ့ ဂေါဏမယ်၏ ချောကြောင်းလှကြောင်းကို ငါ ကြားတော်မူရသည်။ လူက မွေးသည် မဟုတ်သောကြောင့် မင်္ဂလာရှိမည်မထင်၊ သို့အတွက် တမင်တကာ နန်းတော်တို့ ပရိယာယ်ဖြင့်ခေါ်၍ ရှုစားတော်မူ ရန်လည်း သင့်လျော်လိမ့်မည်မဟုတ်၊ သို့ဖြစ်၍ တနည်းနည်းဖြင့် ရှုမြင်တော်မူရအောင်ကြံဆောင်ရ မည်ဟု အမိန့်ရှိတော်မူသည်။

(မှတ်ချက်။ ။သမိန်-စောထွတ်ဆိုသူကား တလိုင်းဘုရင်၏ အဆက် အနွယ် ဖြစ်သည်။ ယောကျ်ားပြီသစွာ ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံ၏။ ဖျပ်ဖျပ်လတ်လတ်နှင့် အကြံအစည်ကြီးမား၍ ဉာဏ်ရှိ၏။ သမိန်စော[illegible]တ် ၏ အကြောင်းတွေ နောက်၌ပါရှိလိမ့်မည်။ ဘုရင်တပင်ရွှေထီးသည် သမိန်စောထွတ်ကို ချစ်ခင်မြတ်နိုးတော်မူသဖြင့် အပါးတော်မြဲ (လက်စွဲ) အဖြစ်ဖြင့် စေပါး အသုံးပြုတော်မူသည်။)

ဤသို့အမိန့်ရှိတော်မူသောအခါ သမိန်စောထွတ်က အလိုတော်ပြီးမြောက်အောင် ရှက် ဆောင်လော့ရှိသောအတိုင်း "ဘုရား့ကျွန်တော်မျိုးကြံစည်၍ ဂေါဏမယ်ကိုရှုစားရအောင်ကြံစည် တော်မူပါမည်ဘုရား၊ မကြာမီ ဥယျာဉ်ကစားထွက်တော်မူသည့်အခါ ရှေ့တော်သို့ သွင်း၍ပြပါ မည်ဟု လျှောက်တင်လေ ၊ တပင်ရွှေထီးလည်းများစွာအားရနှစ်သက်တော်မူလေ၏။

သမိန်စောထွတ်သည် ဂေါဏမယ်၏ ဘခင် သူဌေးကြီး ထံသို့ သွားပြီး ဘုရင်မင်းမြတ် မကြာခင် ဥယျာဉ်ကစားထွက်တော်မူလိမ့်မည်၊ သူဌေးကြီး၏သမီး ဂေါဏမယ်ကို ရှုစားတော်မူ လိုသည်၊ ဥယျာဉ်ကစားထွက်တော်မူရာတွင် သမီးကိုခေါ်၍ ဥယျာဉ်တော်သို့ အခစားထွက်ပါဟု ပြောလေရာ၊ သူဌေးကြီးကလည်း ဘုရင်မင်းမြတ်၏အပါးတော်သို့ အခစားဝင်ရမည် ဆိုသဖြင့် များစွာ ဝမ်းမြောက်ခြင်းဖြစ်ပြီးလျှင် ရှေ့တော်သို့ အခစားဝင်ရန် ဂတိပြုလိုက်လေ၏။

## "ဥယျာဉ်ကစား ထွက်တော်မူခြင်း"

ဘုရင်တပင်ရွှေထီးသည် အပါးတော်မြဲ လက်စွဲတော်ငယ် ကျွန်တစုတို့နှင့် ဥယျာဉ်ကစား ထွက်တော်မူလေ၏။ မှူးကြီးမတ်ရာ သေနာပတိများ ပါရသည်မဟုတ်ချေ။ ထွက်တော်မမူခင်

ရွှေနန်းတော်မှ ဥယျာဉ်တော်သို့အထိ လက်ဝဲ, လက်ယာ, တပ်ဝင်းခင်း၍ ထားရသည်။ဥယျာဉ်တော်ပတ်ဝန်းကျင်မှာလည်း တပ်ရံ၍ ထားရသည်။

ထိုနေ့အခါ ဂေါဏာမယ်၏ဘခင်သူဌေးကြီးသည် ဂတိထားလိုက်ပြီးသောအတိုင်း သမီးကို ဝတ်စားတန်ဆာဆင်ယဉ်ပြီးလျှင် လှဲယာဉ်နှင့် ဥယျာဉ်တော်သို့သွားကြလေ၏။ ခြွေရံကျေးကျွန်ပရိသတ်များလည်းဝန်းရံကာ လိုက်ပါကြသည်။ ဥယျာဉ်တော်သို့ရောက်သောအခါ သမိန်စောထွတ်က ရှေ့ဆောင်ပြုပြီးလျှင် သူဌေးကြီးနှင့် သမီးဂေါဏာမယ်ကို ရှေ့တော်သို့ သွင်းလေသည်။

ဘုရင်တပင်ရွှေထီးလည်း ဂေါဏာမယ်ကိုမြင်လျှင်မြင်ခြင်း မထိန်းနိုင်အောင် ယိမ်းယိုင်သော ချစ်မေတ္တာစိတ်တော်တွေဖြစ်ပေါ်၍လာသည်နှင့် စိန်းစိန်း ရှုစားတော်မူပြီး၊ "ခြေဩ်ကျော်လဲကျော်သင့်ပါပေတယ်၊ တမိုးအောက်တွင် သူတယောက်ကယ်လို့ ပြောလောက်စဘွယ် အလွန်တင့်တယ်၍ လှပချောမွန်ပါကလား၊ အပြစ်ဆိုဘွယ်ရာ ယုတ်ညံ့တဲ့ လက္ခဏာတခု မပါရှာဘူး၊ အရွယ်ငယ်ငယ်နှင့် ချစ်ခင်ဘွယ်အချိန်ကလေးပေဘဲ"ဟု တွေးတောတော် မူမိလေ၏။

ထိုနောက် အကြောင်းအမျိုးစုံကို မေးမြန်း၍ အတန်ကြာအောင်သူဌေးကြီးနှင့် အမိန့်စကားပြောကြားမေးမြန်းတော်မူပြီးလျှင် အခွင့်လွှတ်တော်သည်နှင့် သူဌေးကြီးနှင့် သူဌေးကြီးသမီး ဂေါဏာမယ်တို့လည်း အပါးတော်မှထွက်ခွာခဲ့ကြလေ၏။ ထိုနောက်ဘုရင်မင်းမြတ်က သမိန်စောထွတ်ကိုစေလွှတ်တော်မူပြီးလျှင် ဝတ်တော်မူသော အဘိုးတန်လက်ဝတ်ရတနာကို ဂေါဏာမယ်အား ပေးသနားတော်မူစေသည်။ သူဌေးကြီးကလည်း သမီးကြောင့် မျက်နှာရသည်အတွက် နှစ်သက်ဝမ်းမြောက်စွာ အားတက်၍နေလေသည်။

## "ရွှေနန်းတော်သို့ပြန်လည်ဆိုက်ရောက်တော်မူသောအခါ"

ဥယျာဉ်တော်မှာတွေ့မြင်ရှုစားတော်မူခဲ့ရသော ဂေါဏာမယ်ကို လွန်စွာစွဲလမ်းတော်မူမူသည်နှင့် မျက်စိထဲကပင်ဖျောက်၍မရနိုင်သကဲ့သို့ ဖြစ်၍နေတော်မူလေ၏။ ထို ည အချိန်တွင် စက်တော်မခေါ်နိုင်ဘဲတရစ်ဝဲဝဲစိတ်တော်ထဲ၌ စွဲစွဲလမ်းလမ်းဖြစ်၍ နေတော်မူသည်။ တွေးတောကြံစည်တော်မူပုံများမှာလည်း နွားမကြီးက မွေးပါလျက်နှင့် ဘယ်အတွက် သို့ကလောက်လှပရတာလဲ၊ ထီးနန်းပေါ်မှာကြီးတဲ့ဘုရင့်သမီးတော်ကလေး ဖြစ်ပါတော့လား၊ သူ့ပုံပန်းလက္ခဏာကတော့မဟာဆန်ပြီး ထီးသွေး,နန်းသွေး,ကြင့်နန်းသွေး, ဖြစ်နေတယ်၊ တကယ် စင်စစ် မိဖုယားဖြစ်ထိုက်တဲ့ ရတနာကလေးအမှန်ပါဘဲ။ သံသေဇ-အားဖြင့် မွေးဘွားလာလျှင်လဲတော်သေးရဲ့။ အခုတော့ အတိတ်တိရစ္ဆာန်ဖြစ်တဲ့ နွားမကြီးက ဖွားလာလို့နန်းပေါ်သို့တင်ပြီး ဘုန်းချင်းပြိုင်၍ ကချင်းဆိုင်ရမဲ့ အလုပ်ကလဲအခက်သားဘဲ။ စွဲတဲ့အစွဲကိုတော့ဖြုတ်လို့မရနိုင်တော့ဘူး၊ ဘယ်နည်းနှင့်ကြံပြီး နန်းပေါ်သို့တင်ရမလဲ။ ဤကဲ့သို့ ကြံစည်တော် မူမိလေရာ၊ လွှတ်ရမှာကလဲအခက်၊ သိမ်းပိုက်တော်မူရမှာကလဲအခက်၊ ကြိတ်မနိုင်,ခဲမရဆိုသကဲ့သို့ ဖြစ်၍နေတော်မူသည်။

ထိုနောက်တနေ့ လက်သုံးတော်သမိန်စောထွတ်ကို အပါးတော်သို့ ခေါ်ပြီး မောင်မင်းဆက်သွင်းပြတဲ့ ဂေါဏာမယ်ကလေးဟာ တပ်မက်စဘွယ် တယ်လှချောပါကလား၊ ရွှေနှလုံးတော်

ထဲမှာ စွဲလို့သာနေတော့ဘာဘဲ၊ အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ နွားမကြီးမွေးဖွားတယ်ဆိုတော့ ဘုရင်ကေရာဇ်က ချဉ်ခင်သိမ်းပိုက်တော်မူဘို့ အခက်သားဘဲ။ လူသားစင်စစ်ဖြစ်ပါလျှင် တော်လေရဲ့၊ အစွဲကိုဖြုတ်လို့မရ၊ ဒုက္ခတွေ့တော်မူနေပြီဟု ငြီးငြူတော်မူသည်။

ထိုအခါသမိန်စောထွတ်က အလိုတော်သို့လိုက်၍ အကြိုက်အတိုင်း မြှောက်ပင့်၍တင်သည်မှာ သည်အရေးကြောင့် ရွှေနှလုံးတော်ရှုပ်ထွေးတော်မူနေရန်မသင့်ပါ၊ အမျိုးမျိုး ကြံတွေး၍ မအေးဘွယ်အကြောင်းများကို လက်ခံ၍ ထားတော်မမူသင့်ကြောင်းပါဘုရား၊ ဇာတိညံ့လွန်းတဲ့အတွက် ရွှေဘုန်းတော်ကို နှောင့်ယှက်လိမ့်မယ်ဆိုတဲ့အထင်တော်ကိုလဲ ဖျောက်ပယ်တော်မူသင့်ပါဘယ်၊ နေမင်းမကထွန်းလင်းနေတဲ့ ရွှေဘုန်းတော်ကို ဘယ်လိုအညစ်အကြေးက နှောင့်ရှက်နိုင်ပါမလဲဘုရား။ ဘယ်လိုပင်ကျက်သရေမဲ့စေကာမူ အရှင့် ရွှေလက်တော်သို့ ရောက်ခဲ့ပါလျှင် ဂုဏ်ကြက်သရေပိုမောက်ပြီး၊ မကောင်းဆိုသမျှအကုန်ပျောက်ရပါလိမ့်မယ်၊ **ရွှေမင်နားရွှေကျေး ငွေ့မင်နာငွေကျေး**”ဆိုတဲ့ စကားလဲ အရှိသားပါဘုရား။ ။မေတ္တာတော်ယိမ်းယိုင်၍ သိမ်းပိုက်တော်မူလိုပါလျှင် မြတ်နိုးတော်မူရင်းသာ ပဓါနဖြစ်ပါတယ်၊ လွယ်လွယ်နှင့်သိမ်းပိုက်၍ နှစ်ချိုက်တော်မူစေရန် သင့်လျော်ပါသည်ဘုရား။ ။ဤသို့လျှောက်တင်လေ၏။

(ရွှေထီး) မောင်မင်းလျှောက်တင်ချက်ကဖြင့် အားတက်ဘွယ်ရာကြီး ပေပေါ့နော်၊ သို့ရာတွင် မှူးတော်,မတ်တော်များနှင့် နိုင်ငံ၏မျက်နှာကိုလဲထောက်ထားဘို့ရှိပေသေးတယ်၊ ကေရာဇ်ဘုရင်ရယ်လို့ ထင်တိုင်းမပြုထိုက်ပေဘူး၊ ဂေါဏမယ်ကလေးဟာ နွားမက မမွေးခဲ့ဘူးဆိုပါလျှင် သို့ကလောက်ကြာအောင် တွေးတောဆင်ခြင်တော်မူနေဘို့ မရှိဘူးပေါ့။

(စောထွတ်) “**ကြောက်လျှင်လာတ်လွဲ-ရဲလျှင်လာတ်ရ**” ဆိုတဲ့ စကားလဲ အရှိသားပင်မဟုတ်ပါလားဘုရား။ ။ဂေါဏမယ်ကလေးဟာ ရုပ်ဆင်းအင်္ဂါနှင့် လွန်စွာပြည့်စုံသဖြင့် သွီးကညာ ရတနာအစစ်မှန်လှပါတယ်ဘုရား၊ လက္ခဏာဖတ်တတ်တဲ့ ပုဏ္ဏားတော်များကလဲ ရတနာသိုက်ဝင် ကညာစင်အစစ်ဖြစ်ကြောင်းနှင့် ဟောကြားထားတဲ့အချက်များလဲ ရှိပါတယ်။ ။ရှေးရှေးဘေးလောင်းတော်, ဘိုးလောင်းတော်များဟာလဲ အလွန် အောက်တန်းစားကြတဲ့ သွီးကညာများကို သိမ်းပိုက်တော်မူကာ လကျာထား၍စံစားတော်မူတဲ့ ရာဇဝင် ထုံးဟောင်းများလဲ ထင်ရှားစွာရှိပါတယ်၊ နီတိဆရာကြီးတို့၏အဆိုအားဖြင့် လျှောက်ထားပါရစေ ဘုရား။ ။သိဒ္ဓိပေါက်တဲ့ဆေးကို ရမယ်လို့ဆိုပါလျှင် လာတ်တလောသေစေတတ်တဲ့ အဆိတ်ထဲမှာပင်ဖြစ်သော်လဲ ရအောင်ယူလိုက်ရမယ်၊ အဘိုးတန်မဏိရတနာအစစ်ကို ရမယ်လို့ဆိုပါလျှင် မစင်အညစ်အကြေးထဲမှာပင် ဖြစ်သော်လဲ ရအောင်ယူလိုက်ရမယ်။ ။သွီးကညာ ရတနာအစစ်ကိုရမယ်လို့ဆိုပါလျှင် အလွန် ယုတ်ညံ့တဲ့ အမျိုးထဲမှာပင် ဖြစ်သော်လဲ ရအောင် ယူလိုက်ရမယ်။ ။အဲ—သို့ကလို နီတိကျမ်းဆရာကြီးတွေက မိန့်ဆိုတော်မူကြပါတယ်ဘုရား၊ ဂေါဏမယ်မှာ သွီးကညာ ရတနာအစစ်မှန်တဲ့အတိုင်း ဇာတိကိုမထောက်ထားဘဲ မြှောက်စားသိမ်းပိုက်ထိုက်တယ်လို့ ကျွန်တော်မျိုး ထင်မြင်ကြောင်းပါဘုရား။

(ဘုရင်တပင်ရွှေထီးက အတန်ကြာ စဉ်းစားပြီး) အင်း - နီတိဆရာကြီးတို့ အလိုအားဖြင့်ဆန္ဒတော်အတိုင်း သိမ်းပိုက်တော်မူထိုက်ပါပေရဲ့၊ သို့ရာတွင် အဆောတလျှင်ဆိုတဲ့ အလုပ်မျိုးကို

အရာခပ်သိမ်းမှာ ရှောင်ကြဉ်ရမယ်ဆိုတဲ့ ပညာရှိတို့ စကားအတိုင်း ခပ်ဆိုင်းဆိုင်း, ခပ်ဖြေးဖြေး ကြံတွေးဆင်ခြင်ဘို့ အခွင့်တော်များ အလက်ကိုင်ထားဘို့ လိုသေးတယ် မောင်မင်း။

ဤကဲ့သို့ မိန့်တော်မူပြီးလျှင် အဆောင်တော်ထဲသို့ ဝင်တော်မူသည်နှင့် သမိန်စောထွတ်လည်း မကျောက်စီခါးကိုပိုက်လျက် အဆောင်တော်တံခါးဝက ဝပ်တွားခစားကာ နေရလေ၏။

## ခင်ဘုန်း၏ ကျီစယ်တော်မူပုံ။

ဂေါ်ကာမယ်ကို ဘုရင်မင်းမြတ်က မေတ္တာတော် တိမ်းညွတ်ကြောင်းသည် နန်းတော်သူ, နန်းတော်သား အလုံးစုံ အကုန်ရိပ်မိသည်တိုင်အောင် သတင်းလွင့်ပါး သွားလေ၏၊ မိဖုရားဖြစ်သော "ခင်ဘုန်း" နှင့် "ခင်မြတ်" တို့လည်း ကြားသိတော်မူလေသည်။

ထိုအခါ ခင်ဘုန်းက စဉ်းစားတော် မူသည်မှာ။ ။ရွှေနန်းရှင် ဘုရားလဲ အလွန် စိတ်ကစားတော်မူနေပါကလား၊ဟို ငယ်ရွယ်စဉ်က လေးကျွန်းကန်တော်သို့ထွက်၍ ရေသဘင် ပျော်ရွှင်တော်မူတုန်းက စိတ်မျိုးတော်ကို ဖျောက်တော်မမူသေးဘူး။ ။တဘက်ပြိုင်ဘက်ကင်းတဲ့ ကေရာဇ်မင်းကြီးဖြစ်နေတောင်မှ သည်လိုစိတ်ကလေးတွေကို မွေးမြူတော်မူတုန်း ရှိသေးတယ်။ ။ရာဇအဘိသိက်ခံတော်မူရာမှာလဲ အဂ္ဂမဟေသီ မြှောက်စားဘို့ မိဖုယားနှင့်အတူတူ ရေသွန်းခံတော်မူတာမဟုတ်ဘူး၊ ဘယ်မိဖုယားများကို မဟေသီမြှောက်စားဘို့ ကြံတော်မူနေပါလိမ့်မလဲ။ ။ရွှေစိတ်တော်ကိုထိခိုက်အောင် ငယ်ရွယ်စဉ်ကစရိုက်အတိုင်း လျှောက်တင်ပါသော်လဲ ပြုံးလို့သာ စံတော်မူတယ်၊ ခင်ဘုန်းကတင်တဲ့အခါ အနာယူပြီး အမူတော်ကလေးမှ ရာဇမာန် ရှတော်မမူဘူး၊ ခင်ဘုန်းကဘယ်လိုပင်လျှောက်တင်သော်လဲ ပြုံးတော်မူသောအလေ့များနှင့် ပယ်ရှားတော်မူလိုက်သာခါည်းဘဲ၊ ပြုံးတော်မူလိုက်တဲ့ အပြုံးတွေဟာ ခင်ဘုန်းကို နှိပ်စက်ထာနှင့် အတူတူဘဲ၊ ခင်ဘုန်းကိုတောင် ညာမတင်လျှင် ဘယ်ကဒေဝီကို မဟေသီမြှောက်စားတော်မူမှာလဲ။ ။ယခုလဲ ကြားရပြန်ပြီ၊ နွားမကြီးကမွေးတဲ့ အရိုင်းမကလေးတကောင်ကို မြတ်နိုးတော်မူသတဲ့၊ မကြာမီ သိမ်းပိုက်တော်မူမလိုလို။ ။ထီးမတန်,နန်းမထိုက် အမိုက်တိချစ္စာန်ရဲ့ ဝမ်းဗိုက်မှာ ပဋိသန္ဓေတည်နေပြီး လူရုပ်သွင်ကလေးနှင့် မွေးလာတာကို ဘာ့ကြောင့် သို့ကလောက် စွဲလမ်းတော်မူရတာလဲ ဘယ့်ကလောက်များ ချောမောလှပတော်မူသလဲ၊ တကယ်လို့များ သိမ်းပိုက်တော် မူမှုဖြင့် ရွှေဘုန်းတော်အညွန့် တလွန့်လွန့်,တလူလူ တိုးတက်တော်မူနေတာကို ထိခိုက်မဲ့အတွက် စိုးရိမ်ဘို့ ရှိနေတယ်။ ။လူ့ပြည်လောကမှာ သွီးကညာ သို့ကသောက်ရှားသမို့လား၊ နွားကမွေးပြီး,နွားသွေးပါတဲ့ ကညာအရိုင်းကို စိတ်တိုင်းကျတော် မူပါလေတယ်၊ ဤသို့ တွေးတောတော်မူပြီးလျှင် ပရိယာယ်ဖြင့် ကျီစယ်တော်မူလိုသောကြောင့် ရှုံကိုနွားမရုပ်ကလေးလုပ်ပြီး ရွှေချူ,ရွှေထိပ်အုပ်တို့ဖြင့် တန်ဆာဆင်ပြီးလျှင် ခင်ဘုန်းကိုယ်တိုင် တပင်ရွှေထီး အခဆောင်တော်သို့ အခစားဝင်ကာ ပြုံးရွှင်သောမျက်နှာနှင့် လက်တော်သို့အရောက်ဆက်သလေ၏။

(ခင်ဘုန်း) ရှုံကိုလုပ်တဲ့ နွားမရုပ်ကလေးဟာ လွန်စွာချစ်ခင်ဘို့ကောင်းတယ် ကိုယ်တော်ရဲ့၊ ခင်ဘုန်းကိုယ်ကိုင်လုပ်တဲ့ နွားမရုပ်ကလေးပါ။

(ဘုရင်တပင်ရွှေထီးကပြုံးတော်မူပြီး) အို–ခင်ဘုန်းကလဲ ပေါက်ပေါက်ရှာရှာ ဘယ့်နှယ် ဟာတွေကို လာဆက်နေပါလိမ့်မတုန်း။

(ခင်ဘုန်း) ရှုတော်မူစမ်းပါအုံးကိုယ်တော်ရဲ့၊ မြတ်နိုးတော်မူဘို့ရာ လွန်စွာကောင်းပါ တယ်၊ အပါးတော်ထားပြီး အမြဲရှုစားတော်မူရန်ပါ။

(ရွှေထီး) ခင်ဘုန်းလုပ်တဲ့အရုပ်ကို ခင်ဘုန်းဘဲပြန်ယူသွားပါတော့။

(ခင်ဘုန်း) အို–သည်လိုမိန့်တော်မမူသင့်ပါဘုရား၊ ပဏ္ဍာတော်များကိုခေါ်ပြီး ဇာတာ တော်ကို စစ်ဆေးတဲ့အခါ နွားမကလေး ဓာတ်ခိုက်နေတယ်၊ နွားမရုပ်ကလေးကို ခမဲပေးပါ ဟောကြားတာနှင့် ယတြာပြုတော်မူဘို့ ခင်ဘုန်းကိုယ်တိုင်စီရင်ပြီး လုပတဲ့နွားမရုပ်ကလေး ဆက် ရတာပါ၊ လက်ခံတော်မူသင့်ပါတယ် ကိုယ်တော်ရဲ့။

(ဘုရင်တပင်ရွှေထီးက စကားတခွန်းမျှ ပြန်၍ မိန့်တော်မမူဘဲ ခင်ဘုန်းကိုပြုံး၍ ရှုစား တော်မူနေသည်)။

(ခင်ဘုန်း) နွားမကလေးများကို နန်းတော်ပေါ်မှာ တင်ထားလျှင် မင်္ဂလာရှိပမလား ကိုယ်တော်။

(ရွှေထီး) ဘာကြောင့်လဲခင်ဘုန်းရဲ့။

(ခင်ဘုန်း) အို–မေးတော်မူဘို့မရှိပါဘူး၊ တိရစ္ဆာန်သတ္တဝါမို့ပေါ့။

(ဘုရင်တပင်ရွှေထီးက "အိုးရွဲ့လျှင်-စလောင်းရွဲ့ပိတ်" ဆိုတဲ့စကားအတိုင်း ခင်ဘုန်းကို နိုင်အောင်စကားရွှဲသုံး၍ ခတ်ပြုံးပြုံးနှင့် မိန့်တော်မူသည်မှာ) အို–မင်္ဂလာမရှိဘဲ နေပမလား၊ တိရစ္ဆာန်ထဲမှာ နွား ဆိုတာ မင်္ဂလာအရှိဆုံးပေါ့။

(ခင်ဘုန်း) ယုံနိုင်ဘူးကိုယ်တော်၊ တိရစ္ဆာန်ထဲမှာ ဆင်ရတနာ၊ မြင်းရတနာရယ်လို့သာ ကြားဘူးတယ်၊ နွားရတနာလို့ကြားဘူးပေါင်။ ။သည့်ပြင်လဲ ဆင်အာဇာနည်၊မြင်းအာဇာနည်၊ ခြင်္သေ့အာဇာနည်လို့သာ ကြားဘူးတယ်၊ နွားအာဇာနည်ရယ်လို့ ကြားဘူးပေါင်။

(ရွှေထီး) အို-ခင်ဘုန်းကလဲ ဉာဏ်မှမရှိဘဲ ကြားဘူးပမလား၊ နွားလားဥသဘများ ဆို တာ မင်္ဂလာအလွန်ရှိသတဲ့၊ နွားလားဥသဘကို မွေးထားလျှင် ဘုန်းကျက်သရေတိုး၍ တန်ခိုး အလွန်ကြီးတယ်လို့ ကျမ်းဂန်များမှာ အဆိုရှိတယ်လေ။

(ခင်ဘုန်းကရယ်ပြီး) တာတော့ကြားဘူးသားဘဲ၊ နွားလားဥသဘဆိုတာ နွားထီးကြီး မဟုတ်လားကိုယ်တော်၊ ခင်ဘုန်းမေးတာက နွားမကိုမေးတာပါ၊နွားမကိုဥသဘရယ်လို့ ဆိုတော် မူချင်သလား။

(ရွှေထီး) ကဲလေ-တာဖြင့် ဟုတ်ပါစေတော့၊ မြတ်စွာဘုရားက နွားတို့၏ဂုဏ်ကျေးဇူးကို အထူးသဖြင့် ဟောကြားတော်မူတယ်၊ နွားများဟာ လူတို့၏ မိဘနှင့် တူတယ်ဆို မဟုတ်လား၊ မိဘနှင့်တူတယ်ဆိုတော့ မြတ်ထာပေါ့။

(ခင်ဘုန်း) အို-သည်လို အဓိပ္ပါယ်မျိုးလဲ မဟုတ်သေးပါဘူး၊ ခိုင်းရ,စေရ,ထွန်ရ,ယက်ရ, လုပ်ကျွေးဘော်ရလို့ မိဘနှင့်တူတယ်လို့ဆိုတာပါ၊ မင်္ဂလာရှိတယ်လို့ မဆိုပါကလား၊ ခင်ဘုန်း မေးလိုရင်းက မင်္ဂလာ ရှိ,မရှိ,ကို မေးလိုတာပါ။

(ရွှေထီး) အို-ခင်ဘုန်းကလဲ မဟော်သဓောမွေးထားတဲ့ စကားတတ်တဲ့ ကြက်တူရွေးမက လေးလို ပေါက်ပေါက်ရှာရှာ တယ် စကားတတ်ပါကလား၊ သည်-နွားစကားတွေ ထားလိုက် စမ်းပါအုံး ဟို-တလောက ဒဂုန်ဆံတော်ရှင်သို့ထွက်တော်မူတဲ့အခါ ခင်ဘုန်းက ဒဂုန်မြို့မှာအလှန် ပျော်တော်မူတဲ့အတွက် ယာယီ နန်းနှင့် ခေတ္တ စံတော်မူချင်တယ်ဆို၊ ယာယီနန်း ဆောက်ပေး မယ်လေ၊ အတူတူထွက်တော်မူကြစို့ရဲ့။

(ခင်ဘုန်းကရယ်ပြီး) သည်က ခင်ဘုန်းကိုမုန်းတော်မူလို့ ဒဂုန်မြို့စားအဖြစ်နှင့် ခတ်ဝေး ဝေးထားတော်မူချင်သလား၊ ဟိုတုန်းကတော့ ဒဂုန်မှာ ခေတ္တစံချင်တာအမှန်ပါဘဲ။ ယခုတော့ သည်စိတ်တွေပျောက်ကုန်ပေါ့။ ဟံသာဝတီရွှေနန်းက တလှမ်းမှခွာလိုတဲ့စိတ်မရှိဘူးကိုယ်တော်ရဲ့။

(ရွှေထီး) အို အလွဲထင်တော်မူပြန်ပါပြီ၊ ကဲ-ရှိပါစေတော့၊ ခင်ဘုန်း သဘော အတိုင်း ပါဘဲ၊ ဟံသာဝတီရွှေနန်းမှာသာ အမြဲ စံမြန်းတော်မူပါ။,

(ခင်ဘုန်း) တင်စမ်းပရစေ၊ သစ္စာနှင့် မှန်မှန် မိန့်တော်မူစမ်းပါ၊ နွားခေတ်စာ ကျနေ တယ်ဆို၊ မှန်သလား ကိုယ်တော်။

(ရွှေထီး) အဲ-ဟုတ်တယ်၊ ဟုတ်တယ်။

(ခင်ဘုန်း) ဘာကြောင့်လဲထိပ်တင်။

(ရွှေထီး) ဝေဒနာစွဲကပ်တော်မူလို့ပေါ့။

(ခင်ဘုန်း) ဩော်-ရိပ်မိပါပြီ၊ စုံမက်စွဲလမ်းတဲ့ အချစ်ငန်း ဝေဒနာတော်ကြီးပေါ့လေ။

(ရွှေထီး) ခင်ဘုန်းသိတဲ့အတိုင်း ထားလိုက်ပါတော့။

(ခင်ဘုန်း) တယ်ကြီးတဲ့ဝေဒနာပါကလား၊ အချစ်ဝေဒနာဆိုတာ ဘယ်ခေတ်စာနှင့် ပေးလို့မှ ပျောက်ကင်းနိုင်တာမဟုတ်ဘူး ကိုယ်တော်ရဲ့။

ဤသို့အတုန့်အပြန် ချစ်တင်းစကား မိန့်ကြားတော်မူနေစဉ် လက်သုံးတော် သမိန်စော ထွတ် ဝင်လာပြီးလျှင် ခြေတော်စုံဦးခိုက်လျက် "သဘော်ကုလား ဗရင်ဂျီလူမျိုးတယောက် လက် ဆောင်တော်များနှင့်ခစားရန်ရောက်လာပါကြောင်းပါဘုရား"။ ဤသို့လျှောက်ပြီးလျှင်"ဝင်စေ" ဟု မိန့်တော်မူလေ၏။

ထိုအခါ သဘော်မှ ပါလာသောလက်ဆောင်ပဏ္ဏာအများနှင့် ဗရင်ဂျီလူမျိုးတယောက် သည် နောက်လိုက်နောက်ပါအများနှင့် အပါးတော်မှာ ဝင်ရောက်ခစားလေသည်။

### "သျှင်ရဲထွတ်၏စိတ်ထား"

ဂေါဏ္ဏမယ်ဆိုတဲ့ တွယ်စွမ်းငြိသောအားဖြင့် ရွှေနန်းတော်သို့ဝင်၍ သိမ်းပိုက်တော်မူမည့် သတင်းများကို သျှင်ရဲထွတ်ကြားလေရာ၊ နှစ်သက်ခြင်းမရှိသဖြင့် ညီတော်ဘုရင့်အတွက် ငြိုးငြူ

တော်မူသည်မှာ ခြေဉ်-ဘုန်းတော်ကြီးတာကတမျိုး၊ စိတ်ထင်တိုင်းလွတ်လွတ်ပြီး၊ ဇွတ်ဒရွတ်ပြု လုပ်တော်မူလေ့ရှိတာကတမျိုးဘဲ၊ ငယ်ရွယ်စဉ်ကစပြီး အတူကစား၍ အတူ ကြီးပွါးလာခဲ့တဲ့ ပြင် ချစ်ခင်ရုံမျှမက ယောက်ဖတော်ဖြစ်နေလို့ တိမ်းပါးခြင်းမရှိရအောင် အကျိုးတော်တွေကို စောင့်ရှောက်လိုက်ရတာ ဘယ်အခါမှာမှ သက်သာလွတ်လပ်ခွင့်ရတယ်လို့မရှိတော့ဘူး၊စိတ်ပျက် ဘွယ်ကောင်းပုံတွေက ပြင်သစ်ပြည်မှ သင်္ဘောနှင့် ဆိုက်ရောက်လာကြတဲ့ ဗရင်ဂျီလူမျိုးများကို မြှောက်စားချင်တဲ့သဘောတွေပေါ်ပေါက်လာတယ်။ ဗရင်ဂျီများကလဲ သူတို့တိုင်းနိုင်ငံက ထူး ဆန်းတဲ့ပစ္စည်းများကို ယူလာပြီး လက်ဆောင်တော် အဖြစ်နှင့် ဆက်သကာ ဖျားယောင်းကြ တယ်၊ တခြားပစ္စည်းကတော့အရေးမကြီးလှပါဘူး။ သပြက်သီးရေဖြင့်ပြုလုပ်တဲ့ အရက်များကို လက်ဆောင်တော်အဖြစ်နှင့် ဆက်သတာက လွန်စွာ ဆိုးဝါးတယ်။ ရွှေနန်းရှင်ဘုရားကလဲ သပြက်သီးအရက်များကို အရသာရှိသဖြင့် သုံးဆောင်တော်မူချင်သလိုလို အရိပ်နိမိတ်တွေပေါ် လာတယ်။ သေရက်ကိုမြတ်နိုးမှုဖြင့် ဘုန်းတန်ခိုးထိမ်ကော၍ မေ့မောခြင်း နှိပ်စက်ပြီး ပျက်စီး တော်မူမှာကို စိုးရိမ်ရတယ်။ မြန်မာဘုရင်အစဉ်အဆက် သေရည် သေရက် ဆိုလျှင် နန်းတော် တွင်းကိုမှသွင်းလေ့မရှိကြဘူး၊ အမင်္ဂလာကြီးထင်လေ့ရှိကြတယ်။သည်တချက် မနှစ်သက်ဘွယ်ကြီး ရှိနေပြန်တာက တလိုင်းစိတ် တလိုင်းသွေးဝင်ပြီး တလိုင်းအမူအရာကိုမှ ကောင်းတယ်လို့ ထင် တော်မူတဲ့ သဘောမျိုးတွေ ပေါ်ပေါက်လာပြန်တယ်။ အဲ-သို့အတွက်ကြောင့် တလိုင်းများကို သိသိသာသာ မြှောက်စားလာပြီ။ ယခုအပါးတော်မှာအမြဲခစားခိုင်းတဲ့"သမိန်စောထွတ်" ဟာ တလိုင်းအစစ်ကလေးပေါ့၊ တလိုင်းဘုရင်တို့ အမျိုးအနွယ်မှ ဆက်သွယ်ခဲ့တဲ့ သူလဲ ဖြစ်တယ်။ သမိန်စောထွတ်ရဲ့သဘောကို မရိုးဘူးလို့ထင်နေတာဘဲ။ လူဆိုတာကိုယ့်အမျိုးကိုအုပ်စိုးလာလျှင် ဘယ်အခါမှ အခဲမကျေနိုင်ဘူးပေါ့၊ အခွင့်သာတဲ့ အလှဲ့မှာတော့ အရှဲ့ ကြံတတ်ကြတယ်။ "သမိန်စောထွတ်"ကလဲ ငါ့နာမည်"သျှင်ရဲထွတ်"နှင့် ခတ်ဆင်ဆင်ဖြစ်နေလို့ တနေ့တခြားသွေး တက်ပြီး မာန်တလူလူနှင့် သူ့အချိန်ဆုံး လုပ်လိုတဲ့အရိပ်နိမိတ်တွေပေါ်လာတယ်။မြန်မာထဲမှာလဲ သျှင်ရဲထွတ်၊ တလိုင်းအထဲမှာလဲသမိန်စောထွတ် သည်လို အထင်မျိုးတွေ ပေါ်ပေါက်လာတာ ပေါ့။ အလွန်မြှောက်စားတော်မူတာကိုး၊ မြှောက်တဲ့သူက မမြှောက်ဘဲ နေနိုင်ပါတော့မလား၊ သည့်ပြင်လဲတချက်ရှိလေပြန်သေးရဲ့။ နွားမကမွေးတဲ့ ဂေါဏမယ်ကိုရွှေမေတ္တာ ဆက်သွယ်ခြင်တဲ့ သဘောတွေပေါ့။ လူကမွေးတဲ့သို့ကြညာတွေဟာကမ္ဘာမြေပေါ်မှာ သိုကလောက်ရှားသလား၊ သည်အရေးမှာ သမိန်စောထွတ်ကလဲ အတင်း လွတ်ပြီး သွေးဆောင်နေတယ်လို့ ထင်တယ်၊ ဘယ်သူ့အားကိုမှတိုင်ပင်ခြင်းပြုတော်မမူဘူး၊ ဘုန်းချင်းတန်တန်ကံချင်းမျှမျှရှိပါမှ ကျက်သရေ တော်များကို စောင့်ရှောက်နိုင်တယ်။ ဘုန်းမတန် ကံမမျှတဲ့သူကို လောဘရမက် တတ်မက်တဲ့ အရေးကြောင့် မဆင်ခြင်ဘဲ ခင်မင်သိမ်းပိုက်တော်မူမယ်လို့ ဆိုပါလျှင် ရွှေဘုန်းတော် တန်ခိုး မှိန် အရှိန်ညှိုးပြီး အညွန့်ကျိုးမှာကိုစိုးရိမ်ရတယ်။ဟို-ရှေးထုံးအခါများကတော့ သည်ကလျှောက် တင်တဲ့စကားကို များစွာ အရေးယူတော်မူတယ်။ ယခုတော့ အလိုလိုက်၍ အကြိုက်ကိုတင်နိုင်တဲ့ သူများကိုမှ အရေးပေးပြီး မြှောက်စားတော်မူလိုတဲ့ လက္ခဏာတွေ ပေါ်လာကုန်ပြီ၊ အကျိုး အကြောင်းနှင့်တင်ပေတယ်လို့ ရွှေနားတော်မဝင်လိုဘူး၊တစတစမှောက်မှားသွားမှုဖြင့် တိုင်းကျိုး ပြည်ကျိုး သာသနာကျိုးနှင့်တကွ မြန်မာမျိုးကိုပင် ခိုက်ကုန်လိမ့်မယ်။ လျှောက်သင့်သမျှ ကျိုး

ကြောင်းပြ၍ လျှောက်ထားမှ သင့်တော့မှာဘဲ။ ဤသို့ကြံစည်ပြီးလျှင် တနေ့သော ညနေချမ်းတွင် နန်းတော်သို့ သျှင်ရဲထွတ်ဝင်သွားလေ၏။

## "သျှင်ရဲထွတ်အတွင်းတော်သို့ဝင်ရောက်ခြင်း"

ယောက်ဖတော် သျှင်ရဲထွတ်သည် ဘုရင့်အမှုအရာများကို နှစ်ချိုက်ခြင်း မရှိသည်နှင့် တနေ့သောအခါ အတွင်းတော်သို့ ဝင်၍ အချင်းချင်း လျှောက်တင်ပြောဆိုသည်မှာ၊

(ရဲထွတ်) ညီတော်၏ ဘုန်းလက်ရုံးအစွမ်းဖြင့် နိုင်ငံတော်တခွင်ကို သိမ်းပိုက်တော်မူခဲ့ရာ၊ လွန်စွာကျယ်ဝန်းကုန်ပေါ့၊ အဝမြို့တော်ကိုသာ သိမ်းဘို့လိုတော့တယ်။

(ထီး) အဝမြို့တော်ဟာ လက်လွတ်နိုင်ဘို့ မရှိတော့ပါဘူး၊ မြုံးတွင်းသို့ရောက်တဲ့ ငါးများလို ဖြစ်နေပါပြီ၊ ယခုအခါ ပုဂံမြို့တိုင်အောင် လက်နက်နိုင်ငံတော်ဖြစ်ကုန်ပကော၊ အဝမြို့အတွက် ခက်ဘို့ မရှိတော့ပါဘူး၊ အဝမြို့တော်မှာ မြန်မာတို့ အရှိန်သေး၍ ရှမ်းကလေးတွေ လွှမ်းမိုးနေကြပြီ၊ သည်ရှမ်းကလေးတွေကိုလဲ ဘာမှအမှုမစိုက်လောက်ပါဘူး။

(ထွတ်) အမိန့်တော်အတိုင်းလဲမှန်လှပါတယ်၊ သို့ရာတွင် မြန်မာအမျိုးအနွယ်ကို ကယ်ဆယ်တဲ့ သဘောမျိုးနှင့် အလျှင်အမြန်အဝမြို့တော်ကို ရွှေလက်တော်ရောက် သိမ်းပိုက်ဘို့သင့်တာပါဘဲ။

(ထီး) သည်စကားလဲ မှန်ပါပေတယ်၊ အိတ်ဝင်ဖြစ်တဲ့ပစ္စည်းကို သို့ကလောက် အရေးစိုက်ဘို့မလိုပါဘူး၊ ထီးထီးရဲ့စိတ်ထဲမှာတော့ ရခိုင်နှင့်ယိုးဒယားကို ဘုန်းစွမ်းပြပြီး လက်ရသိမ်းပိုက်လိုတဲ့ စိတ်တော်တွေ ပေါ်ပေါက်လို့နေပြန်တယ်၊ ယခု ရခိုင်မြို့မှာလဲ မငြိမ်မသက် သူတို့အချင်းချင်း ဆူပူနေတယ်လို့ ကြားပါကလား။

(ထွတ်) မှန်လှပါတယ်၊ ရခိုင်ဘုရင်နတ်ရွာစံသွား၍ သားတော်အိမ်ရှေ့မင်းက ထီးနန်းစိုးအုပ်သည်ကို ဘထွေးတော်သံတွဲမြို့စားက မနှစ်သက်တဲ့အတွက် အချင်းချင်း ရန်ဘက်ဖြစ်နေကြပါတယ်၊ သည်အရေးဟာလဲ ဟံသာဝတီသို့ရောက်လာအုံးမလိုလို သတင်းကြားနေရပါတယ်၊ ရခိုင်ကို သိမ်းပိုက်တော်မူလျှင်လဲ သင့်လျော်တဲ့ အချက်ကြီးပါဘဲ၊ ရခိုင်ပြည်ကို လက်ကိုင်ထားရပါလျှင် အနောက်ကုလားနိုင်ငံတွေကို လွယ်ကူစွာနှင့် သိမ်းပိုက်တော်မူနိုင်ဘို့အခြေရတာပေါ့။

(ထီး) အင်း-သက်တော်ရှည်နှင့် ကြံစည်တော်မူရပါလျှင် မဇ္ဈိမဒေသတခွင်မှာ ကုလားဘုရင်တွေကို သိမ်းကျုံး၍ ရွှေဘုန်းတော် တန်ခိုးဖြင့် အုပ်စိုးတော်မူနိုင်လိမ့်မယ်လို့ ထင်မြင်တော်မူရင်းရှိခဲ့တယ်။

(ထိုအခါ သျှင်ရဲထွတ်က ဝမ်းမြောက်အားရစွာနှင့် လျှောက်တင်သည်မှာ) ယခု မိန့်တော်မူတဲ့ အချက်ဟာ လွန်စွာ အဘိုးထိုက်တန်လှပါတယ်၊ ရွှေဘုန်းတော်မညှိုးဘဲ တန်ခိုးအညွန့်တလွန့်လွန့်လူခဲ့ပါလျှင် ဇမ္ဗူဒိပ်ါတကျွန်းလုံးကိုပင် အုပ်စိုးနိုင်လိမ့်မည့်အကြောင်းကို ထွတ်ထွတ်လဲ ယုံကြည်ပြီးပါဘဲ၊ ရွှေဘုန်းတော်ဖွံ့းဝေ၍ ကျက်သရေမင်္ဂလာ ဝေဖြာစည်ကားရေးကိုသာ ကြိုးစားအားထုတ်တော်မူသင့်ပါတယ်၊ စကြာဝတေးမင်းများမှာလဲ ရတနာ ၇-ပါးကိုရဘို့ရန်

အခြေခံဖြစ်တဲ့ ကျင့်ဝတ်များရှိပါတယ်၊ စကြာဝတေးကျင့်ဝတ်ကိုကျင့်မှ စကြာမင်း ဖြစ်နိုင်ပါတယ်၊ လူအပေါင်းတို့၏ဥသျှောင် ဘုန်းခေါင်, ဘုန်းဖျား မင်းတရားဆိုတာ မင်းကျင့်သိက္ခာနှင့် အခါမလတ်အောင် ညီညွတ်သင့်ပါတယ်။ ။မင်းတို့ကျင့်ဝတ်နှင့် ပြည့်စုံခဲ့ပါလျှင် ဘုန်းတန်ခိုးများလည်း သူ့အလိုအလျောက် တိုးတက်စမြဲပါ၊ သို့ပါ၍ ထီးထီးမှာလဲ ကေရာဇ်ဘုရင်တို့ ကျင့်စဉ်ဖြစ်တဲ့ တရားများကို မမှားမယွင်းရအောင် ကျင့်ကြံလိုက်နာရမဲ့အခြေသို့ ရောက်နေပေါ့။

(ထီး) သည်အတိုင်းသဘောထားတော်မူရမှာဘဲ။

(ထွတ်) သည့်ပြင်လဲ အပေါင်းအသင်းအတွက်ကြောင့် ပျက်စီးတတ်တဲ့ အရေးကြုံတတ်ပုံများကိုလဲ သတိထားတော်မူသင့်ပါတယ်။

(ထီး) သတိထားတော်မူရက်ပါဘဲ၊ မကြာမကြာ သတိပေးစကားများကို လျှောက်တင်ပေးပါ။

(ထွတ်) ငယ်ရွယ်စဉ်ကစပြီး ကစားဘော်ကစားဘက်အဖြစ်နှင့် ကြီးပွါးလာခဲ့တဲ့အတိုင်း သတိပေးစကား လျှောက်ကြားဘို့ အသင့်ပင်ရှိပါတယ်။ ။အရေးကြီးစွာ ယခုလျှောက်တင်လိုတာကတော့ အနောက်တိုင်း နိုင်ငံသဘောနှင့် ဆိုက်ရောက်လာကြတဲ့ နိုင်ငံခြားသား များကို အရောတဝင် ပေါင်းသင်းတော်မမူစေလိုပါ၊ ထူးဆန်းတဲ့ လက်ဆောင်တော်, ပဏ္ဏာတော်တို့နှင့် ဖျားယောင်းပြီး သူတို့အလိုသို့ပါအောင် ဆွဲတတ်ပါတယ်၊ ယခုအခါ ပြင်သစ်နိုင်ငံမှလာရောက်ကြတဲ့ သဘောကုလားတွေဟာ ဟံသာဝတီ နေပြည်တော်ကြီးမှာ အလွန် များနေပါတယ်၊ ဘာသာအယူအမူ ကွဲပြားလှသဖြင့် သတိထားတော်မူဘို့ သင့်လှပါတယ်။

(ထီး) ဩော်- သဘောကုလားကလေးတွေကို မျက်နှာသာပေး၍ အရေးလုပ်တော်မူတာမဟုတ်ပါဘူး အလွန်ဝေးလန်တဲ့အရင်မှလာရောက်၍ ရွှေဘုန်းတော်ရိပ်ကို ခိုလှုံရှာကြတဲ့အတွက် တိုင်းငံ၏အရှင်သခင်ဖြစ်တဲ့အတိုင်း အဝိရောဓနတရားဖြင့် သင့်လျော်သလို လက်ခံတော်မူရတာပါ။

(ထွတ်) သည်သဘောမျိုးကို နိုင်နိုင်ထားတော်မူပါလျှင် အလွန်သင့်လျော်တာပါဘဲ။ ပြင်သစ်နိုင်ငံမှ လာရောက် ကြတဲ့ သဘောကုလားတွေရဲ့လက်မှာ အရသာချိုမြိန်၍ သဖြက်သီးနှင့်စိမ်တဲ့ အရက်မျိုးတွေပါလာ တတ်ပါတယ်။ ။သူတို့အယူဘာသာမှာတော့ အရက်သေစာ သောက်စားမှုကို အကုသိုလ်အရာတွင် ပါဝင်တယ်လို့ အယူမရှိကြဘူး၊ မိရိုးဘလာသူတို့ အလေ့အလာကိုက ရေကိုသောက်သလို သောက်စားနေကြပါတယ်။ သည်အရာကိုဖြင့် လွတ်လွတ်ကြီး ရှောင်ခွာမှ သင့်လျော်မှာဘဲ အရက်သေစာများကိုဖြင့် ရွှေနန်းတော်အတွင်းသို့ အသွင်းလက်ခံဘို့တောင် မသင့်လျော်ပါဘူး။

(ထီး) အို-သည်လိုအရေးကို တွေးလို့ မစိုးရိမ်စမ်းပါနှင့် ထွတ်ထွတ်ရယ်။ မြန်မာဘုရင်အစဉ်အဆက်တို့ သေရည်သေရက်ကို သုံးဘို့နေနေသာသာ အငွေ့ကိုမျှ ခံလေ့မရှိဘူး မဟုတ်လား ထီးထီးကလဲ သည်နည်းအတိုင်း လိုက်နာရမှာပေါ့ အရက်သေစာဆိုတာ ဗုဒ္ဓသာသနာတော်ကြီးနှင့် ဆန့်ကျင်ဘက် မဟုတ်လား။

(ထွတ်) အဲ့သည်အတိုင်း ဘည်တန့်၍ ခိုင်ခိုကြံ့ကြံ့ကြီး သဘောထားတော်မူနိုင်ပါလျှင် အလွန်သင့်လျော်တာပါဘဲ။ နိုင်ငံခြားသဘော်ကုလားတွေက သွေးဆောင်ပုံရလွန်းလို့.... သတိပေးစကားလျှောက်တင်ရတာပါ သည့်ပြင်အချက်တခုရှိပြန်တာကတော့ သမိန်စောထွတ်ကို ရင်းရင်းနှီးနှီး အပါးတော်မှာ ထားပြီး မြှောက်စားတော်မူရန် သင့်တယ်လို့မထင်ပါ စေတနာတော်အလျောက် မြှောက်စားတော်မူရန်လိုပါလျှင် အဝေးမြို့နယ်များကို ပေးသနား၍ မြှောက်စားရန် သင့်လျော်တယ်လို့ ထင်ပါဘယ်။ အကြောင်းကတော့ သည်လိုပါ သမိန်စောထွက်ဟာ တလိုင်းမင်းမျိုး အဆက်အနွယ်နှင့်ကင်းသူမဟုတ်ပါသူ၏စိတ်နေစိတ်ထားကို အကဲခတ်ရတော့.... အကြံလျော့မဲ့လက္ခဏာမရှိပါ တလိုင်းတို့ အမွေအနှစ်ဖြစ်တဲ့ ထီးနန်းကိုရွယ်မှန်းပုံ လက္ခဏာပေါ်ပါတယ်။ ။ကြံရည်၊ ကြံအားများကလဲ အလွန် ကြီးမားတဲ့သူ ဖြစ်ပါတယ်။ လူတမျိုးတို့၏ အုပ်စိုးခြင်းကိုခံရသည်ဆိုသည်မှာ ဘယ်အခါမှာမှ မေ့နိုင်တဲ့သဘောမျိုးမဟုတ်ပါ ကြံသာလျှင် ကြံဘို့ အမြဲရှိနေတတ်ပါတယ်။ ထီးထီး ကြားသိတော်မူပြီး ဖြစ်တဲ့ အတိုင်း ဟိုအထက်က အဝနေတော်ပြည်တော်မှာ ရှမ်းဘုရင် သိုဟန်ဘွား အုပ်စိုးသည်ကို၊ ကြည်ညိုပိပြားခြင်း မရှိတဲ့အတွက် မင်းကြီးရန်နောင်က ရွှေဆောင်ပူပြီး အထင်အရှား လက်စားချေခါ ကြံစည်လိုက်ပြီ မဟုတ်ပါလားဘုရား။ မင်းကြီးရန်နောင်လဲ သိုဟန်ဘွား၏ မြှောက်စားခြင်း ခံရတဲ့သူပါ သည်ထုံးများကိုလဲ စဉ်းစားဆင်ခြင်တော်မူထိုက်ပါသည်ဘုရား။

(တပင်ရွှေထီးက ပြုံးရယ်တော်မူပြီး) အို-စိုးရိမ်ရမဲ့ အရေးမဟုတ်ထာတွေကို ထွတ်ထွတ်နှယ် စိုးရိမ်ရန်ကော သမိန်စောထွတ်ဆိုတဲ့ သည်တလိုင်းကလေးဟာ ထွတ်ထွတ်ထင်တဲ့အတိုင်း ကြံစည်မဲ့သူလား သို့စဉ်ကလောက် ရွှေဘုန်းတော် ထိန်ထိန်တောက်နေတာပါကို ဘယ်အတွက် သင်းကလေး ကြံစည်နိုင်ပါမလဲ ဆင်မဲ့ဆိုတာ ဆင်ဖြူရဲ့မျက်နှာကို ကြည့်ဝံ့ရဲ ထုံးစံရှိသလား။ မြက်ကိုစားနေတဲ့ "တိဏခြင်္သေ့" များဟာ ကေသရာဇာ ခြင်္သေ့မင်းကြီး၏ မျက်နှာကို ကြည့်ဝံ့ရဲထုံးစံရှိသလား မဖြစ်နိုင်တဲ့ အရေးကို အတွေးကြီးတွေးပြီး မစိုးရိမ်စမ်းပါနှင့် နောင်တော်ရယ်။

(ထိုအခါ သျှင်ရဲထွတ်က အတန်ကြာကလေးငေး၍ စဉ်းစားပြီး) ရွှေဘုန်းတော် ဂုဏ်ကို ယုံကြည်တော်မူရင်း အတိုင်း ရန်သူ အပေါင်းတို့ ဦးခေါင်းညွတ်တွား၍၊ ဖဝါးတော်စက်အောက်မှာအမြဲ ရောက်ပါစေ ဆိုတာကို ထွတ်ထွတ်ကနေ့စဉ် အမြဲဆုတောင်းရက်ပါဘဲ။ ။ သတိပေးရမဲ့ ထီးထီးကို။ ရင်းနှီးစွာ သတိတခုပေးပါရစေ၊ အခွင့်သနားတော်မူပါ။

(ထီး) အို-နောင်တော်ကလဲ မေးနေရသေးသလား၊ အလိုရှိသမျှ လျှောက်တင်မေးမြန်းပါ၊ နောင်တော့အပေါ်မှာ ဘယ်အခါမှ သဘော မပြောင်းရိုးအမှန်ပါ။

(ထွတ်) သဘောမပြောင်းတာထက်၊ အကြောင်း အကျိုးတင်ပြ၍၊ အကျိုးတော်ကို လိုလားတဲ့ စိတ်နှင့် လျှောက်တင်တဲ့ အခါ၊ လိုက်နာစေချင်ပါတယ်။ လျှောက်တင် လိုတာက သည်လိုပါ၊ နှားမကြီးကမွေးတဲ့ ဂေါဏမယ်ဆိုတဲ့ သူငယ်မကလေးရဲ့ အပေါ်မှာ မေတ္တာတော်စူးစိုက်၍ သိမ်းပိုက်တော် မူမယ်လို့။ သတင်းတော် ကျော်ကြားနေပါတယ်၊ မှန်သလား ထီးထီးရဲ့။

(တပင်ရွှေထီးက။ သျှင်ရဲထွတ်လက်ကို ဆွဲကိုင်ခါ၊ ပြင်းထန်စွာ ရယ်မောတော်မူပြီး) အို-သည်လို ကလေးကလား သတင်းများကို စစ်ဗိုလ်ချုပ်ကြီး လုပ်နေတဲ့ ထွတ်ထွတ်ကို ဘယ်သူက လျှောက်တင်တာလဲ၊အာဇာနည်ရဲ့ ရုပ်နှင့် စစ်ဗိုလ်ကြီးလုပ်နေတဲ့ သူများဟာ၊သည်လိုသေးသိမ်တဲ့ မိန်းမပိုင်းက သတင်းများကို ကြားစေဘို့ မသင့်လျော်ပါဘူး၊ အရေးမလုပ်သင့်တာတွေကို နား မထောင်ပါနှင့် ထွတ်ထွတ်ကယ်။

(ထွတ်) ဘယ်သူမှ လျှောက်တင်တာမဟုတ်ပါဘူး၊ နန်းတော်တွင်းကစပြီး မြို့တော် တခုလုံး ဟိုးဟိုးကျော်နေလို့ လျှောက်တင်ရတာပါ၊ ဟိုမကြာခင်က မင်္ဂလာဥယျာဉ်တော်မှာ ခေါ်တော်မူပြီ ရှုစားတယ် ဆိုပါကလား။

(ထီး) အို-ကျော်တိုင်းလဲ မယုံပါနဲ့ နောင်တော်ရယ်၊တကယ်အရေးဆိုတော့၊ထွတ်ထွတ် ကို မတိုင်ပင်ဘဲ ရှိမလား။

(ထွတ်) သည်လိုပါ၊ ဘုရင်မင်းမြတ်ဆိုတာ၊ မင်္ဂလာမရှိတဲ့ အရာများကို လွတ်ကင်းစွာ ရှောင်ရပါတယ်၊ ဘုန်းမတူ့ ကံမမျှတဲ့ သွီးကညာများကို သိမ်းပိုက်တော်မူမိပါလျှင်၊ သမ္မာ ညှိုး၍ ဘုန်းတန်ခိုး တိမ်ကောတတ်တယ် ထီးထီးရဲ့။ ။မိန်းမဆိုတာ လောကီဘုံသားတို့နှင့် မကင်းနိုင်လို့သာ ထားကြရပါတယ်။တကယ်ဆိုတော့ မင်္ဂလာရှိတဲ့ဟာမျိုးတွေ မဟုတ်ပါဘူး။ ။ သို့ရာတွင် မင်္ဂလာမရှိတာထဲက စိတ်ရော့ ကိုယ်ရော့ အတော်ဆုံးအသင့်ဆုံးကို မင်္ဂလာရယ်လို့ ခေါ်ရတာပါ။ ။မိန်းမအတွက်ကြောင့် ကျက်သရေ ညှိုးနွမ်း၍၊ ဘုန်းတန်ခိုးပြယ်ပျောက် တတ် ပုံများဟာတဲ ရာဇဝင်မှာ အထင်အရှား ရှိပါတယ်။ ။(သရေခေတ္တရာပြည် ဒွတ္တပေါင်မင်းကြီး ဟာ မင်္ဂလာမရှိတဲ့ မိဖုယားကြောင့် ရွှေဘုန်းတော်မှိန်မှေး၍ ရာဇဂုဏ် အရှိန်သေးကြောင်း များလဲ အထင်အရှားဘဲ၊ အဲ-သို့ကြောင့် မိန်းမဆိုတဲ့ အရာကို လွန်စွာ ရွေးချယ်ရပါတယ်။ ။ အပြင်ဇန်းက ရှင်လန်းစရာ အဆင်းကလေးလှရုံနှင့်၊ လောဘစရိုက် အလိုလိုက်ပြီး သိမ်းပိုက် တော်မမူသင့်ဘူးညီညီရဲ့။ ။ဂေါဏမယ်ဆိုတာ၊ နဂိုဇာတိ ကိုယ်က၊ဟိတ်မဆန်တဲ့ တိရစ္ဆာန်မျိုး မဟုတ်လား။ ။ထွတ်ထွတ်ကဲ့ အထင်မှာဖြင့်၊ သည်အရေးမှာ၊ သမိန်စောထွတ်ဆိုတဲ့ တလိုင်း ကလေးက သွေးဆောင်နေတယ်လို့ ထင်နေတော့တာဘဲ မဟုတ်လျှင်လဲ့ရော့။ ။တကယ် သွေးဆောင်ရိုးအမှန် ဖြစ်ပါလျှင် အကောင်းကြံတာမဟုတ်ဘူး ထီးထီးရဲ့၊ ရွှေဘုန်းတော် မှိန်ညှိုးကြောင်း၊ တမျိုးအကြံနှင့် သိုင်းဝိုင်းပြီး တလိုင်းတို့ အခွင့်သာအောင် ဉာဏ်ရှာတယ်လို့ ထင်မိတာဘဲ။ သမိန်စောထွတ်ကို လွတ်၍ မယုံသင့်ပါကြောင်း။ ။စွဲလမ်းတော်မူတဲ့ အာသာ ရှိလျှင်လဲ၊ ယတိပြတ်အောင် ဖြတ်၍ ပစ်တော်မူလိုက်ပါ၊ သွီးကညာဆိုတာ။ သို့ကလောက် ရှားသမို့လား။

(တပင်ရွှေထီးသည်၊စွဲလမ်းပြီးဓါတ်ခံကရင့်သန်၍ နေပြီဖြစ်သောကြောင့်။ သျှင်ရဲထွတ်၏ စကားအတိုင်း ဖြတ်တောက်ပစ်ပယ်ရန် မဟမ်းနိုင်သောကြောင့် ထိုစကားကို မဆက်ဘဲ လွှဲ၍ မိန့်တော်မူသည်မှာ) ခမည်းတော် ဘုရားကြီး တည်ထောင်တော်မူတဲ့ ကေတုမတီ နေပြည်တော် ကြီးသို့ ပြန်မရောက်ထာလဲ၊ အတော်ကြာသွားပေါ့နော် မြတ်စောညီနောင် ဘုရားကို မဖူးရတာလဲ ကြာပေါ့။ တိုင်းရေး ပြည်ရေး။ အေးဆေးငြိမ်ဆိပ်တဲ့အခါ၊ နောင်တော်နှင့်အတူ သွားရအောင် စီမံစမ်းပါအုံး။

(သို့လိုလှဲ၍ အမိန့်ရှိတော်မူရာ သည်အရေးမှာ သတိပေးသည်ကို မနှစ်မြို့က်ကြောင်း ရိပ်မိသည်နှင့် စိတ်တော်ကို အနှောင့်အရှက်မပေးလိုသဖြင့်) ကျေးဇူးရှင် ခမည်းတော်ဘုရားကြီး တည်ထောင်တော်မူတဲ့မြို့တော် ဘွားမြင်တော်မူရာ ဇာတိဌာနဖြစ်တဲ့ နေပြည်တော်ဆိုတာ မမေ့သင့်ပါ၊ စစ်မှုစစ်ရေး အေးငြိမ်းစွာ အောင်မြင်တဲ့အခါ ကေတုမတီနေပြည်တော်မှာပင် ထာဝရ ကိန်းပြု၍ စံတော်မူသင့်ပါသည်၊ ဟံသာဝတီကိုတော့ ယာယီကိန်းထား၍ စံတော်မူသင့်ပါတယ်။

(ထီး) အဲ-ထွတ်ထွတ်လျှောက်တင်တဲ့အတိုင်းပင် ကြံစည်တော်မူမိတာပါဘဲ၊ သို့ရာတွင် ရေကြောင်းတပ်အဘွဲ့နှင့် ဆိုင်ရာမှာတော့ ဟံသာဝတီ နေပြည်တော်ကြီးက စခန်းသင့်ပေတယ်၊ တနိုင်ငံကိုကြံလိုပါလျှင်လဲ သင်္ဘောဆိပ်ကမ်းရှိတဲ့မြို့များမှ သာလို့သင့်လျော်တာပေါ့၊ ကေတုမတီ နေပြည်တော်မှာတော့ သင်္ဘောဆိပ်ကမ်းမရှိဘူး။

(ထွတ်) ရေတပ်အဘွဲ့ထားဘို့ သင့်လျော်တာမှာတော့ ဒဂုန်မြို့နှင့် သံလျင်မြို့က သာလို့ပင် အချိုးကြပါသေးတယ်၊ ကေတုမတီမြို့တော်မှာအမြဲစံပြီး ဟံသာဝတီ နိုင်ငံတော်မှာ ရေတပ်ကို ထားလျှင်လဲ သင့်လျော်တာပါဘဲ။

ဤသို့ အချင်းချင်း တိုင်ပင်စကားပြောကြားနေရာ အချိန်ကြာသွားသည်နှင့် သျှင်ရဲထွတ်လည်း အထံတော်မှခွါလေ၍ နန်းတော်မှ ထွက်လာခဲ့လေ၏။

---

# အခန်း (၄၂)

## ဂေါဏမယ်ကို သိမ်းပိုက်တော်မူခြင်း။

ဘုရင်တပင်ရွှေထီးသည် တိမ်းညွတ်ယိမ်းယိုင်ပြီးသောအာသာကို ပယ်ရှားတော်မမူနိုင်သည့်ပြင်၊ အပါးတော်တွင် အမြဲခစားလျက်ရှိသူ သမိန့်စောထွတ်ကလည်း။ အလိုတော်သို့လိုက်ခါ၊ အစဉ်မပြတ် နားသွင်းတိုက်တွန်းသောကြောင့်။အကျိုးတော်ကို လိုလားသော ယောက်ဘတော် သျှင်ရဲထွတ်၏ စကားကို နားမထောင်နိုင်သော အခြေသို့ ရောက်တော်မူလေတော့သည်။

ထို့ပြင်လည်း၊ ဘုရင်ဂျိသဘော် ကုလားတို့တည်၊လက်ဆောင် ပဏ္ဏာတော် အများနှင့် နန်းတော်သို့ မပြတ်မပြတ် ဝင်ထွက်ပြီးလျှင် ပြင်သစ်နိုင်ငံတွင်၊ ဘုရင်တို့ စားသုံးလေ့ရှိသော ပွဲတော်စာများကို ပြုပြင်၍ဆက်သလေ၏။ ။တပင်ရွှေထီးလည်း ထိုပွဲတော်စာများကို သုံးတော်မူပြီးရာ၊ တလိုင်း မြန်မာတို့ ချက်ပြုတ်သော အစာများထက်ပင် ကောင်းမွန်စွာ အရသာရှိပေသည်ဟု ချီးမွမ်းတော်မူပြီးလျှင်၊ထိုအာဟာရမျိုးကို နှစ်သက်တော်မူသည်နှင့်ဘုရင်ဂျိ တယောက်ကို စားတော်ကဲ အရာ၌ ခန့်ထားပြီး။ ဥရောပတိုက်သားတို့၏ နည်းနာ နိဿယအတိုင်း ပွဲတော်တယ်ကာ နေတော်မူသည်။

မကောင်းသော အလေ့အလာမျိုးဖြင့် သွေးဆောင်သောအရာ လိုက်ပါရန် ခဲယဉ်းလေ့ရှိကြသော်လည်း။ လူတို့၏ သဘောဓမ္မတာစရိုက်သည်။ ဘုရားမကြိုက်သော အမူအလေ့မျိုးတို့ဖြင့် သွေးဆောင်သောအခါ၊ လွယ်ကူစွာ လိုက်ပါလေ့ ရှိသောအတိုင်း၊ ဘုရင် တပင်ရွှေထီးသည်၊ ဘုရင်ဂျီများနှင့် ပေါင်းသင်းဘန် များလေရာ သဖြက်ရေနှင့် ပြုလုပ်အပ်သော ဝိုင်အရက်မျိုးများကို သောက်စပြုလာလေ၏။

ပြင်သစ်ပြည်က ယူဆောင်လာသော သဖြက်ရေအရက်များမှာ နှစ်ပေါင်း တရာကျော်ကျော်က ပြုလုပ်ထားသော အရက်တွေဖြစ်သောကြောင့် သောက်သောအခါ၊ အနံ့အရသာနှင့်လည်း ပြည့်စုံလေသည်။ ။သဖြက်ရေဖြင့် ပြုလုပ်အပ်သော ဝိုင်အရက်များသည် နှစ်ရှည်စွာထားနိုင်လေလေ ကောင်းလေလေ ဖြစ်သည်ဟု ပြောဆိုကြသည်။ ။အရှေ့နိုင်ငံမှာ၊ ဘုန်းတန်ခိုးအာဏာလွန်စွာ ကြီးကျယ်၍နေသော ဘုရင်မင်းဖြတ်ကို ဆက်သရန် အကောင်းတကာထက် အကောင်းရွေးချယ်၍ ယူလာကြသောကြောင့်၊ ဘုရင်-တပင်ရွှေထီး သုံးသော အရက်များသည် လွန်စွာ ကောင်းလှပေလိမ့်မည်။

"အစရှိလျှင်အနှောင်နှောင်"ဆိုသော စကားအတိုင်း ဝိုင်အရက်များကို သောက်စပြုတော်မူခဲ့ရာ၊ ယစ်မျိုးဝါသနာ စွဲကပ်တော်မူသည်နှင့် ဖြတ်၍မရနိုင်ဘဲ အစဉ်အတိုင်းသာ တိုးတက်၍ သောက်စားတော်မူလေသည်။ မိမိအလိုသို့လိုက်သော ဘုရင်ဂျီများကိုလည်း သေရက်ဝါသနာ တိုး၍လာသောအတိုင်း တိုးတက်၍ မြှောက်စားတော်မူလေသည်။

သျှင်ရဲထွတ်သည် ယောက်ဘတော် ဘုရင်တပင်ရွှေထီး၏ အမူအကျင့်တော်များ ဘောက်ပြားကြောင်းကို သိလေရာ၊ ရှေးရေးနောက်ရေး မြော်တွေး ဆင်ခြင်တော်မူလေ့ ရှိသည့်အတိုင်း မရွှင်လန်းသောစိတ်ဖြင့် နေ့စဉ်ပင် တွေးမှိုင်ကြံစည်ကာ နေရလေတော့သည်။ အလေ့ဝါသနာဆိုးများ ပျောက်ကင်းအောင် မတတ်နိုင်တော့ချေ။

ဗြော်-ဘုန်းဟန်ခိုးတေဇော်တော်များဟာ လွန်စွာ ဖျက်ဆီးတတ်ပါကလား။ ဝါးသီးက ဝါးပင်ကို သေအောင်ဖျက်ဆီးသလို၊ ပေသီးက ပေပင်ကို သေအောင် ဖျက်ဆီးသလို၊ ငှက်ပျောခိုင်က ငှက်ပျောပင်ကို သေအောင်ဖျက်ဆီးသလို ဘုန်းတေဇော်များဟာလဲ ဘုန်းရှင်, ကံရှင်ကို အညှိုးကျိုးအောင် အမျိုးမျိုးဖျက်ဆီးတတ်ကြတယ်။ ယခုလဲ ယောက်ဘတော် တပင်ရွှေထီးမှာ ဘုန်းတန်ခိုးအာဏာ လွန်စွာကြီးတဲ့အတွက် သူ့ဘုန်းက သူ့ကိုပြန်၍ ဖျက်ဆီးကုန်ပေါ့။ ဘုန်းသမ္ဘာပင့်မြှောက်လို့ စိတ်ကောင်းစိတ်မွန်တွေပျောက်ကုန်ပေါ့။ သေရည်သေရက်ကိုလဲ သောက်နေပြီ။ သည်လိုအခရေးကိုမြင်လို့ တင်ကြိုကာသတိပေးပါသော်လဲ ရှေးရှေး စိတ်ကောင်းတုန်းကလို နားထောင်တော် မမူတော့ဘူး။ သေရည်သေရက်ဆိုတဲ့ ပယောဂပူးမှုဖြင့် အရူးကြီး ဖြစ်သွားတော့တာပါဘဲ။ သည်အလေ့ကို မဖြတ်သမျှ ပြုပြင်လို့ရနိုင်တော့မှာမဟုတ်ပါဘူး။ ဂေါဏမယ်ကိုလဲ တကယ်သိမ်းပိုက်တော်မူတော့မှာဘဲ။ တချက်လွဲပြီဆိုမှဖြင့် ဆယ်လို့မရအောင် ချွတ်ချော်ပြီး အလွဲတော်ကြီးတွေ ဖြစ်ကုန်တတ်တာမျိုးဘဲ။ အလွဲကလေးကစပြီး အလွဲကြီးသို့ ရောက်ခြင်းဆိုတာ လောကကြီးရဲ့ဓမ္မတာပါဘဲ။ အာယုတော်ကို မထိခိုက်လျှင် ကျေးဇူး တင်ရတော့မှာဘဲ။ ပြုပြင်လို့မရတဲ့အခိုက်မို့ သူ့အလိုက်ကို စိုက်လို့ ကြည့်နေရအုံးတော့မှာဘဲ။ ယောက်ဘတော်ရဲ့

အပေါ်မှာတော့ သစ္စာပျက်လို့မတော်ပေဘူး။ သူ့ကိုယ်တိုင်ဖေါက်ပြန်ပျက်စီးလေလေ၊ ကိုယ့်ကိုယ်တိုင်ကတော့ မယိမ်းမယိုင် ခန့်ခိုင်အောင်ထိန်းသိမ်းမှ သင့်လျော်ပေလိမ့်မယ်။ တိုင်းရေးပြည်မှုကိုလဲ မတိမ်းပါး၊ မလွဲမမှားရအောင် သတိကြပ်ကြပ်ကြီးထားပြီး အားစိုက်လို့ ကြည့်ရှုရတော့မှာဘဲ။ ကေတုမတီက ဘုန်းတန်ခိုး၊ ညှိုးနွမ်းလို့ သွားမည့်အရေးကို တွေးမိတိုင်း စိုးရိမ်ပါဘိတော့တယ်။

သျှင်ရဲထွတ်၏စိတ်ထဲမှာ မကြာမကြာ ဤကဲ့သို့ တွေးတောပူပင်တော်မူမိလေသည်။

ဤကဲ့သို့ ရှေးနှင့်မတူဘဲ အမူယွင်းပါး ဘောက်ပြားယိမ်းယိုင်၍နေရာ၊ ဆင်ခြင်တုံတရားကင်းကွာသည့်အတွက် နှစ်သက်စွဲလမ်းရင်းရှိသော ဂေါဏမယ်ကို အလိုတော်အတိုင်း သိမ်းပိုက်တော်မူပြီးလျှင် နန်းပေါ်သို့ တင်လေ၏။ မြန်မာမှူးမတ်တို့က မနှစ်သက်ကြကုန်။ တလိုင်းမှူးမတ်များကမူကား၊ တလိုင်းတို့သတောအလာဖြင့် ကြီးပွါး၍နေသော ဂေါဏမယ်ကို သိမ်းပိုက်တော်မူသည့်အတွက် အလွန်ပင် နှစ်သက်ကြလေ၏။

ဘုန်းတန်ခိုးအာဏာ လွန်စွာ ကြီးမားသောအခိုက် ဖြစ်သည်နှင့် မနှစ်သက်သော်လည်း မည်သို့မျှ မလျှောက်မတင်ဝံ့ကြဘဲ အလိုတော်သို့လိုက်ပြီးလျှင် နှစ်ချိုက်သကဲ့သို့ပင် ခစား၍နေကြရလေသည်။ ဘုန်းရှိန်ကြီးမားသောအခိုက်တွင် မည်သူမဆို မည်သည့်အမှုကိုပြုပြု၊ ထိုအမှုသည် တင့်တယ်လျောက်ပတ်သကဲ့သို့ ထင်ကြရမြဲ ဓမ္မတာဖြစ်ချေသည်။

ဘုရင်တပင်ရွှေထီးသည် ဂေါဏမယ်ကို သိမ်းပိုက်တော်မူသည့် အခါက စ၍ အထူးပင် နှစ်သက်မြတ်နိုးတော်မူသည်။ အပါးတော်က ခွါ၍မထားနိုင်အောင်ပင် ရှိလေသည်။ သို့ဖြစ်သည့်အတွက်ကြောင့် အပါးတော်တွင်ထား၍ လက်သုံးပြုကာ အမြဲပင် ခိုင်းစေတော်မူသည်။ အလိုတော်လိုက်လွန်းသည့်အတွက် ဂေါဏမယ်ကလည်း အချစ်ဂုဏ်ကို အားကိုးပြီးလျှင် အမျိုးမျိုးပူဆာလျှောက်တင်၍ နေလေသည်။

ဂေါဏမယ်က တလိုင်းတို့၏ အမူအရာကို ကြိုက်နှစ်သက်သည်နှင့် ဘုရင်မင်းမြတ်ကိုပင် မြန်မာဘုရင်တို့၏ အမူအရာဖြင့် နေတိုင်သည်ကိုမနှစ်သက်သဖြင့် တလိုင်းတို့ အမူအရာအတိုင်း နေတော်မူရန် အတန်တန်တိုက်တွန်းလေသည်။

## "တလိုင်းဆံဖြတ်တော်မူခြင်း"

တလိုင်းတို့လက်တွင် ကြီးပွါးခဲ့ရသောဂေါဏမယ်က၊ ဘုရင် တပင်ရွှေထီးမှာ မြန်မာတို့ထုံးစံအတိုင်း ဝတ်ဆင်တော်မူနေပုံများကို သူ့မျက်စိတွင် အချိုးကျတယ်လို့ မထင်သောကြောင့် တလိုင်းတို့အမူအယာအတိုင်း ဉဿျှောင်ထုံးခြင်းမှစ၍ တမျိုးပြုပြင်ရန် အတန်တန်လျှောက်တင်လေရာ၊ လွန်စွာချစ်မြတ်နိုးတော်မူလှသဖြင့် ဘုရင်တပင်တပင်ရွှေထီး ကိုယ်တော်တိုင် ဂေါဏမယ်၏စကားကို နားထောင်တော်မူရတော့မလို စိတ်သဘောတော်မှာ ယိုင်တိယိုင်တိုင် ဖြစ်တော်မူလာလေ၏။

ချစ်မေတ္တာဆိုသည်မှာ လွန်စွာဆွဲဆောင်တတ်သော အလေ့ရှိသဖြင့် အလွန် ခိုင်မာလှသော ဘုရင်မင်းမြတ်၏ စိတ်များတော်မှ ချစ်သူ၏စကားကို ခုခံတွန်းလှန်ခြင်းငှါ မစွမ်း

နိုင်အောင် ယိုင်ယိမ်းတော်မူရသည်မှာ လွှမ်းစွာသံဝေရဘွယ်ကောင်းလှပေသည်။ မြန်မာဘုရင်တို့၏ မျိုးရိုးဇာတိတော်ရင်းဖြစ်ပါလျက် "တလိုင်းဆံ" ဖြတ်တော်မူရမည့် အရေးမှာ လွန်စွာမသင့်လျော်သော အချက်ကြီးပေတည်း။

ဂေါ်ကမယ်က "တလိုင်းတို့ ဆံပင်ထားသောနည်း ဆံပင်ထုံးသောနည်းအတိုင်းလိုက်၍ပြုမှတော်မူပါ။ ဂေါ်ကမယ်၏မျက်စိမှာ မြန်မာတို့အမူအရာဖြင့် ဆံတော်များထုံးသည်ကို ကြည့်လို့မနှစ်သက်နိုင်ပါ"ဟု အရေးကြီးစွာ ပူဆာလျှောက်တင်လေသဖြင့် ဘုရင်တပင်ရွှေထီးသည် "တလိုင်းဆံ"ဖြတ်ရန် စိတ်ပြဋ္ဌာန်းတော်မူလိုက်လေ၏။

တလိုင်းဆံဖြတ်လျှင် မြန်မာမှူးမတ်အပေါင်းတို့က နှစ်သက်ကြလိမ့်မည် မဟုတ်ကြောင်းကို သိတော်မူသည်နှင့် တလိုင်းဆံဖြတ်ရေးကိစ္စတွင် မြန်မာမှူးမတ်များကို တိုင်ပင်တော်မမူချေ။ တလိုင်းမှူးမတ်အပေါင်းတို့ကမူကား၊ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် တလိုင်းတို့၏ အမူအရာကို လိုက်စားသည်ဆိုလျှင် အလွန်ဝမ်းမြောက်ကြမည် အမှန်ဖြစ်လေသည်။

တလိုင်းဆံဖြတ်တော်မမူခင် သမိန်စောထွတ်ကို အပါးတော်သို့ခေါ်ပြီး "တလိုင်းတို့ ရိုးရာအလေ့အလာရှိတဲ့အတိုင်း ငါ၏ဆံတော်များကိုဖြတ်၍ တလိုင်းတို့ အမူအရာအတိုင်း ဆံပင်ကို ထုံးလျှင် သင့်လျော်မယ်လို့ထင်ရဲ့လား"ဟု မေးတော်မူသည်။

(သမိန်စောထွတ်က ဝမ်းမြောက်သောအမူအရာနှင့်) အလွန်သင့်လျော်လှပါသည်ဘုရား။ ဘုန်းတော်ကြီးလှသောဘုရားလဲ တလိုင်းပြည်အလုံးကို စိုးအုပ်တော်မူမိပြီဖြစ်၍ တလိုင်း ဘုရင်ဆိုလျှင်လဲ လွဲနိုင်တော့မည်မဟုတ်ပါ။ တလိုင်းဘုရင်တို့၏ အစဉ်အလာကို လိုက်တော်မူသောအားဖြင့် တလိုင်းဆံဖြတ်တော်မူပါလျှင် ရာမညတိုင်းအလုံးပင် နှစ်သက် ကြလိမ့်မည်။ တိုင်းသူပြည်သား လူအများတို့က ကြည်ညိုနှစ်သက်ကြပါလျှင် တိုင်းရေးပြည်ရေးလည်း ချမ်းအေးငြိမ်ဆိမ်ဘို့ပါဘုရား။

(ရွှေထီး) မောင်မင်းတို့ တလိုင်းလူမျိုးများ၊ နှစ်သက်ကြသော်လဲ မြန်မာမှူးမတ်များနှင့် တကွ မြန်မာတမျိုးလုံးက နှစ်သက်နိုင်ကြပမလား။

(စောထွတ်) သည်အရေးကိုတွေးတောနေဘို့ လိုမယ်မထင်ပါဘုရား။ ဘုရင်ဆိုသည်မှာ တိုင်းသူပြည်သားတို့၏ အလိုဆန္ဒအလုံးစုံကို အကုန်လိုက်ပါနေရမယ်ဆိုလျှင် နိုင်ငံတခွင်ကို ဘုရင်လုပ်၍ စိုးအုပ်ခြင်းငှါ စွမ်းနိုင်တော့မည်မဟုတ်ပါ။ ယခုအရှင်အုပ်စိုးလျက်ရှိသော နိုင်ငံတော်များမှာလဲ တလိုင်းတို့နယ်က ကျယ်ဝန်း၍နေပါသည်။ စိုးစံတော်မူရာဌာနမှာလဲ တလိုင်းပြည်ဖြစ်ပါသည်။ မြန်မာလူမျိုးများတော့ အရှင့်အပေါ်မှာ ကြည်ညိုကိုင်းရှိုင်းကြပြီး ဖြစ်ပါသည်။ တလိုင်းလူမျိုးတို့က ကိုယ့်ဘုရင်အစစ်ကယ်လို့ ကြိုးကြိုးနွံနွံ သဘောထား၍ ကြည်ညို မြတ်နိုးကြပါလျှင် ရွှေဘုန်းတော်တန်ခိုးလည်း မညိုးနိုင်ဘဲ ရှိပါလိမ့်မည်ဘုရား။

ဤကဲ့သို့လျှောက်ထားသော အချက်ကို ဘုရင်-တပင်ရွှေထီးက နှစ်သက်တော်မူလှသဖြင့် မကြာမှီအတွင်းမှာပင် တလိုင်းဆတ္တာသည်ကိုခေါ်၍ တလိုင်းဆံဖြတ် တော်မူလေသည်။

## "တလိုင်းဆံဖြတ်ပုံ အနေအထား"

နဖူးဆံစများကို တလက်မခန့် အညီအညွတ် ဖြတ်ပြီးလျှင်၊ ထိပ်ဆံချသကဲ့သို့ ရှေ့နဖူးထက်မှချ၍ထားသည်။ ဆံပင်ကိုနောက်ဖယ်တွင် ထုံး၍ထားသည်။ ယခုအခါ ကလယ်ကုလားများထုံး၍ ထားသကဲ့သို့ဖြစ်သည်။ ။ဘုရင်-တပင်ရွှေထီးလည်း ဤနည်းအတိုင်းပင် မြန်မာတို့အမူအရာကိုစွန့်၍ တလိုင်းဆံဖြတ်ပြီးလျှင် ဆံပင်ကို နောက်ဖယ်တွင် ထုံးထားတော်မူသည်။

(တတိုင်းဆံဖြတ်ပုံကို ဗဟုသုတများရန် ရှေးဟောင်း အမူအရာကို မှတ်သားထားလေ့ရှိသော တလိုင်းဆရာကြီးတို့ထံမှ မေးမြန်းရေးသား လိုက်ပါသည်။)

ဘုရင်တပင်ရွှေထီးသည်၊ တလိုင်းဆံဖြတ်၍ သမိန်တင့်တော်မည်သော၊ တလိုင်းမကိုဋ်ကို ဆောင်းဆင်တော်မူသောအခါ၊ တလိုင်းလူမျိုးတို့က များစွာနှစ်သက်ကြသည်။ အလွန်ချစ်မြတ်နိုးတော်မူလှသော၊ ဂေါဏမယ်ဂ သည်း၊ ဘုရင့်အပေါ်မှာ ရှေးကထက်ပင် ချစ်ခင်လေ၏။

မြန်မာမှူးမတ်တို့နှင့်တကွမြန်မာလူမျိုးအပေါင်းတို့သည်ကားဤကဲ့သို့တလိုင်းဆံဖြတ်တော်မူသည်ကိုအနည်းငယ်မျှ နှစ်သက်ခြင်းမရှိကြကုန် သို့ရာတွင်ဘုရင်၏အလိုတော်ကို ဆန့်ကျင်ဘက်ပြုခြင်းငှါ မဝံ့ကြကုန်သောကြောင့်သာလျှင်၊ မည်သို့မျှမလျှောက်မတင်ဘဲ ငြိမ်ဝပ်စွာမသက်သာသောစိတ်ဖြင့် နေကြရကုန်သည်။

## ဘုန်းကျက်သရေ၏ တိတ်နိမိတ်

တလိုင်းဆံဖြတ်တော်မူသောအခါ အင်္ဂဝိဇ္ဇာကျမ်း၊ တိတ်နိမိတ်ကျမ်းကို တတ်မြောက်သော မြန်မာမှူးမတ် ပညာရှိများနှင့် ရဟန်းပညာရှိတို့က တီးတိုးစကား ပြောကြားကြသည်မှာ။

လူတို့၏အကိုယ်လုံးတွင် ဆံပင်ဆိုတာ အမြတ်ဆုံးဖြစ်တယ်။ ဘုရင်ကိုမဆိုထားဘိသာမာန်လူများသော်ပင် အကြောင်းထူးမရှိဘဲ။ ဆံပင်ကိုမဖြတ်စကောင်း ဆံပင်ကိုဖြတ်လျှင် အညွတ်တုံးသည်မည်သောကြောင့် ဘုန်းကျက်သရေးများလည်း၊ရှေ့သို့မတိုးတက်နိုင်ဘဲ။ အညွန့်တုံးတတ်သည်။ "ဦးတိုဆံဖြတ်"ဆိုတာ မင်္ဂလာမရှိဘူး။ နိမိတ်မကောင်းဘူး။ ငါတို့သခင် ဘုရင်တပင်ရွှေထီးလဲ ယခုအခါအဘက်မတန် မင်္ဂလာမရှိတဲ့။ နွားသိမ်းဂေါဏမယ်ကို နန်းပေါ်သို့တင်၍ ချစ်ခင်မြတ်နိုးစွာ အစေအပါးပြုတော်မူတယ်။ တလိုင်းဆံဖြတ်ခြင်းကို နှစ်သက်တော်မူသဖြင့် မင်္ဂလာအရှိဆုံးဖြစ်တဲ့ နဖူးထိပ်ဆံများကို ဖြတ်တော်မူပြီ သို့အတွက်ဘုန်းရှိန်တေဇော် အာနုဘော်များလည်း ရှေ့သို့တိုးတက်ရန်မရှိ၊ အညွန့်တုံးဘို့သာရှိတော့မည်။ အသက်ပင်ရှည်စေကာမူ ဘုန်းသမ္ဘာတိုးတော့မည်မဟုတ်။ ဘုန်းသမ္ဘာတိုးတက်စေကာမူ အသက်ရှည်တော့မည်မဟုတ်။ သားစဉ်မြေးဆက်များလဲ ထွန်းကားတော့မည်မဟုတ်။ ဤကဲ့သို့တီးတိုးစကား ပြောကြားကြလေ၏။

ယောက်ဖတော် သျှင်ရဲထွတ်လည်း ဂေါဏမယ်ကို နန်းပေါ်သို့တင်၍ တလိုင်းဆံဖြတ်တော်မူသောအခါမှ စပြီးလျှင် အလွန်စိတ်နှလုံး မချမ်းမသာဖြစ်လေ၏။ ရှေးကကဲ့သို့နန်းတော်အတွင်းသို့ ရင်းရင်းနှီးနှီး ထွက်ဝင်ခစားခြင်းကိုမပြုဘဲ၊ ခပ်စိမ်းစိမ်း နေတော်မူလေသည်။

သို့ရာတွင် ကျေးဇူးကိုဘောက်ပြန်၍ ကိုယ်ကောင်းကြံရန် အရေးကိုမထား တခွေးလောက်မျှစိတ်ထားတော်မူလေ့မရှိချေ။ မိမိတာဝန်သောအတိုင်း ဘုရင့်အကျိုးတော်ကို ဆောင်ရွက်ရန် ထက်သန်သော စိတ်နှလုံးနှင့်သာ နေထိုင်တော်မူလေ့ရှိပေသည်။ ထို့ကြောင့် ကျော်ထင်နော်ရထာ ဘွဲ့ခံ သျှင်ရဲထွတ်ကို ရာဇဝင်ဆရာတို့က ကျေးဇူးသစ္စာလွန်စွာ စောင့်သိသော ပုဂ္ဂိုလ်ထူးကြီးဖြစ်ကြောင်းနှင့် အထူးထူး ချီးကျူးလေ့ရှိကြပေသတည်း။

## "သမိန်စောထွတ်၏အကြံ"

တလိုင်းဆံဖြတ်သောအခါကစ၍ သမိန်စောထွတ်၏ စိတ်များသည် ရှေးကထက်ပင် တက်ကြွကွန့်မြူး၍လာလေ၏။ သမိန်စောထွတ်မှာလည်း ပညာရှိတလိုင်းဆရာကြီးများကို ဆည်းကပ်ကိုးကွယ်၍ထားသည်နှင့် ထိုဆရာကြီးများကလည်း အားပေးလျက်ရှိကြလေသည်။

အားပေးပုံမှာ ယခုအခါ မြန်မာဘုရင်တပင်ရွှေထီးသည် တလိုင်းဆံဖြတ်သည်ဟု မိမိ၏မင်္ဂလာရှိသော ဆံတော်များကိုဖြတ်လေပြီ။မြန်မာဘုရင်သည် နောင်အခါဘုန်းတေဇာ အညွန့်တိုး၍ထွက်နိုင်တော့မည်မဟုတ်။ တလိုင်းပြည်တွင် တလိုင်းဘုရင် ပြန်၍ အုပ်စိုးရလိမ့်မည်။ကြိုးစား၍ကြံစည်ပါ။ သင်သမိန်စောထွတ်မှာ မင်းဖြစ်ကြိန်း ဇာတာရှိပါသည်။ ရုပ်လက္ခဏာများလည်း ကောင်းမွန်ထူးခြားသည်။ တလိုင်းလူမျိုးတို့ကို မြန်မာဘုရင်၏ လက်တွင်းမှ လွတ်ကင်းအောင်ကြံလျှင် အမှန်ဖြစ်မြောက်လိမ့်မည်။ဤသို့ အားပေးစကား ပြောကြား တိုက်တွန်းကြလေသည်။

သို့အတွက် သမိန်စောထွတ်၏စိတ်များလည်း အားသန်၍လာလေ၏။ သူ့အကြံမှာ "ဘုရင်တပင်ရွှေထီးကို တလိုင်းလူမျိုးတို့က စစ်ဘက်ပြိုင်၍ နိုင်တော့မည်မဟုတ်။ လက်နက်အင်အားကများနေသည်။ တလိုင်းတို့လက်မှာ ခုခံတိုက်ရန် အားမရှိ။ အခွင့်ရသောနေ့တွင် ဘုရင်ကို သတ်ဖြတ်လုပ်ကြံ၍ တလိုင်းတို့အင်အားနှင့် ဘုရင်မရှိမှ တပြိုင်ထဲထကြွဘို့အရေးသာ ရှိတော့သည်။ စိုးရိမ်ဘို့မှာ ယောက်ဖတော် သျှင်ရဲထွတ်ဘဦးသာ ရှိသည်။သူ့ကိုလဲနှိမ်လို့မရနိုင်။ ဘုန်းကံအလွန်ကြီးတဲ့သူဖြစ်သည်။ သို့ကာက် တပင်ရွှေထီးမရှိလျှင် သူ အစွမ်းကောင်းနိုင်အုံးမလား။ ဤကဲ့သို့ကြံစည်ကာ အခွင့်ကိုသာ ရှာ၍နေလေ၏။

ဘုရင်တပင်ရွှေထီး၏ အလိုတော်ကို လိုက်ပြုးလျှင် အကျွမ်း ဝင်သည်ထက်ဝင်အောင် ပြုလုပ်ပြီးလျှင် အပါးတော်၌ အမြဲခစားရန် လက်ပါးစေများကိုလည်း မိမိ၏သြဇာအတိုင်း လိုက်နာသော သူများကိုသာထားရန် စီမံ၍နေလေသည်။ ဤကဲ့သို့ သမိန်စောထွတ်က ကြံစည်သည်မှာလည်း တပင်ရွှေထီး၏ကံဇာတာ နိမ့်၍လာခြင်းကြောင့်သာဖြစ်လေသည်။ကံဇာတာနှင့် ကုသိုလ်တော်များ တိုးတက်၍နေပါမူကား ထိုကဲ့သို့ကြံစည်ဝံ့သူများ ပေါ်ပေါက်နိုင်မည် မဟုတ်ချေ။

ရှင်တော်ဘုရား၊ ဟောကြားတော်မူအပ်သော ဗျာဒိတ်တော်တခုရှိသည်မှာ "အကြင်သူသည် ပျက်စီးချိန်ကျသောအားဖြင့် ကံကောင်းဆိုးများဘိစီး၍လာ၏။ ထိုအခါထိုသူသည် ပျက်စီးကြောင်းဖြစ်သော နည်းလမ်းများကို အကောင်းထင်၍လာတတ်သည်။" ဤကဲ့သို့ရှိခဲ့ပေသည်။

ဤဗျာဒိတ်ကော်ကြီးအတိုင်း တပင်ရွှေထီးသည် ပျက်စီးချိန်နီးလာသဖြင့် ဘုန်းကျက်သရေ မင်္ဂလာ ဆုတ်ယုတ်ကြောင်းဖြစ်သော နည်းလမ်းများကိုပင် အကောင်းထင်က၊ မိမိစိတ်တော်အတိုင်း စိတ်ထင်တိုင်းစိုင်း၍ လိုက်စားတော်မူလေသည်။ တကယ်ပင် အကျိုးလိုလားလှသော ယောက်ဘတော်သျှင်ရဲထွတ်၏ စကားကိုပင် နားဝင်တော်မမူနိုင်ချေ။ သို့ရာတွင် ဘုန်းရှိန်ကံရှိန် ကြီးမားလှသဖြင့် ရုတ်တရက်မပျက်စီးတဲ့သေးဘဲ တဖြေးဖြေးနိမ့်ရှိုင်း၍ ပျက်စီးခြင်းအပိုင်းသို့ ဆိုက်ရောက်တော်မူလိမ့်မည်ဖြစ်သတည်း။

## မှတ်ချက်

### ရှစ်လုံးဘွဲ့မြန်မာကဗျာ

ညှိုးနွမ်းပျက်စီး-ချိန်နီးလေသော်။
အကုသိုလ်မျိုး-အနှိုးအဆော်။
နည်းမှားလမ်းဆိုး-အကျိုးမြင်မြော်။
သွန်သင်ရေး-နားဝေးရှောင်လှို့ချော်။

---

# အခန်း (၄၃)

## ရခိုင်ဘုရင်၏ဘထွေးတော်က စစ်ကူတောင်း ရောက်လာခြင်း

ရခိုင်ပြည်တွင် ရခိုင်ဘုရင် အနိစ္စ ရောက်တော်မူလေရာ၊ သားတော် အိမ်ရှေ့မင်းသည် ခမည်းတော်ရိုက်ရာကိုခံယူ၍ ရခိုင်ပြည်တွင် အုပ်စိုးလေ၏။ အနိစ္စ ရောက်လေသော ရခိုင်ဘုရင် ညီတော်(အိမ်ရှေ့မင်း၏ ဘထွေးတော်)သံတွဲမြို့စားကလည်း မိမိကိုယ်တိုင် ဘုရင် လုပ်လိုသောကြောင့် ပုန်ကန်ခြားနားခြင်းပြုလေသည်။ သံတွဲမြို့စားမှာ အင်အားနည်းပါးလေသောကြောင့် ရခိုင်ဘုရင်သစ်ကို တုပြိုင်ရန် စွမ်းနိုင်မည်မထင်သဖြင့် ဘုရင်တပင်ရွှေထီးထံသို့ လက်ဆောင်ပဏ္ဏာများစွာ စစ်ကူတော်မူပါမည့်အကြောင်းကို အမတ်နှစ်ယောက်စေလွှတ်၍ လျှောက်ထားလေ၏။

ဘုရင်တပင်ရွှေထီးလည်း သံတွဲမြို့စား၏ လျှောက်ထား တောင်းပန်ချက် အတိုင်း ကုန်းတပ်၊ လေးတပ်ဘွဲ့စေပြီးလျှင် တိုက်ဆင်(၁၀၀) စီးမြင်း(၁၀၀၀)၊စစ်သည်သူရဲလေးသောင်းကို သံတွဲမြို့ လျှင်မြန်စွာ စေလွှတ်တော်မူလိုက်သည်။

ထိုအခိုက်တွင် ရခိုင်ဘုရင်။ သံတွဲမြို့စားကို လက်ရ ဖမ်းဆီးမည်ဟု ရေကြောင်း, ကုန်းကြောင်း, စစ်သည်ဗိုလ်ပါအင်အားများစွာနှင့် သံတွဲသို့ အပြင်း ချီတက်၍လာလေ၏။ သံတွဲမြို့စားလည်း ခုခံနိုင်မည်မဟုတ်သောကြောင့် သံတွဲမြို့မှအလျင်အမြန် ထွက်ပြေးလာပြီးလျှင် ဘုရင်တပင်ရွှေထီး၏ ခြေတော်စုံကို ခိုလှုံလေ၏။

သံတွဲမြို့စားက လျှောက်ထားသည်မှာ "ရခိုင်ပြည်သို့ အရှင်မြတ်ကိုယ်တိုင် ချီတက်၍ သိမ်းပိုက်တော်မူပါ၊ အောင်မြင်တော်မူသောအခါ ကျွန်တော့ကို ဘုရင်ခံအဖြစ်နှင့် ရခိုင်မြို့ကို အုပ်စိုးရန်သာ ချီးမြှင့်ပါတော့ဘုရား၊ ရခိုင်ပြည်ကို အရှင်မြတ်အုပ်စိုးရပါလျှင်၊ နိုင်ငံတော် ကျယ်ဝန်းရုံမျှမက အနောက်ကုလားနိုင်ငံများကိုလည်း သိမ်းယူတော်မူဘို့ အခြေခံ ဖြစ်ပါလိမ့်မည်။ ကျွန်တော်လည်း အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ပါမည်" ဟု လျှောက်တင်လေ၏။

ဘုရင်တပင်ရွှေထီးလည်း သံတွဲမြို့စားကို သစ္စာပေးတော်မူပြီး ကိုယ်တော်တိုင် ချီတက်တော်မူရန် ရှေးဦးစွာ စေလွှတ်တော်လိုက်သော တပ်များကိုလည်း လိုက်၍ခေါ်စေသည်။ ထို့အကြောင်းနှင့် စပ်လျဉ်း၍ မှူးမတ်စုံညီနှင့်တိုင်ပင်တော်မူသည်တွင် ယောက်ဖတော်သျှင်ရဲထွတ်က လျှောက်တင်သည်မှာ "ယခု ဘုန်းတော်ကြီးလှသော ဘုရား၊ ရခိုင်ပြည်ကို သိမ်းယူတော်မူရန် ကိုယ်တော်တိုင် ချီတော်မည့်အရေးမှာ လွယ်ကူလှသည်မဟုတ်ပါ၊ တောတောင်အထပ်ထပ်ပိတ်ဆီး၍ စိမ့်ကြီးမြိုင်ကြီးဂနိုင်ကြီး ခြားလျက် နေသောကြောင့် ခဲယဉ်းလှပါသည်။ ထို့ပြင် ရခိုင်သားတို့သည် ရေတပ်မှာ လွန်စွာ ကျွမ်းကျင်သည်ဟူ၍ ကြားသိရပါသည်။ ရေတပ်, ကုန်းတပ်, နှစ်ဘက်ညှပ်၍ အကြီးအကျယ် ချီတော်မူမှ သင့်ပါမည်။ ဘုန်းတော်ကြီးလှသော ဘုရား ရေတပ်ဖြင့်ချီတော်မူပါ၊ ကျွန်တော်က ကုန်းတပ်ကြီးကိုအုပ်စီး၍ချီတော်မူပါမူည်။ ဤသို့လျှောက်တင်ရာ ဘုရင် တပင်ရွှေထီးက "နောင်တော်ကျော်ထင်နော်ရထာကိုယ်တိုင်၊ သင့်အောင်စီမံလေ" ဟူ၍ အရေးလွှဲတော်မူလေ၏။

ထိုနောက် သျှင်ရဲထွတ်သည် ရေတပ်,ကုန်းတပ်,များကို အခိုင်အလုံ စုံလင်စွာစီရင်လေ၏။ ရေတပ်ကိုတပ်မတော်ကြီးနှင့်တကွ တပ်ပေါင်း ၁၅-တပ်စီမံသည်၊ ထိုရေတပ်၌ ¦တိုက်လှေကြီးပေါင်း(၈၀၀)၊ လှော်ကားသံလှေပေါင်း(၅၀၀)၊ရိက္ခာဝင် လှေကြီးပေါင်း(၁၀၀)၊ ရေတပ်စစ်သူရဲပေါင်း(၃၅၀၀၀)တိုင်တိုင် စီရင်တော်မူသည်။ လွန်စွာ ကြီးကျယ်သော ရေတပ်ကြီး ဖြစ်ပေသည်။

ထိုရေတပ်ကြီးနှင့် ဘုံတဆဲ့တဆင့်ရှိသော ရတနာ ရွှေဘောင်တော်ကြီးကို စီး၍ ဘုရင်တပင်ရွှေထီးချီတော်မူသည်။ ရခိုင်ပြည်သို့ ရေတပ်ကြီး ထွက်သောအခါ တူရိယာ အမျိုးမျိုး၊ ပွဲသဘင်အမျိုးမျိုးနှင့်တကွ၊ မကြုံစဘူးအောင် အထူးသဖြင့် ကြီးကျယ်ခမ်းနားလှပေသည်။

ကုန်းတပ်ကို တပ်မတော်နှင့်တကွ တပ်ပေါင်း ၁၅-တပ် စီမံသည်။ ထိုထပ်များတွင်တိုက်ဆင်(၆၀၀)၊ စစ်မြင်း(၄၀၀၀)၊ စစ်သည်သူရဲ(၄၀၀၀၀)ပါသည်။ သျှင်ရဲထွတ်ကိုယ်တိုင် တပ်မတော်ကြီးကို အုပ်စီး၍ ကုန်းကြောင်းခရီးချီတော်မူသည်။

ဟံသာဝတီနေပြည်တော်မှာ မြန်မာအမတ်ကြီး "ဘယဂါမဏိ"နှင့် တလိုင်း အမတ်ကြီး "ဗညားအိန်"တို့ကို ဗိုလ်ပါဆင်မြင်းအလုံအလောက်နှင့် အစောင့်အနေ ခန့်ထားတော်မူခဲ့သည်။

ချီတော်မူသော သက္ကရာဇ်မှာ (၉၀၇)ခု တန်ဆောင်မုန်းလဆန်း ၄-ရက်တနင်းလာနေ့ ဖြစ်သည်။

## ရေတပ်ကြီးကို ဆီးကြို၍ တိုက်ခြင်း

သံတွဲမြို့ကိုစီး၍နေသော ရခိုင်ဘုရင်က တပင်ရွှေထီးရေတပ်ကြီးဖြင့် ချီတက်လာကြောင်းကို ကြားလေရာ၊ ဆီးကြို၍ တိုက်ကြရမည်ဟု အမိန့်ပေးသော ရခိုင်လှေတပ်များသည် မော်တင်စွန်းသို့အထိ ချီတက်လာကြပြီးလျှင် ဆီးကြို၍ တိုက်ကြလေ၏။ ရှေ့ဆုံးက ချီနှင့်ရသော မြန်မာလှေတပ်များဆုံးရှုံးပြီးလျှင် ပုသိမ်မြို့စားနှင့် မြောင်းမြမြို့စား၊ ရေတပ်ဗိုလ်မှူးနှစ်ယောက်ကိုရခိုင်တို့က ဖမ်းယူလေ၏။

## ရခိုင်လှေတပ်များ ဆုတ်ခွာထွက်ပြေးရခြင်း

ထို့နောက် မြန်မာ လှေတပ် အစုံအညီရောက်ရှိ၍ အပြင်းအထန် တိုက်ခိုက်ကြသည်တွင်၊ ရခိုင်လှေတပ်ကမခံနိုင်သောကြောင့် ဖရိုဖရဲအကွဲကွဲဖြစ်ပြီးလျှင် သံတွဲမြို့သို့တိုင်အောင် ထွက်ပြေးကြရလေ၏။ ထိုအခါ မြန်မာတို့ရေတပ်က လှေပေါင်းများစွာနှင့် ရခိုင်ရေတပ် စစ်သည်ပေါင်းများစွာတို့ကို သုံ့ပန်းအဖြစ်နှင့် ရရှိလေသည်။

## သံတွဲမြို့က ခုခံရန် ကြံစီပြန်ခြင်း

ရခိုင်ဘုရင်သည် ရေတပ်ကြီးရှုံး၍ ပြန်လာကြသည်ကို ကြားသိတော်မူလျှင်၊အပြစ်တော်တင်လျက် "ယခုရေတပ်၊ ကုန်းတပ်၊ အစုံအညီ သံတွဲမြို့ကခုခံလျှင် မြန်မာတို့က အာဂန္တုဖြစ်သောကြောင့် ငါတို့ကို အနိုင်ရအောင်တိုက်နိုင်မည်မဟုတ်"ဟု မိန့်တော်မူပြီးလျှင် သံတွဲမြို့မှာ ရေအား၊ကုန်းအားနှင့် ပျားအုံသကဲ့သို့ စုရုံး၍နေကြပြန်လေ၏။

ဤအတောအတွင်းမှာ ကုန်းကြောင်းချီတက်လာသော သျှင်ရဲထွတ်လည်းသံတွဲမြို့အနီးသို့ ဆိုက်ရောက်လာလေသည်။ ဘုရင်တပင်ရွှေထီး၏ ရေတပ်ကြီးသည်လည်း သံတွဲမြို့အနီးသို့ ဆိုက်ရောက်လာသည်။

ထိုအခါရခိုင်ဘုရင်မှာ လွန်စွာထိတ်လန့်ခြင်းဖြစ်ပြီး "ငါတို့သံတွဲမြို့မှာ ရေတပ်၊ကုန်းတပ်၊ နှစ်ဘက်ညှပ်မိလျှင် အထွက်ရခက်လိမ့်မည်။ စောစောစီးစီးကဆုတ်မှသင့်မည်"ဟု မိန့်တော်မူပြီးလျှင် သံတွဲမြို့မှ အလျှင်အမြန်ဆုတ်ခွာရလေ၏။ ရခိုင်မြို့ရင်းသို့ တိုင်အောင် ဆုတ်ခွာသွားလေသည်။

(မှတ်ချက်။ ။ထိုအခါက ရခိုင်နေပြည်တော်မှာ ယခုအခါ မြို့ဟောင်းဟူ၍ခေါ်သောမြို့ဖြစ်သည်။)

## "သံတွဲမြို့ကို သိမ်းပိုက်တော်မူခြင်း"

ရခိုင်ဘုရင်သည် ရေတပ်၊ကုန်းတပ်တို့နှင့်တကွ၊ သံတွဲမြို့မှထွက်၍ ရခိုင် နေပြည်တော်သို့ အလျှင်တဆော ဆုတ်ခွာလေသောအခါ ဘုရင်တပင်ရွှေထီးသည် သံတွဲမြို့ကို လွယ်ကူစွာနှင့်ပင် ရရှိသိမ်းပိုက်တော်မူမိလေ၏။ သျှင်ရဲထွတ်၏ ကုန်းတပ်ကြီးလည်း သံတွဲမြို့သို့ဆိုက်ရောက်လာသည်နှင့် ရေတပ်၊ကုန်းတပ်၊အစုံအညီ သံတွဲမြို့မှာပင် တပ်စခန်းချရပ်၍ နေတော်မူသည်။

တောတောင်းခိုအောင်း၊ ပုန်းလျှိုး၍နေသော ရခိုင်ကျွန်တော်မျိုးအပေါင်းကိုလည်း သံတွဲမြို့စား၏အမိန့်နှင့် သိမ်းသွင်းခေါ်ယူလေရာ၊ အစုံအလင် ပြန်လည်ဆိုက်ရောက်လာကြလေ၏။ ထိုအခါ သံတွဲနယ်သားတို့လည်း ဘုရင်တပင်ရွှေထီး၏ဘက်တော်က ဝင်၍အမှုတော်များကို ထမ်းရွက်ကြသည်။

## "ရခိုင်မြို့ရင်းသို့တိုင်အောင် ချီတက်တော်မူခြင်း"

ဘုရင်တပင်ရွှေထီး သံတွဲမြို့မှာ ခေတ္တစံတော်မူနေစဉ် ယောက်ဘတော် သျှင်ရဲထွတ်က၊ "ရခိုင်ပြည်ကို အလျှင်အမြန် လက်ရသိမ်းပိုက်တော်မူမှသင့်ပါမည်။ နိုင်ငံမှာ ကျယ်ဝန်းလှသည် မဟုတ်သောကြောင့် လွယ်ကူစွာ အောင်မြင်ဘို့ရှိပါသည်။ စစ်ဖက်တော်များကို ကြာညောင်းအောင် ဆိုင်းတွနေဘို့မသင့်ပါ" ဟု ဤသို့လျှောက်တင်သည်နှင့် အဆောတလျင် ချီတော်မူရန် စီမံစိုင်းပြင်းတော်မူသည်။

သံတွဲမြို့တွင် သံတွဲမြို့စား ရခိုင်မင်းသားနှင့် သံလျှင်မြို့စားနန္ဒကျော်ထင်တို့ကို အစောင့် အနေ ခန့်ထားခဲ့ပြီးလျှင် ရေအား၊ ကုန်းအား၊ အစုံအလင်နှင့် ချီတော်မူသည်။

ရခိုင်တို့ကလည်း ရေတပ်၊ ကုန်းတပ်၊ အသင့်ကြိုဆိုပြီးလျှင် ဆီး၍တိုက်ကြလေ၏။ ကုန်းတပ်ချင်း တိုက်ကြရာတွင် ရှေးဦးစွာ မြန်မာတို့တပ်က ဆင်လမ်း၊ မြင်းလမ်း၊ မသာသောကြောင့် ဆုတ်ခွါရသည်။ ထို့နောက် သျှင်ရဲထွတ်က အပြင်းအထန်ကွပ်ကဲအုပ်စီး၍တိုက်လေရာ၊ ရခိုင်ကုန်းတပ်ကြီး ပျက်စီး၍ သွားလေ၏။

ထိုအခါ ဆင်၊ မြင်း၊ လက်နက်၊ စစ်သည်ပေါင်းများစွာကို မြန်မာတို့က ရလိုက်သည်။ ကုန်းတပ်ကြီး ပျက်စီးဆုံးရှုံးလေသောအခါ ရခိုင်ရေတပ်က စစ်မျက်နှာချင်းမျှမဆိုင်ဝံ့ဘဲ ရခိုင်မြို့ရင်းသို့တိုင်အောင် ဆုတ်ခွါကြလေသည်။

ထို့နောက ဘုရင်တပင်ရွှေထီးသည် ရေတပ်၊ ကုန်းတပ်၊ အစုံအညီ ရခိုင်မြို့ရင်းသို့ ရောက်အောင် ချီတက်တော်မူပြီးလျှင် မြို့တော်ကို ရေရော၊ ကုန်းရော၊ နှစ်ဘက်ညှပ်၍ ဝိုင်းဝန်းပြီးလျှင် တိုက်ခိုက်တော်မူသည်။ သို့ရာတွင် ရခိုင်ဘုရင်က မြို့တွင်းမှာ ဆင်၊ မြင်း၊ ဗိုလ်ပါ၊ ရိက္ခာ၊ အပြည့်အစုံ သွင်း၍ ခုခံသည်နှင့် လွယ်ကူစွာရတော်မမူချေ။

ရခိုင်မြို့သည် တောင်ထိပ်မှာတည်ထားသောမြို့ဖြစ်သည်နှင့် အလွယ်တကူတိုက်ခိုက်အောင် မြင်ရန်လည်း ခဲယဉ်းသည်။ ရခိုင်မြို့တွင်းသို့ အမြောက်စိန်ပြောင်းတို့ဖြင့် မိုးရွာသကဲ့သို့ အမြဲမပြတ် ပစ်ခတ်၍နေသည်။ အတန်ကြာဝိုင်းဝန်း၍နေလေသော် ရခိုင်မြို့တွင်းသားတို့လည်း အစားအစာ၊ အသွားအလာမှစ၍ ကျဉ်းမြောင်းကြသည်နှင့် တနည်းနည်းဖြင့် လက်လျှော့ပေးရန် အကြံပေါ်ပေါက်ကြလေ၏။

## "ရခိုင်ဘုရင် အားလျှော့ခြင်း"

ရခိုင်ဘုရင်လည်း ကြပ်တည်းကျဉ်းမြောင်းခြင်းဖြစ်သည်နှင့် ကြံစည် မိသည်မှာ "ဘုရင် အဖြစ်သို့ ရောက်သည်မှာလဲ မကြာသေး။ တိုင်းသူပြည်သားနှင့် မှူးမတ်များလည်း အချို့က ငါ့ကို လိုလားကြသည်။ အချို့က ဘထွေးတော်သံတွဲမြို့စားကို လိုလားကြသည်။ တနိုင်ငံလုံး ညီ

ညွှတ်ကြသည်မဟုတ်။ ယခု ဘုရင်တပင်ရွှေထီး ချီလာသည်မှာလည်း ရေအား၊ ကုန်းအား၊ အလွန်များလှသည်။ ငါတို့ရခိုင်ပြည်ကို မွှေနှောက်ချောက်ခြား၍ ပစ်နိုင်သည်။ တပင်ရွှေထီးလည်း ဘုန်းအလွန်ကြီးသည်။ ငါခုခံ၍ ဖြစ်နိုင်တော့မည်မဟုတ်။ မြို့ကိုဝန်းဝိုင်းထားသည်မှာ ကြာ၍သွားလျှင် မြို့တွင်းသူ မြို့တွင်းသားတို့ အစားအစာမှုစ၍ ဘေးဒုက္ခရောက်ကုန်ကြတော့မည်။ အရေးပြီးလွယ်အောင် တောင်းပန်ခယ၍ ချမ်းသာကြောင်းကို စီရင်မှသင့်တော်မည်။ ဤသို့ကြံစည်တော်မူမိလေ၏။

အကြံအတိုင်း မှူးမတ်တို့ကိုတိုင်ပင်တော်မူရာ၊ အညီအညွှတ်ပင် ကိုက်နှစ်သက်ကြသည်။ ထို့နောက် လက်ဆောင်တော်အများနှင့် သဝဏ်လွှာရေးသားပြီးလျှင် ရခိုင်အမတ်နှစ်ယောက်ကို ဘုရင်တပင်ရွှေထီး၏ ခြေတော်ရင်းသို့ စေလွှတ်လေသည်။

ရခိုင်မှူးမတ်များ ဆိုက်ရောက်လာသောအခါ ဘုရင်တပင်ရွှေထီးက မိန့်တော်မူသည်မှာ "သံတွဲမြို့စားကို ငါစောင်မ၍ ရခိုင်ပြည်မှာနန်းတင်မည်ဟု ငါအမိန့်ရှိထားသည်၊ အရေးမပေးသာသေး။ ရခိုင်ပြည်အလုံးကို လက်ရသိမ်းကျုံးတော်မူရမှ အရေးပြီးလိမ့်မည်" ဟု မိန့်တော်မူပြီးလျှင် ရောက်လာသော ရခိုင်အမတ်နှစ်ယောက်အား မိမိဗိုလ်ပါ အင်အားများကို ကြည့်ရှုစေပြီးလျှင် ပြန်၍လွှတ်တော်မူသည်။ မှူးမတ်များ ပြန်၍ ရောက်ကြသောအခါ မိမိတို့သခင်ရခိုင်ဘုရင်အား တပင်ရွှေထီး၏ ဗိုလ်ပါအင်အား များပြားကြောင်းကိုစုံလင်စွာလျှောက်တင်ကြလေ၏။

## "ရခိုင်ဆရာတော်လေးပါးကိုစေလွှတ်တော်မူခြင်း"

အမတ်တို့၏စကားကိုကြားလေရာ၊ ရခိုင်ဘုရင်မှာ လွန်စွာ ကြောက်လန့်သော စိတ်မျိုးတွေ တိုးတက်၍လာပြန်သဖြင့် စစ်ရေးမပြီးလျှင်ပြီးအောင် ကြံဆောင်စေလိုကြောင်း၊ ရခိုင်ပြည်တွင် ထင်ရှားကျော်စောသော ဆရာတော်လေးပါးက ပင့်ပြီးလျှင် လက်ဆောင် ပဏ္ဏာပေါင်းများစွာနှင့် စစ်ပြေငြိမ်းစကား ပြောကြားရန် ဘုရင်တပင်ရွှေထီးထံသို့ စေလွှတ်ရပြန်သည်။

ဆရာတော်လေးပါးတို့လည်း လက်ဆောင်ပဏ္ဏာတော်များကို လူတထောင်ဖြင့် ယူဆောင်ထမ်းပိုးစေပြီးလျှင် ဘုရင်တပင်ရွှေထီး၏တပ်သို့ ကြွလာတော်မူကြကုန်၏။ လူတထောင် ဆောင်ယူရသော လက်ဆောင်ပဏ္ဏာများမှာ လွန်စွာ များပြားလှသဖြင့် တပ်တော်သား အပေါင်းတို့ကပင် အံ့ဩကြရသည်။

ဘုရင်တပင်ရွှေထီးအထံသို့ ဆိုက်ရောက်တော်မူကြသောအခါ "အဘယ်ကိစ္စနှင့် ကြွလာတော်မူကြပါသလဲဘုရား"ဟု မေးတော်မူသည်။ ထိုအခါ ရခိုင်ဆရာတော်များက မိန့်တော်မူကြသည်မှာ။

နိုင်ငံအချင်းချင်း စစ်မက်ဖြစ်ပွါးရခြင်းမှာ ရဟန်းရှင်လူပြည်သူသတ္တဝါတို့များစွာ ဆင်းရဲ ပျက်စီးကြပါသည်။ ရဟန်းတော်များက ကရုဏာတရားဖြင့် ဝင်ရောက်ဆောင်ရွက်ရန် ဝတ်တရားရှိသည့်အတိုင်း ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ ရခိုင်ပြည်မှာ ခမည်းတော် နတ်ရွာစံလျှင် သားဖြစ်သူအား ဆက်ခံ၍အုပ်စိုးရမြဲ ဓမ္မတာဖြစ်ပါသည်။ သံတွဲစားသည် ထီးနန်းအမွေကို ဆက်ခံထိုက်သူမဟုတ်ပါ။ တကာတော်၏ တန်ခိုးအရှိန်ဖြင့် ရခိုင်ပြည်ကြီးကို တိုက်သိမ်း၍ သံတွဲ

စားအား မင်းမြောက်ခဲ့ပါလျှင် ရခိုင်ထီးနန်း၏အရိုးအစဉ်ကို ဖျက်ရာ ကျပါလိမ့်မည်။ တကာတော် ကေရာဇ်မင်းမြတ်သည် ဘုန်းလက်ရုံးပညာနှင့် ထူးကဲစွာပြည့်စုံတော်မူသည့်ပြင်၊ သဗ္ဗညုတဘုရားဆုကို ပန်တော်မူသော ယောကျ်ားမြတ်ဖြစ်သောအတိုင်း တူ့ဦးရီးနှစ်ယောက်တို့၏ ဝမ်းမြောက်စွာညီညွတ်စေရန်အရေးကိုသာ ဆောင်ရွက်တော်မူသင့်ပါသည်။ရခိုင်ဘုရင်က သိမ်းယူထားသော သံတွဲစား၏ ဆင်,မြင်းစသောပစ္စည်းများကို တကာတော်ဘုရင်မင်းမြတ်သို့ ဆက်ပါစေမည်။ တကာတော်က သံတွဲစားကို သံတွဲမြို့နှင့်တကွ တောင်စဉ် ၇-ခရိုင်ကိုပေး၍ ဘုရင်အဖြစ်ဖြင့် ချီးမြှင့်တော်မူပါ။ ရခိုင်ဘုရင်ကလည်း ကြေနပ်ပါစေမည်။ ထိုသို့ချီးမြှောက်တော်မူပါလျှင် တူ့ဦးရီးနှစ်ယောက် ဝမ်းမြောက်ဝမ်းသာ သင့်တင့်ညီညွတ်ခြင်းသို့ ရောက်ကြပါလိမ့်မည်။ တကာတော်မင်းမြတ်မှာ မှုခင်းရေးရာ ရှိသောအခါ တူ့ဦးရီး,နှစ်ယောက် အမှုတော်ကို သက်စွန့်ကြိုးပမ်းထမ်းကြပါလိမ့်မည်။ ဤအရေးများကို မိန့်ကြားလိုသဖြင့် တကာတော်ထံသို့ ရောက်လာကြရပါသည်။

ဤကဲ့သို့မိန့်တော်မူကြလေ၏။ ရခိုင်ဆရာတော်တို့၏သဘောဆားမှာ နိုင်ငံနှင့် သာသနာတော်ကို အနှောက်အရှက်မရှိ၊ ချမ်းသာစေလိုသောဆန္ဒမျိုးနှင့် ဝင်ရောက် ဆောင်ရွက်တော်မူခြင်း ဖြစ်ကြပေသည်။ ရှေးအခါ တိုင်းရေး,ပြည်ရေး,စစ်မက်ရေးတို့၌ ရဟန်းတော် အရှင်မြတ်ကြီးတွေ ဝင်ရောက်ဆောင်ရွက်ခြင်းအားဖြင့် အလွယ်တကူပြီးစီးခြင်းသို့ ရောက်နိုင်သော အခွင့်ရှိလေသည်။ ထိုစဉ်အခါ သာသနာတော်ကို ကြည်ညိုဆည်းကပ်သော မင်းတို့ အုပ်စိုးစဉ်အခိုက်ဖြစ်၍၊ ရဟန်းတော်တို့မှာ တန်ခိုးအာဏာနှင့် ပြည့်စုံတော်မူကြလေသည်။

## တပင်ရွှေထီးမိန့်တော်မူချက်

ရခိုင်ဆရာတော်လေးပါးတို့စကားကိုကြားတော်မူရာ၊ဘုရင်တပင်ရွှေထီးက ဤသို့လျှောက်ထားလေ၏။ ဇမ္ဗူဒိပ်ကျွန်းတခွင်ကို တပည့်တော်ကိုယ်တိုင် ချီတက်လုပ်ကြံရပါလျှင် ဘယ်မင်းမှ မာန်တင်းခုခံနိုင်ကြမည် မဟုတ်ပါ၊ ဆရာတော်တို့၏အမိန့်စကားတွင် ရခိုင်ဘုရင်ကလေးနှင့်သံတွဲမြို့စား တူ့ဦးရီး,နှစ်ယောက်၊ အမှုတော်ကိုထမ်းပါမည်ဆိုသောစကားသည် တပည့်တော်အရေးယူလောက်သောစကားဖြစ်ပါပေသည်။ သို့ရာတွင် ရှတ်တရက် အရေးမပေးသာသေးပါ၊ မှူးမတ်တော်များနှင့် ညှိနှိုင်းတိုင်ပင်ခါ၊ ဆင်ခြင်စဉ်းစားရပါဦးမည်၊ ဆရာတော်တို့ ပြန်လည်တော်မူကြပါတော့၊ နောက် နှစ်ရက်သုံးရက်ရှိမှ အရေးပြီးနိုင် မပြီးနိုင်ကို သိတော်မူကြရပါလိမ့်မည်။ ဤသို့လျှောက်ထားတော်မူလေသည်။

ဆရာတော်တို့အားလည်း ရဟန်းတို့နှင့် လျှောက်ပတ်သောပစ္စည်းများကို လှူဒါန်းတော်မူလိုက်လေ၏။ဆရာတော်တို့လည်း မြန်မာဘုရင်တပင်ရွှေထီး၏စကား သင့်လှပေသည်ဟု တိုင်ပင်တော်မူကြပြီးလျှင် မြို့တွင်းသို့ ပြန်ကြွတော်မူကြလေ၏။

## မှူးမတ်တို့နှင့် တိုင်ပင်တော်မူခြင်း

ထိုနောက်ဘုရင်တပင်ရွှေထီးသည် ရွှေတော်သို့ မှူးမတ်စုံညီခေါ်၍ ရခိုင်ဆရာတော်တို့၏ မိန့်ချက်နှင့် အရေးပေးသင့်, မပေးသင့်, တိုင်ပင်တော်မူရာ အချို့ မှူးမတ်များက "သံတွဲစားကို

နန်းအပ်မည်ဟု မိန့်တော်မူရင်းအတိုင်း အပြီးတိုင် ရခိုင်ပြည်ကို တိုက်လိမ်းတော်မူသင့်ပါသည်။ မခုခံနိုင်ကြောင်းကိုသိ၍ ရခိုင်ဘုရင်က ဆရာတော်လေးပါးကို စေလွှတ်၍ အရေးတောင်းခြင်းဖြစ်ပါသည်။ စစ်သည်အင်အားမြောက်မြားစွာနှင့် ချီတော်မူနဲ့ရင်းရှိသောအတိုင်း တိုက်ရန်သာ သင့်ပါသည်ဟုလျှောက်တင်ကြလေ၏။

ထိုအခါ ယောက်ဖတော် သျှင်ရဲထွတ်က လျှောက်တင်သည်မှာ၊ ဆရာတော်တို့စကားတွင် အဘမရှိလျှင် သားကိုမင်းမြှောက်ရမြဲထုံးစံရှိပါသည်ဆိုသောစကားနှင့် တူ, ဦးရိုး, နှစ်ယောက် အမှုတော်ကို ကြီးနှံ့စွာ ထမ်းပါမည်ဆိုသော စကားမှာ အရေးယူသင့်သော စကားဖြစ်ပါသည်။ သူတို့ရခိုင်ပြည်၏ ထီးရိုးနန်းစဉ်ကိုလည်း ဖျက်ဆီးရန် မသင့်လျှော်ပါ၊ ဆရာတော်တို့ စကားအတိုင်း အရေးပေးသင့်သည်ထင်ပါသည်၊ သို့ရာတွင် အမှုတော်ကို ထမ်းမည်ဆိုသော စကားကို ထိထိရောက်ရောက် ကင်ရှားအောင် ဆင်ကောင်း,မြင်းကောင်းများကို ရခိုင်ဘုရင်က ရှေးဦးစွာ ဆက်သစေရန်နှင့် သူ့ကိုလက်တွင်ရှိသော မြန်မာစစ်သည်တော်များကို ဆက်သစေရန် တင်ကြိုကာ စီမံတော်မူမှ ‹ ်င့်ပါမည်၊ ဤသို့ လျှောက်တင်လေ၏။

ဘုရင်တပင်ရွှေထီးလည်း ယောက်ဖတော် သျှင်ရဲထွတ်၏ လျှောက်ဘင်ချက်ကို နှစ်သက်တော်မူသည်နှင့် သည်အတိုင်းပင် ရှိစေတော့၊ ရခိုင်ပြည်ကို အလွန်မနှိပ်စက်လိုပြီဟု မိန့်တော်မူသည်။

## ဆရာတော်လေးပါး ကြွလာတော်မူပြန်ခြင်း

နောက်နှစ်ရက်, သုံးရက်,ရှိသောအခါ ရခိုင်ဆရာတော်လေးပါးကြွရောက်တော်မူလာကြသည်။ ဘုရင်တပင်ရွှေထီးက သာယာလေးမြတ်စွာ ပြောဆို လျှောက်ထားပြီးလျှင် “တူ,ဦးရိုး, နှစ်ယောက်တို့၏ အမှုတော်ကို ရိုးဖြောင့်စွာ ထမ်းပါမည်ဆိုသောစကားမှန်ပါသလား”ဟု မေးတော်မူရာ ဆရာတော်တို့က “မှန်ပါသည်၊ ကျွန်ုပ်တို့ရဟန်းတော်များမှာ မှန်သောသစ္စာအတိုင်း ပြောဆိုဝန်ခံကြရပါသည်၊ ရခိုင်ဘုရင်၏သဘောအလုံးစုံကိုလည်း အကုန်သိပြီးပါ”ဟု မိန့်တော်မူကြလေ၏။

ထိုအခါ ဘုရင်တပင်ရွှေထီးက “ဆရာတော်တို့စကားအတိုင်းရှိစေတော့၊ သို့ရာတွင် ရှေးဦးစွာရခိုင်ဘုရင် လိုက်နာရမည်မှာ ရခိုင်မြို့တွင်းမှာရှိသော ဆင်ကောင်း နှစ်စီးနှင့် ရခိုင်တပ်က ဖမ်းယူထားသော မြန်မာ, တလိုင်း, ရှမ်း, ကျွန်တော်မျိုးများကို အကုန်စစ်ဆက်လာစေရမည်။ ထိုပြင် သံတွဲမြို့စား၏ ရွှေ,ငွေ,ဘဏ္ဍာစသော ပစ္စည်းများကိုလည်း မကြွင်းမကျန်ဆက်လာစေရမည်။ သံတွဲစားကိုလည်း သံတွဲမြို့နှင့်တကွ“**တောင်စဉ်ခုနစ်ခရိုင်**”ကိုပေးတော်မူစေ”ဟု မိန့်တော်မူလေသည်။

ထိုအခါဆရာတော်လေးပါးတို့က ပြန်ကြားမိန့်ဆိုတော်မူကြသည်မှာ “မဟာမုနိရာဇ်မင်းမြတ်သည် ဘုရားဆုကိုပန်ဆင်သော အလောင်းတော်ကြီးများနှင့်တူပါပေသည်။ မြင့်မြတ်သောခန္တီပါရမီကိုဖြည့်တော်မူပါပေသည်။ အလောင်းမင်းမြတ်၏ အမိန့်တော်အတိုင်း တည်ပါစေမည်” ဤသို့မိန့်ဆိုတော်မူကြပြီးလျှင် မြို့တွင်းသို့ ပြန်ကြွတော်မူကြသည်။

## ရခိုင်ဘုရင်က အလုံးစုံ လိုက်နာခြင်း

ဆရာတော်လေးပါးတို့က ရခိုင်ဘုရင်အား အကြောင်းမျိုးစုံပြန်ကြားတော်မူကြလေရာ၊ မှူးမတ်တို့နှင့်တကွ သဘောတူကြသောကြောင့် ရခိုင်ပြည်တွင်ဖမ်းယူထားသော မြန်မာ့တလိုင်း၊ ရှမ်း၊လူပေါင်း(၅၀၀၀)နှင့်တကွဆင်ကောင်းနှစ်စီး၊ ထိုပြင် ကတ္တီပါအုပ်၊သက္ကလပ်အုပ်၊ပိုးအုပ်မှစ၍ မင်းတို့နှင့်သာထိုက်တန်သော လက်ဆောင်ပဏ္ဏာများကို ရခိုင်အမတ် လေးယောက်တို့၏လက်သို့ အပ်ပြီးလျှင် ဘုရင်တပင်ရွှေထီးအထံသို့ ဆက်သစေ၏။

ဘုရင်တပင်ရွှေထီးလည်း မိမိ၏ကျေးကျွန်များနှင့် လက်ဆောင်ပဏ္ဏာတော်များကို မြင်တော်မူရာ ဝမ်းသာသောစိတ်နှလုံးတော်ဖြင့် ရခိုင်အမတ်တို့အား အကြည်အသာလက်ခံ၍ မိန့်ကြားပြောဆိုတော်မူသည်။

ထိုနောက် မြန်မာတပ်က ဘမ်းယူထားသော ရခိုင်ကျွန်တော်မျိုးများကိုလည်း အကုန်အစင် ရွေးချယ်၍ လွှတ်တော်မူသည်။ အနှောင်အဖွဲ့မှ လွှတ်ကြသော လူအပေါင်းတို့ကလည်း အထူးပင် ဝမ်းမြောက်ကြသည်နှင့် ဘုရင်တပင်ရွှေထီးအား ဘုန်းတော်ကြီး၍ သက်တော်ရှည်စေရန်အကြောင်းကို ဆုတောင်းကြလေ၏။

ဤအချက်ကိုထောက်သောအားဖြင့် ရှေးအခါ မြန်မာဘုရင်တို့၏ စစ်တိုက်ပုံများသည် လွန်စွာ ယဉ်ကျေး၍ တရားနှင့် ညီညွတ်လှပေသည်။ ချီးမွမ်းထိုက်ကြောင်းလည်း ထင်ရှားပေသတည်း။

## သျှင်ရဲထွတ်ကို ရခိုင်မြို့တွင်းသို့ ဝင်၍ အမိန့်တော်ပြန်စေခြင်း

နောက်တနေ့တွင် ယောက်ဘတော် "ကျော်ထင်နော်ရထာ" ဘွဲ့ခံ သျှင်ရဲထွတ်ကို မင်းဆောင်မင်းယောင် အခမ်းအနားနှင့်တကွ တပ်ဝင်းခင်းကျင်း၍ ရခိုင်မြို့တွင်းသို့ ဝင်ပြီးလျှင်၊ အမိန့်တော်ပြန်ရမည်ဟု ဘုရင်တပင်ရွှေထီးကလွှဲအပ် စေလွှတ်တော်မူသောကြောင့် သျှင်ရဲထွတ်သည် အိမ်ရှေ့မင်းတို့၏ ဝတ်စားတန်ဆာများကို ဆင်ယင်တော် မူပြီးလျှင် ဆင်စီး၍အမိန့်အာဏာနှင့် ရခိုင်မြို့တွင်းသို့ ဝင်တော်မူသည်။

သျှင်ရဲထွတ်ဝင်လာသောအခါ၊ မြို့တံခါးကာဝင်ဝမှစ၍၊ ရခိုင်နန်းတော်သို့ တိုင်အောင် သဲဖြူ၊ ရာဇမတ်၊ ငှက်ပျောပင်ရှင် စိုက်ပြီးလျှင် ရခိုင်တို့က ကြီးကျယ် ခမ်းနားစွာ ကြိုဆိုကြရသည်။ ။နန်းတော်သို့ ရောက်သောအခါ၊ရခိုင်ဘုရင်နှင့်အတူသလွန်တော်ပေါ်တွင် ရွှေသင်ဖြူးခင်း၍ ထိုင်တော်မူသည်။ ။ထိုနောက် သျှင်ရဲထွတ်က၊ အောက်၌ ဘော်ပြထားသောအတိုင်း အမိန့်တော်ကြီးတို့ ဘတ်ကြား၍ ပြန်တော်မူသည်။

## ဘုရင် တပင်ရွှေထီး၏ အမိန့်တော်။

ဘုန်းတော် အလွန်ကြီးမြတ်လှသောရေမြေသခင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်၊ ရခိုင်ထွင် အစဉ်အဘ မရှိလျှင် သားမင်းပြုသည်။ အရိုးထုံးစံရှိသည် ထိုသို့ရှိသည်

ထံစီးကို ငါဖျက်တော်မမူပြီ။ ရခိုင်ဘုရင်သားကိုပင် ငါဆောင်နှင်းတော်မူတော့မည် ရခိုင်ဘုရင်သား သံတွဲစားကို မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ တောင်စဉ်ခုနစ်ခရိုင်ကို ပေးတော်မူသည်။ ၊ နောက်နောင် အမူတော်တောင်းလျှင် သားဘထွေးနှစ်ဦး ငါ့အမူတော်ကို ကြိုးစားအားထုတ် ထမ်းရမည်။ သားဘထွေးနှစ်ဦးတွင် အမူအခင်း ထွက်လျှင်လည်း ငါမတော်မူမည်။ သားဘထွေး နှစ်ဦးလည်း ကြည်သာစွာ ရွှေတပြားတည်းကဲ့သို့ ကျေးဆိုးကျွန်ဆိုး စကားကို နာခံ၍ အနှောက် အရှက် မရှိကြစေနှင့် ပြည်ရွာ သာယာစေတတ်သော အပရိဟာနိယ တရားခုနစ်ပါးကို နှလုံး သွင်း၍ မင်းကျင့်တရားဆယ်ပါးနှင့်အညီ မင်းပြုကြကုန် အမိန့်တော်ရှိသည်။

(မှတ်ချက်။ ။ဤအမိန့်တော်ကိုရာဇဝင်မှုရင်းအတိုင်းထည့်သွင်း ဘော်ပြလိုက်ပါသည်။)

အမိန့်တော် ပြန်ပြီးသောအခါ၊ ရခိုင်ဘုရင်က အမိန့်တော်အတိုင်း တည်အောင်ကျင့်ပါ မည်ဟု ဝန်ခံလေ၏။ ထိုနောက်။ သုခ, ဒုက္ခစကား ပြောကြား မိန့်ဆိုတော်မူကြပြီးလျှင်၊ ရခိုင် ဘုရင်က၊ သျှင်ရဲထွတ်အား၊ ဆင်ပေါက်နှစ်စီး၊ မြင်းကောင်းနှစ်စီး။ ပုဆိုးကောင်း ထည်မျိုး, အုပ်မျိုး, နံ့သာမျိုးများစွာနှင့်၊ ရွှေနှစ်ပိဿာ၊ ငွေနှစ်ဆဲ့ငါးပိဿာကို လက်ဆောင်အဖြစ်ပေး ကမ်းတော်မူသည်။

မင်းဝတ် တန်ဆာ ဆင်ယင်ထားသော သျှင်ရဲထွတ်ကို မြင်ရာ၊ ရခိုင်ဘုရင်၏ စိတ်ထဲမှာ။ လွန်စွာ အားကိုးခြင်း ဖြစ်သည်နှင့်၊ ဦးရီးတော်၏ ရုပ်သွင်သည်၊ အထွတ်အမြတ်သို့ တိုင်အောင် ကြီးပွားမည့် လက္ခဏာရှိပါသည် ကျွန်ုပ်ကိုလည်း အစဉ်သဖြင့် စောင်မ ကြည့်ရှုတော်မူပါဟု ပြောကြား တောင်းပန်လေ၏။ သျှင်ရဲထွတ်ကလည်း ကောင်ပြီဟု အမိန့်ရှိတော် မူသည်။ ။ ရခိုင်ဘုရင်က သျှင်ရဲထွတ်ကို ဦးရီးတော်ဟုခေါ်သည်၊ သျှင်ရဲထွတ်က ရခိုင်ဘုရင်ကို တူတော် ဟူ၍ခေါ်သည်။

သျှင်ရဲထွတ်သည်၊ ရခိုင်နန်းတော်မှ ပြန်လာ၍၊ ဘုရင် တပင်ရွှေထီးအထံသို့ ရောက်သော အခါ၊ အကြောင်းမျိုးစုံကို အကုန်လျှောက်တင်လေရာ၊ များစွာဝမ်းမြောက်တော်မူသည်။

## "လက်ဆောင်တော်များ ထပ်မံ ပို့ဆက်လာခြင်း"

နောက်တနေ့နံနက်တွင် ရခိုင်ဘုရင်က ဆင်ကောင်း, မြင်းကောင်းများနှင့်တကွ ထည်မျိုး, အုပ်မျိုး, နံ့သာမျိုး, ဘယဆေးမျိုးမှစ၍၊ အဘိုးထိုက် လက်ဆောင် ပဏ္ဏာများကို လူတထောင် ကျော် ကိုင်စေပြီးလျှင်၊ ရခိုင်ဘုရင်၏ ဦးရီးတော် "နန္ဒသူရိယ" ကို အမှူးပြု၍ ဘုရင်တပင်ရွှေထီး သို့ ဆက်သရန် စေလွှတ်ပြန်သည်။ ။လက်ဆောင် ပို့ဆက်လာသူများကို၊ ဘုရင်-တပင်ရွှေထီးက၊ အနူးအညွတ် မိန့်ကြားတော်မူပြီးလျှင်၊ မင်းတို့နှစ်ဦးဆိုင်သော ဆောင်ယောင် ခမ်းနားများကို လက်ဆောင် တုန့်ပြန်၍ ပေးတော်မူလိုက်သည်။

လက်ဆောင် ပို့ဆက်ရန် လာရောက်ကြသော သူတို့အား ဘုရင်တပင်ရွှေထီးက၊ ဆုံးမ စကား မိန့်ကြားတော်မူသည်မှာ၊ အောက်ပါအတိုင်း ဖြစ်ပေသည်။

ရခိုင်ပြည်သည်၊ အရှေ့ဘက်ကတောင်တန်း၊ နောက်တခွင်, တောင်တခွင်က၊ ပင်လယ် ဝိုင်း၍နေသော နိုင်ငံဖြစ်သည်၊ ဆင်လမ်း, မြင်းလမ်းမသာယာဘဲ၊ ကျဉ်းမြောင်းသော နိုင်ငံဖြစ်သည်။

လူဦးရေးမှာလည်း နည်းပါးလျက်ရှိသေးသည်၊ နိုင်ငံတပါးနှင့် စစ်ပြိုင်ခြင်းငှာ မသင့်လျော်သေး၊ စစ်ထိုးခြင်းဆိုသည်မှာ၊ နိုင်ငံကျယ်ဝန်းစွာနှင့်၊ ဗိုလ်ပါအင်အားများပြား၍၊ ဘုန်းတန်ခိုးကြီးသောဘုရင်တို့၏ အလုပ်ဟုထင်သည်။ ။ရခိုင်လူမျိုးများသည်၊ ငါတို့ မြန်မာလူမျိုးများကဲ့သို့ ဗုဒ္ဓသာသနာကို ကြည်ညို ခိုလှုံသော လူမျိုး ဖြစ်ကြသည်။သို့ဖြစ်၍ သာသနာတော်တည်ထွန်း ပြန့်ပွါးကြောင်း ဖြစ်သော အလုပ်ကို အားထုတ်ကြိုးစားကြရမည်။ ။သင်တို့အမျိုးအချင်းချင်း ပေါင်းသင်း ညီညွတ်စွာနှင့် မေတ္တာအစေးကို မပြယ်ကြစေနှင့်၊ အမျိုးတူအချင်းချင်း ပေါင်းသင်း ညီညွတ်ပါမှ၊အမျိုးတပါး၏ ရန်ကို တွန်းလှန်နိုင်သည်။

ဤသို့ စသောအားဖြင့်၊ ဘုရင်-တပင်ရွှေထီးက ဆုံးမစကားကိုလည်း မိန့်ကြားတော်မူသည်။

ထိုနောက်။မင်းမျိုးမင်းနွယ် မှူးမတ်သေနာပတိ၊သူဌေး သူကြွယ်တို့လည်း၊ ထူးမြတ်သောလက်ဆောင် ပဏ္ဏာအမျိုးမျိုးကို ယူဆောင်ခဲ့ကြပြီးလျှင်၊အထံသို့ ဝင်ရောက်၍ ရွှေမျက်နှာတော်ကို ဖူးမြင်ရန် လာရောက်ကြသည်၊ အထံတော်သို့ ဆိုက်ရောက် လာကြသမျှသော ရခိုင်လူမျိုးအပေါင်းတို့အား၊ ဘုရင်-တပင်ရွှေထီးက ဝမ်းမြောက် နှစ်ချိုက်ဘွယ်ရာ ဖြပ်သော စကားကိုမိန့်ကြားတော်မူသည်။ ။ထိုအခါ၊ ရခိုင်လူမျိုးအပေါင်းတို့သည်၊ အထူးပင် ချစ်ခင်ကြည်ညိုခြင်း ဖြစ်ကြသည်နှင့်၊ "မြန်မာဘုရင်-တပင်ရွှေထီးသည်၊ ဘုန်းလက်ရုံး ကြီးမားတော်မူသည်။ မျက်နှာတော် ချိုသာ၍ ပီယဝါစာ၊လွန်စွာ မိန့်ဆိုတော် မူတတ်သည်"ဟူ၍ ချီးမွမ်းကြလေသည်။

မြန်မာနှင့်၊ ရခိုင်တို့ အချင်းချင်း ကျေကျေနပ်နပ် ဖြစ်ကြသောအခါ၊ ရခိုင်ဘုရင်က။အောက်ကြိ သောစကားဖြင့်။ "ရခိုင်ပြည်မှာ အရှင့်လှော်ကားကြီးမျိုးကဲ့သို့၊ လှေတော်များမရှိပါ။ သို့ဖြစ်၍ ရွှေလှော်ကားကြီး နှစ်စင်းကို၊ အသနားခံလိုပါသည်ဟု လျှောက်တောင်းလေသည်။ ။ဘုရင်-တပင်ရွှေထီးကလည်း ရခိုင်ဘုရင် အသနားခံသောအတိုင်း၊ ရွှေလှော်ကားကြီးနှစ်စင်းကို သနားတော်မူသည်။

## "ရခိုင်ပြည်မှ ပြန်လည်တော်မူခြင်း"

အချင်းချင်း ညီညွတ်သင့်တင့်စွာနှင့်။ အရေးကိစ္စအလုံးစုံ ပြီးကုန်လေသောအခါ၊ ဘုရင်-တပင်ရွှေထီးသည်၊ ရေတပ်, ကုန်းတပ်,အလုံးစုံကို သိမ်းရုံးတော်မူပြီးလျှင်၊ သက္ကရာဇ် (၉၀၈)ခုတပို့တွဲလဆန်း ၁၂-ရက်နေ့တွင် ရခိုင်မြို့တော်မှ ပြန်လည်တော်မူခဲ့သည်။ ။သေနတ်အမြောက်မိုးခြိမ်းသကဲ့သို့ ပစ်ဖောက်ပြီးလျှင်၊တူရိယာငြိမ့်ငြိမ့်တီး၍၊ရခိုင်ပြည်ကြီးမှ ထွက်ခွာတော်မူ သောအခါ၊ လွန်စွာ ကြည်နူးဘွယ် ကောင်းလှပေသည်။ ကြည့်ရှုတွေ့မြင်ကြသော ရခိုင်လူမျိုးတို့ကပင်ဝမ်းနည်းလွမ်းဆွတ်ခြင်း ဖြစ်ကြလေသတတ်။

## "သံတွဲစားကို ဘုရင်ခံမြှောက်တော်မူခြင်း"

ရခိုင်မြို့တော်မှ၊ တပ်စဉ်အတိုင်း ချီထွက်တော်မူခဲ့၍၊သံတွဲမြို့သို့ ဆိုက်ရောက်တော်မူသောအခါ တပ်စခန်းချ၍ ရပ်တန့်တော်မူသည်။ ။သံတွဲမြို့တွင် ဗိုလ်မှူးသဘင် ခံတော်မူပြီးလျှင်၊

သံတွဲမြို့စားအား မင်းတို့၏ ဆောင်ယောင်ခမ်းနားများကို ပေးသနားတော်မူသည်၊ သံတွဲမြို့နှင့် တကွ တောင်စဉ်ခုနစ်ခရိုင်ကို ပေးအပ်ပြီးလျှင်၊ ဘုရင်ခံရာထူးဖြင့်၊ ခန့်အပ် ချီးမြှောက်တော်မူခဲ့သည်။

သံတွဲမြို့စားကို ဆုံးမတော်မူသည်မှာ။ ။ရခိုင်ပြည်တွင် အဘမရှိလျှင် သားဖြစ်သူက။ ထိန်းအုပ်စိုးရစမြဲဖြစ်သည်ဟု ဆရာတော်တို့မိန့်ကြားချက်အတိုင်း ညီညီညွတ်ညွတ်ဖြစ်ကြအောင် ငါစီမံတော်မူခဲ့သည်။ ငါတို့မြန်မာနိုင်ငံတော်မှာလည်း၊ ခမည်းတော်၏ အရိုပ်အရာကို သားဖြစ်သူသာလျှင်ဆက်ခံစိုးစံရမြဲ အရိုးအစဉ်ရှိသည်။ သံတွဲမြို့စားသည်၊ ငါ၏ဘုန်းတော်ရိပ်ကို ခိုလှုံရသောကြောင့် တောင်စဉ်ခုနစ်ခရိုင်တွင် ဘုရင်ခံဖြစ်ခဲ့ပြီ။ ။ရခိုင်ဘုရင်ကလေးသည်၊ အခြားသူမဟုတ်ပေ၊ သံတွဲမြို့စား၏ တူတော်အရင်းအချာဖြစ်ပေသည်။ ။သို့ဖြစ်၍ သူဆိုင်သော ထိန်းနန်းရိပ်ရာကို နှောင့်ရှက်ခြင်းမပြုနှင့်၊ သင့်တင့်ညီညွတ်စွာနေထိုင်ရမည်။ နောင်ရခိုင်ဘုရင်က တံရားပျက်လျှင် ငါတာဝန်ရှိစေ ငါ၏ အမိန့်တော်အတိုင်းမတည်လျှင် မတည်သူကိုနစ်နစ်နာနာ ဆုံးမတော်မူလိမ့်မည်။ သံတွဲမြို့စားကလည်း၊ "အမိန့်တော်အတိုင်း မသွေမလှန်နာခံပါမည်" ဟု ဦးညွတ်ကာလျှောက်တင်လေသည်။

သံတွဲမြို့စားကို ဘုရင်ခံအဖြစ်ဖြင့် တင်မြှောက် ချီးမြှင့်ပြီးသောအခါ နေပြည်တော်သို့ တပ်အစဉ်အတိုင်း၊ ပြန်လည်တော်မူခဲ့ရာ သက္ကရာဇ် ၉၀၀ ခု၊ တန်ကူးလဆန်း ၅ ရက်နေ့တွင် ဟံသာဝတီ ပြည်တော်သို့ ဆိုက်ရောက်တော်မူသည်။ ။နေပြည်တော်သို့ရောက်လျှင်၊ အောင်ပွဲသဘင်အမျိုးမျိုးကို၊ ခင်းကျင်းတော်မူစေသည်။

---

# အခန်း (၄၄)

## ယိုးဒယားနှင့် အရေးဖြစ်ပွါးရခြင်း။

ဘုရင်-တပင်ရွှေထီး၏ ဘုန်းအာနုဘော်များသည်။ ပျံ့ကျော်နှံ့ပြား၍ လွှမ်းမိုးခြင်းဖြစ်လေသောအခါ၊ ယိုဒယားဘုရင်သည်။ တနေ့သောအခါ မှူးမတ်တို့နှင့် တိုင်ပင်တော်မူသည်မှာ

(ဘုရင်) ကေတုမတီမြို့မှာ ဘွားမြင်၍ ယခုအခါ ဟံသာဝတီ နေပြည်တော်တွင် စိုးစံနေတဲ့ တပင်ရွှေထီးဟာ ဘုန်းတန်ခိုးအာဏာ လွန်စွာကြီးမားနေတယ်။ နိုင်ငံတော်ကျယ်ဝန်း၍ ဗိုလ်ပါအင်အားလဲ အလွန်များနေတယ်။ ။ရှေးအခါက သေဝပ်ပြိုပြားစွင် မြန်မာတို့ မစိုးမအုပ်ဘူးတဲ့၊ တလိုင်းနိုင်ငံတော်အလုံးကို သိမ်းကျုံးအုပ်စိုး၍နေပြီ။ ။ငါတို့ယိုးဒယား နိုင်ငံနှင့်လဲ နယ်စပ်ချင်းဖြစ်နေလို့ တနေ့နေ့တွင် ငါတို့ယိုးဒယားကိုထိပါး နှောက်ရှက်လိမ့်မယ်လို့တင်တယ်။

(အမတ်များ) မိန့်တော်မူသောအတိုင်း မှန်လှပါသည်။ မြန်မာဘုရင်-တပင်ရွှေထီးဟာ အရွယ်တော် ငယ်စဉ်ကပင် လက်ရုံးအားကြီးမား၍ စွမ်းအားထက်သန်ကြောင်းနှင့် ကျော်စောလာတဲ့ သူဖြစ်ပါတယ်။ အရွယ်တော်ငယ်ငယ်နှင့်ပင် သူ့ကိုယ်တိုင် ချီတက်တိုက်ခိုက်ရာ အောင်မြင်လျက်ပင်ရှိနေပါသည်။ ယိုးဒယားနိုင်ငံမှာလဲ သူ့ရန်စနှင့်ကင်းဘို့ အခက်ဖြစ်နေလိမ့်မည်ထင်ပါကြောင်း။

(ဘုရင်) သည်လိုဖြစ်လျှင် ကြိုတင်တားဆီးမှ သင့်လျော်လိမ့်မည် မဟုတ်လား။

(မှူးမတ်များ) အမိန့်တော်အတိုင်း သင့်လျော်လှပါသည်ဘုရား ဘေးရန်ထိခိုက်ဘို့ အရေးကို မျှော်တွေးမိခဲ့ပါလျှင် သူ့လက်မလာခင် အလျှင်တင်ကြို၍ ကိုယ့်လက် ရောက်ထားနှင့်ခြင်းဟာ သင့်လျော်သော အလှေ့ဖြစ်ပါသည်။ ။တပင်ရွှေထီးစိုးပိုင်သော နယ်များသည်။ ကျွန်တော်တို့ ယိုးဒယားနယ်နှင့် စပ်လျက်ရှိလေရာ ထိုနယ်စပ်များကို စောစောစီးစီးတင်ကြို သိမ်းပိုက်ထားရပါလျှင်၊ သူ၏အင်အားကို လျော့ထားရာ ရောက်ပါလိမ့်မည်။ သို့ဖြစ်၍ မော်လမြိုင်နယ်စပ်သို့ တိုင်အောင်အလျှင်အမြန်ချီတက်တိုက်ခိုက်၍သိမ်းပိုက်ထားရန်သင့်လျော်သည်ထင်မြင်ပါကြောင်း။

(ယိုးဒယားဘုရင်က အတန်ငယ်ဆင်ခြင်တော်မူပြီး။) ယခုတင်တဲ့အချက်ဟာ တနည်းအားဖြင့်တော့သင့်လျော်ပါရဲ့။ ။သို့ရာတွင် **"ဆင်အိပ်ရာ-ဆိတ်လာနှိုး"** ဆိုတဲ့စကားမျိုးကဲ့သို့ ထိုကဲ့သို့ စတင်တိုက်သိမ်းခဲ့ပါလျှင်၊ ရုတ်တရက်ချီတက်ဘို့ အကြံအစည် မရှိသေးဘဲလျက် အလျှင်အမြန် တပင်ရွှေထီး ချီတက်လာပါလျှင်၊ ရန်များ၍မနေပေဘူးလား။ သူ့အား,သူ့အင်,ကလဲ လွန်စွာကြီးမားတယ်လို့ ကြားတော်မူရတယ်။ အကြည်အသာ မဟာမိတ်ဖွဲ့ထားလျှင် မသင့်လျော်ပေဘူးလား။

(မှူးမတ်များ) သည်အရေးကို မျှော်တွေးစိုးရိမ်ဘို့မရှိပါ တပင်ရွှေထီးသည်။ အခြားနိုင်ငံများကို လွယ်ကူစွာချီတက် တိုက်ခိုက်သော်လည်း ကျွန်တော်တို့ ယိုးဒယားမှာ သွားလာရန်ခရီးက ခက်ခဲလျက်ရှိသောကြောင့် လွယ်ကူစွာ ချီတက်တိုက်ခိုက် နိုင်မည်မဟုတ်ပါ။ ယခုအခါမှာလဲ မြန်မာဘုရင် တပင်ရွှေထီးသည်၊ ရခိုင်ပြည်သို့ ရေတပ်, ကုန်းတပ်,အစုံအညီနှင့် ချီတက်သွားရောက်ဆဲဖြစ်ပါသည်။ ဟံသာဝတီ မြို့တော်မှာ ဗိုလ်ပါအင်အား များစွာမကျန်ရစ်ပါ။ ယခုအခါ ချီတက်ရန် အလွန်သင့်လျော်သောအခါ ဖြစ်ပါသည်။ လွယ်စွာနှင့်ပင် အောင်မြင်ရန် အရေးဖြစ်ပါကြောင်း။

ဤကဲ့သို့မှူးမတ်များက လျှောက်တင်ကြရာ ယိုးဒယား ဘုရင်ကလည်း မှူးမတ်တို့၏ စကားကိုနှစ်သက်တော်မူပြီးလျှင် တပင်ရွှေထီး၏ တိုင်းစွန်ပြည်နားဖြစ်သော ရေး,တနင်္သာရီ, ဓါးဝယ်,မြိတ်,မြို့များကို အလျှင်အမြန် ချီတက်တိုက်သိမ်းယူရန် အမိန့်တော်ချမှတ်လေ၏။

ဤသို့အမိန့်တော်ရှိလျှင် ယိုးဒယား ဗိုလ်မှူးကြီးနှစ်ဦးကို အုပ်ချုပ်စေပြီးလျှင် တိုက်ဆင် (၂၀၀) စစ်မြင်း(၁၀၀၀) သူရဲ(၆၀၀၀၀)နှင့် အလျှင်အမြန် ချီတက်လာပြီးလျှင်၊ ဓါးဝယ်မြို့ကို ရှေးဦးစွာစီးနင်းကြလေရာ ဓါးဝယ်မြို့စားနှင့်တကွ တပင်ရွှေထီး၏ ကျွန်တော်မျိုးများသည်။ ထွက်ခွါပြေးရှောင် ကြရလေ၏။ ရေးမြို့ကရပ်တည်၍ ခုခံနေကြရသည်။

## ဘုရင့်-တပင်ရွှေထီးသို့ လျှောက်တင်ရခြင်း။

ယိုးဒယားစစ်သည်များ ဓါးဝယ်မြို့ကို အတင်းတိုက် သိမ်းပိုက်လျက် ရှိကြောင်းကို မော်လမြိုင်မြို့စား "ဗညားဦး"က အလျင်တဆော လျှောက်တင်လာသောကြောင့် ဘုရင်မင်းမြတ်ကြားသိတော်မူသည်။

ထိုအခါ မှူးမတ်အပေါင်းတို့ကို ခေါ်တော်မူပြီးလျှင်၊ ယိုးဒယားဘုရင်သည်။ ငါ့ကိုစတင်၍ ထိပါးလာပြီ၊ ခြသေ့်၏ရှေ့ဂူအနီးသို့ ယုန်သူငယ်လာရောက်လားသလို ဖြစ်ရှာတော့မည်။ ယခုအခါ ရခိုင်ပြည်ကပြန်လည်ဆိုက်ရောက်ခါစဖြစ်၍ငါကိုယ်တိုင်ချီတက်မှုရန်အရေးမဟုတ်သေး မုတ္တမမြို့စား "စောလကွန်းအိန်"က ရေတပ်ကိုအုပ်ချုပ်၍ ဓါးဝယ်မြို့သို့ချီတက်စေ၊ မော်လမြိုင်မြို့စား ဗညားဦးက ကုန်းတပ်ကိုအုပ်ချုပ်၍ ဓါးဝယ်မြို့သို့ချီတက်စေ၊ နောင်မကြာမီ ငါကိုယ်တိုင်ချီတက်တော်မူပြီးလျှင် ယိုးဒယားနိုင်ငံကို သိမ်းပိုက်တော်မူမည်" အမိန့်တော်ရှိလေ၏။

အမိန့်တော်အတိုင်း ဓါးဝယ်သို့ ချီတက်ကြသော တပ်အစီအစဉ်များမှာ ရေတပ်၌တိုက်လှေကြီးပေါင်း(၁၀၀) တိုက်လှေငယ်ပေါင်း(၃၀၀) ရေတပ်သူရဲပေါင်း(၄၀၀၀၀) ပါသည်။ ရေတပ်ကိုမုတ္တမမြို့စား "စောလကွန်းအိန်" အုပ်စီး၍ချီတက်သည်။

ကုန်းတပ်၌ တပ်ပေါင်းရစ်တပ် တိုက်ဆင်(၂၀၀) စစ်မြင်း(၂၀၀၀) စစ်သည်သူရဲ(၈၀၀၀၀)ပါသည်။ ကုန်းတပ်ကြီးကို မော်လမြိုင်မြို့စား "ဗညားဦး" အုပ်စီး၍ချီတက်သည်။

ဘုရင့်-တပင်ရွှေထီး၏ စစ်သည်တော်များ ရေတပ်၊ ကုန်းတပ်၊ နှစ်ဘက်ညှပ်၍ အားကြီး၊ အင်ကြီး၊ ချီလာကြောင်းကို ယိုးဒယားတို့ကြားကြလေရာ "ဓါးဝယ်မြို့ကခံလျှင် ငါတို့ပျက်စီးလိမ့်မည်။ ချီတက်လာသောအင်အား လွန်စွာများလှသည်။"ဟု ယိုးဒယားစစ်ဗိုလ် နှစ်ဦးတို့တိုင်ပင်ကြပြီးလျှင် မြန်မာစစ်သည်တော်များမရောက်ခင် ဓါးဝယ်မြို့မှ ယိုးဒယားသို့ဆုတ်ခွာကြပြီးလျှင် တနင်္သာရီမြို့က ရပ်တန့်ကာ ခုခံကြလေ၏။

မြန်မာစစ်သည်တော်များ ဓါးဝယ်မြို့သို့ ဆိုက်ရောက်ကြရာယိုးဒယားတို့နှင့်ဆိုင်ပြိုင်တိုက်ရခြင်းမရှိဘဲ ဓါးဝယ်မြို့ကို အလွယ်တကူနှင့် သိမ်းယူရရှိကြလေသည်။ ထို့နောက်မြန်မာကုန်းတပ်ကြီးက ယိုးဒယားတို့ရှိရာသို့ အတင်းချီ၍ တိုက်ခိုက်ကြလေရာ ယိုးဒယားစစ်သည်များပျက်ပြားဆုံးရှုံးကာ ဆုတ်ခွာပြန်သွားကြရသည် ယိုးဒယားတို့ပျက်စီးကြရာတွင် မြန်မာတို့က ဆင်၊ မြင်း၊ နှင့်တကွ သုံ့ပန်းများကို ရလိုက်လေသည်။ ယိုးဒယား အမတ်ကြီးတဦးကိုလည်း လက်ရဖမ်းကြလေသည်။

ယိုးဒယားတို့ကို အောင်မြင်ကြောင်းနှင့် ဘုရင်တပင်ရွှေထီး ကြားသိတော်မူလေရာ၊ ခြေရင်းတော်သို့ ပြန်လည်ခဲ့ကြရမည်ဟု အမိန့်တော်ရှိသည်နှင့် တပ်စဉ်အတိုင်း ပြန်လာကြရသည်။ ဟံသာဝတီနေပြည်တော်သို့ ဆိုက်ရောက်သောအခါ အောင်ပွဲရသူများကို မြို့စား၊ ရွာစား၊ မှစ၍ ဘွဲ့မည်ထူးများကို ပေးသနားတော်မူသည်။

## "ယိုးဒယားသို့ ကိုယ်တော်တိုင် ချီတက်တော်မူခြင်း"

တနေ့သောအခါ ဘုရင်တပင်ရွှေထီးသည် သျှင်ရဲထွတ် စသော မှူးမတ် အပေါင်းတို့ကို စုံညီစွာ ရှေ့တော်သို့ ခေါ်တော်မူပြီးလျှင် ယိုးဒယားသို့ ကိုယ်တော်တိုင် ချီတက်တိုက်ခိုက်တော်မူရန်အတွက် တိုင်ပင်တော်မူသည်။

(ရွှေထီး) ယိုးဒယားဘုရင်"မြသဇိရာဇာ"သည် ငါ၏နိုင်ငံတော် အစွန်အဖြားကို စတင်၍ ထိပါးလာပြီ။ ငါ၏ဘုန်းတော်ကြောင့်သာလျှင် ယိုးဒယားများကိုနိုင်နင်းလိုက်ရသည်။ယခုအတိုင်း ငြိမ်ငြိမ်ခံနေပါလျှင် နောင်တဖန်ထပ်မံ၍ ယိုးဒယားများ ထိပါးလာမည့်အရေးကို မြင်တော်မူမိသည်။သို့ဖြစ်၍ ယိုးဒယားပြည်ကို ရွှေလက်တော်ရောက် သိမ်းပိုက်မှသင့်မည်မဟုတ်လား။

(မှူးမတ်များ) အမိန့်တော်အတိုင်း သင့်လျော်လှပါသည် ဘုရား။ ယိုးဒယား နိုင်ငံသည် အရှင်စိုးပိုင်သောနိုင်ငံတော်နှင့် မြေ့,ရေ တစပ်ထဲစပ်၍နေသောကြောင့် ချီတက်တော်မူရန်လည်း ခဲယဉ်းမည်မဟုတ်ပါ။ တောအထပ်ထပ်, တောင်အထပ်ထပ်, ပိတ်ဆီး၍နေသော်လည်း အင်ကြီး အားကြီးနှင့်ချီတက်တော်မူလျှင် ထိုတောတောင်များကို ဘာမျှအရေးထားလောက်မည်မထင်ပါ။

(သျှင်ရဲထွတ်) ရှေးမြန်မာရာဇဝင် အစဉ်အဆက်များမှာလည်း ယိုးဒယားသို့ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ချီတက်တိုက်ခိုက်ဘူးသည်ဟု မကြားဘူးပါ။မြန်မာနိုင်ငံ၏အောင်လံအောက်သို့ ယိုးဒယားနိုင်ငံ ရောက်ဘူးသည်ဟုမကြားဘူးပါ။ ယခုအခါ ရွှေဘုန်းတော် ထူးချွန်၍သာလွန်သော ကေရာဇ်ဘုရင်ကြီး ဖြစ်တော်မူရန်မှာ လွန်စွာ သင့်လျော်လှပါသည်။ နောင်လာအစဉ် ရာဇဝင်မှာ ထင်ရှားရန်အချက်တခုဖြစ်ပါသည်။ ယိုးဒယားသို့ ချီတော်မူရန်အရေးမှာ ဗိုလ်ပါ ဆင်မြင်းအတွက် ခဲခက်ဘို့အကြောင်း မရှိပါ။ အလိုရှိတိုင်း ပြည့်စုံနိုင်ပါသည်။ ဗိုလ်ပါဆင်မြင်း အများတို့သုံးစားရန်ရိက္ခာအတွက် စိုးရိမ်ရန်လိုပါသည်။ ယိုးဒယားပြည်ဆိုသည် ချောင်းမြောင်း အတန်တန်, တောတောင်အထပ်ထပ်, ပိတ်ဆီးကာ ပိတ်ဆို့လျက်ရှိသောကြောင့် ယိုးဒယားသို့ ရောက်တော်မူလျှင် နိုင်ငံတော်သို့ပြန်၍ စားရေရိက္ခာယူရန် လွန်စွာကြပ်တည်းလှပါသည်။ဟံသာဝတီက ရေကြောင်းခရီးအားဖြင့် သွားရန်လည်း ခက်ခဲလှပါသည်။ သို့ဖြစ်ပါသောကြောင့်၊ ချီတော်မမူခင် စောစောကြိုတင်၍ ယိုးဒယားနယ်စပ်သို့ ရိက္ခာအလုံအလောက် ပို့ထားရန် သင့်လျော်ပါသည်။ အရှေ့တပြင်တွင် ရှိနေကြသော မြို့စား,ရွာစားများကိုလည်း စစ်ရိက္ခာအတွက် အရေးကြီးစွာ စုဆောင်းကြရန် အမိန့်တော်မြွက် မှတ်တော်မူသင့်ပါသည်။ ဝေးလန်သောနိုင်ငံသို့ ချီတက်ရေးမှာ စစ်ရိက္ခာ လွန်စွာအရေးကြီးလှပါသည်ဘုရား။

ဤသို့လျှောက်တင်သော သျှင်ရဲထွတ်၏စကားကို ကြားတော်မူလေရာ "သင့်လျော်လှပြီ၊ အရပ်ရပ်ပြည့်စုံအောင် ရှက်ဆောင်လေ"ဟု သျှင်ရဲထွတ်အား အရေးအကုန်လွှဲအပ်တော်မူသည်။

သျှင်ရဲထွတ်လည်း စစ်တောင်း,မုတ္တမ,မော်လမြိုင်,ရေး,မြိတ်, စသော မြို့များ၌၊ မြို့စား အပေါင်းတို့ကို ဆင့်ဆိုတော်မူပြီးလျှင် ယိုးဒယားနယ်စပ်သို့ ဆန်ရေစပါး ဆီဆား အစရှိသော စစ်ရိက္ခာများကို တင်ကြို၍ထားစေ၏။ ထို့ပြင် ယိုးဒယားနယ်စပ်တွင် ရှိသော မြို့ရွာများတွင် လယ်ယာကိုင်းကျွန်းများကို အထူး တိုးတက်၍ လုပ်ကိုင်တည်ထွင်ကြရန် ဆင့်ဆိုတော် မူသည်။

အချို့ရွာများကိုလည်း ယိုးဒယားနယ်စပ်သို့ တိုင်အောင် ပြောင်းရွှေ့စေပြီးလျှင် တောင်သူလယ်ယာအလုပ်ကို လုပ်ကိုင်ကြစေ၏။ ဆင့်မြင်းအချို့ကိုလည်း ယိုးဒယားနယ်စပ်သို့ တင်ကြို၍ ပို့ထားလေသည်။ သျှင်ရဲထွတ်လည်း စစ်ရေးစစ်ရာတွင် လွန်စွာ အမြင်ကျယ်သော ပုဂ္ဂိုလ်တဦး ဖြစ်ပေသည်။

ဤကဲ့သို့ စီရင်တော်မူပြီးနောက် သန်မြန်ကျန်းမာစွာနှင့် ရဲစွမ်းသတ္တိရှိသော စစ်သည်တော်များကို ရွေးချယ်ပြီးလျှင် တပ်ပေါင်း ၂၅-တပ်ကိုဖွဲ့တော်မူသည်။ တပ်ပေါင်း ၂၅-တပ်ဆိုသည်မှာ ရှေ့တော်ကချီရန် တပ်ပေါင်း ၁၂-တပ်။ တပ်မတော်ကြီးတတပ်။ နောက်တော်ကချီသော တပ်ပေါင်း ၁၂-တပ်။ ဤတပ်များဖြစ်သည်။ ဤတပ်ပေါင်း ၂၅-တပ်တွင် မြင်းတပ်ပေါင်း ရှစ်တပ်ပါသည်။

ဘုရင့်နောင် ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်သည် လက်နက်အင်အား ပြည့်စုံစွာနှင့် ကုန်းတပ်ပေါင်း ၂၅-တပ်ကို စီရင်ပြီးသောအခါ ယိုးဒယားသို့ ချီတော်မူရန် ကိစ္စပြီးစီးကြောင်းနှင့် လျှောက်တင်လေရာ၊ ဇယာမင်္ဂလာအခါတော်ကို ရွေးချယ်စေပြီးလျှင် သက္ကရာဇ်(၉၁၀)ခုကိုးရာ့တဆယ်ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့တွင် ဟံသာဝတီ နေပြည်တော်ကြီးမှ အောင်စည်အောင်မောင်း ခြိမ့်ခြိမ့်တီး၍ ကြီးကျယ်ခမ်းနားစွာ ထွက်တော်မူသည်။

## "ချီတော်မူသော တပ်စဉ်များ"

တပ်မတော်ကြီး၏ရှေ့က တပ်ပေါင်း ၁၂-တပ်ချီရသည်။ ထိုတပ်တွင် တိုက်ဆင်(၂၀၀)၊ စစ်သည်သူရဲ(၄၀၀၀၀)ပါသည်။ ရှေ့တော်က ချီရသောတပ်ကို သျှင်ရဲထွတ်က ဗိုလ်မှူးပြု၍ ချီသည်။

ထိုနောက် ဘုရင်ကိုယ်တိုင်လိုက်ပါတော်မူသော တပ်မကြီးတွင် တိုက်ဆင်(၇၀)၊စစ်မြင်း(၂၀၀)၊စစ်သည်သူရဲ (၄၀၀၀၀)ပါသည်။ တပ်မတော်ကြီးတွင် ရာဇသင်္ကြန်ကိုဗိုလ်မှူးခန့်တော်မူသည်။

တပ်မတော်ကြီး၏နောက်က တပ်ပေါင်း ၁၂-တပ်ချီရသည်။ နောက်တပ်တွင် တိုက်ဆင်(၂၀၀)၊စစ်မြင်း(၇၀၀၀)၊ စစ်သည်သူရဲ(၄၀၀၀၀)ပါသည်။နောက်တပ်ကို ပြည်ဘုရင် သတိုးဓမ္မရာဇာက ဗိုလ်မှူးပြု၍ ချီတက်သည်။

တပ်ပေါင်း ၂၅-တပ်တွင် ပါရှိသော အင်အားပေါင်းမှာ တိုက်ဆင်(၄၇၀)၊ စစ်မြင်း(၁၆၀၀၀)စစ်သည်သူရဲ(၁၂၀၀၀၀)ပါသည်။ ဗိုလ်ပါအင်အား လွန်စွာများပြားလှပေသည်။

နေပြည်တော်၌ ဒလမြို့စား မြန်မာအမတ်ကြီး သီရိဇေယျ နော်ရထာနှင့် ပဲခူးမြို့စား တလိုင်းအမတ်ကြီး ဗညားဠဿတို့ကို ဗိုလ်ပါအလုံအလောက်နှင့် အစောင့်အရှောက် ထားတော်မူခဲ့သည်။

နေပြည်တော်ကြီးမှစ၍ စိုးပိုင်သော နိုင်ငံတော်အရပ်ရပ်ကို အအုပ်အကွပ်နှင့်တကွ၊ ငြိမ်ဝပ်ပိပြားစွာရှိအောင် အစီစီ အငန်းငန်း စီရင်တော်မူပြီးလျှင် သက္ကရာဇ်(၉၁၀)ကိုးရာ့တဆယ်ပြည့်နှစ် တန်ဆောင်မုန်းလဆန်း (၁၃)ရက်နေ့တွင် နေပြည်တော်မှထွက်၍ ကုန်းကြောင်းထွက်ချီတော်မူသည်။

## "မုတ္တမစခန်း"

မုတ္တမမြို့သို့ ဆိုက်ရောက်တော်မူသောအခါ ဆင်မြင်းဗိုလ်ပါကို မော်လမြိုင်ဘက်သို့ သံလွင်မြစ်ကိုဖြတ်၍ကူးရန် လှေဖေါင်တို့ကိုဆက်၍ အခိုင်အခံ့ တံတားကြီး ပြုလုပ်တော်မူစေသည်။ စစ်သည်ဗိုလ်ပါ လွန်စွာအားကြီးလှသဖြင့် တနေ့ချင်းပင် တံတားကြီး ပြီးစီးသွားလေ၏။ရှေးအခါ ဘုရင်မင်းမြတ်တို့၏ ဘုန်းတန်ခိုး အာဏာသည် လွန်စွာကြီးလှသဖြင့် ပြုတော်မူလိုသောအရာကို အဆောတလျင် ပြီးစီးအောင် စီရင်တော်မူနိုင်ကြပေသည်။

လူအင်အားကလည်း များပြားလှသည်ပြင်၊ ညီညွတ်ခြင်းဂုဏ်၊ ဘုရင်ကို ချစ်ခင်သောဂုဏ်တို့နှင့် ပြည့်စုံသောကြောင့် တယောက်တလက်ဆိုသကဲ့သို့ လက်ပေါင်းများစွာ ပြုလုပ်ဆောင်ရွက်ကြလေရာ၊ ယခုအခါ စက်ဖြင့်ပြုလုပ်အပ်သော အမှုကိစ္စမျိုးထက်ပင် လျင်မြန်စွာ ပြီးစီးခြင်းသို့ရောက်နိုင်လေသည့် ဘုရင့်အမှုတော်ဆိုလျှင်တယ်ကပ်ငြိုးတွားသောလေ့ မရှိကြကုန်။ကိုယ့်အမျိုးဘုရင်တို့၏ အုပ်စိုးဆဲအခါ မြန်မာအမျိုးသားတို့သည် လွန်စွာပင်ညီညွတ်လေ့ရှိကြသည်။အုပ်စိုးရေးအတွက် ကျေနပ်သော စိတ်နေစိတ်ထားနှင့်လည်း ပြည့်စုံကြကုန်၏။

ဘုရင်တပင်ရွှေထီးသည် ကုန်းကြောင်းခရီးဖြင့် မုတ္တမသို့ချီတော်မူရာ၊ လမ်းစခန်းတွင်တွေ့မြင်တော်မူရသော တောတောင်တို့၏ စိမ်းလန်းနုပျိုပုံတွေကို ရှုစားတော်မူရသောအခါ၊လွန်စွာကြည်နူးခြင်း ဖြစ်တော်မူသည်နှင့် ဆင်ခြင်တော်မူမိသည်မှာ ရှေးတလိုင်းမင်းတို့ တည်ထောင်ခဲ့သော မုတ္တမနယ်သည် မွေ့လျော်ဘွယ် အလွန်ကောင်းပါကလား။ တောင်တန်း တလျှောက်ကိုကြည့်လိုက်သောအခါ အလွန်သာယာ၍ စိတ်နှလုံးအေးမြဘွယ်ကောင်းလှပေသည်။ ဇင်းကျိုက်တောင်ကြီးသည်လည်း မိုးပါးနီးအောင်မြင့်၍ တိမ်တိုက်အတွင်းသို့ လျှိုးသွင်းသောအထွဋ်လည်းရှိပေသည်။ ဇင်းကျိုက်တောင်ထွဋ်၌ရှိသော စေတီသည်လည်း ရှေးရှေးအစဉ်ကပင်လျှင် ဆံတော်ဓါတ်ကိုဌာပနာ၍ တည်သောစေတီတော်ဟူ၍ ကျော်စောခဲ့ပေသည်။ရေတံခွန်တို့လည်းဇင်းကျိုက်တောင်ကြီးတဝိုက်မှာ တသွင်သွင် ကျဆင်းလျက် ရှိပေသည်။ မုတ္တမမြို့သည်လည်း တဘက်ကပင်လယ်၊ တဘက်ကတောင်တန်းဖြစ်၍ အထူးသဖြင့် အချက်ကျလှပေသည်။ သံလွင်မြစ်တဘက်သို့ လှမ်း၍ ရှုမျှော်လိုက်ပြန်သော် ကျိုက်သလ္လ စေတီတော်ကြီးဖြင့် တင့်တယ်သော မော်လမြိုင်မြို့ကိုလည်း မြင်တော်မူရပေသည်။ ဤကဲ့သို့ ရှုမျှော်ခင်းသာ၍ လွန်စွာ အချိုးကျသော ဌာနဖြစ်သည်အတွက် ဤဌာနရပ်ကွက်မှာ ရှေးရှေးတလိုင်းဘုရင်တို့ မြို့နန်းတည်စိုက်၍ စံတော်မူကြပေသည်။ ငါလည်း နောင်အခွင့် ကြုံသောအခါ ဤမုတ္တမဌာနတွင် မြို့နန်းစိုက်၍ စံနေရပါလျှင် သက်တမ်းတော်ရှည်ကြာ၍ ဘုန်းသမ္ဘာဟိုးတက်လိမ့်မည်။ ဤကဲ့သို့ပင် ကြံစည်တော်မူမိလေ၏။

## "မော်လမြိုင်မြို့ဘက်သို့ ကူးတော်မူခြင်း"

လှေ့ဖေါင့်အဆင့်ဆင့်တို့ဖြင့် ပြုလုပ်သော တံတားကြီးပြီးစီးသောအခါ ထိုတံတားကြီးပေါ်တွင် ဆင်တော်ကိုစီး၍ ဘုရင်တပင်ရွှေထီး မော်လမြိုင်သို့ ကူးတော်မူသည်။ စစ်ချီရာတွင် ပါလာသောဆင်တို့က များလှသဖြင့် အချို့ဆင်များတို့ ထိုတံတားဖြင့် မကူးစေဘဲ မြစ်ညာအရပ်ကျဉ်းရာဌာနက ကူးစေသည်။

မော်လမြိုင်မြို့သို့ အစုံအညီကူးမြောက်ပြီးသောအခါ၊ မော်လမြိုင်မြို့စား "ဗညားဦး"နှင့်တကွ၊ မှူးမတ်အစုံအညီတွင် ယိုးဒယားသို့ချီရန်အရေး ဆွေးနွေးတော်မူသည်။ ဗညားဦးက ခရီးကျွမ်းကျင်သောသူတို့ကို ရှေ့တော်သို့သွင်းစေပြီးလျှင် ယိုးဒယားပြည် အယုဒ္ဓယမြို့သို့ အလျင်အမြန် ဆိုက်တော်မူရန် "ကံပူရီ"စခန်းဖြင့် ချီတော်မူရန်သင့်ကြောင်းကို လျှောက်တင်လေရာ၊ ဘုရင်တပင်ရွှေထီးနှင့်တကွ မှူးမတ်ဗိုလ်ပါအပေါင်းတို့က သဘောတူညီကြသည်။

ဤသို့ တိုင်ပင်ဆွေးနွေးတော်မူပြီးနောက်၊ ဟံသာဝတီနေပြည်တော်၏ အရှေ့တလွှားမှာရှိသော နယ်ပယ်များကို မော်လမြိုင်မြို့စားဗညားဦးက၊ ငြိမ်ဝပ်ပိပြားစွာ အုပ်ချုပ်ရမည်ဟု လွှဲအပ်တော်မူပြီးလျှင် မော်လမြိုင်မြို့မှ ကံပူရီမြို့သို့ ချီတော်မူသည်။ ကံပူရီမှ ၁၅ရက်တိုင်တိုင် ချီမိလေသော် ယိုးဒယားဘုရင်၏နန်းတော်မှာ "မြန်မာဘုရင် တပင်ရွှေထီးအကြီးအကျယ် ချီလာပြီ" ဆိုသောသတင်းကို ကြားလေသည်။

တပင်ရွှေထီးလည်း အပြင်းမချီဘဲ တနေ့လျှင်တစခန်းကျ ဖြေးဖြေးပင် ချီတော်မူသည်။ စခန်းချရပ်တိုင်း စစ်သည်တော်များ ပျော်ပါးလေအောင် ပွဲသဘင်များကို တပ်တိုင်း တပ်တိုင်း ခံတော်မူစေသည်။ တောလမ်းခရီးဖြင့် ချီတော်မူရသောကြောင့် တောကြီး, တောင်ကြီး, စိမ့်ကြီး,မြိုင်ကြီးများကို မြင်သည့်တွင်လည်း တိုက်ဆင်အပေါင်းတို့မှာ လွန်စွာမြူးထူးကြလေသည်။ ဆင်အပေါင်းတို့ ကွန့်မြူးလွန်းအားကြီးသည်နှင့် ဆင်ဝန်နှင့်ဆင်ကပ်ဗိုလ်မှူးတို့က၊ အထူးပင် အုပ်ချုပ်၍ ချီကြရသည်။

စစ်ရိက္ခာများကိုလည်း ယခင်ကပင်တင်ကြို၍ အဆင်သင့်အဆင်သင့်ပို့ထားပြီးဖြစ်သည်နှင့် စစ်သည်တော်များလည်း ရိက္ခာလုံလောက်စွာနှင့် အလွန်ပျော်ပါးကြသည်။ ။အလွန်ထူးဆန်းသော တောကြီး,တောင်ကြီးများကို တွေ့မြင်ကြရသည်အတွက် ပင်ပန်းခြင်းမရှိကြဘဲ အားတက်သရောရှိကြသည်။

## ယိုဒယားဘုရင်က ကြိုတင်၍ တိုက်ခိုက်ခြင်း။

ယိုးဒယားမြို့တော်ရင်းသို့တိုင်အောင် မြန်မာဘုရင် တပင်ရွှေထီး အားကြီး, အင်ကြီး ချီလာပြီဟု ကြားလေရာ ယိုးဒယားဘုရင်သည် ထိုစစ်ရေးကိစ္စနှင့် စပ်လျဉ်း၍ မှူးမတ်သေနာပတိတို့နှင့် တိုင်ပင်တော်မူသည်တွင် မှူးမတ်များက လျှောက်တင်ကြသည်မှာ။

မြန်မာဘုရင်ချီတက်လာသည်မှာ လွန်စွာခရီးဝေးလှပါသည်၊ ဆင်မြင်းဗိုလ်ပါများလည်း တောကြီး,တောင်ကြီးများကို ဖြတ်သန်းကျော်နင်း၍ ချီလာရသဖြင့် ပင်ပန်းကြလိမ့်မည်၊ အပင်တပန်းချီလာသော မြန်မာတပ်များကို ကျွန်ုပ်တို့ကဆီးကြို၍တိုက်လျှင် မြို့တော်သို့ရောက်အောင်မချီနိုင်ဘဲ လမ်းစခန်းတွင် ဘရမ်းဘတာပျက်စီး၍ တပင်ရွှေထီးဆုတ်ခွါရပါလိမ့်မည်၊ သို့ဖြစ်၍ ဆင်မြင်းဗိုလ်ပါများစွာနှင့် မြန်မာတို့တပ်ကို တပ်ဦးကကြို၍ တိုက်ရန်သင့်လှပါသည်။

ဤသို့လျှောက်ထားချက်အတိုင်း ယိုးဒယားဘုရင်လည်း နှစ်သက်တော် မူသည်နှင့် ဆင်မြင်းဗိုလ်ပါအများ စုရုံးစေပြီးလျှင် သားတော်, ညီတော်တို့နှင့် ယိုဒယားဘုရင်ကိုယ်တိုင် မြို့ကထွက်၍ မြန်မာတပ်များကိုကြို၍ နေလေသည်။

တပင်ရွှေထီး၏ဘုန်းတော်ကြောင့် တောသား "လဝလူရိုင်း"များက ယိုးဒယားစစ်တော် ဆီးကြို၍ နေကြောင်းကို လျှောက်တင်လာကြသည်။ ။ထိုအကြောင်းကို သိတော်မူသောအခါ စစ်သုံးကြောင်းခွဲ၍ ယိုးဒယားတပ်ကို တိုက်မှသင့်မည်ဟု ကြံစည်တော်မူပြီးလျှင် စီစဉ်တော်မူသည်မှာ။

ပြည်ဘုရင် သတိုးဓမ္မရာဇာကို ဗိုလ်မှူးပြု၍ တိုက်ဆင် (၁၀၀) စစ်မြင်း(၁၀၀၀) သူရဲ (၁၀၀၀)နှင့် အလယ်ကြောင်းချီ၍ ယိုးဒယားစစ်များကိုမြှူစေ။

ယောက်ဘတော် သျှင်ရဲထွတ်ကိုဗိုလ်မှူးပြု၍ ရှေးနည်းအတိုင်း တိုက်ဆင်(၁၀၀)စစ်မြင်း (၁၀၀၀) သူရဲ(၁၀၀၀၀)နှင့် လက်ဝဲကြောင်းချီ၍ ယိုးဒယားသို့ အလိုက်တွင် ဘိ၍တိုက်စေ။

ငါဘုရင်မူကား တပ်တော်များနှင့် လက်ယာကြောင်းချီ၍ တိုက်တော်မူမည်။

ဤသို့စီရင်တော်မူပြီးလျှင် ရဲရဲဝံ့ဝံ့ ချီတက်ကြလေ၏။ ။အလယ်ကြောင်းချီသော သတိုးဓမ္မရာဇာသည်ကား လွင်ပြင်မှာ မြင်မြင်ထင်ထင်ချီလေသည်။ ။လက်ဝဲကြောင်းချီသော သျှင်ရဲထွတ်သည်ကား တောတောင်ပုန်းကွယ်၍ချီသည်။

ယိုးဒယားတို့သည် အလယ်ကြောင်းချီလာသော မြင်းတပ်ဦးများကို မြင်ကြလေရာ ဆင်ရော,မြင်းရော အတင်းနှင်း၍ တိုက်ကြလေသည်။ ။မြန်မာမြင်းတပ်များက ဆုတ်ခွါဟန်ပြု၍ ပြေးလာသည်တွင် ယိုးဒယားတို့က တဟုန်တည်းဘိ၍ တိုက်ကြလေ၏။

ယိုးဒယားတို့စစ်ကျ ေအာင်လိုက်တွင် သျှင်ရဲထွတ်ကတောမှထွက်၍ နောက်ကပန်းပြီးလျှင် ယိုးဒယားတပ်များကို တိုက်လေ၏။ ။ဘုရင်တပင်ရွှေထီး၏ လက်ယာကြောင်း တပ်လည်း၊ ထိုအခိုက်တွင် မှီလာသည်နှင့် နှင်း၍ တိုက်တော်မူပြန်သည်။ ။ထိုအခါ ယိုးဒယားတို့မှာ စစ်သုံးဘက်ညှပ်မိသည်နှင့် ကြံရာမရဖြစ်ပြီးလျှင် ဖရိုဖရဲ အကွဲကွဲအပြားပြား ပျက်စီး၍ ပြေးမိပြေးရာ ပြေးကြရလေသည်၊ ထိုစစ်ပွဲမှာ ယိုးဒယားတို့ များစွာပျက်စီးရှာကြသည်၊ လွတ်သူလည်း လွတ်လေ၏။

ထိုတိုက်ပွဲသည်ကား "ရာဇထိန်"မည်သော ဌာနတွင် လက်ဦးစွာ တွေ့ဆုံတိုက်ခိုက်ရသော ပထမစစ်ပွဲဖြစ်လေသည်။

ယိုးဒယားဘုရင်၏သားတော်နှင့် ညီတော်ကို မြန်မာတို့ကအရှင်ဘမ်းမိလေ၏၊ ယိုးဒယားဘုရင်ကိုမူကား မမိလိုက်ချေ၊ စုရုံးမိသမျှသော ရဲမက်ဗိုလ်ပါများနှင့် မြို့တော်သို့ အတင်းပြန်ဆုတ်လေသည်။ ။ထို"ရာဇထိန်"ပွဲကို အောင်တော်မူရာ ဆင်မြင်းတို့နှင့်တကွ သုံ့ပန်းလူပေါင်းများစွာတို့ကို ရတော်မူလိုက်သည်၊ မြို့သို့ရောက်လျှင် အခိုင်အလုံ စည်းကြပ်၍ မြို့တွင်းကခုံလေ၏။

## ယိုဒယားမြို့ကိုဝန်းရံ၍ လုပ်ကြံတော်မူခြင်း။

ဆီးကြို၍တိုက်လာသော ယိုးဒယားစစ်ကြီးကို အောင်မြင်တော် မူသောအခါ တပ်ချ၍ နေတော်မမူဘဲ မြို့ရင်းသို့တိုင်အောင် အပြင်းချီတက်၍ လိုက်တော်မူသည်။ ။မြို့သို့ရောက်သော

အခါ ဆိုင်းတွခြင်းမရှိဘဲ မြို့ကိုတဟုန်တည်းတိုက်ခိုက်တော်မူရာ ယိုးဒယားမြို့သည် ခိုင်ခံ့လုံခြုံသည့်ပြင် မြို့ထိပ်ကစစ်သူရဲတို့လည်း လက်နက်အပြည့်အစုံနှင့် ရဲဝံ့စွာ ခုခံကြသောကြောင့် လွယ်ကူစွာ ရတော်မမူချေ။

ယိုးဒယားမြို့သည် ရေဝန်းရံလျက်ရှိသည့်ပြင် မြို့တံတိုင်းလည်း မြင့်သည် ဥရောပတိုက်မှ သင်္ဘောနှင့်လာရောက်ကြသော ကုလားဖြူလူမျိုးတို့က ယိုးဒယားတို့နှင့် စိတ်တူစွာခုခံကြသောကြောင့် မြို့ကိုပေါက်အောင် မဖေါက်နိုင်ဘဲရှိလေသည်။

အလွယ်တကူနှင့် မြို့ကိုမရသဖြင့် စစ်သည်တော်များက မြို့လေးမျက်နှာတွင် လုံခြုံစွာဝန်းရံ၍ ထားရမည်ဟု အမိန့်တော် ထုတ်ပြန်သည်နှင့် ယိုးဒယားမြို့ကိုဝိုင်း၍ ထက်ဝန်းကျင်မှဝန်းရံ၍ ထားကြလေ၏၊ လက်တွင်းသို့ ရောက်သော ကြက်ကဲ့သို့ ယိုးဒယားတမြို့လုံး အမိခံ၍ နေရလေသည်။ ။ထိုသို့ပင် အမိခံရသော်လည်း ယိုးဒယားဘုရင်က လက်မလျှော့ချေ၊ ခုခံမြဲခုခံ၍ နေလေသည်။

တလတိုင်တိုင် ဝန်းရံ လုပ်ကြံပါသော်လည်း မြို့ကိုမရသည်နှင့် ဘုရင် တပင်ရွှေထီးသည် မှူးမတ်များကိုခေါ်၍ တိုင်ပင်တော်မူသည်တွင် ယောက်ဘတော် သျှင်ရဲထွတ်က "ယခုမြို့ရင်းကို တိုက်ခိုက်၍မရနိုင်ဘဲရှိသည်မှာ မြို့ရိုးလည်းမြင့်၍ လုံခြုံပါသည်၊ မြို့တွင်းမှာ နိုင်ငံခြားသားတို့နှင့်တကွ စစ်သည်ရဲမက်တွေလည်း များပြားပါသည်၊ စားရေရိက္ခာလည်း လုံလောက်ဟန်ရှိပါသည်၊ သို့ဖြစ်၍ ဝန်းရံ၍နေခြင်းဖြင့် အချိန်ကိုမကုန်စေဘဲ မြို့ရင်းမှခွါ၍ မြို့ရံများကို တိုက်ရန် သင့်ပါသည်၊ ကမန်ပိုက်မြို့၊ သောက္ကတဲမြို့၊ ပိဿာလောက်မြို့များကို တိုက်ခိုက် သိမ်းပိုက်တော် မူမိပါလျှင် ယိုးဒယားဘုရင်နှင့်တကွ ယိုးဒယားမြို့လက်တော်က လွတ်နိုင်မည်မဟုတ်ပါ၊ ဤကဲ့သို့ နားတော်လျှောက်လေ၏။

သျှင်ရဲထွတ်၏လျှောက်ချက်ကို မှူးမတ်များနှင့်တကွ ဘုရင်ပါနှစ်သက်တော်မူကြသည်နှင့် နောက်တနေ့နံနက်စောစောတွင် ရံတပ်များကိုနှုတ်၍ ကမန်ပိုက်သို့ ချီတော်မူသည်။

## ယိုဒယားဘုရင်က အားရှိအင်ရှိနှင့် လိုက်၍တိုက်ပြန်ခြင်း။

မြန်မာဘုရင် တပင်ရွှေထီးတပ်ကိုနှုတ်၍ ချီတော်မူသည်တွင် ယိုးဒယားဘုရင်က အားလျှော့၍ပြန်သွားတော်မူပြီ ထင်သောကြောင့် စစ်သုံးကြောင်းခွဲ၍ ခနောက်ထပ်လိုက်တိုက်လေသည်။

စစ်သုံးကြောင်းခွဲ၍ လိုက်ပုံမှာ။ ။ယိုးဒယားဘုရင် ညီတော် သြယားပိဿလောက် နှင့် အောက်ဗျစက္ကိတို့ကတတပ်။ ။ယိုးဒယားဘုရင်သမက်၊ သြယားလက္ခန်းအိမ်နှင့် သြယားရံတို့က တတပ်။ ။ယိုးဒယားဘုရင်ကိုယ်တော်တိုင်တတပ်။ ။သည်သုံးတပ်တွင် ဆင်မြင်းဗိုလ်ပါ လက်နက် ကြိယာ လုံလောက်စွာနှင့် နောက်ထပ်လိုက်လာသည်။

## မြန်မာတို့ကခုခံခြင်း။

ဘုရင်တပင်ရွှေထီးသည် "ကမန်ပိုက်" သို့ မရောက်ခင် ယိုးဒယားစစ်များ လိုက်လာကြောင်းကို ကြားသိတော်မူလေရာ ရှေ့သို့တိုး၍ ချီတော်မမူဘဲ ကြားရာအရပ်ဌာနမှာပင် စစ်စခန်းချရပ်တော်မူသည်။

တပ်ချတော်မူပြီးလျှင် တပ်သုံးကြောင်း စီရင်တော်မူသည်မှာ သျှင်ရဲထွတ်ကို ဗိုလ်မှူးခန့်၍ တပ်ပေါင်းငါးတပ်၊ တိုက်ဆင် (၁၀၀) စစ်မြင်း (၁၀၀၀) သူရဲ (၅၀၀၀၀)နှင့် အလယ်ကြောင်း ချီတက်စေ။

တလိုင်းအမတ် "**စောလကွန်းအိမ်**" ကို ဗိုလ်မှူးခန့်၍ တပ်ပေါင်း ငါးတပ်၊ တိုက်ဆင် (၁၀၀) စစ်မြင်း (၁၀၀၀) သူရဲ (၅၀၀၀၀) နှင့် လက်ဝဲကြောင်း ချီတက်စေ။

ထိုပြင်တလိုင်းအမတ် "**ရဲသင်ရံ**"ကို ဗိုလ်မှူးခန့်၍၊ တပ်ပေါင်း ငါးတပ်၊တိုက်ဆင် (၁၀၀) **စစ်မြင်း** (၁၁၀၀) သူရဲ၊ (၅၀၀၀) နှင့် လက်ဝဲကြောင်းချီတက်စေ။

ဤသို့ အမိန့်တော်မှတ်ပြီးလျှင်၊ **စစ်သုံးကြောင်းခွဲ၍**၊ ရှေးဦးစွာ တင်ကြို၍ လွှတ်တော်မူသည်။ ။စစ်သုံးကြောင်းတို့လည်း ယိုးဒယားတို့နှင့် ရင်ဆိုင်တွေ့အောင် ပြန့်၍ ချီတက်ကြရသည်။

ဘုရင် တပင်ရွှေထီးသည်ကား၊ အရပ် ၇-တောင်ရှိသော "**ဇေယျဒိသာ**" မည်သောဆင်တော်ကြီးကိုစီး၍၊မင်းမြောက်တန်ဆာ ဆင်ယင်တော်မူလျက်၊မင်းခမ်းမင်းနားနှင့်၊စစ်သုံးကြောင်းနောက်က ကြီးကျယ်ခမ်းနားစွာ ချီတော်မူသည်။ ။ဆင်တော်ကြီး၏။ ရှေ့နောက်ဝဲယာတို့က၊ ဥရောပတိုက်သား။ ကုလားဖြူ (၃၀၀)တို့ကို၊ သေနတ်ကိုယ်စီနှင့် ဝန်းရံ၍ လိုက်စေသည်။ ။ယိုးဒယားသို့ တပင်ရွှေထီး ချီတော်မူရာတွင်၊ဥရောပတိုက်သား အမှုထမ်းများ ပါကြောင်းလည်း အထင်အရှားပင် ဖြစ်လေသည်။

ဘုရင်တပ်မတော်ကြီး၏ လက်ဝဲက၊ တောင်ငူဘုရင် (**မင်းရဲသီဟသူသည်၊ နာဂဝရ**) မည်သော ဆင်ကြီးကိုစီး၍၊ တိုက်ဆင် (၅၀) စစ်မြင်း (၃၀၀၁) သူရဲ၊ (၁၅၀၀၀) နှင့်လိုက်ရသည်။

လက်ယာကို၊ ပြည်ဘုရင် (**သတိုးဓမ္မရာဇာ**) သည်၊ (**ရဲထွတ်မင်္ဂလာ**) မည်သော ဆင်ကြီးကိုစီး၍၊ တိုက်ဆင် (၅၀) စစ်မြင်း (၃၀၀၀) သူရဲ (၁၅၀၀၀) နှင့်လိုက်ရသည်။

နောက်တော်က၊ တလိုင်းဗိုလ်မှူး (**သမိန့်ဗြသပိုက်သည်။ ယမ်းကမန်**) မည်သောဆင်ကြီးကိုစီး၍။ တိုက်ဆင် (၅၀) စစ်မြင်း (၃၀၀၀) သူရဲ (၁၅၀၀၀) နှင့် လိုက်ရသည်။ ။ဤအခါ၌ ချီတော်မူသော အခမ်းအနားမှာ၊ လွန်စွာပင် ကြီးကျယ်ခမ်းနား လှပေသည်။

ချီ၍တတိုင်ခန့် ရောက်လျှင်၊ ဘုရင်တပင်ရွှေထီးသည်၊ ယိုးဒယားတပ်များကို၊ ကိုယ်တော်တိုင် တိုက်တော်မူလိုသောဆန္ဒဖြင့်၊ (**ရဲယော်ဓါ**) မည်သော၊ မြင်းတပ်ဗိုလ်ကို ခေါ်တော်မူပြီးလျှင် (ယောက်ဘတော်သျှင်ရဲထွတ်တပ်သို့ အမြန်မှီအောင် မြင်းစိုင်း၍သွား။ သျှင်ရဲထွတ်ထံသို့ ရောက်လျှင်၊ ယိုးဒယားများနှင့် တွေ့သော်လည်း မတိုက်နှင့်ဦး။ ငါကိုင့်ဦး။ ငါရောက်တော်မူမှ ကိုယ်တော်တိုင် တိုက်တော်မူမည်၊ ဤကဲ့သို့ အမိန့်တော်ပြန်ချေဟု စေလွှတ်တော်မူလိုက်သည်။

စေလွှတ်သော (**ရဲယော်ဓါ**) လည်း မြင်းနှင့် အပြေးစိုင်းနှင်ပြီးလျှင်၊ သျှင်ရဲထွတ် နားခံရန် အမိန့်တော်ကို ပြန်လေ၏။ ။သျှင်ရဲထွတ်လည်း။ ရိုသေစွာလက်အုပ်ချီမိုး၍၊ အမိန့်တော်ကိုနားခံနေရသည်။ ဤကဲ့သို့ အမိန့်တော်ပြန်သည်မှာ။အခြားကြောင့်မဟုတ်။သျှင်ရဲထွတ်သည်၊ စစ်တိုက်မှု

ရေးရာတွင် လွန်မှာဇွဲသန်၍၊ ဆိုင်းတွခြင်းမရှိဘဲ အရေးတကြီးတိုက်လေ့ရှိသည်။ ဤအကြောင်းကို ဘုရင်တပင်ရွှေထီး သိတော်မူသည်တကြောင်း။ ယိုးဒယားသို့ ကိုယ်တော်တိုင် ချီလာရာတကြိမ် တခါမှ မတိုက်ရသေးသည်နှင့်၊ ကိုယ်တော်တိုင် အောင်ပွဲယူလိုသည် တကြောင်း၊ ဤအကြောင်း များကြောင့် အမိန့်တော်ကို တင်ကြို၍ ပြန်ရခြင်းဖြစ်သည်။

ယောက်ဘတော်သျှင်ရဲထွတ်သည်။အမိန့်တော်ကိုနာခံ၍၊ ရှေ့စခန်းသို့ ချီတက်သွားလေရာ ရေအင်းကြီးတွေ့သည်နှင့်။တိုက်ဆင်များကို။ ထိုရေအင်းကြီးထဲမှာ၊ အားအင်ပြည့်အောင်ရေစိမ်၍ နေစေသည်။ ။မြင်းတတ်သား သုံးရာကို၊ ရှေ့သို့စေလွှတ် ချီတက်စေ၏။ ။ထိုမြင်းတပ်များ သည်။ ယိုးဒယားတို့ ချီလာသော စစ်ဦးစစ်ဖျားနှင့် တွေ့ကြလေရာ။ တိုက်မည်အရောင် ဟန် ဆောင်ပြီးလျှင်။ ကြေက်လန့်၍ ထွက်ပြေးသော အယောင်ဖြင့်၊ ဆုတ်ခွါ ထွက်ပြေးကြလေရာ ယိုးဒယားတို့လည်း မြန်မာ မြင်းတပ်များကို နောက်တပ်များထင်သည်နှင့် အတင်းဘိ၍ လိုက် လေ၏။

ယိုးဒယားစစ်များ၊ အင်အားကြီးစွာနှင့် လိုက်လာကြောင်းကို သျှင်ရဲထွတ် သိတော်မူ လေရာ ရေစိမ်ထားသော ဆင်များကို ရေကတက်စေပြီးလျှင်၊ ကကြိုးတန်ဆာဆင်ယင်၍၊ လက် အောက်ခံ ဗိုလ်မှူးများနှင့်တကွ အသီးအသီး ဆင်စီးကြပြီးလျှင်၊ ဆင်ဦးကင်းတွင် အမြောက်, သေနတ်, တင်ကာ ဘုရင်မင်းမြတ် အမိန့်တော်အတိုင်း ဘုရင့်တပ်တော်ကြီးကို စောင့်ဆိုင်းကာ နေလေသည်။

ထိုအခါ သျှင်ရဲထွတ်သည်။ "ဇေယျပလ္လင်" မည်သော ဆင်တော်ကြီးစီးကာ ငံ့လင့် တော်မူသည်။ ။သျှင်ရဲထွတ်၏ သားတော် အသက် ၁၃-နှစ်ရှယ်ရှိ။ "ဇေယျသိဟ" မည်သော သားတော်ကလေးလည်း ခမည်းတော် သျှင်ရဲထွတ်စီးသော ဆင်၏ နောက်က "ရဲလုလင်" မည် သော ဆင်ကိုစီး၍၊ ခမည်းတော်၏ အရိပ်အဆင်ကို ကြည့်၍ နေသည်။

လက်ယာကြောင်းချီတက်သော **စောလကွန်းအိန်** လည်း။ **"မဏိဇော်ကရုတ်"** မည်သော ဆင်ကိုစီး၍၊ မိမိဗိုလ်ပါများနှင့် တကွ၊ လက်ယာကြောင်း ရှေ့သို့တိုး၍ ချီတက်လေသည်။

လက်ဝဲကြောင်း ချီတက်သော **သမိန်းရဲသင်ရဲ**လည်း။ **ရွှတ်သန္တိုက်နဲ** မည်သော တလိုင်း ဆင်ကြီးကိုစီး၍၊ မိမိဗိုလ်ပါများနှင့်လက်ဝဲကြောင်းရှေ့သို့ တိုး၍ ချီတက်သည်၊ ဘုရင့်အမိန့်တော် ကြီးကြောင့် ယိုးဒယားတပ်များကို မတိုက်ကြလေ။

လက်ဝဲ, လက်ယာ, ချွန်၍ချီတက်ကြသောအခါယိုးဒယားစစ်များသည်။ လက်ဝဲလက်ယာ စစ်မျက်နှာ နှစ်ဘက် ညှပ်မိလေ၏။ ။သို့ရာတွင်၊ ယိုးဒယားများသည်။ တိုက်ချင်အားကြီးနှင့် လက်ဝဲ, လက်ယာ, ခတ်ကွာကွာက ချီတက်သော မြန်မာတပ်များကို သတိမမူမိဘဲ။ အလယ် ကြောင်း ချီသော သျှင်ရဲထွတ် တပ်ဆီသို့သာ အတင်းတိုး၍ လာလေ၏။

## ဆင်ချင်းတိုက်ပွဲကြီး။

ယိုးဒယားစစ်များနီးကပ်၍ လာသောအခါ၊ဘုရင့်အမိန့်တော်အတိုင်း မလိုက်နာဘဲနေလျှင် ယိုးဒယားတို့က မြန်မာကို အထင်သေး၍၊ စစ်သွေးနည်းသည်ဟု အယူရှိကြလိမ့်မည်၊ သူတို့က

တိုက်၍၊ ကိုယ်ကမတိုက်လျှင်၊ သူတို့က ရသွားလိမ့်မည်။ ဘုရင်မင်းမြတ် အပြစ်တော်တင်လိုလျှင် တင်စေ၊ ကွပ်မျက်ချင်လျှင်လဲ ကွပ်မျက်စေတော့ မြန်မာဇာတိသွေး ညှံ့ဖျင်း၍ ရဲရင့်ခြင်းမရှိဟု အထင်လွဲမည်ကို မခံလို၊ ဤကဲ့သို့ကြံစည်တော်မူပြီးလျှင်။ မိမိလက်အောက်ခံ ဗိုလ်မှူးများကို။ ဆင်ဦးကင်းက ဓါးဝင့်၍ နိမိတ်ပြပြီးလျှင်ယိုးဒယားတို့ စစ်တပ်သို့၊ ဇေယျပလ္လင် ဆင်တော်ကြီးကို ချွန်းဘွင့်ကာ၊ အဟုန်နှင့် တကွ လွှတ်တော်မူသည်။

ထိုအခါ သားတော် ဇေယျသီဟလည်း။ရဲလုလင် ဆင်တော်ကိုစီး၍၊ အတင်းလွှတ်လေ၏။

ထိုပြင်၊ ဗိုလ်ဖြစ်ကြသော စစ်တောင်းစား မဟာကြီးက။ မာတင်ပြောင်ပွန် ဆင်ကိုစီး၍။ သမိန်ဝရမ်းက။ ဇေယျသတ္တရ ဆင်ကိုစီး၍၊သမိန်အဲပရဲက။ စွယ်ပလ္လင်ဆင်ကို စီး၍၊ အသီးအသီး ယိုးဒယား တပ်သို့ တဟုန်တည်း လွှတ်ကြလေ၏။

ဤကဲ့သို့ သျှင်ရဲထွတ်အုပ်စီးသော တပ်ကြီးတခုလုံးယိုးဒယားတပ်ကြီးအတွင်းသို့၊ ဆင်ရော, မြင်းရော, စစ်သည်ဗိုလ်ပါရော, အတင်းလွှတ်၍။ ရှုပ်ရှုပ်ချွံချွံ တိုက်ကြသောအခါ၊ယိုးဒယား ဘုရင်၏ သမက်တော် ဩယားလက္ခန်းအိန် ၏ တပ်ကြီးသည်။ ဖရိုဖရဲ ဆုတ်ခွါပျက်စီးလေ၏။

တပ်အပျက်တွင်။ ဩယားလက္ခန်းအိန်က။ အရပ် ၇-တောင်ရှိသော။ ဇေယျနုဘတ် အမည်ရှိသောဆင်ကိုစီး၍ အရဲစွန့်ကာ၊ အတင်း ဝင်တိုက်လာသည်တွင် သျှင်ရဲထွတ်က။ဇေယျာ ပလ္လင် ဟူသောဆင်ကိုစီး၍ လိုက်တိုက်ရာ။ယိုးဒယားဆင် ဇေယျနုဘတ်၏ အာဂေါင်ကို။ အစွယ် ထိုးမိလေ၏။ ။အာဂေါင်ကို။အစွယ်ထိုးမိသည်နှင့် ရပ်တန့်ကာစိုက်၍နေသည်တွင် သျှင်ရဲထွတ်၏ သားတော်။ အသက် -၁၃-နှစ်ရွယ်။ ဇေယသီဟက၊ ရဲလုလင်ဟူသော ဆင်တော်နှင့် အတင်း ဝင်၍တိုက်ရာ။ ယိုးဒယားဆင်၏ မုန်အိုးကို ထိုးမိပြန်လေ၏။

ထိုအခါ ယိုးဒယားဆင် ဇေယျနုဘတ်သည် ကြောက်လန့်အားကြီးနှင့် မျက်နှာ သုန်၍ လှည့်ပြေးလေသည်။ ယိုးဒယားဘုရင်၏ သမက်တော် ဩယားလက္ခန်းအိမ်လည်း ဆင်နှင့် တကွ ထွက်ပြေးရလေသည်။

ထိုနောက် ယိုးဒယားဘုရင်ညီတော် ဩယားပိသလောက်သည် အရပ်၇-တောင်ရှိသော ကြို့စက္ကဝတ်ဟူသော ဆင်ကြီးကိုစီး၍ တိုက်လေပြန်သည်တွင် တလိုင်းအမတ်ကြီး စောလက္ခန်း အိမ်က မဏိဇော်ကရတ်ဟူသော ဆင်ကိုစီး၍ ဗိုလ်ရံများနှင့်တိုက်ပြန်ရာ၊ ဩယားပိသလောက် လည်း တပ်လှန်ကာ ဆုတ်ပြေးရလေ၏။

ထိုနောက် အောက်ဖြစက္ကိမည်သော ယိုးဒယားအမတ်ကြီးက ရှုတ်တပိတုံ မည် သော ဆင်ကိုစီး၍ တိုက်လာပြန်သည်တွင် တလိုင်းအမတ်ကြီး သမိန်ရဲသင်ရံက ရှုတ်သနိုက် မည်သော ဆင်ကိုစီး၍ တိုက်လေရာ၊ ယိုးဒယားအမတ်အောင်ဖြစက္ကိသည် ထိုစစ်ပွဲတွင် ဆင်နှင့်တကွအသက် ဆုံးရှုံးလေ၏။ ထိုအခါ ယိုးဒယားက ချီတက်လာသော စစ်သုံးကြောင်း ပျက်စီး၍ပြေးကြလေ သည်။

## ယိုးဒယားဘုရင်၏ အမတ်တော်ကို ဆင်နှင့်တကွ အရှင်ဘမ်းခြင်း

ယိုးဒယားတပ်ကြီးဖရိုဖရဲပျက်စီးသည်တွင် ယိုးဒယားဘုရင်၏ သမက်တော် ဩယားလ ကွန်းအိန်သည် ဇေယျနုဘတ်ဆင်ကိုစီး၍ပြေးလေရာ ရေအင်းကြီးတခုကို တွေ့လေသည်တွင် ဆင် လည်း ပင်ပန်းလှသဖြင့် ချွန်းချိပ်၍မရဘဲ ရေအင်းသို့အတင်းဆင်းပြီးလျှင် ရေစိမ်၍နေလေ၏။

မြန်မာစစ်သည်တော်များမြင်၍ အင်းကြီးကို ဝန်းဝိုင်းကြရာ၊ ယိုးဒယားဘုရင်၏ သမက် တော်သည် ဆင်မှဆင်း၍ပြေးမည်အပြုတွင် ဝန်းဝိုင်းဘမ်းဆီးကြသည်နှင့် ဆင်နှင့်တကွ လက်ရ အရှင်ဘမ်းမိလေသည်။

ယိုးဒယားဘုရင်ညီတော် ဩယားပိသလောက်သည် မိမိစီးသောဆင်မှဆင်း၍ပြေးလေရာ၊ ဘမ်းဆီး၍မရလိုက်ဘဲ လွတ်၍ထွက်ပြေးလေ၏။ ဩယားပိသလောက်စီးသော "ကြိုစက္ကဝတ်" ဆင်ကိုမူကား၊ မြန်မာစစ်သည်တော်များက လက်ရ ဘမ်းဆီးမိလေသည်။

ယိုးဒယားဘုရင်သည်ကား နောက်က ချီလာသည်နှင့် မြန်မာစစ်သည်တော်များနှင့် မျက် နှာချင်းပြိုင်ဆိုင်မတိုက်ရတော့ချေ။ ယိုးဒယားတပ်တွေ ပျက်စီးပြန်ဆုတ် ထွက်ပြေးရကြောင်းကို သိသည်နှင့် အလျှင်အမြန် မြို့တော်သို့ ပြန်ပြေးသဖြင့် လွတ်လေ၏။

ထိုစစ်ပွဲတွင် မြန်မာစစ်သည်တော်များက ယိုးဒယားတို့အပြေးတွင် အတင်းနှင်းလိုက်၍ ပစ်ခတ်ထိုးခုတ်ကြလေရာ ယိုးဒယားပေါင်းများစွာ သေကြေ ပျက်စီးကြလေ၏။ ယိုးဒယားတို့ လက်မှ ဆင်၊မြင်း၊သုံ့ပန်းတို့ကို များစွာရလိုက်သည်။ ယိုးဒယားနိုင်ငံဖြစ်လက်နက်ကြိယာတို့ကို လည်း များစွာရလိုက်သည်။

ယောက်ဖတော်သျှင်ရဲထွတ်လည်း ဘမ်းဆီးရမိသော ဆင်မြင်းသုံ့ပန်းများနှင့် လက်နက် ကြိယာတို့ကို စုဆောင်းပြီးလျှင် ဘုရင်တပင်ရွှေထီး ဆိုက်ရောက်တော်မူသောအခါ ဆက်သရန် အသင့်ပြင်ဆင်၍ ထားလေသည်။

## ဘုရင်တပင်ရွှေထီး ဆိုက်ရောက်လာ၍ အပြစ်တင်တော်မူခြင်း

ဘုရင်တပင်ရွှေထီးချီတက်တော်မူလာရာ၊ လမ်းခရီးကပင် အမြောက်သံများကို ကြားသ ဖြင့် ယိုးဒယားတို့နှင့် တိုက်ကြပြီဟု သိတော်မူသည်။ အောင်မြင်ပြီးမှ ဆိုက်ရောက်တော်မူလာ၍ ထိုအောင်ရာဌာနမှာပင် တပ်ချရပ်တော်မူသည်။ ယောက်ဖတော် သျှင်ရဲထွတ်က ဘမ်းမိ သိမ်း ဆည်းထားသော ဆင်၊မြင်း၊သုံ့ပန်းများကို ဆက်သလေသည်။

ထိုအခါ ဘုရင်တပင်ရွှေထီးက မှူးမတ်ဗိုလ်ပါအစုံအညီတွင် ယောက်ဖတော်သျှင်ရဲထွတ်ကို ရှေ့တော်သို့ခေါ်၍ "ယိုးဒယားတို့နှင့်တွေ့လျှင် အမြန်မတိုက်နှင့်၊ ငါကိုယ်တိုင်၊ ငါရောက်မှ တိုက် တော်မူမည်ဟု မြင်းစေကျော်လွှတ်၍ အမိန့်ပြန်ပါသည်ကို၊ ငါ့အမိန့်တော်ကို မနာခံဘဲ တိုက်နှင့် သည်။ ငါ့ပွဲကိုဖျက်ဆီးသည် မဟုတ်လား"ဟု ရာဇမာန်ဖြင့် မိန့်တော်မူသည်။

ထိုအခါ သျှင်ရဲထွတ်က လက်အုပ်ချီမိုးလျက် "ကျွန်တော်သည် အမိန့်တော် အတိုင်း၊ ဗိုလ်ပါဆင်မြင်းတို့ အသင့်ပြင်ဆင်ကာ ဘုန်းတော်ကြီးလှသောဘုရားကို မျှော်၍ စောင့်ဆိုင်း၍

ပင် နေပါသည်။ မျောင်ချစောင့်ဆိုင်းနေရင်းပင် ယိုးဒယားစစ်များသုံးကြောင်းခွဲ၍ ကျွန်တော့် တပ်ရှိရာသို့ အတင်းချီတက်လာကြပါသည်။ အမိန့်တော်အတိုင်း မတိုက်ဘဲနေပါလျှင်ယိုးဒယား တို့က သတ္တိညံ့ဖျင်း၍ ရဲသွေးမရှိ ကြောက်သည်ဟု ဆိုကြပါလိမ့်မည်။ မတိုက်ဘဲနေလျှင် ထိုစစ် ပွဲကို အောင်မြင်နိုင်လိမ့်မည်လည်းမဟုတ်ပါ။ ယိုးဒယားတို့က အောင်ပွဲရသွားလျှင်ကျွန်တော်တို့ မြန်မာများမှာ နောင်အစဉ်အမည်ပျက်စီးရန်ဖြစ်ပါသည်။ သူ့ရဲကောင်းတို့ သဘောမှာ စစ်ချင်း ဆိုင်လျှင် နိုင်အောင် တိုက်ဘို့ကိုသာ အရေးကြီးစွာ အားထုတ်ရစမြဲဖြစ်ပါသည်။ ဤအကြောင်း များကို မျှော်ထောက်စဉ်းစားမိသည်နှင့် ငါ့ကိုရာဇဝတ်တော်နှင့် သတ်စေတော့၊ သည်စစ်ပွဲမှာ ဖြင့် အရှုံးမခံနိုင်တော့ဘူး၊ အောင်ပွဲရ၍ သေခြင်းကမြတ်သေးသည်။" ဤကဲ့သို့နှလုံးပိုက်လျက် အမိန့်တော်အတိုင်းမတည်ဘဲ တိုက်ခိုက်မိပါသည်ဘုရား၊ အမိန့်တော်ကိုလွန်ဆန်မှုကြောင့် သတ် တော်မူလိုပါလျှင် သည်ဗိုလ်ပုံအလယ်မှာပင် ကျွန်တော့်ကိုသတ်တော်မူပါဟု ရဲဝံ့စွာလျှောက် တင်လေသည်။

ဘုရင်တပင်ရွှေထီးလည်း လျှောက်ချက်ကိုကြားရာ၊ အမျက် ကျေတော်မူသဖြင့် အမိန့် တော်ကို လွန်ဆန်သည်ကားဆိုထိုက်၏။ သို့ရာတွင် အမှုတော်မလစ်လပ်အောင် စွမ်းဆောင်ကြိုး စားပေးသည့်အတွက် ထိုသို့အပြစ်တင်တော်မူဘို့မရှိပြီဟု မိန့်တော်မူပြီးလျှင်ဗိုလ်ပုံပရိသတ်အလယ် မှာ အကြီးအကျယ် ရဲဆုပေးတော်မူသည်။

**ပေးတော်မူသောလာဘ်များမှာ**

(၁) ပတ္တမြားစီသော သင်းကျစ်တော်။
(၂) ပတ္တမြားစီသော လက်ဘက်အိုး၊ ကွမ်းခွက်၊ ရေတကောင်းဖုံး။
(၃) ရွှေထီးလေးစင်း။
(၄) ကိုယ်တော်တိုင် ဝတ်တော်မူသော ကတီပါဝတ်လုံ။
(၅) လက်တော်နှစ်ဘက်တွင် ဝတ်တော်မူသော ပတ္တမြား လက်ကောက်နှင့် ပတ္တမြား လက်စွပ်တော်များ။
(၆) သဉ္ဇာလီနှင့်တကွစီးတော်မူသော နာဂဝရ ဆင်တော်ကြီး။
(၇) ရွှေကကြိုးအစုံနှင့်စီးတော်မူသော မြင်းတော်။ဤဆုလာဘ်များဖြစ်သည်။ ယောက် ဘတော် သျှင်ရဲထွတ်အား ရဲဆုသနားတော်မူသောအခါ ဗိုလ်ပုံပရိသတ်တို့လည်း ဝမ်းမြောက် အားရ နှစ်သက်ကြသည်။

**သျှင်ရဲထွတ်၏ သားတော်ကလေးအား ဘွဲ့ထူးနှင့် ဆုပေးတော်မူခြင်း**

ယိုးဒယားဘုရင်၏ သမက်တော် ဩယားလက္ခန်းအိမ်ကို တိုက်ရာတွင် သျှင်ရဲထွတ်၏ သား တော်ကလေး အသက်၁၃-နှစ်ရှယ်ဇေယျသီဟက "ရဲလုလင်"ဆင်ကိုစီး၍ ကျည်တိုက်ခိုက်ကြောင်း နှင့် လျှောက်တင်ကြရာတွင် ဘုရင်တပင်ရွှေထီးက အားရနှစ်သက်တော်မူလှသဖြင့် "ငါ့တူတော် ဇေယျသီဟသည် အဝဘုရင်မင်းခေါင်၏သားတော်မင်းရဲကျော်စွာကဲ့သို့အရွယ်နှင့်မလိုက်အောင် တိုက်ပွဲ၌ ရဲရင့်ပေသည်ဟု ချီးမွမ်းတော်မူပြီးလျှင် **မင်းရဲကျော်စွာ**ဟူသော ဘွဲ့ဆုလာဘ်များကိုပေး သနားတော်မူလေသည်။

ထိုပြင်တပါး တိုက်ပွဲ၌ ရဲရင့်စွာအမှုထမ်းသော သူရဲကောင်းများကိုလည်း ထိုက်ထိုက် လျောက်လျောက် ရွေးချယ်စိစစ်၍ ဆုလာဘ်နှင့်ဘွဲ့မည်များကို ပေးသနားတော်မူသည်။ ဆက်သသော ဆင်မြင်းလက်နက်များကိုလည်း သိမ်းတော်မူသည်။

## "တိုင်ပင်တော်မူခြင်း"

ထိုအောင်ပွဲရသော ဌာနဥ္စပင်လျင် ယာယီနန်းဖြင့် ခေတ္တစံတော်မူပြီးလျှင် မှူးမတ် သေနာပတိအစုံအညီ ရှေ့တော်သို့ခေါ်၍ တိုင်ပင်တော်မူသည်မှာ "ယခု ယိုးဒယားစစ်ကြီး သုံးကြောင်းကို နိုင်လိုက်သည်မှာ အလွန်အရေးပါ၍ ယိုးဒယားတို့မှာ ရှုံးချက်အလွန်နာသွားပြီ။ယိုးဒယားမြို့ရင်းကို ပြန်၍တိုက်လျှင်သင့်မည်လော။ သို့မဟုတ် ကမန်ပိုက်စသော မြို့ရံများကို တိုက်လျှင်သင့်မည်လော။ မှူးမတ်သေနာပတိတို့ ထင်မြင်ချက်အတိုင်း လျှောက်တင်ကြရမည်။ ဤသို့ အမေးတော်ရှိသည်။

စစ်တောင်းမြို့စား "မဟာကြီး"က လျှောက်တင်သည်မှာ ယခင် ကျွန်တော်တို့ချီလာစဉ်က "ရာဇသိန်"အရပ်တွင် ဆီးကြို၍တိုက်သော ယိုးဒယားတပ်များကို နိုင်လိုက်သည်တကြိမ်၊ ယခုတကြိမ် နှစ်ကြိမ်တိုင်တိုင်အောင်ပွဲရပါပြီ။ ယိုးဒယားဘုရင်၏ သား၊ သမက် ညီမှစ၍ မှူးမတ်ဗိုလ်ပါဆင်မြင်းများကိုလည်း ရပါပြီ။ ယိုးဒယားဘုရင်မှာ ကိုယ်လွတ်ရုံး၍ ထွက်ပြေး လေသောကြောင့်သာလျှင် ရှေ့လက်တော်က လွတ်ရလေသည်။ ယိုးဒယားတို့ ရှုံးချက်နာလှသဖြင့် လွန်စွာကြောက်လန့်ကြလေပြီ။သို့အတွက် ယခုတဘန် မြို့ရင်းသို့ပြန်၍ တိုက်တော်မူပါလျှင် လွယ်ကူစွာနှင့် အောင်မြင်တော်မူမည်အမှန်ပါဘုရား။ ဤသို့ လျှောက်တင်လေသည်။

တလိုင်းအမတ် စောလကွန်းအိန်နှင့် ရဲသင်ရံက လျှောက်တင်ချက်အတိုင်း သင့်လျော်လှပါသည်ဟု ထောက်ခံလျှောက်တင်ကြသည်။

ထိုနောက် ပြည်ဘုရင်သတိုးဓမ္မရာဇာက လျှောက်တင်သည်မှာ။ယိုးဒယားမြို့သည် အခြားမြို့များနှင့်မတူ၊ ချောင်းမြောင်းမြစ်တွေ ပတ်လည်ဝိုင်းရံလျက်ရှိသဖြင့် စစ်တလင်းမသာယာပါ။ မြစ်အတွင်းမှာလည်း နိုင်ငံခြားက လာရောက်ကြသော သင်္ဘောတွေ များလှပါသည်။ နိုင်ငံခြားသားများလည်း သူတို့ဆိုင်ရာ လက်နက်အင်အားနှင့် ခုခံလျက်ရှိကြပါသည်။ ပျက်စီးဘူးသောမြို့မဟုတ်သောကြောင့် အလွယ်တကူနှင့် အောင်မြင်ရန် ခဲယဉ်းပါသည်။ မြို့ကိုရအောင် ကြိုးစားမည်ဖြစ်ပါက၊ ယိုးဒယားမြို့ထက်မြင့်အောင် မြို့ရိုးအခိုင်အခံ့တည်လုပ်ကြံစည်မှ ဖြစ်နိုင်ပါမည်။ ဤကဲ့သို့ ကြာရှည်စွာဝန်းရံနေလျှင်လည်း စစ်ရိက္ခာများ မလုံမလောက် ဖြစ်ပါလိမ့်မည်။ သည်တကြိမ်မှာ စစ်သည်တော်များလည်းပန်းပြီဖြစ်၍ နေပြည်တော်သို့ ပြန်ပြီးလျှင် အဝ စစ်ကိုင်းစသော အညာမြို့များနှင့် ရှမ်းပြည်များကို တိုက်သိမ်းတော်မူပြီးမှ ယခုထက် များပြားသော ဗိုလ်ပါအင်အားနှင့် နောက်တကြိမ် ချီတက်လုပ်ကြံမှ သင့်မည်ထင်ပါသည်။ ဤသို့ လျှောက်တင်လေ၏။

ထိုနောက် နန္ဒသကြံန်က လျှောက်တင်ပြန်သည်မှာ "ယိုးဒယား ဘုရင်သခင် ရှုံးချက်နာလှသဖြင့် အလွန်ကြောက်လန့်နေပါပြီ။ သား,သမက်,ညီနှင့်တကွ မှူးကောင်း,မတ်ကောင်း, ဆင်

ကောင်း မြင်းကောင်းများကို ဘမ်းဆီးရခဲ့ပြီဖြစ်သောကြောင့် ယိုးဒယားဘုရင်တင်းမာနိုင်တော့မည်မဟုတ်ပါ။ ကျွန်တော့် အထင်မှာ၊ မကြာမီအတွင်း ယိုးဒယားဘုရင်သည် အောက်ကျို့ခံ၍ ချေငံသာယာသောစကားဖြင့် အမှန်လျှောက်ထားလာရပါလိမ့်မည်။ ယိုးဒယားမြို့ရင်းသို့ အပန်းတကြီး တိုက်တော်မမူရဘဲ ဘဝါးတော်အောက်သို့ အလိုလိုရောက်ရပါလိမ့်မည်။ သို့ရာတွင် ယခုလည်း စစ်တိုက်ချိန်ရှိသေးသောကြောင့် နေပြည်တော်သို့တိုက်ရိုက်ပြန်တော်မမူသေးဘဲ **ကမန်ပိုက်**စသောမြို့များကို တိုက်ခိုက်ရန်သင့်ပါသေးသည်။ ထိုမြို့ရံမျာ:ကို လွယ်ကူစွာနှင့် ရတော်မူပါမည်။ မြို့ရံများကို ရတော်မူလျှင် ဗိုလ်ပါအင်အား အခိုင်အခံ့ထား၍ ရိက္ခာများရအောင် မိုးတွင်းမှာ လယ်လုပ်စေ၍ ရိက္ခာတင်လှေများကိုလုပ်ရန် သင့်ပါသည်ဘုရား။ ဤသို့ လျှောက်ထားလေသည်။

ယောက်ဘတော်သျှင်ရဲထွတ်ကလည်း နန္ဒသကြံန်၏ လျှောက်တင်ချက်မှာ သင့်လျော်လှပါသည်ဟု ထောက်ခံလျှောက်ထားလေ၏။ ဘုရင်ရွှေထီးလည်း သည်လျှောက်ချက် အတိုင်းပင် နှစ်သက်တော်မူသည်နှင့် **"ကမန်ပိုက်"**သို့ချီရန် အမိန့်ထုတ်ပြန်တော်မူလေသည်။

အမိန့်တော်အတိုင်း အလုံးစုံသော စစ်သည်တော်များ ကမန်ပိုက်သို့ ချီတက်တော်မူသည်တွင် ကမန်ပိုက်မြို့စားလည်း ချီတော်မူလာပြီကြားလျှင် လွန်စွာ ကြောက်လန့်သည်နှင့် မခုခံဘဲ မိမိဗိုလ်ပါသင်းပင်းကိုယူ၍ ထွက်ပြေးလေသည်။ ဘုရင်တပင်ရွှေထီး ဆိုက်ရောက်တော် မူလာသော အခါ လွယ်ကူစွာနှင့်ပင် ကမန်ပိုက်ကိုမတိုက်ရဘဲ ရရှိတော်မူသည်။ ကမန်ပိုက်ကို လက်ရသိမ်းပိုက်တော်မူသောအခါ **"သောက္ကတဲ"**မြို့သို့ ဗိုလ်ပါခွဲ၍ စေလွှတ်တော်မူရန် စီမံတော်မူပြန်သည်။

## "ယိုးဒယားဘုရင် အညံ့ခံခြင်း"

မြန်မာဘုရင်တပင်ရွှေထီးသည် ကမန်ပိုက်မြို့ကို ရတော်မူပြီဟုကြားလျှင် ယိုးဒယားဘုရင်သည် အလွန်ထိတ်လန့်ခြင်းဖြစ်လာသည်နှင့် မှူးမတ်များကို ခေါ်၍တိုင်ပင်တော်မူသည်မှာ၊

(ယိုးဒယားဘုရင်) မြန်မာဘုရင်သည် ဘုန်းတန်ခိုးကြီးလှသည်ဟု ကြားတဲ့အတိုင်း ညီညွတ်လှပေသည်။ ယခုချီလာရာတွင် ငါတို့က တပွဲမျှစစ်ရေးမလှဘဲ ပြိုင်ဆိုင်တိုင်းပင် ရှုံးရတယ်။ ယခုလဲ မြို့ရံဖြစ်တဲ့ကမန်ပိုက်ကို သူရသွားပြန်ပေါ့။ သားတော်၊ သမက်တော်၊ ညီတော်များလဲ၊ သူ့လက်တွင်းသို့ ရောက်နေပြီ။ နောက်တဘန် မြို့ရင်းသို့တိုင်အောင် ချီတိုက်လျှင် ခံနိုင်ဘွယ်ရာ ရှိမည်မထင်ဘူး။

(မှူးမတ်များ) အမိန့်တော်အတိုင်း မြန်မာဘုရင်တပင်ရွှေထီး ဘုန်းကြီးရိုးမှန်လှပါသည်။ သူ့ဗိုလ်ပါမှူးမတ်တို့ကလည်း အသက်ကိုအသက်မမှတ်။ ရဲရဲဝံ့ဝံ့ ရွတ်ရွတ်ချွံချွံ အားသွန်ကြိုးပမ်းတိုက်လေ့ရှိပါသည်။ သည်ပုံသာဖြင့် ခံနိုင်မည်မထင်ပါ။ အသာအယာနည်းလမ်းဖြင့် စီရင်မှသင့်မည်ထင်ပါကြောင်း။

(ဘုရင်) လျှော့၍မပေးဘဲ တင်းမာနေလျှင် ငါတို့ယိုးဒယားနိုင်ငံဟာ နစ်နာသည်ထက် နစ်နာဘို့ရှိလိမ့်မယ်။ သား၊သမက်၊ညီတော်များကိုလဲ ပြန်၍ ရလေအောင် အညံ့ခံ ပေးမှသင့်တော့မယ်။

(မှူးမတ်များ) အင်အားမတူမျှသေးတဲ့အခိုက်မှာ အန်တုပြိုင်ဆိုင်ဘို့ မသင့်ပါ။ တိုင်းသူပြည်သားတို့နှင့် ဆင်မြင်းဗိုလ်ပါများချမ်းသာအောင် သည်းခံခြင်းတရားကိုလက်ကိုင်ထားတော်မူပြီး အလျှော့ခံခြင်းသာ သင့်မြတ်မည်ဖြစ်ပါကြောင်း။

ဤကဲ့သို့ တိုင်ပင်တော်မူပြီးလျှင် ယိုးဒယားဘုရင်သည် ချေါင်ကြို့နွံသောသဝဏ်လွှာကို ရေးသားတော်မူပြီးလျှင် လိမ္မာသော ယိုးဒယားအမတ်နှစ်ဦးကို လက်ဆောင်တော်များနှင့်တကွ၊ ကမန့်ပိုက်တွင် စစ်စခန်းချရပ်တော်မူလျက် ရှိသော မြန်မာဘုရင် တပင်ရွှေထီးထံသို့ တမန့်စေလွှတ်တော်မူလေသည်။

## "တပင်ရွှေထီး၏ နူးညံ့သော နှလုံးတော်"

သံတော်ဦးတင်လွှာ, လက်ဆောင်ပဏ္ဏာတို့နှင့်တကွ၊ ယိုးဒယား သံအမတ်နှစ်ဦးအထံတော်သို့ ဆိုက်ရောက်လာသောအခါ ဘုရင် တပင်ရွှေထီးက အကြည်အသာ လက်ခံတော်မူသည်။ ဆက်သသော သဝဏ်လွှာကို ဘတ်လျှောက်စေရာ၊ အောက်ပါသော အဓိပ္ပါယ်အတိုင်း ကြားသိတော်မူရလေ၏။

## သံတော်ဦးတင်စာ သဝဏ်လွှာ

ယိုးဒယားဘုရင်-မြသာဓိရာဇာ သံတော်ဦး တင်ဝံ့ပါသည်။ ဘဝရှင်မင်းတရား ချီတော်မူလာသည်ကြား၍ ဆင်စီးချင်းတိုက်မှ သင့်မည်ဟူသောအကြံနှင့် ဆင်မြး ဗိုလ်ပါ ဖြည့်တင်း၍ အသင့်ကြိုနေရာ ဘုန်းကြီးသည့်အရှင်နှင့် စီးချင်းမတိုက်ဝံ့သောကြောင့် သား,သမက်,ညီများကို သာတိုက်စေရာ မခံနိုင်ဘဲ ပျက်စီးရပါသည်။ နောက်တကြိမ်လည်း ထိုနည်း အတိုင်းပင် ပျက်စီးရပြန်ပါသည်။ ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရားက သနားတော်မူပါသဖြင့် ကျွန်ုပ်၏ သား,သမက်, ညီ,တို့ကို လွှတ်တော်မူပါ။ ကျွန်ုပ်သည် အရှင့်သစ္စာတော်ကိုခံ၍ နှစ်တိုင်း,နှစ်တိုင်း,တိုက်ဆင် အစီးသုံးဆယ်ငွေတော်ပိဿာ(၃၀၀)နှင့်တကွ တနင်္သာရီသင်္ဘောဆိပ်ခွန်များကို ဆက်သပါမည်။ ။ယခုလည်း "မြတ်ကြီး" "မြတ်ငယ်" မည်သော တိုက်ဆင်ကြီး နှစ်စီးကို ရှိခိုးလက်ဆောင်တော်ဆက်သပါမည်။

ဤသဝဏ်လွှာကိုကြားတော်မူရာ ဘုရင်တပင်ရွှေထီး၏ ရွှေနှလုံးတော် များသည် ပြောင်းခြင်းသို့ ရောက်သဖြင့် နန္ဒသင်္ကြန်အမတ်ကို ရှေ့တော်ခေါ်ပြီးလျှင် "နောင်ရေးကို မြင်တတ်လှပေသည်"ဟု ချီးမွမ်းတော်မူကာ လက်တော်နှစ်ဘက်တွင် ဝတ်ဆင်တော်မူသော လက်ဝတ်တော်များနှင့်တကွ ဆင်မတစီးကို သနားတော်မူသည်။ ။သောက္ကတဲမြို့သို့ချီတက်ရန် စီစဉ်ထားသောတပ်စဉ်များကိုလည်း ယုတ်သိမ်းတော်မူ၏။

ထိုနောက် ယိုးဒယားသံအမတ်နှစ်ဦးကို ရှေ့တော်သို့ ခေါ်ပြီးလျှင် "ယိုးဒယားဘုရင်၏ လျှောက်စာတွင် သစ္စာတော်ကိုခံ၍ ငါ့အမှုတော်ကို ထမ်းမည်ဟူသောစကားသည် အရေးပါ၏၊ ငါလည်းဘုရားဆုကိုပန်သော ယောကျ်ားမြတ် ဖြစ်တော်မူသောအတိုင်း သစ္စာတော် ခံ၍ အမှုတော်ကိုထမ်းလျှင် ယိုးဒယားပြည်ကို ချမ်းသာပေးတော်မူမည်"ဟု မိန့်တော်မူပြီးလျှင် သံအမတ်များကို ပြန်၍လွှတ်တော်မူလိုက်လေ၏။

လက်ဆောင်တော်ဆက်သသော ကတ္တီပါ၊ ဒင်္ကလပ်၊ ပုဆိုးကောင်း ကော၊ နံ၊ မှစ၍ ထည်မျိုး၊ အုပ်မျိုးတို့နှင့်တကွ နံ့သာ၊ ကရမက်၊ အကျော်၊ စမွှါယ်၊ နှင်းရည်များကိုလည်း အဆက်အသခံတော်မူသည်။

ယိုးဒယားဘုရင် စေလွှတ်သော သံတမံများ ပြန်၍သွားသောအခါ ဘုရင်တပင်ရွှေထီးက မှူးမတ်၊ သေနာပတိတို့ကို ခေါ်တော်မူပြီး အမတ်ကြီး "နန္ဒသကြိန်" ကို ချီးမွမ်းတော်မူသည်။ ။ နန္ဒသကြိန်သည် နောင်ရေး၊ နောင်ရာကို ကောင်းစွာ မြင်နိုင်ပါပေရဲ့။ မကြာခင်က လျှောက်တင်တဲ့အတိုင်း ယိုးဒယားဘုရင်က အညံ့ခံ၍ တမန်တော်များကို လက်ဆောင်ပဏ္ဏာ၊ သဝဏ်လွှာနှင့် စေလွှတ်ဆက်သလာပြီ။ ။ဤသို့ချီးမွမ်းတော်မူပြီးလျှင် လက်တော်နှစ်ဘက်တွင် ဝတ်ဆင်တော်မူသော ပတ္တမြားလက်ကောက်၊ ပတ္တမြားလက်စွပ်တော်များနှင့် ဆင်တစီးကို ပေးသနားတော်မူသည်။

## ယိုးဒယားဘုရင်က သားတော်ညီတော်များနှင့် တကွ လက်ဆောင်ပဏ္ဏာဆက်ရန်စေလွှတ်ခြင်း။

မြန်မာဘုရင် တပင်ရွှေထီးထံမှ သံအမတ်များပြန်လာ၍ ယိုးဒယားဘုရင်ထံသို့ရောက်လေရာ ဤသို့လျှောက်တင်ကြလေသည်၊ မြန်မာဘုရင်သည် ကျွန်တော်တို့ ထင်မြင်သလောက် စိတ်နေ၊ စိတ်ထား ဆိုးဝါးတော်မမူပါ၊ သတ္တဝါအများ၌ သနားညှာတာစွာနှင့် သိမ်မွေ့ နူးညံ့သော စိတ်များရှိကြောင်းကို သိခဲ့ရပါသည်၊ ရှေ့တော်သို့ ဝင်ရောက်ရာ ရွှင်လန်းသော မျက်နှာတော်များကို ဖူးမြင်ရပါသည်၊ မိန့်တော်မူသော စကားများမှာလည်း အလွန်ပင် ချိုသာပါသည်၊ ဗိုလ်ပါဆင်မြင်းဆိုသည်မှာ လွန်စွာပင် များလှပါသည်၊ အလွန်ဝေးလှသော ယိုးဒယားနိုင်ငံသို့ ချီလာရာတွင် သို့ကလောက် များပြားသော စစ်သည်တော်များ ပါ၍လာသည်တို့ထောက်က နေပြည်တော်မှာ မည်မျှလောက် များစွာရှိလိမ့်မည်ဟူ၍ မသိနိုင်အောင်ရှိနေပါသည်။ အရှင့်သဝဏ်လွှာကိုဘတ်၍ လျှောက်တင်ရာ ကြည်ကြည်သာသာနှင့်ပင် လက်ခံတော်မူပါသည်၊ ဆက်သတော်မူလိုက်သော လက်ဆောင်တော်များကိုလည်း သိမ်းယူတော်မူပါသည်။ ။သဝဏ်လွှာတွင်ပါသော စကားအတိုင်းတည်၍ အမှုတော်ကို ထမ်းမည်ဖြစ်လျှင် ယိုးဒယား နိုင်ငံကို ချမ်းသာပေးမည်ဟု မိန့်တော်မူပါသည်၊ ဘုရားဆုကို ပန်ဆင်သော ဘုရင်ဖြစ်ကြောင်းကိုလည်း မိန့်တော်မူပါသည်ဘုရား။

ဤကဲ့သို့ သံတမန်တို့လျှောက်တင်ချက်ကို ကြားတော်မူရာ ယိုးဒယားဘုရင်သည် ရွှင်လန်းအေးမြသော စိတ်နှလုံးဖြင့် ပြုံးတော်မူကာ မှူးမတ်များကို မိန့်ကြားတော်မူသည်မှာ။

မှူးမတ်အပေါင်းတို့ မြန်မာဘုရင် တပင်ရွှေထီး၏ သဘောဆန္ဒနှင့် အမှုအရာများကို ကြားသိတော်မူရာ ဝမ်းမြောက်ဘွယ်ဖြစ်တော့သည်၊ ဘုန်းကြီးသော သတင်းများလည်း ကြားတိုင်း မှန်လှပေ၏၊ ဘုန်းရှိန်၊ ကံရှိန်၊ တိုးတက်တုန်း အခါမှာ စစ်ရေးပြိုင်သော်လည်း နိုင်မည်မဟုတ်၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်အတိုင်း ဘုန်း၊ ကံထွန်းကား၍ အကျိုးပေးဆဲကြုံသောသူကို မာန်မူခြင်းငှါမသင့်ပေ၊ မြန်မာဘုရင်လည်း ဗုဒ္ဓသာသနာကို ကြည်ညိုပြုစုသောဘုရင်၊ ငါလည်း ဗုဒ္ဓသာသနာကို ကြည်ညိုပြုစုသောဘုရင် ဖြစ်သည်၊ တပင်ရွှေထီး၏

လက်ထက်တွင် ချစ်ခင်ပေါင်းသင်းကာ မဟာမိတ်သဘောဖြင့် နေမှသင့်တော့မည်၊ အချင်းချင်း စစ်မက်ဖြစ်ပွား၍ နေလျှင် တနိုင်ငံနှင့်တနိုင်ငံ ရန်သူ့ရန်ဘက်ဖြစ်၍ တိုင်းသူပြည်သားအပေါင်း ဆင်းရဲကြောင်းသာဖြစ်လိမ့်မည်၊ ဘုရားရှင်၏အလိုတော် အားဖြင့် စစ်မက် ဖြစ်ပွါးခြင်းကို လိုလား နှစ်သက်တော်မမူ။ ။သို့ဖြစ်၍ သားတော်၊ ညီတော်၊ သမက်တော် အရင်းအချာများကို လက်ဆောင်ပဏ္ဏာများနှင့်တကွ မြန်မာဘုရင်၏ အထံတော်သို့ စေလွှတ်မှ သင့်တော့မည်။ ။ဤကဲ့သို့အမိန့်ရှိတော်မူလေ၏။

မှူးမတ်အပေါင်းတို့ကလည်း ဘုရင်စကားကို နှစ်သက်ကြသည်နှင့် ဤကဲ့သို့ တရားနှလုံးသုံး၍ ညီညွတ်သင့်တင့်စွာ ပြုတော်မူမည့်အရာမှာ လွန်စွာသင့်လျော်လှပါသည်၊ မြန်မာဘုရင်၏ စစ်အင်အား ဗိုလ်ထုများလည်း ကြီးမားလှပါသဖြင့် မာန်မူ၍ ရန်သူ သဘောမထားဘဲ အကြည်အသာ မဟာမိတ်သဘောအားဖြင့် ဆက်ဆံရန် အရေးကိုသာ အလေးမူသင့်ပါသည်ဟု လျှောက်တင်ကြလေသည်။

ဤကဲ့သို့ တိုင်ပင်တော်မူပြီး လျှောက်ထားလိုက်သော သဝဏ်လွှာတွင် ပါသောအတိုင်း "မြတ်ကြီး'မြတ်ငယ်"မည်သော ဆင်တော်ကြီးနှစ်စီးကို ရွှေကြိုး၊ ရွှေကအစုံနှင့် အဆန်းတကြယ် ဘွယ်ဘွယ်ရာရာ ပြင်ဆင်စေ၏။ ။ထို့ပြင် အပြစ်ကင်း၍ ဆင်ကျန် လက္ခဏာနှင့် ပြည့်စုံသော ဆင်ပေါက်နှစ်စီးကိုလည်း သဉ္ဇာလီကနှင့်တကွ ပြင်ဆင်စေ၏။ ။ထို့ပြင် မင်းထိုက် စိုးတန်ဖြစ်သော လက်ဆောင်တော်အများကိုလည်း ဘွယ်ရာခမ်းနားစွာ ပြင်တော်မူစေသည်။

လက်ဆောင်တော်ဆက်သရန် ပြင်ဆင်ဘွယ်ကိစ္စများ ပြီးစီးသောအခါ ညီတော် ဩယာပီဿလောက်နှင့် ညီတော် ဩယားတုဝဏ်ခလောက် တို့အား ဘုရင့်ကိုယ်စား ပြုလုပ်စေပြီးလျှင် သားတော် သမက်တော်များပါ ဝတ်စားတန်ဆာ ကောင်းစွာ ဆင်ယင်စေပြီးလျှင် မြန်မာဘုရင် တပင်ရွှေထီးတပ်သို့ လွှတ်တော်မူသည်။

လက်ဆောင်ပဏ္ဏာပေါင်းများစွာနှင့်တကွ ဘုရင်တပင်ရွှေထီး၏ ရှေ့တော်သို့ ဝင်ရောက်ကြသောအခါ ကြည်သာဝမ်းမြောက်စွာ လက်ခံတော်မူသည်၊ စစ်ရေးစစ်မှုနှင့်ဆိုင်သော စကားကို တစုံတရာ စပ်လျဉ်း၍မျှ မိန့်ကြားတော်မမူ။ ။ယိုဒယားဘုရင်၏ ဆွေတော် မျိုးတော်များလည်း တပင်ရွှေထီး၏ ကြည်ရွှင်သော ရွှေမျက်နှာတော်ကိုဖူးမြင်ရ၍ ချိုသာအေးမြသော အမိန့်တော်သံများကို ကြားရသောအခါ စိတ်ထားပြော့ပျောင်းစွာနှင့် ကြည်ညိုခြင်းဖြစ်ကြလေ၏။

ထို့နောက် လျှောက်တင်ကြသည်မှာ။ ။အကျွန်ုပ်တို့သည် အရှင့်ဘုန်းတော် ဂုဏ်တော်ကို မသိသောကြောင့် ချီတော်မူလာရာတွင် ခုခံတိုက်ခိုက်မိပါသည်၊ ရှေးကတင်ကြို၍ အရှင် ရွှေဘုန်းတော်ဂုဏ်ကိုသိရပါလျှင် အရှင်၏ ထံမှောက်သို့ ဆိုက်ရောက်ကြမည်အမှန်ပါ၊ ယနေ့က စ၍ အရှင့်ကိုတော်လှန်ခြင်းမပြုဘဲ အသက်ပါအပ်နှင်း၍ အမှုတော်ကို ရိုသေစွာထမ်းရွက်ကြပါမည်ဘုရား။

ထိုနောက် တပင်ရွှေထီးက အကြည်အသာ အနူးအညွတ် မိန့်ကြားတော်မူပြီးလျှင် ယိုးဒယားဘုရင်၏ ညီတော်နှစ်ပါးကို သစ္စာရေတိုက်တော်မူရာ နှင်ချိုက်စွာပင်သောက်ကြလေ၏။ ။ယိုးဒယားဘုရင်၏သားတော်နှင့် သမက်တော်ကိုမူကား အရွယ်ငယ်သေးသည်နှင့် သစ္စာရေတိုက်တော်မမူ။

နောက်တနေ့တွင် ဘုရင်တပင်ရွှေထီးက ယိုးဒယားဘုရင်၏ဆွေတော်, မျိုးတော်များကို တဲနန်းတော်သို့ခေါ်ပြီးလျှင် ရွှေကြိုး,ရွှေကအစုံနှင့် ဆင်ပေါက်တစီး, ဆင်မတစီးစီ ရွှေထီးလေး လက်စီဆုပေးသနားတော်မူသည်၊ ထို့ပြင် ရွှေကွမ်းခွက်၊ ပတ္တမြားစီသောရွှေထွေးခံမှစ၍ မြန်မာ မင်းသားတို့၏ အဆောင်အရွက်များကိုလည်း ပေးသနားတော်မူသည်။

ထိုနောက်စစ်ပွဲတွင် သုံ့ပန်းအဖြစ်နှင့် ဘမ်းထားသော ယိုးဒယားဘုရင်၏ သားတော်, သမက်တော်,ညီတော်နှင့်တကွ အမတ်ကြီး ဒေါဇညားမှစ၍ အလုံးစုံလွှတ်တော်မူသည်၊ သုံ့ပန်း တို့အားလည်း အထိုက်အလျောက် ဆုလာဘ်သနားတော်မူ၍ လွှတ်တော်မူသည်။

ထိုအခါ မြန်မာမှူးမတ်သေနာပတိတို့နှင့်တကွ ယိုးဒယားဘုရင်၏ ဆွေတော်, မျိုးတော် တို့သည် ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်သကြလေရာ လွန်စွာဝမ်းမြောက်ဘွယ် ကောင်းသော အစည်းအဝေးပွဲကြီးဖြစ်လေသည်။

(မှတ်ချက်။ ။မြန်မာဘုရင်တပင်ရွှေထီးသည် ယိုးဒယားတို့အား ဘိဘိစီးစီး အနိုင်ကြီး နိုင်မှန်း သိသော်လည်း တဘက်က အညံ့ခံလာရာတွင် ညှာတာသော သဘောအားဖြင့် လိုက် လိုက်,လျောလျောကျင့်တော်မူသည်၊ လက်တော်သို့ရောက်ပြီးသော နိုင်ငံကိုလည်း လွှတ်လပ်ခွင့် ပေး၍ ယိုးဒယားတို့ကိုပင် အုပ်ချုပ်မြဲတိုင်း အုပ်ချုပ်စေသည်၊ လက်ဆောင် အတုန့်အပြန် ပေး တော်မူပြီးလျှင် နောင်အရှည်သဖြင့် ညီညွတ်ချစ်ခင်ကြောင်းကို စီမံတော်မူသည်၊ ထိုသို့ အဝိ ရောဓန တရားလက်ကိုင်ထားလျက် တရားနှင့်အညီ ကျင့်တော်မူသည်များကို အထူးပင် ချီးမွမ်း ထိုက်ပေသည်၊ အမျိုးတမျိုး၏ အပေါ်၌ နိုင်တိုင်း မနှိပ်စက်ဘဲ အညံ့ခံကြောင်းကို သိလျှင် ညှာတာသောသဘောမျိုးနှင့် လွှတ်လပ်ခွင့်ပေးခြင်းသည် မင်းကောင်းမင်းမြတ်တို့၏ ဓမ္မတာဖြစ် ပေသည်၊ ထိုကဲ့သို့ သဘောမျိုးကို ဘုရင်ပြီသစ္စာနှင့် ရာဇာဂုဏ်မြောက်သည် ဟူ၍ ပညာရှိကြီး တို့ ချီးမွမ်းတော်မူကြလေသတည်း။)

ညီညွတ်ရေးကိစ္စ အလုံးစုံကို ဆောင်ရွက် ပြီးစီးသောအခါ ဘုရင် တပင်ရွှေထီးက ယိုး ဒယားဘုရင်၏ ဆွေတော်, မျိုးတော်များကို ပြန်၍ လွှတ်တော်မူသည်နှင့် မေတ္တာထားလျက် အယုဒ္ဓယမြို့သို့ပြန်သွားကြလေ၏။ ။အစုံအညီ ပြန်လည်ဆိုက်ရောက်လာကြသည်များကို တွေ့မြင် တော်မူလေရာ ယိုးဒယားဘုရင်လည်း အထူးပင် ကြည်လင်ဝမ်းမြောက်တော် မူလေ၏။ ။ထို အခါက စ၍ မြန်မာဘုရင် တပင်ရွှေထီး၏ အပေါ်တွင် ယိုးဒယားတို့က များစွာပင် မေတ္တာ သက်ဝင်ကြလေသတည်း။

ယိုးဒယားဘုရင်၏ ဆွေတော်, မျိုးတော်များ ပြန်သွားပြီးနောက် ထိုအရပ်ဌာနတွင် နှစ်ရက်မျှစံတော်မူပြီးလျှင် ဘုရင်တပင်ရွှေထီးလည်း ချီရင်းတပ်စဉ်အတိုင်း ဟံသာဝတီ နေပြည် တော်သို့ ဒွါလောင်းခရီးဖြင့် ပြန်လည်တော်မူခဲ့လေ၏။

ခရီးပြင်းလှ၍ မလိုက်နိုင်သော ဆင်,မြင်း,ဗိုလ်ပါများကို မော်လမြိုင်မြို့စား "ဗညားဦး" သို့ အပ်၍ ဖြေးဖြေး,နှေးနှေး,သက်သက်,သာသာ ပြန်လာကြရန် အမိန့်ပေးတော်မူသည်။

ဒွါလောင်းခရီးဖြင့် နေပြည်တော်သို့ပြန်၍ ချီတော်မူလာရာ သက္ကရာဇ် (၉၁၀)ကိုးရာ့ တဆယ်ပြည့်နှစ်၊ တန်ကူးလဆန်း (၃)ရက်နေ့ ဟံသာဝတီ နေပြည်တော်သို့ ဆိုက်ရောက်တော် မူလေသည်။

# အခန်း (၄၅)

## ဘုရင်မင်းမြတ်၏ အမူအရာတော်များ တိုး၍ ပျက်စီးကြောင်း။

ယိုးဒယားသို့ ကိုယ်တော်တိုင်ချီတက်တော်မူရာတွင် အလိုတော်အတိုင်း အောင်မြင်၍လာသည်နှင့် ဘုန်းသမ္ဘာများလည်း ရှေးကထက်ပင် တိုးတက် ထွန်းကား၍ ကျော်စောလေ၏၊ ဘုန်းကြီး၍ စိတ်တော်များလည်း အဆမတန် တိုးတက်မြင့်ချန်၍ လာလေသည်။

ဘုန်းသမ္ဘာကြီးမား၍ အညွန့်တလူလူနှင့် မြင့်၍ လာခဲ့ပါလျှင် သတိ, ပညာဖြင့် အုပ်ထိန်းနိုင်ခဲ့ပါမှ ထိုဘုန်းညွန့်များ တည်တန့်နိုင်သည်၊ ဘုန်းမြှောက်တိုင်း စိတ်အထက်သို့ရောက်၍ သတိပညာဖြင့် မအုပ်ထိန်းနိုင်ပါလျှင် ထိုဘုန်းညွန့်များသည် အရှည် မတည်တန့်နိုင်ဘဲ ကျိုး၍ သွားဘတ်သည်မှာ ဓမ္မတာသဘောရိုးပင်ဖြစ်လေသည်။

မည်သည့်နိုင်ငံမှာမဆို ဘုန်းတန်ခိုးကြီးမား၍ အောင်ပွဲရဘန်များလျှင် တက်ကြွ၍ လာစမြဲဖြစ်သည်၊ တက်ကြွလာလျှင် အရာရာ၌ မေ့လျော့၍ ပေါ့ပေါ့တန်တန် ဖြစ်လာတတ်သည်၊ အပျော်အရွှင်,အသောက်အစား,လောင်းကစားမှုများနှင့် သဘင်ဘက်သို့လိုက်စားတတ်သည်။ ။ ထိုအခြေသို့ရောက်လျှင် နောက်ထပ် မကြီးပွါး နိုင်တော့ဘဲ ယိုင်လဲ ဆုတ်ယုတ်သော အခြေသို့ ရောက်ကြရစမြဲဖြစ်လေသည်။

ယိုးဒယားကပြန်လည်တော်မူသည့်နောက် ဘုရင်တပင်ရွှေထီးသည် နန်းတော် အတွင်း၌ ပွဲသဘင်အမျိုးမျိုးကို နေ့စဉ်မပြတ် တခြိမ့်ခြိမ့် ခင်းကျင်းပြသစေခြင်း၊ အပျော်အရွှင် လိုက်စားခြင်း၊ တောကစားထွက်ခြင်း၊ နွားပြိုင်, ကျွဲပြိုင်, ဆင်ပြိုင်,မြင်းပြိုင်စသောအမှုများကို လိုက်စားခြင်း၊ မကြာမကြာတောကစားထွက်၍ တောသားသတ္တဝါတို့ကို ပစ်ခတ်ခြင်း၊ တောအတွင်းမှာပင် သမင်သား, ဆပ်သားတို့ကိုကင်၍ ပျော်ရွှင်နှစ်ချိုက်စွာ သေရည်သေရက်နှင့် သောက်စားခြင်း၊ ရံခါရံဘန် "သပြေလား" ခေါ်သော ရေသဘင်ထွက်စံခြင်းအမှုကိုပြု၍ မိကျောင်းများကို ဖမ်းဆီးခြင်း၊ ဤကဲ့သို့ ဘုန်းတော်နှင့်မလျော်သောအမှုတို့ကို ပြုလုပ်၍ နေတော်မူလေ၏။

ဤကဲ့သို့ ရာဇဂုဏ်နှင့် မထိုက်တန်သော အလေ့စရိုက်များကို လိုက်စားမှုအတွက် မနှစ်သက်သဖြင့် ယောက်ဘတော် သျှင်ရဲထွတ်က အမျိုးမျိုးအဖုံဖုံအကြောင်းပြ၍ ဖြောင်းဖြလျှောက်တင်သော်လည်း နားဝင်တော်မမူချေ၊ လိုက်စားမြဲအမှုအရာများကိုသာ လိုက်စား၍နေတော်မူသည်။

ယောက်ဘတော်သျှင်ရဲထွတ်ကိုမူကား ရာဇမာန်ဖြင့် ပြင်းတန်စွာဆန့်ကျင်ဘက်စကားများကို မိန့်ကြားတော်မမူဘဲ။ ။ထွတ်ထွတ်ကယ်၊ ထီးထီးအပေါ်မှာ သိုကလောက် စိုးရိမ်ကြောင့်ကြတော်မမူပါနဲ့၊ ဘုရင်ဆိုတာ မိမိအလိုဆန္ဒရှိတိုင်း လွတ်လပ်စွာနေထိုင်ခွင့်ရနိုင်တယ် မဟုတ်လား၊ သည်လိုမှလွတ်သပ်ခွင့်မရဘူးဆိုပါလျှင် ဘုရင်လုပ်ရတာ ဘယ်မှာအရသာရှိနိုင်ပါတော့မလဲ။ ။ တိုင်းရေး,ပြည်ရေး,စစ်မက်ရေး ဆိုတာမှာလဲ ထွတ်ထွတ်တယောက်လုံး ရှိပါပကော၊ စိုးရိမ်ဘွယ် မရှိပါဘူး၊ ယခုအခြေသို့ ဆိုက်ရောက်တော်မူခဲ့တာလဲ ညာလက်ရုံးကြီး သဘွယ် ဘယ်နေရာမှာ

မဆို အားကိုးရတဲ့ ထွတ်ထွတ်ကဲ့ စွမ်းရည်သတ္တိကြောင့်ဘဲ မဟုတ်လား။ ။ထီးထီးကိုစိတ်အေးအောင် အရေးအရာတိုင်းကို ဆောင်ရွက်ပါ၊ ပျော်ပါး မြူးတူးတော် မူချင်တဲ့ စိတ်တော်များ ထကြွနေတဲ့အခိုက် ကိုယ်စိတ်အတိုင်းစံတော်မူစမ်းပါရစေ။

ဤကဲ့သို့သော မိန့်တော်မူနေသည်နှင့် သျှင်ရဲထွတ်လည်း ညီရင်းအသွင် ငယ်ရွယ်စဉ်ကပင် ချစ်ခင်ပေါင်းသင်း၍ လာခဲ့သည်နှင့် အလိုလိုက်၍ အကြိုက်အတိုင်း စံတော်မူပါစေဟု စိတ်ထားပြီးလျှင် အတင်းအကြပ်တိုးတက်၍ လျှောက်ထားခြင်း အမှုကိုလည်း မပြုတော့ချေ၊ တိုင်းရေး, ပြည်ရေးများ မယွင်းမှားရအောင်သာလျှင် ဂရုတစိုက်ကြည့်ရှုဆောင်ရွက်၍ နေတော်မူသည်။

မကောင်းသော အမှုအလေ့များကို လိုက်စားမှုရေး၌၊ အားပေး မြှောက်ပင့်၍နေသော သူများမှာ၊တလိုင်းအမတ်ကလေး **"သမိန်စောထွတ်"**နှင့် ဥရောပတိုက်သား ကုလားဖြူတယောက်ဖြစ်လေသည်။

ထိုကုလားဖြူ၏အကြောင်းကိုဆိုသော် တပင်ရွှေထီးဘုရင် ထင်ပေါ်ကျော်စောစွာ တန်ခိုးကြီးနေသောအခိုက်တွင် ဥရောပတိုက်၌။ ပြင်သစ်ပြည် ရှင်ဘုရင်တပါး၏ တူတော်တယောက်သည်။ စစ်သင်္ဘောတခုနှင့် ပြင်သစ်ပြည်က ထွက်ပြီးလျှင်၊ ဣန္ဒိယနိုင်ငံနှင့် ဗသျှူးကျွန်းစွယ်ကို တိုက်ခိုက်ရန် လာခဲ့လေ၏။ ။(ထိုပြင်သစ်ဘုရင်၏ တူဖြစ်သူ ကုလားဖြူ၏ နာမည်ကို၊ မြန်မာရာဇဝင်၌ ထင်ရှားစွာ မပြချေ။)

စစ်သင်္ဘောနှင့် ထွက်လာခဲ့ရာ ဣန္ဒိယနိုင်ငံကြီးကို တိုက်ခိုက်ရန် မစွမ်းနိုင်သည်နှင့်၊ ဗသျှူးကျွန်းစွယ်တွင် ပါဝင်သော၊ **"မာလကာ"** ကျွန်းကို တိုက်ခိုက်လေရာ ကျွန်းသူကျွန်းသားတို့က ညီညာ ဝန်းဝိုင်း၍ တိုက်ခိုက်ကြသည်နှင့် ထိုရန်ကို မဖြိုနိုင်သောကြောင့်။ ဗသျှူးကျွန်းစွယ်မှ သင်္ဘောနှင့် ထွက်ပြေးခဲ့ရလေ၏။

ပြေးမိလေရာ သင်္ဘောလွင့်၍ ထွက်ပြေးခဲ့ရာ၊ ကံအားလျော်စွာ မုတ္တမကွေ့သို့ ဝင်မိ၍ မုတ္တမမြို့သို့ ဆိုက်ရောက်လာလေသည်။ ။ထိုအခါ၊ မုတ္တမမြို့စားသည်။ ပြင်သစ်ဘုရင်၏တူကို သင်္ဘောနှင့် တကွ ဘမ်းဆီးလေသည်။ ။ဗုံးအမြောက်လက်နက် အစုံအလင်နှင့်တကွ၊ သင်္ဘောသား ရေတပ်စစ်သည် ၃၀၀-ကိုလည်း ဘမ်းထားလေ၏။ ။ထိုအခါ၊ မုတ္တမမြန်မာတို့ကလည်း ပြင်သစ်စကားမတတ် ပြင်သစ်တို့ကလည်း မြန်မာစကားမတတ်ဖြစ်သည်နှင့် အကြောင်းမျိုးစုံကို စုံလင်စွာ သိရှိအောင်၊ စစ်ဆေးခြင်းငှာ မစွမ်းနိုင်ဘဲ ရှိလေသည်။ လက်ရိပ်, မျက်နှာရိပ်,တို့ဖြင့်သာ။ သိတန်သမျှ သိရှိအောင် စုံစမ်းရလေသည်။ ။ဘမ်းဆီးရမိသော သူများကို။ လက်နက်နှင့် တကွ။ မုတ္တမမြို့စားက။ ဟံသာဝတီနေပြည်တော်သို့ ယူဆောင်ခဲ့ပြီးလျှင် ရွှေနန်းရှင် တပင်ရွှေထီးထံသို့ ဆက်သလေသည်။

ပြင်သစ်ဘုရင်၏တူဖြစ်သူ ရေကြောင်းစစ်ဗိုလ်သည်၊ တပင်ရွှေထီး၏ ရှေ့တော်သို့ရောက်လျှင် ရိုသေကိုင်းညွတ်ခြင်းကိုပြု၍၊ ချစ်ခင်သနားဘွယ်ကောင်းသော အမူအယာများကိုပြလေရာ ဘုရင် တပင်ရွှေထီးလည်း။ ထိုပြင်သစ်ရေကြောင်းဗိုလ်၏ အပေါ်မှာ မေတ္တာသက်ဝင် ချစ်ခင်ခြင်း ဖြစ်လေဘည်။ ။ဘယ်ခါတုန်းကမှလဲမမြင်စဘူး။ အမျိုးလဲမတူ။စကားလဲ နှီးနှောလို့မရ

ဤကဲ့သို့ ဆက်သွယ်ဘို့ ခဲယဉ်းသောသူ၏ အပေါ်မှာ မေတ္တာသက်ဝင်တော်မူခြင်းကို ထူးဆန်းသော အကြောင်းဟူ၍ပင် ဆိုထိုက်ပေသည်။

ပိဋကတ် ကျမ်းဂန်တို့၌။ ရှေးကမတွေ့မမြင်စဘူးဘဲ တွေ့မြင်ရ၍၊ ရုတ်တရက် ချစ်ခင်ခြင်းမှာ ရှေးအခါကမေတ္တာဖြင့်ပေါင်းသင်း ဆက်ဆံခဲ့ဘူးသောကြောင့် ဖြစ်သည်ဟူ၍ ဆိုသောအတိုင်း။မြန်မာ ဘုရင် တပင်ရွှေထီးနှင့်ပြင်သစ် စစ်ဗိုလ်သည် ရှေးဘဝတို့၌။မေတ္တာဖြင့်ရင်းနှီး၍ အချင်းချင်း ဆက်ဆံခဲ့ကြဘူးဟန် တူသည်ဟူ၍၊ မှတ်ယူထိုက်ပေသည်။

ဟံသာဝတီ နေပြည်တော်မှာမူကား။ ယခုကပင် ပြင်သစ်လူမျိုးများ ရောက်ရှိ၍၊မြန်မာစကား တတ်ကျွမ်းနားလည်သူများ ရှိသဖြင့် ထိုသူတို့ကို ရှေ့တော်သို့ခေါ်၍၊ စကားပြန်အဖြစ်ဖြင့် စစ်ဆေးတော်မူလေရာ ပြင်သစ်ဘုရင်၏ တူဖြစ်သူ ရေကြောင်းစစ်ဗိုလ်က ပြန်ဆိုလတ္တံ့သောအတိုင်း အစစ်ခံလေသည်။

## ပြင်သစ်စပ်ဗိုလ်၏ အစစ်ခံချက်။

ကျွန်တော်သည်။ အနောက် ဥရောပတိုက်။ ပြင်သစ်နိုင်ငံကဖြစ်ပါသည် အမျိုးဇာတ်မှာ သာမန်မျှမဟုတ်ပါ။ ပြင်သစ်ပြည်အလုံးကို စိုးပိုင်သော ဘုရင်မင်းမြတ်၏ တူတော်ရင်းပင်ဖြစ်ပါသည်။ ရေကြောင်းဘက်မှာ စစ်ဗိုလ်တဦးဖြစ်ပါသည်။ ။ကျွန်တော်သည်။ အရှေ့နိုင်ငံများကို နိုင်မည်ထင်လျှင်၊ တိုက်လိုသောဆန္ဒ။ အရေးပိုင်ပိုင်နှင့် နိုင်မည်မထင်လျှင် နိုင်ငံများကို ရှုစားလိုသော ဆန္ဒဖြင့်၊ စစ်သင်္ဘောနှင့် ပြင်သစ်ပြည်က ထွက်လာခဲ့ပါသည်။ ဣန္ဒိယ နိုင်ငံကြီးကို ကျော်လွန်၍ ဗသျှူးကျွန်းစွယ် မာလကာမြို့သို့ ရောက်ရာ နိုင်မည် ထင်သောကြောင့် ကျွန်တော်တိုက်ခိုက်ပါသည်။ သို့ရာတွင် ကျွန်တော့မှာ လက်နက်လူသူ နည်းပါးသောကြောင့်။ တိုင်းရင်းသားတို့ ခုခံတိုက်ခိုက်ကြသည်ကို မလွှမ်းမိုးနိုင်သောကြောင့်။ သင်္ဘောဖြင့် အတင်း ခွါဆုတ်၍ ထွက်ပြေးလာခဲ့ရပါသည်။ ထွက်ပြေး၍လာခဲ့ရာ ကံအားလျော်စွာ အရှင့်ဘုန်းတော်ရိပ်ကို ခိုလှုံရန် အခွင့်ကြုံသဖြင့် နိုင်ငံတော်အတွင်းသို့ သင်္ဘောနှင့် ဆိုက်ရောက်လာခဲ့ပါသည်။ အရှင့်နိုင်ငံတော်ကို တိုက်ခိုက်ရန် လာရောက်ရခြင်း မဟုတ်ပါ။ ယခုအခါ အရှင်သာလျှင် ကိုးကွယ်အားထားရာ ရှိပါတော့သည်။ အရှင့်ဘုန်းတော်ရိပ်ကို ခိုလှုံ၍ အမှုတော်ထမ်းရွက်ကာ နေထိုင်လိုပါသည်။

ဤကဲ့သို့ လျှောက်တင်ပုံကို ကြားတော်မူလေရာ ဘုရင် တပင်ရွှေထီးက၊ အလွန်နှစ်ချိုက်တော်မူသည်နှင့်၊ ငါ့အမှုတော်ကို ထမ်းရွက်နေလျှင် ငါချီးမြှင့်တော် မူမည်ဟု မိန့်တော်မူသည်။ ။ထိုနောက်ပြင်သစ်စစ်ဗိုလ်ကို အသီးအသန့်အိမ်ရာပေး၍ ထားတော်မူသည်။ ထိုပြင်သစ်စစ်ဗိုလ်နှင့် အတူပါလာသော ပြင်သစ်လူမျိုး သုံးရာတို့အား၊ ကုလားဖြူစစ်တပ် ဘွဲ့စည်းပြီးလျှင် အသီးအသီး နေရာပေး၍ လခရိက္ခာများကို ပေးသနားတော်မူသည်။

ပြင်သစ်စစ်ဗိုလ်သည်။ ရုပ်လက္ခဏာ အားဖြင့် အလွန် လှပသည်။ အရိပ်အခြေသိ၍ လိမ္မာညဏ်ရှိသည်။ အလိုတော်သို့ လိုက်၍ အကြိုက်ပြုမှုတတ်သည်။ ။ဘုရင်တပင်ရွှေထီးကလည်း ချစ်ခင်တော်မူသည်နှင့်။ မပြတ်မပြတ် အပါးတော်သို့ ခေါ်ပြီးလျှင် ဥရောပတိုက်၏ စရိုက်အခြေအနေမှစ၍၊ အကြောင်းကြောင်း အရာရာများကို မေးမြန်းတော် မူလေ့ရှိသည်။

အပါးတော်သို့ ဝင်ရောက်၍၊ ခစားရဘန်များသည်နှင့် ဘုရင်နှင့် အကျွမ်းတဝင်ဖြစ်လေ၏။ ။မြန်မာစကားကို တတ်ကျွမ်းစေလိုသောဆန္ဒဖြင့်၊ သမိန်စောထွတ်သို့ အပ်နှင်းပြီးလျှင်။ မြန်မာစကားကို သင်ကြားစေ၏ ပညာဉာဏ် အခြေခံ ရှိခဲ့သူ ဖြစ်သောကြောင့် မြန်မာစကားကို နားရေဝ၍၊မကြာမြင့်မှီ အတွင်းမှာပင် အထိုက်အလျောက် နှီးနှော ပြောဆိုနိုင်သော အခြေသို့ ရောက်ရှိလေ၏။ ။ဘုရင်မင်းမြတ်က "ဗိုလ်ဖြူ-ဗိုလ်ဖြူ" ဟု ခေါ်တော်မူလေ့ရှိသည်။

## သမိန်စောထွတ်၏ အတွင်းဉာဏ်။

တလိုင်းအမတ်ကလေး သမိန်စောထွတ်သည် ဘုရင့်အပေါ်တွင် ပရိယာယ်ဖြင့်ခစားကာ အလိုတော်သို့ လိုက်လေ့ရှိသောအတိုင်း ပြင်သစ်စစ်ဗိုလ်၏ အပေါ်တွင်၊ အရေးယူတော်မူကြောင်းကို သိလေရာ။ မိမိ အကျွမ်းတဝင်ရှိအောင်။ ပစ္စည်းလက်ဆောင် ပေးကမ်းကာ ပေါင်းသင်း၍ ထားလေ၏။ သို့ဖြစ်၍ သမိန်စောထွတ်နှင့် ဗိုလ်ဖြူမှာ များစွာ ချစ်ခင်၍ အကျွမ်းတဝင် ရှိကြလေသည်။ ။သမိန်စောထွတ်သည်ကား။ ဘုရင်ကိုကြံ၍၊ နန်းစံလိုသော ဆန္ဒဖြင့် အစဉ်တစိုက်ကြံစည်၍ နေသည့်အကိုင်း။ အခွင့်သာဘို့ အရေးကိုသာ မျှော်တွေး ရှာဖွေ၍နေလေသည်။

တနေ့သောအခါ၊ ဗိုလ်ဖြူသည် ရွှေတော်သို့ဝင်၍ ခစားလေရာ။ သေနတ်ပစ်ခတ်ခြင်းအကြောင်းနှင့် စပ်လျဉ်း၍၊ မိန့်တော် မူသည်တွင် ကျွန်တော်သည် သေနတ် ပစ်ခတ်ခြင်းမှာ။ လွန်စွာကျော်စောသူ ဖြစ်ပါသည်။ ပြင်သစ်ပြည်မှာပင် ထင်ရှား ကျော်စောခဲ့ပါသည်။ သေးငယ်တဲ့ ပန်းတပွင့်ကိုပင် အချက်တိုင်း မလွဲစေဘဲ။ မှန်အောင် ပစ်နိုင်ပါသည် ရှုတော်မူလိုက ပြနိုင်ပါသည်ဟု လျှောက်တင်လေ၏။

## တောလေ့ဝါသနာ ပါတော်မူခြင်း

ဘုရင်တပင်ရွှေထီးက ဗိုလ်ဖြူ၏အစွမ်းကို ရှုစားတော်မူလိုသောကြောင့် တနေ့သောအခါ တောကစားထွက်တော်မူသည်တွင် နောက်တော်က ဗိုလ်ဖြူကိုခေါ်တော်မူသည်။ တောကစားရာ စခမ်းသို့ ဆိုက်ရောက်သောအခါ ဘုရင်တပင်ရွှေထီးက စက်တိုင်ပေါ်တွင် "**စကားဝါပွင့်**"ကို တင်၍ ဗိုလ်ဖြူအား သေနတ်နှင့် အပစ်ခိုင်းတော်မူရာ အချက်တိုင်းမလွဲအောင် စကားဝါပွင့်ကို မှန်လေ၏။ စက်တိုင်ထိပ်ကို အနည်းငယ်မျှမထိမှန်လေ။

လက်တဲ့ကြောင်းကိုမြင်တော်မူရာ လွန်စွာ အံ့ဩတော်မူလျက် ရှေးကထက်ပင်တိုး၍ ချီးမြှင့်တော်မူလေ၏။ အဘိုးထိုက်သော ဆုလာဘ်များကို မကြာမကြာ သနားတော်မူသဖြင့် ဗိုလ်ဖြူမှာ မကြာမှီအတွင်း ချမ်းသာကြွယ်ဝခြင်းသို့ရောက်လေသည်။ ရှေးရှေးအခါ မြန်မာဘုရင်တို့အလေ့သည် လူတဦးတယောက်အပေါ်မှာ အမြတ်တနိုး ချီးမြှောက်တော်မူမိလျှင် စည်းကမ်းမထားဘဲ အဘိုးတန်ဆုလာဘ်များကို ပေးသနားတော်မူလေ့ရှိကြသည်။

ပြင်သစ်ဘုရင်၏ တူဖြစ်သူဗိုလ်ဖြူလည်း အဘိုးထိုက်တန်သော ဆုလာဘ်များကို မကြာမကြာရလေ့ရှိသည်နှင့် မြန်မာဘုရင်ကိုတိုးတက်ချစ်ခင်စွာနှင့် မြန်မာတို့ထုံးစံအတိုင်း ခစား ဝပ်တွားကာ အရှိအသေပေး၍ မိမိအကျိုးဖြစ်ထွန်းရန် ဥရောပတိုက်သားတို့၏ ပရိယာယ်ဉာဏ်ဖြင့် ကြံဘန်သွေးဆောင်၍သာ နေလေသည်။

ဘုရင်မင်းမြတ်လည်း ဗိုလ်ဖြူ၏ လက်တဲ့ကြောင်း သိမြင်ရှုစားတော်မူရသည့် နေ့က စ၍ တောကစားလိုသော စိတ်များတိုးတက်ဖြစ်ပွါးလာလျှင် မကြာမကြာဗိုလ်ဖြူကို နောက်တော်ပါ ခေါ်ပြီးလျှင် တောကစားထွက်၍သာ နေတော်မူသည်။ တောကစားထွက်တော်မူတိုင်း သမင်၊ ဒရယ်၊ ဆိုင်၊ ပြောင်၊ စသော တောသားသတ္တဝါများနှင့် ဂျိုး၊ ခါ၊ ဥဒေါင်း၊ အောက်ချင်း၊ စသော ငှက်သတ္တဝါတို့ကို ပစ်ခတ်ခြင်းဖြင့် မွေ့လျော်၍နေတော်မူသည်။

ရံခါရံဘန် တောတောင်အတွင်းမှာပင် ပစ်ခတ်ရရှိသော သတ္တဝါတို့၏အသားကိုပြုတ်၊ ကြော်၊ ဖုတ်၊ ကင်၊ ခြင်းများကို ပြုလုပ်၍ပွဲတော်စာအမျိုးမျိုးဖြစ်အောင်စီရင်စေပြီးလျှင် ပျော်ရွှင် မြိန်ရှက်စွာ ပွဲတော်တယ်၍နေတော်မူသည်။ ဘုန်းသမ္ဘာနွမ်းညိုး၍ တန်ခိုးမှိန်မေးအရှိန်သေးရန် ရှေးကံကြမ္မာဖန်တီးလာသည်နှင့် ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းသင်းဘို့ စိတ်မပါဘဲပျက် စီးကြောင်းစရိုက်များကိုလိုက်စား၍နေတော်မူသည်။

## ကုလားဖြူကို အရေးတယူမြှောက်စားတော်မူပြန်ခြင်း

မြန်မာဘုရင် တပင်ရွှေထီးသည် ဗိုလ်ဖြူ၏ အပေါ်တွင် အကျွမ်းတဝင်ချစ်ခင်တော်မူခြင်း များသည် တနေ့တခြားတိုးတက်၍လာလေရာ ဗိုလ်ဖြူ၏ အမူအလေ့စရိုက်ကို တစတစ နှစ်ချိုက် တော်မူ၍လာလေသည်။ ဗိုလ်ဖြူကိုလည်း ဘုရင့်အကြိုက် အလိုတော်လိုက်သည်နှင့် အပါးတော် ကပင်ခွါစေချင်သောဆန္ဒရှိတော်မမူ၊ မြှောက်စားပုံများလည်း တနေ့တခြားတိုးတက်၍သာလာ လေ၏။ ဗိုလ်ဖြူကလည်း အရာရာတွင် အခွင့်သာလျက်ရှိသောကြောင့် မိမိနေရင်းဇာတိဖြစ်သာ ပြင်သစ်ပြည်ကိုပင် ပြန်လိုသော ဆန္ဒများ ငြိမ်းစဲ၍ သွားလေ၏။

ငါတို့အနောက်နိုင်ငံကဘုရင်များသည် ယခုတွေ့ကြုံရသော အရှေ့နိုင်ငံသား ဘုရင်များ လောက် ချီးမြှောက်လေ့မရှိကြကုန်၊ အရှေ့နိုင်ငံမှာ ဘုရင့်အာဏာလည်း လွန်ကြီးမားသည်။ ရွှေငွေဘဏ္ဍာရတနာများလည်းပေါများသည်။ ဘုရင်နှင့် အကျွမ်းတဝင်ဖြစ်ရလျှင် ကိစ္စအလုံးစုံ ပြီးမြောက်နိုင်သည်။ သို့ဖြစ်၍ ငါသည် ဘုရင်တပင်ရွှေထီး ထံမှမခွာဘဲ အမြဲခိုလှုံ၍နေတော့မည်။ ဘုရင့်အကြိုက်ကို အစွမ်းကုန်လိုက်တော့မည်။ ဤကဲ့သို့ ကြံစည်မိလေ၏။

သမိန်စောထွတ်ကလည်း ဗိုလ်ဖြူကို အားပေး အားမြှောက်ပြုလုပ်ခါ ဘုရင်၏ ပျက်စီး ကြောင်းကိစ္စများကို ဆောင်ရွက်ခွင့်ရအောင် တိုက်တွန်းနှိုးဆော်၍နေသည်။ သျှင်ရဲထွတ်၏မျက်စိ မှာမူကား ကုလားဖြူကိုအရေးတယူပြုလုပ်တိုင်း မရှုစိမ့်နိုင်အောင် အမြင်ကပ်၍ နေလေသည်။ သို့ရာတွင် ဘုရင်၏ စိတ်ကို မနှောင့်ရှက်လိုသောဆန္ဒရှိသည်နှင့် အရိပ်အကဲကြည့်၍ပင်နေတော်မူ သည်။

တနေ့သောအခါ ဘုရင်မင်းမြတ်က ဗိုလ်ဖြူအား မြှောက်စားတော်မူလိုသဖြင့် နန်းတွင်း အပျိုတော်တယောက်နှင့် ထိမ်းမြားတော်မူပြီးလျှင် နန်းတော်၏ အနီးအပါး၌ ခမ်းနားသော ဝင်းကိုပေး၍ မြန်မာမင်းသားတို့၏ အခြေအနေမျိုးဖြင့် နေထိုင်စေရန် အခွင့် ပေးတော်မူပြန် သည်။ ထိုအခါ ဗိုလ်ဖြူ၏ စိတ်မှာသာ၍ တက်ကြွခြင်းဖြစ်လေ၏။

ဘုရင်မင်းမြတ်မှာ သေရည်သေရက် ဝါသနာ စွဲကပ်လျက်ရှိကြောင်းကို ဗိုလ်ဖြူက သိသဖြင့် စိတ်တော်အကြိုက်အလိုလိုက်လိုသဖြင့် တနေ့သောအခါ ပြင်သစ်ပြည်မှာလုပ်သော(စပြစ်ရည်)အရက်ချိုကို ဘုရင်မင်းမြတ်သို့ ဆက်ကပ်လေရာ၊ သောက်သုံးတော်မူသည်နှင့် တပြိုင်နက်၊ အလွန်နှစ်သက်တော်မူသောကြောင့် သည်အရက်မျိုးကို အစဉ်မပြတ် ဆက်ရမည်ဟု အမိန့်ပေးတော်မူလေ၏။

(အရက်ချိုဆိုသည်မှာ သပြစ်သီးရေတို့ဖြင့် ပြုလုပ်ထားသော အရက်မျိုးပင် ဖြစ်သည်။ နှစ်ပေါင်းများစွာထားသော အရက်ဖြစ်၍ အရသာနှင့် တကွ အဘိုးထိုက်တန်သည်။ ထိုစဉ်အခါက မြန်မာပြည်မှာ ထိုအရက်မျိုးမရှိသေးသဖြင့် အဘိုးတန်အရက်ချိုကို ဘုရင်တပင်ရွှေထီး သုံးဆောင်တော်မူလေရာ လွန်စွာ နှစ်သက်တော်မူခြင်း ဖြစ်လေသည်။)

သပြစ်ရည်အရက်ချို၏အရသာကို တွေ့တော်မူသည်က စ၍ ဘုရင်မင်းမြတ်သည် သေရည်သေရက် သောက်စားခြင်းစရိုက်ကို ရှေးကထက် နှစ်ချိုက်စွာ လိုက်စားတော်မူလေသည်။ ဗိုလ်ဖြူကလည်း မပြတ်မပြတ်ဆက်ရအောင် ပြင်သစ်ပြည်၊ ဟော်လန်ပြည်၊ စပိန်ပြည်၊ ပေါ်တူဂီပြည်၊ များမှ ဆိုက်ရောက်လာကြသော ကုန်သည်တို့၏ လက်မှ အရက်ချိုများကို ရသမျှ အဘိုးများပေး၍ သိုလှောင်ထားလေသည်။ ကောင်းသည်ထက်ကောင်းသော အရက်များကိုလည်း ဥရောပတိုက်သို့ မှာထားလေ၏။

ဘုရင်မင်းမြတ်သည် ဝိုင်အရက်ချိုမျိုးကို သုံးဆောင်ရသည်မှာ အတန်ကြာလျှင် တင်းတိမ်တော်မမူသည်နှင့် တိုးတက်ကောင်းမွန်အောင် ပျားရေဖြင့် ရောစပ်၍ချက်ရမည်ဟုမိန့်တော်မူပြန်သည်တွင် ဗိုလ်ဖြူလည်း ဥရောပတိုက်မှရောက်လာသော ကုန်သည်တို့နှင့် တိုင်ပင်ပြီးလျှင် ပျားရေနှင့် ရောသော အရက်ချိုတမျိုးကို စီမံပြန်လေ၏။ ထိုအရက်ချိုမှာ အစွမ်းထက်ထက် ချိုမြက်မြက်နှင့် သာ၍ပင် ကောင်းမွန်လေ၏။

ထိုအရက်ချိုများကို ပမာဏမထားဘဲ လိုက်စားတော်မူသောအခါ ဘုရင်မင်းမြတ်သည် နန်းတော်အတွင်းမူးယစ်ခြင်းဖြင့်သာ အချိန်ကုန်လွန်တော်မူလေ၏။ တိုင်းရေး ပြည်ရေး စစ်မက်ရေးကိုမှသတိရတော်မမူနိုင်ချေ။

သောက်စားမူးယစ်ခြင်းဖြင့်သာ အချိန်ကိုကုန်လွန်စေလျက် ရာဇပလ္လင်မြဲမြဲစွာနှင့် စံတော်မူသောအခါ ဘုရင်၏စိတ်ထဲမှာ မှောင်အတိကျ၍နေသောကြောင့် အမှန်အမှားကို သိတော်မမူချေ။ တရားလက်ကိုင်ရှိ၍ သမာဓိတည်တံ့သောသူများကို အတွေ့ခံတော်မမူလိုဘဲ သေရည်ကြိုက်သောလူမိုက် လူသွမ်းတို့နှင့်သာ အရောတဝင် ပေါင်းသင်းလိုသော ဆန္ဒရှိလေ၏။

ညီလာခံသဘင်ကိုမျှ ထွက်တော်မမူဘဲ အမူးအရူးတို့၏အသွင်ဖြင့် စိတ်ထင်တိုင်းစံနေတော်မူသည်။ ထိုအခါ ပြင်သစ်လူမျိုးဗိုလ်ဖြူနှင့် တလိုင်းအမတ်သမိန်စောထွတ်တို့သည်ဘုရင်မင်းမြတ်နှင့် အကျွမ်းဆုံးသောသူများဖြစ်ကြလေသည်။ အကျွမ်းဝင်သော သူတို့က ကုန်းတိုက် စကားလျှောက်တင်ကြလျှင် ဆင်ခြင်တော်မမူဘဲ **"သတ်စေ"**ဟူသော တချက်လွှတ်အမိန့်ကိုသာ ထုတ်တော်မူလေ၏။

ထိုကဲ့သို့ တရားလက်လွတ်ဖြစ်၍နေပုံအစုံအလင် သျှင်ရဲထွတ်မသိခင်၊ မတရားသဖြင့် သေဆုံးရှာကြရသော သူတို့လည်း အတော်ပင်များပြားလေသည်။ ထိုပြင် ဘုရင်နှင့် မသင့်လျော်သော အမူအကျင့်တို့ကို သေရက်မူးသဖြင့် မူးတူးပျော်ပါးစွာ ပြုလုပ်တော်မူပုံ အချက်လည်းများစွာပင်ရှိလေသေးသည်။ (ဤကဲ့သို့ မသင့်လျော်သောအကြောင်းများကို ဤတပင်ရွှေထီးဝတ္ထုတော်ကြီး၌ ထည့်သွင်း ဖော်ပြကာ ရေးသားရန်သင့်လျော်မည် မထင်ချေ။)

## နေပြည်တော်အတွင်း၌ ဆူဆူပူပူဖြစ်လာခြင်း။

ဟံသာဝတီ နေပြည်တော်ကြီးအတွင်း၌၊ နေထိုင်ကြသော လူအပေါင်းတို့သည်။ ကုလားဖြူနှင့်ပေါင်းသင်း၍ မူးယစ်ခြင်းဖြင့် အချိန်ကုန်စေပြီးလျှင်၊ တရားလက်လွတ်ပြုကျင့်၍ နေသောဘုရင့်အမူတော်များကို သိကြလေရာ၊ "သည်အတိုင်းသာ အရှည်သဖြင့် အုပ်ချုပ်စံနေတော်မူပါလျှင် မကြာခင်နိုင်ငံကြီး ပျက်စီးတော့မည်။ အလိုတော်သို့လိုက်၍ အရက်တိုက်နေသော ကုလားဖြူကို နှင်ထုတ်မှသင့်လျော်မည်။ သို့မဟုတ် ယောက်ဘတော် "ကျော်ထင်နော်ရထာ" ထီးနန်းကိုစိုးစံမှ ကျေနပ်နိုင်ကြမည်။ ရွှေဘုန်းတော်ကြီးပါလျက် ကုလားဖြူဖျက်၍ အရက်ကြောင့် ရွှေဘုန်းတော် ညှိုးနွမ်းကုန်ပြီး ဤသို့စသောစကားတို့ကို သူ့ထက်ငါပြောကြား၍နေကြလေ၏။

တလိုင်းအမတ်, မြန်မာအမတ် တို့လည်း ဤကဲ့သို့ မင်းကျင့်တရား ပျက်ပြားလျက်ချောက်ချောက်ချားချား မှောက်မှောက်မှားမှား ပြုကျင့်ပုံများကို တနေ့တခြား အထင်အရှားသိ၍လာကြရာ "ငါတို့ဘုရင်သည် ဇာတ်မတူသော ကုလားဖြူကိုမြှောက်စား၍ သေရည်သေရက်ကို သောက်စားတော်မူသည့်အတွက် အပျက်ကြီးပျက်လေပြီ၊ သည်အတိုင်းသာဖြင့် နိုင်ငံကိုအုပ်ချုပ်၍ မင်းလုပ်နေနိုင် တော့မည်မဟုတ်။ ယောက်ဘတော် သျှင်ရဲထွတ် သဘောတူလျှင် ထီးနန်းကချ၍ မင်းသစ်ပြောင်းလဲမှ တိုင်းနိုင်ငံချမ်းသာ၍ သာသနာ ပွင့်လင်းတော့မည်။" ဟုပြောဆိုတိုင်ပင်ကာ မနှစ်သက်သော အမူအရာနှင့် သာနေကြလေသည်။ ။သျှင်ရဲထွတ်ကိုမူကား စွမ်းရည်သတ္တိအလုံးစုံကို အကုန်သိကြသဖြင့် များစွာပင် ချစ်ခင်လျက်ရှိကြသည်။ သျှင်ရဲထွတ်ကိုယ်တိုင် ထီးနန်းအရိုက်အရာကို သိမ်းပိုက်၍ စိုးစံမည်ဆိုပါလျှင် တလိုင်း,မြန်မာ, အလုံးစုံပင်သဘောတူလျက်ရှိနေကြသည်။

## သျှင်ရဲထွတ် ငြီးတွားခြင်း

မှူးမတ်များမှစ၍ ရွှေမြို့တော်ကြီးအတွင်း၌ နေထိုင်ကြသော လူအများတို့ ဆူဆူပူပူပြောဆိုကြပုံများကို ယောက်ဘတော် သျှင်ရဲထွတ် ကြားတော်မူလေရာ၊ နှလုံးမသာသဖြစ်တော်မူရသဖြင့် (ဘုရင်-တပင်ရွှေထီး၏ အမတော်ကြီး) မိမိ၏ မိဖုယား သခင်ကြီးစံနေရာ ဖြစ်သော အဆောင်တော်သို့ဝင်၍ ငြီးတွားတော်မူသည်မှာ။

တနေ့ထက်တနေ့ အခက်ဖြင့် ကြုံတော့မယ်လို့ထင်တယ်။ တောင်ငူရာဇဝင်ဖြင့် သည်တွင်အဆုံးသတ်ရတော့မလား မဆိုနိုင်တော့ဘူး၊ ရှင်မိဖုယားရဲ့ မောင်တော်ဖြစ်တဲ့ ထီးထီးကဖြင့် အဆိုးကြီးဆိုးသွမ်းနေတော့တာဘဲ၊ ကုလားဖြူနှင့် ပေါင်းပြီး မကောင်းတဲ့စရိုက် ဘုရားမကြိုက်

တဲ့ အမူအရာတွေကို ကျင့်ကုန်ပေါ့၊ တိုင်းသူ ပြည်သားတို့ကလဲ မကြည်ဖြူ နိုင်ကြတော့ဘူး၊ သေရည်သေရက်ကို ရွှေနန်းစည်းစိမ်ထက် မက်ပြီး၊ ခက်ပုံကဖြင့် လွန်ပေါ့။ ။စောစော စီးစီးက ကြို့တင်၍ သွန်သင်ကာလျှောက်တင်ပါသော်လဲ လိုက်နာတော်မမူဘူး။

(သခင်ကြီး) ဆိုးဆိုးဝါးဝါးမကောင်းတဲ့ သတင်းများကိုလဲ ကြားရပါတယ်၊ ခမည်းတော်ဘုရားကြီးရဲ့ ဂုဏ်ဖြင့် မြူမှုံ လိုလွှင့်ကုန်တော့မှာထင်ပါရဲ့။ ။သို့ရာတွင် တတ်စွမ်းနိုင်သမျှ ထွတ်ထွတ်ကမိုင်းမပါအုံး၊ ထွတ်ထွတ်ကဲ့စကားကိုတော့ အလွတ်ပယ်ရှားတော်မူမယ်လို့ မထင်ပါ၊ နှောက်ရှက်တဲ့ကုလားဖြူကို သူ့နေရင်းဌာနသို့ပြန်ပို့လျှင် ကိစ္စအေးနိုင်မယ်မဟုတ်လား။

(ထွတ်) သည်လိုပြောဘို့တော့အလွယ်သားပေါ့၊ ထွတ်ထွတ်ကဲ့စကားကိုလဲ ဟို-ရှေးကလို နားဝင်ပြီးလိုက်နာချင်တဲ့ ဆန္ဒတော်များမရှိတော့ဘူး၊ ကုလားဖြူကိုလဲအရေးတယူမြတ်နိုးတော်မူနေတယ်၊ ခင့်မောင်တော်ဘုရားမှာ ကုလားကိုသာ အားကိုးရာထင်နေပေါ့၊ သေရည့်သေရက်ဆိုတာ လူ့လောကကို အလွန်ဖျက်နိုင်တာမျိုးဘဲ။ ။"ဘုန်းကိုဖျက်-အရက်" ကယ်လို့ ဆိုလျှင်လဲ မှားမှာမဟုတ်။ ။သည်ပြင်တချက် ထွတ်ထွတ် မနှစ်သက်တဲ့ အချက်တခုလဲ ရှိသေးတယ်၊ တလိုင်းအမတ်သမိန်စောထွတ်ဟာ ဘုရင့်အပေါ်မှာ အလွန်မာယာများနေတယ်၊ ပရိယာယ်ဖြင့် အလိုလိုက်ပြီး ဘုရင့်အကြိုက်ကိုသာ လုပ်နေတော့တာဘဲ၊ ရွှေနန်းရှင်က ဆင်ခြင်တော်မမူဘဲ သူ့အလိုကိုလိုက်မှုဖြင့် အရေးယူပြီး ကြည်ကြည်ဖြူဖြူ မြှောက်စားတော် မူတော့တာဘဲ။ ။သည်သမိန်စောထွတ်ရဲ့စိတ်မှာ အတွင်းကြိတ်အကြံတခုရှိတယ်လို့ အမှန်ပင်ဆိုချင်တာဘဲ၊ သည်လိုရန်သူကို အတွင်းလူလုပ်ပြီး မြှောက်စားတော်မူတာလဲ တခက်ဘဲခင်ရဲ့။

(သခင်ကြီး) အို-သည်လိုဖြင့် အသာကြည့်နေလို့မတော်ပါဘူး ထွတ်ထွတ်ကယ်၊ တန်ခိုးတော်မှိန်၍ အရှိန်တော်စဲမှုဖြင့် ထွတ်ထွတ်နှင့်တကွ အခက်ကြီးခက်ကုန်ကြတော့မှာဘဲ။

(ထိုအခါ သျှင်ရဲထွတ်က လက်သုံးတော်ဓါးကို သလွန်တောင်မှာ ဆောင့်ပြီး) အို-ဘာခက်စရာရှိသလဲခင်ရယ်၊ ညီတော် ထီးထီးကိုငဲ့ညှာလို့ သည်လို ပူပင်နေရတာပါ၊ ထွတ်ထွတ်ကဲ့ဘုန်းဟာလဲ အဆုံးမရှိကြောင်းကို ခင်သိတယ် မဟုတ်လား၊ သည်ထီးနန်းနှင့် သည်နိုင်ငံဟာ ထွတ်ထွတ်ကဲ့လက်က လွတ်ထွက်မသွားနိုင်ပါဘူး။

(သည်စကားကိုကြားရာ သခင်ကြီးကပြုံးပြီး) အဆုံးမရှိတဲ့ဘုန်းကို ယုံကြည်လို့ ငယ်ရွယ်စဉ်က အားကိုးပြီး မေတ္တာစင်ကိုစိုက်ပျိုးခဲ့တာပေါ့။ ။မောင်တော်ဘုရားရဲ့ ဇာတာနှင့် သမ္ဘာတော်ဘုန်းဟုန်များလဲ ကုန်ချိန်တန်တော့သလား မဆိုနိုင်တော့ဘူး၊ အရမ်းတွေကိုရှောက်ပြီး မှောက်မှောက်မှားမှား ကျင့်နေတော်မူတော့တာဘဲ၊ သို့ရာတွင် ခမည်းတော် ဘုရားကြီးရဲ့ ရင်သွေးတော်ရတနာမို့ အရိပ်အရာ လွဲသွားတော်မူမှာကိုလဲ စိုးရိမ်လှပါတယ်။ ။မှူးတော်၊ မတ်တော်များနှင့် တိုင်းသား ပြည်သူတို့ ဆူပူရေး အားမကြီးမီအတွင်း ထွတ်ထွတ်ကိုယ်တိုင် အပါးတော်မှာ ကြပ်မတ်ပြီး ရပ်တန့်တော်မူဘို့ သင့်ကြောင်းနှင့် ခင်က တိုက်တွန်းချင်တာဘဲ။

(ထွတ်) သည်အတိုင်းဘဲ ထွတ်ထွတ်လဲ ကြံစည်ပါတယ်၊ ယခင်အခါများ ကတော့ ခပ်ညှာညှာပင် လျှောက်တင်ခဲ့တယ်၊ ယခုအရေးမှာတော့ အေးတေးတေးလျှောက်တင်နေဘို့မလိုဘူး၊ ခပ်ထက်ထက်လျှောက်ထားပြီး ကိုယ်စွမ်းအားဖြင့် ကူပင့်ရအုံးမှာဘဲ။

ဤကဲ့သို့ မိန့်ကြားတိုင်ပင်တော်မူပြီးလျှင် သျှင်ရဲထွတ်လည်း လက်သုံးတော် ကျောက်စိမ်းခါးကိုကိုင်ကာ ခန့်ညားရှိသေ ကြောက်လန့်ဘွယ်ကောင်းသော ဣန္ဒြေဖြင့် အပါးတော်သို့ ဝင်ခဲ့လေ၏။ ။နန်းတော်တံခါးဝတွင် သမိန်စောထွတ်နှင့် တွေ့လေရာ သျှင်ရဲထွတ်၏ဣန္ဒြေကို မြင်လျှင်မြင်ခြင်း ရုတ်တရက်ကြောက်လန့်သဖြင့် လက်နက်စွဲကိုင်ထားသောဓါးကို လွှတ်ချပြီးလျှင် ဒူးတုပ်လက်ရှက်ခါနေလေ၏၊ သျှင်ရဲထွတ်သည်ကား သမိန်စောထွတ်ကို မကြည့်ဘဲ နန်းတော်အတွင်းသို စိုက်စိုက်ဝင်သွားလေသည်။

အပါးတော်သို့ရောက်ရာ ဗိုလ်ဖြူနှင့်အတူ သေရည် သေရက်များကို သောက်စားလျက်စံနေတော်မူသည်ကို တွေ့ရှိလေ၏။ ။သျှင်ရဲထွတ်က ဓါးလွှတ်ကိုင်ကာ ဗိုလ်ဖြူ၏ မျက်နှာကို ဒေါသမာန်ဖြင့်ကြည့်ရှုပြီး၊ "သည်အရက်တွေကို မောင်မင်းအိမ်သို့ ယူသွားလိုက်" ဟု အမိန့်ရှိလေရာ ဘုရင်တပင်ရွှေထီးကလည်း နောင်တော်သျှင်ရဲထွတ်၏ ဣန္ဒြေကိုမြင်လျှင် နဂိုကရှိခဲ့ရင်းရှိသောအတိုင်း ကြောက်လန့်သော အမူအရာဖြင့် စိုက်၍သာ ရှုစား၍ နေတော်မူသည်။ ။ ဘုရင်တပင်ရွှေထီးသည် ငယ်ရွယ်စဉ်ကပင် သျှင်ရဲထွတ် အပေါ်၌ ချစ်ကြောက်ရိုသေ ရှိခဲ့ရင်းအတိုင်း တင်းမာခိုင်ခံ့သော ဣန္ဒြေကိုမြင်လျှင် ရွံ့တော်မူလေ့ရှိသော ဝါသနာများကို မစွန့်နိုင်ချေ၊ သျှင်ရဲထွတ်၏ သတ္တိများကိုလည်း သိတော်မူပြီးဖြစ်လေသည်။

သျှင်ရဲထွတ်က မျက်မာန်နှင့် ခပ်ထန်ထန်ပြောသော စကားကို ကြားလေရာ ဗိုလ်ဖြူလည်း တစုံတရာမျှ ပြန်လှန်၍ မပြောဘဲ ကြောက်လန့်သော အမူအရာဖြင့် မိမိဆက်သသောအရက်များကို ယူဆောင်ကာ နန်းတော်မှ ထွက်သွားလေ၏။

ထိုနောက် သျှင်ရဲထွတ်သည် တပင်ရွှေထီးနှင့်အတူထိုင်ကာ၊ ဓါးကိုင်လျက် လက်ကမလွှတ်ဘဲ ရဲရင့်သောအမူအရာနှင့် လျှောက်တင်သည်မှာ။

(ထွတ်) ထီးထီးငယ်စဉ်ကစပြီး အတူတကွ ကြီးပွါးလာခဲ့တဲ့အကြောင်းများကို စဉ်းစားပါ။ တလိုင်းသုံးရပ်နှင့်တကွ ယိုးဒယားသို့တိုင်အောင် ဘုန်းရှိန်ကို ဖြန့်လွှားတော်မူနိုင်သည်မှာ ဘယ်သူ၏ ဂုဏ်ကျေးဇူးလဲလို့။

(တပင်ရွှေထီးက ချိုသာသောအမူအရာဖြင့်) ထွတ်ထွတ်ကယ်၊ အကြောင်းစုံကို အကုန်သိပါတယ်။ နောင်တော် လက်ရုံးကို အားကိုးပြီး ဘုန်းတော်အောင်လံကို နိုင်ငံတိုင်း လွှင့်ခဲ့ကြောင်းမှန်ပါတယ်။ သည်ကနေ့ အမူအယာများဟာ လွန်စွာ ထူးခြားပါကလား။ဘယ်အချက်ကြောင့် နှစ်သက်တော်မမူပုံတွေ ဖြစ်လာရတာလဲ။

(ထွတ်) မနှစ်သက်တဲ့ အရေးတွေကို ရွေးကလဲ လျှောက်တင်ဘူးလှုပြီ မဟုတ်လား။ ညီတော်ရဲ့ စိတ်နှလုံးကို နှောက်ယှက်လိုတဲ့ ဆန္ဒ မရှိတဲ့ အတွက် အလျှော့ပေးပြီး အေးအေးပင် လျှောက်ထင်ခဲ့တယ်။ သို့ကလောက်မလွန်ပေဘူးဆိုတဲ့သဘောနှင့် မြှောလို့လာခဲ့တာလဲ အတော်ကြာပေါ့။ အချိန်တွေကြာခဲ့လေသမျှ အမှားကြောတွေရင့်ပြီး မသင့်တဲ့ အမူအရာတွေသာ များများလာခဲ့တယ်မဟုတ်လား။

(ထီး) မိန့်တော်မူတာ မှန်တဲ့အရာကိုတော့ မငြင်းဆံရဲပါဘူး။

(ထွတ်) သေရည်သေရက်ဆိုတာ ဗုဒ္ဓသာသနာကိုမှီခို၍ ကြည်ညိုလေးမြတ်စွာနှင့် သာသနဒါယကာမှန်တဲ့ဘုရင်ဟူသမျှ နှစ်သက်လေ့မရှိကြဘူး။ ညီတော့်အတွက် ဗုဒ္ဓသာသနာ ထွန်းကားတဲ့ မြန်မာပြည်မှာဖြင့် ရာဇဝင်ရိုင်းတော့မယ်။ ယခုသာလိုဆိုးဝါးပုံက အမျိုးမတူတဲ့ကုလားဖြူကို မြှောက်စားပြီး မတရားတဲ့အလေ့ကိုသာ ဘုရင်နှင့်မလျော်အောင် ကျင့်တော် မူနေတယ် မဟုတ်လား။ အရက်နှင့်မြူလို့ ကုလားဖြူကိုမြှောက်စားတာ သင့်လျော်သလား။ လူမျိုးကွဲတို့ အမူအယာဟာ ဗုဒ္ဓဘာသာအယူနှင့်ဆန့်ကျင်ဘက်ကြီး။ ရှက်တော်မမူပုံများကို စဉ်းစားမိတိုင်း အံ့သြပါရဲ့။ နန်းတော်ပေါ်မှာ အရက်နှင့်ပျော်နေတဲ့အတွက် အပြင်ဘက်က အကြောင်းတွေကိုဖြင့် ညီတော်မသိဘူးပေါ့။ မှူးမတ်သေနာပတိများနှင့် တိုင်းသူပြည်သားတို့ ဆူဆူပူပူဖြစ်ကုန်ကြပြီ။ တောင်ငူကအရင်းခံ၍ အောင်လံကိုမြှင့်ခဲ့တာ သည်တံခါဖြင့်နိမ့်တော့မယ် (ဓါးကိုဝင့်၍ ပြပြီးလျှင်) ရှုတော်မူစမ်းပါ။ သည်ဓါးဟာ နတ်ပြည်စံတော်မူသွားတဲ့ တောင်ငူ ရွှေနန်းသခင် ကျေးဇူးရှင်ဘုရင်ကြီးရဲ့ဓါး မဟုတ်လား။ ဘယ်သူ့အသက်ကိုမှရှက်တယ်လို့မငြင်းဘူး။ ငယ်ရွယ်စဉ်ကစပြီး မခွါမခွဲ အမြဲချစ်ခင်လာတဲ့ ညီတော်တပါးကို သည်ဓါးက ညှာမယ်လို့ မထင်နှင့်။ သေရည်သေရက်က ညီညီ့အသက်ကိုနှိပ်စက်တာကို မကြည့်နိုင်ဘူး။ တိုင်းသူပြည်သားတို့က မခန့်မညားပြုတာကို မကြည့်နိုင်ဘူး။ ရွှေဘုန်းတော်မှိန်ညှိုး၍ တန်ခိုး သေးသိမ်တာကို မကြည့်နိုင်ဘူး။ နောင်တော့်ကိုယ်တိုင် သည်ဓါးနှင့်စီရင်ပြီး ညီခင်ကို ချီးမြှင့်ရတော့မယ်။ညီတော်တပါး နတ်ဘုံသို့ ကြွသွားပြီးလျှင်လဲ သည်မြေပေါ်မှာ နောင်တော်လဲ မနေတော့ဘူး။ သည်ဓါးနှင့်ကွပ်မျက်ပြီး နောင်တော့်အသက်ကိုဖြတ်ခွင်း၍ နတ်မင်းတို့စံရာ ဝတိန်သာ နတ်ပြည်သို့ ညီညီနှင့်တူတူကြည်ဖြူစွာ စံစားရတော့မယ်။ တကယ် လျှောက်တင်တာထီးထီး။ နောင်တော်ကြီးရဲ့ အစွမ်းသတ္တိကို ရှုတော်မူချင်ရဲ့လား။ သည်ကဲ့သို့ လျှောက်တင်လေသည်။

သျှင်ရဲထွတ်ကထိုင်ကာ မျက်နှာတ္တခြွေခပ်ဆိုးဆိုး ရန်ညိုးထားတဲ့အသွင်ဖြင့် ညှာတာသနားအကြွင်းအကျန်မထားဘဲ ကြိမ်းဝါးလေရာ၊ တပင်ရွှေထီး၏စိတ်မှာ ထိတ်ထိတ်ပြာပြာ ဖြစ်ပြီး၊ "နောင်တော်ကြီးရယ်၊ တကယ်စီရင်တော့မှာလား။ ကြည်ကြည်ရွှင်ရွှင်နှင့် အသက်တချောင်းကို အဆုံးခံနိုင်ပါတယ်။ နောင်တော့်ဓါးလွယ်ကို ပန်းနွယ်ပန်းကုံးကြီးလို ထင်နိုင်ပါတယ်။ ငယ်ရွယ်စဉ်ကစ၍ ထီးထီးရဲ့အသက်ကို နောင်တော့်လက်သို့အပ်နှံထားပြီမဟုတ်လား။ နောင်တော်ပိုင်ဆိုင်တဲ့အသက်ကဘဲ။ ရက်စက်ချင်လျှင်လဲရက်စက်နိုင်ပါတယ်။ ရက်စက်တော်မမူဘဲ သည်အသက်ကလေးဟာ လွတ်လပ်စွာနေပါစေဆိုတဲ့သဘောနှင့် ချမ်းသာခွင့်ပေးလျှင်လဲ အေးအေးမြမြနှင့် တည်နေခွင့်ရပါလိမ့်မယ်။ ညီတော်မှားကြောင်းကိုတော့ နောင်တော့်ရှေ့မှာပုံပြီး အကုန်ဝန်ချပါပေါ့။ တိုင်းပြည်ကမကြည်ညိုလျှင်လဲ သည်ကိုယ်နှင့် နန်းစံနေလို့ ဘာအကျိုးရှိအုံးတော့မှာလဲ။ သည်ထီး သည်နန်းကို နောင်တော်ကိုယ်တိုင် စံမြန်းတော်မူပါတော့။ အခွင့်ပေးပါလျှင် နေပြည်တော်ကေတုမတီသို့ပြန်ပြီး ကိုယ့်ဝါသနာစရိုက်နှင့် နှစ်ချိုက်စွာနေပရစေတော့။ငယ်ရွယ်စဉ်က ချစ်ခင်ခဲ့တဲ့ ညီတော်ကလေးတပါးကို အသနားမဖက်တော့ဘူးလားထွတ်ထွတ်ရဲ့"ဟု အားငယ်သောသဘောဖြင့် အားကိုးသံပါပါ မိန့်တော်မူသည်။

သျှင်ရဲထွတ်သည် ညီတော်တပင်ရွှေထီး၏စကားကို ကြားလေရာ၊ ဟို–ငယ်ရွယ်စဉ်ကစ၍ ချစ်ခင်ပေါင်းသင်းကာ အတူတကွ ကြီးပွါးလာခဲ့ပုံများကို တွေးတောမိသည်နှင့် ကိုင်ထားသော ဓါးကိုလွှတ်ချပြီး ညီတော်ကိုပိုက်ဖက်ခါ၊ မဆည်နိုင်သော စိတ်များကြောင့် ငိုအားသန်ထော် မူမိလေသည်။

(ထွတ်) အို-စစ်ပြိုင်တဲ့ပွဲမှာ ရဲရင့်တော်မူသော်လဲ နောင်တော့်ရှေ့မှာတော့ ရဲရင့်တော် မမူပါဘဲကလား။ မသနားဘူးလိုဟန်နှင့်တင်းသော်လဲ ညီတော်ကို အချစ်ပြင်းလွန်းလို ကြာကြာ ကြီး မတင်းနိုင်ဘူး ထီးထီးရဲ့။ သည်လိုကြိမ်းဝါးရခြင်းဟာ ထီးနန်းစည်းစိမ်ကို လိုလားလို့ ကြိမ်း ဝါးရတာ မဟုတ်ပါဘူး။ မှားယွင်းတဲ့အမှုစရိုက်ကို မကြိုက်နိုင်လွန်းလို့ကြိမ်းဝါးမိတာပါ။ ထီး နန်းပေါ်မှာ ပျော်ပျော်ကြီး စံစားနေတာကိုမြင်လျှင် ထွတ်ထွတ်ကရွှင်နေပါတယ်။ ညီခင်ရဲ့ ကျက်သရေကိုသာ ရှုစားကာနေလိုတယ်ထီးထီးရဲ့။ နေပြည်တော်သားတို့နှင့်မှူးမတ်များတို့ကဖြင့် မှောက်မှားတဲ့ အမှုတို့ကြောင့် ထီးဖြူနှင့်မတော်ဘူးလို့ပြောဆိုနေကြတယ်။ နောင်တော်တပါး အရှိသားကဘဲ။ မှူးမတ်အများနှင့် တိုင်းသူပြည်သားတွေက ဘယ်လိုပင်ပြောကြသော်လဲ ညီခင် ကို ပြည်ခွင်က မနှိပ်စက်စေရပါဘူး။ နောင်တော့်လက်တွင်းမှာ ဓါးတစင်းသာရှိပါစေ။ ဘယ် လိုရန်သူကိုမှ မစိုးရိမ်ပါဘူး။ ဘုန်းတန်ခိုးတက်အောင် ရှက်ဆောင်ကြိုးစားလို့ပေးပါမယ်။ဘယ် အရေးကိုမှ ဂရုမစိုက်ဘူးထီးထီးရဲ့။

ယခုလောက်လွန်ခဲ့သမျှလဲ ရှိပါစေတော့။ အဆုံးစွန် ဆယ်လို့မရအောင် မှားယွင်းခြင်းလဲ မဟုတ်သေးပါဘူး။ အသစ်တမျိုးပြင်ကာ စံနေတော်မူလိုက်ပါလျှင် ရှေးကထက် သမ္ဘာတိုးပြီး တန်ခိုးထိန်လင်းလို့လာပါလိမ့်မယ်။ ဘာသာမတူတဲ့ ကုလားဖြူကိုလဲ အရေးတယူ မြှောက်စား တော်မမူပါနှင့်။ သူ့အတွက်ကြောင့် တက်တက် စင်အောင် မှောက်မှားတော် မူကုန်ရတယ် မဟုတ်လား။ ဘုရင်တို့မှာ ဘုန်းသမ္ဘာကြီးရင့်၍ တဆင့်ထက်တဆင့် မြင့်တော်မူနိုင်ခြင်း ဆိုတာ မင်းကျင့်တရားနှင့် ညီညွှတ်မှ ဖြစ်နိုင်ပါတယ်။ မင်းကျင့်တရားဆယ်ပါးတို့တွင် "ကိုယ်ကျင့်" ဆိုတဲ့ သီလဟာ အရေးအကြီးဆုံးပါဘဲ။ သီလကိုနှစ်သက်လျှင် သေရည်သေရက်ကို မြတ်နိုးတော်မူနိုင် ပါအုံးမလား။ စကြဝတေးမင်းကြီးများသော်မှ ကိုယ်ကျင့်သီလနှင့်ပြည့်စုံကြရပါတယ်။ ယနေ့ ကစပြီး ကိုယ်ကျင့်သီလကိုစွဲသုံး၍ နှလုံးမြင့်မြတ်စွာ စံနေတော် မူစေချင်ပါတယ်။ ကုလားဖြူ ကို နန်းတော်သူတယောက်နှင့်ထိမ်းမြား၍ အမြဲခစားခွင့်ရတာနှင့် သို့ကလောက် ဘောက်ပြန် တော်မူရတယ်မဟုတ်လား။ ကုလားဖြူကလဲ အရက်နှင့်မြူရုံမက၊ သူ့တိုင်းင်က အချက်အပြုတ် မျိုးတို့ဖြင့် ချက်ပြုတ်ကျော်လှော်၍ ပွဲတော်ဆက်တဲ့အတွက် မြန်မာတို့ပွဲတော်စာကို မနှစ်သက် ဘဲ လူမျိုးခြားတို့ပွဲတော်စာကို အရသာရှိတယ်လို့ နှစ်သက်တော်မူနေပြီမဟုတ်လား။ သည်လို စိတ်သဘော ပြောင်းခြင်းဟာလဲ ကောင်းတာမျိုးမဟုတ်ဘူး။ တမျိုးပြောင်းပြီး ကောင်းကောင်း ကြီးမြင်၍ စံတော်မူစေလိုတဲ့ဆန္ဒကြောင့် လျှောက်တင်ရခြင်းဖြစ်ပါတယ်။

(ထီး) ထွတ်ထွတ်ရဲ့ စကားတွေဟာ တရားတော်နှင့် အလွန် ညီညွှတ်လှပါပေတယ်။ တရားကင်း၍ မှားရှင်းကုန်တာလဲ အမှန်ပါ နောင်တော့်ကို အထူးတောင်းပန်လိုသာကတော့ ခွဲမိတဲ့စရိုက်ဆိုတာ။ လွယ်စွာနှင့် ဖြတ်တောက်လို့ မရနိုင်ပါ။ တစတစဖြတ်မြဲ၊ မြင့်မြတ်တဲ့အမူ

အရာနှင့် စံနေတော်မူပါမယ် အတင်းအကြပ် တရှိန်ထဲနှင့်ဖြတ်ရမယ်ဆိုတာလဲ ခဲယဉ်းတဲ့အမှုမျိုး ဖြစ်ပါတယ်။ ယနေ့ကစပြီး စိတ်ချတော်မူပါတော့ နောင်တော်မကြိုက်တဲ့ လေ့ကို အငွေကင်းအောင် ရှင်းလင်းဖြတ်တောက်ပါတော့မယ်။ ။စိတ်နှလုံးတော် မကြည်လင်တဲ့အခါ။ပြည်ခွင်နှင့် စပ်ဆိုင်တဲ့ အရေးများကို။ နောင်တော်ကိုယ်တိုင်။ အခွင့်ကိုကြည့်၍ သင့်အောင် စီရင်ပါတော့။ ညီတော်မှာ ယခုတလောမှာဖြင့် အေးမြလွတ်လပ်စွာ စံတော့်မူပါရစေ။

(ထွတ်) ဘုရင်နှင့် မလျော်တဲ့။ စရိုက်တော်များကို တဖြေးဖြေး ဖြတ်တောက်မယ်လို့ ဝန်ခံတာကိုပင်။ ထွတ်ထွတ်က ဝမ်းမြောက်လှပါပြီ။ တိုင်းရေးပြည်မှု ကိစ္စကိုတော့ စိတ်ချတော်မူပါ။ ညီတော်၏ စိတ်နှလုံး အေးမြခွင့်ကိုသာ လိုလားတောင့်တပါတယ်။

ဤကဲ့သို့ လျှောက်တင်ပြီးလျှင်။ သျှင်ရဲထွတ်သည်။ နန်းတော်မှ ထွက်ခဲ့လေ၏။ ။တလိုင်းအမတ်ကလေး သမိန်စောထွတ်လည်း ဘုရင်မင်းမြတ်က၊ ယောက်ဘတော် သျှင်ရဲထွတ်အား။ အရေးကုန် လွှဲအပ်တော်မူကြောင်းရိပ်မိသည်နှင့် ရှေးအခါကကဲ့သို့ မျက်နှာခပ်တင်းတင်း မထားဝံ့ဘဲ။ သျှင်ရဲထွတ်ကိုမြင်လျှင် ခပ်ဝေးဝေးက အရိုအသေပေးကာခစားဝပ်တွား၍နေလေသည် သို့ရာတွင်။ အတွင်းကြိတ် ကြံထားသော အချက်ကိုမူကား။ အဆုံးစွန် လက်မလျှော့သေးချေ။

## သျှင်ရဲထွတ်ကိုယ်တိုင် ဘုရင်မင်းမြတ်ကို စောင့်ကြပ်တော်မူခြင်း။

ထိုနေ့ကစ၍၊သျှင်ရဲထွတ်သည်။ ကိုယ်တော်တိုင် ဝီရိယစိုက်ထုတ်တော်မူပြီးလျှင်။ ညီတော်ဘုရင်၏ ကောင်းရာ ကောင်းကြောင်းကို ဖြောင်းဖြလိုသောစိတ်ဖြင့် နေ့စဉ်မပြတ်။ အတွင်းတော်သို့ ဝင်ကာ စောင့်ကြပ်တော်မူသည်။ ။ညဥ့်အခါ နှစ်ချက်တီးကျော် တိုင်အောင်။ အပါးတော်မှာ စောင့်ကြပ်၍ နေတော်မူသည်။ စက်တော်ခေါ်၍ ပျော်တော်မူမှ။နန်းတော်မှ ထွက်လာခဲ့သည်။ ။နံနက်အခါ၌လည်း။ညီတော်ဘုရင် စက်ရာက နိုးတော်မမူခင်။ နန်းတော်သို့ဝင်၍၊ မှူးမတ်များနှင့် တိုင်ပင်ကာ တိုင်းရေးပြည်မှုကို ကြည့်ရှုစီမံတော်မူသည်။

ဘုရင့် အပါးတော်၌။ ယုံကြည်လောက်သောသူများကို ခစားစေပြီးလျှင်။ စိတ်နှလုံးတော် ကြည်လင်ကြောင်း များကိုသာ။ ဆောင်ရွက်နေထိုင်ကြစေသည်။ အယုံအကြည်မရှိသောသူများကိုလည်း။ အတွင်းတော်မှာ မခစားစေဘဲ။ အပြင်သို့ထွက်၍၊ ဆိုင်ရာ အမှုတော်များကို ထမ်းရွက်စေသည်။ ။သျှင်ရဲထွတ်သည် တလိုင်းတို့ကို ယုံကြည်စိတ်ချတော်မမူသည်နှင့် တလိုင်းစစ်အမှုထမ်းများကို တစတစ လျှော့ချပြီးလျှင်။ မြန်မာစစ်အမှုထမ်းတို့ကိုသာ များသည့်ထက်များများလာအောင်။ တိုးတက်၍ ခန့်ထားတော်မူသည်။ ။ဤကဲ့သို့ စီမံတော်မူခြင်းကြောင့်။ တိုင်းနိုင်ငံ လှုပ်ရှားခြင်း မရှိဘဲ။ ငြိမ်သက်မြဲ ငြိမ်သက်၍ပင် နေလေသည်။

## ဗိုလ်ဖြူကိုနိုင်ငံရင်းသို့ ပြန်၍စေလွှတ်ခြင်း။

ဘုရင်တပင်ရွှေထီးမှာ။ ကာလအတန်ရှည်ကြာစွာ စွဲ၍ လာခဲ့သော။သေရည်ကြိုက်သည့် စရိုက်တော်များ လုံးလုံး မပျောက်သေးသည်နှင့် အလုံးစုံ ပျောက်ကင်းခြင်းသို့ ရောက်လေ့

အောင် (ဗိုလ်ဖြူ) ကိုနိုင်ငံရင်းသို့ ပြန်၍ လွှတ်မှ သင့်တော့မည်ဟု ကြံစည်တော်မူပြီးလျှင် တနေ့သောအခါ၊ ဗိုလ်ဖြူကို ရှေ့တော်သို့ခေါ်၍၊ အမိန့်ရှိတော်သည်မှာ။

ဗိုလ်ဖြူ။ မောင်မင်းသည်၊ နိုင်ငံရင်းမှထွက်၍ လာခဲ့သည်မှာ အတော်ကြာခဲ့ပြီ။ မြန်မာဘုရင်၏။ ဘုန်းတော်ရိပ်ကို ခိုလှုံရသဖြင့် ချမ်းသာရခဲ့သည်မှာလည်းအတော်ကြာခဲ့ပြီ။ တိုင်းသူပြည်သား လူအများတို့နှင့် မှူးတော်များက မောင်မင်းအပေါ်မှာ၊ များစွာ အပြစ်တင်၍၊ မကျေနိုင် မချမ်းနိုင် ဖြစ်နေပုံများလဲ။ မောင်မင်း ရိပ်မိလိမ့်မယ်ထင်တယ်။ ။ငါတို့ ရွှေနန်းရှင် ဘုရင်မင်းတရားကြီးသည်၊ မောင်မင်းကို မြှောက်စားတဲ့နေ့ကစပြီး။ ဗုဒ္ဓသာသနာနှင့် ဆန့်ကျင်၍။ မြန်မာဘုရင်တို့နှင့် မထိုက်မတန်တဲ့ သေရည်သောက်စားမှုများကို၊ အတိုင်းထက်အလွန် လိုက်စားတော်မူခဲ့သည်။ စိတ်တော်များလည်း ဟိုရှေးယခင်ကလို ကြည်လင်ရွှင်လန်းစွာ ရှိတော်မမူ။ ။ မြန်မာပြည်မှာ ကြာရှည်စွာမောင်မင်းနေထိုင်ခဲ့ပါလျှင် စိုးရိမ်ဘွယ်အမျိုးမျိုးနှင့် တွေ့ကြုံရလိမ့်မည် ထင်သည်။ မောင်မင်းကိုယ်တိုင် အသက်ချမ်းသာရေးကို ဆောင်ရွက်ရမည်။ မောင်မင်း နာခံရမည်မှာ မကြာမီအတွင်း မြန်မာ နိုင်ငံတော်မှ ထွက်သွား၍၊ နိုင်ငံရင်းသို့ ပြန်ရမည် သင်္ဘောတစင်းနှင့် မောင်မင်းအလိုရှိသော ရွှေ၊ငွေ၊ပစ္စည်းများကို ပေးသနားတော်မူမည်။ ။ ဤကဲ့သို့ အမိန့်ရှိလေ၏။

ဗိုလ်ဖြူလည်း ထိုအမိန့်စကားကို ကြားလေရာ သျှင်ရဲထွတ်ကို ကြောက်လန့်သည်နှင့် "အမိန့်တော်အတိုင်း နာခံပါမည် သင်္ဘောတစင်းကိုသာ ပေးတော်မူပါ သို့ရာတွင် နိုင်ငံသို့ ပြန်ရောက်သောအခါ မျက်နှာမညှိုးငယ်ရအောင် မျက်နှာပြလှအောင် ရွှေ, ငွေ, ဘဏ္ဍာများကိုလည်း ပေးသနားတော်မူပါ"ဟု လျှောက်တင်လေ၏။

သျှင်ရဲထွတ်က 'ကောင်းပြီ'ဟု ဝန်ခံပြီးလျှင် မှတ္တမန္တိုစားနှင့် တိုင်ပင်၍ ယခင်ဗိုလ်ဖြူကို ဖမ်းမိစဉ်က ရထားသော သင်္ဘောကိုပင် ပြန်၍ပေးပြီးလျှင်ရိက္ခာ အလုံအလောက် ချီးမြှောက်သော သဘောအားဖြင့် ရွှေ,ငွေ, များစွာပေး၍ လွှတ်လေရာ ဗိုလ်ဖြူလည်း မြန်မာနိုင်ငံအတွင်းမှ နိုင်ငံရင်းသို့ ထွက်သွားရလေသည်။ ။တိုင်းရေးပြည်မှု အလုံးစုံ စုပုံ လွှဲအပ်ပြီး ဖြစ်သည်နှင့် ယောက်ဘတော် သျှင်ရဲထွတ် စီမံတော်မူသည်များကို ဘုရင်တပင်ရွှေထီးက တားဆီးကန့်ကွက်ခြင်း မပြုဘဲ ကြည့်ရှု၍သာ နေတော်မူလေသည်။

သမိန်စောထွတ်ကိုမူကား ယခင်ကသောက်စားဘော် ဖြစ်သည်နှင့်အပါးတော်ကလုံးလုံး မခွါစေဘဲ စရိုက်တော်မပျောက်ကင်းမီအတွင်း ရွှေစိတ်တော်ချမ်းသာအောင် ခစားမြဲခစားရန် ထားသေးသည်။ ။သမိန်စောထွတ်သည်ကား သျှင်ရဲထွတ်ကို ကြောက်လန့်သည်နှင့် ရှေးက အမှုအရာနှင့် မတူဘဲပရိယာယ်အားဖြင့်ကြိုးနွံစွာ ခစား၍ နေလေသည်။ ။သျှင်ရဲထွတ်လည်း လွန်စွာ ကြိုးနွံသော အမူအရာကို တွေ့မြင်ရသည်နှင့် သမိန်စောထွတ်ကို ရှေးကကဲ့သို့ စိုးရိမ်ကြီးစွာ မဖြစ်ဘဲ ဂရုမစိုက်လောက်သော သဘောမျိုးနှင့်သာ နေလေသည်။

ဘုရင် တပင်ရွှေထီးလည်း တိုင်းရေးပြည်မှု အလုံးစုံကို ယောက်ဘတော် သျှင်ရဲထွတ်သို့ လွှဲအပ်ထားတော်မူသည်နှင့် တိုင်းရေးပြည်မှုကို ဂရုစိုက်တော် မမူဘဲမျက်နှာလွှဲ၍သာ စံနေတော်

မူသည် ဘုရင်မင်းမြတ်တို့ ထွက်တော်မူမြဲ ဓမ္မတာဖြစ်သော ညီလာသဘင်ကိုမျှ ထွက်တော်မမူသော နေ့ရက်တွေသာ များ၍ နေလေသည် အလွန်ကြီးကျယ်သော အရေးရှိမှ ဘုရင်မင်းမြတ် ပါတော်မူရုံမျှ ထွက်တော်မူသည်။ ။သျှင်ရဲထွတ်ကိုယ်တိုင် ဘုရင့်ကိုယ်စား ပြုလုပ်ပြီးလျှင် အရေးအရာ အလုံးစုံကို ပြည့်စုံအောင် ခန့်ခွဲတော်မူသည်။ ။မှူးမတ်, သေနာပတိ, အပေါင်းတို့လည်း သျှင်ရဲထွတ် အပေါ်မှာ ကြောက်ချစ်ရိုသေ ရှိပြီးဖြစ်သည်နှင့် တစုံတရာ တော်လှန်ခြင်း မပြုကြဘဲ သျှင်ရဲထွတ်၏ အမိန့်ဩဇာများကို ဘုရင်မင်းမြတ်၏ အာဏာတော်ကဲ့သို့ ရိုသေစွာ လိုက်နာကြသည်။

ဘုရင်တပင်ရွှေထီးလည်း စိတ်တော်များကို မွေ့၍ အေးအေး စံနေတော်မူကာ မလျော် စရိုက်ဝါသနာများကို ပပျောက်လေအောင် ပြုပြင်၍ နေတော်မူသည်။

---

# အခန်း (၄၆)

## "မှူးမတ်သေနာပတိအပေါင်းတို့က သျှင်ရဲထွတ်ကို နန်းတင်ကြရန် တိုင်ပင်ကြခြင်း"

မြန်မာအမတ်,တလိုင်းအမတ်အပေါင်းတို့ စုရုံးတိုင်ပင်ကြသည်မှာ ယခုအခါ ဘုရင်မင်းမြတ်လည်း သေရည်သေရက်ကြူးလွန်သည်ကစ၍၊ တိုင်းရေးပြည်မှုတို့ကို ကြည့်ရှုတော်မမူဘဲ မျက်နှာလွှဲ၍သာ နေတော်မူသည်။ ရွှေစိတ်တော်များလည်း ရှေးကလိုပင် ကြည်လင်တော်မူပုံလက္ခဏာ မရှိ။ ညီလာသဘင်ကိုမျှ အစဉ်အတိုင်း ထွက်စံတော်မမူ။ ယောက်ဘတော် သျှင်ရဲထွတ် ကိုသာ အလုံးစုံ လွှဲအပ်တော်မူထားသည်။ ဘောက်ပြန်သော အမူအရာတော်များသည် မည်မျှလောက် ကြာမှ လုံးဝပျောက်ကင်း၍ မင်းတို့ဝတ်တရားနှင့်အညီ တိုင်းရေးပြည်မှုတို့ကို ကြည့်ရှုစီရင်တော် မူနိုင်မည်ကိုမသိ။ ဘုရင့်နှောင်ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်သည် ဘုန်းပညာရုပ်လက္ခဏာတို့နှင့်လည်း ပြည့်စုံသည်။ လက်ရုံးရည်ရဲစွမ်းနှင့်လည်း ပြည့်စုံတော်မူသည်။ တလိုင်းအမတ် မြန်မာအမတ်တို့၏ အကြည်ညိုကိုလည်းခံရသည်။ ယခုအခါ တိုင်းနိုင်ငံကို လွှဲအပ်ခြင်းခံရသောအတိုင်း ဘုရင်နှင့်မခြားနားတော့ပြီ။ သျှင်ရဲထွတ်မှတပါးထီးနန်းအရိပ်အရာကို ဆက်ခံနိုင်မည့်သူလည်းမရှိ။ သို့ဖြစ်၍ ထီးနန်းစည်းစိမ်တော်ကို လုံးဝသိမ်းပိုက်၍ဘုရင်အဖြစ်သို့တင်မြှောက်ရန်သာ သင့်လျော်တော့သည်။

ဤကဲ့သို့ တိုင်ပင်ကြလေရာ၊ မြန်မာမှူးမတ်, တလိုင်းမှူးမတ်,တို့ အလုံးစုံအကုန် သဘောကိုက် ညီညာသဖြင့် တနေ့သောအခါ သျှင်ရဲထွတ်၏အိမ်တော်သို့ စုရုံးလာရောက်ကြပြီးလျှင် ဤသို့ လျှောက်တင်ကြလေသည်။

ယခုမှူးမတ်စုံညီစွာ အထံတော်သို့လာရောက်ရခြင်းမှာ အခြားအကြောင်းကြောင့် မဟုတ်ပါ။ ရွှေနန်းရှင်ဘုရင်မင်းတရားကြီးသည် သေရည်သေရက်နှင့်သာ ပျော်တော်မူနေသောကြောင့် တိုင်းရေးပြည်မှုကို ရှုကြည့်တော်မမူနိုင်ကြောင်းမှာ အရှင် သိတော် မူသောအတိုင်းပင် ဖြစ်ပါ

သည်။ ဤကဲ့သို့ ဘုရင်မင်းမြတ်ကြီးကိုယ်တော်တိုင် မင်းကျင့်တရားနှင့် မညီညွတ်ဘဲ ဘောက်ပြန်လျက်အုပ်စိုးနေသည်ဟုကြားလျှင် တိုင်းနိုင်ငံတပါးက ကဲ့ရဲ့ဘွယ်ရာ ဖြစ်ပါလိမ့်မည်။ တိုင်းသားပြည်သူ တို့ကလည်း မကြည်ဖြူသဖြင့် ဆူပူပြောဆိုခြင်းများ၍ နေပါသည်။အရှင်သည် တိုင်းရေးပြည်မှုကို ကြည့်ရှုရင်းလက်စရှိနေသည့်အတိုင်း ထီးနန်းကို အထင်အရှား ဆက်လက်၍စိုးစံတော်မူပါ။ ညီတော်ဘုရင်ကိုမူကား သင့်လျော်ချမ်းသာစွာ ထားရန်သာ သင့်လျော်ပါတော့သည်။ ဘုန်းကြီးသည့်အရှင် ရွှေနန်း တက်တော်မူပါလျှင် ကျွန်တော်တို့ကလည်း အရှင့်အမှုတော်ကိုရိုသေလေးမြတ်စွာ ထမ်းရွက်ကြပါမည်။ဘုန်းကြီးသောအရှင်သာ စိုးစံတော်မူခဲ့ပါလျှင် ယခုထက်တိုး၍ တိုင်းနိုင်ငံသာယာပြီးလျှင် သာသနာပွင့်လင်းရန် ရှိပါသည်ဘုရား။ဤသို့လျှောက်ထင်ကြလေသည်။

ထိုစကားကိုကြားလေရာ၊ သျှင်ရဲထွတ်က ပြုံးတော်မူလျက်။ အစ်ကိုတို့။ သည်စကားကိုသည်တကြိမ်သာ ပြောဆိုမိကြပါစေ။ အခြားသူများမကြားပါစေနှင့်။ကျွန်ုပ်တို့အကိုတို့ သဏ္ဍာန်မှာ ရွှေနန်းရှင်ဘုရား၏ ကျေးဇူးသစ္စာတော်များ ထင်ရှားစွာ ရှိနေပါသည်။ သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်မှာ ကျေးဇူးသစ္စာကိုမသိဘဲ အနှစ်တရာအသက်ရှင်၍ နေရသောထက်။ ကျေးဇူးသစ္စာသိရှိစွာနှင့် တနေ့တရက်မျှနေရခြင်းက မြတ်သည် ဟူ၍မိန့်တော်မူပါသည်။ ရွှေနန်းရှင်ဘုရား အသက်တော် တည်ရှိသမျှကာလပတ်လုံး ဂတိသစ္စာကိုဘယ်အခါမျှ ဖျက်ဘို့မသင့်ကြဘူး။ ယခုအခါ ရွှေနန်းရှင်ဘုရားလဲ စိတ်တော်များကို ပြုပြင်ကာစံနေတော်မူပါသည်။ မကြာမီပင် ရှေးနဂိုပကတိအတိုင်း တည်တော့်တော်မူပြီး။ ရွှေဘုန်းတော်ကြီးပါလိမ့်မည်။ တိုင်းရေးပြည်မှုများကို ကြည့်ရှုတော်မမူမီ အတွင်း မင်းကြီးတို့၊ ကျွန်ုပ်တို့ကကျေးဇူးသစ္စာတော်ကို စောင့်ရှောက်လို့နေကြပါလျှင် ပြည်ရွာနိုင်ငံများလှုပ်ရှားဘောက်ပြန်ဘို့အကြောင်းမရှိပါဘူး။ ရွှေနန်းရှင်ဘုရား၏ ကျေးဇူးသစ္စာတော် နှစ်ပါးကိုသာ ဖြောင့်မတ်စွာစောင့်ရှောက်၍ နေကြပါ။ ဤကဲ့သို့ မိန့်တော်မူသည်။

မှူးမတ်များတို့လည်း သျှင်ရဲထွတ်စကားကိုကြားကြလေရာ၊ မည်သို့မျှ တုန့်ပြန်ပြောကြားခြင်းငှါ မဝံ့ကြဘဲ ဦးခေါင်းငြိမ့်ကာ၊ တိတ်ဆိတ်စွာ နေကြပြီးလျှင် ကျော်ထင်နော်ရထာဘွဲ့ခံယောက်ဘတော်သျှင်ရဲထွတ်သည် ယောကျ်ားကောင်းပြီသစ္စာ ကျေးဇူးသစ္စာကို သိတော်မူပါပေသည်။ လွယ်ကူစွာ ရွှေနန်းစည်းစိမ်ကို ရယူနိုင်ပါလျက် စုံမက်တော်မမူပေ။ စိတ်နေစိတ်ထားခိုင်ခံ့တည်တံ့ပုံများကို ချီးမွမ်းထိုက်ပါပေသည်ဟု အံ့သြကာနေကြလေသည်။

ထိုနောက် သျှင်ရဲထွတ်က ထပ်မံ၍ မိန့်တော်မူပြန်သည်မှာ မင်းကြီးတို့။ ရွှေနန်းစည်းစိမ်ကို အလိုရှိပါလျှင် စောစောစီးစီးကပင် ကျွန်ုပ်ရနိုင်ပါတယ်။ သို့ရာတွင် ညီတော် ရွှေနန်းရှင်ဘုရားနှင့် ငယ်ရွယ်စဉ်ကပင် အတူတကွ ကြီးပွါးခဲ့၍ တဦးနှင့်တဦး အထူးပင် ကျေးဇူးသစ္စာရှိခဲ့ကြပါတယ်။ ညီတော်ဘုရင် အသက်ရှင်၍နေသမျှကာလပတ်လုံး ကျွန်ုပ်ကိုယ်တိုင် အမှုတော်များကိုသာ သက်စွန့်ကြိုးပမ်း ထမ်းရမဲ့တာဝန်ရှိပါသည်။ ထီးနန်းစိုးစံရန်တာဝန်မရှိပါ။ ကျေးဇူးသစ္စာ တည်တံ့ခဲ့ပါလျှင် ဘုန်းကြီး၍ သက်ရှည်လေ့ရှိပါသည်။ မင်းကြီးတို့လဲ ကျေးဇူးရှင်တို့အပေါ်မှာ ကျေးဇူးသစ္စာကို ရိုသေလေးမြတ်စွာ လိုက်နာကျင့်သုံးနိုင်ကြပါစေ။ ဤကဲ့သို့ ဆုံးမရေးနှင့်စပ်သောစကားကို မိန့်ကြားတော်မူလေသည်။

ထိုအခါကစ၍ မှူးမတ်အပေါင်းတို့လည်း တိုင်းရေးပြည်မှုနှင့်စပ်၍ တစုံတရာဘောက်လွဲ ဘောက်ပြန်ပြုလုပ်ရန် မကြံစည်ဝံ့ကြတော့ဘဲ စိတ်နှလုံး ရိုးရိုးသားသားနှင့် ကြိုးကြိုးစားစား အမှုတော်လို့ ထမ်းရွက်ကြလေသည်။

## "တောင်ငူဘုရင်ခံ အနိစ္စရောက်တော်မူခြင်း"

သက္ကရာဇ် (၉၁၀) ကိုးရာ့တဆယ် ပြည့်နှစ်တွင် တောင်ငူဘုရင်ခံ "မင်းရဲသီဟသူ"သည် တောင်ငူမြို့မှာပင် အနိစ္စရောက်တော်မူလေ၏။

(မှတ်ချက်။ ။တောင်ငူဘုရင်ခံ မင်းရဲသီဟသူသည်ကား။ တပင်ရွှေထီးငယ်စဉ်က စောင့်ရှောင့်ထိန်းသိမ်းရသော အထိန်းတော်ကြီးဖြစ်သည်။ သျှင်ရဲထွတ်၏ ခမည်းတော်ကြီး ဖြစ်သည်။ ဘုရင်တပင်ရွှေထီးက ခမည်းတော်ကြီး အရင်းကဲ့သို့ မြတ်နိုးတော် မူလှသဖြင့် ဟံသာဝတီမှာ စံတော်မူစဉ်အခါ တောင်ငူရွှေနန်းကို လွှဲအပ်၍ တောင်ငူဘုရင်ခံ အဖြစ်ဖြင့် အုပ်စိုးစေသည်။)

တောင်ငူဘုရင်ခံ မင်းရဲသီဟသူ အနိစ္စရောက်ကြောင်းနှင့် ဟံသာဝတီသို့ လာရောက်လျှောက်တင်သည်တွင် ဘုရင်တပင်ရွှေထီးသည် အလွန် ဝမ်းနည်းကြည်ကွဲတော်မူသည်။တောင်ငူမြို့မှာပင် ဘုရင်မင်းမြတ်တို့ကို သင်္ဂြိုဟ်သော နည်းဖြင့် ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုဟ်တော်မူစေသည်။

ကေတုမတီ၊တောင်ငူမြို့တွင် ဘုရင်ခံလစ်လပ်လျက်ရှိနေသောကြောင့် ဘုရင်ခံအသစ် တင်မြှောက်ခန့်ထားရေးအတွက် ဟံသာဝတီ ရွှေနန်းတော်မှာပင် ညီလာသဘင် ဆင်ယင်ဘွင့်လှစ်တော်မူသည်။ ထိုအခါ ဘုရင်တပင်ရွှေထီးကိုယ်တော်တိုင် ရွှေဥကင် ရာဇပလ္လင်သို့ ထွက်စံတော်မူပြီးလျှင် ထိုအရေးကိစ္စကို ဆောင်ရွက်တော်မူသည်။

တောင်ငူဘုရင်ခံသစ် တင်မြှောက်ရန်ကိစ္စမှာ အနိစ္စရောက်တော်မူသော တောင်ငူဘုရင်ခံ၏သားတော်အလတ် သျှင်ရဲထွတ်၏ညီတော်ကို"သီဟသူ"ဟူသောအမည်နှင့် တောင်ငူရွှေနန်းကို ဆက်လက်စိုးစံစေဟူ၍ အမိန့်တော်မှတ်တော်မူသည်။

ထိုအခါ မှူးတော်မတ်တော်အပေါင်းတို့က ရွှေနန်းရှင်တပင်ရွှေထီးသို့လျှောက်တင်ကြသည်မှာ။ ကေတုမတီ နေပြည်တော်ကြီးသည် ဘုန်းကြီးသောအရှင်တို့၏ စံရာဌာနကြီး ဖြစ်ပါသည်။ ယခုအခါ ဘုရင့်နောင်ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်သည်"လှိုင်မြို့စား" အဖြစ်နှင့်သာ အမှုတော်ကို ထမ်းရွက်၍နေရပါသည်။ လှိုင်မြို့ဆိုသည်မှာ မြို့ငယ်မျှဖြစ်၍ ဘုရင့်နောင်ကျော်ထင်နော်ရထာနှင့် သင့်လျော်သည်မထင်ပါ။ တောင်ငူရွှေနန်းနှင့်သာ သင့်လျော်သည် ထင်ပါသည်။ သို့ပါ၍ ဘုရင့်နောင်ကျော်ထင်နော်ရထာအား တောင်ငူရွှေနန်းကို လွှဲအပ်ရန်သင့်သည်ဟုမှူးမတ်အပေါင်းတို့က ထင်မှတ်ကြပါသည်ဘုရား။

မှူးမတ်အပေါင်းတို့က လျှောက်တင်ကြသောအခါ ဘုရင်တပင်ရွှေထီးက အမိန့်တော်ရှိသည်မှာ မှူးမတ်တို့ လျှောက်တင်ကြသည်မှာ ငါ့နောင်တော် သျှင်ရဲထွတ်၏အကျိုးကို လိုလားသောကြောင့် လျှောက်တင်ကြရိုးမှန်ပေသည်။ သို့ရာတွင် ငါနှင့် ငါ့နောင်တော်မှာ ထီးနန်း

စည်းစိမ်အရှမ့်မကွဲပင်ဖြစ်တော်သည်။ ငါဘုရင်မင်းမြတ်ကိုယ်တိုင်လည်း ငါ့နောင်တော် သျှင်ရဲ ထွတ်ပင်ဖြစ်တော့သည်။ ငါ့နောင်တော် သျှင်ရဲထွတ်ကိုယ်တိုင်လည်း ငါဘုရင်မင်းမြတ်ပင် ဖြစ်တော့သည်။ အထူးလျှောက်တင်ရန်မလို၊ ဤကဲ့သို့ မိန့်တော်မူသည်။ (ဘုရင့်အမိန့်တော်၏ဆိုလိုရင်း အဓိပ္ပါယ်မှာ သျှင်ရဲထွတ်ကိုဘုရင်ခံရာထူးဖြင့်ချီးမြှင့်ရန်မလို၊ ငါနှင့်ထပ်တူ ဘုရင်ဖြစ်၍နေပြီး ဤကဲ့သို့ဆိုလိုရင်း ဖြစ်ပေသည်။)

ဘုရင့်အမိန့်တော်မြတ်ကို ကြားကြလေရာ၊ မှူးမတ်အပေါင်းတို့က ဘုရင့်အလိုဆန္ဒတော်ကို အလုံးစုံသိရှိကြသဖြင့် ညီဘော် နောင်တော် နှစ်ပါးတို့သည် ကိုယ်သာကွဲသော်လည်းစိတ်မကွဲဘဲ လွန်စွာ ချစ်ခင်မြတ်နိုးတော်မူကြပေသည်ဟု ချီးမွမ်းကြလေသည်။ ထိုကဲ့သို့ ဆန္ဒတော် အတိုင်း ဖွင့်ထုတ်၍ မိန့်တော်မူသော အမိန့်တော်ကြီးကို ကြားသည်ကစ၍ မှူးမတ်သေနာပတိအပေါင်းတို့သည် ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်အပေါ်မှာ ရှေးကထက်ပင် ရိုသေကြီးနွံ စွာခယမ်းကြလေ၏။

## သူနန်အကြီးအကျယ် ထကြွလာခြင်း
## (သမိန်ထောရာမ အကြောင်း)

ယခင်က ဟံသာဝတီတွင် တလိုင်းဘုရင်ဖြစ်ခဲ့သော“ဗညားရံ”မင်း၏ အိမ်နိမ့်တွင် ဘွားမြင်သော တလိုင်းမင်းသားတပါးသည် တလိုင်းတို့ ဘုန်းရှိန် ကွယ်ပျောက်၍ တပင်ရွှေထီးစိုးစံသောအခါ “ငါသည် လူဝတ်ကြောင်နှင့်နေသဖြင့် အကျိုးမဲ့တော့မည်မဟုတ်၊ သာသနာ့ဘောင်မှာ ရဟန်းပြု၍နေမှသင့်လေမည်”ဤသို့အကြံပြုပြီးလျှင် မိမိ၏မျိုးဇာတ်ကိုမသိစေဘဲ ဇရွဲအုံမြို့သို့ ထွက်သွားပြီးလျှင် ရဟန်းပြုလုပ်နေထိုင်လေသည်။

သို့ရာတွင် တလိုင်းမင်းသားရဟန်းသည် ဇာတိမာန်ကို မလျော့ဘဲ ငါစွမ်းနိုင်၍ အခွင့်ရသောအခါ မျိုးရိုးဇာတိဖြစ်သော ထီးနန်းအရိပ်အရာကိုဆက်ခံ၍ တလိုင်းပြည်ကြီးကိုအုပ်မည်။ မြန်မာတို့အောင်လံကိုချိုးမည်၊ တလိုင်းနိုင်ငံကို တိုက်ခိုက်အုပ်စိုးသော မြန်မာတို့အား လက်စားချေမည်။ ဤကဲ့သို့သာကြံစည်၍ နေလေသည်။ သို့ရာတွင် တပင်ရွှေထီးဘုန်းကြီးသည် အခိုက်မှာ မိမိအကြံအစည်များကို အမျိုးဇာတ်တူသော တလိုင်းတို့ကိုပင်ဖွင့်ဆို၍ ပြောကြားရန်မစွမ်းနိုင်ဘဲရှိလေ၏။ မစွမ်းနိုင်သေးသည့်အခါ မီးခဲပြာဖုံး)ဆိုသကဲ့သို့ အကြံကိုမဖွင့်ဘဲ မျိုသိပ်၍သာ နေတော်မူရလေသည်။

ဘုရင်တပင်ရွှေထီးသည် မျိုးရိုးဇာတိမတူသော ကုလားဖြူနှင့် ပေါင်းသင်း၍ အကျင့်တော် ပျက်ယွင်းကြောင်း၊ တိုင်းရေးပြည်မှုကိုပင် ကြည့်ရှုတော်မမူနိုင်ကြောင်း၊ ဤသတင်းများသည် နိုင်ငံတော်တခွင်မှာ အစဉ်အတိုင်းပျံ့နှံ့၍သွားလေ၏။ သတင်းစကားများသည် တဆင့်ထက်တဆင့်ကား၍သွားလေ့ရှိသောအတိုင်း အချို့ အရပ် ဌာနများ၌ ဘုရင်တပင်ရွှေထီးသည် စိတ်တော်ကိုမျှ အစိုးမရဘဲ ရူးသွပ်တော်မူနေပြီဟု အလွန်ဆိုးဝါးသောသတင်းများပျံ့နှံ့ကျော်စော၍သွားလေသည်။

လူတမျိုးက လူတမျိုး၏အပေါ်၌ အုပ်စိုးခြင်းဆိုသည်မှာ ဘယ်အခါမှ သေသေဝပ်ဝပ်၊ ကျေနပ်လေ့မရှိသောအတိုင်း တလိုင်းလူမျိုးအချို့တို့သည် မြန်မာဘုရင်တပင်ရွှေထီး၏ အုပ်စိုး

မှုကို မကျေနပ်ကြဘဲ အခဲမကျေဖြစ်နေကြသဖြင့် ထိုကဲ့သို့သော သတင်းဆိုးများကို ကြားကြလေရာ၊ တလိုင်းလူမျိုးပေါင်းများစွာတို့က အခွင့်ရတော့မည် ထင်စားချက်ဖြင့် နှစ်သက်ဝမ်းမြောက်ကာနေကြလေ၏။

ဘုရင်တပင်ရွှေထီး၏ချီးမြှင့်မြှောက်စားခြင်းကို ခံရ၍ ကျက်သရေ ဂုဏ်ရှိန်၊ တထိန်ထိန်တောက်ပလျက်ရှိသောအချို့တလိုင်းအရာရှိများကလည်း အမျိုးကိုမညှာတာဘဲဘုရင်အလိုတော်ကိုသာ လိုက်နာပြုကျင့်ခဲ့ကြသဖြင့် ဘုရင်တပင်ရွှေထီး၏ ပျက်စီးမည့်အရေးကို တွေးတောပူပန်ကာ စိတ်နှလုံးမချမ်းမသာဖြစ်၍နေကြလေသည်။ ဤသို့ဖြစ်လေ့ရှိသည်မှာ လူ့ပြည်လောက၏ ဓမ္မတာကြီးပင်ဖြစ်လေသည်။ လူတမျိုးက လူတမျိုးကို အုပ်စိုးရာ၌ အချို့သော သူတို့သည် ကိုယ့်ဇာတိဖြစ်သော အမျိုးနှင့် နိုင်ငံဘက်ကိုမကြည့်ရှုဘဲ တကိုယ်ကောင်း အတ္တဟိတသဘောကို လက်ကိုင်ပြုပြီးလျှင် အမျိုးမတူသော အုပ်စိုးသူ၏အလိုကိုသာ လိုက်ပါပြုလုပ်၍နေတတ်ကြလေသည်။ ထိုကဲ့သော သူတို့ကို ဇာတိသွေးညံ့ဖျင်းသော သူတို့ဟူ၍ဆိုအပ်ပေသည်။

အချို့သောသူတို့သည်ကား အမျိုးနှင့်နိုင်ငံကိုသာ ချစ်ခင်စွာလိုလားကြသဖြင့်အုပ်စိုးလာသူ ဇာတ်မတူသော သူတို့၏ အကြိုက်သို့မလိုက်မပါဘဲမိမိတကိုယ်ကောင်းအကျိုးကိုလည်း မကြည့်ဘဲ အမျိုးနှင့် နိုင်ငံ ကောင်းစားရေးကိုသာလျှင် တတ်စွမ်းသမျှ ဆောင်ရွက်ခါ နေတတ်ကြလေသည်။ ထိုကဲ့သို့သော သူတို့ကို ဇာတိသွေးထက်သန်သော သူတို့ဟူ၍ဆိုအပ်ပေသည်၊ ဇာတိသွေးထက်သန်သော သူများကို အရှည် မြော်မြင်လေ့ရှိကြသော ပညာရှိတို့က ချီးမွမ်းလေ့ရှိကြပေသတည်း။

ပြဆိုခဲ့ပြီးသောအတိုင်း မြန်မာဘုရင်တပင်ရွှေထီး၏ မကောင်းသတင်းများ ထွက်၍နေစဉ်အခါ **"တောမီးလောင် တောကြောင် လက်ခမောင်းခပ်"** ဆိုသော စကားအတိုင်း မိမိနိုင်ငံကို ပြန်၍ရရှိလိုသောသူတို့က ထထကြွကြွနှင့် အားတက်သရော ဖြစ်ကြပြီးလျှင် လက်ရုံးအားကိုးနှင့် ခုခံတိုက်ရန် ကြံစည်၍နေကြလေသည်။ ထိုခေတ်အခါ၌နိုင်ငံရေးမှာ လက်ရုံးအားကိုးနှင့် ပြုလုပ်လေ့ရှိသောအတိုင်း လူသူလက်နက်အင်အား စုဆောင်း၍ တိုက်ခိုက်ရေးကိုသာ ကြိုးစားလေ့ရှိကြသည်။ ယခုခေတ်အခါ၌မူကား ထိုကဲ့သို့ မဟုတ်ပေ။ မိမိတို့နိုင်ငံကို ပြန်၍ ရယူလိုပါလျှင် တရားသဖြင့် အများနှင့်စုရုံးတိုင်ပင်ကာ တောင်းဆိုလေ့ရှိကြပေသည်။ဤသဘောမျိုးမှာအများချမ်းသာကြောင်းဖြစ်၍ ယဉ်ကျေးသည်ဟု ခေါ်ဆိုလေ့ရှိကြလေသည်။

## မင်းသားရဟန်း၏ အကြံပြုချက်

ဇရွဲအုံမြို့၌ ရဟန်းပြုကာ မထင်မရှားနေခဲ့သော တလိုင်းမင်းသားရဟန်းတော်သည် တပင်ရွှေထီး၏ ဘုန်းရှိန်ညံ့ဖျင်းကြောင်းဖြစ်သော သတင်းများကို ကြားလေရာ၊ ငါအကြံကိုဖွင့်တော့မည်ဟု အားတက်သရောစိတ်ကြွလာပြီးလျှင် ပထမရွေးဦးစွာ မိမိနှင့် ရင်းနှီးသော သူများကို ဤကဲ့သို့ပြောကြားလေ၏။

ယခုကျွန်ုပ်တို့နိုင်ငံကြီး ဆုံးရှုံးခဲ့သည်မှာ။ တလိုင်းလူမျိုးတို့မညီညွတ်ခြင်း။ အစွမ်းသတ္တိညံ့ဖျင်းခြင်းကြောင့်သာ ဖြစ်ရသည် ညီညီညွတ်ညွတ်နှင့် အစွမ်းသတ္တိ ရှိခဲ့ကြပါလျှင် ထိုကဲ့သို့

တလိုင်းနိုင်ငံတော်ကြီး ဆုံးရှုံးလိမ့်မည်မဟုတ်။ ။မြန်မာဘုရင် တပင်ရွှေထီး၏ အုပ်စိုးခြင်းကို ခံရသည်မှာ တမျိုးလုံးနစ်နာ၍ ကျွန်ဖြစ်ကြရသည် တလိုင်းနိုင်ငံကို မဆိုင်သော မြန်မာလူမျိုးတို့က ဝင်ရောက်အုပ်စိုးခြင်းကို မတွန်းလှန်နိုင်ခဲ့ပါလျှင်ကျွန်ဘဝက မထွက်နိုင်ဘဲ ကျွန်တွင်းနက်သည် ထက် နက်ရုံသို့ရှိကြရတော့မယ်။ ။အခွင့်သာသည့်အခိုက်မှာ သတ္တိကိုလွှတ်၍ ညီညီညွတ်ညွတ်နှင့် ကြံစည်လိုက်ကြပါလျှင် ကျွန်ဘဝက လွတ်ရမှာအမှန်ဘဲ ကျွန်ဘဝက လွတ်မြောက်ဘို့ဆိုသည်မှာ လွန်စွာအရေးကြီးတဲ့ အချက်ကြီး ဖြစ်တယ်မဟုတ်လား။ ။လူတမျိုးကို လူတမျိုးက အစဉ် အုပ်စိုးစေဆိုတဲ့ ကမ္ဘာ့ဥပဒေဟာ။ ဘယ်မှာမှမရှိဘူး။ ။**"ရေစီးတခါ ရေသာတလှည့်"** ဆိုသလို အခွင့်မသာတဲ့ အခါမှာ နိမ့်ကျ၍ အခွင့်သင့်တော့ မြင့်ကြစမြဲ ဓမ္မတာဘဲ ယခုအခါတလိုင်း လူမျိုးတို့ အခွင့်သာ၍ မြင့်လာဘို့ အချိန်တိုင် ရောက်တော့မယ်လို့ ထင်တယ် မြန်မာဘုရင် တပင်ရွှေထီးဟာလဲ ယခုအခါ သူတော်မဟုတ်တဲ့ သူယုတ်အလေ့ ဝါသနာများကိုသာ လိုက်စားလို့ နေတော်မူတယ် သေရည်ကြူးသဖြင့် မူးမူးယစ်ယစ်နှင့် အရူးဖြစ်နေတော်မူသတဲ့ မင်းကျင့်တရား နှင့် မညီညွတ်တဲ့ဘုရင်ဟာ ဘယ်မှာဘုန်းကြီးနိုင်ပါတော့မလဲ။ ။တလိုင်းလူမျိုးတို့ ကောင်းစား ဘို့ မြန်မာဘုရင် တပင်ရွှေထီးပျက်စီးတော်မူရတယ်လို့ မှတ်ယူကြရမယ်။ ။သို့ရာတွင်တပင်ရွှေထီး ၏ လက်ရုံးတော်ကြီးတဆူဖြစ်တဲ့ သျှင်ရဲထွတ် တယောက်ကိုဖြင့် ကြောက်လန့်ဘို့ ရှိသေးရဲ့ တလိုင်းတို့ ညီညွတ်၍ နိုင်ငံအားနှင့်ကြံလျှင် သျှင်ရဲထွတ် တတ်နိုင်မလား။ ။ဘုရင့်အရှိန်ခိုလှုံ ပြီး ဂုဏ်ကြီးနေကြတဲ့ တလိုင်းမှူးမတ်တွေနှင့် မြို့စား ရွာစား, တလိုင်းလူမျိုးတွေဟာလဲ ရှိသေး တယ် သူတို့တတွေဟာလဲ တကယ်ဆိုတော့ တလိုင်းဇာတိမို့ အရေးရှိလျှင် မိမိတို့မျိုးရိုးဘက်က ကူပံ့ကြစရာ အကြောင်းရှိသပေါ့ သို့ရာတွင်သူတို့မကူလျှင်လဲ နောင်ခါကျတော့သူတို့အဖြစ်ပေါ့ ကိုယ့်အမျိုးကို မငဲ့ညှာတဲ့ သည်လိုသတ္တဝါကို ညှာဘို့အခွင့်မရှိဘူး။ ။မိမိအကြောင်းကိုမှန်တဲ့ အတိုင်း ဖွင့်ပြောရမှာဖြင့် ကျွန်ုပ်ဟာ တလိုင်းဘုရင် **"ဗညားရံ"** ၏ သားတော်အမှန် ဖြစ်တယ် အခွင့်မသာတဲ့အခါမှာမို့ အသာကုတ်ပြီး တိမ်တိမ်မြုပ်မြုပ်နေခဲ့ရတာပါ ဇာတိအနွယ်ကိုတော့ ဘယ်တော့မှ မမေ့နိုင်ဘူး။ ။ယခုလိုအခွင့်သာတဲ့အခါ မိမိကိုယ်တိုင် ရှေ့ဆောင်လုပ်ပြီး တိမ်မြုပ် နေတဲ့ အမျိုးဇာတ်ကို မြင့်မြတ် ထင်ရှားအောင် ကယ်တင်ရလိမ့်မယ်။ မတရားသဖြင့် လွှမ်းမိုး မဆိုင်တဲ့နိုင်ငံကို အုပ်စိုးတဲ့။ မြန်မာအမျိုးကို အညွန့်ကျိုးအောင် ချိုးပစ်မယ် ယခုငါကိုယ်တော် အရှင်မြတ်ပြောတဲ့ စကားကို နားဝင်စွာ သဘောကျရဲ့လား။ ။ဤကဲ့သို့ တလိုင်းလူမျိုးများ ကို နားချ၍ သွေးကြွအောင် လှုံ့ဆော်၍ ပေးလေသည်။

မင်းသားဘုန်းကြီး၏စကားကို ကြားကြရ ရင်းချာသောတပည့်အပေါင်းတို့က စိတ်နှလုံး ထကြွပြီး "ယခုမိန့်တော်မူသည်များကို အားရနှစ်သက်စွာ သဘောတူညီကြပါသည် ကိုယ်တော် အရှင်မြတ်သည် မင်းမျိုးဇာတ်မှန်သောအတိုင်း ရှေ့ဆောင်ပြုလုပ်၍ သာကြံစည်တော်မူကြပါ။ တလိုင်းလူမျိုးပေါင်းများစွာ နောက်တော်က လိုက်ပါကြပါလိမ့်မည် တပည့်တော်များကလဲ။ **"တဆင့်စကား တဆင့်နား,"** ဆိုသောစကားအတိုင်း ဇာတ်တူသောတလိုင်း လူမျိုးများကိုအရှင် သဘောတော်အတိုင်း လိုက်ပါအောင် သွေးဆောင်ဟောပြောပါမည်ဘုရား ယခုအခါ နိုင်ငံ တော်များလည်း လုပ်ရှားထကြွတော့မလိုလို ဖြစ်နေသည်နှင့် အဆင်သင့်စွာ အကြံတော်များ

ထမြောက်မည်ထင်ပါသည် အရှင်ဘုရားပင် နှစ်မြှုပ်၍နေတဲ့ တလိုင်းအနွယ်ကို ကယ်တော်မူပါ ဘုရား” ဤကဲ့သို့ ပြောဆိုဝန်ခံကြလေ၏။

## တလိုင်းတို့ ညီညွတ်လာခြင်း။

ထိုအခါကစ၍ မင်းသားဘုန်းကြီးနှင့်တကွ ရင်းနှီးသော တပည့်အပေါင်းတို့သည် ဇလွဲအုံ မြို့နယ်တခွင်မှာ မြန်မာဘုရင်ကို တော်လှန်ဘို့အရေးဖြင့် သွေးစည်းစကား ပြောကြားကြလေရာ မြန်မာလူမျိုး၏ အုပ်စိုးခြင်းကို နှစ်သက်ရင်းမရှိကြသည်နှင့် တလိုင်းလူမျိုးပေါင်းများစွာတို့သည် အားတက်သရော စိတ်ဇောပါပါနှင့်မင်းသားဘုန်းကြီး၏စကားကို နားဝင်ကာ လိုက်ပါကြလေ ၏။ ။တစတစ လူသူအင်အားများပြား၍လာလေရာ ရွာသူကြီးများနှင့် တောမြို့စားတို့လည်း တိတ်တဆိတ် မင်းသားဘုန်းကြီးဘက်သို့ လိုက်ပါကြလေသည်။ ။မင်းသားဘုန်းကြီးလည်း၊ ဇလွဲအုံမြို့နယ်၌ လူပေါင်းများစွာ မိမိဘက်သို့ ပါလာသည်တိုင်အောင် သင်္ကန်းဝတ်ကို မချွတ် သေးဘဲ ရဟန်းဝတ်နှင့်ပင် နေထိုင်တော်မူတုန်း ရှိသေးသည်။

ထိုမင်းသားဘုန်းကြီး၏ အကြံမှာ“သည်မြို့နယ်က လူများကို စုရုံးမိရုံနှင့် မြန်မာဘုရင်ကို တော်လှန်ခြင်းငှာ အင်အားမလုံလောက်သေး ယခုနေရာဌာနကနေ၍ ခုခံရန် မသင့်လျော်သေး တလိုင်းလူမျိုးတို့၏ “အောင်မြေ”ခေါ်သော“ဒလမြို့” နယ်က အတည်အတံ့နေထိုင်ကာ ဗဟို မဏ္ဍိုင်ပြုလုပ်ခါ ကြံစည်မှ အထမြောက်နိုင်လိမ့်မည် ဒလနယ်ကိုစီးမိမှ လူဝတ်လဲမည်။ ဤကဲ့သို့ ကြံစည်ရင်းရှိသည်နှင့် လူဝတ်မလဲသေးဘဲ ရဟန်းဝတ်နှင့်ပင် အားအင်ကြီးအောင် သွေးဆောင် စည်းကြပ်၍ နေခြင်း ဖြစ်လေသည်။

ဤကဲ့သို့ အကြံရှိသည်နှင့် ယုံကြည်လောက်သော တလိုင်း သူလျှိုများကို ဒဂုန်၊ ဒလ၊ သံလျင်မြို့နယ်များသို့ တိတ်တဆိတ် စေလွှတ်ပြီးလျှင် ပြောဟော သွေးဆောင်နည်းကို သွန်သင် လျက် တလိုင်းလူမျိုးအချင်းချင်း ညီညွတ်စည်းလုံးကြစေရန် စီမံတော်မူလေသည်။

တလိုင်းသူလျှိုများလည်း မင်းသားဘုန်းတော်ကြီး၏ အမိန့်တော်အတိုင်း လိုက်နာပြီးလျှင် ဒဂုန်၊ဒလ၊သံလျင်မြို့နယ်များသို့ အသီးသီးတာဝန်ယူ၍ သွားရောက်ဟောပြောကြလေ၏။ ။ တိတ်တဆိတ် လက်သိပ်ထိုးတရားကို သူလျှိုတို့က ဟောပြောကြလေသောအခါ တလိုင်းလူမျိုး မှန်သမျှ သဘောကျစွာလိုက်နာသော သူတို့သာ များပြားကြပေသည်။ ။အချို့ စိတ်အား ထက်သန်သော သူတို့က မင်းသားဘုန်းတော်ကြီးကို ဒလနယ်သို့ လျှင်မြန်စွာ ပင့်ဆောင်ခါ ရိက္ခာလက်နက်နှင့်တကွ ရေအား၊ကုန်းအား၊ပြည့်စုံအောင် ထောက်ပံ့ပါမည်ဟု ဝန်ခံကြလေ၏။

## မင်းသားဘုန်းကြီး ဒလနယ်သို့ ကြွရောက်လာခြင်း။

တလိုင်းသူလျှိုများသည် မိမိတို့အကြံအစည် အတိုင်း ထမြောက်အောင်မြင်စွာနှင့် လူသူ အင်အား များပြားစွာ လိုက်ပါကြသည့် အကြောင်းကို သိရှိကြသောအခါ အရှင်သခင်ဖြစ်သူ မင်းသားဘုန်းတော်ကြီးကို ဒလမြို့နယ်သို့ ပင့်ဆောင်ရန် အထံတော်သို့ ပြန်လာကြကုန်၏။ ။ အကြံအစည်ထမြောက်မည့်အကြောင်း ဒဂုန်၊ ဒလ၊ သံလျင် မြို့နယ်တို့က တလိုင်း လူမျိုးပေါင်း

များစွာ စိတ်ရောကိုယ်ပါ အားတက်သရောလိုက်ပါကြကြောင်းကို လျှောက်တင်ကြရာ မင်းသားဘုန်းတော်ကြီးသည် "မိမိအကြံဖြင့် ကေန်အထမြောက်တော့မယ်" ဟု ယုံကြည်ပြီးလျှင် ဒလမြို့သို့ ထွက်တော်မူရန် စီမံတော်မူလေသည်။

မိမိကိုယ်တိုင်ထွက်တော်မမူမီ သူရသတ္တိနှင့်ပြည့်စုံသော လူရင်းများကို ကုန်သည်ယောင်ဆောင်စေပြီးလျှင် ရှေးဦးစွာ ဒလမြို့သို့ တိတ်တဆိတ်စေလွှတ်တော်မူသည်။ ။ဤကဲ့သို့ကြံစည်နေကြပုံများကို ဟံသာဝတီရွှေနန်းတော်ကြီးက တစုံတရာမျှ မကြားမသိရချေ၊ အလွန်လျှို့ဝှက်စွာ ကြံစည်သော အကြံအစည်ဖြစ်လေသည်။ ။တိတ်တဆိတ် သွားရောက်နှင့်ကြသောင် သူရဲကောင်းတို့လည်း ဒလမြို့နယ်ကလူများနှင့် တိုင်ပင်ကာ မကြာမီ အရှင်သခင် ကြွရောက်တော်မူလာတော့မည်၊ စံနန်းတော်များကို တင်ကြို၍ ဆောက်ထားမှသင့်မည်ဟု ပြောဆိုကြပြီးလျှင် စံနန်းတော်များကိုလည်း ဆောက်လုပ်ကြလေ၏၊ မင်းသား ဘုန်းတော်ကြီး ကြွရောက်တော်မမူလာသေးမီကပင် လူသူလက်နက်မှစ၍ ပုန်ကန်ရန် ကိရိယာများ အတော်လုံလောက်လျှက် ရှိလေ၏။

ထိုနောက် မင်းသားဘုန်းတော်ကြီးသည် ဇရွဲအုံမြို့မှ ဒလမြို့သို့ တိတ်တဆိတ် ကြွရောက်တော်မူလာရာ အရန်သင့် စည်းလုံးညီညွတ်ကြပုံများကို မြင်တော်မူလျှင် အားရ နှစ်သက်တော်မူလှသဖြင့် "ငါ့အကြံအောင်ပြီ၊ အောင်လံကိုထောင်တော့မည်" ဟု ကြိမ်းဝါးတော် မူလေ၏။

ဒလသို့ဆိုက်ရောက်တော်မူ၍ များမကြာမီ အတွင်းမှာပင် သဘင်န်းကိုချွတ်၍ လူဝတ်လဲတော်မူပြီးလျှင် သမိန်ထောရာမဘွဲ့ကို ခံယူလေသည်။ ။ထိုအခါ တလိုင်းလူမျိုးပေါင်းများစွာတို့သည်၊ "ငါတို့မှာ အားကိုးရာရပြီ၊ အမျိုးဘုရင်ကို မြှောက်တင်ရတော့မည်" ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပြီးလျှင် သမိန်ထောရာမအထံတော်သို့ လက်ဆောင်ပဏ္ဏာပေါင်း များစွာတို့နှင့် ဆက်သကြပြီးလျှင် ခိုဝင်လာကြကုန်၏။ ။တနေ့တခြား လူများ၍လာလေရာ ခုခံနိုင်လောက်သော အင်အားနှင့်ပြည့်စုံလေ၏။ ။သံလျင်၊ ဒဂုန်၊ ဒလနယ်တို့၌ရှိသော တလိုင်းတို့သည် အလုံးစုံလိုလိုပင် သမိန်ထောရာမဘက်သို့ ပါဝင်ကြလေသည်၊ ပုသိမ်၊ မြောင်းမြနယ်၌ နေထိုင်ကြသော အချို့တလိုင်းများလည်း မြန်မာတို့၏ အုပ်စိုးခြင်းကို အခဲမကျေရှိကြသည်နှင့် တွန်းလှန်ဖြိုဖျက်ခြင်းငှါ သမိန်ထောရာမဘက်သို့ ခိုဝင်လာကြသောသူတို့လည်း များစွာပင် ရှိကြလေသည်။

ဗိုလ်ပါအင်အား များပြား၍ လာလေရာ သမိန်ထောရာမသည် တလိုင်းတို့ ထုံးစံအတိုင်း ဒလမြို့စံနန်း၌ ရာဇာဘိသိက်ကိုခံပြီးလျှင် မှူးကြီးမတ်ရာ သေနာပတိများကို ခန့်ထားလေ၏၊ ထို့ပြင် ရေတပ်၊ ကုန်းတပ်များ ခိုင်လုံစွာ စည်းကြပ်ပြီးလျှင် ဒလမြို့မှ မကောင်အရပ်သို့ မြန်မာတို့နှင့် ကိုက်ခိုက်ရန် ဗိုလ်ပါအင်အမ်းများစွာနှင့် ချီတက်လာပြီးလျှင် တပ်စွဲ၍ နေလေသည်။

## ဟံသာဝတီနေပြည်တော်က ကြားသိခြင်း။

ဒလမြို့သို့ သမိန်ထောရာမဆိုက်ရောက်၍ လူသူအင်အားများပြားစွာနှင့် လှုပ်ရှားထကြွစအခါပင် ဒလမြို့စား သီရိနေဘ်ရထာက အုပ်ချုပ်ပါသော်လည်း မရသည်နှင့် လျင်မြန်စွာ ဟံသာဝတီသို့ ပြေးလာခဲ့ပြီးလျှင် သမိန်ထောရာမ၏ သူပုန်ရန် အကြောင်းများကို သျှင်ရဲထွတ်

သို့ လျှောက်တင်လေ၏။ ။ထိုစဉ်အခါ သျှင်ရဲထွတ်၏ညီတော် "သီရိကျော်ထင်" သည် သမိန်ထောရာမ၏ မူလကြံစည်ရာဖြစ်သော "ဇရွဲအုံမြို့စား"ဖြစ်သည်၊ သို့ရာတွင် အလွန်လျှို့ဝှက်သောအကြံဖြစ်၍ သမိန်ထောရာမ၏ အကြောင်းကို အရိပ်အငွေ့မျှ သိတော် မမူရချေ။ ။ဒလမြို့၌ တလိုင်းသူပုန်တွေ အကြီးအကျယ် ထကြသောအခါ "သံလျင်မြို့" နယ်ကလည်း ပါဝင်ကြသောကြောင့် အုပ်ချုပ်၍မရသည်နှင့် သံလျင်မြို့စား"နန္ဒကျော်ထင်"လည်း ဟံသာဝတီနေပြည်တော်သို့ ပြေးလာခဲ့ရလေ၏။

ဒလမြို့စား,သံလျင်မြို့စားတို့ လျှောက်တင်ကြသည်နှင့် ကျော်ထင်နော်ရထာဘွဲ့ခံ ယောက်ဘတော် သျှင်ရဲထွတ် ကြားသိတော်မူလေရာ အင်း-တလိုင်း လူတမျိုးတွေကဖြင့် သူတို့အခြေကို သူတို့ပြန်စိုက်ရအောင် ကြံစည်ကုန်ကြပါပေါ့ကလား၊ သည်လို ကသောင်းကနင်း ဖြစ်နေရခြင်းဟာလဲ ညီတော် ဘုရင်မင်းတရား၏ အကျင့်ဘောက်ပြားခြင်းကြောင့်သာ ဖြစ်ရတယ်၊ ရွှေဘုန်းတော်ညိုးစေတဲ့ အမျိုးမျိုး အနှောင့်အရှက်တွေ ပေါ်လာကုန်ပါပကော၊ တရား ချွတ်ယွင်း၍ အကျင့်ပျက်စီးခြင်းဟာ နောင်သံသရာတိုင်အောင် မစောင့်ဘဲ ယခုမျက်မှောက်မှာပင် အကျိုးပေး ထင်မြင်စမြဲပေပေါ့၊ သို့ရာတွင် သည်မျှလောက် ရန်စွယ်ကို အန္တရာယ်ကြီးမထင်လောက်ပါဘူး၊ မကြာခင် ပြယ်ပျောက်အောင် ငါ့လက်ရုံးဖြင့် နှိမ်နင်းတော် မူလိုက်မယ်၊ ဤကဲ့သို့ ကြံစည်ဆင်ခြင်တော်မူပြီးလျှင် သမိန်ထောရာမကို နှိမ်နင်းရန် အလျှင်အမြန် တပ်တော်များ ဘွဲ့စည်း၍ မကောစ်အရပ်သို့ စေလွှတ်တော်မူလေသည်။

စေလွှတ်သောတပ်များတွင် သျှင်ရဲထွတ်ညီတော် ဇရွဲအုံးမြို့စား သီရိကျော်တင်ကို ဗိုလ်ချုပ်ခန့်တော်မူသည်။ ။ထိုပြင် ညီတော်အငယ် နန္ဒယောဓါကို ဗိုလ်မှူးခန့်တော်မူသည်။ ။ တပ်ပေါင်း (၁၁)ဆဲ့တတပ်၊ တိုက်ဆင် (၂၀၀) စစ်မြင်း(၃၀၀) စစ်သည်သူရဲ (၆၀၀၀၀)နှင့် ချီတက်စေသည်.

ဟံသာဝတီမြို့တော်က ချီသောတပ်များ "မကော်"အရပ်သို့ ရောက်သော် သူပုန်တို့တပ်နှင့် ဆိုင်ပြိုင်မိ၍ တပ်မချဘဲ တိုက်ခိုက်ရလေ၏။ ။သမိန်ထောရာမလည်း ဆင်စီး၍ လိုက်လာသည်၊ ထိုအခါသျှင်ရဲထွတ်၏ညီတော် နန္ဒယောဓါသည် ရဲမြတ်စွာမည်သော ဆင်ကိုစီး၍ အတင်းလွှတ်တိုက်လေရာ သမိန်ထောရာမစီးသောဆင်က မခံနိုင်သဖြင့် ဆုတ်၍ပြေးလေ၏၊ သူပုန်တို့၏ တပ်ဦး ပျက်လေသည်။ ။ထိုအခါ မြန်မာစစ်သည်တော်တို့က အတင်းဘိ၍တိုက်ကြရာတွင် တလိုင်းသူပုန်များ မခံနိုင်ဘဲ ဆုတ်ခွါကြရ လေသည်။ ။ဆုတ်ခွါပြီးနောက် သမိန်ထောရာမလည်း ဒလမြို့တောတန်းကြီးတွင် အားယူ၍ နေပြန်လေသည်။

## သူပုန်တို့အားယူ၍ သံလျင်မြို့ ကိုအုပ်စိုးနေခြင်း။

"မကော်အရပ်"က ဆုတ်ရပြီးနောက် သမိန်ထောရာမသည် ဒလတောတန်းကြီး အတွင်းမှာ ဗိုလ်ပါအင်အား ဖြည့်တင်းပြန်လေရာ ရှေးကထက်ပင် အားအင်ကြီးမားစွာ စုဆောင်းမိပြန်လေ၏၊ မြန်မာတပ်များလည်း သူပုန်တို့အင်အားက တိုးတက် ကြီးမားနေသည်နှင့် မကော်အရပ်မှာသာ တပ်စွဲ၍ နေကြရသည်၊ သွား၍ မတိုက်နိုင်ကြကုန်။

အင်အားကြီးမား၍လာသောအခါ သမိန်ထောရာမသည် မိမိဗိုလ်ပါအပေါင်းတို့နှင့်တိုင်ပင်တော်မူသည်မှာ ကိုယ့်နိုင်ငံ ကိုယ့်အမျိုးအတွက် ကြိုးစားလို့ဆောင်ရွက်ကြရမယ်၊ အသက်ကိုတာတယ်လို့မနေကြနှင့်၊ မကြာခင်က မကော်အရပ်မှာ တိုက်ခိုက်တဲ့စစ်ပွဲတွင် အရေးနိမ့်ခဲ့သည်မှာ ဗိုလ်ပါအင်အားယခုလောက် မများသေးတဲ့အတွက် ဖြစ်တယ်၊ တနေ့တခြား ဗိုလ်ပါအင်အား တိုးပွါး၍ လာခဲ့ရာ ယခုအခါမှာဖြင့် မြန်မာတို့၏ရန်ကို တွန်းလှန်နိုင်ဘို့ အခြေသို့ဆိုက်ရောက်ပြီဟု ထင်တော်မူမိတယ်၊ မြန်မာစစ်တပ်တွေလဲ ငါတို့ဌာနသို့ မလာဝံ့ကြဘူး၊ သည်အချက်ကိုထောက်တော့ လန့်ကြောက်စိုးရိမ်ကြတဲ့လက္ခဏာဘဲ၊ ယခုအရေးတော်ကြီးမှာသွေးရဲရဲနှင့် ခိုဝင်ရောက်လာကြတဲ့ တလိုင်းလူမျိုးတွေကိုလဲ အမျိုးကိစ္စနှင့် ထကြွညီညွတ်ပါကြပေရဲ့လို့ ချီးမွမ်းတော်မူမိတယ်၊ ဒဂုန်၊ ဒလ၊ သံလျင်၊ သည် သုံးနယ်မှာတော့ မြန်မာတို့၏ အုပ်စိုးလို့ မရအောင် ညီညွတ်လိုက်ကြပြီ၊ အဝေးနယ်က တလိုင်းလူမျိုးတွေဟာလဲ ရောက်လာကြတုန်းဘဲရှိသေးတယ်၊ ငါတို့ဘက်မှာ ကြာလေလေ အားရှိဘို့ဘဲ၊ မြန်မာဘုရင် တပင်ရွှေထီးနှင့် သျှင်ရဲထွတ်တို့ဟာ စောစောစီးစီးက သူတို့နဂိုဌာနဖြစ်တဲ့ ကေတုမတီသို့ပြန်လျှင်ပြန်၊ မပြန်ဘဲအရဲစွန့်လို့နေခဲ့ကြပါလျှင် တလိုင်းတို့လက်မှာ အသက်ကြွေပြီး တလိုင်းနယ်မှာ သူတို့ ခန္ဓာကို မြှုပ်ရလိမ့်မယ်၊ ယခု လောလောဆယ် အရေးကြီးတဲ့အချက်မှာတော့ သံလျင်မြို့ကိုအရတိုက်ခိုက်၍ တလိုင်းတို့၏ ဗဟိုဌာနကြီးပြုလုပ်ဘို့အရေးဖြစ်တယ်။ သံလျင်မြို့စားဟာလဲ တလိုင်းတို့ဘေးကြောင့် သူ့သခင်ရှိရာ ဟံသာဝတီသို့ ထွက်ပြေးသွားပြီ၊ သံလျင်မြို့ကိုစီးမိပါလျှင် လွန်စွာခိုင်ခံ့တဲ့ ခံတပ်ကြီးတခုကို တည်ထောင်ပြီး ရှိတာနှင့်အတူတူဘဲ။ သံလျင်မြို့ကိုရလျှင် ပင်လယ်ဝကို ပိုင်နေပြီဖြစ်၍ ရေကြောင်းခရီးဖြင့် ပုသိမ်၊ မြောင်းမြ၊ မုတ္တမ၊ တို့က ဟံသာဝတီကို ကူညီရန်မလာရောက်နိုင်တော့ဘူး၊ သံလျင်မြို့ဟာ သင်္ဘောဆိပ်ကြီးဖြစ်တဲ့အတိုင်း နိုင်ငံခြားကလာရောက်ကြတဲ့ သင်္ဘောများကိုလဲ ငါတို့က ရရှိနိုင်လိမ့်မယ်၊ သင်္ဘောတွေကိုရလျှင် နိုင်ငံခြားက လက်နက်တွေကိုရမှာအမှန်ဘဲ၊ အဲ-သို့အတွက် ပထမရှေးဦးစွာ သံလျင်မြို့ကို တိုက်ခိုက်သိမ်းပိုက်ရန် အားသန်သန်နှင့် ကြိုးစားကြရမယ်။

ဤကဲ့သို့ ရဟန်းလူထွက် တလိုင်းမင်းသားက အမိန့်တော်ရှိလေရာ၊ ခန့်ထားသော မှူးမတ်သေနာပတိများနှင့်တကွ တလိုင်းလူမျိုးပေါင်းများစွာတို့က "ယခုအမိန့်တော်အတိုင်း သင့်လျော်လှပါသည်၊ ကျွန်တော်များလည်း ကြိုးစား၍ အမှုတော်ကို ထမ်းကြပါမည်။ သံလျင်မြို့ကြီးကိုသာ စီးမိအောင် ကြံတော်မူပါဟု လျှောက်တင်ကြလေ၏။

ဤကဲ့သို့တိုင်ပင်ရိုင်းပင်းကြပြီးလျှင် လူသူအင်အား မြောက်မြားစွာနှင့် ဒလနယ်မှထွက်၍ သံလျင်မြို့သို့ချီတက်လေ၏။ ထိုနယ်တဝှမ်းလုံးသည် တလိုင်းလူမျိုးချည်းဖြစ်ပြီးလျှင် သမိန်ထောရာမကို ကြည်ညိုနေသောဌာနကြီးဖြစ်သောကြောင့် သံလျင်မြို့သို့ ဆိုက်ရောက်၍တိုက်ခိုက်လေရာ များစွာ ခဲယဉ်းခြင်းမရှိဘဲ လွယ်လွယ်ကူကူနှင့်ပင် အောင်မြင်၍ သံလျင်မြို့ကြီးကိုအုပ်စိုးမိလေ၏။ (သမိန်ထောရာမထကြွပုန်ကန်၍ သံလျင်မြို့ကို အုပ်စိုးသော သက္ကရာဇ်မှာ (၉၁၁)ကိုးရာတဆဲ့တခုနှစ်ဖြစ်သည်)။

သမိန်ထောရာမသည် သံလျင်မြို့ကိုရရှိသောအခါ ရာဇဝင်္ဂနီပြုလုပ်၍ မြန်မာတို့ကို ဖိုဖျက်ခြင်းငှါ မြို့ရိုးများကို ရှေးကထက် ခိုင်ခံ့အောင် ပြုလုပ်၍ မြေကတုပ်မှစ၍ စစ်ရေးဆိုင်ရာ အဆောက်ဦများကို အဆောတလျင်ပြုလုပ်လေသည်။

သံလျင်မြို့တွင်ရှိနေကြကုန်သော မြန်မာဘုရင်၏ ကျေးတော်မျိုးတို့လည်း ဟံသာဝတီနေပြည်တော်သို့သာ ထွက်ပြေးကြရလေသည်။ တလိုင်းလူမျိုးမှန်သမျှတို့မှာသမိန်ထောရာမဘက်သို့သာ ပါဝင်ကြလေ၏။

သမိန်ထောရာမသည် စစ်သည်အင်အားကြီးမားစွာနှင့် သံလျင်မြို့သို့ ချီတက်တိုက်ခိုက်၍ အောင်မြင်သိမ်းပိုက် စိုးအုပ်၍ နေကြောင်းကို ဘုရင့်နောင်ကျော်ထင်နော်ရထာ ကြားသိတော်မူလေရာ၊ လွန်စွာကြီးသောအရေးဖြစ်သည်နှင့် ညီတော်ဘုရင်ကို လျှောက်တင်ရလေ၏။

ထိုအခါ ဘုရင်တပင်ရွှေထီးက မိန့်တော်မူသည်မှာ "သံလျင်မြို့ကြီးကို သူပုန်တော်များ စီးမိသည်မှာ လွန်စွာ ကြီးတဲ့ အရေး ဖြစ်နေပြီ၊ သံလျင်ဆိုတာ ဟံသာဝတီနှင့် ဝေးတာလဲ မဟုတ်ဘူး၊ ရန်သူပုန်မီး တစတစကြီးပွါးလို့ လာခဲ့ပါလျှင် နေပြည်တော်ကြီးသို့ ဆိုက်ရောက်လာလိမ့်မယ်၊ အင်အားတဆင့်ထက်တဆင့် တိုးမြင့်ကြီးကျယ်လို့ လာတဲ့အခါ နှိပ်နင်းဘို့အခက်သားနေတော့မှာဘဲ။ သည်အရေးမှာ နောင်တော်ထွတ်ထွတ်ကိုယ်တိုင် မထွက်ပါလျှင်၊ လွယ်ကူစွာနှင့် အောင်မြင်နိုင်မည်မဟုတ်ပါ၊ ဆင်မြင်းဗိုလ်ပါ အားကြီးစွာနှင့် နောင်တော်ကိုယ်တိုင်ထွက်၍ နှိပ်နင်းမှ အောင်မြင်ပြီးစီးလိမ့်မယ် မဟုတ်လား။

(ထိုအခါ သျှင်ရဲထွတ်က ငြီးတွား၍ လျှောက်တင်သည်မှာ)"သည်လို ဖြစ်ပေါ်မဲ့ အရေးတွေကို မြင်လို့ ယခင်က တင်ကြိုပြီး ထီးထီးကို သတိပေးကာ လျှောက်တင်ခဲ့တယ် မဟုတ်လား၊ မသူတော်တွေနှင့်ပေါင်းမကောင်းတဲ့အကျင့်ကိုလိုက်စား၍အမှားကြီး မှားကုန်တော့တာဘဲ၊ဤခြေချတ်ယွင်းတဲ့ ပြည့်ရှင်မင်းများကို နိုင်ငံကကြည်ညိုလေ့မရှိကြဘူး၊ အကြည်ညိုပေါ့မှုဖြင့် ရှိသေခြင်းလဲလျော့သွားတော့တာဘဲ၊ အရိုသေပျက်ပြီဆိုမှဖြင့် ဘုရင့်ဂုဏ်ကို မထောက်ဘဲ အကြောက်အလန့်ကင်းမဲ့စွာနှင့် ကြံမိကြံရာကြံပြီး ပုန်ကန်သောင်းကျန်းခြင်း ဖြစ်ပေါ်လာတတ်တယ်၊ ယခုစိုးစံတော်မူရတာက တလိုင်းနိုင်ငံဖြစ်နေတယ်မဟုတ်လား၊တလိုင်းလူမျိုးကိုဘုန်းတန်ခိုးဖြင့် အုပ်စိုးနေရသော်လဲ မျိုးရိုးဇာတ်မတူသဖြင့် ဘယ်အခါမှာမှ စိတ်ချရလိမ့်မယ်မဟုတ်ဘူး၊ ဇာတိတူတဲ့ဘုရင်ကိုချစ်ခင်ကြည်ညိုလေ့ရှိကြတယ်၊ လူတမျိုးအပေါ်မှာ တန်ခိုးအာဏာဖြင့် အုပ်စိုးခြင်းဆိုတာ သေဝပ်ပိပြားနိုင်တာမျိုးမဟုတ်ဘူး၊ အချက်ပိုင်လျှင် ထိုင်ရာကထပြီး ဒေါသအလျောက်လက်စားခြေလေ့ရှိကြတယ်၊ တရားမတိမ်း၊ မေတ္တာဖြင့်ပိုက်သိမ်းပြီ၊ အေးငြိမ်းချမ်းသာစေတဲ့ သဘောမျိုးနှင့် အုပ်စိုးမှ ပိရိနိုင်တာကလား၊ ယခုထကြွတဲ့ တလိုင်းသူပုန်တွေဟာ အကြည်ညိုနှင့် အရိုအသေပျက်ပြား၍ အင်အားစုပြီး ခုခံသောင်းကျမ်းခြင်း ဖြစ်ကြတာအမှန်ဘဲ။ လျှောက်တင်ချက်စကားကို နားမထောင်ဘဲ စိတ်ရှိတိုင်းလွှတ်လွှတ်ပြီး ဇွတ်တရွတ်ပြုတော်မူခဲ့တာအလွန်စိတ်ပျက်စရာ ကောင်းနေပေါ့"။

(ထီး) အို-နောင်တော်ကလဲ စိတ်ပျက်သံကြီးနှင့် ငြီး၍နေတော်မူပြန်ပါပြီ၊စစ်ရေးဆိုပါလျှင် ဘယ်အခါမဆို အားတက်လေ့ရှိကြောင်းကို ထီးထီးသိပါတယ်၊ဖြစ်ပြီးတဲ့အဟောင်းတွေကို

တွေးပြီးစိတ်လေးသေးနှင့် ငြိုးတွားတော်မမူစမ်းပါနှင့်၊ ဘုရင်ဆိုတာလဲလူ့ဘုံမှာဘွားတဲ့ လူသားစင်စစ်ဘဲမဟုတ်လား၊ လူသားမှန်လျှင် အစဉ်တစိုက် မမှားဘဲ အမှန်ချည့်ဖြစ်ရမဲ့ ထုံးစံဥပဒေရှိသလား၊ လူဆိုတာမှားတဲ့အခါလဲ မှားကြစမြဲပေါ့၊ နောင်တော် ထီးထီးရဲ့ စကားကို နားမထောင်ဘဲ ရှောင်လွှဲညင်းဆံခဲ့မိတာမှားကြောင်း ကို ဝန်ခံပါပေ့။ညီတော်အပေါ်မှာစိတ်မကျေနိုင်ဘဲ သို့ကလောက်ပင် စွဲမြဲ၍နေတော်မူပါသလား၊ ယခု သူပုန်တော်ကြီး ထကြွတဲ့ အရေးကိစ္စတွင် အဆောတလျှင် နှိပ်နင်းမိအောင် နောင်တော်ထွတ်ထွတ်ကိုယ်တိုင် အရေးတကြီး ချီတက်တော်မူပါမှဲ့အကြောင်းကို ထီးထီးက တောင်းပန်ပါရဲ့။

(ထွတ်) သူပုန်ရန်ကို တွန်းလှန်ဖို့ဖျက်ဘို့အရေး ဝန်လေးလို့ ငြိုးတွားတာမဟုတ်ပါဘူး၊ လွန်ပြီးတဲ့အရေးတွေကို စိတ်မကျေနိုင်လွန်းလို့ ငြိုးတွားမိတာပါ၊ ထို့ပြင် ရွှေနန်းတော်ကြီးနှင့် ထီးထီးကိုခွာပြီး မျက်နှာလွှဲကာ ထွက်သွားရမဲ့အတွက် ခပ်ခက်ခက် နှောင့်နှေး၍ စိတ်လေးတဲ့ အချက်တခုလဲရှိနေတယ် ထီးထီးရဲ့။

(ထီး) အို-ဘယ်လိုစိတ်လေးတော်မူရတာလဲ၊ ရွှေနန်းတော်ကြီးပေါ်မှာ ညီတော်အတွက် စိတ်လေးဘို့ မရှိပါဘဲကလား။

(ထွတ်) ညီမတော်က စနှောင့်စနင်း နှောင့်နှေးပြီး စိတ်လေးဘွယ်မရှိဘူး ဆိုပေတယ်လို့ နောင်တော်ထွတ်ထွတ်က စိတ်မချနိုင်ဘူး၊ လွန်ခဲ့တဲ့ သုံးရက်လောက်တွင် မကောင်းတဲ့ အိပ်မက်တခုကို မြင်မက်ခဲ့ပါတယ်။ ။နိမိတ်ဆိုးထင်လို့ မလျှောက်တင်ဘဲ မြှုံသာထားရပါတယ်။

(တပင်ရွှေထီးကပြုံးတော်မူပြီး) အို-ဘာကြောင့် စိတ်နှလုံးအတွင်းမှာ သွတ်သွင်း မျိုသိပ်လို့ထားရတာလဲ၊ ဘယ်အရေးမဆို ညီနောင်အချင်းချင်း အတွင်းစကားပြောကြားခဲ့ကြတဲ့ ဝတ်တရားရှိတယ်မဟုတ်လား၊ အိမ်မက်ဆိုတာလဲ အခါတိုင်းမှန်တတ်ထာမျိုး မဟုတ်ဘူးဆိုတာ ပဏ္ဍာတော်များ လျှောက်တင်တဲ့စကားကို ထွတ်ထွတ်ကြားဘူးတယ် မဟုတ်လား၊ အိပ်မက်ကို ပွင့်ပွင့်လင်းလင်း လျှောက်တင်စမ်းပါ၊ ဘယ်လိုအိပ်မက်မျိုးလဲလို့။

(ထွတ်) အမိန့်ပေးတော်မူတဲ့အတွက် လျှောက်တင်ရမှာပေါ့၊ ရွှေနားစိုက်တော်မူပါ၊ ထီးထီးနှင့်ထွတ်ထွတ်တို့ ညီတော်နောင်တော်နှစ်ပါး ကောင်းကင်လရထားကြီးပေါ်သို့ တူပျော်ပျော် ဆိုက်ရောက်သွားကြပါတယ်၊ လရထား ယာဉ်ပျံ စီး၍ ကောင်းကင်ခရီး၌ ပျံသန်းနေစဉ် ရုတ်တရက် လရထားကြီးဟာ ထက်ချမ်းပဲ့ပြီး မြေကြီးသို့ကျသွားရာ ညီတော်ထီးထီးဟာ ပဲ့ကျတဲ့ လတချမ်းထဲသို့ ပါသွားပါတယ်၊ နောင်တော်ထွတ်ထွတ်မှာတော့ ကောင်းကင်မှာပင် ချမ်းသာစွာ ကျန်ရစ်ခဲ့ပါတယ်၊ သည်အခါ ဖြုံးကနဲ စက်ရာကနိုးတော့ မသိုးမသန့်တဲ့စိတ်နှင့် ထိတ်ထိတ်ပြာပြာဖြစ်ပြီး မကြောက်စဘူး အထူးတဆန်း သွေးတဖြန်းဖြန်းနှင့် ကြောက်လန့် နေပါတယ်၊ သည်အိပ်မက်ကို အကဲခပ်တော်မူစမ်းပါအုံး။

(တပင်ရွှေထီးက အားကြီးရယ်မောတော်မူကာ) ဝမ်းသာရမဲ့ အိပ်မက်ထူးပါကလား၊ နိမိတ်တော်ထူးဆန်းသဖြင့် ရွှင်လန်းဘို့သာ ရှိပါတယ်၊ ကောင်းကင်ထက်က လစက်ယုံငွေ ဘုံရဝေပေါ်သို့ တက်ရောက်ရတဲ့ နိမိတ်ကတော့ ရွှေဘုန်းတော်မြင့်ဖြိုးလို့ ထက်မိုးသို့ တိုင်အောင်

အစိုးရတဲ့နိမိတ်တော်ပေါ့၊ မြေသို့သက်ဆင်းရတယ်ဆိုတာကတော့ ကမ္ဘာမြေပြင် ထက်ဝန်းကျင်ကို ကုန်အောင် စိုးပိုင်ဘော်မူရမဲ့နိမိတ်ဘော်ပါ၊ အကျဉ်းချုပ်ပြီး နိမိတ်ဘတ်ရမှာဖြင့် မြေနှင့်မိုးကို အစိုးရဘို့ပေါ့၊ ဘယ်မှာစိုးရိမ်ဘို့ ရှိသေးသလဲ။

(ထွတ်) ယခုကိုယ်တော်တိုင် နိမိတ်ဘတ်တဲ့အတိုင်း မြေနှင့်မိုးကို အစိုးရဘို့သာ အမြဲရည်သန်လို့ နေတာပါဘဲ၊ သို့ရာတွင် ထွတ်ထွတ်ကိုယ်တိုင် သံလျင်မြို့က ရန်သူတော်များကို ထွားထွားကြေညက်အောင် ဖြိုဖျက်ရန်ထွက်သွားတဲ့အခါ ထွတ်ထွတ် စိတ်ချပါရစေ၊ ရွှေနန်းတော်ကြီးမှ တဘာဝါးမျှ ထွက်တော်မမူစေလိုပါ။

(ထီး) စိတ်သာချပါ၊ နောင်တော့်စကားကို နားထောင်တော်မူမယ်လို့ ဝန်ခံပြီးသားဘဲ၊ အပါးတော်မှာလဲ တောင်ငူဘုရင်ခံ "ညီတော်သီဟသူ" မုတ္တမဘုရင်ခံ "စောလကွန်းအိမ်" အတွင်းတော်မြဲ "သမိန်စောထွတ်" တို့လဲ အရှိသားဘဲ၊ စိုးရိမ်ဘွယ်မရှိပါ၊ စိတ်ချလို့သာ ထွက်တော်မူပါတော့။

(ထွတ်) ထီးထီးမှာလဲ ယခင်ကလိုစိတ်နှလုံးရွှင်တော့်မမူဘဲ မအီမသာ ဖြစ်တော်မူနေတဲ့အတွက် ကြောင့်ကြောင့်ကြကြနှင့် စိတ်မချခြင်း ဖြစ်မိတာပါ၊ သတိတော်တခု ပေးချင်တာကတော့ သမိန်စောထွတ်ကို လွတ်လွတ်ပြီး ယုံကြည်တော် မမူနှစေချင်ပါ၊ သူ့အမူအရာကို လွန်စွာအကဲခပ်ဘို့ ခဲယဉ်းလှပါတယ်ဘုရား၊ အကျိုးလိုဟန်နှင့် အကြံလက်ကိုင်ထားသူရယ်လို့ ထွတ်ထွတ်ကဲ့ စိတ်ထဲမှာ အမြဲထင်မှတ်နေတာဘဲကိုယ်တော်။

(ထီး) ထွတ်ထွတ်သတိပေးတဲ့အခါကစပြီး သည်တလိုင်းကလေး ကိုလဲ သတိထားတော်မူလျက်ပါဘဲ၊ စိုးရိမ်တော်မူဘို့လဲ မရှိပါဘူး၊ ဆင်မဲ့များဟာ ဆင်ဖြူမျက်နှာကို မော့်လို့ ကြည့်နိုင်မလား၊ ထွတ်ထွတ်သိပြီးတဲ့အတိုင်း သည်တလိုင်းကလေးကို အရေးယူမိတဲ့ လက်စကြောင့်သာ အပါးတော်မှာ ခိုင်းစေတော်မူတာပါ၊ ထွတ်ထွတ်မနှစ်သက်တဲ့ ဟိုအလေ့ဆိုးကြီး အလုံးစုံ ကင်းရှင်းသွားပါလျှင် သည်တလိုင်းကလေးကို အရေးယူတော်မူဘို့ မလိုပါဘူး၊ သည်အတွက်နှင့် စိတ်အနှောင့်အရှက် ဖြစ်မနေပါနှင့် သံလျင်မြို့က ရန်သူပုန်တို့ကိုသာ အလုံးစုံဖြိုဖျက်ဘို့ ချီတက်ရန် ဂရုစိုက်တော်မူစေချင်ပါတယ်။

(ထွတ်) ညီတော်ရဲ့ အမိန့်တော် အတိုင်း စိတ်ချရလို့ရှိပါလျှင် ထွတ်ထွတ်ကိုယ်တိုင် သံလျင်ကိုချီပြီး ရန်သူပုန်အမိုက်သင်းကို ဖြိုခွင်းခြေမှုန်း၍ လုံးလုံး ပပျောက်အောင် တိုက်ခိုက်ပါမည်၊ ညီတော့်အပါးမှ ထွတ်ထွတ်ခွါသွားစဉ်အခါ အရာရာမှာ သတိမလစ်စေဘဲ စံတော်မူရစ်ပါ၊ ညီတော်တောင်ငူဘုရင်ခံကိုလည်း အပါးတော်မှ မခွါပါစေနှင့်။

(ထီး) နောင်တော်ထွတ်ထွတ်ကဲ့ လျှောက်တင်ချက်အတိုင်း သတိမလစ်အောင် စံနေရစ်ပါမယ်၊ သံလျင်မြို့သို့ စိတ်ချလို့သာ ချီတော်မူပါတော့။

## ခင်ဘုန်း၏ တားမြစ်ခြင်း။

တပင်ရွှေထီးနှင့်သျှင်ရဲထွတ် ညီတော်နောင်တော်နှစ်ပါး အချင်းချင်းမိန့်ကြားတဲ့ စကားကို အဆောင်တော်တွင်းက နားစိုက်လျက်ရှိနေသော ခင်ဘုန်းကကြားလေရာ မောင်တော်ကြီး

ဖြစ်သူ သျှင်ရဲထွတ်ကို ဘုရင့်အပါးတော်မှ ထွက်ခွါ၍ မသွားစေလိုသောဆန္ဒကြောင့် ဆံပင် ဖရိုဖရဲ ဝတ်လဲတော်စွန်တောင်စကိုဆွဲပြီး၊ မကြည်မသာတဲ့ အမူအရာဖြင့် ဘုရင့်အပါးတော်သို့ ဝင်လာလေ၏။

ထိုအခါ ဘုရင်တပင်ရွှေထီးက ပြုံးရွှင်သော အမူအရာနှင့် ကြိုဆိုကာ သလွန်ပေါ်တွင် နေရာပေးပြီး "အရေးတကြီး နှင့်ထွက်တော်မူလာတဲ့ ဘာကိစ္စထူးသတုံး၊ ဘုန်းဘုန်းရဲ့"ဟု မိန့်တော်မူလေ၏။

(ခင်ဘုန်း) လျှောက်တင်ပါရမဲ့အကြောင်းပါဘုရား၊ တိုင်ပင်တော်မူကြတဲ့ အမိန့်သံများကို ဘုန်းဘုန်းကြားရပါတယ်၊ မောင်တော်ကြီးဘုရား၊ သံလျင်မြို့သို့ ချီတက်တော်မူမဲ့အကြောင်းကို ဘုန်းဘုန်းသဘောမတူနိုင်ပါ၊ အပါးတော်မှာသာ အမြဲမကွာ စောင်စောင်မမနှင့် နေစေလိုတဲ့ ဆန္ဒပါဘုရား။

(ထီး) အို-ဘာကြောင့်လဲဘုန်းဘုန်းရဲ့၊ ထီးထီးအတွက်စိတ်မချဘွယ်မရှိပါဘူး၊ သံလျင်မြို့က ထကြွပုန်ကန်နေကြတဲ့ ရန်သူတော်အရေးက အလွန်ကြီးနေပါတယ်၊ နောင်တော်ထွတ်ထွတ်ကိုယ်တိုင် မချီလျှင် သည်ရန်ကိုတွန်းလှန်ဘို့ အခက်သားနေလိမ့်မယ်လို့ ထင်တော်မူတယ်၊ ရန်သူဆိုတာ စောစောစီးစီးက နှိမ်မိအောင် ကြိုးစားရတယ်ဘုန်းဘုန်းရဲ့၊ ခင်ဘုန်းရဲ့ မောင်တော်ကြီးထွတ်ထွတ်ကို အပါးတော်က မခွါစေချင်တာက ဘယ်လိုအကြောင်းရှိလို့လဲ။

(ခင်ဘုန်း) ဆွေတော်ရင်း၊ မျိုးတော်ရင်း အချင်းချင်းမို့ လျှောက်တင်ရပါတော့မယ်၊ ခင်ဘုန်းရဲ့ စိတ်တော်များဟာ ဗျာချလာလယ်ပြီး ဘယ်အကြောင်းရယ်လို့မသိရဘဲ တရှုပ်ထွေးထွေးနှင့် မအေးအောင်ဖြစ်နေပါတယ်၊ အကြောင်းရှာလို့လဲမရဘူး။ ။မလှုပ်စဘူး ထူးထူးဆန်းဆန်းမျက်ခမ်းတော်များကလဲ မနေမနား လှုပ်နေတာ ဆဲ့ငါးရက်ခလောက် ကြာသွားပေါ့ ဘုရား၊ ဟော-ယခုလျှောက်တင်ဆဲမှာ ဆပ်ခနဲ့ ဆပ်ခနဲ့ လှုပ်လှုပ်လာတုံးရှိပါသေးတယ်။ ။အိပ်မက်တော်များကလဲ ကြောက်အား၊ လန့်အားနှင့် အထိတ်တလန့် စိတ်မသန့်ဘွယ်ကိုသာ မြင်မက်တော်မူနေပါတယ်။ ။အဲ-သည်လို နိမိတ်အကြောင်းနှင့် စိတ်မကောင်းဘို့ ကြုံတော်မူဆဲအခါမို့ မောင်တော်ကြီးဘုရားကို အပါးတော်က မခွါစေချင်တဲ့စိတ် ဖြစ်ပေါ်လာပါတယ်ဘုရား။

(တပင်ရွှေထီးကပြုံးရယ်တော်မူကာ ခင်ဘုန်း၏လက်ကို ယုယစွာဆွဲကိုင်တော်မူပြီး) အို-မစိုးရိမ်သင့်တဲ့အရေးကို တွေးတွေးပြီး စိုးရိမ်မိတတ်လေ ဘုန်းဘုန်းရယ်၊ ဘုန်းဘုန်းတို့မိန်းမသားဆိုတာရွှေအားငယ်စမြဲပေါ့၊ မျက်ခုံးနှင့် မျက်ခမ်း လှုပ်တယ် ဆိုတာလဲ ထူးဆန်းတဲ့ နိမိတ်မျိုးမဟုတ်ပါဘူး၊ ကိုယ်အတွင်းက သွေးတိုးတာကိုပင် အသားလှုပ်တယ်လို့ ခေါ်ရတာပါ၊ အိပ်မက်ဆိုတာလဲ ထင်မိထင်ရာမြင်မက်တတ်ထာမျိုးဘဲ၊ အရေးမပြုလောက်ထာတွေကို နိမိတ်ထင်ပြီး ကိုယ့်စိတ်ကခြောက်လို့ လန့်ကြောက်လေ့ရှိပါလျှင် မဖြစ်တန်ဘဲနှင့် ဘေးရောက်တတ်သတဲ့ ဘုန်းဘုန်းရဲ့၊ ထွတ်ထွတ်ချီတော်မူခါနီးမှာ တားတားဆီးဆီးလုပ်နေလို့ မတော်ပါဘူး။

(သျှင်ရဲထွတ်ကဝင်၍လျှောက်တင်သည်မှာ) သည်အရေးက ကိုယ်တိုင် မချီတက်လျှင် ဖြိုဖျက်ဘို့ခက်တဲ့အရေးဖြစ်ပါတယ်၊ အပါးတော်ကမခွာချင်ရိုးတော့အမှန်ပေါ့၊ တိုင်းကြီးသခင် ဘုရင်မင်းမြတ်တို့မှာ သူပုန်ရေးထက်ကြီးကျယ်တာမရှိတော့ဘူး၊ ညီတော်ငူဘုရင်ခံကလဲ အပါး

တော်မှာ အမြဲစောင့်ရှောက်ခစားလျက်ရှိနေပါလိမ့်မယ်၊ မောင်ကြီးလဲ သံလျင်မြို့မှာ တာရှည်စွာ တပ်စွဲလို့နေဘို့မဟုတ်ပါဘူး ရန်သူပုန်တွေကို နှိပ်နင်ပြီး အလျှင်အမြန် နေပြည်တော်သို့ပြန်လာရမှာပါ၊ ခင်ဘုန်းတို့ကလဲ သတိကြပ်ကြပ်ထားပြီး ထီးထီးကို စောင့်ရှောက်တော်မူကြပါ။

ဤကဲ့သို့ ခင်ဘုန်း၏ မောင်တော်ကြီးဖြစ်သူ သျှင်ရဲထွတ်က ဝင်၍လျှောက်တင်သည်နှင့် ခင်ဘုန်းလဲ အတင်းမတားသာဘဲ မျက်နှာညှိုငယ်စွာနှင့် စံနေတော်မူရလေသည်။

ထိုနောက် သျှင်ရဲထွတ်လည်း အပါးတော်မှ ထွက်ခဲ့ပြီးလျှင် အိမ်တော်သို့ ရောက်သောအခါ ညီတော် တောင်ငူဘုရင်ခံ သီဟသူကိုခေါ်၍ တိုင်ပင်တော်မူသည်မှာ။

(ထွတ်) ယခုကိုယ်တိုင် မချီတက်လျှင် မပြီးနိုင်မည့်အရေးကြောင့် သံလျင်မြို့သို့ ချီတက်တော်မူရလိမ့်မယ်၊ ညီတော်သတိဝီရိယမပြတ်ထားပြီး အပါးတော်က မခွာဘဲအမြဲစောင့်ကြပ်၍နေရစ်ပါ၊ ညီတော် သိတဲ့အတိုင်းဘဲ ရွှေနန်းရှင်ဘုရားဟာ သေရည်သေရက်နှင့် မေ့လျော့၍အပျော်ကြူးကာ ယစ်မူးတော်မူသည်ကစပြီး သတိမရတချက်, ရတချက်နှင့်သာ စံနေတော်မူတယ်၊ တစတစ သေရည်,သေရက် ဖြတ်တယ်ဆိုသော်လဲ လုံးလုံးကြီး ဖြတ်စဲတာမဟုတ်သေးဘူး၊ သေရည်သေရက်စွဲမိပြီဆိုမှဖြင့် လွယ်လွယ်နှင့်ဖြတ်နိုင်ဘို့ဆိုတာ အခက်သားဘဲမဟုတ်လား၊ အလိုတော်ကိုလိုက်၍ အကြိုက်တင်လျှောက်၊ ပင့်မြှောက်သူရှိခဲ့ပါလျှင် သတိတရားမထားနိုင်တော့ဘဲ ဇွတ်တရွတ်နှင့် လွတ်၍သာ သောက်တော်မူမှာအမှန်ဘဲ၊ မှောက်မှားတဲ့အရေးတွင် မိတ်ဆွေကြီး လုပ်လာတာကတော့ တလိုင်းအမတ် သမိန်စောထွတ်ဖြစ်တယ်၊ ကုလားဖြူနှင့်သူ့အတွက်ကြောင့် ပျက်စီးခြင်းမလုပျက်စီးတော်မူရတာပေါ့၊ သမိန်စောထွတ်ကိုလဲလွတ်၍ အရောတဝင်မပြုနှင့်၊ ပရိယာယ်မာယာလွန်စွာ များပြားတဲ့တလိုင်းကလေးဖြစ်တယ်၊ သူ့စိတ်ထဲမှာလဲ အကြံ လက်ကိုင်ကို အမြဲထားတယ်လို့ နောင်တော်ကြီးဖြင့် စွပ်စွဲ၍နေတာဘဲ၊ သူတို့တလိုင်းပြည်မှာမြန်မာဘုရင်အုပ်စိုးနေတာကို သူနှစ်သက်နိုင်တဲ့ လက္ခဏာမရှိဘူး၊ မြန်မာများကို လက်စားခြေဘို့ဆိုတဲ့ စိတ်နှင့် အရိပ်ကြည့်ပြီး အချက်ရှာနေတယ်လို့ထင်တယ်၊ သို့ရာတွင် သမိန်စောထွတ်မှာတော့ နောက်ပါလက်သားနှင့် အင်အားဖြင့်မရှိဘူး၊ သည် သမိန်စောထွတ်ကဲ့အရိပ်အကဲကို အမြဲခပ်လို့နေရမည်။

(ညီတော်သီဟသူ) နောင်တော်ဘုရားရဲ့ အမိန့်တော်မြတ်ကို နာခံ၍ ရွှေနန်းရှင်ဘုရား၏ အပါးတော်မှာ စွဲမြဲစွာ ခစားရစ်ပါမယ်၊ သမိန်စောထွတ်ကိုလဲ အထူးပင် သတိပြုပါမယ်ဘုရား။

ဤကဲ့သို့ မိန့်ကြားတော်မူခဲ့ပြီးလျှင် သံလျင်သို့ချီတက်ရန် စစ်သည်တော်များကို စီစဉ်တွဲစည်းတော်မူသည်မှာ၊ခြေချင်တပ်ပေါင်း ၁၅-တပ်၊မြင်းလေးတပ်ဘွဲ့တော်မူသည်။ထိုတပ်ပေါင်း ၁၉-တပ်တွင် တိုက်ဆင်(၂၀၀)၊စစ်မြင်း(၄၀၀၀)၊စစ်သည်သူရဲ (၀၀၀၀၀)ပါသည်။

(သျှင်ရဲထွတ်သည်ကား၊ အရပ်ခုနစ်တောင်မြင့်သော "ဥပေါလတ" ဆင်တော်ကြီးကိုစီး၍ တပ်မတော်ကလိုက်ပါချီတက်တော်မူသည်။ထိုတင်များတွင် သျှင်ရဲထွတ်၏ညီတော် "နန္ဒယောဓ" နှင့် "သီရိဇေယျကျော်ထင်" တို့လည်း တပ်အသီးအသီးနှင့် လိုက်ပါတော်မူကြသည်။

## မှာထားတော်မူခဲ့ခြင်း

သျှင်ရဲထွတ်သည် သံလျင်သို့ ချီတော်မူခါနီးတွင် မိမိမြောက် သားတော် သခင်ကြီး အဆောင်တော်သို့ဝင်၍၊ "ယခု ရွှေနန်းရှင်ဘုရားကြီး အမိန့်တော်နှင့်၊ သံလျင်သို့ချီတက်တော်မူရ တော့မယ်၊ ညီတော်ရွှေနန်းရှင်၏အပါးတော်မှ ခွာ၍ သွားရမှာကလဲ စိတ်မချနိုင်အောင်ရှိတော် မူရတယ်၊ ခင်ခင်ကြီးလဲ မကြာမကြာ နန်းတော်သို့ ဝင်၍ ခစားပါ၊ အကြောင်းအထူးအထွေ ရှိခဲ့ပါလျှင် အလျင်အမြန် တပ်တော်သို့ ခြေမြန်တော်စေလွှတ်၍ အကြောင်းကြားပါ၊ ကြီး ကျယ်တဲ့ အရေးကို ဖင့်နွှေးဆိုင်းတွလို့မနေပါစေနှင့်။ မှာထားတော်မူသည်။ မြောက်သားတော် သခင်ကြီးလဲ (အမိန့်တော်အတိုင်း လိုက်နာပါမယ်၊ ရွှေနန်းတော်ကြီးသို့ မကြာ မကြာ ဝင်၍ မောင်တော်ရွှေနန်းရှင်ကိုလဲ ခစားရစ်ပမယ်၊ အကြောင်းထူးရှိပါလျှင် မကြာစေပါဘူး၊ခြေမြန် တော်စေလွှတ်၍ အကြောင်းကြားပါမည်၊ သူပုန်ကိုတွန်းလှန်ဖြိုဖျက်ပြီး မကြာခင် မြန်မြန် နေ ပြည်တော်သို့ပြန်တော်မူခဲ့ပါ)ဟု လျှောက်တင်သည်။

(ထွတ်) ကိုယ်တိုင်မချီလျှင် မလွဲသာတဲ့အရေးမို့ စိတ်လေးလေးနှင့် ထွက်တော်မူရမှာ ပါ၊ ထွတ်ထွတ်ကဲ့လက်ရုံးနှင့် ပျက်ပြုန်းအောင် ဖြိုခွင်းပြီး လိုရင်းဆန္ဒအောင်မြင်တော့အလျင် အမြန် ပြန်လာတော်မူခဲ့မှာပေါ့။

(သခင်ကြီး) ကဲ- ကြွတော်မူပါတော့ ထိပ်တင်၊ အောင်မြင်တော်မူစေဘို့ အကြောင်းနှင့် ရေစင်ကို မပြတ်လောင်းပြီး ဆုတောင်းယူကာ ရွှေမြူတာရေတံခေါင်းနှင့် အောင်ရေကို သွန်း လောင်းရစ်ပါမယ်ဘုရား။

ဤသို့ မြောက်သားတော်ကို မှာကြားတော်မူခဲ့ပြီးလျှင် ဘုရင့် မြင်းတပ် ဗိုလ်မှူး တုရင် သိဟကိုခေါ်တော်မူပြီး (ရွှေနန်းရှင်ဘုရား အပါးတော်က မခွါရစ်နှင့်၊ အကြောင်းထူးရှိလျှင်၊ အစ်ကို့ထံ အမြန်လာရောက် လျှောက်တင်ရမယ်)ဟု အမိန့်ပေးထားတော်မူပြန်ရာ၊တုရင်သိဟက လည်း (အမိန့်တော်အတိုင်းမသွေမလှန် လိုက်နာ၍ မလစ်ဟင်းရအောင် ကိုယ်ရံတော်ကို ထမ်းပါ မည်ဘုရား)ဟု လျှောက်တင်လေသည်။

## သျှင်ရဲထွတ်သံလျင်မြို့သို့ ချီတက်တော်မူခြင်း

ဘုရင့်နောင် ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်သည် တိုက်ဆင်(၂၀၀)၊ စစ်မြင်း (၄၀၀၀)၊ စစ်သည်သူရဲ(၈၀၀၀၀)၊တပ်ပေါင်း(၁၉)တပ် ဘွဲ့စည်းထားပြီးသော သနင်္ဂဗြူ ဟူသာ အဘွဲ့ကြီးကို အုပ်စီးတော်မူပြီးလျှင် အောင်မြေနင်းကာ အောင်စည် ခြိမ့်ခြိမ့် တီးပြီးလျှင် ဟံသာဝတီ ရွှေမြို့တော်ကြီးမှ ထွက်တော်မူလေ၏။

အပြင်းချီ၍ သံလျင်မြို့သို့ ဆိုက်ရောက်တော်မူသောအခါ စစ်ကိုမချဘဲ သံလျင်မြို့ကို သိုး မျက်နှာကပတ်ဝိုင်း၍ အတင်းတိုက်ခိုက်တော်မူသည်။ သူပုန်တော် သမိန်ထောရာမလည်း မိမိ၏ ဗိုလ်ထုအင်အားဖြင့် မြို့တွင်းက အားကြိုးမာန်တက်ခုခံလေ၏။

သို့ရာတွင် သမိန်ထောရာမမှာ လူသူအင်အား များပြားသော်လည်း လက်နက်ကြိယာ မပြည့်စုံသည်နှင့် ကြာရှည်စွာ မခုခံနိုင်ဘဲရှိလေ၏။ သျှင်ရဲထွတ်၏ တပ်တော်သားတို့မှာမူကား။

မိမိတို့အသက်ကို ဖက်တရွက်လောက်မှ ဂရုမစိုက်ဘဲ အစွမ်းရှိသမျှ ကြိုးစား၍ မြို့ရိုးမြို့တာများကို အတင်းဖောက်ဖျက်ခါ မြို့တွင်းသို့ ဝင်ရောက်ကြလေသည်။ သံလျင်ဆိပ်ကမ်းတွင်ဆိုက်ကပ်လျက် ရှိနေသော နိုင်ငံခြားသင်္ဘောများကိုလည်းစစ်သည်တော်တို့က အသက်စွန့်ကာ ဖမ်းဆီးကြလေရာ ကုန်သင်္ဘော များစွာတို့ကို လက်ရသိမ်းပိုက်မိကြလေသည်။

## သမိန်ထောရာမ ထွက်ပြေးရခြင်း။

ဤကဲ့သို့ သျှင်ရဲထွတ်၏ရဲမက်တော်တို့က သက်စွန့်ကြိုးပမ်း မြို့တော်ကိုဖေါက်၍ အတင်း ဝင်ရောက်ကြလေရာ သမိန်ထောရာမသည် ခုခံသော်လည်း တတ်နိုင်ဘွယ်ရာ အကြောင်းမရှိဟု သိလေသည်နှင့် မိမိ၏ဗိုလ်ပါများကို စုရုံးမိသမျှ စည်းကြပ်ပြီးလျှင် မြို့မှထွက်၍ အနောက် ဒလ ဘက်သို့ ကူးပြေးလေသည်။ ။တလိုင်းပေါင်းများစွာတို့လည်း အားကိုး အားထား ပြုလုပ်သူ သမိန်ထောရာမနောက်သို့ စုရုံးကာ လိုက်ပါထွက်ပြေးကြလေသည်။

သျှင်ရဲထွတ်လည်း သမိန်ထောရာမကို အရှင်လတ်လတ် လက်ရဖမ်းဆီးလိုသဖြင့် သံလျင် မြို့တွင် ရပ်တန့်တော်မမူသေးဘဲ၊ ဒလဘက်သို့ကူး၍ လိုက်တော်မူသည်၊ သံလျင်မြို့မှာ မြို့စောင့် တပ်မျှကိုသာ ချန်ထားတော်မူခဲ့သည်။ ။ဒလဘက်သို့ သျှင်ရဲထွတ်ကူးမိသောအခါ သမိန်ထော ရာမလည်း ဒလဘက်တွင် မနေဝံ့ဘဲ အနောက်ဘက် တကြေးသို့ လူစုလူဝေးနှင့် ထွက်ပြေး တိမ်း ရှောင်၍ နေလေ၏။

သျှင်ရဲထွတ်သည် စစ်ပွဲနှင့်ကြုံသောအခါ လွန်စွာစိတ်သန်၍ အခြားအာရုံများကို သတိ မထားနိုင်ဘဲ စိတ်ဇွဲကြီးတော်မူလေ့ရှိသောအတိုင်း နေပြည်တော်သို့ လျင်စွာပြန်လည်တော်မူရန် အကြံမပေါက်ဘဲ သမိန်ထောရာမကို လက်ရဘမ်းဆီးလို့မရလျှင် ငါမနေဟု ကြံတော်မူပြီးလျှင် ဒလမှာပင် စစ်စခန်းချရပ်၍ နေတော်မူသည်။

သမိန်ထောရာမသည် စိတ်မလျှော့ဘဲ ဗိုလ်ပါအင်အားစုဆောင်းကာ ကျော်ထင် နော် ရထာကိုပင် အောင်ပွဲရအောင် ကြံဘန်၍ နေပြန်လေသည်၊ သို့ရာတွင် မိမိထင်သော အတိုင်း အားအင်မပြည့်စုံသေးသည်နှင့် အရေးအခွင့်ကိုသာ ကြည့်၍နေလေ၏။ ။သျှင်ရဲထွတ်က အမြို့ မြို့သို့ ခွဲ၍ စေလွှတ်သော တပ်တော်များကို သမိန်ထောရာမ၏ ဘက်တော်သားတို့က တော ပုန်းတို့ကဲ့သို့ ထွက်၍ထွက်၍ တိုက်ခိုက်လျက် အနှောင့်အရှက်ပြုလုပ်၍နေလေ၏။

---

# အခန်း (၄၇)

## သမိန်စောထွတ်၏ စိတ်မာန်။

သျှင်ရဲထွတ် သံလျင်မြို့သို့ ချီတက်တော်မူလေသည်နောက် သမိန်စောထွတ်တကိုယ်တည်း ကြံစည်သည်မှာ။ ။တလိုင်းလူမျိုးတို့ အရိုးအစဉ် အုပ်စိုးလာတဲ့နိုင်ငံကို မြန်မာဘုရင်ဝင်ရောက် အုပ်စိုးတာ တရားသလား၊ ကမ္ဘာ့ရိုးရာ ဓမ္မတာသဘောနှင့် ဆန့်ကျင်နေတယ်။ ။ကိုယ့်မြေ

ကိုယ့်ရေပေါ်မှာနေပြီး ကိုယ့်အမျိုးကို အုပ်စိုးခံရသည်မှာ လူ့ပြည်လောကမှာ အလွန့်အလွန် နှစ်နာတဲ့ အချက်ကြီးဘဲ။ ။အာဏာနှင့်လက်နက်ကို အားကိုးပြီး အမျိုးနှင့်နိုင်ငံ ကျွန်ဖြစ်နေရခြင်းဟာ ဇာတိသွေးရှိသူမှန်လျှင် ဘယ်သူခံချင်လိမ့်မလဲ။ ။ငါဟာလဲ တလိုင်းဘုရင် အစဉ်အဆက် ဆင်းသက်လာတဲ့ အမျိုးအရိုးမှ ဆက်သွယ်လာတဲ့သူမို့ မဆိုင်သူများဝင်ရောက် အုပ်စိုးနေသည်ကို သာလို့ပင် မခံချင်တဲ့သူပေါ့။ ။အမျိုးမတူတဲ့ သူတို့ လက်အောက်မှာ ကျွန်သပေါက် စာရင်းသွင်းပြီး သူတို့အကြိုက် အလိုလိုက်ကာ အမှုထမ်းနေရတာကိုလဲ တွေးမိတိုင်း ရှက်ပါရဲ့၊ မလွဲသာ မလွန်သာလို့သာ မင့်ချင်တဲ့ခေါင်းကိုစိုက်ပြီး အထိုက်အလျောက် ဖြစ်မိဖြစ်ရာသာ နေလိုက်ရတော့တယ်၊ ကြံပင်ကြံသော်လဲ ဘုန်းကံထွန်းကားတဲ့ အခိုက်ပေမို့ မြန်မာဘုရင်ကို ကြံစည်ချင်တိုင်း အခွင့်မရခဲ့ဘူး၊ လူသူအင်အားဆိုတာလဲငါ့မှာမရှိ၊ တလိုင်းလူမျိုးတွေမှာလဲ အညွန့်တုံး၍ ငုံးတိတိကြီးဖြစ်ကုန်ကြပြီ၊ ပိုင်ဆိုင်တဲ့လက်နက်ကယ်လို့ မရှိတော့ဘူး၊ မြန်မာဘုရင် တပင်ရွှေထီး၏ ဘုန်းကံမျှလောက်ကိုတော့ ကြောက်စရာမရှိလှပါဘူး၊ ယောက်ဘတော် သျှင်ရဲထွတ်ကဲ့ လက်ရုံးအားကြောင့်သာ စိတ်များတုန်လှုပ်ပြီး မကြံသာအောင်အကြပ်အတဲ ကြုံကြုံနေရတယ်။ ။တပင်ရွှေထီး ရွှေဘုန်းတော်ကြီးခြင်းဟာလဲ သျှင်ရဲထွတ်ကဲ့ လက်ရုံးကြောင့်ပေါ့၊ ယခုအခိုက်မှာဖြင့် တော်တော် အချက်ကောင်းတာဘဲ၊ သျှင်ရဲထွတ်ဟာ ဘုရင့် အပါးတော်မှ ခွာပြီး၊ သံလျင်မြို့သို့ ချီတက်သွားပြီ။ ။ရဲမက် ဗိုလ်ပါများစွာ မစုဆောင်းနိုင်လျှင် ဘုရင်ကို သတ်ပြီး အကြမ်းနည်းနှင့် ကြံရလျှင် အချက်ကျစရာရှိရဲ့။ ။မြန်မာဘုရင်များဟာလဲ အလိုကိုလိုက်ပြီး အကြိုက်ကိုကြည့်၍ ခစားလျှင် လွယ်ကူစွာနှင့် အလိုသို့ လိုက်ပါတော်မူလေ့ရှိကြတယ်။ ကြည့်ပါလား၊ မြန်မာဘုရင်တပင်ရွှေထီးကို အလိုတော်သို့လိုက်၍ အကြိုက်နှင့်ခစားပြီး သေရည်သေရက်နှင့် မျှားလိုက်တော့ အရက်သမားလုံးလုံးကြီးဖြစ်သွားရတယ်၊ ယခုအခါ သေရည်သေရက်ကို ဖြတ်ပါပြီဆိုသော်လဲ စွဲပြီးတဲ့အငွေ့ကြောင့် အလေ့လုံးလုံးကြီးမပြတ်သေးဘူး၊ ယောက်ဘတော် သျှင်ရဲလွတ်က ငါ့ကိုအပါးတော်မှ ခွါစေချင်တဲ့ဆန္ဒတွေ အများကြီးရှိနေကြောင်းကိုလဲ ငါအသိဘဲ။ ။သို့ရာတွင် အရက်နှင့်စပ်သွယ်ပြီး မိတ်ဆွေကြီးဖြစ်လာခဲ့တဲ့အတွက် တပင်ရွှေထီးက ငါ့ကိုလက်မလွှတ်နိုင်ဘဲ စွဲမြဲစေခိုင်းတော်မူနေရတယ် မဟုတ်လား။ ။သည်နန်းတော်ကြီးအတွင်းမှာသာ စံနေတော်မူခဲ့ပါလျှင် ငါ့အကြံရှိသမျှကို လှလှကြီးကြံစည်ဘို့ ခက်တယ်၊ တနည်းနည်း ကြံပြီး ရွှေနန်းတော်ကြီးမှ ထွက်၍ အပြင်ဘက်မှာ ပျော်ပါးတော် မူလေအောင် သွေးဆောင်မှ သင့်တော့မှာဘဲ။ ။ဤကဲ့သို့ကြံစည်လေသည်။

သမိန်စောထွတ်သည် တလိုင်းတို့၏ဇာတိမာန်ဖြင့် အကြံကိုမလျော့ဘဲ ကြိတ်ခဲ့ မျိုသိပ်၍လာခဲ့ရာ မကြာမီအတွင်း မိမိအကြံအစည်ထမြောက်အောင်ရှက်ဆောင်လိမ့်မည်။

နောက်တနေ့တွင် သမိန်စောထွတ်သည် မိမိ၏ ညီရင်း နှစ်ယောက်နှင့် ယုံကြည်ရသောရင်းရင်းနှီးနှီး တလိုင်းတို့ကိုခေါ်၍ ဆိတ်ငြိမ်လုံခြုံစွာ တိုင်ပင်သည်မှာ။

(ထွတ်) ယခု အစ်ကိုပြောမဲ့စကားကို သင်တို့ နှလုံးတည်းဟူသော သေတ္တာ အတွင်းမှာ လုံခြုံစွာ သွတ်သွင်းသိုသိပ်၍ ထားကြရမည်။ ။အလွန်လျှို့ဝှက်ရမဲ့စကားဖြစ်၍ သင်တို့အသက်ကို အပြင်ဘက်သို့ထုတ်လျှင်သာ ထုတ်ရမယ်၊ အစ်ကိုပြောမဲ့စကားကို သင်တို့ကိုယ်တွင်းမှ အပြင်ဘက်သို့ မထုတ်ရဘူး၊ အစ်ကိုယုံလောက်အောင် ယုံကြည်ရပမလား။

(အပေါင်းအဖေါ်များ) အမိန့်ရှိတော်မူပါ၊ အသက်ကိုစွန့်ပြီး အစ်ကို့အကြံကိုလိုက်နာကြပါမယ်၊ ဘယ်အခါမှ တစွန်းတစ မပေါက်ကြားစေရပါဘူး။

(ထိုအခါ သမိန်စောထွတ်က မိမိခါး၌ အမြဲဆောင်ထားသော ဓါးမြှောင်ကို ထုတ်ပြီး မိမိ၏လက်ဝဲလက်မောင်းကို ထိုးစိုက်လိုက်ပြီး ယိုစီးကျဆင်းလာသောသွေးများကိုငွေခွက်တခုဖြင့် ခံယူကာ ရေနှင့် ဖျော်လျက်) ကဲ-ယုံကြည် သည်ထက် ယုံကြည်ရအောင် ငါ့လက်ရုံးသွေးနှင့် ရောဖျော်ထားတဲ့ သည်ရေကိုသောက်ကြရမယ်၊ ယခုခေတ်အခါ တပင်ရွှေထီးနှင့် ဘုရင့်နောင်ရဲထွတ်တို့ ဘုန်းကြီးလှသဖြင့် ယုံကြည်တယ်ဆိုရသော်လည်း အတန်ကလေးကြာလျှင် သူတို့ဘက်သို့ ပါပါ သွားပုံများကိုသာ တွေ့ရတယ်၊ ကိုယ့်သွေးရင်း သားရင်း အရင်းအချာများကိုမှ မယုံကြည်ရဘူး၊ မြန်မာတို့ဘုန်းဟာ အလွန်ကြီးနေကြတာကလား။

(အပေါင်းအဖေါ်များက ရှိရှိုစွာ သမိန်စောထွတ်၏ လက်မှ ရေခွက်ကိုယူ၍ အသီးသီး သောက်ကြပြီးလျှင်) ယုံကြည်စိတ်ချပါ၊ သစ္စာရှိကြရိုး မှန်ပါတယ်၊ ကျွန်ုပ်တို့နိုင်ငံမှာ မြန်မာတွေ ဘုန်းတန်ခိုးကြီးနေတာကို မကြည့်နိုင်ဘူး၊ (ဤကဲ့သို့ ပြောဆိုဝန်ခံကာ မိမိတို့စွဲကိုင်လာသော ဓါးလွယ်များကို ဝင့်ကြလေ၏။

(သမိန်စောထွတ်) တကယ်လို့သစ္စာဖေါက်ခဲ့ပါလျှင် ငါ့လက်ရုံးသွေးဟာ သင်တို့ကိုယ်ထဲမှာ ဓါးလှံလက်နက်တွေဖြစ်ပြီး အသက်သေအောင် သတ်ဖြတ်ကြလိမ့်မယ်၊ နားထောင်ကြစမ်း၊ ရာမညတိုင်း တလိုင်းသုံးရပ်ကြီးဟာ တလိုင်းလူမျိုးကို အစဉ်သဖြင့် စိုးမိုးအုပ်ချုပ်လာခဲ့တဲ့ နိုင်ငံတော်ကြီးမဟုတ်လား။ ။ယခုအခါ မြန်မာဘုရင် တပင်ရွှေထီးဟာ လက်ရုံးကို အားကိုး ဘုန်းတန်ခိုးတက်နေဆဲ ဖြစ်တဲ့အတိုင်း တလိုင်းဘုရင်ကို တိုက်ခိုက်ပြီး ရာမညတိုင်းကြီးကို အုပ်စိုးလို့နေခဲ့တယ်။ ။သည်အတိုင်းသာ အစဉ်တစိုက် မြန်မာတို့အုပ်စိုးလို့နေခဲ့မယ် ဆိုပါလျှင် တလိုင်းနွယ် တနွယ်လုံး အညွန့်တုံးပြီး စုံးစုံးနစ်၍ ကျွန်ဖြစ်ရာက မထနိုင်ဘဲ နေကြရလိမ့်မယ်၊ အခွင့်သာတဲ့အခါကြံစည်၍ မြန်မာမျိုးကို နှိပ်ချိုးနိုင်မှ တလိုင်းလူမျိုးတွေဟာ ထူထောင်ခွင့်ရကြလိမ့်မယ်၊ ယခုအခါ မြန်မာဘုရင်ဟာလဲ သေရည်နှင့်ပျော်မွေ့၊ အလေ့ပျက်စီးပြီးအမှောက်ကြီး မှောက်နေခဲ့ပြီမဟုတ်လား၊ သည်အခြေသို့ ရောက်အောင်ဘယ်သူ သွေးဆောင်ခဲ့သလဲလို့ဆိုတော့ တခြားသူမဟုတ်ဘူး၊ ဟောသည်က သမိန်စောထွတ်ဖြစ်တယ်၊ တပင်ရွှေထီ ဘုန်းသမ္ဘာကြီးခြင်းဟာလဲ ယောက်ဖတော်ဘုရင့်နောင်ရဲထွတ်ကို အမှီသဟဲပြုရလို့ပေါ့၊ ယခုအခါ ဘုရင့်နောင်ရဲထွတ်လဲ နေပြည်တော်မှခွာပြီး သံလျင်မြို့သို့ ချီတက်သွားတယ်၊ သမိန်ထောရာမဆိုတဲ့ သူပုန်ကိုနှိပ်နင်းရန် အတွက် တပ်တော်များထွက်သွားခိုက်မို့ ဟံသာဝတီနေပြည်တော်မှာ တပ်ပေါင်းများစွာ မရှိရစ်ဘူး၊ ယခုအခါ အလွန်အခွင့်သာတဲ့အခိုက်ပေါ့။

သမိန်ထောရာမကဖြင့် လှလှကြီး အကြံဦးသွားတာဘဲ၊ သူ့အကြံ အောင်မြင်ခဲ့ပါလျှင် တလိုင်းနိုင်ငံတွင် သူဘုရင်ဖြစ်မှာအမှန်ဘဲ၊ သို့ရာတွင် တောစွန်တောဖျားကနေပြီး ကြံစည်ရတဲ့ အတွက် နေပြည်တော်ကြီးသို့ နီးကပ်အောင် မစွမ်းနိုင်သေးဘူး၊ သမိန်ထောရာမရဲ့ နောက်မှာ ဗိုလ်ပါအင်အား အလွန်များတာဘဲ၊ တကယ်လို့သာ ကျွန်ုပ်ကိုယ်တိုင် စောစောစီးစီးက သည်လို

ကြံစည်လိုက်မယ်လို့ဆိုလျှင်လဲ ကျွန်ုပ်၏ နောက်က တလိုင်းလူမျိုးပေါင်းများစွာ လိုက်ကြမှာပေါ့၊ သမိန်ထောရာမဘုန်းကြီးလို့ သို့ကလောက်လဲ လူစုလူဝေး အားကြီးတာ မဟုတ်ပါဘူး၊ ၎င်းရာတွင် တလိုင်းလူမျိုးတွေ ဇာတိမာန်နှင့် ထက်သန် ညီညွတ်ကြတာကိုပင် တော်ပါပေရဲ့ တကားဟု အားရဝမ်းမြောက်သင့်ပါပေတယ်၊ ယခုအခါ သျှင်ရဲထွတ် ကိုယ်တိုင် ချီတက်တိုက်ခိုက်လို့ သမိန်ထောရာမလဲ မခုခံနိုင်ဘဲ ထွက်ပြေးရတယ်လို့ ကြားရတယ်၊ ဘုရင်ဖြစ်ခြင်းဆိုတာ ဘယ်လိုပင်ကြံသော်လဲ ဘုန်းကံမရှိလျှင် မဖြစ်နိုင်ဘူး၊ ယခု အကျွန်ုပ် အကြံအစည်ကတော့ သမိန်ထောရာမကဲ့သို့ လူစုလူဝေးနှင့် အရေးကြီးစွာ တိုက်ခိုက်လို့ မနေတော့ဘူး။

"**အရင်းစစ်အမြစ်မြေက**" ဆိုတဲ့ စကားအတိုင်း မြန်မာဘုရင် တပင်ရွှေထီးကို ရန်မီးငြိမ်းအောင် ရှင်းလင်းသုတ်သင်လိုက်ပါလျှင်(အရင်းလဲအဖျားထင်းဖြစ်)ဆိုတဲ့စကား အတိုင်း အဖျားအနားဖြစ်တဲ့ မြန်မာလူမျိုးတွေဟာ ထူထောင်အုံးမတဲ့လား၊ တပင်ရွှေထီးကို ကိစ္စ ပြီးအောင် သတ်ပစ်လိုက်ပြီးတဲ့အခါတလိုင်းလူမျိုးပေါင်းများစွာ ငါ့လက်အောက်သို့ ဝင်ရောက်ခိုလှုံလာကြလိမ့်မယ်၊ သည်အခါ အလွန် လက်ရုံးကောင်းတဲ့ သျှင်ရဲထွတ်ကို သည် သမိန်စောထွတ်က ဘာကြောင့် ကြောက်လန့်ရမှာလဲ၊ ရဲထွတ်နှင့် သမိန်စောထွတ် အထွတ်နှစ်ခုဆိုင်ပြီး နိုင်အောင် တိုက်ခိုက်ဘို့ဟာ အလွယ်ကလေးပေါ့။ နန်းတော်အတွင်းမှာသာ တပင်ရွှေထီး စံနေတော်မူပါလျှင် လွယ်ကူစွာနှင့်ကြံဘို့ အခွင့် မရနိုင်ဘူး၊ သျှင်ရဲထွတ်စီမံလို့ထားခဲ့တဲ့အစောင့်အရှောက်တွေအလွန်များနေတယ်၊ ကျွန်ုပ်ပရိယာယ်ဖြင့် နန်းတော်မှ ခွာအောင်ကြံစည်ပြီး တပင်ရွှေထီးကို လုပ်ကြံမယ်။ တကယ်အရေးကြတော့ တကဲ့ဇာတိသွေးနှင့် စွန့်စားကြပေတော့။

သမိန်စောထွတ်၏စကားကိုကြားရာ တိုင်ပင်ရေးတွင်ပါဝင်သော တလိုင်းများက အားရဝမ်းသာ ဖြစ်ပြီး (အမြန် ကြံစည်တော်မူပါ သည်အရေးမှာ သွေးရဲရဲနှင့် အမှု ထမ်းပါရစေ၊ ကြောက်သွေးနဲ့ တွန့်ပြီး ရှုံ့တဲ့စိတ်ကို အနည်းငယ်ကလေးမှ လက်မခံပါဘူး) ဟုခေါးကိုလွယ်ကာ ရဲဝံ့စွာ ဝန်ခံကြလေ၏။

## ပုဏ္ဏားတော်များကို သွေးဆောင်ခြင်း

တလိုင်းအမတ်ကလေးသမိန်စောထွတ်သည် မိမိစိတ်အတွင်း၌ နဂိုရင်းက သိုသိပ်ကြံစည်၍ ထားခဲ့သော အကြံများကိုအခွင့်သင့်ပြီဟုပြဋ္ဌာန်းကာအရေးကြီးစွာ အရှိန်နှင့်တကွ တိုး၍ကြံစည်လာလေ၏။ မြန်မာဘုရင်တပင်ရွှေထီးကို သတ်ဖြတ်ရန် စိတ်ထဲက အကြံရှိနေသော်လည်း ကိုယ်အမူအရာကိုမူကား အနည်းငယ်မျှ ပြောင်းရွှေ့ လှုပ်ရှားခြင်း မရှိစေဘဲ အများမရိပ်မိအောင် ဘုရင့်ထံပါးမှာ ပိပိရိရိရှိသေစွာ ဝပ်တွားခစား၍ နေလေ၏။ ဘုရင့်အကြိုက်ကိုလည်း ရှေးကထက် တိုး၍ လိုက်ပြီးလျှင် အစိုးရိမ်ကြီးစွာ စောင့်ရှောက်ဟန်နှင့် အပါးတော်မှာစွဲမြဲစွာခစား၍ နေလေသည်။

မိမိအကြံအစည်အတိုင်း မကြာမှီထမြောက် အောင်မြင်စွာ ဆောင်ရွက်လိုသည်နှင့် ဘုရင်မင်းမြတ်မှာ ဇာတာတော်မသန့်ကြောင်း ယာယီကိန်းကြုံသဖြင့် နန်းတော်ကြီးမှထွက်၍ မြို့တော်ပြင်ဘက်မှာ လွန့်လွန့်လူးလူး၊ ရွှေစိတ်တော် ကွန့်မြူးစေလိုကြောင်းကို ဟောပြောကြစေရန်

ပုဏ္ဏားတော်များကို တိုက်တွန်းရန် အကြံရှိသည်နှင့် ပထမ ရှေးဦးစွာ လက်ဆောင်ပဏ္ဏာ အမျိုးမျိုးတို့ဖြင့် ပေးကမ်းပြီးလျှင် ရင်းရင်းနှီးနှီးဖြစ်အောင် ပေါင်းသင်းလေ၏။ သို့ရာတွင် မိမိအကြံအစည် အမြွက်မျှ မသိစေရအောင် ပရိယာယ်ဖြင့် ဖုံးကွယ်သိုဝှက်၍ ထားလေသည်။

ပုဏ္ဏားတော်များကို ပြောကြားရာတွင် ဘုရင်မင်းမြတ်၏ အကျိုးကို လိုလားကြောင်း၊ သက်စွန့်ကြိုးပန်းအမှုတော်ကို ထမ်းရွယ်ကြောင်း၊ ဘုရင်မင်းမြတ်မှာ ရှေးယခင်ကကဲ့သို့ ကျန်းမာတော်မမူသဖြင့် ပုဏ္ဏားတော်များက ဇာတာကိုစစ်ဆေး၍ ဘုန်းသမ္ဘာတက်တိုးအောင်ကိန်းခန်းအမျိုးမျိုးဆင်၍ ပေးစေလိုကျောင်း၊ သူ၏ စိတ်အထင်မှာ ရွှေနန်းတော်ကြီးအတွင်းမှာသာအမြဲစံနေတော်မမူဘဲ လူးလူးလွန့်လွန့်နှင့်စိတ်နှလုံးကွန့်မြူးတော်မူရလေအောင် မြို့ပြင်မှာ ယာယီ နန်းတော်များနှင့် စံနေတော်မူစေလိုကြောင်း၊ ရံခါရံဘန် တောကစား ထွက်တော်မူစေလိုကြောင်း၊ ဤကဲ့သို့ ကျယ်ကျယ်လွင့်လွင့်မွေ့ လျော်တော်မူခွင့်ရပါလျှင် မကြာမီ ကျန်းမာတော်မူမည် ထင်ကြောင်း၊ ဤစကားကိုသာ ပြောကြားလေသည်။

ပုဏ္ဏားတော်များကလည်း သမိန်စောထွတ်၏အလိုသို့ လိုက်ပြီး "သပြေလား၊ ရေးလား" ဆိုသောအတိုင်း တောတောင်အတွင်းမှာကျယ်လွင့်စွာ မြူးကွန့်တော်မူခြင်း၊ ရေသဘင်စံတော်မူခြင်း၊ ဤကဲ့သို့ ပြုလုပ်တော်မူပါလျှင် ကိုယ်တော်လည်း ကျန်းမာ၊ ရွှေနှလုံးတော်လည်း ချမ်းသာလိမ့်မည့်အကြောင်းကို ပြန်ကြားပြောဆိုကြလေ၏။

သမိန်စောထွတ်လည်း ပုဏ္ဏားတော်များ၊ မိမိအလိုဆန္ဒအတိုင်း ဘုရင်မင်းမြတ်သို့လျှောက်တင်ကြမည့်အကြောင်းကို သိလေရာ၊ ဇာတာတော်စစ်ဆေးရန် သင့်ကြောင်းနှင့် မိမိကစတင်၍ လျှောက်ထားရန် ဘုရင့်အထံသို့ ဝင်ရောက် ခစားလေသည်။

## ဗေဒင်ကိန်းအားဖြင့် ဘုရင်ကို သွေးဆောင်ခြင်း

ဘုရင့်ထံပါးသို့ ရောက်လေရာ၊ သမိန်စောထွတ်က ဤကဲ့သို့ လျှောက်ထားလေသည်။ ဘုန်းတော်ကြီးလှသော ဘုရားသည် ရှေးယခင်ကကဲ့သို့ရွှင်ရွှင်လန်းလန်းနှင့် ကျန်းမာတော်မမူဘဲ ရှိနေပါသည်။ နှစ်သက်တော်မူသော ယစ်မျိုးများကိုချေတာတော်မူတဲ့အတွက် ဤကဲ့သို့ဖြစ်ဟန်လက္ခဏာရှိသည်ထင်ပါသည်၊ ယစ်မျိုးများကိုတစတစချေတာတော်မူ၍ အရှင်းပယ်ဖျက်တော်မူပါလျှင် သာ၍ပင်ကောင်းပါသည်။ ဘုရားကျွန်တော်မျိုးလဲ အရှင့်အလိုတော်ကို မလွန်ဆန်ဝံ့သာ အကြိုက်ကိုလိုက်ပါရခြင်းဖြစ်ပါသည်ဘုရား။ ကျွန်တော်မျိုးတို့၏အရှင်သခင်ဖြစ်တော်မူတဲ့ နောင်တော်ကျော်ထင်နော်ရထာကလဲ ယစ်မျိုးလိုက်စားတော်မူခြင်းကို နှစ်သက်တော်မမူပါ၊ ဘုရားကျွန်တော်မျိုးလဲ သည်အတိုင်းပင် သဘောတူညီလျက်ရှိပါသည်ဘုရား၊ သို့ရာတွင် ရွှေကိုယ်တော်ကျန်းမာ၍ ရွှေနှလုံးတော်များ ရွှင်လန်းလျက် ဘုန်းတန်ခိုး ကျက်သရေ တိုးပွါးတော်မူအောင် ဇာတာတော်များကို စစ်ဆေး၍ ပုဏ္ဏားတော်များဟောကြားတဲ့အတိုင်း ဆောင်ရွက်တော်မူရန် သင့်လျော်လိမ့်မည် ထင်ပါကြောင်းပါဘုရား။ (အကျိုးကို လိုလားဟန်နှင့် ပရိယာယ် စကားဖြင့် လျှောက်တင်လေသည်။

(ဘုရင်) အင်း- နောင်တော် ထွတ်ထွတ်ဟာ ငါ့အရှင်မြတ်နှင့် ငယ်ရွယ်စဉ်ကစပြီး၊ အတူကြီးပွါးလာခဲ့တဲ့ အတိုင်း ငါ့အကျိုးကိုသာ လိုလားတော်မူလေ့ရှိပေတယ်။ ယစ်မျိုးလိုက်စားမှုကိုလဲ။ အနည်းငယ်ကလေးမျှ နောင်တော်က နှစ်သက်တော်မမူဘူး၊ စောစောစီးစီးကပင် ကြိုတင်၍ လျှောက်ထားပါပေတယ်။ နောင်တော့်စကားကို စောစောစီးစီးက ရွှေနား မပိုက်သွင်းခဲ့မိတာလဲ မှားတာအမှန်ဘဲ အခွင့်မသင့်တဲ့အခါ မှားရစမြဲရယ်လို့ ရွှေစိတ်တော်ကိုတင်းပြီး ရှင်းလင်းအောင် ဖြေတော်မူရတာဘဲ။ နောင်ဘော်ထွတ်ထွတ်ကဲ့ ကျေးဇူးဟာ လွန်စွာကြီးမားပါပေတယ်။

(သမိန်စောထွတ်) မှန်လှပါ။ ကျွန်တော်များရဲ့အရှင်သခင် ဖြစ်တော်မူတဲ့ ဘုရင့်နောင်တော်ကြီးဟာ ကျေးဇူးအလွန်ကြီးလှပါတယ်၊ အမျိုးမျိုးအားကိုးလောက်တဲ့ အာဇာနည် ပုဂ္ဂိုလ်ကြီးတယောက်ပါဘဲ ဆင်စီး, မြင်းစီး, မှစ၍၊ စစ်မှုရေးရာ သေနင်္ဂဗျူဟာမှာလဲ သူတကာနှင့်မတူအောင်၊ ကျွမ်းကျင် တတ်မြောက်တော်မူပါပေတယ် သူရသတ္တိနှင့် လက်ရုံးအရာမှာလဲ....၊ ကမ္ဘာတွင် အဘက်မရှိရယ်လို့ ချီးမွမ်းထိုက်ပါပေတယ်။ စိတ်နေ စိတ်ထား ကြီးမားမြင့်မြတ်တော်မူပုံကလဲ နှိုင်းပြိုင်ဘွယ်မရှိပါ ကျေးဇူးသစ္စာကိုလဲ လွန်စွာစောင့်သိ၍ သမာဓိကြီးခိုင်းတဲ့ ပုဂ္ဂိုလ်မြတ်မှန်လှပါသည်ဘုရား။ သည်ပုဂ္ဂိုလ်၏လျှောက်တင်ချက်များကို ရွှေနားပန်ဆင်တော်မူထိုက်ပါတယ်ဘုရား။

(ဘုရင်) နောင်တော်ကြီးရဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးလို့ မကုန်နိုင်အောင် ရှိနေတာပေါ့ နိုင်ငံတော်ကျယ်ဝန်းအောင် ချဲ့ထွင်တော်မူခြင်းဟာ နောင်တော့်လက်ရုံးအစွမ်းပင်ဖြစ်ပေတယ်၊ ဩြော်- သမိန်စောထွတ်ကို သတိပေးဘို့ရှိနေတယ် ယခုအခါ မောင်မင်းတို့ တလိုင်းလူမျိုးများဟာ ကျေးဇူးသစ္စာကို မထောက်ဘဲ ဘောက်ဘောက်ပြန်ပြန်တွေ ဖြစ်လာပါကလား သမိန်ထောရာမရယ်လို့ တလိုင်းဘုရင်ရဲ့ အဆက်အနွယ်ထဲက ထီးနန်းကိုကြံဘို့ ပုန်ကန် သောင်းကျန်းလာတယ်။ တလိုင်းလူမျိုးပေါင်းများစွာ သူ့ဘက်သို့ လိုက်ပါ ကြတယ်ဆိုမဟုတ်လား သမိန်-စောထွတ်ကလဲ ကိုယ့်အမျိုးအဆွေများကို မမှားအောင် သတိပေးမှပေါ့။

(သမိန်စောထွတ်) တိုင်းစွန်ပြည်နားက စိတ်နေစိတ်ထား ရိုင်းစိုင်းတဲ့ တလိုင်းများအပေါ်မှာသာ သမိန်ထောရာမ ဩဇာ ရှိပါတယ်ဘုရား ရွှေဘုန်းတော်ကြီးမြတ်ကြောင်းကိုမသိလို့ ဒိဋ္ဌိသဘောနှင့်ကြံကြတာပါ ဘယ်လိုပင်ကြံသော်လဲ ဘုန်းတော်ဒဏ်ကိုခံနိုင်ကြမည်မဟုတ်ပါ မကြာမီပျက်စီး၍ ပြုန်းထီးမျှယ်ပျောက်ကုန်မှာ အမှန်ပါဘုရား။ ။မြို့ကြီး, ရွာကြီး, များမှာနေထိုင်ကြတဲ့ တလိုင်းများကတော့ အကြားအမြင်နှင့်ပြည့်စုံ ရွှေဘုန်းတော်ကိုယုံပြီးဖြစ်၍ ကျေးဇူးသစ္စာတော်ဘောက်ဖျက်ရန် အနည်းငယ်မျှ ကြံစည်ဝံ့ကြတယ်လို့မရှိပါ။ ။ဘုရား့ကျွန်တော်မျိုးကလဲ တလိုင်းလူမျိုးတွေ ပိပြားအောင် တရားသဖြင့်ဟောပြနှိမ်နင်းလျက် ရှိပါတယ်။ တလိုင်းလူမျိုးတို့ကို စိုးရိမ်ရန်မရှိပါဘုရား။

(ဘုရင်) သံလျင်မြို့ကို အုပ်စိုးနေတဲ့ တလိုင်းများဟာလဲ နောင်တော်ချီတက်၍ ဖြိုဖျက်နှိမ်နင်းသဖြင့်၊ ဘေးလွတ်ဘို့အရေး ထွက်ပြေးကုန်ကြပြီလို့ တင်လွှာများရောက်လာတယ်။ ကျေးဇူးတော်ကိုမထောက် သစ္စာတော်ကိုဘောက်ကြပါလျှင် သည်လိုချည်း ပျက်စီးကုန်မှာအမှန်ပေါ့

သမိန်စောထွတ် တင်လျှောက်ချက်အတိုင်း ဇာတာတော်များကို ဆေးရန်သဘောတူပါရဲ့ သင့် လျော်တဲ့ ပုဏ္ဏားတော်များကိုသာ ရှေ့တော်သို့သွင်းခဲ့ပေတော့။

(သမိန်စောထွတ်) ရွှေဘုန်းတော် တက်တိုး၍ ဘုန်းတန်ခိုး ကျက်သရေ တဝေဝေထွန်း လင်းစေလိုတဲ့အထွက် ဘုရားကျွန်တော်မျိုးလဲ လျှောက်တင်ရခြင်းဖြစ်ပါတယ်ဘုရား။ နက်ဖြန် နံနက် မင်္ဂလာအချိန်မှာ ပုဏ္ဏားတော်များကို ရှေ့တော်သို့ ဆက်သွင်းပါမည်ဘုရား။

ဤကဲ့သို့ လျှောက်တင်ပြီးလျှင် သမိန်စောထွတ်လည်း မိမိ ကြံစည်လျှောက်တင်သော အတိုင်း အခွင့်ရသည်နှင့် ဝမ်းမြောက်ဝမ်းသာ အပါးတော်မှထွက်ခွာခဲ့လေသည်။

နောက်တနေ့ နံနက်အခါ သမိန်စောထွတ်သည် ယမန်နေ့က လျှောက်တင်ချက်အတိုင်း ပုဏ္ဏားတော်တို့ကို ကောင်းမွန်စွာ ဝတ်စားဆင်ယင်စေပြီးလျှင် ရှေ့တော်သို့သွင်းလေ၏။

ပုဏ္ဏားတော်တို့လည်း ပထမရှေးဦးစွာ ဘုန်းတော်တွဲ အောင်ခွန်းဂါထာတို့ကို ညီညာစွာ ရွတ်ဆိုကြပြီးလျှင် ဘုရင်၏ရှေ့တော်ပါးမှာ ခစားရှိနေကြလေ၏။ ရှေ့တော်မှာလည်း ဇာတာ တော်ကို နဝရတ်ကိုးပါး စီချယ်ထားသော ရွှေကလပ်ပေါ်မှာတင်ထားလျက်ရှိသည်။

(သမိန်စောထွတ်) ဇာတာတော်များကို သန့်စင်စွာစစ်ဆေးရန် ပညာရှိပုဏ္ဏားတော်များ ရှေ့တော်မှာ ခစားလျက်ရှိကြပါပြီဘုရား။

ဤသို့လျှောက်တင်သောအခါ ဘုရင် တပင်ရွှေထီးက ပုဏ္ဏားတော်များကို ရှုစားတော် မူပြီး "ယခုအခါ စိတ်တော်များလည်းမပျော် ကိုယ်တော်လည်းမအီမသာ ရှိတော်မူတဲ့အတွက် သမိန်စောထွတ်၏ လျှောက်တင်ချက်အတိုင်း ဇာတာတော်စစ်ဆေးရန် ပုဏ္ဏားတော်များ အခစား ဝင်ရောက်လာသည်များကို အားရနှစ်သက်တော်မူတယ်။ ပုဏ္ဏားတော်တို့၏ ဗေဒင်ပညာနှင့် ချင့် ချိန်ပြီး သိမြင်တဲ့အတိုင်း မချွင်းမချန်မှန်တဲ့အတိုင်း လျှောက်တင်ကြရမယ်" ဟု အမိန့်တော် ရှိလေ၏။

ထိုအခါ ပုဏ္ဏားတော်များက "ဘုရားကျွန်တော်မျိုးများသည်။ မဇ္ဈိမနိုင်ငံ ကာသိတိုင်း ပုဏ္ဏားများ ဖြစ်ပါသည် ဗေဒင်ပညာကို သာမန်အပေါ်ယံသဘောသွားနှင့် တတ်မြောက်ကြ သူများမဟုတ်ပါ သင်္သကရိုက်ဘာသာ ဒေဝနာဂရီစာဖြင့် ရေးသားအပ်သော ကမ္ဘာဦးဗေဒင် ကျမ်းရင်းကြီးများကို မူလကစ၍ တတ်မြောက်လာသူများမှန်ပါသည်ဘုရား ဘုန်းတော်ကြီးလှ သောဘုရား၏ ဇာတာတော်ကို ဗေဒင်ကျမ်းတို့မှ နည်းလမ်းအမျိုးမျိုးတို့နှင့် တွက်ချက်၍ အ- ဟောဆက်ပါမည်ဘုရား။ ဤကဲ့သို့လျှောက်တင်ကြပြီးလျှင်။ ရွှေကလပ်ပေါ်၌ တင်ထားသော ဇာတာတော်ကို သုံးကြိမ်ဦးခိုက်၍ ရိုသေစွာ ယူပြီးလျှင် ရှေ့တော်မှာပင် အတန်ကြာတွက်ချက် ၍နေကြလေ၏။

## ပုဏ္ဏားတို့လျှောက်တင်ချက်

အတန်ကြာ ညှိနှိုင်းတိုင်ပင်ကာ တွက်ချက်ကြပြီးနောက် ပုဏ္ဏားတော်တို့က လျှောက် တင်ကြသည်မှာ ။ဘုန်းတော်ကြီးလှသောဘုရား၏ ဇာတာတော်မှာ မူလအနေအားဖြင့် မြင့်မိုရ် တောင်ကြီးသဘွယ် မယိမ်းမယိုင် ခံ့ခိုင်သော် မူလှပါသော်လည်း။ ယခုအခါ သက်ဆစ် သက်

ပိုင်း အာယုစန်းမှစ၍ သီသီညံ့နေခိုက်ကြုံပါသည်ဘုရား။ ။ယာယီတော် ကြုံကြိုက်နေသဖြင့် ရွှေနန်းတော်ပေါ်မှာ မွေ့မွေ့လျော်လျော်နှင့် ပျော်အောင်စံတော်မူနိုင်ဘို့မရှိပါ ဥယျာဉ်တော်များသို့ဖြစ်စေ တောတောင်အတွင်းသို့ဖြစ်စေ ထွက်စံတော်မူပြီးလျှင် ယာယီနန်းစံမြန်းတော်မူရန် သင့်လျော်လှပါသည်ဘုရား။ ။ယခုအခါ အသက် ၃၅-နှစ် ရှိတော်မူပြီဖြစ်၍ ရှေ့သို့တိုးတက်၍ကောင်းရန် တနှစ်သာကျန်ပါတော့သည် သုံးဆဲ့ခြောက်နှစ်သို့ ရောက်တော်မူသောအခါ နဝင်းကိန်းကြုံပြီးလျှင်။ဘုန်းတော် သမ္ဘာတော်များ။ ရှေးကထက်တိုး၍ အမျိုးမျိုး ထွန်းလင်းရန်ရှိပါသည်ဘုရား။ ။ရွှေမော်ဓောစေတီမြတ်ကြီး၏ မွေးနံတော်ဗုဒ္ဓဟူးအရပ်မှာ အသက်တော်နှင့်အမျှ ရွှေ ၃၅ ိ-သားကို လှူဒါန်းတော်မူပါ ဘုန်းတော် သမ္ဘာတော် တိုးတက်ပါလိမ့်မည်ဘုရား ဆင်တော်မင်္ဂလာများဝင်ရန်ရှိပါသည်ဘုရား။

ဤသို့ လျှောက်ထားကြသော ပုဏ္ဏားတို့၏စကားကို ကြားတော်မူရာ ဘုရင်မင်းမြတ်က နှစ်သက်တော်မူသည်နှင့် "ပုဏ္ဏားတော်များ လျှောက်တင်ချက်အတိုင်း သမိန်စောထွတ်နှင့် တိုင်ပင်၍ ဆောင်ရွက်တော်မူမည်" ဟု မိန့်တော်မူပြီးလျှင် ပုဏ္ဏားတော်တို့အား ဆုလာဘ်များကို ပေးသနားတော်မူလေ၏။ ပုဏ္ဏားတော်တို့လည်း ရှိသေစွာဦးခိုက်၍ အပါးတော်မှထွက်ခွါခဲ့ကြလေသည်။

## သမိန်စောထွတ်နှင့် တိုင်ပင်တော်မူခြင်း။

ပုဏ္ဏားတော်တို့ပြန်သွားကြသောအခါ သမိန်စောထွတ်ကိုအပါးတော်သို့ခေါ်၍ တိုင်ပင်တော်မူသည်မှာ။

(ဘုရင်) ယခု ပုဏ္ဏားတော်တို့ ဟောကိန်း လျှောက်တင်ချက်အတိုင်း မှန်ကန်လိမ့်မယ်လို့ ထင်မှတ်တော်မူတယ်၊ ရွှေနန်းတော်ကြီး အတွင်းမှာ စံတော်မူရတာ နှလုံးတော် ကြည်ကြည်လင်လင်နှင့် ပျော်ရွှင်တယ်လို့ ရှိတော်မမူဘူး။

(သမိန်စောထွတ်) ဟောကိန်းဆက်တဲ့ ပုဏ္ဏားတော်များဟာ ဗေဒင်ပညာမှာဖြင့် လွန်စွာတတ်ကျွမ်းကျင်၍ လက်ရွေးစင် ပုဏ္ဏားတော်များဖြစ်၍ ယုံကြည်ရန် သင့်လျော်လှပါသည်ဘုရား။

(ဘုရင်) ယာယီကိန်းကြုံနေတယ်ဆိုတဲ့ လျှောက်တင်ချက်အတိုင်း စံတော်မူရင်း နန်းတော်မှခေတ္တထွက်၍ ယာယီနန်းစံတော်မူရလျှင် စိတ်နှလုံးရွှင်ပျော်၍ ကိုယ်တော်လဲ ကျန်းမာလတ်ဆတ်လိမ့်မည်လို့ ထင်တော်မူတာဘဲ။ သို့ရာတွင်ဆင်ခြင်ဘို့ အချက်တခုကရှိနေတယ်။

(သမိန်စောထွတ်) ဆင်ခြင်ဘို့အချက်ကို မိန့်တော်မူပါဘုရား။

(ဘုရင်) နောင်တော်ထွတ်ထွတ်က သံလျင်မြို့သို့ ထွက်ခါနီးမှာ အရေးတကြီးလျှောက်တင်တဲ့ အချက်ကိုကြားတယ်မဟုတ်လား။ ရွှေနန်းတော်ကြီး အတွင်းမှာသာ စံတော်မူခဲ့ရစ်ပါ၊ စစ်ချီရာမှ ပြန်၍မလာမီအတွင်း မြို့တော်ပြင်ဘက်သို့ထွက်၍ စံတော်မမူစေလိုတဲ့ အကြောင်းကို လျှောက်တင်ခဲ့ပေတယ်။ နောင်တော် ထွတ်ထွတ်စကားကိုလဲ နားစိုက်တော်မူဘို့ရှိသပေါ့။

(စောထွတ်) မှန်လှပါ နောင်တော်ကြီးဘုရား၏ လျှောက်တင်ချက်ကိုလဲ **အရေးတော်**ယူဘို့ပင်ဖြစ်ပါသည်။ သို့ရာတွင် နောင်တော်ကြီးဘုရား၏ လျှောက်တင်ချက်ဟာလဲ အရှင့်အပေါ်တွင် စိုးရိမ်တဲ့အတွက် လျှောက်တင်ရခြင်းဖြစ်ပါတယ်။ ဗေဒင်ကိန်းခန်းတို့ဖြင့် တွက်ချက်စစ်ဆေး၍ လျှောက်တင်ချက်ဖြင့်မဟုတ်ပါဘုရား။ ယခုပုဏ္ဏားတော်တို့မှာတော့ ဗေဒင်ပညာဖြင့် သေချာစွာတွက်ခါ အကျိုးတော်လိုလား၍ ဘုန်းတော်, သမ္ဘာတော်, ကြီးမားတော်မူရန် လျှောက်တင်ခြင်းဖြစ်ပါသည်။ ။နောင်တော်ကြီးဘုရားဟာ အရှင့်အကျိုးတော်များကို အမှန်လိုလားသူများ ဖြစ်ပါတယ်ဘုရား။ ကျွန်တော်မျိုးလဲ အကျိုးတော်လိုလားတဲ့ ကျေးကျွန်အပေါင်းတို့တွင် တဦးအပါအဝင် ဖြစ်ကြောင်းကို ယုံကြည်တော်မူပါ၊ အသက်နှင့် ဖလှယ်၍ ကျေးဇူးတော်ကို ဆပ်လိုသောသူ ဖြစ်ကြောင်းကို ဘုန်းတော်ကြီးလှသော ဘုရားလဲသိတော်မူပြီးပင်ဖြစ်ပါလိမ့်မည်။ ။သို့ပါ၍ ပုဏ္ဏားတော်တို့၏ လျှောက်တင်ချက်အတိုင်း ယာယီနန်းစံတော်မူရပါလျှင် များစွာသင့်လျော်လိမ့်မည် ထင်ကြောင်းကို အကျိုးတော်ကို လိုလားသောစိတ်ဖြင့် လျှောက်ထားပါသည်ဘုရား။

ဤသို့လျှောက်တင်သောအခါဘုရင်မင်းမြတ်သည်။အတန်ကြာအောင်စဉ်းစားတော်မူပြီးမှ "အင်း–သမိန်စောထွတ်ကဲ့ လျှောက်တင်ချက်ဟာလဲ သင့်လျော်ပေတာဘဲ။ သို့ရာတွင်သည်အရေးကိုမျှော်တွေး ဆင်ခြင်တော်မူဦးမည်။ ရွှေမော်ဓေါဘုရား၏ တောင်မျက်နှာ ဗုဒ္ဓဟူးအရပ်မှာ ရွှေ ၃၅ ိ သားကို ငါ့ကိုယ်စားပြု၍ လှူဒါန်းပေတော့။

ဤကဲ့သို့ မိန့်တော်မူပြီးလျှင်၊ အတွင်းဆောင်တော်သို့ ဝင်တော်မူလေသည်နှင့် သမိန်စောထွတ်လည်း ရွှေနန်းတော်မှ ခေတ္တထွက်ခွါ၍လာခဲ့ပြီးလျှင် ဘုရင့်အမိန့်တော်အတိုင်း ဆောင်ရွက်ဘွယ်ရာ ကိစ္စများကို ဆောင်ရွက်လေသည်။

## မိဖုယားခင်ဘုန်းနှင့် တိုင်ပင်တော်မူခြင်း။

ဘုရင် တပင်ရွှေထီးသည်။ ပုဏ္ဏားတို့ ဟောပြောချက်အတိုင်း နန်းတော်ကြီးမှထွက်၍ ယာယီနန်းစံတော်မူရန် အလွန်ထက်သန်စွာ ဆန္ဒရှိတော်မူသည်။ သို့ရာတွင် စစ်ထွက်ခါနီးတွင် နောင်တော်ကြီးက အထပ်ထပ် သတိပေးသောအားဖြင့်၊ လျှောက်တင်ခဲ့သော အချက်များကရှိပြန်သည်နှင့် မိမိဆန္ဒအတိုင်း ရုတ်တရက်ပြုလုပ်ရန် နောင်တော်ကြီး၏ မျက်နှာကို ထောက်သောအားဖြင့် ငဲ့ကွက်တော်မူရပြန်သည်။

ထိုနောက် တနေ့တွင် ငယ်ရွယ်စဉ်ကစပြီး ချစ်ခင်မြတ်နိုးတော် မူလှသော မိဖုယား "ခင်ဘုန်း"၏ အဆောင်တော်သို့ ကူးတော်မူပြီးလျှင်၊ ရှေးဟောင်းနှောင်းဖြစ် များကိုမိန့်ကြား၍ ပျော်ပါး ရွှင်လန်းစွာ စံတော်မူသည်။ ခင်ဘုန်းကလည်း ရွှေနှလုံးမကြည်သာ ဖြစ်တော်မူနေသော ရွှေနန်းရှင်ဘုရားကို ရှေးကသက်ပင် အလိုလိုက်၍ အကြိုက်ကိုသာ လျှောက်တင်၍နေ၏။

ဘုရင်မင်းမြတ်သည်။ အဆောင်တော်တံခါးကို ဖွင့်လှစ်ထားရာမှ လှမ်း၍ရှုစားတော်မူလိုက်ရာ စိမ်းညိုသော တောတန်းကြီးကို မြင်တော်မူသည်နှင့် လက်ညှိုးညွှန်ကာ ခင်ဘုန်းကို မိန့်တော်မူသည်မှာ "ဘုန်းဘုန်း ဟောဟိုမှာရှုစမ်းပါ မြရည်လိမ်းသလို စိမ်းညိုတဲ့တောတန်းကြီး

ကိုမြင်ရတယ်မဟုတ်လား။ သည်လိုကြည့်ရှုဘွယ်ကောင်းတဲ့ တောကြီးတောင်ကြီးတွေကိုမြင်ရတဲ့အခါ လွှန်စွာစိတ်နှလုံး အေးမြတော်မူတယ်”ဟု မိန့်တော်မူသည်။

(ခင်ဘုန်းလည်း ဘုရင်မင်းမြတ် ညွှန်ပြတော်မူတဲ့ တောတန်းကိုရှုပြီး) “မိန့်တော်မူတဲ့အတိုင်း ရှုမြင်ခင်းသာယာ၍ လွန်စွာကြည်အေးဘွယ် ကောင်းလှပါတယ်ဘုရား။ ဘုန်းဘုန်းနှင့် ထွတ်ထွတ်တို့ငယ်ငယ်က ကေတုမတီ မြို့တော်မှာ စံပျော်တော်မူကြစဉ်အခါ တခါတခါရံမှာ ရွှေတော်များနှင့် ထွက်တော်မူပြီး တောစွယ်တောင်စွယ်မှာ မောင်မယ်တို့ ပျော်ပါးခဲ့ကြပုံများကို ပြန်လှန်စဉ်းစား မိပါတယ်ကိုယ်တော်၊ ကေတုမတီမြို့တော် ဝန်းကျင်မှာရှိနေကြတဲ့ တောတောင်ဟာအလွန်သာယာ စိုပြည်တာကလား။

(ဘုရင်) အဲ—မှန်ပေတယ် ခမည်းဘုရားကြီး တည်ထောင်တော်မူခဲ့တဲ့ ကေတုမတီမြို့တော်ကြီးဟာ တောတောင်စိမ့်စမ်းနှင့် စခန်းအလွန်သင့်တာကလား။ ။ဩော်-ရွှေနန်းတော်ကြီးများဟာ ရွှေရောင့်၊ကျောက်ရောင့်တို့ဖြင့်၊ ထိန်းပြောင် ထွန်းလင်းလို့နေဒေသော်လဲ တကယ်ဆိုတော့ တောတောင်ဂနိုင် စုံမြိုင်စိမ့်စမ်းမှာလိုချမ်းချမ်းမြေ့မြေ့နှင့် ပျော်မွေ့ဘွယ်ကောင်းတယ်လို့မထင်မိဘူး ဘုန်းဘုန်းရဲ့။

(ခင်ဘုန်း) မှန်လှပါ တောတောင်ဆိုတာ သဃံဇာတသဘောနှင့် သမ္ဘာကြီးစီမံထားတဲ့အတွက် နုနုပျို့ပျို့ စိမ်းစိမ်းစိုစိုနှင့် အလိုအလျောက်ဝမ်းမြောက် ရွှင်လန်းခြင်းကို ဖြစ်စေနိုင်တာပေါ့၊ ရွှေထီး၊ရွှေနန်း၊ဆိုတာကတော့ သဃံဇာတသဘောမျိုးမဟုတ်၊ လူတို့ပြုလုပ်အပ်တဲ့ အဆောက်အဦမျိုးဖြစ်လို့ တောတောင်စိမ့်စမ်းကိုမှီအောင် စိတ်နှလုံးရွှင်ပြုံးခြင်းကို မဖြစ်စေနိုင်ဘူးပေါ့။ သူတော်ကောင်းပုဂ္ဂိုလ်တွေ တောတောင်အတွင်းမှာ ပျော်မွေ့နိုင်ကြတယ်ဆိုတာ တောအရသာကို ကောင်းစွာသိတော်မူကြလို့ ဖြစ်ပေလိမ့်မယ်နော်။

(ဘုရင်) ဩော်-တောတောင် အကြောင်းနှင့်စပ်လို့ ဘုန်းဘုန်းကို မိန့်တော်မူရအုံးမယ်။ ဟိုယမန်နေ့က ပုဏ္ဏားတော်များကိုခေါ်ပြီး ဇာတာတော်ကို စစ်ဆေးတဲ့အခါ ယာယီကိန်းကြုံနေလို့ ထာဝရမှခေတ္တပြောင်းပြီး ယာယီနန်းစံရလျှင် စိတ်နှလုံးရွှင်ပျော်၍ ကိုယ်တော်ကျန်းမာလျက် ဘုန်းသမ္ဘာတက်တိုးမဲ့ အကြောင်းကို-လျှောက်တင်ကြတယ် ဘုန်းဘုန်းရဲ့။

(ခင်ဘုန်းက နှလုံးမသက်သာတဲ့ အမူအရာတော်နှင့်) ထီးထီးကိုယ်တိုင်က ရွှေနန်းတော်ကြီးမှထွက်ပြီး ယာယီနန်းစံတော်မူရန် ရွှေစိတ်တော်သန်ပါသလား။

(ဘုရင်) ပုဏ္ဏားတော်တို့ဟောချက်အတိုင်း ဆောင်ရွက်တော်မူရလျှင် ဘုန်းသမ္ဘာတက်တိုး၍ တန်ခိုးတော်ကြီးမြင့်လိမ့်မယ်လို့ ထင်တော်မူမိတာဘဲ။ ဘုန်းဘုန်းဆင်ခြင်တော်မူစမ်းပါ။ ဇာတာတော်မသန့်စင်တဲ့အခါမို့ နိုင်ငံတော်များလဲ ရေးကလိုမပိပြားဘဲ လှုပ်လှုပ် ရှားရှားနှင့် ဆူဆူပူပူဖြစ်နေတယ်။ “သမိန်ထောရာမ”ဆိုတဲ့ဘလိုင်းကလဲ ရိုင်းပြစော်ကားပြီး လူအများစုရုံး၍ လက်ရုံးအားကိုးနှင့် ပုန်ကန်ထကြွနေတယ်မဟုတ်လား။သူ၏ရန်ကို အတန်ကြီး ဂရုစိုက်တော်မူနေရတယ်။ နောင်တော်ကြီးတဆူ ရှိတော်မူပေလို့သာ ရွှေနန်းတော်ကြီးအတွင်းမှာချမ်းသာစွာစံနေတော်မူရတာပေါ့။ ဇာတာတော်တက်တုန်း ရွှေဘုန်းတော် ထက်သန်ပါလျှင် သည်လိုရန်မျိုးနှင့် တွေ့ကြုံနိုင်ပမလား။ ဘုန်းဘုန်းစဉ်းစားတော်မူစမ်းပါ။

(ခင်ဘုန်း) ခင်ဘုန်းဆန္ဒအတိုင်း တင်ရမှာဖြင့် မောင်ကြီးဘုရား စစ်ချီထွက်သွားတော်မူတဲ့အခိုက်မှာ ရွှေနန်းတော်ကြီးကခွါပြီး ယာယီနန်းစံတော်မူဘို့ကို သဘောမတူနိုင်ပါ။ စစ်ထွက်နီးမှာ မောင်ကြီးဘုရားက သည်အချက်ကိုပင် အရေးကြီးစွာ အကြိမ်ကြိမ် လျှောက်တင်သွားတယ်မဟုတ်ပါလားဘုရား။ သူပုန်တော်များ၏ရန်ကို မကြွင်းမကျန်နှိမ်နင်းပြီး မောင်ကြီးဘုရား နေပြည်တော်သို့ ပြန်လည်ဆိုက်ရောက်တော်မူလာတဲ့ အခါကျတော့ ထီးထီး ဆန္ဒတော်အတိုင်း ယာယီနန်းစံတော်မူတာပေါ့။ လက်ရုံးတော်တဆူ အလေးမူရတဲ့ မောင်ကြီးဘုရား အပါးတော်မှာမရှိခိုက်အခါ ရွှေနန်းတော်က ခွါစေလိုတဲ့ဆန္ဒ မရှိဘူးကိုယ်တော်ရဲ့။

(ထီး) ဘုန်းဘုန်းကလဲ စိုးရိမ်တော်မူလွန်းလို့ သည်လို လျှောက်ထားတာဘဲနော်။ စဉ်းစားကြည့်တော်မူစမ်းပါ။ ရွှေနန်းတော်ကြီးကခွါတဲ့အတွက် ဘယ်လိုအနှောက်အရှက်မှတွေ့နိုင်ဘို့ မရှိပါဘဲကလား။ ကိုယ်တော်တပါးထဲ ထွက်သွားတော်မူရမဲ့အရေးလဲ မဟုတ်ပါ။ မျှားပြားရံရွှေ၊ တပ်တော်တွေနှင့် ကျက်သရေရှိရှိ ထွက်တော်မူရမဲ့အလုပ်ပါကလား။

(ခင်ဘုန်း) အရေးအကြောင်းဆိုတာ တင်ကြိုလို့ သိနိုင်တာမျိုးမဟုတ်ပါဘုရား။ ဘုန်းသမ္ဘာသီသီမှိန်၍ သမ္ဘာအရှိန်အားနွဲ့တဲ့အခါမို့ စိုးရိမ်ခြင်းဖြစ်တဲ့အတိုင်း ဘုန်းဘုန်းက လုံးလုံးသဘောမတူနိုင်ကြောင်းကို လျှောက်တင်ရတာပါ။

(ဘုရင်) အဲ-ဘုန်းဘုန်းလျှောက်တင်ချက်အတိုင်း ဘုန်းသမ္ဘာ သီသီမှိန်၍ သမ္ဘာအရှိန်အားနွဲ့နေတဲ့အတွက် ဘုန်းသမ္ဘာတိုးတက်ဘို့မှန်းပြီး ယာယီနန်းစံတော်မူရမဲ့အရေးပါ။ အစိုးရိမ်သို့ကလောက်မကြီးပါနဲ့။ ရွှေထီးဆိုတာ ဘယ်အခါမှ နိမ့်ကျခြင်း မဖြစ်နိုင်ဘူး ဘုန်းဘုန်းရဲ့။

(ခင်ဘုန်း) ခင်ဘုန်းတို့မှာတော့ မိန်းမတို့အတွေးဉာဏ်နှင့် ပူပန်လို့ လျှောက်တင်ရတာပါ။ တကယ်ဆိုတော့ ထီးထီးဆန္ဒတော်အတိုင်းပါဘဲ။ အထူးလျှောက်တင်လိုတဲ့ အချက်ကတော့ မောင်ကြီးဘုရား လျှောက်တင်လေ့ရှိတဲ့အတိုင်း တလိုင်းအမတ်ကလေး သမိန်စောထွတ်ကို မျက်နှာသာပေး၍ အရေးစိုက်ကြီး စိုက်တော်မမူစေလိုပါ။ မြန်မာသွေးစစ်တဲ့ မှူးမတ်တဦးကိုရွေးချယ်ပြီး အပါးတော်မှာ ယုံကြည်စွာ အသုံးပြုတော်မူစေချင်ပါကြောင်းဘုရား။

(တပင်ရွှေထီးကပြုံးပြီး) အို-ဘုန်းဘုန်းကလဲ နှောင်တော် ထွတ်ထွတ်ကိုယ်တိုင် သည်အရေးကို သတိပေးတာ ရိုးလှပါပြီ။ သည်တလိုင်းကလေးဟာ ဘယ်လိုနည်းနှင့် ထီးထီးကို တော်လှန်ဝံ့ပါမလဲ။ ရွှေနန်းပေါ်မှာ ပျော်ပျော်သာ စံတော်မူပါ။ အကြံတွေရှုပ်ထွေး၍ ပူပန်ရေးနယ် ချဲ့တော်မမူပါနဲ့ ဘုန်းဘုန်းရယ်။

ဤကဲ့သို့ မိန့်တော်မူပြီးလျှင် ခင်ဘုန်းအဆောင်တော်မှ ထွက်ခွါတော်မူခဲ့လေ၏။

သမိန်စောထွတ်လည်း မိမိ၏အတွင်းကြိတ်အကြံကို အောင်မြင် စေရန်အတွက် အခွင့်ရတိုင်း ရတိုင်း။ ပုဏ္ဏားတော်တို့၏ လျှောက်တင်ချက်ကို မူရင်းထားပြီးလျှင် ယာယီနန်း ထွက်စံတော်မူဘို့အရေးကိုသာ သွေးဆောင်လျှောက်တင်လေ၏။ နဂိုမူလရင်းကပင် ဘုရင်မင်းမြတ်၏ စိတ်တော်က ရွှေနန်းတော်ကြီးမှထွက်၍ တောတောင်ဘက်မှာ စံပျော်တော်မူလိုရင်း ဆန္ဒ ရှိနေရာ၊ ပုဏ္ဏားတို့ကလည်း ဟောပြော။ သမိန်စောထွတ်ကလည်း သွေးဆောင်သည်နှင့် ယာယီနန်းစံတော်မူရန် သန္နိဋ္ဌာန် ချတော်မူလိုက်လေ၏။

ပျက်စီးစေရန် ချိန်ရွယ်၍နေသောကံများက နှိုးဆော်တိုက်တွန်းလေသောအခါ၊ ပျက်စီးခံရမည့် ပုဂ္ဂိုလ်၏ဉာဏ်များသည် အသွားတုံး၍နေသော သံလျက်ကဲ့သို့ မှန်ရာဘက်တွင် မစူးရှနိုင်တော့ဘဲ အမှားဘက်သို့သာ ညွှတ်ကိုင်း၍နေစမြဲဖြစ်လေသည်။ ထိုကဲ့သို့ ကံဆိုးမိ၍နေသောအခါ တကယ်အမှန် အကျိုးလိုလားသောသူတို့၏ စကားကို ကောင်းမွန်သင့်မြတ်သည်ဟူ၍ မထင်နိုင်ဘဲ လမ်းလွဲတိမ်းမှောက်လေအောင် သွေးဆောင်သော ရန်သူတို့၏ စကားကိုသာ အကောင်းထင်၍ နားဝင် လိုက်နာစမြဲ ဖြစ်ပေသည်။

"သတိပေး ရှစ်လုံးဘွဲ့ကဗျာ"

(က) မှောက်မှားပျက်စီး၊ ချိန်နည်းလေသော်
ကံကြမ္မာဆိုး၊ အနှိုးအဆော်
မြင်မှောက်မှားလို့၊ ဘောက်ပြားတိမ်းချော်
ဉာဏ်ည့ှိုတုံး၊ မှောင်ဖုံးခံရနော်။

(ခ) ကောင်းစေလိုငြား၊ ညွှန်ကြားလုံးစုံ
အကျိုးလိုလား၊ စကားမယုံ
ပျက်စီးဘို့ရေး၊ ဆောင်သွေးလေတုံ
နှစ်ချိုက်အား၊ လိုက်စားလေတဲ့ပုံ။

(ဂ) ရှေးကံအဟောင်း၊ ပျက်ကြောင်းတိုက်ဆိုင်
ကယ်မလိုငြား၊ နတ်များမပိုင်။
တိမ်းချော်ချတ်လို့၊ ညွှတ်ညွှတ်ယိုင်ယိုင်
ကံဖန်တီး၊ ပျက်စီးရာသို့တိုင်။

---

# အခန်း (၄၈)

ဘုရင်တပင်ရွှေထီးသည် ပျက်စီးယိမ်းယိုင်အချိန်တိုင်လေသည်နှင့် အကျိုးတော်ကိုတကယ်အမှန်လိုလားသော သူတို့၏စကားကို နားမဝင်ဘဲ ပျက်စီးရန်ရည်ညွှန်း၍ အတင်းတွန်းသောသူတို့၏စကားကိုသာ နားဝင်လိုက်စားပြီးလျှင် ယာယိနန်း ထွက်စံတော်မူရန် စီမံတော်မူလေ၏။

ထိုအခါ သျှင်ရဲထွတ်၏အမိန့်နှင့် အပါးတော်မှာအမြဲစောင့်ရှောက်နေကြသော ညီတော်တောင်ငူဘုရင်"သီဟသူ"တို့ကလည်း ရွှေနန်းတော်ကြီးမှ ထွက်၍ ယာယိနန်းစံတော်မူရန် မသင့်ပါကြောင်း။ နောင်တော်ကြီးဘုရားကလည်း ရွှေနန်းတော်ကြီး အတွင်းမှာသာ အမြဲစံတော်မူရန် လျှောက်တင်ခဲ့ကြောင်းများနှင့် တင်ကြပါသော်လည်း ထိုဘုရင်ခံ နှစ်ပါးတို့၏ စကားကို နားစိုက်တော်မမူဘဲ ထွက်တော်မူရန် တပ်တော်များကိုသာ စီစဉ်စေသည်။

ထွက်တော်မူရာတွင် ပါဝင်သော စစ်သည်အင်အားမှာ တိုက်ဆင် (၁၀၀)၊ စစ်မြင်း (၂၀၀၀)၊ စစ်သည်သူရဲ(၄၀၀၀၀) ဖြစ်လေသည်။ ထိုစစ်တပ်အဘွဲ့များကို သမိန်စောထွတ်နှင့် စောလကွန်းအိမ်တို့ ကြီးကြပ်၍ စီမံရလေ၏။

သမိန်စောထွတ်မှာ ဤကဲ့သို့ အခွင့်အရေးရလေသောကြောင့် နောင် အကြောင်းဆုံတွေ့သည့်အခါ၊ မိမိဘက်သို့လိုက်မည့် တလိုင်းလူမျိုးများကိုသာ ဗိုလ်မှူးစစ်ကဲ ခန့်ထား လေသည်။

မုတ္တမဘုရင်ခံ စောလကွန်းအိန်ကလည်း တလိုင်းလူမျိုးပင် ဖြစ်၍ နေသောကြောင့် ထိုစောလကွန်းအိန် စီစဉ်သောတပ်များလည်း တလိုင်းလူမျိုးတို့သာများ၍နေလေသည်။ သို့ရာတွင် စောလကွန်းအိန်သည်ကား ဘုရင်တပင်ရွှေထီးအပေါ်မှာ ကျေးဇူးသစ္စာ စောင့်သိသောသူဖြစ်ပေသည်။ ဘုရင်၏အကျိုးမဲ့များကို အနည်းငယ်မျှ ကြံသူမဟုတ်ပေ။

တပ်အစီအစဉ်ပြီးသောအခါ ဘုရင်တပင်ရွှေထီးက ညီတော်တောင်ငူဘုရင်ခံ "**သီဟသူ**" ကို ခေါ်တော်မူပြီးလျှင်၊ "ယခုနောင်တော်ကြီး သံလျင်မြို့သို့ချီတက်စဉ်အခိုက်မှာ၊ဇာတာတော်မသန့်စင်ကြောင်းနှင့် ပုဏ္ဏားတော်တို့လျှောက်တင်ချက်အတိုင်း ယာယီနန်းထွက်စံတော်မူဦးမည်။ ယာယီကံန်းကြေသောအခါ ရွှေနန်းတော်ကြီးသို့ ပြန်ဝင်တော်မူမည်။ ယာယီနန်း ထွက်စံတော်မူပါလျှင် "**ဆင်တော်မင်္ဂလာ**" ဆိုက်ရောက်လာမည်အဟောရှိသည်။ ငါထွက်တော်မူစဉ် အခိုက်တွင် ညီတော်သီဟသူက ဟံသာဝတီရွှေနန်းနှင့်တကွ၊ နေပြည်တော်ကြီးကို အုပ်စီးထိန်းသိမ်းရစ်ရမည်။ ဤကဲ့သို့ အမိန့်တော်ရှိပြီးလျှင် ဆိုခဲ့သော စစ်သည်ဗိုလ်ပါတို့နှင့် သက္ကရာဇ်(၉၁၁)ခု တပို့တွဲလအတွင်း ရွှေနန်းတော်မှ ထွက်တော်မူကြီးထွက်တော်မူသည်။

ညီတော်သီဟသူလည်း မြန်မာအမှုထမ်း ဗိုလ်ပါအင်အား လုံလောက်စွာနှင့် ဟံသာဝတီနေပြည်တော်ကြီးကို အုပ်စီးစောင့်ရှောက်၍ နေရစ်ရသည်။ အပါးတော်မှာ မုတ္တမဘုရင်ခံ စောလကွန်းအိန်နှင့် သမိန်စောထွတ်တို့ စောင့်ရှောက်လိုက်ပါ ကြလေ၏။ ညဥ့်အိပ်ဖန်ကိုလည်း ထိုသမိန်စောထွတ်နှင့် စောလကွန်းအိန်တို့ပင် အလှည့်ကြစောင့်ရှောက်ရလေသည်။ထိုအခါ အပါးတော်၌ မျိုးရိုးဇာတိတူသော မြန်မာမှူးမတ်များမရှိခြင်းသည် ပျက်စီးဘို့အရေး၌ မှားယွင်းချက်ကြီး အမှန်ပင်ဖြစ်လေသည်။ ထွက်တော်မူပြီးသောအခါ "**ပန်းတရော်**" အရပ်၌ တပ်တည်ပြီးလျှင် ယာယီနန်းဖြင့် စံတော်မူသည်။ သမိန်စောထွတ်လည်း ရွှေနန်းတော်ကြီးကထွက်သည်မှစ၍ ဘုရင်ကိုလုပ်ကြံရန် အခွင့်သာမည့်အခိုက်ကိုသာ အမြဲကြံ၍နေလေ၏။ သို့ရာတွင် မုတ္တမဘုရင်ခံ စောလကွန်းအိမ်က သတိကြီးစွာထား၍ အပါးတော်မှာ မပြတ် စောင့်ရှောက်လျက် ရှိသောကြောင့် အခွင့်မရဘဲရှိလေသည်။ စောလကွန်းအိမ်ကလည်း သမိန်စောထွတ်၏စိတ်ထဲ၌ အကြိတ်အခဲကြီးစွာနှင့် ဤမျှလောက် ကြံစည်နေပုံများကိုမသိချေ။ သမိန်စောထွတ်ကူမြွေသည် အလွန်ပိရိ၍ အကြံများလည်း သေသပ်လှသည်။

## "သမိန်စောထွတ်ကို မြို့စားခန့်ထားခြင်း"

ဘုရင်ဘပင်ရွှေထီးသည် **ပန်းတရော်**တပ်မှာ စံတော်မူနေစဉ်အခိုက်အခါ၊ စစ်တောင်းမြို့စား "**မင်းမဟာကြီး**" ကွယ်လွန်ကြောင်းနှင့် လျှောက်တင်လာကြ၏။ ဤလျှောက်တင်ချက်ကို

ကြားတော်မူသောအခါ စစ်တောင်းမြို့စား မင်းမဟာကြီးကွဲယ်လွန်ကြောင်း ကြားသိတော်မူရသည်မှာ လွန်စွာဝမ်းနည်းတော်မူမိတယ်။ စစ်တောင်းမြို့မှာ ယခု မြို့စားလစ်လပ်လျက်ရှိနေခဲ့ရာ၊ အပါးတော်မှာ အမြဲခစားလေ့ရှိတဲ့ **သမိန်စောထွတ်** စစ်တောင်းမြို့စားခန့်လျှင် မသင့်လျော်ပေဘူးလား။ ထင်မြင်ချက်များကို လျှောက်ထားကြရမည်။ ဤကဲ့သို့ မိန်တော်မူလေ၏။

ကိုယ်တော်တိုင်ကပင် ရည်ညွှန်းပြီးအတိုင်း မိန့်တော်မူသောကြောင့် မည်သူမျှ "မသင့်လျော်ပါဘုရား" ဟု မလျှောက်ထားဝံ့ကြပါဘဲ၊ စောလက္ခန်းအိမ်မှစ၍ မူးမတ်ဗိုလ်ပါ အပေါင်းတို့က "သင့်လှပါကြောင်းပါဘုရား" ဟု အလိုတော်အတိုင်း လျှောက်တင်ကြရလေသည်။

ဤကဲ့သို့လျှောက်တင်ကြသောအခါ ဗိုလ်ပုံပရိသတ်အလယ်တွင် မြို့စားကြီးတို့၏အဆောင်အရွက်နှင့်တကွ သမိန်စောထွတ်ကို **"စစ်တောင်းမြို့စား"** ခန့်ထားတော်မူလေသည်။

မြို့စားအဖြစ်ဖြင့် ချီးမြှင့်သည်ကစ၍ သမိန်စောထွတ်မှာ ရှေးကထက်ပင်ဘုန်းတန်ခိုးကြီး၍ သြဇာအာဏာများ တိုးတက်၍လာခဲ့လေ၏။

သမိန်စောထွတ်ကို အမြဲမြတ်နိုးကြီးမြတ်နိုး၍ အပါးတော်ကမခွါစေဘဲ၊ မြို့စားအဖြစ်သို့ရောက်အောင် ချီးမြှောက်တော်မူခြင်းမှာ သေမင်းကို လက်သတ်မွေး၍ထားသည်နှင့် မခြားနားချေ။ ဘုရင့်နောင်ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်၏ အကြိမ်ကြိမ်လျှောက်တင်သောစကားကို နားမဝင်ဘဲ လမ်းလွဲသို့သာ တွင်တွင်ကြီးလိုက်တော်မူသည်မှာ နတ်ပြည် မစံသေးသမျှ မှားလက်စ မသိမ်းနိုင်အောင် မှားယွင်းတော်မူခြင်းဖြစ်လေသည်။

ယုတ်မာသောသူ၊ အကျောက်ကြံသောသူတို့၏ စိတ်သဘောများသည်။ ဘယ်မျှလောက်ပင် ချီးမြှင့်ခြင်းခံရစေကာမူ၊ ချီးမြှင့်သောကျေးဇူးရှင်၏ ကျေးဇူးဂုဏ်ကို မြူမှုံလောက်မျှ သတိမရနိုင်ဘဲ၊ ကျေးဇူးရှင်ပျက်စီးကြောင်းကိုသာ မကောင်းသောစိတ်နှင့် အမြဲကြိတ်၍ ကြံနေတတ်လေသည်။ ကေနိပါတ် **သီလဝနာဂရာဇ** ဇာတ်တော်၌ အဆိုရှိသည်မှာ၊ ကျေးဇူးမဲ့သောသူ၊ နှိပ်စက်ဖျက်ဆီးရန် အပေါက်အလမ်း အခွင့်အရေးကို ရှာကြံနေသော သူများသည် ကမ္ဘာမြေပြင်တခုလုံးပေးအပ်၍ ချော့မော့သော်လည်း တင်းတိမ်ရောင့်ရဲစွာနှင့် ကျေးဇူးတင်ခြင်းမရှိ။ ကျေးဇူးမဲ့ကိုသာ မမြောက်လျှင်မြောက်အောင် ကြံလေ့ရှိသည်။ ဤကဲ့သို့ အဆိုရှိလေသည်။

အကတညုဿ ပေါသဿ၊ နိစ္စံ ဝိဝရဒဿိနော။
သစ္စံ စေ ပထဝိံ ဒဇ္ဇာ၊ နေ ဝ နံ အဘိရာဓယေ။
(ကေနိပါတ် သီလဝနာဂရာဇာ ဇာတ် ပါဠိတော်)

နိစ္စံ၊ အမြဲမပြတ်။ ဝိဝရဒဿိနော၊ နှိပ်စက်ညှဉ်းပန်းရန်အပေါက်ကို ရှာကြံကာ နေလေ့ရှိသော။ အကတညုဿ၊ ကျေးဇူးဂုဏ်ကို မြူမှုံလောက်မျှသိလေ့မရှိသော။ ပေါသဿ၊ ယုတ်မာလှစွာ သတ္တဝါအား။ သစ္စံပထဝိံ၊ အလုံးစုံသော ဤကမ္ဘာမြေအပြင်တခုလုံးကို။ စေဒဇ္ဇာ၊ အကယ်၍ပင် ပေးစေဦးတော့။ နံ၊ ထိုကျေးဇူးမဲ့သောသူကို။ နေဝအဘိရာဓယေ၊ နှစ်သိမ့် ရောင့်ရဲစွာနှင့် ကျေးဇူးတင်လိမ့်မည်မဟုတ်ချေ။

(ဤစကားကို ကျေးဇူးမဲ့တတ်ပုံသဘောနှင့်စပ်၍ ပြဆိုလိုက်ပါသည်။)

## "ရွှေခါးမှူးခန့်ထားခြင်း"

သမိန်စောထွတ်သည် စစ်တောင်းမြို့စားဖြစ်သော်လည်း အပါးတော်ကခွါ၍ စစ်တောင်းမြို့မှာ နေရသည်မဟုတ်။ ရှေးနဂိုအတိုင်းပင် အပါးတော်မှာ အမြဲမကွာ ခစားကာ နေရလေသည်။ တနေ့သောအခါ သမိန်စောထွတ်ကြံစည်သည်မှာ "ငါ့အကြံကို လျင်မြန်စွာ ထမြောက်အောင် တိုးတက်၍ကြံမှ သင့်တော့မည်။ ဘုရင့်အပါးတော်မှာ လက်ဝဲ,လက်ျာ, ရွှေခါးမှူးနှစ်ယောက်ခန့်ထားရန် ကြံမှသင့်မည်။ ရွှေခါးမှူးများကိုလည်း အခြားသူကို ခန့်လျှင် သင့်မည်မဟုတ်။ ငါ၏ညီရင်းနှစ်ယောက်ကိုသာ ခန့်ထားမှသင့်မည်" ဤသို့ကြံစည်လေ၏။

ထိုနောက် ဘုရင့်အထံသို့အခစားဝင်ပြီး "ဘုန်းတော်ကြီးလှသော ဘုရား၏ အပါးတော်မှာ ခါးလွှတ်ကိုင်၍အမြဲခစားသော လက်ဝဲရွှေခါးမှူး,လက်ျာရွှေခါးမှူး နှစ်ယောက်ကို ခန့်ထားရန် သင့်လျော်ပါသည်ဘုရား။ ဘုရား့ ကျွန်တော်မျိုး၏ ညီနှစ်ယောက်သည် ကျေးဇူးသစ္စာကို လွန်စွာစောင့်သ်၍ သတိဝီရိယ အလွန်ကြီးကြပါသည်။ လူရိပ်လူခြေကိုလည်း အလွန်သိတတ်ပါသည်။ ဘုရားကျွန်တော်မျိုးမှာ အရှင်၏သူကောင်းပြုကိုခံရ၍ စစ်တောင်းမြို့ကြီးကို စားရသည့်အတိုင်း ရံခါရံခါန် စစ်တောင်းမြို့ရေးရာနှင့်စပ်၍ အပါးတော်မှ ခွါပြီးလျှင် စစ်တောင်းမြို့သို့ သွားရန် ရှိပါသည်ဘုရား။ ကျွန်တော်က ခွါသောအခါ ညီရင်းနှစ်ဦးရှိရစ်ခဲ့ပါလျှင် စိတ်ချနိုင်ပါဘုရား" ဟု လျှောက်ထားလေ၏။

ဘုရင်တပင်ရွှေထီးကလည်း သမိန်စောထွတ်၏အပေါ်မှာ လိုလိုလားလားနှင့် မြှောက်စားယုံကြည်တော်မူရင်း ရှိသည်နှင့် "မောင်မင်း၏ သွေးရင်းသားရင်းများဖြစ်ပါလျှင် ခန့်တော်မူဘို့ပါဘဲ" ဟု အလွယ်တကူ မိန့်တော်မူလေသည်နှင့် သမိန်စောထွတ်သည် မိမိညီ နှစ်ယောက်တို့တွင် အငယ်ကို လက်ျာရွှေခါးမှူး,အကြီးကိုလက်ဝဲရွှေခါးမှူး ခန့်ထားလေသည်။ ရွှေခါးမှူးဆိုသည်မှာ ကောင်းမွန်လှပစွာ ဝတ်ဆင်၍ ဘုရင်မင်းမြတ်၏ လက်ျာက တယောက်, လက်ဝဲက ယောက်၊ ကျောက်စီခါးကို ခါးလွှတ်ကိုင်လျက် အမြဲ ခစားရသောသူများ ဖြစ်သည်။ ထိုရွှေခါးမှူးများသည် ရုပ်ဆင်းအင်္ဂါလက္ခဏာနှင့်ပြည့်စုံ၍ ယောကျ်ားပြီသစွာနှင့် ခန့်ခန့် ညားညား ရှိစေရသည်။ သမိန်စောထွတ်၏ ညီနှစ်ယောက်မှာလည်း ထို ဂုဏ်အင်္ဂါနှင့် ပြည့်စုံညီညွတ်လျက်ရှိသည်။

(သူခိုးကိုတိုက်စိုးနင်း)ဆိုသော စကားပုံကဲ့သို့ သမိန်စောထွတ်၏ ညီရင်း နှစ်ယောက်ကို ရွှေခါးမှူးအရာ၌ခန့်ထားတော်မူမိသည်မှာ မိမိအသက်ကို သေမင်းလက်သို့ အပ်လိုက်သည်နှင့် တစုံတရာမျှ မခြားနားတော့ချေ။ (မြွေပွေးခါးပိုက်ပိုက်)ဆိုသော စကား အတိုင်း အဆိပ်ပြင်းထန်လှသော မြွေပွေးကို ခါးပိုက်တွင်းမှာ အခွင့်သာတဲ့အခါ ကိုက်သတ်စေရန်အဆင်သင့်ပိုက်ထားပုံနှင့်လည်း တူလေသည်။ ရွှေခါးမှူးနှစ်ယောက်မှာ သမိန်စောထွတ်၏ ညီရင်းများဖြစ်ကြသဖြင့် အတွင်းကြိတ်အကြံရှိနေပုံများကို အထူးရေးသားရန် လိုတော့မည်မဟုတ်ပေ။

အကျိုးတော်ကိုလိုလားသော မုတ္တမဘုရင်ခံ စောလကွန်းအိန်က သမိန်စောထွတ်၏ ညီရင်းနှစ်ယောက်ကို ရွှေခါးမှူးခန့်ထားသည့်အတွက် နှစ်သက်သဘောတူခြင်း မရှိသော်လည်း

ဘုရင့်အလိုတော်နှင့် ဆန့်ကျင်ဘက် ဖြစ်အောင် လျှောက်တင်ခြင်းငှာ မဝံ့သည်နှင့် အသာပင် ကြည့်၍ နေရလေတော့သည်။

## ရခိုင်တပ်သို့ ပြောင်းရွှေ့၍စံတော်မူခြင်း

ဘုရင်တပင်ရွှေထီးသည် ပန်းတရော်တပ်၌ ယာယီနန်းဖြင့် စံမြန်းတော်မူ၍တလခန့်ရှိသော အခါ"ရခိုင်တပ်"သို့ ပြောင်းရွှေ့၍ စံတော်မူသည်။ (ရခိုင်တပ်ဆိုသည်မှာ၊ ယခင် သံတွဲမြို့စား ရခိုင်မင်းသားလာရောက်၍ ဘဝါးတော်ရိပ်ကို ခိုလှုံလာစဉ်က ရခိုင်ကပါလာသော တပ်များကို နေရာချထားသော အရပ်ဖြစ်လေသည်။ရခိုင်စစ်သည်တို့နေရာဌာနဖြစ်၍ ထိုအရပ်ကိုရခိုင်တပ်ဟူ၍ ခေါ်ကြသည်။

## သမိန်စောထွတ်၏ပရိယာယ်

ရခိုင်တပ်မှာစံတော်မူစဉ် စစ်တောင်းမြို့စား သမိန်စောထွတ်သည် ဘုရင့်ထံသို့ ဝင်ရောက် ခစား၍လျှောက်တင်သည်မှာ "ဘုန်းတော်ကြီးလှသောဘုရားက စစ်တောင်းမြို့စား ခန့်အပ်ထား တော်မူသဖြင့် ဘုရားကျွန်တော်မျိုးမှာ(အရှင်မွေး နေ့ချင်းကြီး)ဆိုသောအတိုင်း ရာထူးဂုဏ်သိမ် အရှိန်အဝါကြီးမြင့်၍လာသည့်အတွက် အရှင့်ကျေးဇူးတော်မြတ်ကို ဆက်ကပ်၍မကုန်နိုင်အောင် ပင် ရှိပါတော့သည်ဘုရား၊ စစ်တောင်းမြို့စားဖြစ်သော်လည်း မိမိစားသောမြို့သို့ တကြိမ်မရောက် ရသေးပါ၊ အရှင့်အမိန့်တော်နှင့် အပါးတော်မှခွာ၍ ခေတ္တစစ်တောင်းမြို့သို့ သွားရောက်၍ မြို့နေ မြို့ထားများကို အထူးကောင်းမွန်အောင်စီမံရလျှင် သင့်လျော်မည် ထင်ပါကြောင်းပါ ဘုရား" ဤကဲ့သို့ လျှောက်တင်လေ၏။

ဘုရင်တပင်ရွှေထီးက သမိန်စောထွတ်၏ အလိုကို လိုက်တော်မူလေ့ရှိသောအတိုင်း(အင်း- သမိန်စောထွတ် လျှောက်တင်ချက်ဟာ သင့်လျော်သော အရေးပင်ဖြစ်ပေသည်။ ခေတ္တ အပါး တော်မှခွာ၍သွားလေတော့၊ စစ်တောင်းမြို့သို့ ရောက်တဲ့အခါဗိုလ်ပါအင်အားများပြားကြောင်း အရေးကိစ္စကိုလဲစီရင်ခဲ့ရမယ်၊ စစ်တောင်းမြို့နယ်မှာရှိတဲ့ တလိုင်းလူမျိုးများကိုလဲ ငြိမ်ဝပ်ပိပြား အောင် စီရင်ခဲ့ရမယ်၊ ယခုသမိန်ထောရာမထကြွပုန်ကန်၍နေရာတွင် စစ်တောင်းနယ်က တလိုင်း များလဲ ပါဝင်ကူညီကြတယ်လို့ကြားသိတော်မူရတယ်၊မလိမ်မာသူတို့၏ စကားကိုနားမယောင်ဘဲ သွေးဆောင်တိုင်း လိုက်ပါမှားယွင်းခြင်းမရှိကြရအောင် နေထားတကျ ရှုက်ဆောင်ရမယ်၊ စစ် တောင်းမြို့မှာလဲ ကြာရှည်စွာ မနေလေနှင့်၊ အပါးတော်သို့ အမြန် ပြန်လာခဲ့ရမယ်၊ ဤကဲ့သို့ အမိန့်တော်ရှိလေ၏။

ထိုအခါသမိန်စောထွတ်က (အမိန့်တော်အတိုင်း ကိစ္စအလုံးစုံကို အကုန် ဆောင်ရွက်ပါ မယ်ဘုရား၊ ဘုရားကျွန်တော်မျိုး မအုပ်မစိုးရသေးမီအခါ နယ်သူနယ်သားတို့ မိုက်မှားကြသော် လည်း ဘုရားကျွန်တော်မျိုးအုပ်စိုးသောအခါ ရေနှင့်ထိသော မီးအရှိန်ကဲ့သို့ ငြိမ်ဝပ် ပိပြားပါ စေမည်ဘုရား)ဟု လျှောက်တင်ပြီးလျှင် ဆောင်ယောင် ခမ်းနားနှင့်တကွ အပါးတော်မှခွာ၍ စစ်တောင်းမြို့သို့ ထွက်သွားလေသည်။

မြို့စားအသစ်ဆိုသူ ရောက်လာမည့် အကြောင်းကို စစ်တောင်းနယ်က ကြားသိကြသောအခါ ဝမ်းမြောက်ဝမ်းသာနှင့် ကြီးကျယ်ခမ်းနားစွာကြိုဆိုရန်၊ မြို့ခံ၊ မြို့စာရေး၊ စစ်ကဲ၊ နားခံမှစ၍ သောင်းသောင်းဖြဖြစီရင်၍ထားကြလေ၏။ စစ်တောင်းမြစ်ကြီးကို ဖြတ်ကူးသောအခါ ကြီးကျယ်ခမ်းနားစွာသော လှေပွဲသဘင်တို့ဖြင့် ကြိုဆိုရန်အတွက်လှပသော လှေဘောင်များကိုလည်းပြုလုပ်စီမံကြလေ၏။

သမိန်စောထွတ်သည် ဘုရင့်အပါးတော်မှခွာ၍ ဆောင်ယောင်ခမ်းနားတို့နှင့်တကွ ဆင်စီး၍ စစ်တောင်းမြို့သို့ သွားလေရာ၊ မြို့သူ့မြို့သားအပေါင်းတို့လည်း မြစ်ကို ကူးပြီးလျှင် သည်ဘက်ကနေ၍ကြိုဆိုနေကြလေသည်။ ကြီးကျယ်ခမ်းနားသော ကြိုဆိုပွဲဖြင့် မြို့စားအသစ်ကို တရိုတသေကြီး ကြိုဆိုကြလေသောအခါ သမိန်စောထွတ်သည် ရွှေးကထက်ပင် စိတ်ကြီး ဝင်ကာ မင်းမာန်ပေါက်၍လာလေသည်။

စစ်တောင်းမြို့တွင်းသို့ ဝင်မိသောအခါ မြို့သူ့မြို့သား့အပေါင်းတို့က ပွဲသဘင် အခမ်းအနားတို့ဖြင့် ဖြေဖျော်ကာ လောကွတ်ပြုကြလေ၏။ ထူးဆန်းသော လက်ဆောင် ပဏ္ဏာတို့ကို သူ့ထက် ငါ ယူလာကြပြီးလျှင် မြို့စားသစ်ထံမှ မျက်နှာရလေအောင်ဆက်သကြလေ၏။ ထိုအခါ သမိန်စောထွတ်၏စိတ်မှာ ယခုပင်လျှင် ရှင်ဘုရင် ဖြစ်လာသကဲ့သို့ ထင်မှတ်လေသည်။

ထိုနောက် မိမိအလိုသို့ လိုက်မည့်သူများကို ရွေးချယ်၍ နားခံ, စစ်ကဲ မြို့စာရေးမှ စ၍ အသီးသီးခန့်ထားပြီးလျှင် စစ်တောင်းနယ်မှာ မိမိသြဇာ အာဏာ ကြီးကျယ်ရေးများကို ဆောင်ရွက်လေသည်။

## မဟုတ်မှမှန်အကြံထုတ်ခြင်း

သမိန်စောထွတ်သည် စစ်တောင်းမြို့ကိုအုပ်စိုး၍ ဘုန်းတန်ခိုး ကြီးကြယ်လာသောအခါ၊ မာန်မာန အဟုန်သည် နှိမ်၍ မရနိုင်အောင် တက်ကြွလာပြီးလျှင် နဂိုရင်းက ကြံ၍ထားသော အကြံများကို စစ်တောင်းမြို့ကနေ၍ ထမြောက်အောင် ကြံစည်တော့မည်ဟု အဆုံးစွန်သန္နိဋ္ဌာန် ချလိုက်လေ၏။

ညဥ့်အခါ တကိုယ်ထည်း ဉာဏ်ထုတ်၍နေသည်မှာ မြန်မာဘုရင်သည် ငါ့လက်တွင်းက ထွက်နိုင်တော့မည်မဟုတ်၊ ငါဆွဲတိုင်းအလွယ်တကူနှင့်သာ လိုက်ပါနေတယ်၊ ဇာတာတော်မှိန်မှေး၍ ဘုန်းသမ္ဘာအရှိန်သေးကြောင်းများဟာလဲ ထင်ရှားနေပြီ၊ ယခုအခါ၊ မြန်မာဘုရင်က လက်ရုံးတဆူ အလေးမူနေရတဲ့ သျှင်ရဲထွတ်ဟာလဲ ဟံသာဝတီမှာမရှိဘူး၊ ဝေးကွာတဲ့ဒလနယ်မှာရှိနေတယ်၊ ယခုအခါ အစွမ်းကုန် ကြံစည်ရန် အခွင့်ကောင်းတဲ့အခါကြီးဘဲ၊ ယခု ငါပိုင်စိုးနေတဲ့စစ်တောင်းမြို့ဆိုတာ လွန်စွာ ချောင်ကျတယ်၊ စစ်တောင်းမြစ်ကြီး အနောက်မျက်နှာက ဆီးနေလို့ သေနင်္ဂျ ဗျူဟာတို့လဲ လွယ်ကူစွာနှင့် မြို့ကိုမဝင်နိုင်ကြဘူး၊ မြန်မာဘုရင် တပင်ရွှေထီးကို စစ်တောင်းနယ်သို့ ရောက်အောင် သွေးဆောင်ပြီး လုပ်ကြံရပါလျှင် လွယ်ကူစွာနှင့် ကိစ္စ တုန်းလိမ့်မယ်၊ စစ်တောင်းနယ်သို့ရောက်ခဲ့ပါလျှင် လက်ခုပ်ထဲသို့ ရောက်တဲ့ရေကဲ့သို့ ငါ့လက်တွင်းက လွတ်ကင်းအောင် ထွက်နိုင်တော့မှာ မဟုတ်ဘူး၊ မြန်မာ ဘုရင် တပင် ရွှေထီးကို လုပ်ကြံပြီးတော့

စစ်တောင်းမြို့ကို ဗဟိုမှုလထားပြီး ဟံသာဝတီ နေပြည်တော်ကြီးကို လုပ်ကြံမယ်၊ မြန်မာဘုရင် မရှိတဲ့အခါ မြန်မာတွေလဲ ဖရိုဖရဲဖြစ်ပြီး သူတို့နယ်, သူတို့ ကျေးသို့ ထွက်ပြေး ကုန်ကြမှာ အမှန်ဘဲ။ မြန်မာ ဘုရင်ကို လုပ်ကြံနိုင်တဲ့ အတွက် တလိုင်း လူ မျိုးတွေဟာလဲ ငါ့ဘက်သို့ ပါပြီးပေါ့။ ။ယခု အခါ သမိန်ထောရာမမှာ လူသူ အင်အားပေါများလို့နေသော်လဲ။ ငါ့အကြံအထမြောက်တော့ ငါလောက်မှ သူဘုန်းကြီးနိုင်အုံးမလား။ ငါ့လက်အောက်သို့ဝင်လျှင်ဝင်၊ မဝင်ဘဲတစင် ထူထောင်၍နေပါလျှင်၊ သမိန်ထောရာမ၏ ရန်ကို တွန်းလှန်ခြေမှုန်းလို့ ပစ်ရလိမ့်မည်။ မြန်မာဘုရင်နတ်ရွာသား၍ မြန်မာချားအားသေး၍ တန်ခိုးရှိန်မှိန်မှေးတဲ့အခါ လက်ရုံးကောင်းကြီးလုပ်နေတဲ့ သျှင်ရဲထွတ်ဟာ တလိုင်းတို့နယ်မှာ ဘုန်းအာဏာကြီးနိုင်ပါအုံးမလား။ သျှင်ရဲထွတ်၏ရန်ကို လွယ်လွယ်ကူကူနှင့် တွန်းလှန်ပစ်လိုက်မယ်။ ရာမညတိုင်းတလိုင်း ခရိုင်ကြီးသုံးရပ်မှာ တလိုင်းတို့အောင်လံကို စိုက်ထူပြီး။ တလိုင်းတို့ဘုရင်အဆက်ကို ငါကိုယ်တိုင်ဆက်လက်၍ မြန်မာတို့လက်ရုံးကို ပျက်ပြုန်းအောင် ငါချိုးပစ်မယ်။ ဤကဲ့သို့ တကိုယ်ထည်း ကြံစည်လေရာ ယခုကြံဆဲမှာပင်၊ ဘုရင်ဖြစ်ပြီးကဲ့သို့ ထင်မှတ်လေ၏။

ထိုနောက် ဆက်လက်၍ကြံစည်ပြန်သည်မှာ၊ပထမ ရှေးဦးစွာ အရေးကြီးနေတာကတော့။ မြန်မာဘုရင် တပင်ရွှေထီးကို စစ်တောင်းနယ်သို့ရောက်အောင် သွေးဆောင်လိုခြင်း ဖြစ်နေတယ် (ခေတ္တစဉ်းစားပြီး) ဪ—သည်အရေးလဲ မခက်ခဲလှဘူး။ စစ်တောင်းမြို့နယ်မှာ ဆင်ဖြူတော်ပေါ်တယ်လို့လျှောက်ထားလျှင်၊ အလွယ်တကူနှင့် ယုံတော်မူပြီး။ ဆင်ဖြူတော်ဘမ်းရန်၊ လျှင်မြန်စွာ ထွက်တော်မူလာလိမ့်မယ်။ ။မြန်မာဘုရင်ကလဲ "ဆင်ဖြူ့ရှင်" ဆိုတဲ့ဘွဲ့ကို ခံတော်မူလိုတာနှင့် အဆင်သင့်ဘဲ။ စစ်တောင်းနယ်မှာ တော-တောင်ကျယ်သဖြင့်၊ ဆင်ဖြူတော် ပေါ်ကြောင်းနှင့် လျှောက်တင်တဲ့အခါ ယုံတော်မမူဘဲ နေမှာမဟုတ်ဘူး။ ။ဆင်ဖြူတော်နှင့် အကြောင်းရှာပြီး။ စစ်တောင်းနယ်သို့ ရောက်အောင်သိမ်းသွင်း၍ မြန်မာမင်းကို လုပ်ကြံရတော့မှာဘဲ။ ဤကဲ့သို့ ကြံစည်မိသောအခါ မိမိအကြံအစည်ကိုပင် အလွန်အဘိုးထိုက်တန်သည်ဟု ချီးမွမ်းကာ ဝမ်းသာအားရ၍ နေလေ၏။

## စစ်တောင်းနယ်မှ ဆင်ဖြူတော်ပေါ်သည်ဟု သတင်းကြေငြာအောင် လှည့်ပတ် ပြုလုပ်ခြင်း။

စစ်တောင်းမြို့စား သမိန်စောထွတ်သည်။ ဆင်ဖြူတော်အကြောင်းနှင့် ကြံစည်ပြီးနောက် ရင်းချာသော မိမိ၏ကျေးကျွန်များကို ရှေးဦးစွာစကားထဲ့သွင်းပြီးလျှင် စစ်တောင်းမြို့ထက်ဝန်းကျင်မှာရှိသော တောတောင်များသို့ လှည့်ပတ်သွားလာကြလေ၏။

သုံးလေးရက်တိုင်တိုင် ပရိယာယ်ဟန်ဆောင်၍ တောတောင် အနှံ့အပြား သွားလာကြပြီးလျှင် ဝမ်းမြောက်အားရသော အမူအရာတို့ဖြင့် စစ်တောင်းမြို့သို့ ပြန်လာကြပြီးလျှင်၊ စစ်တောင်းမြို့စား သမိန်စောထွတ်အထံသို့ဝင်ပြီး "တောအတွင်းမှာ မင်္ဂလာလက္ခဏာနှင့် ပြည့်စုံသောဆင်ဖြူတော်ကြီး တစီးတွေ့ခဲ့ပါသည်။" ဟု ပြောကြားကြလေသည်။ သမိန်စောထွတ်နှင့်တကွ စစ်ကဲ့,နားခံ့,တို့ကလည်းထိုသူတို့၏စကားကိုကြားရာအဟုတ်ထင်မှတ်ကြသောကြောင့်ဝမ်းမြောက်

ဝမ်းသာ စစ်တောင်းနယ်၌မပေါ်စဘူး ထူးထူးမြတ်မြတ် ဆင်ဖြူတော် ပေါ်ကြောင်းများကို အံ့အားသင့်စွာ ချီးကျူးကြလေ၏။

စစ်တောင်းမြို့စားက ဝမ်းသာအားရ ပြောကြားသည်မှာ ကျွန်ုပ်၏ ကုသိုလ်ကံဟာ လွန်စွာထူးတယ်။ ရှေးအခါစစ်တောင်းနယ်က ဆင်ဖြူတော်ပေါ်ဘူးတယ်လို့ တရံတခါမျှမကြား ဘူးဘူး။ ရွှေဘုန်းတော်ကြီးမြတ်လှသော ဘုရင်မင်းမြတ်၏ ဘုန်းတော်ကြောင့် ဆင်ဖြူတော်ကို ရွှေလက်တော်ရောက် ဆက်သနိုင်ပါလျှင် ဘုန်းတော်ကြီးလှသောဘုရားက အားရဝမ်းမြောက် တော်မူကာ ကြီးစွာချီးမြှောက်ခြင်းဖြင့်၊ ကျွန်ုပ်ကိုယ်တိုင် အချီးအမြှောက်ခံရလိမ့်မည်။

စစ်ကဲနားခံတို့က ပြောဆိုကြသည်မှာ ရှေးရှေးမြို့စားတို့ လက်ထက်က သည်ကဲ့သို့ဆင် ဖြူတော် ပေါ်ကြောင်းကို မကြားစဘူးပါ။ ယခုအရှင့်မြို့စားမင်းလက်ထက်မှာမှမကြုံစဘူးထူးဆန်း စွာ ဆင်ဖြူတော်ပေါ်လာသည်မှာ၊ အရှင့်ဘုန်းကံကြောင့် ပေါ်လာကြောင်း ထင်ရှားလှပါ သည်။ ဆင်ဖြူတော်ဆိုသည်မှာ ရေမြေ့သခင် ရွှေနန်းရှင်တို့၏ ဘဏ္ဍာတော်ဖြစ်သောအတိုင်း ကြာရှည်စွာမဆိုင်းဘဲ။ ဘုန်းတော်ကြီးလှသော ဘုရားထံသို့ အမြန်ဝင်ရောက်၍ လျှောက်ထား သင့်ပါသည်။

(သမိန်စောထွတ်) စစ်ကဲ့နားခံတို့၏ စကားအတိုင်း အမြန်သွားရောက် လျှောက်ထားမှ သင့်တော့မယ်။ စစ်တောင်းနယ်က မင်္ဂလာဆင်ဖြူ ထွက်မသွားရအောင် ဆိုင်ရာဆိုင်ရာတောလမ်း များက အစောင့်အရှောက်ထားကြရမယ်။ ။ဘုန်းတော်ကြီးလှသောဘုရားက မင်္ဂလာဆင်ဖြူတော် ပေါ်ကြောင်းကို ကြားသိတော်မူပါလျှင် အလွန်ဝမ်းမြောက်တော် မူလိမ့်မယ်။ စစ်တောင်းမြို့ ကို အကြောင်းပြုပြီး ဆင်ဖြူ့ရှင် ဘွဲ့ကြီးကို ခံတော်မူရလိမ့်မယ်။

ဤကဲ့သို့ ပြောဆိုပြီးလျှင် သမိန်စောထွတ်သည်။ စစ်တောင်းမြို့မှာ ကြာရှည်စွာမဆိုင်းဘဲ နောက်ပါခြွေရံများနှင့် တပင်ရွှေထီးအထံသို့ လျှပ်မြန်စွာထွက်လာခဲ့လေ၏။ မြို့စား၏အမိန့်အ တိုင်း တောနယ်တလျှောက်မှာရှိသော လမ်းကူးလမ်းပြောင်း အရပ်ရပ်တို့၌လည်း နယ်သူနယ် သားတို့ကိုဆင့်ဆိုကာ အစောင့်အရှောက် ထားကြရသည်။ ဤကဲ့သို့ ဆင်ဖြူတော်ပေါ်သည် မဟုတ်ဘဲ။ ပရိယာယ်အားဖြင့် လှည့်ပတ်သောအချက်ကို သမိန်စောထွတ်၏ ကျေးရင်းကျွန်ရင်း တို့မှတပါး မည်သူမျှမသိကြကုန်။ တကယ်အမှန်ပင် ဆင်ဖြူတော်ရှိနေသည်ဟု မှတ်ထင်ကြလေ သည်။

## ဘုရင့်အထံတော်သို့ ဝင်ရောက်လျှောက်တင်ခြင်း။

ဘုရင်စံမြန်းသော ယာယီနန်းတော်သို့ ဆိုက်ရောက်လေသောအခါ သမိန်စောထွတ်သည် ဘုရင်-တပင်ရွှေထီး အထံတော်သို့ဝင်၍ ဝမ်းမြောက်ဝမ်းသာ ဝင်ရောက်ခစားလေရာ ဘုရင် မင်းမြတ်က သမိန်စောထွတ်၏ မျက်နှာကိုရှုစားတော်မူပြီး "သမိန်စောထွတ်ကဲ့မျက်နှာတယ်ရွှင် ပါကလား။ လျှောက်တင်ရန် အကြောင်းထူးများပါသလား"ဟု မှူးမတ်ဗိုလ်ပုံ အလယ်တွင် စတင်မေးမြန်းတော်မူလေ၏။

(သမိန်စောထွတ်) ရွှေဘုန်းတော်ကြောင့် လျှောက်တင်ရန် မင်္ဂလာသတင်းထူးပါလာပါသည်ဘုရား။ ဘုရားကျွန်တော်မျိုး စစ်တောင်းမြို့သို့ သွားရောက်ရသည်မှာ အကျိုးတော်များ အလွန်းတိုးပွါး၍လာပါသည်ဘုရား။

(ဘုရင်) ကဲ—မင်္ဂလာသတင်းထူးကို လျှောက်တင်စမ်းပါအုံး။

(သမိန်စောထွတ်) ရွှေနားပန်ဆင်တော်မူပါဘုရား ဘုရားကျွန်တော်မျိုးသည် ဘုန်းတော်ကြီးလှသောဘုရားက သနားချီးမြှင့်တော်မူသောအတိုင်း စစ်တောင်မြို့သို့ ပထမအကြိမ် အပါးတော်မှ ခွါ၍သွားရောက်ပြီး မြို့တွင်းသူမြို့တွင်းသားတို့နှင့်တကွ နယ်သူနယ်သားတို့အား ငြိမ်ဝပ်ပိပြားကြောင်းမှစ၍ မြို့နယ်ကြီးပွါးစည်ပင်ရေးတို့ကို ဆောင်ရွက်နေစဉ် အရှင့်ရွှေဘုန်းတော်ကြောင့် စစ်တောင်းမြို့နှင့် မနီးမဝေး ကသာတောမှာ ကျမ်းအင်လက္ခဏာနှင့် ပြည့်စုံတဲ့ ဆင်ဖြူတော်တစီး ပေါ်ကြောင်းကို ကျွန်တော်မျိုးထံ တိုင်ကြားလာကြပါသည်ဘုရား။ ဘုရားကျွန်တော်မျိုးက အမှန်သိရအောင် ဆင်လက္ခဏာကို ကျွမ်းကျင်သောသူတို့ကို ထိုကသာတောသို့စေလွှတ်၍ တစည်းတစောင်း ချောင်းမြောင်း ကြည့်ရှုစေရန် စေလွှတ်သောအခါ ထိုလူကလဲ ဒိဋ္ဌတွေ့မြင်ရကြောင်း ယခုတွေ့မြင်ရသော ဆင်ဖြူတော်မင်္ဂလာမှာ တစုံတရာအပြစ်ဆိုဘွယ်ရာမရှိ မြင့်မြတ်သောကြန်အင်လက္ခဏာတို့ဖြင့် ပြည့်စုံကြောင်း ငွေတောင်ထွင့်အသွင် ကိုယ်လုံးဖြူစင်၍ ဆဒ္ဒန်အမျိုးအနွယ်ဖြစ်ကြောင်းများကို ပြောကြားကြပါသည်ဘုရား။ ရွှေဘုန်းတော်ကြောင့် ပေါ်လာသော ဆင်ဖြူတော်ရတနာကို ရွှေလက်တော်သို့ ရောက်အောင်သိမ်းပိုက်ရန်သာ ရှိပါတော့သည်ဘုရား။ မြို့နယ်အရပ်ရပ်ကို ဆင့်ဆို၍ ယခုဆင်ဖြူတော်ရှိသည့် တောအရပ်မှ အခြားတောသို့မပြောင်းစေရန် ဆိုင်ရာဆိုင်ရာတောစခန်း တောလမ်းများမှာ အစောင့်အရှောက်လုံလောက်စွာ ခန့်ထားစီမံခဲ့ပါသည်ဘုရား။

(ထိုလျှောက်တင်ချက်ကိုကြားလေရာ။ ဘုရင်တပင်ရွှေထီးက အားရနှစ်သက်တော်မူလှသည်နှင့် မှူးမတ်ဗိုလ်ပုံဘက်သို့ ရွှေမျက်နှာမူပြီး) ကြားကြရဲ့လား ငါ့ကျွန်တော်ရင်း သမိန်-စောထွတ်ဟာ အရေးအရာရောက်အောင် ရွက်ဆောင်ပေါ်ရတယ် မဟုတ်လား သည်လို ကျွန်မျိုးကို မြှောက်စားတော်မူရတာ အကျိုးနပ်သပေါ့။ ။ရှေးအခါက စစ်တောင်းနယ်မှာ ဆင်ဖြူတော်ပေါ်ဘူးတယ်လို့ မကြားဘူးဘူးမဟုတ်လား ငါ့ကျွန်တော်ရင်းကို စစ်တောင်းမြို့စား ခန့်ထားလိုက်ရာတွင် ဆင်ဖြူတော်ပေါ်ကြောင်း မင်္ဂလာသတင်းကောင်း ကြားသိတော်မူရတယ်။ ဘုန်းတော်ဆော်နှိုး၍ ငါ့ကျွန်တော်မျိုးလက်ထက်မှာ ဆင်ဖြူတော်ပေါ်လာရခြင်းဟာ ငါ့ကျွန်တော်မျိုးကို တိုးတက်၍ မြှောက်စားတော်မူရန် ရှေးကံနှိုးဆော်ခြင်းရယ်လို့ မဆိုထိုက်ဘူးလား။ ငါ့ဘုန်းတော်ကြောင့် ပေါ်ပေါက်လာတဲ့ ဆင်ဖြူတော်မင်္ဂလာကို ငါကိုယ်တော်တိုင်ထွက်၍ ဘမ်းတော်မူမယ်။ ငါဘုရင်မင်းမြတ်သည် ဟံသာဝတီ, ရခိုင်, ယိုးဒယားမှစ၍။ နိုင်ငံအမျိုးမျိုးကို ငါ၏ဘုန်းတန်ခိုး အာဏာဖြင့် ပိုင်စိုးတော်မူရသော်လဲ ရွှေလက်တော်သို့ ရတနာဆင်ဖြူတော်မရောက်သေးတဲ့ အတွက် "ဆင်ဖြူရှင်" ဘွဲ့ကို ခံတော်မမူရသေးဘူး ယခုမကြာမီအတွင်းမှာပင် ဆင်ဖြူ့ရှင်ဘွဲ့ကို ခံတော်မူရလိမ့်မည်မဟုတ်လား။

မှူးမတ်များကလည်း ဘုရင့်အလိုတော်သို့လိုက်၍ ဝမ်းမြောက်ဝမ်းသာ လျှောက်တင်ကြသည်မှာ) မိန့်တော်မူသောအတိုင်း မှန်လှပါသည်ဘုရား။ စစ်တောင်းနယ်ကို အကြောင်းပြု၍ ဆင်ဖြူ့ရှင် ဘွဲ့တော်ကြီးဖြင့် ဇမ္ဗူဒီပါလကျောတောင်ကျွန်းမှာ ရွှေဘုန်းရောင် ထွန်းလင်းပါတော့မည်။ ။ရေ့မြေ့ကိုအစိုးရသော ကေရာဇ်ဘုရင်ကြီးဖြစ်စေကာမူ ဆင်ဖြူတော်ပိုင်သ၍ "ဆင်ဖြူ့ရှင်" ဘွဲ့တော်ကြီးဖြင့် ထင်ရှားကျော်စောခြင်းကို ရနိုင်ခဲ့ပါသည်ဘုရား။ ရှေးရှေး-ရာဇဝင်အစဉ်အဆက်မှာလည်း ဆဒ္ဒန်နွယ်ဝင် ဆင်ဖြူ့ရှင်ဟု ထင်ရှားကျော်စောခဲ့သော ဘုရင်တို့မှာ လွန်စွာပင်နည်းပါးလှပါသည်ဘုရား။ ။ယခုအခါ ရွှေဘုန်းတော်ကြောင့် ပေါ်လာသော ဆင်ဖြူရတနာကို ရွှေလက်တော်ရောက်ဆောင်ယူ၍ ဆင်ဖြူ့ရှင်ဘွဲ့ကိုခံတော်မူမည်မှာ ရာဇဝင်ထွန်းပြောင်၍ နောင်အနာဂတ် အဓွန့်၌ ဘုန်းတော်ညွန့် ကွန့်မြူးဘို့ပင် ဖြစ်ပါသည်ဘုရား။

(သမိန်စောထွက်က၊ ဗေဒင်ကိန်းချက်နှင့်ဆက်၍လျှောက်တင်သည်မှာ)။ ဘုန်းတော်ကြီးလှသောဘုရား၊ မှတ်သားတော် မူမိလိမ့်မယ်လို့ ဘုရားကျွန်တော်မျိုး ထင်မြင်ပါသည်ဘုရား၊ ယာယီနန်းထွက်စံတော်မမူမီ ရွှေနန်းတော်ကြီးအတွင်းမှာ ဘုရားကျွန်တော်မျိုးကိုယ်တိုင်၊ နေမြင်လမြင် ဗေဒင်ပညာရှိ ပုဏ္ဏားတော် သုခမိန်တို့ကို ရှေ့တော်သွင်း၍ ဇာတာတော်မြတ်ကို စစ်ဆေးဟော်မူစေရာ ယာယီထွက်စံတော်မူပါလျှင် ဆင်ဖြူတော်မင်္ဂလာ ရရှိမည်အကြောင်းကို လျှောက်တင်ကြပါသည်၊ ယခု ဆင်ဖြူတော်ပေါ်သည်နှင့် ဗေဒင်ကိန်းလျှောတင်ချက်မှာ လွန်စွာအဆင်သင့်၍ နေပါသည်ဘုရား။

(ဘုရင်မင်းမြတ်) ကြော်- ဟုတ်ပါပေတယ်။ ဇာတာတော်စစ်ဆေးစဉ်က ဗေဒင်တတ်ပုဏ္ဏားတို့ကလဲ ဆင်ဖြူတော် ရမဲ့အကြောင်းနှင့် အဟောဆက်သွင်းဘူးကြပေတယ်။ အနာဂတ်ကိုသိမြင်တဲ့ ဝေဒင်္ဂပါရဂူပုဏ္ဏားတော်များဖြစ်ပေတယ်။ ရွှေလက်တော်သို့ ဆင်ဖြူတော်ရရှိပြီးနောက် ငါကျွန်တော်ရင်း သမိန်စောထွတ်နှင့် ပုဏ္ဏားတော်များကို ကြီးကြီးမားမား သနားချီးမြှင့်တော်မူရမှာပေါ့။ ။ဆင်ဖြူတော်ဘမ်းရန် စစ်တောင်းနယ်သို့ ထွက်တော်မူရေးနှင့် အလုံးစုံစီမံကြပေတော့။

ဤသို့အမိန့်ရှိတော်မူသည်နှင့် မှူးမတ်များနှင့်တကွ စစ်ဘက်ဆိုင်ရာ သေနာပတိစသော အမှုထမ်းတို့သည်။ စစ်တောင်းနယ်သို့ ထွက်တော်မူရန် ဖိုလ်ပါဆင်မြင်းမှစ၍ အပြည့်အစုံ စီမံ-ကြရလေ၏။ ။ဖိုလ်ပုံအလယ်တွင် မြှောက်စားခြင်းခံရသည်နှင့် သမိန်စောထွတ်၏ ဂုဏ်ကျက်သရေများလည်း ထင်ရှားစွာကြီးကျယ်နေသဖြင့် သမိန်စောထွတ်၏ တန်ခိုးအာဏာသည် လွန်စွာပျံ့နှံ့ပြီးလျှင် သူ့အလိုကျ စီမံတိုင်းဖြစ်မြောက်နိုင်သည့်အခြေသို့ ရောက်၍နေလေ၏။

---

# အခန်း (၄၉)

## ဘုရင် တပင်ရွှေထီး စစ်တောင်းနယ်သို့ ထွက်တော်မူခြင်း

"သေခြင်လို့ တောပြောင်း" ဆိုသောစကားပုံအတိုင်း (ဘုရင် တပင်ရွှေထီးသည် အကျိုးတော့် အမှန်လိုလားသူ ယောက်ဘတော်ကြီး ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်၏ လျှောက်

တင်ချက်ကို မလိုက်နာဘဲ အသက်တော်နှင့် စည်းစိမ်တော်ကို အမြဲမပြတ် ပျက်စီးစေရန် အတွင်းကြိတ်ကြံနေသူ စစ်တောင်းမြို့စား သမိန်စောထွတ် ပရိယာယ်ဝေဝုစ်ဖြင့် လှည့်ပတ်ဖြားယောင်းကာ လျှောက်တင်သော စကားကိုသာ မြတ်မြတ်နိုးနိုး လိုက်နာတော်မူကာ ရွှေနန်းတော်ကြီးမှ ထွက်ခွါတော်မူခဲ့လေသည်။

သမိန်စောထွတ်၏စက်လှဲခြင်းဖြင့် ဒလိမ့်ဒလိမ့်နှင့် လိုက်ပါနေတော်မူရသော ဘုရင် တပင်ရွှေထီးသည် ရွှေနန်းတော်ကြီး အတွင်းမှာ ငြိမ့်ဝပ်စွာစံစားနေတော်မမူဘဲ ပထမရွှေးဦးစွာ "ပန်းတရော်" တပ်သို့ထွက်၍ ယာယီနန်းဖြင့်စံနေတော်မူသည်။ ။ထိုနောက် ရခိုင်တပ်သို့ ရွှေ့ပြောင်းစံနေတော်မူသည်။ ယခုတဖန် သမိန်စောထွတ်၏ သွေးဆောင်ချက်အတိုင်း ယုံကြည်လိုက်ပါ၍ စစ်တောင်းတောသို့ ထွက်စံတော်မူရန် စီမံတော်မူပြန်လေသည်။ ' ထိုသို့ အမျိုးမျိုး တောပြောင်း၍ ထွက်တော်မူခြင်းမှာ အဆုံးတနေ့၌ ပစ္စုပ္ပန်ခန္ဓာတော်ကို ရန်သူဘော်၏လက်သို့ အပ်နှင်း၍ နတ်ပြည်စံတော်မူရန်အလို့ငှါသာ ဖြစ်ပေလိမ့်မည်။

သမိန်စောထွတ် အမှူး ျုသော မှူးမတ်ဗိုလ်ပါ အပေါင်းတို့က စစ်တောင်းနယ်သို့ ထွက်စံတော်မူရန် အစုံအလင်ပြင်ဆင်ပြီးပါကြောင်းနှင့် လျှောက်တင်ကြလေသောအခါ။ ဘုရင်-တပင်ရွှေထီးသည် မင်္ဂလာဆင်ဖြူကိုဘမ်းယူတော်မူလိုသောဆန္ဒတော်ဖြင့် တပ်ခင်းကျင်းကာ စစ်တောင်းနယ်သို့ ထွက်တော်မူလေသည်။

ဟံသာဝတီနေပြည်တော်မှာ ဗိုလ်ပါအင်အားအလုံအလောက်နှင့် တောင်ငူဘုရင်ခံ။ ။(သျှင်ရဲထွတ်၏ညီတော်) "သီဟသူ"ကို အစောင့်အနေ ခန့်ထားတော်မူခဲ့သည်။ ။ထွက်တော်မူရာတွင် အမြဲစောင့်ရှောက်ခစားနေသော မုတ္တမမြို့စား သမိန်စောလကွန်းအိန်လည်း အပါးတော်က လိုက်ပါရသည်။ ။ထိုသမိန်စောလကွန်းအိန်သည်ကား သျှင်ရဲထွတ်၏ လူယုံအဆွေတော်ကြီး ဖြစ်ပေသည်။

စခန်းစဉ်အတိုင်း ချီ၍ စစ်တောင်းမြို့သို့ ဆိုက်ရောက်တော် မူသောအခါ မြို့တွင်းသို့ ဝင်တော်မမူဘဲ။ အင်ကလိမ် ဘုရားအနီးတွင် တပ်တော်ကြီးချရပ်၍ ယာယီနန်းဖြင့် စံနေတော်မူသည်။ ။ထိုအခါ အပါးတော်၌ သမိန်စောလကွန်းအိန်သည်။ သတိဝီရိယကြီးစွာနှင့် အမြဲစောင့်ရှောက်၍ နေသည်။

## (သမိန်စောထွက်၏ အကောက်ဉာဏ်တမျိုး)

ဘုရင်မင်းမြတ် ယာယီနန်းဖြင့် စံနေတော်မူလောအခါ သမိန်စောထွတ်သည် ဤကဲ့သို့ ဉာဏ်တမျိုးထုတ်၍ ကြံစည်တော်မူလေ၏ ယခုအခါ မြန်မာဘုရင်သည်။ ငါ၏ပိုက်ကွန်အတွင်းသို့ သက်ဆင်းဝင်ရောက်တော်မူခဲ့လေပြီ။ ငါထောင်သော ကျော့ကွင်းအတွင်းသို့ လည်ပင်းကို သွင်းခဲ့လေပြီ အဆုံးတိုင်စီရင်ရန်သာ ကျန်တော့တယ် အဆုံးတိုင်စီရင်ရေးကိုစွမ်မှာတော့၊ ငါ့ညီ ရွှေမါးမှူးနှစ်ယောက်ရှိလေပြီ။ ။လွယ်ကူစွာအထမမြောက်အောင် အနှောက်အယှက်ကြီးရှိနေတာကတော့ အခြားသူမဟုတ်။ မုတ္တမမြို့စား စောလကွန်းအိန်ဖြစ်တယ်။ သည်စောလကွန်းအိန်မှာ တလိုင်းမျိုးရိုးဇာတိမှန်ပါလျက်သားနှင့် ကိုယ့်နိုင်ငံကို အုပ်စိုး၊ ကိုယ့်အမျိုးကို နှိပ်စက်တဲ့

မြန်မာဘုရင်ကိုသာ ကြည်ညိုလို့နေတယ်။ ယောက်ဘတော် သျှင်ရဲထွတ်ကဲ့သို့ မြေဝယ်မကျ နားနေခင်လေ့ရှိတယ်။ ။စောလကွန်းအိန်သာ အပါးတော်က မခွါဘဲနေပါလျှင် ငါ့အကြံဟာ လွယ်ကူလျှင်မြန်စွာ အောင်မြင်လိမ့်မယ်မဟုတ်ဘူး။ အပါးတော်က ခွါထွက်သွားရအောင် ကြံစည်မှသင့်တော့မယ်။

ဤကဲ့သို့ ကြံစည်ဥာဏ်ထုတ်ပြီးလျှင် ထိုညဥ့်အချိန်တွင် ဘုရင့်အထံသို့ ဝင်ရောက် ခစားလေ၏။ ဆင်ဖြူတော်ဘမ်းရန်ကိစ္စနှင့် စပ်မိစပ်ရာ လျှောက်ထားပြီးနောက် သမိန်စောထွတ်က လျှောက်တင်သည်မှာ ဆင်ဖြူတော်မင်္ဂလာကို ရွှေလက်တော်ရောက်ဘမ်းယူတော်မူမည့် အရေးကိစ္စတော်ကြီးမှာ ဗိုလ်ပါအင်အား များစွာလိုပါသည်။ ယခု ချီထွက်တော်မူလာရာတွင်လည်း ဗိုလ်ပါ ဆင်မြင်း များလှသည် မဟုတ်ပါ။ ဟံသာဝတီ ရွှေမြို့တော်ကြီး အစောင့်အနေထားခဲ့ရသည့်ကတမျိုး။ ကျေးဇူးရှင် ဘုရင့်နေခင်ကျော်ထင်နော်ရထာ ချီတက်တော်မူရာ ဒလမြို့သို့ပါသွားသော ဗိုလ်ပါဆင်မြင်းတို့က တစုတရုံးဖြစ်နေပါသည်။ ဆင်ဖြူတော်ဘမ်းထွက်တော်မူသောအခါ တောတောင်အနှံ့အပြား ဗိုလ်ပါဆင်မြင်းတို့ကိုထားမှ လွယ်လွယ်ကူကူဘမ်းယူတော်မူနိုင်ပါမည်။ ယခုရပါနေသောဆင်တော်မှာ ယဉ်ကျေးသေးသည် မဟုတ်။ တောဆင် အနေမျှသာဖြစ်၍ တောတောင်ကျွမ်းကျင်ပြီးအတိုင်း ဘမ်းမည်ကိုသိ၍ ဗိုလ်ပါတို့အလစ်တွင် တောတောင်အားကိုးနှင့် ပုန်းလျှိုးကာထွက်သွား၍ တောလွန်တောပြောင်းသွားမည်ကို စိုးရိမ်ရပါသည်။ သို့ဖြစ်ပါသောကြောင့် မုတ္တမမြို့စား သမိန်စောလကွန်းအိန်ကို မုတ္တမသို့စေလွှတ်တော်မူ၍၊ ဗိုလ်ပါအင်အား စုရုံးစေရပါလျှင် ဘုရားကျွန်တော်မျိုး သင့်လျော်လိမ့်မည်ထင်ပါသည်။ မုတ္တမနယ်ဆိုသည်မှာလည်း စစ်တောင်းနယ်နှင့် ဝေးလှသည်မဟုတ်ပါ။ လျှင်မြန် လွယ်ကူစွာ ဗိုလ်ပါစုရုံး၍ အပါးတော်သို့ ပြန်လာနိုင်ပါသည်။ ထို့ပြင် မုတ္တမနယ်သားတို့သည် ဆင်ဘမ်းရေး ကိစ္စတွင် အလွန်ကျွမ်းကျင်လိမ္မာကြပါသည်ဘုရား။

သမိန်စောထွတ်၏ လျှောက်တင်ချက်ကို ဘုရင်တပင်ရွှေထီးကြားတော်မူလေရာ၊ မြတ်နိုးယုံကြည်တော်မူပြီး ဖြစ်သောအတိုင်း အကျိုးတော်ကို ထောက်မျှော်လျှောက်ထားခြင်းဖြစ်သည်ဟုထင်မြင်တော်မူသောကြောင့် "အင်း–သည်အရေးလဲ သင့်လျော်တဲ့ အရေးပင် ဖြစ်ပေသည်။ မုတ္တမမြို့စားကို သူစီးပိုင်တဲ့ မုတ္တမနယ်သို့ ဗိုလ်ပါအစုအရုံး စေလွှတ်တော်မူရမှာဘဲ" ဟု မိန့်တော်မူလေ၏။

ထိုနောက် သမိန်စောလကွန်းအိန်ကို အပါးတော်သို့ခေါ်တော်မူပြီး အမိန့်တော်ရှိသည်မှာ စောလကွန်းအိန်ရဲ့။ ယခု ရတနာဆင်ဖြူတော် ဘမ်းယူတော်မူရမဲ့အရေးကို လွယ်ကူတယ်လို့ ထင်မှတ်ပါသလား။

(စောလကွန်းအိန်) စင်စစ်မှာတော့ လွယ်ကူသောအရေး မဟုတ်ပါဘုရား။ သို့ရာတွင် ဘုန်းတော်ကြောင့် နတ်ကောင်းနတ်မြတ်တို့ ကူညီဝန်းဝိုင်းခြင်းအားဖြင့် ခဲယဉ်းသော အမှုကိစ္စပင် ဖြစ်စေကာမူ လွယ်ကူလိမ့်မည်လို့ ကျွန်တော်မျိုးထင်မြင်ပါသည်ဘုရား။

(ဘုရင်) အင်း–သည်အတိုင်းမှန်လျှင် ဝမ်းမြောက်တော် မူဘို့ပေါ့။ သို့ရာတွင် တောတောင်အနှံ့ ဗိုလ်ပါများခန့်ထားရမဲ့အရေးဖြစ်၍ လွယ်ကူတယ်လို့ သဘောမထားသင့်ဘူးပေါ့။

(စောလကွန်းအိန်) မှန်လှပါဘုရား။ သို့ရာတွင် ဘုန်းတော်ကြီးလှသောအရှင်၏ တော်ဝင်ရတနာအဖြစ်ဖြင့် သမာဒေဝနတ်ကောင်းနတ်မြတ်များက အရံသင့်ထားလာသည်ဟု ကျွန်တော်မျိုးထင်မြင်ပါသည်။ သို့ပါ၍ လွန်စွာခက်ခဲရန်အကြောင်းမရှိပါ။ ဘုန်းတော်ကြီးလှသော ဘုရားအလိုဆန္ဒတော်ရှိပါလျှင် လျှင်မြန်စွာ ပြီးစီးအောင်မြင်လေ့ ရှိကြောင်းများကိုလဲ လူပေါင်းများစွာ သိပြီးပင်ဖြစ်ပါသည်ဘုရား။

(ဘုရင်) ကိုယ်တော်တိုင်ဘမ်းတော်မူမည့်အရာဖြစ်၍၊ ယခုချီထွက်တော်မူရာတွင် ပါလာသော ဗိုလ်ပါအင်အားနှင့် လုံလောက်မယ်လို့ ထင်မြင်တော်မမူဘူး။ သို့အတွက်ကြောင့် စောလကွန်းအိန်ကိုယ်တိုင်၊ မိမိစိုးပိုင်တဲ့ မုတ္တမမြို့သို့သွားပြီး ဗိုလ်ပါအင်အားစုရုံးချေရမယ်။

(ဘုင့်အမိန့်တော်ကိုကြားလေရာ၊ အတန်ကလေး ကြာအောင် စဉ်းစားပြီး အရဲစွန့်၍လျှောက်တင်သည်မှာ) လျှောက်တင်ပါရစေဘုရား။ အရှင့်လက်ရုံးတဆူ ဖြစ်တော်မူတဲ့ ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ဘမိန်ထောရာမ၏ရန်ကို တွန်းလှန်ဖြိုဖျက်ရန်အတွက် ချီထွက်တော်မူစဉ်အခါ အပါးတော်က မခွါရစ်နှင့်လို့ ကျွန်တော်မျိုးအား အထူးမှာထားတော်မူသွားပါသည်။ သို့ပါ၍ အရှင့်အပါးတော်ကခွါရန် သင့်လျော်မည်လို့ မထင်ကြောင်းပါဘုရား။

(ဘုရင်) အို-နောင်တော်ကြီးရဲ့အမိန့်တော်က တယ်ထက်မြက်နေပါကလား။

(စောလကွန်းအိန်) နောင်တော့်အမိန့်တော် ထက်မြက်လို့မဟုတ်ပါဘုရား။ ဘုန်းတော်ကြီးလှသောအရှင်ကို စိုးရိမ်တော်မူရေးအတွက် အထူးမှာထားချက်ဖြစ်၍ အကျိုးတော်ကိုစောင့်ရှောက်လိုသောဆန္ဒနှင့် လျှောက်တင်ရခြင်း ဖြစ်ပါသည်ဘုရား။

(ဘုရင်) ဩော်- တွေးတော စိုးရိမ်မှုတွေက တယ်များကြပါကလား။ တိုင်းနိုင်ငံတို့၏သခင် ငါကဲ့သို့သောဘုရင်ကို ကလေးသူငယ် မှတ်ထင်နေကြလေတော့သလား။စောလကွန်းအိန်တို့ စိုးရိမ်ဘို့အရေးမဟုတ်ဘူး။ ငါ့အမိန့်တော် အတိုင်းသာ မုတ္တမမြို့သို့ အင်အားစုရုံးရမည်။ မကြာမီအတွင်းမှာ ငါ့ထံတော်ရင်းသို့ ဗိုလ်ပါအင်အားနှင့်တကွ ပြန်လာရမည်။အပါးတော်မှာ သမိန်စောထွတ် စောင့်ရှောက်လိမ့်မည်။ ဘာမျှ မစိုးရိမ်နှင့်။

ဤကဲ့သို့ တဘန်ပြန်၍မလျှောက်ထားနိုင်အောင် ပြင်းထန်စွာအမိန့်ရှိသောအခါ၊ မုတ္တမမြို့စား သမိန်စောလကွန်းအိန်လည်း လျှောက်ထားခွင့်ကိုမရတဲ့ မိမိ ကျေးကျွန်များကို ခေါ်၍ ဗိုလ်ပါအင်အား စုဆောင်းရန် မုတ္တမမြို့သို့ ထွက်သွားရလေသည်။

သမိန်စောထွတ်ကြံစည်တိုင်း ဖြစ်မြောက်၍နေခြင်းမှာ ဘုရင် တပင်ရွှေထီးကို သေမင်းကြီးကိုယ်တိုင် ကြိုးကိုင်ဆွဲဆောင် နေသည်နှင့် အလားတူလေသည်။ အပါးတော်တွင် သတိဝီရိယကြီးစွာနှင့် နေ့ညဥ့်မပြတ်စောင့်ရှောက်နေသော စောလကွန်းအိန်ထွက်သွားသည်နောက်၊ သမိန်စောထွတ်သည် ဘုရင်တပင်ရွှေထီးအပေါ်တွင် မိမိ အလိုရှိသောအတိုင်း ကြံနိုင်ခွင့်ကို ရရှိလေတော့သည်။

ထို့နောက် ချီထွက်တော်မူလာရာတွင်ပါရှိသော စစ်ဘက်ဆိုင်ရာ အမှုထမ်းရှိသမျှတွေကို အရပ်ရပ်နေရာ ချထားရေးမှစ၍ ဆင်ဖြူတော် ဘမ်းဆီးရန် တောတောင် အနှံ့အပြား စောင့်

ရှောက်ရေးတို့ကို သမိန်စောထွတ်ကိုယ်တိုင် စီမံ၍နေလေသည်။ မြန်မာတပ်များကို ဘုရင့်အပါးတော်မှ ခပ်ဝေးဝေးချထားပြီးလျှင် မိမိအလိုသို့လိုက်မည့်တလိုင်းတပ်များကို ဘုရင့်အပါးတော်နှင့် နီးနီးချထားလေ၏။

ချီတက်တော်မူရာတွင် ပညာအဆင်အခြင်နှင့် ပြည့်စုံသောမှူးမတ်များ ပါရှိသော်လည်း၊ သမိန်စောထွတ်ကို အရေးပေးတော်မူလွန်းစွာ အားကြီးသည်နှင့် ဘုရင် အကျိုးတော်ရှိအောင် လျှောက်တင်လိုကြသော်လည်း မလျှောက်တင်ဝံ့ဘဲ ရှိနေကြရလေသည်။

## "သမိန်စောထွတ်၏အဆုံးစွန်ကြံစည်ခြင်း"

မုတ္တမမြို့စား စောလကွန်းအိန် အပါးတော်မှ ထွက်သွားလေသည်နောက်၊ ဝမ်းမြောက်အားတက်စွာနှင့် သမိန်စောထွတ်တကိုယ်တည်း ကြံစည်နေသည်မှာ။ ငါ့ဇာတာတက်ထွန်း၊ ငါ့ဘုန်းရောင်ထွန်းပဆဲမို့ ငါ့စိတ်ကရည်ရွယ်လျှင် ဘယ်အရာမျိုးမဆို ပြီးစီးရလိမ့်မယ်။ ငါ့အကြံ၏အနှောင့်အရှက် သျှင်ရဲထွတ်ကဲ့ဘက်သား မုတ္တမမြို့စားဖြင့် ငါ့အရှိန်ကြောင့်ဘုရင့်ထံမှခွါပြီး၊ မုတ္တမကျေးသို့ အမရေးကြီးစွာ ထွက်သွားရပါပေါ့ကလား။ မြန်မာဘုရင်ကို အားပေးတဲ့ မုတ္တမမြို့စားကို ငါ့အကြံပြီးစီး၍ ဟံသာဝတီမြို့တော်ကြီးကိုအုပ်စိုးရတဲ့အခါ နစ်နစ်နာနာကြီးနှိပ်စက်ရမှာဘဲ။ မြန်မာဘုရင်ကို အဆုံးတိုင်စီရင်ပြီး ထီးနန်းကို ရတဲ့အခါ ပြည့်တောင်ငူမှစ၍ အာမြို့တော်တိုင်အောင်ဖြိုဖျက်ပြီး တလိုင်းတို့အောင်လံကို စိုက်ထူရလိမ့်မယ်။ မြန်မာများကိုလက်စားချေဘို့ ကိန်းဆိုက်တော့မှာအမှန်ဘဲ။ ဩော်–သျှင်ရဲထွတ်ဆိုတဲ့ အထွတ်တထွတ်ဖြင့်ကျန်သေးချေရဲ့။ ဟံသာဝတီထီးနန်းကို သိမ်းမြန်းပြီးတဲ့အခါ သည်အထွတ်ကလေးကို အရေးမယူလောက်ပါဘူး။ အို-သည်အရေးတွေက နောင်ရေးတွေ ဖြစ်ပါတယ်။ ယခုလက်ငင်း အရေးကြီးနေတာကတော့ ယနေ့ညဥ့်မှာပင် မြန်မာဘုရင်ကို အဆုံးတိုင်စီရင်ဘို့အရေးပေါ့။ နှေးနေဘို့အခွင့်မဟုတ်ဘူး။

ဤကဲ့သို့ တကိုယ်တည်းစဉ်းစားပြီးလျှင် မိမိ၏ညီအရင်း အချာဖြစ်သော လက်ဝဲခါးမှူး လက်ျာဝဲမှူးတို့ကိုခေါ်ပြီး အကြီးဆုံးသော အရေးဖြင့် တိုင်ပင်သည်မှာ။

(သမိန်စောထွတ်က ခါးလွတ်ကိုင်၍ စိတ်အားထက်သန်စွာနှင့် ပြောသည်မှာ)ကဲ-ယနေ့ညဥ့်ဖြင့် ကိစ္စတုန်းအောင် မောင်တို့ စီရင်ကြရမယ်၊ မုတ္တမမြို့စားလဲ အပါးက ခွါသွားရပေါ့မဟုတ်လား။

(ညီများ) မုတ္တမမြို့စား ထွက်သွားတဲ့ အချိန်ကစ၍ ကျွန်တော်တို့အကြံအစည်မကြာမီထမြောက်တော့မယ်လို့ ယုံကြည်ပြီး ဖြစ်ပါတယ်၊ မြန်မာဘုရင်၏ အသက်သည် ကျွန်တော်တို့လက်မှာရှိပါတယ်၊ အလိုရှိတဲ့အချိန်မှာ ကြံစည်နိုင်ပါတယ်၊ အချိန်ကိုသာ အမိန့်ရှိတော်မူပါတော့- ခါးလွတ်ကိုစီနှင့် အားတက်သရော ပြောဆို ဝန်ခံကြသည်။)

(သမိန်စောထွတ်) အဲ- ငါ့ညီများဟာ အရာရောက်အောင် အားကိုးထိုက်ပါပေတယ်။ မြန်မာဘုရင်စက်တော်ခေါ်၍ ပျော်တော်ကြူးနေတဲ့အချိန်၊ ဆိတ်ဆိတ်ငြိမ်ငြိမ်နှင့် စစ်သည်တော်များ အိပ်ပျော်နေကြတဲ့အချိန်၊ သည် အချိန်မှာသာ လက်စ တုန်းအောင် အဆုံးစီရင်ကြပေတော့၊ ယခုညဥ့်မှာပင် ပြီးစီးကြစေ၊ နောင်တညဥ့်ဆိုင်းလို့မနေကြနှင့်။

(ညီမျှား) စိတ်သာချပါ၊ ကိစ္စပြီးပြီးသားပါဘဲ။

(သမိန်စောထွတ်) သည် အရေးမှာ သတိပေးဘို့ အချက်တခု ရှိနေသေးတယ်၊ ဘုရင်တပင်ရွှေထီးဟာ မွေးဘွားစဉ်အခါကစပြီး အာစက်,လျှာစက်,ပါတဲ့အပြင်ဦးခေါင်းမှာလဲ ဝင်ရိုးခန့်မျှသန်စွမ်းတဲ့ ဆံပင် တပင်ပါလာတယ်။ သည်ဆံပင်ဟာလဲ အရေးရှိတဲ့အခါ ရွှေအဆင်းကဲ့သို့ ဝင်းဝင်းထိန်ထိန်တောက်လို့ နေတတ်တယ်၊ အထူးဝိသေသ ဘွားမြင်လာတဲ့အတွက် ဓား လှံ လက်နက်များဟာ စူးရှခြင်းငှာ မစွမ်းနိုင်ဘူးလို့ ကြားရတယ်၊ သည်အချက်ကိုလဲ အထူးပင် သတိထားကြရမယ်၊ ဓားတချက်ဖြင့် အသက်ဆုံး၍ ကိစ္စတုန်းအောင် စီရင်နိုင်မှ သိလိမ့်မယ်။

(ညီမျှား) သည်အရေးနှင့်လဲ စိုးရိမ်ဘွယ်မရှိပါ၊ ယခု မြန်မာဘုရင်တပင်ရွှေထီးမှာ ဘုန်းရှိန်ပြယ်၍ ဇာတာတော်ညိုးနွမ်းခိုက် ကြုံနေပါတယ်။ ကျွန်တော်တို့ လက်က လွတ်ထွက်နိုင်ဘို့ အကြောင်းမရှိပါ၊ သန်းခေါင်ကျော် အချိန်မှာ ကိစ္စတုန်းပြီလို့သာ စိတ်ချပါတော့။

(သမိန်စောထွတ်) ငါ ကိုယ်တိုင်လဲ သည် ယနေ့ညဉ့်၊ တမှေးတမှိတ်မျှ မအိပ်မစက်ဘဲ ယာယီနန်းတော်၏အပြင်က တပ်နှင့်စောင့်နေတော်မူမယ်၊ ကိစ္စ တုန်းသည်နှင့် တပြိုင်နက် ဘုရင့်အဖြစ်ကိုခံယူ၍ ထီးဖြူဆောင်းလျက် စစ်တောင်းမြို့မှာ ရှေးဦးစွာ စိုးစံတော်မူမယ်၊ ယခု ချီတက်တော်မူရာသို့ လိုက်ပါလာကြတဲ့တပ်တော်များကို ငါ့လက်အောက်သို့ ဝင်လျှင်ဝင်၊ မဝင်လျှင် အတင်းတိုက်ခိုက်၍ နှိပ်စက်ဖျက်ဆီးပစ်မယ်၊ ရဲသွေး, ရဲမာန်နှင့် အကြံမြောက်အောင်သာ စွန့်စားကြပေတော့။

ဤသို့ အဆုံးစွန်သော တိုင်ပင်ခြင်းဖြင့် တိုင်ပင်ပြီးလျှင် ဓားမူးနှစ်ယောက်တို့သည် မိမိတို့၏ဓားများကို ထက်သည်ထက်မျက်အောင် တိတ်တဆိတ်သွေးကြလေ၏။သမိန်စောထွတ်သည် မိမိစိုးပိုင်သောတပ်များကို ဆင့်ဆို၍ ယနေ့ညဉ့် သတိဝီရိယနှင့်ရှိစေရမယ်၊လက်နက်ကို ဆောင်လျက် မအိပ်မစက်ဘဲ နေကြရမည်။ အရေးရှိလျှင် ငါ့အမိန့်အတိုင်း လိုက်နာကြရမည်ဟုအရေးကြီးစွာ စီရင်ပြီးလျှင် အပါးတော်သို့ဝင်ကာ ဣန္ဒြေမပျက် ခစား၍ နေလေ၏။

---

# အခန်း (၅၀)

## ဘုရင်တပင်ရွှေထီးနတ်ပြည်စံတော်မူခဏ်း

သက္ကရာဇ်(၉၀၂) ကိုးရာတဆဲ့နှစ်ခု၊ ကဆုန်လပြည့်ကျော်၁-ရက်ရက်၊ ဗုဒ္ဓဟူးနေ့သို့ဝင်သာ ညဉ့်အချိန်။

ထိုညဉ့်အချိန်၌ နေဝင်သည်က စ၍၊ စစ်သည်တော်များသည် နေ့တိုင်းနှင့်မတူဘဲအထိတ်တ်အလန့်လန့်ဖြစ်ကြလေ၏၊ ကောင်းကင်ပြင်၌ မိုးသားတိမ်တိုက်တို့သည် အရပ်ရှစ်မျက်နှာမှ ာ်တရက်တက်လာပြီးလျှင် မှိုင်းမှောင်မှုံဝေကြီးဖြစ်၍နေလေ၏။ မိုးသံတို့သည်လည်း တဂျိမ်း

ဂိုမ်းထစ်ချိန်းကြကုန်၏။ လျှပ်စည်းတို့သည်လည်း တဝင်းဝင်း တထိန်ထိန် ပြက်သန်းကြကုန်၏။ ဥက္ကာကြီးများလည်း အကြိမ်ကြိမ်ပျံသန်းကြပြီးလျှင်။ ယာယီနန်းတော်တွင်းသို့ ကျရောက်သကဲ့သို့ ထင်ကြရကုန်၏။ဘော်ပဲ့တင်သံဟိန်းပြီးလျှင် မြေငလျင်လည်း အကြိမ်များစွာ ဆက်ကာဆက်ကာ တုန်လှုပ်လေ၏။ တပ်တော်၌ပါလာကုန်သော တပ်မြင်းတို့သည်လည်း မမြည်စဘူးအထူးမြည်ဟီး ကြကုန်၏။ ဆင်သံ့မြင်းသံ့တို့ကို ကြားလေရာ၊ တော၌ ရှိနေကြကုန်သော ကျားတို့ကလည်း ဟိန်းကြကုန်၏။ ကောင်းကင်၌ ညဉ့်ငှက်တို့သည်လည်း မင်္ဂလာမရှိ ဆိုးဝါးသော အသံဖြင့် တကျော်ကျော် အော်မြည်ကြကုန်၏။

ဤကဲ့သို့သော တိတ်နိမိတ်တွေ မဖြစ်စဘူး အထူးဖြစ်ပေါ်လာသောအခါ၊ ယာယီနန်း၌ စံမြန်းတော်မူသော ဘုရင်တပင်ရွှေထီး၏စိတ်၌ အထိတ်တလန့်ဖြစ်တော်မူသည်နှင့် အပါးတော်၌ ခစားလျက်ရှိသော သမိန်စောထွတ်ကို အမိန့်ရှိဘော်မူသည်မှာ သမိန်စောထွတ်ကဲ့၊ တိတ်နိမိတ် တွေ တယ်ထူးပါကလား၊ သည်တော သည်တောင်မှာ နတ်ဆိုး, နတ်ဝါး, တွေများ ရှိနေကြ သလား။

(သမိန်စောထွတ်) သည်တော သည်တောင် အတွင်းမှာ နတ်ဆိုး, နတ်ဝါး,များ မရှိပါ ဘုရား၊ ကျိုက်ထီးရိုးတောင်တန်းမှစ၍ ဇင်းကျိုက်တောင်ကြီးသို့ တိုင်အောင် ကြီးကျယ် မြင့် မားတဲ့ တောင်တန်းများမှာ သမ္မာဒေဝနတ်ကောင်း,နတ်မြတ်တို့သာ ရှိနေကြပါတယ်၊ ဘုန်း ကြီးသော အရှင်မြတ် ဆိုက်ရောက်တော်မူလာသဖြင့် ထိုနတ်အပေါင်းတို့ ရွှင်မြူးကြဟန်တူပါ သည်။ တောကျား, တောတောင် အပေါင်းတို့လည်း ပျော်ရွှင် မြူးတူးစွာ ရင့်ကျူး ဟိန်း ဟောက်ကြပါသည်။ စင်စစ် စစ်မြင်းတို့ပင် ရွှင်မြူးကြပါသည်ဘုရား၊ မကြာမီ အတွင်းမှာပင် ဆင်ဖြူတော်ရတနာကို ရတော်မူရေးနှင့် နိမိတ်ပေးခြင်းဖြစ်ပါသည်ဘုရား။

(ဘုရင်) မင်္ဂလာဆင်ဖြူတော်မြတ်၊ တောပြောင်း၍ မသွားအောင် တောတောင်အနှံ့ အပြား အစောင့်အရှောက်ထားပါရဲ့လား။

(သမိန်စောထွတ်) သည် အရေးကိစ္စကို ရှေးမဆွကပင် သတိဝီရိယကြီးစွာနှင့် စီမံပြီး အသင့်ရှိပါသည်ဘုရား။

(ဘုရင်တပင်ရွှေထီးက နောင်တော်သျှင်ရဲထွတ်ကို သတိရတော်မူသည်နှင့်)ဩော်- ယခု ဆင်ဖြူတော်ကိစ္စနှင့် ချီတော်မူလာရာတွင် နောင်တော် ထွတ်ထွတ်များ ပါလာလျှင် လွန်စွာ အားကိုးတော်မူရမှာဘဲနော်။

(သမိန်စောထွတ်) မှန်လှပါ၊ကျေးဇူးရှင်နောင်တော်ကြီး ပါတော်မူလာမယ်လို့ဆိုပါလျှင် ကျွန်တော်မျိုးတို့လဲ အလွန်အားကိုးရမှာဘဲဘုရား၊ သူပုန်ရန်ကိစ္စကြောင့်သာ လိုက်ပါတော်မမူ နိုင်ဘဲ ရှိနေတော်မူပါသည်။

(ဘုရင်) နောင်တော်ထံသို့ အမြန်စေလွှတ်၍ အပါးတော်သို့ရောက်အောင်ခေါ်ဆောင် လျှင် မသင့်လျော်ပေဘူးလား။

(သမိန်စောထွတ်) မှန်လှပါ၊ လက်ရုံးတဆူ အားတိုးတော်မူရတဲ့ နောင်တော်ကြီးဖြစ်တဲ့ အတိုင်း အပါးတော်သို့ ခေါ်တော်မူရလျှင် သင့်လျော်လှပါသည်ဘုရား။ သို့ရာတွင် ဒလနယ်၌၊

ထကြွသောင်းကျန်းနေတဲ့ သမိန်ထောရာမ၏ရန်က မငြိမ်းမစဲ ရှိနေသောကြောင့် နောင်တော်ကြီးကို ပြန်၍ ခေါ်တော်မူပါလျှင် ရန်သူအားရှိလာမည့်အရေးကိုလဲ မျှော်တွေး ဆင်ခြင်တော်မူသင့်ပါသေးသည်ဘုရား။

(ဘုရင်) အင်း-ဟုတ်ပေရဲ့။ သည်အရေးကလဲ ရှိပေသေးတယ်။ သို့ရာတွင် ဒလနယ်သို့ အားကိုးလောက်တဲ့ မှူးမတ်များကို နောင်တော့်ကိုယ်စား စေလွှတ်ပြီး နောင်တော် ထွတ်ထွတ်ကို အပါးတော်သို့ရောက်အောင် ခေါ်ဆောင်တော်မူမှသင့်လိမ့်မယ်လို့ ထင်တော်မူမိတယ်။ ကဲ·· သည်အရေးကို နံနက်မိုးလင်းမှ ဆွေးနွေးတော်မူအုံးမယ်။

ဤကဲ့သို့ မိန့်ဆိုတော်မူပြီးလျှင် ဘုရင်တပင်ရွှေထီး၏ စိတ်တော်များသည် အခါတိုင်းကဲ့သို့ ကြည်လင်ရွှင်ပြခြင်း ဖြစ်တော်မမူသည်နှင့် စကားလက်စကိုဖြတ်ပြီး တကိုယ်တည်း အတွင်းဆောင်သို့ ဝင်တော်မူ၍ ဆိတ်ငြိမ်စွာ စံစားတော်မူလေသည်။ သမိန်စောထွတ်လည်း ညဥ့်သန်းကောင်အချိန်တိုင် အပြင်ဆောင်က ‌စောင့်စား၍နေလေ၏။ ဓါးမှူး နှစ်ယောက်တို့သည် ဘုရင်အပါးတွင် ခစားမြဲ ခစား၍ နေကြလေသည်။

ဘုရင်တပင်ရွှေထီးသည် ရှေးရှေးက သည်ကဲ့သို့ ထိတ်လန့်ခြင်းမဖြစ်စဘူး၊ ထူးထူးခြားခြား ထိတ်လန့်တော်မူသည်နှင့် စက်တော်ခေါ်၍ မပျော်နိုင်ဘဲ ရှိတော်မူလေ၏။ အာဇာနည်ပုဂ္ဂိုလ်စစ်ကြီး ဖြစ်သောကြောင့် ငယ်ရွယ်စဉ်ကစ၍ ဘယ်အခါမှ ရွှေအားငယ်တော် မူလေ့မရှိဘူးသော်လည်း။ ထိုညဥ့်အခါတွင် လွန်စွာအား ငယ်တော်မူလေ၏။ ရွှေအားတော် ငယ်သည်နှင့် အစဉ်မပြတ်အားကိုးရာကြီးဖြစ်သော နောင်တော်သျှင်ရဲထွတ်ကိုသာ တမ်းတ၍ နေတော်မူလေသည်။ စစ်တောင်းနယ်သို့ ထွက်တော်မူခဲ့သည်မှာ မှားပြီဟု တချက်တချက် အတွေးပေါ်ပေါက်တော်မူလာသဖြင့် "ဩော်-ငါ၏စိတ်တော်များ ယခုညဥ့်အခါ လွန်စွာ ထူးခြားပါကလား၊ ရွှေနှလုံးတော်များခုန်၍ တုန်တုန်လှုပ်လှုပ်ဖြစ်တော်မူတဲ့ပြင် အလိုလို ထိတ်လန့်တော်မူခြင်းများလဲ ဖြစ်ရတယ်။ ဘယ်လိုနိမိတ်ကယ်လို့ဖြင့် တွေးတော်မမူတတ်အောင် ဖြစ်နေတော့တာဘဲ။ ထိတ်လန့်တော်မူသော်လဲ ရာဇိန္ဒြေမပျက်အောင် ဟန်ဆောင်လို့ စံတော် မူရတော့တယ်။ နောင်တော်ထွတ်ထွတ်လျှောက်တင်တဲ့စကားကို နားမထောင်မိတာ မှားကုန်ပြီထင်ပါရဲ့။ ရွှေနန်းတော်ကြီးအတွင်းမှာသာ စံတော်မူမြဲ စံနေတော်မူရပါလျှင် သည်လို ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်မယ်လို့ မဟုတ်ဘူး။ နောင်တော်ထွတ်ထွတ်က "သမိန်စောထွတ်ကို သတိထားတော်မူပါ" လို့ အကြိမ်ကြိမ်အခါခါ လျှောက်တင်ချက်များကိုလဲ လေးစားသမှု ငါအရေးမပြုခဲ့ဘူး။ ပြန်လှန်ကာ စဉ်းစားလိုက်တော့ သမိန်စောထွတ်ဆွဲဆောင်ရာသို့ အစဉ်တစိုက်သာ ငါကိုယ်တော်တိုင် လိုက်ပါ၍နေရပါကလား။ ဆင်ဖြူတော်ဆိုသည်မှာလည်း သမိန်စောထွတ်လျှောက်တင်ချက်ဖြင့်သာ ယုံကြည်တော်မူရတယ်။ ကေနံဒိဋ္ဌ ကိုယ်တော်တိုင် မြင်ရတာလဲမဟုတ်ဘူး။ မုတ္တမမြို့စား သမိန်စောလကွန်းအိန်ကို အပါးတော်မှခွါစေပြီး မုတ္တမနယ်သို့ လွှတ်တော်မူလိုက်မိတာလဲ တမျိုးအားဖြင့် မှားတော်မှတယ်လို့ ယခုထင်မြင်တော်မူမိတယ်။ လက်ရင်း ပထမကစ၍ သမိန်စောထွတ်ကို ငါမြှောက်စားခဲ့သဖြင့် အရာတဝင်ဖြစ်ပြီး သူတဲင်ချင်ရာကို တင်ခွင့်ရခဲ့တယ်။ ယစ်မျိုးသေစာစွဲ၍ ရွှေစိတ်တော်များ ဘောက်ပြန်ပျက်စီးခြင်းဟာလဲ အရင်းမူလမှာတော့ သမိန်စောထွတ်၏ လက်

ချက်ဘဲ။ သမိန်စောထွတ်ဟာ မြန်မာမျိုးရိုးဇာတိလဲမဟုတ်။ တလိုင်းမင်းမျိုးအဆက်အနွယ်ထဲက ဖြစ်တယ်။ ငါ ပျက်စီးတော်မူလေအောင် တမင်သွေးဆောင်ကာ ဖျက်ဆီးနေတဲ့ လက္ခဏာဘဲ။ ကဲ-ကဲ-လွန်မိတဲ့အပြစ်တွေ ရှိပေစေတော့။ ငါ့အကျိုးတော် ပျက်စီးအောင် ကြံဆောင်နိုင်လိမ့်မယ်မဟုတ်ဘူး။ နက်ဖြန်နံနက်ကျမှ ဆင်ဖြူတော်၏အကြောင်းကို သေချာစွာစစ်ဆေး၍ အရေးယူရတော့မယ်။ နောင်တော်ထွတ်ထွတ်ထံသို့ အမြန်စေလွှတ်၍ခေါ်တော်မူမယ်။ ဤသို့ ကြံစည်တော်မူကာ၊ ရာဇဓိဋ္ဌကိုမပျက်စေဘဲ နောင်တော်ကြီးကို လွမ်းဆွတ် တသလျက်နှင့်သာ စက်တော်ခေါ်၍ မပျော်နိုင်အောင် တကြောင်းကြောင်းဖြစ်၍ နေတော်မူလေ၏။

ယနေ့ည အဆုံးစီရင်မည်ဟု ဓါးပြင်နေကြသော သမိန်စောထွတ်၏ညီ ဓါးမူးညီနောင်နှစ်ယောက်တို့ကလည်း ဘုရင်စက်တော်ခေါ်၍ ပျော်,မပျော်ကိုသာ အကဲခပ်၍နေကြလေသည်။ ဘုရင်မင်းမြတ်သည်ကား ပျက်စီးစေရန် ကံကြမ္မာ နှိုးဆော်တိုက်တွန်းခြင်း ခံနေရသောကြောင့် သေမင်းကြီးစီး၍နေသော ဓါးမူးနှစ်ယောက်ကို အနည်းငယ်မျှ သတိရတော်မမူနိုင်အောင် ရှိနေတော်မူလေ၏။

## သုံးချက်တီးကျော်အချိန်သို့ ရောက်လေသော်

ဘုရင်မင်းမြတ်သည် စက်တော်ခေါ်၍ ပျော်ခြင်းသို့ ရောက်တော်မူလေ၏။ ဓါးမူးနှစ်ယောက်တို့သည် ဘုရင်စက်တော်ခေါ်၍ ပျော်ကြောင်းသိလေသော်၊ တယောက်နှင့်တယောက် မျက်ရိပ်ပြကာ အချင်းချင်း ပူးကပ်ကြပြီးလျှင် တိုးတိုးသာသာပြောဆိုကြသည်မှာ။

(လက်ဝဲဓါးမူး) ကဲ-အချိန်သို့ရောက်ပြီ။ အတန်ကြာ၍ နိုးတော် မူလာပြန်လျှင် အခွင့်ရလိမ့်မည်မဟုတ်။ နောင်တော်ထံမှာ ပဋိညာဉ်ရှိပြီးတဲ့အတိုင်း မဆိုင်းဘဲလုပ်ကြမှတော်တော့မယ်။

လကျာ်ဓါးမူးသည် အရေးနီးလာရာတွင် ထိတ်လန့်ခြင်းဖြစ်သည်နှင့် လက်မှာစွဲကိုင်ထားသောဓါးသည် လက်မှ လွတ်ကျသွားလေ၏၊ ထိုကြောင့် ထိတ်ထိတ်ပြာပြာနှင့် ပြောသည်မှာ။ ငါ့စိတ်တွေဟာ ဘယ်လိုဖြစ်လာမှန်းမသိ၊ တကိုယ်လုံးလဲ ကြက်သီးတွေထနေသည်။လက်တွေလဲ တုန်နေသည်။ ဓါးကိုင်လို့ပင်မဖြစ်နိုင်ပါ။ မောင့်ကိုယ်တိုင်သာကြိုးစားပေတော့။ ငါက စက်ရာက ကုန်း၍မထနိုင်အောင် အတင်းဖိထားမယ်။ ဤသို့ပြောဆိုပြီးလျှင် ဖြုန်းကနဲ လကျာ်ဓါးမူးက၊ ဘုရင့်အပေါ်သို့ လွှားကနဲခုန်တက်ကာ အတင်းဖိ၍ ထားလေ၏။

ထိုသို့ ဖိလိုက်သည်နှင့်တပြိုင်နက်၊ လက်ဝဲဓါးမူးက ရဲရင့်စွာနှင့် တရှိန်ထဲ **"အားကုန်နှဲ၍"** ဘုရင့်လည်ပင်းတော်ကို ဓါးဖြင့် **"ခုတ်ပိုင်းလိုက်ရာ"** ဓါးကလည်း လွန်စွာထက်မြက်သဖြင့် တချက်ထဲနှင့် **ဦးခေါင်းတော်** ပြတ်ပြီးလျှင် သလွန်တော်ထက်မှ **အောက်သို့ကျသွားလေ၏။**

လက်ဝဲဓါးမူးက အားကုန်နှဲ၍ ခုတ်လိုက်သည်နှင့်တပြိုင်နက် ကောင်းကင်မှ မိုးကြိုးပစ်ချလေရာ၊ ယာယီတဲနန်း၏တိုင်တခုကို ထိမှန်လေ၏။ ဘုရင် ဦးခေါင်းတော် ပြတ်ကျသောအခါ၊ လက်ဝဲရွှေဓါးမူးက **အောင်ပြီ-အောင်ပြီဟု** ဟစ်အော်ကာ ယာယီနန်းတော် အပြင်ဘက်ကို ဓါးကစား၍ ထွက်လာလေ၏။

ယာယီနန်းတော်အပြင်ဘက် မိမိတပ်နှင့် အသင့်စောင့်ဆိုင်းနေသော သမိန်စောထွတ်လည်း အောင်ပြီ-အောင်ပြီ ဟူသောအသံကို ကြားရသည်နှင့်တပြိုင်နက် မိမိတပ်ကိုဆောင်အော၍ ယာယီနန်းတော်အတွင်းသို့ ဝင်လာပြီးလျှင် ဘုရင့်အလောင်းတော်နားက မတ်မတ်ရပ်ပြီးလျှင်၊ တလိုင်းနိုင်ငံနှင့် တလိုင်းလူမျိုးကို စိုးမိုးနှိပ်စက်တဲ့ မြန်မာဘုရင်ကို ငါအောင်တော်မူပြီ။ ရာမညတိုင်း တလိုင်းသုံးရပ်ကို ငါစိုးပိုင်ပြီဟု အမြဲစွဲကိုင်ထားသော မိမိ၏ဓါးကို ဝင့်ကာဝင့်ကာနှင့် ကြိမ်းပမြွာဆိုပြီးလျှင် တလိုင်းတပ်ရှိရှိသမျှကို နှံ့စပ်အောင် အမိန့်တော် ပြန်စေပြီးလျှင် မြန်မာတပ်သား ရှိသမျှတွေကို ငါ့ဘဝါးအောက်သို့ ဝင်လျှင်ဝင်၊ မဝင်လျှင် ယခုချက်ခြင်း မိုးမလင်းမှီ တိုက်ခိုက်ဖြိုဖျက်မည်ဟု အမိန့်ပေးလေ၏။

တလိုင်းဗိုလ်မှူးတို့နှင့် တလိုင်းစစ်သည်တော်များသည် သမိန်စောထွတ်၏ အမိန့်အာဏာကို ခံယူပြီးဖြစ်ကြသည်နှင့် အမျိုးစိတ်၊ အမျိုးဆွေ၊ အမျိုးမာန်၊ တဟုန်တည်း တက်ကြွလာကြပြီးလျှင် သမိန်စောထွတ်အမိန့်ကို မနာခံသော တပ်ဟူသမျှတို့ကို ရုတ်တရက် အတင်းဝင်၍တိုက်ခိုက်လေ၏။

မြန်မာတပ်များနှင့် အချို့အချို့ ဘုရင်အလိုတော်အတိုင်း၊ အမူတော်အတိုင်း၊ ရိုးရိုးသားသား အမှုထမ်းကြသော တလိုင်းတပ်များမှာ နဂိုက အသင့် ပြင်ဆင်ပြီးလည်း မရှိကြသည်က တကြောင်း။ ဘုန်းတော်ကြီးလှသော ဘုရားမှာ နတ်ရွာစံတော်မူပြီဟု အလန့်တကြား သတင်းကြားရသည်တဲ့ကြောင်း။ ဤအကြောင်းများကြောင့် ထိတ်ထိတ်ပြာပြာ ဖြစ်ကြပြီးလျှင် ခုခံခြင်းငှါ မစွမ်းနိုင်ကြဘဲ ဖရိုဖရဲအကွဲကွဲအပြားပြား ဘရမ်းဘတာဖြစ်၍ ပြေးမိပြေးရာ ထွက်ပြေးကြလေသတည်း။

---

# အခန်း (၅၁)

## တပင်ရွှေထီး နတ်ပြည်စံလွန်တော်မူသည်နောက် အဖြစ်အပျက်များ။

သက္ကရာဇ် ၉၁၂-ခု၊ ကဆုန်လပြည့်ကျော်တရက်နေ့ည၊ သန်းခေါင်ကျော် သုံးချက်တီးအချိန်၊ ဗုဒ္ဓဟူးနေ့သို့အဝင်တွင် သမိန်စောထွတ်၏ အကောက်ဉာဏ်လက်ချက်ဖြင့် အသက်ဇီဝိန်ကြွေရသော အာဇာနည်သခင် ဘုရင်တပင်ရွှေထီး၏ ဦးခေါင်းတော်သည် စက်တော်ခေါ်ရာ သလွန်တော်ထက်မှ ကျ၍သွားလေရာ၊ ရုတ်တရက် ဝိညာဏ် ချုပ်တော်မမူနိုင်ဘဲ ဣန္ဒြေမပျက် မျက်တောင်ခတ်တော်မူလျက်ပင် ရှိနေတော်မူ၏။ လပြည့်ကျော် ၂-ရက် နေဝန်းထွက်ပြီးနောက်၊ နံနက်တချက်တီးကျော်မှ တဖြည်းဖြည်း မျက်တောင်အခတ်ငြိမ်၍ ချုပ်ဆုံးတော်မူသည်။

မျက်တောင်ခတ်လျက် ရှိသော ဦးခေါင်းတော်ကို သမိန်စောထွတ်၏ ကျေးကျွန်ဖြစ်သူ တလိုင်းတို့မြင်ကြသောအခါ အထိတ်တလန့်ဖြစ်ပြီးလျှင် အပါးတော်သို့မကပ်ဝံ့ဘဲ ရှိကြလေသည်။ ဘုရင်တပင်ရွှေထီးသည် ဘွားတော်မူစဉ်အခါမှာသာ အထူးတဆန်း ဖြစ်သည်မဟုတ်။ နတ်ပြည်စံလွန်တော်မူသောအခါမှာလည်း သူတကာနှင့်မတူအောင် အထူးတဆန်း ဖြစ်တော်မူလေသည်။

## ဇောတိကာရုံဆရာတော်ကြီး။

ဤကဲ့သို့ ထူးဆန်းပုံများကို တပင်ရွှေထီးကိုးကွယ်သော "ဇောတိကာရုံ" ဆရာတော်ကြီး ကြားတော်မူလေရာ၊ပြတ်ပြီးသောဦးခေါင်းတော်က၊ မျက်တောင်တော်ခပ်သည့်တိတ်နိမိတ်များမှာ ကလိုင်းနိုင်ငံမှာ တလိုင်းလူမျိုးတို့ အုပ်စိုးရလိမ့်ဦးမည်မဟုတ်သေး။ မြန်မာများ ဆက်လက်ရလိမ့် ဦးမည်ဟူ၍ မိန့်ဆိုတော်မူသည်။ (ထိုအမိန့်တော်အတိုင်းပင် ဟံသာဝတီ နေပြည်တော်ကြီးမှာ ဘုရင်တပင်ရွှေထီး၏ ယောက်ဘတော်ကြီးဖြစ်သူ သျှင်ရဲထွတ်သည် "ဟံသာဝတီဆင်ဖြူရှင်" ဟူ သောဘွဲ့တော်ဖြင့် အုပ်စိုးတော်မူလတ္တံ့။)

ဇောတိကာရုံဆရာတော်ကြီးသည် ဘုရင်တပင်ရွှေထီး နတ်ပြည်စံကြောင်းကို ကြားတော် မူရာ၊ မိမိတတ်နိုင်သောဘက်က ဘုရင့်အလောင်းတော်ကို ချီးမြှင့်လိုသောဆန္ဒရှိတော်မူသည်နှင့် အလောင်းတော်ရှိရာ ယာယီနန်းသို့ လျင်မြန်စွာကြွတော်မူပြီးလျှင် သမိန်စောထွတ်ထံသို့ ဝင်၍ အခွင့်တောင်းစကား မိန့်ကြားတော်မူသည်မှာ။

တကာတော်ဘုရင်တပင်ရွှေထီးသည် ဘုန်းသမ္ဘာအရှိန်ကိုယုတ်သိမ်းချိန်တန်သည်နှင့် နတ်ပြည် စံလွန်တော်မူရချေပြီ။ ဘုရင်တပင်ရွှေထီးသည် လူ့ပြည်လောကသို့ ဖြစ်ထွန်းပေါ်ပေါက်လာတော် မူသည်မှာ သာမန်ပုဂ္ဂိုလ်မျှမဟုတ်ချေ။ ကေတုမတီ တောင်ငူမြို့ကြီး၌ ဘွားတော်မူစဉ်ကလည်း တိတ်ကြီး, နိမိတ်ကြီးများစွာတို့ အထူးအဆန်း အံ့ဩဘနန်းဖြစ်၍ ဘွားတော်မူလာခဲ့ပေသည်။ ယခု စစ်တောင်းနယ်တောအရပ်မှာ နတ်ပြည် စံလွန်တော်မူသောအခါလည်း ထူးဆန်းသော နိမိတ်ကြီးများ ထင်ရှားစွာပြစ်ပေါ်ပေသည်။ ငယ်ရွယ်စဉ်ကပင် ဘုရင်အဖြစ်သို့ရောက်၍ အောင် ပွဲအမျိုးမျိုးကို အောင်တော်မူကာ၊ အောင်လံထူပြီးလျှင် ဘယ်သူတို့နှင့်မှ မတူတန်အောင် ဘုန်း တော်များလည်း ကြီးမားခဲ့သည်။ ဤကဲ့သို့ ထူးကဲမြင့်မြတ်သော ဝိသေသ ပုဂ္ဂိုလ်၏ အလောင်း တော်ကို သာမန်ပုဂ္ဂိုလ်များကဲ့သို့ ဈာပနကိစ္စကိုဆောင်ရွက်ရန် မသင့်လျော်ပေ။ ချီးမြှောက်တန် သမျှ ချီးမြှောက်၍ ဈာပနကိစ္စကိုဆောင်ရွက်ရန် သင့်လျော်ပေသည်။ သို့ဖြစ်၍ တကာတော်က ဆရာတော်အား ဈာပနကိစ္စဆောင်ရွက်ရန် အခွင့်ပေးသောအားဖြင့် အလောင်းတော်ကို လှူစေ လိုကြောင်းဖြင့် မေတ္တာရပ်ခံပါသည်။

ဤကဲ့သို့ မိန့်တော်မူသည်တွင် သမိန်စောထွတ်ကလည်း မိမိအကြံအောင်မြင်ပြီးဖြစ်သည် နှင့် တစုံတရာမျှကန့်ကွက်ခြင်းမရှိဘဲ ဆရာတော်၏သဘောအတိုင်း ဆောင်ရွက်တော်မူပါဘုရား ဟု အကြည်အသာ လျှောက်ထား၍အပ်နှင်းလေ၏။

အခွင့်ရသောအခါ ဇောတိကာရုံ ဆရာတော်ကြီးလည်း အလောင်းတော်ကိုလက်ရှိသိမ်း ပိုက်တော်မူပြီးလျှင် မိမိကို ကြည်ညိုသောသူတို့နှင့် တိုင်ပင်ညှိနှိုင်းပြီးလျှင် နတ်ပြည်စံလွန်တော် မူသော ဘုရင်၏အလောင်းကို ကောင်းစွာသဂြိုဟ်တော်မူသည်။

(မှတ်ချက်။ ။ကောင်းမွန်စွာ သဂြိုဟ်သည်ဆိုသော်လည်း ရွှေနန်းတော်ဝယ် အတင့် အတယ် နတ်ပြည်စံလွန်ရတွင် သဂြိုဟ်သကဲ့သို့ ဘုရင်နှင့် ထိုက်တန်အောင် သဂြိုဟ် နိုင်အသည် မဟုတ်ချေ။ တောတောင်အတွင်းမှာ အထိုက်အလျောက် ဘဂြိုဟ်ရသည်ကိုပင် ကောင်းမွန်စွာ

သဂြိုဟ်သည်ဟု ရာဇဝင်၌ ဆိုရလေသည်။ ဇောတိကာရုံ ဆရာတော်ကြီး ကိုယ်တိုင် ကြီးကြပ်၍ သဂြိုဟ်ခြင်းမပြုပါလျှင် ထိုမျှထိုမျှလောက် ကြီးကျယ်စွာ သဂြိုဟ်ရမည် မဟုတ်ချေ။ သမိန်စောထွတ် အလိုဆန္ဒအတိုင်းဖြစ်ပါလျှင် မြန်မာလူမျိုးတို့၏အပေါ်မှာ များစွာမုန်းထားလေ့ရှိသဖြင့် မြန်မာဘုရင်၏အလောင်းကို အနည်းငယ်မျှ ဂရုစိုက်လိမ့်မည်မဟုတ်ချေ။

အလောင်းတော်ကို ကောင်းမွန်စွာသဂြိုဟ်ပြီးနောက်၊ ဇောတိကာရုံ ဆရာတော်ဘုရားကြီး ကိုယ်တိုင် အရိုးတော်တို့ကို ကောက်ယူကာ၊ ရွှေအိုး၌ထည့်ပြီးလျှင် ကောင်းမွန် သန့်ပြန့်သော အရပ်ဌာန၌ မြှုပ်နှံတော်မူလေသည်။

(မှတ်ချက်။ ။ရာဇဝင်တို့၌ တပင်ရွှေထီး၏ အရိုးကို ရွှေအိုး၌ထည့်၍၊ သန့်ပြန့်သော အရပ်ဌာနမှာ မြှုပ်နှံသည်ဟူ၍သာ အဆိုရှိသည်။မည်သည့်ဌာန၌ မြှုပ်နှံသည်ဟူ၍ အဆိုမရှိချေ။ သို့ဖြစ်၍ ယခုခေတ်အခါ အလွန်ဘုန်းကြီးသော တပင်ရွှေထီး၏အရိုးတော် မြှုပ်နှံရာဒေသကို မည်သူမျှမသိနိုင်ကြချေ။ အကယ်၍ ထိုလက်ထက်အခါကစ၍ အထင်အရှား အမှတ်အသားပြုလုပ်၍ထားခဲ့ပါလျှင် ယခုခေတ်သို့ တိုင်အောင် ထိုနေရာဌာနကို လူတိုင်း သိကြမည်ဖြစ်ပေသည်။ မြန်မာပြည်၌ ရှေးခေတ်အခါ ဤကဲ့သို့သောအရေးကိစ္စများကို အရေးတခုပြု၍ ဂရုစိုက်လေ့မရှိကြကုန်။ အချို့သော နိုင်ငံကြီးတို့၌မူကား၊ ထိုကဲ့သို့ဘုန်းတန်ခိုးကြီးမား၍ ထူးချွန်သော ပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်သော အထိမ်းအမှတ်များကို နောင်အနာဂတ်အဘို့၌ ကြာရှည်လေးမြင့်စွာ တည်တံ့ရစ်လေအောင် အထူးပင်ဂရုစိုက်ခြင်းအားဖြင့် နောင်အခါရာဇဝင်ပညာနှင့် သက်ဆိုင်၍ များစွာ အသုံးဝင်လေသည်။ ထို့ပြင်လည်း အမျိုးဇာတ်နှင့်စပ်လျဉ်း၍၊ မတိမ်မြုပ်နိုင်သော အချက်များကို ရရှိနိုင်လေသည်။ မြန်မာပြည်၌ ရှေးအခါ ထွန်းကားကြီးပွါးခဲ့ဘူးသော ဝိသေသပုဂ္ဂိုလ်တို့၏ အထိမ်းအမှတ်ကြီးများ မရှိခဲ့သည်မှာ လွန်စွာချို့တဲ့၍ နစ်နာဘွယ်ကောင်းလှသည်ဟု ဆိုထိုက်ပေသည်)။

ထိုနောက် ကျော်ထင်နော်ရထာဘွဲ့ခံ "သျှင်ရဲထွတ်" သည် အကြံ[illegible]စည် အောင်မြင်၍ ဘုရင်အဖြစ်သို့ ရောက်တော်မူသောအခါ သက္ကရာဇ် (၉၁၄) ကိုးရာ့တဆဲ့လေးခု၊ ဝါဆိုလ အတွင်း၌ ဘုရင်တပင်ရွှေထီး သင်းချိုင်းတော်ရာသို့ "နန္ဒသူရိယ" အမတ်နှင့် "နန္ဒကျော်ထင်" အမတ်နှစ်ယောက်တို့ကို လွှတ်တော်မူပြီးလျှင် ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတန်ဆောင်တိုင်၊ ငွေတန်ဆောင်တိုင်၊ တို့ဖြင့် ပူဇော်စေ၍ တပင်ရွှေထီး သင်းချိုင်းတော်ရာတွင် စေတီ တည်ထားတော်မူစေသည်။

ဤသို့ သျှင်ရဲထွတ်က တည်ထားသော စေတီသည်လည်း ယခုအခါ မည့်သည့်ဌာနမှာ ရှိသည်ဟူ၍ မသိနိုင်တော့ချေ။

## တပင်ရွှေထီး၏ ဘွားနေ့ဘွားရက်နှင့် နတ်ပြည်စံနေ့ ရက်တူမျှပုံ။

ဘုရင်တပင်ရွှေထီးသည် သက္ကရာဇ်(၈၇၈)ခု၊ ကဆုန်လပြည့်ကျော် ၁-ရက်၊ဗုဒ္ဓဟူးနေ့တွင် ဘွားမြင်တော်မူသည်။ သက္ကရာဇ်(၉၁၂)ခု၊ ကဆုန်လပြည့်ကျော် တရက် ဗုဒ္ဓဟူးနေ့မှာပင် နတ်ပြည်စံလွန်တော်မူသည်။ ဘွားနေ့ဘွားရက်၊ နတ်ပြည်စံနေ့စံရက်၊ ကိုက်၍နေ၏။

မင်းသာအဖြစ်နှင့် အိမ်နိမ့်(၁၅) နှစ် ထီးနန်းစည်းစိမ်အနှစ်(၂၀)သက်တော်(၃၅) နှစ်တွင်နတ်ပြည်စံလွန်တော်မူသည်။ဥပစ္ဆေဒကကံဖြင့် နတ်ပြည် စံလွန်တော်မူရသော အရွယ်တော်မှာ နုနယ်ပျိုမြစ်တုန်းပင် ရှိသေးသည်။

ထိုအချိန်အရွယ်မှာ နတ်ပြည်စံတော်မမူသင့်သေးဘဲလျက် စံလွန်တော်မူရသည်မှာ အခြားအကြောင်းကြောင့်မဟုတ်။ မြန်မာဘုရင် အစဉ် အဆက်တို့ လိုက်စားရိုး ဓမ္မတာမဟုတ် မင်းတို့နှင့် မသင့်မလျော်သော သေရည်သေရက်သောက်စားမှု အလေ့ကို မှားယွင်းစွာ လိုက်ပါတော်မူခြင်းကြောင့် ဖြစ်ရလေသည်။

ထိုကဲ့သို့သော သေရည်သေရက်ကို အလွန်လိုက်စား မူးယစ်တော်မူသည်မှာလည်း မိမိတို့မြန်မာ အမျိုးနှင့် အယူဘာသာမတူသော ဥရောပတိုက်သားကို အတွင်းထား၍ မြှောက်စားတော်မူခြင်းကြောင့်သာ ဖြစ်လေသည်။

သေရည်သေရက် သောက်စားခြင်းသည် အမှားတကာတို့၏ မူရင်းပဓါန ဖြစ်သောအတိုင်း သေရည်သောက်စားမှုကို လက်ကိုင်ထားသောအခါ အမှားပေါင်းများစွာ ဆက်လက်၍ မှားရလေတော့သည်။ဘုရင်တပင်ရွှေထီးသည် သေရည်သေရက် သောက်စားသောအလေ့ကို လက်ကိုင်ထား၍ မူးယစ်သည်က အစပြုပြီးလျှင် ရှေးက အမူအရာမျိုးနှင့် စံနေတော် မမူနိုင်တော့ဘဲ မမြှောက်စားသင့်သော သူများကို မြှောက်စားခြင်း၊ မြှောက်စားထိုက်သော သူများကို ဂရုမထားခြင်း၊ ကောင်းမွန်သော အလေ့အလာတို့ကို မေ့လျော့ခြင်း၊ သူတော်ကောင်းတို့၏ အမူအရာများကိုမပြုဘဲ စွန့်ပယ်လစ်ဟင်းစေလျက် မသူတော်တို့၏ အမူအရာများကို တရားမဲ့ လိုက်စား၍သာ နေတော်မူလေသည်။

ဤကဲ့သော အချက်များနှင့် တပင်ရွှေထီး၏ ဝတ္ထုသွားကို ထောက်ထား ဆင်ခြင်ပြီးလျှင် ဘုရားမှစ၍၊ သူတော်ကောင်း ပုဂ္ဂိုလ်အပေါင်းတို့ မကြိုက်မနှစ်သက်သော သေရည်သေရက် သောက်စားမှုများကို ဝေးစွာရှောင်ရှားသင့်ကြပေသည်။ ။ဤဝတ္ထုကို စ၍ရေးသားရခြင်းကလည်း တပင်ရွှေထီး၏ ဝတ္ထုသာဓကကို ထင်ရှားစွာ ဘော်ပြ၍ လူပေါင်းများစွာတို့အား။ သေရည်သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်လိုသော စေတနာဖြင့် ရေးသားခဲ့ခြင်းဖြစ်ပေသည်။

ဘုရင်တပင်ရွှေထီးသည် မိမိ၏အကျိုးတော်ကို တကယ်အမှန် လိုလားသောဘုရင့်နောင်ကျော်ထင်နော်ရထာဘွဲ့ခံ "သျှင်ရဲထွတ်"၏ စကားကို နားစိုက်နာခြင်းမရှိဘဲ အကျိုးလိုလားဟန်နှင့် အကြံကောက်ကျစ်လျက်ရှိသော **"သမိန်စောထွတ်"**၏ ပရိယာယ်စကားများကိုသာ လိုက်နာအရေးယူတော်မူသောကြောင့် ပျက်စီးတော်မမူသင့်ဘဲ မလှတမပျက်စီးတော်မူရသည့် အချက်ကို ထောက်ထားကြပြီးလျှင် ဤတပင်ရွှေထီးဝတ္ထုတော်ကြီးကိုဘတ်ရှုတော်မမူကြကုန်သော မိတ်ဆွေပေါင်း များစွာတို့သည်လည်း အကျိုးလိုလားသောသူတို့၏ စကားကို နာယူခြင်း မပြုမိစေဘဲ ရှောင်ရှားနိုင်သမျှ ရှောင်ရှားသင့်ကြပေသည်။

တကယ်အမှန် အကျိုးလိုလားသော သူတို့၏ စကားကို လိုက်နာခြင်း တကယ်အကျိုးမလိုလားသောသူတို့၏စကားကို အရေးမစိုက်ခြင်း အမှုကို ပြုသင့်ကြပေသည်။ ။ဤသူကား။

ငါ့အပေါ်၌ အကျိုးလိုလား၏။ ဤသူကား ငါ့အပေါ်၌ အကျိုးမလိုလား ဤအချက်ကိုမူကား ကိုယ်ပိုင်ဉာဏ်ဖြင့် နှိုင်းချိန်၍၊ ဆင်ခြင်ကြရမည် ဖြစ်ပေသည်။

ဘုရင်တပင်ရွှေထီးသည် မကျက်စားသင့်သော အရပ်သို့ ထွက်တော်မူကာ ကျက်စားမိသောကြောင့် ပျက်စီးတော်မူရသောအချက်ကိုထောက်ထား ဆင်ခြင်ပြီးလျှင် မသွားသင့်သော အရပ်ဌာနများကို မသွားကြဘဲ ရှောင်ရှားနိုင်သမျှ ရှောင်ရှား၍ အခြေမပျက်, အနေမပျက်, နေထိုင်သောအလေ့မျိုးကို အထူး ဂရုပြုသင့်ကြပေသည်။ ။ "နဂိုကိုပျက်၍ ယာယီမပြုစကောင်း" ဆိုထားသော ရှေးပညာရှိတို့၏ စကားကိုလည်း အထူးသတိထားသင့်ကြပေသည်။

ဘုရင်တပင်ရွှေထီးသည် စစ်မြေပြင်ပေါင်း များစွာတို့၌ အောင်ပွဲယူကာ အောင်လံစိုက်တော်မူ၍၊ နိုင်ငံပေါင်းများစွာတို့ကို စိုးပိုင် အုပ်ချုပ်တော်မူရသောအခါ အဆမတန် ရာဇမာန်တက်ကြွတော်မူပြီးလျှင် ပညာရှိတို့၏ စကားကို များစွာအရေးမယူဘဲ စိတ်ထင်တော်မူတိုင်း ဇွတ်ဒရွတ် ပြုတော်မူလေ့ရှိခြင်းကြောင့် မှားယွင်းတော်မူပုံအချက်များ ထောက်ထား ဆင်ခြင်ကြပြီးလျှင် ပစ္စည်းဥစ္စာပြည့်စုံ၍ဖြစ်စေ ဘွဲ့ထူး ဂုဏ်သိမ် စည်းစိမ်ကျက်သရေ တိုးတက်၍ဖြစ်စေ ရှေးကနှင့်မတူ အမူကွဲပြားစွာနှင့် မာနတံခွန် အလွန်ထောင်လွှားခြင်း အမှုကို မပြုသင့်ဟူ၍ နှလုံးပိုက်သွင်းကြပေသည်။ နွေ, မိုး, ဆောင်း, သဘောအမူအရာ မပြောင်းသော ထန်းပင်တို့၏ အလေ့မျိုးကို အတုခိုးပြီးလျှင် စည်းစိမ် ကြီးမားခြင်းကြောင့်ဖြစ်စေ စည်းစိမ်ပျက်စီးခြင်းကြောင့် ဖြစ်စေ စိတ်နေ, စိတ်ထား, ပြောင်းလဲခြင်းမရှိဘဲ။ မိမိ၏ စိတ်ဓာတ်ကို တသမတ်ထည်း ထားသင့်သည်ဟူသော သဘောစရိုက်ကိုလည်း နှလုံးပိုက်သင့်ပေသည်။

ဘုရင် တပင်ရွှေထီးသည် ရဲရင့်ခြင်းသတ္တိဖြင့် အမျိုးကျက်သရေရှိအောင် ရွက်ဆောင်တော်မူခဲ့ပုံ အချက်များကို ထောက်ထား ဆင်ခြင်ကြပြီးလျှင် စွမ်းရေသတ္တိနှင့် အမျိုးမာန်, အမျိုးသွေးကို မလျော့စေဘဲ ထက်သန်စွာ ချွန်စေပြီးလျှင် အမျိုး၏ ချမ်းသာကြောင်း၊ အမျိုး၏ ကျက်သရေရှိကြောင်း၊နိုင်ငံ၏ ချမ်းသာကြောင်း များကို တရားသဖြင့် တတ်စွမ်းသမျှ ရွက်ဆောင်သင့်ကြပေသည် ဟူ၍လည်း အမြဲပင် နှလုံးသွင်း ထိုက်ကြပေသည်။

အထက်ပါ စကားရပ်မှာ တပင်ရွှေထီး ဝတ္ထုတော်ကြီးနှင့် စပ်လျဉ်း၍ ညွှန်ကြားချက် ဥပဒေသကို ဘော်ပြရေးသားလိုက်သော စကားရပ် ဖြစ်ပေသည်။

ဘုရင် တပင်ရွှေထီး နတ်ပြည် စံတော်မူသည့်နောက် "ရာဇဝင်ဆရာ" တို့လည်း တပင်ရွှေထီးအကြောင်းကို ရေးသားတော် မမူခဲ့ကြကုန်၊ ချောင်းဆရာတို့ကလည်း တပင်ရွှေထီး၏ ဘုန်းတော်များကို ဘွဲ့ဆိုရေးသားမှုကို ပြုတော်မမူကြကုန်။ နောက်ဆက်လက်၍ နန်းတက်တော်မူသော ဟံသာဝတီ ဆင်ဖြူရှင်ကြီး၏ ဘုန်းတော်များကို ချွဲချွဲ ထွင်ထွင် ရေးသားတော်မူလေ့ရှိကြပေသည် သို့ဖြစ်၍ တပင်ရွှေထီး၏ အတ္ထုပ္ပတ္တိတော်များသည် နတ်ပြည် စံလွန်တော်မူပြီးနောက် ကွယ်ပျောက်တိမ်မြုပ်၍ သွားသကဲ့သို့ ဖြစ်လေတော့သည်။

မြန်မာရာဇဝင်ဆရာ ချောင်းဆရာတို့၏ အလေ့မှာ နတ်ပြည် စံလွန်တော်မူသော ဘုရင်၏ နောက်ထပ်ဆက်လက်၍ နန်းမွေခံသော ဘုရင်သည် နတ်ပြည် စံလွန်တော်မူသော ဘုရင်၏

သားတော်များ ဖြစ်မှသာလျှင် များသောအားဖြင့် ရေးသားချီးကျူးလေ့ ရှိကြသည် ဟံသာဝတီဆင်ဖြူရှင် မင်းတရားကြီး၏ နန်းမွေခံ ဘုရင်များသည်ကား။ သားတော်, မြေးတော်များ, ဖြစ်ကြသောကြောင့် များစွာချီးကျူး ရေးသား ဘွဲ့ဆိုကြလေသည်။

ဘုရင်တပင်ရွှေထီး၏ နောက်ဆက်မှာကား သားတော်မဟုတ်ချေ။ သို့ဖြစ်၍ ဘုရင်တပင်ရွှေထီး နတ်ပြည်စံတော်မူသည့်နောက် အနွယ်အဆက် ပြတ်လေတော့သည့် ကိုယ်တော်တပါးထည်း ထွန်းကားသောဘုရင်ဟု ဆိုထိုက်ပေသည်။

ဘုရင် တပင်ရွှေထီး၏ သားတော်, သမီးတော်များကို ရာဇဝင်တို့၌ အထူးဘော်ပြခြင်းမရှိချေ။ ။"မင်းလကျ်ာ" အမည်ရှိသော သားတော်တပါးကိုသာလျှင် ရေးသားသည်ကိုတွေ့ရှိရသည်။ ။ထိုတပင်ရွှေထီး၏ သားတော်ဖြစ်သော မင်းလကျ်ာ သည်လည်း ထွန်းကားသည်မဟုတ်ချေ။ အဝနေပြည်တော်မှာ ခေတ္တမျှ "မြို့ဝန်" ဖြစ်ရတော့သည်။ ။ထိုမင်း လကျ်ာကိုလည်း။ ဘယ်မိဖုယားက ဘွားမြင်တော်မူသော သားတော်ဟူ၍ ရာဇဝင်တို့၌ အထူးပြဆိုချက်ကို မတွေ့ရချေ။ အခြားသော သားတော်, သမီးတော်များလည်း ရှိဟန်တူ၏။ သို့ရာတွင် မထင်ရှားချေ။ ။ "ခင်ဘုန်း" စသော မိဖုယားတို့၏ အကြောင်းအရာများလည်း ရာဇဝင်တို့၌ တိမ်မြုပ်၍ သွားလေတော့၏။ ဤသို့ ဖြစ်ရလေသည်မှာ ရှေးဟောင်းပညာကို လေ့လာရှာမှီးသောသူတို့ အတွက် ချို့တဲ့သောအချက်တခုဟူ၍ ဆိုထိုက်ပေသည်။

## တပင်ရွှေထီးနတ်ပြည်စံတော်မူရာ တိုင်းနိုင်ငံတွေဖရိုဖရဲ ဖြစ်ကုန်ခြင်း

ဘုရင် တပင်ရွှေထီး နတ်ပြည်စံလွန်တော်မူပြီဟု၊ တပ်တော်များ အစေ့အနှံ့ကြားကြလေသောအခါ သမိန်စောထွတ်၏ ညဏ်ဖြစ်ကြောင်းကို သိကြသည်နှင့် "ယခုအခါ သူ့လက်တွင်းသို့ရောက်နေပြီ။ ခုခံသော်လည်း အကျိုးရှိတော့မည်မဟုတ်၊ တလိုင်းလူမျိုး စစ်အမှုထမ်းတွေလည်း လွန်စွာများသည်။ ကိုယ်လွတ်ရုံးမှ သင့်ကြတော့မည်"ဟု တိုင်ပင်ကြပြီးလျှင် အုပ်စီး၍မရဘဲ မြန်မာတို့သည် ပြေးမိပြေးရာ ပြေးကြလေ၏။ အချို့က. ဟံသာဝတီသို့ ပြေးသည်။ ။ အချို့က တောင်ငူသို့ ပြေးကြသည်။ အချို့က မုတ္တမသို့ပြေးကြသည်။ အချို့ကလည်း တောကျေးလက်သို့ ပုန်းရှောင်ရန်ထွက်ပြေးကြသည်။ တချို့တလိုင်းများလည်း မြန်မာတို့နှင့် ချစ်ခင်နေကြသဖြင့် အမိန်စောထွတ်ဘက်သို့မဝင်ဘဲ မြန်မာတို့နှင့်အတူ လိုက်ပါ ထွက်ပြေးကြသည်။

ဤကဲ့သို့ ဖရိုဖရဲ တပ်ကြီးပြိုကွဲပြေးကြရာတွင် သမိန်စောထွတ်က မိမိအုပ်စီးသောတပ်တို့ဖြင့် ရသမျှ လိုက်လန်ဘမ်းဆီးကာ သတ်ဖြတ်လေ၏။ ထိုအခါ များစွာပင် သေကြေပျက်စီးကြရသည်။ တပင်ရွှေထီး၏ ကျွန်တော်ရင်းများကိုမူကား တယောက်မကျန် ဘမ်းမိသမျှ အကုန်သတ်ပစ်လေသည်။

အချို့က အသက်ဘေးမှ ကြောက်သဖြင့် "အမှုတော်ကို ထမ်းပါမည်"ဟု ရိုသေစွာလျှောက်ထားတောင်းပန်သူ များကိုမူကား၊ အသက်ချမ်းသာခွင့်ကိုပေး၍ အမှုကို ထမ်းရွက်စေသည်။ ဖရိုဖရဲ တပ်ကြီးပျက်၍ ပြေးကြရာတွင် ကျန်ရစ်သော ဆင်,မြင်းများနှင့် လက်နက်တို့ကို

သမိန်စောထွတ်က အလုံးစုံသိမ်းယူပြီးလျှင် ဗိုလ်ပါအင်အား ထပ်လောင်း၍ အားရှိကြောင်းကို စီမံလေသည်။

### သမိန်စောထွတ် ဘုရင်အဖြစ်သို့ ဆိုက်ရောက်ခြင်း။

သမိန်စောထွတ်သည် ဘုရင်တပင်ရွှေထီး ချီတော်မူလာရာတွင် ပါရှိသော ဆင်,မြင်း,နှင့် လက်နက်တို့ကို သိမ်းယူပြီးလျှင် စစ်တောင်းမြို့သို့ဝင်၍ ဘုရင်ပြုလုပ်ပြီးလျှင် "သမိန်စက္ကဝေါ" ဟူသောဘွဲ့ကို ခံယူလေ၏။ စစ်တောင်းနယ်တနယ်လုံးကို လှည့်ပတ်၍ မောင်းကြေးနင်း ခပ်ပြီးလျှင် "သမိန်စက္ကဝေါမည်သော မွန်ဘုရင် နန်းတက်တော်မူပြီ။ မြန်မာမင်းကို အောင်မြင်ပြီ။ တလိုင်းလူမျိုးများ ချမ်းသာ ကြတော့မည်။ အမှုတော်ကို ကြိုးစား ထမ်းကြရမည်။ မကြာမီ ဟံသာဝတီနေပြည်တော်သို့ ချီတက်စိုးစံတော်မူလိမ့်မည်" ဟု ကြော်ငြာစေ၏။

ထိုအခါ တလိုင်းလူမျိုးတို့သည် မိမိတို့၏အဆက်အနွယ်က ဘုရင်ဖြစ်ပြီဟု ကြားကြသည်နှင့် များစွာအားတက်ကြပြီးလျှ အမှုတော်ကို ထမ်းကြရန် သမိန်စက္ကဝေါ ဘုရင်ထံသို့ လက်ဆောင်ပဏ္ဏာတို့ဖြင့် များစွာ လာရောက်ခစားကြလေ၏။ သမိန်စက္ကဝေါဘုရင်သည် စစ်တောင်းနယ်ကို လွယ်ကူစွာအုပ်စိုးမိလေရာ၊ ဗိုလ်ပါများသည်ထက်များအောင် စုဆောင်း၍ ဟံသာဝတီနေပြည်တော်ကြီးသို့ ချီတက်တိုက်ခိုက်သိမ်းပိုက်ရန် အားယူ၍ နေလေသည်။

### ဘုရင်တပင်ရွှေထီး နတ်ပြည်စံတော်မူသောအခါ တုရင်သီဟအမတ်၏ ရှက်ဆောင်ပုံ

ဘုရင်တပင်ရွှေထီး၏ အပါးတော်တွင် အမြဲခစားနေရသောမြန်မာအမတ် "**တုရင်သီဟ**" သည် ဘုရင်မင်းမြတ်စက်တော်မူနေစဉ် ဓားမှူးနှစ်ယောက်ဝင်၍ လုပ်ကြံကြသည်နှင့်တပြိုင်နက် "အရေးမလှတော့ဘူး" ဟု စိတ်ပိုင်းဖြတ်ပြီးလျှင် အကြောင်းမျိုးစုံကို စစ်ဘုရင်ကြီး သျှင်ရဲထွတ်အား လျှောက်တင်ရန် လျှင်မြန်စွာထွက်ပြေး၍လာခဲ့လေ၏။ တုရင်သီဟကား ဘုရင်မင်းမြတ်၏ ပျက်စီးတော်မူရပုံကို ထင်ရှားစွာ ဒိဋ္ဌမြင်ရသောသူဖြစ်သည်။ ထွက်ပြေးခဲ့ရာတွင် မိမိနှင့်အတူ တကွ ကျွန်ရှစ်ယောက်ကို နောက်ပါခေါ်၍လာခဲ့လေ၏။

အလျှင်အမြန်ခရီးပြင်းထွက်၍လာခဲ့ရာ များမကြာမီ အတွင်းမှာပင် ဟံသာဝတီနေပြည်တော်သို့ ဆိုက်ရောက်လေသည်။ ရောက်လျှင်ရောက်ခြင်း သျှင်ရဲထွတ် အိမ်တော်သို့ ဝင်ပြီးလျှင် "**သခင်ကြီး**" အား မောင်တော်ဘုရင် တပင်ရွှေထီး၏ ပျက်စီးပုံ အကြောင်းအရာများနှင့် သမိန်စောထွတ်၏အကြံအစည်များကို အလုံးစုံလျှောက်တင်လေ၏။

သခင်ကြီးသည် မောင်တော်ရွှေနန်းရှင်ဘုရား၏ ဖြစ်ရတော်မူပုံများကို ကြားရလေသောအခါ "တောင်ငူရာဇဝင်အညွန့်တုံး၍ ဗုံးဗုံးလဲပါပေါ့" ဟု တချက်မျှ ညီးတွားတော်မူပြီးလျှင် သလွန်တော်ထက်မှာ မဟန်နိုင်ဘဲမျောမေ့၍ လဲတော်မူလေ၏။ လက်ပါးစေ အပျိုတော်များက ကဏ္ဍူရှုနှာတော်နှပ်မှသတိ ရတော်မူလာဘည်။

သတိရလျှင် လွန်စွာအရေးကြီးလှသဖြင့် တုရင်သီဟကို အပါးတော်သို့ ခေါ်ပြီး "ယခု မောင်တို့သခင်လဲ ဟံသာဝတီနေပြည်တော်မှာမရှိပါ၊ ဒလမြို့မှာ ရပ်တန့်တော်မူပြီး သမိန်ထော

ရာမ၏ ရန်များကို နှိမ်နင်းနေဆဲဖြစ်ပါသည်။ ထွတ်ထွတ်ထံသို့ အလျှင်အမြန် မောင့်ကိုယ်တိုင် သွားပြီး မောင်တော် ရွှေနန်းရှင်ဘုရား၏ ဖြစ်တော်မူပုံကို စုံလင်စွာ လျှောက်တင်ပါ၊ နှောင့်နှေး၍ မနေပါစေနှင့်၊ ဟံသာဝတီမြို့တော်ကြီးမှာလဲ မကြာမီအန္တရာယ် ဆိုက်ရောက်၍ လာပါလိမ့်မည်။ အရေးကုန်လွှတ်၍သာ ကြံတော်မူပါတော့လို့လျှောက်တင်ပါလေ” ဤသို့မိန့်တော်မူပြီးလျှင် တုရင်သီဟကို သျှင်ရဲထွတ်ရှိရာ ဒလမြို့သို့ လျှင်မြန်စွာ စေလွှတ်တော်မူလေ၏။ တုရင်သီဟလည်း ဟံသာဝတီနေပြည်တော်မှာ ရပ်ဆိုင်းခြင်း မပြုဘဲ ထိုအိမ်တော်မှ ထွက်၍ အလျှင်အမြန် ဒလမြို့သို့ သွားလေသည်။

ဘုရင်တပင်ရွှေထီး စစ်တောင်းမြို့ တောအရပ်မှာ ရန်သူ၏ လက်နက်ကြောင့် နတ်ရွာစံကြောင်းကို ရွှေနန်းတော်ကြီးက ကြားလေရာ နန်းတော်သူ,နန်းတော်သား,အလုံးစုံတို့မှာ ကြံရာမရဘဲ၊ ကမ္ဘာကြီး ပျက်ဘကဲ့သို့ ဆူပွက်၍နေကြလေသည်။ ဤအကြောင်းများကို ချဲ့ထွင် ရေးသားလေလျှင် အလွန်ကျယ်ဝန်း၍ သွားတော့မည်။

## သီဟသူ၏ အကြံအစည်

ဘုရင်တပင်ရွှေထီး၊ ရွှေနန်းတော်မှထွက်ခွါတော်မူစဉ်အခါ တောင်ငူဘုရင်ခံ“သီဟသူ”ကို ဟံသာဝတီမြို့တော်၌ အစောင့်အရှောက် ထားခဲ့ပုံများကို နောက်က ပြဆိုခဲ့ပြီ။ထိုသီဟသူကား သျှင်ရဲထွတ်၏ညီတော်ဖြစ်ကြောင်းကိုလည်း ပြဆိုခဲ့ပြီ။

စစ်တောင်းနယ် တော အတွင်းမှာ ရွှေနန်းရှင်ဘုရား နတ်ရွာလားတော်မူကြောင်း၊ တလိုင်းအမတ်သမိန်စောထွတ်သည် စစ်တောင်းမြို့“သမိန်စက္ကဝေါ”ဘွဲ့ကို ခံယူ၍ ဘုရင် ပြုလုပ်ကြောင်းများကို သီဟသူကြားလေသောအခါ ရုတ်တရက်ထိတ်ထိတ်ပြာပြာဖြစ်ပြီး ကိုယ်ကောင်းကြံလိုသောသဘောမျိုးဖြင့် တကိုယ်တည်း ကြံစည်လေသည်မှာ။

ယခုရွှေနန်းရှင်ဘုရားလည်း နတ်ပြည် စံလွန်တော်မူလေပြီ၊ နောင်တော်သျှင်ရဲထွတ်လည်း ဒလမြို့မှာရှိတော်မူသည်။ သမိန်စောထွတ်လည်း ဘုရင်အဖြစ်ကိုခံယူလေပြီဖြစ်၍ တလိုင်းတို့အားရှိ၍လာတော့မည်။ ဟံသာဝတီမြို့တော်ကြီးလည်း တလိုင်းတို့နိုင်ငံ ဖြစ်သောအတိုင်း သည်မြို့ကနေ၍ ငါခုခံသော်လည်း တတ်နိုင်လိမ့်မည်မထင်၊ တောင်ငူမြို့သို့ပြန်၍ အကြံပြုလျှင် သင့်လျော်လိမ့်မည်။ နောင်တော်ကျော်ထင်နော်ရထာကို အားကိုးနေသော်လည်း အကျိုးရှိချင်မှ ရှိလိမ့်မည်။ယခုကဲ့သို့အရေးကြီးကြုံနေသည့်အခါ ကိုယ်ရေးကိုယ်တာ,ကိုသာ ကြံစည်မှ သင့်တော့မည်။

ဤကဲ့သို့ ကြံစည်ပြီးလျှင် သမိန်စောထွတ်၏ရန်ကို ခုခံတိုက်ခိုက်မည်ဟု သဘောမထားဘဲ ကိုလွှတ်ရန်းပြီးလျှင် ဟံသာဝတီမှာရှိသော ဗိုလ်ပါအင်အားနှင့် ရွှေတိုက်,ငွေတိုက်,တို့၌ရှိသော အဘိုးတန် ရတနာကို ယူဆောင်ပြီးလျှင် တောင်ငူသို့ အလျှင်တလျှော ထွက်ချီ၍ သွားတော်မူလေသည်။ တောင်ငူသို့ ရောက်လျှင် “မင်းခေါင်”ဟူသော အမည်ကို ခံယူပြီးလျှင် မြို့ပြ ကျုံးမြောင်းများကို ခိုင်ခန့်စွာ ပြင်ဆင်၍ ဘုရင်တပါးပြုလုပ်ကာ ခြားနားလေ၏။

မြို့စောင့်သီဟသူ ဟံသာဝတီမှထွက်ချီတော်မူလေသောအခါ ဟံသာဝတီ နေပြည်တော်ကြီးသည် အုပ်ချုပ်သူ ကင်း၍ မင်းမဲ့နေပြည်တော်ကြီးဖြစ်၍နေလေ၏။ ထိုအခါ မည်သူမဆို လာရောက်ကြံစည်နိုင်မည်ဖြစ်လေသည်။

သီဟသူ၏အကြံမှာ လွန်စွာ ယုတ်ညံ့၍ ရှက်ဘွယ်ကောင်းလေသည်။ သူ့ရာသတ္တိနည်းပါး ရာသို့လည်းရောက်၏။ ကိုယ်ကောင်းကြံကြောင်းလည်း ထင်ရှား၏၊ နောင်တော် သျှင်ရဲထွတ်၏ ကျေးဇူးသစ္စာနှင့် မျက်နှာကိုလည်း မထောက်ထားရာရောက်၏။ မြန်မာအမျိုး၏ ကျက်သရေကို မဆယ်ရာကျ၏။ သို့ဖြစ်၍ သီဟသူ၏ပြုမှုပုံကို ရာဇဝင်ဆရာတို့က များစွာ အပြစ် တင်ကြပေ လိမ့်မည်။

အကယ်၍သူ့ရာသတ္တိရှိစွာနှင့် အမျိုးကျက်သရေကိုဆယ်လိုသော စိတ်ရှိပါလျှင် ထိုကဲ့သို့ ကိုယ်ကောင်းမကြံဘဲ၊ နောင်တော်သျှင်ရဲထွတ်ရှိရာ ဒလမြို့သို့ ချီ၍ ညီတော်,နောင်တော်,နှစ်ပါး ပူးပေါင်းကြံစည်ရန်သာဖြစ်လေသည်။ သျှင်ရဲထွတ်၏မျက်နှာကို မထောက်ထားဘဲ မိမိကိုယ်တိုင် ဘုရင်ပြုလုပ်လိုသည့်အတွက်ကြောင့်သာလျှင် ဤကဲ့သို့သော အမှုမျိုးကို ပြုလုပ်လေသည်။

သီဟသူသည် ဟံသာဝတီမြို့တော်မှထွက်သွားသောအခါ မိမိ၏နှမ ဘုရင်ရွှေထီး၏ မိဖုယားခင်ဘုန်းကို မိမိနှင့်အတူ တောင်ငူသို့ခေါ်ဆောင်သွားလေသည်။ နောင်တော်သျှင်ရဲထွတ်၏ မိဖုယား **"သခင်ကြီး"**ကိုမူကား၊ အရေးမပြုသော လုက္ခဏာဖြင့် ဟံသာဝတီမှာပင် ချန်ထားခဲ့ သည်။

ထိုအခါ သခင်ကြီးမှာလည်း အားကိုးရာမဲ့ဖြစ်တော်မူရလေ၏ သို့ရာတွင် မိမိကျေးကျွန် များက နေ့နေ့ညဥ့်ညဥ့်စောင့်ရှောက်ကြသောကြောင့် တစုံတရာအရာဋ္ဌာရာယ်မရှိဘဲ၊ မောင်တော် ဘုရား၏ သတင်းကိုသာ နားယောင်ခါ စံနေတော်မူရလေသည်။

## သမိန်စက္ကဝေါချီတက်၍ မင်းပြုခြင်း

သမိန်စက္ကဝေါသည် စစ်တောင်းမြို့တွင် တလခွဲခန့် ဗိုလ်ဝင်ခံ၍နေပြီးလျှင် ဗိုလ်ပါအင် အားများသောအခါ မိမိထံတွင်ခိုဝင်ခစားကြသောမှူးမတ်များနှင့်တိုင်ပင်၍ဟံသာဝတီ နေပြည် တော်ကို သိမ်းပိုက် စိုးစံခြင်းငှာ စုရုံးမိသမျှသော စစ်သည်ပေါင်း များစွာတို့နှင့် တကွ ဟံသာ ဝတီနေပြည်တော်သို့ ချီတက်လာခဲ့လေ၏။ မြို့တော်သို့ ရောက်လေရာ၊ ခုခံ တိုက်ခိုက်မည့်သူမရှိ သောကြောင့် အလွယ်တကူနှင့်ပင် ဟံသာဝတီမြို့တော်ကြီးကို ရရှိပြီးလျှင် ကလိုင်း ဘုရင်အဖြစ် ဖြင့် နန်းတက်စိုးစံလေသည်။

## ပြည်ဘုရင်ခြားနားခြင်း

ဘုရင်—တပင်ရွှေထီး နတ်ပြည်စံလွန်တော်မူကြောင်း ဟံသာဝတီနေပြည်တော်ကြီးလည်း အစည်းပြည်သော ဝါးဖေါင်ကဲ့သို့ ဖရိုဖရဲဖြစ်နေကြောင်းများကို၊ ပြည်ဘုရင် **"သတိုးဓမ္မရာဇာ"** ကြားလေသောအခါ "ငါတို့သခင် တပင်ရွှေထီးလည်း မရှိတော့ပြီး ဘုရင့် ယောက်ဘတော် **"ကျော်ထင်နော်ရထာ"** လည်း။ ဒလမြို့မှာ ထီးနန်းလက်လွှတ် ဖြစ်နေပြီ။ တလိုင်းအမတ် တမိန်စောထွတ်သည်။ သမိန်စက္ကဝေါ ဘွဲ့ကိုခံယူ၍၊ တလိုင်းဘုရင်ပြုလုပ်လေပြီ၊ ယခုအခါမည် သူ့ဘက်ကိုမျှ ဝင်ရန်မသင့်လျော်။ မိမိအားကိုမိမိကိုး၍၊ မိမိအင်အားနှင့် နေမှသင့်မည်။ ရှေးအခါ **"ပြည်ဘုရင်"** တို့စိုးစံမြဲအတိုင်း ဘုရင်ပြုလုပ်နေမှသင့်မည်"ဟု ကြံစည်ပြီးလျှင်၊ တထီး တနန်းထူထောင်ကာ **"သတိုးသူ"**ဟူသော အမည်နှင့် ခြားနားလေ၏။

ထိုသို့ခြားနားလျှင် အထက်တခွင်မှာ၊ သရက်,မြေထဲ, စကု,စလင်း,လယ်ကိုင်း,မှစ၍၊ ပုဂံမြို့သို့တိုင်အောင်အုပ်စိုးလေ၏။ အောက်တခွင်မှာ သာယာဝတီ နယ်တို့တိုင်အောင် အုပ်စိုးလေ၏။ ထိုအခါ ပြည်ဘုရင်၏နယ်မှာ၊ များစွာကျယ်ဝန်းလေသည်။

## မုတ္တမမြို့စား

မုတ္တမမြို့စား "**စောလကွန်းအိန်**"လည်း၊ ဘုရင်တပင်ရွှေထီး နတ်ပြည်စံလွန်တော်မူကြောင်း မှစ၍ အကြောင်းမျိုးစုံကို ကြားလေရာ။ "ငါသည် ယခုအခါ မည်သူ့ဘက်ကိုမှဝင်၍ မသင့် လျော်အရိပ်အဆင်ကိုကြည့်၍ မုတ္တမမြို့နယ်ကို အုပ်စိုး၍ နေမှသင့်မည်"ဟု ကြံစည်ပြီးလျှင်၊ ဗိုလ်ပါအင်အားစုရုံး၍ မုတ္တမမြို့ကို အုပ်စိုး၍နေလေ၏။

ဤကဲ့သို့ နိုင်ငံအသီးသီး ကွဲပြားခြားနားကြလေရာ။ ဘုရင့်နောင် ကျော်ထင်နော်ရထာ ဘွဲ့ခံ သျှင်ရဲထွတ်မှာ မည်သည့်မြို့ကိုမျှ လက်ကိုင်မရတော့ဘဲ ဒလနယ်မှာ၊ တိုင်းနိုင်ငံလက်လွတ် ဖြစ်၍ နေတော်မူလေသည်။

သို့ရာတွင် တိုင်းရှင်,ပြည့်ရှင်, ဘုရင်ဖြစ်ထိုက်သော ကံဇာတာ အပြီးပါရှိ၍ လာသော အတိုင်း ဤကဲ့သို့ အခက်အခဲကြုံ၍ နိုင်ငံလက်လွတ်ဖြစ်သော အချေမှ မီးပုံကြီးတောက်သည့် အလား၊ အထွတ်အဖျားသို့တိုင်အောင်၊ ဘုန်းလက်ရုံးပညာနှင့်၊ ရဲရင့်စွာလုပ်ကြံ ကြိုးစားတော် မူပေလိမ့်မည်။

---

# အခန်း (၅၂)

## သျှင်ရဲထွတ်၏ ရဲစွမ်းသတ္တိ။

မြောက်သားတော် သခင်ကြီးက "**ဒလ**" သို့တဆင့်စေလွှတ်လိုက်သော "**တုရင်သီဟ**" သည်။ မရပ်မဆိုင်းဘဲ။ အလျှင်အမြန် သွားရောက်လေရာ။ ကျေးဇူးတော်သခင်၊ သျှင်ရဲထွတ် အထံတော်သို့ရောက်လေ၏။

သျှင်ရဲထွတ်သည် တုန်တုန်ခိုက်ခိုက် မသိုက်မြိုက်သော မျက်နှာနှင့် အထံတော်သို့ဆိုက် ရောက်လာသော၊ တုရင်သီဟကို မြင်တော်မူလေရာ။ ရုတ်တရက်ထိတ်ခနဲ၊ စိတ်ထဲမှာတုန်လှုပ် တော်သွားမူသဖြင့်၊ လက်သုံးတော်ဓါးကို ရင်ဘတ်နှင့်ကပ်ခါ၊ အသာပိုက်ပြီး။ စိုးရိမ်သော အသံနှင့်မိန့်တော်မူသည်မူ။

အို-တုရင်သီဟ မောင်မင်းနုတ်မှာ လျှောက်တင်ရန် အထူးပါလာတယ်လို့ ထင်မြင်တော် မူမိတယ်။သင်တင်လိုတဲ့အချက်ကိုရုတ်တရက် မတင်နှင့်အုံး၊ခေတ္တကလေးဆိုင်းထားစမ်းပါ။ရွှေနှလုံး တော်မသာသဖြင့်၊ အခါအခွင့်ကို ငံ့လင့်တော်မူရအုံးမယ်။

ဤကဲ့သို့ မိန့်တော်မူသည်နှင့် တုရင်သီဟလည်း၊ အရေးကြီးစွာ လျှောက်တင်လိုသော်လဲ တင်ခွင့်မရသေးဘဲ။ ရွှေတော်မှာသာ ခစား,ဆိုင်းလင့်၍ နေလေသည်။

(သျှင်ရဲထွတ်) တုရင်သီဟ ယခုအရေးတကြီး သင်ရောက်လာခြင်းဟာ။ ညီတော်ရွှေနန်းရှင်၏ အကြောင်းမှတပါး၊ အခြားအကြောင်းထူး မရှိဘူးလို့ထင်မိတယ်။ ။အမိန့်တော်သံကို ပယ်လှန်လိုတဲ့ ဆန္ဒမရှိတဲ့အတွက်။ ဒလမြို့တော်ကို မထွက်ချင်ဘဲနှင့် ငါထွက်ရှိလာခဲ့တယ်။ ဟံသာဝတီနေပြည်တော်မှ ထွက်လာခဲ့တဲ့နေ့ကစ၍၊ ငါ့စိတ်ထဲမှာ ဘယ်အခါမှာမှ၊ ချမ်းသာခွင့်ရတယ်လို့မရှိဘူး။ ပုန်ကန်သောင်းကျန်းနေတဲ့ **"သမိန်ထောရာမ"**၏ ရန်ကိုပယ်လှန်ဖြိုဖျက်ရတာက အရေးမကြီးလှပါဘူး။ ညီတော်ရွှေနန်းရှင်အတွက်၊ နေ့စဉ်ရက်ဆက် မသက်မသာ၊ စိုးရိမ်တော်မူရလာနှင့် နှလုံးအတွင်းက ရှုန်းရင်းဆံခတ် ထကြွဆူပွက်နေတဲ့ ရန်သူတော်တွေငြိမ်အောင် နှိမ်တော်မူရတဲ့အရေးက အလွန်ကြီးမား ခက်ခဲလှိုနေတယ်။ ဒလမြို့ကိုချီတက်တဲ့ နေ့ကစပြီး။ ညတိုင်း,ညတိုင်း, မြင်မက်တော်မူရတဲ့ အိမ်မက်တော်များလဲ။ ဘယ်အခါတွင်မှ ကြည်ကြည်လင်လင် ရွှင်ရွှင်လန်းလန်း မြင်မက်ရတယ်လို့မရှိဘဲ။ ဆိုးဆိုးဝါးဝါးနှင့် အကျိုးမများတဲ့ အိမ်မက်တော်များကိုသာ မြင်တော်မူနေတာဘဲ။ လက်ရှုံးနှင့် မျက်ခုံးတော်များကလဲ၊ ဘယ်အခါမှ မကြုံစဘူး ထူးထူးခြားခြား တဆတ်ဆတ်လှုပ်ရှားနေတယ်။ကြီးမားတဲ့တိတ်နိမိတ်များရယ်လို့ တွေးထင်တော်မူမိတာဘဲ။ သို့ရာတွင်ပြုပြင်လို့မရတဲ့ အရာဆိုတာ။ ဖြစ်လာရမြဲ အမှန်ရယ်လို့ ဉာဏ်နှင့်ထောက်ထားပြီး၊ယောကျ်ားတို့စွမ်းရည်ကိုသာ ယုံကြည်အားကိုးကာ နေတော်မူရတာဘဲ။ ဤကဲ့သို့ မိန့်တော်မူပြီးလျှင်၊ စကားမဆက်ဘဲ။ စိတ်မသက်မသာသော အမူအရာနှင့် တွေးမှိုင်စဉ်းစားကာ၊ အတန်ကကြောအောင် နေပြီးနောက်၊ ဆက်လက်၍ မိန့်တော်မူသည်မှာ။ အို-တုရင်သီဟ မောင်မင်းတင်လိုတဲ့ ဆန္ဒကိုသာ အရင်း,အစ,ကဘွင့်ပြီး၊ စုံစုံလင်လင်သာ တင်ပေတော့။

ဤကဲ့သို့ မိန့်တော်မူပြီးလျှင်၊ ရင်ခွင်၌ပိုက်ထားသော လက်သုံးတော်ဓါးကို ညာလက်ဖြင့် ကိုင်ကာ ရဲရင့်သောအမူအရာနှင့် နားစိုက်တော်မူလေသည်။

(တုရင်သီဟက အသံတုန်တုန် ကြောက်ပုံပေါ်သော အမူအရာနှင့် လျှောက်တင်သည်မှာ) ရွှေနား ပန်ဆင်တော် မူပါဘုရား။ ကျေးဇူးရှင်ဘုရား ဒလသို့ ထွက်တော် မူပြီးတဲ့နောက် သမိန်စောထွတ်ကို တိုး၍ချီးမြှောက် တော်မူပါတယ်။ ချီးမြှောက်တော့ သူလျှောက်ချင်တဲ့ အချက်များကို လျှောက်ခွင့်ရတာပေါ့။ တနေ့သောအခါ သမိန်စောထွတ်က ပုဏ္ဏားတော်များကို ရွှေတော်သို့သွင်းပြီး၊ ဇာတာတော် စစ်ဆေးခိုင်းပါသည်။ ။သူကတင်ကြို သင်ပြထားတဲ့ အတိုင်း ပုဏ္ဏားတော်များကလဲ။ ဇာတာတော်မသန့်သဖြင့် ယာယီနန်း စံသင့်ကြောင်းများကို လျှောက်ထားကြပါတယ်။ ရွှေနန်းရှင်ဘုရားကလဲ။ ပုဏ္ဏားတော်တို့ လျှောက်တင်ချက်ကို ယုံကြည်ပြီး၊ ယာယီနန်းစံဘို့ မြို့တော်က ထွက်တော်မူပါတယ်။ကျေးဇူးရှင်ဘုရားဒလသို့ ထွက်သွားခါနီးတွင် ရွှေနန်းတော်ကြီးက ထွက်တော်မမူပါနှင့်လို့ အရေးတကြီးလျှောက်တင်ခဲ့တဲ့ အချက်များကိုလဲ သတိထားပြီး လေးလေးစားစား လိုက်နာတော်မမူတော့ဘူး။ သမိန်စောထွတ်၏ဆန္ဒကို လုံးဝလိုက်နာ နေတော့ တာပါဘဲဘုရား။ ။နန်းတော်ကြီးမှ ထွက်၍၊ ယာယီ နန်းစံတော်မူစဉ်အခါ သမိန်စောထွတ်ကို **"စစ်တောင်းမြို့စား"** အရာကိုပေးတော်မူပါတယ်။ ။သမိန်စောထွတ်ရဲ့ ညီနှစ်ယောက်ကိုလဲ **"လက်ဝဲဓါးမှူး လကျ်ာဓါးမှူး"** ခန့်ထားတော်မူပါတယ်။ ။လျှောက်တင်

ချက်စကားမဆုံးခင် သျှင်ရဲထွတ်က ကြားဖြတ်၍မိန့်တော်မူသည်မှာ "ဩော်-ရန်သူ၏အလိုကို သို့က လောက် လိုက်တော်မူပါကလား။ သည့်ထက်မှားတဲ့ အရေးဟာ ဘယ်မှာရှိနိုင်ပါတော့မလဲ ကဲကဲဆက်လို့ လျှောက်တင်စမ်းပါအုံး"ဟု မိန့်တော်မူသည်။

(တုရင်သီဟက ဆက်တင်သည်မှာ) တလိုင်းအမတ် သမိန်စောထွတ်ကို စစ်တောင်းမြို့စား ခန့်ထားပြီးသောနောက် မကြာမှီအတွင်းမှာပင် စစ်တောင်းနယ်မှာ "ဆင်ဖြူတော်" ပေါ်ကြောင်းနှင့် လျှောက်ထားပါသည်ဘုရား။ စစ်တောင်းမြို့စား၏စကားကို နှိုင်းချိန်စဉ်းစားခြင်း မရှိဘဲ။ အလျှင်အမြန် ယုံကြည်တော်မူပြီး၊ ကိုယ်တော်တိုင် ဆင်ဖြူတော် ဘမ်းရန် စစ်တောင်းနယ်သို့ ထွက်တော်မူမည်ဟု အမိန့်တော်မြတ် မှတ်တော်မူပါတယ်။ ပညာနှင့်ပြည့်စုံတဲ့ မြန်မာမှူးမတ်တို့က ထွက်တော်မူရန် မသင့်ကြောင်းနှင့် လျှောက်တင်ကြသော်လဲ။ ငါရတော်မူမဲ့ ဆင်ဖြူတော်လာဘ်ကို ပိတ်ပင်ရမလားလို့ ကြိမ်းဝါးမောင်းမဲ တော်မူပါသေးတယ်။ အကျိုးတော်ကိုလိုလား၍ လျှောက်တင်တဲ့စကားကိုတော့ နားစိုက်တော်မမူပါ။ အမိန့်တော်မြတ် မှတ်တော်မူပြီးတဲ့နောက် မကြာမှီ အတောအတွင်းမှာပင် စစ်အင် ဗိုလ်ထုနှင့်တကွ စစ်တောင်းနယ်သို့ ထွက်ကြွတော် မူပါတယ်။ စစ်တောင်းနယ် သို့ရောက်၍ တောအတွင်းမှာ ယာယီနန်းတော်ဆောက်ပြီး စံနေတော်မူစဉ်အခါ မကြာမှီ လွန်ခဲ့တဲ့ ကဆုန်လပြည့်ကျော်တရက်နေ့ည ဗုဒ္ဓဟူးနေ့သို့အဝင် သုံးချက်တီးကျော်အချိန်မှာပင် စစ်တောင်းမြို့စား၏ ညီဖြစ်သူ လက်ဝဲဓါးမှူးက........။စကားမဆုံးခင်သျှင်ရဲထွတ်က လက်သုံးတော်ဓါးဖြင့် ဆီးကာပြီး "တန်တော့ မောင်မင်း။ လျှောက်တင်ချက်ဆုံးသည်တိုင်အောင် နားထောင်ဘို့ မလိုတော့ဘူး။ နိမိတ်မရှိတဲ့ စကားကို ကြားလိုတဲ့ဆန္ဒမရှိဘူး။ သမိန်စောထွတ်ဟာ ယခုအခါ ဘယ်လိုအချေနှင့် ဘယ်မြို့မှာ နေသလဲ"ဟု မေးတော်မူလေ၏။

(တုရင်သီဟ) ဘုရားကျွန်တော်မျိုးသည် ညဥ့်သုံးချက်တီးကျော်အချိန်မှာ အရေးတော်ကြီးဖြစ်ပွါး၍ တပ်ပေါင်းများစွာတို့ ဘရမ်းပတာပျက်ပြား၍ ပြေးလွှားကြတဲ့အခိုက်မှာ နောက်လိုက်ငယ်သားများနှင့် လက်လွတ်ထွက်ပြေးကာ နေပြည်တော် ဟံသာဝတီသို့ လာခဲ့ပါသည်။ သို့အတွက် သမိန်စောထွတ်၏ အကြောင်းအရာတို့ကို သေချာစွာမသိခဲ့ရပါ။ သို့ရာတွင် နေပြည်တော်သို့ ရောက်တဲ့အခါ နောက်ထပ်ထွက်ပြေးလာခဲ့တဲ့သူတို့ထံမှ တဆင့်ခံ၍ကြားသိရသောသတင်းမှာ သမိန်စောထွတ်သည် ရဲမက်ဗိုလ်ပါတို့ကို သိမ်းယူပြီး စစ်တောင်းမြို့သို့ဝင်ကာ ဘုရင်ပြုလုပ်၍နေကြောင်းများကို ကြားခဲ့ရပါသည်ဘုရား။ နေပြည်တော်သို့ရောက်တော့ မြောက်သားတော်သခင်ကြီးဘုရားထံသို့ဝင်၍ အကြောင်းကိုလျှောက်တင်ရာ၊ ကျေးဇူးရှင်ဘုရားထံသို့ အမြန်သွားရောက်၍ လျှောက်တင်ချေရမည်ဟု အမိန့်တော်ရှိသဖြင့် ဘုရား ကျွန်တော်မျိုးလဲ ကျေးဇူးရှင်ဘုရားရှိရာ ဒလမြို့သို့ ရောက်လာခြင်းဖြစ်ပါသည်ဘုရား။

(သျှင်ရဲထွတ်) သမိန်စောထွတ်ဟာ ဟံသာဝတီနေပြည်တော်သို့ချီတက်၍လာတယ်ဆိုတဲ့ သတင်းကို မကြားခဲ့ရဘူးလား။

(တုရင်သီဟ) သည်သတင်းကိုတော့ မကြားခဲ့ရပါဘုရား။

(သျှင်ရဲထွတ်) ဟံသာဝတီမှာ မြို့စောင့်ထားခဲ့တဲ့ ညီတော်"သီဟသူ"ဟာ ဟံသာဝတီမှာပင် ရှိနေရဲ့မဟုတ်လား။

(တုရင်သီဟ) ကျွန်တော်မျိုး ရောက်စဉ်ကဖြင့် ဟံသာဝတီမှာရှိနေတော်မူပါသည်။ သို့ရာတွင် သန့်သန့်ကြားခဲ့ရတဲ့သတင်းမှာတော့။ ဟံသာဝတီမှာရှိတဲ့ ဆင်၊မြင်း၊ ဗိုလ်ပါတို့ကို သိမ်းရုံးယူဆောင်ပြီး တောင်ငူသို့ထွက်ရန် စီမံနေကြောင်းကို ကြားခဲ့ရပါသည်ဘုရား။

(သျှင်ရဲထွတ်) ဩော်-ညီတော်ကလဲ တမှောင့်ပါကလား။ တကယ်ဆိုလျှင် သည်လိုအရေးတော်ကြီးထဲမှာ ညီနောင် အချင်းချင်း စည်းလုံးရအောင် ဒလမြို့သို့ ထွက်လာသင့်သည်မဟုတ်ပါလား။ ခြားနားချင်တဲ့ သဘောမျိုးထင်တယ်။

(တုရင်သီဟ) မှန်လှပါ။ သည်အတိုင်းပင် တွေးတောဘို့ အရေးဆိုက်နေပါသည်ဘုရား။

(သျှင်ရဲထွတ်က လက်သုံးတော်ဓါးကို ရဲမာန်ဖြင့် ဆုပ်ကိုင်တော်မူပြီးလျှင်) အင်း-**တောမီးလောင်တောကြောင်လက်ခမောင်းခတ်** ဆိုတဲ့ စကားကဲ့သို့ သမိန်စောထွတ်က စပြီး တောမီးလောင်တဲ့အတွက် တောကြောင်တွေဖြင့် လက်ခမောင်းခတ်ကြတော့မယ်။ ညီတော်သီဟသူရဲ့အကြံဟာ လွန်စွာရိုင်းပြပါကလား။ ပြည်ဘုရင်သတိုးဓမ္မရာဇာရဲ့ စိတ်အကြံကိုဖြင့် မသိရသေးဘူး။ သို့ရာတွင် ဘယ်သူဘယ်လိုပင် လက်ခမောင်း ခပ်ကြစေတော့၊ အဆုံးတရက်မှာ ငါ့လက်သုံးတော်ဓါးဖြင့် ကြိတ်ဝါးခြင်းကိုခံရလိမ့်မယ်။၊ (ဓါးနှင့်တကွ လက်ရုံးတော်ကို ဆန့်တန်းပြီး) ငါ့လက်ရုံးနှင့် ငါ့ဘုန်းအစွမ်းကို သင်တို့တတွေတုပြိုင်နိုင်မလား။ ငါ့ဘုန်း၊ ငါ့လက်ရုံးနှင့် ရင်းနှီးပြီး ညီတော်၏နိုင်ငံတော်ကြီးကို အုပ်စီး၍ သိမ်းယူတော်မူမယ်။ မြေခွေးတို့စရိုက်ဖြင့် အန်တုဍ်မိုက်ကြလျှင် သင်းတို့ထိုက်,သင်းတို့ကံ ဧကာသရီစွမ်းအန်ဖြင့် သက်သာရန်အခွင့်မပေးဘဲ အရေးကုန်ခြေမှုန်း၍ ဟောက်ဟုန်းတော်မူရလိမ့်မယ်။ ဤကဲ့သို့ ရဲမာန်ဖြင့် ကြိမ်းဝါးတော် မူပြီးလျှင် မိမိအုပ်ချုပ်လျက်ရှိသော တပ်တော်တွင် အမှုထမ်းလျက် ရှိနေကြသော မြန်မာအမတ်၊ တလိုင်းအမတ်များနှင့်တကွ ဗိုလ်မှူးစစ်ကဲအပေါင်းတို့ကို ရှေ့တော်သို့ ဝင်ကြရမည်ဟု အမိန့်ထုတ်ပြန်တော်မူလေ၏။

ဤအတောအတွင်းမှာ ဟံသာဝတီနေပြည်တော်"**သခင်ကြီး**"ထံမှ နောက်ထပ် စေလွှတ်သော တမန်တော်များလည်း ဆိုက်ရောက်လာလေ၏။ ထိုတမန်တော်များ၌ ပါရှိ၍ လာသောသတင်းများမှာ"ညီတော်သီဟသူသည် ဟံသာဝတီမြို့တော်၌ရှိသော ဗိုလ်ပါဆင်မြင်းတို့ကိုသိမ်းရုံးယူဆောင်၍ တောင်ငူသို့ ထွက်သွားပါကြောင်း။ ခြားနားလိုသောလက္ခဏာရှိပါကြောင်း။သမိန်စောထွတ်လည်း စစ်တောင်းမြို့မှ ဗိုလ်ပါအင်အား စုရုံး၍ ဟံသာဝတီနေပြည်တော်သို့ ချီတက်လာပါကြောင်း။ ပြည်ဘုရင်သတိုးဓမ္မရာဇာလည်း "**သတိုးသူ**" ဟူသောအမည်နှင့် ခြားနားပါကြောင်း။ ဤသတင်းများ ဖြစ်လေသည်။

ဤသတင်းသစ်များကို ကြားတော်မူရာ၊ သျှင်ရဲထွတ်၏စိတ်ထဲမှာ ဤကဲ့သို့ကြံတွေးတော်မူမိလေသည်။ ငါ့ညီတော်သီဟသူလည်း ကိုယ်ကောင်းကြံကာ ခြားနားလေပြီ။ပြည်ဘုရင်သတိုးဓမ္မရာဇာလည်း ကိုယ့်ထီးကိုယ့်နန်းနှင့် တသီးတခြားထူထောင်လေပြီ။ သမိန်စောထွတ်မှာလည်း

ယခုအခါ အခွင့်သာခိုက်ကြုံနေသဖြင့် ဟံသာဝတီနေပြည်တော်ကြီးကို အုပ်စီးမိအောင် အုပ်စီးတော့မည်။ထို့ပြင်တပါး မွန်တမြန်မာ့မြို့စားမှစ၍ခြားနားမည့်သူတွေလည်းအများပင် ပေါ်ပေါက်လာလိမ့်မည်။ ရန်သူတော်ကြီးဖြစ်သော သမိန်ထောရာမလည်း ဤကဲ့သို့ ကွဲပြား ခြားနားကြသည့်အထဲမှာ ရဲအားရဲမာန်တက်ကြွစွာနှင့် ကြံနိုင်သမျှကြံတော့မည်။ငါမှာမူကား"မျောက်သစ်ကိုင်းလွတ်"ဆိုသောစကားကဲ့သို့ နိုင်ငံလက်လွတ်နိုင်ငံလက်မဲ့ ဖြစ်၍ နေခဲ့လေပြီ။ ဒဂုန်, ဒလ, ပုသိမ်, မြောင်းမြ,ဟင်္သာတ,စသော နယ်များသာလျှင် ခြားနားခြင်းမရှိဘဲ ပကတိတည်တံ့ဆဲရှိနေသေးသည်။ သည်နယ်စုကို မကွဲမပြားအောင်သိမ်းချုပ်၍ အစွမ်းထုတ်နိုင်သမျှထုတ်မှ သင်တော့မည်။ ငါ့လက်ရုံးစွမ်းအားနှင့် ယောကျ်ားတို့ သတ္တိကိုသာ အားကိုးရတော့မည်။ ငါ၏ဘုန်းလက်ရုံးကိုလည်း မှူးမတ်ဗိုလ်ပါအပေါင်းတို့ ကောင်းစွာ သိကြပြီး ဖြစ်သောအတိုင်း ငါရှေ့ဆောင်၍ကြံလျှင် ငါ့နောက်သို့ လိုက်ပါဝိုင်းဝန်းမည့် သူတွေလည်း နည်းမည်မဟုတ်။ အောင်လံကို ဘွင့်၍ စွန့်စွန့်ကြီး ထူထောင်ရတော့မည်။ ဤသို့ကြံစည်တော်မူပြီးလျှင် နဂိုစိတ်ရင်းထက်ပင် ရဲမာန်ကို တင်းတင်းထားတော်မူလေ၏။

## မှူးမတ်ဗိုလ်ပါတို့နှင့် တိုင်ပင်တော်မူခြင်း။

တလိုင်းအမတ်, မြန်မာအမတ်မှစ၍ ဗိုလ်မှူးစစ်ကဲတို့နှင့်တကွ ရှေ့တော်သို့ စုံလင်စွာ ဆိုက်ရောက်စေးမိကြသောအခါ၊ သျှင်ရဲထွတ်က ကျောက်စိခါးကိုကိုင်လျက် မတ်မတ်ရပ်ကာ မိန့်မြွက်တော်မူသည်မှာ။

"ယခု မှူးမတ်ဗိုလ်ပါအပေါင်းတို့ ကြားသိတော်မူကြပြီးသော အတိုင်း၊ ညီတော်ရွှေနန်းရှင်ဘုရားသည် စစ်တောင်းမြို့စား သမိန်စောထွတ်၏ အကောက်ဉာဏ်ဖြင့် နတ်ပြည် စံလွန်တော်မူရလေပြီ။ ညီတော်ရွှေနန်းရှင်ဘုရား၏အကြောင်း ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောဆိုပြီးတွားကာ၊ နှောင်တရဘို့ အချိန်မရှိတော့ပြီ။ကိုယ်ရေးကိုယ့်တာကိုသာ တွင်ကျယ်စွာ ရှိအောင် မတ်မတ်မားမား ခရီးသွားဘို့သာ ရှိတော့တယ်မဟုတ်လား"

မှူးမတ်အပေါင်းတို့က အားရနှစ်သက်စွာ စိတ်တက်ကြွသောအမူအရာဖြင့် "မှန်လှပါသည်ဘုရား"ဟု တညီတညွတ်ထဲ လျှောက်ထားကြလေ၏။

(သျှင်ရဲထွတ်) ယခုအခါ ညီတော်အရိပ်အရာ လွဲသည်နှင့်တပြိုင်နက် သစ္စာတော်ဘောက်ပြန်၍ ကိုယ်ကောင်းကြံသူတွေသာ များကြတယ်။ အခြားသူမဆိုထားဘိ၊ ကိုယ့်ညီတော် အရင်းအချာဖြစ်တဲ့ "သီဟသူ"ကပင်လျှင် တောင်ငူသို့ ထွက်သွားပြီး သူ့ဆိုင်ရာ ဗိုလ်ပါအင်အားနှင့် ခြားနားလျက်ရှိလေပြီ။ပြည်ဘုရင်သတိုးဓမ္မရာဇာကလဲသူ့ပြည်မြို့က တထီးတနန်းဘွင့်ပြီး ခြားနားလေပြီ။ သစ္စာဘောက်ပြား တရားလက်လွတ်တဲ့ သမိန်စောထွတ်ကလဲ စစ်တောင်းမြို့ကဗိုလ်ဝင်ခံပြီး ဟံသာဝတီမြို့တော်ကြီးမှာစံရအောင် သူ့အင်အားနှင့် ကြိမ်းဝါးချီတက်လာပြီဟု သတင်းကြားရပြီ။ ယခုအခါ ကျုပ်မှာတော့ နိုင်ငံလက်လွတ်ဖြစ်ပြီး အထီးကျန်အချေသို့ ရောက်နေခဲ့ပြီ။ မှူးမတ်ဗိုလ်ပါအပေါင်းတို့က ဘယ်လိုကြံစည်လျှင်သင့်လိမ့်မည် ဆိုတဲ့အတိုင်း လျှောက်တင်ကြစမ်းပါ။ လိုက်နာသင့်လျှင်လဲ လိုက်နာတော်မူရတာပေါ့။

ထိုအခါမှူးမတ်အပေါင်းတို့က တညီတညွတ်ထဲ လျှောက်တင်ကြသည်မှာ) ယခု ခြားနားလျက် ရှိနေကြသော သူများသည် အရှင်ဘုရား၏ ကျေးဇူးခံ, ကျေးဇူးစားများ ဖြစ်ကြသောကြောင့်၊ အရှင်ဘုရားကိုယ်တိုင် လက်ရုံးဆန့်တန်းတော်မူလိုက်ပါလျှင် အလိုအလျောက် ကြောက်ရွံ့တုန်လှုပ်မဲ့သူများသာ ဖြစ်ပါသည်။ အရှင်၏ ဘုန်း လက်ရုံးနှင့် စစ်မှုရေးရာ လိမ်မာတော်မူကြောင်းများကို သိရှိပြီးဖြစ်သောအတိုင်း အရှင်နှင့် ပြိုင်ဆိုင်ဝံ့မည့်သူများလဲ မဟုတ်ပါ။ ကေသရာဇာ ခြင်္သေ့မင်းကြီးလာလျှင် တောသမင်,ယုန်ငယ်အပေါင်းတို့ ဦးခေါင်းလျှိုင့်ကာ၊ တုန်လှုပ်သောအမူအရာဖြင့် မှိုင်တွေကာ နေထိုင်ကြသကဲ့သို့သာ ဖြစ်ကြကုန်ပါလိမ့်မည်။ သို့ဖြစ်၍ သူတို့လက်မှာ ဗိုလ်ပါအင်အား များပြားခြင်းသို့ မရောက်ခင် အလျှင်အမြန် လုပ်ကြံတော်မူရန်သာ သင့်လျော်ပါသည်ဘုရား။

(သျှင်ရဲထွတ်) ညီတော်ရွှေနန်းရှင်ဘုရားစိုးအုပ်တဲ့နိုင်ငံတော်ကြီးဟာ ဘယ်သူ့ လက်ရုံးနဲ့ တည်ထောင်ထားတဲ့ နိုင်ငံကြီးဖြစ်တယ်လို့ ထင်မြင်ကြသလဲ။

(မှူးမတ်များ) အထူးလျှောက်ဘို့မလိုပါဘုရား၊ တိုင်းသူပြည်သား လူများ အပေါင်းတို့ပင် စုံလင်စွာ သိကြပြီး ဖြစ်ပါသည်။ အရှင့်ဘုန်းလက်ရုံးနှင့် အဆုံးမရှိ ကျယ်ဝန်းအောင် တည်ထောင်ထားတဲ့ နိုင်ငံတော်ကြီး မှန်လှပါသည်ဘုရား။

(သျှင်ရဲထွတ်) ကိုယ်တိုင်တည်ထောင်တဲ့ နိုင်ငံတော်ကြီးကို ဘယ်သူဝင်၍ စိုးစံထိုက်တယ်လို့ ထင်မြင်ကြသလဲ။

(မှူးမတ်များ) အရှင့်လက်ရုံးနှင့် တည်ထောင်ထားတဲ့ နိုင်ငံတော်ကြီးကို မဆိုင်သူများ ဝင်ရောက်၍ စိုးစံခြင်းငှါ မထိုက်ပါ။ အရှင်ဘုရားသာလျှင်စိုးစံထိုက်ကြောင်း မှန်လှပါသည်ဘုရား။

(သျှင်ရဲထွတ်) ယခုအခါ သစ္စာဖောက်ပြန်၍ ကိုယ်ကောင်းကြံကြတဲ့ သူများအတွက် နိုင်ငံလက်လွှတ်ဖြစ်တော်မူနေရတယ်။ အသစ်တဖန် ပြန်၍ထူထောင်ရမည့်အတွက် သည်အရေးကို လွယ်ကူတယ်လို့ မဆိုနိုင်ဘူး။

(မှူးမတ်များ) မှန်လှပါ၊ လွယ်ကူသောအရေးမဟုတ်ပါ။ သို့ရာတွင် အရေးပင်ခဲခက်သော်လည်း အရှင့်ဘုန်းဟုန် လက်ရုံးဂုဏ်နှင့် ကြံစည်တော် မူရပါလျှင် လွယ်လွယ် ကူကူနှင့်ပင် အောင်မြင်ပြီးမြောက်၍ ခရီးရောက်မည်မှန်ပါကြောင်းပါဘုရား။

(သျှင်ရဲထွတ်) ဒလမြို့သို့ချီတော်မူရာတွင် လိုက်ပါကြတဲ့ ဗိုလ်ပါ ဆင်မြင်းများမှာတော့ ကျွန်ုပ်လက်တွင်းမှာ ရှိနေသောအတိုင်း ကျွန်ုပ်ပိုင်ဆိုင်တာပေါ့ သို့ရာတွင် ယခုခေတ်အခါ သစ္စာဖောက်ပြန်လေ့ရှိကြသောအတိုင်း ကိုယ့်လက်တွင်းမှာ နေသော်လဲ ယုံယုံကြည်ကြည်နှင့် အတည်ကိုယ်ပိုင်ရယ်လို့ မမှတ်ထိုက်ပေဘူး။ ကျွန်ုပ်ထံမှာ အမှုထမ်းဆောင်ကာ မနေလိုဘဲ ထွက်လိုတဲ့သူများရှိလျှင်လဲ ကြည်ကြည်ဖြူဖြူနှင့် ခွင့်လွှတ်တော်မူမယ်။ရန်သူရယ်လို့ သဘောထားတော်မမူဘူး။ အာသာဆန္ဒမရှိဘဲ လူ့သဘောကို ချုပ်တည်းခြင်းဆိုတာ လွန်စွာမတရားတဲ့ အလေ့ဖြစ်တယ်။ စိတ်ဆန္ဒသန်သန်နှင့် ဖြောင့်မှန်တည်ကြည်တဲ့ လူသူများကိုသာ အလိုရှိတော်မူတယ်။ သစ္စာမဲ့သောလူပေါင်းတသောင်းကို မွေးမြူထားရသောထက် သစ္စာရှိတဲ့လူတယောက်ကို မွေးမြူထားရခြင်းက အကျိုးရှိတယ်လို့ ထင်မြင်တော်မူမိတယ်။ သို့အတွက်ကြောင့် သူတပါးတို့၏စိတ်ကို ချုပ်တည်း၍ ထားလိုတဲ့ဆန္ဒမရှိဘူး။ ကိုယ့်အလိုအတိုင်းသာ လျှောက်တင်ကြပေတော့။

(ဤသို့မိန့်တော်မူရာ မှူးမတ်သေနာပတိ အပေါင်းတို့က ဦးခေါင်းညွတ်လျှိုးပြီး) ဘုရား ကျွန်တော်မျိုးအပေါင်းတို့သည် အရှင့်ထံမှာ စိတ်ဆန္ဒသန့်သန့် သစ္စာဂတိ ဖြောင့်ဖြောင့် မှန်မှန်နှင့် အမှုတော်ကို ထမ်းလိုကြပါသည်။ တပါးသောအရှင်သစ်ကို ရှာလိုသော ဆန္ဒမရှိပါ သစ္စာရေ တိုက်တော်မူခဲ့ပါလျှင် သောက်ရန် အသင့်ရှိကြပါသည်ဘုရား။ အရှင့် ဘုန်းရိပ်ထက် သာလွန်အေးမြသော အရိပ်ရှိသည်ဟူ၍ မထင်မြင်ကြပါ အရှင့်ဘုန်းတော်ရိပ်ကိုသာ ခိုလှုံကြရန်စိတ်ဆန္ဒ ထက်သန်ကြပါသည်ဘုရား။

(သျှင်ရဲထွတ်) ယခုကျွန်ုပ်အထံမှာ။တလိုင်းအမတ်,မြန်မာအမတ်, တို့နှင့် တလိုင်းအမှုထမ်း, မြန်မာအမှုထမ်းတို့ ရောပြွမ်းလျက် ရှိကြသည်။ ။ကျေးဇူးသစ္စာတော်ကို ဖြောင့်တည့်မတ်စွာ စောင့်သုံး၍ အမှုတော်ကို ထမ်းကြပါလျှင် တလိုင်းမြန်မာမခြား ကျောကသား, ရင်ကသား, မကွဲပြားစေဘဲ အညီအညွတ် ချီးပင့် မြှောက်စားတော်မူရလိမ့်မယ်။ ။သို့ရာတွင် ယခုအခါ တလိုင်း လူမျိုးဖြစ်တဲ့ သမိန်စောထွတ်ကလဲ ဘုရင်ဘွဲ့ကိုခံယူကာ မင်းမူ၍နေခဲ့ပြီ။ တလိုင်းလူမျိုး သမိန်ထောရာမကလည်း ထကြွသောင်းကျန်းခါ တလိုင်းဘုရင်၏ အရိပ်အရာကို ခံယူစိုးအုပ်မည်ဟု အကြံထုတ်နေဆဲဖြစ်သည်။ သို့ဖြစ်သည့်အတွက် ကျွန်ုပ်၏ လက်၌ရှိနေသော တလိုင်း မှူးမတ်များနှင့် တလိုင်းအမှုထမ်းတို့သည် မိမိတို့နှင့် မျိုးတူ ဇာတ်တူဖြစ်တဲ့ သူတို့၏ အရိပ်ကိုခိုလှုံလိုကြပါလျှင်လဲ အသာတကြည်နှင့် ခွင့်ပြုတော်မူမည် စိတ်ဆန္ဒအတိုင်းသာ လျှောက်တင်ကြပေတော့။

(ဤသို့အမိန့်တော်ရှိရာ တလိုင်းမှူးမတ်များက အညီအညွတ် လက်အုပ်ချီကြပြီးလျှင်) သည်ကဲ့သို့ ပွင့်ပွင့်လင်းလင်း မိန့်တော်မူသည်ကိုကြားရသဖြင့် များစွာ ဝမ်းမြောက်ကြပါသည်။ ကျွန်တော်မျိုးသည် တလိုင်းဇာတိပင် ဖြစ်သော်လည်း အရှင့် လက်အောက်မှာ အမှုတော်ကို ထမ်းရွက်၍ လာခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်၍ "အရှင်မှတ်မှတ်" နှင့် လေးမြတ်ကြည်ညို၍ နေသည်ကို ဖျက်ဖျောက်ခြင်းငှါ မစွမ်းနိုင်ကြပါ ကျွန်တော်မျိုးတို့ အပေါ်မှာလည်း "ကျွန်မှတ်မှတ်" နှင့်သာချီးမြှင့်စောင့်ရှောက်တော်မူပါတော့။ ကျွန်တော်မျိုးတို့မှာ အရှင်သခင်,မများလိုပါ "သခင်ရင်းရင်း, ကျွန်ရင်းရင်း" နှင့်သာ နေထိုင်လိုပါသည် အရှင်၏ ဘုန်းလက်ရုံးကို ယုံကြည်ပြီးသောအတိုင်း အရှင့်ဘုန်းရိပ်ကို ခိုလှုံမှ ကြီးပွားနိုင်မည့်အကြောင်းကိုလဲ ကောင်းစွာ သိကြပြီး ဖြစ်ပါသည်ဘုရား။

(သျှင်ရဲထွတ်) အင်း-ယခုလျှောက်တင်ချက်အတိုင်းသာ မှန်ခဲ့ပါလျှင် **"မင်းမှာသစ္စာ"** ဆိုတဲ့အတိုင်း အရှင်သခင်တို့နှင့် ဆိုင်တဲ့ သစ္စာကို ခိုင်မြဲစွာ စောင့်ရှောက်၍ အရည်အခြင်း အလျှောက် ချီးမြှောက်တော်မူဘို့ အရေးမှာ ကျွန်ုပ်တာဝန်ပေပေါ့။

ဤကဲ့သို့ မိန့်တော်မူပြီးလျှင် ယခုလတ်တလော အရေးကြီးစွာ ဆောင်ရွက်ရမဲ့တာဝန် များကို မှူးမတ်တို့ ထင်မြင်ချက်အတိုင်း လျှောက်တင်ကြစမ်းပါဟု မိန့်တော်မူလေသည်။

ထိုအခါ အချို့သောမှူးမတ်တို့က မိမိတို့ထင်မြင်ချက်အတိုင်း လျှောက်တင်ကြသည်မှာ ဟံသာဝတီ နေပြည်တော်ကြီးကို ပထမရှေးဦးစွာ အုပ်စိုးမိအောင်ကြံတော်မူမှ သင့်ပါလိမ့်မည်။ သမိန်စောထွတ်သည် ဟံသာဝတီသို့ ချီတက်လာပြီဟု ကြားရသော်လည်း နေပြည်တော်ကြီးကို

စီးစီးနင်းနင်း အုပ်ချုပ်နိုင်သေးမည် မဟုတ်ပါ သမိန်စောထွတ်၏ အရည်အခြင်းနှင့် အခြေအနေကို သိကြပြီဖြစ်သောအတိုင်း။ သမိန်စောထွတ်၏ အပေါ်မှာ ရတ်တရက် ကြည်ညိုမြတ်နိုးခြင်းဖြစ်နိုင်သေးမည်မဟုတ်ပါ အရှင့်ဘုန်းလက်ရုံးကို အလုံးစုံသိကြပြီ ဖြစ်သောကြောင့် ဟံသာဝတီနေပြည်တော်သို့ အဆောတလျင် ချီတက်တော် မူပါလျှင် လွယ်လွယ်ကူကူနှင့် အောင်တော်မူလိမ့်မည်ထင်ပါသည်။ ။ဟံသာဝတီ နေပြည်တော်ကြီးကို အုပ်စီးမိခဲ့ပါလျှင် အခြားအရေးကိစ္စများကို အလိုလိုနှင့်ပင် အောင်မြင်တော်မူလိမ့်မည် ထင်မြင်ပါသည်ဘုရားဟု လျှောက်ထားကြလေ၏။

အချို့မှူးမတ်များက မိမိတို့ထင်မြင်ချက်အတိုင်း လျှောက်တင်ကြပြန်သည်မှာ ယခုအခါဟံသာဝတီ နေပြည်တော်သို့ အဆောတလျင် ချီတက်ခြင်းငှါ မသင့်လျော်သေးပါ ဟံသာဝတီမှာ စံနေတော်မူသော အသျှင်မိဖုယားကို ဆောင်ယူတော်မူပြီးလျှင် ယခုနေမြဲဖြစ်သည့် ဒလမြို့မှာသာ အခိုင်အမြဲစံနေတော်မူကာ ဗိုလ်ပါအင်အား ဖြည့်တင်းသင့်ပါသည် ဒဂုန်မြို့နှင့် သံလျင်မြို့များကိုလည်း ဒလမြို့နှင့် တပေါင်း တစည်းထဲ ပြု၍ စံနေတော် မူသင့်ပါသေးသည်။ ။ဤကဲ့သို့အခြေမပျက်အောင် စံနေတော်မူပြီး၍ ဗိုလ်ပါအင်အား များပြားလာသောအခါ ဟံသာဝတီ သရေခေတ္တရာ, ကေတုမတီ, မြို့များကို သိမ်းယူလျှင် လွယ်ကူပါလိမ့်မည်ဘုရားဟူ၍ လျှောက်တင်ကြလေ၏။

ထိုနောက် **"ရန်အောင်ဘီလူး"** အမည်ရှိသော မြန်မာ အမတ်ဘဦးက လက်အုပ်ချီကာ လျှောက်တင်သည်မှာ။ ဘုရားကျွန်တော်မျိုး၏ထင်မြင်ချက်ကို လျှောက်တင်ရပါမည့် အကြောင်းပါဘုရား ယခုအခါ နိုင်ငံရေးများသည် ဝါးအစည်ပြည်၍နေသကဲ့သို့ ကစင့်ကရဲ ဖြစ်နေပါသည်။ ရှမ်း,မြန်မာ, တလိုင်း,တို့လည်း အသီးအသီး ခြားနားလျက် ရှိနေပါသည်။ ။ယခု ဒလနယ်ဆိုသည်မှာလည်း တလိုင်းလူမျိုးတို့ နေထိုင်ရာဖြစ်သည့်ပြင် သူပုန်တော် သမိန်ထောရာမ၏တန်ခိုးအာဏာ ပျံ့နှံ့ရာ ဌာနဖြစ်ပါသည်။ ဒလနယ်မှာ မြန်မာတို့ လွန်စွာနည်းပါးသည်။ ။ယခုအခါ အရှင်၏ လက်အောက်မှာလည်း ဗိုလ်ပါဆင်မြင်း လုံလောက်စွာ များပြားလှသေးသည်မဟုတ်ပါ။ ။သို့ဖြစ်၍ ဒဂုန်,ဒလ သံလျင်, လှိုင်, ဓနုဖြူ, ဟသ်ာတ, ပုသိမ်, မြောင်းမြ, သည်မြို့များ၌ ယုံကြည်လောက်သော သူတို့ကို မြို့စားခန့်ထားခဲ့ပြီးလျှင် ကိုယ်တော်အရှင်မြတ်မူကား ကေတုမတီတောင်ငူမြို့သို့ ချီတက်တော်မူရန် သင့်သည်ဟု ထင်မြင်ပါကြောင်း။

ကေတုမတီ မြို့တော်ကြီးသည် ခမည်းတော်၏စံရာဌာနလည်း ဖြစ်ပါသည် အရှင်ဘုရား၏ ရွှေချက်သိုရာဌာနလည်း ဖြစ်ပါသည်။ ဘုန်းတန်ခိုးတေဇာ လွန်စွာ ကြီးမားလှသော ဘုရင်မင်းကျီးညိုနှင့်ညီတော်ဘုရင် တပင်ရွှေထီး၏ ကြီးပွါး ထွန်းကားရာ ဌာနလည်း ဖြစ်ပါသည် ကေတုမတီ မြို့တော်ကြီးသည် အောင်မြေဌာန မှန်သောအတိုင်း ဤမြို့တော်က မူလအချေပြု၍ ကြံစည်ပါလျှင် လွယ်ကူစွာနှင့်ရန်အပေါင်းကို အောင်မြင်နိုင်လိမ့်မည် ဖြစ်ပါသည်။ထို့ပြင်အရှင်ဘုရားကိုယ်တိုင် ကြီးပွါးရာဌာနဖြစ်၍ ကြည်ညိုမြတ်နိုးစွာနှင့် လိုလားသောသူတို့လည်း လွန်စွာ များလှပါသည် ဤအကြောင်းများကို ထောက်ထား၍ ရွှေချက်သိုရာ ဖြစ်သည့် ကေတုမတီ မြို့တော်ကြီးသို့သာ လျှင်မြန်စွာ ချီတော် မူသင့်သည်ဟူ၍ကျွန်တော်မျိုး ထင်မြင်ပါကြောင်းပါဘုရား။ ။ဤကဲ့သို့ရဲရဲ့စွာ လျှောက်တင်လေ၏။

ရန်အောင်ဘီလူး၏ လျှောက်တင်ချက်ကို ကြားတော်မူရာ လွန်စွာနှစ်သက်တော်မူသည်နှင့် ယခုရန်အောင်ဘီလူး လျှောက်တင်ချက်မှာ အကျိုးအကြောင်း ညီညွတ်လှပေသည် ဒလမြို့မှ တောင်ငူမြို့သို့ ချီတက်တော်မူမည်ဟု အမိန့်ရှိတော်မူလေ၏။

ထိုနောက် တလိုင်းအမတ်များကိုလည်း ယုံကြည်သည်ထက် ယုံကြည်တော်မူရလေအောင် သစ္စာပေးတော်မူသည်။ ။ဒဂုန်, ဒလ, သံလျင်, ခနုဖြူ, ဟံသာဝတ, ပုသိမ် မြောင်းမြ, ငါ့၌လည်း ကျေးဇူးသစ္စာ စောင့်သိရှိသေသည်ဟု ယုံကြည်စိတ်ချရသော သူများကိုလည်း သစ္စာပေး၍ မြို့စားခန့်အပ်၍ အသီးသီး ကိုယ့်မြို့နှင့်ကိုယ် အုပ်စိုးနေထိုင်ကြစေရန် အမိန့်ရှိတော်မူသည်။

သည်အတောအတွင်းမှာ ဟံသာဝတီတွင် စံနေတော်မူသော မိဖုယား သခင်ကြီးထံမှ သဝဏ်လွှာနှင့် စေလွှတ်လိုက်သော တမန်တော်များ ဆိုက်ရောက်လာလေ၏။ ။သဝဏ်လွှာ၌ ပါရှိသော အဓိပ္ပါယ်မှာ။ ။ယခုအခါ သမိန်စောထွတ်သည် စစ်တောင်းမြို့မှ ဗိုလ်ပါဆင်မြင်း အလုံးအရင်းနှင့်တကွ ချီလာ၍ ဟံသာဝတီ နေပြည်တော်သို့ ဝင်ရောက်အုပ်စိုးနေပါပြီ နှမတော်မှာလည်း ဟံသာဝတီမှာ တည်တံ့စွာ စံနေရန် အခွင့်မရှိပါသဖြင့် ခြွေရံ အပေါင်းတို့နှင့် စောစောစီးစီး ထွက်ခဲ့ပါပြီ။ ။ဤအဓိပ္ပါယ်များ ပါရှိ၍ လာလေသည်။

တမန်တော်တို့ ဆိုက်ရောက်လာ၍ သဝဏ်လွှာ၌ပါရှိသော အဓိပ္ပါယ်များကို ကြားသိတော်မူလေရာ။ သျှင်ရဲထွတ်သည်၊ မိဖုယားနှင့် လမ်းမှာတွေ့တော်မူရန်၊ အလျှင်အမြန်ချီတော်မူမှသင့်မည်ဟု ကြံစည်တော်မူပြီးလျှင်၊ ကိုယ်တော်အထံတွင်ရှိသော ဗိုလ်ပါဆင်-မြင်းတို့ကိုသိမ်းရုံး၍ ဒလမြို့မှပထမရှေးဦးစွာ ဒဂုန်ဘက်သို့ ကူးတော်မူသည်။

ဒဂုန်မြို့သို့ ဆိုက်ရောက်တော်မူရာ ဒဂုန်ဆံတော်ဘုရားသို့ ခြေတော်တက်ရောက်၍ ဖူးမျှော်တော်မူပြီးလျှင်၊ အကျွန်ုပ်သည် နိုင်ငံတော်ကြီးကို တရားသဖြင့် အုပ်ချုပ်၍၊ သာသနာတော်မြတ်ကို ကောင်းမွန်စွာ စောင့်ရှောက်ပါမည်။ သည်စိတ်အတိုင်း အမှန်ဖြစ်ပါသဖြင့်၊ ရန်အပေါင်းကို အောင်ပါစေသတည်းဟု ဆုတောင်းဆုယူ ပြုလုပ်တော်မူလေသည်။

ထိုနောက် တပ်စဉ်အတိုင်း အုပ်ချုပ်၍၊ နေ့ညဉ့်မဆိုင်း အပြင်းချီတော်မူရာ။ ခနုတောသို့ရောက်မှ တပ်စခန်းချရပ်တော်မူသည်။ ထိုနောက်ချီတော်မူပြန်ရာ၊ မကော် အရပ်သို့ရောက်တော်မူလျှင်၊ ဟံသာဝတီကို ကွင်းကာ ဒါးကျွန်းတောင် ကိုကွေ့၍ ချီတော်မူသည်။

## ဒါးကျွန်းတောင်၌ ရန်သူတော် စစ်နှင့်တွေ့ဆုံခြင်း။

သမိန်စောထွတ်သည်။ သမိန်စက္ကဝေါ ဟူသောဘွဲ့ဖြင့်၊ ဟံသာဝတီထီးနန်းသို့ ဝင်ရောက်အုပ်စိုး၍နေရာ ဒလမြို့မှ သျှင်ရဲထွတ် ချီလာပြီကြားသည်နှင့်၊ ဆီးကြို၍ တိုက်ခိုက်ခြင်းငှါ ဗညားဒလကို ဗိုလ်မှူးခန့်ပြီးလျှင်၊ ဗိုလ်ပါဆင်မြင်းအများနှင့်၊ ဒါးကျွန်းတောင်က စောင့်ဆိုင်း၍နေစေသည်။ ။သျှင်ရဲထွတ်ချီလာ၍ ဒါးကျွန်းတောင်သို့ရောက်လျှင် (သမိန်စောထွတ်၏ကျွန်) ဗညားဒလသည် ခပ်လှမ်းလှမ်းကဆီးကြို၍ တိုက်လေ၏။ ။ထိုအခါသျှင်ရဲထွတ်က မိမိ၏ရဲမက်တော်များကို ဘက်ပြိုင်၍မတိုက်ကြနှင့် အရေးမစိုက်သော အမူအရာနှင့် ဣန္ဒြေမပျက်ချီမြဲတိုင်း

သာ ချီကြစေဟု အမိန့်ပေးတော်မူသည်နှင့် ဗညားဒလကို အရေးမစိုက်ဘဲ၊ ဂုဏ်မြေမပျက် ချီမြဲ ချီကြလေသည်။

ဗညားဒလသည်ကား။ ဟံသာဝတီမြို့တော်ကို ချီတက်လာလိမ့်မည် ထင်သောကြောင့် တိုက်ခိုက်ပါသော်လည်း၊ ဟံသာဝတီသို့ မချီမတက်ကြောင်း သိသည်နှင့် လိုက်၍မတိုက်ဘဲ။ မိမိစစ်ကိုသာ စည်းလုံးစွာ အုပ်ချုပ်၍နေလေသည်။ သျှင်ရဲထွတ်၏ စွမ်းရည်သတ္တိကို သိပြီးဖြစ်သောကြောင့် တကယ်စင်စစ်အားဖြင့် စစ်ချင်းပြိုင်၍ တိုက်ဝံ့သော စွမ်းရည်သတ္တိလည်းမရှိချေ။

သျှင်ရဲထွတ်၏ စစ်တပ်များသည်။ ချီမြဲတိုင်းချီ၍ သွားလေရာ ဟင်းခနွေ အရပ်သို့ဆိုက်ရောက်လေ၏။ ။ထိုဟင်းခနွေအရပ် ဆိုက်ရောက်တော်မူသောအခါ ဟံသာဝတီမှ ဝေါယာဉ်စီး၍ ထွက်လာသော **မိဖုယား-သခင်ကြီး**နှင့် အခန့်သင့်တွေ့ဆုံတော် မူမိလေသည်။

ထိုအခါ သျှင်ရဲထွတ်က ချစ်ခင်ဝမ်းမြောက်သော အမူအရာနှင့် မိဖုယားကို ကြိုဆိုတော်မူပြီးလျှင်၊ ဟင်းခနွေအရပ်မှာပင် သုံးရက်တိုင် တပ်စခန်းချရပ်၍ စံနေတော်မူသည်။

မိဖုယားနှင့် တွေ့ဆုံတော်မူသောအခါ ဟံသာဝတီ နေပြည်တော်၌ ဖြစ်ပျက်ပုံအကြောင်းအရာများကို စုံလင်စွာလျှောက်ထားပြီးလျှင် ညီတော်သီဟသူလည်း၊ ဟံသာဝတီ၌ရှိသော ဗိုလ်ပါဆင်မြင်း လက်နက်တို့ကို အကုန်သိမ်းယူ၍ တောင်ငူက ခြားနားကြောင်းကို လျှောက်တင်လေ၏။ ။ထိုအခါတွင်မှ ညီတော်သီဟသူ၏ စိတ်နေစိတ်ထားနှင့် ခြားနားပုံကို ထင်ရှားစွာ သိတော်မူသည်။

---

# အခန်း (၅၃)

မဟာပုရိသ ယောကျ်ားတုလွတ် အာဇာနည်"သျှင်ရဲထွတ်"သည် ကိုယ်တော်တိုင် အုပ်စီးလျက်ရှိသော ဗိုလ်ပါ ရဲမက်နှင့်တကွ ဒလမြို့မှ ရွှေချက်တော်သိုရာဖြစ်သောကေတုမတီတောင်ငူမြို့သို့ ချီတက်တော်မူခဲ့ရာ "ဟင်းခနွေ"စခန်းတွင် ဟံသာဝတီနေပြည်တော်ကြီးမှ ထွက်လာသော မိဖုယားနှင့် တွေ့ဆုံတော်မူရာတွင် ရှေ့သို့ ဆက်လက်၍ ချီတက်တော်မမူသေးဘဲ ထိုဟင်းခနွေစခန်းမှာပင် သုံးရက်တိုင်တိုင် တပ်စခန်းချရပ်၍ စံနေတော်မူသည်။

ထိုအခါ အရှင်နှစ်ပါး ရှေးဟောင်းနှောင်းဖြစ်များကို အတုန့်အလှန် မိန့်ကြားတော်မူကြသည်မှာ (သျှင်ရဲထွတ်) ညီတော်ဘုရင် ရွှေနန်းရှင်ကို အမူးထားပြီး စွန့်စွန့် စားစားနှင့် ထွတ်ထွတ်ကိုယ်တိုင် တည်ထောင်ခဲ့တဲ့ နိုင်ငံတော်ကြီးဟာဖြင့် အုပ်စီး၍ မရနိုင်ဘဲ ယခုအခါ ဖရိုဖရဲဖြစ်ကုန်ပေါ့၊ သည်ဖြစ်ပုံအရေးကို တွေးမိတိုင်း စိတ်နှလုံး မသက်မသာ ဖြစ်တော်မူရတယ်။

(မိဖုယားသခင်ကြီး) သည် အရေးများကို တွေးပင်မတွေးဝံ့အောင် ရှိနေပါတော့သည်။ မောင်တော်ရွှေနန်းရှင်ဘုရားရဲ့ အမှားတော်တွေဟာ ကမ္ဘာကြေသော်လဲ ဥဒါန်းမကြေဖြစ်နေတော့မှာဘဲ ထင်ပါရဲ့။

(ထွက်) ညီတော်ရဲ့အမှားတော်တွေက ပြုပြင်လို့မရအောင် တစင်လုံး မှားကုန်တော့တာဘဲ။ အဆုံးတရက်မှာတော့ ရန်သူတော့် လက်နက်နှင့် အသက်ကြွေတော်မူရရှာတယ်၊မူရင်းစင်စစ်ရေသောက်မြစ်မှာတော့ မူးယစ်ဘောက်ပြန်စေတတ်တဲ့သေရည် သေရက်ကြောင့်ပါဘဲ။

(ကြီး) သည်မျှနှင့်အချိန်တန်ပြီး ကံတော်ကုန်ဘို့ဆုံးဖြတ်လာခဲ့တာ ထင်ပါရဲ့၊ သေရည်သေရက်နှင့် ပျော်ပြီး ရန်သူတော်အစစ်ကိုသာ ချစ်ချစ်ခင်ခင်နှင့် မြှောက်စားတော်မူလေ့ရှိတယ်၊ ငယ်ရွယ်စဉ်ကစပြီး ထွတ်ထွတ်ကဲ့စကားကို နာယူလေ့ရှိသော်လဲ ပျက်စီးချိန် တန်တော့ လက်ခံတော်မမူတော့ဘူး၊ ကံကြမ္မာဂြိုဟ်ဆိုး၏ အမျိုးမျိုး ဖြစ်အောင် သွေးဆောင်ခြင်းဟာ လွန်စွာကြောက်ဘို့ ကောင်းပါကလားနော်။

(ထွတ်) အဟုန်နှင့်တကွ စီးဆင်းလာတဲ့ရေများကို တားဆီးလို့မရသလို ပြင်းထန် တိုက်ခိုက်တဲ့ လေမုန်တိုင်းကို ရပ်ဆိုင်းအောင် ခုခံလို့ မရသလို ကံအဟုန် ဖန်တီးလာပြီဆိုမှဖြင့် ဘယ်နည်းနှင့်မှတားဆီးပြုပြင်လို့ မရနိုင်တော့ဘူး၊ အဲ့-သို့ကြောင့် ရှင်တော်မြတ်ဘုရားက ကံတရားကိုသာ အရေးကြီးစွာ ဟောကြားတော်မူခဲ့တာပေါ့။

(ကြီး) သမိန်စောထွတ်ဆိုတဲ့ အမတ်ဟာ လွန်စွာ မိုက်ရိုင်းပါကလားနော်၊ သူစိုးပိုင်တဲ့ ရပ်ဌာနသို့ပင်ခေါ်ပြီး ကိုယ်တော်မြတ်ကို သတ်ပလေတယ်။

(ထွတ်) အို-ကံစကား ပြောနေတဲ့အခိုက်တွင် သမိန်စောထွတ်ကိုအပြစ်မတင်ပါနှင့်တော့ ခင်ခင်ကြီးရယ်၊ ကံကြမ္မာဆော်နိုးမှုဖြင့် အကျိုး အကြောင်းနှင့် အဆိုး အကောင်းကို မသိဘဲ ထင်မိထင်ရာပြုကုန်တတ်တာမျိုးပါဘဲ၊ ညီတော်ဘုရင်ရွှေနန်းရှင်ဟာ ငယ်ရွယ်စဉ်ကစပြီးထွတ်ထွတ်ကဲ့စကားကိုနာယူလေ့ရှိသော်လဲ အောင်ပွဲတွေအမျိုးမျိုးစုံတော့ ရာဇဂုဏ်ယစ်မူးပြီး ကမ္ဘာတခွင်မှာ ငါ့ပြိုင်မရှိဆိုတဲ့ အထင်မျိုးတွေပေါ်ပေါက်၍ အမြှောက်အမှား သဘောတော် ထားလာတယ်၊ ရာဇဂုဏ်ယစ်မူးရုံမျှနှင့်တော့ ကိစ္စမရှိသေးပါဘူး၊ သေရည်, သေရက် သောက်ကြူး၍ တဆင့်တက်ပြီး ယစ်မူးတော့ အထူးထူးအထွေထွေဘောက်ပြန်ကုန်တော့တာပေါ့၊ သေရည်,သေရက်ကို သောက်စား၍ မှောက်မှားတော်မူစကပင် ချစ်ခင်ခဲ့ရင်းစေတနာနှင့် အခါခါသတိပေးသော်လဲ အရေးယူတော်မမူဘူး၊ သို့ရာတွင် သွန်သင်နားချတဲ့ အခါမှာတော့ ငယ်ငယ်က ဝါသနာအတိုင်း တခွန်းတံပါဒမျှပြန်လှန်၍မပြောဘဲ အသာငုံ့ပြီးနားစိုက်နေတော်မူတယ်၊ညီနောင်နှစ်ပါးအချင်းချင်းတွေ့တဲ့အခါမှာ ရာဇဂုဏ်မတင်းဘဲ၊ မူရင်းနဂိုသဘောအတိုင်း တည်တန့်တော်မူပုံများကိုပင် သနားတော်မူမိတယ်ခင်ခင်ကြီးရဲ့၊ နဂိုချစ်ရင်းအပေါ်တွင် အသနားစိတ် ဝင်လာပြီဆိုမှဖြင့် ညာတာချင်တဲ့စရိုက်နှင့် အလိုတော် လိုက်ချင်တဲ့ ဆန္ဒတွေသာ ဖြစ်ပေါ်လာတယ်၊ စင်စစ်မှာတော့ သေ,သူရာကိုချစ်ပြီး မူးယစ်ခြင်းကမူရင်းပါဘဲ၊ သေရည်ကြောင့် မူးယစ်မှုဖြင့် အရှုံးပြိုပြီ ထင်သလိုကျင့်စမြဲပေါ့၊ ဘယ်အကုသိုလ်မျိုးကိုမှ မထောက်ထားဘဲ ကြောက်အားမပိုနိုင်တော့ဘူး၊ မကောင်းတဲ့သူတွေကို သေရည်, သေရက်က မိတ်ဆက်လို့ ပေးပါရော၊ သေရည်ကိုလဲသောက်၊အကုသိုလ်ကိုလဲမကြောက်၊ ဘောက်ပြန်တဲ့စိတ်တွေနှင့် မိတ်ဆွေမကောင်းကိုပေါင်းပြီဆိုမှဖြင့် ဘယ်မှာမပျက်စီးဘဲ နေနိုင်ပါတော့မလဲ။

(ကြီး) မိန့်တော်မူတိုင်း မှန်လှပါတယ်၊ သည်ကမ္ဘာမြေနှင့် သည်လူ သတ္တဝါတွေကို သေရည်သေရက်ဟာ အဖျက်ဆီးဆုံးပါဘဲ၊ သေရည်သေရက်ဘေးမှ ကင်းလွတ်အောင် ထွတ်ထွတ် သတိထားတော်မူပါနော်။

(ထွတ်) စိတ်ချတော်မူပါ၊ အယူးသတိပေးနေဘို့ မလိုပါဘူး၊ ညီတော်ဘုရင်က သက်သေပြသွားပါပကော၊ သည်ဘဝတသက် နောင်ဘဝအဆက်ဆက်၊ သေရည်သေရက်သောက်ဘို့ဝေးရော၊ ဆေးနှင့်ရောတဲ့ သေအရက်ကိုတောင် မသောက်ဘဲ ရှောင်ကြဉ်ပါမယ်။ သက္ခာပဒံ သမာဒိယာမိ၊ ဝေရမဏီ တရားအစဉ်ကို ဘုရားရှင်ထံမှာ ဝန်ခံပြီးပေါ့ ခင်ခင်ကြီးရဲ့။

(ခင်ခင်ကြီးက ပြုံးပြီး) သည်စိတ်တော်အတိုင်းသာ အဆုံးတိုင် တည်တံ့တော်မူပါလျှင် သာဓုခေါ်ပြီး၊ ပူဇော်လို့နေပါမည်။ လူဆိုတဲ့လူများဟာ စိတ်ထား ပြောင်းလွဲဘယ်ဆိုတာကိုလဲ ထွတ်ထွတ်သိတော်မူတယ်နော်၊ မောင်တော်ရွှေနန်းရှင်ဘုရားလဲ ဟို-ယခင်ကတော့ သေရည်သေရက်ကို ခင်တော်မမူဘူးမဟုတ်လား၊ အောင်ပွဲတွေစုံ၍ ရာဇဂုဏ်တက်လာတော့ စိတ်နေ စိတ်ထားတွေပျက်ကုန်တယ်၊ သည်လိုဖြစ်ပုံဟာ မောင်တော်ရွှေနန်းရှင်က သက်သေပြသွားတာပေါ့နော်၊ သည်က ထွတ်ထွတ်လဲ ရန်အပေါင်းကို အောင်မြင်၍ ဘုရင်ကေရာဇ် ဖြစ်တော်မူပြီးရွှေဘုန်းတော်ကြီးတဲ့အခါ ရာဇဂုဏ်မတက်ဘူးလို့ ဘယ်နတ်ဘယ်သိကြားက အာမခံချုပ်နှင့်ထားနိုင်ပါမလဲ၊ သည်အရေးကိုတွေးပြီး စိုးရိမ်တော်မူမိတယ် ထွတ်ထွတ်ကဲ့။

(ထွတ်) ဩော်-ပေါက်ပေါက်ရှာရှာ တွေးမှ တွေးတတ်ပလေတယ်ခင်ခင်ကြီးရယ်၊လူတို့မှာ စိတ်တခုသာ လိုရင်းပါ၊ ကိုယ့်စိတ်ကိုယ်ထိန်းနိုင်လျှင် ယိမ်းယိုင်ခြင်းမရှိဘဲ၊ ကျောက်တောင်ပကတိကဲ့သို့ တည်တံ့နိုင်ပါတယ်။ လူ့ဘုံမှာ လူ့သဏ္ဍာန်ချင်းတူကြသော်လဲ အတွင်းသန္တာန်မှာရှိတဲ့ စိတ်နေ့စိတ်ထားကတော့ အခြားကြီးခြားကြတယ် ခင်ခင်ကြီးရဲ့၊ သည်က ထွတ်ထွတ်ကတော့ ကိုယ့်စိတ်ကိုထိန်းနိုင်ပါတယ်။ ယိမ်းယိုင်ခြင်းမရှိဘူးလို့သာ အထူးသဖြင့် ယုံကြည်တော်မူပါတော့၊ ကိုယ့်စိတ်ထားခိုင်ပါလျှင် ဘယ်နတ်နှင့်ဘယ်သိကြားကို အာမခံ ထားရအုံးမလဲ။

(ကြီး) သည် အမိန့်တော်ကိုကြားရတာ အလွန်ဝမ်းသာပါတယ်၊သည်အတိုင်းတည်ခိုင်၍ ရွှေမဏ္ဍိုင်မေရုနန်းကဲ့သို့ ရွှေဘုန်းတော်ကြီးပါစေလို့ ဆုတောင်းပါရဲ့။

(ထွတ်) တောင်းတဲ့ဆုအတိုင်း ပြည့်စုံလိမ့်မယ်ဆိုတာကိုလဲယုံကြည်ပါတယ်၊လက်ရုံးတော်စွမ်းအင်နှင့် တိုင်းနိုင်ငံအလုံးကို သိမ်းကျုံးစိုးယူ အောင်လံတော်စိုက်ထူ၍ တဆူကေရာဇ်အထွတ်ဆုံး ဖြစ်ပါလိမ့်မယ်၊ ထွတ်ထွတ်ဆိုတဲ့ အမည်သညာဟာ မင်္ဂလာ နိမိတ်တော် အစစ်ကြီးပါ ခင်ခင်ကြီးရဲ့။

(ကြီး)။ ထွတ်ထွတ်ကဲ့လက်ရုံးကြောင့် ရန်သူတွေပျက်ပြုန်း၍ ဘက်နှုန်းမရှိဘဲ၊ အဓိပတိအောင်တော်မူမဲ့အကြောင်းကို ယုံကြည်ပြီးပါ၊ သည် အရေးကို မြင်လို့ ဟို-ငယ်စဉ်က ချစ်ခင်သိမ်းပိုက် အလိုတော် လိုက်ခဲ့တာပေါ့။ ငယ်စဉ်က ခက်ခက်ခဲခဲချစ်ခင်ပုံတွေ ပြန်လှန် စဉ်းစားတော်မူစမ်းပါအုံး။

(ထွတ်) အချစ်စိတ်တွေကိုဆူပြီး ငယ်ငယ်က ဖြစ်ခဲ့ပုံများကို အထူးစဉ်းစားနေဘို့ မလိုပါ။ ရွှေနှလုံးမှန်အပြင်မှာ အမြဲပင် ထင်နေပါတယ်။ သည်လို ခဲခဲယဉ်းယဉ်းနှင့် ရင်းနှီးအောင် ကြံစည်ခဲ့ရတဲ့သခင်ကြီးကို ထွတ်ထွတ်မြတ်မြတ်ကြီး မြောက်စားဘို့ ကြံစိရတာပေါ့။

(ကြီး) အဲသည်လိုစကားကို မိန့်ကြားတော်မူဘတ်လွန်းလို့ အစွမ်းကုန်လွတ်ပြီး ထွတ်ထွတ်ကို ချစ်ခင်တော်မူရတာပေါ့။ နို့-နေစမ်းပါအုံး။ ယခု ကြံစည်တော်မူရမဲ့အရေးမှာ ထွတ်ထွတ်မှာ နိုင်ငံလက်လွတ် ဖြစ်နေပါကလား။ ပြည်ဘုရင်ကလဲခြားနား။ ညီတော် တပါးဖြစ်တဲ့ သီဟသူကလဲ တောင်ငူကပုန်ကန်။ အကြံရဖြင့် အတော်ခက်မဲ့ လက္ခဏာဘဲလို့ ထင်မိပါတယ်။ သည်အရေးကိုတွေးလို့ မစိုးရိမ်ထိုက်ဘူးလား ထွတ်ထွတ်ကဲ့။

(ထွတ်) ခင်ခင့်ကြီးတို့လို မိန်းမစိတ် ကလေးနှင့် အတွေးနယ် ကျယ်ဝန်းမှာပေါ့လေ။ သည်လိုနိုင်ငံလက်လွတ် ဖြစ်နေတာကိုပင် ထွတ်ထွတ်က သာလို့ပင် နှစ်သက်ပါသေးတယ်။ သူတပါးတို့အရှိန်ဂုဏ်ကို ခိုလှုံလိုတဲ့ဆန္ဒမရှိဘူး။ ကိုယ့်လက်ရုံးကိုယ့်ဘုန်းအစွမ်းနှင့် ကိုယ့်ထီးကိုယ့်နန်းကို တည်ထောင်လို့ခံစားရမှ မြိန်ရှက်နိုင်တဲ့စိတ်မျိုးရှိပါတယ်။ယောကျ်ားကောင်းစင်စစ် တကယ်ဖြစ်ခဲ့ပါလျှင် ဘယ်အရှိန်ကို ခိုလှုံရအုံးမှာလဲ။ ညီတော်ဘုရင် ရွှေနန်းရှင်လက်ထက်ကလဲ ကိုယ့်လက်ရုံးနှင့်ရှက်ဆောင်ပြီး တည်ထောင်ကာ၊ နိုင်ငံချဲ့ထွင်ခဲ့တယ်မဟုတ်လား။ ထီးနန်းတည်ထောင်၍ တိုင်းနိုင်ငံကျယ်ဝန်းအောင် ချဲ့တဲ့အရေးမှာ သွေးစွမ်းပြီးဖြစ်နေလို့ ဘယ်လိုပင်အန္တုသော်လဲ အကျုမြူလောက်မှ အရေးစိုက်တော်မမူပါဘူး။ (ဤသို့မိန့်တော်မူရင်း စစ်စိတ်, စစ်သွေးတွေကြွလာသဖြင့် လက်သုံးတော်ဓါးကို ဆွဲကိုင်တော်မူပြီး)သခင်ကြီးရယ်။မြေပေါ်မှာဘွားတဲ့ လူသားစင်စစ်မှန်ပါလျှင် ဘယ်သူ့ကိုထောက်ထား၍ ကြောက်အားပိုနေရမှာလဲ။ ရွှေဓါးတော်တချက်ဝင့်လျှင် အသက်နှင့်ခန္ဓာကိုယ် ယှဉ်းယိုကာ ပျက်စီးကြရလိမ့်မယ်။ လက်သုံးတော် ဓါးတစင်း, စီးတော်မြင်းတကောင်, စစ်ဆင်ပြောင်တစီးရှိပါလျှင် ဘယ်နိုင်ငံ ဘယ်ဘုရင်ကိုမှ အောင်မြင်ဘို့ဝန်မလေးပါဘူး။ ယခုအခါ ဟံသာဝတီမှာလဲ "သမိန်စဏ္ဍဝေါ"က သိမ်မြန်း၊ ပြည်နန်းမှာလဲ "သတိုးသူ"၊ တောင်ငူမှာလဲ ညီတော်"သီဟသူ" ထီးဖြူဆောင်းချင်တဲ့ဆန္ဒနှင့် ပုန်ကန်ခြားနားကြသော်လဲ အနည်းငယ်မျှ လန့်စိုးတော်မမူဘူး။ မကြာမီဖျက်ဖြုန်း၍ လက်သုံးတော်ဓါးအစွမ်းဖြင့် ထီးနန်းကို စိုးစံတော်မူမယ်။ သို့ရာတွင် ကိုယ့်ညီတော်သီဟသူက တောင်ငူမြို့ကိုအားပြု၍ အန္တုတဲ့အတွက် အသားကလောက်ထွက်သဖြင့် စိတ်မသက်သာ၊ လွန်စွာ ဝမ်းနည်းတော် မူမိတယ်။ သစ္စာဘောက်ပြန်တဲ့ညီတော်ကို သင့်လျော်သလို ဆုံးမရအောင် ရှေးဦးပထမ လက်ရုံးစွမ်းပြတော်မူရမှာပေါ့။

(ကြီး) ညီတော်သီဟသူ ဘောက်ပြန်ခြင်းဟာ လွန်စွာရိုင်းစိုင်းလှပါသည်ဘုရား။ ဟံသာဝတီမှာ ယုံကြည်သဖြင့် မြို့စောင့် အပ်နှံထားခဲ့ပါသော်လဲ အရေးကြုံတဲ့အခါ ရန်သူတော်ကို မတားဆီးမခုခံဘဲ ကိုယ်ကောင်းကြံကာ ကိုယ်လွတ်ရုံးပြီး ဗိုလ်ပါကို သိမ်းကျုံး၍ တောင်ငူမြို့သို့ ထွက်သွားပါသည်။ ယခုလိုအခါမှာ ညီနောင်တော်, နောင်တော်, တစုတလုံးတည်း အားပြုရပါလျှင် ဘယ်သို့သောရန်မှ ပုန်ကန်ခြားနားခြင်းငှါ မဝံ့ကြရိုးမှန်ပါတယ်။ညီတော်တောင်ငူဘုရင်၏ ပြုမူချက်မှာ အားပျက်အောင် တစင်ထောင်ကာ နှောက်ယှက်၍ ဖျက်ဆီးခြင်းပင်ဖြစ်ပါသည်ဘုရား။

(ထွက်) စိတ်နှလုံး သေးသိမ်ပြီဆိုမှဖြင့် နိုင်းချိန်တတ်တဲ့ ပညာမျိုးမရှိနိုင်ဘူး။ ညီတော် တောင်ငူဘုရင်ဟာ မိမိ၏ သေးသိမ်တဲ့သဘောကို ပေါ်လောပေါ်အောင် ဘော်ပြခြင်းပေပေါ့။ စိတ်နှလုံးအိမ့်,သေးသိမ်ညှံ့ဖျင်းတဲ့သူများဟာ အထွတ်အဖျားသို့ တိုင်အောင် ဘယ်အခါမှမကြီး ပွါးနိုင်ဘူး။ ပထမရွေးဦးစွာ သစ္စာဘောက်ပြန်တဲ့ ညီတော်ကို ဆုံးမပြီး ပြည်မြို့ကို လုပ်ကြံ၍ ဟံသာဝတီ ရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူမယ်။

ဤသို့ ရေးဟောင်းနှောင်းဖြစ်များကို အရှင်နှစ်ပါး မိန့်ကြားတော်မူကြ၍၊ ဟင်းခနွေ အရပ်မှာ တပ်စခန်းချကာ၊ သုံးရက်တိုင်တိုင် စံနေတော်မူပြီးလျှင် မိမိ၏ ဗိုလ်ပါအင်အားနှင့် တကွ၊ စည်မောင်းသံတညူညူ၊ အောင်လံတလူလူနှင့် တောင်ငူမြို့ကို ချီတက်တော်မူလေသတည်း။

တောင်ငူသို့ ချီတက်တော်မူရာတွင် ညီတော်လတ်"နန္ဒယော်ဒါ"နှင့် ညီတော် "သီရိဇေယျ ကျော်ထင်"တို့သည် နောင်တော်ကြီး (သျှင်ရဲထွတ်)နှင့်အတူ အမှုတော်ကို ထမ်း၍ လိုက်ပါကြ လေသည်။ ထိုညီတော်နှစ်ပါးမှာ ဒလမြို့သို့ ချီတက်စဉ်ကပင် အတူပါလာသော ညီတော်များ ဖြစ်ကြပေသည်။ နောင်တော်ကြီးနှင့် တစိတ်,တဝမ်းထဲ,ညီညွတ်၍ စိတ်နှလုံးမကောက်ဘဲ ဖြောင့် မတ်တည်ကြည်သော ညီတော်များ ဖြစ်ပေသတည်း။

ဟင်းခနွေစခန်းမှ ချီတက်တော်မူ၍ တောင်ငူနှင့်မြန်မာခရီး ၁၀-တိုင် (ခရီးတသောင်း) မျှသာဝေးသော "ရေပုပ်"အရပ်သို့ရောက်တော်မူသောအခါ အောင်မြေ့,အောင်ရပ်ကိုသိသော ပညာရှိမှူးမတ်တို့က လျှောက်ထားကြသည်မှာ ဤအရပ်ဌာနသည် ပေါင်းလောင်းမြစ်နှင့်လည်း နီးပါသည်။ တောင်ငူနှင့်လည်း ခရီးတသောင်းမျှသာဝေး၍ တစခန်းချီလျှင် တောင်ငူသို့ရောက် နိုင်ပါသည်။ "ဆင်ခင်း-မြင်းခင်း"၊ ဆင်စားကျက်,မြင်းစားကျက်လည်း ကျယ်ဝန်း လှပါသည်။ မြေရေနှင့်တကွ သစ်ပင်တောတောင် အခြေအနေများလည်း ဘူမိနက်သန် အောင်မြေမှန်လှပါ သည်ဘုရား။ ဤအောင်မြေဌာနတွင် ယာယီမြို့သစ်တည်၍ ခေတ္တစံနေတော်မူပြီးလျှင် တောင်ငူ ကို လုပ်ကြံတော်မူပါက၊ အလွယ်နှင့် ရတော်မူပါလိမ့်မည်ဘုရား။ ဤကဲ့သို့ လျှောက်ထားကြ လေသည်။

ပညာရှိတို့ လျှောက်ချက်အတိုင်း သျှင်ရဲထွတ်သည် ထိုအောင်မြေ အရပ်ဌာနမှာ ဇေယျ ဝတီ ဟူသောအမည်နှင့် ယာယီ မြို့သစ်တည်၍ ဗိုလ်ပါဆင်,မြင်း, အများနှင့်တကွ ဗိုလ်ဝင်ခံ၍ စံနေတော်မူသည်။

ထိုအခါ ဘွားတော်မူစကပင် ရာဇပလ္လင်ထီးဖြူကို စိုးယူနိုင်သောဇာတာပါ၍ ဘုန်းသမ္ဘာ ကြီးမြတ်တော်မူသောအရှင် ဖြစ်တော်မူသောအတိုင်း၊ ရွှေဘုန်းတော်ရိပ်ကို ခိုလှုံ၍ အမှုတော်ကို ထမ်းရွက်လိုသော ဗိုလ်ပေါင်းများစွာတို့လည်း နောက်ပါလူစုနှင့်တကွ အထံတော်သို့ခိုဝင်ဆိုက် ရောက်လာကြကုန်၏။

ဟံသာဝတီမြို့တော်၌ သမိန်စောထွတ်သည်"သမိန်စက္ကဝေါ"ဘွဲ့ကိုခံယူ၍ စိုးစံသောအခါ မှူးမတ်အပေါင်းတို့ မညီမညွတ်ဖြစ်ပြီးလျှင် သမိန်စက္ကဝေါ၏ကျွန်မလုပ်တော့ပြီ "ကျော်ထင်နော် ရထာ"ဘွဲ့ခံ သျှင်ရဲထွတ်၏ကျွန်တော်မျိုးလုပ်တော့မည်ဟု စိတ်ကိုဆုံးဖြတ်ကြပြီးလျှင် အထံတော် သို့ ရောက်လာကြသော ဗိုလ်တို့၏အမည်မှာ (၁)အဲမွန်တရာ၊ (၂)စန္ဒယော်ဓါ၊(၃)ရဲယော်ဓါ၊

(၄)တုရင်ဗလ၊(၅)သာရကာမှူး၊(၆)သံပေါက်မှူး၊(၇)ဗညာဗရှူး၊(၈)အိတ်မွန်ထော်၊ သည့်ဗိုလ်ရှစ်ဦးတို့သည် သားမယားတို့နှင့်တကွ၊ တလိုင်းစစ်သည်ပေါင်း(၃၀၀၀)သုံးထောင်ကို ဆောင်ယူ၍၊ အထံတော်သို့ ဆိုက်ရောက်လာကြလေသည်။

မုတ္တမမြို့မှ(၁)အဲပရဲ့၊(၂)စွန္တရာသီ၊(၃)ပိုက်ကမြင်။ သည်ဗိုလ်သုံးဦးတို့သည်သားမယားတို့နှင့်တကွ၊ တလိုင်းစစ်သည်ပေါင်း(၁၀၀၀)တထောင်ကိုယူဆောင်၍ အထံတော်သို့ရောက်လာကြသည်။

တောင်ငူမှလည်း(၁)ဘယာဇေယျ၊(၂)ဆင်မှူးဗလကျော်၊(၃)တောင်ငူသူရဲမှူး၊(၄)အတွင်းသင်းမှူး သည်ဗိုလ်လေးဦးတို့သည်တောင်ငူမြို့အတွင်း ခြားနားလျက်ရှိသော မင်းခေါင်ဘွဲ့ခံညီတော်သီဟသူကို မကြည်ညိုသောကြောင့် သားမယားနှင့်တကွ မြန်မာစစ်သည်ပေါင်း (၇၀၀)ခုနစ်ရာကို ဆောင်ယူ၍ အထံတော်သို့ ရောက်လာကြသည်။

ဿျှင်ရဲထွတ်လည်း အထံတော်သို့ ဆိုက်ရောက် လာ သ မျှ သော ဗိုလ်များကို ဆုတော်၊ လာဘ်တော်ပေးသနား၍ သစ္စာခံစေပြီးလျှင် အမှုတော်ကို ထမ်းရွက်တော်မူစေသည်။ ထိုအခါ အထံတော်မှာ တလိုင်းဗိုလ်မှူးတို့နှင့် တလိုင်းသူရဲပေါင်းများစွာတို့သည် ဆန္ဒတော်အတိုင်းပြည့်စုံလုံလောက်စွာရှိလေသည်။

ဇေယျဝတီမြို့သစ်မှာ နှစ်လတိုင်တိုင် ဗိုလ်ဝင်ခံတော်မူရာ ကိုယ်တော်ကို ကြည်ညိုမြတ်နိုးအားကိုးအားထားပြုကြသဖြင့် အလိုအလျောက် ခိုဝင်လာသော ဗိုလ်ပါအင်အားသည် အလွန်ပင် များပြားလေသည်။ ဘုန်းကြီးသည့်အရှင်ဖြစ်တော်မူသောအတိုင်း လူကြည်ညို၊နတ်ကြည်ညိုဟူသော ဂုဏ်နှင့် ပြည့်စုံပြီးလျှင် မည်သည့်မြို့ကို မဆို လုပ်ကြံတော်မူပါလျှင် အလွယ်တကူနှင့် အောင်တော်မူမည့်နိမိတ်များသည် ထင်ရှားစွာ ဖြစ်ပေါ်လာလေ၏။

မင်းခေါင်ဟူသော အမည်နှင့် ကေတုမတီတွင် ခြားနား၍နေသော ညီတော် သီဟသူ၏ရန်ကို လှန်ဖြိုနှိပ်နင်း၍ ကေတုမတီမြို့တော်ကြီးကို သိမ်းပိုက်ရန် ချီတက်မည်ဟု စီရင် စိုင်းပြင်းနေခိုက် တညတွင် ဿျှင်ရဲထွတ်သည် ဤကဲ့သို့သော အိပ်မက်ကို မြင်မက်တော် မူလေ၏။

## အိပ်မက်တော်

သရက်တခိုင်တွင် သရက်သီးငါးလုံးပြွတ်၍ သီးနေရာတွင် အခေါင်ဆုံးက သရက်သီးကို စားတော်ခေါ်ရသည်ဟု မြင်မက်တော်မူသည်။

ဤအိပ်မက်တော်ကိုမြင်မက်ပြီး၍ စက်တော်ခေါ်ရာမှနိုးတော်မူသောအခါ ထိုအိပ်မက်၏အကျိုးကို ကိုယ်တော်တိုင် ဤသို့ ဘတ်တော်မူသည်။ ငါတို့မှာ ညီတော်၊နောင်တော်၊ ငါးဦးရှိခဲ့သည်။ ယခု တောင်ငူမြို့ကနေ၍ ခြားနားသော ညီတော် သီဟသူသည် မင်းခေါင်ဟူသောဘွဲ့ကို ခံယူသည်။ အခေါင်ဆုံးက သရက်သီးကိုစားတော်ခေါ်ရသည်ဟု မြင်မက်သော အလိုအားဖြင့် ညီတော်မင်းခေါင်ကို ကိုယ်နှင့်တကွ လက်တော်ရောက် သိမ်းပိုက်ရရှိ၍ ကေတုမတီ တောင်ငူမြို့ကြီးကို အမှန်မချွတ် စိုးစံတော်မူရလိမ့်မည်။ ဤကဲ့သို့နိမိတ် ဘတ်ကြားတော်မူလေသည်၊

အောင်မြင်ကြောင်းဖြစ်သော နိမိတ်တော်ကို ထင်မြင်တော်မူသောအခါ အလွန်အားရနှစ်သက်လှစွာနှင့် မကြာမီအတွင်း ရွှေချက်သိုရာဖြစ်သော ကေတုမတီ ရာဇဌာနီမြို့တော်ကြီးကို လက်မှန်မဆွ သိမ်းပိုက်တော်မူခြင်းငှာ၊ မြို့သစ်တည်ထောင်စံနေရာဖြစ်သော ဇေယျဝတီမြို့တော်စခန်းမှ သေနင်္ဂဗျူဟာ ဗိုလ်ပါဆင်မြင်းစုံလင်စွာနှင့် အောင်စည် အောင်မောင်း, ရိုက်ညောင်းခတ်တီး၍ မြေအောင်လံတော်ကြီးကို ထူမြှင့်ကာ အောင်တော်မင်္ဂလာဖြင့် ရဲရင့်စွာ ချီတက်တော်မူလေသတည်း။

ဤတွင် တပင်ရွှေထီး ဝတ္ထုတော်ကြီးကို အပြီးသတ်လိုက်ပါသည်။

---

## တပင်ရွှေထီးဝတ္ထုမှတ်ချက်

တပင်ရွှေထီးဘုရင်သည် ဘွားမြင်စဉ်အခါကပင်လျှင် မကြုံစဖူး ထူးဆန်းကြီးကျယ်သော နိမိတ်တွေ ကြုံကြိုက်ခါ ဘွားမြင်တော်မူလာသဖြင့် ဘုန်းသမ္ဘာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးဖြစ်ကြောင်း ထင်ရှားပေသည်။

ရုပ်ကြန့်လက္ခဏာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသောအတိုင်းရှယ်နုပျိုမြစ် သက်တော်၁၅-နှစ်အရွယ်၌ပင်လျှင် ခမည်းတော်ဘုရား၏ အရိုက်အရာဖြစ်သော ထီးနန်းအမွေကို ဆက်ခံ၍တောင်ငူရွှေနန်းကိုစိုးစံတော်မူသည်။ စိုးစံတော်မူသည်ကစ၍ နတ်လူတို့၏ ကြည်ညိုမြတ်နိုးခြင်းကိုခံရပြီးလျှင် တိုင်းသူပြည်သားအပေါင်းတို့က အောင်စေကြောင်းဖြင့် ဆုတောင်းလျက်ရှိကြသည်။

နဖူးရေရှုံ့တွမှ မကိုဋ်ဆင်ရသဖြင့် ဘယ်အကျိုးရှိပါအံ့နည်းဟူ၍ ပညာရှင်တို့ ပြဆိုအပ်သော စကားပုံအတိုင်း ဘုရင်တပင်ရွှေထီးသည် နဖူးရေရှုံ့တွ၍ အိုမင်းသော အခါမှ မကိုဋ်ဆင်၍ ဘုရင်ပြုလုပ်ရသော ပုဂ္ဂိုလ်မဟုတ်ချေ။ နဖူးရေတင်းတင်း ပျိုနုခြင်းဂုဏ်နှင့် ပြည့်စုံသည့်အခိုက်တွင် မကိုဋ်ဆင်၍လာရသဖြင့် လောကီသမ္ပတ္တိအရာတွင် လွန်စွာ အကျိုးပေး ဖြောင့်မတ်သော ပုဂ္ဂိုလ်ဟူ၍ ချီးမွမ်းထိုက်ပေသည်။

မိမိကိုယ်တော်တိုင် ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံခဲ့သောအတိုင်း နိုင်ငံချဲ့ထွင်ရေး, အုပ်စိုးရေးကိစ္စတွင် လက်ရုံးတဆူ အလေးမူလောက်သော ယောက်ဘတော် သျှင်ရဲထွတ်ကို ကိုယ်တော်၏တသန္တာန်အတွင်းမှာ အားကိုးတော်မူရသည်မှာ ရွှေဘုန်းတော်၏ အထောက်အပင့်ကြီးတခုပင်ဖြစ်လေသည်။ သျှင်ရဲထွတ်သည် ဘုရင့်အပေါ်၌ သစ္စာရှိရှိ၊ ဂတိဖြောင့်ဖြောင့်နှင့် စိတ်ထောင့်ခြင်းမရှိဘဲ ဘုရင့်အကျိုးကို မိမိအကျိုးကဲ့သို့ ကျွတ်ကျွတ် လွတ်လွတ် ရွက်ဆောင်လေသည်မှာ လွန်စွာ ချီးမွမ်းဘွယ် ကောင်းသော အချက်ကြီးပင်ဖြစ်ပေသည်။

ဘုရင်တပင်ရွှေထီး သေရည်,သေရက်,သောက်စားခြင်း၊ မကောင်းသော မိတ်ဆွေတို့နှင့် ပေါင်းသင်းခြင်း၊ ဤအမှားတော်များကို လိုက်စားခြင်းမပြုမီအတွင်းမှာ တော်လှန် ပုန်ကန်ရေးများနှင့် တစုံတရာမျှ မတွေ့ရဘဲချီတော်မူ၍ လုပ်ကြံတော်မူသော အရေးတို့၌ မအောင်မြင်သည်ဟူ၍ မရှိဘဲ အောင်ပွဲကိုသာ ရရှိတော်မူလေသည်။

စစ်ရေးစစ်ရာ၌လည်း လွန်စွာ ဝါသနာထုံ၍ ချီတော်မူရာတို့၌ ကိုယ်တော်တိုင် လိုက်ပါချီတော်မူလေ့ရှိပေသည်။ ဘုရင့်နောင်ကျော်ထင်နော်ရထာဘွဲ့ခံ သျှင်ရဲထွတ်ကိုလည်း စစ်ဘုရင်ချုပ်ကြီးခန့်ထားတော်မူပြီးလျှင် ကိုယ်တော်နှင့်ထပ်တူထပ်မျှ သဘောထားတော်မူကာ မြှောက်စားတော်မူသည်။ မိမိက ရေကြောင်းချီလျှင် သျှင်ရဲထွတ်ကို ကုန်းကြောင်းချီစေသည်။

ပထမရေးဦးစွာ ဟံသာဝတီကို အောင်မြင်တော်မူခြင်း၊ ထို့နောက်သရေခေတ္တရာပြည်မြို့ကို အောင်မြင်တော်မူခြင်း၊ မုတ္တမမြို့ကို အောင်မြင်တော်မူခြင်း၊ ရခိုင်ကို အောင်မြင်တော်မူခြင်း၊ ယိုးဒယားကို အောင်မြင်တော်မူခြင်း၊ ဤ အောင်ပွဲများသည် လွန်စွာ ထင်ရှား၍ ကြီးကျယ်သော အောင်ပွဲများပင် ဖြစ်ပေသည်။

စစ်မှုရေးရာတို့၌ အမှုတော်ကို ထမ်းကြသော ဗိုလ်မှူး, စစ်ကဲမှ စ၍ စစ်သည်တော်သားအမှုထမ်းများသို့ တိုင်အောင် အသက်ကို စွန့်၍ အမှုတော်ကိုထမ်းကြလေသည်။ စစ်ရေးနှင့်စပ်၍ တစုံတယောက်သောသူမျှ အာဏာတော်ကို ဖီဆန်၍ ကျင့်လေ့မရှိကြကုန်၊ သို့ဖြစ်၍ အပွဲပွဲမှာ အောင်တော်မူခြင်းကို ရရှိလေသည်။

မြန်မာပြည်အောက်ပိုင်းနှင့် ယိုးဒယားပြည်တို့သာ အရေးစိုက်တော် မူနေသောကြောင့် အထက်မြန်မာပြည်၌ရှိသော အဝမြို့တော်ကြီးကိုမူကား တိုက်ခိုက်ခြင်း ပြုတော်မမူရချေ။ ရခိုင်, ယိုးဒယားနှင့်တကွ အောက်ရာမညတိုင်းကို သေဝပ်ပိပြားစေပြီးမှ အဝနေပြည်တော်သို့ချီတက်တိုက်ခိုက်ရပါလျှင် လွယ်ကူစွာနှင့်ပင် ရတော်မူမည်ဟူ၍ ရည်ရွယ်ရင်း ရှိသည်နှင့် အဝနေပြည်တော်အတွက် အရေးမစိုက်ဘဲနေတော်မူခဲ့သည်။ သို့အတွက်ကြောင့် ၎င်း လက်ထက်တော်မှာ အဝနေပြည်တော်ကြီးကို သိမ်းပိုက်ရရှိတော်မမူဘဲ ရှိရလေသည်။

(ထို အဝနေပြည်တော်ကြီးနှင့်တကွ၊ အထက်မြန်မာနိုင်ငံတော်အလုံးနှင့်ရှမ်းပြည်များကိုမူကား သျှင်ရဲထွတ်၏ လက်ထက်၌ လက်နက် နိုင်ငံအဖြစ်ဖြင့် သိမ်းပိုက်စိုးအုပ်တော် မူရလတ္တံ့)။

ဘုရင်တပင်ရွှေထီးသည် ကြံရွယ်တော်မူရင်းအတိုင်း ကိုယ်တော်တိုင် ချီတက် လုပ်ကြံရာ၊ အောင်လံမထူရသည်ဟူ၍မရှိ၊ ပွဲတိုင်းမှာပင် အောင်လံစိုက်ထူတော် မူရသောကြောင့် အောင်ပွဲရဘန်များသောအခါ "ကမ္ဘာမြေပေါ်တွင် ငါကြံလျှင် မခံနိုင်ဟူသော စိတ်မျိုး ပေါ်ပေါက်၍ ငါ့ကို အန္တုဝံ့သူမရှိဟူသော မာန်မာနမျိုး တက်ကြွ ပေါ်ပေါက်လာပြီးလျှင် ဘုန်းတန်ခိုးကို အားကိုးအားထားပြုပြီးလျှင် ကိုယ့်အပေါ်တွင် သွန်သင်မည့် ပုဂ္ဂိုလ် မထားဘဲ စိတ်ထင်သည် အားလျော်စွာ ကျင့်ကြံစပြု၍လာလေ၏။ ။ထိုကဲ့သို့သော သဘောမျိုးများ ပေါ်ပေါက်၍ လာလေရာ အမြော်အမြင် ကြီးမားသော ယောက်ဘတော် သျှင်ရဲထွတ်က အကျိုးအကြောင်းပြကာ သွန်သင်ပါသော်လည်း။ ငယ်ရွယ်စဉ်အခါကကဲ့သို့ စိတ်သဘောပါနှင့် နားထောင်တော်မမူချေ ယောက်ဘတော် ရှေ့မှာ အလိုက်သင့်စွာ မိန့်ကြား၍ မျက်ကွယ်မှာ စိတ်ထင်သောအတိုင်းသာ ပြုကျင့်တော်မူလေသည်။ ။သို့ရာတွင် သျှင်ရဲထွတ်၏ စိတ်နှလုံး မသက်မသာအောင် ဆန့်ကျင်ဘက် စကားများကိုမူကား ဘယ်အခါမှ မိန့်ကြားတော်မူလေ့မရှိချေ။

ဤကဲ့သို့ ရာဇဂုဏ် မောက်၍ စိတ်နှောက်ကိုယ်ပါ ထင်ရာ ပြုတော်မူခြင်းကို အစပြုပြီး လျှင် မြန်မာဘုရင် ထီးနန်းရှင်တို့နှင့် မထိုက်မတန်သော သူတော်ကောင်းတို့ မနှစ်ချိုက်အပ် သော သေရည်,သေရက်, သောက်စားမှုများကိုပြုလုပ်တော်မူလေသည်။ ။ထိုအခါသျှင်ရဲထွတ်က ကျိုးကြောင်းပြ၍ ဆုံးမပါသော်လည်း လိုက်နာတော်မမူတော့ချေ။ ။ရာဇဂုဏ် မာန်တက်၍ သေရည်, သေရက်, ယစ်မူးသောအခါ၊ မသင့်လျော်သော။ အမူအရာတို့ကို သာ၍ပင် ပြုကျင့် တော်မူလေသည်။

ထိုအခိုက်တွင် ဥရောပတိုက်သားများနှင့် ပေါင်းသင်းမိပြန်လေရာ ထိုဥရောပတိုက်သားတို့၏ အလေ့စရိုက်နှင့် မိမိ၏ အကြိုက်တိုက်ဆိုင်လျက် ရှိပြန်သောကြောင့် သာ၍ပင် မှောက်မှားတော် မူပြန်လေသည်။ ။ဥရောပတိုက်သားကို အတွင်းတော်၌ မြှောက်စား၍ ရွေးကထက်သာလွန်၍ သေရည်, သေရက်, များကို လိုက်စားတော်မူလေရာ။ တိုင်းရေး ပြည်မှုများကိုပင် သတိမရဘဲ ရွှေနန်းတော်ပေါ်တွင် မူးယစ်ပျော်ပါးသောအလေ့ဖြင့်သာလျှင် အချိန်ကို လွန်စေတော်မူလေ သည်။

ဥရောပတိုက်သားနှင့် အကျွမ်းတဝင် ပေါင်းသင်းတော် မူလေရာ မြန်မာတို့၏ အမူအရာ ထက်ပင် ဥရောပ တိုက်သားတို့၏ အလေ့ကို ကောင်းသည်ဟု ထင်မြင်တော်မူသောကြောင့် အလွန်ထက်မြက်သော သေရည်, သေရက်,ကို သောက်စားခြင်း ဥရောပတိုက်သားတို့၏ အချက် အပြုတ်မျိုးကိုသာ ပွဲတော်တယ်လိုခြင်းမှစ၍ အမူအရာတော်များလည်း ပြောင်းလဲ၍လာလေ၏။

သျှင်ရဲထွတ်လည်း ညီတော်ဘုရင်၏ ဘောက်လွဲဘောက်ပြန် ဖြစ်တော်မူပုံများကို တား ဆီး၍ မရသည်နှင့် အလိုက်ဘာသာ ဖုံးတန်သမျှကို ဖုံးဖိ၍ ထားပြီးလျှင်။တိုင်းရေးပြည်မှုများကို ပိပိပြားပြား ရှိအောင် မိမိဉာဏ်စွမ်းရှိသမျှ ရှက်ဆောင်ကာ နေတော်မူရလေသည်။ ။ဘုရင် မင်းမြတ်အား အနှောက်အရှက် ပေး၍ ဖျက်ဆီးသော ဥရောပတိုက်သားအား ရွှေ, ငွေ, အသပြာ များစွာ ပေးကမ်း၍ သူ့နိုင်ငံရင်းသို့ လွှတ်ရလေသည်။

ဘုရင်-တပင်ရွှေထီးသည် မင်းကျင့်တရားနှင့် မညီဘဲ၊ ဘောက်ပြန်မှားယွင်းလေသောအခါ အချို့သောမှူးမတ်များလည်း ဘုရင့်အပေါ်တွင် အကြည်ညိုပျက်၍ သစ္စာတရား နည်းပါးသော အချေသို့ ရောက်ကြလေ၏။ထိုမှူးမတ်တို့က တပင်ရွှေထီးကို နန်းမှချ၍ယောက်ဘတော်သျှင်ရဲထွတ် ကို ဘုရင်အဖြစ်ဖြင့် တင်မြှောက်ကြရန် ကြံစည်ကြလေရာ။သျှင်ရဲထွတ် ကိုယ်တိုင်ကပင် သည်ကဲ့သို့ မကြံစည်ထိုက်ကြောင်း ကျေးဇူးသစ္စာတော်ကို စောင့်သိ ရိုသေထိုက်ကြောင်းများနှင့် တရား သဖြင့်ညွှန်ပြ၍ မှူးမတ်များကို သစ္စာတရား မပျက်ပြားကြရအောင် စောင့်ရှောက်၍ နေတော် မူကြရလေသည်။

ထိုအခိုက်အခါ အမျိုးကို ချစ်ခင်စွာ ဝံသာနုရက္ခိတ စရိုက်ရှိကြသော အမျိုးအနွယ် မြင့်မြတ်မြဲ စိတ်ဓာတ် ထက်သန်ကြသော အချို့တလိုင်းများသည် မိမိတို့အပေါ်၌ အုပ်စိုးနေ သည်ကို မခံနိုင်ကြသဖြင့် လွတ်လပ်ခွင့်ကိုရ၍ ကိုယ်ပိုင် အုပ်စိုးခြင်းကို ရရှိကြလေအောင်မြန်မာ ဘုရင်-တပင်ရွှေထီးကို ပုန်ကန်ပြီးလျှင် တလိုင်းဘုရင်များ တဘန်ပြန်၍ စိုးအုပ်ရလေအောင် ကြံဆောင်သော သဘောများ ပေါ်ပေါက်လာကြလေ၏။

ထိုကဲ့သို့ကြံစည်သောတလိုင်းတို့တွင် သမိန်ထောရာမနှင့်သမိန်စောထွတ် ဤသူနှစ်ယောက်တို့သည်။ အကြီးအကျယ် မဆုတ်မနစ် ထက်ထက်မြက်မြက် ကြံစည်သောသူများ ဖြစ်ကြလေသည်။ ။ထိုအကြံကြီးနှစ်ဦးတို့တွင် သမိန်ထောရာမသည် အပြင်းကနေ၍ ကြံသူဖြစ်၏ သမိန်စောထွတ်သည်ကား အပါးတော်သို့ ကပ်၍ အတွင်းက ကြံစည်သောသူ ဖြစ်လေသည်။

အတွင်းတော်သို့ကပ်၍ အတွင်းကြိတ် ကြံသော သမိန်စောထွတ်၏ အကြံကိုမူကား ထင်ရှားစွာ မသိကြချေ အပြင်ကနေ၍ ဗိုလ်ပါအင်အား စုရုံးကာ အပြင်အထန်ကြံစည်သော သမိန်ထောရာမ အကြံသာလျှင် ထင်ရှားစွာ ပေါ်ပေါက်၍လာလေသည်။ ။ဗိုလ်ပါအင်အားနှင့် အထင်အရှား ကြံစည်သော သမိန်ထောရာမ၏ အန္တရာယ်သည် ကြီးကျယ်၍လာသော့အခါ သျှင်ရဲထွတ်ကိုယ်တိုင် ထိုရန်ဆူး ရန်ညှောင့်ကို နှိပ်နင်း ဖြိုဖျက်ခြင်းငှါ ဗိုလ်ပါ ဆင်မြင်းများစွာနှင့် ဟံသာဝတီ နေပြည်တော်ကြီးမှ ထွက်တော်မူရလေသည်။

လက်ရုံးတော်ကြီးတဆူ အားကိုးတော်မူရသော သျှင်ရဲထွတ်သည်။ အပါးတော်မှခွါ၍ ဟံသာဝတီ နေပြည်တော်ကြီးမှ ထွက်တော် မူ၍လေသောအခါ အတွင်းတော်စွာ ပူးကပ်၍ ကြံနေသော သမိန်စောထွတ်သည် လွတ်လပ်၍ အခွင့်ရသည်နှင့် ဘုရင့်အလိုတော်ကြိုက် အလိုက်သင့်စွာ ခစားလျှောက်တင်ကာ မိမိအလိုသို့ ပါအောင် သွေးဆောင်ပြီးလျှင် ရွှေဘုန်းတော်ကြီးလှသော ဘုရင် တပင်ရွှေထီးကို အဆုံးတိုင် လုပ်ကြံလေသတည်း။

ဘုရင်-တပင်ရွှေထီးသည် ရာဇဣန္ဒြေတော်ကို မပျက်စေဘဲ မိမိ၏ဘုန်းတော်ကို ထိန်းသိမ်းစောင့်ရှောက်၍သာ စံနေတော်မူခဲ့မည်ဆိုပါလျှင် ဤကဲ့သို့သော အခြေသို့ ဆိုက်ရောက်တော်မူမည် မဟုတ်ချေ။ သေရည်-သေရက်ကို သောက်စား၍ အကျင့်ပျက်စီးခြင်း မိတ်ဆွေယုတ်တို့နှင့် ပေါင်းသင်း၍ မှောက်မှားတော်မူရခြင်း မိမိရာဇဂုဏ်နှင့် ရွှေဘုန်းတော်မြတ်ကို အရာရောက်အောင် မစောင့်ရှောက်နိုင်ခြင်း ဤကဲ့သို့သော ပယောဂ ဝိပ္ပတ္တိကပ်ကြီးကို တိုးမိသောကြောင့်သာ ရာဇဝင် နစ်နာအောင် ပျက်စီးတော်မူရလေသည်။

ပယောဂသမ္ပတ္တိနှင့်သာ ကြုံကြိုက်၍ နေခဲ့ပါလျှင် ရှမ်း, ရခိုင်, ယိုးဒယား, ဇင်းမယ်, ယွန်း-အနန်-တောင်တွင်း, နယ်များနှင့်တကွ မြန်မာပြည်အားလုံးကို သိမ်းကျုံး စိုးစံရုံမျှ မကသေးဘဲ မဏိပူရ-အာသန်-ဘင်္ဂလား- အစရှိသော ဣန္ဒိယတိုင်းကြီး ယူနန်-စသော တရုပ်ပြည်ကြီးများသို့ တိုင်အောင် ရွှေဘုန်းတော်အညွန့် မကွန့်မမြူးနိုင်ဘူးဟူ၍ မဆိုသာသော အခြေသို့ ဆိုက်ရောက်မည်အမှန် ဖြစ်ပေလိမ့်မည်။

လူ့ဘုံလောက၌ ပယောဂ သမ္ပတ္တိသည် လွန်စွာ အရေးကြီး၏ ပယောဂသမ္ပတ္တိဆိုသည်မှာ မိမိကိုယ်ကို မမှောက်မှားစေဘဲ ခိုင်မြဲတည်တံ့စွာ စောင့်ထိန်း၍ကောင်းမြတ်သော အပြုအမူ အကျင့်အကြံများကိုသာ အခါမလင့် ပြုကျင့်ရိုးကို ဆိုလိုသည်။ ။ထိုပယောဂသမ္ပတ္တိမျိုးကိုပင် မင်္ဂလာတရားတော်၌ အတ္တသမ္မာ ပဏိဓိ ဟူ၍ဆိုသည်။

မိမိကိုယ်ကို ခိုင်မြဲတည်တံ့စွာ ရှိအောင် မစောင့်ထိန်းဘဲ စိတ်ထင်တိုင်း လိုက်စား၍ မှောက်မှားသော အမူအကျင့် အမျိုးမျိုးတို့ကို ပြုလုပ်ခြင်းသည် ပယောဂ ဝိပ္ပတ္တိမည်၏။ ။

ပယောဂသပ္ပတ္တိ လက်ကိုင်ရှိခဲ့ပါလျှင် ဆိုက်ရောက်ပြီးသော အခြေအနေမျိုးမှ မလျော့ကျနိုင် ခိုင်မြဲတည်တံ့စွာ နေနိုင်၏ ပယောဂဝိပ္ပတ္တိ ကြုံခဲ့ပါလျှင် မည်မျှလောက် ပစ္စည်းဥစ္စာ ပေါများစေကာမူ မည်မျှလောက် ဘုန်းတန်ခိုးအာဏာ ကြီးမားစေကာမူ မကြာမီအတွင်း ပျက်စီးယိမ်းယိုင်ခြင်းသို့ အမှန်ရောက်ရလိမ့်မည် ရောက်ရှိသော အခြေအတိုင်း တည်တံ့စွာ နေနိုင်လိမ့်မည် မဟုတ်။

ဘုရင်တပင်ရွှေထီးသည် ပယောဂ ဝိပ္ပတ္တိကပ်ကြီး အတိုက်ခံ ရသောကြောင့် မိမိ၏ ဘုန်းသမ္ဘာတော်များကို ခိုင်မြဲစွာ ထိန်းသိမ်းတော်မမူနိုင်ဘဲ အမှားတော်ကြီးမှား၍ အရွယ်နုပျိုစဉ် အခိုက်မှာပင် ပျက်စီးတော်မူရချေသည်။ ။ဤတပင်ရွှေထီး ဝတ္ထုတော်ကြီးကို ကြည့်ရှုတော်မူကြသော မိတ်ဆွေအပေါင်းတို့သည်လည်း ကိုယ်တိုင် သက်သေပြု၍ ပျက်စီးတော်မူရရှာလေသော တပင်ရွှေထီး၏ ရာဇဝင်တော်များကို စဉ်းစား ဆင်ခြင်ကြပြီးလျှင် ပယောဂဝိပ္ပတ္တိကပ်ဘေးကြီးမှ လွတ်ကင်းလေအောင် ရှောင်နိုင်သမျှ ရှောင်ကွင်းကြ၍ အတ္တသမာပဏိဓိ မင်္ဂလာဟု ဆိုအပ်သော ပယောဂသမ္ပတ္တိနှင့် ကြုံကြိုက်လေအောင် ရှက်ဆောင် ကြိုးစားသင့်သည့်ဟူ၍ အမြဲမပြတ် သတိမူသင့်ပေတယ်။

ဤတပင်ရွှေထီးဝတ္ထု၌ ကျေးဇူးသစ္စာ ဖောက်ပြန်သော ပုဂ္ဂိုလ်များမှာ တောင်ငူဘုရင် သီဟသူနှင့် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ ဖြစ်ကြလေသည်။ ။ထိုသူတို့၏ သစ္စာဖောက်ပြန်ခြင်းမှာ ဘုရင်တပင်ရွှေထီးအပေါ်၌ သစ္စာတော်ဖောက်ပြန်ခြင်း မဟုတ်ကြပေ သျှင်ရဲထွတ်အပေါ်၌ သစ္စာဖောက်ပြန်သောသူတို့ ဖြစ်ကြလေသည် အကယ်၍ ဤကဲ့သို့ သစ္စာမဖောက်ပြန်ဘဲ ဤမျှလောက် အရေးကြုံကြိုက်သောအခါ၌ မြန်မာအချင်းချင်း ပေါင်းသင်းညီညွတ်ကာ သစ္စာမပျက်ဘဲ တလုံးတစည်းထဲ ကြံစည်ကြရပါလျှင် သျှင်ရဲထွတ်မှာ ဤကဲ့သို့ အလုပ်အကိုင် အကြံအစည်များရမည် မဟုတ်ချေ။ ။"တောမီးလောင် တောကြောင် လက်ခုပေါင်းခပ်" ဆိုသောစကားအတိုင်း ကိုယ်ကောင်း ကြံလိုသော သူများသည် ဤကဲ့သို့ အရေးကြီးထဲမှာ သစ္စာဖောက်ပြန်ကာ ကိုယ်ကျိုးအတွက် ငွဲကွက် ပြုလုပ်တတ်ကြစမြဲ ဖြစ်ပေသည်။ ။ကိုယ်ကောင်း ကြံသော သဘောမျိုးနှင့် ရရှိသောစည်းစိမ်ချမ်းသာ ဆိုသည်မှာလည်း ကြာရှည်စွာ တည်တံ့လေ့မရှိချေ။

ဤဝတ္ထု၌ စင်းလုံးချော်ချီးမွမ်းဘွယ်ကောင်းသော ပုဂ္ဂိုလ်မှာ သျှင်ရဲထွတ်ဖြစ်ပေသည်။ ။ ထိုသျှင်ရဲထွတ်သည် သူရသတ္တိနှင့်လည်း ပြည့်စုံ၏ ဘုန်းလက်ရုံးနှင့်လည်း ပြည့်စုံ၏ ကိုယ်ကောင်းကြံလေ့မရှိ။ ကျေးဇူးသစ္စာကိုခိုင်လုံစွာ စောင့်ရှောက်လေ့ရှိ၏ စိတ်နေ စိတ်ထားလည်း လွန်စွာကြီးမား၏။ အမျိုး၏ ဂုဏ်ကျက်သရေကိုလည်း ရှက်ဆောင်၏။ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် အရာရာ၌ အတုခိုးထိုက်သော ပုဂ္ဂိုလ်ထူးကြီး ဖြစ်ပေသည်။

ဤတပင်ရွှေထီးဝတ္ထုကို ဘုရားမြင်တော်မမူမီကစ၍ အခြေအမြစ်နှင့်တကွ ချဲ့ချဲ့ထွင်ထွင် စုံစုံလင်လင် ရာဇဝင်အတိုင်း ရေးသားခဲ့ရာ နတ်ပြည်စံတော်မူခန်းတွင် အဆုံးသတ်လိုက်ပေသည်။ ။သို့ရာတွင် ဘုရင် တပင်ရွှေထီး နတ်ပြည်စံတော်မူပြီးနောက် အာဇာနည် ပုဂ္ဂိုလ်ကြီးအစစ် ဖြစ်ပေသော သျှင်ရဲထွတ်၏ ယောကျ်ားပြီသစွာ ကြိုးစားကြံစည်ပုံများနှင့်တကွ မြန်မာ

လူမျိုးတို့၏ဂုဏ်သရေ ဆောင်ရွက်ပုံများကို သိစေခြင်းငှာ တောင်ငူသို့ ချီတက်သောအခက်းသို့ ကျအောင် ဘွဲ့၍ ရေးသားခဲ့ရပေသည်။

သျှရဲထွတ် ဝတ္ထုကို ရေးသားမည်ဆိုပါလျှင် ယခုရေးခဲ့ပြီးသော "တောင်ငူချီ" စခန်းက စ၍၊ ဟံသာဝတီ ဆင်ဖြူရှင် မင်းတရားကြီး ဖြစ်တော်မူပြီးလျှင် နတ်ပြည် စံလွန်တော်မူသည် တိုင်အောင် ရာဇဝင်မူအတိုင်း ချဲ့ထွင် ရေးသားရုံသာရှိပေတော့သည်။ ။သျှင်ရဲထွတ်၏ ငယ်ရွယ်စဉ်က အကြောင်း အတ္ထုပ္ပတ္တိများဖြစ်၍ ရေးသားရန် လိုတော့သည် မဟုတ်ချေ။ ။ အကြောင်းအခွင့်သင့်တင့်ပါမူကားရေးသားချီးကျူးခြင်းငှါအထူး ထိုက်တန်ပေသော သျှင်ရဲထွတ် ဝတ္ထုကြီးကိုလည်း တခမ်းတနား ရေးသားရပေလိမ့်ဦးမည်။

ရာဇဝင်ဝတ္ထုတို့ကို ရေးသားခြင်းဆိုသည်မှာ အမျိုးကို မမေ့မလျော့စေခြင်း ကိုယ့်အမျိုး, ကိုယ့်နိုင်ငံ, နှင့် ဆိုင်သော ရှေးဟောင်း ဗဟုသုတတို့ကို တိုးပွားစေခြင်း။ ဤသို့ စသောအကျိုးတို့ကို ဖြစ်ပွါးနိုင်ပေသည် သို့ဖြစ်၍ ရာဇဝင် မူရင်းနှင့် မတိမ်းစေဘဲ ချဲ့ထွင်ရေးသားခြင်း ကိစ္စကို စာရေးဆရာတို့ ဆောင်ရွက်သင့်ပေသည်။

တရားသဘောအားဖြင့် ဆင်ခြင် ကြည့်ရှုလိုက်ပါလျှင် လွန်ခဲ့သော နှစ်ပေါင်း လေးရာ ခန့်က၊ မြန်မာပြည်တွင် ထင်ရှား ကျော်စောစွာ ထွန်းကားခဲ့ဘူးသော ဘုရင် တပင်ရွှေထီးနှင့် တကွ၊ ထိုလက်ထက်အခါတွင် ရှိနေကြသော သူတို့သည် ယခုအခါ တဦးတယောက်မျှ မရှိကြကုန်။ အနိစ္စဒဏ်ချက်ဖြင့် ပျက်စီးပြုန်းတီးခြင်းသို့ ရောက်ကြလေကုန်ပြီ။အချို့မှာအမည်ပညတ်မျှ မကျန်ရစ်တော့ကုန်။ ဤနည်းတူစွာ ဖြစ်ဖြစ်သမျှသောသတ္တဝါတို့သည် ရေအပြင်မှ ရေပွက်များ ပေါ်လာဘိသကဲ့သို့ ခေတ္တခဏမျှ လူ့ဘဝ၌ ဖြစ်ပေါ်ထွန်းကားလာကြပြီးလျှင် မကြာမီအတွင်း ပျက်စီးခြင်းသို့ရောက်ကြရမြဲ ဓမ္မတာပေတည်း။ ဤကဲ့သို့ ဆင်ခြင်ပါလျှင် အနိစ္စဉာဏ်သက်၍ တရားဘက်သို့ ကိုင်းရှိုင်းသဖြင့် ဘာဝနာကုသိုလ်တရား ဖြစ်ပွါး နိုင်ကြပေလိမ့်မည်။

လူတို့၏ ကိုယ်ကောင် အထယ်ဒြပ်ကြီးသည် ခေတ္တခဏမျှသာ တည်တံ့။ ကောင်းမြတ်သော ဂုဏ်သတင်းတို့သည် ရှည်ကြာလေးမြင့်စွာတည်ရစ်၏ဟူ၍ ပညာရှိ နီတိဆရာကြီးများ မိန့်ဆို၍ထားသော စကားအချက်အတိုင်း လူ့ဘဝ၌ တခဏမျှအတန်ကြာရသည် မိမိတို့၏ကောင်းမွန်သော အမည်သညာများကို ဂုဏ်နှင့်တကွ လောက၌ ထွန်းကားရစ်လေအောင် ကြံဆောင်ကြိုးစားမှုကိုလည်း ပြုသင့်ကြပေသည်။

တပင်ရွှေထီးဟူ၍ ဤ ရာဇဝင်ဝတ္ထုကြီး၌ အမည်သညာကို အသုံးပြု၍ ရေးသားခဲ့ရာ၊ မြန်မာလူမျိုးတို့ နှုတ်တက်၍ခေါ်ဝေါ်လေ့ရှိသောအတိုင်း ရေးသားခဲ့ပေသည်။ မြန်မာရာဇဝင်တို့၌မူကား၊ ထိုကဲ့သို့မဟုတ်ဘဲ မင်းတရားရွှေထီးဟူ၍ ရေးသားလေ့ရှိပေသည်။ အများနှုတ်တက်ကြသော စကားလုံးကို အသုံးပြုခြင်းမှာ အခေါ်အဝေါ် အပြောအဆိုမခက်ဘဲ လွယ်ကူထင်ရှားစေသောအကျိုးကို ဖြစ်စေနိုင်၏။

တပင်ရွှေထီး နတ်ပြည်စံတော်မူပြီးသော် သားတော်များ ဆက်လက်၍ ထီးနန်းစိုးစံမှုကို မပြုရသောကြောင့် မဟာသီရိဇေယျသူရဘွဲ့ခံ တောင်ငူဘုရင်မင်းကျီးညို၏ ရာဇဝင် အဆက်သည်

တပင်ရွှေထီးတွင် ပြတ်လေ၏။ ထိုနောက် ဟံသာ၀တီဆင်ဖြူရှင်မင်းတရားကြီးဘွဲ့ခံ၊ သျှင်ရဲထွတ်၏ ရာဇ၀င်သာ ဆက်လေတော့သတည်း။

## သစ္စာလေးပါးတရားအချက်ဖြင့် ချုပ်၍ပြခြင်း။

တပင်ရွှေထီး၏ သန္တာန်၌ရှိသော ရုပ်နာမ်ခန္ဓာ တရားအစုသည်(လောဘစေတသိက်ကိုချန်ထား၍) ဆင်ရဲမှုအစုအပုံ အဆိုင်အခဲတွေမျှသာဖြစ်သောကြောင့် ဒုက္ခသစ္စာမည်၏။ထိုဒုက္ခသစ္စာ အထယ်ဒြပ်ကြီးဖြစ်အောင် ထူထောင်၍ပေးသော လောဘစေတသိက်တည်းဟူသောတဏှာသည် ဆင်းရဲဒုက္ခ၏ အကြောင်းရင်းမှလ ဖြစ်သောကြောင့် သမုဒယသစ္စာ မည်၏။ ထိုဒုက္ခတရားစု၏ ချုပ်မှုတည်းဟူသော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ ထိုဆင်းရဲဒုက္ခ၏ချုပ်ဖြစ် နိဗ္ဗာန်သို့ဆိုက်ရောက်စေကြောင်း အကျင့်ကောင်းဟုဆိုအပ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤကဲ့သို့ သစ္စာလေးပါးဉာဏ်ဖြင့် ဆင်ခြင်ပြီးလျှင် ဘုန်းတန်ခိုးအာဏာ လွန်စွာကြီးမားလှသော ဘုရင်ရွှေထီးသည် ဒုက္ခအစစ်ကြီးသာဖြစ်၏။ထိုကဲ့သို့သော ရုပ်နာမ်ခန္ဓာမျိုးတို့မှ မလွတ်သရွေ့ ကာလပတ်လုံး မည်သူမဆို ဆင်းရဲဒုက္ခနယ်မှ လွတ်နိုင်ကြမည် မဟုတ်။ အဆင်းရဲနယ်မှ မလွတ်သမျှ အတည်ချမ်းသာခွင့်ကို မရနိုင်။ ဤကဲ့သို့သော တရားသဘောဖြင့် တွေးတောရှုစားကြပြီးလျှင် ဆင်းရဲဒုက္ခနှင့်မဆန်၊ သန္တိနိဗ္ဗာန်သို့ ဆိုက်ရောက်ကြရန် မဂ္ဂင်ရှစ်ပါး တရားအလုပ်ကို အားထုတ်ဘို့ သင့်လျော်ကြပေသတည်း။

## ဉပဒေသ။

ချွဲချွဲထွင်ထွင် ရာဇ၀င်မှုအတိုင်း ရေးသားအပ်သော တပင်ရွှေထီး၀တ္ထုတော်ကြီး၏အချုပ်အားဖြင့် ညွှန်ကြားလိုသည်မှာ နောင်သံသရာဘ၀တို့၌ အထက်တန်း ကြကြီးနှင့် ဘ၀သမ္ပတ္တိများကို ရရှိလေအောင် ကုသိုလ်တရားများကို ကြိုးစား၍ အားထုတ်ကြပါ။ ကံအားလျော်စွာ ဘုန်းထူး,ကံထူး,နှင့် အကျိုးပေးကြုံကြိုက်၍ လာကြပါလျှင် ထိုကဲ့သို့သော ကောင်းကျိုး တို့ကို မပျက်စီးစေဘဲ အခြေ မြဲမြဲနှင့် တည်တံ့စေခြင်းငှါ၊ အတ္တသမာပဏိဓိမင်္ဂလာဟု ခေါ်ဆိုအပ်သော ပယောဂသမ္ပတ္တိများကို ကြိုးစား၍ဖြည့်ဆည်းပူးကြပါ။ ကောင်းမြတ်သော သမ္ပတ္တိအခြေမျိုးကို နှမ်းညိုးယိမ်းယိုင်ကာ ပျက်စီးစေတတ်သော ပယောဂဝိပ္ပတ္တိ သဘောများကို လိုက်စားမှားယွင်းခြင်း မရှိကြပါစေလင့်။ သူတော်ကောင်း အပေါင်းတို့ မနှစ်ချိုက်အပ်သော သေရည်သေရက်သောက်စားမှုကို မပြုကြပါလင့်။ "မဇ္ဇပါနာစသံယမော"ဆိုသောမင်္ဂလာတရားကို တိုးပွါးအောင် ကြိုးစားအားထုတ်ကြပါ။ သူတော်မဟုတ်သော ပညာမဲ့များကို မပေါင်းသင်းပါလင့်။ ပညာရှိသူတော်ကောင်းတို့နှင့်သာ အမြဲပေါင်းသင်းဆက်ဆံပါ။ "အသေ၀နာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စသေ၀နာ"ဟူသောမင်္ဂလာအချက်ကြီးကို သတိပြုပါ။ကျေးဇူးသစ္စာကို ခိုင်မြဲစွာသိရှိစောင့်ရှောက်ခြင်းတည်းဟူသော ကတညုတ,တရားကို ပွါးများပါ။ကျေးဇူးသစ္စာမဲ့ခြင်း တည်းဟူသော မိတ္တဒုဗ္ဘိသဘောမျိုးကို လက်မခံပါလင့်။ သျှင်ရဲထွတ်ကဲ့သို့ အမျိုး ကျက်သရေရှိအောင် ရှက်ဆောင်ကြိုးစားခြင်း တည်းဟူသော ၀ံသာနုရက္ခိတတရားကို အမြဲ လက်ကိုင်ထားပါ။ ဤကဲ့သို့ အချုပ်အားဖြင့် ညွှန်ကြားလိုရင်း ဖြစ်ပါသည်။

## တပင်ရွှေထီး ဝတ္ထုတော်ကြီး နိဂုံးပိုဒ်စုံရတု။

(က) ရွှေထီးတပင်၊ရာဇဝင်ဝယ်၊အထင်အရှား၊လွန်ကျော်ကြား၍၊ ကံအားကြောင်းရင်း၊ ထက်မြက်ခြင်းကြောင့်၊နေမင်းတူပြိုင်၊ဘုန်းရောင်လွှမ်းလျက်၊မဏ္ဍိုင်ထွတ်တည်၊ကေတုပြည်ဝယ်၊ ရုပ်ရည်ပျိုမြစ်၊ဆဲ့ငါးနှစ်တည့်၊ထွန်းသစ်ရွှယ်တော်၊ ဘုန်းနှိုးဆော်၍၊ ဇမ္ဗူနဒ၊ ဝင်းလှပသည့်၊ ရာဇပလ္လင်၊ထွတ်ဦးကင်ဝယ်၊ရေစင်ဘိသိက်၊အောင်မြင်ဟိတ်ဖြင့်၊ နိမိတ်ယှဉ်မှီး၊သွန်းခံပြီးသော်၊ ဖြူထီးဖြန့်မိုး၊ပိုင်အုပ်စိုး၍၊နန်းရိုးအသင့်၊မင်းအကျင့်ဖြင့်၊တင့်တင့်တယ်တယ်၊စိုးစံပယ်က၊မိုးလယ်ထိန်ဝင်း၊ နက္ခတ်မင်းဟု၊သနင်းသသီ၊ ယုန်စန္ဒီသို့၊ ပုံမှီတင့်ထွန်း၊အောင်ဆုညွှန်း၍၊ လောင်းသွန်းမြူတာ၊လူ့တကာနှင့်၊ပြဟ္မာမကြွင်း၊နတ်ခပင်းသည်၊ ဆောင်နှင်းအောင်သပြေတကား။

(ခ) မြေကြီးသခင်၊ထွတ်ဆုံးတင်သား၊ဘုရင်မှန်ကင်း၊ရွှေထီးမင်းလျှင်၊ ထိန်ဝင်းလွှန့်လွှန့်၊ ဘုန်းတော်ညွှန့်ကို၊မြူးကွန့်စေခဲ့၊ နိုင်ငံချဲ့သော်၊တုမဲ့ဘက်ကင်း၊ အောင်မြင်းခြင်းကြောင့်၊ ဝပ်စင်းဦးခိုက်၊မင်းမကိုင်တို့၊ မြေ့ဥ္စသွတ်ကာ၊ ကျွန်ခံလာရှင့်၊ ဟံသာဝတ၊ ရာမညနှင့်၊ ပုရိသရေ၊ခေတ္တမြေလည်း၊ရှိသေလက်မြှောက်၊ထံတော်အောက်ဝယ်၊ မဘောက်မပြန်၊ ကျွန်ရိုမှန်ရှင့်၊ တဖန်ရခိုင်၊ထွတ်ဘုန်းလိုင်လျှင်၊အောင်နိုင်ခဲ့ညား၊ယိုးဒယားလည်း၊ထံပါးစက်အောက်၊ခိုဝင်ရောက်၏၊ဘုန်းတောက်ထွန်းသစ်၊ကေရာဇ်ဟု၊ကြေးဟစ်နတ်လူ၊အောင်လံထူပြီး၊ပြိုင်သူဘက်မဲ့၊ ဘုန်းဖြင့်နွဲ့က၊ အဘယ့်နိုင်ငံ၊ကိုယ်တော်ထံဝယ်၊ ခုခံနိုင်ဘဲ၊ ပုံမရဲတည့်၊ စွဲမြဲသစ္စာ၊ သောက်သုံးကာဖြင့်၊ ပဏ္ဏာဆက်သွင်း၊ခဝပ်စင်းသည်၊ ။အောင်ခြင်းခေါင်မဟေတကား။

(ဂ) နေမိုးအသွင်၊ တန်ခိုးရှင်ဟု၊ တပင်ထီးရွှေ၊ ထွတ်သျှောင်ကေမူ၊ရေမြေတုံနိမ့်၊ လျှောင်လှိမ့်မျှ၊သိမ့်သိမ့်ကြေငြာ၊ဘုန်းတေဇာဖြင့်၊ဇေယျာထွတ်ထား၊ အောင်ဘန်များက၊တက်ကြွားရာဇ၊ မာန်မာနဖြင့်၊ လောကတခွင်၊ မြေအပြင်ဝယ်၊ ငါ့ပြိုင်မရှိ၊ ထင်မှားဘိ၍၊အဓိကလွန်၊ မာန်စွယ်ချွန်လျက်၊ တံခွန်မောက်မောက်၊ စွင့်စွင့်ဆောက်သော်၊ မောက်မောက်မှားမှား၊ သေသောက်စား၍၊ တရားမဲ့ခိုက်၊မိတ်ဆွေမိုက်နှင့်၊နှစ်ချိုက်ခင်မင်၊အကျွမ်းဝင်ပြီး၊ အမြင်ဘောက်ပြား၊ ကျင့်ကြံမှား၍၊ တရားယွင်းပျက်၊ထိုအချက်ကြောင့်၊အသက်ဆုံးလေ၊ဖြစ်ရချေရှင့်၊သက်သေထင်ရှား၊ဝတ္ထုသွားကို၊ ဥာဏ်အားစက္ခု၊ ထင်စွာရှု၍၊ နယပဒေ၊ လိုက်သောထွေဖြင့်၊ သေရည်ယစ်မူး၊သောက်စားကြူးနှင့်၊ ယှဉ်ပူးမိတ်ဆိုး၊ထိုနှစ်မျိုးကို၊ကြိုးကြိုးစားစား၊ကြဉ်ဖယ်ထား၍၊တရားမယွင်း၊ကျင့်ဖြောင့်စင်းသည်၊ ဧမှာင်ကွင်းပြောင်ပစေတကား။

---